
ပြစ်မှုနှင့်ပြစ်ဒဏ်
တင်မောင်မြင့်
CRIME AND PUNISHMENT
Fyodor Dostoevsky
၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုရ စာအုပ်
WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများ လည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင် လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀ (လုံး၀) အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။ Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမို အကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို့ မူပိုင်ခွင့် ချိုးဖေါက်နေမှု များကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြား တောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အရင်က ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာ တွေ များစွာရှိပါသည်။ ထိုကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၂ ခုနှစ်၊ ရာပြည့်စာအုပ်တိုက်။
ဒုတိယအကြိမ် - ဒီဇင်ဘာလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅) အမှတ်-၁၃၈၊
ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃) အမှတ်-၁၁၊ ၅၆-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်
တန်ဖိုး ---- ကျပ်
Ebook Creator - Whisper Of Words

Crime and Punishment

FYODOR DOSTOEVSKY

Translated by Richard Pevear and Larissa Volokhonsky

ပြစ်မှုနှင့်ပြစ်ဒဏ် တင်မောင်မြင့်

(မြန်မာပြန်)

ဒီစာအုပ်ဟာ လူသတ်မှု (ပြစ်မှု) ဝတ္ထုတစ်ပုဒ် ဖြစ်တယ်။ ဇာတ်ကြောင်းကို လူသတ်သမားက သူ့ရှုထောင့်က ပြန်ပြောပြတဲ့ ဝတ္ထုပါ။ အပြစ်ကင်းစင်တဲ့ စာဖတ်ပရိသတ်ဟာ အင်မတန်ရက်စက်တဲ့ လူသတ်မှုကြီးထဲမှာ မျောပါသွားပါတော့တယ်။ ဒီဝတ္ထုကြီးဟာ ကြောင်နဲ့ကြွက် လိုက်တမ်းပြေးတမ်း ကစားတဲ့ လျှို့ဝှက်သည်းဖို ဝတ္ထုအမျိုးအစားဖြစ်ပါတယ်။ ဘဝမှာထွက်ပေါက်မရှိအောင် ပိတ်မိခံနေရပြီး လူသတ်သမား ဖြစ်သွားတဲ့ လူငယ်တစ်ယောက်နဲ့ ပျော်ပျော်နေတတ်ပေမယ့် ဖွဲ့နပဲကြီးတဲ့ စုံထောက်ရဲအရာရှိတို့ရဲ့ စိတ်ဓာတ်ရေးရာ ပညာပြိုင်ခန်း ဖြစ်ပါတယ်။

သိပ်ထူးဆန်းပြီး သိပ်ထက်မြက်တဲ့ နည်းတွေနဲ့ သူတို့နှစ်ယောက် ဉာဏ်ကစားကြတယ်၊ ကွက်ကျော် ရိုက်ကြတယ်။ အလွန်အင်မတန် ကြီးမားတဲ့ အင်အားတစ်မျိုးက လူငယ်ကို ပြစ်မှုကျူးလွန်ဖို့ တွန်းအားပေးတယ်။ အဲဒီမှာ ကာယိကဝေဒနာ၊ စေတသိကဝေဒနာတွေကို တွေ့ရမယ်။ တစ်ပြိုင်တည်းမှာ လူ့ဂုဏ်သိက္ခာနဲ့ မေတ္တာအကြည်ဓာတ်ကိုလည်း မြင်ရမယ်။

၁၈၆၆ ခုနှစ်မှာ 'ပြစ်မှုနှင့် ပြစ်ဒဏ်” ထွက်ပြီးကတည်းက စာဖတ်သူ တွေ အသက်ရှူ မှားခဲ့ကြတယ်။ ဘာသာပြန်ဆရာတွေလည်း ဦးနှောက်စားခဲ့ ကြတယ်။ ဒေါ်စတာယက်စကီကို မိအောင် ပြန်နိုင်ဖို့ အခက်အခဲ တွေ့ခဲ့ကြတယ်။ ဝတ္ထုရဲ့ စာမျက်နှာစာ တချို့တဝက်ကိုပဲ အမိဖမ်းနိုင်ကြပြီး ဝတ္ထုရဲ့ ဒဿနကို ထောင့်စုံဘက်စုံ အပီအပြင် မဖွင့်ဆိုနိုင်ခဲ့ကြဘူး။

ယနေ့ နှစ်ပေါင်းများစွာ ကြာမှ ရစ်ချဒ်ပီဗီးယားနဲ့ လာရစ်ဆာဗိုလ် ကွန်စကီတို့ နှစ်ယောက်ဟာ အလွန့်အလွန် ခက်ခဲနက်နဲတဲ့၊ လူတို့ နားလည် နိုင်စွမ်းရဲ့ ဟိုမှာဘက်ကို ရောက်နေတဲ့ ဒီဝတ္ထုကြီးကို ကျားကုတ်ကျားခဲ ကြိုးစားပြီး အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုခဲ့ကြတယ်။ အလျှော့၊ အတင်းတွေ အများကြီး လုပ်ပြီး၊ လက်တစ်ဆုံး နှိုက်ပြီး စာရေးဆရာရဲ့ ပါရမီကို စနစ်တကျ ကြိုးစား ဖော်ထုတ်ခဲ့ကြတယ်။

※

“ဟောဒီ နောက်ဆုံးဘာသာပြန်ဟာ အလွန်တိကျတယ်။ တင်ဆက်ပုံ သိပ်ခေတ်မီတယ်။”

“ပြစ်မှုနှင့် ပြစ်ဒဏ်” ဟာ ခုမှ ပိုပြီး ပီပြင်လာတယ်။ ပိုပြီး ရုပ်လုံးကြွလာတယ်။ ရင်နဲ့အမျှ ခံစားရအောင် အသက်ဝင်လာတယ်။ အလှ ရသကို ဖော်ကျူးတဲ့ နေရာမှာ တံခွန်စိုက်လို့ ပြောနိုင်တယ်”

ဆန်ဖရန်စစ္စကို၊ ခရော်နီကယ်လ်

※ ※ ※



မူရင်းဝတ္ထု ရေးသူ ဒေါ်စတာယက်စကီ (၁၈၂၁-၁၈၈၁)

၃၀ အောက်တိုဘာ ၁၈၂၁ တွင် မော်စကိုမြို့၌ မွေးဖွားသည်။ ဖခင်မှာ စစ်တပ် ဆရာဝန်၊ စည်းကမ်းတင်းကျပ်သူ။ မိခင်မှာ ကုန်သည်မျိုးရိုး၊ ချစ်ခင်ကြင်နာ တတ်သူ။ မွေးချင်း ခြောက်ယောက်အနက် ဒုတိယမြောက်။ ငယ်စဉ်ကပင် စာပေဝါသနာ ပါခဲ့သော်လည်း ဖခင်၏ စီမံချက်ဖြင့် ၁၈၃၇ တွင် ပီတာစဘတ် စစ်တက္ကသိုလ်၊ စက်မှုသိပ္ပံ၌ ငါးနှစ်မျှ တက်ရောက် ပညာသင်ခဲ့။ ပီတာစဘတ် အင်ဂျင်နီယာတပ်တွင် တနှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက် တပ်မှ နုတ်ထွက်ကာ စာပေလောကသို့ ဝင်ရောက်။ ၁၈၄၅ တွင် ပထမဆုံး လုံးချင်း ဝတ္ထု 'မရှိဆင်းရဲသား (Poor People)' ကို ထုတ်ဝေရာ အထူးပင် အောင်မြင် ခဲ့သည်။

သူ့ဘဝတွင် ဇာဘုရင် ဆန့်ကျင်မှုကြောင့်သေဒဏ်ပေးခံရခြင်း၊ ထို့နောက် ဆိုက်ဘေးရီးယားတွင် အလုပ်ကြမ်းနှင့် ပြစ်ဒဏ် ကျခံရခြင်း၊ အသုံးအစွဲကြမ်း ခြင်းနှင့် လောင်းကစားမှု လွန်ကဲခြင်းတို့ကြောင့် အမြဲတမ်း ငွေကြေးချို့တဲ့ကာ ကြွေး လည်ပင်းထိ နစ်နေရခြင်းတို့အပြင် အခြားဒုက္ခတစ်ခုမှာ ငယ်စဉ်ကတည်းက ဝက်ရူးပြန်ရောဂါ စွဲကပ်နေခြင်းပင် ဖြစ်သည်။ သူသည် ထိုဝေဒနာများကို သူ ကွယ်လွန်သည့် ၁၈၈၁ ခုနှစ်အထိ ခံစားသွားရသည်။ ဝတ္ထုတိုအချို့နှင့် ဝတ္ထုရှည် ၁၅ ပုဒ်ခန့် ရေးသားခဲ့သည်။ ယင်းတို့အနက် ပြစ်မှုနှင့် ပြစ်ဒဏ် (Crime and Punishment, 1886) အန္ဓ(The Idiot, 1868) အမှောင့်ပရောဂ (The Possessed, 1873) နှင့် ကာရမာဇော့ ညီနောင်များ (Brothers Karamazov, 1880) တို့မှာ သူ၏ အထင်ရှားဆုံး၊ အကြီးမားဆုံး မဟာဝတ္ထုရှည်ကြီး လေးပုဒ် အဖြစ် သတ်မှတ်ကြသည်။

※※※

အင်္ဂလိပ်ဘာသာ ပြန်ဆိုသူများ

ရစ်ချဒ်ပီဗီယားနှင့် လာရစ်ဆာ ဗိုလ်ကွန်စကီ

ရုရှားဘာသာမှ အင်္ဂလိပ်ဘာသာသို့ သူတို့နှစ်ယောက် ဘာသာပြန်ပုံမှာ ထူးခြား ဆန်းသစ်ကာ ရုရှားအငွေ့အသက် ပါအောင် ပြန်နိုင်သဖြင့် နာမည်ကြီးသွားသည်။ မစ်ဟိုင်း ဘူဂါကော့ဗ်၊ ချက်ကော့၊ ဂိုးဂိုးလ်၊ လီယိုတော်လ်စတွိုင်း ဝတ္ထုများစွာကို ဘာသာပြန်ခဲ့သည်။ တော်လ်စတွိုင်း၏ Anna Karenina အတွက်၊ ဒေါ်စတာယက်စကီ၏ The Brothers Karamazov အတွက် PEN/Book - of - the Month Club မှ ဘာသာပြန်ဆုများ ချီးမြှင့်ခံရသည်။ သူတို့ ဘာသာပြန်သည့် တော်လ်စတွိုင်း၏ Anna Karenina နှင့် What is Art? ဘူဂါကော့ဗ်၏ The Master နှင့် Margarita ကို ပင်ဂွင်း စာအုပ်တိုက်မှ ထုတ်ဝေ ခဲ့သည်။

ဘော်စတွန်မြို့သား ရစ်ချဒ်ပီဗီယားနှင့် စိန့်ပီတာစဘတ်မြို့သူ လာရစ်ဆာ ဗိုလ်ကွန်စကီတို့သည် လက်ထပ်ပြီး ပါရီမြို့တွင် နေထိုင်လျက် ရှိသည်။

※※※

မြန်မာဘာသာ ပြန်ဆိုသူ

တင်မောင်မြင့်

ရောဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၊ စစ်ကျွန်းရွာတွင် အဖ ဦးမောင်ဒွေး၊ အမိဒေါ်ကျော့စိန်တို့က ၁၉၃၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ ရန်ကုန်မြို့ ရေကျော်ဦးမောင်မောင် အလွတ် ပညာသင်ကျောင်းမှ အလယ်တန်းအောင်ပြီး တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း (ယခု အ.ထ.က - ၁) မှ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်သည်။

၁၉၆၁ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ(ယခု MOGE)တွင် အလုပ်ဝင်ပြီး ၁၉၉၄ ခုနှစ်တွင် ငွေစာရင်း အရာရှိအဖြစ် အငြိမ်းစားယူသည်။ ၁၉၈၅ ခုနှစ်တွင် သည်းဦးပန်းမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၈၈ ခုနှစ်တွင် အထောက်တော်လှအောင်၏ သတင်းမဂ္ဂဇင်းတွင် ဒုတိယ အယ်ဒီတာချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် နာမည်ရင်းဖြင့် 'ငွေကျွန်' (World Rapers by Jonathan Black) ကို မြတ်ငြိမ်းနှင့် တွဲပြီး ဘာသာပြန်ခဲ့သည်။ ယနေ့အထိသံယောဇဉ် ကမ်းခြေ(၁၉၈၃) (Man on Fire by A.J. Quinnell)၊ အချစ်၏ အခြားသော မျက်နှာစာ(၁၉၈၄)(Rendezvous by Evelyne Anthony)၊ ငယ်စာရင်း ဝင်မို့(၁၉၈၄) (Not as a Stranger by Morton Thompson)၊ သံမဏိလိပ်ပြာ (၁၉၈၇) (Philadelphian by Richard Powell)၊ အရိပ်မဲ့ ရုပ်ပုံလွှာ(၁၉၈၅) (Snap Shot by A.J. Quinnell)၊ မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း (၁၉၈၅) (This side of Glory by Gwen Bristow) မေတ္တာရုပ်ပုံတော် (၁၉၈၅) (Where Love has Gone by Herold Robin)၊ တမ်းတတတ်သည်(၁၉၈၅)(Remem berance by Dannielle Steel)၊ အချစ်များစွာနဲ့ပါ ဆရာ(၁၉၈၇)(To Sir With Love by E.R. Braithwaite) နွေကန္တာ (၁၉၈၈) (Deep Summer by Gwen Bristow) မြကတ္တီပါလမ်း (၂၀၁၇) (Handsome Road by Gwen Bristow) မာနမီးလျှံ (၁၉၉၉) (Body of Love by Charles Keats) မဒမ်ကျူရီ (၂၀၀၁) (Madame Curie by Eve Curie) လေရဟာတ်နီ (၂၀၀၄) (Moulin Rouge by Pierre La Mure)၊ တောင်ပံမဲ့သင်းကွဲတေးဆိုငှက် (၂၀၀၄) (To Kill a Mocking Bird by Harper Lee) စကားလတ် (၂၀၀၆) (Scarlet byAlexandra Ripley)၊ အင်နာ ကာရီနီနာ (၂၀၁၀) (Anna Karenina by Leo Tolstoy)၊ မျှော်(၂၀၁၁) (Waiting by Ha Jin)၊ ပြစ်မှုနှင့်ပြစ်ဒဏ် (၂၀၁၂) (Crime and Punishment by Dostoevsky) မိစ္ဆာဝက်ပါ (Les Miserable by Victor Hugo) ဘဝအနှောင် (၂၀၁၅) (Of Human Bondage by W.S. Maugham) အပါအဝင်

ဘာသာပြန်စာအုပ်ပေါင်း ၁၀၀ ကျော် ရေးသားပြီး ဖြစ်သည်။

အမျိုးသားစာပေဆုရ (ဘာသာပြန်) စာအုပ်များမှာ–

၁။ မဒမ်ကျူရီ (၂၀၀၁) (သုတ)

၂။ တောင်ပံမဲ့သင်းကွဲတေးဆိုငှက် (၂၀၀၄) (ရသ)

၃။ အနက်ရောင်အိပ်မက်စိမ်းမြေမေတ္တာ (၂၀၀၇) (ရသ)

၄။ မျှော် (၂၀၁၁) (ရသ)

၅။ ပြစ်မှုနှင့်ပြစ်ဒဏ် (၂၀၁၂) (ရသ)

၂၀၁၉ ခုနှစ်တွင် အမျိုးသားစာပေဆု(တသက်တာ)ရရှိသည်။

※※※

အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူများ၏ အမှာစကား

"ရေးတုန်းက မပေါ်ဖူးခဲ့သေးတဲ့ ဝတ္ထုမျိုး၊ ထူးထူးခြားခြား နော်ဗယ်မျိုးတပုဒ်လောက် ကိုယ် ရေးမလို့၊ ပုံနှိပ် စာမျက်နှာ ၄၈၀ လောက် ရှိမယ်။ လေးလအတွင်း အပြီး ရေးရမှာ။ နှစ်ပုဒ် တပြိုင်တည်း ရေးမယ်။ တအုပ်ကို မနက်ပိုင်း ရေးပြီး တအုပ်ကို ညနေပိုင်း ရေးမယ်။ ချစ်တဲ့ အင်နာဗာစီလီနိုဗာရေ… အဲဒီလို ထူးခြားတဲ့ ဝတ္ထုမျိုး ရေးဖို့ ခုကတည်းက ကိုယ် ရင်တွေ ခုန်နေပြီ သိလား။ အရမ်းပျော်နေတယ်။ ကိုယ်က သမားရိုးကျ ပတ်ဝန်းကျင်နဲ့ ခွင်မကျဘူးလေ"

မိတ်ဆွေတယောက်ဆီကို ဒေါ်စတာယက်စကီ ရေးသည့်စာ ဖြစ်သည်။ လောက ကြီးနှင့် သဟဇာတ မဖြစ်ပုံကို သူ့ကိုယ်သူ သတိထားမိသည့် ၁၈၆၆ ခုနှစ် နွေရာသီတွင် ရေးသောစာ ဖြစ်သည်။ ပတ်ဝန်းကျင်သည် သူ့အတွက် စက်ဆုပ်ဖွယ်အတိ ဖြစ်နေ၏။ ထိုစဉ်က သူ့အသက်မှာ လေးဆယ့်ငါးနှစ်သာ ရှိသေးသည်။ (ထောင်ကျနေသည့် ဆယ်နှစ်တာ အပါအဝင် ဖြစ်သည်။) အစိုးရ ဆန့်ကျင်ရေးထဲတွင် ပါခဲ့၍ ထောင်ဒဏ်နှင့် ပြည်နှင်ဒဏ် ပေးခံရသည်။ သည်ကာလအတွင်း ပထမဇနီး ကွယ်လွန်သွားခဲ့သည်။ သူ အချစ်ဆုံး အစ်ကိုတယောက် ဆုံးသွားသည်။ တင်နေသည့် ကြွေးက ရူဘယ် ၄၃,၀၀၀ ဆိုတော့ လည်ပင်း ရောက်နေပြီ။ လွန်ခဲ့သည့်နှစ်က ကြွေးရှင်တွေကို ရှောင်ရန် နိုင်ငံခြားသို့ ထွက်ပြေးခဲ့ရသည်။ ထိုစဉ်က သူ့အိတ်ထဲတွင် ၁၇၅ ရူဘယ်သာ ပါသည်။ ကိုယ့်ဖို့သာ သိသော ထုတ်ဝေသူ စတီလော့စကီ ကို ဝတ္ထုသစ် တပုဒ် ပေးဖို့ ကတိပေးထားသည်။ နောက်ဆုံးပေးရမည့် ရက်က ၁၈၆၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်။ မပေးနိုင်လျှင် (စတီလော့စကီက မပြီးနိုင်ဟု တွက်ထားသည်။) လက်ရှိသူ့စာအုပ်အားလုံး၊ နောင်ရေးမည့် စာအုပ်အားလုံး ထုတ်ဝေသူက သိမ်းယူမည်။

ကံကောင်းထောက်မစွာဖြင့် ဒေါ်စတာယက်စကီက "ဘယ်တုန်းကမှ မပေါ်ခဲ့ ဖူးသည့်" စာအုပ်ကြီးကို သတ်မှတ်ရက်အတွင်း အပြီးရေးနိုင်ခဲ့သည်။ သို့သော် သူ စိတ်ကူး ထားသည့် နည်းဖြင့် ရေးဖြစ်ခဲ့ခြင်း မဟုတ်။ တပုဒ်ကို ရေးပြီး ၁၈၆၆ ခုနှစ် ဇန်နဝါရီလကတည်း က Russian Herald သတင်းစာတွင် နေ့စဉ် ထည့်သည်။ သည်စာအုပ်ကို ရေးနေရသဖြင့် လုံးဝ မအားတော့ဘဲ စတီလော့စကီကို ပေးဖို့ စာအုပ်ကို မစနိုင်ခဲ့ချေ။ နောက်ဆုံး သူငယ်ချင်း တယောက်အကြံပေးချက်အရ လက်ရေးတိုစာရေးမတယောက်ငှားလိုက်ရသည်။ ကောင်မလေး က ခပ်ငယ်ငယ်။ နာမည်က အင်နာဂရီဂိုရီဗနာ။ မကြာခင် သူတို့ လင်မယား ဖြစ်သွားကြသည်။ အောက်တိုဘာလထဲတွင် အင်နာ့ကို Gambler ဝတ္ထု နှုတ်တိုက် ရွတ်ပေးပြီး ထုတ်ဝေ သူအား အချိန်မီ ပေးနိုင်ခဲ့သည်။ နိုဝင်ဘာလထဲတွင် သတင်းစာအခန်းဆက် ဝတ္ထုရှည်ကြီးကို အပြီးသတ်နိုင်ခဲ့သည်။ ယင်းဝတ္ထုကြီးကား

Crime and Punishment (ပြစ်မှုနှင့် ပြစ်ဒဏ်) ဖြစ်လေသည်။ ဒေါ်စတာယက်စကီ နောက်ဆုံး တဆယ့်ငါးနှစ်အတွင်း ရေးသွားသောဝတ္ထုကြီး ငါးပုဒ်အနက် ပထမဆုံးနှင့် အထူးခြားဆုံး ဝတ္ထုကြီး ဖြစ်သည်။

Crime and Punishment ထွက်လာတော့ ဝေဖန်ရေးဆရာတွေ၊ စာပေပညာရှင်တွေ ဝိုင်းဝေဖန်ကြသည်၊ အကဲဖြတ်ကြသည်။ သို့သော် ဘယ်သူမှ အတိအကျ မဖော်ညွှန်းနိုင်ကြ။ သူတို့သည် ဟိန္ဒူပုံပြင်ထဲက မျက်မမြင် ခြောက်ယောက် ဆင်ကို စမ်းပြီး မိရာအစိတ်အပိုင်းကို ကိုယ်စီ မှန်းဆပြောဆိုနေကြသည်နှင့်တူနေသည်။ တယောက်က မြွေ၊ တယောက်က သစ်ပင်၊ တယောက်က နံရံ၊ တယောက်က ယပ်တောင် စသည်ဖြင့်... စသည်ဖြင့်။ ဒေါ်စတာယက်စကီ ကိုယ်တိုင်ရေးခဲ့သည့် မှတ်စုများ၊ သုံးသပ်ချက်များကလည်း အလွန်အေးစက်စက်နိုင်သည်။ အကြမ်းဖျင်းလောက်သာ မှန်း၍ ရနိုင်သည်။ ထို့ကြောင့်ဝေဖန်ရေးဆရာတွေ အမှားမှား အယွင်းယွင်း ဖြစ်ကုန်ခြင်းပင်။

ဒေါ်စတာယက်စကီက လုံးချင်းမထွက်ခင် အကြိမ်ကြိမ် ပြင်ရေးသည်။ အတွေးသစ် တခုရလျှင် ဇာတ်ကြောင်းကို ပြောင်းပစ်သည်။ ၁၈၆၅ ခုနှစ် ဒီဇင်ဘာလထဲတွင် သူ့မိတ်ဆွေ မြေပိုင်ရှင်ကြီး ဗရန်ဂျဲလ်ထံ ရေးသည့်စာတွင် “ကျွန်တော် ရေးနေတာတွေ တော်တော်ကြာ သွားပြီ။ (Crime and Punishment ပထမမူ) တဖြည်းဖြည်းနဲ့ အပိုင်း ၆ ပိုင်း ပါတဲ့ တကယ့် နော်ဗယ်ကြီး ဖြစ်သွားတယ်။ အဲဒါတွေ ကျွန်တော် အားလုံး မီးရှို့ပစ်လိုက်တယ်။ ကျွန်တော် ခုမှ ဖွင့်ပြောတာပါ။ ကိုယ့်ဘာသာ ကိုယ် မကြိုက်လို့ပါ။ ပုံစံအသစ်နဲ့ ခွင်အသစ်ချပြီး ကျွန်တော် ပြန်ရေးတယ်။ နေ့ရော ညရော ရေးတယ်။ ဒါပေမဲ့ သိပ်အားမစိုက်ရသလိုပဲ။ နော်ဗယ်ဆိုတာ ကဗျာပဲ။ နော်ဗယ်ရေးနိုင်ဖို့ စာရေးဆရာတယောက်ဟာ စိတ်ရဲ့ ငြိမ်းချမ်းမှု ရှိရမယ်။ ယုံကြည်မှု ရှိရမယ်...”

ဒေါ်စတာယက်စကီက နော်ဗယ်ဟာ ကဗျာပါတဲ့။ ဆိုလိုသည်မှာ Crime and Punishment သည် သံစုံမြည်နေသည့် ဝတ္ထုကြီး ဖြစ်သည်။ လေးနက်သော ဘဝအမြင်တွေ ဖြာထွက်နေသည်။ အနှစ်သာရကို ရုတ်ခြည်း မြင်နိုင်ဖို့မလွယ်။ ပြီးတော့ရှုပ်ထွေးလွန်းသည်။

ထို့ကြောင့် လေ့လာသူတွေ၊ ဝေဖန်ရေးဆရာတွေ အမိမဖမ်းနိုင်ကြခြင်းကို ခွင့်လွှတ်သင့်သည်။ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သည့် ဒေါ်စတာယက်စကီ၏ အရေးအသား၊ အသုံး အနှုန်းများကို တမျိုးတည်း အသံထွက်အောင် လုပ်ဖို့မှာ လွယ်ကူမည် မဟုတ်ပေ။

Crime and Punishment သည် ဟန်သစ်နှင့် ထွက်လာသည့် ဝတ္ထုများထဲတွင် တပုဒ် အပါအဝင် ဖြစ်သည်။ ဖောက်ထွက်သည့် ဝတ္ထု ဖြစ်သည်။

သူ့ရေးဟန်က လေးနက် လွှန်းသည်။ သူ့နောက်ပိုင်း ဝတ္ထုများကို ဒေါ်စတာယက်စကီက ဘဝတွင် ချောင်ပိတ်မိနေသည့် အဖြစ်ဆိုးများ၊ ဘဝအမေဒများကို ဖော်ညွှန်းသည့် ဝတ္ထုများဟု အမိပ္ပာယ်ဖွင့်သည်။ တဖက်က ကြည့်လျှင် သူ့ဝတ္ထုများသည် ပျော်ရွှင်နေသော ကမ္ဘာကြီးထဲမှ အနိဌာရုံတွေကို အမြစ်က တူးပြီး သရော်ပြလိုက်သော ဝတ္ထုများ ဖြစ်သည်။

ဒေါ်စတာယက်စကီ၏ ထူးခြားမှုမှာ ဆန့်ကျင်ဘက်များကို ပိုက်စိပ်တိုက် ရှာဖွေ နိုင်သည့်၊ တီထွင်နိုင်သည့် အရည်အချင်း ဖြစ်သည်။ အနက်အရှိုင်း၊ လက်တဆုံး နှိုက်ကာ အသေးစိတ် ရေးနိုင်သည့် အရည်အချင်းဖြစ်သည်။ အနိဌာရုံတွေကိုသူကရယ်သွမ်းသွေးပစ်သည်။ ရုရှား နေ့စဉ်ဘဝကို အပီအပြင် ဖော်ထုတ်ရာတွင် အသေးစိတ်လွန်းသည်။ သူ့နော်ဗယ် များသည် သူ့ခေတ်တနေရာတွင် ငြိမ်နေဖို့ ငြင်းဆန်ကြသည်။ တော်လ်စတွိုင်း၊ တူရဂီညက် နှင့် ဂွန်ချာရော့ဗ်တို့က သူ့လို မဟုတ်။ သူတို့၏နော်ဗယ်များက သူ့ခေတ်အသိုင်းအဝိုင်းထဲ တွင်သာနေသည်။ ဒေါ်စတာယက်စကီကမူ သမိုင်းထဲမှ ခုန်ထွက်ကာ ကျွန်တော်တို့နှင့် ထိပ်တိုက် လာတွေ့သည်။ နောက်ဆုံး စကားကို သူ မပြောရသေးသည့်အလား။

သူ့စာပေသည် "သရုပ်မှန်၏ ပုံတူ" ဖြစ်သည်။ ပိုရှင်းအောင် ၁၈၆၄ ခုနှစ်တွင် ထွက်သည့် သူ၏ Notes from Underground (မြေအောက်မှတ်တမ်းများ)ကိုကျွန်တော်တို့ ပြန်လှန်ရပါလိမ့်မည်။ Crime and Punishment မစမီ တနှစ်က ထွက်သည့် စာအုပ် ဖြစ်သည်။ သည်ဝတ္ထုငယ်ကလေးသည် ဖောက်ထွက်ခြင်း၏ ဘဝ ဖြစ်သည်။ ဝိရောဓိများ၏ အရင်း အမြစ်ကို တူးဖော်သည့် ဝတ္ထု ဖြစ်သည်။ ဤတွင် သူ၏ လမ်းသစ်ကို စတင်ဖောက်လုပ်ခြင်း ဖြစ်သည်။ သည့်နောက်ပိုင်း ထွက်လာသည့် သူ့လက်ရာအားလုံး Notes from Underground ၏ ဟန်ဖြစ်လာသည်ဟု ဆိုနိုင်သည်။ ဤအပြောင်းအလဲအတွက် သူ (ဒေါ်စတာယက်စကီ) ကိုယ်တိုင် အံ့သြရမလောက် ဖြစ်သွားသည်။

သည်ကိစ္စနှင့် ပတ်သက်ပြီး စိတ်ကူးယဉ်ကွန်မြူနစ် ချန်နီရှက်စကီ၏ What Is to be Done? ဆိုသော အစီအစဉ်ရှိရှိရေးသည့် ဝတ္ထုကို ဒေါ်စတာယက်စကီ ဝေဖန်ဖို့ ကြိုးစား သေးသည်။ သို့သော် ဝေဖန်စာ မရေးဖြစ်ဘဲ ပုံပြင်တပုဒ် ရေးဖြစ်သည်။ ကာကွယ်ခြင်း တဝက်၊ ဝန်ခံခြင်းတဝက် ပုံစံဖြင့် မြေအောက်မှ အမည်မရှိ လူတယောက်အကြောင်း ပုံပြင် ဖြစ်သည်။

၁၈၆၀ ပြည့်လွန်နှစ်များတွင် ဒေါ်စတာယက်စကီသည် အစွန်းရောက် နိုင်ငံရေး သမားများနှင့် ပေါင်းမိကာ သူ့ယုံကြည်ချက်တွေ ပြောင်းလာသည်။ သူ့စာပေဘဝသည် အပြင်းစား ဘဝမျိုး မဟုတ်ခဲ့ပေ။ ဘုရင်စနစ်ကို ဝေဖန်သည်။

ဆင်းရဲသားများကို ကရုဏာ ထားသည်။ ပြင်သစ် စိတ်ကူးယဉ်ဝါဒီ ဖော်ရိုင်းယား၏ အယူအဆတွေကို သဘောကျသည်။ ဤမျှသာ။ ၁၈၄၀ ပြည့်လွန်နှစ်များတွင် ပီထရာချက်စကီ အုပ်စု၏ လျှို့ဝှက်အစည်းအဝေး တွေ တက်သည်။ သူတို့အုပ်စုတွင် ပုံနှိပ်စက် ရှိသည်။ ဖော်ရိုင်းယား၏ စာအုပ်တွေကို ရိုက်ဖြန့် ဖို့ စီစဉ်ကြသည်။ သည်အတွက် ၁၈၄၉ ခုနှစ်တွင် အဖမ်းခံရသည်။ Notes from the Dead House (သေမင်းအိမ် မှတ်စုများ) ဟူသည့် ထောင်အတွေ့အကြုံတွေ အခြေခံ ရေးသော ဝတ္ထု ၁၈၆၀ တွင် ထွက်လာသည်။ ပီတာစဘတ်သို့ သူ ပြန်မရောက်မီ တနှစ် ဖြစ်သည်။ သည်စာအုပ်တွင် အခန်းထောင့် တနေရာမှာ ထိုင်လျက် ကောင်းကင်ပြာကြီးကို မော့ကြည့် နေပုံကိုဖွဲ့သည်။ ထောင်နံရံအပြင်ဘက်တွင်တော့ ဘဝက တမျိုး၊ လွတ်လပ်မှု အပြည့်။ တနေ့နေ့ မှာ ထောင်က လွတ်ရမည်။ အပြင်တွင်စောင့်နေသည့် လွတ်လပ်သော ဘဝထဲ ပြန်ဝင်မည်။ ဒီအခါမှာ အမှားအယွင်းတွေ မလုပ်မိအောင် လောကနီတိနှင့်အညီ နေတော့မည်။

၁၈၆၀ ပြည့်လွန်နှစ်များတွင် အစွန်းရောက် အယူအဆများကို သူ မကြိုက်တော့ပေ။ ဒုစရိုက်ပြုမှားမိသူ တယောက်၏ နောင်တရခြင်းမျိုး။ ကိုယ့်ဘုရင်၊ ကိုယ့်သခင်ကို ရိုသေရမည်။ ရုရှား ရှေးဟောင်း ခရစ်ယာန် တရားတော်နှင့်အညီ နေတော့မည်။ သည်ကမ္ဘာ ကြီးထဲတွင် ဘယ်တုန်းကမှ မရှိခဲ့ဖူးသည့် မေတ္တာတရားမျိုးကို ရှာတော့မည်။ သည်လို သည်လို တွေးထားပေမယ့် တခုမှ ဖြစ်မလာ။ Notes from Underground အရ ဆိုလျှင် သူ့ခန္ဓာ ကိုယ်ကို တစုံတရာ ပူးကပ်နေသည်နှင့် တူ၏။ ဆိုက်ဗေးရီးယားမှ ပြန်လာပြီး သူ့ အတွေး အမြင်တွေ အရမ်းစူးရှလာသည်၊ ထက်မြက်လာသည်။ သဘာဝဥပဒေတို့၊ သင်္ချာဗေဒတို့ကို လှောင်ပြောင် သရော်သည်၊ တိုက်ခိုက်သည်။ တိုးတက်သည့် အယူအဆ၊ ယဉ်ကျေးမှု စသည် တို့ကိုလည်း ပြက်ရယ်ပြုသည်။ ချန်နီရှက်စကီ၏ သိပ္ပံနည်းကျ စိတ်ကူးယဉ် ကွန်မြူနစ်ဝါဒကို လည်း လက်မခံတော့။ ပို၍ပြင်းသော တဖက်စွန်းသို့ ရောက်သွားခြင်းပင်။ သူက ကြေညာသည်။ "နှစ်နဲ့နှစ် ပေါင်း လေးရတယ် ဆိုတဲ့ အဖြေဟာ ဘဝ မဟုတ်တော့ဘူး။ ရဲဘော်တို့၊ အဲဒါဟာ သေခြင်းတရားရဲ့ အစပဲ'

၁၈၆၀ ပြည့်လွန်နှစ်တွေကို ပြန်ကြည့်လျှင် အလက်ဇန္ဒာ(၂) ပြုပြင်ပြောင်းလဲရေး စလုပ်တာ တွေ့ရသည်။ ကျွန်စနစ် ဖျက်သိမ်းပေးသည်။ ဂျူရီအဖွဲ့နှင့် တရားစီရင်ရေးကို ခွင့်ပြုသည်။ လယ်ယာမြေစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ပေးသည်။ ဆင်ဆာထိန်းချုပ်မှုကို လျှော့ပေးသည်။ ၁၈၄၀ ပြည့်နှစ်၊ လစ်ဘရယ်များအတွက် အပြောင်းအလဲများမှာ အိပ်မက် မျှသာ ဖြစ်သည်။

သို့သော် သူ့အမြင်တွေ ပြောင်းသွားပြန်သည်။ ပြည်နှင်ဒဏ်ကာလပြီးလို့ ပြန် လာပြီး မကြာမီ သူသည် ထူးထူးဆန်းဆန်း ဖြစ်လာသည်။ ထောင်ထဲတွင် သူ

ပျော်လာခဲ့သည့် ကောင်းကင်ပြာကြီး မတွေ့ရတော့ပါလား။ သူလိုချင်သည့် လွတ်လပ်မှု ဆိုတာ ဘယ်မှာလဲ။ မတွေ့ရတော့ပါလား။ သည်နေရာတွင် အခြားအမှန်တရားတခု အစားဝင်နေသလိုပါလား။

သည်လိုအခြေအနေနှင့် ရင်ဆိုင်ဖို့ သူ အဆင်သင့် မဖြစ်ခဲ့ပေ။ သူ စမ်းတဝါးဝါး ဖြစ်နေသည်။ သည်အခြေအနေကို သူက အတိတ်ဖြစ်ရပ်လို့ သဘောထားလိုက်သည်။ သည်အကြောင်း ၁၈၆၁ ခုနှစ်က သူ ဆောင်းပါးတပုဒ် ရေးဖူးသည်။ တညနေတွင် သူ အိမ်ပြန်လာသည်။ နီဗားမြစ်ကမ်းနဖူးတွင် ရပ်ပြီး မြစ်ကြောင်းကို မျက်စိတဆုံး မျှော်ကြည့်လိုက်သည်။

နောက်ဆုံးမှာ ကမ္ဘာကြီးတခုလုံးကို လှမ်းမြင်နေရသလိုပါပဲ။ နီဗား မြစ်ရိုးတလျှောက်မှာ ခွန်အားကြီးမားတဲ့လူတွေရှိတယ်။ နုံချာ ချည့်နဲ့တဲ့လူတွေ ရှိတယ်။ ဒါပေမဲ့ ညနေဆည်းဆာမှာ အားလုံး ရွှေရောင်တောက်နေတယ်။ သူတောင်းစားအိမ်လည်း လှနေတာပဲ။ မြင်ကွင်းအားလုံး မြင်မြင်သမျှ အကုန် လှနေတယ်။ ဒါပေမဲ့ မှောင်ရီသမ်းလာတာနဲ့ အလှပျက်စီးသွားလိမ့်မယ်။ ကျွန်တော့်စိတ်ထဲ တမျိုးကြီး ဖြစ်သွားတယ်။ အမည်ဖော်မရတဲ့ ခံစားမှုတမျိုးနဲ့ ကျွန်တော့်သွေးတွေ ဆူပွက်လာသလိုပဲ။ အဲဒီခံစားမှုဟာ ယနေ့ထိ စိတ်ထဲ စွဲကျန်နေတယ်။ ဒါပေမဲ့ ခုထိ ဘာမှန်းမသိဘူး။ ခွဲခွဲခြားခြား ပြောမပြတတ်ဘူး။ ဒါပေမဲ့ ကမ္ဘာသစ်ကို လှမ်းမြင်လိုက်ရသလိုပဲ။ တခါမှ မရောက်ဖူးတဲ့ ကမ္ဘာ။ လျှို့ဝှက်ဆန်းကြယ်တဲ့ သင်္ကေတ တခုက တဆင့် လှမ်းမြင်လိုက်သလိုပဲ။ အဲဒီ တဒင်္ဂမှာပဲ ကျွန်တော့် လက်ရှိဘဝ ချက်ချင်း စတင်ပြောင်းလဲ …။

သည်အကြောင်း နောက်ပိုင်းစာပိုဒ်မှာ ပိုပြီး အသေးစိတ် ရှင်းပြထားသည်။

ပတ်ဝန်းကျင်ကို ကျွန်တော် ချက်ချင်း ဝေ့ကြည့်လိုက်တယ်။ လူတွေ ဟာ ထူးထူးဆန်းဆန်း ပုံသဏ္ဌာန်တွေ ဖြစ်နေတယ် ဆိုတာ သတိထားလိုက်မိတယ်။ ဒါပေမဲ့နေရာတိုင်းမှာ တွေ့နိုင်တဲ့လူမျိုးတွေ။ တကယ့် လူတွေ။ **ဒွန်ကားလို့စ်**[1] ပုံစံတွေလည်း မဟုတ်ဘူး။ ဝတ်ကောင်းစားလှ ဘွဲ့ထူး ဂုဏ်ထူးနဲ့ အရာရှိ အရာခံ တွေ။ ဒါပေမဲ့ တခုခု လွဲနေသလိုပဲ။ ကျွန်တော့်ရှေ့က တယောက်က မျက်နှာ ရှုံ့မဲ့ပြီး ထူးထူးဆန်းဆန်း လူအုပ်ကြီးထဲမှာ ဇက်ပုပြီး ပုန်းနေတယ်။ သူ့လက်ထဲမှာ ယမင်းရုပ်ကလေးတွေနဲ့ ကြိုးဆွဲလိုက်ရင် အရုပ်ကလေးတွေက လှုပ်တယ်။ ဒါကို သဘောကျပြီး သူ အူတက်မတတ် ရယ်နေတယ်။

ဤသို့ ပရလောကလိုလို၊ မကောင်းဆိုးဝါးလိုလို အဓိပ္ပာယ်နှစ်မျိုး ထွက်သည့် ရယ်စရာများကို ဒေါ်စတာယက်စကီ၏နောက်ပိုင်းစာအုပ်များတွင် တွေ့လာရသည်။ နီဗား မြစ်ကမ်းမှ မြင်ကွင်းမျိုးထဲသို့ စိတ်ကူးဖြင့် သူ ရောက် သွားခြင်း ဖြစ်သည်။ ချန်နီရှက်စကီလို ဖောက်ပြန်ရေးသမားများ၏ အတွေးအခေါ်ကို ဒေါ်စတာယက်စကီသည် မကောင်းဆိုးဝါး ရယ်သံမျိုးဖြင့် ရယ်ကောင်း

ရယ်နေလိမ့်မည်။ (သူတို့ အတွေးအခေါ်အတွက် ဖြစ်လာမည့် အကျိုးသက်ရောက်မှုကို သိ၍ မဟုတ်။ သူတို့ကို ကြည်ကြည်လင်လင် ကြိုမြင်နေ၍ ဖြစ်သည်။)

လူ့ဘဝကို သူတို့က သတ်မှတ်မပေးနိုင်။ ဘယ်ဥပဒေနှင့်မှ မသတ်မှတ်နိုင်။ ဘယ် ယုတ္တိဗေဒနှင့်မှ မသတ်မှတ်နိုင်။ ဘယ်သူကမှလည်း တခမ်းတနား စာမဖွဲ့နိုင်။ သည်အခြေခံဖြင့် သူသည် နိုးကြားလာနေသော ဥရောပအပေါ်ကမ္ဘာ့အမြင်ကို နိဂုံးဆွဲသည်။ ရုရှား ပညာတတ် တယောက် အမြင်ဖြင့် သုံးသပ်သည်။

သည်လိုစာအုပ်မျိုးကို ဒေါ်စတာယက်စကီ ရှေ့တွင် ဘယ်သူမျှ မရေးဖူးခဲ့ကြပေ။ သူက ထိုခေတ်၏ ဖောက်ပြန်သော အတွေးအခေါ်တွေကို တိုက်ခိုက်သည်။ ခက်ခဲနက်နဲသော ဒေသိယစကားလုံးများ ဖောဖောသီသီ သုံးစွဲပြီး ရေးနိုင်သည်။ သာမန်စာဖတ်သူများ မျက်မှောင်ကုတ်သည့် အရေးအဖွဲ့မျိုး ဖြစ်သည်။ သူ၏ Notes from Underground မှ နာမည်မဲ့ ဇာတ်ကောင်အတိုင်း လူ့ဘဝ၏ သစ္စာတရားကို ရှာဖွေသည်။ Crime and Punishment မှ ဇာတ်လိုက် ရပ်စ်ကိုလ်နီကော့ဗ်သည် ပညတ်တော်အရ အပြစ်ရှိသူ ဖြစ်သည်။ စာဖတ် ပရိသတ်အတွက် ဒေါ်စတာယက်စကီ၏ “အသစ်အဆန်း” သို့မဟုတ် ဘယ်သူမှ မရေးဖူးသည့် Crime and Punishment သည် မကောင်းဆိုးဝါး၏ ရယ်သံ ဖြစ်သည်။ Notes from Underground သည် “နီဗားမြစ်ကမ်းနဖူးမှ မြင်ကွင်း” နှင့် အတူတူပင် ဖြစ်သည်။

ဝတ္ထု၏ အပိုင်း (၂) မှ စာတပိုဒ်သည် သူ၏ပီတာစဘတ်မြင်ကွင်း (Petersburg Visions) ကွင်းပါသည့် စာပိုဒ်နှင့် အတူတူပင် ဖြစ်သည်။ လူသတ်မှု ဖြစ်ပြီး နောက်တနေ့တွင် ရပ်စ်ကိုလ် နီကော့ဗ်သည် နီဗားမြစ်ကူးတံတားပေါ်တွင် ရပ်၍ မြို့ကို ငေးကြည့်နေသည့် အခန်း။

သူသည် တံတားပေါ်တွင်ရပ်လျက် မြို့ကို အကြာကြီး ငေးကြည့်နေသည်။ သည်မြင်ကွင်းသည် မြင်နေကျ မြင်ကွင်း ဖြစ်သည်။ တက္ကသိုလ် ကျောင်းသား ဘဝကတည်းက သည်နေရာသည် အိမ်အပြန် သူ ရပ်ကြည့်နေကျ နေရာ ဖြစ်သည်။ (အကြိမ်ပေါင်း တရာမက ရှိလိမ့်မည် ထင်သည်) အလွန် ကြည့်လို့ ကောင်းသည့် မြင်ကွင်းကျယ် ဖြစ်ပါ၏။ သည်လို ရပ်ကြည့်တိုင်း မရေမရာ၊ မရှင်းမလင်း အတွေးတမျိုး ဝင်လာစမြဲ။ သည်အတွေး ဝင်လာလျှင် ကျောထဲ စိမ့်သွားတတ်သည်။ သည်အတွေး ဝင်လာလျှင် မြင်ကွင်းတခုလုံး ဆွံ့အ နားမကြား သလို တိတ်ဆိတ်သွားတတ်သည်။ သည်လို ထူးထူးဆန်းဆန်း ခံစားရတိုင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းလာပြီး အသိဉာဏ်တွေ အုံ့မှိုင်း ထုံထိုင်းသွား တတ်သည်။ မရေရာသော အနာဂတ်သည်လည်း မှုန်ဝါးသွားတော့သည်။

သည်လိုအခါတွင် ရှုပ်ထွေးလွန်းသော၊ အဖြေမထွက်သော မေးခွန်းတွေ ရုတ်ခြည်း

ခေါင်းထဲ ပေါ်လာတတ်သည်။ သည်လို ပေါ်လာခြင်းမှာ မတော်တဆ ပေါ်လာခြင်း ဟုတ်ဟန်မတူ။

သည်နေရာတွင် ကျောထဲစိမ့်သွားလောက်အောင် အသံနက်ကြီးဖြင့် ရယ်မောသံကို ကြားယောင်လာကြရသည်။ မကောင်းဆိုးဝါး၏ အသံတိတ် ရယ်သံလေလား။ ပြဿနာက ဘာမှန်းမသိ၊ ပဟေဠိ။ အသံသည် အမှောင်ထဲတွင် ပျောက်ကွယ်သွားသည့်အလား။

ရပ်စ်ကိုလ်နီကော့ဗ်သည် သည်အဖြစ်မျိုးနှင့် မကြာခဏ ကြုံတွေ့နေရသည်။ သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကြောင့် သည်လို ဖြစ်လာခြင်း မဟုတ်။ သူ၏ အပြုအမူသည် မဖြေရှင်းနိုင်သော အကြောင်းများ၏ ပထမအဆင့်ကဲ့သို့ ဖြစ်နေသည်။

Crime and Punishment သည် အလွန်အဆင့်မြင့်သည့် လျှို့ဝှက်သည်းဖို ဝတ္ထုကြီး ဖြစ်သည်။ လျှို့ဝှက်ဆန်းကြယ်လွန်းဆုံးမှာ လူသတ်သမား ဇာတ်လိုက် ကိုယ်တိုင်ပင် ဖြစ် လေသည်။

ဒေါ်စတာယက်စကီ ရေးသောစာ၊ ပေးသောစာများ၊ မှတ်စုများအရသည် နော်ဗယ်လ်ကြီး၏ ဇာစ်မြစ်ကို ကျွန်တော်တို့ ဘက်ပေါင်းစုံမှ သိရှိခဲ့ကြပြီး ဖြစ်ပါသည်။ ၁၈၆၅ ခုနှစ်က သူ နိုင်ငံခြားခရီးထွက်စဉ်ဝတ္ထုနှစ်ပုဒ် ရေးဖို့ စိတ်ကူးသည်။ တပုဒ်က နော်ဗယ်လ်ဝတ္ထုရှည်ကြီး။ နာမည်က ယမကာလုလင်များ (The Drunkards)။ လက်ရှိ ဖြစ်နေသည့် အမူးသမားများ၏ ပြဿနာများ ဖြစ်ကြောင်း၊ သူ ရေးမည့် အစီအစဉ်ကို စာအုပ် တိုက်တတိုက်ကို ပြောတော့ ထုတ်ဝေသူက ပယ်ချခဲ့သည်။ နောက်တပုဒ်က “ရာဇဝတ်မှုကျူးလွန်ခြင်း စိတ်ရောဂါ’ (Psychological account of a crime)။ လွန်ခဲ့သည့် ဆယ့်ငါးနှစ် ထောင်ထဲမှာကတည်းက ဥထားသည့် ဇာတ်လမ်း။ ယမကာလုလင်များကို အမြန်ဆုံးရေးမည် စိတ်ကူး၏။ သို့သော် စိတ်ကူးပေါက်ပြီး နောက်တပုဒ် ရေးနေသဖြင့် မရေးဖြစ်။ ၁၈၆၅ ခုနှစ်တွင် ဝတ္ထုပုံကြမ်း အသေးစိတ်ကို Russian Herald အယ်ဒီတာ မစ်ဟိုင်းခတ်ကော့ဗ်ဆီ ရေးပို့သည်။ ထိုစဉ်က သူ့စိတ်ကူးထဲမှ ဇာတ်လမ်းမှာ ခပ်တိုတို ဖြစ်သည်။ စာရေးဆရာက ပြန်ပြောပြသော ပုံသဏ္ဍာန် ဖြင့် ရေးမည်။ ရာဇဝတ်မှုကို သူကိုယ်တိုင် ဝန်ခံပြောပြမည့် ဇာတ်လမ်း။ ခတ်ကော့ဗ်ထံ သူ ရေးပို့သည့် ဇာတ်လမ်းမှာ “ခေတ်ပညာတတ် လူငယ်တယောက်၊ လူတော် လူကောင်း တယောက်က ထူးဆန်းသည့် သြဇာလွှမ်းမိုးမှုတခုကြောင့်၊ လေထဲတွင် ပျံ့လွင့် နေသည့် မရေမရာ အတွေးအခေါ်ကြောင့် လူသတ်မှု ကျူးလွန်ခဲ့ကြောင်း ဇာတ်လမ်းမျိုး ဖြစ်နိုင် သည်…”။ တနည်းပြောရလျှင် ရုရှားနိုင်ငံ၏ တဖက်စွန်းရောက် အတွေးအခေါ်များ၏ ကူးစက်မှု ဖြစ်သည်။ အထူးသဖြင့် ၁၈၆၀ ပြည့်နှစ်များတွင် ပေါ်လာသည့် နတ္ထိကဝါဒ ဖြစ်သည်။ ဒေါ်စတာ ယက်စကီ၏

Notes from Underground မှာ သည် သဘောပင် ဖြစ်သည်။ နောက်ဆုံးတွင် သူ မီးရှို့ပစ်လိုက်သည့် စာမူမှာ သည်စာမူ ဖြစ်သည်။

သည်ဇာတ်လမ်းထဲမှ ဇာတ်လိုက်ကမူ မီးထဲ ပါမသွားဘဲ ဘယ်သူမှ မရေးဖူးသေးသည့် ပုံစံဖြင့် သူ နောက်ထပ် ရေးမည့် နော်ဗယ်လ်ထဲတွင် ဆက်လက် အသက်ဝင်နေသည်။ ပို၍ ကြီးကျယ်သော ပုံသဏ္ဍာန်ဖြင့် ရှင်သန်နေခြင်း ဖြစ်သည်။ သို့သော် ဇာတ်လမ်းအသစ် တွင် မူလဇာတ်မှာလို ဝန်ခံခြင်း ပုံစံမျိုး မဟုတ်တော့။ ဇာတ်အိမ်လည်း အပုံကြီး ပိုကျယ်သွားသည်။

ကံအားလျော်စွာ သေခါနီးဆဲဆဲတွင် ဆေမျွန်ဇာဒါရိုဗစ်ချ်မာမီလာဒေါ့ ဆိုသူ တယောက်နှင့် ဒေါ်စတာယက်စကီ မိတ်ဆွေ ဖြစ်ခဲ့သည်။ လောလောဆယ် အလုပ်အကိုင် မရှိသည့် အမှုထမ်းဟောင်း တဦးဖြစ်သော ထိုပုဂ္ဂိုလ်နှင့် သူ့ဇနီး ကက်တာရီးနာအီဗန်နိုဗာတို့၏ ဇာတ်လမ်းမှာ The Drunkards ထဲမှ ဆုတ်ဖြဲထားသော စာမျက်နှာများတွင် ပါဝင်ခဲ့သည်။ ကက်တာရီးနာမှာ ရောဂါသည်တဦး ဖြစ်သည်။ သူတို့မိသားစုနှင့် ရပ်စ်ကိုလ်နီကော့ဗ် ခင်မင်ခဲ့သည်။ သမီးကလေး ဆွန်ညာမှာ အစပိုင်းတွင် အရေးပါသည့် ဇာတ်ကောင် မဟုတ်။ သူတို့မိသားစုနှင့်တွေ့ပြီး မကြာခင် ရပ်စ်ကိုလ်နီကော့ဗ်ထံသို့ အမေ့ဆီမှ စာရှည်ကြီး တစောင် ရောက်လာခဲ့သည်။ စာထဲတွင် ညီမဖြစ်သူ ဒွန်ညာနှင့် လူကုံထံ လူဇင်တို့၏ ဇာတ်လမ်းကို အမေက ထည့်ရေးလာသည်။ ပြီးတော့ အရက်သမားလူဆိုးဟု ထင်ရသော်လည်း အလွန် သဘောကောင်းသည့် ဆဗီဒရီဂေးလော့ဗ်။ ဇာတ်လမ်းမှာ ချက်ချင်း သုံးပွင့်ဆိုင် ဖြစ်သွားသည်။ သည်နေရာတွင် ဒေါ်စတာယက်စကီ၏ ဇာတ်ကောင် အထားအသိုနှင့် ဖွဲ့စည်းပုံကို ကျွန်တော် တို့ စတင်တွေ့ရှိရသည်။ စာရေးဆရာက နံဘေးမှ ပြောနေရာက ရုတ်ခြည်း ဇာတ်ကောင် တွေအသံထွက်လာသည်။ ဝါကျအရှည်ကြီးတွေနှင့် စကားပြော ကြသည်။ ကိုယ့်အကြောင်း ကိုယ် သိုင်းသိုင်းဖွဲ့ဖွဲ့ ရင်ဖွင့်ကြသည်။ အပိုင်း (၁) ကို လူသတ်မှု ဖြင့် အဆုံးသတ်ထားသည်။ ဤတွင် ဇာတ်လမ်းမှာ ရုပ်လုံးကြွတက်လာပြီး ရှေ့ဘာဖြစ်မလဲ ဟူသည့် သိချင်စရာများစွာ၊ ပဋိပက္ခများစွာ၊ အလှည့်အပြောင်းများစွာဖြင့် စာဖတ်သူကို ဆွဲခေါ်သွားတော့သည်။

၁၈၆၆ ခုနှစ်တွင် သတင်းစာထဲ ပထမပိုင်း ပါလာသောအခါ ဒေါ်စတာယက်စကီ၏ ခေါင်းထဲတွင် မဖြေရှင်းနိုင်သည့် မေးခွန်းတွေ စုပုံနေသေးသည်။ ဖေဖော်ဝါရီလထဲတွင် ရေးသည့် သူ့မှတ်စုများထဲတွင် ဆွန်ညာ၏ ဇာတ်ရုပ်ကို သူ ဖော်နေဆဲ ဖြစ်သည်။ ပြီးတော့ ဘာကြောင့် ရပ်စ်ကိုလ်နီကော့ဗ် လူသတ်မှု ကျူးလွန်ရသည်ကိုလည်း သရုပ်ခွဲပြဖို့ ကြိုးစား နေသည်။ သူ ရေးထားသည့် ပုံကြမ်းများ (သူက ဇာတ်များကို အမြဲတမ်း ပုံကြမ်းဆွဲသည်) တွင် သူ့ဇာတ်လိုက်သည် နတ္ထိကဝါဒီတဦး ဖြစ်ကြောင်း အထင်အရှား သိသာနေသည်။

သူက နတ္ထိကဝါဒကို ကျိုးကြောင်းဆီလျော်သော အတ္တဝါဒနှင့် ရောမွှေထားပြီး လောက ကောင်းကျိုး ကို သယ်ပိုးမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။ သည်လို ကိုယ်ပိုင် အတွေးအခေါ်နှင့် နေသူ ဖြစ်သည်။ အလွန်ပြင်းထန်သည့် ကိုယ်ပိုင်အင်အားကို နပိုလီယမ်ဆန်ဆန် ကိုယ်တိုင် တည်ဆောက်ထားသူ ဖြစ်သည်။ တနေရာတွင် ရပ်စ်ကိုလ်နီကော့ဗ်သည် ခရစ်တော်ဆန်ဆန်၊ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းဆန်ဆန် စွန့်လွှတ်ခြင်း များစွာဖြင့် အနစ်နာခံသူ ဖြစ်နေပြီး၊ အခြားတနေရာတွင် သူ၏ တော်လှန်ပုန်ကန်စိတ်သည် မကောင်းဆိုးဝါး အစီးခံနေရသူပမာ သူ့ကိုယ်သူ သတ်သေမည့်သူ ဖြစ်နေပြန်သည်။ နောက်ဆုံးတွင်မှ ဒေါ့စတာယက်စကီ သည် သူ၏ ဇာတ်လိုက်ကို သည်နှစ်မျိုးလုံးထဲမှ ဆွဲထုတ်ပြီး ဘာမျှ မရှင်းတော့ဘဲ သည်အတိုင်း ထားလိုက်သည်။ ဤသည်ပင် နော်ဗယ်လ်ကြီး၏ ထူးခြားသည့် စရိုက်လက္ခဏာတခု ဖြစ်လာ တော့သည်။

ဆွန်ညာကိုမူ စာရေးဆရာက ရပ်စ်ကိုလ်နီကော့ဗ်၏ အတွေးအခေါ်ကို အပြတ် အသား ဆန့်ကျင်သူအဖြစ် ပုံဖော်ဖို့ စိတ်ကူးရှိခဲ့သည်။ အလွန်အဆင့်မြင့်သည့် အနုပညာ အာရုံခံစားမှု ရှိသူကလေးအဖြစ် ရပ်စ်ကိုလ်နီကော့ဗ်က တန်ဖိုးထားသည်။ သို့သော်လည်း နောက်ဆုံးတွင် ဆွန်ညာသည် ယင်းအဆင့်သို့ မရောက်တရောက် ဘဝဖြင့် အသံတိတ် ဇာတ်ရုပ်တခုသာ ဖြစ်သွားလေသည်။ အပိုင်း (၄) တွင် ဆွန်ညာသည် ခရစ်တော်ကို မဖူးမြင် ရဘဲ လာဇရပ်စ် ရှင်ပြန်ထမြောက်ခြင်းအခန်း ဖတ်နေရုံဖြင့်သာ ကျေနပ်နေရတော့သည်။ ကပ်စေးနဲကြီး လူဇင်ကို အတ္တဝါဒီအဖြစ် သရုပ်ဖော်သည်။

နော်ဗယ်လ်ကြီး၏ အင်္ဂါရပ်တွေ တဖြည်းဖြည်း စုံလာသောအခါ သူ၏ မူလစိတ်ကူး ဖြစ်သော "ပြစ်မှုတခု၏ စိတ္တဗေဒ အခြေခံသဘောတရား" မဟုတ်တော့ဘဲ၊ နတ္ထိကဝါဒ ဘက်မှ အငြင်းအခုံ မလုပ်တော့ဘဲ လေးနက်မှုသည် လမ်းကြောင်း ပြောင်းသွားသည်။ Notes from Underground ၏ ဦးတည်ချက်အတိုင်း အောက်ဆုံးအလွှာများဆီသို့ စာရေးဆရာက ခေါ်သွားသည်။ ထိုလောကတွင် ဝိသေသထူးသော ကုန်သည်ပွဲစားတွေ ပါသည်။ အရက်ဆိုင် ပိုင်ရှင်တွေ ပါသည်။ တိုက်ခန်း ဆေးသုတ်သမားတွေ ပါသည်။ အတိုးကြီးစားတွေ ပါသည်။ ချစ်စရာကောင်းသည့်နာတာရှာလိုအိမ်ဖော်၊ သဘောမကောင်းသည့် ဂါတ်စာရေး ဇာမယိုတော့ဗ်၊ တဇွတ်ထိုးသမား၊ တဖက်စွန်းသမား လက်ဘီဇယက်နီကော့ဗ်၊ ဒေါသကုမ္ဘာရ ဗိုလ်ယမ်း ဘီလူး စသူတို့ ပါသည်။ ဒေါ့စတာယက်စကီ၏ ကလောင်သည် သိပ်အရေးမပါသည့် ဇာတ်ရံ များကိုပင် ရုပ်လုံးကြွနေအောင် ရေးနိုင်စွမ်းသည်။

Crime and Punishment သည် ဒေါ့စတာယက်စကီ၏ နောက်ပိုင်း ဝတ္ထုများ ထက် တဦးချင်း ဇာတ်ကောင်စရိုက် အပီပြင်ဆုံး နော်ဗယ်လ် ဖြစ်သည်။

ဇာတ်ဆောင်အားလုံး၊ ဖြစ်ရပ်အားလုံးသည် ရပ်စ်ကိုလ်နီကော့ဗ်၏ အရှုပ်အထွေးများ၊ ဝိရောဓိများနှင့် ယှက်နွယ် ပတ်သက်နေသည်။ သူ့ကဏ္ဍသည် ဇာတ်လမ်း အခန်း လေးဆယ်အနက် သုံးဆယ်တွင် ပါဝင် ခဲ့သည်။ ထို့ကြောင့် သူ့စိတ်အတွင်းပိုင်းကို ကျွန်တော်တို့ ဝင်ကြည့်ခွင့် ရခဲ့ကြသည်။ ဆဗီဒရီဂေးလော့ဗ်၏ အဖွဲ့တွက်ကိုလည်း ကျွန်တော်တို့ သိခွင့်ရခဲ့ကြပါသည်။ တဖက်က ကြည့်လျှင် အဖြစ်သနစ် အဖုံဖုံတို့ကို တကယ် ထင်သာမြင်သာရှိသော အမှန်တရားထက် ပိုပြီး လွန်လွန် ကဲကဲ ဖွဲ့ထားသည်။ တကယ့်လူသားတယောက်၏ သဘာဝထက် ပိုလွန်းနေသည်။ အိပ်မက် ခန်းတွေ၊ စိတ္တဇအခန်းတွေ၊ ပီတာစဘတ်၏ အဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ တူးမြောင်းတွေနှင့်အတူ ဝိညာဉ်ဆန်သည့် အခန်းတွေအပြင် တစ္ဆေခန်းများပင် ပါလိုက် သေးသည်။ ပရလောကနှင့် သတ္တလောကအကြားမှ စည်းခြား မျဉ်းကလေးမှာ ရေးရေးမျှသာ။ ရုပ်ပစ္စည်းနှင့် စိတ်ထင်မြင်ဝိုးဝါးမှုများ ရောထွေးနေသည်၊ ဝေဝါးနေသည်။ Crime and Punishment တွင် ပြောင်းလဲနေသော ကမ္ဘာကြီးကိုမြင်နေရသည်။ တိုက်ဆိုင်မှုပေါင်းများစွာ၊ ကြမ္မာဆိုး၏ လွှမ်းမိုးမှုဖြင့် တွေ့ဆုံကြုံကြုံခြင်းများစွာ၊ လမ်းတွေပေါ်မှာ၊ ပန်းခြံတွေထဲမှာ လှုပ်ရှားသွားလာရင်း ကြုံရကြားရသည့် အရေးတကြီး စကားသံများ၊ မြို့တော်ကြီး၏ တိုက်ခန်းများအတွင်း တီးတိုးသံများ၊ ဆူဆူညံညံ အသံဗလံများသည် ဇာတ်လမ်း၏ အထောက် အကူပြု ပစ္စည်းများ ဖြစ်နေသည်။ ပီတာစဘတ်သည် ဒေါ်စတာယက်စကီ ပြောသည့် အဖြစ်အပျက်တို့ကို ပုံဖော်သည့် ဇာတ်စင်နောက်ပိုင်းမှ ပန်းချီကားတချပ် မဟုတ်တော့ပေ။ ပီတာစဘတ်၏ အရှုပ်အထွေးများနှင့် ဇာတ်လိုက်၏ အရှုပ်အထွေးများ ထင်ဟပ်စေသည့် ကြေးမုံပြင် ဖြစ်နေသည်။

သည်လို ဆိုလိုက်လို့ ရပ်စ်ကိုလ်နီကော့ဗ်၏ အဖွဲ့တွက်သည် လောကကြီးအတွက် အသုံးမဝင်။ သူသည် စိတ်ဝေဒနာသည် တယောက်ဟု ဆိုလိုခြင်း မဟုတ်ပေ။ အမှန်ဆိုရလျှင် ကျွန်တော်တို့အားလုံး ခံစားရသည့်အတိုင်း အမြင်အာရုံက လက်ခံသည်။ သို့သော် မြင်ကွင်းများသည် အမြဲတမ်း ရှုပ်ထွေးနေတတ်သည်။ ပုံပြင် ဆန်နေတတ်သည်။ စိတ်ဆန် နေတတ်သည်။ ကျွန်တော်တို့သည် အလှအပကို မြင်တတ်သလို ရွံရှာစက်ဆုပ်ဖွယ်ရာများ ကိုလည်း မြင်တတ်သည်။ ဣဋ္ဌာရုံကို မြင်တတ်သလို အနိဋ္ဌာရုံကိုလည်း မြင်တတ်သည်။ သည်လို အရှုပ်အထွေးများကို သူ့ကိုယ်တွင်းမှ ဖယ်ထုတ်ရန် ကြိုးစားရင်း ရပ်စ်ကိုလ်နီကော့ဗ် သည် စိတ်နှစ်မျိုးနှင့် လူထူးလူဆန်းတယောက် ဖြစ်လာသည်။ နာမည်စီးနေသည်လား၊ ပညတ်သွားရာ ဓာတ်သက် ပါနေသည်လား မဆိုနိုင်။ သူ့နာမည်မှာ ရပ်စ်ကိုလ်နစ်မှ လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ဂိုဏ်းခွဲထွက်ခြင်း ဟူ၍ ဖြစ်သည်။ ဘုရားကျောင်းကို ကျောခိုင်းသူ ဟုလည်း အဓိပ္ပာယ်ရသည်။ သို့သော် သူသည် သူ့ကိုယ်သူ နှစ်ပိုင်း ပိုင်းပစ်လိုက်သူ ဖြစ်သည်။ ဝေဖန်ရေးဆရာ ကွန်စတင်တန်း မိုချာလ်စကီက ရပ်စ်ကိုလ်နီကော့ဗ်ကို "လူသား ဆန်တဲ့

လူတယောက်ရဲ့ ကိုယ်ထဲမှာ မကောင်းဆိုးဝါး ဝင်နေတာ” ဟု မှတ်ချက်ချသည်။

သူသည် ဥပဒေတန်း တက်နေသည့် တက္ကသိုလ်ကျောင်းသားတယောက် ဖြစ်သည်။ ထို့ကြောင့် အမှုလိုက်ရဲအရာရှိ ပေါ်ဖီရီပီထရိုဗစ်ချ်က သူ့ကို လေးစားသည်၊ ခင်သည်။ ထို့ကြောင့် မှုခင်းအကြောင်းအပြင် မှုခင်းနောက်ကွယ်မှ ဒဿနိကနှင့် စိတ္တဗေဒ ပြဿနာ များကို သူနှင့် ဆွေးနွေးသည်။

※

သူတို့ဆွေးနွေးကြသည်မှာ ယုတ္တိဗေဒ၏ဥပဒေသများအကြောင်း ဖြစ်သည်။ သည်အကြောင်း တွေကို ရပ်စ်ကိုလ်နီကော့ဗ် စတင် ရှာဖွေတွေ့ရှိခဲ့သည်။ မီးခြစ်ဘူးသာသာသူ့အခန်းကလေး ထဲမှ ထွက်လာခဲ့သည်။ တရားနည်းလမ်းကျသည့် ရာဇဝတ်မှုတခုကို သူ ကျူးလွန်တော့မည်။ တရားဥပဒေ လမ်းကြောင်းပေါ် ရပ်တည်ပြီး ကျူးလွန်၍တော့ မဖြစ်။ “ထူးခြားသော တစုံတရာ” ပေါ်တွင် အခြေခံရလိမ့်မည်။

ဇာတ်လမ်းဆုံးခါနီးတွင် သူ့မှာ အနာဂတ် ရှိနေကြောင်း၊ ဒုက္ခကို ကြိတ်မှိတ်ခံသင့် ကြောင်း ပြောခဲ့သူမှာ ပေါ်ဖီရီပီထရိုဗစ်ချ်ပင် ဖြစ်သည်။ “ဒီကိစ္စပေါ်မှာ သိပ်အာရုံမထားပါနဲ့။ ဘဝထဲကို ဝင်လိုက်ပါ။ နေရာတကာမှာ ယုတ္တိဗေဒနဲ့ချည်း တိုင်းနေဖို့ မလိုပါဘူး”

ဒေါ်စတာယက်စကီ၏ အရေးအသားများထဲတွင် သည်တနေရာသည် အဓိပ္ပာယ် နှစ်မျိုး အထွက်ဆုံးနေရာ ဖြစ်ပါသည်။

ဒေါ်စတာယက်စကီက သည်လို အဓိပ္ပာယ်နှစ်ခွ ဖြစ်သော စကားလုံးများကို ပေါ့ပေါ့ တန်တန် သုံးစွဲခြင်း မဟုတ်ပေ။ အဆီအငေါ်မတည့်ခြင်းများကို သူက ဟာသလုပ်ပစ်ခြင်း ဖြစ်သည်။ ခါးသီးတာတွေ၊ ယုတ္တိမတန်တာတွေ၊ စက်ဆုပ်ဖွယ်ရာတွေကို မာမီလာဒေါ့ဗ် သေဆုံးခန်းနှင့် အသုဘ ညစာဝိုင်းတွင် မီးမောင်းထိုးပြသွားသည်။ ဒုက္ခသုက္ခတွေကြားထဲမှ ဟာသကွက်တွေကို ဝတ္ထု တပုဒ်လုံးမှာ အလျဉ်းသင့်သလို ထည့်သွားသည်။ ရပ်စ်ကိုလ် နီကော့ဗ်၏ ရှုန်းကန်လှုပ်ရှားမှုများမှာပင် ပြုံးစရာများကို တွေ့ရသည်၊ ပြီးတော့ ဒေါ်စတာ ယက်စကီက ပြဇာတ်ဆန်ဆန် အကွက်တွေကို ထည့်ပြသွားသည်။ ထိတ်လန့်တုန်လှုပ်ဖွယ် မြင်ကွင်းများကနေ ဖြုန်းဆို ဟားကွက် ပါချင် ပါလာသည်။

ပြင်းထန်လွန်းသည့် ခံစားမှုများသည် Crime and Punishment တွင် တလျှောက်လုံး တွေ့နေရသည်။ ယင်းတို့၏ အဖြေကို စာရေးဆရာက ထုတ်မပြခဲ့ပေ။ ဝေဒနာခံစားမှုကို ဥပဒေဖြင့် ပြဋ္ဌာန်း၍ မရနိုင်။

တနေရာတွင်တော့ ဆိုးယုတ်မှု အနိဋ္ဌာရုံ၏ အဖြေကို ထုတ်ပြထားသည်။ **လာဇရပ်စ်**[2] ရှင်ပြန်ထမြောက်သည့် အခန်းကို ဆွန်ညာ ဖတ်ပြသည့်နေရာ ဖြစ်၏။ လာဇရပ်စ်၏ သေရာမှ ပြန်ရှင်လာခြင်းသည် မည်သို့သော ကမ္ဘာတွင် ဖြစ်နိုင်မည်လဲ။ သည်အဖြစ်သည် သဘာဝ နှင့် ယုတ္တိဗေဒ ပြင်ပမှ အဖြစ်မျိုးဟု ဆိုရမည်။

ရပ်စ်ကိုလ်နီကော့ဗ်သည် စည်းအပြင်ကလူ ဖြစ်သည်။ ယုတ္တိဗေဒသမား ဖြစ်သည်။ ဆွန်ညာနှင့် ဆဗီဒရီဂေးလော့ဗ်ကြားမှ အလွန်အားကောင်းသည့် ဇာတ်ရုပ် ဖြစ်သည်။ သို့သော် ယုတ္တိဗေဒ၏ အပြင်သို့ ရောက်သွားသည့်အခါ ရောက်သွားသည်။ ဆဗီဒရီ ဂေးလော့ဗ် လိုပင် မိုးထဲလေထဲတွင် ညနက်သန်းခေါင်အထိ လျှောက်သွားနေသည်။ ဆွန်ညာ့ဆီ ရောက်သွားသည်။ အလွန် လေးလံနေးကွေးသော ဝေဒနာ ခြေလှမ်းများဖြင့်။ ဘာမျှ မရေရာသော၊ လုံးဝအကောင်အထည်မရှိသော နေရာသစ်တခုကို သွားနေခြင်းပင်။ ဒေါ်စတာယက်စကီက သူ့ကို သည်နေရာတွင်ပင် ထားခဲ့သည်။

ကျွန်တော်များကလည်း သည်နိဒါန်းဖတ်သူအား ပြောစရာတွေ အပုံအပင် ရှိသော် ငြားလည်း သည်နေရာတွင်ပင် ထားခဲ့ရတော့မည်။ နော်ဗယ်လ်၏ အသက်သည် သဘော တရား မဟုတ်ပေ။ ခံစားမှု ဖြစ်ပါသည်။

ဒေါ်စတာယက်စကီက ကဗျာဟုဆိုသော သူ့နော်ဗယ်လ်ကြီးကို ကျွန်တော်တို့ ဘာသာပြန်ရာတွင် ခံစားမှု တစုံတရာ ပေးနိုင်သည်ဆိုပါက ကျွန်တော်တို့အား အကောင်းဆုံး ဝေဖန်ပေးခြင်း မည်ပါလိမ့်မည်။

ရစ်ချဒ် ပီဗီးယား

※※※

အင်္ဂလိပ် ဘာသာပြန်သူ၏ မှတ်ချက်

ရုရှားအမည် ပေးပုံ၊ ခေါ်ဝေါ်ပုံများ

အဓိကဇာတ်ဆောင်များ၏ အမည်များကို ခေါ်ဝေါ်ပုံ အမျိုးမျိုးနှင့် နောက်ဆက်တွဲ အမည် များပါ ဖော်ပြထားပါသည်။ ရုရှားအမည် ခေါ်ပုံများမှာ အင်္ဂလိပ်နှင့် မတူ။

ရုရှားအမည်များသည် အဖေနာမည်ကို ရှေ့မှာထားပြီး မှည့်ကြသည်။ ပြီးမှ မိသားစု (မျိုးရိုး) အမည် လာသည်။ သာမန် စကားပြောရာတွင် အဖေနာမည်ကို ခေါ်၍ ပြောသည်။ နောက်ဆက်တွဲ နာမည်နှင့် အတိုကောက် နာမည်များကိုမူ မိသားစုဝင်များ၊ ရင်းနှီးသည့် မိတ်ဆွေများက ခေါ်ဝေါ်ပြောဆိုကြသည်။ ဥပမာ– ရပ်စ်ကိုလ်နီကော့ဗ်ကို ရိုဒီယို၊ ရော့ဒ်ယာ၊ ရော့ဒ်ကာ... စသည်ဖြင့် မိသားစုအမည် အတိုကောက်ကို စကားပြောရာတွင် အသုံးပြုသည်။ ဥပမာ- ရိုမန်နိုဗစ်ချ်ကို ရိုမန်နစ်ချ် စသည် စသည်။ ထို့ကြောင့် ရုရှားအမည် များသည် အင်္ဂလိပ်နှင့် မတူဘဲ ရှုပ်ထွေးသည်။

အဓိက ဓာတ်ဆောင်များ

- ရပ်စ်ကိုလ်နီကော့ဗ်၊ ရိုဒီယွန်ရိုမန်နိုဗစ်ချ် သို့မဟုတ် ရိုမန်နစ်ချ် (ရော့ဒ်ယာ၊ ရောဒ်ကာ)

- ပါလ်ချီးရီးယား အလက်ဇန္ဒြိုဗာ

- အဗ်ဒေါ့တယာရိုမန်နိုဗာ (ဒွန်ညာ၊ ဒွန်နက်ချ်ကာ)

- မာမီလာဒေါ့ဗ် (ဆေချွန်ဇက်ဘာရိုဗစ်ချ် (သို့) ဇက်ဘာရစ်ချ်)

- ကက်ထရီးနာ အီဗန်နိုဗာ

- ဆိုဖယာ ဆေမျွန်နိုဗာ (ဆွန်ညာ၊ ဆွန်နက်ချ်ကာ)

- ပေါ်လီနာ မစ်ဖေးလိုဗနာ (ပေါ်လယာ၊ ပေါ်လင်ကာ၊ ပေါ်လက်ချ်ကာ)

- ကိုလယာ (ကိုလ်ကာ)

- လန်ညာ (ပထမလီဒါ နောက် လီဒိုချ်ကာ)

- ဆဗီဒရီဂေးလော့ဗ် (အာကာဒီ အီဗန်နိုဗစ်ချ်)

- မာဖာပက်ထရိုဗနာ

- ရဇူမိခင် (ဗရာဇူမိခင်၊ ဒမီထရီပရိုကိုဗစ်ချ်)

- လူဇင် (ပျိုတာပီထရိုဗစ်ချ်)

- လီဘက်ဇယက်နီကော့ဗ် (အင်ဒရေးဆေမျွန်နိုဗစ်ချ် (သို့) ဆေမျွန်နစ်ချ်)

- နာတာစယာပီထရိုဗနာ (မိသားစုအမည် မရှိ။ နက်စတင်ကာ၊ နာတာစ ယူရှကာ)

- အလျူနာအီဗန်နိုဗာ (မိသားစုအမည် မရှိ)

- လစ်ဇ်ဗက်တာအီဗန်နိုဗာ (မိသားစုအမည် မရှိ)

- အီလျာပီထရိုဗစ်ချ်၊ (ချစ်စနိုးအမည်) ယမ်းဘီလူး (မိသားစုအမည် မရှိ)

- ဇိုစီမော့ဗ် (မိသားစုအမည် မရှိ)

- နီကိုလေဒီမန်တိဗ် (မီကိုလေ၊ မီကိုလ်ကာ၊ နီကိုလက်စကာ)

※※※

ပီတာစဘတ် မြင်ကွင်း

ပီတာစဘတ်မြို့ကြီး၏ နာမည်အပြည့်အစုံမှာ စိန့်ပီတာစဘတ် ဖြစ်သည်။ သို့သော် အပြင်တွင် အလွယ်ခေါ်နေကြသည့်အတိုင်း ပီတာစဘတ် ဟုပင် သုံးထားသည်။ ၁၉ ရာစု အစောပိုင်းက ပီတာဘုရင်ကြီး၏ အမိန့်ဖြင့် တည်ဆောက်ခဲ့သည့်မြို့ ဖြစ်၍ ပီတာစဘတ်ဟု တွင်ခြင်း ဖြစ်သည်။ ဖင်လန် ပင်လယ်ကွေ့ ထဲသို့ စီးဝင်သည့် နီဗားမြစ်နံဘေး၊ မြစ်ဝကျွန်းပေါ်တွင် တည်ဆောက်ထားသည့် မြို့ ဖြစ်သည်။ နီဗား၏ တနေရာတွင် မြစ်မွှာသုံးခု ကွဲထွက်သွားသည်။ သည်မြစ်သုံးစင်းသည် နီဗား၊ နီဗားကလေးနှင့် နက်ဗကာဟု အမည်တွင်သည်။ ပီတာစဘတ်သည် နီဗား၏ တောင်ဘက်ကမ်းတွင် တည်ရှိသည်။ မြို့ထဲသို့ ရေမလျှံစေရန် တူးမြောင်း အသွယ်သွယ် တားဆီး ဖောက်လုပ်ထားသည်။ တူးမြောင်းနှစ်ခု ဝန်းရံထားသည့် မြို့လယ်တနေရာကို ဗာစီလီ လီယက်စကီ ကျွန်းဟု ခေါ်သည်။ ထိုနေရာမှာ နီဗားနှင့် နီဗားကလေး မြစ်နှစ်ခုကြားတွင် ရှိသည်။ အောက်သို့ အနည်းငယ် စုန်ဆင်းလိုက်လျှင် လူကုံထံရပ်ကွက်နှင့် ပန်းခြံရှိသည်။ သည်နေရာကို ကျွန်းကလေးဟု အမည်တွင်သည်။

ဒေါ်စတာယက်စကီသည် သည်မြို့ကြီး၏ လမ်းနာမည်တွေ၊ ရပ်ကွက်နာမည်တွေကိုချန်ထားခဲ့သည်။ နှောင်းလူ ခေတ်ပညာတတ်များက မြေပုံတွေ ကိုင်ပြီး ရပ်စ်ကိုလ်နီကော့ဗ်၏ သွားလာလှုပ်ရှားမှုတွေကို လိုက်၍ ခြေရာကောက်သည်။ နေရာများ၊ လမ်းအမည်များကို ဖြည့်စွက်ပေးကြသည်။ ဘာသာပြန်သူ အချို့က ယင်းအတိုင်း ပြန်ကြသည်။ ယခု ဘာသာပြန်သူ ရစ်ချဒ်ပီဗီးယား နှင့် လာရစ်ဆာဗိုလ်ကွန်စကီ ဇနီးမောင်နှံကမူ မူရင်းအတိုင်း ဘာသာပြန်ဆို ထားသည်။

※※※

ပြစ်မှုနှင့် ပြစ်ဒဏ်၊ ဆရာနတ်နွယ်နှင့် ကျွန်တော်

၂၀၀၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့။

အလွန်အမင်း ပူပြင်းသော နေ့။ ကျွန်တော်နှင့် ဗိုလ်နတ် (ဆရာနတ်နွယ်) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန် ဘူတာကြီးသို့ ရောက်ကြသည်။ ချွေးတလုံးလုံးနှင့်။ ကျွန်တော်တို့က ၁၂:၃၀ နာရီတွင် မန္တလေးသို့ ထွက်မည့် အထူးရထားဖြင့် မြစ်ကြီးနား သွားကြမှာကိုး။ ဖိတ် ကြားသူက ဥတ္တရလမင်း ဦးသန်းဆွေ။

ရထားထွက်ခါနီးတွင် နွယ်နီအဖွဲ့သားအချို့ လာနှုတ်ဆက်ကြသည်။ သရဖူ ကိုရဲ လည်း ပါသည်။ ငရဲက ပူပူလောင်လောင် အချိန်ကြီးတွင် ချီးဗားစ်တလုံးဖြင့် လာရောက် ဂါရဝပြုခြင်း ဖြစ်သည်။ ကျွန်တော်နှင့်ဆရာနတ်တွဲပေါ်တက်လိုက်ကြသည်။ ဝီစကီပုလင်းကြီး ကြည့်ပြီး ချွေးတွေ ပို၍ရွှဲလာကြသည်။ ကိစ္စမရှိ။ ကျွန်တော်တို့က အထူးရထား ပထမတန်း အဲယားကွန်းအိပ်ခန်းနှင့် သွားကြမှာပဲ။ ရထားမထွက်သေးလို့ ထင်ပါရဲ့။ လေအေးစက် မလာသေး။ တော်ပါသေးသည်။ ပလက်ဖောင်းပေါ်က တယောက်က ယပ်တောင် နှစ်ချောင်း ဝယ်ပေးသဖြင့် ကျွန်တော်တို့ နှစ်ယောက် တဖျပ်ဖျပ် ခတ်နေစဉ် ရထားဘီး စ,လိမ့်သည်။ သူတို့လှူသိုက်ကို ယပ်တောင်ကိုယ်စီဖြင့်ပင် ကျွန်တော်တို့ လက်ပြ လိုက်ပါသည်။ ရထား ထွက်သော်လည်း လေအေးစက် မလာ။ တွဲစောင့်ကို မေးကြည့်တော့ “ရထား မစီးဖူးဘူး လား' ဟူသည့် အကြည့်မျိုးဖြင့် ကြည့်ပြီး ‘ကြာပေါ့” တဲ့။ တော်ပါသေးသည်။ မျက်နှာကြက် ပန်ကာကလေး နှစ်လုံး လည်လာသည်။ ဆရာသည် ကားနည်းသည့်အပြင် နားလေးသဖြင့် အသံတိုးတိုး ပြောတတ်သူ ဖြစ်သည်။ သည်ကြားထဲ ရထားဘီးသံက နားမခံနိုင်လောက်အောင် ဆူနေသဖြင့် ဘာမှမပြောဖြစ်ကြတော့ဘဲ လယ်ကွင်းတွေကို ငေးရင်း နှစ်ယောက်သား အိပ်ငိုက် လိုက်ပါလာခဲ့ကြသည်။ ပဲခူး လွန်တော့ သူ တခုခု ကျွန်တော့်ကို လှမ်းပြောသည်။ မကြား။ နောက်တခါ ထပ်ပြောသည်။ မကြား။ ကျွန်တော့် နားတွေ အူနေသည်။ ဒုက္ခပါပဲ။ ကျွန်တော်ပါ နားလေးသွားပြီလား မသိ။ ရှေ့တိုး ခါးကိုင်းပြီး မနည်း အားစိုက်နားထောင် တော့မှ သူ အမေးရှိသည့် စကားကို ကြားရသည်။ ကြားပြန်တော့လည်း အဓိပ္ပာယ် နားမလည်။

“ရထားနဲ့ ခရီးသွားရင် ခင်ဗျား ဘယ်လို သောက်သလဲ” တဲ့။

"ဗျာ"

“ဩော်... ရထားပေါ်မှာ ဘယ်လို သောက်သလဲ မေးတာပါ” ကျွန်တော်က အူကြောင်ကြောင် ဖြစ်နေဆဲ။

"ကျွန်တော်နဲ့ ကိုဝင်းဦး ခရီးထွက်ရင်တော့ တိုးကြောင်လေးတံတား ကျော်ရင် ပုလင်းဖွင့်တယ်"

သည်တော့မှ-

"ဪ... ဆရာရယ်၊ စောစော ပြောရောပေါ့"

ကျွန်တော့် လှုပ်ရှားမှုတွေ မြန်လာသည်။

ပလတ်စတစ်ခွက် နှစ်လုံး၊ ရေခဲရေဘူး ခပ်သွက်သွက်ထုတ်ပြီး ပွဲစသည်။ အမြည်းက အိမ်မှ ပါလာသည့် သားညှပ်ပေါင်မုန့်။

ချီးဗားစ်သည် သောက်လို့ကောင်းရုံမက အကြားအာရုံကိုပါ အားကောင်းစေသလား မသိ။ တယောက်ပြောတာ တယောက် ကြားစ ပြုလာသည်။ ဤသို့ဖြင့် တောအကြောင်း၊ တောင်အကြောင်း၊ 'မိမိ' (မိမိမှာ ဆရာနတ်က သူ့ကိုယ်သူ အမြဲသုံးသည့် နာမ်စား ဖြစ်ပါ သည်) အကြောင်းများ ခပ်ဖြည်းဖြည်းချင်း ပြောဖြစ်ကြသည်။

※

ဆရာ့ကျန်းမာရေးမှာ သည်နှစ်ထဲတွင် ကျလာသည်။ ပိန်ပိန်ပါးပါး သူ့ကိုယ်နေဟန်မှာ ပို၍ ပိန်ကာ ပို၍ ပါးလာသည်။ နွယ်နီတိုက်ကို အိမ်တွင် ပြောင်းဖွင့်ရသည့် အကြောင်းမှစ၍ စာကြောင်းပေကြောင်းများ ပြောဖြစ်ကြသည်။

"ဒါထက် တလောက ပြောဖြစ်တဲ့ အင်နာကာရနီနာ ခင်ဗျား လုပ်ဖြစ်မှာလား၊ လုပ်နေပြီလား"

"ဟုတ်ကဲ့ ဆရာ၊ မစရသေးပါဘူး၊ ဖတ်နေရုံ၊ မှတ်စုထုတ်နေရုံအဆင့်ပဲ ရှိပါသေးတယ်" ထိုမှစ၍ ရုရှားဝတ္ထုများအကြောင်း၊ ဘာသာပြန် ပြဿနာများအကြောင်း ပြော ဖြစ်ကြသည်။ ပြီးတော့ ကာရမာဇော့ ညီနောင်များအကြောင်း စသည် စသည်။

"တလောက နွယ်နီမှာ ပါလာတဲ့ ခင်ဗျားရဲ့ "ကမ္ဘာကြွေးအထူဆုံး စာရေးဆရာ (ဒေါ်စတာယက်စကီ)' ဆောင်းပါးက ကျွန်တော် အရင်က ဖတ်ဖူးသလိုလိုပဲ"

"ဖတ်ဖူးမှာပေါ့ ဆရာ၊ ခုနစ်ဆယ်ပြည့်လွန်လောက်က ဆရာ မိုးဝေကို ကိုင်တုန်း မှာ ပါဖူးပြီးသားလေ"

"ဪ"

ခေါက်စားပွဲကလေးပေါ်မှ ပလတ်စတစ်ခွက် နှစ်ခွက်က ခဏခဏ ခုန်ဆင်းသည်။ နှစ်ယောက်သား နှမြောတသစွာ ပြန်ကောက်တင်ရ၊ ပြန်ဖြည့်ရနှင့်။

ဆရာက ဟာသ ရှိသည်။

"အင်း... ခင်ဗျား မဆိုးဘူး၊ ဖန်ခွက် ယူလာရင် မလွယ်ဘူး" တဲ့။

(သည်ခရီးအကြောင်းကို ဆရာက နွယ်နီမှာ ပြန်ရေးသည်။ ဖြူး ရောက်တော့ ကျွန်တော်တို့ စားသောက်တဲ့မှ ထမင်းကြော် မှာစားသည်။ လုံး၀ ဆား မပါ။ ဒါကို သူက "ကျွန်တော်တို့ နှစ်ယောက်မှာ သွေးတိုးရှိမှန်း စားသောက်တဲ့က ဘယ်လိုလုပ် သိနေသလဲ မသိဘူး" ဟု ထည့်ရေးသွားသည်။)

တယောက် နှစ်ပက်ခန့်နှင့် ထမင်းကြော် စားသောက်ပြီးတော့ သူက ကောက်ကာ ငင်ကာ ပြောသည်။

"Crime and Punishment ကို အင်နာ ပြီးရင် ဆက်လုပ်ပါလား"

ကျွန်တော် လန့်သွားသည်။

"ဟာ.. အဲဒါ ဆရာ လုပ်ရမယ့်ဟာကို"

"ကျွန်တော် မလုပ်နိုင်တော့ပါဘူး"

"သိပ်ခက်မယ် ဆရာ"

သူက ခပ်ငေးငေးနှင့် ခေါင်းညိတ်ပြီး-

"အင်း...ဒေါ်စတာယက်စကီက ခက်တော့ ခက်တယ်"

တောင်ငူမှ ထွက်တော့ မှောင်စပျိုးပြီ။

ဆရာက ကာရမာဇော့ညီနောင် 'ပြန်' စဉ်က အားစိုက်ရပုံများကို ပြောပြနေသည်။

※

အင်နာကာရနီနာကို ကျွန်တော် ၉-၉-၀၉ (ကိုးသုံးလုံး) နေ့တွင် ဘာသာပြန်ပြီးသည်။ ရာပြည့် စာအုပ်တိုက်မှ ဩဂုတ်လ ၂၀၁၀ တွင် ရာပြည့်စာအုပ် ၃၀၀ အဖြစ် ထုတ်ဝေခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ကုန်ပိုင်းလောက်တွင် ရာပြည့်ဦးစိုးညွန့် ကျွန်တော့်ဆီ ဖုန်းဆက်လာသည်။

Crime and Punishment နောက်ဆုံးထုတ် (၁၉၉၂) ရထားတယ်။

လုပ်ကြရ အောင်လားတဲ့။

"ဟိုလင်မယား ပြန်တာပဲ၊ ထုံးစံအတိုင်း ဘာသာပြန်စာပေဆုတွေ ထပ်ရတယ်" ဟိုလင်မယား ဆိုသည်မှာ အင်နာကာရနီနာကို ရုရှားဘာသာမှ အင်္ဂလိပ်ဘာသာ သို့ ပြန်ဆိုသည့် ရစ်ချဒ်ပီဗီးယားနှင့် လာရစ်ဆာဗိုလ်ကွန်စကီတို့ ဖြစ်ပါသည်။ သူတို့ ဇနီး မောင်နှံသည် Brothers Karamazov နှင့် War and Peace ကိုလည်း ဘာသာပြန်ခဲ့ကြသူ များ၊ ဆုတွေ ရရှိခဲ့သူများ ဖြစ်ပါသည်။

"ဖတ်ကြည့်သေးတာပေါ့ဗျာ" ဟု အားမပါလှစွာ ကျွန်တော် မတင်မကျ ပြန်ပြော လိုက်ပါသည်။

သူတို့လင်မယား မည်မျှရှင်းအောင် ပြန်ထားသည်ဖြစ်စေ ဆရာနတ် ပြောသလို ကျွန်တော်တို့အတွက် ခက်ခဲ နက်နဲနေဆဲ ဖြစ်ပါသည်။ ဒဿနတွေ၊ အတွေးအမြင်တွေက နက်နဲလွန်းသည့်အပြင် ဒေါ်စတာယက်စကီကို နားလည်ဖို့ကလည်း ခက်ခဲလွန်းနေသည်။ ရစ်ချဒ်ပီဗီးယား၏ နိဒါန်းတွင် သည်အကြောင်းများ ပါပြီးသားမို့ ကျွန်တော် အပ်ကြောင်း မထပ်လိုတော့ပါ။ နားမလည်သည့် အခန်းတွေ များလွန်းသဖြင့် Michael Scammell နှင့် Constance Garnett တို့၏ အင်္ဂလိပ်ဘာသာ ပြန်ဆိုသည့် စာအုပ်နှစ်အုပ်ကိုလည်း ကျွန်တော် ပြန်ဖတ်ရပါသည်။

Crime and Punishment ကိုရော၊ ဒေါ်စတာယက်စကီကိုပါ ဝေဖန်ရေးဆရာ တွေ ကိုယ်တိုင် နားမလည်သဖြင့် မျက်စိလည်ကြရကြောင်း ရစ်ချဒ်ပီဗီးယားက သုံးသပ်ပြ ထားပါသည်။ ထို့ကြောင့် ကျွန်တော်လိုကောင်က သည်ကမ္ဘာကျော်ဝတ္ထုကြီးကို ဘာသာပြန် ဆိုခြင်းမှာ မတန်မရာ လုပ်ခြင်းပင်ဟု ဝေဖန်ပါလျှင် ကျွန်တော် အသာလေး ငြိမ်နေမည် ဖြစ်ပါသည်။

စာဖတ်သူများကို ကျွန်တော် တောင်းပန်ချင်သည့် အချက်တချက် ရှိပါသည်။ ရုရှားနာမည်များ ကျွန်တော်တို့နှင့် စိမ်းနေခြင်းအကြောင်း ဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့နား နှင့် လိုက်လျောညီထွေ ရှိအောင် ကျွန်တော် ကြိုးစားထားသည့်ကိစ္စ ဖြစ်ပါသည်။ ဥပမာ-ရပ်စကိုလ်နီကော့ဗ်၏ မိခင် ပါလ်ချီရီးယား အယ်လက်ဇန္ဒရိုဗာကို မေမေရပ်စ်ကိုလ်နီကော့ဗ်၊ ဆိုဖီယာ ဆေမွန် နိုဗာကို ဆွန်ညာ စသည် စသည်။

ထပ်မံ၍ တခု မေတ္တာရပ်ခံချင်ပါသည်။ ဆရာမြသန်းတင့်၏ စစ်နှင့် ငြိမ်းချမ်းရေး ပုဂံမှ တလ တအုပ် ထွက်စဉ်အခါက ရုရှားနာမည်များကို စိတ်ပျက်ပြီး ကျွန်တော်တို့ လက်တွန့် ခဲ့ကြပါသည်။ သို့သော် အတွဲ (၁) ဆုံးအောင် ကြိုးစားဖတ်ပြီးသည်နှင့် ကျွန်တော်တို့ လစဉ် အငမ်းမရ စောင့်ဖတ်ခဲ့ကြပါသည်။ အတွဲ (၁၂) အထိ ဖတ်ပြီးသော် ဇာတ်ကောင်ပေါင်း များစွာ ၏ရှည်လျားသော

နာမည်များသည် ကျွန်တော်တို့၏ အသိအကျွမ်းများပမာ ရင်းနှီးသွားပါ တော့သည်။ ထို့ကြောင့် ရိုဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်၊ ဆဗီဒရီဂေးလော့ဗ် စသော လျှာခလုတ်တိုက်သည့် ရုရှားနာမည်များသည် တခန်း၊ နှစ်ခန်း ဖတ်ပြီးသည်နှင့် ရင်းနှီးသွားပါလိမ့်မည်။ ခင်ဗျားနှင့် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်သွားရုံမက ခင်ဗျား တသက်လုံး စွဲနေမည့် ဇာတ်ကောင်များ ဖြစ်သွားကြပါလိမ့်မည်။

တင်မောင်မြင့်

၂၈.၁၁.၁၁

ဒေါ်စတာ ယက်စကီ

ဒေါ်စတာယက်စကီက သူကျင်လည်သည့် ဝန်းကျင်နှင့် လူတန်းစားအကြောင်း အရင်းခံ ရေးဖွဲ့သည်။ သူ့ကို ၁၈၂၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် မော်စကိုမြို့၌ မွေးဖွားသည်။ ဖခင်က စစ်တပ် ဆရာဝန်။ သူက မွေးချင်း ခြောက်ယောက်အနက် ဒုတိယသား။ ဖခင်က စစ်တပ် စက်မှုသိပ္ပံ ပို့ပြီး အစ်ကိုလုပ်သူ မစ်ဟိုင်းနှင့်အတူ တက်စေသည်။ ကျောင်းစာကို သူက စိတ်မဝင်စား။ စာပေတွင်သာ မွေ့လျော်ချင်သည်။ ရုရှားစာရေးဆရာကြီး ဂိုဂိုးလ်ကို သူက ကိုးကွယ်သည်။

ကျောင်းပြီးလို့ ပီတာစဘတ် အင်ဂျင်နီယာတပ်တွင် ဗိုလ်အဖြစ် အမှုထမ်းခဲ့သည်။ သို့သော် တနှစ်သာ လုပ်ပြီး ထွက်ပစ်လိုက်သည်။ စာပေလောကသို့ ခြေစုံပစ်ဝင်သည်။

ထိုအချိန်တွင် ဘုရင်စနစ် ဆန့်ကျင်သူ၊ ခေတ်ပြောင်းတော်လှန်ရေး လုပ်ချင်သူ၊ စနစ်ဟောင်းကို တော်လှန်ချင်သူ၊ Nihilism (နတ္ထိကဝါဒ)ကို တည်ထောင်ချင်သူများ၏ အုံကြွမှု စတင်နေပြီ။ ရုရှား ကောင်းကင်ပြင်တွင် ဆိုရှယ်လစ်ဝါဒ ရောင်နီ သမ်းလာနေပြီ။ ဤတွင် နိုင်ငံရေးမှုနှင့် သူအဖမ်းခံရတော့သည်။ ၁၈၄၉ ခုနှစ်တွင် သူတို့လူစုကို ဇာဘုရင့်စစ်တပ်က ဖမ်းပြီး သေဒဏ်ပေးလိုက်သည်။

※

ထိုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့။

သူတို့ကို ဆေမျွန်နော့စကီ လူသတ်ကုန်းသို့ခေါ်သွားကြသည်။ အားလုံးကိုခေါင်းစွပ် ဝတ်ရုံဖြူကြီးတွေ စွပ်ပေးလိုက်ပြီး ဘုရားသခင်ထံ ဆုတောင်းခိုင်းသည်။ လက်ဖြောင့်တပ်ဖွဲ့က သူတို့ကို သုံးယောက်တတွဲ ပစ်သတ်ကြတော့မည်။ ပထမသုံးယောက်ကို တိုင်တွင် ကြိုးနှင့် ချည်လိုက်ပြီး လက်ဖြောင့်တပ်သားများက သေနတ်ပြောင်းဝကို မြှောက်၍ ချိန်လိုက်ကြသည်။ ဒေါ်စတာယက်စကီက ဒုတိယအသုတ်တွင် ပါသည်။ သူ အသက်ရှင်ဖို့မိနစ်အနည်းငယ်ပဲ ကျန်တော့သည်။ ပထမ အသုတ် သေဒဏ်ကျများက 'ပစ်' မိန့်ကို စောင့်နေကြသည်။ ထိုစဉ် မြင်းသည်တော်တဦး ဖုန်တထောင်းထောင်းနှင့် မြင်းကို ကဆုန်စိုင်းပြီး အသော့နှင်လာနေသည်။ လက်တဖက်တွင် စာချွန်တော်လိပ်ကိုဝှေ့ကာ ဝှေ့ကာဖြင့်။ လက်မတင် ကလေးတွင် သူတို့ အသက်ချမ်းသာ ရခဲ့ကြသည်။ ဇာဘုရင်က သူတို့ကို သေဒဏ်အစား

ဆိုက်ဗေးရီးယားသို့ ပြည်နှင်ဒဏ်နှင့် ထောင်ဒဏ် ရှစ်နှစ် ပူးတွဲ ကျခံစေလိုက်သည်။ နောင်အခါ လေးနှစ်သို့ လျှော့ချလိုက်သည်။ ဆိုက်ဗေးရီးယား အတွေ့အကြုံကို Crime and Punishment တွင် ရပ်စ်ကိုလ် နီကောဗ်ဖ် ထောင်ဒဏ်နှင့် ဆိုက်ဗေးရီးယားသို့ အပို့ခံရသည့်အခါ သူ ကောင်းကောင်း အသုံးချ နိုင်ခဲ့သည်။

※

၁၈၅၄ ခုနှစ်တွင် ထောင်မှ လွတ်သည်။ ၁၈၅၇ ခုနှစ်တွင် မုဆိုးမတယောက်နှင့် အိမ်ထောင် ကျသည်။ 'ခေတ်' ဂျာနယ် ထုတ်သည်။ အောင်မြင်သည်။ သို့သော် အစိုးရက ပိတ်ပစ်လိုက်သည်။ 'ခေတ်သစ်' ထပ်ထုတ်သည်။ ရှုံးသဖြင့် ရပ်လိုက်ရသည်။ ၁၈၆၄ ခုနှစ်တွင် ဇနီးနှင့် အစ်ကိုမစ်ဟိုင်း ကွယ်လွန်သည်။ ဖဲကြွေးတွေ ပတ်ပတ် လည် ဝိုင်းလာသည်။ စာရေး ဆပ်လို့ မနိုင်တော့။ နေ့ရောညပါ တွန်းရေးဖို့ လက်ရေးတို စာရေးမကလေး ငှားရတော့သည်။ အင်နာ ဆိုသည့် မိန်းမချောကလေး။ မကြာခင် အင်နာ နှင့် ညားသွားသည်။

သူရေးသမျှထဲတွင် 'ပြစ်မှုနှင့်ပြစ်ဒဏ်' နှင့် 'ကာရမာဇော့ညီနောင်များ' မှာ ကမ္ဘာကျော် ဂန္ထဝင်အဖြစ် တင်ကျန်ရစ်သည်။

၁၈၈၁ ခုနှစ်၊ အသက် (၆၀) အရွယ်တွင် ဒေါ်စတာယက်စကီ ကွယ်လွန်သွားရှာသည်။ စီးသွင်၍ အကောင်းဆုံးအချိန်တွင် အနုပညာစမ်းရေအလျင် ရပ်တန့်သွားသည်ဟု ကျွန်တော် ခံစားရသည်။ ဒွန်ညာ၊ ဆွန်ညာ၊ ရပ်စ်ကိုလ်နီကောဗ်ဖ်နှင့် ရာဇူမီခင်တို့ကား ကျွန်တော် တို့ နှလုံးသားမှ ပျောက်ကွယ်သွားတော့မည် မဟုတ်ပါချေ။

※※※

အပိုင်း (၁)

(၁)

ဇူလိုင်လဆန်းတရက်၏ အလွန်ပူပြင်းသည့် ညနေခင်း။ အက်စ်ဝိုင်လမ်းပေါ်ရှိ သူ ငှားနေသည့် အခန်းကျဉ်းကလေးထဲမှ လူရွယ်တယောက် အပြင်ထွက်လာခဲ့သည်။ လမ်းပေါ်တွင် ခပ်ဖြည်းဖြည်း လျှောက်ရင်း စိတ်မှတ်မဲ့စွာဖြင့် ကေအင်(န်) တံတားဆီသို့ ဦးတည် လျှောက် လှမ်းလာခဲ့သည်။

အခန်းထဲမှအထွက် လှေကားတွင် အခန်းရှင်အမျိုးသမီး မမြင်အောင် အသာလေး လျှိုထွက်လာခဲ့ခြင်း ဖြစ်သည်။ သူ့အခန်းမှာ ငါးထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ် ခေါင်မိုးနှင့် ကပ်နေသည့် အထပ်ခိုး ကျဉ်းကျဉ်းကလေး ဖြစ်သည်။ အခန်းဟု ဆိုရသော်လည်း အခန်းနှင့်မတူ။ ဗီရိုတလုံးနှင့် ပိုတူနေသည်။ အိမ်ရှင် အမျိုးသမီးက သူ့ကို ညစာကျွေးသည်။ သန့်ရှင်းရေးနှင့် သူ့ဝေယျာဝစ္စလုပ်ဖို့ အိမ်ဖော် အမျိုးသမီး တယောက်လည်း ရှိသည်။

အိမ်ရှင်က သူ့အောက်ခန်းတွင် နေသည်။ သူ့အပေါ်ထပ် အထပ်ခိုးမှ ဆင်းလျှင် အမျိုးသမီး၏ မီးဖိုခန်းကို ဖြတ်ရသည်။ လှေကားကို ထွက်သည့် တံခါးက အမြဲတမ်း ဖွင့်ထားသည်။ သည်နေရာကို ဖြတ်ရတိုင်း လူရွယ်သည် ရှိုးတိုးရှန့်တန့်ဖြစ်ကာ ရှက်စိတ်၊ ကြောက် စိတ် ဝင်စမြဲဖြစ်၏။ အိမ်လခ မပေးနိုင်သည်မှာ ကြာပြီလေ။ ထို့ကြောင့် အမျိုးသမီးနှင့် တိုးမှာကို လန့်နေခြင်း ဖြစ်သည်။

သူသည် သတ္တိနည်းသူတော့ မဟုတ်။ သူက မဟုတ်မခံသမား။ သို့သော် ရံခါတွင် လောကကို မကျေမနပ်ဖြစ်ကာ အလိုလို ဒေါသထွက်နေတတ်သည်။ ရံခါတွင်လည်း ပတ်ဝန်းကျင်ကို ကြောက်နေတတ်သည်။ သူသည် ဘဝထဲတွင် ဝင်ပုန်းနေသည်နှင့် တူ၏။ အထီးကျန် ဘဝကို ဖန်တီးနေသူ ဖြစ်၏။ အိမ်ရှင်အမျိုးသမီးကိုသာ မတွေ့ရဲခြင်း မဟုတ်။ ဘယ်သူနှင့်မျှ မတွေ့ချင်။ သူ့ဘဝသည် ဆင်းရဲမွဲတေမှုကြောင့် ထောင်းထောင်းကြေနေပြီ။ ဤသို့ဖြင့် ပတ်ဝန်းကျင်နှင့် ကင်းကွာလာသည်။ လူတွေနှင့် ဝေးလာသည်။ လုပ်စရာ ရှိတာတွေကို လည်း လှည့်မကြည့်တော့ဘဲ ပစ်စလက်ခတ် ထားလိုက်သည်။

စင်စစ် သူသည် အိမ်ရှင်ကို ကြောက်နေခြင်း မဟုတ်။ သူ့ကို မောင်းချလျှင်လည်း သူ မမှု။ သို့သော် တချိန်လုံး ကြွေးတောင်းနေခြင်း၊ ဗျစ်တောက် ဗျစ်တောက်နှင့် ခြိမ်း ခြောက်ခြင်းများကို သူ စိတ်ကုန်နေသည်။ ဟိုအကြောင်းပြ၊

သည်အကြောင်းပြ လိမ်ရ၊ ညာရတာတွေကိုလည်း သူ စိတ်ပျက်လှပြီ။ ထို့ကြောင့် ကြောင်တကောင်လို အသာ ခြေဖော့ နင်းပြီး ဘယ်သူမှ မမြင်အောင် လစ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အပြင်ရောက်တော့လည်းတခြားကြွေးရှင်နှင့်တန်းတိုးနေမလားစိုးရိမ်နေပြန်သည်။ တယောက်တည်း တွေးရင်း စကားပြောလာသည်။

"တခုခု လုပ်ဖို့ ကြိုးစားကြည့်ချင်တယ်။ ဒါပေမဲ့ တပြိုင်တည်းမှာ အရေးမပါတဲ့ အသေးအဖွဲ့တွေကို လုပ်ရမှာ ကြောက်နေတယ်"

ပြောရင်း ထူးဆန်းသည့် အပြုံးတချက် လက်သွားသည်။

"အင်း.. လက်ထဲမှာ အားလုံး ရှိတာပဲ။ ဒါပေမဲ့ နည်းနည်းလေး သတ္တိကြောင်တာနဲ့ အားလုံး လက်ချောင်းတွေထဲကနေ ထွက်ကျသွားရော။ ဒါဟာ သိပ်ထင်ရှားတဲ့ အမှန် တရားပဲ။ လူတွေ အကြောက်ဆုံး အရာဟာ ဘာပါလိမ့်။ ငါက စကားပဲ များနေတယ်။ ဒါကြောင့် ဘာမှ မလုပ်ဖြစ်တာ။ ဘာမှ မလုပ်ဖြစ်လို့ စကားပြောနေတာလည်း ဖြစ်နိုင်တယ်။ ပြီးခဲ့တဲ့ လကစပြီး စကားတွေ ပိုပြောလာတယ်။ အခန်းထောင့်မှာ လှဲပြီး တနေကုန် ဒါကိုပဲ စဉ်းစား.. အလကား အဓိပ္ပာယ်မရှိ။ ဘာပြုလို့ ငါ ခုလို လျှောက်သွားနေတာလဲ။ ဒါကို ငါ လုပ်နိုင်လို့ လား၊ ဒီကိစ္စ ဒါလောက် လေးနက်လို့လား။ မလေးနက်ပါဘူး။ ဟင့်အင်း၊ မလေးနက်ပါဘူး။ သက်သက် ငါ အပျော်ကစားနေတာပဲ။ စိတ်ကူးယဉ်နေတာပဲ။ ဟုတ်ပါတယ်။ ဒါဟာ ကစား နည်း တမျိုးပဲ"

ရာသီဥတုက ပူလွန်းသည့်အပြင် လူတွေကလည်း ပြည့်ကျပ်နေသည်။ ထုံးမှုန့် တွေကလည်း လေထဲတွင် တဝေ့ဝေ့။ ငြမ်းစင်တွေ၊ အုတ်ပုံတွေနှင့် လမ်းဘေးတွင် ရှုပ်ယှက် ခတ်နေသည်။ အိမ်ကြီးအိမ်ကောင်းများနှင့် မနေနိုင်သည့် ပီတာစဘတ် မြို့သူမြို့သားများ အတွက် နှာခေါင်းယဉ်နေသော အနံ့ဆိုးကြီးက စူးစူးဝါးဝါး။ အနိဋ္ဌာရုံမြင်ကွင်းသည် အလွန် ပင်ပန်းနွမ်းနယ်နေသော လူရွယ်အား ပို၍ စိတ်ပျက် လက်ပျက်ဖြစ်အောင် လုပ်နေသည့် အလား။ အရက်ဆိုင်များထဲမှ ပျံ့လွင့်လာသည့် အနံ့ကလည်း အန်ချင် အော့ချင်စရာ။ ပီတာစဘတ်တွင် သည်ရပ်ကွက်သည် အရက်ဆိုင် အပေါဆုံး ဖြစ်သည်။ အလုပ်အားရက် မဟုတ်ပါဘဲ အရက်မူးသမားတွေ ရှောင်လို့မလွတ်နိုင်အောင် ဖြစ်နေသည်။ ညနေဆည်းဆာကို အရုပ်ဆိုး အကျည်းတန်စေသည့် စက်ဆုပ် ရွံရှာဖွယ် အနိဋ္ဌာရုံမြင်ကွင်း ဖြစ်နေသည်။ လူရွယ်၏ အာရုံသည် ပို၍ ညစ်နွမ်းသွားလေပြီ။ သူသည် လူချောကလေးတယောက် ဖြစ်၏။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် အနက်ရောင် မျက်လုံးများက ချစ်စရာကောင်းသည်။ ဆံပင်က ရွှေရောင်အတိ။

သူသည် အတွေးနက်သည်ထက် နက်လာပြီး ပတ်ဝန်းကျင်ကိုမေ့သွားကာ

သညာမဲ့ စွာဖြင့် ဆက်လျှောက်နေသည်။ ပတ်ဝန်းကျင်ကို သူ လုံးဝ သတိမထားမိတော့။ သတိထား ချင်စိတ်လည်း မရှိတော့။ ရံဖန်ရံခါ တယောက်တည်း စကားပြောလာသည်။ သည်လို တကိုယ်တည်း စကားပြောသည့် အကျင့်ကလေး ဝင်နေကြောင်း သူ့ဘာသာ သူ သတိထားမိသည်။ ထိုအချိန်တွင်ပင် သူ့အတွေးတွေ ရှုပ်ထွေးနေကြောင်းလည်း သတိထားမိ၏။ အားအင်ချည့်နဲ့နေပြီ ဖြစ်ကြောင်းလည်း သူ့ကိုယ်သူ သိနေသည်။ ဗိုက်ထဲတွင် အစာ မရှိသည်မှာ နှစ်ရက် ရှိပြီ။

သူ့ အဝတ်အစားတွေမှာ စုတ်ပြတ် ညစ်ပတ်နေပြီ။ အခြားတယောက် ဆိုလျှင် သည်လို အဝတ်မျိုးနှင့် အပြင်ထွက်ရဲလိမ့်မည် မဟုတ်ပေ။ သို့သော် သည်ပတ်ဝန်းကျင်တွင် တယောက်၏ အဝတ်အစားကို တယောက် သတိထားမိဖို့ အချိန်မရှိကြပေ။ လက်လုပ် လက်စားတွေများသည့် ရပ်ကွက်ဖြစ်၍ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံဖြင့် ရှုပ်ယှက်ခတ်နေသည်။ အံ့ဩဖွယ်ရာ ထူးထူးဆန်းဆန်း မြင်ကွင်းကျယ်များကိုလည်း တွေ့ရတတ်သည်။ လူရွယ်သည် ဘဝနာကာ ထုသားပေသား ရပြီးသားမို့ သူ၏ အဝတ်အစားများအတွက် ရှက်ရွံ့ အားငယ်ခြင်း မဖြစ်မိပေ။ သို့သော် ပေါင်းဟောင်း သင်းဟောင်းများနှင့်တော့ မတွေ့ချင်။ အထူးသဖြင့် သိပ်မနှစ်မြို့သည့် လူများနှင့် မတွေ့ချင်။ သို့စဉ်လျက် အမူးသမား တယောက်နှင့် သွားတိုးသေးသည်။ ရောမမြင်းကြီး ဆွဲလာသည့် မြင်းလှည်းပေါ်တွင် ပိုးလိုးပက်လက် ပါလာသည့် ယမကာ လုလင်တဦး ဖြစ်၏။ သူ့ကို မြင်တော့ လှည်းပေါ်မှ လှမ်းအော်သည်။ လက်ညှိုး ငေါက်ငေါက်ထိုးပြီး-

“ဟေး… ဂျာမန်ဦးထုပ်နဲ့ ကောင်”

လူရွယ်သည် ကယောင်ကတမ်းနှင့် ဦးထုပ်ကို လက်တဖက်နှင့် ဆုပ်လိုက်သည်။ ဦးထုပ်မှာ ဖောက်နက်နက်နှင့် **ဇင်မာမင်းဦးထုပ်**[3] အဝိုင်း ဖြစ်သည်။ ဟောင်းနွမ်း စုတ်ပြတ်ကာ အရောင်အဆင်း မရှိတော့ပေ။ အစွန်းအထင်း အပေါက်အပြဲတွေနှင့် အနားတွေလည်း ဖွာလန်ကျဲနေပြီ။ ဦးထုပ်နှင့် မတူတော့ပေ။ သို့သော် သူက ရှက်စရာဟု မယူဆ။ သို့သော် ခံစားမှု တမျိုးတော့ ရသည်။ သူ့ကို လွှမ်းခြုံနေသည့် အကြောက်တရားက တမျိုး။

စိတ်တွေ နောက်ကျုလာပြီး တယောက်တည်း ညည်းတွားမိပြန်သည်။

“ဟုတ်ပါတယ်၊ ငါ ထင်တဲ့အတိုင်းပါပဲ။ တော်တော်ဆိုးပါလား။ အဲဒီလို အသေးအဖွဲ ကလေးတွေက ပြဿနာ ဖြစ်တာ။ ဟုတ်တယ်၊ ဒီ ဦးထုပ်ကြီးဟာ သိပ်သိသာတယ်။ ရယ်စရာ ကောင်းတော့ ပိုပြီး ထင်သာ မြင်သာ ဖြစ်တာပေါ့။ ဒါပေမဲ့ ငါ့အဝတ်တွေက စုတ်ပြတ်နေ တော့လည်း ဦးထုပ်လိုတာပေါ့။ ဒါပေမဲ့ ဦးထုပ်ပျော့ကလေးတလုံး ဆောင်းလည်း ဖြစ်တာပဲ။ ဒီဦးထုပ်ကြီးက တကယ်

ကျက်သရေမဲ့တာပဲ။ ဘယ်သူမှ ဒီဦးထုပ်မျိုး မဆောင်းတော့ဘူး။ ဟိုးတမိုင်လောက်က လှမ်းမြင်နေတဲ့ ဦးထုပ်ကြီး။ လူတိုင်း မှတ်မိနိုင်တဲ့ဟာကြီး။ ဒါဟာ သက်သေခံပစ္စည်းပဲ။ ဒါမျိုး ရှောင်ရမယ်။ ဘယ်သူမှ မမှတ်မိနိုင်တဲ့ပုံမျိုး ဆောင်ထားရမယ်။ အသေးအဖွဲကလေးတွေက စ,လို့ပေါ့။ အဲဒီ အသေးအဖွဲ ကလေးတွေကြောင့် ပျက်စီးကြရတာ။

သူ သွားရမယ့် နေရာက မဝေးတော့ပါ။ သူ့အိမ်က ထွက်ရင် ဘယ်နှလှမ်း လှမ်းရ မည်ကို သူ့ စိတ်ထဲက အလွတ်ရနေသည်။ အတိအကျ မှတ်မိနေသည်။ ခုနစ်ရာ့သုံးဆယ် တိတိ။ တခါက အိပ်မက်ထဲတွင် လမ်းလျှောက်နေသလို ဖြစ်ဖူးသည်။ ထိုစဉ်က ခြေလှမ်း ရေကြည့်မိခြင်း ဖြစ်သည်။ သည်တုန်းကတော့ အိပ်မက်ဟူသည် စိတ်ရှုပ်စရာ ကောင်းသော အရာဟုသာ ထင်မှတ်ခဲ့သည်။ ထို အိပ်မက်များကြောင့် တကိုယ်တည်း စကားပြောသည့် အကျင့် ဖြစ်လာခဲ့သည်။ တပြိုင်တည်းတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းလာခဲ့သည်။ မတော့ ကိုယ့်ကိုယ်ကိုယ် တကယ် စမ်းသပ်တော့မည်။ သူ့ ခြေလှမ်းတွေ တဖြည်းဖြည်း အားပါလာသည်။

သို့သော်ရင်တွေလေးပြီး လူက ကတုန်ကယင် ဖြစ်လာသည်။ ဝိုင်လမ်းပေါ်မှတူးမြောင်း ကို မျက်နှာမူထားသော ရောမတိုက်ကြီးဆီသို့ ရောက်လာခဲ့သည်။ သည်တိုက်ကြီးတွင် အခန်းပေါင်းများစွာ ရှိပြီး လူတန်းစားပေါင်းစုံ နေကြသည်။ အပ်ချုပ်သမားတွေ၊ သော့ပြင် သမားတွေ၊ ထမင်းချက်တွေ၊ စာရေးစာချီတွေ၊ မိန်းကလေးတွေ၊ ဂျာမန်လူမျိုးတွေ ပါသည်။ တံခါးနှစ်ပေါက်မှ လူတွေ အမြဲတမ်း ဝင်ထွက်နေကြသည်။ တံခါးမှူး သုံး လေး ယောက် အလှည့်နှင့် တာဝန်ယူကြသည်။ သူတို့ကို တယောက်မျှ မတွေ့သဖြင့် လူရွယ် ဝမ်းသာသွားသည်။ ဘယ်သူမှ မမြင်အောင် တံခါးပေါက်တခုမှ အသာကလေး ဖျတ်ခနဲ ဝင်လိုက်သည်။ ပြီးမှညာဘက်ချိုးပြီးမှောင်နှင့်မည်းမည်း လှေကားကျဉ်းကလေးဆီသို့လျှောက်သွားသည်။ သည်နေရာကို သူ နှောကျေနေအောင် လေ့လာထားပြီးပြီ။ အမှောင်ထဲတွင် ခလုတ်မထိဆူးမငြိအောင် သူ လျှောက်သွားနိုင်သည်။

"ငါ ကြောက်နေလို့ မဖြစ်ဘူး၊ ကြောက်နေရင် ဘယ်လိုမှ အလုပ် မဖြစ်နိုင်ဘူး" လေးထပ်ကို တက်ရင်း သူ အမှတ်မထင် တွေးလာသည်။ တနေရာတွင် အထမ်း သမားတွေ၊ စစ်သား လူထွက်တွေနှင့် ပိတ်နေသည်။ အခန်းတခန်းထဲမှ ပရိဘောဂတွေ သယ်ထုတ်နေကြခြင်း ဖြစ်သည်။ ဂျာမန်လူမျိုးတယောက် မိသားစုနှင့် နေသည့် အခန်း ဖြစ် ကြောင်း သူ သိထားသည်။ သူတို့ အိမ်ပြောင်းနေကြခြင်း ဖြစ်မည်။ ဒါဆို သည်အထပ်တွင် အဘွားကြီးအခန်း တခုတည်း ကျန်တာပေါ့။ အင်း... ပိုအဆင်ပြေသွားပြီ။

တကယ်လို့....။

တံခါး ပွင့်လာသည်။ သို့သော် ဟာရုံမျှသာ။ ထခုန်မိမတတ် စိတ်လှုပ်ရှားသွား၏။ အဘွားကြီးက သူ့ကို မသင်္ကာသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ အမှောင်ထဲမှ သူ့မျက်လုံး များက အရောင်တဖျပ်ဖျပ်။ သို့သော် ကြောက်စိတ်ကြောင့် လင်းလက်နေခြင်းမျိုး။ သို့သော် လှေကားရင်းမှ လူတွေကို လှမ်းမြင်တော့ အဘွားကြီး ကြောက်စိတ် ပြေသွားပုံရသည်။ သည်တော့မှ တံခါးကို တချပ်လုံး ဖွင့်ပေးသည်။

လူရွယ်က ခပ်မှောင်မှောင် အခန်းထဲသို့ လှမ်းဝင်သွားသည်။ အခန်းနှစ်ခန်း ဖွဲ့ထား၏။ အဘွားကြီးက လူရွယ်ကို စူးစမ်းသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ အသက် ခြောက်ဆယ်ကျော်၊ ပိန်ပိန်လှီလှီ အမျိုးသမီးကြီး ဖြစ်သည်။ အခန်းနှစ်ခန်း၏ နောက်ဘက် တွင် မီးဖိုခန်း ကျဉ်းကျဉ်းကလေး ရှိသည်။ အဘွားကြီး၏ ခေါင်းပေါ်တွင် ပဝါလွှမ်းမထား။ အဝတ်အစားတွေက ခပ်နွမ်းနွမ်း၊ ခပ်စုတ်စုတ်။ အရောင်အဆင်း မရှိတော့။ ကျန်းမာရေး ကောင်းပုံမရ။ ချောင်းတဟွပ်ဟွပ်နှင့်။ လူရွယ်က သူ့ကို ထူးဆန်းသည့် မျက်လုံးများနှင့် ကြည့်တော့ ပို၍ မယုံသင်္ကာ ဖြစ်လာသည့် အကြည့်ဖြင့် အဘွားကြီးက ကြည့်ပြန်သည်။

လူရွယ်က ဦးညွှတ်ပြီး ပြောသည်။

“ကျွန်တော့်ကို မမှတ်မိဘူးလား၊ တက္ကသိုလ်ကျောင်းသား ရပ်စ်ကိုလ်နီကော့ဗ်ပါ။ လွန်ခဲ့တဲ့ တလက ကျွန်တော် လာဖူးတယ်လေ”

ယဉ်ကျေးသိမ်မွေ့ဖို့ အထူးလိုအပ်ကြောင်း လူရွယ် သဘောပေါက်သည်။

“အင်း ...မှတ်မိပါတယ် သူငယ်ရယ်၊ မှတ်မိပါတယ်”

ဟု ပြောသော်လည်း မသင်္ကာသည့် မျက်လုံးများနှင့် ကြည့်နေဆဲ။

“ဟိုတခါ လာတဲ့ ကိစ္စမျိုးနဲ့ပဲ ကျွန်တော် လာခဲ့တာပါ ခင်ဗျာ”

ရပ်စ်ကိုလ်နီကော့ဗ် ဆက်ပြောတော့ အဘွားကြီး မျက်နှာ မကြည်မသာ ဖြစ်သွားသည်။ သည်လို မယုံကြည်ပုံ၊ မျက်နှာပျက်သွားပုံကြောင့် လူရွယ် အံ့သြသွားသည်။ ပြီးမှ စိတ်မသက်မသာနှင့် တွေးမိလိုက်သည်။

“ငါ သတိမထားမိလို့ ဖြစ်မှာပါ၊ ဟိုတခေါက် ရောက်တုန်းကလည်း ဒီအတိုင်း ထင်ပါရဲ့"

အဘွားကြီး ခဏငြိမ်နေသည်။ တစုံတရာကို ဝေခွဲမရ ဖြစ်နေပုံ။ ပြီးမှ လမ်းဖယ်ပေးပြီး အတွင်းခန်းထဲဝင်ဖို့ လက်ညှိုးထိုးပြကာ-

“ကဲ၊ ဝင် ဝင်”

ဟု ဆိုသည်။

အခန်းကျဉ်းကလေးထဲသို့ လူရွယ် လှမ်းဝင်လိုက်သည်။ အခန်းကို နံရံစက္ကူ အဝါရောင် ကပ်ထား၏။ ပြတင်းပေါက် ခန်းဆီးတွေက ချည်ထည်ပွင့်ရိုက်တွေ။ ဝင်လုလု နေရောင်တွင် တောက်လက်နေ၏။ “အင်း...ပြီးတော့ကော နေရောင် ဆက်လင်းနေဦးမှာ လား' ရပ်စ်ကိုလ်နီကော့ဗ်၏ ခေါင်းထဲတွင် မဆီမဆိုင် အတွေးတခု ဖျတ်ခနဲ လက်သွားခြင်း ဖြစ်သည်။ တဆက်တည်း အခန်းအခြေအနေကို သေသေချာချာ မှတ်လိုက်သည်။ အသေးစိတ် အလွတ်ရအောင် မှတ်ခြင်းမျိုး။ သို့သော် ဘာမှ ထူးထူးခြားခြား မှတ်စရာမရှိ။ သစ်အယ်သားနှင့် လုပ်ထားသည့် ပရိဘောဂတွေက ဟောင်းနွမ်းလှပြီ။ ဧရာမ ဆိုဖာထိုင်ခုံ ကြီး တလုံး ပါသည်။ နောက်ကျောအမှီက သစ်သား။ ဆိုဖာရှေ့တွင် ဘဲဥပုံ စားပွဲကလေး တလုံး။ ပြတင်းပေါက် နှစ်ပေါက်ကြားတွင် မှန်တင်ခုံ။ ကုလားထိုင်တွေကို နံရံတွင် စီချ ထားသည်။ အပေါစားဘောင်နှင့် ဂျာမန်မကလေး သုံးယောက်၏ ဓာတ်ပုံသုံးပုံ နံရံတွင် ချိတ်ထားသည်။ သူတို့ လက်ထဲတွင် ငှက်ကလေးတွေ ကိုယ်စီပိုက်လျက်။ အခန်း ပြင်ဆင်မှု မှာ ဤမျှသာ။ အခန်းထောင့်မှ ဘုရားစင်တွင် မှန်အိမ်ငယ်ကလေးတလုံး ထွန်းထားသည်။ အခန်းကို ပြောင်လက် သန့်ရှင်းနေအောင် ဖုန်သုတ်ထားသည်။ ကြမ်းတိုက်ထားသည်။ လီဇာဗီတာ၏ လက်ရာ ဖြစ်မည်ဟု လူရွယ် တွေးလိုက်သည်။ တခန်းလုံး ဖုန်တစက်မျှ မရှိ။ ရပ်စ်ကိုလ်နီကော့ဗ် ဆက်တွေးသည်။

“အင်း... သည်လိုအဘွားကြီးတွေမို့ ဒါလောက် သန့်ရှင်းအောင်လုပ်နိုင်ကြတာပဲ” ပြီးတော့ တဖက်အခန်းကလေးကို ကူးသည့် အပေါက်ဝမှ ချည်ထည်ခန်းဆီးကို တချက် စွေကြည့်လိုက်သည်။ အဘွားကြီး၏ ခုတင်နှင့် ဗီရိုတလုံး။ ဟိုတခေါက် လာတုန်းက လုံးဝ သတိမထားမိသည့် အခန်း။ သည်တိုက်ခန်းတွင် သည်အခန်း နှစ်ခန်းသာ ရှိသည်။

အဘွားကြီးက လူရွယ်နှင့် မျက်နှာချင်းဆိုင် ရပ်ပြီး သူ့မျက်နှာကိုတည့်တည့်ကြည့်၍-

“ဆိုပါဦး၊ ကိစ္စက”

“ပေါင်စရာ ပစ္စည်းတခု ယူလာခဲ့ပါတယ် အဒေါ်”

သူက အိတ်ထဲမှ ငွေရောင် နာရီပြားပြားကလေး တလုံး ထုတ်ယူလိုက်သည်။ နောက်ဖုံးတွင် ကမ္ဘာလုံး ပုံကလေးနှင့်။ ကြိုးက စတီး။

“ဟိုတခေါက် ပေါင်ထားတဲ့ ပစ္စည်းက ရက်လွန်နေပြီ’’

“စိတ်မပူပါနဲ့ဗျာ၊ နောက်တလအတွက် ကျွန်တော် အတိုးပေးမှာပေါ့”

“စိတ်မပူပါဘူး၊ မင်း မပေးလည်း ရောင်းထုတ်လိုက်ရုံပေါ့၊ အဲဒါ ကျုပ်ရဲ့ လုပ်ပိုင်ခွင့်လေ”

“အဲဒီနာရီကို ဘယ်လောက် ပေးမှာလဲ အလျှိုနာ အီဗနိုဗာ”

“မင်း ယူလာတဲ့ ပစ္စည်းတွေက အသေးအဖွဲတွေပဲ၊ ဘာမှ တန်ဖိုးမရှိတာတွေ၊ ဒါပေမဲ့ ပြီးခဲ့တဲ့ အခေါက်က လက်စွပ်ကို နှစ်ရူဘယ် ပေးလိုက်တယ်နော်၊ ရွှေဆိုင်မှာ နောက်တကွင်း သွားဝယ်ရင် တရူဘယ်ခွဲပဲ ပေးရတယ်”

“ကဲ… နာရီကိုတော့ လေးရူဘယ် ပေးပါဗျာ၊ ကျွန်တော် ပြန်ရွေးမှာပါ၊ အဖေ့နာရီ လေ၊ မကြာခင် ကျွန်တော် ငွေရဖို့ ရှိပါတယ်'

“တရူဘယ်ခွဲပဲ ပေးနိုင်မယ်၊ အတိုး နုတ်ယူထားမယ်၊ ကြိုက်ရင် ထား၊ မကြိုက် ရင်လည်း ပြန်ယူသွား"

“ဗျာ… တရူဘယ်ခွဲ၊ ဟုတ်လား''

“ဟုတ်တယ်၊ အဲဒီလောက်ပဲ"

အဘွားကြီးက နာရီပြန်ပေးတော့ လူရွယ်က အောင့်သက်သက်ဖြင့် လှမ်းယူသည်။ သည်နေရာမှ ချက်ချင်း ထွက်သွားချင်လှပြီ။ တခြား ဘယ်မှ သွားစရာ မရှိ၍သာ သည် အဘွားကြီးဆီ လာခဲ့ရခြင်း ဖြစ်၏။ အခြားအကြောင်း တခုကြောင့်လည်း လာဖြစ်ခဲ့ခြင်း ဖြစ်သည်။

“ကဲ… ပေးဗျာ”

လေသံပြတ်ဖြင့် ပြောလိုက်သည်။ သည်တော့မှ အဘွားကြီးက အိတ်ကပ်ထဲ နှိုက်ပြီး သော့တွဲယူသည်။ ပြီးတော့ တဖက်ခန်းထဲ ဝင်သွားသည်။ အခန်းလယ်တွင် လူရွယ် တယောက်တည်း မတ်တတ်ရပ် ကျန်ရစ်သည်။ အသာ နားစွင့်နေလိုက်ပြီး ဟိုဘက်ခန်း အကြောင်း မှန်းကြည့်နေသည်။ ဗီရိုဖွင့်သံ၊ အံဆွဲထုတ်သံကို နားထောင်သည်။ အပေါ်ဆုံး အံဆွဲ ဖြစ်ပုံရသည်။

“အင်း… သော့တွဲက ညာဘက် အိတ်ထဲမှာ ဆိုတော့… သော့တွဲကို စတီးကွင်းနှင့် တွဲထားတယ်၊ သော့တချောင်းက တခြားသော့တွေထက် သုံးဆလောက် ပိုကြီးတယ်၊ သည်သော့ကတော့ အံဆွဲသော့ မဖြစ်နိုင်၊ မီးခံသေတ္တာ၊

ဒါမှမဟုတ် သံသေတ္တာသော့ ဖြစ်ရမယ်”

အဘွားကြီး ပြန်ထွက်လာသည်။

“ကဲ... သူငယ် ရော့၊ တရုဘယ်ပေါ်မှာ တလ ဆယ်ကိုပက်ဆိုတော့ တရုဘယ်ခွဲ အတွက် မင်း အဒေါ်ကို ဆယ့်ငါးကိုပက် ပေးရမယ်၊ ပြီးခဲ့တဲ့လက ယူထားတဲ့ နှစ်ရူဘယ် အတွက်လည်း မင်း ကိုပက် နှစ်ဆယ် ပေးရဦးမယ်၊ အားလုံးပေါင်းလိုက်ရင် သုံးဆယ့်ငါး ကိုပက်၊ ခုဆို စုစုပေါင်း မင်းရဲ့ နာရီအတွက် တရုဘယ်နဲ့ ဆယ့်ငါးကိုပက်ပဲ ရတော့မယ်၊ ရော့ ယူ”

“ဗျာ...၊ တရုဘယ်နဲ့ ဆယ့်ငါးကိုပက် ဟုတ်လား”

“ဟုတ်ပါတယ်ရှင်”

လူရွယ်က ဘာမှ ဆက်မငြင်းတော့ဘဲ ပိုက်ဆံကို လှမ်းယူလိုက်သည်။ ပြီးတော့ ဘာမှမပြောဘဲ အဘွားကြီးကို စိုက်ကြည့်နေသည်။ တခုခု ပြောနေသလိုလို၊ တခုခု လုပ်ချင်နေသလိုလို။ သို့သော် သူ့ကိုယ်သူ ဘာလုပ်ချင်နေမှန်း၊ ဘာပြောချင်နေမှန်း မသိ။

“ကျွန်တော် မကြာခင် ပြန်လာခဲ့ပါဦးမယ် အလျိုနာအီဗန်နိုဗာ၊ ကျွန်တော့်မှာ ငွေစီးကရက်ဘူး အကောင်းစားလေး ရှိတယ်၊ သူငယ်ချင်းတယောက် ယူထားတာ၊ ပြန်မပေးသေးလို့”

ပြောရင်း ခေါင်းထဲ နောက်ကျုလာသဖြင့် ရယ်ပစ်လိုက်သည်။

“အဲဒီတော့မှ ပြောကြတာပေါ့ကွယ်”

“သွားပါဦးမယ် အဒေါ်၊ ညီမ မရှိတုန်း ဒီလိုပဲ တယောက်တည်း နေသလား ဟင်”

“သူနဲ့ မင်းနဲ့ ဘာပတ်သက်လဲ သူငယ်"

“ဘာမှ မပတ်သက်ပါဘူး၊ မေးကြည့်တာပါ၊ ကဲ... သွားမယ်နော် အလျိုနာ အီဗန်နိုဗာ" ရပ်စ်ကိုလ်နီကော့ဗ် ထွက်သွားသည်။ ရင်ထဲတွင် လေးလံနေသည်။ ကြာလေ ပိုလေးလေ ဖြစ်လာသည်။ လှေကားထစ်များကို နင်းဆင်းလာရင်း တခုခုလုပ်ဖို့ ဆုံးဖြတ် လိုက်သလို ခဏခဏ ရပ်မိသည်။ နောက်ဆုံးတွင်မှ လမ်းပေါ်ရောက်လာသည်။ တယောက် တည်း ပြောနေမိပြန်သည်။

“အို... ဘုရားသခင်၊ စက်ဆုပ်စရာ ကောင်းလှပါကလား၊ ငါ့ခေါင်းထဲကို ဒီလို စိတ်ကူး ဝင်လာတာ ဖြစ်နိုင်ပါ့မလား၊ တော်တော် အဓိပ္ပာယ်မရှိတဲ့ စိတ်ကူးပဲ၊

ငါ့နှလုံးသား ဟာ ဒါလောက် ညစ်ပုပ်နေသလား၊ သိပ်ရွံဖို့ ကောင်းတယ်၊ ယုတ်ညံ့တယ်၊ ကြည့်စမ်း... တလမ်းလုံး ငါ့ စိတ်တွေ...'

သူ စိတ်လှုပ်ရှားနေပုံကို စကားလုံးများဖြင့် သူ မဖော်ကျူးနိုင်တော့။ ကိုယ့်ကိုယ် ကိုယ် ဘယ်တုန်းကမှ သည်လောက် ရွံ့ရှာမုန်းတီးခြင်း မဖြစ်မိခဲ့။ သည်အခြေအနေကနေ ထွက်ပြေးချင်လာသည်။ သို့သော် သူ့တွင် ပြေးစရာမြေမရှိ။ သူ သည်လို ဖြစ်နေသည်မှာ အဘွားကြီးအိမ်သို့ အသွားကတည်းက ဖြစ်၏။ အရက်သမားတယောက်လို မူးရီမူးဝေနှင့် ဆက်လျှောက်လာသည်။ ဘေးဘီကို သူ ဂရုမစိုက်။ နောက်တလမ်း အရောက်မှာ သူ့ကိုယ် သူ သတိထားမိသည်။ ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်သည်။ သည်တော့မှ အရက်ဆိုင် တဆိုင်၏ ရှေ့တည့်တည့်တွင် ရောက်နေမှန်း သိတော့သည်။ ထိုစဉ် အမူးသမားနှစ်ယောက် ဆိုင်ထဲမှ ထွက်လာသည်။ တယောက်ကို တယောက် တွဲလာ၏။ ဘယ်သူက ဘယ်သူ့ကို တွဲလာမှန်း မသိ။ အရက်ဆိုင်က လမ်းဘေးအနိမ့်ထဲမှာ ဖြစ်သည်။ သူတို့နှစ်ယောက် လမ်း ပေါ်သို့ သိုင်းကွက်နင်းပြီး တက်လာကြသည်။

ဘာမှ စဉ်းစားမနေတော့ဘဲ သူတို့ တက်လာသည့် လှေကားထစ်တွေကို ရပ်စ်ကိုလ် နီကော့ဗ် နင်းဆင်းလာခဲ့သည်။ သည်ဆိုင်ထဲကို သူ တခါမှ မရောက်ဖူးသေး။ ဆိုင်ထဲ မရောက်ခင် အနံ့အသက်တွေဖြင့် သူ မူးရီမူးဝေ ဖြစ်နေပြီ။ သို့သော် လည်ချောင်းတွေ ခြောက်ကပ် ပူလောင်နေပြီး သူ ရေဆာနေပြီ။ ဘီယာအေးအေး တခွက်လောက် ချချင်နေသည်။ ဆိုင်ထဲ ရောက်တော့ ညစ်ပေပေ မှောင်မိုက်မိုက် အခန်းထောင့် တနေရာတွင် ဝင်ထိုင် လိုက်သည်။ စားပွဲက စေးကပ်ကပ်။ အရက်တွေ၊ ဘီယာတွေ ဖိတ်ကျထားသည်ကို သန့်ရှင်း ရေး မလုပ်။ ဘီယာမှာပြီး ပထမခွက်ကို နွားတော်ရေကျ သောက်ချလိုက်သည်။ စိတ်ထဲ ကျေနပ်ပေါ့ပါးသွား၏။ ခေါင်းကြည် သွားပြီ။ သည်တော့မှ မျှော်လင့်ခြင်းများစွာဖြင့် တတွတ်တွတ် ရွတ်နေပြန်သည်။

"အားလုံး ဘာမှ အဓိပ္ပာယ် မရှိပါဘူး၊ ဘာမှ ပြဿနာ မရှိဘူး၊ ငါ့ ခန္ဓာကိုယ် နေမကောင်းလို့ တိမ်းတိမ်းပွေ့ပွေ့ ဖြစ်သွားတာ၊ ကြည့်စမ်း... ဘီယာတခွက်၊ ပေါင်မုန့် တယှက် ဗိုက်ထဲဝင်သွားတာနဲ့ အဆင်ပြေသွားပြီ၊ ချက်ချင်း ငါ့စိတ်ခေတ် ခွန်အားတွေ ပြန်တက် လာပြီ၊ ငါ့စိတ်တွေ ကြည်လင်လာပြီ၊ ငါ့ ရည်ရွယ်ချက်တွေ ပိုခိုင်မာလာပြီ၊ အလကား အသေးအဖွဲ တွေကို ငါ ပုံကြီးချဲ့နေတာပဲ"

စိတ်ထဲ လျှောင်အိမ်က ထွက်လာတဲ့ ငှက်တကောင်လို လွတ်လပ် ပေါ့ပါးသွားသည်။ ပျော်ရွှင်ကြည်လင်စွာဖြင့် အရက်ဆိုင်ထဲမှ အခြား သောက်ဖော် စားဖက်များကို လှမ်းကြည့်လိုက်သည်။ သို့စင်လျက် ဟိုအဝေးမှ နိမိတ်ဆိုးတခုကို လှမ်းမြင်နေရသလိုလို စိတ်တွင် ထင်ယောင်နေလေသည်။

အရက်ဆိုင်ထဲတွင် လူရှင်းစ ပြုနေပြီ။ လူငါးယောက် ထပြန်သွားသည်။ တယောက်က လက်ဆွဲဘာဂျာနှင့်။ စားပွဲလွတ်တွေ အများကြီး ဖြစ်နေသည်။ သူတို့လူသိုက် ထပြန်သွားတော့ သုံးယောက်သာ ကျန်ရစ်သည်။ တယောက်က ကုန်သည်ပုံစံမျိုး။ ဘီယာတခွက်ပြီး တခွက် သောက်နေသော်လည်း သိပ်မူးပုံ မပေါ်။ သူ့အဖော်က ရောမ လူထွားကြီး။ ကုတ်အင်္ကျီ ကခါးပိုင်းတွင် ကျပ်နေသည်။ မုတ်ဆိတ်မွေးတွေဖြူနေပြီ။ သူကတော့ တော်တော်မူးနေပြီ။ ခုံတန်းရှည် တခုပေါ်လှဲချပြီး အိပ်ပျော်သွားသည်။ သို့သော် ခဏအတွင်း ပြန်နိုးလာသည်။ လက်နှစ်ဖက် ဆန့်ပြီး မကြာခဏ အညောင်းဆန့်သည်။ သီချင်း အော်ဆိုသည့်အခါ ဆိုသည်။ သို့သော် ဘာသီချင်းမှန်း၊ ဘာအဓိပ္ပာယ်မှန်း မသိ။

"တနှစ်ပတ်လုံး သူဟာ သူ့မိန်းမကို ချစ်ခဲ့တယ်၊ တနှစ်ပတ်လုံး... သူဟာ... သူ့မိန်းမကို... ချစ်ခဲ့တယ်"

အိပ်ပျော်သွားပြီး ပြန်နိုးလာသည်။

"ပိုဒဟာချက်စကဟာ မြစ်ကို စုန်ဆင်းသွားတယ်။ သူ့အသိ ကောင်မလေးနဲ့ ပြန်တွေ့တယ်"

သူ ပျော်နေသည်။ သို့သော် သူ့ပျော်ရွှင်မှုက မည်သူ့ကိုမျှ မကူးစက်။ သူ့အဖော်က သူ့ကို စိတ်ပျက်နေပုံရသည်။ အခြားစားပွဲတွင် တယောက်တည်း ထိုင်သောက်နေသည့် လူက အစိုးရအရာရှိဟောင်း တယောက်နှင့် တူသည်။ သူက စဥ့်ခွက်ကလေးနှင့် ဘီယာကို ငုံ့ပြီး တငုံချင်း စုပ်နေသည်။ မကြာခဏ ဟိုဟိုသည်သည် ကြည့်သည်။ သူကလည်း တခုခုကို အလိုမကျ ဖြစ်နေပုံ။

※※※

ဆိုခဲ့ပြီးဖြစ်သလို ရပ်စ်ကိုလ်နီကောဗ်သည် လူတွေနှင့် အထိအတွေ့နည်းသူ ဖြစ်သည်။ အထူးသဖြင့် နောက်ပိုင်း တွေ့ရသည့် အသိုင်းအဝိုင်းကို ပို၍ ဝေးစွာ ရှောင်သည်။ သူသည် သိသိသာသာကြီးကို ပြောင်းလဲလာခဲ့သည်။ အပေါင်းအသင်း ခင်မင်တတ်သည့် အကျင့်တွေ သူ့တွင် မရှိတော့ပေ။ တလလုံးလုံး နာကြည်းစွာဖြင့် နာကျင်မှုများကိုသာ တွေးတော ဆင်ခြင်နေသောအခါ သူသည် ဆူး တချောင်းပြီး တချောင်း ပေါက်ကာ လောကကြီးထဲမှ ထွက်ပြေးသွားပြီး တခြားကမ္ဘာတခုတွင် အသက်ဝဝ ရှုချင်နေသည်။ အဲဒီကမ္ဘာသည် လက်ရှိဘဝထက်တော့ အသက်ရှုလို့ ဝမည် ထင်သည်။ ခုလို အရက်ဆိုင်ထဲ ထိုင်နေရသည် နှင့် စာလျှင်တော့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလိမ့်မည် ထင်သည်။

ဆိုင်ပိုင်ရှင်၏ ကောင်တာက အခြားအခန်း တခန်းတွင် ရှိသည်။ သို့သော် လှေကား ထစ် သုံးလေးထစ်ကို ဆင်းပြီး သည်ဘက်ခန်းကို မကြာခဏ လာကြည့်သည်။ သူ လာလျှင် သားရေရှူးဖိနပ်ကို အရင်မြင်ရသည်။ ဖိနပ်ဦးက နီကြောင်ကြောင်နှင့် ပြားနေပြီ။ သူဝတ် ထားသည့် ကုတ်အင်္ကျီရှည်မှာ ဆီချေးတွေ နိုင်းချင်းနှင့်။ လည်စည်း စည်းမထား။ သူ့မျက်နှာ က သံချေးတက်နေသည့် သော့ခလောက်ကို ဆီထည့်ထားသည့် အလား။ ဆိုင်ထဲတွင် ဆယ့်လေးနှစ်သားအရွယ် ချာတိတ်နှစ်ယောက် ရှိသည်။ မှာသမျှ ယူလာချပေးသည်။ သစ်သီးစုံသနပ်၊ ပေါင်မုန့်ညို၊ ငါးခုတ်သား စသည့် အမြည်းများ ရသည်။ သို့သော် တခုမှ အနံ့အသက် မကောင်း။ ချဉ်စုတ်စုတ် အရက်ဆိုင်နံ့နှင့် မလတ်ဆတ်သည့် ဟင်းလျာများ အနံ့ကြောင့် အော့ချင်အန်ချင် ဖြစ်လာကာ ဆက်ထိုင်ချင်စိတ် မရှိတော့။ သည်အနံ့များ ဖြင့်ပင် ငါးမိနစ်အတွင်း လူတယောက် သွင်သွင် မူးသွားနိုင်သည်။ လူအချို့သည် သူစိမ်းပြင်ပြင် ဖြစ်လင့်ကစား မြင်သည်နှင့် စိတ်ဝင်စားစရာ ကောင်းသူများ ရှိသည်။ ဘာစကား တခွန်းမျှ မပြောရသေးခင် အလိုလို စိတ်ဝင်စားသွားခြင်းမျိုး။ ပင်စင်စား ဝန်ထမ်းဟောင်းနှင့် တူသူ သည် အလားတူစွာ ရပ်စ်ကိုလ်နီကောဗ်ကို စိတ်ဝင်စားလျက် ရှိသည်။

နောင်တွင် လူရွယ်က သူနှင့် စတွေ့ပုံကို ပြန်သတိရနေတတ်သည်။ ထိုစဉ်က သူ့စိတ် ထဲတွင် အနိဋ္ဌာရုံ တခုခုနှင့် ကြုံရ ကြားရတော့မလို ထင်ယောင်ဝိုးဝါး ဖြစ်လျက် ရှိသည်။ တယောက်ကိုတယောက် စိုက်ကြည့်နေကြသည်။ တယောက်နှင့် တယောက် စကား ပြောချင်နေကြသည်။ ပင်စင်စားက ဆိုင်ထဲမှ အခြားလူတွေကိုတော့ စိတ်ပျက်နေပုံ။ သူ့ အသက်က ငါးဆယ်ကျော်လောက် ရှိမည်။ အရပ်က မနိမ့်မမြင့်။ အလုံးအထည် ခပ်တောင့် တောင့်။ နောက်စေ့တွင် ပြောင်နေပြီး ဆံပင်အချို့ ဖြူနေပြီ။ မျက်နှာကမူ အရက်

များနေသူ များ၏ မျက်နှာမျိုး။ ပွရောင်းရောင်း၊ ဖောင်းအိအိ။ နီကြန်ကြန် မျက်လုံးများပေါ်သို့ မျက်ခွံတွေ တွဲကျနေသည်။ သို့သော် သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ်နှင့် အသက်ဝင် လှုပ်ရှား နေသည်။ သူ့တွင် တစုံတရာ ထူးခြားမှု ရှိနေသည်။ သူ့မျက်ဝန်းတွေက ပျော်ရွှင်စွာ ကခုန် နေသည့်အလား။ သို့သော် ရှုံးသွပ်မှုနှင့် ပျော်ရွှင်နေပုံမျိုးလည်း တချက်တချက် ပေါ်လာသည်။ သူ ဝတ်ထားသည့် ကုတ်အင်္ကျီကြီးမှာ မြင်မကောင်းအောင် ဟောင်းနွမ်း စုတ်ပြတ် နေပြီ။ ကြယ်သီးတွေ ပြုတ်ထွက်ကုန်ပြီး တလုံးသာ တိုးလိုးတွဲလောင်း ကျန်နေ၏။ ထိုတလုံး ဖြင့် လျော့ရိလျော့ရဲ တပ်ထားသည်။ တတ်နိုင်သမျှ သေသပ်အောင် လုပ်ထားမှန်း သိသာ နေသည်။ အတွင်းခံ ခါးတိုကုတ်အင်္ကျီအောက်မှ ရှုံ့တွနေသည့် ရှပ်အင်္ကျီရှေ့ပိုင်းက အပြင် ထွက်နေသည်။ အစွန်းအထင်းတွေနှင့် ညစ်ညစ်ထည်းထည်း။ မေးစေ့တွင် အစိုးရအရာရှိတွေ မုတ်ဆိတ်ရိတ်သည့်အတိုင်း ရိတ်ထားသည်။ သို့သော် နေ့စဉ် မရိတ်နိုင်သဖြင့် ငုတ်တို တွေ ထပ်ထွက်လာပြီး ပုံပျက်နေပြီ။ သူ့ ကြည့်ရသည်မှာ တခုခုကို နာကြည်းခံပြင်းနေပုံ။ စေးထန်းထန်း စားပွဲပေါ်ကို လက်ထောက်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ်တွင် တင်ထားသည်။ သူ့ တံတောင်ဆစ်တည့်တည့်မှ အင်္ကျီတထပ်မှာ စုတ်ပြဲနေပြီ။ ဦးခေါင်းကို ခဏခဏ ကုတ်သည်။ နောက်ဆုံးတွင် ခေါင်းထောင်လာပြီး ရပ်စ်ကိုလ် နီကော့ဗ်ကို တည့်တည့်ကြည့်၍ အော်ပြောသည်။

"လူကြီးမင်းလေးနဲ့ ကျုပ် စကားပြောချင်ပါတယ်၊ ပြောခွင့်ပြုပါ၊ အဆင့်မြင့်မြင့် စကားပြောချင်လို့ပါ၊ ကိုရင့်ကြည့်ရတာ ခေတ်ပညာတတ်တယောက်၊ အရက်မသောက် တတ်တဲ့ လူငယ်တယောက်ဆိုတာ အတွေ့အကြုံအရ ကျုပ် သိနေတယ်ဗျ၊ ကျုပ်က ခေတ်ပညာတတ်တွေကို သိပ်လေးစားတာ။ ကျုပ်လည်း ခေတ်ပညာတတ် ဒေသကောင်စီဝင် ဟောင်းတဦးပါ၊ လူကြီးမင်းလေးက ဘယ်ဌာနမှာ လုပ်ပါသလဲ ခင်ဗျာ။ ကျုပ်နာမည် မာမီလာဒေါ့ဗ်ပါ"

"ဘယ်ဌာနမှာမှ မလုပ်ရသေးပါဘူး၊ ကျောင်းတက်နေတုန်းပါ ခင်ဗျာ"

လူရွယ်က ပြန်ဖြေသည်။

သူ၏ တဲ့တိုးမေးခွန်းကြောင့်ရော၊ ယဉ်ကျေးဖွယ်ရာသည့် စကားပြောပုံကြောင့်ပါ အံ့သြနေသည်။ ဘယ်သူနှင့်မှ စကားပြောချင်စိတ် မရှိချိန်မို့ ရပ်စ်ကိုလ်နီကော့ဗ် စိတ်ပျက်သွားသည်။

"ကျောင်းတက်နေတုန်းလား၊ ကျောင်းထွက်ထားတာလား။ အင်း... ထင်တော့ ထင်သား၊ အဲဒါ အတွေ့အကြုံပဲဗျ၊ အတွေ့အကြုံကြောင့် ကျုပ် အကဲခတ်နိုင်တာပေါ့"

ပြောပြီး သူ့ကိုယ်သူ ကျေနပ်နေပုံဖြင့် နဖူးကို လက်ညှိုးနှင့်

ထောက်ပြသည်။

"ကိုရင်လေးဟာ တက္ကသိုလ်ကျောင်းသား တယောက်၊ ပြီးတော့ လက်ရှိမှာ ပညာတတ်တယောက် အနေနဲ့ ရပ်တည်နေတယ်၊ နောက်တခု ပြောခွင့်ပြုပါ"

သူ ထရပ်သည်။ အနည်းငယ် ယိုင်စပြုနေပြီ။ စဥ့်ခွက်ကလေးနှင့် ဘီယာပုလင်း ကိုင်ပြီး လူရှုယ့်စားပွဲသို့ လျှောက်လာပြီး ခေးလွယ်ခုတ်ခုံတွင် ဝင်ထိုင်သည်။ သူက မူးနေသော် လည်း စကားကို သိုင်းသိုင်းဖွဲ့ဖွဲ့ ပြောသည်။ အာဝဇ္ဇန်း ရွှင်သည်။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော စုံနေသည်။ တခါတလေ စကားတွေထပ်ပြီး လည်နေသည်။ ရပ်စ်ကိုလ် နီကော့ဗ်ကဲ့သို့ပင် သူလည်း လူတွေနှင့် စကားမပြောဖြစ်ခဲ့သည်မှာ တလလုံးလုံး ကြာခဲ့ပြီ ဟုလည်း ပြော၏။

"ဒီလို ကိုရင်လေးရ"

ဟု အစချီပြီး သူက အတည်ပေါက်နှင့် စကားဆက်သည်။

"ဆင်းရဲခြင်းဆိုတာ မင်္ဂလာတော့ မဟုတ်ဘူးပေါ့ဗျာ၊ အရက်ဟာလည်း အမင်္ဂလာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုရင်လေးရ၊ စားစရာ မရှိတော့ဘူး ဆိုရင်တော့ ဒုက္ခဗျ၊ ဆင်းရဲရုံ ဆင်းရဲတာကတော့ မွေးရာပါအဆင့်နဲ့ ငယ်ငယ်တုန်းက ရွှေထီး ဆောင်းခဲ့ဖူးဟာတွေနဲ့ ထေလို့ ရသဗျ၊ အဲ... ငတ်ပြီဆိုရင်တော့ ဘာမှ မတတ်နိုင်တော့ဘူး။ ကိုယ့်အသိုင်းအဝိုင်းက ကောင် တုတ်နဲ့ ရိုက်မောင်း ပုတ်မောင်းလုပ်ပြီး နှင်ထုတ်တာဗျ ကိုရင်လေးရ၊ တံမြက်စည်း နဲ့ ရိုက်ပြီး မောင်းထုတ်ရင် ပိုသိက္ခာကျတာပေါ့ဗျာ။ ဂလို ဂလို ကိုရင်လေးရ၊ ငတ်နေတဲ့အခါ ကျတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်စော်ကားမိတယ်။ အဲဒီနေရာမှာ ကျုပ်ဟာ ပထမဆုံး လူသားဖြစ်မလားမသိဘူး။ အကြောင်းရင်းကတော့ အရက်ကြောင့်ပါပဲ။ ချစ်စရာကောင်းတဲ့ ကိုရင်လေးရေ... လွန်ခဲ့တဲ့လက ပေါ့ဗျာ။ မစ္စတာလီဘက်ဇယက်နီကော့ဗ်က ကျုပ်မိန်းမကို ရိုက်တယ်ဗျ၊ အဲဒီအချိန်မှာ ကျုပ်က တခြားနေရာ ရောက်နေတယ်၊ သိလား ကိုရင်လေး၊ ကျုပ်ကို တခု ပြောခွင့်ပြုပါ ခင်ဗျာ၊ သိချင်လို့ပါ။ ကိုရင်လေး နီဗားမြစ်ပေါ်မှာ ညအိပ်ဖူး သလား၊ ကောက်ရိုးလှေပေါ်မှာလေ"

"ဟင့်အင်း၊ မအိပ်ဖူးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ"

ရပ်စ်ကိုလ်နီကော့ဗ် ပြန်မေးသည်။

"ဗျာ... ကျွန်တော် အဲဒီက ထလာတာလေ၊ တော်တော့်ကို စုတ်တဲ့ညပါ ကိုရင်လေးရာ"

သူက တခွက်ထည့်ပြီး မော့ပြန်သည်။ ပြီးတော့ ငေးငေးငိုင်ငိုင်ဖြစ်ကာ အတွေး နယ်ချဲ့နေပြန်သည်။ သူ့ကိုယ်မှာ ကောက်ရိုးမျှင်တွေ ကပ်နေမှန်း ရပ်စ်ကိုလ်နီကော့ဗ် ခုမှ သတိထားမိသည်။ သူ ရေမချိုး၊ အဝတ်မလဲဘဲ နေသည်မှာ ငါးရက်လောက် ရှိပြီ ထင်သည်။ လက်တွေမှာ မည်းညစ်ကာ အဆီပြန်နေသည်။ လက်သည်းထိပ်တွေမှာ အမည်းရောင် ချေးတွေ အပြည့်။

သူ့ စကားတွေ ဟိုရောက် သည်ရောက် ဖြစ်နေသည်။ ဘာမှ စိတ်ဝင်စားစရာ မရှိတော့။ ဆိုင်ဝန်ထမ်း ချာတိတ်နှစ်ယောက် ကျိတ်ရယ်စ ပြုနေပြီ။ ဆိုင်ရှင်လည်း ဟိုဘက် ခန်းမှ ဆင်းလာပြန်သည်။ သူ့ကို ရယ်စရာသတ္တဝါအဖြစ် သဘောထား နေကြပုံရသည်။ ဆိုင်ရှင်က ခပ်လှမ်းလှမ်း တနေရာတွင် ဝင်ထိုင်ပြီး ပျင်းတိပျင်းတွဲ သမ်းလိုက်သည်။ သို့သော် သူ့မျက်နှာတွင် ပြုံးရောင် သမ်းနေသည်။ သည်ဆိုင်သို့ မာမီလာဒေါ့ဗ် လာနေကျ ဖြစ်ဟန် တူသည်။ အားလုံးနှင့် ရင်းနှီးပြီးသား ဖြစ်ဟန်တူသည်။ သည်လို စကားလုံးကြီးများနှင့် အရက်ဆိုင်တွင် မကြာမကြာ ပြောတတ်ပုံ ရသည်။ သူတစိမ်းတွေကို ကျအောင် ပြောတတ် ပုံရသည်။ သည်လိုနေရာမျိုးတွင် ဘဝမှာ မွန်းကျပ်နေသည့် အမူးသမားတွေ၊ အိမ်တွင် ဩဇာ မညောင်းသည့် ယမကာလုလင်တွေ တွေ့ရတတ်သည်။ အမူးသမားအချင်းချင်း သူ့လို လူမျိုးတွေကို သဘောကျတတ်ကြသည်။

ဆိုင်ရှင်က ခပ်ကျယ်ကျယ် အော်မေးသည်။

“ဗျို့ ဆရာကြီး၊ ခင်ဗျားက အစိုးရအရာရှိ တယောက်ဆို၊ ဘာမှ လုပ်တာလဲ မတွေ့ပါလား"

“အို ... ကိုရင်လေးရယ်၊ ကြည့်ပါဦး၊ ကျုပ်ကို ဘာမှ လုပ်တာ မတွေ့ရဘူးတဲ့”

မာမီလာဒေါ့ဗ်က ရပ်စ်ကိုလ်နီကော့ဗ်ကို အာရုံထားပြီး ပြောသည်။ သည်မေးခွန်းကို သူ မေးလိုက်သည့်အလား။

“ကျုပ် ဘာမှ မလုပ်ဘူးတဲ့၊ ရင်နာတယ်ဗျာ၊ အဓိပ္ပာယ်မရှိ စွပ်စွဲခံနေရတာပဲ၊ လွန်ခဲ့တဲ့ တလက ကျုပ်မိန်းမကို လီဘက်ဇယက်နီကော့ဗ် သူ့လက်နဲ့ ရိုက်တုန်းက အရက် ခွက်ထဲမှာ ကျုပ် လဲနေတယ်။ ကျုပ် မခံစားရဘဲ နေမလား၊ ကိုရင်လေး... ကျုပ်ကို ခွင့်လွှတ် ပါဗျာနော်။ အဲဒီအဖြစ်မျိုးနဲ့ ကိုရင်လေး ကြုံဖူးရဲ့လား။ အဲ... မျှော်လင့်ချက် မရှိဘဲ ပိုက်ဆံ ချေးတဲ့ ကိစ္စမျိုး ဆိုပါတော့”

“ပိုက်ဆံချေးဖူးတယ်၊ ဒါပေမဲ့ မျှော်လင့်ချက် မရှိဘဲ ဆိုတာ ဘာကို ပြောတာလဲ”

“လုံးဝကို မျှော်လင့်ချက် မထားတာကို ပြောတာပေါ့ ကိုရင်လေး၊ မရမှန်း သိသိကြီး နဲ့။ ဥပမာဗျာ၊ ကိုရင်လေးက ဒီလူ့အကြောင်း ကောင်းကောင်း သိတယ်၊ သူဟာ လူကောင်း တယောက်ပါ။ ဒါပေမဲ့ အဲဒီလူက ဘယ်အကြောင်းကြောင့်မှ ကျုပ်ကို ငွေချေးမှာ မဟုတ် ဘူး။ အဲဒါ ဘာပြုလို့လဲ သိလား၊ ကျုပ် ပြန်မဆပ်နိုင်ဘူး ဆိုတာ သူ သိနေလို့ပေါ့။ သူ့မှာ အကြင်နာတရားကလေး စိုးစဉ်းမျှ မရှိဘူးလား။ သူက ဟိုတနေ့က ရှင်းပြတယ်၊ သူ့အတွေး အမြင်သစ်တွေကိုပေါ့။ ဒီခေတ်ကြီးမှာ အကြင်နာတရားဆိုတာ သိပ္ပံပညာက လက်မခံတော့ ဘူးတဲ့၊ နိုင်ငံရေး ဘောဂဗေဒ ထွန်းကားနေတဲ့ အင်္ဂလန်မှာ အဲဒီလို ဖြစ်နေတာ ကြာပြီတဲ့၊ ဒါကြောင့် သူ မပေးတာတဲ့။ သူ့ဆီက မရနိုင်ဘူး ဆိုတာ ကြိုသိတယ်၊ ဒါပေမဲ့ သူ့ဆီပဲ သွားရတယ်။ ပြီးတော့."

“ဘာပြုလို့ သွားရတာလဲ”

ရပ်စ်ကိုလ်နီကော့ဗ်က ထောက်သည်၊

“တခြား သွားစရာ မရှိလို့ပေါ့ဗျာ၊ လူတယောက်အနေနဲ့ သွားစရာ တနေရာတော့ အနည်းဆုံး ရှိသင့်တာပေါ့ ကိုရင်လေးရာ။ အဲဒီတနေရာကို မသွားမဖြစ် သွားကို သွားရမယ့် အခြေအနေမျိုးတွေနဲ့ တခါတလေ ကြုံတတ်တယ်လေ။ ကျုပ်ရဲ့ အချစ်ဆုံး သမီးကလေးဟာ ပထမဆုံးအကြိမ်အဖြစ် အဝါရောင် မှတ်ပုံတင် ကတ်ပြားနဲ့ ထွက်သွားရတယ်။ ကျုပ်လည်း လိုက်သွားတယ်။ အဲ...နောက်တော့ ကျွန်တော့်သမီးက **အဝါရောင်ကတ်ပြား**4 နဲ့ နေရတာ နော်”

သူက ဖခင်တယောက်၏ ရင်မှဖြစ်သော မေတ္တာမျိုးဖြင့် ဆက်ပြောသည်။ လူရွယ် ကိုလည်း စိတ်ပူသည့် အမူအရာများဖြင့် လှမ်းကြည့်သည်။

“ထားပါတော့ ကိုရင်လေးရာ၊ ထားပါတော့”

သူက ချက်ချင်း စိတ်ထိန်းနိုင်သွားသည့် ပုံဖြင့် တည်ငြိမ်စွာ ပြောလိုက်သည်။ အရက်ကောင်တာမှ ချာတိတ်နှစ်ယောက်၏ သက်ပြင်းချသံကို ကျယ်လောင်စွာ ကြား လိုက်ရသည်။ ဆိုင်ရှင်ကမူ ပြုံးနေသည်။

“အရေးမကြီးပါဘူး ကိုရင်လေး၊ ကျုပ်ကို ကြည့်ပြီး ခေါင်းယမ်းကြတာတွေ ကျုပ် ဂရုမစိုက်တော့ပါဘူး။ အားလုံး သိနေကြပြီပဲ၊ လျှို့ဝှက်ချက် မှန်သမျှ ထုတ်ဖော်ရမယ်ဆို မဟုတ်လား။ ဒါကို ကျုပ် အပြစ် မပြောပါဘူး၊ ခံနိုင်ရည် ရှိပါတယ်၊ ထားပါစေ ၊ ထားပါ၊ ‘ဒီလူကို လေ့လာပါ’ ဆို၊ မဟုတ်လား၊ ကျုပ်ကို ခွင့်လွှတ်ပါ ကိုရင်လေး။ ဒါပေမဲ့ ကိုရင်လေး ခွင့်လွှတ်နိုင်ပါ့မလား၊ ခွင့်မလွှတ်နိုင်ဘူး မဟုတ်လား။ ရှင်းရှင်းပြောရရင် ပိုပြီး ပြည့်စုံ အောင်နဲ့ လေးနက်အောင် ပြောရရင် ကိုရင်လေး ကျုပ်ကို ခွင့်မလွှတ်နိုင်ပါဘူး၊ ဒါပေမဲ့ ကျုပ်က ရွံ့ရှာစက်ဆုပ်စရာ

ကောင်းတဲ့လူ မဟုတ်ဘူး ဆိုတာတော့ ဒီအချိန်မှာ ကိုရင်လေး လက်ခံရမယ်”

လူရွယ်က စကား တခွန်းမျှ မဟ။

“ဒီမယ် ကိုရင်လေး”

သူက စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ စကားပြန် မရသောအခါ တည်ငြိမ်စွာ၊ သိက္ခာရှိစွာ စကားဆက်သည်။ အခန်းထဲမှ ရယ်သွမ်းသွေးသံများ ငြိမ်ကျသွားသည်။

“ဒီမယ် ကိုရင်လေး၊ ကျုပ်မိန်းမ ကက်တာရီးနာအီဗန်နိုဗာဟာ အမျိုးကောင်း သမီးပါဗျ၊ အထက်တန်းလွှာက ပညာတတ် မိန်းကလေးပါဗျ၊ အရာရှိတယောက်ရဲ့ သမီး ပါဗျ၊ ကိုရင်လေး ယုံလား၊ ကျုပ်က အလကားပါမွှားဗျ၊ သူက အထက်တန်းလွှာက သူကောင်းမျိုး၊ သိပ် စိတ်ထားမြင့်မြတ်တဲ့ မိန်းကလေး။ အဲ…ဒါပေမဲ့ပေါ့ဗျာ၊ သူက ကျုပ်ကို သနားဖို့ ကောင်းတာပေါ့ဗျာ၊ လူတိုင်း လူတိုင်းဟာ အကြင်နာလေးတွေ အနည်းအကျဉ်းတော့ ရှိသင့်တာပေါ့ဗျာနော်၊ ကျုပ်ရဲ့ ကက်တာရီးနာ အီဗန်နိုဗာဟာ အဲ… သူဟာ စိတ်ထားမြင့်မြတ် တာ မှန်ပေမယ့် သိပ်မျှတမှု မရှိဘူး ကိုရင်လေးရ၊ ရှက်ရှက်နဲ့ ဝန်ခံပါတယ်၊ ကျုပ်ရဲ့ ခံစားမှု တွေကို သူ အလေးမထားဘူး”

သူ့ပြောပုံကြောင့်အခန်းထဲတွင်ရယ်သံတွေသဲ့သဲ့ထွက်လာပြန်သည်။ သူ ဆက်ပြန်သည်။

“ဒါပေမဲ့ဗျာ၊ တခါတလေလေးလောက် … ဒါပေမဲ့ဗျာ၊ တခါမှ မတခါ ပါဘူး၊ အလကားပါပဲဗျာ၊ ပြောနေလည်း အပိုပါပဲ၊ အဲ …ဆန္ဒမှန်သမျှတွေ တခါမက ပြည့်ဝခဲ့ဖူး ပါတယ်၊ အဲဒါက ကျုပ် စရိုက်ကြောင့်ပါ၊ ကျုပ်ဟာ မွေးလာကတည်းက တိရစ္ဆာန်သာသာ ဘဝနဲ့ နေခဲ့ရတာပါဗျာ”

“အဲဒါကတော့ သိသာပါတယ်”

အရက်ဆိုင်ပိုင်ရှင်က ဝါးခနဲ သမ်းရင်း မှတ်ချက် ပေးလိုက်သည်။

မာမီလာဒေါ့ဗ်က စားပွဲကို ဝုန်းခနဲ ထုပြီး-

“ကျုပ် မကောင်းတာတွေ ဆက်ပြောမယ် ကိုရင်လေး။ ကျုပ်ဟာ မိန်းမရဲ့ ခြေအိတ်တွေကိုတောင် ရောင်းပြီး သောက်ပစ်တဲ့ကောင်ဗျ၊ ဒါပေမဲ့ သူ့ဖိနပ်ကိုတော့ ရန် မရှာပါဘူး၊ မိန်းမခြေအိတ်ကို ရောင်းတုတ်တဲ့ ကောင်ဗျ၊ သူ့ ယုန်မွေးခြုံထည်လည်း ကျုပ် လျှော်ပစ်လိုက်တာပဲ၊ ဟိုတုန်းက သူ လက်ဆောင်ရတဲ့ ပစ္စည်း၊ ကျုပ်လက်ထက် မဟုတ် ပါဘူး၊ အဲဒါလည်း ကျုပ်

အရည်ဖျော်ပစ်လိုက်တယ်လေ၊ ကျုပ်တို့နေတဲ့ နေရာက အရမ်း အေးတယ်။ သူ ခု ချောင်းဆိုးနေတယ်၊ သွေးတောင် ပါတယ်။ ကျုပ်တို့မှာ ကလေး သုံးယောက် ရှိတယ်၊ အားလုံး ငယ်ငယ်လေးတွေ၊ ကက်တာရီးနာအီဗန်နိုဗာဟာ နေ့ရော ညပါ အိမ်အလုပ်တွေ လုပ်ရတယ်၊ အိမ်ကို ကြမ်းတိုက်တယ်၊ သန့်ရှင်းရေးလုပ်တယ်၊ ကလေးတွေရဲ့ ဝေယျာဝစ္စ လည်း လုပ်တယ်၊ အဲဒါတွေက သူ ငယ်ငယ်ကတည်းက လုပ်နေကျလေ။ သူ့ အဆုတ်က မကောင်းဘူး။ အဆုတ်ရောဂါဖြစ်နေတာ ကျုပ် သိတယ်၊ သိတာပေါ့။ သူ ဘယ်လို ခံစား နေရတယ် ဆိုတာ။ ကျုပ် ပိုသောက်လေ ပိုသိလေပဲ၊ သူ့ကို သနားလေ ကျုပ် ပိုသောက်မိလေပဲ။ ကျုပ်က ပျော်စရာ ရှာနေတာ မဟုတ်ဘူး၊ ဝေဒနာကို ဖွေရှာနေတာဗျ ကိုရင်လေးရ။ နှစ်ဆ ပိုခံစားချင်လို့ သောက်နေတာ”

စိတ်ပျက်လက်ပျက်ပုံစံဖြင့် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက် ကျသွားသည်။ ခေါင်းပြန် မထူလာဘဲ ဆက်ပြောသည်။

“ဒီမယ် ကိုရင်လေး၊ ကိုရင်လေးရဲ့ မျက်နှာကို ကြည့်ပြီး ဝင်လာလာချင်း ကျုပ် အတပ်ပြောနိုင်တယ်ဗျ။ စကားတခွန်းမှ မပြောခင် သိနေတာနော်။ ကိုရင်လေးရဲ့ မျက်နှာ မှာ ဗျာပါရုပ် ပေါ်နေတယ်။ ဒါကြောင့် ဘဝတူချင်းပဲဆိုပြီး ကျုပ် ဖွင့်မိတ်ဆက်ပြီး စကား ပြောတာ။ ကျုပ်ဘဝ ဇာတ်ကြောင်းကို ပြောပြဖို့ ပညာတတ်တယောက်ကို ကျုပ် ရှာနေ တာဗျ။ ခံစားတတ်တဲ့ လူမျိုးပေါ့။ ကျုပ် မိန်းမဟာ အထက်တန်းလွှာက သူကောင်းမျိုး ခေတ်ပညာတတ် တယောက်ပဲ။ ဘုရင့်စံအိမ်တော် ဘွဲ့ယူ အခမ်းအနားကပွဲမှာ အခြား မင်းစိုးရာဇာတွေနဲ့ အတူ ကခဲ့တဲ့ မိန်းကလေးပါဗျ။ အဲဒီကပွဲမှာ ရွှေတံဆိပ် ရခဲ့တယ်။ လက်မှတ် ရခဲ့တယ်။ အဲ… ရွှေတံဆိပ်ကတော့ ရောင်းစားလိုက်ပြီပေါ့ဗျာ။ လက်မှတ်ကတော့ သူ့ သေတ္တာထဲမှာ ခုထိ ရှိတုန်း။ မကြာသေးခင်ကတောင် အိမ်ရှင်အမျိုးသမီးကို ထုတ်ပြနေတာ ကျုပ် တွေ့သေးတယ်။ သူ့ရဲ့ ပျော်စရာငယ်ဘဝအကြောင်းတွေကို ပြောပြီး အမျိုးသမီး နဲ့ ပြေလည်အောင် သူ့ခမျာ အမြဲ ကြိုးစားနေရှာတာပါဗျာ။ ဒီအတွက် ကျုပ် ဘာမှ မဝေဖန် ပါဘူး။ လုံးဝ မပြောဘူး။ သူ့ခမျာ ပြစရာ ဒါပဲ ရှိတော့တာကိုး။ ကျန်တာတွေက အားလုံး ပျက်စီးသွားပြီလေ။ ဟုတ်တယ်၊ သူက မာနကြီးတယ်၊ ဘယ်တော့မှ စိတ်ဓာတ်မကျဘူး။ သူကိုယ်တိုင် ကြမ်းတိုက်တယ်။ ပေါင်မုန့်ညိုကို စားတယ်။ ဒါပေမဲ့ သူ့ကို မလေးမစား သွားမလုပ်နဲ့၊ ချက်ချင်း အမောက် ထောင်လာတယ်။ ဒါကြောင့် မစ္စတာလီဘက်ဇယက် နီကော့ဗ် စော်ကားမော်ကား လုပ်တာကို သူ ပြန်ပက်တာပေါ့။ ဒီတော့ သူ့ကို ဟိုလူက ရိုက်တယ်။ သူ အိပ်ရာထဲ ပြေးဝင်လာတယ်။ အရိုက်ခံရလို့ မဟုတ်ဘူး။ အသားနာတာထက် စိတ်က ပိုနာလို့။ သူနဲ့ကျုပ် တွေ့တော့ သူက မုဆိုးမပါ။ ကလေးသုံးယောက် ပါလာတယ်။ အကြီးတွေက အငယ်ထက် ပိုသေးသလိုပဲ။ သူ့ ပထမအိမ်ထောင်က ခြေလျင်တပ်က အရာရှိ တယောက်ပါ။ ချစ်လို့ ယူလိုက်ကြတာပါ။ မိဘအိမ်ကနေ လိုက်ပြေးတယ်တဲ့လေ။ သူက သူ့ယောကျ်ားကို

သိပ်ချစ်တာ။ ဒါပေမဲ့ ဟိုပုဂ္ဂိုလ်က မိန်းမထက် ဖဲကို ပိုချစ်တယ်။ ကွာရှင်းဖို့ လုပ်နေတုန်းမှာ သူ့ယောကျ်ား ဆုံးသွားတယ်။ သေတဲ့ထိ မိန်းမကို ရိုက်နှက်နှိပ်စက်သွားတယ်တဲ့။ အရိုးကွဲအောင် ရိုက်လို့လား မသိဘူး။ မိန်းမက သူ့ကို အသည်းစွဲအောင် ချစ်ပုံရတယ်ဗျ။ အထောက်အထား မပြနိုင်ပေမဲ့ အဲဒီအတိုင်းပဲလို့ ကျုပ် ယုံတယ်။ သွားလေ သူအကြောင်း သူ ပြောရင် မျက်ရည် ကျတာချည်းပဲ။ ဒီအတွက် ကျုပ် ဝမ်းသာတယ်။ တကယ် ဝမ်းသာတာ။ တချိန်က သူ့ဘဝမှာ အချစ်ရှိခဲ့တယ်၊ ပျော်ခဲ့ဖူးတယ် ဆိုတာ သိလို့ပဲ။

"အဲဒီလိုနဲ့ ဟိုးနယ်စွန်နယ်ဖျားမှာ ကလေး သုံးယောက်နဲ့ ကျန်ခဲ့တယ်။ ကျုပ်က အဲဒီ အရပ်မှာ ရှိနေတယ်။ သူက ဆင်းဆင်းရဲရဲ ခိုးကိုးရာမဲ့ ဖြစ်နေချိန်။ ကျုပ်ကလည်း ထူးမခြားနား။

စွန့်စားခန်းတွေတော့ အမျိုးမျိုး ဖွင့်ခဲ့တာပေါ့ဗျာ။ ဒါပေမဲ့ တခုမှ မအောင်မြင်ပါဘူး။ သူကလည်း သူ့အမျိုးတွေဆီကို အောက်ကျမခံဘူး၊ ဒီတော့ သူ့ကို ဘယ်သူမှ လှည့်မကြည့် ကြဘူး။ မိန်းမက တကယ့် မာနခဲဗျ။ အဲ... ကိုရင်လေးရေ၊ ကိုယ်ကလည်း ကလေးတယောက် အဖေ မုဆိုးဖို။ သမီးကလေးက ဆယ့်လေးနှစ်တောင် ရှိနေပြီလေ။ အဲဒီမှာ အမျိုးသမီးက ကျုပ်ကိုလက်ကမ်းလာတာဗျ။

ဒီလို ဒုက္ခရောက်နေတဲ့ အမျိုးသမီးကို ကျုပ် ဘယ်ငြင်းရက်ပါ့မလဲ။ ကက်တာရီးနာက ခေတ်ပညာတတ်၊ အထက်တန်းလွှာကဗျ။ အဲဒီလို အမျိုးသမီးက ကျုပ်ကို လက်ထပ်ပါမယ်တဲ့။ ငိုရင်းရှိုက်ရင်း၊ လက်တွေ တဖြောက်ဖြောက်ချိုးရင်း ကျွန်တော် နဲ့ လက်တွဲဖို့ ပြောတာဗျ။ သူ့မှာ သွားစရာ ဘယ်မှ မရှိဘူးလေ။ အဲဒါပဲဗျ။ အဲဒါပဲ ကိုရင်လေး။ ဘယ်မှ သွားစရာမရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ဟာ အဲဒါပဲ။ ဟင့်အင်း၊ ကိုရင်လေး နားမလည်နိုင်ပါဘူး။

တနှစ်လုံး ကျုပ်ရဲ့ တာဝန်တွေကို အလစ်အဟာမရှိ ထမ်းဆောင်ခဲ့ပါတယ်ဗျာ။ အမြတ်တနိုး ထမ်းဆောင်ခဲ့တာပါ။ ဟောဒါကို လုံးဝ မထိခဲ့ပါဘူး။ (သူက ပုလင်းကို လက်ညှိုး ထိုးပြသည်) ခံစားချက်တွေ ရင်နှင့်အမျှပါ။ ဒါပေမဲ့ သူက မကျေနပ်နိုင်ဘူးဗျ။ ကျုပ်ကို အားမရဘူး။ အဲဒီ အချိန်မှာ အလုပ်ပြုတ်တယ်။ သက်သက် ခံလိုက်ရတာပါဗျာ။ ကျုပ်မှာ အပြစ် လုံးဝ မရှိပါဘူး။ အဲဒီမှာ ကျုပ် စသောက်တာ။ ခုဆို တနှစ်ခွဲရှိပြီ။ ကျုပ်တို့ လင်မယား လည်း အေးစက်စက် ဖြစ်လာကြတယ်။ ဟောဒီ ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေ ပေါလှတဲ့ မြို့တော်ကြီးမှာ ပေနေပြီး ဒုက္ခမျိုးစုံနဲ့ တွေ့ခဲ့တယ်။ အလုပ်တခု ရလိုက်၊ ပြန်ပြုတ် လိုက်နဲ့၊ ဒီတခါ ပြုတ်ခဲ့တာကတော့ ကျုပ် အပြစ်ပါ။ မူးတဲ့ကိစ္စနဲ့ပါပဲ။ ခုတော့ အေမလီယာ ဖျိုဒိုရော့ဗ်နာ ရဲ့ အခန်းထောင့် တနေရာမှာ ကျုပ်တို့ နေနေကြတယ်။ ဘယ်လို နေလို့ ဘယ်လို အိမ်လခ ပေးနေတယ်ဆိုတာ ကျုပ် မသိဘူး။ အဲဒီမှာ ကျုပ်တို့အပြင်

တခြားလူတွေလည်း နေကြတယ်။ ဆိုဒမ်ဆိုတဲ့ လူကတော့ တကယ့်ကို ဆိုးတဲ့လူပါဗျာ။ အဲ...နေပါဦး၊ ကျုပ် သမီးကလေး လည်း တဖြည်းဖြည်း အရွယ်ရောက်လာပြီ။ မိထွေးရဲ့ ဒဏ်ကို ခံရင်း ကြီးပြင်းလာရ တာပါဗျာ။ ကျုပ်က ဘာမှ မပြောရဲဘူး။ နားရွက်တောင် မခတ်ရဲဘူး။ ကျုပ် မိန်းမဟာ စိတ်ထား မြင့်မြတ်ပါတယ်။ ဒါပေမဲ့ စိတ်ကြီးတယ်၊ စိတ်မြန်တယ်။ အို... ဒါတွေ ပြောနေလို့ အပိုပါပဲလေ။ ကိုရင်လေး တွေးကြည့်ပါ။ ဆွန်ညာဟာ ပညာ ဘယ်သိပ်တတ်မလဲ။ လွန်ခဲ့တဲ့ လေးနှစ်က သူ့ကို ကျုပ် ပထဝီဝင် သင်ပေးဖို့ ကြိုးစားသေးတယ်။ နောက်တော့ ကမ္ဘာ့ သမိုင်းပေါ့။ ဒါပေမဲ့ စာအုပ် ပြည့်ပြည့်စုံစုံ မရှိ။ ကျုပ်ကလည်း အဲဒီဘာသာရပ်တွေ သိပ်မပိုင် ဆိုတော့ ဘယ်ခရီးရောက်မလဲဗျာ။ ကျုပ်တို့ **ပါရှားဗိုင်းရပ်စ်ဘုရင်**[5]” အခန်းမှာ ရပ်လိုက် ကြတယ်။ သူ အပျိုကြီးဖားဖား ဖြစ်လာတော့ ဝတ္ထုတွေ ဖတ်လာတယ်။ မကြာသေးခင်က မစ္စတာ လီဘက်ဇယက်နီကော့ဗ်ရဲ့ ကျေးဇူးကြောင့် Lewes's Physiology ရလာတယ်။ ကိုရင်လေး ဖတ်ပြီးရောပေါ့။ ဆွန်ညာ သဲသဲမဲမဲ ဖတ်တယ်။ တချို့စာပိုဒ်တွေကို အလွတ်ရ နေတယ်။ ကျုပ်တို့ကို ပြန်ရွတ်ပြတယ်။ အံ့ရော၊ အဲဒီဘက်မှာတော့ တော်တယ်။

ကဲ...ကိုရင်လေးကို ကျုပ် မေးခွန်းတခု မေးမယ်။ ဒီလို ရိုးရိုးသားသား လုပ်ကိုင် စားသောက်နေတဲ့ မိန်းကလေးတယောက်ရဲ့ လုပ်ခ ဘယ်လောက်များ ရမယ်ထင်သလဲ။ တနေ့မှ ဆယ့်ငါး ကိုပက် တဲ့ဗျာ။ ဒါတောင် ပြည်နယ်အုပ်ချုပ်ရေးမှူး ကလော့စတော့အီဗန်နိုဗစ်ချ်က... သူ့အကြောင်း ကိုရင်လေး ကြားဖူးမှာပါ။ သူ့အင်္ကျီ ချုပ်ပေးတာကို မကြိုက်လို့ ဆိုပြီး မိန်းမ ကို ဆဲဆို မောင်းထုတ်သတဲ့ဗျာ။ အင်္ကျီကော်လာက သိပ်ချွန်နေလို့တဲ့။ အိမ်က ကလေးတွေက ဆာလှပြီ။ ကက်တာရီးနာအီဗန်နိုဗစ်ချ်ဟာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လက်တွေ ချိုးနေတယ်။ သူ အဲဒီလို ဖြစ်ရင် မျက်နှာမှာ အနီကွက်တွေ ထလာရော။ အဲဒါ သူ့ရောဂါပဲ။ အဲဒီအခါ သူ ကျုပ်ကို ကောတော့တာပဲ။ ‘ရှင်ဟာ အိမ်မှာ နေပြီး သောက်ဖို့နဲ့ စားဖို့ပဲ သိတယ်။ ဘာမှ သုံးမရဘူး' ဘာညာ၊ ဘာညာ ပေါ့ဗျာ။

“အလကားပြောတာပါ။ အိမ်မှာ စားစရာလည်း မရှိဘူး။ သောက်စရာလည်း မရှိပါဘူး။ ကလေးတွေ ပေါင်မုန့် အစအနတောင် မမြင်ရတာ ဒီနေ့ပါနဲ့ဆို သုံးရက် ရှိပြီ။ ကျုပ်က အိပ်ရာထဲမှာ မှူးပြီး လဲနေရုံကလွဲပြီး ဘာလုပ်ရမှာတုံး။ အဲဒီမှာ ဆွန်ညာ ပြောတာ ကြားလိုက်တယ်။ (ဆွန်ညာက သိပ်အေးတဲ့ မိန်းကလေး။ သိပ်သည်းညည်းခံတဲ့ မိန်းကလေး။ သူ့အသံက အမြဲတမ်း ကျိုးနွံညင်သာနေတာချည်းပဲ။ မျက်နှာကလေးက အမြဲတမ်း ဖျော့တော့ ညှိုးချုံးနေတယ်) သူက ပြောတယ်။ “ဘာလဲ ... ကက်တာရီးနာ၊ ဆွန်ညာ ဟိုနေရာ ပြန်သွား ရမှာလားဟင်' တဲ့။ ဒါယာဖရန်စီဗနာဆိုတဲ့ မိန်းမကြီး ရှိတယ်။ မကောင်းတာ လုပ်စားတဲ့ မိန်းမကြီး။ ရဲက အမြဲ စောင့်ကြည့်နေတဲ့ မိန်းမကြီး။

ကက်တာရီးနာက ပြန်ပြီး သရော်သံနဲ့ ပြောတယ်။ "နင်သွားတော့ ရွှေထုပ်ကြီး ရလာမှာမို့လား' တဲ့။ ကိုရင်လေး သူ့ကို အပြစ် မမြင်ပါနဲ့နော်။ အပြစ်မတင်ပါနဲ့။ သူ နေမကောင်းလို့ စိတ်နဲ့ကိုယ် သိပ်မကပ်ဘဲ ဖြစ်နေလို့ ပါဗျာ။ ကလေးတွေကလည်း ဆာလို့ ငိုနေကြတယ်လေ။ သူ့စိတ်ထဲမှာ အဲဒီလို ဖြစ်လာရင် အစော်ကားခံရတယ်လို့ ထင်နေတတ်တယ်။ ကလေးတွေ ဆာလို့ ဘယ်လောက် အော်ငို နေနေ ရိုက်တော့တာပဲ။ အဲဒီလို ဖြစ်လာရင် ငါးနာရီလောက်မှာ ဆွန်နက်ချ်ကာ (ဆွန်ညာ) အပြင်ထွက်သွားရော။ ရှစ်နာရီလောက်မှာ ပြန်ရောက်လာတတ်တယ်။ ကက်တာရီးနာရှေ့က စားပွဲပေါ်မှာ ဆယ့်ငါးကိုပက် ထားခဲ့ပြီး ဘာမှမပြောဘဲ ပြန်လှည့်ထွက်သွားရော။ ဘယ်သူ့ ကိုမှ လှည့်မကြည့်ဘဲ အစိမ်းရောင်ခြုံထည်ကို ယူပြီး ပြန်လှည့်ထွက်သွားတာ။ (တအိမ်လုံးမှာ အဲဒီတထည်ပဲ ရှိတယ်) ပြန်လာရင် ခြုံထည်ကို ခေါင်းမြီးခြုံပြီး အိပ်ရာပေါ်တက်၊ နံရံဘက် ခေါင်းလှည့် အိပ်တော့တာပဲ။ သူ အိပ်မပျော်ပါဘူး။ တကိုယ်လုံး သိမ့်သိမ့်တုန်နေတာ လှမ်းမြင်နေရတယ်။ ဒီမယ် ကိုရင်လေး... ပြီးတော့ ဘာဖြစ်လဲ၊ သိလား။ ကက်တာရီးနာ အီဗန်နိုဗာ စကားတခွန်းမှ မပြောဘဲ သူ့အိပ်ရာဆီ ထသွားတယ်။ ပြီးတော့ ခုတင်နံဘေး မှာ ဒူးထောက်ချပြီး ဆွန်ညာ့ ခြေထောက်တွေကို တချိန်လုံး နမ်းနေတော့တယ်။ ပြီးတော့ မှ တယောက်ကို တယောက် ဖက်ပြီး အိပ်ပျော်သွားကြရော။ နှစ်ယောက်စလုံး အိပ်ပျော် သွားကြတာဗျား။ တကယ်ပြောတာ ကိုရင်လေး။ ကျုပ်ကတော့ ထုံးစံအတိုင်း အရက်ခွက်ထဲ ဝင်ပုန်းနေတာပေါ့"

မာမီလာဒေါ့ဗ် ငြိမ်သွားသည်။ လေကုန်သွားသည့် အလား။ ပြီးမှ ဆတ်ခနဲ တခွက် ငှဲ့ပြီး တချက်တည်း မော့ချလိုက်သည်။ ပြီးမှ ဟင်းခနဲ သက်ပြင်းချသည်။ နောက်မှ လေအေး ကလေးနှင့် စကားဆက်ပြန်သည်။

"အဲဒီကစပြီး ကိုရင်လေးရေ... မလိုတဲ့လူတွေက ပြောကြတော့တာပေါ့ဗျာ။ ဒါယာဖရန်ဆီဗနာကို သပုပ်လေလွင့် လုပ်ကြတော့တာပေါ့။ မကောင်းတဲ့ အသက်မွေးဝမ်း ကျောင်းနည်းနဲ့ လုပ်စားနေတယ်၊ ဘာညာဘာညာပေါ့၊ ကျုပ်သမီးကလည်း အဝါကတ်ပြား ကိုင်ထားရတယ်ပေါ့။ ဒီလိုဆိုရင်တော့ ကျုပ်တို့နဲ့ အတူနေလို့ မဖြစ်တော့ဘူးပေါ့။ ကျုပ်တို့ရဲ့ အိမ်ရှင် အေမာလီယာကလည်း ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူးပေါ့။ (သူကိုယ်တိုင် ဟိုတုန်းက ဒါယာဖရန်ဆီဗနာနဲ့ ဘဝတူပါ) ပြီးတော့ မစ္စတာလီဘက်ဇယက်နီကော့ဗ် ကလည်း အဲ..... ဆွန်ညာ့ကြောင့် ကက်တာရီးနာ ဒီလိုဖြစ်ရတာဗျ။ ပထမဦးဆုံး ဆွန်ညာ့ကို သူကိုယ်တိုင် သဘောကျတာ။ ပြီးမှ ဖြုန်းစားကြီး စိတ်ပြောင်းသွားတာ။ သူက ပြောတယ် တဲ့။ 'ဘာ... ငါ့လို လူတယောက်က ဒီမိန်းမနဲ့ တထပ်တည်း နေရမှာတဲ့လား' တဲ့။ ကက်တာရီးနာ က ဘယ်ခံမလဲ။ အဲ... ဒါပေမဲ့ပေါ့လေ၊ ခုတော့ ဆွန်ညာတယောက် ညညမှာပဲ အိမ်ပြန် လာရဲတော့တယ်။ ကက်တာရီးနာကို သူ့ရှာဖွေရသမျှလေး ပေးပေါ့လေ။ ကာပါနော်မော့ဗ်ရဲ့ အပ်ချုပ်ဆိုင်ခန်းပိုကလေးမှာ

ငှားနေတယ်။

ကာပါနော်မောဗ်က ခြေထောက်တဖက် မရှိဘူး။ အ,လည်း အ,နေတယ်။ စကားမပြောတတ်တာ သူတယောက်တည်း မဟုတ်ဘူး။ သူ့မိန်းမ ရောပဲ။ သူတို့မိသားစုတခုလုံးအ,အတွေချည်းပဲ။သူတို့မိသားစုနဲ့ ဆွန်ညာ့အခန်းကလေးက သစ်သားခန်းဆီးကလေး တခုပဲ ခြားတယ်။ အင်း... အဖြစ်က ဆိုးပါ့ဗျာ။ တကယ့် ဖွတ်ကျော ပြာစုမိသားစုပဲ။ ဒီကြားထဲ အ,နေကြသေးတယ်။ တနေ့မနက်မှာ ကျုပ် ထပြီး စုတ်ပြတ်နေတဲ့ အဝတ်တွေကို ဝတ်လိုက်တယ်။ လက်နှစ်ဖက်ကို ကောင်းကင်ပေါ်ဆန့်တန်းပြီး ဆုတောင်း လိုက်တယ်။ ပြီးမှ မင်းကြီး အီဗန်အဖန်နာ ဆီဗစ်ချ်ဆီကို ထွက်လာခဲ့တယ်။ မင်းကြီးကို ကိုရင်လေး သိမှာပေါ့။ အီဗန်အဖန်နာဆီဗစ်ချ်လေ၊ ဗျာ... မသိဘူး ဟုတ်လား။ ဒါဆို ကိုရင်လေး ဘုရားသခင်ရဲ့ သာဝကတပါးနဲ့ လွဲခဲ့တာပဲဗျ။ သူဟာ တကယ့် **မီးနားက ဖယောင်းရုပ်တု**[6]" ဗျ။ ကျုပ် ဇာတ်လမ်းကို နားထောင်ပြီး သူ မျက်ရည်ကျတယ်။ သူက ပြောတယ်။ 'ဒီမယ် မာမီလာဒေါ့ဗ်၊ တခါတုန်းက မောင်ရင်ဟာ ကျုပ် မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး။ ကျုပ် ဆုတောင်းမပြည့်ခဲ့ဘူး။ ကျုပ် နောက်တခါ ကြိုးစားကြည့်မယ်။ ကျုပ်မှာ တာဝန်ရှိတယ် ထင်လို့ပါ။ အဲဒါကို မြဲမြဲမှတ်ထားနော်။ ကဲ... သွားတော့' တဲ့။ သူ အဲဒီအတိုင်း ပြောတာဗျ။ သူ့ ခြေဖဝါးအောက်က ဖုန်မှုန့်တွေကို ကျွန်တော် စိတ်နဲ့ နမ်းလိုက်ပါတယ်။ တကယ် နမ်းမယ် ဆိုရင် သူက ခွင့်ပြုမှာ မဟုတ်ဘူးလေ။ သူက ခေတ်ပညာတတ်၊ နိုင်ငံရေး တွေးခေါ်ရှင် မဟုတ်လား။ ကျုပ် အိမ်ပြန်သွားတယ်။ မကြာခင် သတင်းကြားရတာပါပဲ။ ကျုပ်ကို အလုပ်က ပြန်ခေါ်ပြီတဲ့။ အရင် လစာအတိုင်းပဲတဲ့။ ဘုရား မ,တာပါပဲ ကိုရင်လေးရာ။ အဲ... နောက်တော့..."

မာမီလာဒေါ့ဗ် တခါ ရပ်သွားပြန်သည်။ သူ့စိတ်ထဲ မချင့်မရဲ ဖြစ်နေပုံ။ ထိုစဉ် လမ်းပေါ်မှ အရက်သမားတသိုက် ဆိုင်ထဲ ဝင်လာကြသည်။ ဝင်လာကတည်းက လက်ဆွဲ ဘာဂျာသံ ဆူဆူညံညံနှင့် သူတို့ဆိုသည့် သီချင်းက **'လယ်တောကလေး'**[7]။ သူတို့လူသိုက် ဆူသထက် ဆူလာသည်။ ဆိုင်ရှင်နှင့် ချာတိတ်နှစ်ယောက် သူတို့တတွေအတွက် အလုပ် ရှုပ်သွားကြသည်။ မာမီလာဒေါ့ဗ်က သူတို့ကို ဂရုမစိုက်ဘဲ သူ့ဇာတ်လမ်းကို ဆက်သည်။ သူ့ ကြည့်ရသည်မှာ ပို၍ ပို၍ အားနည်းလာပုံ ရသည်။ သို့သော် မူးလာလေ၊ သူ့ စကားလုံး တွေ ကြွယ်ဝလာလေလေ။ နားထောင် ကောင်းလာသည်။ အလုပ်ခွင် ပြန်ဝင်ပြီး သူ အောင်မြင်မှု ပြန်ရသည့်အခန်း ပြောရင်း သူပိုသွက်လာသည်။ သူ့မျက်နှာ သွေးရောင် လွှမ်းလာသည်။

ရပ်စ်ကိုလ်နီကော့ဗ်က အလေးအနက်ထားပြီး နားထောင်သည်။

"အဲဒါက လွန်ခဲ့တဲ့ ငါးပတ်ကပေါ့။ အဲဒီသတင်းကို သူတို့နှစ်ယောက် အဲ..

ကက်တာ ရီးနာ အီဗန်နီဗာနဲ့ ဆွန်နက်ချ်ကာ (ဆွန်ညာ) လည်း ကြားရော ဆွေ့ဆွေ့ခုန် ဝမ်းသာကြ တာပေါ့။ ကျုပ်လည်း ဘုရားသခင်ရဲ့ မေတ္တာတော်နယ်မြေကို ရောက်သွားတဲ့အတိုင်းပါပဲဗျာ။ ကျုပ်က တချိန်လုံး မူးနေပြီး ဆဲသံဆိုသံနဲ့ ဆူညံနေတဲ့ အခန်းဟာ တခါတည်း ဘုရား ကျောင်းလို တိတ်ဆိတ်နေတော့တယ်။ ကလေးတွေလည်း ငြိမ်လို့။ အားလုံးရဲ့ ခြေဖွဖွနင်းသံကိုလည်း ကျုပ် သတိပြုမိတယ်။ ကလေးတွေကို လေသံတိုးတိုးနဲ့ ဟန့်နေသံလည်း ကြားရတယ်။ 'ရှူး... အဖေကြီး ပင်ပန်းလို့ နားနေတယ်။ တိတ်တိတ်နေကြနော်' တဲ့။ အလုပ် မသွားခင် ကော်ဖီ အဆင်သင့်။ မလိုင်တွေ ဝေ့လို့။ တကယ့် မလိုင်အစစ်တွေနော်။ တကယ်ပါ ကိုရင်လေး။ ဒီငွေကလေးနဲ့ ဒါလောက် အဆင့်အတန်းမြင့်မြင့် ကျုပ်ကို ကျွေးနိုင်တာ ကျုပ် အံ့သြနေတယ်။ ကောင်းကောင်းလည်း ဆင်သေးသဗျ။ ဖိနပ်အသစ်၊ ချည်ထည် ရှပ်အင်္ကျီတွေ၊ ရုံးယူနီဖောင်းကလည်း အကောင်းစား။ ရုံးပြန်တက်တဲ့နေ့ နေ့လယ်စာ စားချိန် အိမ်ပြန် လာတော့ ကက်တာရီးနာက ဟင်းနှစ်ပွဲနဲ့ ကျွေးသဗျ။ ဟင်းချိုကလည်း နိပ်မှနိပ်၊ အမဲစဉ်းကော နဲ့ မုန်လာဥက အရန်ဟင်းတဲ့ဗျ။ ဘယ်တုန်းကမှ ဒီလို ဖွယ်ဖွယ်ရာရာ မစားဖူးပါဘူးဗျာ။ သူ့မှာ အဝတ်အစား ကောင်းကောင်း မရှိပါဘူး။ အမယ်... ဒါပေမဲ့ အဲဒီနေ့က ပွဲသွားမလား အောက်မေ့ ရတယ်။ ရှိတာလေးနဲ့ သူ လှအောင် ဝတ်တတ်တယ်လေ။ ဆံပင်ကိုလည်း ဖွဖွကလေး ဖြီးပြီး အလှပြင်ထားတယ်။ သူ့နေရာမှာ တခြားတယောက် ဝင်လာသလိုပဲ။ ပိုနုနေတယ်၊ ပိုလှနေတယ်။ ကျုပ်ရဲ့ ဆွန်နက်ချ်ကာကလေးကတော့ အိမ်ကို ငွေမှန်မှန် ထောက်ပံ့ရှာပါတယ်။ အိမ်ကို မကြာမကြာ ပြန်လာလို့ မသင့်တဲ့ အကြောင်းလည်း ကျုပ်ကို ပြောထားတယ်။ ညီအစ်ကို မသိချိန်လောက်ကျမှပဲ ရောက်ရောက်လာတတ်တယ်။ ညစာစားပြီးရင် ကျုပ် တရေးတမော အိပ်တယ်။ အိမ်ရှင် အေမီလီယာ ဖျိုဒိုရော့ဗ်ဗနာနဲ့ ကက်တာရီးနာ နေ့တိုင်း ရန်ဖြစ်တယ်။ ခြေပန်းလက်ပန်းကျအောင် စကားများတာ။ အဲဒီနေ့မှာတော့ အဘွားကြီးကို ဖိတ်ပြီး ကော်ဖီတွေ ဘာတွေတိုက်လို့ဗျား။ စကားထိုင်ပြောနေတာ နှစ်နာရီလောက် ကြာတယ်။ 'မာမီလာဒေါ့ဗ် အလုပ် ပြန်ဝင်နေပြီ အဒေါ်ရဲ့။ မင်းကြီးကို သူ ကိုယ်တိုင် သွားတွေ့ပြီး အကျိုးအကြောင်း ရှင်းပြတာ။ အမယ်လေး၊ စောင့်နေတဲ့လူတွေ အများကြီးတဲ့။ သူ့ကို မင်းကြီးကိုယ်တိုင် ထွက်ပြီး လက်ဆွဲ ခေါ်သွင်းသွားတာတဲ့ရှင့်"

"အဲဒါတွေသူ့ဘာသာသူလျှောက်ပြောတာ။ သူကအဲဒီလိုလည်းထွင်တတ်တယ်။ ဒါပေမဲ့ သူ ယုံယုံကြည်ကြည်ပြောတာ။ အဲဒီအတွက် သူ့ကို ကျုပ် အပြစ် မပြောပါဘူး။ လွန်ခဲ့တဲ့ ခြောက်ရက်က ကျုပ် လခ ထုတ်လာတယ်။ နှစ်ဆယ့်သုံးရူဘယ်နဲ့ ကိုပက် လေးဆယ်၊ ကျုပ် အထုပ်လိုက် အပ်လိုက်တယ်။ ကျုပ်ကို တွတ်တီးတွတ်တာနဲ့ နှုတ်ခွန်းတွေ ချိုနေ လိုက်တာလေ။ ကျုပ် ပါးကို ပုတ်ကာ ပုတ်ကာနဲ့။ 'မောင်ဟာ သိပ်ချစ်ဖို့ ကောင်းတာပဲ' လို့ မနားတမ်း ပြောနေလေရဲ့"

မာမီလာဒေါ့ဇ် ပြုံးမလိုလို ဖြစ်လာသည်။ သို့သော် ရုတ်ခြည်း မျက်နှာညှိုးသွားပြီး သူ့ မေးစေ့တွေ တဆတ်ဆတ် တုန်လာသည်။ ပြီးမှ သူ့ကိုယ်သူ ထိန်းလိုက်သည်။ သို့သော် လေလွင့်တဦး၏ ပုံမှာ အထင်းသားပေါ်နေသည်။ ငါးရက်လုံးလုံး ကောက်ရိုးလှေပေါ်တွင် အိပ်ခဲ့ပြီး တနေကုန် သောက်ထားသည့်ပုံ။ တပြိုင်တည်းတွင် မိန်းမနှင့် မိသားစုကို တွယ်တာစိတ် ပြင်းပြပုံလည်း ပေါ်နေ၏။ ရုပ်စ်ကိုလ်နီကော့ဗ်က သူ့ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေသည်။ သို့သော် သည်နေရာတွင် သူကရုပ်ထားလိုက်သဖြင့် အောင့်သက်သက် နှင့် စောင့်နေရသည်။

"ဒီမယ် ကိုရင်လေးရေ ..."

ခုမှ သူ့ကိုယ်သူ သတိဝင်လာသလို စကား ပြန်ဆက်သည်။

"ကိုရင်လေးအတွက်တော့ ရယ်စရာ ဖြစ်နေမလား မသိဘူး။ တခြားလူတွေ ကြားရင်လည်း ရယ်ကြမှာပါပဲလေ။ ကျုပ်က ဘာမှအရေးမပါတဲ့ အသေးအဖွဲတွေကို ခရေစေ့တွင်းကျ လျှောက်ပြောနေတာ ကိုး။ ဒါပေမဲ့ ကျုပ်အတွက်တော့ ရယ်စရာ မဟုတ်ပေဘူးဗျ။ ကျုပ်က တကယ်ခံစားရတဲ့ လူကိုးဗျ။ အဲဒီနေ့ကတော့ တနေ့လုံး၊ တညနေလုံး ကျုပ်တို့ အိမ်ခန်းကလေးဟာ ချမ်းမြေ့ရိပ်မြုံကလေးပေါ့။ စိတ်ကူးယဉ် အိပ်မက်တွေ မက်လို့ပေါ့။ မိန်းမကို ဘယ်လို စိတ်ချမ်းသာအောင် ထားမယ်၊ ကလေးတွေကို ဘယ်လို အဝတ်တွေ ဝယ်ပေးမယ်၊ နာမည်ပျက်နဲ့ နေနေရတဲ့ တဦးတည်းသော ကျုပ်သမီးကလေးကို မိဘ ရင်ခွင်ထဲ ဘယ်လို ပြန်ခေါ်မယ်။ ဘာညာ ဘာညာပေါ့ဗျာ။ ကျုပ်စိတ်ကူးတာ မဖြစ်နိုင်တာ တခုမှ မရှိဘူးလေ။ အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ ကိုရင်လေးရေ... (မာမီလာဒေါ့ဗ်က လူရွှယ်ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်) အဲဒီ အိပ်မက်တွေ မက်ပြီး နောက်တနေ့မှာ၊ အဲဒါ လွန်ခဲ့တဲ့ ငါးရက်ကပေါ့။

အဲ ... ညပိုင်းရောက်တော့ ကျုပ်ဟာ သူခိုးတယောက်လို ကက်တာရီးနာရဲ့ သေတ္တာကိုဖွင့်တယ်။ ကျန်တဲ့ပိုက်ဆံတွေအကုန်ယူခဲ့တယ်။ဘယ်လောက်လဲ ကျုပ် မမှတ်မိတော့ဘူး။ ကဲ... ခု ကြည့်၊ ခင်ဗျားတို့ အားလုံး ကျုပ်ကို ကြည့်ကြစမ်းပါ။ အိမ်က ထွက်လာတာ ငါးရက်ရှိပြီ။ သူတို့ကျုပ်ကို လိုက်ရှာနေကြလိမ့်မယ်။ အလုပ်လည်း ခုလောက်ဆို ပြုတ်ပြီ။ ကျုပ် ယူနီဖောင်းလည်း အီဂျစ်တံတားနားက အရက်ဆိုင်မှာ ထားခဲ့ရပြီ။ ဒီအင်္ကျီအစုတ်နဲ့ လဲဝတ်လာတာလေ။ ပြီးပြီ။ အားလုံး ဇာတ်သိမ်းသွားပြီ"

မာမီလာဒေါ့ဗ်က သူ့နဖူးကို သူ့လက်သီးဖြင့် ထုသည်။ အံကြိတ်သည်။ မျက်စိစုံမှိတ်ပြီး စားပွဲပေါ်တံတောင်နှစ်ဖက်ထောက်ကာ ဦးခေါင်းကို လက်ဝါးနှစ်ဖက်ထဲသို့ လေးလံစွာ ပစ်တင်လိုက်သည်။ သို့သော် ခဏမျှသာ။

ခေါင်းထောင်လာပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို ရှက်ရွံ့ရွံ့အမူအရာဖြင့် ကြည့်သည်။ ပြီးမှ စိတ်တင်းပြီး ရယ်ချလိုက်သည်။

"ကျုပ် ဒီနေ့ ဘာလုပ်လဲ သိလား။ ဆွန်ညာ့ဆီ သွားပြီး သူတောင်းစား တယောက်လို လက်ဖြန့်တောင်းတယ်။ ဟင်း... ဟား... ဟား... ဟား"

နောက် ရောက်လာသည့် အုပ်စုထဲမှ တယောက် က အသံပြဲကြီးနှင့် အော်မေးသည်။

"သူက ခင်ဗျားကို ပေးသလား"

"ဒီပုလင်းဟာ သူ့ပိုက်ဆံနဲ့ ဝယ်သောက်တာပါ ခင်ဗျာ"

မာမီလာဒေါ့ဗ်က ရပ်စ်ကိုလ်နီကောဗ်ကို ကြည့်ပြီး ဖြေခြင်း ဖြစ်သည်။

"သူ့မှာ ရှိသမျှ ကိုပက်သုံးဆယ်ကို သူ့လက်နဲ့ ကိုင်ပြီး ကျုပ်ကို ပေးတာ။ ဘာတခွန်း မှ မပြောဘူး။ ဖအေကို လုံးဝ မငြိုငြင်ဘူး။ ဒါမျိုး ဒီကမ္ဘာမှာ ခင်ဗျားတို့ မြင်ဖူးသလား၊ ကြားဖူးသလား။ ဒါပေမဲ့ ရှိတယ်။ လူတွေဟာ ဒုက္ခပင်လယ် ဝေနေကြတယ်။ ပူဆွေးသောက ရောက်နေကြတယ်။ ဒါပေမဲ့ တပါးသူ တခြားလူတယောက်ကို အပြစ်မမြင်ဘူး။ အပြစ် မတင်ဘူး။ ဟုတ်တယ်၊ ကိုပက်သုံးဆယ် ရခဲ့တယ်။ သူက ဘယ်သူ့ကိုမှ အပြစ် မမြင်လေ ကျုပ် ပိုပြီး ခံစားရလေပဲဗျ။ ကိုပက် သုံးဆယ်ကြီးများတောင်နော်။ သူကကော အဲဒီပိုက်ဆံ ကို မလိုဘဲ နေမလားဗျ။ ပြောစမ်းပါ လူကြီးမင်းလေးရဲ့။ သူက သူ့ကိုယ်သူ သန့်ရှင်းအောင် ပြန်လုပ်ရမယ်လေ။ အဲဒီလိုလုပ်ဖို့ ငွေလိုတယ်ဗျ။ ဟုတ်တယ် မဟုတ်လား။ ဆီမွှေးဝယ်ဖို့ကစ ပိုက်ဆံလိုတယ်လေ။ ကော်တောင့်နေတဲ့ အပေါ်အင်္ကျီလေး၊ ဖိနပ်လှလှလေး လိုတယ်လေ။ အဲဒီအတွက် သူ စုထားတဲ့ ပိုက်ဆံတွေကို ကျုပ်ဆိုတဲ့ သူ့အဖေရင်းက ယူပြီး သောက်ပစ် လိုက်တယ်လေ။ အရည်ဖျော်ပစ်လိုက်တယ်လေ။ အဲဒီတော့ ကျုပ်လိုကောင်ကို ဘယ်သူ သနားမလဲ။ ကိုရင်လေး သနားမလား။ ပြောစမ်းပါဦး။ ဟင်း... ဟင်း... ဟင်း.."

သူ နောက်ထပ်ငှဲ့ဖို့ လုပ်သည်။ သို့သော် ပုလင်းထဲတွင် ပြောင်နေပြီ။

"ဘာပြုလို့ ခင်ဗျားကို သနားရမှာလဲ"

အနားကို ပြန်ရောက်လာသည့် အရက်ဆိုင်ပိုင်ရှင်က ပြောတော့ ဆိုင်ထဲတွင် ရယ်သံတွေ ထွက်လာသည်။ ဆဲသံတွေ စွက်နေသည့် ရယ်သံများ။ နားထောင်နေကြသူများကော၊ နားမထောင်သူများပါ အမှုတော်ထမ်းဟောင်းကြီး၏ ပုံပန်းကို ကြည့်ပြီး ဝိုင်းဟားကြခြင်း ဖြစ်၏။

“ဘာ… ဘာပြုလို့ သနားရမှာလဲ၊ ဟုတ်စ”

မာမီလာဒေါ့ဗ်က လက်မြှောက်ပြီး အော်မေးလိုက်သည်။

အားရပါးရ ပြောတော့မည့်ပုံ။ သည်စကားလုံးကို စောင့်နေသည့်အလား။

“ဘာပြုလို့ သနားရမှာလဲ၊ ဟုတ်လား။ ခင်ဗျား အဲဒီလို ပြောလိုက်တယ်နော်။ ကျုပ်က ကားစင်တင်ပြီး သတ်ပစ်ဖို့ ကောင်းတဲ့ ကောင်၊ ဟုတ်တယ်။ ဘာလုပ်ဖို့ သနားရမှာလဲ။ သတ်ပစ်ရမှာ။ အို… ဘုရားသခင်၊ ယဇ်ပူဇော်ခံခြင်းဖြင့်လူသားတို့ကို သနားတော်မူသော ဘုရားသခင်။ တပည့်တော်ကိုယ်တိုင် ယဇ်ပူဇော်ခံဖို့ အရှင့်ထံမှောက်သို့ အရောက်လာခဲ့ပါမည်။ တပည့်တော်သည် အပျော်ကို ရှာနေသူ မဟုတ်မူဘဲ ဝေဒနာကို ရှာနေသူ ဖြစ်ပါသည် အရှင်။ မျက်ရည်ကို အဖော်ပြုနေသူပါ အရှင်။ အို… ဝိုင်ကုန်သည်ကြီး၊ ခင်ဗျားရဲ့ ပုလင်းက ကျုပ်ကို ချိုမြိန်စေတယ် ထင်သလား။ ပုလင်းဖင်အောက်အထိ ကျုပ် ဝင်ရှာပြီးပြီ။ ကျုပ် တွေ့တာကတော့ ဝေဒနာတွေရဲ့ မျက်ရည်တွေချည်းပဲ။ သတ္တဝါတိုင်းကို မေတ္တာထားတော် မူသော ဘုရားသခင်က ကျုပ်ကို သနားလိမ့်မယ်။ အရှင်သည်သာ ယောကျာ်း၊ မိန်းမအားလုံး ကို အရာခပ်သိမ်း နားလည်တော်မူတယ်။ အရှင်တဦးတည်းသာ အဆုံးအဖြတ်ပေးတော် မူလိမ့်မယ်။ အဲဒီနေ့ရောက်ရင် အရှင်ကိုယ်တော်တိုင် ရောက်လာပြီး အမေးတော် ရှိလိမ့်မယ်။ “သွေးသားမစပ်တဲ့ ကလေးများအတွက် သိက္ခာမရှိသော ရောဂါသည် မိထွေးနဲ့ ဘဝ ပေးထားတဲ့ သမီးကလေး ဘယ်မလဲ။ လူဆိုး လူမိုက် ဖအေ ယစ်ထုပ်ကို ကိုးကွယ်တဲ့ သမီးလေးလေ’၊ ပြီးတော့ **ကိုယ်တော် ဆက်ပြောလိမ့်မယ်**၊ “ဒီမယ် သားတော်၊ သင့်ကို ငါ တချိန်က ခွင့်လွှတ် သနားခဲ့ပြီးပြီ။ ခုလည်း သင်၏ မကောင်းမှု ဒုစရိုက်များစွာအတွက် ငါ ခွင့်လွှတ်တော်မူတယ်။ ဘာကြောင့်လဲဆိုတော့ သင့်မှာ မေတ္တာတရား များစွာ ရှိနေလို့ပဲ’ ပြီးတော့ ဘုရားသခင်ဟာ သမီးကလေး ဆွန်ညာ့ကိုလည်း ခွင့်လွှတ်တော်မူလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ အရှင် ခွင့်လွှတ်မှာပါ။ ဒီနေ့ သူနဲ့ တွေ့ခဲ့တော့ သူကလေး ခွင့်လွှတ်ခြင်း ကို ခံယူရလိမ့်မယ်လို့ ကျုပ် ရင်ထဲက သိနေတယ်။ ပြီးတော့ အရှင်က အားလုံးကို အဆုံး အဖြတ်ပေးပြီး ခွင့်လွှတ်တော်မူလိမ့်မယ်။ အယုတ် အလတ် အမြတ်မရွေး ခွင့်လွှတ်တော်မူ လိမ့်မယ်။ အားလုံးပြီးမှ ကျုပ်တို့ကို ခေါ်လိမ့်မယ်။ ‘မင်းတို့လည်း လာကြ၊ ရှေ့တိုး လာခဲ့ကြ စမ်း။ ငမူးတွေ၊ သြော်… အားနည်းရှာတဲ့ ငါ့ကလေးတွေ၊ အရှက်မရှိတဲ့ ကလေးတွေ' အဲဒီမှာ ကျုပ်တို့ ရှေ့တိုးသွားကြရမယ်။ အရှက်မရှိ ရှေ့တိုးကြမယ်။ ပြီးတော့ တန်းစီ ရပ်ကြမယ်။ အဲဒီအခါ အရှင်က မိန့်လိမ့်မယ်။ ‘သင်တို့ကား စက်ဆုပ်ရွံရှာဖွယ် အတိပါကလား။ တိရစ္ဆာန် ရုပ်အသွင်နဲ့ ဖုံမျက်နှာနဲ့ လာ… လာ… သင်လည်း လာ' အဲဒီအခါ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ သာဝကတယောက်က လျှောက်ထားမယ်။ ‘အို… အရှင်၊ ဘယ်အတွက်

သည်ကလေကလွင့် တွေကို လက်ခံတွေ့ဆုံတာပါလဲ အရှင်' အဲဒီအခါ ဘုရားသခင်က မိန့်တော်မူမယ်။ "သင် သာဝက၊ ငါ သူတို့ကို လက်ခံတွေ့ဆုံတယ်။ သူတို့ဟာ ဒီလိုအခွင့်အရေးမျိုးကို ရလိမ့်မယ်လို့ တစ်ယောက်မှ မမျှော်လင့်ခဲ့ကြဘူး'။

"ပြောပြီး အရှင်ဟာ သူ့ရဲ့ လက်တော်တွေကို ကျုပ်တို့ဆီကို ဆန့်တန်းလိုက်လိမ့် မယ်။ အဲဒီအချိန်မှာ ကျုပ်တို့ အားလုံး အရှင့်ရဲ့ ခြေတော်ရင်းမှာ ပျပ်ဝပ်စင်းစင်း ဦးခိုက်ကာ ငိုကြွေးကြလိမ့်မယ်။ တချိန်တည်းမှာ အသံတွေ ဝင်လာကြလိမ့်မယ်။ အဲဒီအချိန်မှာ လူတိုင်း ဟာ အားလုံးကို နားလည်သွားကြလိမ့်မယ်။ အဲဒီလို နားလည်လာတဲ့ အထဲမှာ ကက်တာရီးနာ အီဗန်နိုဗာလည်း ပါလိမ့်မယ်။

"အို… အရှင်… အရှင်၏ မေတ္တာနယ်ပယ်ထဲကို[9]"…

ပြောရင်း သူ ခုံတန်းပေါ်ခွေကျသွားသည်။ ဘယ်သူ့ကိုမှ သူ သတိမရတော့။ သို့သော် ဆက်တွေးနေပုံရသည်။ သူ ပြောသော စကား၊ သူ ဟောသော တရားများသည် တဒင်္ဂတော့ ပရိသတ်ကို ဖမ်းစားနိုင်သည်။ သို့သော် ရေပွက်ပမာမျှသာ။ ခဏနေတော့ အော်သံတွေ လှောင်သံတွေ၊ ဟားသံတွေ ပေါ်လာပြန်သည်။

"နားထောင်လို့ ကောင်းတယ်ဗျို့"

"ဘာတွေမှန်းလည်း မသိဘူး"

"တကယ့် နိုင်ငံ့ဝန်ထမ်းတယောက်ပဲ။ မှတ်လောက် သားလောက်ပါပေတယ်" စသည် စသည်။

မာမီလာဒေါ့ဗ်က ခေါင်းထောင်လာပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြောသည်။

"ကိုရင်လေး… ကျုပ်ကို ကိုဇယ်ရဲ့ အိမ်ကို ပို့ပေးပါ။ ဟောဒီကွက်လပ်ကို ဖြတ် သွားရင် ရောက်ပါပြီ။ ကျုပ် ကက်တာရီးနာဆီ သွားဖို့ အချိန်တန်ပြီ"

ရပ်စ်ကိုလ်နီကော့ဗ် ပြန်ချင်နေသည်မှာ ကြာပြီ။ မာမီလာဒေါ့ဗ်ကို ပြန်ပို့ဖို့လည်း စိတ်ကူးပြီးသား။ သူအာသွက်နေသော်လည်း သူ့ခြေထောက်များက နွေးကွေး လေးလံနေပြီး လူရွယ်ကို သူမှီတွဲ လိုက်လာခဲ့သည်။ သူတို့ သွားရမည့် ခရီးမှာ ခြေလှမ်းနှစ်ရာ၊ သုံးရာလောက် ရှိမည်။ အိမ်နှင့် နီးလာလေ အမူးသမား မာမီလာဒေါ့ဗ် ဣန္ဒြေပျက်လာလေ ဖြစ်လာသည်။

သူ စိတ်မသက်မသာဖြင့် ပြောသည်။

"ကျုပ် ကြောက်တာ ကက်တာရီးနာအီဗန်နိုဗာ မဟုတ်ဘူးဗျ။ သူ ကျုပ်ဆံပင်ကို ဆွဲမှာ နုတ်မှာ မဟုတ်တော့ပါဘူး။ ဆံပင်ကို ထားလိုက်ပါဗျာ။ ဆံပင်က အဓိပ္ပာယ် မရှိပါဘူး။ ဒါပေမဲ့ ကျုပ်ပြောမယ် ကိုရင်လေး။ သူ့မျက်လုံးတွေကို ကျုပ် ကြောက်တာဗျ။ သူ့အကြည့် ကိုကြောက်တာ။ သူ့ပါးပြင်ပေါ်မှာ အနီကွက် ထလာမှာလည်း ကျုပ် ကြောက်တယ် ကိုရင်လေး။

ကိုရင်လေး တွေ့ဖူးလား။ လူတွေ အဖျားဝင်လာရင် အပူငွေ့တွေ မှုတ်ထုတ်ပြီး စိတ်တွေ ကြွလာတာလေ။ အဲ… ကလေးငိုသံတွေကိုလည်း ကျုပ် ကြောက်တယ် ကိုရင်လေး။ ဆွန်ညာ က သူတို့ကို ထမင်းမကျွေးရင် ဘာတွေကျွေးလဲ ကျုပ် မသိပါဘူး။ အဲ… ကျုပ် အရိုက်ခံရမှာ မကြောက်ဘူးဗျ။ ဒီမယ် ကိုရင်လေး၊ ကျုပ်ကို ရိုက်ရင် နာတော့ နာတယ်၊ ဒါပေမဲ့ ကျုပ် ပျော်တယ်ဗျ။ အသားမနာရင် ကျုပ် အစွမ်းအစ မရှိဘူးဗျ။ မိန်းမ ကြိုက်သလောက် ရိုက်ပါစေ။ ဒါမှ သူ စိတ်ချမ်းသာတာဗျ။ ဟော… ရောက်ပြီ။ အဲဒါ ကိုဇယ့်အိမ်ပဲ။ ဂျာမန် သေ့ပြင်ဆရာ ပေါ့။ လူချမ်းသာနော်။ ကဲ… ကျုပ်ကို အိမ်ထဲထိ ပို့ပေးဗျာ"

သူတို့နှစ်ယောက် ဝင်းထဲ ဝင်လာခဲ့ပြီး လေးထပ်ကို တက်လာခဲ့ကြသည်။ အပေါ် ရောက်လေ လှေကားတွေက မှောင်လေ ဖြစ်လာသည်။ အချိန်မှာ ညဆယ့်တနာရီ မထိုးသေးပေ။ သို့သော် ပီတာစဘတ်တွင် မိုးမချုပ်သေး။ သို့သော် အပေါ်ဆုံးထပ် ရောက်သည့် အခါ မှောင်မည်းနေသည်။

အပေါ်ဆုံးထပ် ရောက်တော့ အမှောင်ကို ကျပ်ခိုးမှိုင်းတွေ အားဖြည့်ထားသည့် လှေကားထိပ်ကို ရောက်သည်။ အခန်းတိုင်းတွင် လူဆင်းရဲတွေ နေကြပုံရသည်။ ဖယောင်းတိုင် မီးကလေးတွေ မှိတ်တုတ်မှိတ်တုတ်နှင့်။ ဆယ်လှမ်းလောက်တွင် တံခါးတပေါက်စီ ရှိနေမှန်း လှေကားထိပ်က လှမ်းမြင်နေရသည်။ အခန်းတွေက စုတ်စုတ်ပြတ်ပြတ်။ ကလေး တွေက စကြံမှာ ထွက်ဆော့နေကြသည်။ တံခါးဝတိုင်းမှ ခန်းဆီးတွေကလည်း စုတ်စုတ် ပြတ်ပြတ်။ ခန်းဆီး နောက်ကွယ်တွင် အိပ်ရာခုတင် ရှိပုံရသည်။

မာမီလာဒေါ့ဗ်၏ အခန်းမှာ အလားတူ အခန်းမျိုး ဖြစ်သည်။ အခန်းထဲတွင် ကုလားထိုင် နှစ်လုံး ရှိသည်။ ဖယောင်းပုဆိုး အုပ်ထားသည့် ဆိုဖာအစုတ်တလုံး ရှိသည်။ ရှေ့တွင် ခွေးခြေတလုံးနှင့် သစ်သားစားပွဲကြမ်းတလုံး။ စားပွဲစွန်းတွင် သံကြွပ် ဖယောင်း ခွက်တခု ရှိသည်။ ခွက်ထဲတွင် ဖယောင်းတိုင် အတိုတချောင်း မီးတောက်နေသည်။ ဝရန်တာ တွင် လူတွေ ဖြတ်သွားနေကြပြီး သူ့အခန်းမှာ ထောင့်ခန်း ဖြစ်သော်လည်း သီးခြား အခန်း တခန်း ဖြစ်သည်။ အခန်းရှင် အေမာလီယာက သူ့အခန်းကို သံဆန်ခါ ခြားထားသည်။ တံခါး ကို ခပ်ဟဟ ဖွင့်ထားသည်။ တဆက်တည်းတွင် အခန်းတွေ အများကြီး ကန့်ထားသည်။ အခန်းတိုင်းမှ ဆူဆူညံညံ အသံတွေ ထွက်နေသည်။ အော်ဟစ် ရယ်မောသံတွေ

ညံ့နေသည်။ ဖဲဝိုင်း၊ လက်ဖက်ရည်ဝိုင်းမှ အသံတွေလည်း ရောနှော ပျံ့လွင့်နေ၏။ နားမခံသာသည့် မကြားဝံ့ မနာသာ စကားလုံးများလည်း ပါ၏။

အမျိုးသမီးကို မြင်လိုက်ကတည်းက ကက်တာရီးနားအီဗန်နိုဗာမှန်း သိလိုက်သည်။ အဝတ်အစားတွေ စုတ်ပြတ်နေသော်လည်း ကိုယ်လုံးကိုယ်ပေါက် လှသည်။ အရပ် အမောင်း ကောင်းကောင်းနှင့်။ ဆံပင်က အညိုရောင်။ ပါးနှစ်ဖက်တွင် အနီအစက်အပြောက် ကလေးများက မြင်သာနေသည်။ ချောတော့ ချောတုန်းပင်။ လက်ပိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက်။ အသက်ရှူပုံက မြန်နေသည်။ နေကောင်းပုံ မရ။ အဖျားရှိန်ကြောင့် မျက်လုံးများ နီမြန်းနေသော်လည်း အကြည့်က စူးရှသည်။ ကုန်လုလု ဖယောင်းတိုင်မီးတွင် အရောင်တဖျပ်ဖျပ်။ ရောဂါသည် ပုံပေါက်နေသည့်မျက်နှာတွင် ဝေဒနာနှင့် သောကရိပ်လွှမ်းနေသည်။ရပ်စ်ကိုလ်နီကော့ဗ်က အမျိုးသမီး၏အသက်ကို မှန်းကြည့်လိုက်သည်။ သုံးဆယ်စွန်းပုံ မရသေး။ မာမီလာဒေါ့ဗ်နှင့် လုံးဝ လိုက်ဖက်သည့် အရွယ်မျိုး၊ ရုပ်ရည်မျိုး မဟုတ်။ သူတို့နှစ်ယောက် ဝင်လာမှန်း အမျိုးသမီး လုံးဝ သတိထားမိပုံ မရ။ မြင်ပုံလည်း မရ။ ကြားပုံလည်း မပေါ်။ အာရုံတခုခုတွင် နစ်မျော နေဟန် ရှိသည်။ အခန်းထဲတွင် ရှုပ်ပွနေသော်လည်း ပြတင်းပေါက်ကို ပိတ်ထားသည်။ လှေကားမှ တက်လာသည့် အနံ့အသက်မှာ ဆိုးရွားလှသော်လည်း အိမ်ရှေ့တံခါးကို ဖွင့်ထားသည်။ အတွင်းဘက် အခန်းများမှ ဆေးရွက်ကြီးနံ့ လှိုင်ထွက်နေသည်။ ချောင်းတဟွပ်ဟွပ် ဆိုးနေသော်လည်း တံခါးမပိတ်။ အငယ်ဆုံး ခြောက်နှစ်သမီး အရွယ်ကလေးက ဆိုဖာပေါ် ခေါင်းတင်ပြီး ထိုင်လျက်သား အိပ်ပျော်နေသည်။ သူ့ထက် တနှစ်လောက် ကြီးမည့် ယောက်ျား လေးတယောက်က အခန်းထောင့်တွင် ရပ်ကာ တဆတ်ဆတ် တုန်နေသည်။ အရိုက်ခံထား ရပုံ ရ၏။ ကိုးနှစ်သမီးအရွယ် အကြီးဆုံးမကလေးက မီးခြစ်ဆံတချောင်းလို ပိန်ရှည်ရှည်။ ဝတ်ထားတဲ့ အင်္ကျီကလေးကလည်း နွမ်းနွမ်းပါးပါး။ အနားတွေ ဖွာလန်ကျဲ နေသည့်ဖလန်နယ် အဟောင်းကလေးကို ပခုံးပေါ်တင်လို့။ သူ့မောင်လေးကို အရိုးပြိုင်းပြိုင်း ကျနေသည့် လက် ကလေးနှင့် သိုင်းဖက်ထားသည်။ တိုးတိုး တိုးတိုးနှင့် ချော့မော့နေပုံ ရ၏။ တချိန်တည်းတွင် ထိတ်လန့် ကြောက်ရွံ့နေသည့် ရောမ မျက်လုံးရွဲကြီးများဖြင့် မအေကို လှမ်းကြည့်နေသည်။ မာမီလာဒေါ့ဗ်က အခန်းဝတွင် ဒူးထောက် ထိုင်ချလိုက်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို အခန်းထဲ တွန်းပို့လိုက်သည်။ အမျိုးသမီးက လူစိမ်းကို ကြည့်ပြီး အူကြောင်ကြောင်နှင့် မျက်နှာချင်း ဆိုင် ရပ်လိုက်သည်။ ပထမတော့ အခန်းမှား ဝင်လာသည် ထင်ပြီး ကြောင်နေရာမှ အခန်းဝ တွင် ဒူးထောက်လျက်သား ထိုင်နေသော အိမ်ဦးနတ် ကို လှမ်းမြင်လိုက်သည်။ သည်တော့မှ ဒေါသတကြီး လှမ်းအော်သည်။

“ဩော်... ပြန်ရောက်လာပြီကိုး။ ကလေကချေ ပေါက်လွှတ်ပဲစား၊ ဘယ်မှာလဲ ပိုက်ဆံ၊ ပြန်ပေး။ ပြစမ်း၊ အိတ်ကပ်ထဲက ရှိတာ ထုတ်။ ဩော်... ငါ့နှယ်၊ ဘယ်က အဝတ်တွေ ကောက်ဝတ်လာတာလဲ။ ရှင့်အဝတ်တွေ ဘယ်ရောက်ကုန်လဲ။ ပိုက်ဆံတွေကော၊ ပြောလေ”

အမျိုးသမီးက သူ့အိတ်တွေ နှိုက်ရှာသည်။ မာမီလာဒေါ့ဗ်က လက်နှစ်ဖက် ဆန့်ပေး ပြီး ကျိုးနွံစွာ အရှာခံသည်။ တပြားမှ မတွေ့။ သည်တော့ အော်မေးပြန်သည်။

“ဘယ်ရောက်ကုန်လဲ၊ ပြောလေ။ အို... ဘုရားသခင်၊ အကုန်သောက်လိုက်ပြီပေါ့ ဟုတ်လား။ ဆယ့်နှစ် ရူဘယ်လုံး ရှင် အရည်ဖျော်ခဲ့ပြီပေါ့၊ ဟုတ်လား''

ပြောပြီး ဒေါသတကြီး သူ့ဆံပင်ကို ဆောင့်ဆွဲကာ တရွတ်ဆွဲ သွားတော့သည်။ မာမီလာဒေါ့ဗ် လေးဖက်ထောက် ပါသွားသည်။

“ကောင်းတယ်... ငါ ပျော်တယ်၊ ငါ မနာဘူး။ ကိုရင်လေးရေ၊ ကျုပ် ပျော်နေ တယ်ဗျ။ ပျော်... နေ... တယ်... ကိုရင်လေး... ရေ...”

အော်နေရင်း သူ့နဖူးနှင့် ကြမ်းပြင် ဒိုင်းခနဲ ဆောင့်မိသည်။ အိပ်ပျော်နေသည့် အငယ်လေး ထအော်ငိုသည်။ အခန်းထောင့်တွင် ရပ်နေသည့် ကောင်လေး တဆတ်ဆတ် တုန်နေသည်။ ပြီးမှ အသားကုန်အော်ပြီး သူ့အစ်မ ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ အကြီးမ လေးလည်း သိမ့်သိမ့်တုန်နေသည်။ သစ်ရွက်တရွက်လို လှုပ်နေသည်။

အမျိုးသမီးက သနားစဖွယ် အော်မေးနေသည်။

“ဟုတ်လား၊ ရှင် အကုန် သောက်ပစ်ခဲ့ပြီပေါ့။ ဘယ်က အဝတ်တွေ ကောက်ဝတ် လာတာလဲ၊ ဟိုမှာကြည့်စမ်း၊ သူတို့အားလုံး ဆာလွန်းလို့ (ကလေးတွေကို လက်ညှိုးထိုး ပြောခြင်း ဖြစ်သည်) သေတော့မယ်။ ရှင် မရှက်ဘူးလား၊ အမယ်လေး... ဘယ်လို ဘဝပါ လိမ့်တော်”

ရုတ်တရက် ရပ်စ်ကိုလ်နီကော့ဗ်ကို သတိရပြီး-

“ဩော်.... ရှင်နဲ့ အတူတူ သောက်လာကြတာပေါ့လေ။ ဟုတ်လား၊ သွား... ခု ထွက်သွား”

ရပ်စ်ကိုလ်နီကော့ဗ် တခွန်းမှ မတုံ့ပြန်တော့ဘဲ တချိုးတည်း လစ်ဖို့ စိတ်ကူးလိုက်သည်။ အခန်းတိုင်း တံခါးတွေ ပွင့်လာပြီး ဝိုင်းကြည့်နေကြသည်။

ပမာမခန့် ခေါင်းပြူ ကြည့်နေသူများ။ သရော်လှောင်ပြောင်နေသည့် ဦးခေါင်းများ။ အချို့က စီးကရက် ခဲလျက်။ အချို့က ဆေးတံနှင့်။ အချို့က ဦးထုပ်ပျော့ကလေးများ ဆောင်းလျက်။ အလုအယက် ခေါင်းပြူ ကြည့်နေကြသည်။ အချို့က လက်ထဲတွင် ဖဲချပ်တွေ ကိုင်လျက်။ အချို့က အဝတ် တွေ ဖိုသီဖတ်သီနှင့်။ မိန်းမက ယောက်ျားဆံပင် ဆွဲခေါ်သွားသည့် မြင်ကွင်းကို သူတို့ သဘောကျပြီး ဝမ်းသာအားရ အော်ဟစ် ကောင်းချီးပေးကြသည်။ မာမီလာဒေါ့ဗ်ကလည်း သူ ပျော်နေကြောင်း အော်ပြောနေဆဲ။ ဆူဆူညံညံ အသံတွေကို ဝင်ထိန်းလိုက်သူမှာ အခန်းရှင် အေမာလီယာ ဖြစ်သည်။ အတင်းတိုးဖွေ့ဝင်လာပြီး ထုံးစံအတိုင်း အကြိမ်တရာမြောက် အော်ဟစ် ခြိမ်းခြောက်တော့သည်။ မနက်ဖြန် အိမ်ပေါ်က ဆင်းပေးရမည် ဖြစ်ကြောင်း ရာဇသံပေးခြင်း ဖြစ်သည်။ အခန်းထဲမှ ထွက်မည့်ဆဲဆဲ ဖြစ်နေသော ရပ်စ်ကိုလ်နီကော့ဗ် အမှတ်မထင် အိတ်ထဲ နှိုက်လိုက်သည်။ အကြွေ တဆုပ် ပါလာ၏။ ဘယ်သူမှ မမြင်အောင် ပြတင်းပေါက်ပေါင်ပေါ် တင်ပြီး လစ်ထွက်လာခဲ့သည်။ လမ်းရောက်မှ ပြန်တွေးကြည့်ပြီး တနုံ့နုံ့ ဖြစ်နေသည်။

"တော်တော်တုံးတဲ့ ငါပါလား။ သူတို့မှာ ရှာကျွေးနေတဲ့ ဆွန်ညာ ရှိသားပဲ။ ငါကိုယ်တိုင်လည်း ငတ်နေတဲ့ ကောင်ပဲ။ ဘာလို့ ပေးခဲ့ရမှာလဲ'

သွားပြီ။ ပြန်ယူလို့လည်း မဖြစ်တော့။ လေထဲတွင် လက်ဖွေ့ယမ်းလိုက်ပြီး အခန်း ကို ပြန်လာခဲ့သည်။ ဒုတိယအတွေး ဝင်လာပြန်သည်။

"ဆွန်ညာလည်း ဆီမွှေးကလေး ဘာလေးဝယ်ဖို့ လိုဦးမှာပေါ့။ သည်လို သန့်သန့် ပြန့်ပြန့် နေဖို့ကလည်း ပိုက်ဆံလိုသေးတာပဲ။ ဩော်... ဆွန်နက်ချ်ကာ၊ ဆွန်နက်ချ်ကာ၊ ဒီနေ့ ငွေရှာလို့ ရပါ့မလား မသိဘူး။ အန္တရာယ်များတဲ့ အလုပ်ပဲ။ ရွှေရှာတဲ့ လူတွေလို နေမှာ ပေါ့။ ငါသာ ပိုက်ဆံ မထားခဲ့ရင် မနက်ဖြန် သူတို့ ထမင်းရည် သောက်နေကြရတော့မယ် ထင်တယ်။ ချီးကျူးပါတယ် ဆွန်ညာ။ မင်း ရှိနေလို့ သူတို့ ကံကောင်းနေတာပေါ့။ မင်း ရှာပေးတဲ့ငွေနဲ့ သူတို့ အသက်ဆက်နေကြတယ်နော်။ အဲဒါ တကယ်နော်။ အေးလေ၊ ကြာ တော့လည်း အကျင့်ဖြစ်သွားတာ နေမှာပေါ့။ ခဏတော့ ငိုကြမယ်၊ ပြီးတော့ ကျင့်သားရ သွားကြမယ်။ လူဆိုတာ ဘာကိုပဲဖြစ်ဖြစ် ကျင့်သား ရသွားတာချည်းပါပဲ။ တော်တော် ဆိုးဝါးပါကလား"

သူ ဆက်တွေးသွားသည်။ သူ့ကိုယ်သူ သတိမထားမိဘဲ ဆက်ပြောနေပြန်သည်။ "အဲဒီလို မဟုတ်ဘူး ဆိုရင်ကော၊ လူဟာ ဆိုးသွမ်းတဲ့ သတ္တဝါ မဟုတ်ဘူး ဆိုရင်ကော။ ဒါဆို လူ့မျိုးနွယ် တစုလုံးအတွက် စဉ်းစားရမှာပေါ့။ ဒါဆို ကျန်တာတွေက အာဃာတ အခြေပြုတွေပေါ့။ ကြောက်ရွံ့ခြင်း အခြေပြု သဘောတရားတွေပေါ့။ ဒါဆို အခက်အခဲ ဘာမှ မရှိတော့ဘူးပေါ့။ ဒီလိုပဲ ဖြစ်သင့်တာလေ"

※※※

နောက်နေ့ကျတော့ နေမြင့်မှ နိုးလာသည်။ ညက တော်တော်နှင့် အိပ်မပျော်။ အိပ်ပျော် သွားတော့လည်း နှစ်နှစ်ခြိုက်ခြိုက် မဟုတ်။ နိုးလာတော့ စိတ်တိုချင်နေသည်။ ဘာကိုမှ အလိုမကျ ဖြစ်နေသည်။ အခန်းကျဉ်းကလေးထဲကို စိတ်ဆိုးမာန်ဆိုး ဝေ့ကြည့်လိုက်သည်။ ဗီရိုသာသာ အခန်းကျဉ်းကလေး။ တဖက်နံရံနှင့် တဖက်နံရံကို ခြောက်လှမ်းသာ လှမ်းရသည်။ နံရံပတ်ပတ်လည်တွင် ကပ်ထားသော စက္ကူတွေမှာ ဝါကြန့်ကြန့် ဖြစ်နေပြီ။ မျက်နှာ ကြက်က ခေါင်းနှင့်လွတ်ရုံကလေး။ ပရိဘောဂနှင့် အခန်းမှာ အတိအကျလို ဖြစ်နေသည်။ ပြင်လို့ မရနိုင်လောက်အောင် အခြေအနေ ဆိုးနေသည့် ကုလားထိုင်ဟောင်း သုံးလုံး။ အခန်းထောင့်တွင် ဆေးသုတ်ထားသည့် စားပွဲတလုံး။ စားပွဲပေါ်တွင် စာအုပ်တွေ အထပ် လိုက်။ (ဖုန်တွေ ထုတက်နေသည်။ ယူမဖတ်တာ ကြာပြီဖြစ်ကြောင်း သိသာနေသည်) ပြီးတော့ ပုံဆိုးပန်းဆိုး ဆိုဖာခုံကြီးက နံရံတဖက်လုံးနီးပါးကို နေရာယူထားသည်။ ပွင့်ရိုက်ကျောမှီ အဖုံးမှာ ဖြူဖျော့လွင့်ပြယ်နေပြီ။ စုတ်ပြတ်နေပြီ။ သည်ဆိုဖာသည် သူ့အိပ်ရာလည်း ဖြစ်သည်။ ရံခါတွင် သည်ဆိုဖာကြီးပေါ် ပစ်လှဲပြီး အဝတ်မလဲဘဲ အိပ်တတ်သည်။ သူ့မှာ စောင်မရှိ၊ ကျောင်းသားဘဝ လက်ကျန် စုတ်ပြဲနေသည့် ကုတ်အင်္ကျီရှည်ကြီးကို ခြုံအိပ်တတ်သည်။ ခေါင်းအုံး သေးသေးကလေးတလုံးကို အုံးအိပ်သည်။ လျှော်ထားသည့် အဝတ် ရှိလျှင် ပြန့်သွားအောင် ခေါင်းအုံးအောက်တွင် ထားအိပ်သည်။ ဆိုဖာရှေ့တွင် စားပွဲကလေးတလုံး ရှိသည်။ အခန်းကို ကြည့်ရသည်မှာ လုံးဝ ကြည့်ပျော်ရှုပျော် မရှိ။ သို့သော် ရပ်စ်ကိုလ် နီကောဗ်က ပျော်နေသည်။ သည်အတိုင်း နေရတာကို သဘောကျနေသည်။ သူသည် ဥခွံ တခုထဲကို ဝင်ပုန်းနေသူ ဖြစ်သည်။ အိမ်ဖော်အမျိုးသမီးကြီး နာတာရှာက သူ့ဝေယျာဝစ္စ လုပ်ပေးသည်။ နာတာရှာက သူ့အခန်းကို မကြာမကြာ လှမ်းကြည့်ပြီး နားပူနားဆာ လုပ်တတ်သည်။ အိမ်ရှင်က သူ့ကို ထမင်းမကျွေးသည်မှာ နှစ်ပတ် ရှိပြီ။ သို့သော် သူ စောဒက မတက်။ သွားပြီး ဆွေးနွေးဖို့ စိတ်မကူး။ နာတာရှာက အိမ်ရှင်၏ ထမင်းချက်၊ အစေခံ ဖြစ်သည်။ သူကလည်း သူ့အခန်းကို ပုံမှန် တံမြက်စည်း ဝင်မလှည်းတော့။ သန့်ရှင်းရေးလည်း လုပ်မပေးတော့။ စိတ်ကူးပေါက်လျှင် တပတ်တခါလောက် လုပ်ပေးသည်။ သည်နေ့မနက် တံမြက်စည်း တချောင်းနှင့် ဝင်လာပြီး သူ့ကို နှိုးခြင်းဖြစ်သည်။

"တော်ပြီ၊ ထတော့လေ။ ဘယ်အချိန် ရှိပြီလဲ။ ကိုးနာရီ ထိုးပြီရှင့်။ ဒီမှာ လက်ဖက်ရည် ယူလာတယ်။ သောက်မယ် မဟုတ်လား"

လူရွယ်က အိပ်ချင်မူးတူးနှင့် မျက်စိဖွင့်ကြည့်သည်။

နာတာရှာကို မြင်တော့ ဆိုဖာပေါ် တံတောင်ဆစ်ထောက်၊ ခေါင်းထူပြီး-

“အိမ်ရှင်ပို့တဲ့ လက်ဖက်ရည်လား”

နာတာရှာက အက်နေသည့် လက်ဖက်ရည်အိုးကို သူ့ရှေ့ချပေးသည်။ လက်ဖက်ခြောက် အဟောင်းတွေကို ပြန်နှပ်ထားသည့် လက်ဖက်ရည်အိုး။ အဝါရောင် သကြားခဲက နှစ်ခဲ။

“ဘာ… အိမ်ရှင်ပို့ခိုင်းတာ၊ ဟုတ်လား။ ပို့ပါလိမ့်မယ် အားကြီး”

“ကဲပါ… နာတာရှာ၊ ရော့ ယူ”

သူက အိတ်ကပ်ထဲ နှိုက်ပြီး အကြွေတဆုပ် ယူလိုက်သည်။

“ပေါင်မုန့်တလုံးနဲ့ ဝက်အူချောင်း နည်းနည်းဝယ်ပေးဗျာ။ ဝက်သားဆိုင် သွား၊ ဈေးအပေါဆုံး ဝက်အူချောင်း ဝယ်ခဲ့”

ပေါင်မုန့်ပဲ ဝယ်ပါ။ ဘာလို့ အပေါစား ဝက်အူချောင်း စားမှာလဲ။ ကျုပ် ဂေါ်ဖီထုပ် စွပ်ပြုတ် ူလာပေးပါ့မယ် တော်။ မနေ့က ပြုတ်ထားတာ။ ကောင်းမှကောင်း၊ တော်က ပြန်မှ မလာဘဲ”

နာတာရှာ စားစရာတွေနှင့် ပြန်ရောက်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ် စ,စားသည်။ နာတာရှာသည် တောသူမကြီး ဖြစ်သည်။ စကား အလွန်များသည်။

“ပရာစကိုဗယာပါဗလိုနာက တော့်ကို ရဲတိုင်မလို့ တဲ့"

ရပ်စ်ကိုလ်နီကော့ဗ် မျက်ခုံးပင့်လိုက်သည်။

“ဗျာ… ရဲတိုင်မယ်၊ ဘာအတွက်လဲ”

“တော်က အိမ်လခလည်း မပေးဘူး။ ဆင်းလည်း မပေးဘူးတဲ့။ ဘာအတွက် ရမလဲ၊ အဲဒါ အတွက်ပေါ့"

သူက အံကြိတ်လိုက်ပြီး-

“ဟာ… သေတော့မှာပဲ။ ဒါလောက်မှ မစောင့်နိုင်ဘူးလား။ တော်တော်အသုံးမကျ တဲ့ မိန်းမကြီးပဲ။ ဒီနေ့ သွားတွေ့ပြီး ပြောမယ်"

“အသုံးမကျတာတော့ပြောမနေနဲ့။ ကျုပ်လည်းအသုံးမကျပါဘူး။ တော်ကကော ဘာထူးလို့တုံး။ ဂျုံအိတ်ကြီး ပစ်ချထားလိုက်သလို အိပ်နေပြီးတော့၊ အရင်တုန်းက ကလေး တွေကို စာသင်ပေးတယ်ဆို။ အဲဒါမျိုး ခုလုပ်ပါလား”

"လုပ်နေတာပဲဗျ"

ရပ်စ်ကိုလ်နီကော့ဗ် ကျွဲမြီးတိုတိုနှင့် ပြန်ပြောလိုက်သည်။

"ဘာလုပ်တာလဲ"

"အလုပ် လုပ်တာပေါ့ဗျာ"

"ဘာအလုပ်လဲ မေးနေတာ"

"ကျွန်တော် စဉ်းစားနေတုန်းပဲ"

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ဆိုင်းဆိုင်းနှင့် အလေးအနက် ပြန်ဖြေသည်။

နာတာရှာက ရယ်ချပစ်လိုက်သည်။ သူက အရယ်သန်သူ၊ ရယ်စရာရှိလျှင် တကိုယ်လုံး တုန်ခါပြီး အူတက်မတတ် ရယ်တတ်သည်။

နောက်ဆုံးမှ အရယ်ရပ်ပြီး -

"ပိုက်ဆံတွေ အများကြီး ရတော့မယ် ဆိုပြီး စိတ်ကူးယဉ်နေတယ်ပေါ့၊ ဟုတ်လား"

"ဖိနပ်မပါဘဲကလေးတွေကိုစာသွားသင်လို့မရဘူးဗျ။ကျွန်တော် ကျိန်ပြောရဲတယ်"

"ကျိန်တော့ မကျိန်ပါနဲ့တော်"

သူ့အတွေးထဲမှ မေးခွန်းတွေကို သူ့ဘာသာသူ ဖြေနေဟန်ဖြင့် -

"ကလေးတွေအတွက် ပိုက်ဆံ ထားခဲ့တာကတော့ ဟုတ်ပါပြီ။ ဒီအကြွေအနုပ် ကလေးနဲ့ ဘာသွားဝယ်စားလို့ ရမှာလဲ"

"တော်က ငွေအပုံလိုက်ကြီး ရချင်တယ်ပေါ့"

သူက နာတာရှာ့ကို ထူးထူးဆန်းဆန်း ကြည့်လိုက်သည်။

ခဏနေပြီးမှ ပြန်ပြောသည်။ ပြတ်ပြတ်သားသား လေသံဖြင့်-

"ဟုတ်တယ်၊ ငွေတွေ အပုံလိုက်ကြီး လိုချင်တယ်"

"ဟိုး ဆရာလေး၊ အလန့်တကြား၊ အလိုလို လန့်နေရတဲ့အထဲ။ မုန့်တခုလောက် သွားယူလိုက်ဦးမယ် နော်"

“သဘောပဲဗျာ”

“အဲ ..နေဦး၊ တော် အပြင်သွားနေတုန်း စာတစောင် ရောက်လာတယ်”

“ဟုတ်လား၊ ကျွန်တော့်အတွက်လား၊ ဘယ်သူ့ဆီကလဲ”

“အဲဒါတော့ မသိဘူးလေတော်။ ကျုပ် သုံးကိုပက် ပေးပြီး ရွေးထားလိုက်ရတာ။ ပြန်ပေးမယ် မဟုတ်လား"

"ဟာ ...အဲဒါတွေ ထားစမ်းပါဗျာ။ စာမြန်မြန် ယူခဲ့စမ်းပါ။ ဒုက္ခပါပဲ” ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မရှည်စွာ ပြောလိုက်သည်။

ချက်ချင်း စာ ရှေ့ရောက်လာသည်။ အမေ့ဆီမှ စာ။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အမေ့ဆီမှ စာမလာတာ ကြာပြီကော။ ရင်ထဲ တလှပ်လှပ် ဖြစ်နေသည်။

“ကဲ ...နာတာရှာ၊ သွားတော့၊ သွားတော့၊ ရော့ ...ဒီမှာ သုံးကိုပက်၊ တဆိတ် မြန်မြန် ထွက်သွားဗျာ”

စာအိတ်ကိုင်ထားသော သူ့လက်တွေ တဆတ်ဆတ် တုန်နေသည်။ နာတာရှာ့ ရှေ့တွင် ဖွင့်လို့ မဖြစ်။ အမျိုးသမီးကြီး ထွက်သွားသွားချင်း စာအိတ်ကို နမ်းလိုက်သည်။ ပြီးတော့ လက်ရေးနှင့် လိပ်စာကို အကြာကြီး ငေးကြည့်နေသည်။ အမေ့လက်ရေးက သေးသေးလေးနှင့် ခပ်စောင်းစောင်း ဖြစ်သည်။ သူ့ကို စာရေး၊ စာဖတ် သင်ပေးခဲ့သည့် အမေ။ စာအိတ်ကို မဖွင့်သေးဘဲ လမ်းထလျှောက်သည်။ သူ့စိတ်ထဲတွင် တခုခုကို စိုးရိမ်နေသည်။ နောက်ဆုံးကျမှ စာအိတ် ကို ဖွင့်လိုက်သည်။ စာမှာ အထူကြီး ဖြစ်သည်။ အလေးချိန် တအောင်စ နီးပါး ရှိမည်။

မေမေ စာနဲ့ စကားမပြောဖြစ်တာ နှစ်လ ရှိပြီနော်။ အဲဒီအတွက် မေမေ ခံစားရတာတွေ အများကြီးပါ။ အိပ်မပျော်တဲ့ ညတွေလည်း အများကြီးပေါ့။ အဲဒီလို အကြာကြီး အဆက်ပြတ်သွားတဲ့အတွက် သား မေမေ့ကို စိတ်မဆိုးပါ ဘူးနော်။ သားကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ သားသိပါတယ်နော်။ မေမေတို့မှာ… အဲ… မေမေနဲ့ ဒွန်ညာ့မှာ သားကလွဲလို့ ဘယ်သူမှ မရှိဘူးလေ။ သားကလွဲလို့ ယုံကြည်စရာ၊ မျှော်လင့်စရာ ဘယ်သူမှ မရှိဘူး မဟုတ်လား။ ကျောင်း ဆက်မတက်တော့ဘူး ဆိုတာ ကြားရလို့ မေမေ့မှာ ရင်ထုမနာ ဖြစ်လို့ မဆုံးဘူးကွယ်။ မေမေ့ ပင်စင်လစာကလည်း တနှစ်မှ ရှူဘယ် တရာ့နှစ်ဆယ်ပဲ ရတော့ ဘာမှ မဖြစ် လောက်ဘူးလေ။ ဒီတော့ သားဆီ မပို့နိုင်တော့ဘူးပေါ့။ လွန်ခဲ့တဲ့ လေးလက မေမေ ပို့လိုက်တဲ့ ဆယ့်ငါးရှူဘယ်ဟာ သားသိတဲ့အတိုင်း သူများဆီက ချေးပေးလိုက်တာ လေ။ ပင်စင်ကို အပေါင်ထားပြီး ချေးရတာ သားရေ။ ငွေချေးတဲ့လူကမေမေတို့မြို့ကကုန်သည်ကြီးအဖာနာစီအီဗန်နိုဗစ်ချ် ဗာခရူရှင်လေ။ သူက သဘော ကောင်းပါ တယ်၊ သားအဖေရဲ့ သူငယ်ချင်းလေ။ သူ့ကို အကျေဆပ်ပြီးမှ မေမေ ပင်စင်ထုတ်ရမှာမို့ သားဆီပို့ဖို့ ကြာသွားရတာပါကွယ်။ ခုတော့ သားဆီ စို့စို့ပို့ပို့ကလေး ပို့နိုင်တော့မှာပါ။ ရှေ့လျှောက် မေမေတို့ အဆင်ပြေမှာပါ။အခြေအနေ ကောင်းတော့မှာပါ။ သား စဉ်းစားကြည့်စမ်း။ မေမေ အဲဒီ သတင်းကောင်း ပါးချင်လို့ ဒီစာကို အမြန်ဆုံး ရေးလိုက်တာ။ သားရဲ့ ညီမ သမီးလေး ဒွန်ညာလေ၊ မေမေ့ဆီ ပြန်ရောက်နေတာ တလခွဲ ရှိပြီ။ နောက်ကို မေမေတို့ သားအမိ ဘယ်တော့မှ ခွဲမနေရတော့ဘူး၊ သိလား။ ဘုရားသခင် ကျေးဇူးတော်ကြောင့် သူ့ဘဝမုန်တိုင်းထဲကနေ ဝင့်ကျွတ်သွားပြီလေ။ မေမေ ဖြည်းဖြည်းချင်း ရှင်းပြသွားမယ်နော်။ ဒါမှ ဘာလို့ ခုချိန်ထိ သူ့အကြောင်း သား မသိအောင် ဖုံးထားရတယ် ဆိုတာ ဇာတ်ရည်လည်သွားမှာ။

လွန်ခဲ့တဲ့ နှစ်လက ဒွန်ညာတယောက် ဆဗီဒရီဂေးလော့ဗ်အိမ်မှာ ရိုင်းပျ စော်ကားမှုတွေ ခံနေရတာ သား ကြားတဲ့အကြောင်း စာရေးလာသေး တယ်နော်။ အဲဒီ အကြောင်း အကြမ်းဖျင်းဖြစ်ဖြစ် သိချင်ပါတယ်လို့ သား ရေးခဲ့တယ်နော်။ မေမေ ဘယ်လိုလုပ် ရေးနိုင်မလဲ ရောဒ်ယာ၊ မေမေ အမှန်အတိုင်း ရေးလိုက်ရင် သား ချက်ချင်း ပြန်ပြေးချလာမှာ။ မေမေ့ သားအကြောင်း မေမေ သိတယ်လေ။ ညီမလေးကို ထိရင် သား ဘယ်တော့မှ သည်းခံမှာ မဟုတ်ဘူး မဟုတ်လား။ မေမေ ကိုယ်တိုင်လည်း စိတ်ဓာတ်တွေ ကျပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတယ်လေ့။ ပြောရမယ်ဆိုရင် တကယ့်အဖြစ်မှန်က ဘာလဲဆိုတာ မေမေ ကိုယ်တိုင်လည်း အပြည့်အစုံ မသိဘူးလေ။ အဓိကပြဿနာက သူတို့ အိမ်မှာ ဒွန်ညာက ကလေးထိန်း၊ စာပြဆရာမအဖြစ် စ,ဝင်အလုပ်လုပ်ကတည်းက ကြိုတင်ငွေ ရှူဘယ်တရာ ယူလိုက်ရတယ်လေ။ လခထဲက တဖြည်းဖြည်း ပြန်ဖြတ်မယ်ပေါ့။ အဲဒီအကြွေး မကျေမချင်း အလုပ်ထွက်လို့ မရအောင် လုပ်တဲ့ သဘောပါပဲ။ အဲဒီ ပိုက်ဆံဟာ (မေမေ့အချစ်ဆုံး ရော့ဒ်ယာရေ၊ ခုတော့ အားလုံး မေမေ ဖွင့်ပြောနိုင်ပါပြီ) သားဆီ ပို့ပေးဖို့ပါ။ အဲဒီတုန်းကတော့ ပိုက်ဆံ သိပ်လိုနေတယ်လေ။ မနှစ်တုန်းက သားဆီ ပို့ပေးတဲ့ ပိုက်ဆံပေါ့။ အဲဒီတုန်းက သားကို

မေမေတို့ လိမ်ထားခဲ့ကြတယ်။ ဒွန်နက်ချ်ကာ (ဒွန်ညာ) စုထားတဲ့ ပိုက်ဆံပါလို့ ပြောခဲ့တယ်လေ။ ခုတော့ အမှန်အတိုင်း မေမေ ဖွင့်ပြောပါတော့ မယ်။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် မေမေတို့ ဘဝအထွေထွေ ပြေလည်လာပါပြီ။ သားညီမလေးက သားကို ဘယ်လောက် ချစ်တယ် ဆိုတာ သား သိတယ်နော်။ မစ္စတာဆဗီဒရီဂေးလှော့ဗ်က အစောပိုင်းမှာ သူ့အပေါ် မိုက်ရိုင်းတာ အမှန်ပါပဲ။ နိမ်လည်း နိမ်တယ်တဲ့။ စိတ်မချမ်းသာစရာ အသေးစိတ် တွေတော့ မပြောတော့ပါဘူးကွယ်။ သိရင် စိတ်မကောင်း ဖြစ်ရုံပဲ ရှိမှာပေါ့။ ပြီးတော့ ခု အဲဒါတွေ ပြီးသွားပြီလေ။ တိုတိုပြောရရင်တော့ သူ့မိန်းမ မာဖာ ပီထရိုဗနာရဲ့ စိတ်ထားမြင့်မြတ်မှုနဲ့ သူတို့ တအိမ်သားလုံးရဲ့ နားလည်တတ်မှုကြောင့် အားလုံး ပြေလည်သွားပါပြီ။ စောစောကတော့ ဒွန်နက်ချ်ကာအတွက် အတော့်ကို မလွယ်တာ၊ မစ္စတာ ဆဗီဒရီဂေးလှော့ဗ်က တပ်ထဲတုန်းက အကျင့်ဆိုးတွေ ပြန်ပေါ်လာပြီး ဗွေဖောက်လာရင် ဒွန်နက်ချ်ကာအဖို့ ပြေးပေါက်မရှိဖြစ်ဖြစ်သွားတယ်။ နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ သိလား။ အဲဒီအရူးက ဒွန်နက်ချ်ကာကို ကျိတ်ပြီး အရူးအမူး ဖြစ်နေတာလေ။ အဲဒါကို ဖုံးကွယ်ဖို့ သူက သမီးလေးအပေါ် မောက်မာပြတယ်၊ ရိုင်းစိုင်းပြတယ်။ သူ့ အသက်က လည်း မငယ်တော့ဘူး။ အိမ်ထောင်ဦးစီးလည်း ဖြစ်နေတော့ သူ ရှက်လည်း ရှက်နေမှာပေါ့။ ဒါကြောင့် အဲဒီနည်းနဲ့ မျက်နှာဖုံးစွပ်ထားတာ။ မမျှော်လင့် အပ်တဲ့ အရာကို ပိုမျှော်လင့်လာလေ ဒွန်ညာ့အပေါ်သူ ပိုပြီး ရန်ရှာလေ ဖြစ်လာတယ်။ နောက်ဆုံး သူ့စိတ်သူ မထိန်းနိုင်တော့ဘဲ ဒွန်ညာ့ကို ဖွင့်ပြောပါလေ ရော။ ကတိတွေ အမျိုးမျိုး ပေးလို့ပေါ့လေ။ အားလုံးကို စွန့်လွှတ်ခဲ့ပြီး စာနေ ရာရာမှာ သွားဇာတ်မြှုပ်နေဖို့၊ ဒါမှမဟုတ် နိုင်ငံခြား ထွက်သွားဖို့အထိ ပြော လာတယ်။

သား စဉ်းစားကြည့်ပါကွယ်။ သားညီမလေး ဘယ်လောက် စိတ်ဆင်းရဲ လိုက်ရှာမလဲလို့လေ။ ဒါပေမဲ့ ချက်ချင်း ထွက်ပြေးလို့ကလည်း မဖြစ်ဘူး။ ယူထားတဲ့ကြွေးက မကျေသေးဘူးလေ။ ငွေရေး ကြေးရေးကြောင့်ချည်း မဟုတ်ဘူး။ မာဖာပီထရိုဗနာ ရိပ်မိသွားမှာလည်း စိုးရသေးတာကိုး။ မိသားစု နာမည် ထိခိုက်မယ့် ကိစ္စ မဟုတ်လား။ ဒွန်နက်ချ်ကာ့အတွက်လည်း မလွဲမသွေ နာမည် ပျက်ရတော့ မှာကိုး။ တခြား စဉ်းစားစရာတွေလည်း အများကြီးပေါ့ကွယ်။ ဒီလိုနဲ့ ဒီ အမင်္ဂလာအိမ်ကြီးမှာ ဒွန်နက်ချ်ကာ ခြောက်ပတ်လုံးလုံး ဆက်ပြီး ဒုက္ခခံနေခဲ့ရရှာတယ်။ သား သိတဲ့အတိုင်း ဒွန်ညာက သိပ်ထက်တာ၊ သိပ်အသိဉာဏ် မြင့်တာ မဟုတ်လား။ သူ ကျိတ်မှိတ်ခံနေတယ်။ အစွန်းအထင်း မရှိရလေအောင် အန္တရာယ်ကို ရှောင်တိမ်းနေနိုင်ခဲ့တယ်။ သိက္ခာကို မထိပါးအောင် ဣန္ဒြေနဲ့ နေနိုင်ခဲ့တယ်။ မေမေ့ကိုလည်း စိတ်ဆင်းရဲမှာစိုးလို့ဆိုပြီး လုံးဝ အသိမပေးခဲ့ဘူး။

ဒါပေမဲ့ တနေ့မှာတော့ မမျှော်လင့်ဘဲ မာဖာပီထရိုဗနာ သိသွား ပါလေရော။ ပန်းခြံထဲမှာ သူ့ယောကျ်ားက ဒွန်ညာ့ကို မရရင် သေရပါမယ်၊ ဘာမယ် ပြောနေတုန်း မိန်းမက ကြားသွားတယ်လေ။ ဒါကို မရွှေမာဖာက သူ့ယောကျ်ားကို အပြစ်မတင်ဘဲ ဒွန်ညာ အနေအထိုင် မတတ်လို့ ဖြစ်ရတာ ပါလို့ အမိဟ္ဓယ် ဖွင့်တယ်။ ပန်းခြံထဲမှ မြင်မကောင်း ရှုမကောင်း၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်တော့တာပေါ့။ ဘယ်လို ရှင်းပြလို့မှ မရဘဲ မာဖာပီထရိုဗနာက မကြားဝံ့မနာသာတွေ ပြောပြီး ဒွန်ညာ့ကို ပါးဆွဲရိုက်တယ်တဲ့လေ။ ပြီးတော့

ချက်ချင်း မောင်းထုတ်လိုက်တယ်ကွယ်။ ထုပ်ချိန် ပိုးချိန်တောင် မရလိုက်ဘူး။ လှည်းကြမ်းကြီးပေါ် ပစ္စည်း၊ အဝတ်အစားတွေ ပစ်တင်ပြီး မေမေ့ဆီ ပြန်ပို့တာလေ။ အဲဒီလို အစော်ကားခံရပြီး အရှက်တကွဲ အကျိုးနည်း ဘဝနဲ့ သမီးကလေး မျက်နှာအောက်ချပြီး ပြန်ရောက်လာတယ်။ ဆယ်မိုင်ခရီး ကို လယ်သမားတယောက် လိုက်ပို့တယ်လေ။ အဲဒီတော့ လွန်ခဲ့တဲ့နှစ်လက သားရေးတဲ့စာကို မေမေ ဘယ်လို ပြန်ရမလဲကွယ်။ မေမေ အရမ်းစိတ်ဆင်းရဲ နေချိန်ပေါ့။ အမှန်အတိုင်းလည်း သားဆီ မရေးရဲဘူး။ သားသိလည်း စိတ်ညစ်ရုံပဲ ရှိမယ်။ ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး။ ညီမစိတ်နဲ့ သား ပျက်စီးတောင် သွားနိုင်တယ်လေ။ ဒွန်ညာက သားဆီ စာရေးခိုင်းပါတယ်။ ဒီအကြောင်း မပါဘဲ တခြားအကြောင်းတွေ ရေးပေါ့တဲ့။ အဲဒီအချိန်မှာ မေမေ့ဝိညာဉ်ကို သောကတွေ ဖုံးနေပြီ။ ဒွန်ညာ့သတင်းကလည်း တမြို့လုံး နံ့နေပြီ။ လူတွေရဲ့ အကြည့် တွေ၊ တီးတိုးသံတွေကို ရင်မဆိုင်ရဲလို့ မေမေတို့ သားအမိ ဘုရားကျောင်းတောင် မသွားရဲတော့ဘူးလေ။ အပေါင်းအသင်းတွေကလည်း လမ်းမှာ တွေ့ရင်တောင် နှုတ်မဆက်ချင်ကြတော့ဘူး။ တချို့က ဝေးဝေးရှောင်နေပြီး တချို့ ကောင်လေးတွေက ခြံဝကို **ကတ္တရာနဲ့ လာပက်ကြတယ်**[11]။

ဒီတော့ အိမ်ရှင်က မေမေတို့ကို အိမ်ပြောင်းဖို့ ပြောလာတယ်။ အားလုံး မာဖာ့စနက်တွေလေ။ သူက သတင်း မပြန့်ပြန့်အောင် လိုက်ဖြန့်နေတယ်တဲ့ကွယ်။ သူတို့က သြဇာလည်းရှိ၊ အသိအကျွမ်းကလည်း များတော့ သတင်းက ပြန့်လွယ်တာပေါ့ကွယ်။ မေမေ ခံနိုင်ရည် မရှိတော့ဘူး။ အိပ်ရာထဲ လဲရော၊ ဒွန်ညာက မေမေ့ထက် မာတယ်၊ မေမေ့ကို နှစ်သိမ့်တယ်၊ တရားပြတယ်၊ တကယ့် သူတော်ကောင်းမလေးပါ သားရယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အစောင်အမကြောင့် မေမေတို့ ဒုက္ခတွေ တာမရှည် လိုက်ဘူး။ မစ္စတာ ဆဗီဒရီဂေးလော့ဗ်ဟာ ဒွန်ညာ့အတွက် အများကြီး စိတ်မကောင်း ဖြစ်လာတယ်။ ပန်းခြံထဲမှာ သူတို့ နှစ်ယောက် မတွေ့ခင်က လူနာ အမဲခြောက် တောင်းသလို တနေရာရာမှာ နှစ်ယောက်ချင်းတွေ့၊ တကျည်ကျည် လုပ်နေတဲ့ ဆဗီဒရီဂေးလော့ဗ်ကို ဒွန်ညာ အပြတ်ငြင်းတဲ့ စာတစောင် သူ့ဆီမှာ ရှိနေတယ်။ စာထဲမှာ မိသားစု ဂုဏ်သိက္ခာ ဆည်ဖို့၊ မာဖာပီထရိုဗနာရဲ့ မျက်နှာထောက်ဖို့၊ ဖခင်တယောက်အနေနဲ့ ကလေးတွေအတွက် ငဲ့ဖို့ နားချ တရားပြတဲ့ စာလေ။ မိမိမှာ မှီတပေါက် မစွန်းခဲ့တဲ့ အကာအကွယ်မဲ့ မိန်းကလေးဖြစ်လို့ နောက်ထပ် မကြိုးစားဖို့ပေါ့။ (သားရေ... နောက်ပိုင်း ပြန်ရလို့ အဲဒီစာ မေမေ ဖတ်ရတော့ မျက်ရည်မဆည် နိုင်ဘူးကွယ်) ဒီကိစ္စ သူတို့လင်မယားကြားမှာ ပေါ်လာတော့ ဒွန်ညာမှာ အပြစ်ဟူသရွေ့ မြူငွေ့မျှ မရှိကြောင်း ယောက်ျားက မိန်းမကို အဲဒီစာ ပြတယ်။ ပြီးတော့ ဒွန်ညာ့ကို တောင်းပန်ခိုင်းတယ်။ အစေခံတွေကလည်း ဒွန်ညာဟာ ပြစ်မျိုးမှဲ့မထင် ဖြူစင်တဲ့ မိန်းကလေး ဖြစ်ကြောင်း ဝိုင်းသက်သေ ခံကြတယ်။ ဒီမှာတင် မာဖာပီထရိုဗနာ တယောက်အရမ်း တုန်လှုပ်သွားတယ်။ မေမေတို့ဆီ ပြေးလာပြီး အနူးအညွတ် တောင်းပန်တယ်လေ။ နောက်တနေ့မှာ ဘုရားကျောင်းသွားပြီး အပြစ်ကို ဝန်ချတယ်။ တင်ရှိနေတဲ့ တာဝန်ကြွေးကို ထမ်းဆောင်ပါမယ်လို့လည်း မယ်တော်မာရီ ရှေ့မှောက်မှာ ကတိကဝတီ ပြုခဲ့တယ်။

ဘုရားကျောင်းက အပြန် မေမေတို့ဆီ တန်းရောက်လာပြီး ဒွန်ညာ့ကို “ဖက်ရင်း သူ့ကို

ခွင့်လွှတ်ဖို့ ငိုယိုတောင်းပန်ရှာတယ်။ ဒွန်ညာလည်း မျက်ရည် မဆည်နိုင်ဘူးပေါ့။ အဲဒီမနက်မှာပဲ သူ သတင်းလွှင့်ထားခဲ့တဲ့ အိမ်တွေကို တအိမ် တက်ဆင်း လျှောက်သွားပြီး သူ အထင်လွဲခဲ့တာ ဖြစ်ကြောင်း၊ ဒွန်ညာဟာ ဘာအပြစ်မှ မရှိတဲ့ သူတော်စင်မလေး ဖြစ်ကြောင်းတွေ လျှောက်ပြောတယ်။ သက်သေအဖြစ် ဒွန်ညာ့ စာကိုလည်း အားလုံးကို ပြတယ်။ ဒွန်ညာ့လက်ရေးကို မိတ္တူကူးပြီး ဖြန့်တယ်လို့တောင် ကြားရတယ်။ (မေမေကတော့ ဒါလောက် မလိုဘူး ထင်ပါတယ်) ဒါပေမဲ့ ဒွန်ညာရဲ့ ဂုဏ်သိက္ခာကတော့ ချက်ချင်း ပြန်တက် လာတယ် ဆိုပါတော့။ တပြိုင်တည်းမှာ သူ့ယောကျ်ားကတော့ မြောင်းထဲ ရောက်သွားမတတ်ပဲ။ သူ့အတွက် မေမေ စိတ်မကောင်းပါဘူး။ သူ ရမ်းတာ တွေကြောင့် ဖြစ်ကုန်တာတွေလေ။ ဒွန်ညာ့ကို အထက်တန်းလွှာ အိမ်ကြီး တွေက ကလေးတွေကို ကျူရှင်ပေးဖို့ ခေါ်ကြတယ်။ သူက အားလုံး ငြင်းလွှတ်တယ်။ သူ့ကို လူတိုင်းလိုလိုက တလေးတစား ဆက်ဆံလာကြတယ်။

ဒီလိုကြီးမားတဲ့အပြောင်းအလဲဟာ မေမေတို့ရဲ့ ကံကြမ္မာ အချိုးအကွေ့ ထင်ပါရဲ့၊ ဒီလို ရှော့ဒ်ကာရေ… အဲဒီ အချိန်မှာပဲ ဒွန်ညာ့ကို လက်ထပ်ချင်တဲ့ ဖူးစာရှင်လောင်းတယောက် ပေါ်လာတယ်။ ဒွန်ညာ့ကို လက်ထပ်ပါရစေတဲ့။ သမီးကတော့ စဉ်းစားနေတုန်းပါပဲ။ ဒါပေမဲ့ မေမေက သားဆီ အမြန်ဆုံး အကြောင်းကြားချင်နေပြီ။ ဒီကိစ္စမှာ သားနဲ့ မတိုင်ပင်ရတာကို သားရဲ့ ညီမလေး အပေါ် ဗွေမယူ ပါနဲ့နော်။ မေမေ့ကိုလည်း ခွင့်လွှတ်ပါ။ သားဆီက အဖြေ စောင့်ဖို့ မေမေတို့မှာ အချိန်မရတော့လို့ပါ။ သားကိုယ်တိုင် အနားမှာ ရှိမနေ တော့ အသေးစိတ် ဆွေးနွေး ဖို့တော့ မဖြစ်နိုင်ဘူးလေ။

ဖြစ်ပုံက ဒီလို ရှော့ဒ်ယာရေ॰॰॰ သူက သတ္တမအဆင့် တရားရေးဝန်ထမ်း အရာရှိကြီး၊ သူ့နာမည်က ပျိုတာပီထရိုဗစ်ချ်လူဇင်တဲ့။ မာဖာပီထရိုဗနာနဲ့ ဆွေမျိုးနီးစပ် တော်တယ်။ အောင်သွယ်တော်ကတော့ မာဖာ ကိုယ်တိုင်ပါပဲ။ သူက တဆင့် မေမေတို့ သားအမိနဲ့ မိတ်ဆက်၊ လက်ထပ်ချင်တဲ့အကြောင်း စာရေး။ သူက ဒွန်ညာ့အဖြေကို အလောတကြီး တောင်းခံနေတယ်။ သူက ယဉ်ယဉ်ကျေးကျေး ချဉ်းကပ်တာပါ။ သူဟာ သိပ်အလုပ်များတဲ့ အစိုးရအရာရှိကြီးလေ။ လောလောဆယ် ပီတာစဘတ် သွားဖို့ ကိစ္စရှိနေတယ်။ ခုအချိန်က သူ့အတွက် လွှတ်အရေးကြီးနေတယ်တဲ့။ မေမေတို့လည်း ပထမ အရမ်းအံ့သြ သွားတယ်။ ခုမှ ချက်ချင်း ဖြစ်လာတာကိုး။ မမျှော်လင့်ဘဲ ပေါ်လာတဲ့ ကိစ္စတဲ့။ မေမေတို့သားအမိ ခေါင်းတွေ ပူအောင် စဉ်းစားရတော့တာပေါ့။ သူဟာ တကယ် ယုံကြည် စိတ်ချရတဲ့ လူ၊ အောင်မြင်နေတဲ့ လူတယောက်ပါ။ သူနေတဲ့ မြို့မှာ ဌာနကြီးနှစ်ခုကို တာဝန်ယူထားရတယ်။ အသက်ကတော့ လေးဆယ့်ငါး ထဲမှာပေါ့။ ဒါပေမဲ့ လူက ခင်မင်ချင်စရာ ကောင်းပါတယ်။ လူချောတယောက်ပါ။ အမျိုးသမီးတွေ ကျလောက်တဲ့ ပုံစံမျိုး။ လူတော်တယောက်ပါ။ ဒါပေမဲ့ နည်းနည်းတော့ ကြီးကျယ်သလိုပဲ။ မျက်နှာထား တည်တယ်၊ ဒါပေမဲ့ စကား ပြောကြည့်ရင် ချက်ချင်း နွေးထွေးသွားရော။ သားကို တခုတော့ ကြိုပြော ထားပါရစေ။ ပီတာစဘတ်မှာ သူနဲ့တွေ့ရင် အဲ… မကြာခင် သူ ရောက်လာမှာ။ တွေ့ရင် ချက်ချင်း သူ့ကို အကဲမဖြတ်ပါနဲ့။ သားက စိတ်မြန်တတ်လို့၊ သူက သားကိုတလေးတစား ဆက်ဆံမှာ သေချာပါတယ်။ လူတယောက်ကို အကဲဖြတ် မယ် ဆိုရင် အချိန်ယူသင့်တယ်လေ။ အလောတကြီး ဆုံးဖြတ်ရင် မှားတတ်တယ်။

မှား ရင် အပြင်ရခက်တယ် မဟုတ်လား။

ပို့ုတ္တာပီထရို ဇစ်ချ်ဟာ လူရှိသေ ရှင်ရှိသေ အစားထဲကပါ။ မေမေတို့ နဲ့ ပထမဆုံး တွေ့တဲ့အချိန်မှာပဲ သူဟာ ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ အကြောင်း ဖွင့်ဟ ဝန်ခံတယ်။ ဒါပေမဲ့ တဖက်သားပြောတာကိုလည်း သူ နားထောင်တတ်ပါတယ်တဲ့။ “ဒီခေတ်ကြီးမှာ တယူသန်ဖြစ်နေရင် အာဃာတ သမားဖြစ်သွားမှာပေ့ါ” တဲ့။ သူပြောတာတွေ မေမေအားလုံး နားမလည်ပါဘူး။ ဒွန်ညာက ရှင်းပြတယ်။ သူဟာ ပညာတတ်ကြီးတယောက် မဟုတ်ပေမယ့် ကြွင်နာတတ်ပုံရပါတယ် တဲ့။ အသိဉာဏ်လည်း မြင့်ပုံပါပဲတဲ့။ ထက်မြက်မယ့် ပုံပါပဲတဲ့။ သားရဲ့ ညီမအကြောင်း လည်း သိတယ် မဟုတ်လား။ သိပ်တိကျတာ၊ ခေါင်းလည်း အေးတယ်။ စိတ်ထား မြင့်မြတ်တယ်။ ကြာလေ ကြာလေ သူ့နှလုံးသား ရဲ့ ခွန်အားကို မေမေ မြင်လာလေပဲ။ အချစ်မပါသော်လည်း ဒွန်ညာဟာ ဦးနှောက် ရှိတဲ့ မိန်းကလေးမို့ယောက်ျားလုပ်သူ ကို ပျော်အောင် ထားနိုင်မှာပါ။ သူကိုယ်တိုင် လည်း ပျော်မှာပါ။ ဒါ အရေးကြီးဆုံးလေ။ ဒွန်ညာ ပျော်မယ်ဆိုတာကို သံသယ ဖြစ်စရာ မရှိသလောက်ပါပဲ။ တခုပဲ ပြောစရာ ရှိတယ်။ ဆုံးဖြတ်တာ သိပ်မြန် လွန်းသွားတယ်။ သူဟာ အမြော်အမြင်ကြီးတဲ့ လူတယောက်ပါ။ သူ့ ပျော်ရွှင်မှု အတွက်ထက် ဒွန်နက်ချ်ကာလေးရဲ့ ပျော်ရွှင်မှုကို ဦးစားပေးမယ့် လူစားမျိုးပါ။ ကြည့်ပေ့ါလေ။ သားကိုယ်တိုင် သူနဲ့ တွေ့ရတော့မှာပဲ။

ဒွန်ညာက မေမေ့ကို ပြောတယ်။ နေရာတကာမှာတော့ အတွေး အမြင်ချင်းတူချင်မှ တူမှာပေ့ါတဲ့။ (ပျော်ရွှင်နေပါတယ်ဆိုတဲ့အိမ်ထောင်တွေမှာ လည်း လျှာနဲ့သွားလို ကိစ္စတွေ ရှိတာပဲ မဟုတ်လား) ဒါပေမဲ့ သူ သည်းခံနိုင်ပါ တယ်တဲ့။ ဒါကိုလည်း သူ့ကိုယ်သူ ယုံကြည်ပါတယ်တဲ့။ အဲဒီအတွက် ဘာမှ မပူပါနဲ့တဲ့။ အိမ်ထောင်ရေးမှာ တရားလွန် တဖက်စောင်းနင်း လုပ်မလာရင်ပေ့ါ လေတဲ့။ သူက တမျိုးတော့ တမျိုးပဲ။ ပထမဆုံး မေမေနဲ့ စကားပြောတော့ တိုတောင်းသလိုပဲ။ မဟုတ်ပါဘူး၊ ပရိယာယ်ဝေဝုစ် မပါဘဲ တဲ့တိုးပြောတတ်တဲ့ အကျင့်ပါ။ ဥပမာ- ဒုတိယအကြိမ် သူ အိမ်လာလည်တုန်းကပေ့ါ။ အဲဒီတုန်းက ဒွန်ညာ သူ့ကမ်းလှမ်းချက်ကို လက်ခံပြီးပြီ။ သူက ဘယ်လို ပြောသလဲဆိုရင် ဆင်းရဲတဲ့ မိန်းကလေး၊ ခန်းဝင်ပစ္စည်းဖိုး မတတ်နိုင်တဲ့ မိန်းကလေးမျိုးကိုပဲ ရှာပြီး လက်ထပ်ဖို့ ဆုံးဖြတ်ထားတာတဲ့။ သူ လက်ထပ်တဲ့ မိန်းကလေးဟာ ဘဝကို ရှုန်းကန်နေတဲ့ မိန်းကလေးမျိုး ဖြစ်ရမယ်တဲ့။ ဘာပြုလို့လဲဆိုတော့ လင်ယောက်ျားဟာ သူ့ဇနီးအတွက်ဘာတာဝန်မှယူဖို့မလိုဘူးတဲ့။ ဇနီးလုပ်သူက လင်ယောက်ျားကို ကျေးဇူးရှင်လို၊ အိမ်ဦးနတ်လို ကိုးကွယ်နိုင်ရင် အကောင်းဆုံးပဲတဲ့။ သူက အဲဒါမျိုးတွေကို လေအေးကလေးနဲ့ သိုင်းသိုင်းဖွဲ့ဖွဲ့ ပြောနေတာ လေ။ သူပြောသလောက် လုလုပပ မေမေ ပြန်မရေးတတ်ပါဘူး။ မေမေက အဲဒီအကြောင်း ဒွန်ညာ့ကို ပြန်မေးတော့ မျက်နှာပျက်ပျက်နဲ့ ပြန်ပြောတယ်။ “စကားလုံးတွေဟာ တရားမဝင်ပါဘူး” တဲ့။ သူ အဖြေမပေးခင် ညမှာ လုံးလုံး မအိပ်ဘူး။ မေမေ အိပ်ပျော်နေပြီ ထင်ပြီး အိပ်ရာပေါ်က ဆင်းသွားတယ်။ အခန်းထဲမှာ တညလုံး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။ နောက်ဆုံးမှ မယ်တော်မာရီ ရုပ်တုတော်ရှေ့မှာ ဒူးတုပ်ထိုင်ချပြီး အကြာကြီး ဆုတောင်း နေတယ်။ မနက် မိုးလင်းတော့ သူ ဆုံးဖြတ်ပြီးတဲ့အကြောင်း မေမေ့ကို ဖွင့်ပြောတယ်လေ။

ပီတာစဘတ်ကိုပို့ျတာပီထရိုဗစ်မကြာခင်ရောက်လာမယ့်အကြောင်း မေမေ ပြောပြီးပြီနော်။ သူ အဲဒီမှာ လုပ်ငန်းကြီးတခု စဖို့ အစီအစဉ် ရှိတယ်။ ဥပဒေလုပ်ငန်း ကုမ္ပဏီကြီးတဲ့။ အမှုတခုမှာ တနေ့ကပဲ နိုင်ခဲ့သေးတယ်။ ဘုရင်မင်းမြတ်ဆီ တိုက်ရိုက်တင်သွင်းရတဲ့ ပီတာစဘတ် တရားလွှတ်တော်ကို သူ သွားရမှာ။ ဒါကြောင့် သားအတွက်လည်း အားကိုးရမှာပါ။ မေမေနဲ့ ဒွန်ညာ ဆုံးဖြတ်တာ အဲဒီအတွက်လည်း ပါတယ်လေ။ သားရဲ့ရှေ့ရေးအတွက် မပူရ တော့ဘူးပေါ့။ အင်း... အားလုံး အဆင်ပြေသွားမယ် ဆိုရင်တော့ မေမေတို့ကို ဘုရားသခင် ကိုယ်တော်တိုင် စောင်မတော်မူတာပဲ။ ဒါတွေအားလုံးဟာ ဒွန်ညာ့ အိပ်မက်တွေလေ။ ဒီကိစ္စကိုသူနဲ့ အရိပ်အမြွက်လောက်ပဲပြောထားသေးတယ်။ သူကလည်း ပြောပါတယ်။ သူ့မှာ အတွင်းရေးမှူး လိုနေတာတဲ့။ လူစိမ်းတယောက်ကို ခန့်မယ့်အစား ဆွေထဲမျိုးထဲက လုပ်မယ့်လူရှိရင် ပိုကောင်းတာပေါ့တဲ့။ အရည်အချင်း ပြည့်ဖို့တော့ လိုတာပေါ့လေလို့လည်း ဖြည့်ပြောတယ် သားရဲ့။ ဒါပေမဲ့ သား ဥပဒေတန်း တက်ထားတဲ့ အတွေ့အကြုံနဲ့ဆိုရင် သားလုပ်နိုင်မှာ ပါလို့လည်း ပြောရဲ့။ လောလောဆယ်မှာတော့ ဒါလောက်နဲ့ ရပ်ထားကြတယ်။

ဒွန်ညာကတော့ အဲဒီကိစ္စပဲ စဉ်းစားနေတယ်လေ။ တနေ့မှာ သား သူ့ လက်ထောက် ဖြစ်လာနိုင်တယ်။ နောက် သူ့ ဥပဒေလုပ်ငန်းမှာ အစုဝင် ဖြစ်လာနိုင်တယ်၊ ဘာညာ ဘာညာပေါ့လေ။ မေမေကတော့ သူ့အတွေးအခေါ် အားလုံးကို ထောက်ခံတယ်၊ သဘောတူတယ်။ ဒါပေမဲ့ သားနဲ့ သူက မတွေ့ဖူး သေးတော့ အဲ... တွေ့စမှာ သားတို့ စိမ်းချင် စိမ်းနေကြဦးမှာပေါ့။ ဒွန်ညာက တော့ သူ့ခင်ပွန်းလောင်း အပေါ်မှာ ဩဇာလွှမ်းနိုင်လိမ့်မယ်လို့ စိတ်ချထားတယ်။ ဒါပေမဲ့ တို့သားအမိတွေရဲ့ အိပ်မက်တွေကိုတော့ ဖွင့်ပြောမထားဘူး။ သား ကျောင်းစရိတ်လည်း သူ ထုတ်ပေးမှာ သေချာပါတယ်။ ဖွင့်မပြောတာက တော့ သူ့အလိုလို ဖြစ်လာမယ့် ကိစ္စမို့ပါ။ သိပ်အားထုတ်စရာ မလိုပါဘူး။ နောက်ပိုင်းမှာ သားက သူ့လက်ထောက် ဖြစ်လာပြီး လခလည်း ကောင်းကောင်း ရမှာပါ။ ဒီအကြောင်း စကားမစသေးတဲ့ နောက်တကြောင်းက သားနဲ့ သူနဲ့ တွေ့တဲ့အခါ မျက်နှာ မငယ်စေချင်လို့လေ။ သူ့ရှေ့မှာ သား အကြောင်းပြောရင် ဒွန်ညာတယောက် ရွှင်နေတာပဲ သိလား။ သူကတော့ ခပ်အေးအေး ပြန်ပြောတယ်။ လူ တယောက် အကြောင်းကို စကားပြောကြည့်ပြီးမှ လေ့လာပြီး ဆုံးဖြတ်တာပေါ့တဲ့။

သူတို့ လက်ထပ်ပြီးရင် မေမေတော့ ခုလိုပဲ တယောက်တည်း နေချင်တယ်။ သူတို့နဲ့ လိုက်မနေဘူး။ သူကတော့ အတူနေဖို့ ပြောမှာ သေချာတယ်။ ဒါပေမဲ့မေမေကတော့ ငြင်းမှာပါ။ မေမေ့ အတွေ့အကြုံအရ ယောက္ခမတွေဟာ သူတို့ ယောက္ခမတွေနဲ့ အတူ မနေချင်ကြပါဘူး။ အတူနေရင်လည်း နွေးနွေး ထွေးထွေး မရှိကြပါဘူး။ ဒါကြောင့် မေမေ သူ့ကို ဒုက္ခမပေးပါဘူး။ ဒါကြောင့် ကိုယ့်ဘာသာ ကိုယ်ပဲ နေမယ်။ မငတ်နိုင်ပါဘူး။ သားနဲ့ သမီးကလည်း မေမေ့ ကို မျက်နှာလွှဲ ခဲပစ် ထားမှာမှ မဟုတ်တာ။ ဖြစ်နိုင်ရင်တော့ သားနဲ့ရော၊ သမီး နဲ့ပါ သိပ်မဝေးတဲ့ နေရာမှာ နေချင်တယ်။ သားနဲ့ မတွေ့တာ သုံးနှစ်နီးပါး ရှိပြီ။ သားကို တွေ့ချင်လှပြီ။ ဖက်ထားချင်လှပြီ။ မေမေတို့ သားအမိ ပီတာစဘတ်ကို လာဖြစ်ဖို့သေချာနေပြီ။ ဘယ်တော့

လာဖြစ်မယ်ဆိုတာသာ မသေချာသေးတာ။ ဒါပေမဲ့ သိပ်မကြာတော့ပါဘူး။ တပတ်အတွင်းတောင် ရောက်ချင် ရောက်လာ မှာ။ အဲဒါတော့ ပိျုတာပီထရိုဗစ်ချ်အပေါ်မှာ လုံးလုံး တည်တယ်လေ။ သူ ပီတာစဘတ် ရောက်ပြီး မကြာခင် မေမေတို့ကို ခေါ်မှာပါ။

သူက ခပ်အေးအေးသမားပါ။ မင်္ဂလာဆောင်ဖို့လည်း မလောပါဘူး။ လာမယ့် ဝါကျွတ်လောက် ဖြစ်ရင် တော်ပါပြီတဲ့။ မဖြစ်နိုင်ရင်လည်း မယ်တော် မာရီ ပွဲတော်ကျမှဆိုလည်း ဖြစ်ပါတယ်တဲ့။ သားကို ရင်ခွင်ထဲ ဆွဲပြီး မေမေ နှုတ်ဆက်ချင်လှပြီ။ သားရဲ့ ညီမလေးကလည်း သူ့အစ်ကိုနဲ့ တွေ့ရတော့မှာမို့ အရမ်းပျော်နေတယ် လေ။ နောက်သလိုလိုနဲ့ ပြောသေးတယ် သိလား။ သားနဲ့ မြန်မြန် တွေ့ချင်လို့ ပိျုတာပီထရိုဗစ်ချ်ကို လက်ထပ်မှာတဲ့လေ။ ပြီးတော့ ပြောသေးတယ်။ အနမ်းများစွာ၊ ပွေ့ဖက်ခြင်းများစွာ ထည့်ပေးလိုက်ပါတယ်လို့ စာထဲ ထည့်ရေးပါတဲ့လေ။

မကြာခင် ရောက်လာမှာ ဖြစ်ပေမယ့် ဒီရက်ပိုင်းအတွင်း သားဆီကို မေမေ ငွေပို့ပေးပါဦးမယ်။ တတ်နိုင်သလောက်ပေါ့။ ဒွန်ညာနဲ့ ပိျုတာပီထရို ဗစ်ချ် လူဇင် လက်ထပ်တော့မယ် ဆိုတာ လူတိုင်း သိနေတော့ မေမေ့ကို လူတွေ တလေးတစား ဖြစ်လာကြတယ်။ အဖာနာစီအီဗန်နိုဗစ်ချ်လည်း မေမေ့ ပင်စင် ကို အပေါင်ထားပြီး လွယ်လွယ်ကူကူ ချေးမှာ သေချာပါတယ်။ ဒါဆို ခုနစ်ဆယ့်ငါး ရူဘယ် ရမှာ။ သားဆီ နှစ်ဆယ့်ငါး၊ ဒါမှမဟုတ် သုံးဆယ်လောက် မေမေ ပို့နိုင် ပါလိမ့်မယ်။ မဟုတ်ရင် ဒါထက် ပို့နိုင်မှာ။ လာရမယ့် ခရီးစရိတ်အတွက် ဖယ်ထားရလို့လေ။ ပိျုတာက ခရီးစရိတ်တဝက် သူ ကျခံမယ် ပြောပါတယ်။ ရောမ သေတ္တာကြီးအတွက် တန်ဆာခလည်း သူ ပေးမယ် ပြောပါတယ်။ ဒါပေမဲ့ ပီတာစဘတ် ရောက်ပြီး ရက်အနည်းငယ်အတွက် သုံးဖို့ စွဲဖို့ ချန်ထားရသေး တယ်လေ။ လမ်းမှာတော့ ကုန်စရာ သိပ်မရှိပါဘူး။ ဒီကနေ ဘူတာကို မိုင် ခြောက်ဆယ်ပဲ ဝေးတာမဟုတ်လား။ အသိ လှည်းသမားတယောက်နဲ့ စီစဉ် ထားပြီ။ တတိယတန်းတွဲကပဲ စီးမယ်လေ။ ဒါကြောင့် သားဆီ နှစ်ဆယ့်ငါး ရူဘယ်အစား သုံးဆယ် ပို့နိုင်ကောင်းပါရဲ့။

ကဲ... စာလည်း ရှည်လှပြီ။ စာရွက်နှစ်ရွက်လုံးလည်း ပြည့်သွားပြီ။ ဒါပေမဲ့ သားရေ... ပြောစရာတွေ အများကြီး ကျန်သေးတယ်။ သား ကျန်းမာ ပါစေ၊ သားရဲ့ ညီမလေးကို ချစ်မြတ်နိုးပါ။ သူက သားကို သူ့ကိုယ်သူထက် ပိုချစ်တာ မဟုတ်လား။ သားဟာ မေမေတို့သားအမိရဲ့ ယုံကြည်ရာ၊ အားထားရာ မဏ္ဍိုင်ပါကွယ်။ သား ပျော်မှ မေမေတို့ ပျော်နိုင်မှာ။ ဘုရားသခင်ဆီမှာကော မှန်မှန် ဆုတောင်းရဲ့လား။ ငယ်ငယ်တုန်းကတော့ သား ဘုရားကျောင်းကို မှန်မှန်တက်တယ်နော်။ ဖန်ဆင်းရှင်ကိုယ်တော်ရဲ့ ကျေးဇူးတော်ကိုကော သား မှန်မှန်အာရုံပြုဖြစ်ရဲ့လား။ခုခေတ်ပေါ်အတွေးအမြင်၊အယူအဆတွေနောက်ကို သား လိုက်သွားမှာတော့ မေမေ ပူတယ်။ နတ္ထိကဝါဒမျိုးတွေလေ။ အဲဒီလို မဖြစ်အောင် မေမေ ဆုတောင်းပေးနေပါတယ်။

ငယ်ငယ်တုန်းက အကြောင်းတွေ သား မှတ်မိသေးလား။ သားဖေဖေ ရှိတုန်းကလေ။ မေမေ့ပေါင်ပေါ် ထိုင်ပြီး သမ္မာကျမ်းစာတွေ သား ရွတ်တယ် လေ။ အဲဒီတုန်းက မေမေတို့

မိသားစု အရမ်း ပျော်ခဲ့ကြတယ်နော်။

သားရေ... ဂွဒ်ဘိုင်။

ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင်ပေ့ါနော်။

အနမ်းများစွာဖြင့်-

သားကို သက်ဆုံးတိုင် ချစ်မယ့်

မေမေ၊ ပူလ်ချာရီးယာရပ်စ်ကိုလ်နီကော့ဗ်

※

အမေ့စာကို ရပ်စ်ကိုလ်နီကော့ဗ်တယောက် အစမှ အဆုံး တောက်လျှောက် ဖတ်သွားသည်။ သူ့မျက်နှာ တခုလုံး မျက်ရည်တွေနှင့် စိုရွှဲနေသည်။ ဖတ်ပြီးသွားတော့ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ မျက်နှာပေါ်မှ အကြောတွေ ရှုံ့တွန့်နေသည်။ နှုတ်ခမ်း ပေါ်တွင်တော့ အလွန့်အလွန် နာကြည်းသည့် အပြုံးရိပ် ထင်နေသည်။ ဦးခေါင်းကို ပိန်ရှုံ့နေသည့် ခေါင်းအုံးပေါ်သို့ ပစ်မှီလိုက်သည်။ ပြီးတော့ စဉ်းစားခန်း ဝင်သည်။ အကြာကြီး စဉ်းစားသည်။ ရင်ခုန်သံတွေ ပိုမြန်လာသည်။ သူ့အတွေးတွေ အပြင်းအထန် ဗလောင်ဆူလာသည်။ ဗီရိုတလုံးနှင့် တူသည့် အခန်းကျဉ်းကလေးထဲတွင် ခွေခွေခေါက်ခေါက်နှင့် မွန်းကျပ်လာသည်။ သူ့မျက်လုံးတွေနှင့် သူ့စိတ်က ကျယ်ကျယ်လွင့်လွင့် လွင်ပြင်ကို တမ်းတလာသည်။ ဦးထုပ်ကို ဆတ်ခနဲ ကောက်ဆောင်းပြီး အပြင် ထွက်လာခဲ့သည်။ လှေကားတွင် ဘယ်သူနှင့် တွေ့တွေ့ သူ ဂရုမစိုက်တော့။ ဒါတွေအားလုံး သူ မေ့သွားပြီ။ သူ့ခြေလှမ်းတွေက ဗာစီလီ ဗက်စကီကျွန်း ဆီသို့ ဦးတည်နေသည်။ အလုပ်ကိစ္စတခု ရှိနေသည့်အလား သုတ်ခြေတင်နေ၏။ သို့သော် ထုံးစံအတိုင်း ဘယ်ကို သွားနေမှန်း မသိ။ တယောက်တည်း စကားတွေ တတွတ်တွတ် ပြောလျက်။ ရံခါတွင် အသံကျယ်သွားတတ်သည်။ လမ်းသွားလမ်းလာတွေက သူ့ကို တအံ့တသြ ကြည့်သွားကြသည်။ အများစုက သူ့ကို မူးလာသည်ဟု ထင်ကြသည်။

※※※

အမေ့စာသည် သူ့ရင်ဘတ်ကို တည့်တည့် ထိမှန်သွားသည်။ စာဖတ်လို့ မဆုံးခင်ကပင် ဆုံးဖြတ်ချက် တခုကို ချပြီးသား ဖြစ်သွားသည်။

"ငါ အသက်ရှင်နေသမျှ အဲဒီ လူဇင် (ပျိုတာ ပီထရိုဗစ်ချ်) ဆိုတဲ့ လူနဲ့ ငါ့ညီမ ဘယ်တော့မှ မညားစေရဘူး"

တယောက်တည်း ဆက်ပြောသွားသည်။ သူ့ ဆုံးဖြတ်ချက်အတွက် အားရကျေနပ် လျက် ရှိသည်။ သူ့နှုတ်ခမ်းအစုံတွင် နာကြည်းသော၊ သို့သော် အောင်မြင်သော အပြုံးကို ပြုံးလျက်။

"ရှင်းနေတာပဲ။ မဟုတ်ဘူး မေမေ၊ မဟုတ်ဘူး ဒွန်ညာ၊ မေမေတို့ ကျွန်တော့်ကို ညာလို့ မရပါဘူး။ အဲ… နေဦး၊ သူတို့က ငါ့သဘောတူညီမှု မပါဘဲ ဆုံးဖြတ်လိုက်ရတဲ့အတွက် တောင်းပန်ထားသေးတာပဲ။ ဒါပေါ့၊ တောင်းပန်ရမှာပေါ့။ သူတို့က ဘယ်သူဖျက်ဖျက် မပျက်နိုင်တော့ဘူး ထင်နေကြပုံရတယ်။ အင်း… ကြည့်ကြသေးတာပေါ့လေ။ သူတို့ အဓိက ပြတဲ့ ဆင်ခြေက ဘာတဲ့… သူက သိပ်အလုပ်များတဲ့လူ တဲ့။ ဒါကြောင့် အလောတကြီး လက်မထပ်နိုင်သေးတာတဲ့။ ဒီမယ် ဒွန်နက်ချ်ကာ၊ ငါ အကုန် အမြင်တယ်၊ သိတယ်၊ ကြားလား။ နင် ငါ့ကို ပြောစရာတွေ ရှိနေတယ်။ ဟုတ်တယ်နော်။ နင် ငါ့ကို ဘာတွေ ပြောချင်နေတယ် ဆိုတာ ငါသိတာပေါ့။ တညလုံး ဘာတွေ တွေးနေတယ်ဆိုတာ သိတာပေါ့။ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လို့လေ။ ပြီးတော့ မယ်တော်မာရီပုံတော်ရှေ့မှာ နင် ဘာတွေ ဆုတောင်းသလဲ။ မေမေ့အခန်းထဲက ပုံလေ။ **ဂေါလဂေါသ**12 "တောင်ကုန်းအထိ နင် မသွားနိုင်လို့ မဟုတ်လား။ ဒါဆို နောက်ဆုံး နင် ခေါင်းညိတ်လိုက်တယ်ပေါ့၊ ဟုတ်လား။ ဒီမယ် ဒွန်ညာ၊ နင့်လူက မျှတတဲ့ လူ၊ လက်တွေ့ကျတဲ့ လူ၊ ငွေကြေးချမ်းသာတဲ့ လူ၊ ရာထူးနှစ်ခုနဲ့ လူ၊ အတွေးအမြင်ရှိတဲ့ လူ (မေမေ ရေးထားတဲ့အတိုင်း ပြောတာ) တဲ့ ဟုတ်လား။ ပြီးတော့ ကြင်နာတတ်ပုံလည်း ရှိပါတယ်။ ကြင်နာတတ်ပုံတဲ့နော်… အင်း… ကောင်းကွာ၊ ထူးဆန်း တာက အတွေးအမြင်သစ် ခေတ်အကြောင်း မေမေက ဘာလို့ ရေးတာပါလိမ့်။ မစ္စတာ လူဇင်နဲ့ ငါ ဆက်ဆံရေး အဆင်ပြေအောင်လို့ ထင်ပါရဲ့။ ဒီသားအမိနှစ်ယောက် ငါ့ကို ပေါင်းပြီး ဟန်ဆောင် ဖုံးကွယ်နေကြတာပဲ။ အဲ… ဒွန်ညာရဲ့ အိပ်မပျော်တဲ့ အကြောင်းကတော့ အမှန် အတိုင်း ဖြစ်ပုံရတယ်။ မေမေနဲ့ ဒွန်ညာ ပြောတဲ့ စကားလုံးတွေကကော အမှန်အတိုင်းတွေလား။ စာထဲမှာ ပါတဲ့အတိုင်း ဒီလူက အမေ့အပေါ်ဆက်ဆံပုံက ပြတ်ပြတ်တောင်းတောင်း နိုင်ပုံပဲ။ နေပါဦး၊ ဒွန်ညာ့ကို ချစ်ပါ။ သူက ငါ့ကို သူ့ကိုယ်သူထက် ပိုချစ်ပါတယ်တဲ့။ ဘာလို့

ဒါတွေ ထည့်ရေးရတာလဲ။ သူ့ကိုယ်သူ အနစ်နာခံပြီး ဒီလူ့ကို လက်ခံလိုက်တာဟာ သူ့အတွက် မဖြစ်နိုင်ဘူးလား။ "သားဟာ မေမေတို့ ယုံကြည်ရာ၊ အားထားရာ မဏ္ဍိုင်ပါ" တဲ့။ ဩော်...မေမေရယ်" တွေးရင်း တွေးရင်း ရပ်စ်ကိုလ်နီကော့ဗ် ဒေါသဖြစ်လာသည်။ ခုအချိန်မှာ အဲဒီ လူဇင်ဆိုတဲ့ကောင်ကို တွေ့ရင် သတ်မိမည် ထင်သည်။

လေတဖြူးဖြူးတွင် သူ ဆက်လျှောက်သည်။ အတွေးများဖြင့် သူ့ခေါင်း ချာချာလည် နေသည်။

"အင်း... ဟုတ်တာပေါ့။ လူတယောက်အကြောင်း သိဖို့က တဖြည်းဖြည်း အချိန်ယူပြီး အကဲခတ်ရမှာပေါ့။ သူက လက်တွေ့ကျတဲ့ လူတဲ့၊ ကြင်နာတတ်ပုံလည်း ရပါ တယ်တဲ့။ တန်ဆာခကို သူက တဝက် ကျခံပေးမယ်တဲ့။ ဒါဆို ကြင်နာတတ်ရောလား၊ အမေနဲ့ သတို့သမီးလောင်းက ကောက်ရိုးခင်း လှည်းတစီး ငှားပြီး ဘူတာဆင်းရသည်တဲ့။ (ဒီလိုလှည်းမျိုး ငယ်ငယ်က စီးဖူးပါတယ်) ကိစ္စမရှိပါဘူးတဲ့။ မိုင်ခြောက်ဆယ်ပဲ ဝေးတာတဲ့။ ဖြစ်နိုင်ပါတယ်။ ကဲ... ဝတ်ကောင်းစားလှနဲ့ မစ္စတာလူဇင်၊ ခင်ဗျားရဲ့ သတို့သမီးရဲ့ အမေဟာ ပင်စင်ကို ပေါင်ပြီး ခရီးစရိတ် လုပ်လာရတယ် ဆိုတာ ခင်ဗျား သိရဲ့လား။ ခင်ဗျားက လုပ်ငန်း ရှင်ကြီး၊ ရာထူးနှစ်ခု ပိုင်ရှင်ကြီးပါ။ ဟုတ်လား။ ဒါဆို ကုမ္ပဏီအစုဝင်တွေက ခင်ဗျားရဲ့ ကုန်ကျစရိတ်ကို အညီအမျှ အချိုးကျ ခံကြရမှာပေါ့။ ဟို ဆိုရိုးစကားလိုလား။ အားလုံး အတွက် ပေါင်မုန့်နဲ့ ထောပတ် ဝေမယ်။ ဆေးတံသောက်ဆေးတော့ ကိုယ့်ဘာသာကိုယ် ယူခဲ့ကြဆိုတဲ့ စကားလေ။

"အင်း... လူတွေဟာ လိမ်စရာမရှိ ကိုယ့်ပေါင်ကို ဆွဲလိမ်နေကြတာပါလား။ တန်ဆာခ က ဘယ်လောက်ကျမှာမို့လဲဗျာ။ ဒါကို ဒီလူက တဝက်ကြီးများတောင် ကျခံမယ်တဲ့။ ဒါကို ဟိုသားအမိက မမြင်ကြဘူးလား။ ဒါမှမဟုတ် တမင်တကာ မမြင်ချင်ယောင် ဆောင် နေတာလား။ နောက်မှ သိလာမယ် ဆိုပြီးတော့လေ။ သူတို့ ကျေနပ်နေတာတော့ အမှန်ပဲ။ အရေးကြီးတာ ကပ်စေးနဲတာ မဟုတ်ပါဘူး။ တွန့်တိုတာက အကြောင်း မဟုတ်ဘူး။ အဲဒီလို ဖြစ်လာတဲ့ အခြေခံစိတ်ဓာတ်က စကားပြောတာ။ ဒါကြောင့် လက်မထပ်မီရော၊ လက်ထပ်ပြီး တဲ့အခြေအနေကိုရော ကြိုတွက်လို့ရပါတယ်။ ဘာကြောင့်ငွေကုန်ကြေးကျ ခံပြီး ပီတာစဘတ် ကို လာမှာလဲ။ ခပ်ပေါ့ပေါ့တွက်ပြီး လာဖို့ စီစဉ်တာလား၊ ဒီကို ရောက်ရင် သူတို့ အိတ်ထဲ ပိုက်ဆံ ဘယ်လောက် ကျန်မှာလဲ။ ငွေစက္ကူကလေး နှစ်ရွက်လောက်ပဲ ကျန်မှာပေါ့။ အမေ က သိနေပုံပဲ။ သူတို့နဲ့ အတူတူနေလို့ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဆိုတာလေ။ ဟိုလူက ခေါ်ရင် တောင် မေမေက ငြင်းမှာ။ သူ ဘာနဲ့ သွားနေမလဲ။ သူ့ပင်စင်ကလေး တရာ့နှစ်ဆယ် ခဏခဏ ပေါင်ရလို့ အတိုးနုတ်လိုက်ရင် ဘယ်လောက် ကျန်မှာမို့လဲ။ ဒါကို ပုဂ္ဂိုလ်က မသိကျိုးကျွန် လုပ်ထားမှာပေါ့။ ဒီတော့

သဘောမနောကောင်းတဲ့ မစ္စတာလူဇင်ကို အားကိုးကြ ရပြီပေါ့။ အင်း... သူတို့ ကုသိုလ်ကံ ကောင်းကြမည်လား၊ ဆိုးကြမည်လား။ သူတို့ သားအမိက အမှန်တရားကို လက်နှစ်ဖက် ဖွေ့ယမ်းပစ်ပြီး ခိုကိုးရာ ရှာကြတာကိုး။ လူဇင် ဆိုတဲ့ လူရဲ့ ရင်ဘတ်မှာ နန်းတွင်း အဆောင်အယောင်တွေ ချိတ်ထားမှာ သေချာတယ်။ **အင်နာ**[13] လို ဆုမျိုးတွေပေါ့။ ကန်ထရိုက်တွေ၊ ကုန်သည်ပွဲစားတွေနဲ့ ညစာစားတဲ့အခါ တံဆိပ်တဝင်းဝင်း နဲ့ နေမှာပေါ့။ အင်း... မင်္ဂလာဆောင်မှာတောင် ဒီတံဆိပ်ကြီး ချိတ်လာမလား မပြောတတ် ဘူး။ အို... ဒီမကောင်းဆိုးဝါးအကြောင်း မစဉ်းစားတော့ပါဘူး။ အင်း... အမေ့အတွက်တော့ ဘုရားသခင်ထံမှာ ဆုတောင်းပေးရတော့မှာပဲ။ ဘုရားသခင်၊ ကျွန်တော်မျိုး၏ အမေကို စောင့်ရှောက်တော်မူပါ။ ဒွန်ညာ့အတွက် ကျတော့ကော...။

ဒွန်ညာ ညီမလေးရေ.. နင့်အကြောင်း အစ်ကို ချေးခါးအူမ မကျန် သိတယ်နော်။ တို့မောင်နှမ နောက်ဆုံးတွေ့တော့ နင်က နှစ်ဆယ်ပဲ ရှိသေးတယ်နော်။ အစ်ကို ချစ်တဲ့ ညီမလေးအကြောင်း အစ်ကို ကောင်းကောင်း သိတာပေါ့ကွာ။ အမေ ရေးတဲ့အထဲ ပါတယ်။ 'ဒွန်နက်ချ်ကာက သိပ်အပင်ပန်းခံနိုင်တာ၊ သည်းညည်းခံနိုင်တာ” တဲ့။ သိပ်သိတာပေါ့၊ လွန်ခဲ့တဲ့ နှစ်နှစ်ခွဲလောက်ကတည်းက သိတာ။ မစ္စတာဆဗီဒရီဂေးလော့ဗ် အိမ်မှာ ဖြစ်ခဲ့တဲ့ အဖြစ်ဆိုးတွေကို သည်းခံနိုင်ခဲ့သလို မစ္စတာလူဇင်ရဲ့ သည်းညည်းကို ခံနိုင်ပါ့မလား။ သူ့ ယုံကြည်ချက်က မိန်းမဆိုတာ ယောကျ်ားက ကယ်ထားတာ၊ ယောကျ်ားက ကျေးဇူးရှင်၊ ခြေသုတ်ပုဆိုး မွေ့စွယ်ကျိုး နေရမယ်။ သူတို့နှစ်ယောက် ပထမဆုံးတွေ့စဉ်က သူပြောတဲ့ စကားတွေတဲ့။ ပြောတော့ သူက မျှတတဲ့လူ တဲ့။ ကဲ... ဒွန်ညာ၊ သူ့ သဘောထားက ရှင်းနေ တာပဲ။ အဲဒီလို လူစားနဲ့ ကျွန်တော့် ညီမလေး လက်ထပ်မလို့တဲ့ဗျာ။ သူ ပေါင်မုန့်ကြမ်းကို ရေနဲ့ မျှောချရမှာ။ ဒါပေမဲ့ ဒွန်ညာဟာ သူ့ဝိညာဉ်ကို သူ ဘယ်တော့မှ ရောင်းစားမယ့် မိန်းကလေးမျိုး မဟုတ်ဘူး။ ဆင်းရဲတွင်း လွတ်ကင်းဖို့အတွက် ဘယ်တော့မှ သူ့လွတ်လပ်မှု၊ သူ့လောကနီတိကို အဆုံးခံမယ့် မိန်းကလေး မဟုတ်ဘူး။ ငါသိတဲ့ ဒွန်ညာဟာ အဲဒီလို မိန်းကလေး မဟုတ်ဘူး။ ခုလည်း သူ ဒီအတိုင်း ရှိနေမှာပါ။ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး။ ဒါ ဘာမှ ပြောစရာမလိုတဲ့ ကိစ္စပဲ။ ဆဗီဒရီဂေးလော့ဗ် အိမ်ကြီးမှာ ဒွန်ညာ နေခဲ့ရတဲ့ ဘဝဟာ သိပ်ခက်ခဲခဲ့တာပဲ။ ကလေးတွေလည်း ထိန်းပေးရသေးတယ်။ စာလည်း သင်ပေးရသေးတယ်။ ရတဲ့လစာက ရူဘယ်နှစ်ရာတည်း။ အိမ်ရှင်လူကြီးက လေးစား လောက်တဲ့ လူကြီး မဟုတ်ဘူး။ လွန်လည်း မလွန်ဆန်နိုင်ဘူး။ ဒီကြားထဲက သူ့ ဂုဏ်သိက္ခာ ကို အစွန်းအထင်း မရှိအောင် နေနိုင်ခဲ့တယ်။ ဒီ မစ္စတာလူဇင် ဆိုတဲ့ လူကတော့ ရွှေတွင်းတွေ၊ စိန်တွင်းတွေ ပိုင်သည့်တိုင် သူ့ကိုယ်တိုင် အတွက်ဆိုရင် ဒွန်ညာ လက်ခံမှာ မဟုတ်ဘူး။ ဒီလို လူရဲ့ တရားဝင် မောင်းမမိဿံ အဖြစ်ခံမှာ မဟုတ်ဘူး"

"ဒါဆို ဘာပြုလို့ သူ လက်ခံလိုက်တာလဲ။ အဖြေက ဘာလဲ။ ဘာပြုလို့ သူ့ကိုယ်သူ ရောင်းစားဖို့ ဆုံးဖြတ်တာလဲ။ သူ ကိုယ်တိုင်အတွက်ဆို ဒီအဖြစ်မျိုး အရောက်ခံမှာ မဟုတ် ဘူး။ ဒွန်ညာက အသေခံမယ့် မိန်းကလေးမျိုး။ သိပ်သေချာတာပေါ့။ သူ ချစ်တဲ့ အစ်ကိုနဲ့ အမေ့အတွက် သူ့ ဘဝကို စတေးလိုက်တာလေ။ အဓိကကတော့ ရပ်စ်ကိုလ်နီကော့ဗ်ဆိုတဲ့ ကောင်အတွက်ပေါ့။ ဒါဆိုရင်တော့ သွားပြီပေါ့။ ငါ့ဘဝအားလုံး တစစီ ဖြစ်ပြီပေါ့။ ပျော်စရာ မိသားစုဘဝကလေး ပျောက်ကွယ်သွားပြီပေါ့။ ဘာနဲ့ ဖြေမလဲ။ ဘယ်လို ဖြေမလဲ။ လောက နီတိကို ဘယ်လိုဆင်ခြေနဲ့ ဖြေရှင်းပြီး မမှန်ကန်တဲ့ တက္ကဗေဒတွေနဲ့ ဘယ်လို ဆက်နေမလဲ။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စ၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စလို့ ဖွတ်ယုံကြည်ရမှာလား။

"သူကလည်း သူ့ဘဝသူ ပျော်၊ ငါကလည်း တက္ကသိုလ်ဆက်တက်၊ ပြီးတော့ သူနဲ့ တွဲပြီး အလုပ်လုပ်၊ သူက တနေ့တခြား ပိုပြီး အောင်မြင်၊ ချမ်းသာ၊ နာမည်ကျော် လူကုံထံ ဘဝနဲ့တောင် နိဂုံးချုပ်နိုင်ဦးမယ်။

"ဒါဆို အမေ့အတွက်ကကော၊ အမေကလည်း သူ့ဘဝကို စတေးတာပဲ။ သူ့ရဲ့ အချစ်ဆုံး သားဦးအတွက်လေ။ သမီးနဲ့အတူ အနာခံတာပဲ။ တော်တော်မတရားတဲ့ လောက ကြီးပါလား။ ဆွန်နက်ချ်ကာကလေးကကော။ ကမ္ဘာတည်သရွေ့ ငြင်းပယ်ဖို့ မဖြစ်နိုင်သည့် မိန်းကလေး။ ကိုယ့်ရဲ့ထာဝရ ဆွန်ညာကလေး။ သြော်... မင်းနဲ့ ငါ့ညီမ ဘဝတူတွေပါလား။ တပါးသူ၊ တခြားလူတွေအတွက် ဘဝကို စတေးရတဲ့ မိန်းကလေးနှစ်ယောက်။ ဟုတ်တယ် မဟုတ်လား။ မင်း အဲဒီလို လုပ်သင့်သလား၊ အဓိပ္ပာယ်ကော ရှိရဲ့လား။ အဲဒီလို လုပ်ဖို့ အင်အား ကော မင်းမှာ ရှိလို့လား။

"ညီမလေး ဒွန်ညာ၊ ဒွန်နက်ချ်ကာ၊ မင်း ဆွန်ညာဆိုတဲ့ ဆွန်နက်ချ်ကာကလေး အကြောင်း မသိသေးဘူးနော်။ နင့်ထက် ပိုဇာတ်နာသေးတယ်၊ သိလား။ အမေ့စာထဲမှာ ပါတယ်။ "အချစ်မပါသော်လည်း' တဲ့။ အချစ်မပါရင် လေးစားမှုလည်း မပါတော့ဘူးပေါ့။ အဲဒီအခါမှာ အပြန်အလှန် နားလည်ခွင့်လွှတ်တာတွေ ဘာတွေ ဘယ်ရှိတော့မလဲ။ ဒါဆို သန့်ရှင်းစင်ကြယ်မှု ဘယ်မှာ ရှိတော့မလဲ။ သန့်ရှင်းစင်ကြယ်တယ် ဆိုတာကော နင် နားလည် ရဲ့လား ဒွန်ညာ။လူဇင်လိုလူဆီက သန့်ရှင်းစင်ကြယ်မှု ဆိုတာ ဆွန်ညာရဲ့ သန့်ရှင်းစင်ကြယ် မှုမျိုးပဲ ဖြစ်တော့မှာပေါ့။ ပိုလို့တောင် အောက်တန်းကျချင် ကျလိမ့်ဦးမယ်။ ငတ်ပြီး သေရ တာကမှ မြတ်ဦးမယ်။ သန့်ရှင်းစင်ကြယ်တယ် ဆိုတာ တန်ဖိုးကြီးတယ် ဒွန်ညာ။ နင် ခံရမှ နောင်တရဖို့ သတိရလိမ့်မယ်။ လူမသိအောင် ကျိတ်ငိုရတဲ့ မျက်ရည်တွေ၊ ကာယိကဝေဒနာ၊ စေတသိက ဝေဒနာတွေ အကြောင်း ကြိုစဉ်းစားထားပါ ညီမလေးရယ်။ မာဖာပီထရိုဗနာကို သတိရဦးလေ။ ပြီးတော့

အမေ့အကြောင်းလည်း စဉ်းစားလေ။ သူ့ခမျာ ခုကတည်းက အသည်းကွဲ နေရှာပြီ။ ပြီးတော့ အစ်ကို့အတွက်ကော၊ နင် ဒီလိုဘဝဆုံးအောင်လုပ်တဲ့ အနစ်နာခံမှုမျိုး ငါ လုံးဝလက်မခံပါဘူး ဒွန်ညာ။ မေမေရေ...ကျွန်တော် အပြတ် ကန့်ကွက် ပါတယ်။ ကျွန်တော် အသက်ရှင်နေသရွေ့ အဲဒီ မင်္ဂလာပွဲ မဖြစ်စေရဘူး”

ရုတ်တရက် သတိရလာပြီး တုံ့ခနဲ ရပ်လိုက်သည်။ ဆက်တွေးသည်။

“လုံးဝ အဖြစ်မခံနိုင်ဘူး။ ဒါဆို မင်းက ဘယ်လိုလုပ် တားမလဲ။ မင်းမှာ တားပိုင် ခွင့်ကော ရှိလို့လား။ ဒီလိုအခွင့်အရေး ရှိပါတယ်လို့ သူတို့ကို မင်း ဘယ်လို သက်သေပြမလဲ။ မင်းရဲ့ ဘဝတခုလုံးရော၊ မင်းရဲ့အနာဂတ်ပါ သူ့လက်ကို ဝကွက်အပ်ရမှာ။ တက္ကသိုလ်က ဘွဲ့ရပြီးရင် အလုပ် ကောင်းကောင်း ရမယ်ပေါ့။ အဲဒါက ဟိုးအဝေးကြီးမှာ။ ပြဿနာက ခုချက်ချင်း ရှင်းရမှာ။ မင်း ခု ဘာလုပ်နေလဲ။ သူတို့ဆီကနေ မင်း ထွက်ပြေးနေတယ်။ သူတို့ ပိုက်ဆံ ရကြလိမ့်မယ်။ ပင်စင်ပေါင်တာ ရူဘယ်တရာတဲ့။ ဆဗီဒရီဂေးလော့ဗ် မိသားစုဆီ ကလည်းရချင်ရလိမ့်မယ်။ အဲဒီကိစ္စကောမင်း ဘယ်လိုကာကွယ်မလဲ။ အဖာနာဆီအီဗန်နိုဗစ်ချ် ဆီ နောက်မသွားရအောင်ကော မင်း ဘာလုပ်ပေးနိုင်လဲ။ နောက်ဆယ်နှစ်ကြာရင် မင်းက လက်ဖျား ငွေသီးနေပြီလေ။ အဲဒီအချိန်မှာ ဇာထိုးရလွန်းတဲ့ ဒဏ်နဲ့ မင်းအမေ မျက်စိကွယ် နေလောက်ပြီ။ ဒါမှမဟုတ်လည်း ငိုရလွန်းလို့ မျက်ရည်ပူမိပြီး မျက်လုံးကွယ်မှာ။ ဥပုသ် စောင့်ရလွန်းတော့ ဝါရှောင်ရတာ များပြီး တဖြည်းဖြည်း ခြောက်ကပ်သွားမှာ။ ကဲ ... မင်းညီမ ကျတော့ကော။ စဉ်းစားလေ၊ ဆက်စဉ်းစားလေကွာ။ ဆယ်နှစ်ကြာရင် မင်းညီမ ဘာဖြစ်နေ မလဲ။ ဆယ်နှစ်အတွင်းမှာကော ဘယ်လို ဖြစ်နေမလဲ။ မင်း မှန်းကြည့်လို့ ရလား"

သည်လို စက်ဆုပ်ဖွယ် မေးခွန်းများဖြင့် သူ့ကိုယ်သူ နှိပ်စက်နေသည်။

သို့သော် သည်မေးခွန်းများကြောင့် ပျော်သလိုလိုလည်း ဖြစ်နေသည်။ စင်စစ် ခုမှ ထွက်လာသည့် မေးခွန်း များ မဟုတ်ပေ။ အနာဟောင်းမှ ထွက်လာသည့် မေးခွန်းဟောင်းများ ဖြစ်သည်။ သူ့စိတ် ကိုရော နှလုံးသားကိုပါ နှိပ်စက်နေသည့် မေးခွန်းများ၊ သူ့ကို အပြင်းအထန် နှိပ်စက်ပြီး အဖြေ တောင်းနေသည့် မေးခွန်းများ။ ခုတော့ မိုးကြိုးပစ်သလို ပြင်းထန်သည့် အမေ့စာကြောင့် သည်မေးခွန်းတွေ စုပြုံ အန်ထွက်လာလေပြီ။ ခုတော့ အဖြေမရှာ၍ မရတော့ပြီ။ တခုခု လုပ်မှ ဖြစ်တော့မည်။ ချက်ချင်း လုပ်ရမည်။ လုပ်ဖြစ်အောင် လုပ်ရမည်။ မဟုတ်ရင်... ဘဝကို ဆက်နေလို့ ရတော့မည် မဟုတ်။

ပြင်းထန်သော ဝေဒနာဖြင့် သူ အော်လိုက်သည်။

“ကံကြမ္မာ ဖန်လာတဲ့အတိုင်း ငြိမ်ခံလိုက်။ ရင်ထဲမှာ ရှိသမျှ

ကြိတ်မှိတ်ခံလိုက်။ ဘာမှ ကလန်ကဆန် လုပ်မနေနဲ့။ ဘဝကို မေတ္တာတရားနဲ့ နေ’’

“ကိုယ့်လူ… မင်း နားလည်ရဲ့လား။ ဘယ်မှ သွားစရာမရှိတဲ့ဘဝကိုမင်း နားလည်လား”

မနေ့က မာမီလာဒေါ့ဗ် ပြောစကားကို ချက်ချင်း သွားသတိရလိုက်သည်။

“လူဆိုတာ သွားစရာ တနေရာရာတော့ ရှိသင့်တာပေါ့ ကိုရင်လေးရာ” တဲ့။

မနေ့ကအကြောင်း ပြန်တွေးမိတော့ သူ့ခေါင်းတွေ ချာချာလည်သွားသည်။

စင်စစ် မနေ့က တနေ့တည်းကြောင့် မဟုတ်။ လွန်ခဲ့သည့်တလက မက်ခဲ့သည့် အိပ်မက်ကြောင့် ဖြစ်သည်။ အိပ်မက်ဟောင်းကို ပုံသဏ္ဍာန်အသစ်ဖြင့် ပြန်မြင်လာသည့်အခါ ဦးခေါင်းကို လာထိပြီး မြင်ကွင်းတခုလုံး မှောင်ကျသွားသည်။

ပတ်ဝန်းကျင်ကို အထိတ်တလန့် ဝေ့ကြည့်လိုက်သည်။ တနေရာရာတွင် ထိုင်ချ လိုက်ချင်၏။

ခုံတန်းလျားကလေး တခု တွေ့လိုတွေ့ငြား မျက်စိကစားရင်း ကေဝိုင်လမ်းမကြီးတလျှောက် ဆက်လျှောက်သွားသည်။ ရှေ့ခြေလှမ်းတရာ အကွာလောက်တွင် မြေစိုက် ခုံရှည်ကလေးတခု လှမ်းမြင်သည်။ သူ ဆက်ပြီး သုတ်ခြေတင်သည်။ သို့သော် စိတ်လှုပ်ရှား စရာ အဖြစ်တခုနှင့် တန်းတိုးလေတော့သည်။

သူအမြန်လျှောက်နေစဉ်သူ့ရှေ့ ခြေလှမ်း နှစ်ဆယ်လောက်မှ သူ့လိုပင် ခုံတန်းလျား ကလေးဆီသို့ ခပ်သွက်သွက် လျှောက်သွားနေသည့် အမျိုးသမီးတယောက်ကို သတိထား လိုက်မိသည်။ ပထမတော့ မြင်ကွင်းထဲမှ အရာအားလုံးလိုပင် ဘာမျှ ထူးဆန်းသည် မထင်မိ။

အိမ်အပြန်လမ်းတွင် ဘာမှ သတိမထားမိဘဲ လျှောက်နေခြင်းမျိုး။

အခန်းပြန်ရောက်လျှင် ဘယ်လမ်းက ပြန်လာခဲ့မှန်းမမှတ်မိသည့် အဖြစ်မျိုး။

လမ်းတွင် ဘာတွေ မြင်တွေ့ခဲ့သည်ကို သတိမထားခဲ့မိသည့် အဖြစ်မျိုး။

သို့သော် သူ့ရှေ့မှ လျှောက်သွားနေသည့် အမျိုးသမီးကတော့ တမျိုးတဖုံ ထူးဆန်း နေသည်။ လှမ်းမြင်လိုက်ကတည်းက သူ့ကို ဆွဲဆောင်နေသည်။ သည်မိန်းမတွင် ဘာများ ထူးခြားတာရှိလို့လဲ သိချင်လာသည်။ ပထမဆုံး သတိပြုမိတာက သူ ထင်သလောက် အသက် မကြီးသေး။ မိန်းမငယ်ကလေး တယောက်ပဲ။ နေပူကျဲကျဲကြီးထဲတွင် ခေါင်းဆောင်း မပါဘဲ လျှောက်သွားနေသည်။

ထီးမဆောင်း၊ လက်အိတ်မစွပ်။ လက်ကို လွှဲကာ လွှဲကာဖြင့် သူ လျှောက်နေပုံမှာ ရယ်စရာ။ ပိုးပျော့အင်္ကျီကလေး ဝတ်ထားပုံကလည်း မသေမသပ်နှင့်။ ကြယ်သီးစုံတပ်မထား။ ခါးနောက်ပိုင်း စကတ်အပေါ်တည့်တည့်က စုတ်ပြဲနေသေးသည်။ အစတဖက်က ဖတ်လတ်ဖတ်လတ်နှင့်။ လက်ကိုင်ပဝါလေးတထည်ကို ဇက်ပိုးတွင် မညီမညာ သိုင်းတင်ထား၏။ လမ်းလျှောက်နေရင်း ဟိုယိုင်သည်ယိုင် ဖြစ်လာသည်။ ခုံနား ရောက်ခါနီးတော့ ရပ်စ်ကိုလ်နီကော့ဗ် သူ့ကို မီလာသည်။ ခုံ တဖက်စွန်းတွင် သူ လှဲချလိုက်သည်။ ဦးခေါင်းကို တွဲလောင်းချပြီး မျက်စိမှိတ်ထား၏။ အရမ်းပင်ပန်းလာပုံ။ ရပ်စ်ကိုလ်နီကော့ဗ် ဖိုကြည့်လိုက်သည်။ သည်တော့မှ ကလေးမ အရက်မူးလာမှန်း သိတော့၏။ တော်တော် ထူးဆန်းသည့် မြင်ကွင်းပါလား။ ငါထင်တာဟုတ်မှဟုတ်ပါ့မလား ဟုသံသယဝင်လာသည်။ သူ့မျက်နှာကို မြင်ရမှ ပိုအံ့သြသွားသည်။

ပီဘိငယ်ငယ်လေး။ ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမည်။ ရှိချင်မှလည်း ရှိမည်။ ဆယ့်လေးနှစ် အရွယ်လည်း ဖြစ်နိုင်သည်။ ဖြူဖြူချောချော ကလေး။ မျက်နှာတခုလုံး နီရဲနေသည်။ ရောင်ရမ်းနေသည့် အလား။ သူ ဘယ်ရောက်နေ မှန်း၊ ဘာဖြစ်နေမှန်း သိပုံမပေါ်။ ဒူးတဖက်ကို အခြားတဖက်ပေါ် တင်လိုက်တော့ ဒူးပေါ် ပေါင်ပေါ် ဖြစ်သွားသည်။ လမ်းပေါ်တွင် ရောက်နေမှန်း လုံးဝ သိပုံမရ။

ရပ်စ်ကိုလ်နီကော့ဗ်သည် ထိုင်လည်း မထိုင်၊ ဆက်လည်း မလျှောက်ဘဲ မိန်းကလေး ရှေ့တွင် ဘာလုပ်ရမှန်းမသိဘဲတွေပြီးရပ်နေသည်။ လမ်းမကြီးပေါ်တွင် လမ်းသွားလမ်းလာ ရှင်းနေသည်။ မွန်းလွဲ တနာရီ နေပူချိန်ဖြစ်၍ လူသွားလူလာ ရှင်းနေခြင်း ဖြစ်သည်။ သို့သော် မလှမ်းမကမ်းတွင် လူတယောက် ရပ်နေသည်။ ကောင်မလေးနောက်က လိုက်လာပြီး ကျော်တက်ကာ လမ်းထိပ်က သွားကြိုစောင့်နေတာ ဖြစ်ရမည်။ရပ်စ်ကိုလ်နီကောဗ်ကြောင့် ကောင်မလေးဆီ ပြန်မလာဘဲ အခြေအနေ စောင့်ကြည့်နေခြင်း ဖြစ်မည်။ သူ လှမ်းကြည့် နေပုံက ရပ်စ်ကိုလ်နီကော့ဗ်ကို မကျေမနပ် ဖြစ်နေပုံ။ လူက စုတ်စုတ်ပြတ်ပြတ်နဲ့ ဘာလို့ ကိုယ့်လမ်း ကိုယ် မသွားတာလဲဟု စိတ်ခုနေပုံ။ အခြေအနေက ရှင်းနေပြီ။ သည်လူ့ပုံက ဝတုတ်တုတ်၊ မျက်နှာ နီစပ်စပ်နှင့်။ အသက်က သုံးဆယ်လောက်။ နှုတ်ခမ်းမွှေးမျှင်မျှင်ကလေး နှင့်။ အဝတ်အစားက အထက်တန်းကျကျ။ ရပ်စ်ကိုလ်နီကော့ဗ် ထောင်းခနဲ ဒေါသဖြစ်လာသည်။ ကောင်မလေးကို ထားခဲ့ပြီး ထိုလူ့ဆီ လျှောက်သွားသည်။

"ဟေး... **ဆဗီဒရီဂေးလော့ဗ်**14 ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

သူက အံကြိတ်ပြီး အော်မေးလိုက်သည်။ သူ့စိတ်ထဲတွင် မုန်းတီးမှုတွေ ပြည့်လျှံ နေသည်။

"ဘာအခိပ္ပာယ်လဲကွ"

ထိုလူက ရန်လိုသည့် အသံဖြင့် တအံ့တသြ ပြန်မေးသည်။

"ထွက်သွား၊ ဒီက ထွက်သွား၊ အဲဒီအခိပ္ပာယ်ပဲ"

"အောင်မာ၊ မင်းက ဘာကောင်လဲ။ လူဝါးဝလှချည်လား"

ပြောပြောဆိုဆို သူက လက်ထဲက ကြိမ်လုံးကို မြှောက်လိုက်သည်။

သူ့လို လူပိန် ကလေးနှစ်ယောက်ကို ကိုင်ပေါက်နိုင်သည့် ထိုလူ့ဆီသို့ ဘာမှ မစဉ်းစားတော့ဘဲ လက်သီး နှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ခုန်အုပ်လိုက်သည်။ သို့သော် နောက်မှ တစုံတယောက်က သူ့ကို ဖမ်းချုပ်ထားလိုက်သည်။ ရဲသားတယောက် ဖြစ်၏။ ရဲသားက သူတို့နှစ်ယောက် ကြား ဝင်ရပ်လိုက်သည်။

"ကဲ... လူကြီးမင်းတို့ တော်ကြပါတော့။ အများပြည်သူရဲ့ ရှေ့မှောက်မှာ ရန် မဖြစ်ရဘူးလေ။ ဘယ်လို ဖြစ်ကြတာလဲ၊ ခင်ဗျားက ဘယ်သူလဲ"

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး မေးခြင်း ဖြစ်သည်။ ရဲသား၏ မျက်နှာမှာ စစ်သည်ကောင်းတယောက်၏ မျက်နှာမျိုး ဖြစ်သည်။ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်။ အညိုရောင် နှုတ်ခမ်းမွေးကျင်စွယ်နှင့်။ သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး သူ့ လက်မောင်းကို ဆုပ်လျက် ရပ်စ်ကိုလ်နီကော့ဗ် ဖြေသည်။

"အတော်ပဲ၊ ခင်ဗျားလို လူမျိုးကို ကျုပ် တွေ့ချင်နေတာ။ ကျုပ်နာမည် ရပ်စ်ကိုလ် နီကော့ဗ်၊ တက္ကသိုလ်ကျောင်းသားဟောင်း"

သူ့ကို ကြိမ်လုံးနှင့် ရိုက်ဖို့ ရွယ်သူဘက် လှည့်ကြည့်ပြီး ရဲသားကို -

"ခင်ဗျား လိုက်ခဲ့၊ ပြစရာ ရှိတယ်'

ရဲသားကို ခုံတန်းလျားကလေးဆီသို့ ဆွဲခေါ်သွားသည်။

"ဒီမှာကြည့်စမ်း၊ သူ လူမှန်းသူမှန်း မသိအောင် မူးနေတယ်။ လမ်းပေါ်မှာ လျှောက် သွားနေတယ်။ ဘယ်သူ ဘယ်ဝါမှန်းလည်း မသိဘူး။ လမ်းပေါ်က ကောင်မလေးနဲ့တော့ မတူဘူး။ တယောက်ယောက်က သူ့ကို အမူးတိုက်ပြီး မတရားကြံတာ။ ဒါ ပထမဆုံး အကြိမ် ထင်တယ်။ တွေ့လား၊ ပြီးတော့ လမ်းပေါ် လွှတ်ပေးလိုက်တယ်။ ကြည့်ပါဦး၊ အဝတ်တွေလည်း စုတ်ပြတ်လို့၊ ဝတ်ထားပုံလည်း ကြည့်ဦး။ သူကိုယ်တိုင်ဝတ်တာ မဖြစ် နိုင်ဘူး။ ယောကျ်ားတယောက် မသေမသပ်နဲ့

အတင်းဝတ်ပေးလိုက်တာ။ အဲဒါ သေချာတယ်။ ဟိုလူပေါ်ကြော့ကို လှမ်းကြည့်လိုက်ပါဦး။ ကျွန်တော် သတ်မယ် လုပ်တဲ့လူလေ။ သူ့ကို တခါမှ မမြင်ဖူးဘူး။ ကျွန်တော် မရှိရင် ဒီကောင်မလေးအနား သူ ရောက်နေပြီ။ ကောင်မလေး အခြေအနေကို ကြည့်ပြီး သူ အလစ်သုတ်ဖို့ စောင့်နေတာ။ ကျွန်တော့်အလစ် ကို သူ စောင့်နေတာ။ ဒီကလေးမကို တနေရာရာ ခေါ်သွားပေးပါဗျာ။ ကျွန်တော် ပြောတာ ယုံပါ။ အဲဒီလူ အလစ်ချောင်းနေတာ။ ဟိုမှာ ခုထိ ယောင်လည်လည် လုပ်နေတုန်း။ သူ့လက် ပါမသွားအောင် ကောင်မလေးကို အိမ်ပြန်ပို့မှ ဖြစ်မယ်။ စဉ်းစားကြည့်ပါ ဆရာရယ်"

ရဲသားက အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။ ဟိုလူကို အကဲ ခတ်ဖို့ သိပ်မခက်။ ကောင်မလေးကို လှေ့လာရမည်။ ငုံ့ကြည့်လိုက်သည်။ ရဲသား စိတ်မကောင်း ဖြစ်သွားပုံရသည်။

ခေါင်းယမ်းပြီး-

"သနားစရာလေးပဲဗျာ။ ကလေးသာသာကလေးပဲ။ မိုက်ရိုင်းလိုက်တဲ့ လူတွေ၊ ဟုတ်တယ်။ စော်ကားခံခဲ့ရတာ။ ဒီမယ် မလေး'

သူ စ,ခေါ်သည်။

"မလေး၊ မလေး ဘယ်မှာနေလဲ ဟင်''

ရီဝေဝေ မျက်လုံးများ ပွင့်လာသည်။ ပင်ပန်းနွမ်းနယ်နေသည့် မျက်လုံးများ။ ရဲသားကို မော့ကြည့်ပြီး လက်ဝှေ့ပြလိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က -

"ဒီမယ် ကိုယ့်ဆရာ၊ ရော့ ..."

အိတ်ထဲနှိုက်ကြည့်လိုက်တော့ကိုပက်နှစ်ဆယ်တွေ့သဖြင့်ကမ်းပေးလိုက်သည်။

"မြင်းရထားသမား တယောက် ခေါ်ဗျာ။ ပြီးတော့ သူ့လိပ်စာမေးပြီး လိုက်ပို့ခိုင်း လိုက်၊ လိပ်စာတော့ ရအောင် မေးရမှာပဲ"

"မလေး၊ မလေး"

ရဲသားက ပိုက်ဆံလှမ်းယူရင်း -

"ဒီမယ် မလေး၊ ရထားတစင်း ကျွန်တော် သွားခေါ်မယ်။ ရထားနဲ့ ပို့ပေးမယ်၊ ဘယ်ကို ပို့ပေးရမလဲ ဟင်။ မလေး ဘယ်မှာ နေလဲ"

“ရှူး…ရှူး”

တိုးတိုးပြော ဟူသည့် အမူအရာဖြင့် လက်ဇ့ေပြပြန်သည်။

“ဟာ… ဒုက္ခပါပဲ၊ အရက်တကွဲ အကျိုးနည်းတွေ ဖြစ်ကုန်တော့မှာပဲ"

စိတ်ပျက်လက်ပျက် ခေါင်းယမ်းနေသည်။ ရပ်စ်ကိုလ်နီကောဗ်ဘက် လှည့်ပြီး-

“အဲဒါမှ ပြဿနာ” ဟု ဆိုကာ သူ့ကို မေ့ာကြည့်လိုက်၊ ကောင်မလေးကို ငုံ့ကြည့် လိုက်နှင့် စိတ်ပျက်နေပုံ ရသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ဒီလူကကော ဘယ်လိုလူလဲ။ ပြီးတော့ သူက ပိုက်ဆံ ထုတ်ပေးနေသေးသည်။ ရဲသား ဦးနှောက်ခြောက်သွားသည်။

“သူ့ကို ဘယ်လောက်ဝေးဝေးက ခင်ဗျား လှမ်းတွေ့တာလဲ”

“ကျွန်တော် ပြောပြမယ်။ သူက ကျွန်တော့် ရှေ့က လျှောက်နေတယ်၊ ဟောဒီ လမ်းမကြီးပေါ်မှာပဲ။ သူ့ ခြေလှမ်းတွေက သိပ်မမှန်ဘူး။ ဟောဒီ ခုံနားလည်း ရောက်ရော တခါတည်း လဲကျသွားတော့တာပဲ”

“အင်း…. ကျွန်တော်တို့ ကမ္ဘာကြီး ဘယ်လို ဖြစ်နေပါလိမ့်။

ဒီလို ရိုးရိုးသားသား မိန်းကလေးတယောက်၊ အရက်တိုက်ပြီး ဖျက်ဆီးခံရတယ်တဲ့။ အဝတ်တွေလည်း စုတ်ပြတ်လို့။ ဒါလောက်တောင် လူတွေ တရားမဲ့နေကြပြီလား။ ကြည့်ရတာ မိကောင်းဖခင် သားသမီးကလေး ထင်ပါရဲ့ဗျာ။ ဒါမျိုးတွေ ကြာလေများလေ ဖြစ်နေပြီဗျ။ ကြည့်ပါဦး၊ ငယ်ငယ်လေးနဲ့ ပန်းကောင်းအညွန့်ချိုး ခံလိုက်ရတာ”

ပြောပြီး မိန်းကလေးကို ငုံ့ကြည့်ပြန်သည်။ သမီးချင်း စာနာနေပုံ။ သူ့မှာ သမီး ရှိနေပုံ ရသည်။

ရပ်စ်ကိုလ်နီကောဗ်က ထပ်ဂျီကျ ပြန်သည်။

“အရေးကြီးတာက ဟိုငနဲကြီးရဲ့ ရန်ကို ကာကွယ်ဖို့ပဲ။ ဒီကောင်မလေးကို ဖျက်ဆီး တဲ့အထဲ သူလည်း ပါချင် ပါနေမှာ? သူ့ပုံကြည့်ရင် သိသာနေတာပဲ။ ကြည့်လေ၊ ခုထိ မသွား သေးဘူး”

ရပ်စ်ကိုလ်နီကောဗ်က အော်ပြောလိုက်ခြင်း ဖြစ်သည်။ ဟိုလူ ကောင်းကောင်း ကြားသွားသည်။ ဒေါသတကြီး ပြန်ကြည့်ပြီး ဆယ်လှမ်းလောက် ရွှေ့သွားသည်။

"သူ့ရန်ကို ကာကွယ်ဖို့ထက် အရေးကြီးတာက ဒီကလေးမကို ဘယ်ကို ပြန်ပို့ပေး ရမလဲ သိဖို့ပဲ ဆရာလေး။ မလေး... မလေး"

ငုံ့ပြီး သူ ခေါ်ပြန်သည်။ သည်တခါ မျက်လုံး ဖွင့်ကြည့်တော့ သတိရလာပုံဖြင့် ခံ့တန်းလျားပေါ် ထထိုင်သည်။ ပြီးတော့ ဝုန်းခနဲ ထရပ်ပြီး သူ လျှောက်လာသည့် ဘက်ကို ပြန်လျှောက်သွားသည်။

"အပါးပါး၊ အရှက်မရှိတဲ့ လူတွေ၊ လူရမ်းကားတွေ"

လက်ကို ဝှေ့ကာ ဝှေ့ကာဖြင့် အော်ရင်း အပြေးလျှောက်နေသည်။ သို့သော် ခြေလှမ်း တွေ မမှန်။ ဟိုယိုင် သည်ယိုင်နှင့်။ ဟို လူပေါ်ကြော့က လမ်းဟိုဘက် ပလက်ဖောင်းမှ ပြေး လိုက်သွားသည်။ ကောင်မလေးဆီမှ သူ့မျက်လုံးက မခွာ။

"ကဲ ...ဆရာလေး၊ ဘာမှ မပူနဲ့ သိလား။ သူ လက်ဖျားနဲ့တောင် မတို့စေရဘူး"

နှုတ်ခမ်းမွေးနှင့် ရဲက ပြောပြောဆိုဆို နောက်က ပြေးလိုက်သွားသည်။

"ခေတ်ကြီးကိုက စာရိတ္တပျက်နေတဲ့ ခေတ်ကြီးပဲ"

ဟု အော်ပြောသွားသည်။

ထိုတဒင်္ဂတွင် ရုတ်တရက်ကြီး ရပ်စ်ကိုလ်နီကောဗ် လျှပ်ပြက်သလို လက်ခနဲ ဖြစ်သွားသည်။ ရဲသားကို နောက်မှ လှမ်းအော်လိုက်သည်။

"ဟော့လူ၊ နေဦး"

ရဲသားက ပြန်လှည့်ကြည့်သည်။

"လွှတ်ထားလိုက်၊ သူတို့ဘာသာ ဘာဖြစ်ဖြစ်၊ သူ့ ကောင်မလေးနဲ့ ပျော်ချင်ပျော် ပစေပေါ့၊ ကျုပ်တို့အပူ တပြားသားမှ မပါဘူး"

သူက လမ်းတဖက်ခြမ်းမှ ပြေးနေသူကို လက်ညှိုးထိုး ပြောလိုက်ခြင်း ဖြစ်သည်။ ရဲသားက ဘာမှ နားမလည်သလို ပြန်လှည့်ကြည့်နေသည်။ ရပ်စ်ကိုလ်နီကောဗ် ရယ်ချ လိုက်သည်။

"ဟာ... ဒုက္ခပါပဲ"

ရဲသားက လက်ဝှေ့ပြပြီး ဆက်ပြေးသွားသည်။ ရပ်စ်ကိုလ်နီကောဗ်ကို စိတ်မနှံ့သူ တယောက်အဖြစ် မြင်သွားလေသည်လား မသိ။

တယောက်တည်း ကျန်ခဲ့တော့မှ စက်ဆုပ်ရွံရှာစွာ ပြောလိုက်မိသည်။

"ပါသွားပြီ၊ ကိုပက်နှစ်ဆယ် ပါသွားပြီ။ သူ ဘယ်လောက် ဖြတ်အုပ်မလဲ မသိဘူး။ အဲ... ရှိစေတော့၊ ကောင်မလေးကို သူ ခေါ်သွားကောင်းပါရဲ့။ ဒါဆို ပြီးပြီပေါ့။ နေပါဦး၊ ဒါတွေ ငါနဲ့ ဘာဆိုင်လို့လဲ။ ငါက ဘာကောင်မို့ လူတွေကို ကူညီနေရမှာလဲ။ ကူညီဖို့ အခွင့်အရေး ကော ငါ့မှာ ရှိလို့လား။ သူတို့ဘာသာ သူတို့ အရှင်လိုက် ဝါးစား ဝါးစားပေါ့။ ငါနဲ့ ဘာဆိုင်တာ မှတ်လို့၊ ငါက ဘာကိစ္စ ကိုပက်နှစ်ဆယ် သွားပေးလိုက်တာလဲ။ ဒါ ငါ့ပိုက်ဆံလား"

သည်လို ထူးဆန်းသည့် စကားလုံးတွေ နှုတ်က ထွက်သွားပြီးတော့ ရင်ထဲ နင့်နေ အောင် နာသွားသည်။ ခုံတန်းလျားပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ သူ့ခေါင်းထဲ တွင် အတွေးပေါင်းစုံဖြင့် ချာချာလည်နေပြီ။ ဘာအကြောင်း တွေးလိုက် တွေးလိုက်၊ စိတ် သက်သာစရာ တကွက်မျှ မရှိ။ အားလုံးကို မေ့ပစ်လိုက်နိုင်ရင် ဘယ်လောက်ကောင်း မည်လဲ။ အရာတိုင်း ကို မေ့ထားလိုက်ချင်သည်။ အတိတ် တကဏ္ဍကို ထားခဲ့ပြီး အသစ်တဖန် ပြန်နိုးချင်လာသည်။

"အင်... သနားစရာ မိန်းကလေး"

သူ လှဲအိပ်သွားသည့် ခုံတဖက်စွန်းကို ကြည့်ပြီး ပြောလိုက်သည်။

"သူ အမူးပြေသွားရင် သူ့အဖြစ်ဆိုးတွေကို ပြန်သတိရလာလိမ့်မယ်။ အဲဒီမှာ သူ ငိုချမိလိမ့်မယ်။ အမေက သိသွားလိမ့်မယ်။ ပထမဆုံး သူ အရိုက်ခံရမှာ သေချာတယ်။ သေကောင်ပေါင်းလဲ ရိုက်လိမ့်မယ်။ အိမ်က မောင်းချချင်လည်း ချလိမ့်မယ်။ ဒါဆို လမ်းပေါ် ကို အပြီးအပိုင် ရောက်သွားပြီပေါ့။ ဒါဆို ဆေးရုံနဲ့လည်း လမ်းပေါက်သွားတော့မှာပါ။ (သူတို့တွေဟာ သည်အတိုင်းပဲလေ။ ရိုးသားတဲ့ အမေတွေ မသိအောင် အတူနေပြီး အခြား ဘဝမျက်နှာစာ တခု ဖွင့်တတ်ကြတယ်) သည်လိုနဲ့ သူတို့ အရက် သောက်တတ်လာကြတယ်။ ဆေးရုံရယ်၊ အရက်ဆိုင်ရယ်၊ လုပ်ငန်းခွင်ရယ် ကူးချည်သန်းချည်လုပ်ရင်း သုံးနှစ် လောက် ကြာလာတော့ ချုံးချုံးကျလာရော၊ အဲဒီအချိန်မှာ သူ ဆယ့်ရှစ်၊ ဆယ့်ကိုးလောက်ပဲ ရှိဦးမယ်။ ဒီလို မိန်းကလေးမျိုးတွေ ငါ မတွေ့ဖူးဘူးလား။ သူတို့ဘဝ ဘယ်လို အဆုံးသတ် သွားကြသလဲ။ အားလုံး တပုံစံတည်းတွေချည်းပါပဲ။ သူတို့က ပြောကြတယ်။ ဒါ ဘာဆန်း လဲ။ ဒီလိုပဲ ဖြစ်ရမှာပေါ့တဲ့။ နှစ်တိုင်းနှစ်တိုင်း ဘယ်နှရာခိုင်နှုန်း အဲဒီလို ဖြစ်သွားတဲ့ အကြောင်း လည်းသူတို့ပြောကြသေးတယ်။ လူမှုရေးနဲ့ ရာဇဝတ်မှု၊ ပြည့်တန်ဆာမှု လေ့လာဆန်းစစ်တဲ့ လူတွေလေ။ ရာခိုင်နှုန်းတဲ့။ တော်တော်လှတဲ့ စကားလုံးကလေးပဲ။ သိပ္ပံနည်းလည်း ကျတယ်။ တိလည်း တိကျတယ်။ ရာခိုင်နှုန်း ဘယ်လောက် ဘယ်လောက်ပေါ့။ ဘာမှ စိတ်ပူစရာ မလိုတဲ့ အဓိပ္ပာယ်။ ဒါဆို ဆွန်ညာကလေးကော အဲဒီရာခိုင်နှုန်းထဲ ပါသွားရင် ဘယ့်နှယ် လုပ်မလဲ။ ဒါလောက်

မဆိုးရင်လည်း တခြား တနည်းနည်းနဲ့ ပျက်စီးမှာပဲ”

သူ ရုတ်တရက် တခုခုကို သတိရလိုက်သလို တုံ့သွားသည်။ “နေပါဦး၊ ငါ ခု ဘယ်သွားရမှာလဲ၊ ထူးဆန်းနေပါလား။ ငါက အထောက်အထား တခု ရှာနေတာ။ စာဖတ်ပြီးပြီးချင်း ငါ ထွက်လာခဲ့တာ။ ဗာဆီလီဗက်စကီကျွန်းကို သွား မယ်။ ရာဇူမီခင်ဆီ သွားမယ်ဆိုပြီး ထွက်လာတာ။ ဟုတ်ပြီ၊ ငါ သတိရပြီ။ ဒါပေမဲ့ ဘာ အတွက် သွားမှာလဲ။ ဘာကြောင့် ရာဇူမီခင်ဆီ သွားဖို့သတိရလာတာလဲ။ တော်တော် ထူးဆန်း ပါလား”

ရာဇူမီခင်က တက္ကသိုလ်တုန်းက ကျောင်းနေဖက် သူငယ်ချင်း။ တော်တော်တော့ ထူးဆန်းသည်။ ရပ်စ်ကိုလ်နီကော့ဗ်သည် တက္ကသိုလ်တွင် အပေါင်းအသင်း မရှိသလောက် ပင်။ တယောက်တည်း နေသည်။ သူ့ဆီသို့ ဘယ်သူမှ မလာ။ သူကလည်း ဘယ်သူ့ဆီမှ မသွား။ ကြာတော့ သူသည် အထီးကျန်ဘဝသမား ဖြစ်လာသည်။ ဘယ်စကားဝိုင်းကိုမှ သူ မဝင်။ လူစုလူဝေးကို ဝေးစွာရှောင်သည်။ ပျော်ပွဲရွှင်ပွဲများနှင့်ဆို ဝေလာဝေး။ ဘယ်အဖွဲ့ အစည်းနှင့်မှ မပတ်သက်။ အလွန် စာကြိုးစားသော၊ ဖွဲ့ကောင်းသော ကျောင်းသားအဖြစ် နာမည်ကြီးသည်။ သည်အတွက် သူ့ကို အခြားကျောင်းသားတွေ တလေးတစား ရှိကြသည်။ သို့သော် သူ့ကို ဘယ်သူမျှ မခင်ကြ။ သူသည် အလွန်ဆင်းရဲသော်လည်း လူအမြင် ကတ်လောက်အောင် ဘဝင်မြင့်သည်။ လူတွေနှင့် ဝေးသည်။ သူ့တွင် ကိုယ်ပိုင်လျှို့ဝှက်ချက် ရှိနေသည့် အလား။ အခြားကျောင်းသားများကို သူက မနူးမနပ်ကလေးတွေလို သဘော ထားသည်ဟု ပတ်ဝန်းကျင် က သူ့ကို အကဲဖြတ်သည်။ အားလုံးထက် သူက ခေါင်းတလုံး ပိုမြင့်နေသလိုလို။ ယုံကြည်ချက်၊ ဗဟုသုတ၊ ထူးချွန်ထက်မြက်မှု၊ စိတ်ဝင်စားမှု အားလုံး သူက ထိပ်ဆုံးရောက်နေသည့် အလား။

သို့သော် ရာဇူမီခင်သည် သူ့အတွက် ခြွင်းချက် ဖြစ်နေသည်။ သူတို့နှစ်ယောက် အသွင်မတူကြ။ ရာဇူမီခင်က အပေါင်းအသင်း ဆံ့သည်။ သူ့အပေါ်သူများတွေထက် ပိုပွင့်လင်းသည်။ သူသည် ပကတိရိုးသားသူ ဖြစ်သည်။ သူ၏လေးနက်မှုနှင့် ဂုဏ်သိက္ခာကို ယင်းရိုးသားမှု က ဖုံးကွယ်ထားသည်။ သူ့ကို လူတိုင်း ချစ်ကြသည်။ သူသည် ရိုးသားသော်လည်း ထုံထိုင်းသူ တယောက်တော့ မဟုတ်ပေ။ သူ့ပုံသဏ္ဌာန်သည် ခံ့ညားသည်။ အရပ်မြင့်မြင့်၊ ဆံပင်နက်နက်နှင့် လူချောတယောက် ဖြစ်၏။ မုတ်ဆိတ်ကိုမူ ဖြစ်ကတတ်ဆန်း ရိတ်တတ်သည်။ သူသည် ဖော့ဖယောင်းလို ပျော့ပျောင်းသူ ဖြစ်သော်လည်း မာပြီဟော့ ဆိုလျှင် သံမဏိလက်သီး ဟု နာမည်ကြီးသူ ဖြစ်သည်။ တညရန်ပွဲတခုတွင် ခြောက်ပေခွဲ ဗလကြီးတယောက်ကို တချက်တည်းနှင့် မှောက်ကျသွားအောင် ထိုးပစ်လိုက်သည်။ သောက်ပြီဟော့ ဆိုလျှင် အတိုင်းအဆ မရှိ သောက်ပြီး သောက်ချင်စိတ် မရှိသည့်အခါ

အရက်ကို လုံးဝ လှည့်မကြည့်။ သူ နောက်ချင် ပြောင်ချင်စိတ် ရှိလာပြီ ဆိုလျှင် အားလုံး လက်မြှောက်ရသည်။ သူ တည်ပြီ ဟော့ ဆိုလျှင် ခင်ကြီးတပါးလို ဣန္ဒြေတခွဲသားနှင့် လုပ်နေတတ်သည်။ သူသည် ဘယ်လို အခက်အခဲမဆို ကျော်လွှားနိုင်သူ ဖြစ်သည်။ ဘယ်လို ဘဝကြမ်း လှိုင်းတံပိုးကမှ သူ့အား မချေမှုန်းနိုင်။ သူသည် ခေါင်မိုးနှင့် ကပ်နေသည့် အထပ်ခိုးတွင်လည်း နေနိုင်သည်။ ဘယ် လောက်အေးအေး၊ ဘယ်လောက်ဆာဆာ သူ ခံနိုင်သည်။ သူသည် အလွန်ဆင်းရဲသူ ဖြစ်သည်။ သို့သော် ဖြစ်သည့်နည်းဖြင့် ကြံ့ကြံ့ခံသည်။ အလုပ်တွေ တခုပြီး တခု ရှာလုပ်သည်။ ဘယ်နေရာမှာ ဘယ်အလုပ်မျိုး ရှိသည်ကို သူ ကောင်းကောင်း သိသည်။ တခါတွင် ဆောင်းရာသီ တချိန်လုံး သူ့အခန်းထဲတွင် အနွေးဓာတ် မရှိခဲ့။ သူက ဒါကို ပျော်ဖို့ကောင်းသည်တဲ့။ ပိုအိပ်လို့ ကောင်းသည်တဲ့။ ခုလောလောဆယ်တွင် သူလည်း စရိတ်ပြတ်သဖြင့် ကျောင်း ထွက်ထားရသည်။ သို့သော် မကြာခင် သူ ပြန်တက်နိုင်မှာ သေချာသည်။ သူက သည်လို ဖြစ်နေကျလေ။ သူ့ဆီ မရောက်သည်မှာ လေးလကျော်ပြီ။ မိမိ၏ လက်ရှိလိပ်စာကို သူ မသိ။ လွန်ခဲ့သည့် နှစ်လက လမ်းတွင် သူ့ကို မတော်တဆ လှမ်းမြင်တော့ သူ မမြင်အောင် လမ်းချိုးတခုထဲသို့ လှည့်ထွက်လာခဲ့သည်။ ရာဇူမီခင်က သူ့ကို သက်သက် ရှောင်ထွက်သွား မှန်း သိသည်။ သူငယ်ချင်းကို အနှောင့်အယှက် မပေးလို၍ အသာကြည့်နေလိုက်သည်။

※※※

ရပ်စ်ကိုလ်နီကော့ဗ်သည် စိတ်ရှုပ်ရှုပ်နှင့် တတွတ်တွတ် ရွတ်ရင်း ဆက်လျှောက်နေသည်။

"တလောက သူ့ဆီသွားဖို့ စိတ်ကူးခဲ့သေးတာပဲ။ အလုပ်ကလေး ဘာလေး ရမလား ဆိုပြီးတော့လေ။ ကျူရှင်ပြတဲ့ အလုပ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ မသွားဖြစ်ခဲ့ဘူး။ သွားရင် သူက သူ့အလုပ်ကို ခွဲပေးချင် ပေးမှာ။ လွဲပေးချင် ပေးမှာ။ ကျူရှင်ပြမယ့် အိမ်ကို လူလူသူသူ သွားနိုင်အောင် အင်္ကျီတို့၊ ဖိနပ်တို့တောင် ဝယ်ပေးချင် ပေးနေဦးမှာ။ သူ့မှာလည်း ရှိတာမဟုတ်ဘူး။ သူ့ဆီ သွားဖို့ စိတ်ကူးတာ အဓိပ္ပာယ် မရှိပါဘူး"

ရာဇူမီခင်ဆီ သွားဖို့ စိတ်ကူးမိခြင်းအတွက် စိတ်မသက်မသာ ဖြစ်နေသည်။ ဘာမှ မထူးဆန်းသည့် ကိစ္စကလေးကို သူက ရောဂမ မကောင်းမှု ဒုစရိုက်ကြီး ထင်နေသည်။

"ရာဇူမီခင်နဲ့ တွေ့ရင် ငါ့ပြဿနာတွေ ရှင်းသွားမှာလား၊ သူ့ဆီမှာ ငါ့အတွက် အဖြေတွေ ရှိနေလို့လား"

သူ့ကိုယ်သူ တအံ့တဩ ပြန်မေးမိသည်။ နဖူးကို ပွတ်ပြီး ဆက်စဉ်းစားသည်။ ကံအားလျော်စွာလို့ ပြောရမည်လား၊ ရုတ်ခြည်း လျှပ်စီးလက်သလို ဝင်းလက်သွားခြင်းလား မသိ။ နောက်ဆုံးတွင် ဆုံးဖြတ်ချက် ချလိုက်သည့်အလား။ လုံးဝ တည်ငြိမ်သော အသံဖြင့် ပြောလိုက်သည်။

"ဟုတ်ပြီ၊ ရာဇူမီခင်ဆီ သွားမယ်။ တကယ် သွားဖြစ်အောင် သွားမယ်။ အဲ ... နေပါဦး၊ ခု မသွားသေးဘူး။ နောက်နေ့မှ သွားမယ်။ ဒါဆို အားလုံး ကိစ္စပြီးနေချိန်ပေါ့။ အသစ်တဖန် ပြန်စတဲ့ နေ့ပေါ့'

ရုတ်ခြည်း သူ သတိပြန်ဝင်လာသည်။ ခုံတန်းပေါ်မှ ဝုန်းခနဲ ထရပ်ပြီး မပြေးရုံ တမည် လျှောက်သည်။ သူ့ စိတ်ထဲတွင် ချက်ချင်း အနိဋ္ဌာရုံတွေ ပေါ်လာသည်။ စိတ်ပျက် ဖွယ်ရာ အတိ။ လွန်ခဲ့သည့် တလကတည်းက စတင် စုဝေးနေသည့် အတွေး။ ရှေ့တည့်တည့် သို့ ဆက်လျှောက်သည်။

စိတ်လှုပ်ရှားမှုကြောင့် ကျောထဲ စိမ့်သွားပြီး အဖျားတက်ချင်သလို ဖြစ်ကာ တကိုယ်လုံး တုန်ခါလာတော့သည်။ ဒါလောက် ပူပြင်းသည့်အချိန်တွင် မေးချင်းရိုက်နေသည်။ သက်သာလို သက်သာငြား ဆိုပြီး ရင်ထဲက တောင်းဆိုလာသည့်နှယ် မြင်မြင်သမျှ အရာတွေကို ကျီးကန်း တောင်းမှောက်

လျှောက်ကြည့်နေသည်။ သို့သော် အရာတိုင်းသည် စိတ်ကူးထဲတွင် ပျောက်ကွယ်သွားကြသည်။ ခေါင်းငိုက်စိုက် ကျသွားပြီး ပြန်ထောင်လိုက်သည့် အချိန်တွင် စောစောက မြင်သည့် အရာအားလုံးကို သူ မမှတ်မိတော့ပေ။ တခါ ပြန်ပြီး ကျီးကြည့် ကြောင်ကြည့် ကြည့်နေပြန်သည်။ ဘယ်လမ်းကို လျှောက်နေမှန်း သူ မသိ။ ဤသို့ဖြင့် ဗာစီလီယက်ဗ်စကီကျွန်းသို့ ရောက်လာခဲ့သည်။ ပြီးတော့မှ နီဗားမြစ်ကမ်း။ တံတားပေါ်က ဖြတ်ပြီး တဖက်ကမ်းမှ **ကျွန်းများဆီသို့**[15] ဆက်လျှောက်သည်။ မျက်စိအေးချင်စရာ စိမ်းစိမ်းစိုစို မြင်ကွင်းကြောင့် သူ့အာရုံ ပြောင်းသွားသည်။ မြို့ထဲက မြင်ကွင်း နှင့် တခြားစီ။ ပီတာစဘတ်သည် ဆောက်လုပ်ဆဲ မြို့ကြီးဖြစ်၍ ဖုန်တွေ၊ သဲတွေ ထူထပ်လှသည်။ လူတွေ၊ အဆောက်အအုံတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ ဒီဘက်ပိုင်းမှာတော့ လူနေ အိမ်ခြေ ကျဲသည်။ မကောင်း သော အနံ့အသက်များ မရှိ။ အရက်ဆိုင်တွေ၊ ဘီယာဆိုင်တွေ မရှိ။ မကြာပါချေ။ သူ့စိတ်တွေ အချဉ်ပေါက်လာပြန်သည်။ မကြာခဏ ရပ်ပြီး လူကုံထံတို့၏ နွေရာသီစံအိမ်ကြီးများကိုငေးကြည့်သည်။ စိမ်းစိုသော ပန်းခြံမြက်ခင်းများထဲတွင် ဝတ်ကောင်း စားလှနှင့် အမျိုးသမီးများကို လှမ်းမြင်ရသည်။ ရောမ ဆင်ဝင်ကြီးများ၊ လေသာဆောင်များ၊ အမိုးများအောက်တွင် ကလေးတွေ တပျော်တပါး ဆော့ကစားနေကြသည်။ ပန်းပွင့်တွေကို သူ စိတ်ဝင်တစား ငေးကြည့်နေသည်။ ကျန်တာတွေ သူ ဘာမျှ အာရုံမထားတော့။ ဖိတ်ဖိတ် တောက်နေသည့် မြင်းရထားကြီးများနှင့်လည်း သူ ဆုံသည်။ အပျော် မြင်းစီးထွက်ကြသည့် အမျိုးသား၊ အမျိုးသမီး များကိုလည်း တွေ့ရ၏။ သူတို့ကို ထူးဆန်းသည့် အကြည့်မျိုးဖြင့် သူ လှမ်းကြည့်သည်။ သို့သော် မြင်ကွင်းထဲက ပျောက်မသွားခင် မေ့သွားတော့သည်။ တနေရာ တွင် ရပ်ပြီး အိတ်ထဲမှ ပိုက်ဆံလက်ကျန်ကို ရေကြည့်သည်။ ကိုပက် သုံးဆယ်လောက် ကျန်သေးသည်။

"နှစ်ဆယ်က ရဲသားကို ပေးခဲ့တယ်။ အမေ့စာ ရွေးပေးတဲ့ နာတာရှာကို သုံးကိုပက်၊ ဒါဆို မာမီလာဒေါ့ဗ် မိသားစုကို ငါ ပေးခဲ့တာ ကိုပက် ငါးဆယ်လောက် ရှိမှာပေါ့"

သူ ပိုက်ဆံ ရေတွက်ခြင်းမှာ အကြောင်းတခုကြောင့် ဖြစ်သည်။ ပြီးတော့ ချက်ချင်း မေ့သွားတော့သည်။ ဘာကြောင့် ထုတ်ရေမိမှန်း မမှတ်မိတော့။

ဩော် ...သတိရပြီ။ ထမင်းဆိုင် တဆိုင်ရှေ့ ဖြတ်လျှောက်တော့ ဗိုက်ဆာလာတာ ကို သတိရပြီး ရေကြည့်တာပဲ။ ဆိုင်ထဲ ဝင်ခဲ့ပြီး ဗော့ဒကာတခွက် မော့ကာ သားညှပ်မုန့် တယှက် မှာစားလိုက်သည်။ သူ မသောက်ဖြစ်သည်မှာ ကြာပြီ။ တခွက်သောက်ရုံဖြင့် ရီတီတီ ဖြစ်လာသည်။ ဆိုင်ထဲက ထွက်လာတော့ ခြေထောက်တွေ လေးလာသည်။ အရမ်း အိပ်ချင်လာသည်။ အိမ်ပြန်ဖို့ ခြေဦးလှည့်လိုက်သည်။ ပီထရော့စကီကျွန်း ရောက်တော့ ခဏနားသည်။

အရမ်းပင်ပန်းနေပြီ။ လမ်းဘေး ဆင်း၍ ချုံပုတ်တွေ ကြားထဲ တိုးဝင်ပြီး မြက်ခင်းပေါ်သို့ လဲကျသွားသည်။ မကြာခင် အိပ်ပျော်သွားတော့၏။

သည်လို စိတ်ပျက်စရာ အခြေအနေထဲမှာပင် ကြည်လင် ပီပြင်သည့် အိပ်မက်တွေ မက်နေသေးသည်။ တကယ့် အဖြစ်အပျက်များနှင့် မခြား။ အိပ်မက်က ဝတ္ထုတပုဒ် အလား ရသမြောက်သည်။ အလှည့်ကလေးတွေ၊ မမျှော်လင့်တာကလေးတွေနှင့်။ ပွတ်ရှိကင် ဝတ္ထု လိုလို၊ တူရဂိညက်၏ ဝတ္ထုလိုလို။

အိပ်မက်ထဲတွင် ငယ်ဘဝကို ပြန်ရောက်သွားသည်။ နောက်ခံကားက သူတို့ နယ်မြို့ ကလေး။ သူ ခုနစ်နှစ်သားအရွယ်။ ဘာသာရေးပွဲတော် တခုတွင် အဖေနှင့် ပွဲဈေးတန်း လျှောက်သွားနေသည်။ နေရာက မြို့ပြင်။ အချိန်က ညဆည်းဆာ။ ရာသီဥတုက ညို့ညို့ ဆိုင်းဆိုင်း။ အိပ်မက်ထဲမှ တောမြို့ကလေး၏ ညနေဆည်းဆာသည် တကယ့် သူ ငယ်ငယ် က ရှုခင်းသာ ရုပ်ပုံလွှာ။ မိုးမခပင် တပင်တလေမျှ မရှိ။ ဟိုအဝေး မိုးကုပ်စက်ဝိုင်းတွင်တော့ တောတန်းကလေးက မျဉ်းဖြောင့်တကြောင်းလို ဖြောင့်တန်းလျက်။ မြို့စွန်တွင် အရင်က ဆိုင်ကြီးတဆိုင် ရှိသည်။ အဖေနှင့်အတူ သည်ဆိုင်ရှေ့ ဖြတ်လျှောက်တိုင်း အထိတ်တလန့် ဖြစ်ရသည်။ ဆိုင်ထဲတွင် လူတွေ ပြည့်ကျပ်နေပြီး အော်ဟစ် သောင်းကျန်းနေကြသည်။ ဆိုသူဆို၊ ဆဲသူဆဲ။ ရန်ပွဲတွေက စဲသည် မရှိ။ ဒီလိုအခါတွင် အဖေ့အနား တိုးကပ်ပြီး အသား တွေ ဆတ်ဆတ်တုန်နေတတ်သည်။ အရက်ဆိုင်ဘေးမှ လမ်းမှာ ဖုန်ထူထူ တောလမ်း ဖြစ်သည်။ ခြေလှမ်း သုံးရာလောက် လှမ်းလျှင် သုသာန်သို့ ရောက်သည်။ သုသာန်မြေ၏ အလယ် တည့်တည့်တွင် ကျောက်သားဖြင့် ပြီးသည့် ဘုရားကျောင်း ရှိသည်။ ဘုရားကျောင်းအမိုးက ခုံးခုံးချွန်ချွန်ကြီး။ ကြက်သွန်ဥကြီးနှင့် တူသည်။ အဖေနှင့် အမေ နောက်သို့ လိုက်ပြီး တနှစ်လျှင် နှစ်ခါ ဘုရားဝတ်ပြုရသည်။ အဘွားအတွက် အောက်မေ့ဖွယ် ဝတ်ပြုပွဲ ဖြစ်သည်။ အဘွား ဆုံးသည်မှာ ကြာပြီ။ အဘွားကို သူ မမြင်ဖူးလိုက်။ သည်ပွဲမျိုးတွင် အမြဲတမ်း မုန့်ညက်တွေ လုပ်သွားသည်။ စပျစ်သီး ဥဩပနာပြီး ဖိကာ လက်ဝါးကပ်တိုင် ပုံသဏ္ဌာန်ဖြစ်အောင် ပုံသွန်းသည်။

သည်ဘုရားကျောင်းကလေးကို သူ အလွန် ခင်မင်သည်။ ရုပ်ပွားတော်များက အိုမင်းလှပြီ။ မည်သည့် အမွမ်းအမံ အဆောင်အယောင်မျှ မရှိ။ ခင်ကြီးမှာလည်း အလားတူ စွာ အိုမင်းလှပြီ။ ခေါင်းတွေ တုန်နေပြီ။ အဘွား၏ အုတ်ဂူတဖက်တွင် ဂူအငယ်စားကလေး တခု ရှိသည်။ သူ့ညီကလေး၏ ဂူ။ ခြောက်လနှင့် ဆုံးသွားသည့် သူ့ညီလေး။ သူ လုံးဝ မမှတ်မိ။ သို့သော် သင်္ချိုင်းရောက်သွားသည့်အခါ အဘွား၏ ဝေယျာဝစ္စလုပ်ပြီးတိုင်း ညီလေး၏ အုတ်ဂူဘေးတွင် ရပ်၍ နဖူးနှင့် ပခုံးနှစ်ဖက်ကို လက်ဝါးကပ်တိုင်သဏ္ဌာန် လက်နှင့်ထိကာ ဘုရားကို အာရုံပြုသည်။ ပြီးတော့ ညီလေး၏ အုတ်ဂူကို ငုံ့ပြီး

နမ်းသည်။

အိပ်မက်ထဲတွင်သည်သုသာန်လမ်းကို အဖေနှင့်အတူသူလျှောက်သွားနေသည်။ အရက်ဆိုင်ရှေ့ ရောက်တော့ အဖေ့လက်ကို တင်းတင်းဆုပ်ပြီး ဆိုင်ဘက်ကို လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားသည်။ သည်တခါ ပိုထူးခြားနေသည်။ ဆိုင်ထဲတွင် လူတွေ စည်ကား နေသော်လည်း ခါတိုင်း မြင်ကွင်းမျိုး မဟုတ်။ ဝတ်ကောင်းစားလှနှင့် မြို့သူ မြို့သားတွေ၊ ကျေးလက်က အမျိုးသမီးကြီးတွေက သူတို့ ခင်ပွန်း လယ်သမားကြီးများနှင့်။ အားလုံး မူးနေကြပြီ။ စကားဝိုင်းတွေ ဆူနေပြီ။ သီချင်းဆိုသူတွေက ဆိုနေကြသည်။ ဆိုင်ရှေ့တွင် မြင်းလှည်းတစီး ရပ်ထားသည်။ ထူးထူးဆန်းဆန်းလှည်း ဖြစ်နေသည်။ မြင်နေကျ ရောမ လှည်းကြီး မဟုတ်။ ဆွဲသည့်မြင်းကြီးကလည်း ရောမကောင်ကြီး မဟုတ်။ လည်ဆံမွေး တွေက ဖားဖားလျားလျား၊ ခြေဆံလက်ဆံတွေက တုတ်တုတ်ခိုင်ခိုင် မဟုတ်။ ဝိုင်စည်ကြီးတွေ သယ်သည့် လှည်းကြီးမျိုး ဖြစ်သော်လည်း ဆွဲမြင်းက မြင်းပိန် မြင်းလှီကလေး။ ဝိုင်စည် ကြီးတွေ အမို့အမောက်တင်ပြီး မနိုင်မနင်းဆွဲလျှင် လှည်းသမားက တအားရိုက်ပြီး မောင်းသည်။ သည်လို မြင်ကွင်းမျိုး မြင်ရလျှင် စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲတတ်သည်။ ထိုအခါမျိုးတွင် အမေက ပြတင်းပေါက်နားမှ တွဲခေါ်သွားတတ်သည်ကို မှတ်မိနေသည်။

ဆိုင်ထဲတွင် အသံတွေ ရုတ်တရက် ပိုဆူလာသည်။ ရုရှားဂီတသံ ပိုကျယ်လာသည်။ အနီနှင့် အပြာကျား ရှပ်အင်္ကျီနှင့် လယ်သမားကြီးတွေက ကုတ်အင်္ကျီတွေကို ပခုံးပေါ်တင် ထားကြသည်။ သူတို့အထဲမှ ကုပ်သားတွေ ခုံးထနေသည့် လူရွယ်တယောက်က ထွက် အော်သည်။

“အားလုံး တက်ကြပါ၊ တက်ကြပါ။ ခင်ဗျားတို့ကို အပျော်ခရီးထွက်ဖို့ ကျွန်တော် ပို့ပေးပါ့မယ်"

သူ့မျက်နှာက မုန်လာဥနီလို ရဲတွတ်နေသည်။

အားလုံး ဝိုင်းရယ်ကြသည်။ ပြီးတော့ တယောက် တပေါက် ပြောကြသည်။

"မြင်းကဖြင့် အရိုးပေါ် အရေတင်လို့”

“မင်း ရူးနေလား မိကိုလ်ကာ၊ ဒီလှည်းကြီးမှာ ဒီအရိုးပဒေသာ မြင်းကို တပ်ထားရ တယ်လို့ကွာ”

“အသက်နှစ်ဆယ်လောက် ရှိပြီ ထင်တယ်'

“ကဲ… တက်ကြပါ၊ အားလုံးကို ကျွန်တော် တင်ခေါ်မယ်'

မီကိုလ်ကာက အော်ပြန်သည်။ ပြီးတော့ သူကိုယ်တိုင် လှည်းပေါ် ခုန်တက်ပြီး ကြိုးကို ဆွဲလိုက်သည်။ ပြီးတော့ မတ်တတ်ရပ်လျက် အော်ပြောသည်။

"ကျွန်တော့် မြင်းညိုကြီးကို မက်ဗေး ယူသွားလို့ဗျ။ ဒီမြင်းပိန်မကို ကောင်းကောင်း မောင်းပေးရမယ်။ မြင်းမက ပိန်သာ ပိန်တာ၊ သောက်စား အရမ်းကြီးတာဗျ။ ကဆုန်စိုင်း ခိုင်းရမယ်"

သူက ကျာပွတ် တပြင်ပြင်နှင့် အသံအောကြီးဖြင့် ပြောနေခြင်း ဖြစ်သည်။

မြင်းမ ကို ရိုက်ရမည့်အတွက် သူ ပျော်နေပုံ။

"တက်ကြလေဗျာ၊ နတ်မြင်းပျံလို မြူကြွားပြလိမ့်မယ် ဆို'

"သူ မပြေးရတာ ဆယ်နှစ်လောက် ရှိပြီ ထင်ပါရဲ့ကွာ"

"အို… ခု သူ ပြေးပြလိမ့်မယ်"

လူတွေအားလုံး ဝိုင်းတက်ကြသည်။ ပြီးတော့ ဝိုင်း အော်ကြသည်။ တယောက် နှင့် တယောက် အော်ဟစ် နောက်ပြောင်လျက်။ လူခြောက်ယောက် တတန်း ထိုင်ပြီးပြီ။ နေရာလွတ်တွေ ကျန်နေဆဲ။ ဝဝတုတ်တုတ် မျက်နှာနီနီနှင့် တောသူမတယောက်ကို သူတို့ ခေါ်တင်လိုက်ကြသည်။ ပွင့်ရိုက်သရက်ထည် စကတ်ဖားဖားကြီးနှင့်။ ပုတီးစေ့တွေနှင့် ခြုံထည် လွှမ်းထားသည်။ ခေါင်းစည်း စည်းထားသည်။ ဖိနပ်တွင်လည်း ပုတီးစေ့တွေနှင့်။ အမျိုးသမီးက တချိန်လုံး ရယ်စရာတွေ ပြောပြီး သူကိုယ်တိုင်လည်း ရယ်နေသည်။ သူတို့ကို ဝိုင်းကြည့်နေသူများကလည်း တဝါးဝါး ပွဲကျလို့။ သည်လူအုပ်နှင့် သည်လှည်းကြီးကို မြင်းပိန်မ ကလေး ဆွဲမည့် မြင်ကွင်းကိုက ရယ်စရာ ဖြစ်နေသည်။ ခရီးသည်များထဲမှ နှစ်ယောက်ကလည်း မီကိုလ်ကာအား ကူဖို့ ကျာပွတ်တွေ ဆွဲထုတ်ထားကြသည်။

"ကဲ…သမီးရေ…ဆွဲ"

ဟူသည့် အမိန့်ပေးသံ ကြားလိုက်သည်နှင့် မြင်းမ စရုန်းသည်။ ကဆုန်စိုင်းဖို့ဝေလာဝေး၊ တလှမ်းချင်းကိုတောင် မနည်း လှမ်းနေရသည်။ လှည်းပေါ်က လူတွေရော၊ ဝိုင်းကြည့်နေသူ များပါ အူတက်မတတ် ရယ်ကြသည်။ သို့သော် မီကိုလ်ကာက မရယ်အားဘဲ ဒေါပွလျက် ရှိသည်။ မြင်းမကို တရွှမ်းရွှမ်းဖြင့် ကျာပွတ်စာ ကျွေးတော့၏။

"တို့ပါ လိုက်မယ်ဟေ့"

ပရိသတ်ထဲမှ လူတယောက်၏ အော်သံ။

“တက်လေ၊ တက်လေ။ အားလုံး တက်ကြပါ။ သူ ဆွဲနိုင်ပါတယ်။ မဆွဲနိုင်ရင် သေတဲ့ထိ ရိုက်မယ်"

ကျာပွတ်သံ တရွှမ်းရွှမ်း ထွက်လာပြန်သည်။ သူက အဖေ့လက်ကို ဆွဲလှုပ်ပြီး မေးသည်။

“ဖေဖေ၊ ဖေဖေ။ သူတို့ ဘာလုပ်နေကြတာလဲ ဟင်။ မြင်းမလေး သနားပါတယ်"

“လာ ..လာ၊ သွားကြမယ်။ သူတို့ မူးနေကြတာလေ။ သူတို့အားလုံး လူစိတ် ပျောက်နေပြီ။ သူတို့ကို မကြည့်နဲ့။ လာ ...သွားကြမယ်”

အဖေက သူ့ကို ဆွဲခေါ်တော့ သူက အဖေ့လက်ထဲမှ အတင်း ရုန်းထွက်ပြီး မြင်းမလေး ဆီ ပြေးသွားသည်။ မြင်းမလေး အခြေအနေ မကောင်းတော့။ ယိုင်နေပြီ။ လဲကျလုဆဲဆဲ ဖြစ်နေပြီ။

မီကိုလ်ကာ အော်သည်။

“ရိုက်... ရိုက်၊ သေအောင် ရိုက်”

ပရိသတ်ထဲမှ လူကြီးတယောက် အော်သံ ထွက်လာသည်။

“ဟေ့ ..လူမိုက်တွေ၊ မကောင်းဆိုးဝါးတွေ၊ မင်းတို့ ဘုရားသခင် ရိုက်မှာ မကြောက်ကြဘူးလား”

နောက်တယောက်က -

“ကြည့်ကြပါဦးဗျာ၊ မြင်းပိန်မကလေးကို လုပ်နေလိုက်ကြတာ။ မတန်တဆ”

“ဟေ့ ...မဆိုင်တဲ့လူ ဝင်မပြောနဲ့။ ဒါ ကျုပ်မြင်း၊ ကျုပ် ကြိုက်သလို လုပ်မယ်။

ကဲ... ထပ်တက်ကြဦးလေ။ ဒီကောင်မ မပြေး ပြေးအောင် လုပ်ပြမယ်”

မြင်းမကလေးသည် ကျာပွတ်ဒဏ်ကို မခံနိုင်တော့ဘဲ နောက်ခြေထောက်ကို မြှောက်ကာ မြှောက်ကာ ကန်တော့သည်။ စောစောက အော်ပြီး တားသည့် အဘိုးကြီးပင် မြင်းကွင်းကို ကြည့်ပြီး ပြုံးချင်လာသည်။ လဲလုလု မြင်းမက ကန်ဖို့ ကျောက်ဖို့ တတ်နိုင်သေးသည်။

နံဘေးပရိသတ်ထဲမှ လူနှစ်ယောက် တဖက်တချက်ဆီမှ

ဝင်ရိုက်ကြပြန်သည်။ မီကိုလ်ကာက လှည်းပေါ်မှ အော်သည်။ “**နှာနုကို ဖြတ်ရိုက်၊ မျက်လုံးကို ရိုက်**[16]” လှည်းပေါ်မှ တယောက်က အော်သည်။

“ကဲ… သီချင်းဆိုကြမယ်ဟေ့”

“အေး… ကောင်းတယ်၊ ဆိုကြမယ်၊ ပျော်ကြမယ်"

သီချင်းတွေ တယောက် တပေါက် အော်ဆိုကြပြန်သည်။

အမျိုးသမီးက တခစ်ခစ် ရယ်လျက်ပင်။

… သူက မြင်းမလေး ရှေ့တည့်တည့် ရောက်အောင် ပြေးချသွားသည်။ သူတို့က မျက်လုံးကို ထိအောင် တအား လွှဲရိုက်နေကြသည်။ သူ ငိုနေပြီ။ ရှိုက်ကြီးတငင် ငိုနေခြင်း ဖြစ်သည်။ မျက်နှာတခုလုံး မျက်ရည်တွေ ရွှဲနေပြီ။ သူ့ မျက်နှာကို ကျာပွတ်တချက် ရှပ်ထိသွားသည်။ သူ နာရမှန်း မသိ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး စိတ်ပျက် လက်ပျက် ခေါင်းယမ်းနေသည့် မုတ်ဆိတ်ဖြူကြီးနှင့် အဘိုးအိုထံသို့ ပြေးချသွားသည်။ အမျိုးသမီး တယောက်က သူ့လက်ကို ကိုင်ပြီး လူတွေ တိုး၍ ရှေ့ဆောင်ခေါ်သွားသည်။ သို့သော် သူက အတင်းရုန်းပြီး မြင်းလှည်းဆီ ပြန်ပြေးလာခဲ့သည်။ မြင်းမမှာ ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေပြီ။ နောက်ဆုံး ထွက်သက် ရှူမထုတ်ခင် ရှေ့လက်နှစ်ဖက် ကျားကန်ပြီး နောက် ခြေထောက် နှစ်ဖက်နှင့် တချက် ကန်ပြန်သည်။

မီကိုလ်ကာက ဒေါသတကြီး အော်ပြန်သည်။

“သေ၊ သေ၊ ငရဲပြည်သွား”

သူ့ဒေါသကို သူ မထိန်းနိုင်သလို ကျာပွတ်ကို ပစ်ချပြီး လှည်းပေါ်မှ ရောမ သစ်သား ချောင်းကြီး တချောင်းကို ဆွဲယူကာ မြင်းမ၏ ကျောကို တဒုန်းဒုန်း လွှဲရိုက်တော့သည်။

“ဒုက္ခပါပဲ၊ သူ သေအောင် ရိုက်မယ် ထင်တယ်'

ပရိသတ်ထဲမှ အသံတသံ။

“ဟုတ်တယ်၊ မြင်းမလေးကို သူ အသေသတ်နေတာ”

“ဟေ့… ဒါ ငါ့ပစ္စည်းကွ၊ ငါ လုပ်ချင်တာ လုပ်မယ်’

မီကိုလ်ကာသည် သစ်သားချောင်းကြီးကို ရှိသမျှ ခွန်အားသုံးပြီး မြင်းမ၏ ကျောပေါ်သို့ တအား လွှဲရိုက်ချလိုက်သည်။

“ရိုက်ကြလေ၊ ဝိုင်းရိုက်ကြလေ၊ ဘာလို့ ဆက်မရိုက်တာလဲ”

ပရိသတ်ထဲမှ နောက်ထွက်လာသည့် အသံအချို့။

မီကိုလ်ကာ နောက်တချက် အားရပါးရ ရိုက်ချလိုက်ပြန်သည်။ မြင်းမက သူ့ကိုယ်သူ လဲမကျအောင် ထိန်းထားနိုင်ဆဲ။ လှည်းကိုဆွဲဖို့ ကြိုးစားနေဆဲ။ အာဂ မြင်းမ။ ဘယ်ယိမ်း ညာနွဲ့ ဖြစ်နေပြီ။ သူ့ကျောပေါ်သို့ တုတ်ချောင်းကြီး တချောင်းက တတိယအကြိမ် ဒုန်းခနဲ ကျလာသည်။ ပြီးတော့ စတုတ္ထအကြိမ်။ နောက် အကြိမ်ကြိမ်။ စည်းချက်မှန်မှန်။ သူ့လို ခွန်အားဖြင့် တချက်တည်း သည်မြင်းမ ဇီဝိန် မချုပ်နိုင်ခြင်းကြောင့် မီကိုလ်ကာ ပို၍ပို၍ ဒေါသ သည်းထန်လာသည်။

“သေနိုင်ပါရိုးလားကွ”

ပရိသတ်က ဝိုင်းအော်သည်။

“ဒီတချက်ဆိုရင်တော့ သွားပြီထင်တယ်”

အသံတသံ။

“ပုဆိန်နဲ့ ရှင်းလိုက်ရင် တချက်တည်း ကိစ္စပြတ်တဲ့ဟာကို"

နောက်တယောက်၏ အသံ။

“သူ့ကို လောက်တွေ စားသွားမှာပေါ့။ အားလုံး ဖယ်ကြ”

မီကိုလ်ကာသည် ဒေါသတကြီး အော်ရင်း တုတ်ချောင်းကြီးကို ချကာ လှည်းပေါ်မှ ကုလားအော်ကြီးကို ကောက်ကိုင်ပြီး “ကြည့်ကြဟေ့” ဟု အော်ရင်း သေအံ့မူးမူး မြင်းမ ကလေးပေါ်သို့ တအားလွှဲ ရိုက်ချလိုက်သည်။ မြင်းမပိန်ကလေးမှာ ခြေထောက် လေးချောင်းစလုံးကို တိခနဲ အဖြတ်ခံလိုက်ရသည့်အလား မြေကြီးပေါ်သို့ ဗုန်းဗုန်း လဲကျသွားတော့သည်။

မီကိုလ်ကာသည် လှည်းပေါ်မှ ခုန်ဆင်းကာ သေအံ့ဆဲဆဲ မြင်းမလေးဆီသို့ ပြေးသွားပြီး ကုလားအော်ကြီးနှင့် တအားထုပြန်သည်။

နောက်ဆုံးတွင် “ချကွာ၊ ချကွာ” ဟု ဆိုကာ ဆက်တိုက်ရိုက်သည်။

မြင်းမသည် ဇက်သွင်သွင်ကျိုးကျကာ ဇီဝိန်ချုပ်သွားလေတော့သည်။

“ပွဲပြီးသွားပြီဟေ့”

လမ်းနံဘေးမှ အော်သံများ။

"ဟင်… သူ ပြောတော့ ကဆုန်စိုင်းမယ် ဆို"

မီကိုလ်ကာက ကုလားအော်ကြီး ကိုင်ပြီး မျက်ထောင့်နီနီနှင့် အော်ပြောသည်။ သူ့အမူအရာက အကုသိုလ် အလုပ်တခုကို မလုပ်ခဲ့မိသည့် အလား။

"ဟာ… တကယ့်လူပဲကွာ၊ ဘုရားသခင်ကို မကြောက်တာ ကျနေတာပဲ။ ဒီကောင် ပညတ်တော်ကိုတောင် နားလည်ရဲ့လား"

ပရိသတ်ထဲမှ ဆူဆူညံညံ အသံတွေ ထွက်လာသည်။

သို့သော် သူငယ်ကလေး တွေဝေနေသည်။ တပြိုင်တည်းတွင် အသံကုန်အော်ပြီး လက်နှစ်ဖက်ကို မြှောက်ကာ သွေးခြင်းခြင်းနီနေသည့် မြင်းမလေးဆီသို့ ပြေးသွားကာ မျက်လုံး၊ နှာခေါင်းတို့ကို နမ်းရှုပ်နေလေသည်။ ပြီးသည်နှင့် သေလွန်နေပြီ ဖြစ်သည့် မြင်းမ၏ လည်ပင်းကို ဖက်ကာ နမ်းရှုပ်လေတော့သည်။ ထိုအခါ သူ့မျက်နှာတခုလုံး သွေးတို့ ဖြင့် ခြင်းခြင်းနီလျက် ရှိသည်။ ပြီးသည်နှင့် လက်သီးဆုပ်ကာ မီကိုလ်ကာ့ဆီသို့ တန်းပြေး သွားလေတော့သည်။ ထိုတဒင်္ဂမှာပင် အဖေက သူ့ကို ဖမ်းမိသွားပြီး ဆွဲခေါ်သွားတော့သည်။

"လာ… သား၊ အိမ်ပြန်ကြရအောင်"

"ဖေဖေ၊ သူတို့ ဘာဖြစ်လို့ သတ်ကြတာလဲ။ မြင်းမလေး သနားစရာ"

ပြောပြီး သူ ထပ်ငိုပြန်သည်။ သို့သော် သူ ဆက်ပြီး မရှိုက်နိုင်တော့။

စကားလည်း ဆက်မပြောနိုင်တော့။ အဖေက သူ့ကို ချော့သည်။

"သားရယ်၊ သူတို့ လူစိတ် ပျောက်နေကြပြီလေကွ။ အဲဒါ တို့နဲ့ ဘာမှ မဆိုင်ဘူး"

သို့သော် ထိုလူငယ်ကလေး၏ရင်ထဲတွင် အလုံးကြီး ကျမသွားတော့ပေ။

တအား ကျုံးအော်လိုက်သည်။ ထိုအချိန်တွင် သူ နိုးလာခြင်း ဖြစ်၏။

နိုးလာတော့ သူ့ တကိုယ်လုံး ချွေးတွေရွှဲနေသည်။ ဆံပင်တွေမှာ ချွေးဖြင့် စက်စက် နစ်ကာ စို့ရွှဲနေတော့သည်။ အိပ်မက်ဆိုးမှ နိုးလာသော်လည်း အထိတ်တလန့် ဖြစ်နေဆဲ။

"အင်း… အိပ်မက်မို့ တော်ပါသေးရဲ့"

သစ်ပင်တပင်ကို မှီပြီး ပြောလိုက်သည်။

"ဘယ်လို ဖြစ်တာပါလိမ့်။ ငါ ဖျားနေတာလား။ ဘယ်လို အိပ်မက်မျိုးပါလိမ့် စိတ်ညစ်ဖို့ ကောင်းလိုက်တာ"

တကိုယ်လုံး ကျိုးကြေနေသလို စိတ်ထဲ ထင်လိုက်၏။ သူ့ဝိညာဉ်မှာ မှောင်အတိကျကာ ကျိန်စာသင့်နေသလား အောက်မေ့ရသည်။ ဒူးပေါ်လက်တင်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ်သို့ ငုံ့ချလိုက်သည်။

"ဘုရားသခင်၊ ဘုရားသခင်၊ သူ့ခေါင်းကို ပုဆိန်နဲ့ခုတ်၊ ပူပူနွေးနွေး သွေးတွေ သွန်ကျလာ။ သေ့ကို ဖျက်၊ ပစ္စည်း ယူ၊ တုန်တုန်ယင်ယင်နဲ့ ပုန်းနေတဲ့အချိန်မှာ ငါ့တကိုယ် လုံး သွေးတွေ ရွှဲနေမှာပေါ့။ ပုဆိန်နဲ့... အို... ဖြစ်နိုင်ပါ့မလား"

ပြောနေရင်း သူ့တကိုယ်လုံး နတ်ပူးသလို တုန်နေသည်။ "ငါ ဘယ်လိုဖြစ်တာပါလိမ့်'

ခေါင်း ပြန်ထောင်လိုက်တော့ သူ့ကိုယ်သူ ပြန်အံ့သြနေသည်။

"ငါ သိတယ်၊ ဒီလို ဝေဒနာမျိုးကို ငါ မခံစားနိုင်ဘူး။ ဒါဆို ဘာလို့ ဒီအတွေးတွေနဲ့ ငါ့ကိုယ်ငါ တချိန်လုံး နှိပ်စက်နေတာလဲ။ မနေ့ကတောင် စဉ်းစားမိသေးတယ်။ ရုံးရောက်၊ ဂါတ်ရောက်မယ့် ကိစ္စလေ။ ငါ မခံနိုင်ပါဘူးဆိုတာ ငါ သိတယ်။ ကဲ ...ဒါဖြင့် ခု ဘာလုပ်မလဲ။ မနေ့က လှေကားအဆင်းမှာ ဒီအကြောင်း စဉ်းစားမိတာနဲ့ အော့ချင်အန်ချင် ဖြစ်လာသေး တယ် မဟုတ်လား။ တကယ်များ လုပ်မိရင် ......။

"ဟင့်အင်း၊ ငါ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ စီမံ တွက်ချက်ထားတဲ့အတိုင်း ဖြစ်လာသည့်တိုင်၊ အားလုံး ဆုံးဖြတ်ထားပြီး ဖြစ်တဲ့တိုင်၊ သင်္ချာနည်းနဲ့ တွက်ချက် အဖြေထုတ် ထားပြီးတဲ့အတိုင်း ဖြစ်လာသည့်တိုင်၊ နောက်ပိုင်း ဖြစ်လာမယ့် ဂယက်တွေကို ငါ ခံနိုင်မှာ မဟုတ်ဘူး။ မဖြစ်ဘူး။ ငါ မလုပ်ရဲဘူး။ မဖြစ်နိုင်ဘူး။ ဒါဆို ဘာလို့ ဒီရက်တွေမှာ ငါ ..."

သူ ထရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို တအံ့တသြ ဝေ့ကြည့်လိုက်သည်။ ဘယ်လို ဘယ်လို ဒီနေရာကို ရောက်လာတာပါလိမ့်။ တီဗွိတံတားဘက်ဆီသို့ ထွက်လာခဲ့သည်။ သူ့မျက်နှာတွင် သွေးဆုတ်နေပြီ။ ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ မျက်လုံးတွေ ပူလောင်နေသည်။ ခြေထောက်တွေက သူ့ ခန္ဓာကိုယ်ကို မသယ်နိုင်တော့။ သို့သော် ရုတ်တရက် အသက် ဝဝ ရှူနိုင်လာသည်။ ရောမဖိစီးမှုကြီး တခုအောက်မှ ရုန်းထွက်လာနိုင်ခဲ့သလို ခံစားရ၏။ ရက်ရှည်လများ သူ့ရင်ဘတ်ပေါ်တွင် ပိနေသည့် ဝန်ထုပ်ဝန်ပိုးကြီး ပျောက်ကွယ်သွားပြီး ရုတ်တရက် ပေါ့ပါး လွတ်လပ်သွားသည်။

"အို …ဘုရားသခင်၊ တပည့်တော်အား လမ်းမှန်ကို ညွှန်ပြပေးတော်မူပါ။"

"တော်ပြီ။ ဒီအိပ်မက်အကြောင်း မေ့ပစ်လိုက်တော့မည်"

တံတားပေါ်ဖြတ်လျှောက်နေရင်း တဖြည်းဖြည်း တည်ငြိမ်လာသည်။ နီဗားမြစ် ရေပြင်ကို ငြိမ်းချမ်းစွာ ငေးမောနေသည်။ နေဝန်းနီနီကြီး ဝင်လုလုအချိန်မို့ မိုးကုပ်စက်ဝိုင်း ပေါ်တွင် မေးတင်လျက် နောက်ဆုံး ပတ္တမြားသွေးရောင်ခြည်တွေ ဖြန့်နေသည်။ အားနည်း နေသော်လည်း ခန္ဓာကိုယ်ပေါ်မှ နာကျင်မှု ဝေဒနာတွေကို မေ့နေသည်။ တလလုံးလုံး နှလုံးသားတွင် အကျိတ်အဖု တခု ရှိနေသလို ခံစားနေခဲ့ရသည်။ ထိုအကျိတ် ရုတ်ခြည်း ပေါက်ထွက်သွားသည့်နှယ် ရင်ထဲ ပေါ့ပါးသွားသည်၊ လွတ်လပ်သွားသည်။ အပမှီသလို စွဲကပ်နေသည့် ထိုဝေဒနာမှ လွတ်မြောက်ခဲ့လေပြီ။

နောင်တွင် သည်ကာလ၊ သည်အဖြစ်အပျက်ကို အသေးစိတ် ပြန်စဉ်းစားသည်။ တချက်ချင်း ပြန်လည် သုံးသပ်သည်။ တော်တော် ထူးဆန်းသည့် အဖြစ်တခုပါလား။ ကြိုတင် ဆုံးဖြတ်ထားခြင်းမျိုး၊ အယူသီးမှုမျိုးဟု ထင်သည်။

ကိုယ့်ကိုယ်ကိုယ် နားလည်အောင် ဘယ်လိုမှ မရှင်းနိုင်သည့် အဖြစ်မျိုး။ ခါတိုင်း လို ဈေးဘက်က မပတ်တော့ဘဲ (ပတ်စရာလည်း အကြောင်း မရှိ) ပင်ပန်းနွမ်းနယ်စွာဖြင့် အိမ် တန်းပြန်လာခဲ့သည်။ သို့သော် ခါတိုင်းလိုပင် ဘယ်လမ်းက ပြန်ခဲ့မှန်း မသိဘဲ ဈေးဘက် သို့ ရောက်သွားသည်။ သူနှင့် တွေ့ဖို့ လုံးဝ မျှော်လင့်မထားခဲ့ပေဘဲ သွားတွေ့သည်။ တိုက်တိုက် ဆိုင်ဆိုင်။

ဈေးထဲကို သူ ဖြတ်သွားတော့ ကိုးနာရီ ထိုးနေပြီ။ ဆိုင်ရှင်တွေက ဆိုင်ပိတ်ဖို့ ပစ္စည်းတွေ သိမ်းနေကြပြီ။ ဈေးဝယ်သူတွေလည်း ရှင်းစပြုနေပြီ။ အရက်ဆိုင်တွေ၊ စားသောက် ဆိုင်တန်းတွေဘက် ရောက်လာသည်။ သည်နေရာကို ရပ်စ်ကိုလ်နီကောဗ် သဘောကျသည်။ သူ့အဝတ်အစားတွေ စုတ်ပြတ်နေတာကို ဘယ်သူမှ သတိမထားမိသည့် နေရာမျိုး။

ကေနီလမ်းထောင့်တွင် ဈေးသည်လင်မယား နှစ်ယောက် စားပွဲနှစ်လုံးနှင့် တိုလီမိုလီ ကလေးတွေ ထိုင်ရောင်းနေကြသည်။ အပ်ချည်လုံးကလေးတွေ၊ လက်ကိုင်ပဝါကလေးတွေ၊ ဖဲပြားကလေးတွေ၊ စုံနေသည်။ သူတို့လည်း ပြန်ဖို့ ပြင်ဆင်နေကြပြီ။ ထိုစဉ် သူတို့ဆီသို့ အသိအမျိုးသမီးကြီး ရောက်လာသဖြင့် စကားပြောနေကြသည်။ အမျိုးသမီးကြီးမှာ လီဇာဗီတာ အီဗန်နိုဗာ ဖြစ်သည်။ သို့သော် သူ့ကို လူတိုင်းက လီဇာဗီတာဟုပဲ ခေါ်ကြသည်။ အလျိုနာ အီဗန်နိုဗာ၏ ညီမ။ အလျိုနာမှာ တနေ့က နာရီသွားပေါင်သည့် အပေါင်ခံ အမျိုးသမီးကြီး ဖြစ်သည်။ ယောကျ်ား ဆံုးသွားပြီ။ အစိုးရရုံး တရုံးမှ အောက်ဆုံးအဆင့် ဝန်ထမ်းဘဝ ဖြင့် ကွယ်လွန်သွားခြင်း ဖြစ်သည်။

လီဇာဗီတာကို ရပ်စ်ကိုလ်နီကော့ဗ် ကောင်းကောင်း သိသည်။ သို့သော် လီဇာဗီတာ က သူ့ကို သာမန်မျှသာ သိသည်။ အမျိုးသမီးက အသက် သုံးဆယ့်ငါးနှစ်ခန့် ရှိပြီ။ အရပ် မြင့်မြင့်၊ အကျည်းတန်တန် ဖြစ်၏။ အစ်မကို ကျွန်လို လုပ်ပေးနေသူ ဖြစ်သည်။ နုံနုံအအ ပုံစံမျိုး။ အစ်မကို တုန်နေအောင် ကြောက်ရပြီး တနေကုန် အလုပ်နှင့်လက် ပြတ်ရသည် မရှိ။ တခါတလေ အရိုက်ခံရသေးသည်။ ဈေးသည်လင်မယားရှေ့တွင် သူ မရွံ့မရဲ ရပ်နေသည်။ လက်ထဲတွင် အထုပ်တထုပ် ပါလာသည်။ ဈေးသည်လင်မယား ပြောသမျှ နားစိုက် ထောင်နေသည်။ ကိစ္စတခုကို ဈေးသည်လင်မယားက အမျိုးသမီးအား သေသေချာချာ ရှင်းပြနေသည်။

သူ့ကို မြင်တော့ ဘာမှ မထူးဆန်းပါဘဲနှင့် ရပ်စ်ကိုလ်နီကော့ဗ် တအား အံ့သြ သွားသည်။ ဈေးသည် အမျိုးသားက အသံကျယ်ကျယ်နှင့် ပြောသည်။

"အဲဒါတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့ လီဇာဗီတာရယ်။ မနက်ဖြန် ခြောက်နာရီနဲ့ ခုနစ်နာရီကြား လာခဲ့၊ သူတို့လည်း လာလိမ့်မယ်"

"မနက်ဖြန်၊ ဟုတ်လား"

လီဇာဗီတာက ဘာမှ ဆုံးဖြတ်လို့ မရသည့် ပုံဖြင့် တွေနေသည်။ ဤတွင် ဈေးသည် အမျိုးသမီးက ဝင်ပြောသည်။

"ဒါကြောင့် အလျိုနာအီဗန်နိုဗာ ရှင့်ကို နိုင်တာ။ ရှင်ဟာ တကယ့် ကလေးလေး လိုပဲ။ အင်းလေ... အရင်းမှ မဟုတ်တာ၊ ဝမ်းကွဲပဲဟာ"

ဤတွင် ယောကျ်ားလုပ်သူက ဝင်ပြောသည်။

"ဒီတခါ ခင်ဗျား အစ်မကြီးကို အသိမပေးနဲ့ပေါ့။ ကျွန်တော် စေတနာနဲ့ ပြောတာ၊ နောက်မှ သိချင် သိပစေပေါ့။ ခင်ဗျား မြက်မြက်ကလေး ရမှာဗျ"

"ဟုတ်လား၊ တကယ်"

"ခြောက်နာရီနဲ့ ခုနစ်နာရီကြားမှာသာ အရောက်လာ။ သူတို့အဖွဲ့က တယောက်ယောက်နဲ့ တွေ့ပေးမယ်၊ ဟုတ်ပြီလား"

"ကောင်းပြီ၊ ကောင်းပြီ။ ကျွန်မ လာခဲ့မယ်"

ပြောပြီး ချီတုံ ချတုံ ဖြစ်နေသေးသည်။ ပြီးမှ ခပ်ဖြည်းဖြည်းလှမ်းထွက်သွားသည်။ ထိုအချိန်တွင် ရပ်စ်ကိုလ်နီကော့ဗ်က သူတို့ကို ဖြတ်သွားပြီ။ နောက် ဘာတွေ ပြောကြသည် ကို သူ မသိတော့။ သူတို့ ပြောသမျှကို အားလုံး မှတ်လာခဲ့သည်။ ပထမ သူ အရမ်း အံ့သြသွားသည့် ကိစ္စကို ပြန်စဉ်းစားကြည့်တော့ အထိတ်တလန့် ဖြစ်သွားသည်။ ကျောထဲ စိမ့်သွား၏။

မနက်ဖြန် ခြောက်နာရီနှင့် ခုနစ်နာရီ ကြားတဲ့။ လီဇာဗီတာသည် အဘွားကြီး၏ တဦးတည်းသော အဖော် ဖြစ်သည်။ ဒါဆို ဒီအချိန်အတွင်း သူ တယောက်တည်း အိမ်မှာ ကျန်ခဲ့ မှာပေါ့။

သူ့အခန်းသို့ ပြန်ရောက်ခါနီးပြီ။ သူ လျှောက်နေပုံမှာ သေဒဏ် ကျခံထားရသူ၏ ခြေလှမ်းများနှင့် တူနေသည်။ယုတ္တိဗေဒနှင့် အမြဲတွေးတတ်သောရပ်စ်ကိုလ်နီကော့ဗ်သည် ခုတော့ ဘာကိုမှ စနစ်တကျ မစဉ်းစားတတ်တော့ပြီ။ စိတ်ထဲတွင် ရုတ်ခြည်း ကျဉ်းကျပ် သွားသည်။ ပြီးတော့ ချက်ချင်း ဆုံးဖြတ်ချက် ချပြီးသား ဖြစ်သွားသည်။

ကြာတောင့်ကြာရှည် စောင့်ဆိုင်းနေခဲ့ရသည့် အခွင့်အရေးတရပ် ဘွားခနဲ ပေါ်လာ ခြင်းပဲ။

စိတ်ထဲတွင် ဆောင်ရွက်ရမည့် တာဝန်က ပုံစံချထားပြီးသား။

ဟိုနေ့က တွေးထားခဲ့သည့် အန္တရာယ်မျိုး စိုးစဉ်းမျှ မရှိနိုင်။ ဘာမှ စုံစမ်းမေးမြန်းနေစရာ မလိုတော့။ မနက်ဖြန် သည်အချိန်တွင် အဘွားကြီးတယောက်တည်း အိမ်တွင် ရှိနေလိမ့်မည်။ သူ့ကြမ္မာကို သူ ဘယ်လိုမှ မသိနိုင်။ ရပ်စ်ကိုလ်နီကောဗ်က အကွက်စိပ်စိပ်ကလေး ချထားပြီးပြီ။

※※※

လီဇာဗီတာကို ပြန်လာဖို့ ဟိုလင်မယား ဘာကြောင့် ချိန်းနေသည်ဟု ရပ်စ်ကိုလ်နီကော့ဗ် အကြမ်းဖျင်းသိနိုင်အောင် လေ့လာသည်။ ဘာမျှ ထူးဆန်းသည့် ကိစ္စ မဟုတ်။ မြို့ကို တက် လာသည့် မိသားစု မွဲပြာကျသွားသဖြင့် ပစ္စည်းတွေ ချရောင်းနေသည်။ အဝတ်အစားတွေနှင့် အမျိုးသမီး အသုံးအဆောင်တွေ ပါသည်။ ဈေးထဲတွင် ချရောင်းလျှင် အမြတ်အစွန်းနည်းမည်။ အလုံးအရင်းနှင့် ဝယ်သူတွေ့လျှင် ပိုက်ဆံ ပိုရမည်။ သည်အတွက် ကြားလူ လိုသည်။ လီဇာဗီတာသည် အလွန်ရိုးသားသူ ဖြစ်၍ ပွဲခပေးရသည့်တိုင် များများစားစား ကုန်မည် မဟုတ်။ သူ ဈေးဖြတ်ပေးလျှင်လည်း မျှမျှတတ ရှိလိမ့်မည်ဟု ရောင်းသူများဘက်မှ ယုံကြည် ထားသည်။

သို့ရာတွင် ရပ်စ်ကိုလ်နီကော့ဗ်သည် မကြာသေးခင်ကမှ အယူသီးချင်သလိုလို ဖြစ်လာသည်။ သူ့ကိုယ်သူ မသိဘဲ ဒီလိုဖြစ်နေသည်မှာ အတန်ကြာခဲ့ပြီ။ နောက်ပိုင်းတွင် ထူးထူးဆန်းဆန်းတွေ သူ့မျက်စိထဲတွင် မြင်လာသည်။ ထူးဆန်းသည့် တိုက်ဆိုင်မှုများနှင့် လည်း မကြာခဏ ကြုံရသည်။ မနှစ်က ဆောင်းတွင်းတွင် ကျောင်းတုန်းက သိခဲ့သည့် ကိုကိုလ်ရက်ဗ်က အဘွားကြီး အလျိုနာအီဗန်နိုဗာ၏ လိပ်စာကို သူ့အား ပေးသည်။ တခုခု ပေါင်ချင်လျှင် အဲဒီသွားပေါ့။ သို့သော် တော်တော်နှင့် သူ မသွားဖြစ်။ ကျူရှင်လေး၊ ဘာလေး ပေးနေရသဖြင့် နပ်မှန်နေသည်။ လွန်ခဲ့သည့် တလခွဲလောက်ကမှ သည်လိပ်စာကို ပြန် သတိရသည်။ သူ့တွင် ပေါင်စရာ ပစ္စည်းနှစ်ခု ရှိနေသည်။ အဖေ့ ငွေနာရီ တလုံးနှင့် ကျောက်နီ သုံးလုံးတန်း လက်စွပ်ကလေးတကွင်း။ သူ မြို့က ထွက်လာတော့ ညီမလုပ်သူ ပေးလိုက်သည့် လက်စွပ်ကလေး။ လက်စွပ်ကို ပေါင်ဖို့ ဆုံးဖြတ်လိုက်သည်။ အဘွားကြီးကို စတင် မြင်ဖူးစဉ်ကပင် အလွန်ကပ်စေးနဲပြီး စက်ဆုပ်ဖွယ်အတိ ဖြစ်ကြောင်း သတိထားမိသည်။ ငွေစက္ကူလေး နှစ်ရွက်ကို ကိုင်ပြီး ပြန်ဆင်းလာခဲ့သည်။ ခပ်စုတ်စုတ် လက်ဖက်ရည် ဆိုင်လေး တဆိုင်တွင် ထိုင်ပြီး လက်ဖက်ရည် သောက်ရင်း စဉ်းစားသည်။ သည်ကတည်းက အတွေး တခု သူ့ခေါင်းထဲတွင် ကိန်းဝပ်လာခဲ့ခြင်း ဖြစ်သည်။ တစတစ အမြစ်တွယ် ခိုင်မာကြီးထွား လာသော အတွေးမျိုး။ ကြက်ဥထဲမှ ကြက်ကလေးသဖွယ် ဖြစ်သည်။

အခြားစားပွဲတလုံးတွင် သူ မသိသော၊ လုံးဝ မမှတ်မိသော ကျောင်းသားတယောက် နှင့် လူငယ်အရာရှိတယောက် ထိုင်၍ လက်ဖက်ရည် သောက်နေကြသည်။ ဘိလိယက်ထိုး အပြီးတွင် သူတို့ လက်ဖက်ရည် ထိုင်သောက်နေကြခြင်း ဖြစ်သည်။ ဤတွင် တက္ကသိုလ် ကျောင်းသားက အရာရှိလုပ်သူအား ငွေတိုးပေးသည့် အဘွားကြီးအကြောင်း ပြောပြနေသံ

ကြားလိုက်ရသည်။ နာမည်က အလျိုနာအီဗန်နိုဗာတဲ့။ ယောက်ျားက စာရေးဝန်ထမ်း၊ ဆုံးသွားပြီ ဖြစ်ကြောင်းနှင့် သူ့လိပ်စာကိုပါ ပြောပြနေသည်။ ကဲ... မထူးဆန်းပေဘူးလား။

သူက ဒီအဘွားကြီးနဲ့ အခုပဲ တွေ့လာတာ။ တိုက်ဆိုင်မှု ဆိုရင်လည်း တိုက် တိုက်ဆိုင်လွန်း လှပါကလား။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့အလုပ်ကို တစုံတယောက်က လာရောက် ကူညီနေ ခြင်းလားဟု တွေးလိုက်မိသည်။ ကျောင်းသားလူရွယ်က အလျိုနာ့အကြောင်း အသေးစိတ် တွေကို သူ့မိတ်ဆွေအား ဆက်ပြောနေသည်။

"အဘွားကြီးက မဆိုးပါဘူး။ သူဟာ ဂျူးတယောက်လို ချမ်းသာတယ်၊ အချိန် မရွေး ပိုက်ဆံချေးလို့ ရတယ်။ အဲ...ပစ္စည်းတန်ဖိုးထက်တော့ တပြားမှ ပိုမပေးဘူး။ ကျွန်တော်တို့အားလုံး သူ့ကို အားကိုးနေကြရတာ။ တခုပဲ ရှိတယ်။ အဘွားကြီးက အရမ်း လောဘကြီးတယ်"

ပြီးတော့ အဘွားကြီး ကောက်ကျစ် စဉ်းလဲပုံကိုလည်း ဆက်ပြောနေသည်။ တရက် လွန်တာနဲ့ အပေါင်ပစ္စည်း ဆုံးရကြောင်း၊ အတိုးကို တလ ခုနစ်ရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်း အထိ ယူကြောင်း၊ အဘွားကြီးတွင် လီဇာဗီတာဆိုသည့် ညီမတယောက် ရှိကြောင်း၊ စုန်းမကြီးက သူ့ကို သည်အရွယ်အထိ ရိုက်နှက် ဆုံးမနေသေးကြောင်း၊ လီဇာဗီတာမှာ အရပ်ခြောက်ပေ ရှိသော်လည်း ကလေးတယောက်လို အရိုက်ခံနေရပြီး ကျွန်လို အလုပ် လုပ်ပေးနေရကြောင်း စသည်... စသည်။

"လီဇာဗီတာဟာ ထူးတော့ ထူးဆန်းတယ်ဗျ"

ကျောင်းသားက ရဲကို ပြောပြရင်း ရယ်နေသည်။ လီဇာဗီတာ့အကြောင်း သူတို့ ဆက်ပြောကြသည်။ ကျောင်းသားက ဟာသနှောပြီး ပြောတော့ ရဲအရာရှိက သဘောကျပြီး အားရပါးရ ရယ်သည်။ သူ့အဝတ်ပြဲတွေ ချုပ်ဖို့ လွှတ်ပေးပါလားဟုလည်း ပြောသေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်က တလုံးမကျန် သတိထားပြီး နားထောင်သည်။ သေသေချာချာ မှတ်သည်။

လီဇာဗီတာသည် အဘွားကြီး၏ ဖအေတူ မအေကွဲ ညီမ ဖြစ်သည်။ အသက် သုံးဆယ့်ငါးနှစ် ရှိပြီ။ အစ်မအတွက် တနေကုန် အလုပ် လုပ်ပေးရသည်။ အချက်အပြုတ်၊ အချုပ်အလုပ်၊ အလျှော်အဖွပ် အားလုံး သူ့တာဝန်။ အိမ်အတွက်သာ မဟုတ်၊ ရောင်းဖို့လည်း ချုပ်လုပ်ရသေးသည်။ သည်ကြားထဲ အခြားအိမ်တွေမှာ သန့်ရှင်းရေး လိုက်လုပ်ရသေးသည်။ ရသမျှအားလုံး အစ်မကြီးကို အပ်ရသည်။ အစ်မကြီး မသိဘဲ၊ ခွင့်ပြုချက် မရဘဲ လီဇာဗီတာ ဘာမျှ မလုပ်ရဲ။

အဘွားကြီး၏ သေတမ်းစာအရ လီဇာဗီတာသည် စားပွဲ၊ ကုလားထိုင် စသည့် ရွှေပြောင်း၍ရသော ပစ္စည်းများသာ ရပိုင်ခွင့်ရှိပြီး အခြားပုံသေပိုင် ပစ္စည်းများ၊ အတွင်း ပစ္စည်းများကို ဘုရားရှိခိုးကျောင်းသို့ လှူထားသည်။ သူ့ဝိညာဉ်ကို လူတွေ ထာဝရ သတိရ အောင်လို့တဲ့။ လီဇာဗီတာသည် အရောင်းအဝယ်လည်း လုပ်ရသည်။ သူသည် တခါမှ လက်မထပ်ဖူးသည့် အပျိုကြီး ဖြစ်သည်။ သူ့ခန္ဓာကိုယ် ဖွံ့စည်းပုံက အချိုးမကျ။ အရပ်မြင့် ပြီး ခြေထောက်က ခွင်တင်တင်။ ထို့ကြောင့် ခြေမျက်စိဖုံး ဂါဝန်ရှည်ကြီး အမြဲဝတ်ထား တတ်သည်။ သို့သော် သေသေသပ်သပ် နေတတ်သည်။ ကျောင်းသားအားလုံး တအံ့တသြ ရယ်မောရသည့် အချက် တခု ရှိသည်။ လီဇာဗီတာ မကြာခဏ ဗိုက်ကြီးခြင်း ဖြစ်သည်။

"ဒါနဲ့ အရုပ်ဆိုးတယ် ဆို" ရဲအရာရှိက ဝင်ထောက်သည်။

"ဟုတ်တယ်။ ယောကျ်ားလျာလိုလို၊ မိန်းမလျာလိုလို၊ စစ်သားတယောက် မိန်းမယောင် ဆောင်ထားသလိုကြီး။ ဒါပေမဲ့ ရုပ်ဆိုးတယ်လို့တော့ ပြောလို့ မရဘူးဗျ။ မျက်နှာ အမူအရာနဲ့ မျက်လုံးတွေက နူးညံ့တယ်။ ကြင်နာတတ်တဲ့ပုံမျိုး။ ဒါကြောင့် ယောကျ်ား တွေ သူ့ကို သဘောကျကြတာလေ။ ကျိုးနွံတဲ့ အမူအရာနဲ့ ဘယ်တော့မှ ဘာကိုမှ စောဒက မတက်ဘူး။ သိပ်သဘောကောင်းတယ်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်က သဘောတူဖို့ အဆင် သင့်ပဲ။ ပြီးတော့ ပြုံးလိုက်ရင် သိပ်ချစ်စရာ ကောင်းတယ်"

"ကိုရင်လည်း သူ့ကို သဘောကျတဲ့အထဲ ပါတယ်ပေါ့"

ရဲအရာရှိက ရယ်ပြီး ပြောသည်။

"သူ့မှာ ထူးခြားတာကလေးတွေ ရှိတယ် ဆိုတာ ပြောတာပါဗျာ။ ဒါပေမဲ့ ဟိုအဘွား ကြီးကိုတော့ ကျွန်တော် သတ်ချင်တယ်။ ပစ္စည်းတွေကို အနိုကြမ်း စီးချင်တယ်။ တကယ် ပြောတာ။ အဲဒီလို လုပ်မိရင် ကျွန်တော် ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး"

ကျောင်းသားက စိတ်ပါလက်ပါ ပြောနေသည်။ ရဲအရာရှိက ရယ်နေသည်။ ရုပ်စ်ကိုလ် နီကောဗ် ကျောထဲ စိမ့်သွား၏။ တော်တော် ထူးဆန်းပါလား။

တက္ကသိုလ်ကျောင်းသားက စိတ်ပါလက်ပါ ဆက်ပြောသည်။

"ဒါထက် ကျွန်တော် တခု မေးပါရစေဗျာ။ အလေးအနက် မေးမှာပါ။ စောစော က ကျွန်တော် အရွှန်းတွေ ဖောက်ပြီး ပြောနေတာပါ။ ဆိုပါတော့ဗျာ။ ဒီမိန်းမကြီးက ကောက်ကျစ် စဉ်းလဲတဲ့၊ ပိုက်ဆံအတွက် ရူးသွပ်နေတဲ့ ခပ်တုံးတုံး

မိန်းမကြီးပါ။ ဘယ်သူ့ အတွက်မှ အကျိုး မပြုတဲ့ မိန်းမကြီးပါ။ ဒါ့ထက် တဆင့်တက် ပြောရရင် လူတိုင်းအတွက် အဆိပ်အတောက်ပါ။ အဲဒီ မိန်းမကြီးမျိုး လူ့လောကမှာ မရှိရင်... ကျွန်တော် ပြောတာ သဘောပေါက်လား၊ နားလည်တယ် မဟုတ်လား"

"အင်း ...နားလည်ပါတယ်"

ရဲအရာရှိက သူ့ကျောင်းသား မိတ်ဆွေကို စူးစူးစိုက်စိုက် ကြည့်ပြီး ပြန်ပြောလိုက်သည်။

"အဲဒါက တပိုင်း၊ နောက်တပိုင်းက ခင်ဗျားတို့ ရဲတပ်ဖွဲ့မှာ ငွေကြေး မလုံလောက် လို့ လစ်ဟင်းနေတာတွေ အများကြီး။ အဲဒီအဘွားကြီး ဘုရားရှိခိုးကျောင်း လှူပစ်မယ့် ငွေတွေကို ခင်ဗျားတို့ သုံးလိုက်ရင် တိုင်းပြည်အတွက် ဘယ်လောက် အကျိုးရှိမလဲ။ လူတွေ ထောင်နဲ့ချီပြီး အမှန်တရားရဲ့ ကယ်တင်ခြင်းကို ရလိမ့်မယ်။ ထောင်ပေါင်းများစွာသော မိသားစုတွေ ဆင်းရဲတွင်းက လွတ်ကင်းကြလိမ့်မယ်။ ထောင်ပေါင်းများစွာသော လူနာတွေ ဆေးရုံပေါ်မှာ အသက် ဆက်ရှင်ကြလိမ့်မယ်။ အဲဒီမိန်းမကြီးကို သတ်မယ်လေ။ ပြီးတော့ သူ့ပိုက်ဆံတွေ ယူမယ်လေ။ တိုင်းပြည်ကောင်းကျိုး လုပ်မယ်လေ။ လူပေါင်းများစွာရဲ့ အသက်ကို ကယ်မယ်လေ။ ဒါဆို ဒီမဆိုစလောက် ရာဇဝတ်မှုလေးကို ကျူးလွန်ရကျိုး မနပ်ဘူးလား။ အသက်တချောင်းကို စတေးပြီး အသက်ပေါင်းများစွာကို ကယ်တင်ရတဲ့ အလုပ်ကို မလုပ်သင့်ဘူးလား။ ဒါက ကလေးတွေတောင် တွက်တတ်တဲ့ သင်္ချာပါ။ ဒီမိန်းမ ကြီး လောကမှာ ရှိနေတော့ ဘယ်သူ့အတွက် ကောင်းကျိုးပြုမှာလဲ။ အဆိပ်ပင် ရေလောင်း သလို ဖြစ်နေမှာပေါ့။ ဟိုတလောက သူ စိတ်ဆိုးလွန်းပြီး လီဇာဗီတာရဲ့ လက်ကို ဆွဲကိုက် သတဲ့။ ကံကောင်းလို့ မဖြတ်ရတာ"

ရဲအရာရှိ မှတ်ချက် ပေးသည်။

"ဒါပေါ့။ လောကမှာ ဒီလိုလူမျိုးတွေ မရှိသင့်ဘူးပေါ့။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ သူ့ဘာသာသူ ရှိနေတော့ ဘာလုပ်လို့ ရမှာလဲ။ ဒါ သဘာဝပဲ"

"အာ ...ဒီမှာ နောင်ကြီး၊ သဘာဝကို ပြုပြင်ပေးရမယ်။ လမ်းလွှဲပေးရမယ်။ မဟုတ်ရင် ကျွန်တော်တို့တတွေ အဂတိနွံမှာ အားလုံး နစ်သွားကြလိမ့်မယ်။ အဲလိုဖြစ်ရင် လူတော် လူကောင်း ဆိုတာ တယောက်တလေတောင် ပေါ်လာတော့မှာ မဟုတ်ဘူး"

"တာဝန်နဲ့ အမှား အမှန် ခွဲခြားသိမြင်မှုတဲ့၊ လူတွေ ပြောပြောနေကြတာ။ တာဝန် အကြောင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားမှု အကြောင်း ကျွန်တော် မပြောလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့တတွေ တာဝန်ရှိတာကို သိကြရဲ့လား။ အမှား

အမှန် ခွဲခြားနားလည်ကြရဲ့ လား။ နေဦး၊ ခင်ဗျားကို နောက်မေးခွန်းတခု ထပ်မေးဦးမယ်"

"ခဏနေဦး၊ ကျွန်တော် တခု ပြောဦးမယ်၊ နားထောင်"

"ဟုတ်ကဲ့၊ ပြောပါ"

"ကိုရင် ပြောနေတာက စကားအဖြစ်လား၊ အဘွားကြီးကို ကိုရင်ကိုယ်တိုင် သတ် မှာလား"

"ဟာဗျာ၊ ဘယ်ကလာ။ ကျွန်တော်က တရားမျှတမှုအတွက် ပြောနေတာ။ ဓမ္မဓိဋ္ဌာန် ကျကျ ပြောနေတာ"

"အဲ... ဟုတ်ပြီ။ ကျွန်တော့်သဘော ပြောရရင်တော့ ခင်ဗျားကိုယ်တိုင် မလုပ်ရဲဘူး၊ ဒါဆို တရားမျှတမှု ဘယ်မှာ ရှိတော့မလဲ။ ကဲပါဗျာ... နောက်တပွဲလောက် သွားထိုး ရအောင်"

ရပ်စ်ကိုလ်နီကော့ဗ် ဆောက်တည်ရာမရ ဖြစ်နေသည်။ ဒီလို စကားဝိုင်းသည် လူငယ်တို့ ဘာသာဘာဝ ပြောကြသည့် စကားဝိုင်းမျိုး ဖြစ်သည်။ ကြားဖူးပေါင်းလည်း များပြီ။ အကြောင်းအရာချင်း၊ ပုံသဏ္ဍာန်ချင်းတော့ မတူဘူးပေါ့လေ။ ဒါပေမဲ့ သူတို့ ပြောတာတွေက တိုက်ဆိုင်လွန်းနေတော့ သူ လှုပ်လှုပ်ရှားရှား မဖြစ်ဘဲ မနေနိုင်တော့ပေ။ တိုက်ပဲ တိုက်ဆိုင်လွန်းလှသည်။ သည်လက်ဖက်ရည်ဆိုင်ထဲမှ ထိုလူနှစ်ယောက် ပြောနေသည့် စကားဝိုင်းသည် ဘာမှ ထူးဆန်းသည်မဟုတ်။ သို့သော် အနာဂတ္တိ ပုံပြင်တခုနှင့် တူနေသည်။ တစုံတရာအတွက် နိမိတ် ဖတ်နေသည့် အလား။ တစုံတခုအတွက် နိမိတ်ဖတ် နေသည့်အလား။

※

အိမ်ပြန်ရောက်တော့ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး တနာရီလုံးလုံး မလှုပ်မယှက် ငုတ်တုတ်ထိုင်နေသည်။ တဖြည်းဖြည်း မှောင်လာပြီ။ သူ့တွင် ဖယောင်းတိုင် မရှိ။ ရှိလျှင်လည်း ထွန်းဖို့ သူ သတိရမည် မဟုတ်။ ထိုတဒင်္ဂတွင် သူ ဘာတွေးနေမှန်း သူ မသိ။ နောက်ဆုံးတွင်မှ သူ့ကိုယ်သူ ဖျားနေမှန်း သတိဝင်လာသည်။ ချမ်းစိမ့်နေသည်။ လှဲစရာ ဆိုဖာကြီး ရှိနေသည့်အတွက် ဝမ်းသာသွားသည်။ လှဲချလိုက်တော့ လေးလံစွာ အိပ်ပျော်သွားသည်။ အမည်းရောင် အမှောင်ထုကြီးက သူ့ကို ဖိစီး ဝါးမြိုပစ်လိုက်သည်။ အိပ်မက်မမက်ဘဲ သည်လောက်ကြာကြာ တခါမှ အိပ်မပျော်ဖူးခဲ့။ နာတာရှာ အခန်းထဲ ဝင်လာတော့ နောက်တနေ့မနက် ဆယ်နာရီ ထိုးနေပြီ။ အမျိုးသမီးကြီးက အတင်း လှုပ်နှိုးသည်။

ပေါင်မုန့်နှင့် လက်ဖက်ရည် ယူလာပေးသည်။ ထုံးစံအတိုင်း အကျရည် လက်ကျန်နှင့် ဖျော်လာသည့် လက်ဖက်ရည်။ သူ့ကိုယ်ပိုင် လက်ဖက်ရည်အိုးဖြင့် ထည့် လာသည်။

မကျေမနပ်နှင့် ဗျစ်တောက်ဗျစ်တောက် လုပ်နေ၏။

"အားအားရှိ အိပ်နေတာပဲ။ တွေ့ရာ နေရာ ထိုးအိပ်တာပဲလား''

သူ ကြိုးစားပြီး ထထိုင်သည်။သူ့ ခေါင်းတွေ အုံ့ခဲနေသည်။ မတ်တတ်ထရပ်သည်။ ကြုတ်ထဲ ကျွဲသိပ်နေရသည့် အခန်းကလေးကို ဝေ့ကြည့်လိုက်သည်။ ပြီးတော့ ဆိုဖာပေါ် ပြန်ထိုင်ကျသွားသည်။

နာတာရှာက အော်ပြောပြန်သည်။

"ကြည့်၊ ပြန်အိပ်ဦးမယ်။ နေမကောင်းဘူးလား၊ ဘာဖြစ်နေတာလဲ'

သူက ဘာမှ ပြန်မပြော။

"လက်ဖက်ရည် မသောက်ချင်ဘူးလား"

ပြီးတော့ နံရံဘက် လှည့်ကာ မျက်စိမှိတ်လိုက်ပြန်သည်။ နာတာရှာက ခဏ ရပ်ကြည့်နေပြန်သည်။

"သူ တကယ် ဖျားနေပြီ ထင်တယ်" ဟု ပြောပြီး အခန်းထဲမှ ထွက်သွားသည်။ နှစ်နာရီထိုးတော့ စွပ်ပြုတ်ပန်းကန် ကိုင်ပြီး ပြန်ဝင်လာသည်။ လက်ဖက်ရည်ကို ခုထိ မသောက်ရသေး။ နာတာရှာ စိတ်တိုသွားပြီး သူ့ကို ကိုင်လှုပ်တော့၏။

"ကြည့်စမ်း၊ ခုထိ ဟောက်နေလိုက်တာ'' နာတာရှာက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ သည်တော့မှ ထထိုင်ပြီး ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ဘာမှတော့ ပြန်မပြော။

"ဖျားနေပြီ မဟုတ်လား" ထပ်မေးတော့ သူ မဖြေ။

"အပြင်လေး ဘာလေး ထွက်ပြီး လေရှူပါလား၊ ကဲ... ဘာမှ မစားဘူးလား၊ ပြော"

"ဟင့်အင်း၊ နောက်မှ"

သူ့အသံက တိုးတိုးလေး။ နာတာရှာက သူ့ကို ကရုဏာ မျက်လုံးများဖြင့် စိတ် မသက်မသာ ရပ်ကြည့်နေသည်။ ပြီးမှ လှည့်ထွက်သွားသည်။

ခဏနေတော့ လက်ဖက်ရည်ခွက်နှင့် စွပ်ပြုတ်ပန်းကန်ကို အကြာကြီး ငေးကြည့် နေသည်။ ပြီးတော့မှ ပေါင်မုန့်နှင့် ဇွန်းကို ယူပြီး စားသည်။ ခေါင်းကိုက် သက်သာသွားသည်။ ဘာတွေ စားမိမှန်း မသိ။ ဘာအရသာမှ မရှိ။ စားသောက်ပြီးတော့ ဆိုဖာပေါ်တွင် ပြန်ပြီး ကျောဆန့်လိုက်သည်။ သို့သော် အိပ်မပျော်တော့ပေ။ ကိုယ်စောင်းပြန် အားလျား မှောက်ပြီး ခေါင်းအုံးနှင့် မျက်နှာ အပ်ထားလိုက်သည်။ နေ့လယ် အိပ်တော့ အိပ်မက်တွေ မက်နေပြန်သည်။ သူ့အိပ်မက်တွေမှာ ထူးထူးဆန်းဆန်းတွေချည်း။ မကြာခဏ သူ အာဖရိက ကို ရောက်နေတတ်သည်။ အီဂျစ်ကို ရောက်နေတတ်သည်။ သဲကန္တာရထဲက အိုအေစစ်တွေ ကိုရောက်နေတတ်သည်။ ကန္တာရ ယာဉ်တန်းများ နားနေချိန်။ ကုလားအုတ်တွေက သစ်ပင်ရိပ် တွင် ငြိမ်းချမ်းစွာ လဲလျောင်းနေကြသည်။ အုန်းပင်တွေက အိုအေစစ် ပတ်လည်တွင် ဝိုင်းဖွဲ့ ထားကြသည်။ ကန္တာရခရီးသည်တွေ ဝိုင်းဖွဲ့ကာ ထမင်းစားနေကြသည်။ စမ်းချောင်းကလေး ထဲက စမ်းရေကြည်ကြည်ကို ငုံ့သောက်နေသည်။ စမ်းရေစီးသံသည် သာယာနာပျော်ဖွယ် ငြိမ့်ညောင်းလှသည်။ အရောင်မှာ အံ့သြဖွယ် ကောင်းလောက်အောင် ပြာလဲ့နေသည်။ ရောင်စုံ ကျောက်စရစ်ခဲများကို ဖြတ်ကျော် စီးဆင်းနေသည်။ ယင်းတို့အောက်မှ သဲမှုန်များ သည် ရွှေရောင်တဖျတ်ဖျတ် လက်နေသည်။ ထိုအချိန်တွင် နာရီထိုးသံ ကြားလိုက်သည်။ သူ လန့်သွားပြီး ခေါင်းထောင်ကြည့်လိုက်သည်။ ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်တော့... ဟိုက်... ဘယ်အချိန် ရှိပြီလဲ။

ဆိုဖာပေါ်မှ ခုန်ဆင်းလိုက်သည်။ တံခါးဆီကို တိတ်တိတ်ကလေး ခြေဖျားထောက် သွားပြီး လှေကားဘက်သို့ နားစွင့်လိုက်သည်။ ရင်တွေ မတရား ခုန်နေသည်။ လှေကားဆီမှ ဘာသံမျှ မကြားရ။ အားလုံး အိပ်မောကျနေသည့် အလား။ အင်း... တော်တော် ထူးဆန်းပါ လား။ နာရီပေါင်းများစွာ အိပ်ပျော်သွားသည်။ ဘာမှ မလုပ်ရသေး။ ဘာမှ မပြင်ဆင်ရသေး။ စောစောက နာရီသံချောင်းသံဟာ ခြောက်နာရီထိုးတာ ဖြစ်ရမယ်။ ငြိမ်သက်စွာ အိပ်ပျော် နေခြင်း၏ နေရာတွင် အဖျားတက်ကာ ရှုပ်ထွေးသော အတွေးများ အစားဝင်လာသည်။ သို့သော် ချည့်ချည့်နဲ့နဲ့ မဟုတ်။ အင်နှင့် အားနှင့် ဝင်လာခြင်းမျိုး။ ပြင်ဆင်စရာ သိပ်များများ စားစား မရှိပါ။ ရှိသမျှ ခွန်အားတွေ ညှစ်ထုတ်လိုက်သည်။ ဘာကိုမှ မမေ့ဖို့ သတိထားရမည်။

ရင်တွေ ပိုခုန်လာသည်။ အသက်ရှူ ကျပ်လာသည်။ ပထမဆုံး ကြိုးကွင်းကလေး တခု လုပ်ပြီး ကုတ်အင်္ကျီ အတွင်းဘက်တွင် အပ်ချည်နှင့် တုပ်သွားရမည်။ ဘာမျှ မခက်၊ ခဏ လေးနှင့် ပြီးနိုင်သည့် အလုပ်။ ခေါင်းအုံးအောက်သို့ ထိုးနှိုက်လိုက်သည်။ ဖွာလန်ကျဲနေသည့် ရှပ်အင်္ကျီဟောင်းတထည် ပါလာသည်။ ဖြက်နှစ်လက်မ၊ အလျား ဆယ့်ငါးလက်မ

ရအောင် ဆွဲဖြဲလိုက်သည်။ ချည်ထည်ကုတ်အင်္ကျီရှည်ကို ယူပြီး အတွင်းဘက်လက်မောင်းအိုး အောက်တွင် အစကို ကွင်းလုပ်ပြီး အပ်ချည်နှင့် ချုပ်လိုက်သည်။ အပ်ချည်နှင့် အပ်ကို စက္ကူတွင် ထိုးပြီး စားပွဲပေါ်တွင် အသင့်ပြင်ထားသည်မှာ ကြာပြီ။ ကွင်းက ပုဆိန်ချိတ်ရန် ဖြစ်သည်။ ဘယ်လောက် ကောင်းသည့် စိတ်ကူးလဲ။ ပုဆိန်ကို သည်အတိုင်း ပေါ်တင်ကြီး ကိုင်သွားလို့ မဖြစ်ဘူးလေ။ အပေါ်အင်္ကျီအောက်တွင် ဝှက်ယူသွားပြန်လျှင်လည်း လက်နှင့် ဖိထားရမည် ဖြစ်၍ ဘေးလူတွေ ရိပ်မိနိုင်သည်။ ခုတော့ ပုဆိန်သည် အင်္ကျီလက်မောင်းအောက်တွင် ငြိမ်ငြိမ်ကလေး ပါလာလိမ့်မည်။ သည်လိုလုပ်ဖို့ စဉ်းစားရသည်မှာ နှစ်ပတ် ကြာသည်။

သည်ကိစ္စပြီးမှ ဆိုဖာ ဘယ်ဘက်ထောင့် အောက်ခြေသို့ လှမ်းနှိုက်လိုက်သည်။ ပေါင်ရမည့် ပစ္စည်းကလေး ပါလာသည်။ သည်ဟာကလေးကို သူ လုပ်ပြီး ဝှက်ထားသည်မှာ ကြာပြီ။ ရွှေပေါ်ချောထားသော သစ်သားတုံးကလေး တတုံး ဖြစ်သည်။ စီးကရက်ဘူး ကလေး အရွယ်။ လမ်းလျှောက်ရင်း မတော်တဆ ကောက်တွေ့ခဲ့သည့် သစ်သားတုံးကလေး။ နောက်တော့ သံဖြူပြားကလေးနှင့် ပတ်ထားလိုက်သည်။ အပြားကလေးကိုလည်း လမ်းပေါ်မှာ တွေ့ခဲ့သည်ပင်။ အစွန်းထွက်နေသည့် ထောင့်များကို ကတ်ကြေးဖြင့် ဖြတ်ပြီး သေသေ သပ်သပ် ဖြစ်သွားမှ စက္ကူဘူးသန့်သန့်ကလေးထဲ ထည့်လိုက်သည်။ ပြီးမှ စက္ကူဖာကလေး ကို ဖဲကြိုးဖြင့် လေးဖက်လေးတန် လှလှပပ ချည်လိုက်တော့ အဖိုးတန် ပစ္စည်းကလေးနှင့် တူသွားတော့သည်။ ဖဲကြိုးကလေး ဖြေနေစဉ်ခဏတော့ အဘွားကြီးအာရုံကို ဖမ်းစားထား နိုင်လိမ့်မည်။ သစ်သားတုံးကလေးက ပေါ့ပေါ့ကလေး ဖြစ်သော်လည်း သံဖြူ ပြားကလေး၏ အလေးချိန် ထပ်ပေါင်းထားသဖြင့် အဘွားကြီး ဘယ်လိုမှ သံသယမဝင်နိုင်။ သစ်သား တုံးကလေး ဖြစ်ကြောင်း ဘယ်လိုမှ ကြိုမသိနိုင်။ လမ်းပေါ်မှ လူတယောက် အော်ပြောသံ ကြားမှ သူ သတိဝင်လာသည်။

"ဟေ့.. ခြောက်နာရီ ကျော်နေပြီဟေ့"

"ဟာ... ဒုက္ခပါပဲ၊ ခြောက်နာရီကျော်နေပြီ ဆိုပါလား'"

တံခါးဝကို ပြေးကပ်ပြီး နားစွင့်သည်။ ဘာသံမှ မကြားရ။ ဦးထုပ်ကို ဆွဲဆောင်းပြီး လှေကား ဆယ့်သုံးထစ်ကို ကြောင်တကောင်၏ ခြေလှမ်းများဖြင့် ဆင်းလာခဲ့သည်။

အရေးကြီးဆုံး အပိုင်းကို ရောက်လာပြီ။ နာတာရှာ့ မီးဖိုချောင်မှ ပုဆိန် ဝင်ယူရ မည့် ကိစ္စ။ ပုဆိန်ကို သုံးဖို့ အစောကြီး ဆုံးဖြတ်ထားခဲ့သည်။ သူ့တွင် ပန်းကိုင်း ဖြတ်သည့် မောင်းချခား တချောင်း ရှိသည်။ သူ သိပ်စိတ်မချ။ သူ့

ခွန်အားကို သူ မယုံ။ ထို့ကြောင့် ပုဆိန်ကို သုံးဖို့ ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်သည်။ (သည်လို ဆုံးဖြတ်ခဲ့ရခြင်းမှာ တိုက်ဆိုင်စွာ ဖြစ်လာသည့် ထူးခြားမှုကလေး တခုကြောင့် ဖြစ်ကြောင်း သတိပြုထားသင့်သည်)

သို့သော် ကြာလေ (နောက်ဆုံးအပိုင်း ရောက်ခါနီးလေ) သူ ပြင်ဆင်ထားသမျှတို့ မသေသပ်လေ ဖြစ်လာသည်ဟု စိတ်ထဲ ထင်လာသည်။ ယုတ္တိမတန်ဟု မျက်စိထဲ မြင်လာသည်။ အတွင်းစိတ် လှုပ်ရှားမှုများကြောင့် ဆောက်တည်ရာမရ ခံစားခဲ့ရသော်လည်း သူ့ စီမံချက်တွင် အလစ်အဟာ ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။

သူက အသေးစိတ်တွေကို လေ့လာတွက်ချက်ထားပြီးမှ ဆုံးဖြတ်ခဲ့တာ။ သံသယ ဟူ၍ စိုးစဉ်းမျှ မရှိတော့ ဆိုရင်... ခုမှ ဘာကြောင့် သူ စိတ်စနိုးစနောင့် ဖြစ်နေတာလဲ။ ခုတော့ လုပ်ရမည့် အလုပ်ကို သံသယဝင်လာပြီး ယုတ္တိ မရှိဟု ထင်လာသည်။ မဖြစ်နိုင်ဟု ထင်လာသည်။ ရောမ မှားယွင်းမှုကြီး တခုဟု မြင်လာသည်။ သေသေချာချာ ရေပက်မဝင် အောင် လုပ်ထားပါလျက် တကယ် အသေးစိတ်လာသောအခါ မဖြေရှင်းနိုင်သည့် အသေး အဖွဲ့တွေ၊ သံသယ ချောက်ကမ်းပါးကြီးတွေ ပတ်လည်ဝိုင်းလာသည်။

ပုဆိန်ရဖို့ အရေးမှာ ငှက်ပျောသီးအခွံ နင်းစားသလောက်တောင် မခက်သည့် ကိစ္စ ဖြစ်သည်။ နာတာရှာက မီးဖိုချောင်ထဲတွင် နေရချိန် မရှိသလောက် မဟုတ်လား။ အထူး သဖြင့် ညနေပိုင်းဆို ဟိုကိစ္စ၊ သည်ကိစ္စဖြင့် ရှုပ်ယှက်ခတ်ပြီး အပြင်ထွက်နေသည်က ခပ်များများ။ ဈေးသွားရသည်က တဖက်၊ ပြီးတော့ ဘယ်တော့မှ မီးဖိုချောင်တံခါးကို မပိတ်။ သည်အတွက် အိမ်ရှင်၏ အဆူအပူကို အမြဲခံရသည်။ သည်တော့ အသာလေးဝင်ပြီး ပုဆိန် ကို လစ်လာရုံပေါ့။ ကိစ္စပြီးတော့ (တနာရီလောက်အတွင်း) တိတ်တိတ်ကလေး ပြန်ထား လိုက်ရုံပေါ့။ သို့သော် သံသယ အစအမျှင်တွေ ထိုးထိုးထောင်ထောင် ဖြစ်လာသည်။ ပြန်လာ ထားသည့် အချိန်တွင် နာတာရှာ ပြန်ရောက်နေလျှင် အသာကလေး လှို့ပြီး အခန်းပေါ် ပြန်တက်။ သူ ပြန်ထွက်သွားမှ ပုဆိန် ပြန်ထားရမှာလား။ ပုဆိန် ပျောက်သွားပါပြီ ဆိုပြီး အော်ကြီးဟစ်ကျယ် လုပ်လျှင်ကော။ မိမိကလွဲပြီး ဘယ်သူ့ကိုမှ သူ သံသယဖြစ်မှာ မဟုတ်ဘူး။ မသင်္ကာစရာ အချက်အလက်တွေက အပုံအပင်။

သို့သော် သည်မျှ အရေးမပါသော အသေးအဖွဲ့ ကိစ္စလေးများကိုတော့ သူ ထည့်မတွက်။ တွက်ချိန်လည်း မရှိတော့။ အရေးကြီးသည့် တိုက်ကွက်ကလွဲပြီး ကျန်တာတွေ စဉ်းစားချိန် မရတော့ပေ။ သို့သော် ပုဆိန်ယူဖို့ ကိစ္စကို သူ ဖော့တွက်ခဲ့မိလေပြီ။ သူ စဉ်းစား ဆုံးဖြတ်ပြီးသည့် တနေ့တွင် အဲဒီကို သွား၊ လုပ်စရာရှိတာ လုပ်၊ ပြီး ပြန်လာ။ အသေးစိတ် တွေ တွက်ပြီးသား မဟုတ်လား။ ဘာလို့ ဒါလောက် အချိန်ဆွဲနေတာလဲ။ မြန်မြန်လုပ်၊ မြန်မြန်

ဖြတ်လိုက်ပါလားဟုပင် ကိုယ့်ကိုယ်ကိုယ် အားပေးမိသေးသည်။ စိတ်ကူးတာတွေ များနေပြီ။ တော်လောက်ပြီပေါ့။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လာသည်။ မိမိ အစီအမံတွေက ယုတ္တိဗေဒ ကျပြီးသားတွေပဲ။ လောကနီတိ ဘောင်အတွင်းက အစဉ်းသိ အသေးစိတ်တွေ စဉ်းစားပြီးသားပဲ။ သူက ဗေဒကာကို ကျွမ်းကျင်သူပဲ။ သည်ကိစ္စတွင် မုတ်ဆိတ်ရိတ်ဓားလို ထက်သူပဲ။ ဘာမှ အလစ်အဟာ မရှိနိုင်သည့် ကိစ္စပဲ။

သို့စင်လျက် နောက်ဆုံးအဆင့်တွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ကျဆင်း လာသည်။ ထိုအခါ တရားခံ ရှာချင်လာသည်။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့် ဒီအလုပ် ကို လုပ်မှာလဲ။ တစုံတယောက်က၊ တစုံတရာက သူ့အား တွန်းအားပေးနေသည့် အလား။

သည်နောက်ဆုံးနေ့ကမူ ကံအားလျော်စွာတွေ၊ တိုက်ဆိုင်မှုတွေသည် လုပ်ငန်း ပြီးမြောက်မှုအတွက် အလိုအလျောက် သူ့ဘာသာသူ ဖြစ်နေသည့်အလား။ တစုံတယောက်က သူ့အား လက်ဆွဲပြီး စေခိုင်းနေသည့်အလား။ သူ ဘာမျှ မမြင်တော့၊ မသိတော့။ မမြင်နိုင်သည့် အင်အားတမျိုးက သူ့ကို အတင်းခိုင်းနေသည့်နှယ်။ ထိုအရာကို သူ မတွန်းလှန် နိုင်တော့ပေ။ စက်ထဲ ပါသွားသော အဝတ်စကလေး တခုလို မည်သို့မျှ ရုန်းထွက်၍ မရတော့ပေ။

ပထမပိုင်းတွင် မေးခွန်းတခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဘာကြောင့် ရာဇဝတ်မှုတွေ ကို လွယ်လွယ်နှင့် ထုတ်ဖော်နိုင်ကြတာလဲ။ ပြီးတော့ ရာဇဝတ်မှု ကျူးလွန်သူတွေက ဘာကြောင့် သဲလွန်စတွေကို ထင်သာမြင်သာအောင် ထားခဲ့ကြတာလဲ။ သူက ထူးဆန်း သော ကောက်ချက် များစွာ ချနိုင်ခဲ့သည်။ အဓိကအချက်မှာ ရာဇဝတ်သားတယောက်သည် သူ အသုံးပြုသည့် လက်နက်ပစ္စည်းကို ဖျောက်ပစ်ရာတွင် မကျွမ်းကျင်ခြင်းကြောင့် မဟုတ်။ ကျူးလွန်ချိန်တွင် သူကိုယ်တိုင် ချိန်သား မကိုက်ဘဲ အိုးနင်းခွက်နင်းဖြစ်ကာ ထူးထူးဆန်းဆန်း တွေ မြင်လာပြီး ကလေးတယောက်၏မနူးမနပ်အတွေးမျိုးတွေ ဝင်လာတတ်ခြင်းကြောင့် ဖြစ်သည်။ စင်စစ် ထိုအချိန်သည် စေ့စပ်သေချာဖို့ အများဆုံး လိုအပ်သည့်အချိန် ဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အခိုင်အမာ ယုံကြည်ထားချက်မှာ သည်လို အရေးကြီးဆုံးအချိန်တွင် ဆင်ခြင်တုံတရားတွေ ဝေမှုန်ဝါးခြင်းက လူတယောက်အား ရုတ်တရက် ချက်ချင်း လွှမ်းမိုး လိုက်ခြင်း မဟုတ်။ ရောဂါတခုလို သူ့ကိုယ်တွင်းတွင် ကပ်ငြိနေပြီး တစတစ နေရာယူ ကြီးထွား လာခြင်း ဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်အံ့ မူးမူးတွင် အမြင့်ဆုံးသို့ ရောက်လာခြင်းဖြစ်သည်။ အလုပ်ပြီးသွားတော့ သည်ဝေဒနာသည် သူ့တွင် ဆက်လက် ကပ်ငြိနေဆဲ ဖြစ်သည်။ ဘယ်ရွေ့ ဘယ်မျှ ကြာအောင် ကပ်ငြိနေမည် ဆိုသည်ကတော့ တဦးချင်းအပေါ်တွင် မူတည်သည်။ သည်ရောဂါက ရာဇဝတ်မှုကို

ကျူးလွန်စေခြင်းလား၊ ရာဇဝတ်မှု ကျူးလွန်ဖို့ အကြောင်း တရားက သည်ရောဂါလား၊ သို့မဟုတ် သည်ရောဂါနှင့် သွေးသား တော်စပ်လေသလား ဆိုသည်ကိုတော့ သူ မသေချာသေး။ အဖြေထုတ်ဖို့လည်း မစွမ်းသေး။

သည်လို နိဂုံးတွေ၊ ကောက်ချက်တွေ ဆွဲပြီး မိမိ ဆောင်ရွက်ရမည့် အမှုတွင်တော့ သည်လိုအဖြစ်မျိုးတွေ၊ ဟာကွက်တွေ မရှိစေရဟု ဆုံးဖြတ်လိုက်သည်။ သည် ဆုံးဖြတ်ချက် သည် သေသေချာချာ အကွက်ချထားသည့် စီမံချက် ပြီးသည်အထိ ကိုယ်နှင့်မကွာ ရှိနေရမည်။ သည်စီမံ ချက်မှာ ရာဇဝတ်မှု မဟုတ်ပေ။ ရုတ်တရက် နာရီခေါင်းလောင်း ထိုးသံ ကြား လိုက်တော့ ထင်တာတွေနှင့် တခြားစီ ဖြစ်ကုန်သည်ကို အံ့သြဖွယ်ရာ တွေ့ရှိရလေသည်။

လှေကားအောက် မရောက်မီပင် ဘာမဟုတ်သည့် ပြဿနာကလေးက ပြဿနာ ဖြစ်လာသည်။ နာတာရှာ မရှိခိုက်တွင် အခန်းရှင် အမျိုးသမီးများ မီးဖိုဆောင်ထဲ ရောက် နေမည်လား၊ ဒါမှမဟုတ် သူ့ အခန်းတံခါး ဖွင့်လျက်သား ဖြစ်နေမလား ဟူသည့် အတွေးဖြင့် မသိမသာ ငဲ့ကြည့်လိုက်သည်။ သူ့တံခါး ပွင့်နေလျှင် ပုဆိန်ဝင်ယူဖို့ ခက်လိမ့်မည်။ ဟိုက်.. သူ မျက်လုံးပြူးသွားသည်။ နာတာရှာက အပြင်မသွားဘဲ မီးဖိုခန်းထဲတွင် ရှိနေသည်ကို သူ သေသေချာချာ ရှင်းရှင်းကြီး မြင်လိုက်ရသောကြောင့် ဖြစ်သည်။ လျှော်ပြီး သား အဝတ်တွေကို တန်းပေါ် လိုက်ဖြန့်လှန်းနေသည်။ သူ့ကို တချက် ငဲ့ကြည့်သည်။ သူက မျက်နှာလွှဲပြီး ဆက်လျှောက်လာခဲ့သည်။

သွားပြီ။ ခဲလေသမျှ သဲရေကျပြီ။ ပုဆိန် မရနိုင်တော့။ သူ အကြီးအကျယ် တုန်လှုပ် သွားတော့သည်။ လှေကားထစ်တွေကို ခြေသံလုံလုံနှင့် ဆင်းခဲ့ပြီး စဉ်းစားသည်။

“သူ ဒီအချိန် အပြင်ထွက်မယ်ဆိုတာ ငါ ဘယ်လိုကြောင့် တွေးမိတာပါလိမ့်။ ဘာလို့ ငါ သေသေချာချာ တွက်မိတာလဲ”

စိတ်ဓာတ်အကျကြီး ကျသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်သေးသွားမိ၏။ ဘယ်လောက် ရယ်ဖို့ကောင်းတဲ့ အဖြစ်လဲဟု တွေးပြီးမှ ဒေါသဖြစ်လာသည်။ ကိုယ့်ကိုယ် ကိုယ် သတ်သေချင်လောက်အောင် စိတ်ပျက်သွားသည်။

အောက်ဆုံးထပ် တံခါးပေါက်အဝ ရောက်တော့ ခဏတွေစဉ်းစားသည်။ ဤကြန္ဒြေ မပျက် လမ်းပေါ် ထွက်ပြီး လျှောက်ရမှာလား။ တော်တော်ကြောင်တဲ့ ကိစ္စပဲ။ အထဲကို ခပ်တည်တည်နှင့် ပြန်ဝင်ဖို့က ပိုကြောင်လိမ့်မည် ထင်သည်။

နှုတ်မှ အလိုလို ထွက်သွားသည်။

ဒီလိုအခွင့်အရေးမျိုးက ဒီနေ့ ယူချင်ယူ၊ မဟုတ်ရင် ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး” ဘာဆက်လုပ်ရမှန်း မသိဘဲ အပေါက်ဝတွင် တွေရပ်နေသည်။ တဖက်တွင် အပေါက် စောင့်၏ အခန်းငယ်ကလေး ရှိသည်။ တံခါး ဟထား၏။ အခန်းထဲ လှမ်းကြည့်လိုက်တော့ သူ့တကိုယ်လုံး တောင့်ခနဲ ဖြစ်သွားသည်။ နှစ်လှမ်းလောက်နှင့် ဝင်သွားလို့ရသည့် လှေကား အောက်က အခန်းကျဉ်းကလေး။ ခုံတခုံအောက်မှ အရောင်လက်နေသော အရာတခုကို လှမ်းမြင်လိုက်၍ ဖြစ်သည်။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ဘယ်သူ့ကိုမှ မတွေ့ရ။ အပေါက်စောင့်၏ အခန်းကလေးထဲသို့ ခြေဖျားထောက် ဝင်လာခဲ့သည်။ ပြီးတော့ သူ့နာမည်ကို ခပ်တိုးတိုး အော်ခေါ်ကြည့်သည်။

“သေချာတယ်၊ သူ အခန်းထဲမှာ မရှိဘူး၊ တံခါးဖွင့်ထားတော့ ဝေးဝေးသွားမှာ မဟုတ်ဘူး။ တိုက်ရှေ့မှာ ရှိနေတာ သေချာတယ်"

ဟုတ်ပါသည်။ ပုဆိန်ကလေးပါ။ ခုံအောက်က ဆွဲထုတ်လိုက်သည်။ ကုတ်အင်္ကျီ အောက်သို့ ထိုးသွင်းပြီးလက်နှစ်ဖက်ကို ကုတ်အင်္ကျီထဲ နှိုက်ပြီး အခန်းထဲမှ ခပ်တည်တည် ထွက်လာခဲ့သည်။ ဘယ်သူမှ သတိထားမိစရာ အကြောင်းမရှိ။

"ဒါဟာ ငါ့ကုသိုလ်နဲ့ ငါ ဖြစ်လာတာ" ဟု တွေးပြီး သူ့ဘာသာသူ ပြုံးလိုက်သည်။

သည်ကံကောင်းမှုကြောင့် သူ အားတက်လာသည်။ အတိုင်းအဆမရှိ တက်ကြွလာခြင်း မျိုး။

သူ ခပ်အေးအေး လျှောက်လာခဲ့သည်။ အဆောတလျင် မဟုတ်။ ဘယ်သူမှ မရိပ် မိအောင် ပုံမှန်အတိုင်း ခပ်အေးအေး လျှောက်နေခြင်းမျိုး။ ဘေးဘီကို မကြည့်။ လမ်းသွား လမ်းလာတို့၏ မျက်နှာကို မကြည့်။ ထိုစဉ် သူ့ဦးထုပ်စုတ်ကို သူ သတိရလိုက်သည်။

“ဟာ… သေတော့မှာပဲ။ လွန်ခဲ့တဲ့ နှစ်ရက်ကဆို ငါ ကောင်းကောင်း ဝယ်နိုင်တာ ပေါ့။ ခုတော့ ...”

စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲလိုက်သည်။ လမ်းဘေးဆိုင် တဆိုင်ထဲကို မျက်စိကစားပြီး ကြည့်လိုက်သည်။ ခုနစ်နာရီ ဆယ်မိနစ်တောင် ရှိနေပြီကော။ အမြန်နှုန်းဖြင့် သွားမှ ဖြစ်တော့မည်။ ပြီးတော့ ဟိုဘက် ပလက်ဖောင်းကို ပြောင်းပြီး သွားမှ ဖြစ်မည်။ အစောပိုင်းက သည်အချိန်၊ သည်အခြေအနေကို တွေးကြည့်သည်။ စိတ်ထဲမှ သိပ်ကြောက်နေမည် ထင်ခဲ့၏။ ခုတော့ သည်လို မဟုတ်။ ကြောက်စိတ်

မဝင်။ လုံးဝ တည်ငြိမ် စွာဖြင့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးနေသည်။ မဆီမဆိုင် အတွေးများပင် ခေါင်းထဲ ဝင်လာ နေသေးသည်။ သို့သော် တဒင်္ဂမျှသာ။

ယူဆူပေါ့ဗ်ပန်းခြံကို ဖြတ်လျှောက်တော့ ရေပန်းကြီးများက သူ့ကို ဆွဲဆောင် ထားလိုက်သည်။ သည့်ထက် မြင့်နိုင်လျှင် ဘယ်လောက် ကောင်းလိုက်မလဲ။ အများပြည်သူ့ ပန်းခြံထဲတွင် လေထုပို၍ သန့်ရှင်း အေးမြလာလိမ့်မည်။ ပန်းခြံကြီးကိုလည်း အများကြီး ပိုချဲ့ ချင်သည်။ သည်ပန်းခြံနှင့် နွေရာသီပန်းခြံ ပိုချဲ့လိုက်လျှင် ဟိုး မစ်ဟိုင်းလော့စကီ နန်းတော် ပန်းခြံနှင့် သွားဆက်လိမ့်မည်။ ဒါဆို ပီတာစဘတ်မြို့ကြီး ပို၍ ကျက်သရေ တိုးသွားပေ လိမ့်မည်။ ဤတွင် မြို့နေလူတွေ အကြောင်း ဆက်တွေးမိသည်။ သူတို့တတွေ ဘာကြောင့် ပန်းခြံ မရှိ၊ ရေပန်း မရှိသည့် နေရာတွေမှာ နေနေကြတာပါလိမ့်။ မြောင်းပုပ်နံ့တွေ၊ အမှိုက်ပုံ တွေ ယင်တလောင်းလောင်းနှင့်။ စျေးနား ရောက်လာတော့မှ သတိပြန်ဝင်လာသည်။

“ဟာ… သေတော့မှာပဲ၊ ဘာလို့ မဆိုင်တာတွေ လျှောက်တွေးနေတာလဲ’”

“ကြိုးစင်ကို သွားနေတဲ့ လူတွေလည်း ဒီလိုပဲ နေမှာ ထင်တယ်။ လမ်းမှာ မြင်တွေ့ သမျှ အရာအားလုံးကို လိုက်မှတ်နေ၊ တွေးနေမယ် ထင်တယ်"

သူ့ခေါင်းထဲကို လျှပ်ပြက်သလို လက်ခနဲ ဖြစ်သွားသည့် အတွေး။ သို့သော် လျှပ်စီး လိုပင် ချက်ချင်း ပြန်ပျောက်သွားသည်။ ဟိုတိုက်ကြီးကို လှမ်းမြင်နေရပြီလေ။ ဝင်းတံခါးဝကို ရောက်ခါနီးပြီ။ နာရီသံချောင်းခေါက်သံ ကြားလိုက်ပြန်သည်။

ဟင်… ခုနစ်နာရီခွဲ ဆိုပါလား။ မဖြစ်နိုင်ဘူး၊ နာရီမြန်နေတာ ဖြစ်မယ်”

“ကံကောင်းပါသည်။ တမင်အကွက်ချ ချိန်ကိုက်ထားသည့်အလား။ ဝင်းထဲကို ဝင်ရမည့် အချိန်တွင် ရောမ ကောက်ရိုးလှည်းကြီး တစီး ဖြတ်မောင်းလာသည်။ တိုက်ကြီးပေါ်မှ လူတွေ မမြင်အောင် လှည်းကြီး နံဘေးမှ ကပ်လျှောက်သွားသည်။ ဝင်းတံခါးဝ အရောက် တွင် လှည်းနောက်မှ ညာဘက်ကို ဖျတ်ခနဲချိုးပြီး ခပ်သွက်သွက် လျှောက်သွားသည်။ အထပ် တိုင်း၏ ပြတင်းပေါက်တွေ ဖွင့်ထားသည်။ သူ လုံးဝ မော့မကြည့်။ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်သွားသည်။ လှေကားထစ်တွေပေါ် စတက်ပြီ ...။

တဒိုင်းဒိုင်း ခုန်နေသည့် နှလုံးပေါ်သို့ လက်နှင့် ဖိလိုက်သည်။ တပြိုင်တည်းတွင် ပုဆိန်ကိုပါ စမ်းကြည့်လိုက်သည်။ သတိကြီးစွာဖြင့် လှေကားထစ်တွေကို ခပ်သွက်သွက် လှမ်းတက်လာခဲ့သည်။ မကြာခဏ ရပ်ပြီး အခန်းတွေကို နားစွင့်သည်။ လုံးဝ တိတ်ဆိတ်နေ၏။ အခန်းတံခါးတွေ အားလုံး

ပိတ်ထား၏။ ဆင်းလာသူ တယောက်မျှ မရှိ။ ဒုတိယ ထပ်ရောက်မှ အခန်းတံခါး ပွင့်နေသည်ကို တွေ့ရ၏။ အခန်းထဲတွင် ဆေးသမားတွေ ဆေး သုတ်နေကြသည်။ ဘယ်သူမှ သူ့ကို ငဲ့မကြည့်ကြ။ သူ ခဏ တွေစဉ်းစားသည်။

"သူတို့ မရှိရင်တော့ ပိုကောင်းမှာပဲ။ ကိစ္စ မရှိလောက်ပါဘူး။ အပေါ်နှစ်ထပ် ကွာ သေးတာပဲ"

အဘွားကြီး၏ အောက်ထပ်အခန်းတွင် လူမရှိ။ မကြာသေးခင်က ပြောင်းသွားပုံ ရသည်။ 'ငှားရန်' ချိတ်ထားသည့် စက္ကူကတ်ပြား ဆိုင်းဘုတ်ကလေး ကွာကျနေသည်။ လေးထပ်ရှိ အဘွားကြီး၏ အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းတွင်လည်း လူ မရှိချေ။

ရပ်ပြီး လေကို တဝရှူသွင်းလိုက်သည်။ အပြေးအလွှား စဉ်းစားပြန်သည်။

"ပြန်လှည့်သွားရင် ကောင်းမလား"

သူ့အမေးကို သူ့ဘာသာသူ ပြန်မဖြေဘဲ အဘွားကြီး အခန်းတံခါးကို နားကပ် ထောင်ကြည့်သည်။ ဘာသံမှ မကြားရ။ နောက်ဆုံး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး ရင်ချီလိုက်သည်။ ပုဆိန်ကို တခါ ထပ်စမ်းသည်။ မေးခွန်းတွေ ခေါင်းထဲ တန်းစီ ဝင်လာ ပြန်သည်။

"ငါ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသလား၊ ငါ သိပ်စိတ်လှုပ်ရှား လွန်းနေသလား။ အဘွားကြီးက ဘယ်သူ့မှ ယုံတာ မဟုတ်ဘူး။ ငါ ဣန္ဒြေပျက်နေရင် ချက်ချင်းရိပ်မိမှာ။ ခဏ စောင့်ရင် ကောင်းမလား၊ ရင်ခုန်သံ ငြိမ်သွားတဲ့အထိလေ"

သူ့ရင်ခုန်သံ မရပ်တော့ပါ။ ပိုလို့ပင် ခုန်လာသည်။ ဆက်လက် သည်းမခံနိုင်တော့၍ တံခါးခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ အတွင်းဘက်မှ မြည်သံ ကြားရသည်။ မိနစ်ဝက် အတွင်း ခပ်ကျယ်ကျယ် ထပ်ဆွဲလိုက်သည်။

ဘာသံမှ မကြားရ၊ ဆက်ပြီး ဆွဲနေရင် အဓိပ္ပာယ်ရှိမည် မဟုတ်။ အဘွားကြီး အထဲမှာ ရှိနေတာ သေချာသည်။ တယောက်တည်းမို့ သင်္ကာမကင်းစိတ် ပိုများနေလိမ့်မည်။ သည် အဘွားကြီး၏ အမူအကျင့်ကို သူ အလွတ်ရနေသည် မဟုတ်လား။ တံခါးကို နားကပ်ပြီး ထပ်နားထောင်ပြန်သည်။ သူ့အာရုံခံစားမှုက သိပ်အားကောင်းနေလို့လား၊ ဒါမှမဟုတ် အတွင်းဘက်မှ အသံဗလံကပင် ကြားသာနေလို့လား မသိ။ လှုပ်ရှားမှု၏ အသံတမျိုး ကြားလိုက်သည်။ သတိကြီးစွာဖြင့် တံခါးမင်းတုပ်ကို အသာကလေး ဖြုတ်နေသံ။ အပြင် ဘက်မှ သူက သတိကြီးစွာဖြင့် လှုပ်ရှားနေသလို အတွင်းဘက်ကလည်း အလားတူ တုံ့ပြန် နေပုံ။

သို့သော်သူက ချက်ချင်း ပုံစံပြောင်းလိုက်သည်။ ခိုးကြောင်ခိုးဝှက်

အနေအထား မှသည် ပြောင်ပြောင်တင်းတင်း ပုံစံသို့ ပြောင်းလိုက်ခြင်းဖြစ်သည်။

“ဖွင့်ပါဗျ၊ ကျွန်တော်ပါ”

ပြောပြီး တတိယအကြိမ် ခေါင်းလောင်းကြိုးကို အသာအယာ ဆွဲလိုက်သည်။ တည်ငြိမ်စွာဖြင့်။ သည်အကြောင်း နောက်ပြန် စဉ်းစားကြည့်သည်။ အလွန် အဓိပ္ပာယ် ရှိသည့် အကွက်ပါလား။ သည်လိုလုပ်ဖို့ လုံး၀ ကြိုတင် ပြင်ဆင်ထားခြင်း မရှိခဲ့ပါ။ ထိုစဉ် စိတ်တွေ လှုပ်ရှားလွန်းပြီး ထုံထိုင်းနေချိန် ဖြစ်သည်။ စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေချိန်။

တစက္ကန့်အတွင်း အတွင်းဘက်မှ မင်းတုပ်ဖြုတ်သံ ကြားလိုက်ရသည်။

※※※

ခါတိုင်းလိုပင် တံခါး ပွင့်သည် ဆိုရုံကလေး ပွင့်လာပြီး အမှောင်ထဲမှ သံသယမျက်လုံး နှစ်လုံး ဖြင့် စူးစူးဝါးဝါး ကြည့်နေသည်။ သည်တခါတော့ ရပ်စ်ကိုလ်နီကော့ဗ် တယောက် အရမ်း စိတ်လှုပ်ရှားသွားပြီး မလုပ်သင့်သော အမှားကို ကျူးလွန်လိုက်မိသည်။

အိမ်တွင် တယောက်တည်းရှိနေခိုက်မို့ အဘွားကြီး စိုးရိမ်ထိတ်လန့်နေလိမ့်မည်။

သူ မည်မျှ ဟန်ဆောင်ကောင်းစေကာမူ အဘွားကြီး၏ မသင်္ကာစိတ်ကို ဟန့်တားနိုင်မည် မဟုတ်။ ဤသို့ဖြင့် တံခါးရွက်ကို သူ့ဘက် ဆွဲဖွင့်လိုက်သည်။ တံခါးပြန်ပိတ်ပြီး အဘွားကြီး ချက်မထိုးနိုင်အောင် လုပ်လိုက်ခြင်း ဖြစ်သည်။ သို့သော် အဘွားကြီးကလည်း တံခါး လက်ကိုင်ကို မလွှတ်။ ဆွဲထားဆဲ။ ထို့ကြောင့် အပြင်ဘက်သို့ အဘွားကြီး ပါသွားမတတ် ဖြစ်သွားသည်။ လမ်းပိတ်သွားတော့ ရပ်စ်ကိုလ်နီကော့ဗ်က အတင်း တိုးဝင်လိုက်သည်။ အဘွားကြီးက လန့်ပြီး လမ်းဖွင့်ပေးလိုက်သည်။ တခုခု ပြောမည် ပြုပြီးမှ ပြောမထွက်ဘဲ သူ့ကို စိုက်ကြည့်နေသည်။

သူက တတ်နိုင်သမျှ အသံကို ထိန်းပြီး ပြောသည်။

"မင်္ဂလာပါ အလျိုနာအီဗန်နိုဗနာ"

သို့သော် သူ့အသံက သူ့အမိန့်ကို မနာခံ။ လှိုင်းထနေသည်။ တုန်ယင်နေသည်။ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

"ကျွန်... ကျွန်တော်... ဟိုနေ့က ပြောထားတဲ့ ပစ္စည်းကလေး ပါလာတယ်။ လာ... ဟို... ဟိုဘက် အလင်းရောင်အောက် သွားရအောင်"

သူက အိမ်ရှင် ဝင်ခွင့်မပြုဘဲ အခန်းထဲ တန်းဝင်သွားသည်။ အဘွားကြီးက သူ့နောက်မှ လိုက်ဝင်ရင်း-"ဘုရားသခင်၊ အဲဒါက ဘာလဲ။ မင်းက ဘယ်သူလဲ၊ မင်းအလုပ်က ဘာလဲ"

"ဟာ... ဒုက္ခပါပဲ အလျိုနာအီဗန်နိုဗနာ။ မမှတ်မိဘူးလား။ ရပ်စ်ကိုလ်နီကော့ဗ် လေ။ ဟိုနေ့က ကျွန်တော် ပြောတဲ့ပစ္စည်း ပါလာတယ်"

သူက ပြောရင်း ပစ္စည်းထုပ်ကလေးကို ကမ်းပေးသည်။ အဘွားကြီးက တချက် ငဲ့ကြည့်ပြီး မဖိတ်ဘဲ ရောက်လာသည့် ဧည့်သည်၏ မျက်လုံးများကို

တည့်တည့် စိုက် ကြည့်နေသည်။ သူ့အကြည့်က မကျေမနပ်အကြည့်။ မယုံသင်္ကာ အကြည့်။ သည့်အပြင် စက်ဆုပ် ရွံရှာမှုလည်း စွက်နေသေးသည်။ တမိနစ်ခန့် ကုန်သွားသည်။ သူ ဆောက်တည်ရာ မရ ဖြစ်ကာ ကြောက်စိတ်တွေ ဝင်လာပြန်သည်။ အဘွားကြီး၏ အမူအရာက တစုံတရာကို အကဲခတ်မိသည့်အလား။ မျက်လုံးအစုံတွင် သရော်တော်တော် အရောင်တမျိုး လက်သွား သည်ဟု သူ ထင်လိုက်သည်။ နောက်မိနစ်ဝက်လောက် ဘာမှ မပြောဘဲ အဘွားကြီးက သူ့ကို စိုက်ကြည့်နေလျှင် သူ ထွက်ပြေးမိမှာ သေချာသည်။

သူကလည်း စက်ဆုပ်စွာဖြင့် အဘွားကြီးအား ပြောချလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား။ ဘာလို့ စိုက်ကြည့်နေတာလဲ။ ခင်ဗျား မလိုချင်ရင် ပြော၊ တခြားနေရာ သွားမယ်။ ကျွန်တော့်မှာ အချိန် မရှိဘူး"

အစီအစဉ် မရှိဘဲ သူ့နှုတ်မှ ရုတ်တရက် ထွက်သွားခြင်း ဖြစ်သည်။

သည်တော့မှ အဘွားကြီး သူ့ကို မှတ်မိသွားသည်။ သူ အသံမာမာနှင့် ပြောလိုက် ခြင်းကြောင့် ပိုအဆင်ပြေသွားခြင်း ဖြစ်သည်။

"အို… မင်းကလည်းကွယ်၊ လောရန်ကော။ ဖြည်းဖြည်းပေါ့။ ကဲ… ဘာလဲ ပြ"

အပေါင်ပစ္စည်းကို လှမ်းကြည့်ပြီး မေးသည်။

"ကျွန်တော် ဟိုနေ့က ပြောခဲ့တဲ့ ငွေစီးကရက်ဘူးလေ"

အဘွားကြီး လက်ကမ်းပေးသည်။

"ဟင်…ဘာဖြစ်တာလဲ။မင်းမျက်နှာတွေကဖြူဖပ်ဖြူရော်နဲ့။ လက်တွေကလည်း တုန်လို့ပါလား။ မင်း ရေကူးပြီး ပြန်လာတာလား ဟင်"

သူ ခပ်ပြတ်ပြတ် ဖြေသည်။

"ဖျားနေလို့ဗျ၊ စားစရာလည်း မရှိ၊ ဖျားလည်း ဖျားဆိုတော့ မျက်နှာမှာ သွေး ဘယ်ရှိတော့မလဲဗျာ"

သူ့တွင် ရှိသမျှ အားအင်တွေ ခန်းခြောက် ပျောက်ကွယ်သွားပြီ ထင်လိုက်သည်။ သို့သော် သူ့အဖြေက ထိရောက်သည်။ အဘွားကြီးက အထုပ်ကလေးကို လှမ်းယူသည်။

"ဘာပစ္စည်းလဲ ဟင်"

ထပ်မေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး အထုပ်ကလေးကို ဆ,ကြည့် နေသည်။

“စီးကရက်ဘူးလေဗျာ။ ငွေစီးကရက်ဘူး၊ ဖွင့်ကြည့်လေ”

"အင်း... ငွေအစစ်တော့ ဟုတ်ဟန် မတူဘူး။ ပတ်ထားလိုက်တာလည်း မနည်း ပါလား”

အထုပ်ဖြေဖို့ အလင်းရောင်ရှိသည့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ပြတင်းပေါက် အားလုံး ပိတ်ထား၏။ သူ့ကို ကျောပေးပြီး လျှောက်သွားခြင်းဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ကုတ်အင်္ကျီကြယ်သီးတွေ ဖြုတ်လိုက်သည်။ ကြိုးကွင်းထဲမှ ပုဆိန် ကို ဆွဲထုတ်သည်။ သို့သော် ကုတ်အင်္ကျီ ပြင်ပသို့ မထုတ်သေး။ သူ့လက်မောင်း ကြွက်သားတွေ လုံးဝ အားမရှိတော့ပေ။ တကိုယ်လုံး ထုံထိုင်းနေသည်။ ပုဆိန် လွတ်ကျမသွားအောင် မနည်း ကိုင်ထားရသည်။ ရုတ်ခြည်း ခေါင်းတွေ မူးနောက်ကာ ချာချာလည်နေသည်။

“ကြည့်ပါဦး၊ ပတ်ထားလိုက်တာ”

အဘွားကြီးက စိတ်ပျက်လက်ပျက် ပြောရင်း သူ့ဘက် ပြန်လှည့်လာသည်။

လုံးဝ အချိန်မဖြုန်းနိုင်တော့။ သူ့ကိုယ်သူ သတိမထားမိလိုက်ဘဲ ပုဆိန်ကို ထုတ်ကာ လက်နှစ်ဖက်နှင့် လွှဲမြှောက်လိုက်သည်။ အားသိပ်မစိုက်ရဘဲ အဘွားကြီး၏ ဦးခေါင်းပေါ်ကို အလိုအလျောက် ခုတ်ချလိုက်သည်။ သို့သော် အသွားဘက်နှင့် ခုတ်မိခြင်း မဟုတ်ဘဲ ပုဆိန် အနှောင့်ဘက်နှင့် ထုမိခြင်း ဖြစ်သည်။ သူ့ခွန်အား မပါသလောက်ပင်။ ဤသည်မှာ သူ့အထင်။ နောက်ဆုံး ပုဆိန်ကျအလာတွင် သူ မွေးထားသည့် ခွန်အားတွေ အများကြီးပါသွားသည်။ ခါတိုင်းလိုပင် အဘွားကြီး၏ ဦးခေါင်းတွင် ဘာအဆောင်းမှ မပါ။ ဆံပင်ဖြူဖြူတွေက ပါးပါး လေး။ သူ့အရပ်က ပုသဖြင့် ပုဆိန်ချက်သည် ငယ်ထိပ်တည့်တည့်တွင် စိုက်ကျသွားသည်။ သူ အော်တော့ အော်သည်။ သို့သော် သူ့အသံမှာ တိုးတိုးလေးသာ ထွက်လာနိုင်သည်။ ခန္ဓာကိုယ်သည် ချက်ချင်း ကြမ်းပြင်ပေါ်သို့ ခွေကျသွားတော့သည်။ ရုတ်တရက် အသက် မထွက်သေး။ ဦးခေါင်းဆီသို့ လက်နှစ်ဖက် မြှောက်တက်လာသေးသည်။ လက်တဖက် ထဲတွင် အပေါင်ပစ္စည်း ထုပ်ကလေး ကိုင်လျက်သား။ နောက်တချက် အနှောင့်ဖြင့်ပင် ယုချလိုက်သည်။ နောက်ဆုံးတချက်ကျတော့ ရှိသမျှ ခွန်အား သုံးထည့်လိုက်သည်။ ယင်း နှစ်ချက်စလုံး ပထမ အချက်ကျသည့် ငယ်ထိပ်တည့်တည့်တွင်ချည်း ဖြစ်သည်။ ချက်ချင်း သွေးတွေ အိုင်ထွန်းသွားသည်။ ခန္ဓာကိုယ်သည် ပက်လက်လန်ကျသွားသည်။ သူက ဘေးဖယ် လိုက်ပြီး အဘွားကြီး၏ မျက်နှာကို ငုံ့ကြည့်သည်။ အသက် မရှိတော့ပေ။ မျက်လုံး နှစ်ဖက်မှာ ထွက်ကျတော့မလို

ပြူးထွက်နေသည်။ မျက်နှာမှာ ရှုံ့တွပြီး ပုံပျက်ပန်းပျက် ဖြစ်သွားသည်။

ပုဆိန်ကို အလောင်းနံဘေးတွင် ချထားလိုက်သည်။ အဘွားကြီး၏ အိတ်ကပ် ထဲသို့ လက်နှိုက်သွင်းလိုက်သည်။ သွေးတွေနှင့် မထိအောင် ဂရုစိုက်ပြီး နှိုက်သည်။ ညာဘက် အိတ်။ သည်အိတ်ထဲတွင် သော့ထည့်ထားမှန်း ယခင် တခေါက်ကတည်းက သူ မှတ်ထား ခဲ့သည်။

စီမံကိန်း အောင်မြင်သွားပြီ။ ကြောက်စိတ်တွေ ပျောက်ကွယ်သွားပြီ။ ခေါင်းထဲတွင် ရှုပ်ထွေးမနေတော့။ ကြည်လင်သွားပြီ။ သို့သော် လက်တွေကတော့ တုန်နေဆဲ။ နောက်ပိုင်းတွင် ထိုတဒင်္ဂကို ပြန်စဉ်းစားသည်။ အရာတိုင်းကို သွေးအေးအေးနှင့် စီစဉ်နိုင်ခဲ့ သည်ဟု သူ ယုံကြည်သည်။

သော့တွဲကို ဆွဲထုတ်လိုက်သည်။ စတီးကွင်းနှင့် သီထားသည့် ရောမသော့တွဲကြီး။ အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ အခန်းမှာ ခပ်ကျဉ်းကျဉ်း ဖြစ်သည်။ ရောမ အိပ်ရာကြီးမှာ သန့်ရှင်းဖြူဖွေးနေသည်။ ဂွမ်းကပ်ကို ပန်းတွေ ထိုးထားသည်။ တဖက်နံရံတွင် ရောမ ဘုရားစင်ကြီး ရှိသည်။ မယ်တော်မာရီ ရုပ်တုပေါင်းများစွာ တင်ထား၏။ တဘက်နံရံတွင် အံဆွဲတွေ အပြည့်နှင့် ဗီရိုကြီးတလုံး။ သော့တွေကို အံဆွဲသော့ပေါက်တွေထဲ ထည့်ပြီး လှည့်သည့်အခါ သော့တွဲမှ ထွက်လာသော အသံကြောင့် သူ လန့်သွားသည်။ အလွန်ထူးဆန်းသည့် အဖြစ်။ ဘာမှ ကြောက်စရာကောင်းသည့် အသံမျိုး မဟုတ်။ သော့တွဲကြီး ပစ်ချပြီး လစ်ဖို့တောင် စိတ်ကူးလိုက်သေးသည်။ သို့သော် မဖြစ်နိုင်တော့ပြီ။ သူ့အဖြစ်ကို သူ တွေးပြီး ငါ ကြောင်တာပဲဟု ပြုံးမိသည်။ ဒုတိယအတွေးကြောင့် တုန်လှုပ်သွားပြန်သည်။ အဘွားကြီး မသေဘဲ ထလာမှဖြင့်...၊ အံဆွဲကို သော့တန်းလန်းနှင့် ထားခဲ့ပြီး အလောင်းဆီသို့ ပြန်ပြေး ကြည့်သည်။ ပုဆိန်ကို ကောက်ကိုင်ပြီး တချက် ထပ်ထုဖို့ ရွယ်လိုက်သည်။ သို့သော် မထု တော့ဘဲ အရှိန်သတ်လိုက်သည်။ သေသေချာချာ ငုံ့ကြည့်ပြီး အတည်ပြုလိုက်သည်။ အဘွားကြီး အသက် မရှိတာ သေချာပြီ။ ဦးခေါင်းတခုလုံး စိစိညက်ညက် ကြေနေပြီပဲ။ လက်နှင့် တို့ကြည့်မည်လုပ်ပြီးမှ လက်ကို ဆတ်ခနဲ ရုပ်လိုက်သည်။ သွေးအိုင်ကြီးက ကျယ် သည်ထက် ကျယ်လာနေပြီ။ ဤတွင် အဘွားကြီး၏ လည်ပင်းမှ ကြိုးကလေးကို သတိထားလိုက်မိသည်။ သူ ဆွဲဖြုတ်လိုက်သည်။ သွေးတွေနှင့် စက်စက်နစ်ကာ ချော်နေသဖြင့် လွယ်လွယ်နှင့် ဖြုတ်မရ။ အတွင်းခံအင်္ကျီနှင့် ငြိနေသလား မသိ။ ပုဆိန်သွားနှင့် ကြိုးကို ဖြတ်ဖို့ စဉ်းစားသည်။ သို့သော် လက်က မရဲ။ ကြိုးနှင့် အသားကပ်နေသည်။ နှစ်မိနစ်ခန့် ကြိုးကို မ,ယူပြီးမှ ဖြုတ်လို့ရတော့သည်။ ဖြုတ်ပြီးတော့ ဆွဲယူလိုက်သည်။ ထင်သည့်အတိုင်းပင်။ ကြိုးတဖက်ထိပ်တွင် ဆာလာအိတ်ကလေး ပါလာသည်။ ဆာလာအိတ်ကလေး၏ ထိပ်တွင် လက်ဝါးကပ်တိုင်ကလေး နှစ်ခု။ တခုက စိုက်ပရပ်စ် ထင်းရှူးသား။ တခုက

ကြေး။ ယင်းနှစ်ခု နှင့် တွဲလျက်က ကြွေရည်သုတ် မယ်တော်မာရီ ရုပ်တုကလေး။ ဆာလာအိတ်ထဲတွင် ပစ္စည်း တွေ အပြည့်။ ရုပ်တုနှင့် လက်ဝါးကပ်တိုင် နှစ်ခုကို အဘွားကြီး၏ ရင်ဘတ်ပေါ် ဖြုတ်ချခဲ့ပြီး ဆာလာအိတ်ကို ဖွင့်မကြည့်ဘဲ အိတ်ထဲ ထိုးထည့်လိုက်သည်။ သည်တခါ ပုဆိန်ကို ယူခဲ့ပြီး အိပ်ခန်းဆီသို့ ပြန်လာခဲ့သည်။

သူ့ လှုပ်ရှားမှုတွေ အရမ်းမြန်လာသည်။ သော့တချောင်းပြီး တချောင်း ကိုင်ပြီး သော့ပေါက်တွေထဲ ထည့်သည်။ တခုမှ မဝင်။ လက်တွေ အလွန်အမင်း တုန်ကာ အလွဲလွဲ အချော်ချော် ထိုးထည့်နေမိခြင်း ဖြစ်၏။ သူ့တွင် အခြားလုပ်စရာ မရှိတော့သလို။ တချောင်းပြီး တချောင်း ဆက်ကာဆက်ကာ ထိုးထည့်နေသည်။ ဤတွင် အကြီးဆုံး သော့ကြီးတချောင်း ကို သတိရလိုက်သည်။ သည်သော့ကြီးက အံဆွဲသော့ မဖြစ်တန်ရာ။ သေတ္တာတလုံးရဲ့ သော့ ဖြစ်ရမည်။ ထိုသေတ္တာထဲတွင် အဖိုးတန် ပစ္စည်းတွေ ဝှက်ထားတာ ဖြစ်ရမည်။ ချက်ချင်း ထပြီး ဗီရိုတွေအနားမှ ခွာကာ ခုတင်အောက်တွင် သေတ္တာတွေ ရှာသည်။ သူ ထင်သည့် အတိုင်းပင်။ အလျား နှစ်ပေခွဲလောက် ရှိသည့် ဧရာမသံသေတ္တာကြီးကို တွေ့ရသည်။ အဖုံးကို ကတ္တီပါစနှင့် မူလီစုပ်ထားသည်။ အကြီးဆုံး သော့ကြီးနှင့် အံကိုက်။ ဆွဲဖွင့်ကြည့်လိုက် တော့ အပေါ်ဆုံးတွင် ပိတ်ဖြူစတခုနှင့် လွှမ်းထားသည်ကို တွေ့ရ၏။ အစအောက်တွင် အနီရောင် ကုတ်အင်္ကျီတထည်၊ ကုပ်ပိုးက ယုန်မွေး။ ကုတ်အင်္ကျီအောက်တွင် ပိုးဝတ်စုံ တထည်၊ ပြီးတော့ ရှံတာဘက်တထည်၊ အောက်တွင်တော့ ဘာမှ မရှိ။ အားလုံး အဝတ် ဟောင်းတွေချည်း။ သူက လက်နှစ်ဖက်မှ သွေးတွေကို အနီရောင် ကုတ်အင်္ကျီနှင့် သုတ်ပစ် နေသည်။ သူ့ဘာသာသူ ကျေနပ်နေသည်။ အနီရောင်နှင့် သွေးကို သုတ်လိုက်တော့ ဘယ်သူမှ သတိမပြုမိတော့ဘူးပေါ့။ သည်တော့မှ တစုံတရာကို သတိရပြီး အလန့်တကြား ဖြစ်သွားသည်။

"ဒုက္ခပဲ၊ ငါ ရူးသွားပြီလား"

အဝတ်ဟောင်းတွေ ဖွနေစဉ် ရွှေနာရီတလုံး ထွက်ကျလာသည်။ သည်တော့မှ အဝတ်တွေ ဆက်ဖွသည်။ လက်စသတ်တော့ ရွှေထည်ပစ္စည်းတွေကို အဝတ်ဟောင်းတွေထဲ မှာ ညှပ်ထားတာကိုး။ အပေါင်ပစ္စည်းတွေ ဖြစ်ရမည်။ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ နားဆွဲတွေ၊ ဆံထိုးတွေ မျိုးစုံတွေ့ရသည်။ အချို့ကို စက္ကူဘူးကလေးများထဲတွင် ထည့်ထားသည်။ အချို့ကို သတင်းစာစက္ကူဖြင့် ပတ်ထားသည်။ အားလုံး သေသေသပ်သပ်။ လုံးဝ အချိန်မဖြုန်းတော့ဘဲ အားလုံး ကျုံးပြီး ကုတ်အင်္ကျီအိတ်ထဲ၊ ဘောင်းဘီအိတ်ထဲ ထိုးသိပ် ထည့်သည်။ အကုန်ယူလို့ မပြီးခင် အဘွားကြီး၏ အလောင်းဘက်မှ ခြေသံတွေ ကြားလိုက် ရသည်။

ရပ်စ်ကိုလ်နီကော့ဗ် ချက်ချင်း တောင့်ခနဲ ဖြစ်သွားသည်။ ပြီးတော့ အားလုံး ငြိမ် သွားသည်။ စောစောကလေးက ကြားလိုက်သည့် ခြေသံတွေ မကြားရတော့။

ဟုတ်ရဲ့လား၊ ငါ့စိတ်တွေ ချောက်ချားနေတာလား။ ထိုစဉ် ငိုသံသဲ့သဲ့ ကြားလိုက်ရသည်။ ပြီးတော့ ချက်ချင်း တိတ်သွားပြန်သည်။ တမိနစ်၊ နှစ်မိနစ်ခန့် အပ်ကျသံကိုမျှ ကြားရလောက်အောင် တိတ်သွားပြန်သည်။ ပုဆိန်ကို ဆွဲပြီး အခန်းထဲမှ ဝုန်းခနဲ ပြေးထွက်သွားသည်။

ကြည့်စမ်း။ လီဇာဗီတာ။ အခန်းလယ်တွင် ရပ်ပြီး သူ့အစ်မ၏ အလောင်းကို စိုက်ကြည့်နေသည်။ လက်ထဲတွင် အထုပ်တထုပ် ဆွဲလျက်။ မျက်နှာက ဖယောင်းရုပ်လို သွေးမရှိတော့။ အော်ဖို့ ကြိုးစားသော်လည်း မအော်နိုင်ဘဲ ဖြစ်နေသည့် ပုံမျိုး။ ပုဆိန်ကြီးနှင့် သူ ပြေးထွက်လာတာ မြင်တော့ တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ပါးစပ်ဟသော် လည်း ဘာသံမှ ထွက်မလာ။ သူ့ကို စိုက်ကြည့်နေရင်း အခန်းထောင့်သို့ နောက်ဆုတ် နောက်ဆုတ်နှင့် ရွေ့သွားသည်။ အသံမူ ယခုအချိန်အထိ ထွက်မလာသေး။ အကြောက် လွန် ကာ အသံပျောက်သွားသည့်အလား။ ရပ်စ်ကိုလ်နီကော့ဗ်က ပုဆိန်ကို မြှောက်ပြီး ဦးခေါင်းကို ချိန်ကာ ရှေ့တိုးသွားသည်။ လီဇာဗီတာသည် ကလေးတယောက်လို ငိုမဲ့မဲ့ ဖြစ်လာသည်။ အလွန်ကြောက်တတ်သူ ဖြစ်သည့်အလျောက် ခေါင်းပေါ်ကို လက်နှင့်ကာဖို့ ပင် သူမှမျာ သတိမရရှာ။ လက်ကလေး တဖက်တော့ မြောက်တက်လာသည်။ သို့သော် ဦးခေါင်းကို ကာဖို့ မဟုတ်။ ရှေ့မတိုးပါနှင့်ဟု ပြောနေဘိသကဲ့သို့ လက်နှင့် တားနေဟန်။ ပုဆိန်သွားသည် နဖူးတည့်တည့်တွင် စိုက်ဝင်သွားသည်။ ခေါင်းနှစ်ခြမ်း ကွဲသွားပြီး ဒူးညွှတ် ခွေကျသွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်သည် အယောင်ယောင် အမှားမှားနှင့် သူ့လက်ထဲမှ အထုပ်ကို ဖမ်းဆွဲထားလိုက်သည်။ ပြီးမှ လွှတ်ချလိုက်ကာ တံခါးဆီသို့ ပြေးထွက်လာ ခဲ့သည်။

ကြောက်စိတ်တွေ ပြန်ဝင်လာသည်။ မမျှော်လင့်ဘဲ ဖြစ်သွားသည့် ဒုတိယ လူသတ် မှုကြောင့် ပိုပြီး ဆောက်တည်ရာမရ ဖြစ်သွားခြင်းပင်။ သည်နေရာမှ အမြန်ဆုံး လစ်ထွက် သွားချင်ပြီ။ ထိုတဒင်္ဂတွင်သာ အခြေအနေမှန်ကို နားလည်နိုင်မည် ဆိုလျှင် ရှေ့တွင် သူတွေ့ရမည့် အခက်အခဲပေါင်းများစွာသည် လိပ်ပြာလွင့်မတတ် ထိတ်လန့်ကြောက်ရွံ့စရာတွေ ချည်း ဖြစ်ကြောင်း သဘောပေါက်မည် မုချ။ သို့သော် သည်လိုကိစ္စတွေ မစဉ်းစားနိုင်အောင် ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ရွံရှာစိတ်က သူ့ကို လွှမ်းမိုးသွားသည်။ အခန်းထဲ ပြန်ဝင်ဖို့၊ သေတ္တာ ထဲတွင် ဆက်ရှာဖို့ သူ ဘယ်တော့မှ စိတ်ကူးတော့မည် မဟုတ်။

သူ့စိတ်တွေ လွင့်ပါးစ ပြုလာပြီ။ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း မသိသလို ကြောင်စီစီ ဖြစ်နေသည်။ အဓိက အကြောင်းအရာထက် သာမည အသေးအဖွဲကလေးတွေ ခေါင်းထဲ ဝင်လာနေသည်။ သို့စဉ်လျက် မီးဖိုချောင်ကို လှမ်းကြည့်ပြီး ရေအပြည့်နှင့် ရေတပုံး မြင်တော့ ပုဆိန်နှင့် လက်ကို ဆေးဖို့တော့ သူ သတိရှိနေသေးသည်။ လက်နှစ်ဖက်စလုံး သွေးတို့ဖြင့် စေးကပ်နေပြီ။ ပုဆိန်သွားကို

ရေထဲ နှစ်ချလိုက်ပြီးမှ ပြတင်းပေါက်ပေါင်ပေါ်မှ ဆပ်ပြာတုံး ကလေးကို ယူပြီး လက်နှစ်ဖက်နှင့် ပုဆိန်ကို ဆေးကြောသည်။ ပုဆိန်သွားကိုရော၊ ပုဆိန်ရိုး ကိုပါ ဆပ်ပြာနှင့် သေသေချာချာ ဆေးသည်။ သုံးမိနစ်ခန့် ကြာသွားသည်။ အဝတ်စ တစနှင့် ပုဆိန်ကိုရော၊ လက်ကိုပါ သေသေချာချာ သုတ်သည်။ အခြောက်ခံသည်။ ပြီးတော့ ပြတင်း ပေါက်နားသွားပြီး ပုဆိန်ကို သေသေချာချာ စစ်ကြည့်သည်။ သွေးစသွေးန လုံးဝ မရှိတော့။ ပုဆိန်ရိုး ရေစိုနေသည်ကလွဲပြီး ပကတိ သန့်ရှင်း စင်ကြယ်သွားပြီ။ ပုဆိန်ကို ကုတ်အင်္ကျီ အောက်မှ ကြိုးကွင်းထဲသို့ နေရာတကျ ထည့်လိုက်သည်။ အလင်းရောင်မှိန်မှိန်တွင်သူ့ကိုယ်သူ ပြန်ကြည့်သည်။ ဘွပ်ဖိနပ်ပေါ်မှ သွေးစက် အနည်းငယ်မှအပ အင်္ကျီ၊ ဘောင်းဘီတို့တွင် အစက်အပြောက် လုံးဝမတွေ့ရ။ အဝတ်စကို ရေဆွတ်ပြီး သားရေဘွပ်ဖိနပ်ကို သုတ်ပစ် လိုက်သည်။ သူ ဘယ်လောက် သေသေသပ်သပ် ဖြစ်အောင်လုပ်ပြီး ဖြစ်သော်လည်း တကိုယ်လုံးကို စစ်ဆေးခြင်း မပြုနိုင်၍ သူ့ကိုယ်တွင် မသင်္ကာဖွယ်ရာ တမျိုးမျိုး ကျန်နေလိမ့်ဦးမည်ဟု သူ ထင်နေသေးသည်။

အခန်းလယ်တွင် သူ မတ်တတ်ရပ်လိုက်သည်။ နက်နက်နဲနဲ တွေးနေသည်။ အတွေး တွေ အမှောင်ကျသွားသည်။ ငါ ရူးသွားပြီလား။ ငါ့ကိုယ်ငါ မကာကွယ်နိုင်တော့ဘူးလား။ လုပ်စရာရှိတာကို မလုပ်ဘဲ ငါ ဘာလုပ်နေတာလဲ။ 'သေတော့မှာပဲ၊ ငါ ထွက်ပြေးရမှာ။ မပြေးဘဲ ဘာလုပ်နေတာလဲ'

ပြောပြီး တံခါးဝကို ပြေးချသွားသည်။ သူ ဘယ်တုန်းကမှ မကြုံဖူး၊ မတွေးဖူးသည့် ထိတ်လန့် တုန်လှုပ် ချောက်ချားချင်စရာ အရိပ်မည်းကြီးက အပြင်တွင် စောင့်နေ လေပြီ။

သူ့မျက်စိ သူ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သူ ဝင်လာခဲ့သည့် တံခါးမကြီး ပွင့်လျက်သားပါလား။ အတွင်းမှ ဘောက်ချိတ်မချဘဲ ခပ်ဟဟ ပွင့်နေသည်။ လီဇာဗီတာ လာတုန်းက သည်အတိုင်း ထားခဲ့တာ ဖြစ်မည်။ ပြေးသွားပြီး တံခါးဘောက်ချိတ်ကို ကွင်းထဲ ထိုးထည့်ချလိုက်သည်။

"ဟာ ...မဟုတ်သေးပါဘူး။ ငါက ထွက်ပြေးရမှာ"

ဘောက်ချိတ်ကို ပြန်ဖြုတ်ပြီး အပြင်လှေကားကို နားစွင့်လိုက်သည်။ အကြာကြီး နားကပ်ထောင်သည်။ လှေကားခြေရင်းဆီမှ လူနှစ်ယောက် စကားအော်ပြောနေသံ ကြားရသည်။ "သူတို့ ဘာတွေ ပြောနေတာလဲ" အသာ ဆက်နားထောင်သည်။ နောက်ထပ် ဘာသံမျှ မကြားရတော့။ သူတို့ ထွက်သွားကြပြီ ထင်ပါရဲ့။ သူ အပြင်ထွက်မည့်ဆဲဆဲတွင် အောက်ထပ် အခန်းတခန်းမှ ဝုန်းခနဲ တံခါးပွင့်လာသံနှင့်အတူ လူတယောက် လေချွန်ပြီး ဆင်းသွားသံ ကြားလိုက်သည်။ အသံတွေ ပိုဆူနေသည်ဟု စိတ်ထဲ ထင်လိုက်၏။ အပြင် ထွက်၊ တံခါး

နောက်ပြန်ပိတ်ပြီး အသာ စောင့်နေလိုက်သည်။ နောက်ဆုံးတွင် အားလုံး ငြိမ်သက်သွားသည်။ ဘယ်သူ့ အရိပ်အယောင်မှ မမြင်ရတော့။

သူ ဆင်းလာတော့မှ ခြေသံ ကြားလိုက်ရသည်။ ခပ်သဲ့သဲ့။ အောက်ဆုံးထပ်မှ ခြေသံ ဖြစ်မည်။ သူ့ခေါင်းထဲတွင် ချက်ချင်း သတိဝင်လာသည်။ သူ အပေါ်တက်လာနေ တာများလား၊ လေးထပ်ကို တက်မှာလား၊ အဘွားကြီးအခန်းကိုလေ။ ကြားနေရသည့် ခြေသံက ထူးဆန်းသည်။ တည်တည်ငြိမ်ငြိမ်။ ခပ်လေးလေး၊ ခပ်မှန်မှန်။ ဟော... သူ ပထမထပ်ကို ကျော်လာပြီ။ ခြေသံက ပိုမြန်လာသည်။ သူ ဆက်တက်လာနေသည်။ ဟိုက်.. တတိယထပ်ကို ရောက်လာနေပြီ။ သူ့ကိုယ်သူ ကျောက်ဆစ်ရုပ်တခု ဖြစ်သွားပြီ ထင် လိုက်၏။ မက်ဖူးသည့် အိပ်မက်ထဲက အတိုင်းပင်။ သူ့ကို သတ်မည့်သူက ပြေးလာနေသည်။ သူက ထွက်ပြေးလို့ မရ။ ခြေထောက်တွေ အမြစ်တွယ်နေသည့် အလား။ လက်တွေပါ လှုပ်လို့ မရ။

နောက်ဆုံး ဧည့်သည်က လေးထပ် ရောက်ချိန်ကျမှ သတိဝင်လာပြီး အခန်းထဲသို့ ဖျတ်ခနဲ ပြန်ဝင်ပြီး တံခါးချက် ဘောက်ချိတ်ကို အသာလေး ချိတ်လိုက်သည်။ အလို အလျောက် လှုပ်ရှားလိုက်နိုင်ခြင်းသည် သူ့ဗီဇစိတ်ကြောင့် ဖြစ်နိုင်သည်။ ပြီးတော့မှ တံခါးနားကပ်၍ အသက် မရှူအားဘဲ အသာငြိမ် နားထောင်နေသည်။ ဧည့်သည်ကလည်း သူ ထင်သည့်အတိုင်း သည်အခန်း၊ သည်တံခါးတွင် လာရပ်သည်။ တံခါး တဖက်တချက်တွင် သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ စောစောက သူနှင့် အဘွားကြီး၏ ပုံစံအတိုင်းပင်။ သို့သော် သည်တခါ တံခါးကို အတွင်းဘက်မှ နားစွင့်ရသူက သူ။ ရပ်စ်ကိုလ် နီကော့ဗ်။

ဧည့်သည်၏ အသက်ရှူသံ ပြင်းပြင်းကို အတိုင်းသား ကြားနေရသည်။ သူ့အသက် ရှူသံကို နားထောင်ပြီး လူဝကြီးတယောက် ဖြစ်ရမည်ဟု ရပ်စ်ကိုလ်နီကော့ဗ် မှတ်ချက် ချလိုက်သည်။ ပုဆိန်ကို လက်ထဲတွင် တင်းတင်းဆုပ်လျက်။ စိတ်ထဲတွင်တော့ အိပ်မက် လိုလို၊ ဘာလိုလို။ ဧည့်သည်က ခေါင်းလောင်းကြိုးကို ခပ်တင်းတင်း ဆွဲလှုပ်လိုက်သည်။

ခေါင်းလောင်းသံ ထွက်လာတော့ အခန်းထဲမှ လှုပ်ရှားသံ တမျိုး ကြားလိုက်သလို စိတ်မှာ ထင်လိုက်၏။ ခဏ နားစွင့်ကြည့်လိုက်သည်။ ဧည့်သည်က နောက်တကြိမ် ဆွဲပြန်သည်။ ခဏနေပြီး စိတ်မရှည်သလို တံခါးလက်ကိုင်ကို ဆွဲလှုပ်သည်။ ဒေါသတကြီး တအား ဆွဲလှုပ်ခြင်း ဖြစ်၏။

ရပ်စ်ကိုလ်နီကော့ဗ် မျက်လုံးအပြူးသားနှင့် တုန်ခါနေသော ကွင်းထဲမှ ဘောက်ချိတ် ကို အထိတ်တလန့် စိုက်ကြည့်နေသည်။ သူ့အားနှင့်ဆိုလျှင်

အချိန်မရွေး ပြုတ်ထွက်သွားနိုင်သည်။ ဘောက်ချိတ်နှင့် ကွင်းကို လက်နှင့်ဖိထားဖို့ စိတ်ကူးသေးသည်။ မဖြစ်သေး။ သူ ပိုပြီး သံသယ ဝင်သွားနိုင်သည်။ သူ့ခေါင်းတွေ ချာချာလည်နေပြန်သည်။ လူစိမ်း၏ ဒေါသ တကြီး အော်သံကြောင့် သူ ပြန်သတိဝင်လာသည်။

"ဟေး... အထဲမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ ဗျို့... အလျိုနာအီဗန်နိုဗာ၊ လီဇာဗီတာ၊ ခင်ဗျားတို့ကို ဘယ်သူ ကုပ်ချိုးသွားပြီလဲ။ ဖွင့်၊ မြန်မြန်ဖွင့်စမ်းပါဗျ"

သူ့အသံက စည်ပိုင်းထဲက အော်သံမျိုး။ ပြီးတော့ခေါင်းလောင်းကြိုးကိုဒေါသတကြီ ဆွဲပြန်သည်။

ထိုသူသည် သည်အိမ်သို့ လာနေကျ ဖြစ်ဟန်တူသည်။

ထိုအချိန်တွင် အောက်မှ နောက်တယောက် ခြေလှမ်းသွက်သွက်နှင့် တက်လာသံ ကြားလိုက်ရသည်။ လေးထပ် ရောက်တော့ ထိုတယောက်က ပထမလူကို လှမ်းမေးသည်။

"ဘယ်သူမှ မရှိကြဘူးလားဗျ။ ဟာ... ကို့ချ်ပါလား။ နေကောင်းရဲ့လား"

လူငယ်တယောက် ဖြစ်ဟန်တူသည်။ အသံက ခပ်ရွှင်ရွှင်။

"ရှိလား၊ မရှိလားတော့ မသိဘူးကွ။ ငါ ဆွဲလှုပ်တာနဲ့ တံခါးရွက်တော့ ပြုကျ တော့မယ်။ နေပါဦး၊ မောင်ရင်က ကျုပ်ကို ဘယ်လိုလုပ် သိတာလဲ"

"တနေ့ကပဲ ခင်ဗျားကို သုံးပွဲနိုင်တယ်လေဗျာ။ ဂမ်ဘရီနပ်စ်ရဲ့ ဘိလိယက်ခုံ မှာလေ"

"ဪ အေး အေး"

"ကျွန်တော် အလုပ်ကိစ္စနဲ့ လာတာဗျ။ ဒီအဘွားကြီး ဘယ်များ သွားနေပါလိမ့်'

"ငါလည်း အလုပ်ကိစ္စနဲ့ လာတာပါပဲကွာ"

"အင်း.. ငွေစကလေးများ ရမလားလို့ထွက်လာတာ။ မတွေ့တော့လည်း ပြန်ရုံပေါ့ဗျ"

လူငယ်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"အေးပေါ့ကွာ၊ ပြန်ရုံရှိတာပေါ့။ သွားစရာရှိလည်း ဘာလို့ ချိန်းလဲကွာ၊ သေနာမ ကြီး။ ဒီနေ့ချိန်းလို့ ငါ လာခဲ့တာကွ။ နည်းနည်းနောနော ခရီး မဟုတ်ဘူး။

ဘယ်တုန်းကမှ အိမ်ပြင် မထွက်တဲ့ မိန်းမကြီး၊ ခြေထောက်လည်း ကောင်းတာ မဟုတ်ဘဲနဲ့”

“ကျွန်တော်တို့ အောက်က တံခါးမှူးကို မေးကြည့်ရင် ကောင်းမလား”

“ဘာမေးမှာလဲ”

“ဘယ်သွားလဲ၊ ဘယ်အချိန် ပြန်ရောက်မယ် ပြောသွားလဲပေါ့ဗျာ”

“ငါတော့ မထင်ပါဘူးကွာ၊ ဒီအဘွားကြီး ဘယ်မှ မသွားတတ်ပါဘူး။ ငါ မကျေနပ် ဘူး၊ မကျေနပ်ဘူး”

ပြောပြီး တံခါးလက်ကိုင်ကို တအား ဆွဲလှုပ်ပြန်သည်။

“ကဲ.. ကွာ ဒါဖြင့်လည်း ပြန်ရုံရှိတာပေါ့”

ဤတွင် လူငယ်က အော်ပြောသည်။

“ခဏနေဦးဗျ။ ခင်ဗျား တံခါးကို တအား ဆောင့်ဆွဲလိုက်တော့ အထဲက အသံကြားလား”

“ဘာသံလဲ”

“ခင်ဗျား သဘောမပေါက်ဘူးလား။ အထဲမှာ တယောက်ယောက် ရှိနေတယ်ဗျ။ သူတို့ အပြင်သွားရင် တံခါးကို အပြင်က သော့ခတ်သွားရမှာပေါ့။ ဘာလို့ အထဲက ချိတ် ချိတ်ထားရမှာလဲ။ ခင်ဗျား ဆောင့်ဆွဲလိုက်တုန်းက ဘောက်ချိတ် လှုပ်ခါသွားတာ မကြား လိုက်ဘူးလား။ သူတို့ အထဲမှာ ရှိနေတယ်။ တမင် ဖွင့်မပေးတာ”

ကို့ချ်က တအံ့တသြ ဖြစ်သွားသံဖြင့်-

“ဟေ… ဒါဆို ဘာအဓိပ္ပာယ်လဲကွ"

တံခါးကို တအား ဆွဲလှုပ်ပြန်သည်။ လူငယ်က ထပ်အော်ပြောသည်။

“နေဦးဗျ၊ နေဦး။ အရမ်းမဆွဲနဲ့တော့။ ခင်ဗျား တွန်းတယ်၊ ဆွဲတယ်၊ သူတို့ ဖွင့် မပေးဘူး။ ဒါဆို သူတို့ သတိလစ်နေတာ မဖြစ်နိုင်ဘူးလား။ ဒါမှမဟုတ်…"

“ဒါမှမဟုတ် ဘာလဲ”

“ဒီမယ် ကျွန်တော် ပြောတာ နားထောင်၊ တံခါးမှူး သွားခေါ်ပြီး …အတင်း …"

"အေး... ကောင်းတယ်"

သူတို့နှစ်ယောက် တဒုန်းဒုန်းနှင့် ပြေးဆင်းသွားကြသည်။ သုံးလေးထပ် ဆင်းမိမှ လူငယ်က -

"နေဦးဗျ၊ ခင်ဗျား ဒီမှာ စောင့်နေ၊ ကျွန်တော် တယောက်တည်း ဆင်းမယ်"

"ဘာပြုလို့လဲကွ"

"အခြေအနေက ဘာမှန်း မသိဘူးလေ"

"အေး ...ဖြစ်နိုင်တယ်"

လူငယ်က စိတ်အားထက်သန်စွာ ဆက်ပြောသည်။

"ကျွန်တော်က စုံထောက်ဘက်မှာ ဝင်ဖို့ ကြိုးစားနေတာဗျ။ တခုခု ဖြစ်နေတာ သေချာတယ်"

ပြောပြီး ပြေးဆင်းသွားသည်။

ကို့ချ် နေခဲ့သည်။ ခေါင်းလောင်းကြိုး တချက် လာထပ်ဆွဲသည်။ ပြီးတော့ ခဏ စဉ်းစားနေပုံဖြင့် ငြိမ်သွားသည်။ ပြီးမှ တံခါးရွက်ကို ဆွဲကြည့်၊ တွန်းကြည့် လုပ်နေသည်။ ပြီးတော့ ငုံ့ပြီး သော့ပေါက်ထဲမှ အထဲကို ကြည့်သည်။ သူ ဘာမှ မမြင်နိုင်။ အတွင်းဘက်မှ သော့ချောင်း ထိုးသွင်းလျက် တန်းလန်းနှင့် မဟုတ်လား။

ရပ်စ်ကိုလ်နီကော့ဗ်က ပုဆိန်ကိုင်လျက် ဆက်ရပ်နေသည်။ အဖျားတက်ချင် သလိုလို ဖြစ်လာသည်။ သူတို့ ဝင်လာလျှင် တိုက်ဖို့ အဆင်သင့် ပြင်ထားသည်။

ကို့ချ်က စောင့်နေရသည်ကို စိတ်မရှည်တော့သလို ဗျစ်တောက်ဗျစ်တောက် လုပ်လာသည်။ ခဏနေတော့ ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ပြေးဆင်းသွားသည်။

'ကဲ... ငါ ဘာဆက်လုပ်မလဲ'

သူ့ကိုယ်သူ ပြန်မေးရင်း ရပ်စ်ကိုလ်နီကော့ဗ် တံခါးဘောက်ချိတ်ကို ဖြုတ်လိုက်သည်။ တံခါးကို အသာဟ ကြည့်လိုက်သည်။ အပြင်ဘက်တွင် ဘာသံမှ မကြားရ။ ဘာမှ စဉ်းစားမနေတော့ဘဲ အပြင်ထွက်လိုက်သည်။ တံခါးကို နောက်ပြန်ပိတ်ခဲ့၏။ တတ်နိုင်သမျှ အံကျအောင် ပိတ်ခဲ့ပြီး ဆင်းလာခဲ့သည်။

လှေကားသုံးထစ် ဆင်းအပြီးတွင် အောက်ဘက်မှ အသံဗလံတွေ ကြားလိုက်ရသည်။ အဲဒါမှ ဒုက္ခ၊ ဘယ်မှာ သွားပုန်းရမှာလဲ၊ ဘယ်ကို ထွက်ပြေးရမှာလဲ။ ပြေးစရာမြေ မရှိတော့။ အပေါ် ပြန်တက်ပြေးဖို့ ပြင်လိုက်သည်။

"ဟော့ကောင် ခွေးမသား၊ သူ့ကို ဖမ်းထားပေးကြစမ်းပါဗျာ"

အော်ပြောပြီး အခန်းတခန်းထဲမှ လူတယောက် ပြေးလိုက်သွားသံ ကြားလိုက်သည်။ တဆက်တည်း အသံကုန် အော်သွားသည်။

"မစ်ကာ၊ ဟော့ ..မစ်ကာ၊ သေခြင်းဆိုး"

အသံ တဖြည်းဖြည်း ဝေးသွားသည်။ နှစ်ယောက်စလုံး အပြင်ရောက်သွားကြပြီ။ ထို့နောက် ဆူညံဆူညံလူသံတွေ ထွက်လာသည်။ ပြီးတော့ လှေကားပေါ် တက်လာကြသည်။ အားလုံး သုံးယောက်။ တယောက်က စောစောက လူငယ်။

"သေချာတယ်၊ သူတို့ပဲ"

စိတ်ခတ်ကျသွားသည်။ ခပ်တည်တည်နှင့် ဆင်းသွားရုံပဲ ရှိတော့သည်။ သူတို့ က တားမည် ဆိုလျှင်တော့... သွားပြီ။ အားလုံး ကိစ္စ ပြတ်ပြီ။ မတားဘဲ ဖြတ်သွားလျှင်လည်း မိမိကို သူတို့ မှတ်မိကြမည် မုချ။ မကြာခင် မျက်နှာချင်းဆိုင် တိုးတော့မည်။ သူတို့နှင့်ဆုံဖို့ တထပ်ပဲ ကျန်တော့သည်။ ဤတွင် လွတ်မြောက်ရာလမ်းကို ရပ်စ်ကိုလ်နီကော့ဗ် ရုတ်ခြည်း တွေ့သွားခြင်း ဖြစ်သည်။ စောစောကလေးက ဆူဆူညံညံနှင့် ဆင်းသွားသော ဆေးသုတ်သမား နှစ်ယောက်၏ အခန်း။ တံခါးပွင့်လျက်သား။ ကံကောင်းလိုက်သည့် ဖြစ်ခြင်း။ အခန်းထဲတွင် သုတ်လက်စ ဆေးပုံးက စုတ်တံတန်းလန်းနှင့်။ အသာလေး ဖျတ်ခနဲ ချိုးဝင် လိုက်ပြီး နံရံကို ကျောပေးကာ အသာကပ်နေလိုက်သည်။ သူတို့ သုံးယောက် လေးထပ်သို့ တက်သွားကြပြီ။ အော်ကျယ်အော်ကျယ် ထင်ကြေးအမျိုးမျိုး ပေးလျက်။ ခဏစောင့်ပြီးမှ ခြေသံမကြားအောင် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လှေကားထဲတွင် ဘယ်သူနှင့်မှ မဆုံတော့။ ခြံဝင်းတံခါးအထိ ဘယ်သူနှင့်မှ မတွေ့။ ဘယ်ဘက် ချိုးပြီး လမ်းပေါ်သို့ ထွက်ခဲ့သည်။

သည်အချိန်လောက်ဆိုရင် သူတို့ အခန်းထဲ ရောက်နေလောက်ပြီ။ စောစောက အတွင်းမှ ပိတ်ထားသည့် တံခါးမကြီး ပွင့်နေတာတွေ့ရင် သူတို့ တအံ့တသြ ဖြစ်နေကြလိမ့်မည်။ ပြီးတော့ အလောင်းတွေကို တွေ့သွားကြလိမ့်မည်။ လူသတ်သမား မြေလျှိုးသွား သည်လား၊ မိုးပျံသွားသည်လား သူတို့ ဝေခွဲမရ ဖြစ်နေကြလိမ့်မည်။ သူတို့ တက်အလာတွင် ဆေးသုတ်နေသည့် အခန်းလွတ်ထဲ ဝင်ပုန်းနေလိမ့်မည်ဟုလည်း အမှန်အတိုင်း တွေးကောင်း တွေးနေကြလိမ့်မည်။

သူသည် ခြေလှမ်းကို ကြိုးစားပြီး မှန်မှန်လှမ်းနေသည်။ သုတ်ခြေ မတင်မိဖို့ သတိထားနေရသည်။ ရှေ့လမ်းချိုးရောက်ဖို့ ခြေလှမ်းတရာလောက်

လျှောက်ရဦးမည်။ ရှေ့ဆက် မလျှောက်ဘဲ ဝင်းတံခါးတခုထဲ ချိုးဝင်ပြီး လှေကားတခုပေါ်ကို တက်သွားရ ကောင်းမလား၊ မကောင်းနိုင်။ ပုဆိန်ကို တနေရာရာမှာ ပစ်ချခဲ့ရင်ကော။ ဒါမှမဟုတ် အငှား ရထားတစီး တားစီးရမည်လား။ မဖြစ်သေးဘူး၊ တခုမှ မကောင်းဘူး။

နောက်ဆုံးတွင် လမ်းချိုးတခုထဲ ချိုးဝင်လိုက်သည်။ တဖြည်းဖြည်းနှင့် သူ လမ်းလျှောက်ပုံက အလောင်းကောင်၏ ခြေလှမ်းများနှင့် တူလာသည်။ တဝက်လောက် လွတ်မြောက်ခဲ့ပြီ ဆိုသည်ကို သူ သိသည်။ ဘယ်သူမှ သူ့ကို သံသယမျက်စိဖြင့် မကြည့်ကြ။ ပျာယာခတ်နေသည့် လူအုပ်ကြီးထဲတွင် သူ မျောပါနေပြီ။ သို့သော် ရင်ထဲတွင် အလွန်အမင်း လေးလံနေ၏။ ပေါ့ပါးသွားခြင်း မရှိ။ တကိုယ်လုံး ချွေးရွှဲကာ စက်စက်နစ်နေပြီ။ ခုံးကျော် တံတားတခု အောက်မှ အထွက်တွင် လူတယောက်က သူ့ကို လှမ်းပြောသည်။

"ဟိုမှာ ဟင်းလျာဆိုင်တဆိုင် ဖွင့်တယ်တဲ့ဗျ"

သူ ဘာမှ ပြန်မပြောလိုက်။ သူ ဘယ်သွားနေမှန်း သိပ်မသေချာ။ ရှေ့ဆက် လျှောက်လေ ပိုဆိုးလေ ဖြစ်လာသည်။ ခုံးတံတားအောက်မှ အထွက်တွင် ပိုပြီး ကြောက်စိတ်တွေ ဝင်လာမှန်း သူ့ကိုယ်သူ သတိထားမိသည်။ လမ်းပေါ်တွင် သူ လဲကျသွား၍ ဖြစ်၏။ သူ့ကို လူတွေ မသင်္ကာ ဖြစ်လာနိုင်သည်။ ပြန်လှည့်ဖို့ စိတ်ကူးလိုက်၏။ သို့သော် ယိုင်တိုင် ယိုင်တိုင်ဖြင့်ပင် အိမ်အရောက် ပြန်လာနိုင်ခဲ့သည်။

ဝင်းတံခါးကို ဖြတ်ဝင်လာတော့ ပို၍ ရီဝေဝေ ဖြစ်လာသည်။ သူ့ကိုယ်ပေါ်မှ ပုဆိန် ကို လုံးဝ မေ့နေသည်။ လှေကားကို တက်မှ ပြန်သတိရသည်။ အရေးကြီးဆုံး အလုပ်တခု ကျန်နေသေးသည်။ ပုဆိန် ပြန်ပေးဖို့ ဖြစ်၏။ အလွန့်အလွန် လျှို့လျှို့ဝှက်ဝှက် သေသေ သပ်သပ် လုပ်ရမည့် ကိစ္စ။

သည်တခါလည်း သူ ထပ်ကံကောင်းပြန်သည်။ တံခါးမှူး၏ အခန်းတံခါး ပိတ် ထားသည်။ သို့သော် သော့ခတ်မထား။ အခန်းထဲတွင် သူ ရှိနေပုံရသည်။ လုပ်သင့်၊ မလုပ်သင့် ခွဲခွဲခြားခြား မစဉ်းစားနိုင်တော့ဘဲ တံခါးကို တွန်းဖွင့်လိုက်သည်။ အကယ်၍ အစောင့်က ""ဘာလိုချင်လို့လဲ" မေးလာလျှင် သူက ဘာမှမပြောဘဲ ပုဆိန်ကို ကမ်းပေးလိုက်မည် ဖြစ်သည်။ သို့သော် အခန်းထဲတွင် သူ မရှိ။ ထို့ကြောင့် ခုံအောက်က သူ ယူခဲ့သည့် နေရာတွင် ပြန်ထားလိုက် နိုင်ခဲ့သည်။ လုံးဝ ခြေရာလက်ရာ မပျက်။ သူ့အခန်းကို ပြန်ရောက်သည်အထိဘယ်သူနှင့်မျှ မတွေ့။ အိမ်ရှင်၏ အခန်းတံခါး ပိတ်ထားသည်။ အခန်းထဲ အသာဝင်ပြီး ဆိုဖာပေါ် ခါတိုင်းလိုပင် ပစ်လှဲလိုက်သည်။ အိပ်လို့ မပျော်။ သို့သော် သညာမဲ့စွာဖြင့် ကြောင်တောင်တောင် ဖြစ်နေသည်။ ထိုအချိန်တွင် တယောက်ယောက် ဝင်လာလျှင်

ချက်ချင်း ခုန်ထပြီး အော်မိလေမလား မသိ။ ခေါင်းထဲတွင် အတွေးစများ ပြန့်ကျဲနေသည်။ သို့သော် ဘာတခုမှ မှတ်သား၍ မရနိုင်ဘဲ ဖြစ်နေ၏။ ဘာတခုကိုမှ ဆုပ်ကိုင်၍ မရနိုင်ဘဲ ဖြစ်နေ၏။ ဘယ်ရွှေ့ပြင် ကြိုးစားစေကာမူ …။

※※※

အပိုင်း (၂)

(၁)

သူ အိပ်နေခဲ့သည်မှာ ကြာပြီ။ အလွန့်အလွန် ကြာခဲ့ပြီ။ ရံဖန်ရံခါ နိုးလာသည်။ ညတွေကို ဖြတ်သန်းနေမှန်း သတိထားမိသည်။ နောက်ဆုံး နိုးလာချိန်မှာ ဆိုဖာပေါ်တွင် အစန့်သား။ အလင်းရောင်ကို သတိထားသည်။ မိုးများ လင်းနေပြီလား။ သူ့အာရုံခံစားမှုတွေ ထုံထိုင်း နေဆဲ ဖြစ်သည်။ လမ်းပေါ်မှ စူးစူးဝါးဝါး အော်ဟစ်သံတွေ ကြားလိုက်သည်။ ညစဉ် နှစ်နာရီ၊ သုံးနာရီလောက်တွင် ကြားရသည့် အမူးသမားများ အရက်ဆိုင်မှ ထွက် လာချိန်။ ခုလည်း သည်အသံတွေကြောင့် သူ နိုးလာခြင်း ဖြစ်သည်။ “ဒါဆို နှစ်နာရီ ကျော်ပြီ ပေါ့” ဟု သူ ခန့်မှန်း ကြည့်လိုက်သည်။ တယောက်ယောက်က သူ့ကို ဆွဲထူလိုက်သည့် အလား သူ ဝုန်းခနဲ ထရပ်လိုက်သည်။

“ကြည့်စမ်း၊ နှစ်နာရီကျော်ပြီပဲ”

ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ရုတ်တရက် အားလုံးကို မှတ်မိလာသည်။ ကြည်ကြည် လင်လင် မှတ်မိခြင်းမျိုး။

ပထမတော့ သူ့ကိုယ်သူ ရူးသွားပြီ ထင်လိုက်၏။ ကျောထဲ စိမ့်သွားသည်။ စင်စစ် သူ့တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေခြင်းမှာ အဖျားဝင်နေသောကြောင့် ဖြစ်သည်။ သူ အိပ်ပျော်ရင်း ဖျားနေခြင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် တုန်တက်လာသည်။ သွားချင်း ရိုက်လာသည်။

တံခါးဖွင့်ပြီး အပြင်သို့ နားစွင့်လိုက်သည်။ တတိုက်လုံး အိပ်မောကျနေချိန်။ သူ့ကိုယ်သူရော၊ အခန်းကိုပါ တအံ့တဩ ကြည့်နေသည်။ မနေ့က ပြန်ရောက်လာတော့ အဝတ်မလဲဘဲ၊ ဦးထုပ်ကိုပင် မချွတ်နိုင်ဘဲ ပစ်လှဲအိပ်လိုက်ခြင်း ဖြစ်၏။ တံခါးကို ပြန်ပိတ် ပြီး ချက်ချဖို့ သတိမရခဲ့ပေ။ ဦးထုပ်က ခေါင်းအုံးနံဘေး ကြမ်းပြင်ပေါ် ကျနေသည်။

“တယောက်ယောက်များ ဝင်လာရင် ဘယ်လို ထင်မလဲ မသိဘူး။ ငါ့ကို မူးနေတယ် ထင်မှာပဲ"

ပြတင်းပေါက်ဆီကို ပြေးသွားသည်။ အလင်းရောင်တွင် သူ့ကိုယ်သူ ပြန်ကြည့်သည်။ ဘာများ သိသာတာ ရှိမလဲ။ သည်လောက်နှင့် မလုံလောက်နိုင်သေး။ အဝတ်တွေကို ချွတ်ပြီး သေသေချာချာ ထပ်ကြည့်သည်။

ဖင်ပြန် ခေါင်းပြန်ကြည့်သည်။ အတွင်း အပြင် လှန်လှောကြည့်သည်။ သူ့ကိုယ်သူ မယုံကြည်သလို သုံးလေးခါ ပြန်စစ်သည်။ ဘောင်းဘီ အောက် အနားစွန်းတွင် ခြောက်ကပ် မာကျောနေသည့် သွေးကွက်ကလေး တခုမှအပ အခြား ဘာအပြစ်အနာအဆာမှ မတွေ့။ မောင်းချခေးဖြင့် ဘောင်းဘီအနားကို ဖြတ်ပစ် လိုက်သည်။ ပြီးပြီ။ ဘာသဲလွန်စမှ မကျန်တော့။ ဆာလာအိတ်ကလေးကို ခုမှ သတိရသည်။ အဘွားကြီး၏သေတ္တာထဲမှ ယူလာသည့် ပစ္စည်းတွေ ခုထက်ထိ အိတ်ထဲတွင် သည်အတိုင်း ရှိနေဆဲ။ ထုတ်ယူပြီး ဝှက်ထားဖို့ သူ သတိမရ။ အဝတ်တွေ ချွတ်ပြီး စစ်ဆေးနေချိန်အထိသည်အထုပ်ကို သူ သတိမရ။ ခုမှ အလောတကြီး ဆွဲထုတ်ပြီး အိတ်ကလေးကို စားပွဲပေါ် ပစ်တင်လိုက်သည်။ ပြီးတော့ သွန်ချလိုက်သည်။ အိတ်ကို အတွင်းအပြင် လှန်ပြီး ခါချသေးသည်။ ပစ္စည်းတွေကို စားပွဲထောင့်သို့ ဆွဲစုလိုက်သည်။ ယင်းစားပွဲထောင့်တည့်တည့် နံရံတနေရာတွင် နံရံကပ်စက္ကူ စုတ်ပြဲနေသည်။ သည်အပေါက်ထဲသို့ သူက ပစ္စည်းတွေ အားလုံး ထိုးသွင်းလိုက်သည်။ အားလုံး ဝင်သွားသည်။ ဆာလာအိတ်ပါ ထပ်ထည့်တော့ ဆံ့သည်။ အားလုံး စားပွဲပေါ်မှ ပျောက်သွားပြီ။ သူ ပျော်သွားသည်။

ခါးဆန့်ပြီး အခြေအနေ ကြည့်လိုက်သည်။ နံရံ ဖောင်းနေသည်ကို တွေ့တော့ သူ အလန့်တကြား ဖြစ်သွားသည်။

“သေပါတော့၊ တော်တော်တုံးတဲ့ ငါပါလား။ ဒါဟာ ပစ္စည်းဝှက်ရမယ့် နေရာလား” သူ့အစီအစဉ်တွင် ပစ္စည်းယူဖို့ မပါ။ ငွေသား ရမည် ထင်သဖြင့် ပစ္စည်းဝှက်ဖို့ ကြိုတင် မစဉ်းစားခဲ့ခြင်း ဖြစ်သည်။

“ဒုက္ခပါပဲ။ ဒါပစ္စည်းဝှက်နည်းလား။ ငါ့မှာ ယုတ္တိဗေဒတွေဘယ်ရောက်ကုန်ပြီလဲ’

စိတ်ပျက်လက်ပျက်နှင့် ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။ တုန်တက်လာပြန်သည်။ ကျောင်းတက်တုန်းက ဝတ်သည့် ကုတ်အင်္ကျီရှည်ကြီးကို ကောက်ဝတ်လိုက်သည်။ စုတ်ပြတ်သတ်နေပြီ ဖြစ်သော်လည်း နွေးတော့ နွေးသေးသည်။ အဖျားကြောင့် အိပ်ချင် သလိုလို ဖြစ်လာပြန်သည်။ ခေါင်းတွေ အုံ့ခဲပြီး သတိလစ်ချင်လာသည်။

နောက် ငါးမိနစ်အကြာတွင် တခါ ခုန်ထပြန်သည်။ သူ့ကိုယ်သူ ဒေါသဖြစ်ကာ စိတ်တွေ လှုပ်ရှားနေ၏။ အဝတ်တွေ ပုံထားရာသို့ ထသွားသည်။

“ဘာမှ ကိစ္စတွေ မပြတ်သေးဘဲနဲ့ ငါ ဘာလို့ အိပ်ပျော်သွားရတာလဲ။ ဒီမှာ ကြည့်စမ်း၊ ကုတ်အင်္ကျီထဲက ကြိုးကွင်းကို ဘာမှ မလုပ်ရသေးဘူး။ ဒါ မေ့ရမယ့် ကိစ္စလား။ ဒီလို သဲလွန်စ မျိုးကို ဖျောက်ဖို့ မေ့ရမလား”

အဝတ်ကြိုးကွင်းကို ဆွဲဖြုတ်ပြီး နှစ်ခြမ်းခွဲ ပစ်လိုက်သည်။ ပြီးတော့ ခေါင်းအုံး အောက်မှ အဝတ်ပုံထဲ ထိုးထည့်လိုက်သည်။

"ဒါလောက် သေးတဲ့ အဝတ်စကလေးကိုတော့ ဘယ်သူမှ သံသယဖြစ်မှာ မဟုတ် ဘူး။ အင်း... မဖြစ်လောက်ပါဘူး။ မဖြစ်လောက်ပါဘူး"

အခန်းလယ်တွင် ရပ်ပြီး ထပ်ကာ ထပ်ကာ ပြောနေသည်။ ပြီးတော့ စိတ်ဆင်းရဲ ပင်ပန်းစွာဖြင့် အခန်းထဲတွင် လျှောက်ကြည့်ပြန်သည်။ ဘာများ မေ့ကျန်တာရှိဦးမလဲ။ ဆင်ခြင် တွေးတောမှုတွေ အားနည်းကုန်ပြီလား။ သည်သံသယကြောင့် သူ အရမ်းတုန်လှုပ် သွားသည်။

"ဒါလောက် မြန်မြန်ကြီး ငါ တုံးသွားနိုင်သလား"

ဟုတ်ပါသည်။ သူ တုံးနေပါပြီ။ တယောက်ယောက် ဝင်လာလျှင် တန်းမြင်နိုင်သည်။ ကြမ်းပြင်ပေါ်တွင် ဖြတ်ပစ်လိုက်သော ဘောင်းဘီ အနားကို ခုထိ မရှင်းရသေး။ အရူးတယောက်လို အော်ပြောလိုက်သည်။

"ငါ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်သွားပြီလဲ"

စဉ်းစားဉာဏ် တုံးလာပြီဆိုလျှင် အဝတ်အစားများတွင် သွေးတွေ ဘယ်လောက် စွန်းစွန်း သူ သတိထားမိမည် မဟုတ်။ သူ့အသိဉာဏ်တွေ တကယ်ပင် မှိုင်းမှောင်နေပြီလား။ ခုမှ ရုတ်တရက် သတိရလာသည်။ ဆာလာအိတ်ကလေးမှာလည်း သွေးတွေ ပေကုန်တာပဲ။

"ဟာ... သေတော့မှာပဲ။ ငါ အိတ်ထဲ ထည့်တုန်းက ဆာလာအိတ်မှာ သွေးတွေ ရွှဲနေတာပဲ။ ဒါဆို ငါ့အင်္ကျီအိတ်မှာလည်း စွန်းကုန်ပြီပေါ့"

အိတ်ကို ချက်ချင်း အပြင်ဆွဲထုတ်လိုက်သည်။ ထင်သည့်အတိုင်း အိတ်အတွင်း ပိုင်းတွင် သွေးကွက်များကို တန်းတွေ့ရတော့သည်။

"အင်း... ဒါဆို ငါ ဆင်ခြင်တုံတရား သိပ်မဆိုးသေးဘူး။ ဒါကြောင့် ငါ သတိရတာပေါ့"

သူ အားတက်လာသည်။ ဝမ်းသာသွားသည်။ သက်ပြင်းရှည်ကြီး တချက် ချလိုက်၏။

"ငါ နေမကောင်းလို့ စိတ်တွေ ကယောက်ကယက် ဖြစ်နေတာ ထင်ပါရဲ့"

ဘောင်းဘီ ဘယ်ဘက်အိတ်ကို အတွင်းဘက်မှ ဆွဲဆုတ်ပစ်လိုက်သည်။ ထိုအချိန် တွင် အခန်းထဲသို့ အလင်းရောင် ထိုးဆင်းကျလာသည်။ ထိပ်ပြဲနေသည့်

ဖိနပ်ဦးပိုင်းတွင် ခြေအိတ်ဖုံးထားသော ခြေမနှင့် ခြေညှိုး ပြူထွက်နေသည်။ ခြောက်နေသော သွေးရောင် ဖြင့် ခြေအိတ်မှာ ညိုညစ်ညစ် ဖြစ်နေသည်။ ဖိနပ်ကို ကန်ထုတ်ပစ်လိုက်၏။ သွေးအိုင်ထဲကို သတိလက်လွတ်ပြီး နင်းမိခြင်းပါကလား။

"ဘယ်လို လုပ်ရမှာလဲ။ ဘောင်းဘီအိတ်ရယ်၊ အနားစရယ်၊ ခြေအိတ်ရယ်" အားလုံးကို စုကိုင်ပြီး အခန်းလယ်တွင် ငိုင်လျက် ရပ်နေသည်။ "မီးဖိုထဲ ပစ်ထည့်ရမှာလား။ သူတို့ လာရှာရင် မီးပုံကို အရင်ကြည့်မှာ။ မီးရှို့ပစ်လိုက်ရင်ကော။ ငါ့မှာ မီးခြစ်ဆံတောင် မရှိတာပဲ။ အပြင်ထွက်ပြီး တနေရာရာမှာ ပစ်မှ ဖြစ်မယ်။ ဟုတ်တယ်၊ အားလုံး အပြင်မှာ သွားပစ်ရမယ်"

သူ ထပ်ကာ ထပ်ကာ ပြောနေရင်း ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။

"ခု လုပ်ရမယ်၊ ခုချက်ချင်း လုပ်ရမယ်"

သို့သော် လူက ထလို့မရဘဲ ခေါင်းအုံးပေါ်သို့ လန်ကျသွားသည်။ ပြီးတော့ မေးချင်း ရိုက်ပြီး ခိုက်ခိုက်တုန် ချမ်းကာ အဖျားတက်လာသည်။ ကုတ်အင်္ကျီစုတ်ကြီးကို ဆွဲပြီး ဝတ်လိုက်ပြန်သည်။ နာရီပေါင်းများစွာ သတိလစ်သွားလိုက်၊ အမှောင်ထုထဲမှ ပြန်နိုးလာ လိုက် ဖြစ်နေသည်။ နိုးလာသည်နှင့် နှုတ်က တတွတ်တွတ် ရွတ်လျက်။

"ချက်ချင်း သွားရမယ်၊ ခုချက်ချင်း သွားပြီး ဒါတွေ လွှင့်ပစ်ရမယ်။ အမြန်ဆုံး လုပ်ရမယ်"

သူ အကြိမ်ကြိမ် ထဖို့ ကြိုးစားသည်။ နောက်ဆုံးတွင်မှ တံခါးထုသံကြောင့် လုံးလုံး နိုးလာတော့သည်။

"ဖွင့်စမ်း၊ ဖွင့်စမ်း။ အိပ်လိုက်တာ အသေကောင် ကျနေတာပဲ။ ဟောက်နေလိုက် တာလည်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား၊ တကတဲတော်"

နာတာရှာက တံခါးကို ထုရင်း ဗျစ်တောက် ဗျစ်တောက် လုပ်နေသည်။

"တနေကုန် တနေခန်း သူမို့ အိပ်နိုင်တယ်။ ဖွင့်လေ၊ ဆယ်နာရီ ထိုးနေပြီတော့"

"သူ အခန်းထဲမှာ ရှိရဲ့လား"

ယောကျ်ားတယောက်၏ အသံ။

"အောက်ထပ်က တံခါးမှူး အသံပါလား၊ သူက ဘာကိစ္စနဲ့ တက်လာတာလဲ"

ဝုန်းခနဲ ထရပ်ပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ရင်ဘတ်အောင့်လာသည် အထိ နှလုံးက ခုန်လာသည်။

"ဟာ... အထဲမှာ ရှိတာပေါ့၊ ဒါကြောင့် သူ ချိတ်ချိတ်ထားနိုင်တာပေါ့။ ကဲ... ဖွင့်ပါ၊ ရှင့်ကို ဘယ်သူမှ ကိုက်မစားပါဘူး။ ခေါက်ဆွဲ လုပ်ထားတယ်"

"သူတို့ ဘာလိုချင်လို့လဲ။ တံခါးမှူးက ဘာကိစ္စ ပါလာတာလဲ။ အားလုံး ပေါ်သွား ပြီလား။ ဖွင့်ပေးလို့ ဖြစ်ပါ့မလား"

ခါးကိုင်းပြီး ဘောက်ချိတ်ကို ဆွဲဖြုတ်ပေးလိုက်သည်။ သူ အခန်းတံခါးဖွင့်ဖို့ အိပ်ရာ ပေါ်မှ ထဖို့ မလို။ ဘောက်ချိတ်ကို လှမ်းမီနိုင်သည်။

ဟုတ်ပါသည်။ နာတာရှာနှင့်အတူ ရပ်နေသူမှာ သူတို့တိုက်၏ တံခါးမှူး ဖြစ်ပါသည်။ နာတာရှာက သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ သူက တံခါးမှူးကို ဘုကြည့် လှမ်းကြည့်သည်။ တံခါးမှူးက သူ့ကို ချိပ်ပိတ် တံဆိပ်တုံး ထုထားသည့် စာအိတ်ညို တလုံး ကမ်းပေးသည်။

"ရဲစခန်းက သမ္မန်စာပါ ခင်ဗျ"

"ဘာ... ရဲစခန်း၊ ဟုတ်လား။ ဘယ်ရဲစခန်းလဲ၊ ဘာကိစ္စလဲ"

"အဲဒါတော့ ကျွန်တော် မသိပါဘူး"

ပြောပြီး တံခါးမှူးက လှည့်ထွက်သွားသည်။

"ဖျားနေတယ်၊ ဟုတ်လား"

နာတာရှာက သူ့ကို စိုက်ကြည့်နေရာမှ မေးလိုက်သည်။ တံခါးမှူး ပြန်လှည့်လာသည်။ နာတာရှာက တံခါးမှူးဘက် လှည့်ပြီး ဆက်ပြောသည်။

"သူ မနေ့ကတည်းက ဖျားနေတာ"

သူက ဘာမှ ပြန်မပြောဘဲ လက်ထဲ ကိုင်ထားသည့် စာအိတ်ကို ငုံ့ကြည့်နေသည်။

"ဒါဆိုလည်း မထနဲ့လေ။ နေမကောင်းရင် ဘာလို့ သွားမလဲ။ ဖုတ်ပူမီးတိုက် လုပ်စရာ မလိုပါဘူး။ အဲဒါက ဘာတွေလဲ" အခြားလက်တဖက်ကို ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။ သည်တော့မှ သူ့ ညာဘက်လက်က ခြေအိတ်နှင့် အဝတ်စတွေကို ကိုင်ထားဆဲ ဖြစ်ကြောင်း သတိရသည်။ ကိုင်လျက်သား အိပ်ပျော်နေတာပါလား။

"သြော်… ငါ့နှယ်၊ ကြည့်ပါဦးဟယ်။ အဝတ်စုတ်တွေ ကောက်ပြီး ရတနာတွေလို လက်ထဲမှာ ဆုပ်ပြီး အိပ်နေတယ်တဲ့"

ပြောပြီး နာတာရှာ စိတ်ပျက်လက်ပျက် ရယ်သည်။ ညာဘက်လက်ထဲမှ အဝတ်စ တွေကို ကုတ်အင်္ကျီထဲ ထိုးသွင်းပြီး နာတာရှာကို စူးစူးဝါးဝါး ပြန်ကြည့်သည်။ အဖမ်းခံရ မည့်ဆဲဆဲ လူတယောက်ကို သည်လို သရော်သင့်သလား။

"ဒါထက် နေပါဦး၊ ရဲစခန်း....

"လက်ဖက်ရည် ကျန်သေးတယ်၊ ယူခဲ့ရမလား"

"နေပါစေ၊ ကျွန်တော် ခု သွားမှာ"

ပြောပြောဆိုဆို ထရပ်သည်။

"လှေကားကို ဆင်းနိုင်မှာ မို့လား"

"ရတယ်၊ သွားမယ်"

"ဒါဆိုလည်း သဘောပါပဲ တော်"

သူတို့နှစ်ယောက် ထွက်သွားတော့ ခြေအိတ်နှင့် အဝတ်စတွေကို ထုတ်ကြည့်သည်။

"အစွန်းအထင်းတွေတော့ ရှိသေးတယ်။ ဒါပေမဲ့ သိပ်ထင်ထင်ရှားရှား မဟုတ်ပါဘူး။ အပေါင်းအမြင်းတွေ မဟုတ်လား။ တော်ပါသေးရဲ့။ နာတာရှာတယောက် လုံးဝ သံသယ မဖြစ်…"

ခုမှ လက်တွေ တုန်တုန်ယင်ယင်ဖြင့် စာအိတ်ကို ဖောက်ဖတ်နိုင်တော့သည်။ သူအကြာကြီး အချိန်ယူ ဖတ်သည်။ နောက်မှ သဘောပေါက်သွားပြီး ဟင်းချနိုင်တော့သည်။ ယနေ့နံနက် ကိုးနာရီခွဲတွင် ရဲမှူးနှင့် လာတွေ့ ဖို့ ခေါ်သည့် ရိုးရိုးသမ္မန်စာ ဖြစ်သည်။ "ဒါပေမဲ့ ရဲနဲ့ငါ ဘယ်တုန်းကမှ မပတ်သက်ခဲ့တာပဲ။ ဘာလို့ ခေါ်ရတာလဲ။ ပြီးတော့ ဒီနေ့ကျမှ ရွေးခေါ်တာ ဘာသဘောလဲ။ တခါတည်း ကိစ္စပြီးသွားရင်လည်း ကိစ္စပြတ်တာပဲ" တွေးရင်း စိတ်ထဲ နောက်ကျူ ရှုပ်ထွေးလာသည်။ ဘုရားဝတ်ပြုဖို့ ဒူးထောက်ချ လိုက်သည်။ သို့သော် ဝတ်မပြုဖြစ်ဘဲ ရယ်ချလိုက်သည်။ ကိုယ့်အဖြစ်ကို ကြည့်ပြီး ရယ် လိုက်မိခြင်း ဖြစ်သည်။ ပြီးတော့ ခပ်သွက်သွက် အဝတ်လဲသည်။

"လာမယ့်ဘေး ပြေးတွေ့တာ ကောင်းပါတယ်။ ခြေအိတ် ပြန်ဝတ်မယ်။ ဒါမှ

ဖုန်တွေ သဲတွေထဲမှာ အစွန်းအထင်းတွေ ပျောက်သွားမှာပေါ့”

သို့သော် ဝတ်ပြီးပြီးချင်း မသတီစိတ်ဖြင့် ဆတ်ခနဲ အလန့်တကြား ပြန်ဆွဲချွတ်ပစ် လိုက်သည်။ သို့သော် အခြားတစုံ မရှိသဖြင့် ပြန်စွပ်လိုက်သည်။

“ဒါတွေဟာ ဘာမှ ဆန်းကြယ်တဲ့ ကိစ္စ မဟုတ်ပါဘူး”

သူ့စိတ်တပိုင်းက သည်လိုတွေးသော်လည်း သူ့ ခန္ဓာကိုယ်က တုန်နေသည်။

“ကဲ.. ခု ခြေအိတ် ဝတ်ပြီးပြီ၊ ဘာဖြစ်လဲ’

သူ့ရယ်သံ ပျောက်သွားသည်။

“မဟုတ်ဘူး၊ ငါ ဒါလောက် သတ္တိ မကောင်းဘူး” ဟု တွေးမိပြန်သည်။

ဒူးတွေ တုန်နေသည်ကို ငုံ့ကြည့်ပြီး သူ့ဘာသာ သူ ပြောပြန်သည်။

“ဒါ ကြောက်လို့ပေါ့”

ခေါင်းထဲက ထိုးကိုက်လာသည်။ အဖျားက အပြင်းတက်လာသည်။

“ဒါ ပရိယာယ် ဆင်တာ၊ ပရိယာယ်နဲ့ ဖြားယောင်းပြီး ငါ့ကို ထောင်ချောက်ထဲ သွင်းမှာ”

လှေကားထစ်တွေ နင်းဆင်းရင်း ဆက်တွေးလာသည်။

“အဆိုးဆုံးက ငါ အဖျားတက်နေတယ်။ ကယောင်ကတမ်းတွေ ပြောရင်း အစတွေ ထွက်လာနိုင်တယ်'

ဆင်းလာရင်း ပစ္စည်းတွေကို ပြန်သတိရသည်။ အားလုံး နံရံကပ်စက္ကူထဲတွင် ဒီအတိုင်း ထားပစ်ခဲ့သည်။

“ငါ သွားနေတုန်း သူတို့ လာရှာချင် ရှာကြမှာ’

သူ တုံ့ခနဲ ရပ်လိုက်သည်။ ပြီးမှ လက်ဖွေ့လိုက်ပြီး ဆက်ဆင်းခဲ့သည်။

“တွေ့သွားလည်း ကိစ္စပြတ်တာပေါ့”

အပြင်တွင် မတရား ပူနေသည်။ မိုးတစက်မှ မကျတာ ကြာပြီ။ ဖုန်ထူပြီး ဖုန်ထဲတွင် အုတ်ခဲမှုန့်တွေ၊ ထုံးမှုန့်တွေ ရောထွေး လွင့်ပျံ့နေပြန်ပြီ။ ပြီးတော့ စားသောက်ဆိုင်နံ့တွေ၊ အရက်ဆိုင်နံ့တွေကလည်း ခါတိုင်းလိုပင်။ အမူးသမားတွေကလည်း ဟိုနေ့က အတိုင်းပင်။ လမ်းလျှောက်စျေးသည်တွေ၊

ယှံ့ရွဲ့နေသည့် ပြိုလုလု မြင်းရထားတွေကလည်း လမ်းပေါ်တွင် ရှုပ်ယှက်ခတ်နေသည်။ နေရောင်ခြည်က စူးရှလွန်းသဖြင့် မကြည့်နိုင်လောက်အောင် ဖြစ်ကာ မျက်စိတွေ ကျိန်းစပ်လာသည်။ ခဏနေတော့ သူ မူးရီမူးဝေ ဖြစ်လာသည်။ အဖျား တက်နေသူတို့၏ ထုံးစံအတိုင်း စူးစူးရှရှ အလင်းရောင်ကို မကြည့်ချင်။

ဟိုအိမ်ကြီးနား ရောက်တော့ ရင်တွေခုန်လာသည်။

ငဲ့ကြည့်လိုက်ပြီး ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ ရဲစခန်း ရောက်ခါနီးတော့ သူ တွေးသည်။

"သူတို့ မေးလာရင်တော့ ငါ ပြောလိုက်မှာပဲ"

အိမ်နှင့် ရဲစခန်းမှာ နှစ်ဖာလုံခန့်သာ ဝေးသည်။ အဆောက်အအုံသစ် တခု၏ လေးထပ်တွင် ဖြစ်သည်။ သည်နေရာကို ပြောင်းလာသည်မှာ မကြာသေး။ ရဲစခန်းအဟောင်း ကို ဟိုတုန်းက ခဏရောက်ဖူးသည်။ ကြာတော့ ကြာခဲ့ပြီ။ ဝင်းထဲ ဝင်လာပြီးနောက် လက်ယာ ဘက်တွင် လှေကားတခု တွေ့သည်။ လေးထပ်သို့ တက်လာခဲ့သည်။

‘"ဟိုရောက်ရင် ဒူးထောက်ပြီး ငါလုပ်ခဲ့သမျှ ဖွင့်ဟ ဝန်ခံလိုက်တော့မယ်"

ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လှေကားက ခပ်မတ်မတ်၊ ခပ်ကျဉ်းကျဉ်း။ လှေကားထစ်များကို ရေးဆေးချထားသည်။ အခန်းတိုင်း တံခါးတွေ ဖွင့်ထား၏။ တက်နေရင်း အသက်ရှူကျပ်လာသည်။ စာအုပ် ကလေးတွေ ကိုယ်စီ ချိုင်းညှပ်လျက် တံခါးမှူးတွေ တက်ချည်၊ ဆင်းချည် လုပ်နေကြသည်။ အမှုသည်တွေ ဖြစ်ဟန်တူသည့် မိန်းမ၊ ယောကျ်ား အများအပြားလည်း လှေကားထဲတွင် တွေ့ရ၏။

ရုံးခန်းတံခါး ဖွင့်ထားသည်။ အထဲဝင်ပြီး ဧည့်ခန်းထဲတွင် တောသူတောင်သား များနှင့်အတူ ရပ်စောင့်နေလိုက်သည်။ အခန်းက ဆေးသုတ်ပြီးစမို့ ဆေးနံ့ပြင်းပြင်း ထွက်နေသည်။ အသက်ရှူ ကျပ်ချင်လာသည်။ ခဏရပ်စောင့်ပြီး နောက်တဖက်သို့ ကူးလာခဲ့သည်။ ဒုတိယအခန်းထဲတွင် စာကူး စာရေးအချို့ စာထိုင်ရေးနေကြသည်။ သူတို့ အဝတ်အစားများမှာ သူ့ထက် မဆိုသလောက်ပဲ ပို၍ သပ်ရပ်လေသည်။ ရဲစခန်း အခန်းများက ကျဉ်းသော်လည်း သပ်သပ်ရပ်ရပ် ရှိသည်။ သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ။ သူတို့ပုံစံတွေကို ကြည့်ပြီး စိတ်ထဲ ထူးဆန်းနေသည် ထင်လိုက်၏။ သူတို့ အထဲမှ တယောက်က မေးသည်။

"ဘာကိစ္စလဲ"

သူက သမ္မန်စာ ထုတ်ပြလိုက်သည်။ ထိုလူက သမ္မန်စာကို ကြည့်ပြီး-

“ဪ... မောင်ရင်က တက္ကသိုလ်ကျောင်းသားလား”

“ကျောင်းသားဟောင်းပါ"

သူက အခန်းတခန်းဆီသို့ လက်ညှိုးညွှန်ပြပြီး-

“အဲဒီအခန်း.ထဲ သွား၊ စာရေးတယောက်ကို ပြလိုက်’

ထိုအခန်းထဲမှ လူတွေက စောစောက လူတွေထက် သန့်သန့်ပြန့်ပြန့် ရှိသည်။ ဧည့်သည်များထဲတွင် အမျိုးသမီးနှစ်ယောက် ပါသည်။ တယောက်က ဝမ်းနည်းခြင်း ဝတ်စုံ အနက် ဝတ်ထားပြီး စာသင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၍ စာသင် ရွတ်သမျှ စကားလုံး တွေကို လိုက်ရေးနေသည်။ နောက်တယောက်က ခပ်ဝဝ။ သို့သော် ဆွဲဆောင်မှု ရှိသည်။ မျက်နှာတွင် မှဲ့ယင်ချေးကလေးတွေနှင့်။ ဝတ်ကောင်းစားလှများ ဆင်မြန်းထားကြ၏။ ရင်သားပေါ်မှ ဆွဲပြားကြီးတွေက လက်ဖက်ရည်ပန်းကန်ပြားလောက် ရှိသည်။ တခုခုကို ရပ်စောင့်နေပုံ ရသည်။ ရပ်စ်ကိုလ်နီကော့ဗ်က စာသင်အား သမ္မန်စာ ကမ်းပေးလိုက်သည်။ “ခဏစောင့်” ဟု ပြောပြီး သောကဝတ်စုံ အမျိုးသမီးနှင့် အလုပ်ဆက်လုပ်နေသည်။

အသက်ဝဝ တချက် ရှူသွင်းလိုက်သည်။

“တခြားကိစ္စ ဖြစ်မှာပါ”

စိတ်ထဲ ပေါ့ပါးသွားသည်။ အားတင်းလိုက်၏။

“ငါ သက်သက် အတွေးခေါင်နေတာပဲ။ တော်တော်တုံးတဲ့ ငါပါလား။ အိမ်သုတ် ဆေးနံ့က တမျိုး၊ ခေါင်းတွေ မူးလာပြီ’’

ရင်ထဲက မကောင်းတော့။ ယိုင်လဲမသွားအောင် မနည်း သတိထားနေရသည်။ သည်ကြားထဲမှ ရဲစာသင်ကို သူ စိတ်ဝင်စားနေသည်။ စာသင်ကလည်း သူ့ကို အကဲခတ် နေသည်။ စာသင်သည် နှစ်ဆယ့်နှစ်နှစ်အရွယ် လူငယ်တယောက် ဖြစ်၏။ သို့သော် သူ့ အသက်ထက် ပို၍ ရင့်ရော်နေသည် ထင်ရ၏။ အဝတ်အစားကို ခေတ်မီမီ သေသေသပ်သပ် ဝတ်ထားသည်။ လက်တွင် လက်စွပ်တွေ အထပ်ထပ်နှင့်။ ဆွဲကြိုးကြီးက အကျႌအပြင် ထွက်နေသည်။ နိုင်ငံခြားသား တယောက်နှင့် ပြင်သစ်စကား ညှပ်ညှပ်ပြောသည်။ အသံ ထွက် သိပ်မဆိုး။

“ထိုင်လေ လီဇာအီဗန်နိုဗာ”

နံဘေးတွင် ကုလားထိုင်ရှိလျက်နှင့် မထိုင်ဘဲ ရပ်နေသည့် မဲ့ယင်ချေးသက်သက် နှင့် မဖက်တီးကို စာသင်က လှမ်းပြောသည်။

“ကျေးဇူးတင်ပါတယ်ရှင်’"

အမျိုးသမီးက ဂျာမန်ဘာသာဖြင့် ပြန်ပြောသည်။ သူ ထိုင်ချလိုက်သည့်အခါ အပြာနုရောင် ဂါဝန်ရေသီနားသည် ဝဲခနဲ ဝိုင်းကျသွားသည်။ ရုံးခန်းကျဉ်းကလေး၏ တဝက် လောက် နေရာယူသွားသည်။ တပြိုင်တည်းတွင် ရေမွှေးနံ့လည်း လှိုင်သွား၏။ သူ့ဂါဝန်ကြီး မတရား နေရာယူလိုက်ကြောင်းနှင့် ရေမွှေးနံ့ တခန်းလုံး လှိုင်သွားကြောင်း သိလိုက်သဖြင့် အမျိုးသမီး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ပြီးတော့ မရွံ့မရဲ ပြုံးသည်။

သောကဝတ်စုံနှင့် အမျိုးသမီး အလုပ်ပြီးသွားသည်။ မတ်တတ် ထရပ်သည်။ ထိုစဉ် အခန်းထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ အရာရှိတယောက် ဝင်လာခြင်းကြောင့် ဖြစ်သည်။ သူက ဒေါင်းတင်မောင်းတင် ဝင်လာခြင်း ဖြစ်သည်။ ပခုံးနှစ်ဖက် နိမ့်ချည် မြင့်ချည် နှင့်။ အခန်းနှင့် မလိုက်အောင် စုတ်ပြတ်နေသည့် ရပ်စ်ကိုလ်နီကော့ဗ်ကို မလိုတမာ လှမ်း ကြည့်သည်။ သူ့အကြည့်ကို ဂရုမစိုက်သလို လုပ်နေသည့် သူကောင့်သားကို ရဲအရာရှိက လှမ်းဟောက်တော့သည်။

“ခင်ဗျား ဘာလိုချင်လို့လဲ’

“ကျွန်တော့်ကို သမ္မန်စာနဲ့ ဆင့်ခေါ်လို့ လာတာပါ”

ဤတွင် စာသင်က ဝင်ရှင်းပြသည်။

“ငွေရလိုမှုကိစ္စပါ ဆရာ။ ဟို… တက္ကသိုလ်ကျောင်းသားလေ။ ဒီမှာပါ ခင်ဗျာ၊ ဒါလေး ဖတ်ကြည့်ပါ’

စာသင်က ကတ်ထူဖုံးစာအုပ် တအုပ်ကို လှန်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ဆီသို့ ကမ်းပေးသည်။

ရပ်စ်ကိုလ်နီကော့ဗ် တွေသွားသည်။

“ငွေရလိုမှုတဲ့၊ ဘာငွေလဲ။ ဒါဆို… ဟိုကိစ္စ မဟုတ်ဘူးပေါ့”

သူ ပျော်သွားသည်။ စိတ်ထဲ ချက်ချင်း ပေါ့ပါးသွားသည်။ ရင်ထဲတွင် ဆို့နေသည့် အလုံးကြီး ကျသွားပြီ။

ရဲအရာရှိက အော်ပြီး မေးသည်။ သူ့စိတ်ထဲကွင် သည်အနုပ်စုတ် ကုပ်စုတ်က သူ့ကို မထီလေးစား လုပ်နေသည်ဟု ထင်နေသည်။

“ဒီမယ် လူကြီးမင်း၊ ခင်ဗျားကို ချိန်းတာ ဘယ်နှနာရီလဲ။ ကိုးနာရီ မဟုတ်လား။ ခု ဆယ့်တနာရီ ကျော်နေပြီ”

ရပ်စ်ကိုလ်နီကော့ဗ်ကလည်း အော်ပြီး ပြန်ဖြေသည်။

“ကျုပ်ဆီ ဒီစာရောက်လာတာ ဆယ့်ငါးမိနစ်ပဲ ရှိသေးတယ်။ ကျုပ်က နေကောင်းတာ မဟုတ်ဘူး။ ဒီအချိန် ရောက်ရင် တော်ပြီပေါ့ဗျ’

“သိပ်အော်မပြောပါနဲ့”

“ကျုပ် မအော်ပါဘူး၊ အော်တာက ခင်ဗျား။ ကျုပ်က ကျောင်းသားတယောက် နော်၊ ကျုပ်ကို ဘယ်သူမှ အော်ခွင့် မရှိဘူး”

ရဲအရာရှိ ဒေါသအမျက် ခြောင်းခြောင်းထွက်လေပြီ။

“ဒီမယ် ကိုယ့်လူ၊ ဒါ အစိုးရ အဆောက်အအုံနော်။ ဒီလိုနေရာမှာ ခင်ဗျား ရိုင်းပျခွင့် မရှိဘူး”

“အစိုးရ အဆောက်အအုံထဲမှာ ခင်ဗျားဟာ ဝန်ထမ်းတယောက် ဖြစ်တဲ့အတွက် ပိုပြီး ရိုင်းပျခွင့် မရှိသေးတယ်။ ပြီးတော့ တာဝန်ချိန်မှာ ခင်ဗျား စီးကရက် သောက်နေတယ်။ ဒါဟာ ဒီက ဧည့်သည်အားလုံးကို မလေးမစား လုပ်တာပဲ”

သည်လို ပြောလိုက်ရသဖြင့် သူ ပိုပျော်သွားသည်။

“ကဲ… မဆိုင်တာတွေ လျှောက်မပြောပါနဲ့။ ခင်ဗျား အပေါ်ငွေတောင်းခံတဲ့ ကိစ္စ ရှင်းပြပါ။ ဟော့… အလက်ဇန္ဒရား၊ သူ့ကို ပြလိုက်။ ခင်ဗျားမှာ ပေးစရာ ကြွေးတွေ ရှိတယ် မဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ်က သူ့စကားကို နားမထောင်တော့ဘဲ စာအုပ်ကို လှမ်းဆွဲယူ လိုက်သည်။ နှစ်ခေါက်၊ သုံးခေါက် ဖတ်သည်။ သူ နားမလည်။

“ဒါ ဘာအဓိပ္ပာယ်လဲ”

ရဲစာသင်ကို သူ ပြန်မေးလိုက်သည်။

“ခင်ဗျား ပေးပါ့မယ် ဆိုတဲ့ ကတိခံဝန်ချက်အရ တဖက်က တောင်းဆိုလာတယ်။ ခင်ဗျားက ရုံးစရိတ်နဲ့ ဒဏ်ငွေ အပါအဝင် ပေးရမယ်။ မပေးနိုင်ရင် ဘယ်တော့ ပေးပါ့မယ် ဆိုတဲ့ ရက်အတိအကျ ဖော်ပြပြီး ခံဝန်ချုပ် ရေးပေးရမယ်။ ပြီးတော့ အဲဒီငွေ မဆပ်နိုင်မချင်း ဒီမြို့က ဘယ်မှ မသွားပါဘူး ဆိုတဲ့

ခံဝန်ချုပ်လည်း လုပ်ရမယ်”

“နေပါဦး၊ ကျုပ်မှာ ဘာအကြွေးမှ မရှိတာ”

“အဲဒါ ကျွန်တော်တို့အလုပ် မဟုတ်ဘူး။ ခင်ဗျား အပေါ်မှာ ခံဝန်ချုပ်နဲ့ ရစရာ ရှိတဲ့ တရာ့ဆယ့်ငါး ရူဘယ်ကို ရလိုကြောင်းနဲ့ ဦးတိုက်လျှောက်ထားလာတာ။ အိမ်ရှင်ကို ခင်ဗျား ကတိလက်မှတ် ထိုးပေးထားတာ ကိုးလ ရှိပြီ’’

“အိမ်ရှင် ဟုတ်လား၊ သူက ကျွန်တော့်အခန်း ပိုင်ရှင်ပဲ”

“အဲဒီအခန်းပိုင်ရှင်ကပဲ လျှောက်ထားလာတာ”

စာသင်က စိတ်မကောင်းသည့် အပြုံးမျိုး။ တပြိုင်တည်းတွင် အောင်မြင်သည့် အပြုံးမျိုးဖြင့် အူကြောင်ကြောင် မနူးမနပ် လူတယောက်ကို ပြောနေသည့် ပုံမျိုး။ “ကဲ.. မှတ်ကရော၊ မင်း ဘာတတ်နိုင်သေးလဲ' ဟု ပြောနေသည့် အလား။

ရပ်စ်ကိုလ်နီကော့ဗ်အတွက် သည် ကြွေးကိစ္စလောက်က အကြောင်းလား။ ဘာပူစရာ ရှိလဲ။ မတ်တတ်ရပ်လျက်က သူ တခေါက် ပြန်ဖတ်သည်။ သူတို့ ပြောတာတွေ နားထောင်သည်။ သို့သော် စိတ်ပါလက်ပါ မဟုတ်တော့။ တဖက်တွင် သူ ပျော်နေသည်။ အန္တရာယ် စက်ကွင်းထဲက လွတ်ကင်းခဲ့ပြီ မဟုတ်လား။ ထိုတဒင်္ဂတွင် သူ့ စိတ်အစဉ်သည် သံသယတွေ၊ မေးခွန်းတွေ လုံးဝ ကင်းလွတ်နေလေသည်။ ဘာကိုမှ ကြိုတင်မှန်းဆခြင်း မရှိ။ ခွဲခြမ်း စိတ်ဖြာခြင်း မရှိ။ အနာဂတ် မျှော်မှန်းချက် မရှိ။ တိရစ္ဆာန်တကောင် ပျော်သလို ပျော်နေသည်။ ထိုစဉ် လျှပ်စီးတွေ လက်ကာ မိုးကြိုးပစ်သံတွေနှင့် ရုံးခန်းထဲတွင် သိမ့်သိမ့်တုန် သွားသည်။

သိက္ခာကို မောက်ကျော် စော်ကားခံရလေခြင်းဟု ခံပြင်းနေသည့် ရဲအရာရှိသည် မိုးခြိမ်းသံများနှင့်အပြိုင် ဒေါသကြီးနေဆဲ ဖြစ်သည်။ ကျန်နေသည့် အမျိုးသမီးကို မဲလေ တော့သည်။ အနက်ရောင် သောကဝတ်စုံနှင့် အမျိုးသမီး ကိစ္စပြီး၍ ပြန်သွားပြီ။

“ကဲ... မဟိုသင်း၊ ခင်ဗျားအိမ်မှာ အပျော်ကြူးကြတာ၊ သောင်းကျန်းကြတာ တလမ်းလုံး နားမခံသာနိုင်အောင်ပဲ ဆို။ မနေ့ညက ဘာဖြစ်တာလဲ၊ ဆိုပါဦး။ မူးကြ ရူးကြ၊ ထိုးကြ ကြိတ်ကြနဲ့ဆို။ ခင်ဗျား ထောင်ထဲ ဝင်ချင်နေပြီလား။ ခင်ဗျားကို ကျွန်တော် သတိပေးထားတာ ဆယ်ကြိမ် ရှိပြီ။ ဆယ့်တကြိမ်မြောက် ကျရင်တော့ ခင်ဗျား အထဲဝင်ရမှာ သေချာနေပြီ။ ခင်ဗျားဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ”

ရပ်စ်ကိုလ်နီကော့ဗ်၏ လက်ထဲမှ စာရွက်စာတမ်းတွေ လွတ်ကျသွားသည်။

မချေမင် အပြောခံရသည့် ဝတ်ကောင်းစားလှနှင့် အမျိုးသမီးကို သူ ငေးကြည့်နေသည်။ စိတ်ဝင်စားလာပြီး သူတို့ဇာတ်လမ်းကို ဆက်နားထောင်ရင်း ရယ်ချင်လာသည်။ တပြိုင်တည်း တွင် အကြောဆွဲသလို တွန့်လိမ်လာသည်။

"ဗိုလ်ကြီး အီလျာပီထရိုဗစ်ချ် ခင်ဗျာ'

ဒေါသတကြီး ပြောနေသည့် သူ့အရာရှိကို စသင်က ထိန်းဖို့ ကြိုးစားသည်။ နောက်မှ သူ့အတွေ့အကြုံအရ အသာလွှတ်ထားလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဘာနှင့်မှ သူ့ကို တားလို့ရတော့မည် မဟုတ်။ သူက ဒေါသကုမ္ပာရ ဗိုလ်ယမ်းဘီလူး မဟုတ်လား။ ဝတ်ကောင်း စားလှနှင့် အမျိုးသမီးချောချောကြီးက ပထမ မိုးကြိုးသံကြောင့် လန့်ဖျပ်သွားသော်လည်း တဖက်သားက သူ့ကို နှိမ့်နှိမ့်ချချ ပြောလေ၊ သဘောကျလေ ပုံစံမျိုး ဆောင်ထားသည်။ သူ့အပြုံးက ပိုပြီး စွဲမက်စရာပင် ဖြစ်လာသေးသည်။ ရံခါတွင် ခါးညွတ်ကာ အရိုအသေ ပေးရင်း သူ့အလှည့်ကို စောင့်နေသည်။ နောက်ဆုံး သူ့အလှည့် ရောက်လာတော့သည်။

"ဆူပူသောင်းကျန်း ရန်လုပ်တဲ့ အထဲမှာ ကျွန်မ လုံးဝ မပါပါဘူး ဗိုလ်ကြီး"

ရုရှားစကားကို ဂျာမန်သံဝဲဝဲဖြင့် ပဲစေ့တွေ ဒယ်အိုးထဲ သွန်ချလိုက်သလို တရစပ် ပြောတော့သည်။

"ကျွန်မရဲ့ ဂုဏ်သိက္ခာ အပြည့်နဲ့ အိမ်ဟာ ဘယ်တုန်းကမှ ပတ်ဝန်းကျင်ကို ထိခိုက် အောင် ဆူဆူပူပူ မလုပ်ခဲ့ဖူးပါဘူး။ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့အိမ်ကို သူက မူးမူးရူးရူးနဲ့ ရောက် လာတာ။ ကျွန်မအပြစ် လုံးဝမပါဘူး ဗိုလ်ကြီး။ ကျွန်မ ရှင်းပြမယ်။ ကျွန်မဟာ ဆူဆူပူပူ လုပ်တာကို လုံးဝ မကြိုက်ပါဘူး။ သူက လူမှန်းသူမှန်း မသိအောင် မူးလာတာ။ သုံးပုလင်း ပေးပါလို့ တောင်းတယ်လေ။ ပြီးတော့ ခုံပေါ်တက်ပြီး စန္ဒရားကို ခြေထောက်နဲ့ ဆောင့်တီးတယ်။ ကျွန်မလို ဂုဏ်သရေရှိအိမ်မှာ လုပ်သင့်လား ဟင်။ စန္ဒရားခလုတ်တွေ ကျိုးပဲ့ကုန် တယ်လေ။ ရှင် မိုက်ရိုင်းလှချည်လားလို့ ကျွန်မ ပြောလိုက်တယ်။ သူက ပုလင်း တလုံး ယူပြီး လူတကာကို နောက်ကနေ ပုလင်းနဲ့ တိုးဝှေ့သွားနေတယ်။ ဒါနဲ့ ကျွန်မလည်း တံခါးမှူးကားလ်ကို ခေါ်ရတော့တာပေါ့။ သူက ကားလ်ကို မျက်လုံးတည့်တည့် ထိုးထည့် တယ်၊ ပြီးတော့ ဟင်နရီယက်ကိုလည်း မျက်လုံးကိုပဲ ထိုးတယ်။ ပြီးတော့ ကျွန်မ ပါးကို ငါးချက် ရိုက်တယ်။ ကဲ... ဗိုလ်ကြီး စဉ်းစားကြည့်ပါ။ ကျွန်မရဲ့ ဂုဏ်သရေရှိအိမ်မှာ အဲဒီလို လုပ်တာရှင့်။ အဲဒီတော့ ကျွန်မ ဆော်မိတာပေါ့။ အဲဒီတော့မှ သူက ဝက်ပေါက်စလေးလို ပြတင်းပေါက်ကနေ အသားကုန် အော်နေတယ်။ ဘယ်လောက် ကျက်သရေ မဲ့လိုက်သလဲ လို့။ ထို့... အဲဒီမှာ ကားလ်က သူ့အင်္ကျီ ကုပ်ပိုးကို ဆွဲပြီး လမ်းပေါ် ဆွဲထုတ်သွားတာ။ ဒဏ်ငွေ ဆယ့်ငါးရူဘယ် ဆောင်ရမယ်လို့လည်း သူ့ကို ပြောတယ်။ ဂုဏ်သရေရှိတဲ့ လူမျိုး

မဟုတ်ပါ ဘူး ဗိုလ်ကြီးရယ်။ ပြီးတော့ ပြောသေးတယ်။ နင့်အကြောင်းကို ငါ ကောင်းကောင်း ရေးမယ်၊ လူတိုင်း ဝိုင်းဟားအောင် ရေးမယ်၊ သတင်းစာတိုင်းမှာ ပါစေရမယ်လို့လည်း ပြောသေးတယ်”

“ဪ... စာရေးဆရာ အုပ်စုထဲကကိုး”

“ဒါပေမဲ့ လူကြီးလူကောင်း စာရေးဆရာ မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ ကျွန်မလို ဂုဏ်သရေရှိ အိမ်မျိုးမှာ..."

“ကဲ.. ကဲ... တော်ပါတော့ မဟိုသင်းရယ်၊ ကျုပ် ခင်ဗျားကို အကြိမ်ကြိမ် သတိပေးပါလျက် ...”

“ဗိုလ်ကြီး အီလျာပီထရိုဗစ်ချ်’

စာသင်က အသာခေါင်းညိတ်ပြီး သူ့အရာရှိအား သတိပေးလိုက်ပြန်သည်။

“အဲ... ကဲ... လေးစားအပ်တဲ့ လာဗီဇာအီဗန်နိုဗာ ခင်ဗျား၊ ခင်ဗျားကို နောက်ဆုံး ပြောမယ်။ ဒါ နောက်ဆုံးဆိုတာတော့ ယုံပါ။ ခင်ဗျားရဲ့ ဂုဏ်သရေရှိအိမ်မှာ နောက်ထပ် ဒါမျိုးဖြစ်ရင်တော့ ခင်ဗျားကို ကျုပ် ကိုယ်တိုင် အဲ... အထက်တန်းကျကျ ပြောပါ့မယ်။ ကျုပ်ကိုယ်တိုင် ဖမ်းပြီး ထောင်ထဲ ပို့မယ်။ ကျုပ်ပြောတာ ကြားတယ်နော်။ အင်း လက်စသတ်တော့ စာရေးဆရာ တယောက်ကိုး။ ဂုဏ်သိက္ခာရှိတဲ့ ခင်ဗျား စံအိမ်ကြီးထဲမှာ ရမ်းကားသွားတယ် ဟုတ်လား”

သူက ရပ်စ်ကိုလ်နီကော့ဗ်ကို တချက် လှမ်းကြည့်ပြီး -

“လွန်ခဲ့တဲ့ နှစ်ရက်ကလည်း အရက်ဆိုင်တဆိုင်မှာ ဒါမျိုး ဖြစ်သေးတယ်လေ။ စားသောက်ပြီး ပိုက်ဆံမပေးဘူး။ တယောက်က အတင်းတောင်းရင် ဆောင်းပါးရေးမယ်တဲ့။ နောက်တခုက လွန်ခဲ့တဲ့အပတ်က သင်္ဘောပေါ်မှာ ဖြစ်တာ။ စာရေးဆရာယောင်ယောင် ဘာယောင်ယောင် တကောင်က ဂုဏ်သရေရှိ မိသားစုတစုကို စော်ကားမော်ကား လုပ်တယ်။ သူ့ကို အခြားလူတွေက အခန်းထဲက ကန်ထုတ်ပစ်လိုက်ကြတယ်။ သူတို့လို လူတွေဟာ အဲဒီအတိုင်းပဲ။

စာရေးဆရာတွေတဲ့၊ ခေတ်ပညာတတ်တွေတဲ့၊ ကျောင်းသားတွေတဲ့ ထွီ”

အမျိုးသမီးဘက် လှည့်ပြီး -

“ခင်ဗျား သွားတော့။ ခင်ဗျားအိမ်ကို ကျွန်တော်ကိုယ်တိုင် စောင့်ကြည့်မယ်၊ ကြားလား”

လီဇာအီဗန်နိုဗာက ပြုံးပြုံးကလေး ထွက်သွားသည်။ အရပ်လေးမျက်နှာကို ခါးညွတ် အရိုအသေ ပေးသွားသေးသည်။ အခန်းထဲမှ အထွက်တွင် အရာရှိတယောက်နှင့် ဝင်တိုးသည်။ ထိုအရာရှိက လူကြီးလူကောင်းဆန်သည့် နှုတ်ခမ်းမွေးနှင့် ခန့်ချော ချောသူတယောက် ဖြစ်သည်။ သူက ရဲမှူး နီကိုဒင်မ်ဖိုးမစ်ချ် ဖြစ်သည်။ လီဇာအီဗန်နိုဗာက နဖူးနှင့် ကြမ်းပြင် ထိလုမတတ် အရိုအသေပေးပြီး ခြေလှမ်းစိပ်စိပ်ကလေးဖြင့် ပြေးထွက်သွားသည်။ နီကိုဒင်မ် ဖိုးမစ်ချ် က အီလျာ ပီထရိုဗစ်ချ်ကို ခပ်ရွှင်ရွှင် လှမ်းပြောသည်။

"ပစ်ကွာ၊ ပစ်ကွာ၊ မိုးကြိုးတွေ။ လက်ကွာ၊ လက်ကွာ၊ လျှပ်စီးတွေ။ တိုက်ကွာ၊ တိုက်ကွာ၊ မုန်တိုင်းတွေ၊ လေဆင်နှာမောင်းတွေ။ မောင်ရင့်ဒေါသတွေ ဆူပွက်နေပြန်ပြီလား။ လှေကားထဲမှာကတည်းက ငါ ကြားပါတယ်ကွာ"

"ဘာမှ မဟုတ်ပါဘူး ဆရာ"

သူ ချက်ချင်း လူကြီးလူကောင်း ဆန်သွားသည်။ လုံးဝတည်ငြိမ်စွာဖြင့် စာရွက် တထပ် ကိုင်ပြီး စောင့်နေသူ အမှုသည်များဆီ ထလာ၍ ယဉ်ကျေးစွာ အလုပ်လုပ်နေသည်။

"တဆိတ်ခင်ဗျာ၊ ဒီအနားမှာ လက်မှတ်ကလေး တချက် ထိုးလိုက်ပါ။ ဟောဒီ အနားမှာ ဟောဒီစာသားလေး ထည့်ရေးလိုက်ပါ"

စသည် စသည်ဖြင့်။ ရပ်စ်ကိုလ်နီကော့ဗ် အနားရောက်တော့ –

"ကဲ... ဆရာလေး၊ ကျောင်းသားဟောင်းဖြစ်ဖြစ်၊ ကျောင်းသားသစ်ဖြစ်ဖြစ်ပေါ့။ ကတိဝန်ခံချက်တွေ အမျိုးမျိုးပေးပြီး အခန်းလခကျတော့ မပေးဘူး၊ ဆင်းခိုင်းတော့လည်း မဆင်းဘူးတဲ့။ သူက အစပိုင်းတော့ အဟုတ်ပဲ ဆရာ။ ခဏနေတော့ ကျွန်တော့်ကို မလေးမစား လုပ်တော့တာပါပဲ။ သူ့ရှေ့မှာ စီးကရက်သောက်လို့တဲ့ဗျာ။သူ့ကို သေသေချာချာကြည့်ပါဦး ငရာရယ်"

"ဆင်းရဲတာဟာ အပြစ်မဟုတ်ပါဘူးကွာ၊ မင်းက သည်းခံစိတ်မှ မမွေးနိုင်ဘဲကိုးကွ။ မင်းက တို့ တပ်ထဲတုန်းက ယမ်းဘီလူးနဲ့ တူနေတယ်။ စိတ်ထဲ မတွေ့ဘူးဆိုရင် ဒိုင်းခနဲ ပေါက်ကွဲတာ မကောင်းဘူးကွ"

နီကိုဒင်မ်ဖိုးမစ်ချ်က ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး စကားဆက်သည်။

"မင်း သူ့လိုလူမျိုးကို အဲဒီလို သွားမလုပ်နဲ့။ သူလည်း ယမ်းဘီလူးပဲ။ ဒါပေမဲ့ သူ့ကို ကြည့်ပြီး စိတ်ထား မြင့်မြတ်တဲ့လူလို့ ငါ ယုံတယ်။ ဒါပေမဲ့ သွားမထိနဲ့၊ ချက်ချင်း ပေါက်ကွဲ မယ်။ မီးထတောက်မယ်၊ အကုန်လောင်ကုန်မယ်။ ဒါပေမဲ့

သူ့နှလုံးသားက ဖြူစင်တယ်၊ ရွှေနှလုံးသား...၊ အင်း... ဗိုလ်ယမ်းဘီလူးကို ငါ အမှတ်ရသေးတော့ကွာ”

“ဆရာ ဘယ်တပ်ရင်းမှာ တွေ့ခဲ့တာလဲ"

အီလျာပီထရိုဗစ်ချ်က စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သူ့အထက်လူကြီးကို မေး လိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်သည် ချက်ချင်း သူတို့နှင့် စကားပြောချင်စိတ် ပေါက်လာသည်။

“ကျွန်တော် တောင်းပန်ပါတယ် ဗိုလ်ကြီးခင်ဗျာ"

ရဲမှူးဘက်သို့ လှည့်ပြီး-

“ရဲမှူးကြီး ခင်ဗျား၊ ကျွန်တော့်ကိုလည်း နားလည်ပေးသင့်ပါတယ်။ ကျွန်တော် မလေးမစား ပြောမိတဲ့အတွက် တောင်းပန်မယ့်ဆဲဆဲပါ။ ကျွန်တော်ဟာ မကျန်းမာတဲ့ ကျောင်းသားတယောက်ပါ။ ဆင်းရဲတဲ့ဒဏ်ကြောင့်၊ မွဲတဲ့ဒဏ်ကြောင့် ကျောင်းထွက်ထား ရတဲ့ လူငယ်တယောက်ပါ။ ဒါပေမဲ့ မကြာခင် ကျွန်တော့်ဆီ ငွေရောက်လာတော့မှာပါ။

နယ်မှာ ကျွန်တော့် အမေနဲ့ ကျွန်တော့် ညီမလေး ရှိပါတယ်။ သူတို့ ငွေပို့မှာပါ။ အဲဒီအခါ ကျွန်တော် အခန်းလခ ပေးမှာပါ။ ကျွန်တော့်အိမ်ရှင် အမျိုးသမီးဟာ အရမ်းသဘောကောင်း ပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျူရှင်ဆရာအလုပ် ဆက်မလုပ်နိုင်ရကောင်းလား ဆိုပြီး ကျွန်တော့်ကို ဒေါပွနေပါတယ်။ ထမင်း မကျွေးတာ လေးလ ရှိပါပြီ။ ဘာပြုလို့ သူ ဒီလို တိုင်ဟယ် တောဟယ် လုပ်တာလဲ ဆိုတာ ကျွန်တော် နားမလည်နိုင်အောင်ပါပဲ။ ခု အတင်း တောင်းနေတယ်။ ကျွန်တော် ဘယ်လို လုပ်ပြီး..."

စာသင် တစခန်း ထပြန်သည်။ “အဲဒါ ကျွန်တော်တို့နဲ့ မဆိုင်ဘူးလေ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ခင်ဗျား ပြောတာ မှန်ပါတယ်။ ကျွန်တော့်ကို ရှင်းပြခွင့်ပြုပါ”

ရပ်စ်ကိုလ်နီကော့ဗ်က စာသင်ကို ပြောသလိုလိုနှင့် ရဲမှူးကို ဆက်ပြောသည်။ စာသင် ဂါတ်စာရေးက သူ ပြောတာတွေကို စိတ်မဝင်စားသလို စာရွက်စာတမ်းတွေကို ဖွနေသည်။

“ကျွန်တော့်ဘက်က ရှင်းပြပါရစေ ခင်ဗျာ။ နယ်ကနေ မြို့ရောက်လာကတည်းက ဒီအခန်းမှာ ကျွန်တော် နေလာတာပါ။ သုံးနှစ်တောင်

ရှိခဲ့ပါပြီ။ အဲ… ဇာတ်လမ်းကို အစက ပြောရရင်တော့ ကျွန်တော်က သူ့သမီးကလေးကို လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့ဖူးတယ်။ နှုတ်ကတိ ဆိုပါတော့။ မိန်းကလေးက… အဲ… ကျွန်တော် သဘောကျပါတယ်၊ ဒါပေမဲ့ ကျွန်တော် မချစ်ဘူး။ အဲ… ဒါပေမဲ့ လူငယ်ချင်းတော့… အဲ… သူ့အမေက ကျွန်တော့်ကို အခန်းမှာ အကြွေးနေခွင့် ပေးတယ် ဆိုပါတော့။ အဲဒီမှာ ကျွန်တော့်ဘဝဟာ… ကျွန်တော် စဉ်းစားဉာဏ် နည်းခဲ့တာ …”

အီလျာပီထရိုဗစ်ချ်က ခပ်ရိုင်းရိုင်း ဖြတ်ပြောသည်။

“အဲဒီအသေးစိတ်တွေ နားထောင်ဖို့ ကျွန်တော်တို့မှာ အချိန်မရှိဘူးဗျ”

“ဟုတ်ကဲ့၊ လက်စနဲ့ ကျွန်တော် ဆက်ပါရစေ။ ပြောခွင့်ပြုပါ။ ဒါမှ ဇာတ်ရည်လည် မှာမို့ပါ။ မနှစ်တုန်းက ကောင်မလေး ငန်းဖျားဖျားပြီး ဆုံးသွားတယ်ဗျာ။ မမပရပ်စ်ကိုဗယာ ပါရှင်ကာက ခု လက်ရှိအခန်းကို ပြောင်းနေတော့ ကျွန်တော်လည်း အထပ်ခိုးကလေးမှာ နေဖို့ လိုက်ပြောင်းခဲ့ရပါတယ်။ ကျွန်တော့်ကို အရမ်းခင်ပါတယ်။ လုံးဝ ယုံတယ်။ ကျွန်တော် ကလည်း အလားတူပါပဲ။ ဒါကြောင့် ကျွန်တော် မပေးနိုင်သေးတဲ့ တရာ့ဆယ့်ငါး ရူဘယ်ကို ကတိစာချုပ် လက်မှတ်ထိုးပေး လိုက်တာပေါ့။ ဆက်ပြောပါရစေဗျာ။ အဲဒီစာရွက် ကလေး လက်မှတ်ထိုးပေးရင် ကျွန်တော့်ကို ကြိုက်သလို ဆက်နေတဲ့။ ပေးနိုင်တဲ့ အချိန်မှ ပေးတဲ့။ သူ့ပါးစပ်က အဲဒီအတိုင်း ပြောခဲ့တာပါဗျာ။ ခုတော့ ကျွန်တော် စာသင်တဲ့ အလုပ် ကို မလုပ်နိုင်တော့တာနဲ့ သူ ခုလို လုပ်တာပါဗျာ။ ကျွန်တော် ဘာပြောနိုင်မလဲ”

“ဒီမယ် ကိုယ့်လူ။ ခင်ဗျားရဲ့ အသေးစိတ်တွေ၊ စိတ်မကောင်းစရာတွေဟာ ကျုပ်တို့ အလုပ် မဟုတ်ပေဘူးဗျ”

အီလျာအီဗန်နိုဗစ်ချ် ဖြတ်ပြောခြင်း ဖြစ်သည်။

“ခင်ဗျား တခုခု ဆုံးဖြတ်ရမယ်၊ အကြောင်းပြန်ရမယ်။ ခင်ဗျားရဲ့ အတွေးဇာတ်လမ်း တွေ၊ အချစ်ဇာတ်လမ်းတွေ ကျွန်တော်တို့ ဂရုစိုက်ချိန် မရဘူး”

နီကိုဒင်မ်ဖိုးမစ်ချ်က-

“ဒါတော့ မင်း လွန်တာပေါ့ အီလျာပီထရိုဗစ်ချ်၊ မင်းမှာ အသည်းနှလုံး မရှိဘူးလား"

ပြောပြီး စားပွဲတွင် ဝင်ထိုင်ကာ သီချင်း ညည်းနေသည်။ မျက်နှာကတော့ စိတ်မကောင်း ဖြစ်နေပုံ။

စာသင်က ရပ်စ်ကိုလ်နီကော့ဗ်ကို ပြောသည်။

"ကဲ ရေး"

"ဘာရေးရမှာလဲဗျ"

"ကျုပ် ပြောတာ လိုက်ရေး"

ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားမရဖြစ်သွားသည်။ တောင်းပန်စကား ပြောလိုက်ခါမှ ကိုရွှေစာသင်က ပိုပြီး အထင်သေး၊ အမြင်သေး ဖြစ်လာသည်။ ချက်ချင်း ပြောင်းလဲသွား ခြင်းမျိုး။ သူသာ သည်လိုဖြစ်မသွားလျှင် သူတို့နှင့်သူ မိတ်ဆွေ ဖြစ်တော့မှာ သေချာသည်။ သည်လူ ဘယ်လို ဖြစ်သွားတာပါလိမ့်။ စကားပြောစရာ မရှိတော့သလို ဟာလာဟင်းလင်း ဖြစ်သွားသည်။ အခန်းထဲတွင် ရဲတွေနှင့် မဟုတ်ဘဲ မိတ်ဆွေ အပေါင်းအသင်းတွေ စုပြုံ ရောက်လာလျှင်လည်း သူ့တွင် ပြောစရာစကားလုံးတွေ ရှာတွေ့မည် မဟုတ်။ ရုတ်တရက် ရင်ထဲတွင် တမျိုးကြီး ဖြစ်လာသည်။ လောကကြီး တခုလုံး မှိုင်းအုံ့ ညိုမည်းလာသည်။ လောကအမှောင်ထုအောက်တွင် တယောက်တည်း ကျန်ခဲ့သည့်အလား။ အဆုံးမရှိသည့် အထီးကျန်ဝေဒနာ။ ထိုအခြေအနေတွင် ရုတ်ခြည်း သတိဝင်လာသည်။ အီလျာပီထရိုဗစ်ချ် ရှေ့တွင် ရင်ဖွင့်လိုက်ရသည်အတွက် တိမ်းတိမ်းပွေပွေ ဖြစ်သွားခြင်းမျိုး မဟုတ်။ သူ့ကို အပေါ်စီးက အနိုင်ယူသွားခြင်းအတွက်ကြောင့် မဟုတ်။ ဘဝင်မြင့်နေသည့် ရဲတွေကြောင့် မဟုတ်။ ဂျာမန်အမျိုးသမီးနှင့် ရှုံးလုပ်ထုံးလုပ်နည်းများကြောင့် မဟုတ်။ ခုအချိန်တွင် သူ့အား မီးရှို့သတ်စေဟု စီရင်ချက်ချလျှင်လည်း သူ ဖြုံမည် မဟုတ်။ ထိုစီရင်ချက်အမိန့်ကို ဂရုတစိုက် နားထောင်ချင်မှ နားထောင်လိမ့်မည်။

ထိုတဒင်္ဂတွင် သူ့ကို လွှမ်းနေသည်က သူ မသိသည့် အင်အားတမျိုး။ သူနှင့် အလွန် စိမ်းသည့် မမြင်နိုင်သော ခွန်အားတမျိုး။ သည်လိုခံစားမှုမျိုး တခါမှ မဖြစ်ပေါ်ဖူးခဲ့။ သည်လို အတွေ့အကြုံမျိုး တခါမျှ မရှိခဲ့။ သည်အဖြစ်ကို သူ နားမလည်။ သို့သော် သူ့စိတ်စွမ်းအင်နှင့် ဆင်ခြင်တုံ တရားကြောင့် သူ ရှင်းရှင်းလင်းလင်း မြင်လာသည်။ သည်လူတွေနှင့် သည်ရဲစခန်း လို နေရာတွင် စကားဆက်ပြောလို့ မဖြစ်တော့။ စောစောကလို ရင်ဖွင့်ပြီး ပြောချလိုက်ရ တာမျိုး မဖြစ်နိုင်တော့။

စာသင်က ကြက်တူရွေး စကားပြောသလို တတွတ်တွတ် ရွတ်နေသည်။ သူ ရွတ်နေ ကျမို့ သူ့အတွက် ဘာမျှ မခက်။ ကျွန်တော် မပေးနိုင်ခြင်း အကြောင်းမှာ ကတိဝန်ခံချက် အတိုင်း သည်နေ့ သည်နေ့... တွင် ပေးဆပ်ပါမည်။ ထိုနေ့ ထိုနေ့အထိ ကျွန်တော် သည်မြို့မှ ထွက်မသွားပါ။ ကျွန်တော်သည် အခန်းကို တပါးသူအား ရောင်းမစားပါ။ တဆင့် ငှားရမ်း ခြင်း မပြုပါ။ စသည်... စသည်။

ရဲစာသင်က ရပ်စ်ကိုလ်နီကော့ဗ်ကို သေသေချာချာ ကြည့်ပြီး-

"ဟင်... ခင်ဗျား ဆက်မရေးနိုင်ဘူးလား။ ကြည့်စမ်း၊ ကလောင်တံကိုတောင် မကိုင်နိုင်တော့ဘူး။ ဘာလဲ... ခင်ဗျား နေမကောင်းဘူးလား"

"ရပါတယ်။ ခေါင်းထဲ မူးလာလို့၊ ဆက်ပြောပါ'

စာသင်က သူ့လက်ထဲမှ စာရွက်ကို ဆွဲယူသွားပြီး-

"ကဲ... ဒါလောက်ဆို ရပြီ။ ခင်ဗျား လက်မှတ်ထိုးတော့"

စာသင်က သူ့လက်ထဲမှ စာရွက်ကို ဆွဲယူပြီး တခြားအမှုသည်တွေနှင့် အလုပ်ရှုပ် နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ကလောင်တံပါ ကမ်းပေးလိုက်သည်။ ထပြန်သွားရမည့် အစား သူက စားပွဲပေါ်လက်တင်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ် တင်ထားလိုက်သည်။ ဦးနှောက်တည့်တည့်ကို သံချွန်နှင့် နှက်လိုက်သလို ခံစားလိုက်ရ၏။

ရုတ်ခြည်း အတွေးတခု ဝင်လာသည်။ နီကိုဒင်မ် ဖိုးမစ်ချ်ဆီ ထသွားပြီး မနေ့က အပြစ်ကို ဝန်ခံလိုက်မည်။ အသေးစိတ် ပြောပြလိုက်တော့မည်။ ပြီးတော့ သူတို့ကို အခန်း ခေါ်သွားမည်။ ပစ္စည်းတွေ ဝှက်ထားသည့် နေရာကို ပြလိုက်တော့မည်။ သည်ဆန္ဒက သူ့ကို အပြင်းအထန် စေ့ဆော်နေပြီ။

"အင်း... ခဏတော့ ပြန်စဉ်းစားဦးမှ ထင်ပါရဲ့။ စဉ်းစားနေရင် လုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ ထမ်းထားရတဲ့ ကျောပေါ်က ဝန်ထုပ်ကြီးကို ပစ်ချချင်လှပြီ"

သူ အပြေးအလွှား စဉ်းစားသည်။ နီကိုဒင်မ်ဖိုးမစ်ချ်က အီလျာပီထရိုဗစ်ချ်ကို ပြောနေသည့် စကား တစွန်းတစ ကြားလိုက်သည်။

"မဖြစ်နိုင်ဘူးကွ။ သူတို့နှစ်ယောက်စလုံးကို လွှတ်ပစ်ရမှာ။ ဘာမှ အထောက် အထား မခိုင်လုံဘူး။ သူတို့ လုပ်တာ ဆိုရင် ဘာလို့ သူတို့က တံခါးမှူးကို ဆင်းခေါ်မလဲ။ လှည့်ကွက် တခုလား၊ မဖြစ်နိုင်ဘူး။ လှည့်ကွက် ဆိုရင်လည်း တော်တော့်ကို ကြောက်စရာ ကောင်းတဲ့ လှည့်ကွက်ပဲ။ နောက်တချက်၊ တံခါးမှူးတွေရော၊ ဈေးသည်မိန်းမကြီး တယောက်ပါ တက္ကသိုလ်ကျောင်းသား ပက်စ်ထရီယာကော့ဗ်ကို အဲဒီ တိုက်ထဲဝင်တဲ့ ဝင်းတံခါးမှာ လှမ်းမြင်လိုက်ကြတယ်။ သူငယ်ချင်း သုံးယောက်နဲ့ လျှောက်လာနေရင်း အဲဒီ ဝင်းတံခါးနား ရောက်မှ လူချင်းခွဲလိုက်ကြတာ။ ပြီးတော့ တံခါးမှူးတွေကို မေးတယ်။ အခန်းလွတ် ရှိလားတဲ့။

အဲဒါ သူ့အပေါင်းအသင်းတွေနဲ့ လမ်းမခွဲခင် တိုက်တကာ လျှောက်မေး လာတာ။ ဒီလို အကြံအစည်ရှိတဲ့ လူတယောက်ဟာ အဲဒီလို လုပ်ပါ့မလား။ ဒီအနား တဝိုက်မှာ အခန်း ရှာပါ့မလား။ ကဲ… ကို့ချ်ဆိုတဲ့ လူကို ကြည့်၊ သူက အောက်ထပ် ငွေပန်းထိမ် ဆရာဆီမှာ နာရီဝက်လောက် စကားပြောနေသေးတာ။ ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလို ကျမှ အဘွားကြီးအခန်းကို တက်သွားတာ။ ကဲ… မင်း စဉ်းစားစမ်း”

“ကျွန်တော် တခု ဆွေးနွေးပါရစေ ဆရာ။ သူတို့ဟာ ဝိရောဓိတွေနဲ့ ဇာတ်လမ်း ဆုံးထားတယ်။ တံခါးခေါက်တော့ အတွင်းက ပိတ်ထားတယ်လို့ ကျွန်တော်တို့ဆီမှာ ထွက်တယ်နော်။ ခဏလေးကြာလို့ သူတို့ ပြန်တက်လာတော့ တံခါးပွင့်နေတယ်တဲ့”

“ဟုတ်တယ်လေ၊ အဲဒီအတိုင်းပဲ။ လူသတ်သမားက အထဲမှာ ရှိနေတယ်။ အတွင်း ဘက်က ဘောက်ချိတ် ချိတ်ထားတယ်။ ကို့ချ်က တံခါးမှူးဆီ ဆင်းလိုက်သွားတာဟာ မှားတာပဲ။ အဲဒီမှာ ရာဇဝတ်သားက လစ်ထွက်သွားပြီး တနည်းနည်းနဲ့ သူတို့ မတွေ့အောင် ဆင်းသွားတာ။ ကို့ချ် ပြောတာ မမှတ်မိဘူးလား။ လက်နှစ်ဖက်လုံးနဲ့ လက်ဝါးကပ်တိုင် သင်္ကေတ လုပ်ပြီး ‘ကျွန်တော်သာ ရပ်စောင့်နေရင် ပုဆိန်စာ မိမှာ သေချာတယ်' တဲ့”

“ဒါဆို လူသတ်သမားကို ဘယ်သူမှ မမြင်လိုက်ဘူးပေါ့”

“ဘယ်လို လုပ်ပြီး မြင်မှာလဲ။ အဲဒီတိုက်ကြီးက **နောအေး**17 ရဲ့ လှေကြီးလောက် ကြီးတဲ့ဟာကို၊ ဇာတ်လမ်းကတော့ ရှင်းနေပါပြီ”

“ကျွန်တော့်အတွက်တော့ ရှုပ်နေတုန်းပဲ ဆရာ”

ရပ်စ်ကိုလ်နီကော့ဗ်က ဦးထုပ် ကောက်ဆောင်းပြီး တံခါးဝဆီ ထသွားသည်။ သို့သော် တံခါးဝကို မရောက်။ မိုက်ခနဲ ဖြစ်သွားသည်။ သူ သတိရလာတော့ ကုလားထိုင် တလုံးတွင် ထိုင်လျက်သား ဖြစ်နေသည်။ လက်ယာဘက်မှ လူတယောက်က သူ့ကို တွဲထားသည်။ လက်ဝဲဘက်တွင် လူတယောက် ရပ်နေသည်။ လက်ထဲတွင် အဝါရောင် ရေ တဖန်ခွက်ကို ကိုင်လျက်။ နီကိုဒင်မ်ဖိုးမစ်ချ်က သူ့ရှေ့တွင် ရပ်နေသည်။ သူ့ကို စိုက်ကြည့် နေ၏။ သူက ကုလားထိုင်မှ ထရပ်လိုက်သည်။

“ဘာလဲ၊ ခင်ဗျား နေမကောင်းဘူးလား”

သံပြတ်ဖြင့် မေးသည်။

စာသင်က ဝင်ပြီး မှတ်ချက်ပေးသည်။

“သူ လက်မှတ်ထိုးတုန်းက ကလောင်တံ မနည်းကိုင်နေရတယ် ဆရာ”

ပြောပြီး သူ့ စားပွဲသို့ ပြန်သွားကာ စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသည်။ တဆက်တည်းတွင် လှမ်းမေးလိုက်သည်။

“ခင်ဗျား ဖျားနေတာ ဘယ်လောက်ကြာပြီလဲ”

“မနေ့ကတည်းက”

ရပ်စ်ကိုလ်နီကော့ဗ် တိုးတိုးဖြေသည်။

“မနေ့က ခင်ဗျား အပြင်ထွက်သေးလား”

“ထွက်တယ်”

"ဖျားနေလျက်သားနဲ့ အပြင်ထွက်တယ်၊ ဟုတ်လား"

“ဟုတ်တယ်”

“ဘယ်အချိန် ထွက်သလဲ"

“ည ခုနစ်နာရီ နောက်ပိုင်း’

“ခင်ဗျား ဘယ်သွားလဲ”

“ဒီလိုပဲ လမ်းပေါ် လျှောက်သွားနေတာပေါ့’

“အင်း... ရှင်းပါတယ်ဗျာ”

ရပ်စ်ကိုလ်နီကော့ဗ်က မေးသမျှ တိုတိုတုတ်တုတ် ဖြေသည်။ သူ့မျက်နှာမှာ ဖယောင်းရုပ်လို ဖြူဖွေးနေသည်။ စာသင်ဂါတ်စာရေးကို မျက်လုံးချင်းဆိုင်ပြီး အဖျားကြီး နေသည့် မျက်လုံးနက်များဖြင့် စိုက်ကြည့်နေသည်။

နီကိုဒင်မ်ဖိုးမစ်ချ်က -

“သူ ကောင်းကောင်း မရပ်နိုင်ဘူးကွ”

“ဟုတ်တယ် ဆရာ”

အရာရှိက တခုခုပြောမည်ပြုပြီးမှ စာသင့်ကို တချက် လှမ်းကြည့်ပြီး ခပ်မဆိတ် နေလိုက်သည်။ သူတို့နှစ်ယောက် တယောက်ကို တယောက် ကြည့်ပြီး ထူးဆန်းစွာ ငြိမ်သက်သွားသည်။ နောက်ဆုံးတွင်မှ စာသင်က -

“ကဲ… ခင်ဗျား ပြန်နိုင်ပြီလေ”

ဟု ဆိုသည်။

ရပ်စ်ကိုလ်နီကော့ဗ် အခန်းထဲမှ ထွက်လာခဲ့သည်။ သူတို့နှစ်ယောက် စိတ်လိုက် မာန်ပါ အပြန်အလှန် ဆွေးနွေးနေသံကို သူ ကောင်းကောင်း ကြားနေရသည်။ နီကိုဒင်မ်ဖိုးမစ်ချ် ၏ အသံက ပိုကျယ်လာသည်။ လမ်းပေါ်ရောက်တော့ သတိကောင်းကောင်း ပြန်ရလာသည်။

“သူတို့ လာရှာကြတော့မယ်။ ချက်ချင်း လာရှာကြမှာ။ ဒီကောင်တွေ ရိပ်မိသွားပြီ’’ ကြောက်ရွံ့စိတ်က သူ့ဦးခေါင်းမှ ခြေဖျားအထိ လွှမ်းခြုံထားလိုက်ပြီ။

※※※

"သူတို့ ရှာပြီး နေရင် ဘယ့်နှယ်လုပ်မလဲ။ ငါ အခန်းထဲမှာ ရှိနေတုန်း သူတို့ ရောက်လာရင် ဘယ့်နှယ် လုပ်မလဲ"

အခန်း ပြန်ရောက်တော့ ဘယ်သူမှ မရှိ။ ဘယ်သူမှ မလာ။ နာတာရှာပင် အခန်းထဲ မဝင်။ ဘာမှ ခြေရာလက်ရာ မပျက်။ သေလိုက်ပါတော့။ ဒီပစ္စည်းတွေ ဒီလိုနေရာမှာ ထား သွားရတယ်လို့ပဲ။

အခန်းထောင့်သို့ ပြေးသွားပြီး နံရံကပ်စက္ကူ အပေါက်ထဲကို လက်လျှိုသွင်းလိုက်သည်။ ပစ္စည်းတွေ ဆွဲထုတ်ပြီး အိတ်ကပ်တွေထဲ ထည့်သည်။ အားလုံး ရှစ်မျိုး။ စက္ကူဖာ ကလေးက နှစ်ခု။ နားကပ်တို့၊ ဘာတို့ ပါမည် ထင်သည်။ သေသေချာချာ မကြည့်မိ။ ပြီးတော့ သားရေဘူးကလေး လေးခု။ ဆွဲကြိုးတကုံးကတော့ သတင်းစာစက္ကူဖြင့် ထုပ်ထားသည်။ ယင်းအထုပ်ထဲတွင် ရွှေတံဆိပ်တခုလည်း ပါသေးသည်။ အချို့ကို ကုတ်အင်္ကျီအိတ်တွေ ထဲတွင် ထည့်သည်။ အချို့ကို ဘောင်းဘီအိတ်တွေထဲတွင် ခွဲထည့်သည်။ ဤသို့ဖြင့် အိတ်တွေ ဖောင်းကားမနေဘဲ ထူးခြားမှု မရှိတော့ပေ။ ဘယ်သူမှ သံသယမျက်လုံးဖြင့် ကြည့်ကြ တော့မည် မဟုတ်။ ပစ္စည်းများနှင့်အတူ ဆာလာအိတ်ကလေးပါ ယူလာခဲ့သည်။ အခန်းထဲမှ ထွက်လာခဲ့သည်။ သည်တခါ တံခါးမပိတ်ဘဲ ထားခဲ့၏။

မြဲမြံသည့် ခြေလှမ်းများဖြင့် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ တကိုယ်လုံး ကိုက်ခဲနေသော်လည်း သတိကောင်းကောင်း ရှိနေသည်။ တယောက်ယောက် နောက်က လိုက်နေမည်လား စိုးရိမ်နေသည်။ နာရီဝက်အတွင်း၊ ဒါမှမဟုတ် ဆယ့်ငါးမိနစ်အတွင်း သူ့ကို စောင့်ကြည့်ဖို့ အမိန့်ထုတ်နိုင်သည် မဟုတ်လား။ အချိန်ရှိတုန်း၊ သတိမချွတ်ဘဲ စဉ်းစား ဆင်ခြင်နိုင်နေတုန်း သည်ကိစ္စ အပြီးလုပ်ရမည်။ သို့သော် ဘယ်လို လုပ်ရမှာလဲ။ ဘယ်ကို သွားရမှာလဲ။

သည်လို ဆုံးဖြတ်ထားခဲ့သည်။

"အားလုံး တူးမြောင်းထဲ ပစ်ချလိုက်မည်။ အားလုံး ရေစီးကြောင်းအတိုင်း မျောပါ သွားလိမ့်မည်။ ဒါဆို ကိစ္စ ပြတ်ပြီပေါ့"

ညက အဖျားတက်နေချိန်တွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ချက်ချင်း ထပြီး လုပ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့သေးသည်။ "မြန်မြန်ထ၊ မြန်မြန်သွားပစ်လိုက်' ဒုတိယအသံက အော်ပြောနေသည်။ သို့သော် သွားပစ်ဖို့ ကိစ္စက လွယ်သည် မဟုတ်။

အက်ကာတာရင်နင်စကီ တူးမြောင်းတာရိုးပေါ်တွင်

သူလျှောက်သွားနေသည်မှာ နာရီဝက်ခန့် ရှိပြီ။ သည်ထက် ကြာချင် ကြာလိမ့်ဦးမည်။ အဆင်းလှေကားထစ် တွေ့တိုင်း စောင့်ကြည့်သည်။ သို့သော် စိတ်ကူးကို အကောင်အထည်ဖော်ဖို့ မတွေးရဲအောင် ဖြစ်နေသည်။ တူးမြောင်းထဲတွင် သစ်ဖောင်တွေ ရှိသည်။ ခဝါသည် မိန်းမတွေ ဟိုတစု၊ သည်တစု အဝတ်လျှော်နေကြသည်။ စုန်ချည်ဆန်ချည် လုပ်နေသည့် လှေတွေ၊ ရေကူးနေသူတွေနှင့် ဆိတ်ကွယ်ရာ နေရာ မရှိပေ။ လူတယောက် တနေရာတွင် ရပ်ပြီး တစုံတခု ရေထဲ ပစ်ချ လျှင် တယောက်ယောက်က မြင်မည် မုချ။ သံသယဖြစ်ကြမည် မုချ။ ပြီးတော့ ဖာကလေးတွေ၊ သားရေဘူးကလေးတွေက မြုပ်မသွားဘဲ ပေါလောပေါ်နေလျှင်ကော။ ရုတ်တရက် ပေါ်နေမှာ သေချာသည်။ လူတိုင်း မြင်ကြမည်။

ဤသို့ဖြင့် နီဗားမြစ်ဆီသို့ သွားဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ ဒီဘက်က လူပိုရှင်းသည်။ မြို့နှင့် ပိုဝေးသည်။ ရုတ်တရက် သူ့ကိုယ်သူ ပြန်ပြီး အံ့ဩမိသွားသည်။ သည်လောက် အန္တရာယ်များသည့် နေရာမှာ နာရီဝက်ကျော်ကျော် ဘာလို့ လျှောက်သွားနေရတာလဲ။

အခ်ိပ္ပာယ် မရှိ။ အချိန်တွေ ကုန်သွားပြီ။ သည်လိုလုပ်ဖို့ကို အပြင်းဖျားနေရင်း ဆုံးဖြတ်မိတာ ဖြစ်မည်။ စိတ်ထဲ နောက်ကျူရီဝေလာပြန်သည်။ သတိတွေ ချို့ယွင်းလာကြောင်း သူ့ကိုယ်သူ သိနေသည်။ အမြန်ဆုံး လှုပ်ရှားဖို့ ဆုံးဖြတ်လိုက်သည်။

နီဗားဘက်သို့ ရှုခင်းသာ လမ်းအတိုင်း လျှောက်လာခဲ့သည်။ လျှောက်နေရင်း အတွေးတခု ဝင်လာပြန်သည်။

ဘာလို့ နီဗားကို သွားမှာလဲ။ ဘာလို့ ရေထဲ ပစ်ချမှာလဲ။ ဟိုး… ပို၍ ဝေးသော တနေရာကို ဘာလို့ မသွားတာလဲ။ ကျွန်းတွေဆီကို ဖြစ်ဖြစ်ပေါ့။ သစ်တောထဲ ဖြစ်ဖြစ်ပေါ့။ ချုံပုတ်တွေအောက်မှာ တူးမြှုပ်ထားရင်ကော။ အနီးဆုံး သစ်ပင်ကြီး တပင်မှာ အမှတ်အသား လုပ်ခဲ့မယ်လေ။ အသေးစိတ် မစဉ်းစားနိုင်သေးသော်လည်း၊ စိတ်အေးလက်အေး မတွေးရ သေးသော်လည်း လောလောဆယ်တွင်တော့ သူ့ ဘာသာသူ ကျေနပ်နေသည်။

သို့သော် ကျွန်းစုဘက် သွားနေရင်း ရှုခင်းသာလမ်းပေါ်မှ မြင်ကွင်းတခုကြောင့် သူ့ အာရုံ ပြောင်းသွားသည်။ သူ့ဝဲဘက်တွင် ဝင်းခြံကြီးတခု၏ မုခ်ဝကြီးကို လှမ်းမြင်လိုက်သည်။ ဝင်း၏ နောက်ဘက်ကျကျတွင် ဆေးရောင် လွင့်ပြယ်နေသော လေးထပ်တိုက်ကြီး။ လူသူ ကင်းမဲ့နေသည့် တိုက်အိုကြီး။ ထိုတိုက်ကြီး နံဘေးတွင် လမ်းကလေး တလမ်း ရှိသည်။ တိုက်ကြီး၏ ဝင်းနံရံနှင့်အပြိုင် သစ်သားခြံစည်းရိုး တခုရှိသည်။ ခြေလှမ်း နှစ်ဆယ်လောက်

ဝင်မိလျှင် လမ်းကလေးက ဘယ်ဘက်ချိုးသွားသည်။ ပစ္စည်းဟောင်းတွေ ပုံထားသည်။ အလုပ်ရုံဟောင်း တခု ဖြစ်ဟန်တူသည်။ ပန်းပဲဖိုတခုလည်း ဖြစ်နိုင်သည်။ မီးသွေးမှုန် တွေလည်း မြေပြင်တွင် တွေ့ရ၏။ ‘ဒီနေရာမှာ ပစ်ထားခဲ့ပြီး ပြန်ထွက်သွားလည်း ရတာပဲ” ရုတ်ခြည်း ဝင်လာသောအတွေး ဖြစ်၏။ လူသူဝေးလို့ ခွေးတကောင် ကြောင်တမြီးမှ မရှိသည့် နေရာ။ ခြံစည်းရိုး တနေရာတွင် မြေဖြူဖြင့် “ဖြတ်သန်း သွားလာခြင်း မပြုရ” ဟု ရေးထားသည်။ သည့်ထက် ကောင်းသည့်နေရာ အဘယ်မှာ ရှိမည်နည်း။

ပတ်ဝန်းကျင်ကို တချက် ဝေ့ကြည့် လိုက်ပြန်သည်။ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားပြီးပြီ။ ဤတွင် ကွက်လပ်တနေရာမှ ရောမ ကျောက်တုံးကြီး တတုံး ကို လှမ်းမြင်လိုက်ခြင်း ဖြစ်သည်။ သူ ရောက်နေသည့်နေရာသည် လမ်းမပေါ်မှ လုံးဝ မမြင် နိုင်သည့် နေရာ ဖြစ်သည်။ သို့သော် တစုံတယောက် ဝင်လာနိုင်သည်။ အမြန်ဆုံး လှုပ်ရှားမှ ဖြစ်မည်။

ကျောက်တုံးကြီးကို အားစိုက်တွန်းကြည့်တော့ မဆိုသလောက် ကြွတက်လာသည်။ ကျောက်တုံးအောက်မှ တွင်းယောင်ယောင်ကလေး ဖြစ်နေသည့် နေရာသို့ ပါလာသမျှ ပစ္စည်းတွေ ပစ်ထည့်သည်။ ဆာလာအိတ်ကလေးကို အပေါ်ဆုံးမှ ဖုံးထားပြီး ကျောက်တုံးကို တဖက်မှ ပြန်တွန်းချလိုက်သည်။ နဂိုအတိုင်း ပြန်ဖြစ်သွားပြီ။ ခြေရာ မကျန်စေရန် ကျောက်တုံးပတ်ပတ်လည်ကို ခြေထောက်နှင့် လိုက်ပွတ်ပစ်လိုက်သည်။ ခြေရာလည်း ပျောက်၊ ရေလည်း နောက်သွားပြီ။

ပြန်ထွက်လာပြီး ပန်းခြံဘက်သို့ ဦးတည် လျှောက်လာခဲ့သည်။ မနက်ပိုင်းက ရဲစခန်းတွင် ရခဲ့သည့် ပြင်းထန်သော ပျော်ရွှင်မှုမျိုး ယခု ပြန်လည်ခံစားရပြန်၏။

“ဘာသဲလွန်စမှ မကျန်တော့။ ကျောက်တုံးကြီးအောက်ကို ဘယ်သူ လာတွန်း ကြည့်မှာလဲ။ လာကြည့်ဖို့ ဘယ်သူ စိတ်ကူးရမှာလဲ။ ဒီကျောက်တုံးကြီးက ရေးပဝေသဏီ ဒီတိုက်ကြီးတွေ ဆောက်ကတည်းက ရှိခဲ့တာဖြစ်မယ်။ တယောက်ယောက်က ကျောက်တုံး ကြီး လာယူလို့ တွေ့သွားလည်း ဒီပစ္စည်းတွေ ငါ လာထားတယ်လို့ ဘယ်သူ ထင်မလဲ။ ပြီးပြီ။ အားလုံး ကိစ္စပြတ်ပြီ’

တယောက်တည်း ပြောပြီး သူ ရယ်ချလိုက်သည်။ ပန်းခြံထဲ ဖြတ်လျှောက်လာ သည်အထိ သူ ရယ်နေတုန်း။ သို့သော် လွန်ခဲ့သည့် နှစ်ရက်က ဟိုမိန်းကလေးကို တွေ့သည့် နေရာရောက်တော့သူ အရယ်ရပ်သွားသည်။ အခြားအတွေးတွေ ခေါင်းထဲ ဝင်လာပြန်သည်။ စိတ်ပျက်စရာ ကောင်းသည့် အဖြစ်ကို ပြန်တွေးမိသည်။ ကောင်မလေးနှင့် ထိုင်ခဲ့သည့် ခုံတန်းကလေး။ နှုတ်ခမ်းမွေးနှင့် ရဲသား။ ကိုပက်နှစ်ဆယ် ယူသွားသည့် သူကောင့်သား။ သူ့ကို ပြန်တွေ့ဖို့ မလွယ်တော့။

သူ ဆက်လျှောက်လာခဲ့သည်။ ပတ်ဝန်းကျင်ကို မလိုတမာ စက်ဆုပ်ရွံရှာစွာ ကြည့်လျက်။ အတွေးတွေ ယောက်ယက်ခတ်နေရာမှ အရေးကြီးဆုံး အဓိကအချက်ကို မြင်လာသည်။ မလွဲမသွေ ရင်ဆိုင်ရမည့် အဖြစ်။ နှစ်လအတွင်း ပထမဆုံး ပြန်ပေါ်လာသည့် ပြဿနာ။

"အို… သွားစမ်းပါ"

ရင်ထဲတွင် မုန်းတီးစိတ်တွေ ဗလောင်ဆူလာသည်။

"အင်း… ပြန်စမယ် ဆိုရင်လည်း စပေါ့။ သူ့ကို ခေါက်ထားလိုက်စမ်းပါ။ ဘဝ အသစ် စတော့မှာပဲ။ ဘယ်လောက်များ ဆင်ခြင်တုံတရားမဲ့တဲ့ အဖြစ်လဲ။ အီလျာပီထရိုဗစ်ချ် ရှေ့မှာ ငါ အယောင်ယောင် အမှားမှားတွေ ဖြစ်ခဲ့တယ်။ တော်တော် အဓိပ္ပာယ် မရှိတာပဲ။ အို.. သူတို့နှစ်ယောက်ကို ဂရုစိုက်စရာ မလိုပါဘူး။ ဒါက ပြဿနာ မဟုတ်ပါဘူး…"

ရုတ်တရက် သူ ရပ်လိုက်သည်။ လုံးဝ မမျှော်လင့်သော၊ အလွန့်အလွန် ရိုးစင်း သော မေးခွန်းတခု။ ခေါင်းနောက်သွားသည်။ အံ့သြစရာ အတိပါလား။

"အကယ်၍ ဒီကိစ္စကြီးတခုလုံးဟာ ဆင်ကန်းတောတိုး လုပ်ခဲ့တာမျိုး မဟုတ်ဘဲ စီမံချက်နဲ့ လုပ်ခဲ့တာဆိုရင် ရည်ရွယ်ချက်၊ ဦးတည်ချက် ရှိရမှာပေါ့။ ဒါဆို ဘာလို့ ပစ္စည်းတွေ ရေထဲ ပစ်ချဖို့ စိတ်ကူးခဲ့တာလဲ။ ပြီးတော့ ဘာပစ္စည်းတွေလဲ ဆိုတာတောင် သေသေချာချာ မကြည့်ရသေးဘူး။ ဘာအဓိပ္ပာယ်လဲ"

သည်အတိုင်း ဖြစ်ပါသည်။ သည်အဖြစ်သည် အမှန်ဖြစ်ပါသည်။ ဤသည်မှာ သူ့ကိုယ်သူ ပြန်မေးရမည့် မေးခွန်း ဖြစ်နေသည်။ ပစ္စည်းတွေ ရေထဲပစ်ချဖို့ ဆုံးဖြတ်သည့် ညက သေသေချာချာ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ သည်လို လုပ်ရန်မှတပါး အခြား မရှိတော့ သည့် အခြေအနေမျိုးဟု ထင်ခဲ့သည်။ ဟုတ်တယ်။ အဲဒါတွေ အားလုံး မှတ်မိနေတာပဲ။

နောက်ဆုံးတွင် ဖွတ်ကောက်ချက် ချလိုက်သည်။

"ငါ အရမ်းအဖျားကြီးနေလို့ ဒီလို ဆုံးဖြတ်မိတာ။ ဖိစီးမှုက မတရား များနေလို့ပေါ့။ ငါ့ကိုယ်ငါ နှိပ်စက်နေတာ၊ ငါ့ကိုယ်ငါ ဘာလုပ်နေတယ် ဆိုတာ မသိဘူး။ မနေ့ကရော ဟိုတနေ့ကပါ။ အို… တချိန်လုံး ငါ့ကိုယ်ငါ နှိပ်စက်နေတာ။ ငါ နေကောင်းလာတော့မှာ။ ငါ ဒီလို မလုပ်တော့ဘူး။ အဲ… ငါ ပြန်နေမကောင်းဘူး ဆိုရင်ကော၊ ဒုက္ခပါပဲ။ အားလုံးကို ငါ စိတ်ကုန်နေပြီ"

သူ မရပ်မနား ဆက်လျှောက်သွားသည်။ ချက်ချင်း နားပစ်လိုက်ချင်သည်။ သို့သော် ဘယ်လိုလုပ်ရမှန်း သူမသိ။ အာရုံသစ်တခု သူ့ခေါင်းထဲ

အတင်းဝင်လာသည်။ ပတ်ဝန်းကျင်မှာ မြင်မြင်သမျှတို့သည် ရွံစရာ အနိဋ္ဌာရုံတွေချည်းဟု စိတ်ထဲ ထင်လာသည်။ တွေ့သမျှ လူတွေ အားလုံးကို သူ မုန်းနေသည်။

သူတို့မျက်နှာတွေ၊ သူတို့လမ်းလျှောက်ပုံတွေ အားလုံးကို သူမုန်းသည်။ တယောက်ယောက်ကများ သူ့ကို လာစကားပြောလျှင် တံတွေးနှင့် ထွေးဖြစ်လေမလား၊ ဖက်ကိုက်မိလေမည်လား မပြောတတ်။ တာရိုးပေါ်တက်ပြီး ဗာဆီလက်ဗ်စကီကျွန်းရှိရာ နီဗားမြစ်လက်တက်ကလေး ဆီသို့ ဆက်လျှောက်သွားသည်။ တံတားထိပ် ရောက်တော့ ရုတ်တရက် သူ ရပ်လိုက်သည်။ “ဟိုအိမ်ကြီးမှာ သူ နေတာပဲ။ အင်း... မထင်ဘဲနဲ့ ရာဇူမီခင်ဆီ ရောက်လာတာ ပါလား။ ဇာတ်လမ်းဟောင်းများ ပြန်လည်ဆန်းသစ်လာသလိုပါလား။ ငါ ဒီနေရာကို တကယ် လာချင်တာလား၊ လှည့်ပြန်သွားရမှာလား။ ဘာထူးမှာလဲ။ လွန်ခဲ့တဲ့ နှစ်ရက်က သူ့ကိုငါ သွားတွေ့ရမှာ။ ဟိုကိစ္စ မဖြစ်ခင်လေ။ ခုတော့ သွားလို့ ဖြစ်ပါတော့မလား’

သို့သော် ငါးထပ်ရှိ ရာဇူမီခင်၏အခန်းကို သူ တက်နေပြီ။ အခန်းထဲတွင် သူ ရှိနေသည်။ စာထိုင်ရေးနေသည်။ တံခါး ထဖွင့်ပေးသည်။ သူတို့နှစ်ယောက် မတွေ့သည်မှာ လေးလ ရှိပြီ။ ရာဇူမီခင်က တံခါးဝတွင် ရပ်ပြီး ကြောင်နေသည်။ ဝတ်ရုံအစုတ်ကြီး ဝတ်ထား၏။ ခြေအိတ် မပါဘဲ ဖိနပ်စီးထားသည်၊ ရေမချိုး၊ မုတ်ဆိတ် မရိတ်သည်မှာ ကြာပြီ ထင်သည်။

သူက ဝင်လာသည့် သူငယ်ချင်းကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး ကြောင်နေရာမှ လေချွန်လိုက်သည်။

“ကြည့်စမ်း၊ ဘယ်လို... ဘယ်လို... မောင်ရင့် ကြည့်ရတာ ကိုယ့်ထက်တောင် အခြေအနေ ဆိုးနေပုံပဲ”

စုတ်ပြတ်သတ်နေသည့် ရပ်စ်ကိုလ်နီကော့ဗ်၏ အဝတ်အစားတွေကို ကြည့်ပြီး သူ ဆက်ပြောသည်။

“လာ ထိုင်လေ၊ ပင်ပန်းလာတယ် မဟုတ်လား”

သူ့အိပ်ရာ ဆိုဖာထက် အခြေအနေဆိုးသည့် ဆိုဖာအစုတ်ကြီး ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ရာဇမီခင်က ချက်ချင်း တန်းသိလိုက်သည်။ သူငယ်ချင်း ဖျား လာပြီ။

“ဟာ... မောင်ရင် အရမ်းဖျားနေပါလား။ ကိုယ့်ကိုယ်ကိုယ်ကော သိရဲ့လားဟင်”

သူက ပြောပြောဆိုဆို ရပ်စ်ကိုလ်နီကော့ဗ်၏ လက်ကောက်ဝတ်ကို ဖမ်းကိုင် လိုက်သည်။ လူမမာက လက်ကို အတင်းပြန်ဆွဲလိုက်ပြီး-

"ဟေ့... မလုပ်နဲ့။ ငါလာတဲ့ ကိစ္စက... ပြဿနာက ငါ ကျူရှင် မပြနိုင်တော့ဘူး။ ငါ အလုပ် ပြန်လုပ်ချင်တယ်ကွာ။ ဒါပေမဲ့ စာသင်တဲ့အလုပ် မလုပ်ချင်တော့ဘူး"

"ဟေ... ဒီမယ်၊ မင်းပြောတာတွေ အမြီးအမောက် မတည့်တော့ဘူး သူငယ်ချင်း။ မင်း အရမ်းဖျားနေတယ်ကွ"

သူ့ကို သေသေချာချာ ကြည့်ပြီး ရာဇူမီခင်က ပြောလိုက်သည်။

"ငါ တကယ် ပြောတာကွ"

ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာပေါ်မှ ထလိုက်သည်။ အပေါ်ထပ်သို့ စိတ်မှတ်မဲ့စွာ တက်လာခဲ့သော်လည်း ရာဇူမီခင်နှင့် မျက်နှာချင်းဆိုင် တွေ့လိမ့်မည် မထင်ခဲ့။ စင်စစ် ဘယ်သူနှင့်မှ သူ မတွေ့ချင်။ သည်ကမ္ဘာကြီးထဲ ရှိသမျှ လူတွေနှင့် မတွေ့ချင်။ ရင်ထဲမှ ဒေါသတွေ လှိုင်းထလာပြန်သည်။ သူ့ကိုယ်သူ ဒေါသထွက်နေခြင်း ဖြစ်သည်။

"သွားတော့မယ်ကွာ"

တံခါးဝကို လျှောက်သွားရင်း သူ နှုတ်ဆက်သည်။

"ဟေ့... နေဦးလေကွာ၊ မင်းဟာက ဘာသဘောလဲကွ။ တယ်ခွကျတဲ့ ကောင်ပဲ"

ပြောပြောဆိုဆို လက်ကို လှမ်းဆွဲတော့ ရပ်စ်ကိုလ်နီကော့ဗ် အတင်းရုန်းပြန်သည်။

"ပြန်မယ်ကွာ"

"ဒါဆို မင်း ဘာလို့ လာသေးလဲ။ မင်း တော်တော်ကြောင်ပါလား၊ ငါ စိတ်မကောင်း ဘူး သူငယ်ချင်း။ မင်းကို ဒီအတိုင်း ငါ ပြန်မလွှတ်နိုင်ဘူး"

"ဒီမယ် နားထောင်၊ မင်းဆီ ငါလာခဲ့တာက မင်းကလွဲပြီး ကူညီမယ့်သူ ဘယ်သူမှ မရှိလို့ပဲ။ အစက ပြန်ကောက်ရရင် မင်းဟာ ငါ့ကို နားလည်တဲ့ တဦးတည်းသော သူငယ်ချင်း မို့ပဲ။ မင်းက တော်တယ်။ ငါနဲ့ စကားပြောလို့ ရတယ်။ ဒါပေမဲ့ ခုတော့... ငါ ဘာမှ မလိုတော့ဘူး။ ဘယ်သူ့ အကူအညီမှ မလိုတော့ဘူး၊ တော်လောက်ပြီ။ မင်းတို့အားလုံးနဲ့ အကင်းဆုံး နေမယ်"

“ဟာ… သေတော့မှာပဲ။ မင်း တကယ် ရူးနေပြီလားကွာ။ မင်း ကြိုက်တာ လုပ်ပါ။ ကြိုက်သလို နေပါ။ ငါ ပြောတာလေးလည်း နားထောင်ပါဦး။ ငါ ခု စာမသင်တော့ဘူး။ အပေါင်းဈေးမှာ စာအုပ်ဆိုင် တဆိုင် ရှိတယ်။ ပိုင်ရှင်က ချာရူဘီမော့ဇ်တဲ့။ သူလည်း ကျူရှင် ဆရာပဲ။ သူက ထုတ်ဝေရေးလည်း အနည်းအကျဉ်း လုပ်တယ်။ သဘာဝသိပ္ပံ စာအုပ်ကလေး တွေစမ်းထုတ်နေတယ်။ ရောင်းရလား၊ မရောင်းရဘူးလား တော့မသိဘူး။ ခပ်ကြောင်ကြောင် ခေါင်းစဉ်တွေနဲ့ကွ။ 'မိန်းမဟူသည် လူ ဟုတ်၊ မဟုတ် ဆန်းစစ်ခြင်း' တို့ ဘာတို့ပေါ့။ ငါ သူ့အတွက် ဂျာမန်ကနေ ရုရှားဘာသာ ပြန်ပေးနေတယ်။ နှစ်မျက်နှာခွဲကနေ ခြောက်မျက်နှာ လောက် ရှိတယ်။ အဲဒါကို အကျဉ်းချုံး၊ ဖြီးဖြန်းပြီး ဘာသာပြန်လိုက်တာပေါ့ကွာ။ တရွက်ကို ခြောက်ရူဘယ်ကြီးများတောင် ပေးတယ် မောင်။ ဒါပြီးရင် ဝေလငါးအကြောင်း ပေးမယ်တဲ့။ ပြီးတော့ တော်တော် ပျင်းစရာကောင်းတဲ့ Confessions ဒုတိယပိုင်း ပြန်မယ်။ တယောက် ယောက်က ချာရူဘီမော့ဇ်ကို ပြောတယ်တဲ့။ ရူးဆိုးဟာ **ရက်ဒီရှက်ဇ်**[18] နဲ့ တူတယ်တဲ့။ အဲဒါတွေ ငါ မငြင်းချင်ပါဘူး။ သူ့ဘာသာသူ ဘယ်သူနဲ့ တူတူပေါ့။ ကဲ… မင်း 'မိန်းမ လူ ဟုတ်၊ မဟုတ်' ဒုတိယပိုင်း ပြန်မလား။ လုပ်မယ်ဆိုရင် စာရွက်ရော၊ ကလောင်ပါ ယူသွား။ သူက အားလုံး ပေးတယ်။ ငါ ခြောက်ရူဘယ် ယူထားတယ်။ မင်း သုံးရူဘယ် ယူသွား။ ပြီးရင် ခြောက်ရူဘယ် ထပ်ရဦးမယ်။ တို့ တယောက် တဝက်ပေါ့။ တခု ရှိတယ်။ မင်းကို ငါ ကူညီ တာ မဟုတ်ဘူးနော်။ အစကတည်းက မင်းနဲ့ တွဲလုပ်မယ်လို့ စိတ်ကူးထားတာ။ မင်း ရောက် လာတာ အတော်ပဲ။ ငါက သတ်ပုံလည်း မမှန်ဘူး။ ဂျာမန်ဘာသာလည်း မင်းလောက် မကောင်းဘူး၊ ဒါကြောင့် မင်းကို အားကိုးရမှာ။ ကဲ… လုပ်မယ် မဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ်က ဘာမှမပြောဘဲ မူရင်းဂျာမန် ဆောင်းပါးနှင့် သုံးရူဘယ်ကို လက်ခံသည်။ ပြီးတော့ နှုတ်မဆက်ဘဲ ထွက်သွားတော့သည်။ ခဏနေတော့ ပြန်ရောက်လာပြီး စာရွက်တွေနှင့် ပိုက်ဆံသုံးရူဘယ်ကို စားပွဲပေါ်ချပြီး ဘာမှမပြောဘဲ ပြန်ထွက်သွားသည်။

“ဟာ… ဒုက္ခပါပဲ။ မင်း အဖျားပိုး ဦးနှောက်ထဲ ရောက်သွားပြီ ထင်တယ်။ ဘာ အဓိပ္ပာယ်လဲ။ မင်း ဘာလို့ ငါ့ဆီ လာတာလဲ”

“ငါ… ငါ… ဘာသာမပြန်ချင်ဘူး”

ပြောပြောဆိုဆို လှေကားထစ်တွေကို နင်းဆင်းသွားတော့သည်။ ရာဇူမီခင်က အပေါ်မှ အော်ပြောသည်။

“ဒါဆို မင်း ဘာလုပ်ချင်တာလဲ’

ဘာမှ ပြန်မဖြေဘဲ ဆက်ဆင်းသွားသည်။

"ဟေး... မင်း ခု ဘယ်မှာနေနေတာလဲ"

ဘာမှ ပြန်မပြော။ ရာဇူမီခင်တယောက်တည်း စိတ်တိုကျန်ရစ်သည်။

"သေလိုက်ပါတော့ကွာ"

ရပ်စ်ကိုလ်နီကော့ဗ် အပြင်ရောက်နေသည်။ နီကိုလက်စကီတံတားပေါ် ရောက်တော့ သူ သတိပြန်ဝင်လာသည်။ အလွန် မနှစ်မြို့ဖွယ်ကောင်းသည့် အဖြစ်ဆိုးတခုကြောင့် သူ ဘယ်ရောက်နေမှန်း သိသွားခြင်း ဖြစ်သည်။

ရထားသမားက သူ့ကို သုံးလေးခွန်း အော်ပြီး လမ်းဖယ်ပေးဖို့ သတိပေးသည်။ နောက်ဆုံး မြင်းခွာအောက် ရောက်လုဆဲဆဲတွင်မှ သူ့ကို ရထားသမားက ကျာပွတ်ဖြင့် လှမ်းရိုက် ချလိုက်ရတော့သည်။ သည်တွင်မှ ကျောထဲက ပူခနဲ ဖြစ်သွားပြီး သူ လမ်းဘေး ခုန်တက် လိုက်သည်။ လမ်းလယ်ကောင် တည့်တည့်တွင် သူ လျှောက်နေမှန်း သူ မသိ။ သည်တော့မှ လူတွေ ဝိုင်းရယ်သံကို သူ သတိထားမိလိုက်သည်။

"မူးနေသလား မသိဘူး"

"ရူးနေတာ ထင်တယ်"

"တချို့ကလည်း မူးချင်ယောင်ဆောင်ပြီး တမင် လှည်းဘီးအောက် လှဲချတယ်။ ရထားသမား အမှုပတ်ရောပဲ"

သူက တံတားလက်ရန်းကို မှီပြီး ကျောကို ပွတ်နေသည်။ မောင်းထွက်သွားသော ရထားကို နောက်မှ ဒေါသတကြီး လိုက်ကြည့်နေစဉ် တစုံတယောက်က သူ့လက်ထဲသို့ ပိုက်ဆံထည့်သွားသည်။

မောကြည့်လိုက်တော့ အမျိုးသမီးကြီးတယောက်။ ဝတ်ကောင်းစားလှနှင့်။ နံဘေးတွင် သူ့သမီး ဖြစ်ဟန်တူသည့် ကလေးမလေးတယောက်။ ထီးအစိမ်းကလေး ကိုင်လျက်။ ဆောင်းထားသည့် ဦးထုပ်က သေးသေးလေး။

"ယူလိုက်ပါကွယ်နော်။ ခရစ်တော်ကို ရည်စူးပြီး အဒေါ် ဒါနပြုတာပါ"

သူက ယူထားလိုက်သည်။ သားအမိနှစ်ယောက် ဆက်လျှောက်သွားကြသည်။ လက်ဝါးဖြန့် ကြည့်လိုက်သည်။ ကိုပက်နှစ်ဆယ် အကြွေစေ့ကလေး။ သူ့အဝတ်အစား တွေကို ကြည့်ပြီး သူတောင်းစား ထင်သွားပုံ ရသည်။

"ဟင်... ဒါပေမဲ့ လမ်းပေါ်က သူတောင်းစားတွေကို ကိုပက်ဝက်လောက်ပဲ

ပေးကြတာပါ။ သိပြီ။ အရိုက်ခံရလို့ သနားပြီး ပိုပေးသွားတာ ဖြစ်မယ်”

အကြွေစေ့ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဆက်လျှောက်သည်။ ဆယ်လှမ်းလောက် လျှောက်ပြီးတော့ နီဗားမြစ်ဘက်ကို မျက်နှာမူလိုက်သည်။ **ရွှေနန်းတော်**19 ရှိရာဘက်။ ရာသီဥတုမှာ ကြံ့တောင့်ကြံ့ခဲ ကြည်လင်နေသည်။ ကောင်းကင်တွင် တိမ်တမျှင် တစမျှ မရှိ။ မြစ်ရေပြင်သည် ပကတိ အပြာရောင် တောက်နေသည်။ ဘုရားရှိခိုးကျောင်း လိပ်ခုံး အမိုးကြီးကို သည်နေရာကလောက် ကျယ်ကျယ်ပြန့်ပြန့် မြင်ရသည့် အခြားနေရာ မရှိ။ စုလစ်မွမ်းချွန်တွေကို အသေးစိတ် မြင်နိုင်သည့် နေရာ ဖြစ်သည်။ ကျောက ကျာပွတ်ဒဏ်ရာ သက်သာသွားပြီ။ သည်အကြောင်း သူ လုံးဝ မေ့သွားပြီ။ စိတ်အနှောင့်အယှက် ဖြစ်စရာ တခု ခေါင်းထဲ ဝင်လာသည်။ သိသိသာသာ ဝင်လာခြင်းဖြစ်သော်လည်း ဘာရယ်လို့ သူ တိတိကျကျ မပြောနိုင်။ ရပ်ပြီး ဟိုးအဝေးသို့ ငေးကြည့်နေသည်။ သည်နေရာသည် သူနှင့် ရင်းနှီးပြီးသားနေရာဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက အိမ်အပြန် သည်နေရာတွင် ရပ်ပြီး ငေးနေကျ။ အလွန်လှသည့် မြင်ကွင်းကျယ် ရှုခင်း ဖြစ်သည်။ အံ့သြစရာ ကောင်းသည်မှာ သည်နေရာ ရောက်လို့ သည်ရှုခင်းကို ရပ်ကြည့်မိတိုင်း အမည်မဖော်နိုင်သည့် ခံစားမှု တမျိုးဖြင့် ရင်ထဲတွင် လှုပ်ခါသွားတတ်သည်။ ကျောထဲ စိမ့်သွားတတ်သည်။ ရှုခင်းသည် ရပ်ငြိမ် အသံတိတ်ကာ ချောက်ချားစရာ ဖြစ်လာပြီး ထူးဆန်းသည့် အသွင်သို့ ပြောင်းသွား တတ်သည်။ ထိုအခါ ကိုယ့်ကိုယ်ကိုယ် မယုံကြည်သလို ဖြစ်လာပြီး အို... ဘာမှန်းမသိတဲ့ ကိစ္စ နောက်မှ ရှင်းမယ်ဆိုပြီး ရွှေ့ထားလိုက်သည်ချည်း။

ယခု မမျှော်လင့်ဘဲ သည်အကြောင်း ရုတ်တရက် ပြန်မြင်လာသည်။ ရယ်ချင်စိတ် ပေါက်လာ၏။ တပြိုင်တည်းတွင် ရင်ထဲ တင်းကျပ်လာသည်။ ဟိုတုန်းက အတိတ်၊ ဟိုတုန်း က အတွေးအမြင်၊ ပြီးတော့ သည်မြင်ကွင်းကျယ် ရှုခင်း၊ ပြီးတော့ မိမိကိုယ်တိုင်။ အားလုံး အားလုံး ဟိုးအဝေးကြီးက အနိမ့်ပိုင်းဆီသို့ လွင့်မျောသွားကာ တဖြည်းဖြည်း မှုန်ဝါးသွား သည်ဟု စိတ်ထဲ ထင်လိုက်သည်။ ရံခါတွင်လည်း ဟိုးအမြင့်ကြီးသို့ ပျံတက်သွားပြီး မြင်ကွင်း ထဲမှ ပျောက်ကွယ်သွားသလို ခံစားရသည့် အခါမျိုးလည်း ရှိ၏။ အမှတ်မထင် လက်ကို လှုပ်လိုက်တော့ လက်သီးဆုပ်ထဲမှ အကြွေစေ့ကို သတိရလိုက်သည်။ လက်ဝါးဖြန့်ပြီး ခဏစိုက်ကြည့်သည်။ ပြီးတော့ ရေထဲ ပစ်ချလိုက်သည်။ နောက်မှ အိမ်ဘက် လှည့်ပြန်လာ ခဲ့သည်။ ထိုတဒင်္ဂတွင် ပတ်သက်ခဲ့သမျှ လူတိုင်း လူတိုင်း၊ အရာတိုင်းအား ကတ်ကြေးနှင့် ညှပ်လိုက်သလို တိခနဲ ပြတ်သွားသည်ဟု စိတ်ထဲ ထင်လိုက်၏။

ညနေပိုင်းကျမှ အိမ်ပြန်ရောက်သည်။ ခြောက်နာရီလုံးလုံး လမ်းလျှောက်နေခဲ့ ခြင်းပါလား။ ဘယ်တွေ ရောက်ခဲ့လို့ ဘယ်လို ပြန်ရောက်လာမှန်း

သူ မသိ။ ဘာမှ မမှတ်မိ။ အဝတ်တွေ ချွတ်လိုက်တော့ တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ဆိုဖာပေါ် ပစ်လှဲပြီး ကုတ်ရှည်အဟောင်းကြီး ဆွဲခြုံလိုက်သည်။ ချက်ချင်းပင် လေးလံသည့် အမှောင်ထုကြီးက သူ့ကို ဝါးမျိုပစ်လိုက်တော့သည်။

သတိပြန်ရလာချိန်တွင် မှောင်နေပြီ။ ဆူဆူညံညံ အသံဗလံတွေ ပွက်လောရိုက် လို့ပါလား။ တခါမှ သည်လို မဆူဖူးပါဘူး။ ထူးထူးဆန်းဆန်း မကြားဖူးသည့် အသံတွေ၊ အူသံတွေ၊ဟောင်သံတွေ၊ ဆွဲဖြဲသံတွေ၊ ထုရိုက်သံတွေ၊ ဆဲဆိုသံတွေ။သည်လိုကြောက်မက်ဖွယ် ရိုင်းစိုင်းသည့် အသံမျိုး တသက်နှင့် တကိုယ် မကြုံဖူးခဲ့။ ကြောက်ကြောက်လန့်လန့်နှင့် ဆိုဖာပေါ်ထထိုင်လိုက်သည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။ ရန်ပွဲသံ၊ အော်ဟစ်သံတွေက ပိုကျယ်လာသည်။ အိမ်ရှင်အမျိုးသမီး အသံပါကြားတော့ သူ ပိုလန့်သွားသည်။ အမျိုးသမီး က ငယ်သံပါအောင် အော်နေသည်။ ဘာတွေ အော်ပြောနေမှန်း မသိ။ တစုံတယောက် ကို ငိုယိုတောင်းပန်နေသံဟု ထင်သည်။ လှေကားတွင် သူ ရက်ရက်စက်စက် အရိုက်ခံရဖူးသည်။ အမျိုးသမီးကို ရိုက်နှက်နေသည့် လူ၏ ဒေါသတကြီး အော်သံ ကြားတော့ ရပ်စ်ကိုလ်နီကော့ဗ် ကျောထဲ စိမ့်သွားသည်။ ရဲစခန်းက အီလျာပီထရိုဗစ်ချ် အသံ။ ဘာတွေ ဖြစ်နေတာလဲ၊ ကမ္ဘာကြီး ပျက်စီးသွားပြီလား။ အထပ်တိုင်းမှ လူတွေ ထွက်ကြည့်ပြီး ကြောက်အားလန့်အား အော်သံတွေလည်း ကြားရ၏။ အထိတ်တလန့်နှင့် လှေကားပေါ် ပြေးတက်လာသံများ၊ တံခါးထုသံများလည်း ကြားနေရသည်။

"ဒီကိစ္စ၊ ဒီကိစ္စနဲ့ ငါ့ဆီကို သူတို့ လာကြတာလား။ မနေ့က... အို... ဘုရားသခင်..." တံခါးချိတ်ကို လှမ်းချိတ်ဖို့ ကြိုးစားသည်။ သို့သော် လက်မမြှောက်နိုင်။ မြှောက်လို့ ရလျှင်လည်း ချိတ်နိုင်မည် မထင်။ သူ့လက်တွေ အေးစက်ထုံကျဉ်နေသည်။ သူ့ ဝိညာဉ် တခုလုံး ကြောက်ရွံ့ခြင်းဝေဒနာဖြင့် အေးခဲနေပြီ။ အခန်းရှင်၏ ညည်းညူသံ ကြားနေရဆဲ။

အီလျာပီထရိုဗစ်ချ်၏ ဆူပူကြိမ်းမောင်းနေသံကိုလည်း ကြားနေရဆဲ။ တဖြည်းဖြည်းနှင့် ဆူသံပူသံတွေ ငြိမ်သွားသည်။ ရဲစာသင်၏ အသံလည်း တိတ်သွားသည်။ တံခါးပိတ်သံ ကြားလိုက်၏။ အခန်းပေါင်းစုံမှ လူတွေလည်း ကိုယ်စီ ပြန်ဝင်သွားပြီ ထင်၏။ တယောက် တပေါက် ဝေဖန်သံတွေ၊ တီးတိုးစကားသံတွေ တိတ်သွားပြီ။

"လူသံတွေက အများကြီး။ တတိုက်လုံး ထွက်လာပြီး ဒီလှေကားကို ရောက်လာ တာ ဖြစ်မယ်"

"ဘုရားသခင်... ဘုရားသခင်၊ ဖြစ်နိုင်ပါ့မလား။ သူတို့က ဘာလို့ ဒီကို

ရောက်လာ ရတာလဲ”

ခြေကုန်လက်ပန်းကျပြီး ဆိုဖာပေါ်လဲကျသွားပြန်သည်။ သို့သော် မျက်စိမှိတ်၍ မရတော့။ အတိုင်းအဆ မရှိသည့် ကြောက်ရွံ့ထိတ်လန့်မှု ဝေဒနာကို နာရီဝက်ခန့် အလူး အလဲ ခံနေရသည်။ တသက်နှင့်တကိုယ် တခါမှ သည်လို မဖြစ်ဖူးခဲ့။ ရုတ်ခြည်း အခန်း ထဲတွင် လင်းသွားသည်။ နာတာရှာ ဝင်လာခြင်း ဖြစ်သည်။ လက်တဖက်က ဖယောင်းတိုင်၊ တဖက်က စွပ်ပြုတ်ပန်းကန် ကိုင်လျက်။ အိပ်ပျော်နေသလား၊ နိုးနေသလား မသိဟန်ဖြင့် သူ့ကို ငုံ့ကြည့်သည်။ ပန်းကန်နှင့် ဖယောင်းတိုင်ကို စားပွဲပေါ်တွင် နေရာချသည်။ ပန်းကန် ထဲတွင် စွပ်ပြုတ်အပြင် မုန့်နှင့် ဇွန်း၊ ဆား အားလုံး ပါသည်။

“မနေ့ကတည်းက ဘာမှ မစားရသေးဘူး မဟုတ်လား။ တနေကုန် ဘယ်လျှောက် အလေလိုက်နေတာလဲ။ ခု ဖျားနေပြီ။ ဆတ်ဆတ်တုန်နေပြီ”

“နာတာရှာ၊ သူတို့ ဘာလို့ အိမ်ရှင်မမကို ရိုက်တာလဲ”

နာတာရှာက သူ့ကို မျက်မှောင်ကုတ်ကြည့်သည်။

“ဘယ်သူက ဘယ်သူ့ကို ရိုက်လို့တုံး။ ပေါက်ပေါက်ရှာရှာ။ ဘာတွေ လျှောက် ပြောနေတာလဲ”

“ခုတင်ကပဲလေ။ နာရီဝက်လောက်ကြာတယ်။ အီလျာပီထရိုဗစ်ချ်လေ။ ရဲစာသင်လည်း ပါတယ်လေ။ သူ ဒီ လှေကားပေါ် ရောက်လာတယ်။ ဘာပြုလို့ အခန်းရှင်မမကို ရိုက်တာလဲ။ သူက ဘာလို့ ဒီကို ရောက်လာတာလဲ”

နာတာရှာက ဘာမှ မဖြေဘဲ နဖူးရေတွန့်ပြီး သူ့ကို စိုက်ကြည့်နေသည်။ သူ အနေရ ကျပ်လာသည်အထိ အကြာကြီး ငုံ့ကြည့်နေသည်။

“ပြောလေ နာတာရှာ။ ဘာပြုလို့ စကားမပြောတာလဲ”

နောက်ဆုံး အားနည်းလွန်းသည့် အသံဖြင့် တိုးတိုး ပြန်မေးသည်။

နာတာရှာက သူ့ကိုယ်သူ ပြောသည့် လေသံဖြင့်-

“အဲဒါ သွေး...သွေး...”

“ဗျာ... သွေး၊ ဟုတ်လား။ ဘာသွေးလဲ"

သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ နံရံဘက် တိုးကပ်လိုက်၏။ နာတာရှာ က သူ့ကို စောင့်ကြည့်နေသည်။

"ဘယ်သူမှ ကျုပ် သခင်မ ပရပ်စ်ကိုဗယာကို မရိုက်ပါဘူး တော်" သူက အသက်မရှူရဲဘဲ နာတာရှာ့ကို မော့ကြည့်နေသည်။

"ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားတာပဲဗျ။ ကျွန်တော် မအိပ်ဘူး၊ ထိုင်နေတာ။ အကြာကြီး နားထောင်နေတာ။ ရဲစာသင် ဒီကို ရောက်လာတယ်။ လှေကား ထဲမှာ ပွက်လောရိုက်နေတာပဲ"

"ဘာမှ ပွက်လောမရိုက်ဘူး။ တတိုက်လုံး တိတ်ဆိတ်လို့။ အဲဒါ သွေး၊ သွေးလန့်တာ။ အဖျားကြီးလို့ ငန်းဖမ်းပြီး ကယောင်ချောက်ချားတွေ မြင်တာ၊ ကြားတာ။ ကဲ ... မစားဘူး လား၊ စားမလား"

သူ မဖြေ။ နာတာရှာက ရပ်ပြီး သူ့ကို ဆက်အကဲခတ်နေသည်။ "နာတာရှာစကာ၊ ကျွန်တော့်ကို ရေနည်းနည်း ပေးပါဗျာ"

နာတာရှာထွက်သွားပြီး နှစ်မိနစ်အတွင်းရေတကောင်းနှင့် ပြန်ရောက်လာသည်။ နောက်ပိုင်း ဘာဖြစ်သည်ကို သူ မသိတော့။ ရေတကောင်းမှ ရေအေးအေးကို မော့ချလိုက်သည်။ ရင်ဘတ်ပေါ် လျှံကျသွားသည်ကိုသာ နောက်ဆုံး မှတ်မိလိုက်သည်။ ပြီးတော့ လုံးဝ သတိလစ်သွားတော့သည်။

※※※

ဖျားနေသည့်ကာလ တလျှောက်လုံး သတိလစ်နေသည်တော့ မဟုတ်။ အဖျားကျလာသည့် အခါ သတိပြန်ဝင်လာသည်။ ပြီးတော့ ပြန်မေ့သွားပြန်သည်။ ဤသို့ဖြင့် စုလိုက်တော့ အချို့ကို သူ မှတ်မိသည်။

လူတွေ အများကြီး ရောက်လာပြီး သူ့ကို တနေရာ ခေါ်သွားဖို့ ပြင်ဆင်ကြသည်။ သူတို့အချင်းချင်း ငြင်းကြ၊ ခုံကြသည်။ သူ တယောက်တည်း အခန်းထဲတွင် ကျ ရစ်ခဲ့ပြန်သည်။ အခန်းထဲတွင် ဘယ်သူမျှ မကျန်ရစ်တော့။ သူ့ကို သူတို့ ကြောက်နေကြသည်။ တံခါးကို အသာလေးဖွင့်ပြီး ချောင်းကြည့်ကြသည်။ သူ့ကို ခြိမ်းခြောက်သည့်အခါ၊ နောက် ပြောင်သည့် အခါများလည်း ရှိသည်။ သူ့အတွက် တခုခုလုပ်ဖို့ ကျိတ်ပြီး စီစဉ်နေကြပုံရသည်။ နာတာရှာကတော့ မကြာမကြာ ရောက်လာသည်။ သူနှင့်အတူ အခြား တယောက် လည်း ပါလာတတ်သည်။ ရင်းရင်းနှီးနှီး သိတဲ့လူ။ သို့သော် ဘယ်သူပါလိမ့်၊ မသဲကွဲတော့။ ထိုလူက ရှုံ့ကြီးတင်င ပိုသည်ကိုတော့ မှတ်မိသည်။ ရုံခါတွင် အိပ်ရာထဲ လဲနေသည်မှာ လနှင့်ချီ ကြာပြီ ထင်နေ၏။ ရုံခါတွင်တော့ တရက်တည်းဟု အောက်မေ့သည်။ အဲ... နေပါဦး၊ ဒါဆို... ဟိုကိစ္စက... သူ လုံးဝ မေ့နေခဲ့သည်။ မေ့မထားသင့်သည့် ကိစ္စများကို ူ အားလုံး မေ့နေခဲ့သည်။ သတိရစရာများကို ပြန်စဉ်းစားသည့်အခါ အလွန်ပင်ပန်းသည်။ မနည်း အားစိုက်ရသည်။ ထိုအခါ နှလုံးသွေးပျက်လုခမန်း ကြောက်စိတ်တွေ ဝင်လာသည်။ ကိုယ့်ကိုယ်ကိုယ် ဆွဲဆုတ်ပစ်ချင်သည်။ ထွက်ပြေးချင်သည်။ သို့သော် တစုံတယောက်က သူ့ကို အမြဲတားနေသည်။ ခွန်အားသုံးပြီး အတင်းတားခြင်း ဖြစ်သည်။ ဤတွင် ချည့်နဲ့စွာဖြင့် မေ့မြောသွားပြန်သည်။ နောက်ဆုံးတွင်တော့ လုံးဝ သတိလည်လာသည်။ သူ့အခြေ အနေ ကို သူ သိလာသည်။

အချိန်မှာ မနက် ဆယ်နာရီ။ ညာဘက်နံရံတွင် နေရောင်ခြည် အလင်းတန်းများ ခပ်စောင်းစောင်း ဝင်လာနေချိန်။ အိပ်ရာနံဘေးတွင် နာတာရှာ ရပ်နေသည်။ သူ့ဘေးတွင် လူတယောက်။ သူ့ကို စိုးရိမ်တကြီး ငုံ့ကြည့်နေသည့် လူငယ်တယောက်။ အင်္ကျီရှည်ရှည် ပွပွကြီးနှင့်။ မုတ်ဆိတ်မွေးက ခပ်တိုတို။ ပုံစံက ကုမ္ပဏီ အရောင်းကိုယ်စားလှယ် တယောက်နှင့် တူသည်။ အိမ်ရှင်အမျိုးသမီးက တံခါးဝမှ စကားလှမ်းပြောနေသည်။ ရပ်စ်ကိုလ်နီကော့ဗ် က ခေါင်းနည်းနည်း ထောင်ပြီး လူစိမ်းကို ကြည့်မေးသည်။

"သူက ဘယ်သူလဲ နာတာရှာ'

နာတာရှာက ဝမ်းသာအားရ အော်ပြောသည်။

“ဟော …သူ သတိရလာပြီ”

လူစိမ်းကပါ လိုက်ပြောသည်။ သူ သတိရကြောင်း သိသည်နှင့် အခန်းရှင် မမက တံခါးရွက်နောက်တွင် ကွယ်နေလိုက်သည်။ သူသည် အလွန်ရှက်တတ်သည့် အမျိုးသမီး ဖြစ်သည်။ လူတွေနှင့် စကားပြောရမှာ ကြောက်သည်။ အသက်လေးဆယ်အရွယ် ဖြစ်ပြီး ဝဝတုတ်တုတ် မျက်ခုံးနက်နက်၊ မျက်လုံးနက်နက်နှင့် ကြည့်ပျော်ရှုပျော် ရုပ်ရည်မျိုး ဖြစ်သည်။

“သူက ဘယ်သူလဲ”

လူစိမ်းကို ကြည့်ပြီး သူ ထပ်မေးသည်။ ထိုစဉ် တံခါးပွင့်လာပြီး ရာဇူမိခင် မားမား မားမားနှင့် ဝင်လာသည်။ မျက်နှာကြက်က သူ့အရုပ်ကြီးနှင့် မလွတ်တလွတ်။

“သတိရလာပြီ၊ ဟုတ်လား။ အခန်းကလည်းကွာ၊ ဒါထက် နိမ့်တာ ရှာဌားပါလား။ တဒိုင်းဒိုင်း ဆောင့်မိနေတာ။ ငါ့ခေါင်း တခုလုံး အဖုတွေချည်းပဲ။ ပါရှင်ကာ ပြောလို့ ငါ ဝင်လာတာ"

“ခုပဲ သတိရလာတာ”

ဟု နာတာရှာက ဝင်ပြောသည်။

“ဟုတ်တယ်၊ ခုလေးတင်ပဲ”

လူစိမ်းက ခပ်ပြုံးပြုံး ဖြည့်ပြောသည်။

“ခင်ဗျားက ဘယ်သူလဲ၊ ပြောပါဦး"

သည်တခါ ရာဇူမိခင်က မေးလိုက်ခြင်း ဖြစ်သည်။ တဆက်တည်း သူ့ကိုယ်သူ မိတ်ဆက်သည်။

“ကျွန်တော့်နာမည် ဗရာဇူမိခင်ပါ ခင်ဗျာ။ ဒါပေမဲ့ လူတိုင်းက ရာဇူမိခင်ပဲ ခေါ်ကြ ပါတယ်။ ကျောင်းသားတယောက်ပါ။ ကျွန်တော့်အဖေက လူကြီးလူကောင်း တယောက်ပါ။ ဟောဒါက ကျွန်တော့်သူငယ်ချင်း။ ကဲ… လူကြီးမင်းက ဘယ်သူပါလဲ ခင်ဗျာ”

“ကျွန်တော်က ကုန်သည်ကြီး ရှီလိုပီးယက်ရဲ့ ကိုယ်စားလှယ်ပါ ခင်ဗျာ။ အလုပ် ကိစ္စနဲ့ ကျွန်တော် ဒီကို ရောက်လာတာပါ ခင်ဗျာ"

"ကဲ… ထိုင်ဗျာ"

ရာဇူမီခင်ကလည်း သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်သည်။ "ကဲ ... သူငယ်ချင်း ရော့ဒ်ယာ၊ မင်း ကောင်းကောင်း သတိရပြီနော်" သူက ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး မေးလိုက်သည်။

"မင်းဘာမှ မစားမသောက်တာ လေးရက် ရှိပြီနော်။ ငါ ဇိုစီမော့စ်ကို နှစ်ခေါက် တောင် သွားခေါ်ရတယ် သိလား။ သူက မင်းကို ချက်ချင်း စစ်ပေးတယ်။ သေသေချာချာ စစ်တာ၊ ကိစ္စ မရှိပါဘူးတဲ့။ မင်း ခေါင်းထဲကို တခုခု ပြင်းပြင်းထန်ထန် ဝင်ဆောင့်တာ ထင်တယ်တဲ့။ အဲဒါနဲ့ အာဟာရ ပြတ်တာ ပေါင်းလိုက်တော့ မင်း ဒေါင်းသွားပေါ့။ ဘာမှ မပူနဲ့။ ကောင်းသွားမှာ သိလား။ ဒီကောင်ကြီးက အားကိုးရပါတယ်ကွ။ သူဟာ တကယ့် ဆရာဝန် ကောင်း တယောက် ဖြစ်နေပြီ သိလား"

ဧည့်သည်ဘက်လှည့်ပြီး စကားဆက်သည်။

"ကဲ... ခင်ဗျား ကိစ္စလေးလည်း အမိန့်ရှိပါဦးဗျာ။ ခင်ဗျားတို့ဆီက လူတယောက် အရင်တခေါက်ကလည်း လာသွားသေးတယ်။ အဲဒါ ဘယ်သူလဲဗျ"

"လွန်ခဲ့တဲ့ နှစ်ရက်က လာသွားတာ ထင်တယ်။ အလက်ဆီဆန်မယိုနိုဗစ်ချ် ထင်တယ်။ ကျွန်တော်နဲ့ အတူတူ လုပ်တာပါ ခင်ဗျာ"

"သူ့ ကြည့်ရတာ ခင်ဗျားထက် ပိုထက်ပုံ ရတယ်။ ဟုတ်လား"

"ဟုတ်ပါလိမ့်မယ်၊ သူက စစ်သားလူထွက် ခင်ဗျ'

"ကဲ... ခင်ဗျားကိစ္စ အမိန့်ရှိပါဦး"

"ဟုတ်ကဲ့ ခင်ဗျ၊ ဒီက နောင်တော်ရဲ့ မိခင်က အဖာနာစီအီဗန်နိုဗစ်ချ်ဗက်ခရူရှင် က တဆင့် အဲ.. သူ့နာမည်ကိုတော့ ကြားဖူးကြပါလိမ့်မယ်။ ငွေပို့လွှာတစောင် ကျွန်တော် တို့ဆီ ရောက်နေပါတယ်ခင်ဗျာ။ ဒီက နောင်တော်က ကျန်းမာရေး ကောင်းလာပြီ ဖြစ်လို့..."

သူက ရပ်စ်ကိုလ်နီကော့ဗ်ကို တည့်တည့်ကြည့်ပြီး ဆက်ပြောသည်။ "ကျွန်တော်တို့ ပေးရမယ့် သုံးဆယ့်ငါး ရူဘယ်ကို ပေးတဲ့အခါ ဒီနောင်တော်က... ဪ... ဒါထက် အဖာနာစီ အီဗန်နိုဗစ်ချ်ကို သိပါတယ်နော်''

ရပ်စ်ကိုလ်နီကော့ဗ်က -

"အင်း .. ဗက်ခရူရှင်ကို ကျွန်တော် မှတ်မိပါတယ်" ရာဇူမီခင်က ဝမ်းသာအားရ ဝင်ပြောသည်။

“တွေ့လား၊ သူဌေးကြီး ဗက်ခရူရှင်ကို သူ သိတယ်တဲ့။ သူ ကောင်းကောင်း သတိရ နေပြီလေ။ အင်း… ခင်ဗျားလည်း မဆိုးပါဘူး။ ဟိုအရင်တခေါက် လူကို မီပါတယ်ဗျာ။ အေးပေါ့ဗျာ။ အဆင့်ရှိတဲ့ လူအချင်းချင်း စကားပြောရတာ ကောင်းတာပေါ့။”

“ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော်တို့ သူဌေး ဗက်ခရူရှင်ဆီကို ဒီက နောင်တော်ရဲ့ မိခင်က နောင်တော့်အတွက် ငွေ သုံးဆယ့်ငါးရူဘယ် လွှဲပို့လာတယ်ခင်ဗျ။ အင်မတန် မင်္ဂလာရှိတဲ့ ကိစ္စပါ ခင်ဗျာ”

“ဒါထက် မင်္ဂလာရှိတဲ့ သတင်း ဘယ်ရှိပါ့မလဲ ခင်ဗျာ။ မင်းမေမေလို အမေမျိုး ကတော့ ရှားပါတယ် ရော့ဒ်ယာ၊ ဟုတ်တယ် မဟုတ်လား။ နေပါဦး… သူ ကောင်းကောင်း သတိရရဲ့လား။ မရတချက် ရတချက်လား”

“ကိစ္စမရှိပါဘူး ခင်ဗျာ။ လက်မှတ်ကလေး တချက် ထိုးပေးလိုက်ရုံပါပဲ’

“ထိုးပေးမှာပါ၊ ထိုးပေးမှာပါ။ စာရွက်ပေါ်မှာလား၊ စာအုပ်ထဲမှာလား”

“စာအုပ်ထဲမှာပါ ခင်ဗျာ။ ဒီမှာပါ”

“ပေး၊ ကျွန်တော့်ပေး။ ရော့ဒ်ယာ၊ ခဏလေး ထိုင်၊ ငါထူပေးမယ်။ လက်မှတ်ကလေး တချက်လောက် ခြစ်ပေးလိုက်၊ ဝက်ဝံတကောင် ပျားရည်လိုသလို တို့ ငွေလို နေတာကွ”

ရပ်စ်ကိုလ်နီကော့ဗ်က ကမ်းပေးလာသည့် ကလောင်တံကို လက်နှင့်ဖယ်ပြီးငြင်းသည်။

“မလိုပါဘူး”

“ဘာမလိုတာလဲကွ”

“ငါ လက်မှတ်မထိုးဘူး”

“ဟာ… သေတော့မှာပဲ။ လက်မှတ်ထိုးမှ ပိုက်ဆံရမှာပေါ့”

“ငါ ငွေ မလိုဘူး”

“ဘာ… မင်း ငွေမလိုဘူး ဟုတ်လား။ အဓိပ္ပာယ် မရှိ။ ကျွန်တော် သူ့ကိုယ်စား ထိုးပေးပါ့မယ်ဗျာ။ သူ ဝေသွားပြန်ပြီ။ နိုးနေလျက်သားနဲ့ အိပ်မက်ထဲ ရောက်ချင် ရောက် သွားတာ။ ခင်ဗျားဟာ သဘောကောင်းတဲ့ လူတယောက်ပါ။ ဒီလို လုပ်မယ်၊ သူ့လက်ကို ကိုင်ပြီး ထိုးခိုင်းမယ်။ ဟောဒီလို…”

“ဒီလိုလုပ်ပါလား အစ်ကိုရာ၊ ကျွန်တော် နောက်တခေါက် ပြန်လာခဲ့ပါ့မယ်။ အပန်းမကြီးပါဘူး”

“ဟာ… ဘာလို့ ဒုက္ခခံမလဲ။ ကဲ… ရော့ဒီယာ၊ ဒီက သူငယ်ချင်း အကြာကြီး စောင့်နေ ရတယ်ကွာ။ အားနာစရာ”

ပြောပြီး ရပ်စ်ကိုလ်နီကောဗ်၏ လက်ကို လှမ်းဆွဲသည်။

“မလုပ်နဲ့၊ မလုပ်နဲ့၊ ငါ့သာဘာ ငါ ထိုးမယ်"

ပြောပြောဆိုဆို စာအုပ်ထဲတွင် လက်မှတ် ထိုးပေးလိုက်သည်။ သူ့ကိစ္စ ပြီးသည်နှင့် ကိုယ်စားလှယ်က ပိုက်ဆံကို စားပွဲပေါ်တင်ပြီး နှုတ်ဆက်ထွက်သွားသည်။

“အဲဒီလိုမှပေါ့ကွ၊ ကဲ… မင်း တခုခု စားတော့မလား”

“အင်း”

“စွပ်ပြုတ် ရှိလား”

“မနေ့က စွပ်ပြုတ်တွေ ရှိတယ်"

တချိန်လုံး ရပ်စောင့်နေသည့် နာတာရှာက ဝင်ဖြေသည်။

“အာလူးနဲ့ ထမင်း စားမလား"

"အာလူးနဲ့ ထမင်း စားမယ်"

“မင်း ဘာကြိုက်တယ် ဆိုတာ ငါ သိတာပေါ့။ ကဲ … နာတာရှာ၊ စွပ်ပြုတ်သွားယူ၊ လက်ဖက်ရည်ပါ ယူခဲ့”

“အင်း… ချက်ချင်း ယူလာခဲ့မယ်”

ရပ်စ်ကိုလ်နီကော့ဗ်က အရာတိုင်းကို ထိတ်လန့် အံ့ဩစွာဖြင့် စောင့်ကြည့်နေသည်။ ကြောက်ရွံ့ခြင်းကို ထုံထိုင်းစွာ ခံစားနေရသည်။ ဘာမှမပြောဘဲ နောက် ဘာဖြစ်လာ မည်ကို စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားလိုက်သည်။ သူ တွေးနေသည်။

‘ငါနေကောင်းနေပါပြီ။ အားလုံး တကယ် ဖြစ်နေတာတွေချည်းပဲ”

နှစ်မိနစ်အတွင်း နာတာရှာ စွပ်ပြုတ်ပန်းကန်နှင့် ပြန်ရောက်လာသည်။ မကြာခင် လက်ဖက်ရည် ရမည့် အကြောင်းလည်း ပြော၏။ စွပ်သောက်ဖို့

ပန်းကန်နှစ်ချပ်နှင့် ဇွန်း နှစ်ချောင်းလည်း ပါလာသည်။ ဆားနှင့် ငရုတ်ကောင်း ပန်းကန်ပါ အပြည့်အစုံ ပါလာသည်။ အမဲနှပ်နှင့် စားဖို့ မုန်ညင်းရွက်လည်း ပါ၏။ စားပွဲခင်းက အသစ်။ ဒီလို လူလူသူသူ ထမင်းဝိုင်း နှင့် ရပ်စ်ကိုလ်နီကော့ဗ် ဝေးခဲ့သည်မှာ ကြာပြီ။

"ဒီမယ် နာတာရှုရကာ၊ တကယ်လို့များ ပရပ်စ်ကို ဗယာပါဗလိုနာက ဘီယာလေး နှစ်လုံးလောက်များ ပို့ပေးနိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲနော်"

"ဟော... တွေ့လား၊ သူ ခံတွင်းတောင်းလာပြီ"

ပြောပြီး ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်ဖို့နာတာရှာ ချက်ချင်း ထွက်သွားသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ပတ်ဝန်းကျင်ကို အလေးအနက် အကဲခတ်နေဆဲ။ ရာဇူမီခင် က ဝက်ဝံကြီးတကောင်လို သူနှင့် ယှဉ်ပြီး ပုံ့ပုံ့ကြီး ထိုင်နေသည်။ ဆိုဖာနောက်ကျောကို မှီပြီး ဘယ်လက်ကို ခေါင်းအောက်တွင် ခုထားသည်။ ညာလက်ဖြင့် စွပ်ပြုတ် ခပ်သောက်သည်။ လျှာ အပူလောင်သွားသလို ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။ သို့သော် စွပ်ပြုတ်မှာ နွေးရုံမျှ သာ။ ရပ်စ်ကိုလ်နီကော့ဗ်က တဇွန်းပြီး တဇွန်း ဆက်တိုက်သောက်သည်။ လောဘတကြီး သောက်ပြီး ဗိုက်ပြည့်မှ ရာဇူမီခင်က ဇိုစီမော့ဗ်နှင့် ဆက်ကုရမည့်အကြောင်း ဆွေးနွေးသည်။

နာတာရှာက ဘီယာ နှစ်ပုလင်းနှင့် ပြန်ရောက်လာသည်။

"နာတာရှာ၊ လက်ဖက်ရည်သောက်လေ"

"သောက်မှာပေါ့"

"လက်ဖက်ရည် ထပ်ပေးပါဦး နာတာရှာ။ လက်ဖက်ရည်ကတော့ ဆရာဝန်မေးဖို့ မလိုပါဘူး။ ဘီယာလည်း ဆရာဝန်ဆီ ခွင့်တောင်းဖို့ မလိုဘူးထင်ပါတယ်"

ရာဇူမီခင်က သူ့ကုလားထိုင်တွင် ပြန်ထိုင်ပြီး စွပ်ပြုတ်နှင့် အမဲသားပေါင်း ပန်းကန် သူ့ဘက်ဆွဲကာ အားရပါးရ လွေးတော့သည်။ သုံးရက်လောက် အစာမစားခဲ့ရသည့် ပုံမျိုး။

"ကဲ... သူငယ်ချင်း ရော့ဒ်ယာ၊ ဒီနေ့ကစပြီး နေ့တိုင်း ဒီလို စားရမယ်။ ဟုတ်ပြီလား" အမဲသားတွေ ပါးစပ်ထဲ ပလုတ်ပလောင်းနှင့် ဗလုံးဗထွေး ဆက်ပြောသည်။ "ဒီလို အခြေအနေတွေ ဖြစ်လာတာကတော့ မင်းရဲ့ အခန်းရှင် အမျိုးသမီး မမပရပ်စ် ကိုဗယာ ရှင်ကာ ကြောင့်ပဲ ကိုယ့်လူ။ ငါ့ကို သူက စိတ်ရော

ကိုယ်ပါ ကူနေတာကွ။ အဲဒီတော့ ငါကလည်း အသာလေး ငြိမ်နေလိုက်တာပေါ့။ ဟော … နာတာရှာ လက်ဖက်ရည်နဲ့ ပြန်ရောက် လာပြီ။ မြန်လှချေလား နာတာရှာရယ်၊ ဘီယာနည်းနည်း ချပါလား”

“အိုတော်… ပေါက်ပေါက်ရှာရှာ”

“ဒါဆို လက်ဖက်ရည် သောက်”

“လက်ဖက်ရည်တော့ ရတာပေါ့”

“ကဲ … ဒါဆို ထည့်၊ အဲ … နေဦး၊ ထိုင်၊ ကျွန်တော် ငှဲ့ပေးမယ်”

ရာဇုမီခင် တပြိုင်တည်းတွင် အလုပ်သုံးလေးမျိုး လုပ်သွားသည်။ လက်ဖက်ရည် တခွက်ပြီး တခွက် ငှဲ့သည်။ သူ စားသောက်ထားသည့် ပန်းကန်တွေ သိမ်းသည်။ ပြီးတော့ ဆိုဖာတွင် ပြန်ထိုင်သည်။ ပြီးတော့ စောစောက ပုံစံအတိုင်း လူမမာ၏ ပခုံးကို သိုင်းဖက်ပြီး ထူပေးသည်။ စွပ်ပြုတ် ခပ်ပြီး တဖူးဖူး မှုတ်တိုက်သည်။ နာနာမှုတ်တိုက်မှ လူမမာ ချက်ချင်း သက်သာလာမည့် အလား။ ရုပ်စ်ကိုလ်နီကော့ဗ်က ငြိမ်ပြီး သူငယ်ချင်း ပြုသမျှ နုနေသည်။ စင်စစ် သူကိုယ်တိုင် ဘယ်သူ့ အကူအညီမှ မပါဘဲ အိပ်ရာမှ ထနိုင်နေပြီ။ စွပ်ပြုတ်ကို ကိုယ့်ဘာသာကိုယ် ယူသောက်နိုင်ရုံမက လမ်းထလျှောက်လျှင်ပင် ရလောက်နေပြီ။ သို့သော် ဘယ်လိုက ဘယ်လို ဝင်လာမှန်း မသိသော တိရစ္ဆာန်တကောင်၏ အသက်ရှင်ကျန်လိုမှု နည်းပရိယာယ်မျိုး သူ့ခေါင်းထဲ ဝင်လာသည်။ ရှိသည့် ခွန်အားကို ဝှက်ထားရမည် ဟူသည့် အသိ။ မြေပြင်မှာ ပြားပြားဝပ်နေ၊ မျက်စိကို ဖွင့်၊ နားကို စွင့်ထား။

သို့သော် လောကကို စက်ဆုပ်မုန်းတီးမှုစိတ်က မျိုသိပ်လို့ မရ။ လက်ဖက်ရည် ဆယ်ဇွန်းလောက် ဝင်သွားတော့ စိတ်ကို လွှတ်ပစ်လိုက်သည်။ စွပ်ပြုတ်ဇွန်းကို တွန်းပစ် လိုက်သည်။ ဆိုဖာနောက်ကျောကို ပစ်မှီလိုက်သည်။ ခေါင်းမှီလိုက်သည့် နေရာတွင် တကယ့် ခေါင်းအုံး တလုံးပါလား။ ခေါင်းအုံးစွပ်က အသစ်စက်စက်။ ခါးခု ခေါင်းအုံး သေးသေးလေး တွေပါ ရောက်နေတာပါလား။ သူ စဉ်းစားရပြီ။

“သူ့အတွက် ရက်စဘယ်ရီဖျော်ရည်ပါ။ မမပါရှင်ကာ ပို့ပေးလိမ့်မယ်”

စွပ်ပြုတ်နှင့် ဘီယာကို ဆက်မြှုံ့ရင်း ရာဇုမီခင် ပြောလိုက်ခြင်း ဖြစ်သည်။

“ရက်စဘယ်ရီက ရှင့်အတွက် ရှာထားတာ မဟုတ်လား။ သူမို့တော်၊ ဘယ်မှာများ သွားရှာခဲ့သလဲ မသိဘူး”

“ဩော်... နာတာရှာကလည်းဗျာ၊ ဈေးထဲမှာ ရှာဝယ်တာ ဖြစ်မှာပေါ့။ ရော့ဒ်ယာရေ... မင်း အိပ်မက်ကမ္ဘာထဲမှာ ရောက်နေတုန်း ဒီမှာ ဇာတ်လမ်းတွေ အများကြီး ဖြစ်ခဲ့တယ်ကွ။ ငါ့အခန်းကနေ မင်း အရူးတယောက်လို ထွက်သွားတယ်။ လိပ်စာတောင် ပြောမသွားဘူး။ ငါ ဘယ်လောက် ဒေါပွလဲ သိလား။ အဲဒီအတွက် မင်းကို ငါ မတွေ့တွေ့အောင် ရှာမယ်၊ မင်းကို တုံ့ပြန်မယ်ပေါ့။ အဲဒီနေ့မှာပဲ မင်းကို တလမ်းဝင် တလမ်းထွက်၊ ကိုးကုန်း ကိုးကျင်း အနှံ့ လိုက်ရှာတယ်။ တွေ့ရာလူကို မေးတယ်။ ဒီနေရာကို ငါ လုံးဝ မစဉ်းစားမိဘူး။ မင်း အရင်နေ သွားတဲ့ နေရာကိုတော့ မှတ်မိတယ်။ လမ်းငါးခွဆုံမှာ မဟုတ်လား။ ခါမာလော့ဗ်ရဲ့ အိမ်လေ။ ခါမာလော့ဗ်ရဲ့ အိမ်ကို ငါ လိုက်ရှာတယ်။ မတွေ့၊ မတွေ့ နဲ့။ နောက်ဆုံး မင်း နေသွားတာ ခါမာလောမ့်အိမ်မှ မဟုတ်ဘဲ။ ဘုချ်ရဲ့ အိမ်ပဲ။ မင်း နားရှုပ်သွားပြီလား။ မင်းကို ရှာမတွေ့ လေ၊ ပိုစိတ်ဆိုးလေပဲ။ နောက်ဆုံးတော့ မြို့နယ် သန်းခေါင်စာရင်းရုံး သွားပြီး စုံစမ်းဖို့ စိတ် ကူးရတယ်။ အဲဒီတော့မှ နှစ်မိနစ်အတွင်း ကိစ္စပြီးသွားတာဗျား။ မင်း လိပ်စာ သူတို့ဆီမှာ မှတ်ပုံတင်ထားပြီးသား သွားတွေ့တယ်ဗျာ”

“မှတ်ပုံတင်ထားတယ်၊ ဟုတ်လား”

“ဟုတ်တယ်လေ၊ ဆက်ပြောရရင် အရှည်ကြီးပဲ ကိုယ့်လူရေ။ ဒီနေရာကို ရှာတွေ့ တာနဲ့ မင်းရဲ့ ပြောမဆုံးပေါင် တောသုံးထောင် အကြောင်းတွေ ကြားရတော့တာပဲ။ ဟောဒီ က အိမ်ရှင်အမျိုးသမီး မမ သိသမျှ ငါ အားလုံး ကြားရတော့တာပဲ။ အီလျာပီထရိုဗစ်ချ် ဆီကလည်း ငါ တချို့ ကြားရတယ်။ နီကိုဒင်မ်ဖိုးမစ်ချ်နဲ့လည်း ငါ အဖွဲ့ကျနေပြီ။ ပြီးတော့ ဇာမယိုတော့ဗ်၊ မြို့နယ် ရဲရုံးကလေ။ သူက တဆင့် နောက်ဆုံး အခန်းရှင် မမ ပါရှင်ကာပေါ့။ ပြီးတော့ ဟောဒီက တောသူ ကွမ်းတောင်ကိုင်လေး”

နာတာရှာက မဲ့ပြုံးပြုံးပြီး ရယ်ရယ်မောမော ပြန်ပြောသည်။

“အင်း... အပြောကတော့ မပြောလိုက်ချင်ဘူး”

“ဒါလေးနဲ့ ခင်ဗျား လက်ဖက်ရည်ထဲ နည်းနည်း ရောလိုက်ပါလား နာတာရှာ နီကီဖော်ရိုဗနာ”

“အို... သွားစမ်းပါ။ လူရှုပ်၊ ကျုပ်နာမည် နီကီ ဖော်ရိုဗနာ မဟုတ်ပါဘူး၊ ပီထရိုဗနာပါ”

နာတာရှာက အရယ် ရပ်တော့ ဆက်ပြောသည်။

“ကောင်းပါပြီ မဒမ်။ ကျွန်တော်တို့ လေးလေးစားစား

မှတ်တမ်းတင်ထားပါ့မယ်။ ဒီမယ် သူငယ်ချင်း၊ ဒီနေရာကို ရောက်လာတော့ ဒီတိုက်အိုကြီးကို ငါက မိုင်းဗုံးနဲ့ ခွဲပြီး ဖြိုချ ပစ်လိုက်ချင်တာ။ ပါရှင်ကာကြောင့် မလုပ်ဖြစ်တာ။ မင်း မတော်လိုက်ရတဲ့ ယောက္ခမ အမျိုးသမီးကို ဒါလောက် ပြည့်ဝလိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့ဘူး ရော့ဒ်ယာ။ မင်း ငါပြောတာ ယုံရဲ့လား ဟင်”

ရပ်စ်ကိုလ်နီကော့ဗ် တုံဏှိဘာဝေ လုပ်နေသည်။ သူငယ်ချင်းကို အကြာကြီး စိုက်ကြည့်နေသည်။ ရာဇူမီခင်က သူ့အကြည့်ကို ဂရုမစိုက်သလို စကားဆက်သည်။

“တကယ်ပြောတာ သူငယ်ချင်း၊ အဘက်ဘက်က နိပ်တယ် ကိုယ့်လူ”

"လူဆိုး" ဟု နာတာရှာက မျက်စောင်းခဲပြီး ပြောသည်။ သို့သော် သူ ဆက်နား ထောင်နေချင်ပုံ။

“သူ့အကြောင်း မင်း မသိတာ သိပ်ဆိုးတယ်ကွ ရော့ဒ်ယာ။ သူ့ကို သည်အတိုင်း ကြည့်လို့ မရဘူး။ သူဟာ တော်တော်ထူးဆန်းတဲ့ မိန်းမမျိုးကွ။ အကဲခတ်ရ တော်တော်ခက်တယ်။ ဥပမာကွာ၊ မင်းကို ထမင်းဟင်း ဖြတ်ပစ်ရဲတာမျိုး။ ပြီးတော့ ဟို ဝန်ခံကတိ ကိစ္စ။ အဲဒီလက်မှတ် မင်း ထိုးရတုန်းက တော်တော် စိတ်ထိခိုက်မယ် ထင်တယ်။ ဒါမှမဟုတ် စေ့စပ် တုန်းကပေါ့ကွာ။ သူ့သမီးလေး နာတာလီယာ ယာယီဂိုရိုဗနာ အသက်ထင်ရှား ရှိစဉ်တုန်း ကပေါ့။ အဲ... ငါ အကုန် သိပြီးပြီ၊ ငါ တော်တော် ခံစားရတယ် သူငယ်ချင်း။ ငါက သိပ်ခံစား တတ်တဲ့ကောင် မဟုတ်လား။ ဒါပေမဲ့ ငါက တုံးပါကွာ။ ငါ့ကို ခွင့်လွှတ်ပါ။ အဲ...တုံးတဲ့ အကြောင်း စပ်မိလို့၊ မမပါရှင်ကာကိုတော့ တုံးတယ်လို့ မထင်နဲ့မောင်။ သူ့ကို အပေါ်ယံ ကြည့်ပြီး အကဲခတ်ရင် ပါစင်အောင် လွဲလိမ့်မယ်။ မင်း ငါပြောတာ လက်ခံ သလား”

“အင်း ...လက်ခံပါတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က အပြင်သို့ ငေးနေရင်း နှုတ်ခမ်းစေ့ထားပြီး ပြောလိုက်သည်။ ရာဇူမီခင်ကို စကားဆက် ပြောစေချင်နေသည်။

အဖြေရသွားလို့ အားတက်လာသည့် အလား။

“အဲဒါ အမှန်ပဲ သူငယ်ချင်း။ သိပ် အသိဉာဏ် အမြင့်စားကြီးတော့ မဟုတ်ဘူး။ ထူးတော့ ထူးဆန်းတာ အမှန်ပဲ။ သူ့အသက်ကို ငါ အတွက်မှားခဲ့တယ်။ ငါက လေးဆယ် လောက် အောက်မေ့တာ။ မဟုတ်ဘူးတဲ့ကွ။ သုံးဆယ့်ခြောက်တဲ့။ သူပြောတာ ဖြစ်နိုင်ပါတယ်။ ဒါထက် ငါ မင်းကို ကျိန်ပြောမယ်။ ငါ သူ့ကို စိတ်မှန်းနဲ့ တွက်ကြည့်တာနော်။ သင်္ချာကို ငါ မေ့ထားတယ်။ ငါ နားမလည်တာ တခုက အဲ... တကယ်တော့ ဘာမှ အဓိပ္ပာယ် မရှိပါ ဘူးကွာ။

မင်းဟာတက္ကသိုလ်ကျောင်းသားမဟုတ်တော့တာနဲ့မင်းမှာကျူရှင်ပေးတဲ့အလုပ် မရှိတော့တာနဲ့၊ ပြီးတော့ မင်းအဝတ်အစားတွေ ဒီလို ဖြစ်လာတာလည်း ပါတာပေါ့ကွာ။ ပြီးတော့ကောင်မလေးဆုံးသွားတဲ့အတွက်ကအဓိကပေါ့။ မင်းကိုသူ ဒီမှာ ဆက်မနေစေချင် တော့ဘူး။ နောက်တခုက မင်း နေပုံ ထိုင်ပုံ၊ တယောက်တည်း အခန်းထောင့်မှာ ကပ် နေတာမျိုး၊ ဘယ်သူနဲ့မှ အဆက်အဆံ မလုပ်တာမျိုးတွေပေါ့။ သူ မင်းကို ဒီမှာ မထားချင် တော့ဘူး။ သူ အကြံထုတ်လာတာ ကြာပြီ။ မင်း လက်မှတ်ထိုးတဲ့ စာရွက်ကလေးရယ်၊ မင်းက အမေ့ဆီက ပိုက်ဆံရောက်ရင် ပေးပါ့မယ်ဆိုတဲ့ နှုတ်ကတိရယ်ကြောင့်...’

ရပ်စ်ကိုလ်နီကော့ဗ်က ပြတ်ပြတ်သားသား ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

“ငါ အဲဒီလို ပြောမိတာ အရမ်း အောက်တန်းကျတာပဲ။ ငါ့အမေက သူတောင်းစား ဘဝ ရောက်နေတာကွ။ ငါ သက်သက် လိမ်ပြောခဲ့တာကွ။ ဒီအခန်းက ငါ့ကို မောင်းမချ အောင်၊ ငါ့ကို ထမင်း ဆက်ကျွေးနေအောင် ငါ ပြောခဲ့ရတာ။ အဲဒါလောက် သောက်သုံးမကျ ဟ့ ငါကွ”

“ဒီလို ရှိသေးတယ် သူငယ်ချင်း။ မင်း ပြောတာ သဘာဝကျပါတယ်။ ဒါပေမဲ့ အဓိက အချက်က ဘာလဲဆိုတော့ အမျိုးသမီးမှာ မလွန်ဆန်နိုင်တဲ့ လူတယောက်ရှိတယ် သူငယ်ချင်း။ သူ့နာမည်က ချီဘာရော့ဗ်တဲ့။ သူက မြို့နယ်ကောင်စီဝင်။ လုပ်ငန်းရှင် တယောက်လည်း ဖြစ်တယ်။ ပါရှင်ကာက သူ မပါဘဲ ဘာမှ မဆုံးဖြတ်ဘူး။ ဒီလိုလူမျိုးက လုပ်စရာရှိတာ၊ ကောင်းတယ်ထင်ရာ လုပ်မှာ။ ပါရှင်ကာလို ရှက်ကြောက်နေမှာ မဟုတ်ဘူး။ ဒီစာရွက်ကလေး ကို အသုံးချမှာ။ မင်းကလည်း အမေ့အားကိုးနဲ့ လက်မှတ်ထိုးလိုက်တာ။ သူ့ခမျာ ပင်စင်လစာ ကလေး တရာနှစ်ဆယ့်ငါး ရူဘယ်တည်းနဲ့ မစားရက် မသောက်ရက် မင်းဆီကို ပို့ပေးမှာ။ သမီးလေးတယောက်က ရှိသေးတယ်။ အဲဒီ မိန်းကလေးကလည်း အစ်ကို့အတွက် သူများ အိမ်မှာ သွားကျွန်ခံနေရတယ်။ လောကကြီးနဲ့မင်း ပူးတုံ့ခွာတုံ ဖြစ်နေချိန်မှာ မင်းအကြောင်း တွေငါအကုန်လေ့လာချိန်ရလိုက်တယ်ရော့ဒ်ယာ။ပါရှင်ကာကို မင်း ရင်ဖွင့်ဆက်ဆံခဲ့တာဟာ အလကား မဟုတ်နိုင်ဘူးဆိုတာ ငါ သိတယ် သူငယ်ချင်း။ မေတ္တာတရား အခြေခံပြီး ငါ ပြော တာပါ။ ငါ ပြောချင်တာ ဒါပဲ၊ ရိုးသားတဲ့ မင်းလို လူတယောက်ဟာ နှလုံးသားကို လှစ်ပြတယ်၊ အလုပ်ကလွဲပြီး ဘာမှ မသိတဲ့ လူတယောက်က သူ့အလုပ် သူ လုပ်တယ်။ အဲဒီမှာ မင်း ဒုက္ခ ရောက်တော့တာပဲ။

“အမျိုးသမီးက မင်း လက်မှတ်ထိုးထားတဲ့ စာရွက်ကလေးကို ချီဘာရော့ဗ် လက်ထဲထည့်လိုက်တယ်။ အဲဒီမှာ မင်း အရက်တကွဲ အကျိုးနည်းဖြစ်မယ့် အလုပ်တွေ အဲဒီလူ လျှောက်လုပ်တော့တာပဲ။ အဲဒီသတင်းကြားတော့ သူ့ကို

ခေါင်းရိုက်ခွဲမယ်လို့တောင် ငါ စိတ်ကူးလိုက်သေးတယ်။ သတိလေး ကပ်လိုက်မိလိုက်လို့ပေါ့ကွာ။ အဲ... အဲဒီအချိန်မှာ ငါနဲ့ ပါရှင်ကာကလည်း အဲ... အဆင်ပြေနေတယ်ပေါ့ကွာ။ အဲဒါကြောင့် ငါ ကိုယ်ရှိန် သတ် ထားလိုက်တာကွ။ ဒီမယ် ငါ ဘာလုပ်လဲ သိလား ရော့ဒ်ယာ။ မင်းကိုယ်စား အဲဒီ ပေးရန်ရှိငွေကို ငါ တာဝန်ယူတယ်လို့ အာမခံပြီး အဲဒီ ချီဘာရော့ဗ် ဆိုတဲ့ကောင်ရဲ့ ပါးစပ်ထဲကို ကူးတို့ခ ထည့်ပြီး မင်းလက်မှတ်ထိုးထားတဲ့ ကတိစာရွက်ကို ပြန်ယူလာတယ်။ ရော့... ဟောဒီမှာ အနားလေးတောင် နည်းနည်းစုတ်နေပြီ''

ရာဇူမီခင်က စာရွက်ကလေးကို စားပွဲပေါ်တင်ပေးလိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ် က ဘာမှမပြောဘဲ မျက်နှာကို နံရံဘက် လှည့်လိုက်သည်။ ရာဇူမီခင် မျက်မှောင်ကုတ်သွားသည်။

“အင်း... ဒုက္ခပါပဲ။ ငါက မင်း ပျော်ပါ့မလား ဆိုပြီး လျှောက်ပြောနေလိုက်ရတာ။ လက်စသတ်တော့ မင်း ပိုတောင် စိတ်ညစ်သွားတယ် ဟုတ်လား"

ခဏနေပြီး သူ့ကို လှည့်မကြည့်ဘဲ ရပ်စ်ကိုလ်နီကော့ဗ် မေးလိုက်သည်။

“ငါ အဖျားတက်ပြီး ကယောင်ကတမ်း ဖြစ်နေတုန်း အနားမှာ ရှိနေတာ မင်းလား”

“ငါပေါ့ကွ။ မင်း အရမ်း ဒေါ်တွေ ကန်နေချိန်မှာ ငါ ရှိနေတယ်လေ။ ဇာမယိုတော့ဗ် ကို ခေါ်လာတဲ့အချိန်မှာ မင်း သောင်းကျန်းလို့ ကောင်းနေချိန်ပေါ့”

“ဇာမယိုတော့ဗ် ဟုတ်လား။ ဟို ဂါတ်စာရေးကောင်လား၊ သူ့ကို ဘာလို့ ခေါ်လာ ရတာလဲ"

ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို စိန်းစိန်းကြည့်ပြီး မေးလိုက်သည်။

"ဒါထက် နေပါဦး။ သူက ဘာဖြစ်လို့တုံး၊ ဘာဖြစ်လို့ သူ့ကို မင်း မကြိုက်တာလဲ။ သူက မင်းကို စိတ်ဝင်စားနေတာ၊ ရင်းနှီးချင်နေတာ။ မင်းအကြောင်းတွေ သူ့ကို ငါ ပြောပြ လိုက်တော့ မင်းကို အရမ်းတွေ့ချင်လို့ သူ လိုက်လာတာ။ သူက လူကောင်းပါကွ။ တော်တော် ချစ်ဖို့ကောင်းတဲ့ လူငယ်တယောက်ပါ။ တို့ ခု မိတ်ဆွေဖြစ်နေပြီ။ နေ့တိုင်းလိုလို တို့ တွေ့ကြတယ်။ ငါ ဒီရပ်ကွက်ထဲ ပြောင်းလာပြီလေ။ သူနဲ့ငါနဲ့ အိမ်နီးနားချင်းတွေ ဖြစ်နေပြီ။ အဲဒါ မင်း မသိသေးဘူးနော်။ လာဗီဆာဆီကိုလည်း ငါ နှစ်ခေါက် သွားတွေ့ပြီးပြီ။ လာဗီဆာကို မင်း မှတ်မိလား။ လာဗီဆာအီဗန်နိုဗာလေ''

“ငါ အရမ်း သတိလက်လွတ် ဖြစ်သွားသလား”

"အိုး ...ဖြစ်တာမှ မင်း အရူးတယောက်လို ဖြစ်သွားတာ ရော့ဒ်ယာ"

"ငါ ဘာတွေ လျှောက်ပြောနေသေးလဲ"

"အင်း... ခုမှ ငါ ဘာတွေ လျှောက်ပြောနေသေးလဲတဲ့။ မဆန်းပါဘူးကွာ။ လူတွေ ငန်းဖမ်းလာရင် တွေ့ကရာ ရှစ်သောင်းတွေ လျှောက်ပြောတာပေါ့။ ကဲ... အချိန် မရှိဘူးကွာ။ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်"

သူက ထပြီး ဦးထုပ် ကောက်ယူသည်။

"ငါ ဘာတွေ လျှောက်ပြောသေးလဲ"

"ဟာ... ဒုက္ခပါပဲ။

ငါ မသွားရသေးဘူးလားကွာ၊ ကဲ... ငါ ပြောပြမယ်။ မင်း လျှောက်ပြောနေတာတွေက အဲ... လျှို့ဝှက်ချက်တခုက မင်းကို ခြိမ်းခြောက်နေသလိုပဲ။ စိတ်မပူပါနဲ့။ မင်း ပြောတဲ့အထဲမှာ အမျိုးသမီးအကြောင်း မပါပါဘူး။ ဒါပေမဲ့ အမျိုးသမီး အသုံးအဆောင်တွေ အကြောင်းတော့ ပါတယ်။ ဆွဲကြိုးတွေ၊ နားကပ်တွေ မင်း ဘယ်တုန်း ကမှ စိတ်မဝင်စားတဲ့ ပစ္စည်းတွေ။ ဘာကျွန်း ဆိုလား၊ ဘာတံတား ဆိုလား။ အဲဒါတွေလည်း ပါရဲ့။ တံခါးမှူးတို့၊ နီကိုဒင်ဖိုးမစ်ချ်တို့၊ အီလျာပီထရိုဗစ်ချ်တို့ ဆိုတဲ့ ရဲတွေလည်း ပါတယ်။ နေပါဦး၊ မင်း ပြောတာတွေက အများကြီးကွ။ ဘယ်အားလုံး မှတ်မိပါ့မလဲ။ အဲ... နေဦး၊ မင်းခြေအိတ်အကြောင်း ခဏခဏ ပါတယ်။ ခြေအိတ် ဘယ်မှာလဲ၊ ခြေအိတ် ရှာပေးပါ ဆိုတာ မကြာမကြာ ပြောတယ်။ ဇာမယိုတော့ဗ်က အခန်းထဲ လိုက်ရှာတော့ ထောင့်တထောင့် က အဲဒီ ခြေအိတ်စုတ်ကလေး တွေ့လာလို့ သူ့ရဲ့ ဖြူဖွေးဖွေး လက်ကလေးနဲ့ ကိုင်ပြီး မင်းဆီ ယူလာပေးတယ်။ အဲဒီတော့မှ စိတ်ကျေနပ်သွားသလို ငြိမ်သွားတယ်။ ပြီးတော့ နေ့ရော ညပါ ခြေအိတ်စုတ်ကို လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ခုထိ စောင်အောက်မှာ ရှိမယ် ထင်တယ်။ ဩော်... ပြီးတော့ မင်း တောင်းတာ တခု ရှိသေးတယ်။ ဘောင်းဘီအနားတဲ့။ ငိုယိုပြီး တောင်းတာဗျား။ ဘယ်လိုအနားလဲ မင်းကို ပြန်မေးရတယ်။ ဘာမှန်းမှ မသိတာ။ ကဲ... အလုပ်ကိစ္စ ပြောကြရအောင်ကွာ။

"ဒီမှာ သုံးဆယ့်ငါးရူဘယ်။ ဆယ်ရူဘယ် ငါ ယူသွားမယ်။ နှစ်နာရီအတွင်း လိုတာ တွေ ဝယ်ပြီး ငါ ပြန်လာခဲ့မယ်။ ပထမဦးဆုံး မင်းအခြေအနေကို ဇိုစီမော့ဗ်ဆီ ပြေးပြော မယ်။ သူ ရောက်လာဖို့ ကောင်းပြီ။ ဆယ့်တနာရီတောင် ကျော်နေပြီပဲ။ ကဲ... နာတာရှာ၊ သူ့ကို ခဏခဏ လာကြည့်ပေးနော်။ ကျွန်တော် မရှိတုန်း တခုခု တိုက်ထား။ ဘာတွေ လိုတယ် ဆိုတာ ပါရှင်ကာကို ကျွန်တော် ဝင်ပြောသွားမယ်၊ ဂွဒ်ဘိုင်"

"အမယ်လေး... ပါရှင်ကာ၊ ပါရှင်ကာနဲ့ တရှင်ကာတည်း ကာနေတော့တာပဲ။ တကတဲတော်၊ ပြောမပြောချင်ဘူး"

ရာဇူမီခင်၏ နောက်ကျောကို ကြည့်ပြောပြီး သူပါ လိုက်ဆင်းသွားလေသည်။ အခန်းရှင်ကို သူ ဘာတွေ ပြောမည်ကို နာတာရှာ သိချင်နေသည်။ သူ့ကို ပါရှင်ကာ ကြွေနေ ပြီ ဆိုသည်ကိုတော့ နာတာရှာ ရိပ်မိသည်။

သူ တံခါးပိတ်၍ ထွက်သွားလျှင်သွားချင်း စောင်တွေ ဆွဲဖယ်ပြီး ရပ်စ်ကိုလ် နီကောဗ့် ထရပ်လိုက်သည်။ ရင်တွေ တဒိုင်းဒိုင်းခုန်လျက်။ သူတို့ ထွက်အသွားကို စောင့်နေ ခြင်း ဖြစ်သည်။ ဒါမှ ချက်ချင်း အလုပ်စနိုင်မည် မဟုတ်လား။ ဒါပေမဲ့ ဘာလုပ်ရမှာပါလိမ့်၊ ဘယ်က စရမှာပါလိမ့်။ ခေါင်းထဲတွင် ဘာမှ ပေါ်မလာ။

"အို... ဘုရားသခင်၊ သူတို့အားလုံး သိသွားပြီလား။ ကျွန်တော်မျိုးကို မိန့်တော်မူပါ ဒါမှမဟုတ် သူတို့ မသိကြသေးဘူးလား။ ဒါမှမဟုတ် သိလျက်နှင့် မသိချင်ယောင်ဆောင် နေကြတာလား။ ခု တပည့်တော် ဘာလုပ်ရပါ့မလဲ။ အားလုံးမေ့ကုန်ပြီ။ ခုတင်ကလေးတင် ခေါင်းထဲ ပေါ်လာသေးတယ်။ ချက်ချင်း ပြန်မေ့သွားပြီ"

အခန်းလယ်တွင် ရပ်ပြီး စိတ်ရှုပ်စွာဖြင့် ဟိုကြည့် သည်ကြည့် လုပ်နေသည်။ အခန်းတံခါးဆီ လျှောက်သွားပြီး အပြင်ကို နားစွင့်ကြည့်လိုက်သည်။ မဟုတ်သေးပါဘူး။ ရုတ်တရက် သတိရလာဟန်ဖြင့် အခန်းထောင့်သို့ အပြေးလှမ်းသွားပြီး ပေါက်ပြဲနေသည့် နံရံကပ်စက္ကူထဲကို လက်နှိုက်ပြီး စမ်းလိုက်သည်။ အထဲတွင် ဘာမှမရှိ။ မီးဖိုဆီ သွားပြီး အဖုံး ဖွင့်ကြည့်သည်။ ပြာတွေထဲ လက်နှိုက်ရှာသည်။ ဘောင်းဘီအနားနှင့် ဘောင်းဘီအိတ်ပါ ပစ်ထည့်ထားသည့်အတိုင်း ရှိနေသည်။ ဘယ်သူမှ ဖွင့်မကြည့်ကြဘူးလား။ ပြီးတော့မှ ရာဇူမီခင် ပြောသည့် ခြေအိတ်ကို သွားသတိရသည်။ ဟုတ်ပါသည်။ သူ ပြောသည့်အတိုင်း စောင်အောက်တွင် ရှိနေသည်။ ညစ်ထတ်နေသဖြင့် ဇာမယိုတော့ဗ် သတိပြုမိစရာ အကြောင်း မရှိပေ။

"ဒါထက် နေပါဦး၊ ဇာမယိုတော့ဗ်... ရဲစခန်း...၊ ရဲက ဘာကိစ္စ ငါ့ကို ခေါ်တာပါလိမ့်။ သမ္မန်စာ ဘယ်မှာလဲ။ ဟာ... ရှုပ်ကုန်ပြီ။ သူတို့က ငါ့ကို အရင်ခေါ်တာပဲ။ ခြေအိတ်ကို ငါ သေသေချာချာ ကြည့်တာပဲ။ ခုကော၊ ခု ငါ ဖျားနေပြန်ပြီ။ ဘာပြုလို့ ဇာမယိုတော့ဗ်က ဒီကို ရောက်လာတာလဲ။ ရာဇူမီခင်က ဘာလို့ သူ့ကို ဒီ ခေါ်လာရတာလဲ"

ဆိုဖာပေါ် ပြန်ထိုင်ပြီး အားအင်ချည့်နဲ့စွာဖြင့် တိုးတိုးလေး ရေရွတ်နေသည်။

"ဘာတွေ ဖြစ်ကုန်တာလဲ။ ငါ ကယောင်ကတမ်း ဖြစ်နေတာလား။

ဒါတွေဟာ အမှန်တွေလား။ အင်း... အမှန်တွေ ဖြစ်ပုံ ရပါတယ်။ အဲ... ဟုတ်ပြီ။ သတိရပြီ။ ထွက်ပြေး ရမှာ၊ ငါ ဒီကနေ ထွက်ပြေးရမှာ။ အမြန်ဆုံး ပြေးရမှာ။ ဟုတ်တယ်၊ ပြေးကို ပြေးရမယ်။ ဟုတ်ပြီ။ ဘယ်ကို ပြေးမလဲ။ ဒါပေမဲ့ ငါ့အဝတ်တွေကော။ ကုတ်အင်္ကျီတော့ ရှိတယ်။ စားပွဲ ပေါ်မှာလည်း ပိုက်ဆံတွေ။ ကတိဝန်ခံချက်လည်း ဒီမှာ ပြန်ရောက်နေပြီ။ ဒီငွေယူပြီး လစ်မယ်။ တခြားမှာ အခန်း သွားငှားနေမယ်။ သူတို့ ဘယ်လိုမှ ငါ့ကို ရှာမတွေ့နိုင်ဘူး။ အဲ... ရာဇဝူမိခင် ငါ့ကို ရှာတွေ့သွားတယ်။ ဘာတဲ့၊ သန်းခေါင်စာရင်းရုံးတဲ့။ ဒါဆို မဖြစ်သေးဘူး။ ရာဇဝူမိခင် ရှာတွေ့ဦးမှာပဲ။ ဟိုအဝေးကြီးကို ပြေးတာပဲ ကောင်းမယ်။ ဟုတ်တယ်၊ အမေရိကန်ကို ပြေးမယ်။ တခြား ဘာတွေ ယူသွားရမလဲ။ ဒီ ကတိဝန်ခံချက် ယူသွားရမှာလား။ ဟိုမှာ အသုံးတည့်မယ် ထင်တယ်။ ဟိုရောက်ရင် ငါ နေမကောင်းဘူး ဆိုတာ သူတို့ သိမှာပဲ။ ငါ လမ်းလျှောက်နိုင်တယ် ဆိုတာ သူတို့ ဘယ်သိမလဲ။ သူတို့မျက်လုံးတွေကို ငါ အမိပွာယ် ကောက်နိုင်မှာပါ။ အဲ... အရေးကြီးတာက အောက်ထပ် ဆင်းဖို့ပဲ။ အောက်မှာ ရဲတွေ ရောက် နေရင် ဘယ့်နှယ် လုပ်မလဲ။ ဒါတွေက ဘာလဲ။ လက်ဖက်ရည်လား၊ မဟုတ်ဘူး။ ဘီယာတွေ ကျန်နေတာ၊ ပုလင်းဝက်လောက် ကျန်သေးတယ်”

ပုလင်းကို ကိုင်ပြီး ဖန်ခွက်ထဲ လောင်းထည့်လိုက်သည်။ ဖန်ခွက်အပြည့် ရသည်။ ဝမ်းသာအားရ မော့ချလိုက်၏။ သူ့ ရင်ထဲမှ မီးလျှံကို ဘီယာဖြင့် လောင်းချ ငြိမ်းသတ်လိုက် သည့်အလား။ သို့သော် ဘီယာက သူ့ခေါင်းထဲ တန်းရောက်သွားသည်။ ပေါ့ပါးသော ပျော်ရွှင်မှု တမျိုး ကျောရိုးထဲ စိမ့်ဝင်သွား၏။ ပြန်လှဲလိုက်ပြီး ဂွမ်းစောင်ကို ဆွဲခြုံလိုက်သည်။

အတွေးများ ပျံ့လွင့်နေ၏။ အဖျားသွေးကြောင့် ခေါင်းထဲ မကြည်လင်၊ အားလုံး ရှုပ်ထွေးနေသည်။ဘာမှ မပီပြင်။ အိပ်ပျော်သွားသည်။ ပေါ့ပါးကြည်လင်စွာအိပ်ပျော်ခြင်းမျိုး ဖြစ်သည်။ ဂွမ်းစောင်ကို သေသေချာချာ ခြုံအိပ်သည်။ ကုတ်အင်္ကျီစုတ်ကြီးနှင့် မဟုတ် တော့။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်။

တစုံတယောက်၏ ခြေသံ ကြားသဖြင့် သူ နိုးသွားသည်။ မျက်စိဖွင့်ကြည့်လိုက် တော့ ရာဇဝူမိခင်။ တံခါးဝတွင် ရပ်ပြီး အထဲဝင်တော့မလို၊ ပြန်လှည့်သွားတော့မလို ချီတုံ ချတုံ လုပ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာပေါ်တွင် ခပ်သွက်သွက် ထထိုင်လိုက်သည်။ သူငယ်ချင်း ကို လှမ်းကြည့်ပြီး တစုံတခုကို သတိရအောင် ကြိုးစားနေပုံ။

“ဟေး... နိုးပြီလား။ ဒါဆို ဝင်ခဲ့တော့မယ်။ နာတာရှာ အထုပ်ကြီး ယူခဲ့ပါဗျို့။ ကဲ... ပစ္စည်းတွေ မင်း ကြည့်ပေတော့ ..."

အောက်ဘက်ကို လှမ်းအော်ရင်း သူ တဆက်တည်း ပြောနေခြင်း ဖြစ်သည်။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး ရပ်စ်ကိုလ်နီကော့ဗ် တအံ့တသြ မေးသည်။

"မင်း ကောင်းကောင်း အိပ်လိုက်ရတယ် ထင်တယ်။ အပြင်မှာ မှောင်တော့မယ်။ ခြောက်နာရီ ထိုးပြီ။ မင်းအိပ်တာ ခြောက်နာရီ ကြာတယ် ကိုယ့်လူ"

"ဟာ... ဒုက္ခပါပဲ၊ ငါ ဘယ်လို ဖြစ်သွားတာလဲကွာ"

"ဘာဖြစ်လဲ၊ အိပ်တာ ကောင်းတာပေါ့။ မင်းမှာ အရေးတကြီးကိစ္စ ဘာရှိလို့လဲ။ ကောင်မလေးတယောက်နဲ့ ချိန်းထားတာ ရှိလို့လား။ တို့မှာ အချိန်တွေ အများကြီး ရှိတယ် ရော့ဒ်ယာ။ ငါ နှစ်ခါတောင် ဝင်ကြည့်တယ်။ မင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ အသာ ပြန်ထွက်သွားရတာ။ ဇိုစီမော့ဗ်ဆီလည်း နှစ်ခေါက်ရောက်တယ်။ တခေါက်မှ မတွေ့ဘူး၊ သူ လာမှာပါ။ ငါ့ကိစ္စလေးတွေလည်း ပြေးလုပ်ရသေးတယ်ကွ။ ငါ့ဦးလေး အိမ်ကို ဒီနေ့ အပြီးရွှေ့လာခဲ့ပြီ။ ကဲ ...အဲဒါ ထားပါဦး။ အလုပ် စမယ်၊ နာတာရှာရေ... ကဲ... ဒီမှာ ဒါထက် မင်း ဒီနေ့ ဘယ်လိုနေလဲ"

"နေကောင်းပါတယ်၊ မဖျားတော့ပါဘူး။ ဒီမယ် ရာဇူမီခင်၊ မင်း ဒီရောက်နေတာ ကြာပြီလား"

"သုံးနာရီလောက် ရှိပြီ"

"ခုပြောတာ မဟုတ်ဘူး သူငယ်ချင်း"

"ဘယ်တုန်းကဟာကို ပြောတာလဲ"

"မင်း ဘယ်တုန်းက ဒီကို ရောက်နေတာလဲလို့"

"ငါ ပြောပြီးပြီလေ။ မင်း မေ့သွားပြီလား"

ရပ်စ်ကိုလ်နီကော့ဗ် ငြိမ်ပြီး စဉ်းစားနေသည်။ နံနက်ခင်းသည် အိပ်မက်ထဲမှာလို ဝိုးတဝါး ပေါ်လာသည်။ သို့သော် ဘာမှ အသေးစိတ် မမှတ်မိ။ ရာဇူမီခင်သည် နားမလည် သည့် မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။

"အင်း... ငါ ထင်တဲ့ အတိုင်းပဲ။ မင်း ဒီမနက်မှာ မနိုးတဝက် နိုးတဝက် ပေါ့ကွာ။ မင်း တဝကြီး အိပ်လိုက်ရလို့ ခုမှ လုံးလုံး နိုးလာတာ။ ခု မင်းနေကောင်းသွားပြီ။ ကဲ...အလုပ် စမယ်။ ဒီမှာကြည့်"

အထုပ်ကို သူ ဖြေသည်။ သူ့အလုပ်ကို သူ အရမ်း စိတ်ဝင်စားနေပုံ။

"ငါ ဒီအဝတ်တွေကို သေသေချာချာ ရွေးဝယ်လာတာနော်။ မင်းကို လူနဲ့တူအောင် ပြန်လုပ်ပေးရမယ်။ လူမှာ အဝတ်တဲ့ကွ။ ကဲ... စမယ်၊ ခေါင်းက စမယ်။ ဟောဒီ ဦးထုပ် ကလေးကို ကြည့်စမ်း"

ဦးထုပ်လှလှကလေးတလုံး အထုပ်ထဲမှ ဆွဲယူလိုက်သည်။

"ကဲ... ဆောင်းကြည့်ရအောင်'

"ဟာ.. နောက်မှ လုပ်ပါကွာ"

သူက ရာဇူမီခင်၏ လက်ကို တွန်းပစ်သည်။

"မရဘူး သူငယ်ချင်း၊ နောက်ဆိုရင် သိပ်နောက်ကျသွားလိမ့်မယ်။ ပြီးတော့ မင်းဆီမှာ ငါ တညလုံး မနေနိုင်ဘူး။ စမ်းဝတ်ကြည့်မှ ဖြစ်မယ်။ ငါက မင်း ကိုယ်တိုင်း ယူမသွား မိဘူးလေ။ ကြည့်စမ်း၊ အံကိုက်ပဲ၊ ကွက်တိပဲ"

သူက အောင်မြင်သူတယောက်၏ လေသံဖြင့် ဆက်ပြောသည်။

"ဒီမယ် သူငယ်ချင်း၊ ယောက်ျားတယောက်ရဲ့ အဝတ်အစားမှာ အရေးအကြီးဆုံး က ဦးထုပ်ပဲ။ လူတယောက်ကို ကြည့်ရင် ခေါင်းက စကြည့်တာ၊ တော်လ်စတယာကော့ဗ် ဆိုတဲ့ ငါ့သူငယ်ချင်းတယောက် ရှိတယ်။ ဘယ်တော့မှ ဦးထုပ် မချွတ်ဘူး။ သူက တမျိုး၊ ဖုတ်သိုက်လို ဖြစ်နေတဲ့ သူ့ဆံပင်တွေကို လူမြင်မှာ စိုးလို့တဲ့" သူငယ်ချင်းလုပ်သူက အင်းမလှုပ် အဲမလှုပ် လုပ်နေသဖြင့် ရာဇူမီခင်က နာတာရှာ ဘက် လှည့်လိုက်သည်။

"ကဲ... နာတာရှာ၊ ဒါလေး ဘယ်လောက် ပေးရမယ် ထင်လဲ"

"ဘာရှိမှာလဲ၊ အများဆုံး ကိုပက်နှစ်ဆယ်ပေါ့"

"ရမယ်၊ အားကြီး။ ကဲ... ဘောင်းဘီတွေ ကြည့်ရအောင်။ ကျောင်းမှာ ကျွန်တော် တို့ပြောတဲ့ အမေရိကန်ပြည်ထောင်စု ဘောင်းဘီပေါ့၊ ဂုဏ်ယူလောက်တဲ့ ဘောင်းဘီတွေ ပေါ့ဗျာ"

သူက ရပ်စ်ကိုလ်နီကော့ဗ် ရှေ့တွင် မီးခိုးရောင် သိုးမွေးနု ဘောင်းဘီနှစ်ထည် ဖြန့်ချ လိုက်သည်။

"ကြည့်၊ ပိုးပေါက် တပေါက် မပါဘူး။ အစွန်းတကွက် မရှိဘူး။ သိပ်တန်တာ ပဲဗျာ။ ဟောဒီမှာ သူနဲ့လိုက်တဲ့ အတွင်းခံ ခါးတိုကုတ်အင်္ကျီ။ ဒါတွေကြည့်ပြီး အဟောင်းဆိုင် ကလို့ ဘယ်သူ ပြောမလဲ။ ကြည့်စမ်း၊ အိနေတာပဲ။ ဒီမယ် ရော့ဒ်ယာ၊ လောကကြီးထဲမှာ နေရာ တနေရာရအောင် ဝင်တိုးမယ်ဆိုရင် ကာလံဒေသံကို

တွက်ရတယ်။ ဇန်နဝါရီလမှာ စားသောက်ဆိုင်ရင် ဘယ်တော့မှ ကညွတ် မမှာနဲ့။ အဲ... ပိုက်ဆံ အထုပ်လိုက် ပါသွား ရင်တော့ မှာပေါ့။ ခု ဒါတွေ ဝယ်တဲ့နေရာမှာလည်း ဒီသဘောပဲ။ ခုအချိန်က နွေရာသီ။ အနွေး သည့်ဝယ်လို့ ဈေးအသက်သာဆုံး အချိန်။ ကဲ... အဲဒီဘောင်းဘီနှစ်ထည် ဘယ်လောက် ပေးရတယ် ထင်လဲ။ နှစ်ရူဘယ်နဲ့ ငါးကိုပက်ပဲ ပေးရတယ်ခင်ဗျာ။ နောက် ရှိသေးတယ်။ နောက်နှစ်မှ စုတ်ပြဲသွားရင် နောက်နှစ်ထည် အလကား ပေးဦးမယ်။ အဲဒီအခွင့်အရေး ဖက်ယိဆိုင်မှာပဲ ရနိုင်တယ်။ ကဲ... ဖိနပ်တွေ ကြည့်ရအောင်။ သဘောကျရဲ့လား။ နည်းနည်း တော့ဟောင်းနေပြီ။ ဒါပေမဲ့ အနည်းဆုံး နှစ်လတော့စီးနိုင်တယ်။ အားလုံး နိုင်ငံခြားဖြစ်တွေ နော်။ ဗြိတိသျှသံရုံးက အတွင်းဝန်ဟောင်းတယောက် ဈေးမှာ လာလျှောသွားတာတဲ့။ သူ ဘိုင်ကျလို့ လာထုသွားတာ။ ခြောက်ရက်ပဲ စီးရသေးတယ်တဲ့။ ဘယ်လောက်ပေးရတယ် အောက်မေ့လဲ။ တရူဘယ်နဲ့ ကိုပက်ငါးဆယ်ပဲ ပေးရတယ်ဗျား။ တို့ ဘယ်လောက် ကံကောင်းလဲ။ ကြည့်စမ်း"

“မတော်ရင် ဘယ့်နှယ်လုပ်မလဲ"

နာတာရှာက ဝင်ထောက်သည်။

“ဘာလို့ မတော်ရမှာလဲ၊ ဒီမှာကြည့်”

သူက ရပ်စ်ကိုလ်နီကော့ဗ်၏ ရွံ့ နိုင်းချင်းနှင့် ဖိနပ်စုတ်ကြီးကို ဆွဲထုတ်ပြီး သူ ဝယ်လာသည့် ဖိနပ်နှင့် တိုင်းပြသည်။

"အဲ... အင်္ကျီတွေနဲ့ ပတ်သက်လို့ကတော့ အခန်းရှင်နဲ့ သဘောတူညီမှု သွားယူ ရတယ်။ ဟောဒီမှာ ရှပ်အင်္ကျီ သုံးထည်။ ဘယ်လောက် ခေတ်မီသလဲ ကြည့်။ ကဲ ... ရော့ဒ်ယာ၊ ဦးထုပ်က ကိုပက်ရှစ်ဆယ်၊ အဝတ်အစားတွေက နှစ်ရူဘယ် နှစ်ဆယ့်ငါး ကိုပက်။ အားလုံး ပေါင်း လေးရူဘယ်နဲ့ ငါးဆယ် ကိုပက်။ အဝတ်အထည်အတွက် စုစုပေါင်းက ငါး ရူဘယ်။ လက်ကားဈေးနဲ့ရတာ ကိုယ့်လူ။ ဒါကြောင့် အားလုံးပေါင်းမှ ကိုးရူဘယ်နဲ့မှ ငါးဆယ့်ငါး ကိုပက်ပဲ ကျတယ် မောင်။ ရော့... ပိုတဲ့ အကြွေ လေးဆယ့်ငါး ကိုပက်။ ကဲ... ရော့ဒ်ယာ၊ မင်း လူမွေးလူတောင် ပြောင်ပြီ။ ဒါတွေ ဝတ်လိုက်ရင် မင်းဟာ သူကောင်းမျိုး တယောက် လို၊ မင်းညီမင်းသား တပါးလို သားနားသွားလိမ့်မယ်။ ခြေအိတ်တို့၊ ဘာတို့ဆိုတဲ့ အသေး အဖွဲ့လေးတွေကတော့ မင်းဘာသာ မင်းဝယ်ကွာ။ ပိုက်ဆံတွေ အများကြီး ကျန်သေး တာပဲ။ ပါရှင်ကာနဲ့ အိမ်လခအတွက် ဘာမှ မပူနဲ့။ မင်း ကြိုက်သလောက် နေနိုင်တယ်။ ပြေလည်တဲ့အချိန်မှ ပေးနိုင်တယ်။ ကဲ... မင်းကို ငါ အဝတ်လဲပေးမယ်။ မင်းအဝတ်တွေမှာ အဖျားပိုးတွေ မွနေပြီ ထင်တယ်"

“ဟာ.. မလုပ်နဲ့၊ မလုပ်နဲ့၊ ငါ့ဘာသာ လဲမယ်”

ရပ်စ်ကိုလ်နီကော့ဗ်က လက်ကာပြီး အကျောက်အကန် ငြင်းသည်။ သူ့ အဝတ် အစားတွေ ဘယ်လို ဝတ်ရပုံ ပြောတာကို စိတ်မဝင်စားသဖြင့် ရာဇူမီခင်ကို ဒေါပွနေသည်။ "မရဘူး၊ မရဘူး၊ ငါ ဘာလို့ ဒါတွေ အလောတကြီး သွားဝယ်လာလဲ။ မင်း သိလား။

ကဲ... နာတာရှာ၊ ရှက်မနေနဲ့။ ကျွန်တော့်ကို ကူပါဦးဗျ။ အဲ... ဟုတ်ပြီ"

ရပ်စ်ကိုလ်နီကော့ဗ် တားသည့် ကြားမှ သူက အတင်း အင်္ကျီ လဲပေးသည်။ ရှပ် အင်္ကျီကို အောင်မြင်စွာ လဲပေးနိုင်ခဲ့သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာနောက်သို့ ပစ်လှန် ပြီး ဘာမှ ဆက်မပြောဘဲ ငြိမ်ခံနေသည်။ သူတို့ မကြာခင် ပြန်ကြမှာပါ။ အဲဒီတော့မှ အေ အေး ဆေးဆေး နေရတော့မှာပဲဟု စိတ်ကူးထားလိုက်သည်။

သူက နံရံကို စိုက်ကြည့်နေပြီး မေးသည်။

"နေပါဦး၊ ဘယ်က ပိုက်ဆံရလို့ ဒါတွေ လျှောက်ဝယ်လာတာလဲ"

"ဟောဗျာ... မင်းပိုက်ဆံတွေနဲ့ပေါ့။ မင်းအမေ ပို့လိုက်တာလေ။ အဲဒါလည်း မေ့သွားပြန်ပြီလား"

"အေး၊ အေး၊ ငါ မှတ်မိပြီ"

အကြာကြီး စဉ်းစားပြီးမှ သူ ပြန်ပြောနိုင်သည်။ ရာဇူမီခင်က သူ့ကို မျက်မှောင် ကုတ်ပြီး စိုက်ကြည့်နေသည်။ စိတ်မအေးနိုင်ဘဲ ဖြစ်နေ၏။

တံခါး ပွင့်လာသည်။ ထောင်ထောင်မောင်းမောင်း လူထွားကြီးတယောက် ဝင်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ်က မြင်ဖူးပါတယ်ဟု စဉ်းစားနေသည်။

ရာဇူမီခင်က ဝမ်းသာအားရ အော်ပြောသည်။

"ဟော... ဇိုစီမော့ဗ် ရောက်လာပါပြီခင်ဗျာ"

※※※

ဒေါက်တာဇိုစီမော့ဗ်မှာ အရပ်မြင့်မြင့်နှင့် လူဝကြီးတယောက် ဖြစ်သည်။ မျက်နှာမှာ ဖြူဖွေး ဖောင်းကားနေသည်။ ရွှေရောင်ဆံပင်တွေက ဖြောင့်ဖြောင့်တန်းတန်း။ မျက်မှန်တပ်ထားပြီး လက်ချောင်းတုတ်တုတ်ကြီးတွင် ဧရာမလက်စွပ်ကြီး တကွင်း စွပ်ထားသည်။ အသက် နှစ်ဆယ့်ခုနစ်ခန့် ရှိပြီ။ ကုတ်အင်္ကျီအပါးကို ခပ်လျော့လျော့ ဝတ်ထားသည်။ ဘောင်းဘီက လည်း ခပ်ပွပွ။ နာရီကြိုးကလည်း အတုတ်ကြီး။ အားလုံး အဆင့်အတန်း မြင့်မြင့်တွေချည်း။ သူ့ လှုပ်ရှားမှုက ခပ်အေးအေး၊ ခပ်လေးလေး။ တည်တည်ငြိမ်ငြိမ်။ ယဉ်ကျေးပျူငှာသည့်ပုံ။ သို့သော် လျှို့ဝှက်ချက် တခုခုကို ဖုံးကွယ်ထားပုံလည်းရ၏။ သူ့ကို လူတွေက အပေါင်းရ အသင်းရ ကျပ်သူအဖြစ် ယူဆကြသည်။ သို့သော် ဆရာဝန်တယောက် အနေဖြင့်ကား သူသည် သမားကောင်းတယောက် ဖြစ်သည်။

ရာဇူမီခင်က ဝမ်းသာအားရ ပြောသည်။

"တွေ့လား၊ သူ ရောက်လာပြီ"

သူက ညှော့သည်ဘက် လှည့်ပြီး -

"ငါ ဒီနေ့ မင်းအိမ်ကို နှစ်ခေါက်တောင် ရောက်တယ်ကွ"

"ဟုတ်လား၊ ကဲ... ဘယ်လိုနေသေးလဲ"

ဇိုစီမော့ဗ်က ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး မေးလိုက်သည်။ ဆိုဖာခြေရင်းတွင် ဝင်ထိုင်ပြီး လူနာကို သေသေချာချာ ကြည့်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ခြေထောက် အသာ ကျုံ့ပေးလိုက်သည်။ ရာဇူမီခင်က ဝင်ရှင်းပြသည်။

"ခုထက်ထိ စိတ်တိုနေတုန်းပဲ။ ခုပဲ ချော့မော့ပြီး ရှပ်အင်္ကျီ လဲထားတယ်။ ငိုတော့ မလို လုပ်နေလို့"

"သူ မလဲချင်လည်း ဖြည်းဖြည်းလဲပေးပေါ့ကွာ။ အဖျား မရှိတော့ပါဘူး။ ခေါင်းကိုက် တာတော့ နည်းနည်း ကျန်ဦးမယ် ထင်တယ်"

"ကောင်းသွားပါပြီ။ လုံးဝ ကောင်းသွားပါပြီ"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မရှည်သည့် ပုံစံဖြင့်ပြောပြီး မျက်လုံးတွေ အရောင် တောက်လာကာ ကိုယ်ကို မတ်မတ်ထိုင်လိုက်သည်။ သို့သော်

ခေါင်းအုံးပေါ် ပြန်လဲကျ သွားသည့်အခါ နံရံဘက်ကို မျက်နှာမူထားလိုက်သည်။

“ကောင်းတယ်၊ အားလုံး ပုံမှန် ဖြစ်လာမှာပါ။ ဘာတွေ စားသေးလဲ"

ဆရာဝန်က ခပ်အေးအေး မေးသည်။

သူတို့အားလုံး ရှင်းပြကြသည်။ ဘာစားသင့်သည် ကိုလည်း မေးကြသည်။

"ဘာစားစား ရပါတယ်။ စွပ်ပြုတ်၊ လက်ဖက်ရည်။ နို့တို့၊ သခွားသီးတို့တော့ မစားနဲ့ဦး။ အမဲသား မစားသင့်တာတော့ သိပြီး ဖြစ်ကြမှာပါ။ တခြား ရှောင်စရာ သိပ်မရှိပါဘူး”

ဆရာဝန်က ရာဇူမီခင်ကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

“ဆေးပေးစရာလည်း မလိုတော့ပါဘူး။ ဘာမှ လုပ်စရာ မလိုတော့ဘူး။ မနက်ဖြန် တခေါက် လာကြည့်ဦးမယ်။ ဒီနေ့အဖို့တော့... ဆို... မင်း ဘာပြောမလို့လဲ”

ဆရာဝန်က ရာဇူမီခင်ဘက်ကို ကြည့်ပြီး မေးလိုက်သည်။

“မနက်ဖြန် သူ့ကို အပြင် ခေါ်သွားမလားလို့။ ယူဆူပေါ့ ဥယျာဉ်ကို သွားမယ်။ ပြီးမှ မှန်နန်းဘက် သွားမယ်”

“ကိုယ့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး။ ဒါပေမဲ့ အဲ ...ကြည့်ပေါ့ကွာ”

“မနက်ဖြန် မဖြစ်သေးဘူး ထင်ပါတယ်ကွာ။ မနက်ဖြန် ငါ့ အိမ်တက်ပွဲကလေး လုပ်စရာ ရှိနေလို့ကွ။ သူ လာနိုင်မှာပါ။ နီးနီးကလေးပဲ။ ဆိုဖာပေါ်ဒီလိုပဲ လှဲနေပေါ့။ မောင် ရင်လည်း လာရမယ်နော်။ ကိုယ် ပြောထားပြီးသားလေ”

“လာခဲ့ပါ့မယ်။ နည်းနည်းတော့ နောက်ကျမယ် ထင်တယ်။ ဘာတွေ စီစဉ်ထားလဲ”

“များများ မလုပ်နိုင်ပါဘူးကွာ။ လက်ဖက်ရည်ရယ်၊ ဗော့ဒကာရယ်၊ ငါးဆားနယ် ရယ်၊ မုန့်လည်း ဖုတ်မယ်၊ မိတ်ဆွေ အနည်းအကျဉ်းပဲ ဖိတ်ထားပါတယ်”

“ဘယ်သူတွေ ပါလဲ”

“အိမ်နီးနားချင်းလောက်ပါ။ ကိုယ်တို့အသိုင်းအဝိုင်းနဲ့ သိတဲ့လူ သိပ်မပါပါဘူး။ ငါ့ဦးလေး ပါမယ်၊ သူကလည်း ဒီမှာ လူသစ်ပါပဲ။ မနေ့ကမှ ပီတာစဘတ်ကို အလုပ်ကိစ္စနဲ့ ရောက်လာတာ။ ငါတို့ တူဝရီးနှစ်ယောက်က

ငါးနှစ်နေမှ တခေါက်လောက် တွေ့တာ”

“မင်းဦးလေးက ဘာလုပ်သလဲ”

“သူက အထီးကျန်သမားပါ။ မြို့ကလေး တမြို့မှာ စာတိုက်ဗိုလ် လုပ်တယ်။ အဲဒီဘဝနဲ့ပဲ ပင်စင်ယူပြီး တယောက်တည်း နေတယ်။ အသက် ခြောက်ဆယ့်ငါးနှစ် ရှိပြီ။ သူ့အကြောင်း ဒါထက်ပိုပြီး ပြောစရာ မရှိပါဘူး။ ဒီဦးလေးကို ငါ သိပ်ချစ်တယ်ကွ။ ပေါ်ဖီရီ ပီထရိုဗစ်ချ်လည်း လာလိမ့်မယ်။ သူက အမှုလိုက်ရဲ။ ရှေ့နေလည်း လိုက်တယ်။ မင်း သူ့ကို သိတယ် မဟုတ်လား”

“မင်းနဲ့ အမျိုးတော်တယ် ဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ ဝေးပါတယ်။ မင်း ဘာလို့ မျက်ခုံးတွန့်သွားတာလဲ ရှော့ဒ်ယာ၊ သူနဲ့ ရန်ဖြစ်ဖူးလို့လား။ အဲဒါကြောင့်တော့ မလာဘဲ မနေပါနဲ့ကွာ"

“အို… သူ့ကို ငါ ဂရုမစိုက်ပါဘူး''

"ကောင်းပါတယ်ကွာ။ ကျောင်းသားတချို့လည်း လာလိမ့်မယ်။ အရာထမ်း တယောက်၊ ဂီတသမား တယောက်၊ ပြီး စစ်ဗိုလ်တယောက်၊ နောက် ဇာမယိုတော့ဗ်..."

ဇိုစီမော့ဗ်က ရပ်စ်ကိုလ်နီကော့ဗ်ဘက်လှည့်ပြီး-

"မင်းတို့နှစ်ယောက်က ဒီလူတွေနဲ့ စကားပြောလို့ ရပါ့မလား။ အထူးသဖြင့် ဇာမယိုတော့ဗ်လို လူနဲ့ပေါ့”

“မင်းတို့က မူချင်း တူမှလား၊ သူဟာ လူကောင်းတယောက်ပါကွ။ ငါ့သဘောကတော့ မူက မူပါ။ လူက ခင်မင်ချင်စရာ ကောင်းရင် မူကို ခေါက်ထားပေါ့။ မင်း မူကို မသိချင် ပါဘူး။ ဒါပေမဲ့ သူက လူကောင်းပါ”

ရာဇူမီခင်က စိတ်မရှည်သည့် လေသံဖြင့် ပြောသည်။

“ဒါပေမဲ့ ဒီကောင်က လာဘ်စားတယ်နော်’

“လာဘ်စားတော့ကော ဘာဖြစ်လဲ။ ဘာဂရုစိုက်စရာရှိသလဲ။ ငါပြောတဲ့အထဲမှာ လာဘ်စားတဲ့ အကြောင်း မပါဘူး။ သူ့ဘာသာသူ လာဘ်စားချင်စား၊ ဒါပေမဲ့ သူဟာ လူ ကောင်းတယောက် ဖြစ်တယ် ဆိုတာပဲ ပြောတာ။ ငါ ကိုယ်တိုင်လည်း လူကောင်း တယာက် မဟုတ်ပါဘူး”

ရာဇူမီခင်တယောက် ဘယ်တုန်းကမှနှင့် မတူအောင် စိတ်တိုနေသည်။ သူ

ဆက်သည်။

"ဇာမယိုတော့ဗ်ဟာ လူငယ်တယောက်။ ဒီလို လူငယ်တွေကို တွဲခေါ်ရမယ်၊ ဖယ်မထုတ်ရဘူး။ လူငယ်တွေကို တို့နှစ်ဆလောက် စိတ်ရှည်ရမယ်။ တိုးတက်ပါတယ် ဆိုတဲ့ ခပ်ချာချာလူတွေက ဒါကို နားမလည်ကြဘူး။ အကူတူ တွဲလုပ်လို့ရတဲ့ကိစ္စတွေ အများကြီး"

"ဘယ်လိုဟာမျိုးတွေပါလိမ့်"

"လူမှုရေး မှားယွင်းမှုတွေ၊ မတရားမှုတွေပေါ့။ ဥပမာ- ဟိုဆေးသမားကို တို့လွတ် အောင် လုပ်ပေးရမယ်။ အမှုက ရှင်းနေတာပဲ။ နည်းနည်း တွန်းအားပေးလိုက်ရင် ပြီးပြီ"

"ဆေးသမား ဟုတ်လား၊ ဘယ် ဆေးသမားလဲ"

"ဪ... မင်းကို မပြောရသေးဘူးနော်။ အေး... ဟုတ်သားပဲ။ ဟိုအဘွားကြီး သတ်မှုလေ။ မင်းကို အစ အဆုံး မပြောရသေးဘူး။ ဟို အပေါင်ခံတဲ့ အဘွားကြီးလေကွာ။ အဲဒီကိစ္စမှာ အိမ်တွေကို လိုက်ဆေးသုတ်နေတဲ့ ဆေးသမားက မဆီမဆိုင် ဝင်ပါနေရတယ်"

"အဲဒီ လူသတ်မှုကို မင်းထက် အရင် ငါ ကြားတာကွ။ သတင်းစာတွေထဲမှာလည်း ဖတ်ရတယ်။ ဆိုစမ်းပါဦး၊ ဘာထူးလဲ'

"သူတို့က လီဇာဗီတာကိုပါ သတ်လိုက်ကြတယ်"

နာတာရှာက ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး ရုတ်တရက် ဝင်ပြောခြင်း ဖြစ်သည်။ သူက အခန်းထဲတွင် မထိုင်ဘဲ အကြာကြီး မတ်တတ်ရပ်ပြီး နားထောင်နေသည်။

"လီဇာဗီတာ ဟုတ်လား"

ရပ်စ်ကိုလ်နီကော့ဗ်က လေသံဖြင့် မေးလိုက်သည်။

"ဟုတ်တယ်၊ လီဇာဗီတာ။ သူက ဟိုပစ္စည်းလေး ရောင်း၊ ဒီပစ္စည်း ရောင်းနဲ့ ပွဲစား လိုလို ဘာလိုလိုလေ။ အောက်ထပ်ကိုတောင် ရောက်လာသေးတယ်။ တော့် ရှပ်အင်္ကျီကိုတောင် တခါ ပေးဖူးသေးတယ်လေ"

ရပ်စ်ကိုလ်နီကော့ဗ် နံရံဘက်သို့ လှည့်လိုက်ပြန်သည်။ နံရံကပ်စက္ကူမှ ပန်းပွင့် ကလေးတွေ ဟောင်းနွမ်းနေပြီ။ ပန်းပွင့်ကလေး တပွင့်မှ အရွက်များကို ရေတွက်နေသည်။ သူ့ ခြေတွေ လက်တွေက လေဖြတ်ထားသလို ခံစားမှု မရှိ။ သူက

လှုပ်ဖို့ မကြိုးစားဘဲ နံရံမှ ပန်းပွင့်ကလေးကိုပင် စိုက်ကြည့်နေသည်။

ဗိုစီမော့ဗ်က ရာဇူမီခင်ကို ကြားဖြတ် မေးသည်။

"အဲဒီ ဆေးသမား ဘာဖြစ်သွားလဲ"

"လူသတ်သမားဆိုပြီး ဗွတ် အတည်ပြုထားတယ်"

"သူတို့မှာ သက်သေအထောက်အထား ရှိလို့ ဖြစ်မှာပေါ့"

"အလကား အထောက်အထားတွေပါကွာ။ သက်သေပြနိုင်တဲ့ အထောက်အထား မျိုး သူတို့မှာ မရှိဘူး။ စဆွဲတုန်းက မသင်္ကာမှုမျိုးထက် ဘာမှ သူတို့မှာ ပြစရာမရှိဘူး။ စဆွဲတုန်းက ဆေးသမားနှစ်ယောက် မဟုတ်ဘူး။ ဘာတဲ့... သူတို့ နာမည်တွေ၊ အဲ... ကို့ချ်နဲ့ ပက်စထရီယာကော့ဗ်။ တခုမှ အဓိပ္ပာယ်မရှိဘူး။ အဓိပ္ပာယ် မရှိမှန်း ဘေးက လူတွေ တောင် သိတယ်။ ဒီနေ့ ငါ့ပွဲကို ပက်စထရီယာကော့ဗ် ရောက်ချင် ရောက်လာလိမ့်မယ်။ ဒါထက် ရော့ဒ်ယာ၊ အဲဒီအမှုအကြောင်း မင်း သိတယ်နော်။ မင်း မဖျားခင်ကလေးက ဖြစ် တာ၊ မင်း ရဲတွေဆီမှာ မေ့မသွားခင် တရက်ကပေါ့။ အဲဒီတုန်းက သူတို့လည်း အဲဒီအကြောင်း ပြောနေကြတယ် ဆို'

ဗိုစီမော့ဗ်က ရပ်စ်ကိုလ်နီကော့ဗ်ကို စူးစမ်းသည့် အကြည့်ဖြင့် လှမ်းကြည့်သည်။ သူက မလှုပ်။ ရာဇူမီခင်ဘက် လှည့်ပြီး ဝေဖန်သည်။

"ဒီမယ် ရာဇူမီခင်။ မင်းမလည်း သူများ အလုပ်တွေနဲ့ချည်း အချိန်ကုန်နေတယ်၊ ဟုတ်လား"

"အေး... ဟုတ်ချင် ဟုတ်မယ်။ သူ့ကိုတော့ ငါ လွတ်အောင် လုပ်မယ်၊ ကြားလား" စားပွဲကို လက်သီးနှင့် ထုပြီး သူ စကားဆက်သည်။

"ငါ မကျေနပ်ဘူး၊ မကျေနပ်ဆုံး အချက်ကတော့ သူတို့ လိမ်နေကြလို့ပဲ။ လိမ်တာ က ခွင့်လွှတ်လို့ ရသေးတယ်။ လိမ်တာဟာ တခါတလေ အမှန်တရားဆီကို ဦးတည်တတ်တယ်။ ငါ တနုံ့နုံ့ ဖြစ်နေတာက လိမ်ရုံ မကဘူး၊ အဲဒီမုသားကို သူတို့က အလေးထားနေတာ ကြောင့်ပဲ။ ပေါ်ဖီရီကို ငါ သဘောကျပါတယ်။ ဒါပေမဲ့... အစကတည်းက သူတို့ မှားနေတယ်။ ပထမ တံခါးပိတ်ထားတယ်။ သူတို့ နှစ်ယောက်နဲ့ တံခါးမှူး ပြန်တက်လာတော့ ပွင့်နေတယ်။ ဒါနဲ့ပဲ ကို့ချ်နဲ့ ပက်ထရီယာကော့ဗ် လူသတ်သမား ဖြစ်ရရောလား။ သူတို့ ယုတ္တိဗေဒ က အဲဒါလောက်ပဲ ရှိတယ်''

"သူတို့ကို ခဏဖမ်းထားတာ မဟုတ်လား။ နေဦးကွ၊ တိုက်တိုက်ဆိုင်ဆိုင်

အဲဒီ ကို့ချ်ကို ငါ တွေ့ဖူးတယ်ကွ။ သူက အဘွားကြီးဆီက အပေါင်ဆုံးပစ္စည်းတွေကို ဝယ်ရောင်း လုပ်တဲ့လူ မဟုတ်လား"

"ဟုတ်တယ်၊ လူလိမ်တယောက်ပါ။ ကတိဝန်ခံ စာချုပ်တွေလည်း ဝယ်တယ်။ မူးယစ်ဆေးဝါး ဝယ်ရောင်းလည်း လုပ်တယ်၊ ဒါနဲ့ လူသတ်သမား ဖြစ်ရရောလား၊ ငါ အစာ မကြေတာက သူတို့ရဲ့ လှေနံခေါးထစ်၊ မနူးမနပ်၊ ခေတ်နောက် အငေးကြီး ပြတ်ကျန်နေတဲ့ အယူအဆတွေပဲ။ အမှန်ကို ဖော်ထုတ်နိုင်အောင် စိတ်ပညာကို နားလည်ရမယ်။ 'ကျုပ်တို့ မှာ သက်သေရှိတယ်' လို့ တွင်တွင်ပြောနေပြီး အချက်အလက်တွေ ပြတယ်။ အချက်အလက် ဆိုတာ နေရာတိုင်းမှာ စကားမပြောဘူး"

"အချက်အလက်ကို ဘယ်လို အသုံးချရမယ် မင်း သိတယ်ပေါ့"

"သိလို့ ငါ ငြိမ်ခံ မနေနိုင်တာပေါ့ကွ။ ဒီအမှုမှာ ငါ ကောင်းကောင်း ကူညီနိုင်တယ်။ တခုပဲ ရှိတယ်၊ ဒါထက် မင်း အမှုသွား အမှုလာ အသေးစိတ် သိလား"

"ငါ ဆေးသမားအကြောင်း သိချင်လို့ စောင့်နေတာလေ"

"ဟုတ်ပြီ။ ငါ ဘယ်ရောက်သွားလဲ၊ အဲ... ရပြီ။ မင်း သေသေချာချာ နားထောင်။ လူသတ်မှုဖြစ်ပြီး သုံးရက်တိတိ ကြာတဲ့နေ့။ သူတို့က ကို့ချ်နဲ့ ပက်စထရီယာကော့ဗ်ကို ကောင်းကောင်း သမနေချိန်ပေါ့။ အဲဒီမှာ မမျှော်လင့်ဆုံး အချက်တခု ပေါ်လာတယ်။ အူရှကင် ဆိုတဲ့ တောသားတယောက်။ သူက အဲဒီအိမ်နဲ့ မျက်နှာချင်းဆိုင်က အရက်ဆိုင် ပိုင်ရှင်။ ရွှေနားကပ်ကလေး တစုံ ပါတဲ့ စက္ကူဖာကလေးကို ရဲလက် သွားအပ်တယ်။ သူက ရဲကို ဒီလို ထွက်တယ်။ မနေ့က ရှစ်နာရီလောက်မှာ အဲဒီနေ့၊ အဲဒီအချိန်နဲ့ ကွက်တိပဲ။ သူ့ဆိုင်ကို နီကိုလေ ဆိုတဲ့ ဆေးသုတ်သမား ရောက်လာတယ်။ စောစောပိုင်းကလည်း သူ တခေါက် လာသွားသေးတယ်။ နားကပ်ကို သူက နှစ်ရူဘယ်နဲ့ ပေါင်တယ်။ နားကပ်ကလေး က ကျောက်ကလေး တလုံးစီ ပါတယ်။ သူက ဆေးသမားကို မေးတယ်၊ ဘယ်က ရသလဲပေါ့။ လမ်းဘေးက ကောက်ရတာတဲ့။ ဒါနဲ့ တရူဘယ်နဲ့ ဈေးတည့်သွားတယ်။ သူ လက်မခံရင် လည်း တခြားမှာ သွားပေါင်ပြီး သောက်ပစ်မှာမို့ သူကပဲ ယူထားလိုက်တယ်ပေါ့။ အလကား ကွ၊ အဲဒီ အူရှကင်ကို ငါ သိတယ်။ သူကိုယ်တိုင် ပွဲစားပဲ။ အပေါင်ခံနေတာပဲ။ ခိုးရာပါပစ္စည်း တွေ အမြဲဝယ်နေတဲ့ လူ။ ခုလည်း ရူဘယ် သုံးဆယ်တန်တဲ့ ပစ္စည်းကို တရူဘယ် ပေးပြီး ခပ်တည်တည်နဲ့ ယူထားလိုက်တာ။ သူက ရဲရှေ့မှာ ဆက်ပြောသေးတယ်တဲ့။ သူနဲ့ နီကိုလေ ဟာ တရွာတည်းသားပါ။ နီကိုလေဟာ အရက်သောက်တတ်ပေမဲ့ အရက်သမား မဟုတ်ဘူး။ မျက်နှာချင်းဆိုင်က ဟိုတိုက်ကြီးရဲ့ အခန်းတခန်းမှာ မစ်ထရဲနဲ့အတူ

ဆေး သုတ်နေတာ သူ သိတယ်။ သူတို့နှစ်ယောက် သိပ်ခင်တဲ့အကြောင်းလည်း သိတယ်။ သူပိုက်ဆံရသွားတော့ နှစ်ခွက်ဆင့် ချတယ်။ ပြန်အမ်းတဲ့အကြွေကို ယူပြီး ပြန်ထွက်သွားတယ်။ အဲဒီနောက်ပိုင်း မစ်ထရဲနဲ့ သူ တွဲတာ မတွေ့ရတော့ဘူး။

နောက်တနေ့မှာမှ အလျိုနာ အီဗန်နိုဗာတို့ ညီအစ်မ ပုဆိန်နဲ့ ခုတ်အသတ်ခံရတဲ့ အကြောင်း သူ သိတယ်။ သူတို့ ညီအစ်မ အကြောင်း သူ ကောင်းကောင်း သိတယ်။ အဲဒီတော့ သူ့ဆီမှာ ရှိနေတဲ့ နားကပ်အကြောင်း စဉ်းစားတယ်။ အဘွားကြီးက ရွှေထည်တွေ အပေါင်ခံ တယ် ဆိုတော့... အဲ... သူ စဉ်းစားတယ်။ ပြီးတော့ အဲဒီ တိုက်ကြီးပေါ်တက်စုံစမ်းတယ်။ ခြေဖျား ထောက် တက်သွားပြီး ဆေးသုတ်တဲ့အခန်းကို ကြည့်တော့ မစ်ထရဲ တယောက်တည်း တွေ့တယ်။ နီကိုလေ ဘယ်မှာလဲ မေးတော့ သူက လျှောက်သောက်နေမှာပေါ့လို့ ဖြေတယ်။ မိုးပြီး ခဏရောက်လာတယ်၊ ဆယ်မိနစ်လောက် နေပြီး ပြန်ထွက်သွားတယ်တဲ့။ နောက်ပိုင်း ပေါ်မလာလို့ တယောက်တည်း ဆေးသုတ်နေရတယ်တဲ့။ သူတို့ ဆေးသုတ်နေတဲ့ အခန်းက ဒုတိယထပ်မှာ။ အဘွားကြီးအခန်းရဲ့ အောက်တည့်တည့် တခန်းကျော်ပေါ့။ အဲဒီအကြောင်း တွေ သူက ဘယ်သူ့မှ မပြောဘူး။ သူက လူသတ်မှုကို သူ တတ်နိုင်သလောက် ရှာဖွေစုဆောင်း ထားတယ်။ အဲ... သုံးရက်မြောက်နေ့မှာ နီကိုလေ ပြန်ပေါ်လာတယ်။ သိပ်မမူးပါဘူး။ သောက်တော့ သောက်ထားတယ်။ ကောင်းကောင်း စကားပြောလို့ရတဲ့ အခြေအနေတဲ့။ ဘာမှ မပြောဘဲ ခုံရှည်တခုမှာ ဝင်ထိုင်တယ်။ သူ့ဘေးမှာ လူစိမ်းတယောက်။ နောက်တယောက် က ခုံတခုံမှာ အိပ်နေတယ်။ သူ့အသိထဲကပါပဲတဲ့။ မစ်ထရဲနဲ့ တွေ့သေးလားလို့ သူက မေး တော့ နီကိုလေက မတွေ့ဘူးလို့ ဖြေတယ်တဲ့။ မင်းအလုပ် မသွားတော့ဘူးလား မေးတော့ မသွားတာ နှစ်ရက် ရှိပြီတဲ့။ ညက ဘယ်မှာ အိပ်လဲ မေးတော့ **ပက်စကီ**20 မှာ သူငယ်ချင်းတွေနဲ့ အိပ်တယ်လို့ဖြေတယ်။ ဒါဆို မင်း နားကပ်ကို ဘယ်အနားမှာ တွေ့တာလဲ မေးတော့ လမ်းဘေး ကပါလို့ ပြောပြီးသားပဲတဲ့။ ဒါပေမဲ့ သူက ပြောတာ မယုံဘူး။ သူ့ကို တည့်တည့်ကြည့် မဖြေ လို့တဲ့။ အဲဒီည၊ အဲဒီအချိန်မှာ အပေါ်ထပ်က ဘာသံတွေ ကြားလဲ မေးတော့ ဘာသံမှ မကြား ဘူးတဲ့။ အဲဒီအချိန်မှာ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။ ပြီးတော့ ဦးထုပ် ကောက် ဆောင်းပြီး ထတယ်။ အဲဒီအချိန်မှာ သူ့ကို ထိန်းထားဖို့ သူက စိတ်ကူးရလိုက်တယ်။

“နေပါဦး နီကိုလေ၊ တခွက်တလေ မချတော့ဘူးလား”

လို့ သူက မေးပြီး ကောင်တာထဲက ထွက်လာတယ်။ အဲဒီအချိန်မှာ သူ ဆိုင်ထဲက ပြေးထွက်သွားတာပဲ။ အဲဒါ သူ့ကို နောက်ဆုံး တွေ့လိုက်ရတာပဲ။ သူက လုံးဝ သံသယ မဖြစ် တော့ဘူးတဲ့။ ဇာတ်လမ်းက ရှင်းနေပြီပဲတဲ့”

“ဟုတ်တယ်လေ၊ ရှင်းနေတာပဲ"

ဖိုစီမော့ဇ်က ဝင်ပြောသည်။

"နေဦးကွ၊ ကျန်သေးတယ်။ နားထောင်ဦး၊ အဲဒီတော့ စာအုပ်ကြီးအတိုင်းပေါ့ကွာ။ နီကိုလေကို သူတို့ မြေလှန်ရှာတာပေါ့။ အူရှကင်ကိုလည်း ဆွဲထားလိုက်တယ်။ ပြီးတော့ သူ့ဆိုင်ကိုလည်း ရှာတာပေါ့။ မစ်ထရဲကိုလည်း ကုပ်လိုက်တယ်။ ပက်စကီရပ်ကွက်က လူငယ်တွေလည်း ပိုက်စိပ်တိုက် အရှာခံရတာပေါ့ကွာ။ တနေ့ကတော့ နီကိုလေ သူ့ဘာသာ သူ ပေါ်လာတယ်။ စားသောက်ဆိုင် တဆိုင်မှာ သူ ဝင်ထိုင်တယ်။ သူက ဆွဲထားတဲ့ ငွေ လက်ဝါးကပ်တိုင်ကလေးကို ဖြုတ်ပြီး အရက်နဲ့ လဲသောက်တယ်။ ဆိုင်က သူ့ကို တပုလင်း ပေးလိုက်တယ်။ သိပ်မကြာခင်မှာပဲ မိန်းမတယောက်က ဆိုင်နောက်ဖေးက နွားတင်းကုပ် ဘက်ကို သွားတယ်။ သူ့ကို တံခါးကြားက လှမ်းမြင်တာနဲ့ အသာစောင့်ကြည့်နေတယ်။ သူက ခါးပတ်ကို ဖြုတ်ပြီး ထုပ်တန်းမှာ ချည်တယ်။ ပြီးတော့ တဖက်ထိပ်မှာ ကွင်းလျှော လုပ်ပြီး လည်ပင်းကို စွပ်တယ်။ အဲဒီမှာ အမျိုးသမီးက ငယ်သံပါအောင် အော်ပါလေရော။ ဒီတော့မှ လူတွေ အပြေးအလွှား ရောက်လာကြတာ။ အဲဒီမှာ သူက ပြောတယ်။

"ကျုပ်ကို ရဲလက် အပ်ကြပါ။ အားလုံး ဖြောင့်ချက်ပေးပါ့မယ်" တဲ့။ အဲဒီမှာ ရဲစခန်း ရောက်သွားပြီး ထုံးစံအတိုင်း "မင်းအသက် ဘယ်လောက်လဲ"၊ "နှစ်ဆယ့်နှစ်နှစ်"၊ "အဖေနာမည်"၊ "ဘယ်သူ ဘယ်သူ" ဘာညာဘာညာပေါ့ကွာ၊ အဲဒီကိစ္စတွေ တသီကြီး ပြီးမှ...

"မင်းနဲ့ မစ်ထရဲ အလုပ်လုပ်နေတုန်း လှေကားထဲမှာ လူရိပ်လူခြည် တွေ့သလား"

"လူတွေတော့ တက်ဆင်းနေကြတာပဲ၊ သိပ်သတိမထားမိဘူး"

"အသံဗလံတွေ ကြားလား၊ ထူးခြားတဲ့ အသံမျိုးတွေပေါ့"

"ဟင့်အင်း၊ မကြားမိဘူး"

"ဒီမယ် နီကိုလေ၊ အဲဒီနေ့ညမှာ အပေါ်ထပ်က အဘွားကြီး ညီအစ်မ အသတ်ခံရ တာ မင်း သိလား"

"မသိပါဘူး ခင်ဗျာ။ ကျွန်တော် ဘာမှ မသိပါဘူး။ နောက်သုံးရက်ကြာမှ အရက် ဆိုင်ထဲမှာ အဖာနာစီ ပါဗလိုဗစ်ချ် ပြောလို့ သိရတာပါ"

"နားကပ်ကို မင်း ဘယ်က ရတာလဲ"

"လမ်းဘေးမှာ တွေ့တာပါ"

"နောက်နေ့မှာ မင်း ဘာလို့ အလုပ် မဆင်းလဲ"

"ကျွန်တော် လျှောက်မူးနေလို့ပါ"

"ဘယ်ဆိုင်မှာ သောက်တာလဲ"

သူက ဆိုင်နာမည်ကို ပြောပြတယ်။

"ဘာဖြစ်လို့ မင်း အူရှကင်ဆီက ထွက်ပြေးတာလဲ"

"ကျွန်တော် ကြောက်လို့ပါ"

"ဘာကို ကြောက်တာလဲ"

"အဖမ်းခံရမှာ ကြောက်တာပါ"

"မင်းမှာ အပြစ်မရှိရင် ဘယ်သူက ဖမ်းမှာလဲ။ အပြစ်မရှိရင် ဘာလို့ကြောက်ရမှာလဲ'

"မင်း ယုံချင်ယုံ မယုံချင်နေ။ အဲဒီစကားကို ရဲက ပြောသတဲ့ဗျား။ အဲဒီအတိုင်း ပြောတာတဲ့။ မင်း ဘယ်လို ထင်လဲ ဇိုစီမေ့ဗ်"

"ဘာပဲဖြစ်ဖြစ် သူတို့မှာ အထောက်အထား ရှိလို့ နေမှာပေါ့"

"ငါက သက်သေ အထောက်အထားအကြောင်း ပြောနေတာ မဟုတ်ဘူး။ မေးခွန်း ပုံစံ၊ စစ်ဆေးပုံကို ပြောနေတာကွ။ သူတို့က အတင်းဖိ၊ အတင်း ချောင်ပိတ်ပြီး ဝန်ခံအောင် လုပ်တာ။ အဲဒါနဲ့ နီကိုလေ ဝန်ခံလိုက်ရတာ။ 'နားကပ်ကို ကျွန်တော် လမ်းဘေးမှာ တွေ့တာ မဟုတ်ပါဘူး။ မစ်ထရဲနဲ့ ကျွန်တော် ဆေးသုတ်နေတဲ့ တိုက်ထဲက ရတာပါ' လို့ ပြင်ထွက် လိုက်ရတယ်။ ရဲက ဆက်မေးတယ်"

"တွေ့ပုံကို ပြောပြပါ"

"ကျွန်တော်တို့ နှစ်ယောက် တနေကုန် ဆေးသုတ်နေပါတယ်။ ည ရှစ်နာရီအထိသုတ်ပါတယ်။ ပြန်ခါနီးမှ မစ်ထရဲက စုတ်တံပေါ်မှာ ပေနေတဲ့ ဆေးတွေနဲ့ ကျွန်တော့် မျက်နှာကို လှမ်းသုတ်ပြီး ထွက်ပြေးတယ်။ ကျွန်တော်က နောက်က လိုက်တာပေါ့။ တံခါးမှူးရဲ့ အခန်းထဲမှာ လူသံတွေ ကြားရတယ်။ ဘယ်နှယောက်လဲ ဆိုတာတော့ ကျွန်တော် မသိဘူး။ တံခါးမှူးကို ကျွန်တော် ဝင်တိုက်လို့ အဆဲခံလိုက်ရသေးတယ်။ တံခါးမှူးရဲ့ မိန်းမကပါ ထွက်ဆဲတယ်။ အဲဒီအချိန်မှာ ဂိတ်က ဝင်လာတဲ့ လူကြီးတယောက်နဲ့ အမျိုးသမီးတယောက်နဲ့

တိုးတယ်။ သူတို့နှစ်ယောက်ကလည်း ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ပြီး ကျိန်ဆဲပြန်တယ်။ ကျွန်တော်တို့ နှစ်ယောက်က သူတို့ကို လမ်းပိတ်ပြီး နပန်းချနေတာကိုး။ ကျွန်တော် က မစ်ထရဲရဲ့ ဆံပင်ကို ဆွဲပြီး လှဲတယ်။ ပြီးတော့ လက်သီးနဲ့ ဖိထိုးတယ်။ သူကလည်း ကျွန်တော့်ဆံပင်ကို ပြန်ဆွဲပြီး ကျွန်တော့်လက်သီးကို တုံ့ပြန်တယ်။ ကျွန်တော်တို့ ရန်ဖြစ် နေကြတာ မဟုတ်ဘူး။ ကျီစယ်နေကြတာ။ ဒါ ကျွန်တော်တို့ဖြစ်နေကျ။ သိပ်ပျော်စရာကောင်း တာ။ သူ ကျွန်တော့်လက်ထဲက လွတ်ထွက်သွားတယ်။ ကျွန်တော် ထပြီး နောက်က လိုက်တယ်။ မမီတော့ဘူး၊ ဒါနဲ့ အခန်းကို တယောက်တည်း ပြန်လာခဲ့တယ်။ သန့်ရှင်းရေး လုပ်ရ ဦးမယ်လေ။ အခန်းဝမှာ စက္ကူထုပ်ကလေး တထုပ်ကို ကျွန်တော် လှမ်းမြင်လိုက်တယ်။ စက္ကူ ကို ခွာလိုက်တော့ အထဲမှာ စက္ကူဖာကလေး၊ ဖာကလေးကို ဖွင့်ကြည့်တော့ နားကပ်ကလေး တရန်..."

"တံခါးရဲ့နောက်မှာ ဟုတ်လား၊ ဟုတ်လား။ တံခါးရဲ့ နောက်မှာလား"

ရပ်စ်ကိုလ်နီကော့ဗ်က တံတောင်ဆစ်ကို အားပြု၍ ကိုယ်တပိုင်း ထပြီး အထိတ်တလန့် ဝင်မေးသည်။

"ဟုတ်တယ်လေ။ မင်း ဘာဖြစ်တာလဲ ရော့ဒ်ယာ၊ မင်း ဘာဖြစ်လို့ ငါ့ကို အဲဒီလို ကြည့်နေတာလဲ''

"ဘာမှ မဟုတ်ပါဘူးကွာ"

ပြောပြီး ခေါင်းအုံးပေါ်ပြန်လှဲချလိုက်သည်။ ပြီးတော့ နံရံဘက်ကို ပြန်မျက်နှာမူ လိုက်သည်။

အားလုံး ခဏငြိမ်သွားသည်။ ပြီးမှ ရာဇူမီခင်က မှတ်ချက်ချသည်။

"အိပ်ပျော်နေရာက လန့်နိုးလာတယ် ထင်တယ်"

ပြောပြီး ဆရာဝန်ကို လှမ်းကြည့်လိုက်သည်။ ဇိုစီမော့ဗ်က အသာခေါင်းယမ်းပြပြီး-

"နောက် ဘာဖြစ်လဲ၊ ဆက်ပါဦး'

"ဘာဖြစ်ရမှာလဲ၊ သန့်ရှင်းရေး လုပ်ဖို့ရော၊ သူ့အဖော်ကိုပါ မေ့သွားပြီး ဦးထုပ် ကောက်ဆောင်း၊ အူရှကင်ဆီ တန်းပြေးပေါ့။ အဲဒီမှာ သူ တရူဘယ် ရတယ်။ ပစ္စည်းကို လမ်း ပေါ်က ကောက်ရတာလို့ လိမ်ပြောတယ်။ ပြီးတော့ သွှောက်သုံးဖြုန်းနေတော့တာပဲ။ လူသတ်မှုနဲ့ ပတ်သက်လို့တော့ သုံးရက်ကြာမှ သိတယ်။ ဒါ့ထက်ပိုပြီး ဘာမှ မသိဘူးလို့ ဘူးခံထားတယ်။ ဒီအတောအတွင်း ဘာလို့

ပေါ်မလာတာလဲ မေးတော့ ကြောက်လို့လို့ ဖြေတယ်။ ဘာပြုလို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ စိတ်ကူးတာလဲ မေးတော့ အတွေး ခေါင်သွားလို့လို့ ဖြေတယ်။ ဘာတွေ တွေးမိလဲ မေးတော့ ထောင်ထဲ ရောက်မှာ ကြောက်လို့ တဲ့။ ကဲ... ဇာတ်လမ်းက အဲဒါပဲ။ အဲဒါကို သူတို့ ဘယ်လို အဓိပ္ပာယ်ကောက်မယ် ထင်သလဲ"

"ဘာထင်စရာ လိုလဲ။ မီးခိုး မြင်နေပြီပဲ။ ဆေးသမားကို သူတို့ လွှတ်မပေးဘူး ထင်နေတယ်ပေါ့"

"သူတို့က ဘာမှတောင် မစဉ်းစားတော့ဘူး။ သူ့ကို လူသတ်သမားလို့ အတည်ပြု ထားကြတာလေ"

"အဓိပ္ပာယ် မရှိပါဘူးကွာ၊ မင်း သိပ်စိတ်လှုပ်ရှားနေလို့ပါ။ ဒါဆို နားကပ်ကိစ္စ ကကော။ အဲဒီနေ့၊ အဲဒီအချိန်မှာပဲ အဘွားကြီးရဲ့ သေတ္တာထဲက နားကပ်ဟာ နီကိုလေရဲ့ လက်ထဲကို ရောက်သွားတယ်။ တနည်းနည်းနဲ့ ရောက်သွားတယ်ဆိုတာ မောင်ရင် လက်ခံရမယ်။ သူတို့က ဒါကို ပေါ့ပေါ့တန်တန် ဘယ်ထားမလဲ"

"ဟုတ်ပါပြီ၊ သူ့လက်ထဲကို ရောက်သွားတယ်။ အဲဒီအခန်းကို ဒီနားကပ် ဘယ်လို ရောက်သွားတာလဲ"

ရာဇူမီခင် အသံကျယ်လာသည်။

"မင်းဟာ ဆရာဝန်ပါကွာ။ လူ့သဘာဝကို လေ့လာဖို့ အကောင်းဆုံးနေရာကို မင်း ရောက်နေတာပါ။ မင်း ခုထိ တကယ့်အချက်အလက်တွေ မမြင်သေးဘူးလား။ နီကိုလေ ဆိုတဲ့ လူဟာ ဘယ်လိုလူစားမျိုးလဲ။ ရဲရှေ့မှာ သူ့ထွက်ချက်တွေဟာ သွေးထွက်အောင် မှန်တဲ့ အချက်အလက်တွေချည်းပဲ။ ဒီနားကပ် သူ့လက်ထဲ ဘယ်လို ရောက်လာသလဲ ဆိုတာ သူ ပြောပြီးသားလေ၊ အခန်းဝမှာ စက္ကူဖုာလေးတွေ့လို့ ကောက်ယူလိုက်တယ်လေ"

"သွေးထွက်အောင် မှန်ပေမယ့် ပထမ သူ လိမ်ပြောသေးတယ်လေကွာ"

"ဒီမယ်၊ ငါ ပြောပြမယ်။ မင်း သေသေချာချာ နားထောင်။ တံခါးမှူး ရှိတယ်၊ ကို့ချ်ရှိတယ်၊ ပက်စထရီယာကော့ဗ် ရှိတယ်။ တခြားတိုက်က တံခါးမှူးတွေ ရှိတယ်။ သူတို့ တိုက်က တံခါးမှူးရဲ့မိန်းမ ရှိတယ်။ အဲဒီ မိန်းမနဲ့အတူ အဲဒီအချိန်မှာ ထိုင်နေတဲ့ ဈေးသည်မ ကြီး ရှိတယ်။ ရထားပေါ်က ဆင်းပြီး ခြံထဲဝင်လာတဲ့ တရားရေးဝန်ထမ်း ရှိတယ်။ သူက အမျိုးသမီးတယောက်နဲ့ လက်ချင်းချိတ်လို့၊ သက်သေအားလုံး ရှစ်ယောက်ကနေ ဆယ်ယောက် လောက် ရှိမယ်။ နီကိုလေက သူ့အဖော်ကို အပေါ်က ခွထိုးနေတဲ့ အကြောင်း အားလုံးက သက်သေခံတယ်။ သူတို့ နှစ်ယောက် လမ်းပိတ်ပြီး နပန်းလုံးနေကြတာ။ ကလေး နှစ်ယောက် လို

ရယ်ရယ်မောမောနဲ့ သတ်ပုတ်နေကြတာ။ အားလုံး ဒီအတိုင်း သက်သေခံကြတယ်။ ပြီးတော့ ကလေးတွေလိုပဲ လမ်းပေါ် ပြေးထွက်သွားကြတယ်။ တယောက်နောက် တယောက် လိုက်ကြတယ်။ သေသေချာချာ နားထောင်နော်။ အဲဒီအချိန်မှာ အပေါ်ထပ်က အလောင်းတွေ နွေးနေတုန်း ရှိသေးတယ်။ ဟုတ်တယ်နော်၊ နွေးနေတုန်းနော်။ သူတို့ နှစ်ယောက်က ဟိုညီအစ်မကို သတ်တယ်ဆိုရင်၊ ဒါမှမဟုတ် နီကိုလေ တယောက်တည်းက ပစ္စည်းယူ၊ လူသတ်တယ် ဆိုရင် နှစ်လောင်းပြိုင် ပုဆိန်နဲ့ ခုတ်သတ်တာနော်။ ဆိုရင်... အဲဒီ လူတယောက်ဟာ လမ်းပေါ်မှာ သူငယ်ချင်းတယောက်နဲ့ ပျော်ပျော်ပါးပါး ဆော့ကစား နေနိုင်ပါ့မလား။ သတ်ပြီး ဆယ်မိနစ် အတွင်း ကလေးတွေလို ဆော့နေတာနော်။ လူတွေ အပေါ်ထပ် တက်သွားပြီ ဆိုတာလည်း သူ သိတယ်။ သူတို့နှစ်ယောက် ကလေးတွေလို ဆော့ ကစား သတ်ပုတ်နေတယ် ဆိုတာ သက်သေ ဆယ်ယောက်က အတည်ပြုတယ်နော်။ ကဲ... မင်း စဉ်းစားစမ်း”

“အင်း... ထူးတော့ ထူးဆန်းတယ်၊ သိပ် မဖြစ်နိုင်ဘူးပေါ့။ ဒါပေမဲ့...”

“ဒါပေမဲ့မနေနဲ့ သူငယ်ချင်း။ အဲဒီအချိန်၊ အဲဒီနာရီမှာ အဲဒီနားကပ် နီကိုလေ လက်ထဲ ရောက်သွားတယ် ဆိုတဲ့ အထောက်အထားဟာ အငြင်းပွားနိုင်တဲ့ အထောက်အထားတွေ၊ ဥပဒေကြောင်းဆိုင်ရာ ဒဿနတွေ၊ ဒါတွေအားလုံး အပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တွေ အားလုံး ထည့်စဉ်းစားရမယ်။ ခုတော့ သူတို့က ဒီလို မဟုတ်ဘူး။ နားကပ် တရန် ရထားပြီ။ အဲဒီနားကပ် ရထားတဲ့လူက သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားတဲ့လူ။ အပြစ်ရှိလို့ သူ့ကိုယ်သူ သတ်ဖို့ လုပ်တာပေါ့၊ အဲဒီလို။ သူတို့က အဲဒီအချက်ကို အဓိက ထားနေတယ်။ ကဲ... ငါ ဘာလို့ စိတ်လှုပ်ရှားနေတယ်ဆိုတာ မင်း ရှင်းပြီလား”

“မင်း စိတ်လှုပ်ရှားတာက ဟုတ်ပါပြီ။ နေဦး၊ ငါ မေးဖို့ မေ့နေတယ်။ ဒီ နားကပ်တရန် ဟာ အဘွားကြီးရဲ့ သေတ္တာထဲက ပစ္စည်းပါလို့ ဘယ်လို သက်သေပြမလဲ"

ရာဇူမီခင် ခဏတွေသွားပြီးမှ အဖြေပေးသည်။

“သက်သေပြပြီးပြီလေ။ ကို့ချ်က ဒီပစ္စည်းကို မှတ်မိတယ်။ အဘွားကြီးဆီမှာ လာပေါင်တဲ့ ပိုင်ရှင်ဆီသွားပြီး အတည်ပြုပြီးပြီ။ ပိုင်ရှင်က သူ့ပစ္စည်းပါလို့ ပြောတယ်လေ”

“အင်း.. အဲဒါ ဆိုးသွားတာပေါ့။ နောက်တခု ရှိသေးတယ်ကွ။ ကို့ချ်နဲ့ ပက်စထရိယာကော့ဗ် အပေါ်ထပ်မှာ ရှိနေတုန်း နီကိုလေကို မြင်တဲ့လူ ရှိလား"

"မရှိဘူး။ အဲဒါနည်းနည်း ဆိုးသွားတယ်။ ကို့ချ်နဲ့ ပက်စထရိယာကော့ဗ်တို့

နှစ်ယောက်ရဲ့ ထွက်ချက်ကလည်း သိပ်အားမကောင်းဘူး။ အခန်းတံခါး ပွင့်နေတယ်။ တယောက်ယောက် အထဲမှာ အလုပ်လုပ်နေတယ် ထင်တယ်။ ဖြတ်လျှောက်သွားတော့ သူတို့အခန်းကို သတိမထားမိဘူး။ အထဲမှာ အလုပ်သမားတွေ ရှိနေသလား၊ ပြန်သွားပြီလား သိပ်မသေချာဘူးလို့ ထွက်ထားတော့ သိပ်အားမကိုးရဘူးပေါ့''

"ဒါဆို သူ့ဘက်က အကာအကွယ်ယူဖို့ အဲဒီည၊ အဲဒီအချိန်မှာ သူ့တို့ ပျော်ပျော်ပါးပါး ဆော့နေကြတယ် ဆိုတဲ့ အချက်ကိုပဲ အားပြုရမှာပေါ့။ ပြီးတော့ သူ ပြောသလို နားကပ်ကို သူ ပြောတဲ့နေရာမှာ တွေ့တယ် ဆိုတာကို မင်း ဘယ်လို ရှင်းမလဲ"

"ဘယ်လိုရှင်းမလဲ ဟုတ်လား။ ရှင်းနေတာပဲကွ။ အဲ... အမှုသွား၊ အမှုလာ လမ်းကြောင်း ကတော့ ရှင်းနေတယ်လေ။ အခြေအနေလည်း ကောင်းနေတယ်။ အဲဒီ နားကပ် တရန် ကြောင့်ပဲ။ တကယ်သတ်တဲ့ လူသတ်သမားက အဲဒီ စက္ကူဖာကလေး ကျကျန်ခဲ့တာ။ ကို့ချ်နဲ့ ပက်စထရိယက်စကီ တံခါးခေါက်တုန်းက လူသတ်သမား အထဲမှာ ရှိနေတယ်။ အထဲက ချက်ချပြီး စောင့်နေတယ်။ သူတို့ နှစ်ယောက် အောက်ဆင်းသွားတော့ သူက တံခါး ဖွင့်ထွက် ပြီး ပြေးဆင်းခဲ့တယ်။ သူ့မှာ တခြားပြေးပေါက် မရှိဘူးလေ။ ကို့ချ် ဆင်းလိုက်သွားတာ မှားတာပဲ။ ငတုံးပဲ။ လှေကား တနေရာမှာ လူသတ်သမားက သူတို့ သုံးယောက် မမြင်အောင် ပုန်းခွင့် ရသွားတယ်။ ပြန်အတက်မှာ တံခါးမှူးပါလာတော့ သူတို့ သုံးယောက် ဖြစ်သွားတာ။

"ဘယ်လိုလဲဆိုတော့ အဲဒီအချိန်မှာပဲ နီကိုလေနဲ့ သူ့သူငယ်ချင်း လှေကားက ပြေးဆင်း သွားတယ်။ အဲဒီမှာ ဆေးသုတ်တဲ့ အခန်းထဲ အသာဝင်ခိုနေလိုက်တယ်။ ဟိုသုံးယောက် ပြန်တက်အသွားမှာ အခန်းထဲက သူ ထွက်ပြီး ဆင်းလာတယ်။ အေးအေးဆေးဆေး လမ်းပေါ် ထွက်ခဲ့တယ်။ ဘယ်သူမှ သူ့ကို မမြင်လိုက်ဘူး။ မြင်တဲ့လူ ရှိရင်လည်း ဘယ်သူမှ ဂရုစိုက်မိမှာ မဟုတ်ဘူး။ လမ်းပေါ်မှာ လူသွားလူလာတွေ များနေတဲ့ အချိန်ကိုး။ ဆေးသုတ်တဲ့ အခန်းဝမှာ ရပ်နေတုန်း သူ့အိတ်ထဲက အထုပ်ကလေး တထုပ် ထွက်ကျသွားတာ ဖြစ်မယ်။ လူသတ် သမားမှာ အလွတ်ရုန်းဖို့ ဦးနှောက် သုံးနေရတယ်။ ဒီအထုပ်ကလေး ထွက်ကျသွားတာ သူ ဘယ်လိုမှ သတိမပြုမိနိုင်ဘူး။ ဒါပေမဲ့ ဒီနေရာကို သူ ရောက်ခဲ့တယ် ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး။ အဲဒါဟာ အဓိကအချက်ပဲ"

"အင်း... တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်"

ဆရာဝန် ဇိုစီမော့ဗ်က ရာဇူမီခင်ကို ကောင်းချီးပေးသည်။

"ဘာတော်တာလဲကွ"

“အချိန်ကိုက်တာ၊ ကွက်တိ ဖြစ်တာကို ပြောတာပါ။ သိပ်သေသပ်တယ်၊ ပြဇာတ် တပုဒ်အတိုင်းပဲ"

“အား”

ရာဇူမီခင် အော်လိုက်သည်။ ထိုအချိန်တွင်ပင် အခန်းတံခါး ပွင့်လာပြီး လူတယောက် ဝင်လာသည်။ အခန်းထဲက လူတွေ တယောက်မျှ သူ့ကို မသိ။

※※※

ဝင်လာသည့် ပုဂ္ဂိုလ်ကြီးမှာ အထက်တန်းကျကျ ဝတ်ဆင်ထားသည်။ အသက်အားဖြင့် လူလတ်ပိုင်း ဘဝကို ကျော်ဖြတ်လာခဲ့ပြီးသူ တယောက်။ ဥပဓိရုပ် ကြည့်ရသည်မှာ စိတ် ကြည်လင်မှု မရှိ။ စိတ်တိုလွယ်မည့် ပုံ။ အခန်းဝတွင် ရပ်ပြီး အတွင်းဘက်ကို စက်ဆုပ်ရွံရှာ စွာနှင့် မနှစ်မြို့စွာ ကြည့်နေသည်။ သူ့အတွင်းစိတ်ကို မျိုသိပ်ထားနိုင်စွမ်း မရှိတော့ဘဲ သူ့ မျက်လုံးများ က 'ငါ ဘယ်လိုနေရာကို ရောက်လာတာပါလိမ့်' ဟု ပြောနေသည့် အလား။ မယုံကြည်စွာ၊ ထို့ထက် ဆိုရလျှင် အံ့ဩထိတ်လန့်စွာဖြင့် ရပ်စ်ကိုလ်နီကော့ဗ်၏ ကြုတ်ထဲ ကျွဲသိပ် ဘဝကို ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်နေသည်။ ရေမချိုး၊ မုတ်ဆိတ်မရိတ်၊ အဝတ်မလဲဘဲ ဆိုဖာစုတ်ကြီးပေါ်လျောင်းနေသော ရပ်စ်ကိုလ်နီကော့ဗ်ကို သူ စိုက်ကြည့် နေသည်။ လူမမာကလည်း သူ့ကို မလှုပ်မယှက် စိန်းစိန်းပြန်ကြည့်နေသည်။ လူစိမ်းက တဆက်တည်းတွင် ခေါင်းမဖြီး၊ မုတ်ဆိတ် မလှီးဘဲ ကလန်ကလားနှင့် ရာဇူမီခင်ကို လှမ်း ကြည့်သည်။ သူကလည်း လူစိမ်းကို ထိုင်လျက်က စားတော့ဝါးတော့မတတ် ပြန်ကြည့်နေသည်။ အခန်းထဲတွင် တမိနစ်ခန့် တင်းမာစွာ ငြိမ်သက်နေသည်။ ခဏနေမှ တင်းမာမှု လျော့ကျသွားသည်။ ဧည့်သည်သည် သူ့အခြေအနေနှင့် အခန်းတွင်းမှ အခြေအနေကို ရိပ်မိသွားသည့်အလား။ ပါးပျဉ်းချကာ ဇိုစီမော့ဗ်ဘက် လှည့်၍ ယဉ်ကျေးစွာဖြင့် -

"တက္ကသိုလ်ကျောင်းသား မစ္စတာရိုဒီယွန် ရပ်စ်ကိုလ်နီကော့ဗ်ပါလား ခင်ဗျာ" ဟု မေးလိုက်သည်။

ဇိုစီမော့ဗ်က ခပ်ဖြည်းဖြည်း လှုပ်ရှားလာသည်။ သူ မဖြေမီ ရာဇူမီခင်က ဘုတော သည့် လေသံဖြင့်-

"ဟိုမှာ၊ ဆိုဖာပေါ်မှာ လှဲနေတာ သူပဲ။ ခင်ဗျား ဘာလိုချင်လို့လဲ၊ ဘာကိစ္စလဲ"

ဘာလိုချင်လို့လဲ၊ ဘာကိစ္စလဲ ဆိုသည့် စကားလုံးများကြောင့် ဝတ်ကောင်းစားလှ နှင့် လူကြီးမင်း အလွန်အမင်း ခံပြင်းသွားပုံရသည်။ ရာဇူမီခင်ကို ရင်ဆိုင်မည် လုပ်ပြီးမှ စိတ်ကို ထိန်းလိုက်ဟန်ဖြင့် ဇိုစီမော့ဗ်ဘက် လှည့်လိုက်သည်။

ဆရာဝန်က ခေါင်းညိတ်ပြီး-

"ဟုတ်တယ်လေ။ အဲဒါ ရပ်စ်ကိုလ်နီကော့ဗ်ပဲ"

ပြောရင်း ပျင်းရိပျင်းတွဲ သမ်းလိုက်သည်။ ပါးစပ်ကို အသားကုန်ဟပြီး

ဆက်ကာ ဆက်ကာ အကြာကြီး သမ်းနေသည်။ ပြီးမှ ကုတ်အင်္ကျီအိတ်ထဲမှ ရွှေနာရီကြီးကို အဖုံးဖွင့် ကြည့်သည်။ ပြီးတော့ ခပ်အေးအေး အိတ်ထဲ ပြန်ထည့်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဘာတခွန်းမှ မပြောဘဲ ထီမထင်သည့် ပုံဖြင့် လူစိမ်းကို စိုက်ကြည့်နေသည်။ ဘယ်သူ ဘယ်ဝါ သူ မမှန်းတတ်သေး။ ပန်းပွင့်ကလေးများမှ မျက်နှာ လွှဲလိုက်ပြီးသည့်အခါ သူ့မျက်နှာမှာ ပို၍ ဖြူရော်-လာသည်။ ပို၍ လူမမာရုပ် ပေါက်လာသည်။ ခွဲစိတ်ပြီးခါစ လူနာတယောက်၏ မျက်နှာမျိုး။ သံ့ပန်းစခန်းမှ နှိပ်စက်ခံရပြီး ထွက်လာသည့် မျက်နှာမျိုး။ ဧည့်သည်လူကြီးသည် တဖြည်းဖြည်းနှင့် ပို၍ပို၍ သတိထား လာပြီး စိတ်ရှုပ်လာပုံရသည်။ သည်အခန်းထဲတွင် စိတ်ချရသည့်လူ တယောက်မျှ မရှိဟု ထင်လာသည်။ ပြီးတော့ ကြောက်စိတ်တွေ ဝင်လာသည်။

"အဲဒါ ရပ်စ်ကိုလ်နီကော့ဗ်ပဲ" ဟု ဇိုစီမော့ဗ် ပြောလိုက်ပြီးနောက် သူက ထထိုင်သည်။ ပြီးတော့ အားနည်းလွန်းသည့် အသံဖြင့် တုန်တုန်ယင်ယင် ပြောလိုက်သည်။

"ဟုတ်တယ်။ ကျွန်တော် ရပ်စ်ကိုလ်နီကော့ဗ်၊ ခင်ဗျား ဘာလိုချင်လို့လဲ"

ဧည့်သည်က သူ့ကို သေသေချာချာ ကြည့်ပြီး ဟန်ပါပါ ပြောသည်။

"ပျိုတာပီထရိုဗစ်ချ်လူဇင်။ အဲဒီနာမည်တော့ ကြားဖူးမယ် ထင်ပါတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က လုံးဝ မျှော်လင့် မထားသော်လည်း အံ့သြဟန် မပြ။ သူ့ကို အေးစက်စက် မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။ သည်နာမည်ကို ခုမှ ကြားဖူးသလို တုံဏှိဘာဝေ လုပ်နေသည်။

ပျိုတာပီထရိုဗစ်ချ်လူဇင် ဆိုသူက မသိမသာ မျက်မှောင်ကုတ်ပြီး မေးသည်။ "ခုချိန်အထိ သတင်း မကြားရသေးတာတော့ မဖြစ်နိုင်ဘူး။ တကယ် မကြားသေးတာလား"

သူ့ကို တုံ့ပြန်သည့်အနေဖြင့် ရပ်စ်ကိုလ်နီကော့ဗ်က ပက်လက်လှန် ချလိုက်ပြီး မျက်နှာကြက်ကို မော့ကြည့်နေသည်။ လူဇင်၏မျက်နှာတွင် နာကြည်းခံပြင်းသည့် ဒေါသခိုး တွေ ဝေသွားသည်။ ဇိုစီမော့ဗ်နှင့် ရာဇူမီခင်တို့ နှစ်ယောက်က သူ့ကို သေသေချာချာ အကဲခတ် နေသည်။ နောက်ဆုံးတွင် ထိုလူကြီးသည် အလွန်အမင်း အောင့်သက်သက် ဖြစ်သွားပုံရပြီး အာလေး လျှာလေးဖြင့် ပြောသည်။

"ကျုပ် ထင်တယ်၊ အဲ... သေချာပါတယ်၊ စာပို့လိုက်တာ

ဆယ်ရက်ကျော်ပြီပဲ။ တိတိကျကျ ပြောရရင် နှစ်ပတ်နီးပါးရှိပြီ''

ရာဇူမီခင်က ကြားဖြတ်ပြီး-

"ဒီမယ်၊ ခင်ဗျား ဘာလို့ တံခါးဝမှာ ပိတ်ရပ်နေတာလဲ။ ပြောစရာရှိရင် အထဲ ဝင်ထိုင်ပါလား။ နာတာရှာ ဝင်ဖို့ ထွက်ဖို့ ရှိသေးတယ်လေ။ နာတာရှာ ဖယ်ပေးလိုက်။ ကဲ... ဝင်၊ ဟိုမှာ ကုလားထိုင် ရှိတယ်။ အခန်းကတော့ မြင်တဲ့ အတိုင်းပဲ"

သူ ဝင်သာအောင် ရာဇူမီခင်က သူ့ကုလားထိုင်ကို နောက်ဆုတ်ပြီး ကိုယ်ကို ကျုံ့ပေးလိုက်သည်။ မငြင်းသာသဖြင့် ဧည့်သည်လူကြီးက ခေါင်းငုံ့ဝင်လာပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ပြီးတော့ ရာဇူမီခင်ကို မသက်သာသည့် မျက်လုံးများဖြင့် ကြည့်နေသည်။

ရာဇူမီခင်က နိဒါန်း မပျိုးတော့ဘဲ လိုရင်းတိုရှင်း ပြောချလိုက်သည်။

"ခင်ဗျား ဘာမှ ရှိုးတိုးရှန့်တန့် ဖြစ်မနေနဲ့။ ရော့ဒ်ယာ ဖျားနေတာ ငါးရက် ရှိပြီ။ သုံးရက်က လူမှန်းလူမှန်း မသိဘူး။ ဒီနေ့မှ အစားဝင်တာ။ ဟောဒီမှာ ထိုင်နေတာက ဆရာဝန်။

ခုပဲ သူ စစ်ဆေးပြီးတယ်။ ကျွန်တော်က ရော့ဒ်ယာရဲ့ ကျောင်းနေဖက်သူငယ်ချင်း။ လောလော ဆယ် သူ့ကို လာပြုစုနေတယ်။ ကဲ... ဒီတော့ ကျွန်တော်တို့ကို ထည့်မတွက်နဲ့၊ ပြောစရာ ရှိတာ ပြော။ ခင်ဗျား ဘာလိုချင်တာလဲ''

"ကျေးဇူးတင်ပါတယ်။ နေမကောင်းတဲ့ လူကိုလာပြီး အနှောင့်အယှက် မပေးချင် ပါဘူး"

"မဆိုင်ပါဘူး။ သူ့အတွက် အပြောင်းအလဲတောင် ဖြစ်နိုင်ပါသေးတယ်"

ဇိုစီမော့ဗ်က နောက်တခါ သမ်းပြီး ပြောလိုက်သည်။ ရာဇူမီခင်ကလည်း အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့် ကြားဝင်လိုက်သည်။ သူက ဒါမျိုးတွေ ကျွမ်းသည်။

"ပြောစရာရှိတာ ပြောပါ။ သူ သတိရနေတာ ကြာပါပြီ။ မနက်ကတည်းက သူ ပြန်နေကောင်းနေပါပြီ''

သူ့ကို တက္ကသိုလ်ကျောင်းသားတယောက်မှန်း သိသွားတော့ လူဇင် စိတ်သက်သာ ရာ ရသွားသည်။

လူဇင် စကားစသည်။

“ကိုရင့် မေမေက…”

“ဘာ”

ရာဇူမီခင်က အကျယ်ကြီး အော်ပြောလိုက်ခြင်း ဖြစ်သည်။ လူဇင်က သူ့ကို နားမလည် သလို လှမ်းကြည့်သည်။

“ဘာမှ မဟုတ်ပါဘူး၊ ဆက်ပြောပါ”

လူဇင်က ပခုံးတွန့်ပြီး စကားဆက်သည်။

“ကိုရင့် မေမေ စာရေးတော့ သူတို့သားအမိနဲ့ အတူ ကျုပ် အနားမှာ ရှိနေတယ်။ ဒီရောက်တော့ ကိုရင်နဲ့တွေ့ဖို့ တမင် ရက်ဆိုင်းနေလိုက်တယ်။ စာရောက်တာ သေချာအောင်နဲ့ ကိစ္စအားလုံး ကျေညက်တဲ့ အချိန်ကို စောင့်နေတာပါ။ ခုတော့… မမျှော်လင့်တဲ့…”

“သိပြီ၊ သိပြီ”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်အနှောင့်အယှက် ဖြစ်သွားပုံ၊ စိတ်မရှည်ပုံဖြင့် ဖြတ် ပြောလိုက်သည်။

“သိပြီ… ခင်ဗျားက သတို့သားပေါ့၊ ဟုတ်လား၊ တော်ပြီ”

လူဇင် စိတ်ပျက်သွားသည်။ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဘာ အဓိပ္ပာယ်ပါလိမ့်ဟု သူ စဉ်းစားသည်။ တမိနစ်ခန့် တိတ်သွားသည်။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို တည့်တည့်ကြည့်ပြီး သေသေချာချာ အကဲခတ်သည်။ ခေါင်းအုံးကို လက်နှင့် ထောက်ပြီး ကိုယ်အပေါ်ပိုင်း ကြွလိုက်သည်။ လူကတော့ လူရည်သန့်တယောက်ပဲ။ သတို့သား ဟူသည့် အသုံးအနှုန်းကို အမှတ်မထင် သုံးလိုက်မိသည်။ သတို့သမီးကို စောင့်ရင်း ပီတာစဘတ်တွင် အချိန်ယူပြီးမှ မိမိအား လာတွေ့ခြင်းမှာ အပြစ်ဆိုစရာ မရှိပါ။ သူဟာ သတို့သားတယောက် ဖြစ်ထိုက်တဲ့ ဥပဓိရုပ်ပိုင်ရှင်ပဲ။ အဝတ် အစားတွေက အသစ်စက်စက်တွေ။ သတို့သားနှင့်တူအောင် တမင် ရွေးဝတ်လာခြင်း ဖြစ် မည်။ ပန်းနုရောင်လက်အိတ်က အသစ်ကျပ်ချွတ်။ အားလုံး အရောင်နုနုကလေးတွေ ဝတ်ပြီး သူ့ကိုယ်သူ နုပျိုအောင် လုပ်လာမှန်း သိသာလှသည်။ မျက်နှာမှာ နုပျိုလန်းဆန်းပြီး လေးဆယ့်ငါး နှစ် အရွယ်ဟု မထင်ရ။ မေးစေ့မှာ ပြောင်ရှင်းနေပြီး နှုတ်ခမ်းမွေးက သေသေသပ်သပ်။ ဆံပင်ကိုလည်း သေသေချာချာ ဆိုင်မှာ ပြင်လာပုံ ရသည်။

သည်လို ဥပမိရုပ် ဖြူစင်ပါလျက် သူ၏ ညစ်နွမ်းသော စိတ်သန္တာန်က ပေါ်လွင်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို သေသေချာချာ လေ့လာပြီးမှ နာကြည်းခါးသီးစွာ ပြုံးလိုက်ပြီး ခေါင်းအုံးပေါ် ပြန်လှန်ချလိုက်သည်။ ပြီးတော့ မျက်နှာကြက်ကို ထပ်မော့ကြည့် နေပြန်သည်။

မစ္စတာလူဇင်က သူ့ကိုယ်သူ ပြန်စစ်ဆေးပြီး သည်အခန်းထဲမှ ထူးထူးဆန်းဆန်း အခြေအနေ အားလုံးကို ခဏ မေ့ထားဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုရင့်ကို ဒီအခြေအနေမျိုးနဲ့ တွေ့ရတာ ကျုပ် စိတ်မကောင်းပါဘူး'

တိတ်ဆိတ်သွားသည့် အခန်းထဲတွင် သူ စကား ပြန်စဖို့ ကြိုးစားသည်။

"နေမကောင်းမှန်း သိရင် ကျုပ် နောက်မှ လာပါတယ်။ ဒါပေမဲ့ အခြေအနေ ဆိုတာ မမျှော်လင့်တာတွေ ဖြစ်တတ်တယ်လေ။ ရှေ့နေတယောက်အနေနဲ့ ကျုပ်က အလုပ် တော်တော်များတယ်ဗျ။ တရားလွှတ်တော်မှာ သိပ်အရေးကြီးတဲ့ အမှုတခု တင်ထားတယ်။ ဘာမှု ဆိုတာတော့ မပြောတော့ပါဘူး။ ကိုရင်တို့ ကြားမှာပါ။ ကျုပ်က ကိုရင့်ရဲ့ အမျိုးတွေ.. အဲ... မယ်တော်ကြီးနဲ့ ညီမတော်ကိုပေါ့။ သူတို့ကို မျှော်နေတာဗျ။ သူတို့ ရောက်ချိန် တန်ပြီ''

ရပ်စ်ကိုလ်နီကော့ဗ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ တခုခု ပြောချင်နေသည်။ သူ့မျက်နှာတွင် မကျေနပ်မှုတွေ အထင်းသား ပေါ်နေသည်။ လူဇင်က သူ တခုခု ပြောမလား စောင့်နေသေးသည်။ ဘာမှ မပြောသဖြင့် စကားဆက်သည်။

"လောလောဆယ် သူတို့ နေဖို့အတွက် အခန်း တခန်း ရှာထားတယ်။ လောလော ဆယ် တည်းဖို့ပါ"

"ဘယ်မှာလဲ"

ရပ်စ်ကိုလ်နီကော့ဗ် ခပ်တိုးတိုး မေးလိုက်သည်။

"ဒီနေရာနဲ့ သိပ်မဝေးပါဘူး။ ဘာကာလိဗ်ရဲ့ အိမ်လေ'

ရာဇူမီခင်က ဝင်ပြောသည်။

"မိုနက်ဆန်စကီ လမ်းပေါ်မှာကွာ၊ နှစ်ထပ်အိမ်။ ပရိဘောဂတွေ ပါတယ်။ ကုန်သည် ကြီး ယူရှင့်ကို အပ်ထားတယ်၊ ငါ ရောက်ဖူးပါတယ်"

"ဟုတ်ပါတယ်၊ ပရိဘောဂ အပြည့်အစုံ ..."

ရပ်စ်ကိုလ်နီကော့ဗ်က ဖြတ်ပြီး-

"အလကားနေရာ၊ ငါလည်း ရောက်ဖူးတယ်။ စုတ်ပြတ် ညစ်ပတ်နေတာပဲ။ ပြီးတော့ လူကောင်း သူကောင်းတွေ နေတဲ့ နေရာမျိုး မဟုတ်ဘူး၊ အပေါစား အခန်းမျိုးပါ"

"အဲ... ကျုပ်က ဒီမှာ လူသစ် ဆိုတော့ သိပ်မကျွမ်းပါဘူး။ အခန်းလေး နှစ်ခန်းက တော့ သန့်ပါတယ်။ နေမှာကလည်း ခဏလေး ဆိုတော့ ရရာ ယူလိုက်တာပါ။ နောင် အတည် တကျနေမယ့် အခန်းလည်း ယူထားပြီးပါပြီ။ ခု ပြင်နေပါတယ်။ ခုလောလောဆယ်မှာတော့ ကျုပ်လည်း အခန်းကျဉ်းကျဉ်းကလေးကိုပဲ ငှားနေပါတယ်။ လူငယ် သူငယ်ချင်းတယောက် ရဲ့ အိမ်ပါ။

သူ့နာမည်က အင်ဒရေးဆေမွန်နစ်ချ်လီဗက်ဇီယာနီကော့ဗ်။ သူ ညွှန်းလို့ ဘာကာလိဗ်ရဲ့ အိမ်ကို ကျုပ် ရောက်သွားတာပါ"

"လီဗက်ဇီယာနီကောဗ့်၊ ဟုတ်လား"

ရာဇူမီခင်က မျက်မှောင်ကုတ်ပြီး မေးသည်။

"ဟုတ်တယ်။ ဝန်ကြီးဌာနမှာ စာရေးကြီးပေါ့။ ခင်ဗျား သူ့ကို သိလို့လား"

"သိတယ်၊ အဲ ...မသိပါဘူး"

"အဲ... ကျုပ်ကို ခွင့်ပြုပါ၊ ခင်ဗျား သူ့ကို သိမယ့်ပုံပါ။ တချိန်တုန်းက ကျုပ်က သူ့ကို စောင့်ရှောက်ခဲ့ဖူးတယ်။ လူတော်လေးပါ။ ခုထိ တော်တုန်းပါပဲ။ ကျုပ်က လူငယ်တွေနဲ့ တွေ့ချင်တယ်။ သူတို့ဆီက အတွေးသစ်တွေ၊ အမြင်သစ်တွေ ရတတ်တယ်"

လူဇင်က သူ့အား ထောက်ခံမည့် သူကို ဝေ့ကြည့်လိုက်သည်။

"ခင်ဗျား ပြောချင်တဲ့ အဓိပ္ပာယ်က ..."

ရာဇူမီခင်က ကောက်မေးလိုက်ခြင်း ဖြစ်သည်။

"အင်း... ပြောရမယ် ဆိုရင်တော့ အတော် အလေးအနက် ပြောရလိမ့်မယ်ဗျ"

လူဇင်က အကြောင်းအရာကို စပြီး မေးခွန်းတက်အလာကိုစောင့်နေသည်။ ဘယ်သူမှ မစတော့မှ သူ စကားဆက်သည်။

“ကျုပ် ပီတာစဘတ်ကို မရောက်တာ ဆယ်နှစ် ရှိပြီ။ ကျုပ်တို့ရဲ့ ပြုပြင်ပြောင်းလဲ ရေးတွေ၊ အတွေးအမြင်သစ်တွေ၊ ကျုပ်တို့ နယ်မြို့တွေ ရောက်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကို ထဲထဲဝင်ဝင် သိဖို့ပီတာစဘတ်ကို လာဖို့လိုတယ်ဗျ။ မြို့နေ လူငယ်တွေဆီက ကျုပ်တို့လေ့လာ ရမယ်။ ကျုပ် ဝန်ခံပါတယ်။ တကယ် သဘောကျပါတယ်"

“ဘာကို သဘောကျတာလဲ။ တိတိကျကျ ပြောပါ”

“တော်တော်ကျယ်ပြန့်တဲ့ ကိစ္စပဲ။ ကျုပ် မှားချင် မှားမယ်။ ကျုပ် စိတ်ထဲမှာ အမြင်တွေ ပိုကြည်လင်လာသလိုပဲ။ ပိုပြီး ဝေဖန်နိုင်လာတယ်။ ပိုပြီး လက်တွေ့ကျလာတယ်”

“ဒါတော့ ဟုတ်တယ်”

ဇိုစီမေ့ဗ်က ပါးစပ် မဟဘဲ ပြောသည်။

“အဓိပ္ပာယ် မရှိပါဘူး။ လက်တွေ့ကျတယ် ဆိုတာ မဖြစ်နိုင်ဘူး။ လက်တွေ့ကျတယ် ဆိုတာ အလုပ်လုပ်ပြမှ တွေ့နိုင်တာ။ ကျွန်တော်တို့ တိုင်းပြည်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာလောက်ကတည်းက အဲဒီအကျင့် ပျက်သွားခဲ့တာ။ အတွေးအခေါ် တချို့တော့ လေထဲမှာ ပျံ့နေတာပေါ့ဗျာ”

သူက လူဇင်ဘက်သို့ လှည့်လိုက်ပြီး-

"အားလုံးအတွက် ကောင်းကျိုး လုပ်ချင်တဲ့ ဆန္ဒတော့ ရှိကြပါရဲ့။ ကလေးဆန်ချင် တော့ ဆန်နေမှာပေါ့လေ။ အဲဒီမှာ ရိုးသားမှုတွေကို တွေ့နိုင်တယ်။ ဖျာခင်းဖို့ ပွဲအလန့် စောင့် နေတဲ့ လူတွေလည်း ရှိချင် ရှိမှာပေါ့လေ။ ဒါပေမဲ့ လက်တွေ့ကျမှုကတော့ ရှာလို့ မရနိုင်ပါဘူး။ ဒီခေတ်ကြီးမှာ လက်တွေ့ ဆိုတာ ရှားပါးပစ္စည်း ဖြစ်နေပါပြီ’’

လူဇင်က ဝမ်းသာအားရ ဖြစ်သွားပုံဖြင့်-

“အဲဒါတော့ ကျုပ် သဘော မတူပေဘူးဗျ။ ကျုပ်တို့ မှာ ဆန္ဒတွေ ရှိတယ်။ အမှား တွေ ရှိတယ်။ ဆန္ဒရှိလို့ အလုပ်လုပ်ရင် မှားမှာပဲ။ ဒါကို လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပေး ရမယ်။ ဆန္ဒဟာ တက်ကြွမှုရဲ့ အစပဲ။ ပြင်ပရောဂါကြောင့် အမှား တွေ့ရင်လည်း ဒါဟာ သဘာဝပဲ ဆိုတာ ကျုပ်တို့ နားလည်ပေးရမယ်။ အဆိုးမြင်နေလို့ မဖြစ်ဘူး။ အချိန်က သိပ် မရှိဘူး။ ဒါ ကျုပ် တယောက်တည်းရဲ့ အမြင်ပါ။ သိပ်အသုံးတည့်တဲ့ အတွေးသစ်တွေ ပေါ်လာ နေပါတယ်။ စာအုပ်သစ်တွေလည်း ထွက်နေပါတယ်။ တချို့ တော်တော် အသုံးတည့်ပါတယ်။ ဟိုတုန်းက စမ်းတဝါးဝါးနဲ့ စိတ်ကူးယဉ်ဝါဒတွေကို ဒီစာအုပ်တွေက

လွှမ်းမိုးနိုင်ပါတယ်။ စာပေဟာ ရင့်ကျက်မှုကို ဖန်တီးနိုင်စွမ်းတဲ့ လက်နက်ပါ။ အဆိပ်အတောက် ဖြစ်စေတဲ့ အယူအဆတွေကို ချေဖျက်နိုင်ပါတယ်။ ဖယ်ရှားပစ်နိုင်ပါတယ်။ အတိုချုပ် ပြောရရင် ကျုပ်တို့အားလုံး အတိတ်နဲ့ အဆက်ဖြတ်နိုင်ခဲ့ကြပါပြီ။ အဲဒါဟာ အတိုင်းအတာ တခုအထိခရီးပေါက်ခဲ့တာပါပဲ”

“အားလုံး အလွတ်ကျက်ထားတာ”

ရပ်စ်ကိုလ်နီကော့ဗ်၏ ဝေဖန်သံ။

“ခင်ဗျာ... ဘယ်လို”

လူဇင်က မကြားလိုက်သဖြင့် ပြန်မေးသည်။ ရပ်စ်ကိုလ်နီကော့ဗ် မဖြေတော့။ ဇိုစီမော့ဗ်က ခပ်လောလော ထောက်ခံသည်။

“မှန်ပါတယ်၊ အားလုံး မှန်ပါတယ်"

လူဇင် စကားဆက်သည်။ ရာဇူမီခင်ကို ကြည့်ပြောခြင်း ဖြစ်သည်။

“မှန်ရမယ်လေ၊ ဒါ အားလုံး လက်ခံရမှာပဲ"

သူ့လေသံက အပေါ်စီး ရသွားသည့် လေသံမျိုး။ “ကိုရင်' အစား ‘မောင်ရင်’ ဟု သုံးလုနီးပါး ဖြစ်သွားသည်။

“အောင်မြင်မှုက လက်တကမ်းမှာ ရှိနေတာ ကိုရင်တို့ရ။ ခုတော့ တိုးတက်တဲ့ အယူအဆလို့ ပြောနေကြတယ်။ သိပ္ပံနဲ့ရော၊ ဘောဂဗေဒ ပေတံနဲ့ပါ တိုင်းရင် ..."

ရပ်စ်ကိုလ်နီကော့ဗ်က ကြားဖြတ်ပြီး-

“အလကား သာမညသောင်ည အပေါစားတွေ"

"အဲဒီလို ပြောလို့တော့ မရဘူးဗျ။ ဥပမာ- ဒီနေ့ထိ ပြောနေကြတုန်း။ ‘သင့်အိမ်နီး နားချင်းကို ချစ်ပါတဲ့'။ ကျုပ် အိမ်နီးချင်းကို ကျုပ် ချစ်ပါတယ်။ ဒါပေမဲ့ ကျုပ်အင်္ကျီကို အလယ်က ဖြဲပြီး သူ့ကို တခြမ်း ပေးလိုက်ရင် သူရော၊ ကျုပ်ရော မလုံ့တလုံတွေ ဖြစ်ကုန်မှာပေါ့။ ရုရှားစကားပုံ ရှိတယ်လေ။ ယုန်တွေ အများကြီးကို တပြိုင်တည်း လိုက်ရင် တကောင်မှ မိမှာ **မဟုတ်ဘူးတဲ့**[21]။ သိပ္ပံနည်းကျကျ ပြောရရင် မိမိကိုယ်မိမိ ချစ်ရမယ်။ ဒီကမ္ဘာကြီးဟာ တဦးချင်းနဲ့ စခဲ့တာ။ လူတွေ ကိုယ့်ကိုယ်ကိုယ် ချစ်ကြရင် ကိုယ့်ကိစ္စကိုယ် ကောင်းကောင်း လုပ်ကြလိမ့်မယ်။ ဒါဆို အင်္ကျီတထည်လည်း နှစ်ခြမ်း ကွဲမသွားဘူး။ စီးပွားရေးရှုထောင့်က ကြည့်ရင် တဦးချင်း စီမံခန့်ခွဲမှု ကောင်းတယ်။ မှန်တယ်ပေါ့။ အင်္ကျီတွေ

အကောင်းပကတိရှိနေရင် လူမှုအဆောက်အအုံ အခြေခိုင်တာပေါ့။ ကျုပ်ကတော့ လူတိုင်းကို တိုက်တွန်းချင်တယ်။ ကိုယ်တိုင်လည်း အလုပ်လုပ်ပါ။ အိမ်နီးနားချင်းတွေ အလုပ်လုပ်အောင်လည်း တိုက်တွန်းပါ။ အကျိုးတခြမ်း ဝတ်ရတာနဲ့စာရင် ပိုကောင်းတာ တွေ့ရပါလိမ့်မယ်။ အဲဒီလိုနဲ့ ပုဂ္ဂလိက ပေးကမ်းစွန့်ကြဲမှု ပျောက်သွားပြီး အများပြည်သူ စုပေါင်းအင်အား ပေါ်လာပါ လိမ့်မယ်။ ရှင်းရှင်းလေးပါ။ ခုတော့ စိတ်မကောင်းစရာပဲ။ အဲဒီအချိန်ကို တော်တော်နဲ့ မရောက်နိုင်ဘဲ ဖြစ်နေတယ်။ စိတ်ကူးယဉ်မှုတွေ၊ ဝမ်းသာအားရ ဖြစ်မှုတွေ လွှမ်းနေလို့ပဲ။ အမှန်ကို မြင်ဖို့ အသိဉာဏ် သိပ်မလိုဘူး **ထင်ရပေမယ့်**22 ..

“စိတ်မကောင်းစရာပဲ၊ အဲဒီ အသိဉာဏ်ဟာ အရမ်း နည်းနေတယ်လို့ ပြောရမယ်” ဟု အစချီပြီး ရာဇူမီခင် ဖြတ်ပြောသည်။

“ကဲ... ဒီအကြောင်း ရပ်ကြရအောင်ပါ။ ကျွန်တော် ဒီအကြောင်း ဆွေးနွေးဖို့ မရည်ရွယ်ပါဘူး။ ခင်ဗျား ပြောရင်း ပြောရင်း ကိုယ့်ဘက်ကို ဆွဲပြောနေတာတွေ များသွား ပြီ။ ဘာမှ မထူးဆန်းတဲ့ ကိစ္စတွေပါ။ ဆီသည်မ လက်သုတ် ဖြစ်နေတဲ့ အကြောင်းအရာပါ။ စိတ်ပျက်ဖို့ ကောင်းတာ သုံးနှစ် ရှိခဲ့ပြီ။ ဒီအကြောင်းတွေ ပြောလည်း မပြောချင်ဘူး၊ ကြား လည်း မကြားချင်တော့ဘူး။ ခင်ဗျားက ခင်ဗျားအတွေ့အကြုံနဲ့ ခင်ဗျားအမြင်ကို ခင်ဗျား ဘာသာ ထောက်ခံပြီး ဆွေးနွေးတာ ပြောစရာ မရှိပါဘူး။ လောလောဆယ် ကျွန်တော် သိချင် တာက ခင်ဗျား ဘယ်သူလဲ။ ဟန်တလုံး ပန်တလုံးနဲ့ မြို့ထဲမှာ လျှောက်သွားနေတဲ့ မှောင်ခို သမားတွေက များလွန်းလို့ မေးရတာပါ။ အဲဒါကြောင့် လူကြီးမင်းရဲ့ ဆွေးနွေးပွဲ ရပ်ဖို့ တောင်းပန်ရတာပါ'

မစ္စတာလူဇင်က သူ့ကိုယ်သူ အထူးဂုဏ်တင်သည့် အနေဖြင့် မျက်မှောင်ကုတ် လိုက်ပြီး-

“ကိုရင် ဆိုလိုတာက ကျုပ်ကို စော်ကားမော်ကား မှောင်ခိုသမားနဲ့ နှိုင်းပြီး...”

"အို... မဟုတ်ရပါဘူးဗျာ။ ကဲ ...လူကြီးမင်း တော်လောက်ပြီနော်။ ကျေးဇူးတင်ပါ တယ်"

ပြောပြီး
ဇိုစီမော့ဗ်ဘက်လှည့်၍ပြောလက်စစကားဆက်ပြောဖို့ဟန်ပြင်လိုက်သည်။

လူဇင်က လူညံ့တယောက်တော့ မဟုတ်။ ဖြေရှင်းချက်တောင်းဖို့ စိတ်ကူး လိုက်သေးသည်။ သို့သော် အမြန်ပြန်ဖို့ ဆုံးဖြတ်လိုက်၏။ ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး-

"ခုမှ စသိတဲ့ ကိုရင်နဲ့ ကျုပ်ရဲ့ ဆက်ဆံရေး ရှေ့လျှောက် အဆင်ပြေလိမ့်မယ် ထင်ပါတယ်။ ကိုရင် နေကောင်းလာတဲ့ အချိန်ကျမှ..."

ရပ်စ်ကိုလ်နီကော့ဗ်က တချက်မှ သူ့ကို လှည့်မကြည့်တော့ပေ။ သည်တော့မှ လူဇင် ကုလားထိုင်မှ ထသည်။

ဇိုစီမော့ဗ်က စောစောက စကားကို ဖွတ်ပြန်ကောက်သည်။

"လူသတ်သမားဟာ အဘွားကြီးရဲ့ ဖောက်သည် ဖြစ်ရမယ်"

"သေချာတာပေါ့။ ဒါကို ပေါ်ဖီရီလည်း လက်ခံတယ်။ ဒါကြောင့် အဘွားကြီးဆီ လာပေါင်တဲ့ နှံတဲ့ လူတွေ၊ အပေါင်ဆုံးပစ္စည်း ဝယ်တဲ့လူတွေကို ပိုက်စိပ်တိုက် ရှာပြီး လိုက်မေးနေတာပေါ့"

"ဟုတ်လား၊ သူ့ဖောက်သည်တွေကို လိုက်မေးနေတယ်။ ဟုတ်လား"

ရပ်စ်ကိုလ်နီကော့ဗ်က အထိတ်တလန့် ဝင်မေးသည်။

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

ဇိုစီမော့ဗ်က ဝင်မေးသည်။

"အဲဒီလူတွေကို ဘယ်လိုလုပ် ရှာသလဲ"

"တော်တော်များများကို ကို့ချ်က သိတယ်။ တချို့ကျတော့လည်း အပေါင်ပစ္စည်းကို ထုတ်ထားတဲ့ စက္ကူပေါ်မှာ နာမည်ရေးထားတယ်။ တချို့ကလည်း သတင်းကြားလို့ သူတို့ဘာသာ သူတို့ ရောက်လာကြတာ"

"လူသတ်သမားဟာ တော်တော် အတွေ့အကြုံများတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။ တော်တော် လည်း လက်ရဲဇက်ရဲ နိုင်တာပဲ။ ဘယ်လောက်များ ရည်ရွယ်ချက်ကြီးလည်း မသိဘူး"

ရာဇူမီခင်က သူ့အမြင်ကို ရှင်းပြသည်။

"အဲဒီလို မဟုတ်ဘူးကွ။ အဲဒီမှာ မင်းတို့အားလုံး မျက်စိလည်သွားတာ။ လူသတ် သမားဟာ လုံးဝ အတွေ့အကြုံ မရှိဘူး။ ဒါဟာ သူ့ရဲ့ ပထမဦးဆုံး လူသတ်မှု ဖြစ်ရမယ်။ အကွက်ချပြီး ကျူးလွန်တဲ့ အမှု မဟုတ်ဘူး။ လုံးဝ ပညာမပါဘူး။ ကံကောင်းလို့ လွတ်သွား တာ။ ကံကောင်းနေရင် အရာအားလုံးကို ကျော်လွှားနိုင်တာကိုး။ သူဟာ ဘယ်လို အခက်အခဲ တွေနဲ့ တွေ့မယ် ဆိုတာတောင်

မတွေးတတ်ဘူး။ ကဲ… ကြည့်ကြရအောင်။ သူဟာ အိတ်ထဲ ဆံ့သလောက် ပစ္စည်းပဲ ယူသွားတယ်။ အားလုံး ဆယ်ရှုဘယ်။ ဒါမှမဟုတ် အများဆုံး ရှုဘယ်နှစ်ဆယ်ပဲ တန်တယ်။ အဘွားကြီးရဲ့ သေတ္တာကို မွှေနှောက်ရှာပြီး အဝတ်တွေထဲက တွေ့သမျှ ယူသွားတာ။ ဗီရိုအပေါ်ဆုံးထပ်မှာ မီးခံသေတ္တာကလေး ရှိတယ်။ အဲဒီအထဲမှာ ငွေစက္ကူ ရှုဘယ်ထောင့်လေးရာ ရှိတယ်။ ဒါကြောင့် သူ ကြောက်ကြောက်လန့်လန့်နဲ့ ကျူးလွန် တဲ့ ပထမဆုံး လူသတ်မှုလို့ ငါ ပြောရဲတယ်။ သူ သွေးပျက်သွားတယ်။ ဒါပေမဲ့ ကံကောင်းလို့ လွတ်သွားတယ်”

“ကိုရင်တို့ ပြောနေတာ အပေါင်ခံတဲ့ အဘွားကြီး အသတ်ခံရတဲ့ သတင်းလား” မစ္စတာလူဇင်က ဇိုစီမော့ဗ်ကို ကြည့်ပြီးမေးသည်။ သူက လက်အိတ်ကို ကိုင်ပြီး အခန်းဝ ရောက်နေပြီ။ မသွားခင် သူ၏ ထက်မြက်သည့် အမြင်ကို ပြချင်သေးပုံ ရသည်။

“ဟုတ်ပါတယ်။ ခင်ဗျား ကြားပြီးပြီလား”

“အင်း.. သဲ့သဲ့ပဲ ကြားတာပါ။ တခြားအကြောင်းတွေနဲ့ ပေါင်းပြီး ကျုပ်က စိတ်ဝင် စားတာပါ။ အောက်ဆုံးလွှာတွေမှာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ရာဇဝတ်မှုတွေ ပိုများ လာတယ်။ ဖြစ်နေကျ ဓားပြမှုနဲ့ မီးလောင်မှုတွေကတော့ ထားလိုက်ပါတော့။ နောက်ပိုင်း အထက်တန်းလွှာတွေမှာပါ ရာဇဝတ်မှုတွေ စဖြစ်လာတယ်။ အပြိုင်လို ဖြစ်လာတာလို့ ပြောနိုင်တယ်။ တနေရာမှာဆို တက္ကသိုလ်ကျောင်းသားဟောင်း တယောက်က စာပို့ကား ကို အဝေးပြေးလမ်းမှာ ဖမ်းတားပြီး ဓားပြတိုက်တယ်။ တနေရာမှာလည်း အထက်တန်းလွှာ ဆိုတဲ့ လူတွေက ငွေစက္ကူအတု လုပ်တယ်။ မော်စကိုမှာလည်း ထီလက်မှတ်အတု လုပ်တဲ့ ဂိုဏ်းကို မိတယ်။ ဂိုဏ်းခေါင်းဆောင်က သမိုင်းဌာနက ကထိကတဲ့။ ပြီးတော့ ကျုပ်တို့ သံရုံး အတွင်းဝန် တယောက် နိုင်ငံခြားမှာ အသတ်ခံရတယ်။ ခုလည်း ရွှေပေါင်ခံတဲ့ အဘွားကြီး အသတ်ခံရပြန်ပြီ။ ဒါဟာလည်း အောက်တန်းလွှာက မဟုတ်နိုင်ဘူး။ ဆင်းရဲသားက ပေါင်စရာ ရွှေ ဘယ်ရှိမလဲ။ ယဉ်ကျေးပါတယ် ဆိုတဲ့ လူတန်းစားကို ကူးစက်လာတဲ့ သဘောပဲ”

“စီးပွားရေးစနစ် အပြောင်းအလဲကိုလည်း ထည့်တွက်ရဦးမှာပေါ့”

ဇိုစီမော့ဗ်က ဝင်ထောက်သည်။

ရာဇူမီခင်က ဆက်ဆွေးနွေးသည်။

“အဓိပ္ပာယ်ကတော့ဗျာ လက်တွေ့မကျတာနဲ့ အထာကျနေတဲ့ သဘောပါပဲ”

“ဘာအဓိပ္ပာယ်လဲ၊ တဆိတ် လင်းပါဦးဗျာ”

“အဓိပ္ပာယ်က ခင်ဗျားပြောတဲ့ မော်စကိုကထိက ပြောတာ ရှင်းနေတာပဲ။ ဘာကြောင့် ထီလက်မှတ်အတုတွေ လုပ်ရတာလဲ မေးတော့ ‘လူတွေ လွယ်လွယ် ချမ်းသာနေတာ တွေ့ တော့ ကျွန်တော်လည်း လွယ်လွယ် ချမ်းသာချင်တာပေါ့” တဲ့။ သူပြောတဲ့ အသေးစိတ် စကားလုံးတွေ မမှတ်မိပါဘူး။ အဓိပ္ပာယ်က အဲဒီအတိုင်းပါပဲ။ ကျွန်တော်တို့တွေ အကျင့် ပါသွားပြီ။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတွေ ဖြစ်ကုန်ပြီ။ ဒါပေမဲ့ တနေ့ အချိန်တန်လို့ အချက်ပေး ခေါင်းလောင်းသံ ကြားရင် လူတွေရဲ့ သရုပ်မှန် ပေါ်လာကြမှာပါ။ ဘယ်သူတွေ ဘာနဲ့ လုပ်ထား တယ်ဆိုတာ ဘူးပေါ်သလို ပေါ်လာမှာပါ”

“ဒါပေမဲ့ လောကနီတိဆိုတာ ရှိသေးတယ်လေ၊ ဥပဒေတွေ ရှိသေးတယ်လေ"

"ခင်ဗျားက ဘာတွေ စိတ်ပူနေတာလဲ။ အဲဒီ ဥပဒေတွေက ခင်ဗျားတို့ လုပ်ထား တဲ့ ဥပဒေတွေ မဟုတ်လား'

ရပ်စ်ကိုလ်နီကော့ဗ်က မထင်ဘဲ ထကောခြင်း ဖြစ်သည်။

“ကျုပ်တို့ လုပ်ထားတဲ့ ဥပဒေတွေ ဟုတ်လား''

“ခင်ဗျား ပြောသွားတဲ့ စကားတွေ၊ ခင်ဗျား ဟောသွားတဲ့ တရားတွေရဲ့ အကျိုး သက်ရောက်မှုတွေကို ပြန်ကြည့်လေ။ လူတွေကိုနောက်ကျော ဓားနဲ့ထောက်ပြီး လမ်းလျှောက် ခိုင်းတဲ့ သဘောပဲ”

“ဟာ... ဒုက္ခပါပဲ ဗျာတို့’ လူဇင် ကန့်ကွက်သည်။

“အဲဒီလောက်လည်း မဟုတ်ပါဘူးကွာ”

ဇိုစီမော့ဗ်က ဝင်ဖျန်ဖြေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာတခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အပေါ်နှုတ်ခမ်း တဆတ်ဆတ် တုန်လာသည်။

လူဇင်က ခပ်သွက်သွက် ပြန်ပြောသည်။

“ဘယ်အရာမှာပဲ ဖြစ်ဖြစ် အတိုင်းအတာ ဆိုတာ ရှိတယ်။ စီးပွားရေး မပြေလည် မှုကြောင့် လူသတ်မှု ကျူးလွန်ရတယ် ဆိုတာ မဖြစ်သင့်ဘူး။ ရိုးရိုးကလေး တွေးကြည့်လို့ ရပါတယ်။ အကယ်တန္တု...”

“အဲဒါ အမှန်ပဲလား”

ရပ်စ်ကိုလ်နီကော့ဗ် ရုတ်တရက် ဖြတ်ပြောပြန်သည်။ သူ့အသံမှာ ဒေါသကြောင့် လှိုင်းထနေသည်။

"ခင်ဗျား ကျုပ်ညီမကို အဲဒီအတိုင်း ပြောတယ် ဆိုတာ အမှန်ပဲလား။ ခင်ဗျား ကမ်းလှမ်းချက်ကို လက်ခံတဲ့နေ့က ခင်ဗျား ဘာပြောလဲ။ သူ ဆင်းရဲတဲ့အတွက် ဝမ်းသာတယ် လို့ ခင်ဗျား ပြောတယ်။ ဆင်းရဲတဲ့ မိန်းမကို ယူမှ ခင်ဗျား ဩဇာညောင်းမှာလို့ ပြောတယ် ဆို။ ဒါမှ ခင်ဗျားကို ကျေးဇူးရှင်အနေနဲ့ ကိုးကွယ်ပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဖြစ်မှာဆို၊ အဲဒီအတိုင်းပြောတာ အမှန်ပဲလား"

"ဒီမယ် ကိုရင်"

လူဇင့်မျက်နှာ တခုလုံး နီရဲနေပြီ။

"ဒီမယ် ကိုရင်၊ အဲဒီနည်းနဲ့ အတွေးအခေါ်တခုကို ပုံပျက်ပန်းပျက် လုပ်ပစ်တာ ကတော့ ဒီမယ်... တဆိတ် ဘယ်လို ကောလာဟလတွေ ကိုရင့်ဆီ ရောက်လာတာလဲ။ အထောက်အထား မခိုင်မာတဲ့... အဲ... ဖြစ်နိုင်တာ တခု ရှိတယ်။ ဒီလို တဖက်သားကို ထိခိုက်အောင် လုပ်လိုက်တာကတော့ ကိုရင့်အမေပဲ ဖြစ်ရမယ်။ သူ ကျုပ်ကို သဘောကျပါတယ်။ အပျော်လွန်ပြီး စိတ်ကူးထဲမှာ ထင်ရာရေးလိုက်တာ ထင်တယ်။ အတွေးချော် ထွက်သွားပြီး..."

ရပ်စ်ကိုလ်နီကော့ဗ် ခေါင်းအုံးပေါ်မှ ရုတ်တရက် ထသည်။ သူ့ကို စူးစူးဝါးဝါး ကြည့်သည်။

"ခင်ဗျား ဘာဖြစ်သွားမယ် ထင်လဲ"

"ဆိုပါဦးဗျာ"

လူဇင်က ဟန်ကိုယ့်ဖို့ ပုံစံမျိုးဖြင့် စောင့်နေသည်။ စက္ကန့်များမှာ တိတ်သွားသည်။

"ခင်ဗျား ကျုပ်အမေအကြောင်း တခွန်း ထပ်ပြောရဲရင် ပြောကြည့်။ တခွန်းတည်း နော်၊ ခင်ဗျားကို လှေကားရင်းရောက်အောင် ကန်ချပစ်မယ်၊ နားလည်လား"

ရာဇူမီခင် ထအော်သည်။

"သူငယ်ချင်း ရော့ဒ်ယာ၊ မင်း ဘယ်လို ဖြစ်တာလဲကွာ"

လူဇင့်မျက်နှာ ဖြူရော်သွားပြီး အောက်နှုတ်ခမ်းကို ကိုက်ထားသည်။

တတ်နိုင်သမျှ စိတ်ထိန်းထားသည့် ပုံစံဖြင့် –

"ဒီမယ်၊ တဆိတ် နားထောင်ပါ။ ကျုပ် ဝင်လာကတည်းက ကျုပ်အပေါ်ကို မကြည့်လင်ဘူး ဆိုတာ အကဲခတ်မိပါတယ်။ အခြေအနေကို လေ့လာချင်လို့ ကျုပ် ဆက်ထိုင် နေတာ။ နေမကောင်းတဲ့ လူတယောက် ဖြစ်နေလို့ ကျုပ် ခွင့်လွှတ်လိုက်ပါ့မယ်၊ ဒါပေမဲ့..

ကိုရင်က......"

"ကျုပ် နေကောင်းတယ်ဗျ"

ရပ်စ်ကိုလ်နီကော့ဗ် ထအော်သည်။

"အင်း... ကြာလေ ဆိုးလေပါလား"

"ခင်ဗျား ထွက်သွား၊ ခုချက်ချင်း ထွက်သွား"

သူ့စကားမဆုံးခင် လူဇင်က ထွက်သွားဖို့ ပြင်နေပြီ။ ရာဇူမီခင်က ကုလားထိုင် ရွှေ့တိုးပြီး သူ ထွက်သွားနိုင်ရန် မတ်တတ်ထပေးလိုက်သည်။ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ သူ့ကို တချိန်လုံး ခေါင်းယမ်းပြနေသည့် ဇိုစီမော့ဗ်ကိုလည်း လှည့်မကြည့်ဘဲ ထွက်သွား လေတော့သည်။

"မဖြစ်သင့်ဘူးကွာ၊ မဖြစ်သင့်ပါဘူး"

ရာဇူမီခင်က စိတ်ပျက်လက်ပျက် ခေါင်းယမ်းပြီး ညည်းသည်။

"ကဲ.. မင်းတို့လည်း သွားကြ၊ ငါ တယောက်တည်းနေပါရစေ။ မင်းတို့ ငါ့ကို ဝိုင်းနှိပ်စက်နေကြတာ။ ငါ မင်းတို့ကို မကြောက်ဘူး၊ ဘယ်သူ့ကိုမှ မကြောက်ဘူး။ သွားကြ၊ ငါ တယောက်တည်း နေမယ်"

ဇိုစီမော့ဗ်က ရာဇူမီခင်ကို ခေါင်းညိတ်ခေါ်သည်။

"လာ လာ"

"ဟာ... သေတော့မှာပဲ။ သူ့ကို ဒီအတိုင်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ"

"လာပါဆို"

ဇိုစီမော့ဗ်က ထပ်ခေါ်ပြီး ထွက်သွားသည်။

ရာဇူမီခင်က ခဏစဉ်းစားပြီး နောက်မှ ပြေးလိုက်သွားသည်။

လှေကားပေါ်ရောက်မှ ဖိုစီမော့ဇ်က ရှင်းပြသည်။

“သူ ပြောတဲ့အတိုင်း မလုပ်ရင် ပိုဆိုးလိမ့်မယ်၊ သူ့ကို စိတ်အနှောင့်အယှက် မပေး ရဘူးကွ”

“ဘာဖြစ်သွားတာလဲ ဟင်"

“သူ့ကို ညင်ညင်သာသာ ကိုင်တွယ်ရမယ်။ သူ ဒီနေ့ တော်တော် မာလာပါပြီ။ သူ့ခေါင်းထဲမှာ တော်တော် လေးလံနေတဲ့ ကိစ္စကြီး ရှိနေတယ်။ အဲဒီအတွက် ငါ စိတ်ပူတယ်”

“ဒီလူကြီးကြောင့် သူ့စိတ် ကယောက်ကယက် ဖြစ်သွားတာကွ။ သူတို့ ပြောတာ တွေကို မင်း ကြားတယ်နော်။ သူ့ညီမနဲ့ ဒီလူကြီးက ယူကြမှာတဲ့။ သူ့အမေဆီက စာတစောင် ရတယ်၊ သူ အိပ်ရာထဲ မလဲခင်က ဖြစ်မယ်”

“အေး... ဟုတ်တယ်၊ ဘာလို့များ ဒီလူကြီးက ဒီကို ရောက်လာရတာလဲ မသိဘူး။ သူ့ကြောင့် အားလုံး ကိုးရိုးကားရား ဖြစ်ကုန်နိုင်တယ်။ ရော့ဒ်ယာကို သတိထား ကြည့်မိလား။ ဘာကိုမှ မမှုတဲ့ပုံမျိုး။ သူ လှုပ်လှုပ်ရှားရှား ဖြစ်လာတာ လူသတ်မှုအကြောင်း ပြောမှကွ” “အေး.. ငါလည်း သတိထားလိုက်မိတယ်။ သူ အရမ်းစိတ်ဝင်စားသွားပြီး ကြောက် လည်းကြောက်နေပုံရတယ်။ ရဲစခန်းသွားတဲ့နေ့ကလည်း ရဲတွေရှေ့မှာ သတိလစ်သွားသေး တယ်တဲ့”

“အေး... ဒီညနေ ငါ့ကို နောက်ထပ် အသေးစိတ်ကလေးတွေ ပြောပြစမ်းပါဦး။ သူ့ရောဂါနဲ့ ပတ်သက်ပြီး စဉ်းစားစရာ ရတာပေါ့။ စိတ်ဝင်စားစရာ ကောင်းတယ်ကွ၊ နာရီဝက်အတွင်း ငါ ပြန်လာကြည့်မယ်၊ အဖျားတော့ ပြန်မတက်လောက်ပါဘူး’

“ကျေးဇူးပါပဲ သူငယ်ချင်းရယ်။ ပါရှင်ကာ အခန်းကနေ ငါ စောင့်ကြည့်နေတယ်။ နာတာရှာက တဆင့်ပေါ့”

သူတို့နှစ်ယောက် ထွက်သွားတော့ နာတာရှာက ယောင်လည်လည်လုပ်ပြီး ကျန်ရစ်ခဲ့သည်။

“လက်ဖက်ရည် သောက်တော့မလား” ဟု တိုးတိုး မေးသည်။ “နောက်မှ၊ အိပ်လိုက်ဦးမယ်။ ခင်ဗျားလည်း သွားတော့လေ” ပြောပြီး နံရံဘက် လှည့်လိုက်သည်။ နာတာရှာ ထွက်လာခဲ့၏။

※※※

နာတာရှာ ထွက်သွားလျှင် သွားချင်း ထပြီး အခန်းတံခါးကို အတွင်းဘက်မှ ဘောက်ချိတ် ချိတ်လိုက်သည်။ ပြီးတော့ ရာဇူမီခင် ဝယ်လာသည့် အထုပ်ကို ဖြေသည်။ နောက် အဝတ်လဲသည်။ ထူးထူးခြားခြား တည်ငြိမ်နေ၏။ ခုတလော ဝင်နေသည့် ကြောက်စိတ်မျိုးလည်း မရှိတော့။ စောစောကလေးက ဆောက်တည်ရာမရ ပေါက်ကွဲသည့် ဒေါသမျိုးလည်း မရှိတော့။ ထူးဆန်းသော စိတ်၏ ငြိမ်းချမ်းမှုမျိုး ထူးဆန်းစွာ ရနေလေသည်။ သူ့လှုပ်ရှားမှု တွေက တိတိကျကျ၊ တည်တည်ငြိမ်ငြိမ်။

"ဒီနေ့ ဒီနေ့"

တယောက်တည်း ပြောနေပြန်သည်။ အားနည်းနေမှန်း သိသော်လည်း စိတ်ခွန်အား တွေ အပြည့်အဝ ပြန်ရနေကြောင်း သူ့ကိုယ်သူ သိသည်။ ထို့ကြောင့် တည်ငြိမ်မှု ရနေခြင်း ဖြစ်သည်။ အတွေးတခုကို ပုံဖော်တော့မည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့်။ လမ်းပေါ်တွင် ပုံလဲကျ မသွားနိုင်ကြောင်းလည်း ယုံကြည်နေသည်။ ဝတ်စုံသစ် လဲဝတ်ပြီး နောက် စားပွဲပေါ်တွင် ချထားသည့် ပိုက်ဆံတွေကို ကြည့်လိုက်သည်။ ပြီးတော့ အိတ်ထဲ စုထည့်လိုက်သည်။ အားလုံး နှစ်ဆယ့်ငါးရူဘယ်။ ရာဇူမီခင် ဆယ်ရူဘယ် ယူသွားပြီး ပိုသည့် အကြွေစေ့တွေပါ အိတ်ထဲ ထည့်လာခဲ့သည်။

ပြီးသည်နှင့် တံခါးဘောက်ချိတ်ကို အသာလေး မတင်ကာ ဆွဲဖြုတ်လိုက်သည်။ ခြေဖော့နင်း၍ လှေကားမှ ဆင်းခဲ့ပြီး ဖွင့်ထားသည့် တံခါးမှ နာတာရှာကို လှမ်းကြည့်လိုက်သည်။ နာတာရှာက သူ့ကို ကျောပေးပြီး ငုံ့၍ အိမ်ရှင်အမျိုးသမီး၏ အကျရည်နှပ်အိုးထဲမှ မီးသွေးတွေကို ယပ်ခတ်ပေးနေသည်။ သူ ဘာမှ မကြားနိုင်။ သူ ထွက်လာလိမ့်မည်ဟုလည်း ဘယ်သူမှ တွေးမိကြမည် မဟုတ်။ တခဏအတွင်း သူ လမ်းပေါ်သို့ ရောက်လာခဲ့သည်။

အချိန်မှာ ည ရှစ်နာရီလောက် ရှိပြီ။ နေဝင်ပြီးစ ဖြစ်သည်။ မြို့ပြလေသည် ခါတိုင်းလို ရှင်းသန့်လတ်ဆတ်ခြင်း မရှိပေ။ သည်လေကိုပင် သူ အားရပါးရ ရှူသွင်းလိုက်သည်။ မဆိုစလောက် မူးရီမူးဝေ ဖြစ်သွားသည်။ ဖြူရော်ရော်မျက်နှာတွင် သွေးရောင်လွှမ်း လာပြီ။ မျက်လုံးတွေ ကြည်လင်လာသည်။ ခပ်ကြမ်းကြမ်း အင်အားတမျိုး သူ့ကိုယ်ထဲသို့ စိမ့်ဝင်လာနေသည်။

ဘယ်ကို ဦးတည် သွားနေမှန်း သူ မသိ။ စဉ်းလည်း မစဉ်းစား။ တခုပဲ သိသည်။ ဒီနေ့ ကိစ္စပြတ်အောင် လုပ်ရမည်။ ခုချက်ချင်း လုပ်ရမည်။ မလုပ်လျှင်

အိမ်ပြန်လို့ ဖြစ်မည် မဟုတ်။ အကြောင်းမှု သည်အတိုင်း ဆက်မနေလိုတော့သောကြောင့် ဖြစ်၏။ ဟုတ်ပြီ၊ အဆုံးသတ်မည်။ ဘာနဲ့ အဆုံးသတ်မှာလဲ၊ ဘယ်လို အဆုံးသတ်မှာလဲ။ သူ့တွင် ကြိုတင် စဉ်းစားထားခြင်း မရှိ။ စဉ်းလည်း မစဉ်းစားချင်။ သည်အကြောင်း ခေါင်းထဲမှ မောင်းထုတ် ထားသည်။ မောင်းမထုတ်၍လည်း မဖြစ်။ သည်ကိစ္စက သူ့အား စက္ကန့်မလပ် နှိပ်စက်ကလူ ပြုလျက်ရှိ၏။ ထို့ကြောင့် အပြောင်းအလဲ တခုခု လုပ်ရမည်။ ဘယ်နည်းနှင့် လုပ်ရ လုပ်ရ။ တနည်းနည်းနှင့် လုပ်ရမည်။ သည်အတိုင်း ဆုံးဖြတ်ထားသည်။ အတိအကျ ယုံကြည်မှု အပြည့်ဖြင့် ဆုံးဖြတ်ထားခြင်းမျိုး။

အကျင့်ပါနေသည့်အတိုင်း ပုံကျဈေးဘက်ဆီသို့ လျှောက်လာခဲ့သည်။ ဈေး မရောက်ခင် ကုန်စုံဆိုင် တဆိုင်ရှေ့တွင် ဆံပင်နက်နက် လူငယ်တယောက် မတ်တတ် ရပ်၍လက်ဆွဲဘာဂျာနှင့် အချစ်သီချင်းတပုဒ်ကို လွမ်းလွမ်းဆွေးဆွေး ဆိုနေသည်။ သူနှင့်အတူ ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတယောက်လည်း ပါ၏။ မိန်းကလေးက အမျိုးကောင်း သမီးကလေး တယောက်လို ဝတ်စုံပြည့် ဝတ်ထားသည်။ မြက်ဦးထုပ်ကလေး ဆောင်းလို့။ အပေါ်ဝတ်စုံနှင့်၊ လက်အိတ်နှင့်။ ဦးထုပ်တွင် ငှက်တောင်ကလေး စိုက်လျက်။ သို့သော် အဝတ်အစားတွေက ဟောင်းနွမ်းလှပြီ။ သူကလေးကလည်း အချစ်သီချင်းတပုဒ် ဆိုသည်။ အသံ အက်တက်တက်ကလေးနှင့်။ သို့သော် နားထောင်လို့ ကောင်းသည်။ ဆိုင်ထဲမှ နှစ်ကိုပက်လောက်တော့ ရလိမ့်မည်ဟု သူတို့ မျှော်လင့်ထားကြသည်။ နားထောင်နေသူ နှစ်ဦး၊ သုံးဦးနှင့်အတူ ရပ်စ်ကိုလ်နီကော့ဗ် ဝင်ရပ်လိုက်သည်။ ခဏ နားထောင်ပြီး မိန်းကလေး လက်ထဲသို့ ငါးကိုပက် ထည့်လိုက်သည်။ သံစဉ်မြင့်နှင့် ဆိုနေသော မိန်းကလေး တုံ့ခနဲ ရပ်သွားသည်။“တော်လောက်ရောပေါ့” ဟု လက်ဆွဲဘာဂျာသမားအား လှမ်းပြောလိုက်ပြီး နောက်တဆိုင် ရှေ့သို့ ဆက်လျှောက်သွားကြသည်။

“ခင်ဗျား လမ်းဘေးသီချင်းတွေ ကြိုက်သလား”

ရပ်စ်ကိုလ်နီကော့ဗ်က သူနှင့် ယှဉ်ရပ်နေသူ တယောက်ကို မေးလိုက်သည်။ ထိုလူ့ပုံစံက အလုပ်မရှိ၊ အကိုင်မရှိ လူပျင်းတယောက်နှင့် တူသည်။ ထိုလူက သူ့ကို အံ့သြ သည့် အမူအရာဖြင့် စိန်းစိန်းကြည့်နေသည်။ သူက ဘာမှ ပြန်မဖြေသဖြင့် ရပ်စ်ကိုလ်နီကော့ဗ် က သူ့ဘာသာသူ ဆက်ပြောသည်။

“ကျွန်တော်တော့ ကြိုက်တယ်ဗျ။ လက်ဆွဲဘာဂျာနဲ့ဆိုရင် ပိုသဘောကျတယ်။ အထူးသဖြင့် နွေရာသီ ညနေခင်းတွေမှာ မှောင်တရီ အချိန်မျိုးပေါ့။ အေးအေးမြမြ ရှိတဲ့အခါ မျိုးပေါ့။ အဲ... ဖြတ်သွားဖြတ်လာတဲ့ လူတွေရဲ့ မျက်နှာတွေက စိမ်းဖျော့ဖျော့အရောင် ပေါက်နေ ပြီး ပါးချောင် နားချောင်ကျလို့။ အဲ... နှင်းတွေ ကျလာရင်တော့... လေမတိုက်တဲ့အခါ စွေမကျဘဲ

တည့်တည့်ကျတတ်တယ်။ လမ်းမီးရောင်မှာ နှင်းပွင့်ကလေးတွေဟာ စိန်တုံးကလေးတွေလို တဖျပ်ဖျပ်တောက်လို့''

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်'"

ထိုလူက ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး ကြောက်လာသဖြင့် လမ်းတဖက်ကို သုတ်ခြေတင် ဖြတ်ကူးသွားလေတော့သည်။

ရပ်စ်ကိုလ်နီကော့ဗ် ဆက်လျှောက်သည်။ ဈေးထောင့်တွင် ဈေးသည်ယောကျ်ား၊ မိန်းမတွေ အိမ်မပြန်ကြသေး။ ဟိုတနေ့က လီဇာဗီတာနှင့် စကားပြောနေသည့် လင်မယား ကိုတော့ မတွေ့။ သူတို့ ဈေးခုံတန်းများတော့ သည်အတိုင်း ရှိနေသည်။ သည်နေရာကို သူ ကောင်းကောင်း မှတ်မိသည်။ ရပ်ပြီး ဟိုဟိုဒီဒီ လှမ်းကြည့်သည်။ ဆိုင်တဆိုင်ရှေ့တွင် ရပ်နေသည့် ရှပ်အင်္ကျီအနီနှင့် လူငယ်တယောက်ကို မေးလိုက်သည်။

"ဈေးခုံကလေးနဲ့ ရောင်းတဲ့ ဟောဒီ အနားက လင်မယားကို သိလား"

လူငယ်က သူ့ကိုခြေဆုံးခေါင်းဆုံး ကြည့်ပြီး ရန်လိုသော အမူအရာဖြင့်ပြန်ဖြေသည်။

"လူတိုင်း ခုံနဲ့ ရောင်းကြတာပဲ'

"သူတို့နာမည် သိလား"

"နာမည်ပေးတဲ့ ခင်ကြီး သွားမေးပေါ့"

"မောင်ရင်က ဘယ်အရပ်သားလဲ။ ဘယ်မြို့နယ်ကလဲ"

လူငယ်က သူ့ကို နောက်တခါ ကြည့်ပြန်သည်။

"ကျွန်တော်တို့အရပ်က မြို့နယ် မဟုတ်ဘူး။ တိုင်းမြို့ဗျ။ တဆိတ် ကျွန်တော့်ကို ခွင့်ပြုပါ လူကြီးမင်းခင်ဗျား"

"ဟိုအပေါ်ထပ်က ထမင်းဆိုင်လားကွ"

"အရက်ဆိုင်၊ ဘိလိယက်ခုံလည်း ရှိတယ်။ မင်းသမီးလေးတွေလည်း ရှိတယ်"

ရပ်စ်ကိုလ်နီကော့ဗ်သည် ပန်းခြံကို ဖြတ်ပြီး တောသူတောင်သားတွေ စုဝေးနေ သည့် ထောင့်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ လူတောထဲ တိုးဝင်လာပြီး သူတို့ မျက်နှာ တွေကို ကြည့်လိုက်သည်။ ဘာကြောင့်မှန်းမသိဘဲ သူတို့တွေနှင့်

စကားပြောချင်နေသည်။ သို့သော် သူတို့က သူ့ကို တယောက်မှ အဖက်မလုပ်ကြ။ သူတို့အချင်းချင်း အုပ်စုလိုက် စကားလု ပြောနေကြသည်။ ခဏ ရပ်စဉ်းစားပြီးမှ ဗိုဝိုင်လမ်းဘက်သို့ လူသွားလမ်းအတိုင်း ကပ်လျှောက်လာခဲ့သည်။

သည်လမ်းကလေးသည် သူ သွားနေကျလမ်း ဖြစ်သည်။ ပန်းခြံမှထွက်ပြီး တံတောင် ဆစ်ချိုး ချိုးလိုက်လျှင် ဆာဒိုဗာယာသို့ရောက်သည်။ မကြာသေးခင်က သည်နေရာတဝိုက်တွင် ကျက်စားခဲ့သေးသည်။ စိတ်ကျဉ်းကျပ်လာလျှင် သည်ဘက်ကို သူ ထွက်လာတတ်သည်။ သို့သော် ပို၍ စိတ်ကျဉ်းကျပ်ရသည်သာ။

သည်တခါတော့ ဘာမှ မစဉ်းစားဘဲ လျှောက်လာခဲ့ခြင်း ဖြစ်သည်။ တိုက်ကြီး တလုံးတွင် စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် စည်ကားနေသည်။ ဦးထုပ် မပါသည့် မိန်းမတွေ ဥဒဟို ဝင်ထွက်နေသည်။ ပလက်ဖောင်းပေါ်တွင် သူတို့တသိုက် ဟိုတစု၊ သည်တစု ရပ်ပြီး တွတ်ထိုးနေကြသည်။ သူတို့ ရပ်နေသည့်နေရာနှင့် နှစ်လှမ်း၊ သုံးလှမ်း လှမ်းလိုက် လျှင် အပေါ်ထပ်တက်သည့် လှေကားတွေ ရှိသည်။ အပေါ်ထပ်တွင်တော့ ပျော်စရာ အဖုံဖုံ စောင့်နေသည်။ တလမ်းလုံး ကြားရအောင် ကျယ်ကျယ်တီးနေသည့် ဂီတာသံနှင့် သီချင်းသံ များက မြူးမြူးကြွကြွ။ လှေကားခြေရင်းတွင် ထိုင်နေသည့် မိန်းမတွေကလည်း ဟိုတစု၊ သည်တစု။ မူးနေသည့် စစ်သားတယောက်က ဆေးလိပ်ခဲလျက် လျှောက်သွားရင်း အော်ဆဲ နေသည်။ သူ တက်ရမည့် လှေကားကို ရှာမရ ဖြစ်နေပုံ ရသည်။ စုတ်ပြတ်နေသည့် ချာတိတ် ကလေးတယောက်က သူ့ထက် စုတ်နေသည့် နောက်ချာတိတ်ကို ကော်ဆဲနေသည်။ လမ်းပေါ် တွင် လူတယောက် မူးလဲနေသည်။ အမျိုးသမီးတသိုက်နားတွင် ရပ်စ်ကိုလ်နီကော့ဗ် ရပ် လိုက်သည်။

သူတို့တတွေ အသံစာစာနှင့် စကားနိုင်လု ပြောနေကြသည်။ အားလုံး ချည်ထည် တွေ ဝတ်ထားပြီး ဆိတ်သားရေဖိနပ်ကိုယ်စီဖြင့် ဖြစ်သည်။ ခေါင်းဆောင်းတယောက်မှမပါ။ အချို့က လေးဆယ်ကျော်တွေ ဖြစ်ပြီး အချို့မှာ ဆယ့်ခုနစ်နှစ်အောက် မိန်းကလေးများ ဖြစ်သည်။ သူတို့အားလုံးလိုလို မျက်ကွင်းညိုများနှင့်။

ချစ်သူစစ်သားရယ်၊ သိပ်ပျော်တယ်ကွယ်။

ကျွန်မကို ရှင် ဘာပြုလို့ ရိုက်တာလဲ

အချစ်ရယ် ...

သီချင်းသံသည် အပြင်သို့ ပျံ့ထွက်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သီချင်းစာသား တွေကို လိုက်မှတ်နေသည်။ သူ့အတွက် သိပ်အရေးကြီးနေသည့် အလား။

“သူတို့တတွေ ဒါလောက် ပျော်နေတာပဲ။ ငါလည်း အထဲဝင်ပြီး ပျော်ရမှာပေါ့။ မူးချင် မူးမှာပေါ့”

“အစ်ကို အထဲဝင်လေ”

မိန်းကလေးတယောက်က ရွှင်ချိုချို အသံကလေးဖြင့် သူ့ကို လှမ်းပြောသည်။ အားလုံးထဲမှ အသန့်ရှင်းဆုံး ရုပ်ဆင်းရူပကာ ပိုင်ရှင်။

သူက မိန်းကလေးကို ကြည့်ပြီး ပြန်ပြောသည်။

“အေးပါ အလှလေးရယ်။ မင်းက တကယ်လှတာပဲ”

ကောင်မလေးက မနောခွေ့သွားပုံဖြင့် ပြန်ပြောသည်။

“အစ်ကိုလည်း ချောတာပါပဲ”

“ဒါပေမဲ့ ပိန်လွန်းပါတယ်ဟယ်၊ ခုမှ ဆေးရုံက ဆင်းလာတာနဲ့ တူပါတယ်”

အသံအောအောနှင့် တယောက်က ဝင်ပြောသည်။ နောက်ရောက်လာသည့် တောသားတယောက်က သူတို့ကို ကြည့်ပြီး ပြောသည်။

“ဟင် ..အားလုံး နှာခေါင်းပြားပြားတွေချည်းပါလား”

သူ မူးနေပုံရသည်။ ကုတ်အင်္ကျီ ရင်ဘတ် ဟပြဲနှင့်။

“ဒီမှာ ပျော်စရာတွေ ရှိတယ် ထင်တယ်၊ ဟုတ်စ”

သူက အမျိုးသမီးတသိုက်ကို ကြည့်ပြီးမေးသည်။

“သိချင်ရင် ဝင်သွားလေ”

“စိတ်ချ၊ သွားမှာပါကွယ် အချစ်ကလေးရယ်”

သူ လှေကားထဲ ဝင်သွားတော့ ရပ်စ်ကိုလ်နီကော့ဗ် ဆက်လျှောက်သွားသည်။

“အစ်ကို”

စောစောက ကောင်မလေးက သူ့ကို နောက်က လှမ်းခေါ်သည်။ သူက ပြန်လှည့်ကြည့်ပြီး-

"ဗျာ"

ကောင်မလေး ရှက်သွေးဖြာသွားသည်။

“အစ်ကိုနဲ့ ခဏ အတူနေချင်တယ်။ ဒါပေမဲ့ ကျွန်မ ပြောရမှာ လိပ်ပြာမသန့် ဖြစ် နေတယ်။ နည်းနည်း သောက်ချင်လို့ ခြောက်ကိုပက်လောက် ပေးခဲ့ပါလား အစ်ကိုရယ်”

အိတ်ထဲ နှိုက်လိုက်တော့ သုံးကိုပက် အစေ့သုံးစေ့ ပါလာသည်။ ကောင်မလေး လက်ထဲ ထည့်ပေးလိုက်၏။

“အစ်ကိုက သိပ်သဘောကောင်းတာပဲနော်’’

“မင်းနာမည် ဘယ်လိုခေါ်လဲ”

“အူကလီဒါလို့ မေးရင် ရပါတယ် အစ်ကို’

သူတို့အုပ်စုထဲမှ မိန်းမတယောက်က ရုတ်တရက် လှမ်းပြောသည်။

“အဲဒါသာ ကြည့်တော့ဟေ့၊ သူမို့ တောင်းရဲတယ်။ ငါတို့တော့ အဲဒါလောက် သိက္ခာ အကျမခံဘူး”

လှမ်းပြောသည့် အမျိုးသမီးကို ရပ်စ်ကိုလ်နီကော့ဗ် လှည့်ကြည့်လိုက်သည်။ မျက်နှာတွင် ကျောက်ပေါက်မာတွေနှင့် အသက်သုံးဆယ်ရွယ် အမျိုးသမီး။ သူက တည်ငြိမ်စွာဖြင့် အလေးအနက် ပြောနေခြင်း ဖြစ်၏။

ရပ်စ်ကိုလ်နီကော့ဗ် ဆက်လျှောက်လာခဲ့သည်။

ဘယ်မှာပါလိမ့်။ ဘယ်မှာ ဖတ်ဖူးတာပါလိမ့်။ သေဒဏ်ကျခံရသူ တယောက် မသေခင် တနာရီမှာ သူ စဉ်းစားတာလား၊ တွေးတာလား မမှတ်မိတော့။ အသူတရာ နက်သည့် ချောက်ကမ်းပါးရဲ့ ဟိုးအပေါ်ဆုံး တောင်ထိပ်က နှစ်ပေပတ်လည် ကျောက်စွယ် အစွန်း ကလေးပေါ်မှာ ဖြစ်ဖြစ် နေပါရစေ။ အောက်တွင် အပြောကျယ်လှသည့် သမုဒ္ဒရာကြီး ရှိနေ ပါစေ၊ အဆုံးမရှိသည့် အမှောင်ထု၊ အဆုံးမရှိသည့် အထီးကျန်ဘဝ၊ အဆုံးမရှိသည့် မုန်တိုင်း များ သူ့ဝန်းကျင်မှာ လွှမ်းခြုံနေပါစေ။ နှစ်ပေါင်းတထောင်တိုင် သို့မဟုတ် နှစ်တွေ အသင်္ချေ နေနိုင်ပါသည်။ ရပ်စရာနေရာ နှစ်ပေမျှ ရှိသည့်တိုင် နေနိုင်ပါသည်။ နေရလျှင် တော်ပါပြီ။ ဘယ်လိုပဲ နေရနေရ **နေပါရစေတဲ့။**[23] ဘယ်လောက် မှန်သည့် အယူအဆပါလဲ။ လူသားဟာ အပြစ်ကျူးလွန်တာပဲ၊ ဆိုးပေမိုက်မဲတာပဲ။ သူ့ကို လူဆိုးလို့ ပြောတဲ့ လူဟာလည်း လူဆိုးပဲ ဟု သူက ဖြည့်တွေးနေသည်။

နောက်တလမ်းပေါ် ရောက်လာပြန်သည်။ အဲ… မှန်နန်း စားသောက်ဆိုင်၊ ရာဇူမီခင် ဒီနန်းတော်အကြောင်း ပြောဖူးသေးတယ် ထင်တယ်။ ငါ

ဘာလုပ်ချင်တာလဲ။ အင်း... သိပြီ။ ငါ ဖတ်ချင်တာ၊ ဇိုစီမော့ဇ်က ဒီအကြောင်း သတင်းစာထဲမှာ ဖတ်ရတာတဲ့။

ကျယ်ကျယ်ဝန်းဝန်း ရှိပြီး လူရှင်းသည့် စားသောက်ဆိုင်ထဲ ဝင်လာခဲ့သည်။ လူနှစ်ယောက်၊ သုံးယောက် လက်ဖက်ရည် ထိုင်သောက်နေကြသည်။ ဟိုဘက် ထိပ်ဆုံး စားပွဲတွင် လူ လေးယောက် ရှမ်ပိန် သောက်နေကြသည်။ တယောက်က ဇိုစီမော့ဇ်များ ဖြစ်နေမလား။ သိပ်မသဲကွဲ။

စားပွဲထိုးကို လှမ်းမေးလိုက်သည်။ “မင်းတို့ဆီမှာ သတင်းစာ ရှိသလားကွ"

"ရှိပါတယ် ဆရာ"

“အေး... လက်ဖက်ရည်နဲ့ လွန်ခဲ့တဲ့ ငါးရက်လောက်က သတင်းစာဟောင်းတွေ ယူခဲ့ကွာ။ မင်းကို ငါ မုန့်ဖိုးပေးပါ့မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ လောလောဆယ် ဒါက ဒီနေ့ထုတ် ဆရာ၊ ဗော့ဒကာကော ယူဦးမလား ဆရာ”

လက်ဖက်ရည်နှင့် သတင်းစာ အထပ်ကြီး ရောက်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ် က တစောင်ပြီး တစောင် မွှေနှောက်ရှာသည်။

“အစ်ဇလာ... အစ်ဇလာ.. အက်ဇတက်... အစ်ဇတက်... ဘာတိုလာ... မာစီမို... အက်ဇတက်... အစ်ဇလာ... ဟာ... သေတော့မှာပဲ။ ဒါတွေချည်းပဲ။ အင်း..အမျိုးသမီး တယောက် လှေကားပေါ်က ပြုတ်ကျ။ ဈေးသည်တယောက် မူးပြီး မီးလောင်။ ပီတာစဘတ် မြို့ပြင်မီး၊ မီး... မီး၊ ဟိုဘက်ပိုင်း မီး၊ ဒီဘက်ပိုင်း မီး၊ အစ်ဇလာ... မာစီမို24 ဟော...ဒီမှာ တွေ့ပြီ”

နောက်ဆုံးမှ ရှာနေသည့် သတင်း တွေ့သည်။ သူ့ မျက်စိထဲတွင် စာကြောင်းတွေ ယိမ်းထိုး လှုပ်ရှားနေသည်။ သို့သော် ကြိုးစားပြီး ဆုံးအောင် ဖတ်လိုက်သည်။ သူ့လက်တွေ တုန်နေသည်။ ဤတွင် တစုံတယောက် သူ့စားပွဲတွင် ဝင်ထိုင်သည်။ သူ မော့ကြည့်လိုက် တော့ လား... လား... ဇာမယိုတော့ဗ်။ အရင်ပုံ အတိုင်းပင်။ သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ လှိုင်းထနေသည့် ဆံပင်က ဆီမွှေးနံ့ သင်းကာ နက်ပြောင်နေသည်။ ရင်ဘတ်တွင် နာရီ ဆွဲကြိုးနှင့်။ ကိုယ်ပိုင်သင်္ကေတတံဆိပ်တုံး ထွင်းထုထားသည့် ရွှေလက်စွပ်နှင့်။ ခါတိုင်းလိုပင် ခပ်ရွှင်ရွှင်။ သူ့မျက်နှာတွင် သဘောကောင်းသည့် အသွင် အထင်းသား ပေါ်လွင်နေသည်။ သောက်ထားသည့် ရှမ်ပိန်အရှိန်ကြောင့် မျက်နှာ မဆိုသလောက် နီမြန်းနေသည်။

“ကြည့်စမ်း၊ ကိုရင် ဒီကို ရောက်နေတယ် ဟုတ်စ”

ပေါင်းဟောင်းသင်းဟောင်း တယောက်လို သူက ဝမ်းသာအားရ နှုတ်ဆက်သည်။“မနေ့က ရာဇူမီခင်ပြောတယ်။ သတိမရသေးဘူးတဲ့။ ခုဒီရောက်နေတယ်။ အံ့ဩကုန်နိုင်ဖွယ်ပါလားဗျာတို့။”

“ဪ... ကိုရင့်အိမ်ကို ကျွန်တော်ရောက်လာသေးတယ်ဗျ”

သူ လာမည်ဟု ရပ်စ်ကိုလ်နီကော့ဗ် တွက်ပြီးသား။ သတင်းစာတွေကို စားပွဲပေါ်ချပြီး တဖက်ကို တိုးပစ်လိုက်သည်။ ဇာမယိုတော့ဗ်ကို လှမ်းကြည့်လိုက်တော့ သူ့ နှုတ်ခမ်း အစုံတွင် မလိုတမာ အပြုံးတမျိုး ထင်ဟပ်နေသည်။ တခုခုကို ခံပြင်းနေပုံ။

“မောင်ရင် ရောက်လာတယ်ဆိုတာ ကိုယ် ကြားပါတယ်ကွာ။ ကိုယ့်ခြေအိတ်ကို တောင် မောင်ရင် ရှာပေးသေးတယ်ဆို။ မောင်ရင့်ကို ရာဇူမီခင် ဒေါပွနေတယ်။ သူ ပြောတယ်။ မောင်ရင်တို့နှစ်ယောက် လာဗီဇာအီဗန်နိုဗာဆီ သွားသေးတယ်ဆို။ မောင်ရင်က သူ့ကို မျက်စိကျနေတယ် ဟုတ်လား။ ဝေတိမက ယမ်းဘီလူးကို မျက်စပစ်ပြတော့ မောင်ရင် ဆွေးသွားတယ်ပေါ့။ အဲဒါကို ယမ်းဘီလူးက သဘောမပေါက်ဘူးတဲ့။ ဟုတ်လား၊ မှတ်မိလား။ ဘာ သဘော မပေါက်စရာ ရှိလဲ"

“တော်တော်ကြောင်တဲ့ လူ”

“ဘယ်သူလဲ၊ ယမ်းဘီလူးလား”

“မဟုတ်ဘူး၊ ကိုရင့်သူငယ်ချင်း ရာဇူမီခင်’’

“မောင်ရင့်ဘဝကတော့အကျိုးပေးကောင်းပါတယ်ကွာ။ ပျော်စရာနေရာတွေမှာ လျှောက်ငြိမ့်လိုက်၊ ပြီးတော့... ဪ... ဒါထက် ခုတင်က မင်းကို ရှမ်ပိန် ငှဲ့ပေးနေတာ ဘယ်သူတုံးကွ”

“ဟုတ်ကဲ့၊ ကျွန်တော်တို့ သောက်နေကြတာပါ။ ငှဲ့ပေးနေတယ်၊ ဟုတ်လား”

“မောင့်ကို ပြုစုနေတဲ့ လူပေါ့၊ ဟုတ်လား။ ဘာပဲဖြစ်ဖြစ် မင်းကို ကြည်ညိုတဲ့လူ များပါတယ်ကွာ”

ရပ်စ်ကိုလ်နီကော့ဗ်က ရယ်ပြီး ဆက်ပြောသည်။ “ဆက်လုပ်၊ ဆက်လုပ်၊ မောင်ရင်က ချစ်ဖို့ ကောင်းပါတယ်” ဇာမယိုတော့ဗ်၏ ပခုံးကို ပုတ်ပြီး ဆက်ပြောပြန်သည်။

“မင်းကို ကိုယ် တကယ်ခင်တာ။ သိလား။ အပျော်တမ်း သတ်ကြတဲ့ ဟို ဆေးသမားလေး နှစ်ယောက်လို ချစ်တာပေါ့။ အဘွားကြီး အမှုမှာလေ”

"အဲဒီအကြောင်း ခင်ဗျား ဘယ်လိုလုပ် သိတာလဲ"

"မောင်ရင် သိတာထက် ကိုယ် ပိုသိချင် သိနေမှာပေါ့"

"ခင်ဗျားဟာ တော်တော်ထူးဆန်းတဲ့ လူပဲ ရှော့ဒ်ယာ၊ ဒါထက် ခင်ဗျား နေကောင်း ပါတယ်နော်၊ မဖျားတော့ဘူးဆိုတာ သေချာလား။ အပြင်ထွက်ဖို့ မကောင်းသေးဘူး ထင် တယ်ဗျာ"

"ဟုတ်လား၊ ကိုယ်က မောင်ရင့်အတွက် ထူးဆန်းနေသလား"

"ဟုတ်တယ်ဗျ၊ ဒါထက် ဘာတွေ ဖတ်နေတာလဲ"

"သတင်းစာတွေ ဖတ်နေတာပေါ့"

"အေးဗျာ လောင်လိုက်တဲ့ မီးတွေ"

"မီးသတင်း ဖတ်တာ မဟုတ်ဘူး"

ပြောပြီး ဇာမယိုတော့ဗ်ကို လျှို့ဝှက်သည့် အကြည့်မျိုးဖြင့် ကြည့်ပြီး သရော်သည့် အပြုံးဖြင့် ထပ်ပြုံးပြလိုက် ပြန်သည်။

"ဟုတ်တယ်၊ မီးလောင်တဲ့ သတင်းတွေ ဖတ်တာ မဟုတ်ဘူး"

ဇာမယိုတော့ဗ်ကို ကြည့်ပြီး သူ ပြုံးသည့် အပြုံးက မဲ့ပြုံး။

"ဟုတ်တယ်။ ဒီမယ် ကိုယ့်လူ၊ မောင်ရင် ဝန်ခံစမ်းပါ။ ကိုယ် ဘာတွေ ဖတ်နေတယ် ဆိုတာ မောင်ရင် အရမ်းသိချင်နေတယ် မဟုတ်လား"

"ဟောဗျာ၊ မသိချင်ပါဘူး။ ဘာတွေ ဖတ်နေလဲ မေးရုံ မေးလိုက်တာပါဗျာ။ မမေး ရဘူးလား။ ဘာပြုလို့ ခင်ဗျား ဒါကို လျှို့ဝှက် ..."

"ဒီမယ် နားထောင်၊ မောင်ရင်ဟာ ခေတ်ပညာတတ် တယောက်။ စာတတ် ပေတတ်၊ ဟုတ်တယ်နော်"

"အားကစားသိပ္ပံမှာ ကျွန်တော် ခြောက်နှစ် တက်ဖူးပါတယ်"

ဇာမယိုတော့ဗ်က ခပ်ကြွားကြွားကလေး ပြောလိုက်သည်။

"ဟုတ်လား၊ အားကစားသိပ္ပံ ခြောက်တန်းဆို ဘယ်ဆိုးမလဲ။ အား... မင်းဟာ တကယ့် စာကလေးပဲ။ ကေကိုလည်း အပြတ်သထားတယ်။ လက်ချောင်းတွေမှာလည်း လက်စွပ်တွေနဲ့။ အတော့်ကို လာဘ်ရွှင်နေတယ် ဟုတ်လား။ တကယ့် လူချောလေးပဲ"

ပြောပြီး ရပ်စ်ကိုလ်နီကော့ဗ် တအား အော်ရယ်ချလိုက်သည်။ ဇာမယိုတော့ဗ် တအံ့တသြ ဖြစ်ကာ နောက်လန်သွားသည်။ သို့သော် သူ့ကို စိတ်မဆိုးရက်။

“ဟာ… ဒုက္ခပါပဲ။ ခင်ဗျား ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ ရပ်စ်ကိုလ်နီကော့ဗ်။ ဖျားနေ တုန်း ထင်တယ်’"

“ဘယ်ကလာ၊ စာကလေးကလည်းကွာ၊ ဘာတဲ့… ကိုယ်က သိပ်ထူးဆန်းတယ် ဟုတ်လား။ မောင်ရင် ကိုယ့်ကို စိတ်ဝင်စားနေတယ် ဟုတ်လား”

“အင်း… စိတ်ဝင်စားပါတယ်"

“ဒါဆို သတင်းစာထဲမှာ ကိုယ် ဘာရှာဖတ်နေတယ် ဆိုတာ ပြောပြမယ်။ ကြည့်စမ်း… ဘယ်နှစောင်လဲ”

“အင်း… ဆိုစမ်းပါဦး”

“မောင်ရင် ဒီကိစ္စကို နားစွင့်နေတယ် မဟုတ်လား”

“ဟာ… ဘာလို့ နားစွင့်ရမှာလဲဗျ”

“အဲ… အဲဒီအကြောင်း နောက်မှ ပြောကြတာပေါ့။ ဒီမယ် ကိုယ့်လူ၊ မောင်ရင့်ရှေ့မှာ ကိုယ် ကြေညာမယ်၊ အဲ… မဟုတ်သေးဘူး။ ‘ဝန်ခံ’ မယ်၊ အဲဒါလည်း မကောင်းသေးဘူး။ အဲ… ‘ဖြောင့်ချက်’ ပေးမယ်၊ ဘာရှာဖတ်နေတာလဲ ဆိုတာ ဖြောင့်ချက်ပေးမယ်။ ကိုယ် ရှာနေတဲ့ သတင်းက…"

ရပ်စ်ကိုလ်နီကော့ဗ်က မျက်လုံးအစုံကို မှေးပြီး ခဏ ငြိမ်နေသည်။

“ကိုယ် ရှာနေတာက… အဲဒီအတွက် ဒီဆိုင် ဝင်လာတာ။ အပေါင်ခံတဲ့ ဟိုအဘွားကြီး ညီအစ်မ အသတ်ခံရတဲ့ သတင်းလေ”

ဇာမယိုတော့ဗ်၏ မျက်နှာနှင့် အနီးဆုံးကပ်ပြီး တိုးတိုးလေး ပြောလိုက်ခြင်းဖြစ်သည်။

ဇာမယိုတော့ဗ်က ငြိမ်ပြီး သူ့ကို စိုက်ကြည့်နေသည်။

ဇာမယိုတော့ဗ်အတွက် အထူးဆန်းဆုံးမှာ နှစ်ယောက်သား ဘာမှ ဆက်မပြောကြဘဲ တမိနစ် သည်အတိုင်း တယောက်ကို တယောက် ထိုင်ကြည့်နေကြခြင်း ဖြစ်၏။ တမိနစ်တိတိ။

နောက်ဆုံးတွင်မှ ဇာမယိုတော့ဗ်က စိတ်ရှုပ်လာပြီး မအောင့်နိုင်တော့ဘဲ

ဆက် တိုက် မေးလိုက်သည်။

"အဲဒါ ဘာဖြစ်လဲ။ ခင်ဗျားဘာသာ ခင်ဗျား ဘာဖတ်ဖတ် ကျွန်တော်နဲ့ ဘာဆိုင်လဲ' ရပ်စ်ကိုလ်နီကော့ဗ်က ဇာမယိုတော့ဗ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို သတိမထားမိဘဲ စောစောကအတိုင်း လေသံဖြင့် ဆက်ပြောသည်။

"အဲဒါ ဟိုအဘွားကြီးပဲလေ။ အဲဒီအကြောင်း ပြောရင်း ရဲတွေရှေ့မှာ ကိုယ် သတိလစ် သွားတဲ့ အကြောင်း မောင်ရင် ပြောတယ် မဟုတ်လား။ ကဲ... နားလည်ပြီလား"

"ခင်ဗျား ဘာဆိုလိုတာလဲ ရပ်စ်ကိုလ်နီကော့ဗ်။ ကျွန်တော်က ဘာကို နားလည်ရ မှာလဲ"

ဇာမယိုတော့ဗ် တဖြည်းဖြည်းနှင့် လန့်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အမူအရာ က အလွန့်အလွန် အေးစက် လေးနက်နေရာမှ ရုတ်ခြည်း တမျိုးပြောင်းသွားသည်။ စောစောက အတိုင်း ရယ်ချလိုက်ပြန်သည်။ အရယ်ရပ်လို့ မရသလို တက်မတတ် ချက်မတတ် ဆက်ရယ် နေသည်။ ပြီးတော့ မြင်ကွင်းတခုကို ကြည်ကြည်လင်လင် သူ ပြန်မြင်လာသည်။ ထိုတဒင်္ဂ၊ သူက တံခါးနောက်ကွယ်တွင် ပုဆိန်ကိုင်လျက်၊ တံခါးဘောက်ချိတ်က သွက်သွက်ခါနေသည်။ အပြင်ကလူတွေ ဆဲဆိုကြိမ်းမောင်းပြီး တံခါးကို တအား ဆွဲလှုပ်နေသည်။ ချက်ချင်း သူတို့ကို ပြန်အော်ဆဲချင်လာသည်။ လျှာထွက်လာပြီး ဒေါသနှင့် အမုန်းခွန်အားတွေ များလာသည် ပြီးမှ ရယ်ချင်လာသည်။ အကျယ်ကြီး အော်ရယ်ချင်လာသည်။ ရယ်... ရယ်။

"ခင်ဗျား ရူးသွားပြီလား၊ ဒါမှမဟုတ်..."

ဇာမယိုတော့ဗ်က ရှေ့မဆက်ဘဲ ရပ်ထားလိုက်သည်။ မမျှော်လင့်သော အတွေး တခု ခေါင်းထဲ ဖြတ်ပြေးသွားသည့် အလား။

"ဒါမှမဟုတ် ဘာဖြစ်လဲ၊ ပြောလေ။ ဆက်ပြောလေ"

"ဘာမှ မဟုတ်ပါဘူး။ အားလုံး ဘာမှ အဓိပ္ပာယ် မရှိပါဘူးဗျာ"

ဇာမယိုတော့ဗ် စိတ်ပျက်လက်ပျက် လေသံဖြင့် ပြန်ပြောလိုက်သည်။ နှစ်ယောက်သား ငြိမ်သွားပြန်သည်။ မမျှော်လင့်ဘဲ အူတက်မတတ် ရယ်ပြီးနောက် ရပ်စ်ကိုလ်နီကော့ သည် ငြိမ်သွားပြီး ဆွေးဆွေးမြည့်မြည့်နှင့် အတွေး နက်နေပြန်သည်။ စားပွဲပေါ် တွင် တံတောင်ဆစ် ထောက်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ်တင်ထားသည်။

ဇာမယိုတော့ဗ်ကို ချက်ချင်း မေ့သွားသည့် အလား။ စကား မပြောတော့။ အကြာကြီး ငြိမ်နေသည်။

“လက်ဖက်ရည် သောက်လေဗျာ။ အေးကုန်ပြီ’’

ဇာမယိုတော့ဗ် ပြောတော့မှ သတိဝင်လာပြီး-

"ဘာ.. ဩော်... အေး၊ လက်ဖက်ရည် ဟုတ်လား။ သောက်မယ်၊ သောက်မယ်” လက်ဖက်ရည် တငုံ သောက်ပြီး ပေါင်မုန့် တဖဲ့ ဖဲ့၍ ကောက်ဝါးလိုက်သည်။ ဇာမယိုတော့ဗ်ကို ကြည့်ပြီး အားလုံး ပြန်သတိရလာပုံရသည်။

တပြိုင်တည်းတွင် စောစောက အတိုင်း သူ့ မျက်နှာတွင် သရော်လှောင်ပြောင်ချင်သည့် အမူအရာတွေ ပြန်ပေါ်လာသည်။ သူ လက်ဖက်ရည် ဆက်သောက်သည်။

ဇာမယိုတော့ဗ် ပြန်ကောက်သည်။

“ခေတ်ကြီးကတော့ ငစဉ်းလဲတွေ တနေ့တခြား များလာပြီဗျို့။ တလောက မော်စကိုအေဇက်မှာ ဖတ်လိုက်ရတယ်။ ငွေစက္ကူအတု လုပ်တဲ့ ဂိုဏ်းကြီးတခုလုံး ဖမ်းမိလိုက်တယ်တဲ့"

“ဩော်.. အဲဒါ ကြာပါပြီ။ ကိုယ် လွန်ခဲ့တဲ့ တလလောက်က ဖတ်လိုက်ရတယ်။ မောင်ရင်က သူတို့ကို ငစဉ်းလဲတွေလို့ မြင်တယ်ပေါ့။ ဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ်က ပြုံးပြီး တည်တည်ငြိမ်ငြိမ် ပြန်မေးသည်။

“အဲဒီလို မမြင်လို့ ဘယ်လို မြင်ရမလဲ”

“သူတို့လား။ မနူးမနပ်တွေပါကွာ။ ဘာအတွေ့အကြုံမှ မရှိတဲ့လူတွေ။ ဒီလို အလုပ်မျိုး လုပ်တာ လူ ငါးဆယ် ပါသတဲ့။ အဲဒီကတည်းက သွားပြီ။ ဘယ်လိုလုပ်ပြီး အောင်မြင် နိုင်မှာလဲ။ သုံးယောက် ဆိုတာတောင် များသေးတယ်။ သုံးယောက်ဆိုရင်လည်း ကျန် နှစ်ယောက်က ကိုယ်ကိုယ်တိုင်ထက် ပိုယုံကြည်ရမယ့် လူတွေ ဖြစ်ဖို့ လိုတယ်။ မဟုတ်ရင် တယောက်ယောက်က မူးပြီး အာချောင်တာနဲ့ အားလုံး ပွိမှာ။ ဘယ်လောက်တုံးတဲ့ လူတွေလဲ သိလား။ ဘဏ်မှာ ငွေသွားလဲဖို့ လူငှားသတဲ့။ အဲဒီလူက ဘယ်လောက် စိတ်ချ ရမှာလဲ။ ငွေလဲတဲ့ နေရာမှာ လွတ်လာပြီပဲ ထားပါဦး။ သူတို့ တယောက် တသန်းလောက် ရပြီးရင် ဘာဖြစ်လာမလဲ။ သူတို့ဘဝတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တသက်လုံး ထိုင်စားနိုင် မယ် ထင်လား။ တသက်လုံး သူတို့တတွေ တယောက်ကို တယောက် အားကိုးနေကြရ

တော့မယ်။ မဟုတ်သေးဘူး၊ ဒါ့ထက် ဆိုးတယ်။ တယောက်ကို တယောက် စောင့်ကြည့် နေကြရတော့မယ်။ ပြီးတော့ ရှိသေးတယ်။ တယောက်က ဘဏ်မှာ ငါးထောင် သွားလဲတယ် ဆိုပါတော့။ ငွေရတဲ့အခါ ဘဏ်ဝန်ထမ်းရှေ့မှာ သူ့လက်တွေ ငြိမ်ပါ့မလား။ လေးထောင် အထိပဲ ရေပြီး နောက်ဆုံးတထောင်ကို ဣန္ဒြေပျက်မှာ စိုးလို့ ဆက်မရေဘဲ အိတ်ထဲထည့် ပြီး ဘဏ်ထဲက သုတ်ခြေတင် ထွက်သွားရင် ဘဏ်အပြင် လမ်းပေါ်ရောက်တာနဲ့ ပြေးချ သွားရင် ဘာဖြစ်မလဲ။ တယောက်က အဲဒီလို တုံးလိုက်တာနဲ့ အားလုံး ဒုက္ခရောက်တော့ တာပဲ။ ဘယ်လို လုပ်ပြီး လွတ်နိုင်မှာလဲ"[25]

ဇာမယ်ပိုတော့ဗ်က ဆွေးနွေးသည်။

"သူ့လက်တွေ မငြိမ်လို့ ဟုတ်လား။ ကျွန်တော်တော့ လွတ်နိုင်မယ် ထင်တာပဲ။ တခါတလေ ဣန္ဒြေပျက်သွားတာနဲ့ ကြံ့လို့ ခုလို ဖြစ်သွားတာပါ"

"မောင်ရင်က အဲဒီအတိုင်း ထင်သလား"

"ခင်ဗျားဆိုရင်ကော၊ လက်မတုန်ဘဲ နေမလား"

"မလွယ်ဘူး၊ ဆိုပါတော့။ 'ရူဘယ် တရာ ပေးမယ်၊ ငွေစက္ကူအတု တရွက် သွားလဲပေး' လို့ ခိုင်းတဲ့လူ တွေ့ရော ဆိုပါတော့။ ဘယ်သွားလဲမလဲ။ ဘဏ် သွားလဲရမယ်။ ဘဏ်က လူတွေက အတုအစစ် ခွဲတဲ့နေရာမှာ နောကျေနေတဲ့ လူတွေ။ သူတို့ရှေ့မှာ ဘယ်လိုမှ စိတ်မလှုပ်ရှားဘဲ နေနိုင်မှာ မဟုတ်ဘူး"

ပြောလိုက်ရပေမယ့် စိတ်ထဲက အမောက်ထောင်ချင်စိတ် ပေါက်လာသည်။ ကျောထဲ စိမ့်သွား၏။

"အမှန်က အဲဒီလို လုပ်ရမှာ"

သူ့အသံက အဝေးကြီးမှ လာသည့်အသံမျိုး။

"ကိုယ်သာဆို ဒီလို လုပ်မယ်။ ပထမ တထောင်ကို လေးခေါက်လောက် ဖင်ပြန် ခေါင်းပြန် ရေမယ်။ တရွက်ချင်း သေသေချာချာ စစ်မယ်။ ပြီးမှ ဒုတိယတထောင် အုပ်ကို ရေမယ်။ တဝက်လောက် အရောက်မှာ တရွက်ကို ဆွဲထုတ်မယ်။ မီးရောင်မှာ ဟိုဘက် ဒီဘက် လှည့်ကြည့်မယ်။ အတုလား အစစ်လားပေါ့။ ပြောလိုက်ဦးမယ်။ 'သေသေချာချာ ကြည့်ရတယ်ဗျို့၊ အမျိုးတယောက် ခံလိုက်ရပြီးပြီ။ ဘဏ်ထုပ်ထဲမှာ နှစ်ဆယ့်ငါး ရူဘယ် အတုတွေ ပါလာလို့လေ'။ ပြီးတော့ ပြောဦးမယ်။ တတိယအထုပ် ရေနေရင်းက ရပ်ပြီး 'ဒုတိယ ထောင်ထုပ် ပြန်ရေဦးမယ်ဗျာ။ ကျွန်တော် ရေတာ မှားသွားသလား မသိဘူး၊ ခုနစ်ရာ ကျော်ကျော်လောက်မှာ ကျွန်တော် ရေတာ ကျော်သွားသလားလို့"

“အဲဒီလိုနဲ့ တတိယအုပ်ကို ရပ်ပြီး ဒုတိယအုပ်ကို ပြန်ရေမယ်။ ပြီးမှ တတိယအုပ် ကို ပြန်ကိုင်မယ်။ ဒီလိုနဲ့ နောက်ဆုံး ငါးထောင်အုပ်ရေတော့ အလယ်က တရွက်ဆွဲပြီး ‘ဒါလေးတော့ လဲပေးပါဗျာ’ လို့ ပြောမယ်။ အားလုံးပြီးမှ အထုပ်ပိုက်ပြီး တံခါးဝဆီ ထွက် သွားမယ်။ ပြီးမှ မထွက်သေးဘဲ ကောင်တာဆီကို တခေါက် ပြန်လာမယ်။ အကြောင်း တခုခု ရှာပြီး တောအကြောင်း တောင်အကြောင်း ပြောမယ်။ ပြီးမှ ထွက်လာမယ်။ ကိုယ်သာဆို အဲဒီလို လုပ်မယ်"

“ဟာဗျာ၊ ခင်ဗျားဟာက မဖြစ်နိုင်တာပဲ။ ပြောတော့သာ လွယ်တာ။ ပိုက်ဆံရတာနဲ့ ခင်ဗျား တကြိုးတည်း လစ်မှာပါ။ ဒါလောက် သွေးအေးဖို့ သတ္တိကောင်းဖို့ ဆိုတာ မလွယ် ပါဘူးဗျာ။ ဥပမာ- အဘွားကြီးကို သတ်တဲ့ လူသတ်မှုကို ကြည့်။ လူသတ်သမားဟာ တကယ် ဇက်ရဲ လက်ရဲသမား၊ လူသတ်ပြီး မြေလျှိုးမိုးပျံ သွားသလို ပျောက်သွားတယ်။ အဲဒီလို ပုဂ္ဂိုလ်ပင်လျှင် ပစ္စည်းအကုန် ယူမသွားနိုင်ဘူး။ လူနှစ်ယောက်ရဲ့အသက်ကို သတ်ပြီး ယူသွားတဲ့ ပစ္စည်းက မဖြစ်စလောက်ကလေးရယ်။ ဒီသာဓကဟာ ရှင်းပါတယ်။ သွေးအေးဖို့ ဆိုတာ အပြောလွယ်သလောက် အလုပ် ခက်ပါတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို မကျေမနပ် ကြည့်ပြီး -

"ရှင်းပါတယ်။ ဒါဆိုလည်း သူ့ကို မိအောင် ဖမ်းကြလေ''

"အို... မိမှာပါ၊ သူတို့ ဖမ်းကြမှာပါ’’

“ဘယ်သူက ဖမ်းမှာလဲ။ မောင်ရင်က ဖမ်းမှာလား။ မြေကြီးကို ခွဲပြီး လိုက်ရှာမှာ လား။ ဘာကို အဓိကထားပြီး စောင့်ကြည့်မှာလဲ။ သူ ပိုက်ဆံ သုံးသလား၊ မသုံးဘူးလား စောင့်ကြည့်ရမှာ။ သူ့မှာ ပိုက်ဆံ မရှိလို့ ဒီအမှုကို ကျူးလွန်တာ။ ပိုက်ဆံ ရတာနဲ့ သုံးမှာပဲ။ ဘယ်သူ မသုံးဘဲ နေမလဲ။ ဒါလောက်တော့ ကလေးတောင် တွေးတတ်သေးတယ်"

“ဟုတ်ပါတယ်။ သူတို့လည်း အဲဒီအတိုင်း လုပ်မှာပါ။ သူက လိမ္မာ ပါးနပ်စွာ လူသတ်မှု ကျူးလွန်သွားတယ်။ သက်စွန့်ဆံဖျား လုပ်သွားတာ။ သူ ဟိုတယ်တက်ပြီး သုံး ဖြုန်းနေတာ မကြာခင် သူတို့တွေ့မှာပါ။ ခင်ဗျားလောက်တော့ ဘယ်သူမှ အသိဉာဏ် မမြင့်ပါဘူး။ ခင်ဗျားသာ ဆိုရင် ဘယ်တော့မှ သူ့လို လုပ်မှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ်က ဇာမယိုတော့ဗ်ကို စိုက်ကြည့်နေသည်။

“မောင်ရင့်ကို ကိုယ် နှိုးဆွပေးသလို ဖြစ်သွားပြီ ထင်တယ်။ သူ့နေရာမှာ ကိုယ် ဆိုရင် ဘယ်လိုလုပ်မယ် မောင်ရင် သိချင်နေပြီ မဟုတ်လား”

သူက စိတ်ချဉ်ပေါက်ပေါက်နှင့် မေးလိုက်ခြင်း ဖြစ်သည်။

“ဟုတ်ပါတယ်၊ သိချင်ပါတယ်”

ပြောပြီး သူက ဂရုတစိုက် အလေးအနက် နားထောင်သည်။

“အရမ်း သိချင်နေလား”

“အရမ်း သိချင်နေပါတယ်”

“ကောင်းပြီ။ ကိုယ်သာ ဆိုရင် ...”

ရှေ့ကိုင်းပြီး ဇာမယိုတော့ဗ်နှင့် မျက်နှာချင်း အနီးကပ် ဆိုင်လိုက်ပြန်သည်။ အသံလည်း တိုးသွားပြန်သည်။ ဇာမယိုတော့ဗ် ကျောထဲ စိမ့်သွားသည်။

“ကိုယ်သာဆို ဒီလိုလုပ်မယ်။ ငွေတွေရော၊ ပစ္စည်းတွေရော အကုန်ယူခဲ့မယ်။ ပြီးတော့ ချက်ချင်း ထွက်သွားမယ်။ ဘယ်သူမှ မထင်တဲ့ နေရာမျိုးကို သုတ်ခြေတင်မယ်။ လူသူကင်းမဲ့ တဲ့ နေရာ။ အုတ်တံတိုင်း အမြင့်ကြီးတွေနဲ့ လမ်းကြားလို နေရာမျိုးပေါ့။ အဲဒီလို နေရာမှာ ကျောက်တုံးကြီး တတုံး ကြိုရှာထားမယ်။ ပေါင် သုံးလေးဆယ် လေးတဲ့ ကျောက်တုံးမျိုး ပေါ့။ ခြံစည်းရိုး နံဘေးမှာ ရှိနေရမယ်။ အဲဒီတိုက်ကြီးတွေ ဆောက်ကတည်းက ကျန်ခဲ့တဲ့ ကွန်ကရစ်တုံးကြီးမျိုးပေါ့။ ကျောက်တုံးအောက်မှ ချိုင့်ယောင်ယောင်ကလေး ရှိမယ်။ ကျောက်တုံးကို အသာတွန်းပြီး ပစ္စည်းတွေ ထည့်မယ်။ ပြီးတော့ ပြန်ချမယ်။ ခြေရာတွေကို ခြေထောက်နဲ့ ဖျက်ခဲ့ပြီး ပြန်လာခဲ့မယ်။ အဲဒီနေရာကို တနှစ်၊ နှစ်နှစ်၊ သုံးနှစ်အတွင်း ပြန်မသွားဘူး။ မောင်ရင်တို့ စောင့်ကြည့်ကြလေ။ ကြိုက်သလောက် စောင့်ကြည့်ကြပေါ့”

ဇာမယိုတော့ဗ် နောက်တွန့်သွားသည်။ ပြီးတော့ သူ့နှုတ်က တိုးတိုးလေး ထွက် သွားသည်။

“ရပ်စ်ကိုလ်နီကော့ဗ်၊ ခင်ဗျား ရူးနေတာပဲ"

ရပ်စ်ကိုလ်နီကော့ဗ်၏ မျက်လုံးတွေ မီးဝင်းဝင်း တောက်နေသည်။ ပြီးတော့ မျက်နှာ ချက်ချင်း သွေးဆုတ်သွားသည်။ အပေါ်နှုတ်ခမ်း တုန်စပြုလာသည်။ ဇာမယိုတော့ဗ်ဆီသို့ တတ်နိုင်သမျှ ကိုင်းပြီး ကပ်လိုက်သည်။ မိနစ်ဝက်ခန့် သည်အတိုင်း စိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းတွေ လှုပ်လာသည်။ စကားမှု တလုံးမျှ ထွက်မလာ။ သူ့အပြုအမူကို သူ သိသည်။ သို့သော် ရပ်၍ မရတော့ပေ။ ထိတ်လန့် တုန်လှုပ်ဖွယ်ရာ စကားလုံးသည် သူ့နှုတ်ခမ်း အစုံ ပေါ်တွင် ပြေးလွှားနေသည်။ တံခါးဝမှ ဘောက်ချိတ်နှင့် ကွင်းလို သိမ့်သိမ့်တုန်နေသည်။ တဒင်္ဂအတွင်း

သည့်စကားလုံးတွေ ခုန်ထွက်သွားတော့မည်။ ထွက်သွားပစေပေါ့။ ပြောရမည့် စကားလုံးတွေပဲ။

"ကဲ... အဘွားကြီးနဲ့ လီဇာဗီတာကို သတ်တာ ကိုယ်ကိုယ်တိုင် ဖြစ်နေရင်ကော"

ပြောပြီးမှ သူ သတိဝင်လာသည်။

သည်တော့မှ ဇာမယိုတော့ဗ်၏ မျက်နှာသည်လည်း ဖြူသွားတော့သည်။ သူ့ကို အထိတ်တလန့် ကြည့်နေသည်။ ရှုံ့မဲ့မဲ့နေရာမှ ကြိုးစားပြီး ပြုံးလိုက်သည်။ ပြီးမှ မနည်း နားစိုက်ထောင်မှ ကြားနိုင်သည့် အသံမျိုးဖြင့် ပြောလိုက်သည်။

"ဟာဗျာ၊ ကတ်သီးကတ်သတ်'

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို စက်ဆုပ်စွာ ကြည့်နေသည်။

"ဒါပေမဲ့ မောင်ရင် ယုံတယ် မဟုတ်လား၊ ဝန်ခံစမ်းပါ။ ဟုတ်တယ် မဟုတ်လား"

"ဟာဗျာ၊ မဟုတ်တာ။ လုံးဝ လုံးဝ မယုံဘူး"

ဇာမယိုတော့ဗ် ပျာပျာသလဲ ငြင်းသည်။

"စာကလေးရေ... မောင်ရင့်ကို ကိုယ် မိပြီဟေ့။ မောင်ရင် ပထမ ယုံပါတယ်ကွာ။

'လုံးဝ လုံးဝ' ဆိုတော့ ပိုသေချာသွားတာပေါ့"

"တကယ် ပြောတာပါဗျာ။ မယုံပါဘူး ဆို"

ဇာမယိုတော့ဗ်က စိတ်ရှုပ်သွားပုံဖြင့် ပြန်ပြောသည်။

"ခင်ဗျား ကျွန်တော့်ကို အထိတ်တလန့် ဖြစ်အောင် လုပ်နေတာလား ရပ်စ်ကိုလ်နီကော့ဗ်"

"ဒါဆို မောင်ရင် မယုံဘူးပေါ့။ ဒါနဲ့ မောင်ရင် ကိုယ့်နောက်ကွယ်မှာ စခန်းထဲတုန်း က ကိုယ် မေ့သွားတဲ့အကြောင်း ဗိုလ်ယမ်းဘီလူးကို မောင်ရင် ဘာလို့ ပြောတာလဲ။ ကိုယ် မေ့သွားပြီးတဲ့ နောက်ပိုင်း ဘာလို့ ယမ်းဘီလူးက မေးခွန်းတွေ မေးတာလဲ။ ဟေး... ဒီမှာ ဒီမှာ"

သူက ပြောပြောဆိုဆို စားပွဲထိုးကို လှမ်းခေါ်သည်။ မတ်တတ်ထ၊

ဦးထုပ်ဆောင်း ပြီးမှ မေးသည်။

“ဘယ်လောက် ကျသလဲကွ”

“သုံးကိုပက်ပါ ခင်ဗျ”

“ရော့... ဒီမှာ ကိုပက် နှစ်ဆယ်။ ပိုတာ မင်းဖို့’

သူက ငွေစက္ကူထပ်ကို ဇာမယိုတော့ဗ်၏ မျက်နှာရှေ့တွင် ထောင်ပြသည်။ သူ့ လက်တွေ တုန်နေသည်။

“အနီတွေ၊ အပြာတွေ အားလုံး နှစ်ဆယ့်ငါးရူဘယ်။ ဘယ်က ရတယ် ထင်လဲ။ ဟောဒီ အဝတ်အစား အသစ်တွေကကော။ ကိုယ့်မှာ ခြူးတပြားမှ မရှိတာ မောင်ရင် သိတယ် နော်။ ကိုယ့်ကို မောင်ရင် မေးပြီးပြီ မဟုတ်လား ဟင်။ ကဲ... တော်လောက်ပြီ။ တွေ့ကြဦး မယ်လေ။ ပျော်ပျော်ပါးပါးပေါ့ **အာ့ဗ်ကော့ဗ်**[26]”

သူ ထွက်လာခဲ့သည်။ တုန်တုန်ယင်ယင် ဖြစ်နေသည်။ ထူးထူးခြားခြား သွေးလန့် နေသည်။ တဖက်တွင်လည်း သူ ပျော်နေသည်။ သို့သော် သူ ပင်ပန်းလှပြီ။ မျက်နှာတခုလုံး အံ့မှိုင်းနေသည်။ လေဖြတ်ပြီးစ လူတယောက်၏ မျက်နှာမျိုး။ ပုံမှန် မဟုတ်။ ပုံပျက်နေသည်။ ရုတ်ခြည်းမလှုပ်ချင်အောင် ပင်ပန်းသွားသည်။ အသိဉာဏ်ပါ အားပျော့သွားခြင်းမျိုး။ ဇာမယိုတော့ဗ် တယောက်တည်း ထိုင်ကျန်ရစ်သည်။ တော်တော်နှင့် မထ။ အတွေးတွေ ယောက်ယက်ခတ်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို မရည်ရွယ်ဘဲနှင့် ယောက်ယက်ခတ်အောင် လုပ်ပစ်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင်မှ သူ ကောက်ချက် ဆွဲနိုင် ခဲ့သည်။

“အီလျာပီထရိုဗစ်ချ် ဆိုတဲ့ ကောင်ဟာ ငတုံးပဲ”

တံခါးက ထွက်ပြီး ဆင်ဝင်အောက် ရောက်သည့်အခါ ရာဇူမီခင်နှင့် တန်းတိုးတော့သည်။ တယောက်နှင့်တယောက် ခြေတလှမ်း အလိုတွင် ဝင်တိုက်မိမတတ် သွားတိုး ခြင်း ဖြစ်သည်။ တယောက်ကို တယောက် ခြေဆုံး ခေါင်းဆုံး ကြည့်နေကြသည်။ ရာဇူမီခင် ပါးစပ် အဟောင်းသား ဖြစ်နေသည်။ ပြီးတော့မှ သူ့မျက်လုံးတွေ မီးဝင်းဝင်းတောက်ကာ ပေါက်ကွဲလေတော့သည်။

အသံကုန် အော်ပြောလိုက်သည်။

“လက်စသတ်တော့ မင်းက ဒီမှာကိုး။ လူမမာခုတင်ကနေ ထွက်ပြေးတယ် ဟုတ် လား။ ငါကဖြင့် ရှာလိုက်ရတာ။ ဆိုဖာအောက် ငုံ့ကြည့်၊ မျက်နှာကြက်ပေါ်တက်ရှာ၊ မင်းကြောင့် နာတာရှာကို ကံကောင်းလို့ ငါမရိုက်မိတယ်။ လက်စသတ်တော့ ကိုယ်တော်မြတ်က ဒီမှာကိုး။ ဒီမယ် ရော့ဒ်ယာ၊

အဲဒါ ဘာသောက်အဓိပ္ပာယ်လဲ။ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ ကွ။ ဝန်ခံစမ်းပါ။ ဟော့... ငါပြောတာ မင်း ကြားရဲ့လား”

“အဓိပ္ပာယ်က ရှင်းပါတယ်။ မင်းတို့ကို ငါ သေမလောက် စိတ်ကုန်နေလို့ပဲ။ ငါ တယောက်တည်း နေချင်တယ်”

ရပ်စ်ကိုလ်နီကော့ဗ်၏ အသံက တည်တည်ငြိမ်ငြိမ်။

“တယောက်တည်း နေချင်တယ်၊ ဟုတ်လား။ မင်း လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်သေးဘူးလေ။ မျက်နှာက ဖယောင်းရုပ်၊ အသက်က ဖုတ်လှိုက်ဖုတ်လှိုက်နဲ့။ ပြောစမ်း၊ မင်း 'မှန်နန်း' မှာ ဘာလာ လုပ်နေတာလဲ။ ကဲ... ပြော၊ မြန်မြန်ဝန်ခံ”

“သွားစမ်းပါကွာ၊ ငါ့ဘာသာ ငါ နေပါရစေ”

သူက ထွက်သွားဖို့ ဟန်ပြင်သည်။ ရာဇူမီခင် ဒေါသအမျက် ခြောင်းခြောင်းထွက် လေပြီ။ သူ့ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ပြီး-

“ငါ့ဘာသာ ငါ နေပါရစေ၊ ဟုတ်လား။ ငါ ခု ဘာလုပ်မလဲ၊ သိလား။ မင်းကို ကြိုးနဲ့ တုပ်ပြီး ပြန်ခေါ်သွားမယ်။ ပြီးတော့မှ အခန်းထဲ ထည့်ပြီး အပြင်က သော့ခတ်ထားမယ်”

“ဒီမယ် ရာဇူမီခင်”

တယောက်က ဒေါသကြီးနေသလောက် သူက တည်ငြိမ်နေသည်။

“မင်းတို့ အကူအညီတွေ၊ စေတနာတွေကို ငါ မလိုချင်ဘူး ဆိုတာ မင်း မသိဘူး လား။ မင်းတို့ လုပ်နေတာတွေအတွက် ပိုပြီး စိတ်ဆင်းရဲနေရတယ် ဆိုတာ မင်း နားမလည် ဘူးလား။ ဘာဖြစ်လို့ မင်း ငါ့ကို လိုက်ရှာတာလဲ။ ငါက သေခြင်းတရားကို ပျော်ပျော်ပါးပါး စောင့်နေချင်တဲ့ ကောင်။ မင်းတို့ ငါ့ကို ဝိုင်းနှိပ်စက်နေတယ် ဆိုတာ၊ မင်းတို့ကို ငါ စိတ်ကုန် နေတယ် ဆိုတာ ဒီနေ့ ပိုရှင်းမသွားဘူးလား။ ဘာပြုလို့လူတွေကို မင်းတို့ နှိပ်စက်ချင်ရတာလဲ။ ငါ နေကောင်းလာတဲ့အတွက် ပိုဆိုးလာတယ် ဆိုတာ မင်း နားလည်ထားစမ်းပါ။ တချိန်လုံး ငါ့မှာ အောင့်သက်သက် ဖြစ်နေခဲ့ရတယ်။ ဇိုစီမော့ဗ် နားလည်ပုံ ရတယ်။ ဒါကြောင့် သူ ဒီနေ့ ထပြန်သွားတာ။ မင်းလည်း ငါ့ကို အဲဒီအတိုင်း လုပ်စမ်းပါ။ မင်း ငါ့ကို အကြမ်းပတမ်း လုပ်ဖို့ ဘာအခွင့်အရေးမှ မရှိဘူး။ ငါခု တည်တည်ငြိမ်ငြိမ်နဲ့ ပြောနေတယ် ဆိုတာ မင်း သိတယ်နော်။ မင်းရဲ့ စိတ်ကောင်းစေတနာတွေနဲ့ ငါ့ကို မနှိပ်စက်ပါနဲ့တော့ သူငယ်ချင်း။ ငါက ကျေးဇူးတရား မသိတတ်တဲ့ ကောင်၊ အလကား တန်ဖိုးမရှိတဲ့ ကောင်။ ဒါကြောင့် ငါ့ကို ထားခဲ့ကြပါ။ သွားပါ၊ သွား...

သွား”

အစတုန်းကတော့ အမှန် တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။ အဆိပ်တွေကို အန်ထုတ် နေသည့် အလား။ သို့ သော် ပြီးခါနီးတော့ ဖောက်လာသည်။ အထိတ်တလန့် ဖြစ်လာသည်။ အစောပိုင်းက လူဇင်နှင့် တွေ့တုန်းကလို ဖြစ်လာသည်။

ရာဇူမီခင်၏ လက်နှစ်ဖက် ပြုတ်ကျသွားသည်။

ပြီးတော့ အလေးအနက် လေသံဖြင့် တိုးတိုးပြောသည်။

“ဒါဆိုလည်း မင်းထိုက်နဲ့ မင်းကံပေါ့ကွာ။ ဟော့... နေဦး"

ရပ်စ်ကိုလ်နီကော့ဗ် လှည့်ထွက်သွားမည့်ဆဲဆဲတွင်ရာဇူမီခင်က လှမ်းအော်လိုက် ခြင်း ဖြစ်သည်။

“ဒီမှာ ငါ ပြောမယ်၊ မင်း နားထောင်ဦး။ မင်း ဖျားတာလေးကို အကြောင်းပြုပြီး ထင်ရာတွေ စွတ်ပြော၊ မဟုတ်က ဟုတ်ကတွေ လျှောက်မလုပ်နဲ့။ ပြောချင်တာတွေကို ဇာတ်လမ်းတွေ ရှာပြီး ဝပ်မယ့် ကြက်မလို ဥတွေ မွေးထားတယ်။ စာရေးဆရာ တချို့ရဲ့ အာဘော်တွေ ကို မင်း အလွတ်ကျက်ထားတယ်။ မင်းရဲ့ ပင်ကို မကျန်လောက်အောင် အခြား ပယောဂတွေ လွှမ်းနေတယ်။ မင်းရဲ့ သွေးကြောတွေထဲမှာ သွေးတွေအစား ရေတွေ ရောက်နေတယ်။ မင်းတို့လို ကောင်တွေကို တယောက်မှ ငါ မယုံဘူး။ မင်းတို့ရဲ့ ပထမ ဦးစားပေး အလုပ်ဟာ လူတွေနဲ့ မတူအောင် လုပ်ဖို့ပဲ။ ဟော့... နေဦး’"

ရပ်စ်ကိုလ်နီကော့ဗ်က နောက်တခါ ထွက်သွားဖို့ ပြင်တော့ ရာဇူမီခင်က ဒေါသတကြီး လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

“ဒီမှာ မင်း နားထောင်ဦး။ ဒီည ငါ့အိမ်တက်ပွဲကို လူတွေ လာမယ် ဆိုတာ မင်း သိတယ်နော်။ ခုချိန်ဆို ရောက်နေပြီလား မသိဘူး။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ငါ့ဦးလေး ရှိတယ်။ ဒီမယ် ရှော့ဒ်ယာ။ မင်းဟာ တကယ့် လူတော်တယောက်ပါ။ မတုံးချင်စမ်းပါနဲ့။ ဒါကြောင့် ငါ့ပွဲကို မင်း လာဖြစ်အောင် လာရမယ်။ အလကား ဖိနပ်အပါးခံပြီး အဓိပ္ပာယ်မရှိ လျှောက် သွားမနေနဲ့။ မင်း ခု အပြင်ရောက်နေလက်စနဲ့ တခါတည်း ငါ့ဆီ လာခဲ့။ ငါ့အိမ်ရှင်မှာ ပက်လက် ကုလားထိုင် တလုံး ရှိတယ်။ ငါ ငှားပေးမယ်။ ဒါမှမဟုတ် ဧည့်ခန်းမှာ အိပ်ရာ ပြင်ပေးမယ်။ မင်း သက်သောင့်သက်သာ လှဲနေပေါ့။ ဇိုစီမော့ဗ်လည်း လာမယ်။ မင်း လာမယ် မဟုတ်လား ရှော့ဒ်ယာ”

“မလာပါဘူး”

“ဟာ… မင်း ဘယ်လိုလုပ်ပြီး ငါ့ကို ငြင်းလိုက်တာလဲ။ မင်းဟာ မင်းကိုယ်တိုင် မဟုတ်ဘူး။ မင်းဘယ်လို ဖြစ်နေတာလဲ ရှော့ဒ်ယာ။ မင်း လူကျင့်ဝတ်တွေ မေ့ကုန်ပြီလား။ မင်းလိုလူတွေ အများကြီး ငါတွေ့ဖူးတယ်။ ငါနဲ့ ရန်ဖြစ်ပြီးရင် သူတို့တွေ လူပြန်ဖြစ်သွားကြ တာချည်းပဲ။ ကဲ… မင်း လာခဲ့ရမယ်။ မှတ်သွားနော်။ ပိုချင်ကော့ဗ်ရဲ့အိမ်။ တတိယထပ်”

“ငါကတော့ ဒီအတိုင်းပဲ။ မင်းရဲ့ အများအကျိုးဆောင် ကုသိုလ်ကောင်းမှုအတွက် မင်းကို ငါ အသိအမှတ် မပြုဘူး"

“အေး… တွေ့ကြသေးတာပေါ့ကွာ။ မင်း အဲဒီအတွက် နောင်တ ရစေ့မယ်။ ပိုချင် ကော့ဗ်ရဲ့အိမ်၊ နံပါတ် ၄၇၊ နိုင်ငံ့ဝန်ထမ်း ဘာကူရှကင် ပိုင်တဲ့ တိုက်’’

“ငါ မလာပါဘူး။ စိတ်ချ”

ပြောပြီး ရပ်စ်ကိုလ်နီကော့ဗ် ထွက်သွားတော့သည်။ ရာဇူမီခင် နောက်က လှမ်းအော်သည်။

“မင်း လာကို လာရမယ်။ မလာရင်… အေး… ဘာဖြစ်လာမလဲ ငါလည်း မသိဘူး။ ဟေး… ဒါထက် အထဲမှာ ဇာမယိုတော့ဗ် ရှိသေးလား”

“ရှိတယ်”

“မင်းနဲ့ တွေ့လား”

“တွေ့တယ်”

“မင်းနဲ့ သူနဲ့ စကားပြောဖြစ်သေးလား”

“ပြောတယ်”

“ဘာအကြောင်းတွေ ပြောလဲ။ အဲ… ထားပါတော့ကွာ။ ပိုချင်ကော့ဗ်ရဲ့ အိမ်နံပါတ် ၄၇၊ ဘာဘူရှကင်ရဲ့တိုက်၊ မှတ်မိတယ်နော်’

ဆာဒိုဗာရာ ရောက်တော့ ရပ်စ်ကိုလ်နီကော့ဗ် ချိုးကွေ့လိုက်သည်။ ရာဇူမီခင်က သူ့ကို နောက်မှ မျက်စိတဆုံး လိုက်ကြည့်နေသည်။ သူ စဉ်းစားနေသည်။ နောက်ဆုံးကျမှ လက်နှစ်ဖက် မြှောက်လိုက်ပြီး ဆိုင်ထဲ ဝင်လာခဲ့သည်။ လှေကားတထစ် ရောက်တော့ တံ့ခနဲ ရပ်လိုက်သည်။

“အင်း… သူ ပြောတာတွေ အဓိပ္ပာယ်တော့ ရှိတယ်။ ဒီအချက်တွေကို ကြောက်နေ တာက ဇိုစီမော့ဗ်ပဲ”

သူ့နဖူးသူ ပုတ်လိုက်သည်။

"သူ့ကို ဒီလို အပြင်ထွက်ခွင့်မရအောင် လုပ်ထားရင်ကော... ဒုက္ခပဲ။ ရေထဲ ခုန်ချရင် ဘယ့်နှယ် လုပ်မလဲ။ အလကား၊ ငါ အတွေးခေါင်တာပဲ။ ဒီလို မဖြစ်နိုင်ပါဘူး"

ရပ်စ်ကိုလ်နီကော့ဗ် နောက်ကို သူ ပြေးလိုက်သွားသည်။ အပြင်တွင် အေးနေပြီ။ ပြီးမှ ဆက်မလိုက်ဘဲ တံတွေးထွေးကာ 'မှန်နန်း' ဆီသို့ ပြန်လှည့်လာခဲ့သည်။ ဇာမယိုတော့ဗ်နှင့် စကားပြောရဦးမည်။

ရပ်စ်ကိုလ်နီကော့ဗ်က တံတားဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ တံတားအလယ် ရောက်တော့ ရပ်လိုက်သည်။ တံတောင်နှစ်ဖက်ကို တံတားလက်ရန်းပေါ် ထောက်လိုက်ပြီး ဟိုးအဝေးဆီသို့ ငေးကြည့်သည်။ ရာဇူမီခင်နှင့် ခွဲလာကတည်းက သူ့ခြေ ထောက်တွေကို မသယ်ချင်လောက်အောင် ပင်ပန်းသွားသည်။ တနေရာရာမှာ ထိုင်ပြီး လှဲချလိုက်ချင်သည်။ လမ်းပေါ်မှာ ဖြစ်ဖြစ်ပေါ့။ ရေပြင်ကို ငုံ့ကြည့်ပြီး နေဝင်ချိန်အလင်းတန်း ကို အမှတ်မထင် ငေးကြည့်နေသည်။ ဟိုးအဝေး ဆည်းဆာတွင် လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံများ။ ဝဲဘက်ကမ်းခြေမှ တိုက်ခန်းတခန်း၏ ပြတင်းပေါက်တွင် တနေ့ တာ၏နောက်ဆုံးအလင်းရောင်သည် မီးလျှံများပမာ ဖြာထွက်နေသည်။ တူးမြောင်းရေပြင် မှာကား မှောင်အတိ။ သူသည် ရေပြင်ကို ငုံ့ကြည့်နေသည်။ မြင်ကွင်းထဲတွင် အနီရောင် အကွင်းကလေးများ ကခုန်နေသည်။ မော့ကြည့်လိုက်တော့ ဟိုအဝေးမှ အိမ်တွေ ယိမ်းထိုး နေသည်။ တံတားပေါ်တွင် ဖြတ်သွားနေသူတွေ၊ ရထားတွေ၊ ရေကာတာရိုးတွေ အားလုံး မျက်စိထဲတွင် ဝဲလည်နေသည်။ မေ့မြောသွားလုဆဲဆဲတွင် ထူးဆန်းသည့်အဖြစ် တခု ကြောင့် သူ ဖျတ်ခနဲ လန့်သွားသည်။ အနားတွင် လာရပ်သည့် အမျိုးသမီးတယောက်။ အရပ် မြင့်မြင့်၊ ခေါင်းစည်းပဝါ ခြုံထားသည်။ မျက်နှာရှည်ရှည်။ မျက်တွင်းဟောက်ပက်နှင့်။ အမျိုးသမီးက သူ့ကို ငဲ့ကြည့်သည်။ သို့သော် မြင်ဟန် မတူ။ သူ့မျက်လုံးများက သညာမဲ့ နေပုံ။ ရုတ်တရက် လက်ရန်းပေါ်ကို ခြေတဖက် တင်လိုက်သည်။ ပြီးတော့ နောက်တဖက်ပါ ထပ်ခွလိုက်ပြီး ရေထဲ ခုန်ချလိုက်တော့သည်။ ရေတွေ ဖွားခနဲ ဖြာတက်လာပြီး သူ့ကို ဝါးမျို ပစ်လိုက်သည်။ သို့သော် တမိနစ်အတွင်း ရေအောက်မှ ပြန်ပေါ်လာကာ ရေစီးကြောင်း အတိုင်း မျောပါသွားတော့သည်။ မှောက်လျက်သား စီးမျောပါသွားခြင်း ဖြစ်၏။ ဂါဝန်က ခေါင်းအုံး သဏ္ဌာန် ဖောင်းလျက်။

လူတွေ အော်သံ ကြားလိုက်သည်။

"ခုန်ချတာ၊ တမင် ခုန်ချတာ'

ကမ်းဟိုဘက် သည်ဘက်မှ လူတွေ တံတားပေါ်ပြေးတက်လာကြသည်။ အားလုံး သူ့ကို တိုးဝှေ့သွားကြသည်။

"အို... အဖ ဘုရားသခင်၊ ဘုရားသခင်။ အဖ ရိုစင်ယူရှကာ ပါလား။ လုပ်ကြပါဦး၊ ကယ်ကြပါဦး"

အမျိုးသမီးတယောက်က ငယ်သံပါအောင် အော်သည်။

လူအုပ်ထဲမှ နောက်တယောက်က "လှေနဲ့လိုက်ပါ။ မျောပါသွားပြီ၊ လှေနဲ့ လိုက် ကြပါ" ဟု အော်သည်။ သို့သော် လှေ မလိုတော့။ ရဲသားတယောက်က အပေါ်ရုံအင်္ကျီတွေ၊ ဖိနပ်တွေ ချွတ်ပစ်ပြီး ရေထဲခုန်ဆင်းကာ ရေစီးအတိုင်း စုန်ဆင်းသွားသည်။ ရေနစ်နေ သော အမျိုးသမီး၏အဝတ်တွေကို ညာလက်ဖြင့် ချက်ချင်း ဆွဲမိသည်။ ဘယ်လက်က ကမ်းပေါ် မှ သူ့အဖော် ရဲသားတယောက် ထိုးပေးသော ဝါးလုံးကို လှမ်းဆုပ်သည်။ ဤသို့ဖြင့် အမျိုးသမီးကို ရုတ်တရက် ကယ်တင်နိုင်ခဲ့ကြသည်။ ဆွဲတင်ပြီး ကမ်းပေါ်မှ ကျောက်ဖျာ ပေါ်တွင် တင်ထားလိုက်ကြသည်။ ချက်ချင်း သတိရလာပြီး အမျိုးသမီး ထထိုင်သည်။ တဦးဦး ချေပြီး ကိုယ်ပေါ်မှ ရေတွေကို သပ်ချနေသည်။ စကားတော့ တခွန်းမျှ မပြော။

စောစောက အမျိုးသမီး ပြေးလာပြီး အော်ပြန်သည်။

"သူ မူးနေတာ၊ တအားသောက်ပြီး သူ ဘာမှန်း မသိတော့ဘူး။ မနေ့ကလည်း သူ့ကိုယ်သူ ဆွဲကြိုးချဖို့ ကြံသေးတယ်။ ကျွန်မတို့ မနည်း ကြိုးကွင်းဝင်ဖြုတ်ရတယ်။ ကျွန်မ ခု ဈေးပြေးရဦးမယ်။ သူ့ကို စောင့်ကြည့်ဖို့ ကောင်မလေးတယောက် ထားခဲ့မယ်။ စိတ်ညစ် ဖို့ ကောင်းလိုက်တာ။ သူက ကျွန်မလိုပဲ ဈေးရောင်းတယ်။ ကျွန်မတို့ အိမ်နီးနားချင်းတွေပါ။ ဟောဟိုထောင့်က ဂုတ်အိမ်ဟာ သူတို့ အိမ်ပဲ"

လူတွေ တဖြည်းဖြည်း ရှဲသွားသည်။ ရဲတွေသာ အလုပ်ရှုပ် ကျန်ခဲ့သည်။ လူ တယောက်က ရဲစခန်းဆီသို့ လှမ်းအော်ပြောနေသည်။ မြင်ကွင်းအားလုံးကို ရပ်စ်ကိုလ်နီ ကော့ဗ်က အကြောင်းသား ငေးကြည့်နေသည်။ သူ့တွင် ဘာခံစားမှုမျှ မရှိ။ သူနှင့် ဘာမှ မဆိုင်သလို။ စက်ဆုပ်စရာ မြင်ကွင်းဟုတော့ သတိထားမိသည်။ "အင်း... စိတ်ပျက်စရာ၊ ဘာပြုလို့ ရေထဲ ခုန်ချရတာလဲ။ ဘာထူးမှာလဲ။ ဒီမှာ ထိုင်စောင့်နေလို့ အလကားပေါ့။ ဟိုမှာ ရဲစခန်း၊ ကိုးနာရီကျော်ရင် ရုံးဖွင့်ရမှာပဲ။ ဘာလို့ မသွားသေးတာလဲ'

လက်ရန်းကို ကျောပေးပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

"ကဲ... နောက်ဆုံး ဘာလို့ မဖြစ်နိုင်ရမှာလဲ"

ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် တံတားပေါ်မှ ဆင်းကာ ရဲစခန်းဆီသို့ ဦးတည် လျှောက်လာခဲ့သည်။ သူ့ရင်ထဲတွင် ဘာမျှမရှိ။ ဟာလာဟင်းလင်း။ ဘာကိုမျှ ပြန်မစဉ်းစား ချင်။ ရင်ထဲမှ ခါးသီး နာကြည်းမှုများပင် ပျောက်ကွယ်သွားပြီ။ အိမ်မှ ထွက်လာစဉ်က မောင်းတင် လာခဲ့သည့် "အားလုံး အဆုံးသတ်မည်" ဟူသော အားမာန်များလည်း မရှိတော့။ လုံးဝနကမ္ဘတိ။ ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိတော့။

"ဒါဟာ လွတ်မြောက်ခြင်းပဲ"

တူးမြောင်းတဖက်ကမ်းမှ တာရိုးတလျှောက် စိတ်မှတ်မဲ့စွာလျှောက်လာခဲ့သည်။

"ဘာပဲဖြစ်ဖြစ် အဆုံးသတ်ပစ်ရမယ်။ ဘာကြောင့်လဲ ဆိုတော့ ငါက အဲဒီအတိုင်း လုပ်ချင်နေလို့ပဲ။ ဒါဟာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းပဲ။ ဘာထူးမှာလဲ။ နှစ်ပေ ပတ်လည်လောက်တော့ ရပ်စရာ နေရာ ရှိမှာပဲ။ အဲ... ဘယ်နည်းနဲ့ အဆုံးသတ်မလဲ။ တကယ့် အဆုံးသတ်တာကော ဖြစ်နိုင်မလား။ သူတို့ကို ဖွင့်ပြောရမှာလား၊ မပြောရဘူးလား။ အမယ်လေး... ငါ အရမ်း ပင်ပန်းသွားပြီ။ တနေရာရာမှာ ထိုင်ချလိုက်ရရင်၊ အိပ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ။ ဟာ.. အလကား၊ တော်တော်တုံးတဲ့ငါပါလား။ ဘယ်လိုအတွေးတွေ ခေါင်းထဲ ဝင်လာတာလဲ"

ရဲစခန်းကို ရောက်အောင် တည့်တည့်သွားပြီး ဒုတိယလမ်းဘက် ချိုးရမည်။ သို့သော် ပထမလမ်းချိုး ရောက်သည်နှင့် ရပ်လိုက်ပြီး တဖက်ကို ချိုးဆင်းလိုက်သည်။ ခေါင်းငိုက် စိုက်ချပြီး သူ ဆက်လျှောက်သည်။ ဘာရည်ရွယ်ချက်မှ မရှိတော့။ သက်သက် အချိန်ဖြုန်း နေခြင်း ဖြစ်သည်။ ချက်ချင်း တစုံတယောက်က သူ့ နားနားကပ်ပြီး တိုးတိုး ပြောနေသလို စိတ်ထဲ ထင်လိုက်၏။ ခေါင်းထောင် ကြည့်လိုက်တော့ ရှေ့တွင် ဘွားခနဲ ပေါ်လာသည်က ဟိုတိုက်ကြီး။ လက်စသတ်တော့ တိုက်ကြီး၏ ဝင်းခြံတံခါးရှေ့ တည့်တည့် ရောက်နေတာ ပါလား။ သည်ဘက်ကို ခြေဦး မလှည့်သည်မှာ ဟိုနေ့ကတည်းက ဖြစ်သည်။

မတွန်းလှန်နိုင်သည့်၊ မရုန်းကန်နိုင်သည့် အင်အားတမျိုးက သူ့ကို တွန်းပို့နေသည်။ ဝင်းထဲသို့ ချိုးဝင်လိုက်၏။ ဆင်ဝင်အောက် ရောက်တော့ ပထမတွေ့သည့် ညာဘက်လှေကား အတိုင်း တက်လာခဲ့သည်။ ခြေဖဝါးနှင့် ရင်းနှီးပြီးသား လှေကားထစ်များ။ လေးထပ်သို့ တက်လာခဲ့သည်။ ခပ်မတ်မတ် လှေကားမှာ မည်းမှောင်နေ၏။ အထပ်တိုင်းတွင် သူ ရပ်ပြီး အကဲခတ်သည်။ ပထမထပ်မှ ပြတင်းပေါက် ကျည်းဘောင်တခုလုံး ဖြုတ်ချထားသည်။ ရပ်ပြီး စဉ်းစားသည်။

"ဟိုနေ့က ဒီလို မဟုတ်ပါဘူး"

ဒုတိယထပ်ကို ဆက်တက်လာခဲ့သည်။ ဆေးသမားနှစ်ယောက်ဆေးသုတ်နေသည့် အခန်း။ အခန်းတံခါးပါ ဆေးသုတ်ပြီး ပိတ်ထားသည်။ ငှားမည့် ဆိုင်းဘုတ် ကပ်တော့မည် ထင်၏။ တတိယထပ်သို့ ဆက်တက်လာခဲ့သည်။ ပြီးတော့ စတုတ္ထထပ်။

သူ တွေသွားသည်။ အပေါ်ဘက် မော့ကြည့်လိုက်တော့ တံခါးမကြီးက ပွင့်လျက် သား။ အထဲမှ လူသံသူသံတွေ ကြားနေရသည်။ သူ လုံးဝ မမျှော်လင့်သည့် အဖြစ်။ အခြေအနေ ကို ခဏ စောင့်ကြည့်ပြီး ဆက်တက်လာခဲ့သည်။

အခန်းထဲတွင် ရောက်နေသူများက အခန်းအလှဆင် အလုပ်သမားများ၊ ဆေးသမား များ။ သူ အရမ်းအံ့ဩသွားသည်။ သူက သူထားခဲ့သည့်အတိုင်း ရှိနေမည် ထင်ထားသည်။ ဆက်တက်သွားပြီး အခန်းထဲ ဝင်လိုက်သည်။

သူက ခြေရာလက်ရာမပျက် တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသည်။ အလောင်း တွေလည်း သည်အတိုင်း ရှိနေမည်ဟု ထင်နေသည်။ ခုတော့အခန်းထဲတွင် ဘာပရိဘောဂမျှ မရှိတော့။ နံရံတွေသာ ရှိတော့သည်။ အင်း… တော်တော် ထူးဆန်းပါလား။ သူက ပြတင်း ပေါက်ဆီ လျှောက်သွားပြီး ကျည်းဘောင်ပေါ်တွင် တင်ပါးလွှဲ ထိုင်လိုက်သည်။

အလုပ်သမား နှစ်ယောက် ရှိနေသည်။ နှစ်ယောက်စလုံး လူငယ်ကလေးတွေ ဖြစ်သည်။ တယောက်နှင့် တယောက် မတိမ်းမယိမ်း။ နံရံကပ်စက္ကူ အသစ်တွေ ကပ်နေကြခြင်း ဖြစ်သည်။ အဖြူခံတွင် ခရမ်းရောင် ပန်းပွင့်ကလေးများဖြင့်။ ဘာကြောင့်မှန်း မသိဘဲ လုံးဝ သဘောမကျ ဖြစ်နေသည်။ နံရံကပ်စက္ကူ အသစ်ဒီဇိုင်းကို ရန်လိုမုန်းတီးစိတ် အပြည့်ဖြင့် စိုက်ကြည့်နေသည်။ ထင်သလိုမဟုတ်ဘဲ ပြောင်းလဲနေသည့် အခန်းကို ကြည့်ရင်း မကျေမနပ် ဖြစ်နေသည်။

အလုပ်သမားတွေ ပစ္စည်းသိမ်းဖို့ ပျာယာခတ်နေကြသည်။ သူတို့အတွက် နောကျေ နေပြီ။ရပ်စ်ကိုလ်နီကော့ဗ်ကိုသူတို့နှစ်ယောက်စလုံးသတိမထားမိကြ။ နံရံကပ်စက္ကူတွေကို ပြန်လိပ်နေကြပြီ။ သူတို့နှစ်ယောက် အကြောင်းအရာ တခုကို အားတက်သရော ပြောနေ ကြသည်။ ရပ်စ်ကိုလ်နီကော့ဗ်က လက်ပိုက်ပြီး သူတို့စကားသံကို နားစွင့်နေသည်။

"အဲဒီလိုနဲ့ ဒီမနက်တော့ သူ ငါ့ဆီ ရောက်လာတယ်ကွ"

ခပ်ကြီးကြီး တယောက်က ခပ်ငယ်ငယ် တယောက်ကို ပြောနေသံ။

"တကယ့်ကို အစောကြီး ရောက်လာတာ။ ဝတ်စားထားတာကလည်းကျွာ ပုံလန် နေတာပဲ။ ငါက မေးလိုက်တယ်။ 'နင် ဘယ်လို ဖြစ်လာတာလဲ၊ စောစောစီးစီး ငါ့ကို လာပြီး မြူဆွယ်နေတာလား' လို့။ သူက ဘာပြန်ပြောတယ် မှတ်လဲ။ 'ဗာဆီလီဗစ်ချ်ရယ်၊ ငါလေ နင့်သဘောကျ နေချင်ပါတယ်ဟယ်' တဲ့။ သူ့ ကြည့်ရတာ မဂ္ဂဇင်းတွေထဲက မော်ဒယ်လ် တွေ အတိုင်းပဲကွ"

"ဘယ်လို မဂ္ဂဇင်းမျိုးတွေလဲ"

အငယ်တယောက်က ပြန်မေးသည်။

"အရုပ်တွေပါတဲ့ မဂ္ဂဇင်းပေါ့ကွ။ ဆေးရောင်စုံ ပုံတွေဗျား။ အဝတ်အစား ပုံဆန်း တွေ၊ ချုပ်လုပ်ပုံ နိုင်ငံခြားဆောင်းပါးတွေလည်း ပါတယ်။ မိန်းကလေးတွေ အတွက်သာ မကဘူး မောင်။ ယောကျ်ားလေးတွေ အတွက်ရောပဲ။ ပုံကြမ်းတွေလည်း ပါတယ်"

သူတို့နှစ်ယောက် ဖက်ရှင်အကြောင်း ဆက်ပြောနေကြတုန်း အခန်း တခန်းထဲသို့ ရပ်စ်ကိုလ်နီကော့ဗ် လစ်ဝင်လာခဲ့သည်။ အဘွားကြီး၏ အိပ်ရာနှင့် သေတ္တာထားသည့် အခန်း။ အခန်းထဲတွင် ဘာပစ္စည်းမျှ မရှိတော့။ နံရံကပ်စက္ကူတွေက အရင်အကိုင်း။ ဘုရားစင်နေရာ တွင် အရာထင်ကျန် နေခဲ့သည်။ သူက ပြတင်းပေါက်ဆီ လျှောက်လာခဲ့သည်။ အကြီးကောင် က သူ့ကို အသာ စွေကြည့်နေသည်။

ခဏနေမှ မေးလာသည်။

"အစ်ကိုလေး၊ ဘာလိုချင်လို့ပါလဲ"

ရပ်စ်ကိုလ်နီကော့ဗ်က မဖြေဘဲ တံခါးပေါက်ဆီ ပြန်လျှောက်သွားသည်။ ပြီးတော့ အပြင်ထွက်၍ တံခါးခေါင်းလောင်းကြိုးကို ဆွဲသည်။ ဟိုနေ့ကအတိုင်း ခေါင်းလောင်းအသံ တိုးတိုး ထွက်လာသည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထပ်ဆွဲသည်။ သတိနှင့် နားထောင် ကြည့်သည်။ ဟိုတုန်းက အတိုင်း ကြောက်စိတ်တွေ ကျောထဲ စိမ့်သွားသည်။ ခေါင်းလောင်းသံ တချက် ထွက်လာတိုင်း ကြက်သီးဖြန်းဖြန်း ထသွားသည်။ ခဏငယ်အတွင်း ကြောက်စိတ် ပြယ်ကာ ပျော်သလိုလို ဖြစ်လာသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာအတွက် လာတာလဲ"

အလုပ်သမားက စိတ်မရှည်သည့် လေသံဖြင့် မေးတော့သည်။

"ဒီအခန်း ငှားချင်လို့ပါ။ ဒါကြောင့် လျှောက်ကြည့်နေတာ"

"ညကြီးမင်းကြီးမှာ ဘယ်သူမှ အခန်း လိုက်မကြည့်ဘူး။ ပြီးတော့ ခင်ဗျား တံခါးမှူးနဲ့ အတူတူ တက်လာရမှာပေါ့"

"ကြမ်းခင်းကိုပါ ဆေးထားတော့ ခင်ဗျားတို့ ဆေးသုတ်ကြမှာလား။ ခင်ဗျားတို့ ဆေးတော့ သွေးတွေ တွေ့သေးလား"

"ဘာသွေးတွေလဲ"

"အဘွားကြီး ညီအစ်မ ဒီအခန်းမှာ အသတ်ခံရတယ်လေ။ သွေးတွေ အိုင်ထွန်းနေမှာပေါ့"

"ခင်ဗျား ဘယ်လို လူလဲ"

အလုပ်သမားက မျက်မှောင်ကုတ်ပြီး အော်မေးသည်။

"ကျွန်တော်လား"

"ဟုတ်တယ်၊ ခင်ဗျား"

"တကယ် သိချင်လား။ လာ... ရဲစခန်း သွားကြရအောင်။ ဟိုကျမှ ကျွန်တော် ပြောမယ်"

အလုပ်သမား ပိုပြီး စိတ်ရှုပ်သွားသည်။

"ဒါ ကျွန်တော်တို့ ပြန်ချိန်ဗျ။ နောက်ကျနေပြီ။ ဟေ့... အလျိုရှာ၊ သွားကြစို့။

လာ... သော့ခတ်မယ်

ရပ်စ်ကိုလ်နီကော့ဗ်က လှေကားဆီသို့ ခပ်အေးအေး လျှောက်သွားပြီး ပြောသည်။

"ဒါဆိုလည်း သွားကြတာပေါ့"

လှေကားမှ ခပ်ဖြည်းဖြည်း ဆင်းလာပြီး အောက်ဆုံးထပ် ရောက်သည်နှင့် အော်ခေါ် လိုက်သည်။

"ဗျို့ တံခါးမှူး"

အပြင်တွင် သူတို့ရပ်ပြီး လမ်းသွားလမ်းလာများကို ကြည့်နေကြသည်။ တံခါးမှူး နှစ်ယောက်၊ အမျိုးသမီး တယောက်။ အင်္ကျီနှင့် ဘောင်းဘီ တဆက်တည်း ဝတ်ထားသည့် ယောက်ျား ဈေးသည်တယောက်နှင့် အခြားလူများလည်း ရှိနေသည်။ သူတို့ဆီသို့ ရပ်စ်ကိုလ် နီကော့ဗ် တန်းတန်းမတ်မတ် လျှောက်သွားသည်။

“မောင်ရင် ဘာလိုချင်လို့လဲ"

တံခါးမှူးတဦးက လှမ်းမေးသည်။

“ခင်ဗျား ရဲစခန်းကို ရောက်ဖူးသလား”

သူက တံခါးမှူးကို ပြန်မေးသည်။

“ခုပဲ ပြန်လာတာ၊ ကဲ... ပြော၊ မောင်ရင် ဘာကိစ္စ ရှိလို့လဲ”

“စခန်းမှာ သူတို့အားလုံး ရှိနေလား’’

“အားလုံး ရှိနေတယ်”

“စာသင်ကော...”

“သူ စောစောက ရှိနေတယ်။ ပြော... မောင်ရင် ဘာလိုချင်တာလဲ”

ရပ်စ်ကိုလ်နီကော့ဗ် ဘာမှ မပြောတော့။ သူတို့ နံဘေးတွင် ရပ်ပြီး စဉ်းစားနေသည်။

“သူက အခန်းကို လာကြည့်တာတဲ့”

အလုပ်သမား အကြီးကောင်လေးက ဝင်ပြောသည်။

“ဘယ်အခန်းကိုလဲ”

“ကျွန်တော်တို့ အလုပ်လုပ်နေတဲ့ အခန်းပေါ့။ သွေးတွေ ဆေးပစ်လိုက်ပြီလားလဲ မေးတယ်။ ဒီအခန်းမှာ လူသတ်မှု ဖြစ်သွားတယ်၊ ငါ ဒီအခန်းကို ငှားချင်တယ် လို့လည်း ပြောသေးတယ်ဗျ။ ပြီးတော့ တံခါးခေါင်းလောင်းကြိုးကို ဆွဲကြည့်တယ်။ လာ၊ ရဲစခန်း သွားမယ်လည်း ပြောသေးတယ်။ တော်တော်နဲ့ မပြန်နိုင်ဘူးဗျာ။ လှည့်ပတ် ရစ်နေတယ်’

တံခါးမှူးက ရပ်စ်ကိုလ်နီကော့ဗ်ကို သေသေချာချာ ကြည့်သည်။ ပြီးတော့ စိတ်ရှုပ်သွားပုံဖြင့် မျက်ခုံးတွန့်သွားသည်။

“မောင်ရင် ဘယ်သူလဲ”

သူက ခြိမ်းခြောက်သည့် လေသံဖြင့် မေးသည်။

“ရိုဒီယွန်ရိုမင်နစ်ချ် ရပ်စ်ကိုလ်နီကော့ဗ်၊ တက္ကသိုလ်ကျောင်းသားဟောင်း။ ဟိုနားလေးက တိုက်နံပါတ် ၁၅ မှာ နေတယ်။ အဲဒီက တံခါးမှူးကို သွားမေးလေ"

ရပ်စ်ကိုလ်နီကော့ဗ်က ပျင်းတိပျင်းတွဲ လေသံဖြင့် သူ့ကို မကြည့်ဘဲ မှောင်စပြုနေသည့် လမ်းဘက်ကို ငေးရင်း ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"ဘာကိစ္စနဲ့ မောင်ရင် တိုက်ပေါ် တက်သွားတာလဲ"

"ကြည့်ဖို့"

"ဘာကြည့်စရာ ရှိလို့လဲ"

စျေးသည်က ကြားဖြတ်ပြောသည်။

"ဘာလို့ သူ့ကို ရဲစခန်း ခေါ်မသွားတာလဲ"

အားလုံး ငြိမ်သွားသည်။ စျေးသည်ကို ငဲ့ကြည့်ပြီး ရပ်စ်ကိုလ်နီကော့ဗ်က ခပ်အေးအေး ပြောလိုက်သည်။

"လာလေ၊ သွားကြတာပေါ့"

စျေးသည်က တံခါးမှူးများကို ကြည့်ပြီး-

"ခေါ်သွားကြလေဗျာ။ သူက ဘာလို့ ဒီကိစ္စ စိတ်ဝင်စားနေတာလဲ။ သူ့စိတ်ထဲမှာ ဘာတွေ ရှိနေလဲမှ မသိတာ"

"အဲဒါတော့ ဘုရားသခင်မှပဲ သိမယ်။ သူ မူးများမူးနေသလား။ မူးပုံလည်း မရပါဘူး"

အလုပ်သမား အကြီးကောင်လေးက တိုးတိုးပြောသည်။ တံခါးမှူးက အော်မေး ပြန်သည်။ သူ တကယ်လည်း ဒေါပွလာပြီ။

"မောင်ရင် ဘာလိုချင်တာလဲ။ အလကား သူများတွေ စိတ်အနှောင့်အယှက် ဖြစ်အောင် လာလုပ်နေတာလား"

ရပ်စ်ကိုလ်နီကော့ဗ်က သရော်တော်တော် လေသံဖြင့်-

"ခင်ဗျားတို့ ရဲစခန်းသွားရမှာ ကြောက်နေကြသလား"

"ကြည့်ရတာ သူက ငကြောင်ပါ"

အမျိုးသမီး၏ ဝေဖန်သံ။

ကုတ်အင်္ကျီ ရင်ဘတ် ဟပြဲ၊ ခါးတွင် သော့တွဲကြီးနှင့် ဗလကောင်းကောင်း အခြား တံခါးမှူးက ဒေါသတကြီး အော်ပြန်သည်။

“ဘာလို့သူ့ကိုအဖက်လုပ်ပြီး ပြောနေကြတာတုံး။ ဟော့… ငကြောင်သွား၊ ခုထွက်သွား”

ပြောပြောဆိုဆို သူ့ပခုံးဆွဲပြီး လမ်းပေါ်တွန်းပစ်လိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ် လွင့်ထွက်သွားသည်။ ဟပ်ထိုးလဲတော့မလို ဖြစ်သွားပြီးမှ သူ့ကိုယ်သူပြန်ဟန်နိုင်သွားသည်။ သူက လူစုကို ဘာမှ မပြောတော့ဘဲ တချက်ကြည့်ပြီး လှည့်ထွက်သွားသည်

“လူကြောင်ပါ”

အလုပ်သမား အကြီးကောင်လေးက မှတ်ချက်ချသည်။ အမျိုးသမီးက ထောက်ခံသည်။

“ဟုတ်ပါ့တော်၊ ခုတလော အဲဒီလိုလူတွေ ပိုများလာတယ် တော့"

“သူ့ကို ရဲစခန်း ပို့ရမှာ”

ဈေးသည်၏ ဝေဖန်သံ။ တံခါးမှူး ဗလကြီးက နောက်ဆုံးမှ မှတ်ချက်ချသည်။

“ဒီလိုကောင်တွေနဲ့ မပတ်သက်တာကောင်းပါတယ်ကွာ။ ခပ်ကြောင်ကြောင်တွေပါ။ ရဲတွေ ဘာတွေနဲ့ သွားပတ်သက်ရင် ဇာတ်လမ်းက ဆုံးမှာ မဟုတ်တော့ဘူး”

လမ်းလယ်ကောင်တွင် ရပ်ပြီး ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားသည်။

“ငါ သွားရမှာလား၊ လှည့်ပြန်ရမှာလား’

သူ့ကို တယောက်ယောက်က အကြံပေးလာမည့်အလား ပတ်ဝန်းကျင်ကို သူ ဝေ့ကြည့်သည်။ ဘယ်သူမှ သူ့အား အဖက် မလုပ်ကြ၊ ဂရုမစိုက်ကြ။ လောကကြီးတခုလုံး သူ့အတွက် အသံတိတ်သွားသည့် အလား။ အားလုံး အသက်မဲ့သွားသည့် အလား။ ခဏနေမှ ရှေ့ခြေလှမ်းနှစ်ရာလောက် အမှောင်ထုထဲတွင် အသံဗလံတွေ ရုတ်တရက် ဆူညံလာသည်။ အသံဗလံတွေ ဆူညံနေသည့် လူအုပ်ကြီး ကို ခပ်ရေးရေး လှမ်းမြင်ရသည်။ လမ်းလယ်ကောင် တွင် ရထားတစီး ရပ်ထားသည်။ မီးရောင်ကလေး တလက်လက်တွင် လှမ်းမြင်ရခြင်း ဖြစ်သည်။

“ဘာတွေ ဖြစ်နေကြတာပါလိမ့်’

ရပ်စ်ကိုလ်နီကော့ဗ် ပြေးချသွားသည်။ ခုချိန် ရဲစခန်း သွားလျှင်လည်း

ဘယ်သူ့မှ တွေ့တော့မည် မဟုတ်။ တယောက်တည်း အေးစက်စက် ပြုံးလိုက်သည်။

လမ်းလယ်ကောင်တွင် မြူးကြွားကြွား မြင်းညိုကြီးနှစ်ကောင် ကသည့် အထက် တန်းကျကျ ရထားကြီးတစီး ရပ်နေသည်။ ရထားပေါ်တွင် မည်သူမျှ မပါ။ ရထားထိန်းက သူ့ခုံ ပေါ်မှ ဆင်းပြီး မြင်းနှစ်ကောင်၏ ဇက်ကြိုးကို ဆွဲထားသည်။ ပတ်ပတ်လည်တွင် ဧရာမ လူအုပ်ကြီး။ တယောက်တပေါက် ပြောနေကြသည်။ သူတို့အထဲတွင် ရဲသားတွေ လည်း ပါသည်။ သူတို့အထဲမှ တယောက်က မှန်အိမ် ဆွဲမြှောက်ထားပြီး ရထားဘီးဆီကို လက်ညှိုး ထိုးပြနေသည်။ ရထားထိန်းက မျက်နှာပျက်ပျက်နှင့် ထပ်ကာထပ်ကာ ပြောနေသည်။

"ဖြစ်ရလေဗျာ၊ အို... ဘုရားသခင်"

ရပ်စ်ကိုလ်နီကော့ဗ်က တအား တိုးဝှေ့ ဝင်သွားပြီး လူတွေ ဝိုင်းကြည့်နေသည့် နေရာကို ငုံ့ကြည့်သည်။ ရထားတိုက်မိပြီး လဲကျနေသည့် လူတယောက်။ သတိလစ်နေသည်။ အဝတ်အစားက နွမ်းနွမ်းပါးပါး။ သို့သော် အထက်တန်းကျကျ အဝတ်အစားများ ဖြစ်သည်။ တကိုယ်လုံး သွေးတွေ ရွှဲလျက်။ မျက်နှာနှင့် ဦးခေါင်းမှ သွေးတွေ စီးကျနေဆဲ။ မျက်နှာတခုလုံး ပုံပျက်ပန်းပျက် ဒဏ်ရာတွေနှင့်။

ရထားထိန်းက -

"ဘုရား မ,တာပဲဗျာ။ သူ အသက်ရှင်နေတုန်းပဲ။ ကျွန်တော် အရမ်းမောင်းလာတာ မဟုတ်ပါဘူးဗျာ။ မှန်မှန်လေး မြင်းတွေကို အသားကျ မောင်းလာတာပါ။ ကျွန်တော် ဘယ်လိုမှ မတတ်နိုင်ပါဘူး။ ဟောဒီက လူတွေအားလုံး မြင်ပါတယ်။ သူ လမ်းဖြတ်ကူးလာ တာ ကျွန်တော် မြင်တယ်။ လူက သိုင်းကွက်နင်းလို့၊ ကျွန်တော် သုံးလေးခါ အော်ပါတယ်။ မြင်းတွေရဲ့ ဇက်ကြိုးကို တအား ဆောင့်ဆွဲပါတယ်။ မရတော့ပါဘူး။ သူ ရထားအောက် ထိုးကျသွားတာပါ။ တမင် အကြိတ်ခံတာလား၊ အရမ်း မူးလာသလား ကျွန်တော်လည်း မပြောတတ်တော့ပါဘူးဗျာ။ သူ တချက်ပဲ အော်နိုင်တယ်။ ခုတော့ မြင်တဲ့အတိုင်းပါပဲခင်ဗျာ။ စိတ်မကောင်းလိုက်တာ"

လူအုပ်ထဲမှ အသံ တသံ ထွက်လာသည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ သူပြောတဲ့အတိုင်းပဲ"

"ဟုတ်တယ်၊ သူ အော်တယ်၊ သုံးခါတောင် အော်တာ'"

အခြား အသံ တသံ။ နောက်တယောက်ကလည်း ဝင်ထောက်ခံသည်။

"ဟုတ်တယ်၊ လူတိုင်း ကြားတာပဲ"

ရထားထိန်းက ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ။ ခပ်တည်တည်ပင်။ သူ့ရထားကြီး ကလည်း အထက်တန်းလွှာ လူချမ်းသာတယောက် ပိုင်သည်မှာ သိသာနေသည်။ ပိုင်ရှင်က သည်အဖြစ်ကို သိဦးမည် မဟုတ်ပေ။ ရထားတိုက်ခံရသူကို ရဲစခန်းသို့ ယူဆောင်သွားရ မည် ဖြစ်သည်။ ပြီးမှ ဆေးရုံပို့ပေးကြလိမ့်မည်။ လူနာ၏ အမည်ကို ဘယ်သူမှ မသိကြပေ။

ထိုစဉ်တွင် ရပ်စ်ကိုလ်နီကော့ဗ် ရှေ့တိုးသွားပြီး သတိလစ်နေသည့် သူကို ငုံ့ကြည့်သည်။ ရဲသား၏ လက်ထဲမှ မီးအိမ် အလင်းရောင်ကြောင့် သူ့မျက်နှာကို ကောင်းကောင်း မြင်လိုက်ရသည်။

"ဟာ... ကျွန်တော် သိတယ်။ သူ့ကို သိတယ်။ သူက ဝန်ထမ်းဟောင်းတယောက် ဗျ။ ဒါပေမဲ့ ခုတော့ ပင်စင်ယူထားပြီးပြီ။ သူနေတာ သိပ်မဝေးဘူး။ ဆရာဝန်၊ ဆရာဝန် ခေါ်ပေး ကြပါ။ မြန်မြန်လုပ်ကြပါဗျာ။ ကျွန်တော် ပိုက်ဆံပေးပါ့မယ်။ တဆိတ် ကူညီကြပါဗျာ" ပိုက်ဆံတွေကို အိတ်ထဲနှိုက်ပြီး ရဲသားအားပြရင်း စိတ်လှုပ်ရှားစွာဖြင့် အော်ပြော နေသည်။ လူနာကို သိသူ ပေါ်လာ၍ ရဲသားတွေ ကျေနပ်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့နာမည်နှင့် လိပ်စာကို ပြောပြပြီး သတိလစ်နေသည့် မာမီလာဒေါ့ဗ်အား သူ့အိမ် ပြန်ပို့ဖို့ စိတ်ပါလက်ပါ လူတွေကို စည်းရုံးနေသည်။

"ကဲ... လုပ်ကြပါဗျာ။ သုံးလေးအိမ်ပဲ ကွာပါတယ်။ ဂျာမန်သူဌေး ကိုဇယ်လ်ရဲ့ အိမ်ပါ။ သူမူးပြီး အိမ်အပြန်မှာ ရထားတိုက်ခံရတာပါ။ သူက သောက်တတ်ပါတယ်။ သူ့မှာ မိသားစု ရှိပါတယ်။ သမီးတယောက်နဲ့ ကလေးတွေ ရှိပါတယ်။ ဆေးရုံက အဝေးကြီးမို့ အိမ်ပြန်ပြီး ဆရာဝန် ခေါ်မယ်။ ကဲ... ဝိုင်းမ,ကြပါဗျာ"

အားလုံး ဝိုင်းကူကြပါသည်။ လူနာကို ဝိုင်းမပြီး သယ်ကြသည်။ ရပ်စ်ကိုလ်နီကော့ဗ် က ဦးခေါင်းကို ကိုင်ပြီး ဦးဆောင်သွားသည်။ လမ်းတွင်လည်း တတွတ်တွတ် ပြောသွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော် ခင်ဗျားတို့ လုပ်အားအတွက် ပိုက်ဆံပေး မှာပါ။ ဒီဘက်ကို၊ ဒီဘက်ကို။ ခေါင်းဘက်က စပြီး လှေကား တက်မယ်နော်"

ကက်တာရီးနာအီဗန်နိုဗာက နားချိန်လေး ရသည်နှင့် အခန်းကျဉ်းကလေးထဲတွင် လမ်းလျှောက်နေသည်။ ပြတင်းပေါက်နှင့် မီးဖိုကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေခြင်း ဖြစ်၏။ လက်နှစ်ဖက်ကို ရင်ဘတ်တွင်

ပိုက်လျက်။ တယောက်တည်း စကားတွေ ပြောလိုက်၊ ချောင်းဆိုးလိုက်နှင့်။ ကက်တာရီးနာတယောက် ခုတလော စကား ပိုပြောလာသည်။ ဆယ်နှစ်သမီးကလေး ပိုလင်ကာနှင့် ပြောနေခြင်း ဖြစ်သည်။ အမေ ပြောသမျှ အားလုံး ပိုလင်ကာ နားမလည်။ အမေ ပြောသမျှ နားထောင်နေရမည်။ အမေ သူ့ကို လိုအပ်နေသည် ဆိုတာလောက်ပဲ သိသည်။ ထို့ကြောင့် အသိဉာဏ် ထက်မြက်သည့် မျက်လုံးရွဲကြီးများဖြင့် အမေ့အား အမြဲစောင့် ကြည့်နေတတ်သည်။ ပြီးတော့ အမေ ပြောသမျှ အားလုံး နားလည် ဟန် ဆောင်နေတတ်သည်။ သည်နေ့တော့ ဖျားနေသည့် အငယ်ဆုံး မောင်လေးကို အဝတ် လဲပေးရင်း အမေ့ကို စောင့်ကြည့်နေသည်။ သည်အဝတ်ကို ညညတွင် လျှော်ပေးရသည်။ ကလေးက ကုလားထိုင် တလုံးပေါ်တွင် ငြိမ်ပြီး ခြေဆင်း ထိုင်နေသည်။ အမေလုပ်သူက အစ်မကို ဘာတွေ ပြောနေပါလိမ့်။ မျက်လုံးရွဲကြီးတွေ ပြူးပြီး ငေးကြည့်နေသည်။ သူ့အောက် အငယ်မလေးက ပို၍စုတ်ပြတ်နေသေးသည်။ အဝတ်လဲဖို့ သူ့အလှည့်ကို ခန်းဆီးနံဘေးတွင် ရပ်စောင့်နေသည်။ ထိုစဉ် အခန်းတံခါး ပွင့်လာသည်။ လှေကားထဲမှ မီးခိုးတွေ လိမ့်ဝင်လာသည်။ အခြားအခန်းများမှ ထုတ်လွှတ်လိုက်သည့် ဆေးရွက်ကြီးနံ့။ ချောင်းတဟွပ်ဟွပ် ဆိုးနေသော အမျိုးသမီးဆီသို့ မီးခိုးတွေ တန်းတန်းမတ်မတ် ရောက်သွားလေသည်။ ကက်တာရီးနာ သည် တပတ်အတွင်း ပို ပိန်ကျသွားသည်။ မျက်နှာပေါ်မှ အနီစက်ကလေးများက ပို၍ ထင်သာမြင်သာ ဖြစ်လာသည်။

လမ်းလျှောက်နေလျက်က သမီးလေး ပိုလင်ကာကို ဆက်ပြောနေသည်။

"ပိုလင်ကာရေ၊ အဖေ့အိမ်မှာတုန်းက မေမေတို့ဘဝ ဘယ်လောက် ပြည့်စုံခဲ့တယ်၊ ပျော်စရာကောင်းခဲ့တယ် ပြောရင် သမီးနားလည်နိုင်မှာ မဟုတ်ဘူး။ ဒီငမူးနဲ့ကျမှ မေမေ့ ဘဝရော၊ သမီးတို့အားလုံးပါ ပျက်စီးရတာ။ မေမေ့အဖေက ဗိုလ်မှူးကြီးအဆင့်နဲ့ ညီမျှတဲ့ နယ်ဘက်အရာရှိကြီးလေ။ ပြည်နယ်ဘုရင်ခံလောက်နီးပါး တန်ခိုးကြီးတာပေါ့။ နောက် တဆင့်တက်ရင် ဘုရင်ခံ ဖြစ်ပြီ။ အဟွပ်... ဟွပ်... ဟွပ်... ငါ့ဘဝကိုက… ဆိုး... ဆိုးလွန်းပါ တယ်ဟယ်"

ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိပြီး ရှဲ့ဟက်နေရင်း ဆက်ပြန်သည်။

"ပြည်နယ်ဘုရင်ခံရဲ့ ကပွဲဟာ.. မေမေ... နောက်ဆုံး ကခဲ့ရတဲ့ ကပွဲပဲ။ အဲဒီမှာ... မင်းသားလေး ဆီဇီမယ်လ်နီ မေမေ့ကို တွေ့သွားတာပေါ့။ သမီး အဖေနဲ့ မေမေ လက်ထပ် တော့ မင်္ဂလာဆောင်ကို သူ လာသေးတယ်လေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုကပွဲကြီး တက်ရ တာ ဘယ်လောက် ပျော်စရာကောင်းလဲ သိလား။ အဲဒီ အင်္ကျီစုတ်ကို ဖာလေ။ သွား... အပ်နဲ့ အပ်ချည် ယူခဲ့။ ချက်ချင်း လုပ်။ သိလျက်သားနဲ့... မဟုတ်ရင်... မဟုတ်ရင်... မနက်ဖြန်ဆို... အဟွပ်... အဟွပ်... ပိုဆိုး... ပိုဆိုး... အဲဒီအချိန်မှာပဲ မင်းသားလေး ရှီဂေါ်စကွိုင်း လည်း

ပီတာစဘတ်ကနေ ရောက်လာတယ်။ သူနဲ့မေမေ မာဇူကာအကကို နှစ်ယောက်တွဲကကြသေးတယ်။ နောက်တနေ့မှာပဲ သူက မေမေ့ကို လက်ထပ်ခွင့်တောင်းတော့တာပဲ။ မေမေက "ကျွန်မမှာ ချစ်သူ ရှိနေပါပြီ'" လို့ ငြင်းလိုက်တယ်။ မေမေ့ ချစ်သူက သမီးတို့အဖေပေါ့။ မေမေ့အဖေ ဆိုတာ ဒေါသူပုန်ထလို့ မဆုံးဘူးလေ။ ကဲ...ရေချွေးရပြီလား။ ပေး... ပေး၊ ခြေအိတ်နဲ့ ရှပ်အင်္ကျီ ယူခဲ့။ လာ ဒီ ..."

အငယ်လေးဘက် လှည့်ပြီး အော်ပြောပြန်သည်။

"ဒီည အင်္ကျီမချွတ်နဲ့တော့။ အဲဒီအင်္ကျီနဲ့ပဲ အိပ်တော့။ ခြေအိတ်လည်း စွပ်အိပ်။ မနက်ဖြန်မှ လျှော်နိုင်တော့မယ်။ ဟော... ခြေသံ ကြားတယ်၊ ငမူး ပြန်လာပြီ ထင်တယ်။ သူ့အင်္ကျီလည်း စုတ်ပြတ်နေပြီ။ ကြမ်းတိုက်တဲ့ အဝတ်စုတ် ကျနေတာပဲ။ သူ့အင်္ကျီလည်း မနက်ဖြန်မှ လျှော်မယ်။ ဒီည အားလုံး ငါ မတတ်နိုင်ဘူး။ အို... အဖ ဘုရားသခင်၊ ဘုရားသခင်။ အဟွပ်... အဟွပ်...ဟဲ့... ဘယ်သူတွေလဲ"

အိမ်ထဲ စုပြုံဝင်လာသည့် လူအုပ်ကြီးကို လှမ်းကြည့်ပြီး -

"ဟောတော့... ဘာကြီး သူတို့ သယ်လာကြတာလဲ"

သတိလစ်နေသည့် မာမီလာဒေါ့ဗ်ကို သူတို့ အခန်းထဲ သွင်းလာကြပြီး ရပ်စ်ကိုလ်နီကောဗ်က နေရာ ညွှန်ပြပေးသည်။

"အဲဒီ ဆိုဖာပေါ်မှာ တင်၊ ခေါင်း ဒီဘက်မှာ ထား"

"သူ မူးလာတယ်၊ ရထားအောက် ရောက်သွားတယ်ဗျာ"

လူအုပ်ထဲမှ တယောက်က ဝင်ရှင်းပြသည်။

ကက်တာရီးနာ မတ်တတ်ရပ်လျက် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အသက်ရှူ ရပ်တော့မလို ဖြစ်သွားသည်။ ကလေးတွေ အထိတ်တလန့် ဖြစ်ကုန်သည်။ လီဒိုချကာလေး က အော်ငိုပြီး ပိုလင့်ကာဆီ ပြေးသွားသည်။ သူ့ တကိုယ်လုံး တဆတ်ဆတ်တုန်လျက်။

လူနာကို နေရာချပြီးပြီးချင်း ရပ်စ်ကိုလ်နီကောဗ်က ကက်တာရီးနာဆီ လျှောက် သွားသည်။

"တဆိတ်ဗျာ၊ စိတ်ထိန်းပါနော်။ သိပ်လည်း မကြောက်ပါနဲ့။ သူ လမ်းဖြတ်အကူး မှာ ရထားတိုက် ခံရတာပါ။ သိပ် စိတ်မပူပါနဲ့။ သူ သတိရလာမှာပါ။ ကျွန်တော် ဒီကို တခေါက် ရောက်ဖူးတယ်လေ။ အစ်မ မမှတ်မိဘူးလား။ သူ

သတိရလာမှာပါ။ ကျွန်တော့်မှာ ပိုက်ဆံ ပါလာတယ်"

ခုမှ အသက်ဝင်လာသလို သူ့ ယောက်ျားဆီ ကက်တာရီးနာ ပြေးသွားသည်။

"အင်း.. နောက်ဆုံး သူ ခံလိုက်ရပါပေါ့လား"

သည် အမျိုးသမီး ကြွံ့ကြွံ့ခံနိုင်ကြောင်း ရပ်စ်ကိုလ်နီကော့ဗ် ချက်ချင်း သတိထား မိလိုက်သည်။ သူ့ယောက်ျား၏ ဦးခေါင်းအောက်သို့ ခေါင်းအုံး ချက်ချင်း ရောက်လာသည်။ သည်လိုလုပ်ဖို့ ဘယ်သူမှ သတိမရကြ။ ကက်တာရီးနာက အဝတ်တွေ ချွတ်၊ ဒဏ်ရာတွေ စစ်ဆေးသည်။ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်နှင့် အပြစ်ဆိုလျက်။ သို့သော် တင်းထားသည်။ ဆောက်တည်ရာမရ မဖြစ်။ နှုတ်ခမ်းကို ကိုက်ထားသည်။ ရင်တွင်း ခံစား ချက်များ ပွင့်ထွက် မလာ။ အတင်း ထိန်းထားသည်။

ရပ်စ်ကိုလ်နီကော့ဗ်က လူတယောက်ကို ဆရာဝန် ပြေးခေါ်ဖို့ လွှတ်လိုက်သည်။ နှစ်တိုက်ကျော်တွင် ဆရာဝန်တယောက် ရှိကြောင်း သိရသည်။

"အစ်မ၊ ဘာမှ မပူနဲ့ သိလား၊ ဆရာဝန် ခေါ်ခိုင်းလိုက်ပြီ။ ကျွန်တော် ပိုက်ဆံ ပေးမယ်။ ရေနည်းနည်း ရမလား။ မျက်နှာသုတ်ပဝါ တထည်လည်း ယူခဲ့ပေးပါ။ မြန်မြန် လေး။ ဘယ်အနားမှာ ဒဏ်ရာရသွားတယ် ဆိုတာ ကျွန်တော်တို့ မသိသေးသူး။ သူ ဒဏ်ရာ ရပြီး သတိလစ်နေတာပါ၊ မသေပါဘူး။ မကြာခင် ဆရာဝန် ရောက်လာတော့မှာပါ ခင်ဗျာ"

ကက်တာရီးနာက ပြတင်းပေါက်ဆီ ပြေးသွားသည်။ ခြေထောက်ကျိုးနေသည့် ကုလားထိုင် တလုံးပေါ်မှ ညပိုင်း အဝတ်လျှော်ဖို့ ပြင်ထားသည့် ရေအင်တုံကြီး တခုကို သယ်လာသည်။ ညပိုင်း အဝတ်လျှော်သည့် အလုပ်ကို ကက်တာရီးနာ ကိုယ်တိုင် အနည်းဆုံး တပတ် နှစ်ရက် လုပ်သည်။ တသက်လုံး သူက သန့်သန့်ပြန့်ပြန့် နေလာခဲ့သူ။ ရေအင်တုံကြီး ကို မနိုင်မနင်း မ,လာရာ ဟပ်ထိုးလဲကျမလို ဖြစ်သွားသေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာသုတ်ပဝါကို သူ့ ဘာသာသူ ထ,ယူပြီး ရေဆွတ်၍ မျက်နှာက သွေးတွေကို စ,သုတ်သည်။ ကက်တာရီးနာက မတ်တတ်ရပ် ကြည့်နေသည်။ လက်နှစ်ဖက်နှင့် ရင်ဘတ်ကို ဖိလျက်။ သူ့ကိုလည်း ဂရုစိုက်ဖို့ လိုနေပြီ။ ဒဏ်ရာရနေသူကို သူ အိမ်ပြန်ပို့ဖို့ စီစဉ်ခဲ့ခြင်းမှာ မှားလေ ပြီလားဟုရပ်စ်ကိုလ်နီကော့ဗ်ဇဝေဇဝါဖြစ်စပြုလာသည်။ ရဲတွေလည်းဘာဆက်လုပ်ရမှန်း မသိဘဲ စိတ်ရှုပ်နေသည့် ပုံဖြင့် ရပ်ကြည့်နေသည်။

ကက်တာရီးနာက အကြီးမလေးကို အော်ပြောလိုက်သည်။

“ပိုလယာ၊ ဆွန်ညာ့ဆီ ပြေးစမ်း၊ မတွေ့ရင်လည်း သူတို့ကို မှာခဲ့၊ သူ့အဖေ ရထားတိုက်လို့ မြန်မြန်လာခဲ့ဖို့ ပြော၊ သွား၊ မြန်မြန်သွား။ ခေါင်းစည်း စည်းသွား မြန်မြန် ပြေးလေ” ကုလားထိုင်ပေါ်တွင် ခြေဆင်းထိုင်နေသည့် အငယ်ကောင်လေးက ဝင်ပြောခြင်းဖြစ်သည်။ အခန်းထဲတွင် လူတွေ ချက်ချင်း ပြည့်ကျပ်သွားသည်။ ရဲသားတွေ ထွက်သွားကြပြီ။ လှေကားမှ လူတွေကို ထိန်းဖို့ တယောက်သာ အပြင်တွင် ရပ်စောင့်နေသည်။ အခန်းတိုင်းမှ လူတွေ အလုအယက် ဝင်လာကြသည်။ ရဲလည်း ထိန်းမနိုင်တော့။ ကက်တာရီးနာ ဒေါ်ပွ လာပြီ။

“အလိုက်ကို မသိကြဘူး။ သေတဲ့လူ ဖြောင့်ဖြောင့် မသေရအောင် ရှင်တို့ လုပ်နေ ကြတာလား။ ကြည့်ပါဦးတော်၊ ဆေးလိပ်မီးခိုးတွေကလည်း အသက်ရှူလို့ မရတော့ဘူး။ အဟွပ်ဟွပ်... သေမယ့်လူကိုတော့ စာနာဖို့ ကောင်းတာပေါ့"

အသက်ရှူဖို့အချိန်မရှိအောင် ချောင်းက ဆက်တိုက် ဆိုးလာသည်။ တာဝန်ဝတ္တရား နှင့်ကရုဏာကြောင့် စုပြုံရောက်ရှိလာသည့် အိမ်နီးနားချင်းများ တိုးဝှေ့ထွက်သွားကြသည်။

အခန်းအပြင်ဘက်ရောက်တော့ အမျိုးမျိုး ဝေဖန်နေကြသည်။ ဆေးရုံကို အမြန် ပို့သင့်ကြောင်း၊ သူတို့မိသားစုကို အနှောင့်အယှက် မပေးသင့်ကြောင်း စသည် စသည်များ။

ကက်တာရီးနာက အခန်းဝအထိ လိုက်ရန်တွေ့မည် လုပ်တော့ အခန်းရှင် ဂျာမန် အမျိုးသမီးကြီး မစ္စက်လစ်ပီဝီဇယ်နှင့် တန်းတိုးသည်။ သတင်းမေးရင်း ဆူဆူညံညံ အသံဗလံ တွေကို ထိန်းဖို့ ရောက်လာခြင်း ဖြစ်သည်။ သည်မိန်းမကြီးက အလွန်စွာပြီး အလွန် ရန်လို သော မိန်းမကြီး ဖြစ်သည်။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး-

“ကြည့်စမ်း၊ နင့်ယောကျ်ား ငမူး ရထားအတိုက် ခံရပြီပေါ့၊ ဟုတ်လား။ ဆေးရုံ မြန်မြန် ပို့လေ။ ကျုပ်အိမ်မှာ ကျက်သရေ မရှိ၊ မင်္ဂလာ မရှိ”

“ဒီမယ် အေမလီယာ”

ကက်တာရီးနာက ကြက်ခေါင်းဆိတ်မခံ ရန်စွယ်နှင့်ငေါငေါ ပြန်ကောသည်။ (သူက သည်ဂျာမန်မကြီးနှင့် စကားပြောတိုင်း သည်အတိုင်း ပြောတတ်သည်။ သူ ဘယ် အဆင့်အတန်းက လာကြောင်း ပြချင်လို့ ဖြစ်သည်။)

“ဒီမယ် အေမလီယာလုဝဒ်ရိုဗနာ’

“ညည်းကိုဒီနာမည်မခေါ်ပါနဲ့ ပြောတာ ဘယ်နှခါ ရှိပြီလဲ၊ ကျုပ်နာမည်

အေမလီအီဇန်”

“နားမလည်ဘူး၊ ရှင့်နာမည် အေမလီယာလုဝဒ်ရိုဗနာပဲ။ ဟိုအပြင်က ဟာတွေ လို ရှင့်ကို မြှောက်ပင့်ပြီး ကပ်ဖားရပ်ဖား လုပ်နေတဲ့ အထဲမှာ ကျွန်မ မပါဘူး။ ဒါကြောင့် ဒီအတိုင်းပဲ ခေါ်မယ်”

အပြင်ဘက်မှ ရယ်သံတွေ ထွက်လာသည်။ ‘ပွဲကြီး ပွဲကောင်းပဲဟေ့' ဟု တယောက် က အော်ပြောလိုက်သည်။

“ကျွန်မ ရှင့်ကို လုဝဒ်ရိုဗနာလို့ပဲ အမြဲတမ်း ခေါ်မယ်။ ဒီနာမည်ကို ရှင် ဘာကြောင့် မကြိုက်မှန်း ကျွန်မ နားမလည်ဘူး။ ဒီမှာ ကျွန်မယောက်ျား သေလုမြောပါး ဖြစ်နေတာ ရှင် မမြင်ဘူးလား။ တံခါးပိတ်လိုက်ပါ။ နောက် ဘယ်သူမှ ဝင်မလာပါစေနဲ့။ သူ ငြိမ်းငြိမ်း ချမ်းချမ်း သေပါစေ။ ကျွန်မ ပြောတဲ့အတိုင်း မလုပ်ရင် ရှင့်အကြောင်း ဘုရင်ခံချုပ်ဆီ သွားတိုင် မယ်။ မင်းသားကြီးကို ကျွန်မ ငယ်ငယ်လေးကတည်းက သိခဲ့တာ။ ကျွန်မယောက်ျားကိုလည်း သူ သိတယ်။ အကူအညီတွေ အများကြီး ပေးခဲ့ဖူးတယ်။ ကျွန်မယောက်ျားမှာ အရာရှိအရာခံ အပေါင်းအသင်းတွေ အများကြီး ရှိတယ်။ ဒါပေမဲ့ သူ့မာနနဲ့ သူနေတယ်။ ဘယ်သူ့မှ အောက်ကျမခံဘူး။ (ရပ်စ်ကိုလ်နီကော့ဗ်အား လက်ညှိုးထိုးပြပြီး) ဟောဒီ သူငယ်က ကျွန်မ တို့ကို အမြဲတမ်း စောင့်ရှောက်ခဲ့တယ်။ သူဟာ မာမီလာဒေါ့ဗ်ရဲ့ မိတ်ဆွေတယောက်ပဲ။ သူတို့ ခင်မင်လာတာ ကြာပြီ။ ဒီမယ် အေမီလီယာလုဝဒ်ရိုဗနာ”

ကက်တာရီးနာက စက်သေနတ်ပစ်သလို တရစပ် ပြောနေခြင်း ဖြစ်သည်။ ချက်ချင်း ချောင်းဆိုးလာသဖြင့် ဆက်မပြောနိုင်တော့။ ထိုစဉ် မာမီလာဒေါ့ဗ်ဆီမှ ညည်းတွားသံ ထွက်လာသည်။ သူ့ယောက်ျားဆီသို့ ကက်တာရီးနာ ပြေးချသွားသည်။ လူနာက မျက်လုံး ဖွင့်ကြည့်သည်။ သို့သော် ဘာမှ မြင်ဟန်မတူ။ သတိရှိပုံ မရ။ အနားတွင် ရပ်ပြီး ငုံ့ကြည့်နေသော ရပ်စ်ကိုလ်နီကော့ဗ်အား လှမ်းကြည့်သည်။ အသက်ကို မနည်းအားစိုက် ရှူနေရပုံ။ ပါးစပ်ထောင့်မှ သွေးတွေ စိမ့်ကျလာသည်။ နဖူးပြင်တွင် ချွေးသီးချွေးပေါက်တွေ ဥလာသည်။ ရပ်စ်ကိုလ်နီကော့ဗ်ကို သူ မမှတ်မိ။ ပတ်ဝန်းကျင်ကို မျက်စိကစား ကြည့်လိုက်သည်။ ကက်တာရီးနာက သူ့ကို ကြေကွဲခြင်း တဝက်၊ မကျေနပ်ခြင်း တဝက်ဖြင့် ငုံ့ကြည့်နေသည်။ သူ့မျက်ဝန်းထဲမှ မျက်ရည်တွေ သွန်ကျလာသည်။

“ဘုရားသခင်၊ ဘုရားသခင်၊ ရင်ဘတ်တခုလုံးလည်း ကြေမွနေတာပါလား။ သွေးတွေ တအား ထွက်နေတယ်။ အပေါ်အကျႌတွေ ချွတ်ပေးရင် ကောင်းမယ်။ ဟိုဘက် နည်းနည်းလေး စောင်းနိုင်လား ဟင်”

မာမီလာဒေါ့ဗ်က သူ့မိန်းမကို မှတ်မိသွားသည်။

"ခင်ကြီး၊ ခင်ကြီးတပါး"

သူ့အသံက ကွဲအက်နေပြီ။

ကက်တာရီးနာက ပြတင်းပေါက်ဆီ ပြေးသွားပြီး ကျည်းဘောင်ပေါ်ခေါင်းတင်၍ စိတ်ပျက်စွာ ညည်းတွားသည်။

"ဘဝ၊ ဘဝ၊ ငါ သေချင်တယ်၊ ငါပဲ သေလိုက်ပါတော့"

ခဏနေတော့ အသက်ငင်နေသူ လူနာက ထပ်ပြောသည်။

"ခင်ကြီး၊ ခင်ကြီးတပါး"

"သွားနေပြီ၊ သွားပင့်နေပြီ'

ကက်တာရီးနာ အော်ပြောတော့ မာမီလာဒေါ့ဗ် ငြိမ်သွားသည်။ သူက ဝေဒနာ ပြင်းထန်စွာ ခံစားနေရသည့် မျက်လုံးများဖြင့် မိန်းမလုပ်သူကို သိမ်ငယ်စွာ ရှာကြည့်နေသည်။ ကက်တာရီးနာက သူ့ဆီ ပြန်လာပြီး ခေါင်းရင်းတွင် သွားရပ်သည်။ လူနာက သူ့အချစ်ဆုံး လီဒိုချကာလေးကို လှမ်းကြည့်သည်။ ကလေးက အခန်းထောင့်တွင် တဆတ်ဆတ် တုန် ကာ ဖအေကြီးကို အံ့သြထိတ်လန့်စွာ လှမ်းကြည့်နေသည်။

မာမီလာဒေါ့ဗ်က ကလေးကို လှမ်းကြည့်ပြီး တခုခု ပြောဖို့ ကြိုးစားသည်။

"ဟို ဟို"

"ရှင် ဘာပြောချင်တာလဲ"

ကက်တာရီးနာ အော်မေးသည်။

"သူ့မှာ ဖိနပ် ...ဖိနပ် မရှိဘူး"

ကက်တာရီးနာက ခံပြင်းသည့် လေသံဖြင့် -

"သွားစမ်းပါ၊ ဘာပြုလို့ သူ့မှာ ဖိနပ် မရှိတာလဲ"

"ဟော... ဆရာဝန် လာပြီ"

ရပ်စ်ကိုလ်နီကော့ဗ်က ဝမ်းသာအားရ ပြောလိုက်သည်။ ဂျာမန်ဆရာဝန်က ပုပု သေးသေး အဘိုးကြီးတယောက် ဖြစ်သည်။ လူနာဆီ လျှောက်သွားပြီး လက်ကောက်ဝတ်တွင် သွေးစမ်းကြည့်သည်။ ပြီးတော့ ဦးခေါင်းကိုကိုင်ကြည့်သည်။ ပြီးတော့မှ ကက်တာရီးနာ၏ အကူအညီဖြင့် အင်္ကျီကြယ်သီးတွေ

ပြန်ဖြုတ်ခိုင်းသည်။ သွေးသံရဲရဲ ဖြစ်နေသည့် ရင်ဘတ် ကို ကြည့်သည်။ ညာဘက်နံရိုး များစွာ ကျိုးနေပြီ။ ဘယ်ဘက်အခြမ်း နှလုံးအပေါ်နားတွင် ညိုမည်းနေသည်။ ဧရာမ မြင်းခွာရာကြီး။ ဆရာဝန် မျက်မှောင်ကုတ်သွားသည်။ ရဲတယောက် က ရထားတိုက်မိကြောင်း၊ ခြေလှမ်းသုံးဆယ်လောက် ရထားအောက်တွင် ချိတ်ပါသွား ကြောင်း ဆရာဝန်ကို ရှင်းပြသည်။

ဆရာဝန်က ရပ်စ်ကိုလ်နီကော့ဗ်အား တိုးတိုးကပ် ပြောသည်။

"သူ သတိပြန်ရလာတာ အံ့သြစရာပဲ"

"ဆရာ ဘယ်လို သဘောရလဲ ဟင်"

ရပ်စ်ကိုလ်နီကော့ဗ်က ပြန်မေးသည်။

"မရတော့ပါဘူး"

"မျှော်လင့်ချက် မရှိတော့ဘူးလား ဆရာ"

"လုံးဝ မရှိတော့ပါဘူး။ သွေးသွင်းလည်း အကြောင်းထူးမှာ မဟုတ်တော့ဘူး။ နောက်ဆုံး အချိန် ရောက်နေပါပြီ။ ဦးခေါင်းက ဒဏ်ရာက နည်းနည်းနောနောမှ မဟုတ်တာ။ အလွန်ဆုံး ခံရင် ငါးမိနစ်၊ ဆယ်မိနစ်ပါပဲ"

"သွေးသွင်းရင်ကော ဆရာ"

"သွင်းစေချင်ရင် သွင်းတာပေါ့။ ဒါပေမဲ့ ဘာမှ ထူးလာမှာ မဟုတ်တော့ဘူး"

ထိုစဉ်တွင် ခြေသံတွေ ကြားလိုက်ရပြီး အခန်းဝမှ လူအုပ်ကြီးက လမ်းဖယ်ပေးကြသည်။ ဆံပင်တွေ ဖြူဖွေးနေပြီဖြစ်သော ခင်ကြီးအိုတပါး ဝင်လာသည်။ လက်ထဲတွင် သက်ပျောက်ဆွမ်းအတွက် ဝိုင်နှင့်ပေါင်မုန့် ပါလာသည်။ ရဲတယောက်က အောက်ထပ် ဆင်းကြိုပြီး ကိုင်လာပေးခြင်း ဖြစ်၏။ ဆရာဝန်က ခင်ကြီးအား နေရာဖယ်ပေးသည်။ ပြီးတော့ သူတို့နှစ်ယောက် အဓိပ္ပာယ်ပါပါ မျက်လုံးချင်း ဆုံကြသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဆရာဝန်အား ခဏ ဆက်နေပေးဖို့ ကပ်ပြီး တောင်းပန်သည်။ ဆရာဝန်က ပခုံးတွန့်ပြီး ဆက်နေသည်။

ခင်ကြီးအား လူတွေအားလုံး ဖယ်ပေးကြသည်။ ဝန်ခံချက်ပေးသည့် ကိစ္စမှာ ခဏလေး ဖြစ်သည်။ လူနာက ဘာမှ နားလည်ပုံ မပေါ်။ ခင်ကြီးရှေ့က ကြောင်းပေးသမျှ မပီမသ တိုးတိုးလေး လိုက်ဆိုရုံမျှသာ။ ကက်တာရီးနာက လီဒိုချကာလေးကို ကုလားထိုင် ပေါ်မှ သွားခေါ်ပြီး အခြားကလေးများအား သူနှင့်အတူ ဒူးထောက်ထိုင်ခိုင်းသည်။ ပြီးတော့ လက်ဝါးကပ်တိုင်သဏ္ဍာန် ထိခြင်းသုံးပါး လုပ်စေပြီး ကြမ်းပြင်နှင့် နဖူး ထိသည်အထိဦးညွှတ်ခိုင်းသည်။

ကက်တာရီးနာက နှုတ်ခမ်းကို ကိုက်ကာ မျက်ရည်ထိန်းရင်း ဘုရားသခင် ကို အာရုံပြုနေသည်။ ရံခါတွင် ကလေးတယောက်၏ ရုပ်အင်္ကျီကို ဆွဲဆန့်လိုက်၊ သမီးငယ်ကလေး၏ ဇလာကျင်းနေသည့် ပခုံးပေါ်ကို သူ့ခေါင်းစည်းဖြင့် လွှမ်းပေးလိုက်နှင့်။

အခန်းထဲတွင် ဖယောင်းတိုင် တတိုင်သာ ရှိသဖြင့် အလင်းရောင်က မှိန်မှိန်။ အခန်းပေါင်းစုံ မှ လူတွေ ထပ်ရောက်လာ ကြသော်လည်း အပြင်ဘက်တွင်သာ ရပ်နေကြပြီး အခန်းထဲဝင်ဖို့ မကြိုးစားတော့။

ထိုစဉ်တွင် လူတွေကို တိုးဝှေ့ပြီး အစ်မလုပ်သူကို ပြေးခေါ်သော ပိုလင်ကာကလေး ပြန်ရောက်လာသည်။ အရမ်းပြေးချလာသဖြင့် ကလေးမ မောနေသည်။ အမေ့ဆီ တန်းပြေး သွားပြီး ပြောသည်။

“သူ… သူ လာနေပြီ အမေ။ လမ်းပေါ်မှာ သူ့ကို သွားတွေ့တာ”

မအေက သူ့ကို ဆွဲပြီး ဒူးထောက်ခိုင်းသည်။ အမူအရာ ရှိုးတိုးရှန့်တန့်နှင့် မိန်းကလေး တယောက် လူတွေကို တိုးဝှေ့ပြီး အခန်းထဲ ဝင်လာသည်။ အလွန်ဆင်းရဲမွဲတေပြီး စိတ် ပျက်စရာ အခန်းထဲတွင် လူတယောက်က သေအံ့မူးမူး။ မင်္ဂလာကျက်သရေ ကင်းမဲ့လှသည့် ထိုအခန်းထဲသို့ အကြင်မိန်းကလေး ရုတ်ခြည်း ဝင်လာခြင်းကြောင့် ထူးဆန်းသလို ဖြစ်သွားသည်။ ထိုမိန်းကလေး၏ ကိုယ်ပေါ်မှ အပေါစား အဝတ်အစားများမှာလည်း စုတ်ပြတ်ကာ အဖာတရာနှင့်။ သို့သော် လမ်းပေါ်မှ လူတန်းစား တရပ်အတွက်တော့ အထူးအဆန်း ဟုတ်မည် မထင်။ ရှင်မီးအင်္ကျီပုံစံက ဖက်ရှင်ဆန်ဆန်။ မြူဆွယ်ဟန်။ အစ်ကိုကာလသားတို့အတွက် တိမ်းမူးဖွယ်။ ဖိနပ်ကမူ အရောင်တလက်လက်။ လက်ထဲတွင် ထီးကလေး ကိုင်ထားသည်။ မြက်ဦးထုပ်ကလေးတွင် ငှက်တောင်ကလေးတချောင်း စိုက်လျက်။ ဦးထုပ်အောက်မှ မျက်နှာ ကလေးက ပုံပြင်ထဲမှ နတ်သူငယ်ကလေးများ၏ မျက်နှာမျိုး။ ထိုမိန်းကလေးသည် မျက်လုံး အပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ဖအေကြီး၏ ဖြစ်ထွေကို အထိတ်တလန့် ကြောင်ကြည့် နေသည်။ ဆွန်ညာသည် သေးသေးသွယ်သွယ်နှင့် ရွှေရောင် ဆံပင်များပိုင်ရှင် ချစ်စရာ မိန်းမချောကလေး ဖြစ်သည်။ သူ့ မျက်နှာတွင် အထူးခြားဆုံးမှာ အပြာရောင် မျက်လုံးအစုံ ဖြစ်သည်။ အပြေးလာခဲ့ရသဖြင့် သူ့ညီမလေး နည်းတူ မောနေသည်။ ဖအေကြီးကို တလှည့်၊ ခင်ကြီးကိုတလှည့်၊ အကြောင်သား ငေးကြည့်နေသည်။ ရှေ့မတိုးဘဲတံခါးဝတွင်ရပ်ပြီး ကြက်သေ သေနေသည်။

ဝန်ခံခြင်းနှင့် တရားပေးခြင်း အမှုပြီးသည်နှင့် ကက်တာရီးနာက ယောကျ်ားလုပ် သူ အနား တိုးလာတော့ ခင်ကြီးက နေရာဖယ်ပေးကာ ပြန်ရန် ပြင်သည်။ မပြန်ခင် ကလေးတို့ အမေကို နှစ်သိမ့်စကားများဖြင့် တရားပြသည်။

ခင်ကြီး ပြောနေသော စကား၊ ဟောနေသော တရားကို ဖြတ်ပြီး ကက်တာရီးနာ ကက်ကက်လန် ရန်တွေ့လေတော့သည်။ ကလေးတွေဘက်ကို လက်ညှိုးထိုးပြီး-

“ကျွန်မ ဒီပုစုခရုတွေနဲ့ ဘာဆက်လုပ်ရမှာလဲ”

ခင်ကြီးက ရွတ်ဖတ် သရဇ္ဈာယ်ပြန်သည်။

“ဘုရားသခင်သည် မဟာကရုဏာရှင် ဖြစ်တော်မူပေတယ်။ အရှင့်ထံမှ စောင်မ ကယ်တင်မှုကို ကျွန်ုပ်တို့ မျှော်လင့်ကြရလိမ့်မယ်”

“အဲဒီအထဲမှာ တပည့်တော်မတို့ မပါပါဘူး''

“အို... အမျိုးကောင်းသမီး၊ ဒီလို မပြောသင့်ဘူး။ မပြောအပ်ဘူးလေ။ အပြစ်ဖြစ် တော့မပေါ့"

ခင်ကြီးအိုက ခေါင်းယမ်းပြီး မိန့်ဆိုလေသည်။

ကက်တာရီးနာက ယောကျ်ားဆီသို့ လက်ညှိုးထိုးပြီး-

“ဒါကကော အပြစ် မဟုတ်ဘူးလား”

“ဒီလို မမျှော်လင့်ဘဲ ဖြစ်သွားတဲ့ အဖြစ်ဆိုးတွေအတွက် အလျော်ပြန်ရမှာပါ။ အနည်းဆုံး သူ့ဝင်ငွေ...”

ကက်တာရီးနာက လက်ခါပြလိုက်ပြီး ခံပြင်းသည့်လေသံဖြင့် ဖြတ်ပြောပြန်သည်။ “ခင်ကြီး နားမလည်ပါဘူး။ ဘာလျော်ကြေးမှ ရစရာ မရှိပါဘူး။ သူ့ဘာသာသူ မူးပြီး ရထားအောက် ရောက်သွားတာပဲ။ ပြီးတော့ ဘာဝင်ငွေလဲ။ သူ့မှာ ဘာဝင်ငွေမှ မရှိဘူး။ ဝင်ငွေအကြောင်း သူ ဘာမှ မသိဘူး။ သူ သိတာက သူများတွေကို နှိပ်စက်ဖို့ပဲ။ အဲဒီ ငမူးက ရှိတာ အကုန် သောက်စားပစ်တာ။ အိမ်မှာရှိသမျှ ခိုးဝှက် ရောင်းချပြီး သောက်တာ။ အဲဒီလိုနဲ့ ဒီကလေးတွေရဲ့ ဘဝကိုရော၊ ကျွန်မဘဝကိုပါ ဖျက်ဆီးပစ်တာ။ သူ သေသွားရင် ပိုတောင် ဝန်ပေါ့သွားဦးမယ်”

“အို... သူငယ်မနှယ်၊ ဒီလို မပြောသင့်ပါဘူးကွယ်၊ ငရဲကြီးလိမ့်မယ်။ သူ အသက် ကုန်ခါနီးမှာ ခွင့်လွှတ်လိုက်ပါ သူငယ်မ’

ကက်တာရီးနာက လူနာကို ချွေးသုတ်ပေးလိုက်၊ သွေးသုတ်ပေးလိုက်ဖြင့် အလုပ် ရှုပ်နေသည်။ ခေါင်းအုံးကို ဆွဲဆန့်သည့်အခါ ဆန့်ပေးသည်။ စကားသာ ပြောနေရသည်။ ခင်ကြီးဘက်သို့ လှည့်မကြည့်အား။ ခုတော့ ဒေါသအမျက်

ခြောင်းခြောင်း ထွက်လာပြီ။

"ဒီမယ် ခင်ကြီး၊ စကားလုံးတွေက ပြောတော့ လွယ်တယ်။ သူ့ကို ခွင့်လွှတ်ရမယ်၊ ဟုတ်လား။ သူရထား အတိုက်မခံရရင် ဘာဖြစ်မလဲ။ အိမ်ကို မှုးပြန်လာမှာပဲ။ တထည် တည်းရှိတဲ့ အဲဒီအင်္ကျီအစုတ်ကို ချွတ်ဖို့တောင် သတိမရတော့ဘဲ ဝုန်းခနဲ လဲကျပြီး တန်းအိပ် ပျော်သွားရော။ တဆက်တည်း တခေါခေါ ဟောက်တော့တာပဲ။ ဒီက ကျွန်မကြီးက သူ့အဝတ် တွေကို ချွတ်၊ ကလေးတွေအဝတ်နဲ့ ရောပြီး လျှော်၊ လှန်း၊ လင်းအားကြီးမှာ ခြောက်ရင် ချက်ချင်း ဖာထေး။ အဲဒါ ကျွန်မရဲ့ ညစဉ်အလုပ်။ ကဲ… အဲဒီတော့ ခွင့်လွှတ်တယ် ဆိုတာ ဘာလဲ"

ချောင်းဆက်တိုက် ဆိုးလာသဖြင့် ကက်တာရီးနာ စကားမဆက်နိုင်တော့ပေ။ လက်ကိုင်ပဝါထဲကို သလိပ်တွေ ထွေးချလိုက်ပြီး ခင်ကြီး မြင်သာအောင် ရှေ့ထိုးပြလိုက်သည်။ လက်တဖက်က ရင်ဘတ်ကို ဖိလျက်။ လက်ကိုင်ပဝါ တခုလုံး သွေးတွေ ရွှဲနေပြီ။

ခင်ကြီးအို ခေါင်းငိုက်စိုက် ကျသွားသည်။ ဘာမှ မပြောတော့။ မာမီလာဒေါ့ဗ်က နောက်ဆုံးဝေဒနာကို ကြိတ်မှိတ်တင်းခံပြီး သူ့မျက်နှာပေါ်မှ ကက်တာရီးနာကို စိုက်ကြည့်နေသည်။ သူ တခုခု ပြောချင်နေသည်။ လျှာကို ကြိုးစားပြီး လှုပ်ကြည့်သည်။ သို့သော် ဝူးဝူးဝါးဝါး အသံမျှသာ ထွက်လာသည်။ ဤတွင် ကက်တာရီးနာက အမိန့်ပေးသံဖြင့် အော် တော့၏။

"တော်၊ ဘာမှ မပြောနဲ့။ ရှင် ဘာပြောမယ်ဆိုတာ သိတယ်"

မာမီလာဒေါ့ဗ် ငြိမ်သွားသည်။ ထိုအချိန်တွင်မှ ဆွန်ညာ့ကို လှမ်းမြင်သွားသည်။ သည်တခါက်တော့ ခြောက်ကပ် အက်ကွဲသည့် အသံ ထွက်လာသည်။ အထိတ် တလန့် အော်လိုက်သံ။

"အဲဒါ ဘယ်သူလဲ၊ သူ ဘယ်သူလဲ"

သူ ထဖို့ ကြိုးစားတော့ ကက်တာရီးနာက အော်ပြန်သည်။

"မထနဲ့၊ မထနဲ့၊ လှဲနေ"

သို့သော် ထူးခြားသည့် အားအင်တမျိုး ဝင်လာသည့်နှယ် လက်တဖက်ကို အားပြုပြီး သူ ကုန်းထဖို့ ကြိုးစားသည်။ မျက်စိက သမီးလုပ်သူဆီမှာ စိုက်လျက်။ ဘယ်သူပါလိမ့်၊ ဇဝေဇဝါ ဖြစ်နေပုံ။ စင်စစ် သည်အဝတ်အစားနှင့် သမီးလုပ်သူကို သူ တခါမှ မမြင်ဖူးခဲ့ပေ။ တခဏအတွင်း သူ မှတ်မိသွားသည်။ ချက်ချင်း ရှက်စိတ်၊ သိမ်ငယ်စိတ်တို့ဖြင့် ယူကျုံးမရ ဖြစ်ကာ မချိတင်ကဲ ဝေဒနာဖြင့် အော်လိုက်သည်။

“သမီး ဆွန်ညာ၊ အဖေ့ကို ခွင့်လွှတ်ပါ’

ပြောပြောဆိုဆို လက်တဖက် ဆန့်တန်းကာ သမီးဆီသို့ ထသွားဖို့ အားထုတ် လိုက်သည်။ သို့သော် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဆိုဖာပေါ်မှ ကြမ်းပြင်ပေါ်သို့ အားလျှားမှောက် ပြုတ်ကျသွားတော့၏။ မျက်နှာနှင့် ကြမ်းပြင် ကိုင်ရိုက်လိုက်သည့်နှယ်။ အားလုံး အပြေးအလွှား သူ့ခန္ဓာကိုယ်ကြီးကို ဆိုဖာပေါ် ပြန်တင်ပေးကြသည်။ သို့သော် သူ့အသက်မှာ ငွေ့ငွေ့သာ ကျန်တော့၏။ ဆွန်ညာက ပြေးလာပြီး အဖေ့ကို ဖက်ကာ သည်းအူပြတ်မျှ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ သမီး၏ရင်ခွင်ထဲတွင်ပင် ဖခင်ကြီး အသက်ကုန်သွားလေ တော့သည်။

ကက်တာရီးနာက ယောကျ်ား၏ အလောင်းကို ကြည့်ပြီး အော်ငိုသည်။

“သွားပြီ၊ သူ ကိုယ်လွတ်ရုန်းသွားပြီ။ သူ့ကို ကျွန်မက ဘာနဲ့ သွားသင်္ဂြိုဟ်ရမှာလဲ။ သူတို့တတွေကို ဘာနဲ့ သွားကျွေးရမှာလဲ”

ရပ်စ်ကိုလ်နီကော့ဗ်က ကက်တာရီးနာ အနား တိုးသွားသည်။

“ဒီမယ် အစ်မရယ်၊ ကျွန်တော် တခု ပြောပါရစေ။ အစ်မ အမျိုးသားက ပြီးခဲ့တဲ့ အပတ်ထဲမှာ ကျွန်တော့်ကို ရင်ဖွင့်သွားတယ်။ သူ့ဘဝဇာတ်ကြောင်းနဲ့ အခြေအနေ အားလုံး ပြောပြပါတယ်။ အစ်မကို သူ ဘယ်လောက် မြတ်နိုးတဲ့ အကြောင်း၊ လေးစားတဲ့အကြောင်း တွေ အများဆုံးပေါ့။ ကလေးတွေကို သူ သိပ်ချစ်ပါတယ်။ အစ်မကိုတော့ အထူးပေါ့။ ကံမကောင်း အကြောင်းမလှတာနဲ့ သူ့ အားနည်းချက်တွေကြောင့် အစ်မတို့ကို သူ တင့်တောင့်တင့်တယ် မထားနိုင်တာပါတဲ့။ အဲဒီညနေကစပြီး သူနဲ့ကျွန်တော် မိတ်ဆွေ ဖြစ်သွားတာပါ။ ကျွန်တော်... ကျွန်တော့်ကို ခွင့်ပြုပါ ခင်ဗျာ။ ကွယ်လွန်သွားရှာတဲ့ ကျွန်တော့် မိတ်ဆွေကြီး အတွက် သင်္ဂြိုဟ်စရိတ် ကျွန်တော် ကူပါရစေ။ ရော့... ရူဘယ်နှစ်ဆယ်၊ လက်ခံပါနော်။ ကျွန်တော် လာခဲ့ပါဦးမယ်။ မနက်ဖြန်လောက် လာဖြစ်မလား မသိဘူး။ ကျွန်တော့်ကို ခွင့်ပြုပါဦး”

ပြောပြီး အခန်းထဲမှ လစ်ထွက်လာခဲ့ကာ အပေါက်ဝမှ လူတွေကို တိုးဝှေ့ပြီး ပြေးဆင်းလာခဲ့သည်။ ဤတွင် မမျှော်လင့်ဘဲ နီကိုဒင်မ်ဖိုးမစ်ချ်နှင့် တန်းတိုးတော့သည်။ နီကိုဒင်မ်က သတင်းကြားသဖြင့် အကူအညီပေးဖို့ ရောက်လာခြင်း ဖြစ်သည်။ သူ့ကို ချက်ချင်း မှတ်မိသွားပြီး နှုတ်ဆက်သည်။

“ဩော်... ကိုယ့်လူကိုး” ရပ်စ်ကိုလ်နီကော့ဗ် ရှင်းပြသည်။

“သူ သေသွားပြီ။ ဆရာဝန်ခေါ်ပြီး ကြိုးစားသေးတယ်။ ခင်ကြီးလည်း ပင့်ပြီးပြီ။ အမျိုးသမီးကို အားပေးလိုက်ပါဗျာ၊ ရှူးသွားမှာတောင် စိုးရတယ်။

ခင်ဗျားက အကြင်နာ တရား ရှိတဲ့ လူပါ။ ခင်ဗျားအကြောင်း ကျွန်တော် သိပါတယ်"

"ဪ... အင်း...၊ ဒါထက် ကိုရင့် တကိုယ်လုံးလည်း သွေးတွေ ရွှဲလို့ပါလား"

မီးရောင်မှိန်မှိန်တွင် မြင်လိုက်သဖြင့် ရဲမှူးက လှမ်းပြောသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို မလုံမလဲပြန်ကြည့်ပြီး-"ဟုတ်တယ်ဗျာ။ တကိုယ်လုံး ရွှဲနေတာပဲ" ဟု ပြန်ပြောလိုက်သည်။ ပြီးသည်နှင့် ပြုံးပြ၍ ခေါင်းညိတ် နှုတ်ဆက်ကာ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် ဆက်ဆင်းလာခဲ့သည်။

လမ်းပေါ်ရောက်တော့ အဖျား ပြန်ဝင်လာသည်။ သို့သော် စိတ်ထဲ ကျေနပ်နေ၏၊ အားရနေ၏။ ဘဝသည် ရုတ်ခြည်း အားမာန်အပြည့် ဖြစ်လာ၏။ သည်ခံစားမှုသည် သေဒဏ် ကျခံနေရသူတဦး မမျှော်လင့်ဘဲ လွတ်ငြိမ်းချမ်းသာခွင့် ရလာသူ တယောက်၏ **ခံစားမှုမျိုး ဖြစ်သည်**[27]။ ခင်ကြီးပါ ဆင်းလာပြီး ဖြတ်လျှောက်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဘာမျှ မပြောဘဲ ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ရှေ့ဆက်လျှောက်ပြီး မကြာခင် နောက်မှ ပြေးလိုက် လာသည့် ခြေသံ ကြားလိုက်သည်။ တယောက်ယောက် သူ့နောက်သို့ ပြေးလိုက်လာ နေသည်။ လက်စသတ်တော့ ပိုလင်ကာကိုး။ ကလေးမလေးက အပြေးလိုက်လာပြီး သူ့ကို အော်ခေါ် နေသည်။

"ဒီမှာ၊ ဒီမှာ"

သူ လှည့်ကြည့်လိုက်သည်။ နောက်ဆုံး လှေကားထစ်ကို ခုန်ဆင်းပြီး သူ့ကို မီလာသည်။ အပြင်မှ မီးရောင်ကြောင့် ပိန်သော်လည်း ချစ်စရာ မျက်နှာကလေးကို အတိုင်းသားမြင်နေရသည်။ လူကြီးတွေက သူ့ကို တခုခု ခိုင်းလိုက်ပုံရသည်။ သူ့မျက်နှာကလေး ရွှင်နေသည်။

"ဒီမယ်၊ အစ်ကိုကြီးနာမည်က ဘယ်သူလဲ ဟင်၊ ပြီးတော့ ဘယ်မှာ နေတာလဲ" ကလေးမက အမောတကောနှင့် ခပ်လောလော မေးသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ကလေးမ၏ ပခုံးနှစ်ဖက်ပေါ်ကို လက်တဖက်စီ တင်လိုက်ပြီး ပျော်ရွှင်နေသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သည်ကလေးမကို မြင်ရတာ ရင်ထဲ အေးသွားသည်။ ဘာကြောင့်မှန်းတော့ သူ့ကိုယ်သူ မသိ။

"သမီးကို ဘယ်သူ လွှတ်လိုက်တာလဲ"

ကလေးမက ရွှင်ပျစွာ ပြုံးပြီး-

"အစ်မဆွန်ညာ လွှတ်လိုက်တာပါ"

"သမီးအစ်မကို အစ်ကိုကြီးက ခုမှ ခဏလေး တွေ့ဖူးတာပဲ"

"အမေကလည်း လိုက်မေးလို့ ပြောတယ်။ အစ်မ လိုက်သွားဖို့ ပြောတာနဲ့ အမေက

'ဟဲ့... ပိုလင်ကာ၊ မြန်မြန်ပြေးလိုက်၊ မြန်မြန်ပြေးလိုက်' လို့ ပြောတယ် အစ်ကိုကြီး"

"မင်းအစ်မကို မင်း ချစ်သလား"

"အစ်မက သမီးရဲ့ အချစ်ဆုံးလေ"

ပိုလင်ကာကအလေးအနက်ပြောသည်။ သူ့အပြုံးကလေးလည်း ပို၍ လေးနက်လာသည်။

"အစ်ကိုကြီးကိုကော မင်း ချစ်သလား"

ကလေးမက မဖြေဘဲ ရှေ့တိုးလာကာ နှုတ်ခမ်းကလေး ချွန်ပြီး နမ်းဖို့ ပြင်သည်။ ပြီးမှ မနမ်းဘဲ တင်းတင်းဖက်ကာ တိုးတိုးကလေး ငိုကြွေးလေတော့သည်။

ပြီးမှ မျက်ရည်တွေကို လက်နုနုကလေးနှင့် သုတ်ကာ ရှိုက်ရင်း ပြောလေသည်။

"အဖေ့အတွက် အရမ်းဝမ်းနည်းတယ် အစ်ကိုကြီး။ ဒုက္ခတွေက တမျိုးပြီး တမျိုးပဲ"

သူက လူကြီးဆန်ဆန် ပြောနေခြင်း ဖြစ်သည်။

"သမီးဖေဖေက သမီးကို သိပ်ချစ်တာပဲလား"

"အဖေ အချစ်ဆုံးကတော့ လီဒိုချကာပဲ။ သူက အထွေးဆုံး မဟုတ်လား"

သူ့လေသံက ပိုပြီး လူကြီးဆန်လာသည်။

"နေလည်း မကောင်းဘူး မဟုတ်လား။ အဖေက အငယ်လေးအတွက် အမြဲတမ်း မုန့်တွေ ဝယ်လာတတ်တယ်။ သမီးကိုတော့ စာသင်ပေးတယ်။ သဒ္ဒါနဲ့ စာလုံးပေါင်းတွေလည်း သင်ပေးတယ်။ မေမေက ဘာမှ မပြောဘူး။ ဒါပေမဲ့ သူ သဘောကျပါတယ်။ မေမေက သမီး ကို ပြင်သစ်ဘာသာ သင်ပေးချင်တယ်။ သမီး သင်ရမယ့် အရွယ် ရောက်ပြီလေ"

"သမီး ဘုရားသခင် ဆုတောင်းစာတွေ ရသလား"

"ရတာပေါ့။ ကိုယ့်ကိုယ်ကိုယ်အတွက်လည်း ဆုတောင်းတယ်။ သမီး ကြီးလာပြီ မဟုတ်လား။ ပြီးတော့ ကိုလယာနဲ့ လီဒိုချကာလည်း အမေနဲ့အတူ ဆုတောင်းစာတွေလိုက်ဆိုတတ်နေပြီ။ စစချင်း သူတို့ မယ်တော်မာရီ အမွှမ်းကို ရွတ်တယ်။ ပြီးတော့မှ ဘုရားသခင် သည် အားလုံးကို ခွင့်လွှတ်တော်မူတယ်။ အစ်မဆွန်ညာကို ကောင်းချီးပေးတော်မူပါလို့ ဆုတောင်းတယ်။ ပြီးတော့မှ အဖေကြီးအတွက် ဆုတောင်းတယ်။ သေသွားတဲ့ အဖေကြီး လေ။ ပြီးတော့မှ ခု သေသွားတဲ့ အဖေ့အတွက် ဆုတောင်းတယ်"

"အစ်ကိုကြီးနာမည်က ရိုဒီယွန် ရပ်စ်ကိုလ်နီကော့ဗ်တဲ့။ အစ်ကိုကြီးအတွက်လည်း သမီး ဆုတောင်းပေးနော်"

"သမီး တသက်လုံး ဆုတောင်းပေးမယ် အစ်ကိုကြီး"

ကလေးမက အားတက်သရော ပြောသည်။ ပြီးတော့ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။ ပြီးတော့ သူ့ကို တင်းတင်းဖက်ပြန်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ကလေးမကို နာမည်နှင့် လိပ်စာပြောပြီး နောက်နေ့ ပြန်လာ ခဲ့ဦးမည့်အကြောင်း ကတိပေးလိုက်သည်။ ကလေးမလေး ဝမ်းသာအားရ ပြန်သွားသည်။ လမ်းပေါ်သို့ သူ ထွက်လာခဲ့သည့် အချိန်တွင် ဆယ်နာရီ ငါးမိနစ် ရှိပြီ။ နောက် ငါးမိနစ် အကြာတွင် တံတားပေါ် ရောက်လာပြီး သူ ရပ်နေသည်။

ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချလိုက်သည့် ပုံစံဖြင့် သူ ပြောနေသည်။

"တော်ပြီ၊ တော်လောက်ပြီ။ တံလျှပ်တွေ၊ အကြောက်တရားတွေ ငါ မောင်းထုတ် ပစ်ရမယ်။ ငါ့မှာ နေဖို့ ဘဝ တနံ့တလျား ရှိသေးတယ်။ အဘွားကြီးနဲ့အတူ ငါ့ ဘဝ မသေ စေရဘူး။ ဘုရားသခင်က ကောင်းကင်ဘုံကနေ သူ့ကို သတိရချင် ရနေပစေပေါ့။ ကဲ... ရိုဒီယွန်၊ မင်းဘဝကို စဖို့ အချိန်တန်ပြီ။ ယုတ္တိဗေဒနဲ့ အလင်းရောင်သမ်းတဲ့ ကဏ္ဍကို စ,ပေတော့။ အဲဒီမှာ ဆန္ဒတွေ၊ ခွန်အားတွေ ရှိလာလိမ့်မယ်။ ခေါ်းကို ဆွဲထုတ်တော့။ မင်းက ရပ်စရာ တပေ ပတ်လည်လောက် နေရာကလေးရှိရင် တော်ပြီလို့ ဆုံးဖြတ်ထားတဲ့ကောင် မဟုတ်လား"

သူက မမြင်ရသည့် အမှောင်ထုထဲမှ အင်အား တမျိုးကို စိန်ခေါ်နေသည့်အလား ဆက်ပြောသည်။

"...ဟိုတုန်းက ငါ နေမကောင်းလို့ တိမ်းတိမ်းပွေပွေ ဖြစ်ခဲ့တာ။ ခု ငါ နေကောင်း နေပြီ။ မနက်ပိုင်း အိမ်က ထွက်ကတည်းက ဒီလိုပဲ ဖြစ်ရမယ် ဆိုတာ ငါ

သိနေတယ်။ အဲ… ဒါထက် နေပါဦး၊ ပိုချင်ကော့ဇ်ရဲ့ အိမ်က နောက်နှစ်လှမ်း၊ သုံးလှမ်းဆို ရောက်ပြီပဲ။ ရာဇူမီခင် ဆီကိုတော့ သွားရမှာပဲ။ သူ ရယ်ချင် ရယ်ပစေပေါ့။ ပြဿနာ မရှိပါဘူး။ အရေးကြီးတာက ငါ့မှာ ခွန်အားဖြည့်ဖို့ပဲ။ ခွန်အားမရှိရင် ဘာမှ လုပ်လို့မရဘူး။ ခွန်အား ဆိုတာလည်း ကိုယ်ခံအား ကောင်းမှ ရနိုင်တာမျိုး။ အဲဒါကို သူတို့ မသိကြဘူး”

သူက ဂုဏ်ယူဝင့်ကြွားစွာနှင့် သူ့ကိုယ်သူ ယုံကြည်မှု ပြင်းပြစွာနှင့် ပြောနေခြင်း ဖြစ်သည်။ သူ တံတားပေါ်မှ ပြန်လာတော့ ခြေထောက်တွေ မသယ်ချင်လောက်အောင် လေးလံနေသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် မာနတွေ ချက်ချင်း တရိပ်ရိပ် တက်လာသည်။ သူသည် စောစောက ‘သူ’မဟုတ်တော့ပေ။ ထူးဆန်းလွန်းသည့် အပြောင်းအလဲ တမျိုးပင်။ ဒါကို သူကိုယ်တိုင် မသိပေ။ ရုတ်တရက် အသိတခု ဝင်လာသည်။ ‘ငါ့မှာ နေစရာဘဝ ရှိသေးတာပဲ။ ငါ့ဘဝက အဘွားကြီးနဲ့အတူ လိုက်သေသွားတာမှ မဟုတ်ဘဲ’ အလောတကြီး ဆွဲသည့် နိဂုံး ဖြစ်နိုင်ပါသည်။ မည်သို့ ရှိစေ သူ့စိတ်ဓာတ်တွေ တက်ကြွနေသည်။

ရာဇူမီခင်ကို ရှာရတာ သိပ်မခက်ပါ။ ပိုချင်ကော့ဇ်အိမ်ကို ရောက်လာတဲ့ အိမ်ငှား လူသစ် ဆိုတော့ အလွယ်တကူ ရှာတွေ့သည်။ တံခါးမှူးက ချက်ချင်း လမ်းညွှန်ပေးသည်။ လှေကားပေါ်တက်လိုက်သည် ဆိုရင်ပဲ လူတစု၏ အော်ဟစ် ရယ်မောနေသံတွေ ကြားရ တော့သည်။ သူ့အခန်း တံခါးဖွင့်ထားသည်။ အော်ဟစ် ငြင်းခုံသံတွေလည်း အတိုင်းသား ကြားနေရသည်။ ရာဇူမီခင့် အခန်းမှာ အတော်လေး ကျယ်သည်။ ဧည့်သည်အားလုံး ဆယ့် ငါးယောက်ခန့် ရှိသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဝရန်တာတွင် ရပ်နေလိုက်သည်။ ဧည့်ခန်း တဖက်တွင် အိမ်ရှင်အမျိုးသမီး၏ အိမ်ဖော်မကလေး နှစ်ယောက် ပန်းကန်ခွက်ယောက် တွေ၊ ပုလင်းတွေနှင့် အလုပ်ရှုပ်နေကြသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို ခေါ်ပေးဖို့ ကောင်မလေးနှစ်ယောက်ကို ပြောလိုက်သည်။ ချက်ချင်း သူ ဝမ်းသာအားရ ပြေးထွက်လာသည်။ သူ မူးနေမှန်း သိသာနေသည်။ ဘယ်လောက် သောက်ထားသည် မသိ။ သူက တော်ရုံနှင့် မူးတတ်သူ မဟုတ်။

ရပ်စ်ကိုလ်နီကော့ဗ်က အလောတကြီး ဆီးပြောသည်။

“ဒီမယ် သူငယ်ချင်း၊ ငါ အထဲ မဝင်တော့ဘူး။ ငါ သိပ်အားနည်းနေတယ်။ သွားမယ် နော်။ မနက်ဖြန် လာခဲ့ဦးကွာ”

“ဟော့… နေဦး၊ ငါ ပြန်ပို့ပေးမှာပေါ့။ မင်း နေမကောင်းဘူး မဟုတ်လား”

“ဟာ.. မဟုတ်တာ၊ မင်း ဧည့်သည်တွေ ဘယ့်နှယ် လုပ်မလဲ၊ ဟိုမှာ ထွက်ကြည့် နေတာ ဘယ်သူလဲ”

"မသိဘူးလေ။ ငါ့ ဦးလေးရဲ့ ညှော်သည် ဖြစ်မှာပေါ့။ သူတို့ကို ဦးလေးနဲ့ ထားခဲ့မယ်။ အလကားလူတွေ။ ဦးလေးနဲ့ မင်း ခု မတွေ့တာ နာတာပေါ့ကွာ။ ထားပါကွာ၊ သူတို့က မနိုင်ပါဘူး။ ငါမရှိလည်း ဘာမှ မဖြစ်ဘူး။ ခုလောက်ဆို သူတို့ ငါ့ကို မေ့သွားလောက်ပြီ။ ငါကလည်း သူတို့ကို စိတ်ကုန်နေတာနဲ့ မင်း ရောက်လာတာ အတော်ပဲ။ နောက် နှစ်မိနစ် လောက်ဆိုရင် သူတို့နဲ့ငါ ရန်ဖြစ်တော့မှာ သေချာတယ်။ အလကား လူတွေ။ ပေါက်ပန်းဈေး စကားတွေက လွဲပြီး ဘာမှ မပြောတတ်ဘူး။ သူတို့ပြောတာတွေက တခုမှ မဟုတ်ဘူး။ ကြက်ဥနဲ့ ကြက်မ ဘယ်ကစလဲ ဆိုတာမျိုးတွေ ငြင်းနေကြတာ။ လူတွေဟာ မုသားနဲ့ မကင်းကြပါဘူး။ လက်ဝှေ့ချောနိုင်အောင်လောက်ပဲ မုသားထည့်ပေါ့။ ခုတော့ မဟုတ်ပေါင် ကွာ။ ကဲ... သူငယ်ချင်း ခဏထိုင်၊ ဇိုစီမော့ဗ်ကို ငါ သွားခေါ်လိုက်မယ်'

ရပ်စ်ကိုလ်နီကောဗ်ကို တွေ့တော့ ဇိုစီမော့ဗ် ဝမ်းသာသွားသည်။ သို့သော် ချက်ချင်း လူနာနှင့် ဆရာဝန်ပုံစံ ဖြစ်သွားပြီး စစ်ဆေးတော့သည်။ "မင်း ချက်ချင်း ပြန်အိပ်ရမယ်။ ရော့... ဒီမှာ၊ ငါ မင်းအတွက် ဆေးတခွက်စာ စပ်လာတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က တချက်တည်း ယူမော့လိုက်ပြီး-

"နှစ်ခွက်စာလည်း ရပါတယ်" ဟု ပြောလိုက်သေးသည်။

ဇိုစီမော့ဗ်က ရာဇူမီခင်ဘက် လှည့်ပြီး -

"မင်း လိုက်ပို့လိုက်နော်။ အခြေအနေ သိပ်မဆိုးပါဘူး။ ကောင်းသွားမှာပါ။ မနက်ဖြန် မှ ငါ လာကြည့်မယ်။ ဂရုစိုက်လိုက်ပါကွာ။ ဒီမနက်ပိုင်းက စပြီး သူ ပြောင်းလဲလာတာကွ၊ ဘဝကို နေဖို့ သူ စဉ်းစားတတ်လာပြီ"

လမ်းပေါ်ရောက်သည်နှင့် ရာဇူမီခင်က နိဒါန်းမပျိုးဘဲ လိုရင်းကို တန်းပြောတော့သည်။

"ဇိုစီမော့ဗ် ငါ့ကို ကပ်ပြောသွားတာ မင်း မကြားလိုက်ဘူးနော်။ မင်းကို ငါ တည့်တည့်ပဲ ပြောမယ်။ မင်းနဲ့ ငါနဲ့ပဲ ပြောလို့ ရမယ်။ ကျန်တဲ့ဟာတွေက ငတုံးတွေ။ သူက ပြောတယ်ကွ။ မင်းကို ပြန်ပို့ရင်း မင်းနဲ့ ဆွေးနွေးပါတဲ့။ မင်း သဘောထားကို ပြန်နားထောင် ပါတဲ့။ ပြီးတော့ သူ့ကို ပြန်ပြောပါတဲ့။ သူက မင်းကို သွင်သွင်ရူးမသွားတောင် ကြောင်သွားပြီ လို့ ထင်နေတာ။ မင်း စဉ်းစားကြည့်။ မင်းက သူ့ထက် သုံးဆလောက် ပိုတော်တယ်။ မင်း ရူးမသွားဘူး ဆိုရင် သူ့ခေါင်းထဲက သူ့အမြင်တွေကို မင်း ကလော်ထုတ်မှာ။ နောက်တခုက သူဟာ ခွဲစိတ်ဆရာဝန်ကြီးနော်။ ခု သူကိုယ်တိုင် ရူးချင်နေပြီ။ ဒီနေ့ မင်းနဲ့ ဇာမယိုတော့ဗ် ပြောတာတွေ သူ ကြားသွားလို့လေ"

“ဇာမယိုတော့ဗ်က မင်းကို အားလုံး ပြောပြပြီးပြီပေါ့။ ဟုတ်လား”

“အားလုံး ပြောပြတယ်။ အဲဒါ ကောင်းတဲ့ လက္ခဏာကွ။ ငါ ခု ဇာတ်ရည်လည် သွားပြီ။ ဇာမယိုတော့ဗ် ကိုယ်တိုင်လည်း သဘောပေါက်သွားပြီ။ အင်း... ငါ လိုရင်းပြောမယ် ရော့ဒ်ယာ။ အဓိကက.. အေး... ငါ နည်းနည်းမူးနေတယ်။ ဒါပေမဲ့ အရမ်း မမူးပါဘူး။ အဓိက က ဝိုးတိုးဝါးတား ဖြစ်နေတာတွေ မင်း နားလည်ပါတယ်နော်။ အဲဒီလို အမြင်တွေ ဝိုးဝါးနေ တဲ့အတွက် သူတို့ အစာမကြေ ဖြစ်နေကြတယ်။ မင်း နားလည်တယ်နော်။ အဲဒီကိစ္စ သူတို့ တတွေ ဖွင့်လည်း မပြောရဲကြဘူး။ ဘာလို့လဲဆိုတော့ ဒါဟာ အဓိပ္ပာယ်မရှိဆုံး ပေါက်ပန်းဈေး စကားမို့ပဲ။ အဆိုးဆုံးက ဆေးသမားကို သူတို့ ဆွဲလိုက်တာပဲ။ အဲဒီမှာ ပိုရှုပ်ကုန်တာ။ တော်တော့် ကို တုံးတဲ့လူတွေ။ ဇာမယိုတော့ဗ်ကို ငါ ပစ်ဟောက်လိုက်တယ်။ အဲဒါ တို့နှစ်ယောက်ပဲ သိပါစေနော်။ အဲဒီအကြောင်း မင်း သိတယ် ဆိုတာ လေသံတောင် မဟနဲ့ သိလား။ သူက ကြက်ခေါင်းဆိတ်မခံကွ။ ငါ အဲဒီလိုပဲ သတိထားမိတယ်။ လာဗီဇာ ဆီမှာ အားလုံး ရှင်းသွား တာ။ အဓိကကတော့ အီလျာပီထရိုဗစ်ချ် ဆိုတဲ့ကောင်ပဲ။ သူတို့ စခန်းမှာ မင်း သတိလစ် သွားတာကို ရေးကြီးခွင့်ကျယ် လုပ်နေတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အဲဒီအတွက် သူ့ဘာသာ သူ ရှက်နေတယ်လေ။ ငါ သိတာပေါ့' ရပ်စ်ကိုလ်နီကော့ဗ်က အာရုံစိုက်ပြီး သေသေချာချာ နားထောင်သည်။ ရာဇူမီခင် မူးမူးနှင့် အိတ်သွန်ဖာမှောက် ပြောနေခြင်း ဖြစ်၏။

“ငါ သတိလစ်သွားတာက သူတို့အခန်းတွေ ဆေးသုတ်ပြီးစမို့ပါကွာ။ ဆီဆေးနံ့ က အရမ်းပြင်းတာ”

“သူက ပြောတယ်။ မင်း သတိလစ်သွားတာ ဆေးနံ့ကြောင့်ချည်း မဟုတ်ဘူးတဲ့။ ဆေးနံ့က ဒါလောက် မဟုတ်တော့ဘူးတဲ့။ သုတ်ထားတာ တလလောက် ရှိပြီဆိုပဲ။ အဲဒါကို ဇိုစီမော့ဗ်က အတည်ပြုပေးဖို့ ဒီမှာ လာစောင့်နေတာ။ ဒါပေမဲ့ ငနဲက စိတ်ပျက်လက်ပျက်နဲ့ ဘာပြောလဲ သိလား။ “ကျွန်တော်က သူ့လက်သန်းကလေးလောက်တောင် တန်ဖိုး မရှိပါ ဘူးဗျာ” တဲ့။ မင်းကို ပြောတာ။ တခါတလေမှာတော့ သူ ပြောတာတွေ ဟုတ်သလိုလိုပဲ၊ စိတ်ကောင်းဝင်နေတဲ့ အခါမျိုးပေါ့။ ဒီနေ့ သူပြောတဲ့အထဲက မှန်နန်း စကားဝိုင်းကတော့ စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ။ မောင်ရင် လုပ်တာ သူ ပထမပိုင်းမှာ တကယ်လန့်သွားတာ။ ဒီကောင် လေဖြတ်မလို ဖြစ်သွားတယ်တဲ့ သိလား။ ဒီတခါလည်း မင်း သူ့ကို ကောင်းကောင်း အရူးလုပ်နိုင်ခဲ့တယ်။ မဟုတ်တာ အဟုတ်ထင်အောင် မင်း လုပ်လိုက်တာလေ။ ဒီကောင် တကယ် ရူးချင်နေပြီ။ မင်းကတော့ တကယ်ပါပဲကွာ။ ရှားတယ်။ တကယ် တော်ပါပေတယ်။ ဒါပေမဲ့ သူတို့ကို လမ်းမှန်ပေါ် ရောက်အောင် မင်း လုပ်ပေးခဲ့တယ်။ ငါ မဆုံလိုက်ရတာ နာတယ်ကွာ။ ခု သူ မင်းကို အသေအလဲ တွေ့ချင်နေတယ်။ ပေါ်ဖီရီကလည်း မင်းနဲ့

မိတ်ဆွေ ဖြစ်ချင်နေတယ်’

“ဟုတ်လား၊ သူကကောလား၊ ဒါဆို ငါ့ကို ဘာလို့ အရူးလို့ ထင်နေကြတာလဲ” “ကွာ... မင်းက တကယ်ရူးတာမှ မဟုတ်တာ။ အဲ... ငါ အာချောင်တာ များသွားပြီ ထင်တယ်ကွာ။ ဒီမယ် သူငယ်ချင်း၊ သူက ဒီနေ့ မင်းကို တခုတည်း စိတ်ဝင်စားနေတယ်လို့ ထင်နေတယ်။ ခုတော့ ဘာကြောင့် ဒီတခုတည်း စိတ်ဝင်စားတယ် ဆိုတာ ရှင်းသွားပြီ။ သူက ပက်ဝန်းကျင် အခြေအနေ အမျိုးမျိုးနဲ့ စဉ်းစားတာလေ။ အဲတော့ နေမကောင်းဖြစ် နေတဲ့ မင်းဟာ မခံချိမခံသာ ဖြစ်လာတော့တာပေါ့။ ရှုပ်ထွေးကုန်တော့တာပေါ့။ ငါ နည်းနည်း တော့ ထွေနေတယ် သူငယ်ချင်း။ သူ့အကြောင်းကတော့ မကောင်းဆိုးဝါးတွေပဲ သိမယ် ထင်တယ်။ သူ့ခေါင်းထဲမှာ အတွေး တမျိုးမျိုး ဝင်နေတာကွ။ ငါတော့ သူ သိပ် စိတ်မမှန် တော့ဘူး ထင်တာပဲ။ ဒါပေမဲ့ ခေါက်ထားလိုက်ပါကွာ"

မိနစ်ဝက်မက နှစ်ယောက်သား ငြိမ်သွားကြသည်။ နောက်မှ ရပ်စ်ကိုလ်နီကော့ဗ် က ပြန်စသည်။

“ငါ မင်းကို ပြောစရာ ရှိတယ်။ ငါ ခုပဲ အသုဘအိမ်က ပြန်လာတာ။ ပင်စင်စား တယောက် ရုတ်တရက် သေသွားတယ်။ ငါ့ရှိသမျှ ပိုက်ဆံတွေ အကုန် ပေးပစ်ခဲ့တယ်။ အဲဒါထား၊ ငါ့ကို ကလေးမလေးတယောက်က ဖက်ပြီး နမ်းဖို့ ကြိုးစားတယ်။ ငါ လူသတ် သမား ဖြစ်နေလည်း သူ နမ်းမှာပဲ ထင်တယ်။ တိုတိုပြောမယ်ကွာ။ နောက်တယောက်လည်း တွေ့ခဲ့သေးတယ်။ ဦးထုပ်မှာ ထိုးထားတဲ့ ငှက်တောင်ကလေးက မီးလျှံနဲ့ တူတယ်။ ငါ့စိတ်တွေ ရှုပ်လာတယ်ကွာ၊ ငါ့ကို တွဲပါ သူငယ်ချင်း။ ဒီမှာ လှေကား..."

"ဟော့... ဘယ်လို ဖြစ်တာလဲ ရော့ဒ်ယာ”

ရာဇူမီခင်က အထိတ်တလန့် မေးသည်။

“နည်းနည်းမူးတယ်။ အဲဒါက အရေးမကြီးပါဘူးကွာ။ ငါ သိပ်စိတ်ထိခိုက်လာတယ်။ မိန်းမတယောက်လို ငိုချင်လာတယ်။ ဟော့... ဟိုမှာကြည့်၊ အဲဒါ ဘာလဲကွ”

“ဘာလဲ ရော့ဒ်ယာ”

“ဟိုမှာလေ၊ ငါ့အခန်းထဲမှာ မီးလင်းနေတယ်။ တံခါးရွက်အောက်မှာ ကြည့်”

သူတို့နှစ်ယောက် အိမ်ရှင်အမျိုးသမီး အခန်းကို ကျော်ပြီး ရပ်စ်ကိုလ်နီကော့ဗ်၏ အခန်းကျဉ်းကလေး ၏ တံခါးဝသို့ ရောက်နေပြီ။ ဟုတ်သည်။ အခန်းထဲတွင် မီးရောင် လင်းနေသည်။

"ထူးဆန်းလှချေလား၊ နာတာရှာ များလား"

ရာဇူမီခင်က စပ်စုသည်။

"ဒီအချိန် ငါ့အခန်းကို သူ တခါမှ မလာဖူးဘူး။ ဒီအချိန်ဆို သူ သိုးနေပြီ။ ဘာပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ပါဘူး။ မင်း သွားတော့၊ ဘိုင့် ဘိုင်"

"ဟော့… နေဦးလေ၊ တို့ အတူတူ ဝင်မယ်လေ။ မင်းအခန်းက အထဲရောက်ရင် တက်ရ ဦးမှာလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းနဲ့ငါနဲ့ ဒီနေရာမှာ လက်ဆွဲ နှုတ်ဆက်ကြရအောင်၊ ကဲ…

လက်ပေး"

"ရှော့ဒ်ယာ၊ မင်း ဘယ်လို ဖြစ်နေတာလဲကွာ"

"ဘာမှ မဖြစ်ပါဘူး။ ဒါဆိုလည်း လာလေ၊ တခုခု ဆိုရင်လည်း မင်းက သက်သေပေါ့"

အခန်းတံခါး တွန်းဝင်ပြီး အထပ်ခိုး လှေကားထစ် အနည်းငယ်ကို တက်ခဲ့ကြသည်။ ရာဇူမီခင်က 'အင်း… ဇိုစီမော့ဗ် ပါလာရင် ကောင်းမှာပဲ" ဟု တွေးလာသည်။ "သေပါ တော့ကွာ။ ငါ လျှောက်အာချောင်တာနဲ့ သူ့ခမျာ ပိုရှုပ်ကုန်တာ" ဟု စိတ်ထဲက သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။ အခန်းထဲက အသံတွေ နှစ်ယောက်စလုံး ကြားနေသည်။

"ဘာတွေ ဖြစ်နေတာလဲကွ"

ရပ်စ်ကိုလ်နီကော့ဗ်က တံခါးကို ဆွဲဖွင့်လိုက်သည်။ တံခါးပေါက်တွင် အကြောင် သား ရပ်နေသည်။

အမေနှင့် ညီမလုပ်သူက ဆိုဖာပေါ်တွင် ထိုင်နေသည်။ သူတို့သားအမိ သူ့ကိုစောင့်နေ သည်မှာ တနာရီခွဲ ရှိပြီ။ သူ လုံးဝ မမျှော်လင့်သည့် အဖြစ်။ ဘာကြောင့် သည်လိုဖြစ်ရ ခြင်းလဲ။ သူတို့ အချိန်မရွေး ရောက်လာမည့်အကြောင်း သတင်းတွေ အကြိမ်ကြိမ် ရထား သည်ပဲ။

တနာရီခွဲလုံးလုံး သားအမိနှစ်ယောက် နာတာရှာ့ကို စစ်စစ်ပေါက်ပေါက် မေးခွန်း ပေါင်း မရေမတွက်နိုင်အောင် မေးခဲ့သည်။ နာတာရှာသူတို့ရှေ့မှာရပ်ပြီးဇာတ်စုံခင်းပြသည်။ အပြင်းဖျားနေတဲ့ကြားက ထွက်ပြေးသွားကြောင်း သိရသည့်အခါ သားအမိနှစ်ယောက် ဘုရားတ,ကာ

ရင်တမမဖြစ်ပြီး ငိုကြွေးနေကြသည်။ စိတ်ဆင်းရဲခြင်း ကြီးစွာဖြင့် ငိုပွဲ ဆင်ရင်း စောင့်နေသည်မှာ တနာရီခွဲ ကြာခဲ့ပြီ။

သူ့ကို မြင်လိုက်တော့ သားအမိနှစ်ယောက် ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ် သွားကြသည်။ နှစ်ယောက်စလုံး သူ့ဆီ ပြေးသွားကြသည်။ သို့သော် သူက မတုန်မလှုပ် ကျောက်ရုပ်။ မခံမရပ်နိုင်လောက်အောင် ပြင်းထန်သည့် ခံစားမှုသည် သူ့အား မိုးကြိုးပစ် လိုက်သည့်နှယ်တည်း။ အမေနှင့် ညီမကို ဆီးကြိုပွေ့ဖက်ဖို့ သူ့လက်နှစ်ဖက်ကို မမြှောက် နိုင်ဘဲ လူသေကောင်လို ရပ်နေသည်။ သားအမိနှစ်ယောက်က သူ့ကို အတင်း ဖက်ပြီး အလုအယက် နမ်းကြသည်။ ငိုလည်း ငိုကြ၊ ရယ်လည်း ရယ်ကြနှင့်။ သူ ရှေ့တလှမ်း တိုးသည်။ ပြီးတော့ ကြမ်းပြင်ပေါ်သို့ ခွေကျသွားကာ လုံးဝ သတိလစ်သွားတော့သည်။

အထိတ်တလန့် အော်သံများ၊ ငိုသံများနှင့် ဆူညံ သွားတော့သည်။ ဤတွင်မှ တံခါးဝတွင်ရပ်နေသော ရာဇူမီခင် အပြေးဝင်လာသည်။ အားကောင်း မောင်းသန်လက်မောင်း နှစ်ဖက်ဖြင့် သူငယ်ချင်းကို ချက်ချင်းကောက်ပွေ့ကာ ဆိုဖာပေါ်သွားတင်ပေးလိုက်သည်။

သားအမိ နှစ်ယောက်ကို သူ နှစ်သိမ့်သည်။

"စိတ်မပူကြပါနဲ့၊ ဘာမှ မဖြစ်ပါဘူး။ အလကားပါ။ ခဏလေး မေ့သွားတာပါ။ ခုပဲ ဆရာဝန်က ပြောလိုက်သေးတယ်။ သူ လုံးဝ နေကောင်းနေပါပြီတဲ့။ ရေနည်းနည်း ယူ ပေးပါ။ ဟော... တွေ့လား၊ သူ သတိရလာပြီ"

ဒွန်နက်ချက်ကာ၏ လက်မောင်းကို လှမ်းဆွဲပြီး၊ သူ့အစ်ကိုကို ငုံ့ကြည့်စေပြီး ထပ်ပြောသည်။

"ဒီမှာ သူ သတိရလာပြီလေ"

သားအမိနှစ်ယောက်တို့သည် ရာဇူမီခင်ကို ကျေးဇူးတင်မဆုံးသည့် မျက်လုံးများ ဖြင့် ကြည့်နေကြသည်။ သူတို့ စိတ်ထဲတွင် သူ့ကို ကယ်တင်ရှင်တပါးလို မှတ်ယူထားလိုက် ကြသည်။ နာတာရှာဆီမှ သူ့အကြောင်း သားအမိနှစ်ယောက် ကြားပြီး ဖြစ်သည်။ ဖျားနာ နေသည့် တချိန်လုံး ရော့ဒ်ယာကို ဘယ်လိုပြုစုပုံ၊ ဘယ်လို အန္တတာခံပုံ စသည် စသည်များ။

ရာဇူမီခင်နှင့် သားအမိနှစ်ယောက် ချက်ချင်း ရင်းနှီးသွားသည်။

※※※

အပိုင်း (၃)

(၁)

ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာပေါ်တွင် ထထိုင်သည်။ အမေနှင့်ညီမလုပ်သူကို နှစ်သိမ့်စကား တွေ ကရားရေလွှတ် စွတ်ပြောနေသော ရာဇူမီခင်ကို လက်တဖက်ဖြင့် ချည့်နဲ့စွာ ဝေ့ပြလိုက်သည်။ ပြီးတော့ အမေနှင့်ညီမ၏ လက်တဖက်စီကို သူ့လက်နှစ်ဖက်ဖြင့် လှမ်းဆုပ်လိုက်သည်။ ပြီးတော့ နှစ်မိနစ်မျှ သားအမိနှစ်ယောက်၏ မျက်နှာကို တလှည့်စီ ကြည့်နေသည်။ သူ ကြည့်ပုံကြောင့် အမေခမျာ ကျောထဲ စိမ့်သွားရှာသည်။ သူ့မျက်လုံးထဲမှ ပြင်းထန်သည့် ဝေဒနာနှင့် ခံစားမှုကို အထင်းသား တွေ့လိုက်ရသည်။ သွင်သွင်ရှူးတော့မည့် လက္ခဏာ။ ပူလ်ချီရီယာ (မေမေရပ်စ်ကိုလ်နီကော့ဗ်) သည် မထိန်းနိုင်တော့ဘဲ ငိုချလိုက်သည်။

ညီမလုပ်သူ၏ မျက်နှာကလေးမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အစ်ကို့ လက်ထဲမှ သူ့လက်ကလေးမှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို လက်ညှိုးထိုး ပြပြီး-

“ကဲ… ပြန်ကြတော့၊ သူနဲ့ လိုက်သွား။ မနက်ဖြန်မှ ပြန်တွေ့ကြတာပေါ့။ ရောက် တာ ကြာပြီလား"

“မေမေတို့ ဒီညနေပဲ ရောက်တာလေ။ ရထားက အရမ်းနောက်ကျတာပဲ။ ဒါပေမဲ့ ရော့ဒ်ယာ၊ မေမေ မပြန်ဘူး။ မေမေ သားကို ဒီအတိုင်း ထားမသွားနိုင်ဘူး။ ဒီမှာပဲ အိပ်မယ်။ ပြီးတော့…”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မရှည်သလို လက်ခါပြပြီး-

“ကျွန်တော့်ကို မနှိပ်စက်ပါနဲ့ မေမေ''

ရာဇူမီခင်က ဝင်ပြောသည်။

"ကျွန်တော် နေပါ့မယ်။ သူ့ကို ကျွန်တော့် မျက်စိအောက်က အပျောက် မခံတော့ဘူး၊ ကျွန်တော့်အခန်းမှာလည်း မကောင်းဆိုးဝါးတွေ ဝင်စီးထားလို့ပါ။ ခုလောက်ဆို နံရံတွေ ဖက်တက်နေကြပြီလား မသိဘူး။ ခေါင်းသူကြီးက ကျွန်တော့်ဦးလေးလေ”

“ကျေးဇူးတင်လိုက်တာကွယ်”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က သား လက်ကို ညှစ်ပြီး ပြောလိုက်သည်။

သို့သော် ရပ်စ်ကိုလ်နီကော့ဗ်က အလျှော့မပေး။ အောင့်သက်သက်ဖြစ်နေသည့် လေသံဖြင့် -

"မဖြစ်ဘူး၊ မဖြစ်ဘူး။ သွားကြ၊ သွားကြ၊ ကျွန်တော့်ကို မနှိပ်စက်ကြပါနဲ့"

ဒွန်ညာက ကြောက်ကြောက်လန့်လန့်နှင့် အမေ့နားနား ကပ်ပြောသည်။

"မေမေ လာ...၊ အပြင်ခဏ ထွက်နေလိုက်ကြရအောင်၊ သူ အရမ်းစိတ်ညစ်နေတယ်"

အမေလုပ်သူက ငိုပြန်သည်။

"သမီးရယ်၊ မေမေ သားကို မတွေ့ရတာ သုံးနှစ် ရှိပါပြီကွယ်"

အမေနှင့် ညီမကို ရပ်စ်ကိုလ်နီကော့ဗ် ဟန့်ပြန်သည်။

"နေကြပါဦး။ ဘာပြုလို့ ကျွန်တော့်ကို ဝိုင်းပြီး စိတ်အနှောင့်အယှက် ပေးနေကြ တာလဲ။ ကျွန်တော့် ခေါင်းတွေ နောက်လာပြီ။ ဒါထက် လူဇင်နဲ့ တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး သား။ ဒါပေမဲ့ မေမေ ရောက်ပြီဆိုတာ သူ သိတယ်။ သူ ဒီနေ့ ဒီကို လာသွားတယ် ကြားတယ်"

မအေက သားကို ရှက်ရွံ့ရွံ့လေသံဖြင့် ပြောသည်။

"ဟုတ်တယ်၊ လာသွားတယ်။ ဒီမယ် ဒွန်ညာ၊ ငါ သူ့ကို ပြောလိုက်တယ်။ အဝီစိရောက်သွားတဲ့အထိ လှေကားက ငါ ကန်ချမယ်လို့"

"သား... ရှော့ဒ်ယာ၊ သား ဘယ်လို ပြောလိုက်တာလဲကွယ်။ သား တကယ် ပြောတာ မဟုတ်ပါဘူးနော်။ ဒါထက် ..."

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ဒွန်ညာ့ကို ကြည့်ပြီး တုံ့သွားသည်။

ဒွန်ညာက အစ်ကိုလုပ်သူကို ကြည့်ပြီး ဆက်ပြောမည့်စကားကို စောင့်နေသည်။ နာတာရှာ့ထံမှ သည်အကြောင်း သားအမိနှစ်ယောက်အကြမ်းဖျင်း ကြားထားပြီးဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ် စကားဆက်သည်။

"ညီမလေး ဒွန်ညာ၊ ငါ သဘောမတူဘူး။ မနက်ဖြန် သူ့ကို

ဖြတ်တဲ့အကြောင်း ပြောလိုက်။ သူ့မျက်နှာ ငါ လုံးဝ မကြည့်ချင်ဘူး”

“အို… ဘုရားသခင်”

မအေကြီးက တ,လိုက်သည်။

“အစ်ကိုရယ်၊ သတိထားပါဦး။ ဘာတွေ လျှောက်ပြောနေတာလဲ”

ဒွန်ညာ စိတ်တိုသွားပြီးမှ လျှော့ချလိုက်သည်။ “အစ်ကို သိပ်ပင်ပန်းနေတယ်။ နောက်မှ ပြောကြတာပေါ့နော်” “ဘာလဲ၊ ငါ ပြောတာ လွန်တယ် ထင်လို့လား။ မလွန်ဘူး။ နင် သူ့ကို ငါ့ကြောင့် လက်ထပ်မှာ မဟုတ်လား။ ဒီလို အနစ်နာခံတာမျိုး ငါ လက်မခံဘူး။ ဒါကြောင့် မနက်ဖြန် ငြင်းဆိုတဲ့စာ ရေးရမယ်။ မနက်ဖြန် ငါ အရင်ဖတ်မယ်။ တခါတည်း ကိစ္စဖြတ်မယ်"

"အို… မရေးနိုင်ဘူး။ အစ်ကို့မှာ အဲဒီလို လုပ်ပိုင်ခွင့် မရှိဘူး’

ဒွန်ညာက စိတ်လိုက်မာန်ပါ ပြန်အော်ပြောသည်။ မအေကြီးက ဒွန်ညာ့ကို ဟန့်သည်။ “သမီး၊ စိတ်မဆိုးပါနဲ့ကွယ်။ မနက်ဖြန်မှ… ဟိုမှာ မတွေ့ဘူးလား။ လာ..သွားစို့”

ရာဇူမီခင်က ဝင်ပြောသည်။

“သူ ဖျားနေတာ၊ ဒါကြောင့် ကယောင်ချောက်ချားတွေ လျှောက်ပြောနေတာ။ မဟုတ်ရင် ဘယ်ပြောရဲမလဲ။ မနက်ဆိုပုံမှန် ရောက်သွားမှာပါ။ ဒါပေမဲ့ဒီနေ့ ဟိုလူ့ကိုမောင်းထုတ် တာတော့ အမှန်ပဲ။ တကယ် သူ ပြောတဲ့ အတိုင်းပဲ။ ဟိုတယောက်တော့ တော်တော် ဒေါပွသွားတယ်။ သူက ဒီမှာ လာပြီး ကြွားလုံးထုတ်တာ။ သူ တော်ကြောင်း၊ သူ တတ်ကြောင်း တွေ များသွားတာကိုး။ ဒီတော့ နောက်ဆုံးမှာ အမြီးကုပ် ပြေးရတော့တာပေါ့”

“ဒါဆို သူ ပြောတဲ့အတိုင်းပေါ့။ ဟုတ်လား”

မေမေရပ်စ်ကိုလ်နီကောဗ် အလန့်တကြား မေးလိုက်သည်။

ဒွန်ညာက ကရုဏာသံဖြင့်-

“ဒါဆို မနက်ဖြန်မှ လာမယ်။ နော်… အစ်ကို။ လာ… မေမေ၊ သွားစို့၊ ဂွဒ်ဘိုင် ရော့ဒ်ယာ”

အစ်ကိုလုပ်သူက အားယူပြီး -

“နားထောင်ဦး ညီမလေး။ ငါ ကယောင်ကတမ်း ပြောတာ မဟုတ်ဘူးနော်။

အဲဒီ မဂ်လာဆောင်ဟာ စက်ဆုပ် ရွံရှာစရာပါပဲ။ ဒါပေမဲ့ နင် အဲဒီလို မဖြစ်စေရဘူး။ တခါ သေဖူး ပြီးပြီ မဟုတ်လား။ ငါ့စကား နားမထောင်ရင် နင့်ကို ငါ့ညီမလို့ မသတ်မှတ်တော့ဘူး။ ငါ့ကို ရွေးမလား၊ လူဇင်ကို ရွေးမလား။ ကဲ.. နှစ်ယောက်လုံး သွားကြတော့”

ရာဇူမီခင် ဒေါသတကြီး အော်ပြောသည်။

“ဟော့... ရော့ဒ်ယာ၊ မင်း တကယ် ရူးသွားပြီလား။ မိုက်ရိုင်းလိုက်တာကွာ”

သို့သော် ရပ်စ်ကိုလ်နီကော့ဗ်က ဘာမှ မတုံ့ပြန်တော့။ တုံ့ပြန်နိုင်စွမ်း မရှိတော့ တာလည်း ဖြစ်နိုင်ပါသည်။ ဆိုဖာပေါ်တွင် လူးလွန့်ကာ နံရံဘက်သို့ လှည့်လိုက်သည်။ သူ၏ နောက်ဆုံး အင်အားကို သုံးပြီး လှည့်လိုက်သည့်အခါ ဒွန်ညာက ရာဇူမီခင်ကို အဓိပ္ပာယ် ရှာဖွေသည့် မျက်လုံးများဖြင့် လှမ်းကြည့်သည်။ မျက်နက်ဝန်းများက အရောင် တဖျတ်ဖျတ်။ ရာဇူမီခင်က ဝုန်းခနဲ ထရပ်လိုက်သည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်က မတ်တတ်ရပ်လျက် မျက်မှောင်ကုတ်နေသည်။ ပြီးတော့ ရာဇူမီခင်ကို ကြည့်ပြီး တိုးတိုးပြောသည်။

“အဒေါ်ပြန်လိုက်လို့ ဘယ်ဖြစ်မလဲကွယ်။ နေခဲ့မယ်။ တနေရာရာမှာ ဖြစ်ဖြစ်ပေါ့။ ဒွန်ညာ့ကိုသာ မင်း ပြန်ပို့ပေးလိုက်ပါ’

ရာဇူမီခင်က စိတ်ကို မနည်းထိန်းထားရပုံဖြင့် တိုးတိုး ပြောသည်။

“မင်းကြောင့် အားလုံး ပျက်စီးကုန်ပြီ ရော့ဒ်ယာ။ လာ... ကျွန်တော်တို့ ခဏ ဖြစ်ဖြစ် အပြင်ထွက်နေလိုက်ကြရအောင်။ နာတာရှာ... မီးအိမ် ခဏပြပေးပါ”

အပြင်ရောက်တော့ လေသံဖြင့် ဆက်ပြောပြန်သည်။

“စောစောပိုင်းက ကျွန်တော်တို့ကိုလည်း သူ တွယ်ပြီးပြီ။ ခံရတာ ကျွန်တော်နဲ့ ဆရာဝန်ပေါ့။ သိလား၊ ဆရာဝန်ပါ ခံရတာ။ သူငယ်ချင်း ဆရာဝန်က သူ့စိတ် ပိုပြီး ကစဉ့် ကလျား ဖြစ်မှာစိုးလို့ ပြန်သွားတယ်။ ကျွန်တော်က ဆရာဝန်ကို အောက်ထပ် လိုက်ပို့တယ်။ အဲဒါဗျာ၊ အဝတ်အစားလဲပြီး ကျွန်တော့်အလစ်မှာ အပြင် ထွက်ပြေးသွားတယ်။ ခုလည်း ကျွန်တော်တို့ ဆက်ပြီး သူ့ကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရင် အမှောင်ထဲ ပြေး ထွက်သွားပြီး သူ့ကိုယ်သူ ရန်ရှာချင် ရှာမှာ”

“မင်း ဘာတွေ ပြောနေတာလဲ”

“နောက်တခု အဒေါ် စဉ်းစားကြည့်လေ။ ဟိုအခန်းကို အဒေါ်မပါဘဲ ဒွန်ညာ တယောက်တည်း ပြန်လို့ မဖြစ်ဘူးလေ။ အဒေါ်တို့ နေတဲ့ နေရာကိုလည်း ပြန်ကြည့်ဦး။ လူဇင်ကဒီထက်ကောင်းတဲ့နေရာ ရှာမပေးနိုင်ဘူးလား။

ကျွန်တော်နည်းနည်းမူးနေပါတယ်။ ဒါပေမဲ့ ကျွန်တော် သူများတွေကို အမနာပ လျှောက်ပြောမနေသင့်ဘူးနော်။ ကျွန်တော့်ကို ဗွေမယူကြပါနဲ့ဗျာ"

"ဒါဆို အိမ်ရှင့်ဆီ သွားခွင့်တောင်းမယ်။ အဒေါ်တို့ သားအမိ နေစရာ စီစဉ်ပေးပါ လို့။ ဘယ်ချောင်မှာ နေရနေရလို့ ပြောမယ်။ ဒီအတိုင်းတော့ ထားမသွားနိုင်ဘူး။ မသွားနိုင် ဘူး"

သူတို့ ရပ်စကားပြောနေသည့် နေရာမှာ အိမ်ရှင်အမျိုးသမီး တံခါးဝတွင် ဖြစ်သည်။ နာတာရှာက မီးအိမ် မြှောက်ပြထားသည်။

ရာဇူမီခင်တယောက် မခံချိမခံသာ ဖြစ်နေသည်။ လွန်ခဲ့သည့် နာရီဝက်က ရပ်စ်ကိုလ် နီကော့ဗ်ကို သူ ပြန်ပို့ပေးခဲ့စဉ်က မလိုအပ်ပါဘဲ သူ စကားတွေ လမ်းတလျှောက်လုံး ဖောင်ဖွဲ့ လာခဲ့သည်။ သူ့အသိဉာဏ်တွေ နိုးကြား ဖျတ်လတ်နေခဲ့သည်။ ထိုညက ဝိုင်တွေ မတရား သောက်ထားသော်လည်း ခုတော့ သူ့အခြေအနေမှာ အမူးပြေချိန်တွင်မှ ရီဝေဝေ ဝိုးတဝါး ပြန်ဖြစ်နေသည်။ ပျော်ရွှင်မှု နယ်စပ်နှင့် နီးကပ်လာသလိုလို စိတ်မှာ ခံစားရသည်။ အင်အား နှစ်ဆ ကြီးမားသည့် အဟုန်ဖြင့် သူ့ဆီ ရောက်လာသည့် ပျော်ရွှင်မှုမျိုး။ အမျိုးသမီး နှစ်ဦး၏ လက်ကို တင်းတင်းဆုပ်ကာ အပွင့်လင်းဆုံး ရှင်းလင်းချက်တွေ ပေးနေသည်။ ငြင်းချက် တွေ ထုတ်နေသည်။ စိတ်လှုပ်ရှားလာသည့်အခါ လက်ကလေးနှစ်ဖက်ကို တအား ညှစ်သည်။ ဒွန်ညာ့ကို ရမ္မက်ခိုးတွေ ဝေနေသည့် မျက်လုံးများဖြင့် အာသာငမ်းငမ်း စိုက်ကြည့်သည်။

ရှက်ရ ကြောက်ရမှန်းလည်း မသိတော့။ ရံခါတွင် ဧရာမ သူ့လက်ဖဝါးကြီးထဲမှ မိန်းမသား နှစ်ဦးက သူတို့ လက်ချောင်းသွယ်သွယ်ကလေး နှစ်ဖက်ကို နာလွန်းသဖြင့် အတင်း ပြန်ဆွဲယူ သည့်အခါ ပို၍ တင်းတင်းညှစ်ပြန်သည်။

ထိုအချိန်တွင် သားအမိက လှေကားကို ခေါင်းနှင့်ဆင်းဖို့ အမိန့်ပေးလျှင်တောင် သူ့အမိန့်ကို နာခံလိမ့်မည် ထင်သည်။ လုံးဝ ငြင်းဆန်မည်၊ တုံ့ဆိုင်းမည် မထင်။ ထိုလူငယ် က သူ့လက် တအားဆုပ်ထားသည့်တိုင် နာရမှန်း မသိ။ သူရှူးတယောက်၏ တောင်စဉ်ရေ မရ စကားလုံးများကိုလည်း မကြားတချက် ကြားတချက်။ စိတ်က ရေ့ဒ်ယာဆီသို့သာ ရောက်နေသည်။ ဒွန်ညာသည် သတ္တိကောင်းသော မိန်းကလေး ဖြစ်သည်။ ခုတော့ အစ်ကို့ သူငယ်ချင်း၏ မျက်လုံးများနှင့် ရင်ဆိုင်ရမှာ ကြောက်နေသည်။ သူ့မျက်လုံးများက မီးလျှံ တွေ ထုတ်လွှတ်နေသည့်နှယ်။ သို့သော် နာတာရှာဆီမှ ကြားရသည့် သည်လူထူးလူဆန်း ကို စိတ်ချယုံကြည်စွာ အားကိုးနေမိသည်။ သူနှင့် လွတ်အောင် ပြေးနိုင်ပါ့မလား။ ဆယ်မိနစ် ခန့်ကြာမှ ဂုဏ်ရှိ ပြန်ဆည်လာနိုင်သည်။ တဖြည်းဖြည်းမှ သူ့အကြောင်း

သိလာသည်။

"အိမ်ရှင်ဆီ သွားလို့ မဖြစ်ဘူး အဒေါ်။ အဓိပ္ပာယ်လည်း မရှိဘူး"

သူက မအေလုပ်သူကို ရှင်းပြသည်။

"အဒေါ်က အမေ ဖြစ်ပေမဲ့ အဒေါ် မပြန်ဘဲ နေရင် သူ ဒေါသူပုန် ထဦးမှာ။ ဘာတွေ ဆက်ဖြစ်မယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ဒီမယ်... ကျွန်တော့်အစီအစဉ် ပြောပြမယ်။ နာတာရှာကို သူ့အနားမှာ ထားခဲ့မယ်။ အဒေါ်တို့ သားအမိနှစ်ယောက်ကို ကျွန်တော် ပြန်ပို့မယ်။ ပီတာစဘတ်မှာ ညကြီးမင်းကြီး နှစ်ယောက်တည်း မပြန်သင့်ဘူး။ ပြီးတော့ အို... ထားလိုက်ပါလေ။ ပို့ပြီးတာနဲ့ ကျွန်တော် ဒီကို ပြန်ပြေးလာကြည့်မယ်။ သူ့အခြေအနေ ကို ဆယ့်ငါးမိနစ်အတွင်း ကျွန်တော် ပြန်သတင်းပို့မယ်။ အိပ်ပျော်နေသလား၊ ဘာလားပေါ့။ ပြီးတာနဲ့ ကျွန်တော့်အခန်းပြန်ပြီး ဇိုစီမော့ဗ်ကို ခေါ်မယ်။ သူက ဆရာဝန်လေ။ သူ့ကို ကုနေတဲ့ ဆရာဝန်။ သူ ကျွန်တော့်အိမ်မှာ ရှိနေတယ်။ သူ မမူးဘူး။ သူက မသောက်ဘူးလေ။ သူ့ကို ရော့ဒ်ယာဆီ အတင်းဆွဲ ခေါ်လာမယ်။ တနာရီအတွင်း သူ့ကျန်းမာရေးသတင်း အပြည့်အစုံ ကြားရမယ်။ ဆရာဝန်ကိုယ်တိုင် ပြောတဲ့သတင်းနော်။ ကျွန်တော် ကျိန်ပြော မယ်။ ဆရာဝန်ကို ဒီအထိရအောင် ခေါ်လာမယ်။ သူ့အခြေအနေ မကောင်းဘူးဆိုရင် ချက်ချင်း ပြေးလာပြီး အဒေါ်တို့ကို ခေါ်မယ်။ နေကောင်းတယ်ဆိုရင် အေးအေးဆေးဆေး အိပ်ကြ ပေါ့။ ကျွန်တော်ကတော့ တံခါးပေါက် အပြင်ဘက်မှာ တညလုံး စောင့်အိပ်မယ်။ သူ ဘယ်လိုမှ မသိနိုင်ဘူး။ ဇိုစီမော့ဗ်ကို အိမ်ရှင့်အခန်းမှာ အိပ်ခိုင်းမယ်။ ညရေးညတာ အရေးပေါ်လာရင် ဒါမှ အသင့်ဖြစ်မှာလေ။ ကဲ... အဒေါ်စောင့်တာနဲ့ ဆရာဝန် စောင့်တာ ဘယ်ဟာက ပိုကောင်း လဲ။ အရမ်းကွာမှာပေါ့ အဒေါ်ရဲ့။ ကဲ... ပြန်ကြရအောင်။ အိမ်ရှင် အမျိုးသမီးဆီမှာ အိပ်ဖို့က လုံးဝ မဖြစ်နိုင်ဘူး။ အဒေါ်တို့ သားအမိအတွက် မဖြစ်နိုင်ဘူး။ ကျွန်တော် ဆိုရင်တော့ ဖြစ်နိုင်တယ်။ ဘာပြုလို့လဲဆိုတော့ သူက ခပ်ကြောင်ကြောင်ရယ်။ သူက ကျွန်တော့်ကြောင့် ဒွန်ညာ့ကို မနာလို ဖြစ်မယ်။ အဒေါ်ကိုတောင် ဖြစ်ချင်နေဦးမှာ။ ဒွန်ညာ့ကို မနာလိုဖြစ်မှာက သေချာတယ်။ ဒီမိန်းမက သိပ်အသိရခက်တဲ့ မိန်းမ။ ကျွန်တော်ကိုယ်တိုင်ကလည်း ခပ်ကြောင်ကြောင် ရယ်ပါလေ။ ကဲ... ဒါတွေ ထားပါတော့။ ကျွန်တော့်ကို ယုံရဲ့လားဟင်၊ ယုံရဲ့လားဗျာ'

ဒွန်ညာက အမေ့ကို လှမ်းပြောသည်။

"လာ... မေမေ၊ သွားကြစို့။ သူ ကတိတည်မှာပါ။ ပြောတဲ့အတိုင်း လုပ်မှာပါ။ အစ်ကို့ကို သူ ကယ်ထားတာပဲ။ ဆရာဝန် စောင့်အိပ်မယ်ဆိုတော့ ဒါထက် ကောင်းတာ ဘယ်ရှိမလဲ"

"ဒါဆို မင်းကိုယ့်ကို နားလည်တယ်ပေါ့နော်။ အေးပါ၊ မင်းဟာ တကယ့် သူတော် ကောင်းမလေးပါ ဒွန်ညာ"

သူက ဝမ်းသာအားရ ပြောပြီး -

"ကဲ… သွားကြစို့။ နာတာရှာ၊ သွား… သူ့အနားမှာ ထိုင်စောင့်နေ။ မီးအိမ် ဆက်ထွန်းထား။ ကျွန်တော် ဆယ့်ငါးမိနစ်အတွင်း ပြန်ရောက်မယ်"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် အပြည့်အစုံ နားမလည်သော်လည်း အလျှော့ပေး လိုက်သည်။ ရာဇူမီခင်က အမျိုးသမီးနှစ်ဦး၏ လက်မောင်းကိုဆွဲပြီး လှေကားထစ်များ အတိုင်း ပြေးဆင်းလာခဲ့သည်။ သို့သော် မအေလုပ်သူက 'အင်း.. လူကတော့ လူတော်ပါ။ ကြင်နာတတ်ပုံလည်း ရတယ်။ ဒါပေမဲ့ သူက ဒီအခြေအနေနဲ့ ကတိအတိုင်း လုပ်ပေးနိုင်ပါ့ မလား" ဟု တွေးနေသည်။

ရာဇူမီခင်ကအမျိုးသမီးဘာတွေးနေသည်ကိုရိပ်မိလိုက်သည်။ သားအမိနှစ်ယောက် က သူ့ကို မီအောင် မနည်း လိုက်လှမ်းနေရသည်။

"အဒေါ်ရယ်၊ ကျွန်တော် မူးပေမယ့် သတိမလွတ်ပါဘူး။ အသိမချွတ်ပါဘူးဗျာ။ အဒေါ်တို့ကို မြင်လိုက်တာနဲ့ ကျွန်တော့်ခေါင်းထဲကို… အို.. အဒေါ်တို့ အဲဒါ ဂရုမစိုက်ပါနဲ့။ ကျွန်တော် အလကား အာချောင်နေတာပါ။ ကျွန်တော် အလကားကောင်ပါဗျာ။ အဒေါ်တို့ အတွက် လုံးဝ အသုံးမဝင်တဲ့ ကောင်ပါ။ အဒေါ်တို့ကို ပို့ပြီးရင် တူးမြောင်းရေ နှစ်စည်လောက်နဲ့ ကျွန်တော့်ခေါင်းကို လောင်းချလိုက်မယ်။ ဒါဆို ကျွန်တော် ခေါင်းကြည်သွားပြီ။ အဒေါ်တို့ သားအမိကို ကျွန်တော် ဘယ်လောက် ချစ်တယ်ဆိုတာ အဒေါ်တို့ မသိဘူး။ မရယ်ပါနဲ့ဗျာ။ စိတ်လည်း မဆိုးကြပါနဲ့။ တခြားလူတွေကို စိတ်ဆိုးချင်ဆိုးပါ။ ကျွန်တော့်ကိုတော့ စိတ်မဆိုး ကြပါနဲ့နော်။ ကျွန်တော်ဟာ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပါ။ အဒေါ်တို့ရဲ့ မိတ်ဆွေပါ။ အဲဒီ အတိုင်းပဲ ကျွန်တော် မြင်ချင်ပါတယ်။ ကျွန်တော်က အကုသိုလ်ကို ကြိုမြင်တတ်တယ်။ မနှစ်တုန်းက အဖြစ်တခု ရှိတယ်။ အဲ… အကုသိုလ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တမျိုးပဲ။ ကောင်းကင်ပေါ်က ကျလာသလိုဆိုတော့… ကျွန်တော် တညလုံး အိပ်မပျော် တော့ဘူး။ အဲဒီ ဇိုစီမော့ဗ် ဆိုတဲ့ကောင်က သူ့ကို ဒီနေ့ ရူးသွားမယ် ထင်နေတာ။ ဒါကြောင့် သူ့ကို စိတ် အနှောင့်အယှက် မပေးစေချင်တာ"

"သူငယ်၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

မေမေရပ်စ်ကိုလ်နီကော့ဗ်က အော်မေးလိုက်သည်။

ဒွန်ညာလည်း မနေနိုင်တော့ ဘဲ ကြောက်ကြောက်လန့်လန့်နှင့်

ဝင်မေးသည်။

"ဆရာဝန်က အဲဒီလို ပြောတယ် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီအတိုင်း ပြောတာ။ ဒါပေမဲ့ အဲဒီလို မဟုတ်ဘူး။ သူ့ကို ဆေးပေး တယ်၊ အမှုန့်တွေ၊ ကျွန်တော် မြင်လိုက်တယ်။ ပြီးတော့ အဒေါ်တို့ ရောက်လာကြတယ်။ အင်း… နောက် တရက်လောက် နောက်ကျပြီး ရောက်လာရင် သိပ်ကောင်းမှာ။ ကျွန်တော် တို့ ထွက်လာတာ မှန်တယ်။ နောက် တနာရီဆို ဇိုစီမေ့ဇ်ကိုယ်တိုင် အဒေါ်တို့ကို သေသေ ချာချာ ရှင်းပြလိမ့်မယ်။ သေချာပါတယ်။ သူ မမူးပါဘူး၊ ကျွန်တော်လည်း မမူးပါဘူး။ ဒါဆို ဘာလို့ ကျွန်တော် လက်တွေ့မကျ ဖြစ်နေရတာပါလိမ့်။ ကျွန်တော့်ကို အငြင်းအခုံကိစ္စ တခုထဲ ဆွဲထည့်ကြတယ်။ တော်တော်တုံးတဲ့ လူတွေ။ ကျွန်တော် မငြင်းချင်ပါဘူး။ အကြိမ်ကြိမ် ငြင်းတယ်။ ပြီးတော့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောတယ်။ ကံကောင်း လို့ ရန်မဖြစ်တာ။ ဦးလေးကို ခေါင်သူကြီး လုပ်ခိုင်းပြီး ထားခဲ့တယ်။ သူက ပြောတယ်။ အကြွင်းမဲ့ ဓမ္မဓိဋ္ဌာန် ကျရမယ်တဲ့။ အဲဒီမှာ ပျော်စရာ တွေ့ရမယ်တဲ့။ သူတို့မှာ သူတို့ ကိုယ်ပိုင် ပုံစံနဲ့ မုသားတွေ ရှိတယ်တဲ့"

"ဒီမယ်… ခဏလေး"

မေမေရပ်စ်ကိုလ်နီကော့ဗ်က မဝံ့မရဲဖြင့် စကားဖြတ်လိုက်သည်။ သည်တော့မှ မီးလောင်ရာ လေပင့်သလို ဖြစ်သွားပြီး ကိုယ်တော်ချောက အသံပိုကျယ်လာတော့သည်။

"အဒေါ်ဘယ်လို ထင်လဲ။ သူတို့ လိမ်ပြောလို့ ဒီလိုဖြစ်တာလို့ ထင်လား။ မဟုတ် ဘူး၊ ကျွန်တော်တော့ လူတွေ လိမ်ပြောတာကို သဘောကျတယ်။ လူသားမှာ လိမ်ပြောစရာ အခွင့်အရေးလေး တခုပဲ အမှတ်ထင်ထင် ရှိတာ။ လိမ်ပြောမှ အမှန်တရားကို တွေ့တာ။ လိမ်ပြောတတ်လို့ ကျွန်တော် လူဖြစ်လာတာ။ ဆယ့်လေးငါးကြိမ် မလိမ်ဘဲ အမှန်တရား တကြိမ်မက မရနိုင်ဘူး။ တရာ့ဆယ့်လေးကြိမ်လည်း ဖြစ်သွားနိုင်တယ်။ ဒါဟာ တနည်း နည်းဖြင့် ဂုဏ်ယူစရာ ကောင်းပါတယ်။ အဲ …ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စိတ်နဲ့ လိမ်လို့ မရဘူး။ တစုံတရာ တွန်းအားနဲ့၊ စေ့ဆော်မှုနဲ့ လိမ်ကြရတာ။ ကျွန်တော့်ကို လိမ်ပါ၊ လိမ်တဲ့လူကို ကျွန်တော်က ဖက်တောင် နမ်းလိုက်ဦးမယ်။ ရံခါမှာ လိမ်တာဟာ အမှန် တရားထက် ပိုပြီး မြင့်မြတ်တယ်။ အမှန်တရားဟာ ထွက်မပြေးဘူး။ ဒါပေမဲ့ ဘဝက အသေ ပိတ်ထားလို့ ရတယ်။ ပေးစရာ ဥပမာတွေ အများကြီး။

အဲ…ကျွန်တော်တို့ ဘယ်ရောက်သွားပြီလဲ။ သိပ္ပံတို့၊ဖွံ့ဖြိုးမှုတို့၊ အတွေးအမြင်တို့၊တီထွင်မှုတို့၊ စံတို့၊ ဆန္ဒတို့၊သဘောထားကြီးမှုတို့၊ ယုတ္တိဗေဒတို့၊ အတွေ့အကြုံတို့၊ ဘာညာဘာညာတွေမှာ ကျွန်တော်တို့တွေ ကကြီး၊ ခခွေးပဲ

ရှိတယ်။ ကျွန်တော်တို့တွေဟာ တခြားလူတွေရဲ့ တက္ကဗေဒကိုသဘောကျနေတယ်။ ဟုတ်တယ် မဟုတ်လား၊ ကျွန်တော် ပြောတာ မှန်တယ် မဟုတ်လား”

အမျိုးသမီး နှစ်ယောက်ရဲ့ လက်ကို ညှစ်လိုက်၊ လှုပ်လိုက်နှင့် မေးနေပြန်သည်။

“အို… ဒုက္ခပါပဲ၊ အဒေါ် မသိပါဘူးကွယ်”

မအေက စိတ်ညစ်ညစ်နှင့် ဖြေသည်။ ဒွန်ညာကတော့ -

“ဟုတ်ပါတယ်။ ဒါပေမဲ့ အားလုံးကိုတော့ ကျွန်မ သဘောမတူနိုင်ပါဘူး”

ဟု ပြောပြီး သူ ညှစ်ထားသည့် လက်က နာလွန်းသဖြင့် အော်လိုက်သည်။

“ဟုတ်ပြီ၊ ဟုတ်ပါတယ်တဲ့။ ဒါဆို မင်းဟာ အကြင်နာတရား ရှိတဲ့၊ သန့်စင်တဲ့၊ တက္ကဗေဒ ကျတဲ့ တော်ဝင်ပန်းကလေးပေါ့၊ စမ်းရေကြည်လေးပေါ့။ လက်ကလေး ပေးပါဦး၊ ဒူးထောက်ပြီး ကိုယ် နမ်းပါရစေ”

ပြောပြောဆိုဆို ပလက်ဖောင်းပေါ်တွင် သူ ဒူးထောက် ထိုင်ချလိုက်သည်။ ကံကောင်း ထောက်မစွာဖြင့် လမ်းပေါ်တွင် လူသူလေးပါး ကင်းရှင်းနေသည်။

“ဟောတော့်၊ ဩော်… ငါ့နှယ်၊ မင်း ဘယ်လို လုပ်တာလဲကွယ်”

မေမေရပ်စ်ကိုလ်နီကော့ဗ် အလန့်တကြား ညည်းတွားလိုက်သည်။ ဒွန်ညာလည်း လန့်သွားသည်။ သို့သော် ရယ်နေသည်။

“ကဲ… ထပါ၊ လူမြင်လို့ မကောင်းပါဘူး”

“ဟင့်အင်း၊ လက်မပေးရင် မထဘူး။ အဲ… ဟုတ်ပြီ၊ ကျေနပ်ပြီ၊ ထပြီ၊ လာ… သွားစို့။ မင်းအတွက် ကိုယ်ဟာ လူရှုပ်၊ ငမူး၊ ကိုယ်ဟာ မင်းခြေဖဝါးအောက်က ဖုန်မှုန့်ကလေးတွေ နဲ့တောင် မတန်ဘူး။ သိလား။ မင်းအချစ်နဲ့ဆို ဝေလာဝေး။ ဒါပေမဲ့ မင်းကို ကိုးကွယ်ဖို့ ကတော့ ယောကျ်ားတိုင်းရဲ့ တာဝန်ပဲ။ အဲ… လူရိုင်းတွေတော့ ပါချင်မှ ပါမယ်ပေါ့။ ကိုယ် ကတော့ ကိုးကွယ်မှာပဲ။ ဟောဒီမှာ မင်းတို့အခန်း ရောက်ပြီ။ ဒီတချက်တည်းနဲ့ပဲ ဒီနေ့ မင်းရဲ့ လူဇင်ကို ရှော့ဒ်ယာ မောင်းထုတ်လိုက်တာ မှန်နေပြီ။ သူမို့ ဒီလိုအခန်းမျိုးမှာ မင်းတို့ကို ထားရက်တယ်။ မိုက်ရိုင်းချက်ကတော့ကွာ၊ ဘယ်လိုဟာတွေ ဒီမှာနေတယ် ဆိုတာ မင်း သိလား။ မင်းဟာ သူ့လက်ထပ်မယ့် မိန်းကလေးပါကွာ။ သူ့ရဲ့ ဇနီးလောင်းပါ။ ဒီမှာ ကိုယ် ပြောမယ်။ မင်းရဲ့ ခင်ပွန်းလောင်းဟာ အလကားလူ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ကြိုးစားပြီး ဝင်ဖို့ ဟန်ပြင်သည်။

"ခဏလေး နားထောင်ပါ ရာဇူမီခင်၊ မင်းကိုယ်မင်း မေ့နေပြီ ထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်။ အဒေါ်ပြောတာ မှန်တယ်။ ကျွန်တော့်ကိုယ် ကျွန်တော် မေ့သွားတယ်။ ရှက်ဖို့ ကောင်းလိုက်တာဗျာ"

ရာဇူမီခင် သူ့ကိုယ်သူ ပြန်ကြည့်သည်။

"ဒါပေမဲ့… ဒါပေမဲ့ အဒေါ်တို့ သားအမိ ကျွန်တော့်ကို စိတ်မဆိုးရဘူး။ ဘာပြုလို့လဲ ဆိုတော့ ကျွန်တော် သစ္စာတရား လက်ကိုင်ထား ပြောနေလို့ပဲ။ ဟိုဟာကြောင့် မဟုတ်ဘူး။ အဲ… အဲဒါက အခြေခံပဲ။ တိုတိုပြောရရင် ကျွန်တော် အဲဒါကြောင့် ပြောတာ မဟုတ်ဘူး။ အဲ.. သူနဲ့သာ ဆိုရင်… အို… ထားလိုက်ပါတော့လေ။ ဘာကြောင့်လဲ ဆိုတာ ကျွန်တော် မပြောဘူး၊ မပြောရဲဘူး။ ဒီနေ့ သူ ဝင်လာကတည်းက သူဟာ ကျွန်တော်တို့ အသိုင်းအဝိုင်းနဲ့ သဟဇာတ ဖြစ်မယ့်လူ မဟုတ်ဘူး ဆိုတာ ကျွန်တော် တန်းသိတယ်။ ဆံပင်ညှပ်ဆိုင် ဝင်ပြီး ဆံပင်ပြင်လာလို့ မဟုတ်ဘူး။ သူ ဘယ်လောက် တော်တယ်ဆိုတာ ပြချင်နေလို့ မဟုတ် ဘူး။ သူ ဘာလဲ၊ သိလား။ သူဟာ ရဲသတင်းပေး တယောက်ဗျ။ လုံးဝ စိတ်မချရတဲ့ နှစ်ဖက်ချွန်ဗျ။ ပြီးတော့ သူက ဂျူး။ ပြီးတော့ လူလိမ်။ ဒါကတော့ သိသာပါတယ်။ အဒေါ်တို့ သူ့ကို လူတော်တယောက်လို့ ထင်လား။ မဟုတ်ဘူး၊ သူဟာ ငတုံးပါ။ ဒါဆို ဒီက ညီမလေး ဒွန်ညာနဲ့ ဘယ်လိုလုပ်ပြီး တန်တော့မှာလဲ။ အို… ဘုရားသခင်၊ ဒီမယ် ကျွန်တော် ပြောမယ်"

သူတို့ အခန်းတွေနား ရောက်လာသဖြင့် သူ ရပ်ပစ်လိုက်သည်။

"ကျွန်တော့်အခန်းက ဧည့်သည်တွေ အားလုံး သောက်သောက်စားစား နေကြ ပေမယ့် အားလုံး ရိုးသားကြတယ်။ သူတို့တွေဟာ လိမ်ပြောတတ်ကြပေမယ့် ကျွန်တော် လည်း လိမ်ပြောတဲ့အခါ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အမှန်တရားဆီ ဦးတည် ပြီးသား။ ကျွန်တော်တို့သွားနေတဲ့လမ်းက မြင့်မြတ်တဲ့ လမ်း။ သူ့ (လူဇင်) လမ်းက ကောက်ကျစ် စဉ်းလဲတဲ့ လမ်း။ သူတို့အားလုံးကို ကျွန်တော် ဝေဖန် ရှုတ်ချတဲ့အခါတွေ ရှိတယ်။ ဒါပေမဲ့ သူတို့ကို ကျွန်တော် လေးစားတယ်။ သူတို့အထဲမှာ ဇာမယိုတော့ဗ်က တော်ပါတယ်။ သူ့ကို တော့ လေးစားချင်မှ လေးစားမယ်။ ဒါပေမဲ့ ကျွန်တော် ချစ်တယ်။ ဘာပြုလို့လဲ ဆိုတော့ သူဟာ ရန်လိုတတ်ပေမယ့် ထက်မြက်တဲ့ လူငယ်တယောက် ဖြစ်နေလို့ပဲ။ ဇိုစီမော့ဗ် ကျတော့ရိုးသားတယ်။ သူ့အလုပ်မှာသူကျွမ်းကျင်တယ်။ ကဲ..ကျွန်တော်ပြောချင်တာတွေ ပြောပြီးပြီ။ ခွင့်လွှတ်ကြပါ၊ ခွင့်လွှတ်တယ် မဟုတ်လား ဟင်။ လာ… ဟောဒီဘက် ချိုးရမယ်။ ကျွန်တော် သိတယ်။ ကျွန်တော် တခါ ရောက်ဖူးတယ်။ အခန်းနံပါတ် (၃) မှာ ပြဿနာ ဖြစ်ခဲ့ဖူးတယ်။ ကဲ… အဒေါ်တို့အခန်းက ဘယ်အခန်းလဲ။ (၈) ဟုတ်လား။ တံခါး သေသေ ချာချာ

ပိတ်နော်။ ဘယ်သူ့ကိုမှ ဖွင့်မပေးနဲ့။ ဆယ့်ငါးမိနစ်အတွင်း ကျွန်တော် အကျိုးအကြောင်း ပြန်ပြောမယ်။ နောက်နာရီဝက်ကြာရင် ဗိုစီမော့ဗ်နဲ့ ပြန်လာခဲ့မယ်။ အခြေအနေ အားလုံး သိရမှာပါ။ ကဲ… ဂွဒ်ဘိုင်၊ ကျွန်တော် ပြေးလိုက်ဦးမယ်နော်”

“အို… ဘုရားသခင်၊ ဘာတွေ ဖြစ်လာဦးမှာပါလိမ့်”

မအေလုပ်သူက သမီးကို ကြည့်ပြီး စိုးရိမ်တကြီး မေးသည်။ ဒွန်ညာက ဦးထုပ်နှင့် အပေါ်ဝတ်ရုံကို ချွတ်ရင်း -

“စိတ်အေးအေးထားပါ မေမေရယ်။ သူ့ကို သမီးတို့ဆီ ဘုရားသခင် ကိုယ်တော်တိုင် ပို့ပေးလိုက်တာပါ။ သူ မူးနေပေမယ့် သူက အားကိုးရမယ့် လူပါ။ မေမေ စိတ်ချနေနော်။ အစ်ကို ရော့ဒ်ယာအတွက် သူ လုပ်ပေးနေတာတွေ ကြည့်လေ။ နည်းနည်းနောနောလား”

“ဒီမယ် သမီး၊ သူ ပြန်လာပါ့မလား ဆိုတာလည်း ဘုရားသခင်မှ သိမှာပဲ။ အို… ဘာလို့ ရော့ဒ်ယာ တယောက်တည်း ထားခဲ့ပြီး ပြန်လာမိပါလိမ့်။ သူ့ကို… သူ့ကို ဒီလို ပုံသဏ္ဍာန်နဲ့ တွေ့ရလိမ့်မယ်လို့ မေမေ လုံးဝ မမျှော်လင့်ဘူးကွယ်။ သူ့ကြည့်ရတာ မေမေ တို့ကို လုံးဝ မတွေ့ချင်သလိုပဲနော်’’

ပြောရင်း မေမေရပ်စ်ကိုလ်နီကော့ဗ် မျက်ရည်တွေ ကျလာသည်။

“အဲဒီလို မဟုတ်ပါဘူး မေမေရယ်။ မေမေက တချိန်လုံး ငိုနေတာ။ သေသေချာချာ ဖြင့် မကြည့်ဘဲနဲ့။ သူ နေမကောင်းလို့ စိတ်ဓာတ်ကျနေတာပါ”

“သူ နေမကောင်းပုံကြီးကလည်းကွယ်။ ဘယ်လို ဖြစ်လာဦးမလဲ မသိပါဘူးနော်။ ပြီးတော့ သမီးကို သူ ပြောပုံကြီးကလည်း’’

အမေက သမီးမျက်လုံးတွေထဲကို စိုက်ကြည့်ပြီး မရွံ့မရဲ အကဲခတ်လိုက်သည်။ အစ်ကိုလုပ်သူဘက်က ကာကွယ်ပြောနေတာကို ထောက်ပြီး စိတ်သက်သာရာတော့ ရသင့် သလောက် ရပါ၏။

“မနက်ဖြန်ဆို တမျိုးဖြစ်လာမယ် ထင်ပါတယ် သမီးရယ် နော်”

မအေက သမီးကို ပြေရာပြေကြောင်း ပြောသည်။

“သမီးတော့ ဟိုကိစ္စကို ဒီအတိုင်း ထပ်ပြောမယ် ထင်တာပဲ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ် အရမ်း အံ့သြသွားသည်။ သည်အကြောင်း ပြောချင် နေသော်လည်း မစရဲသဖြင့် မျိုချထားခဲ့ရသည်။ ခုတော့ ဒွန်ညာက ထလာပြီး အမေ့ကို ဖက်နမ်းသည်။ မအေက သမီးကို သိုင်းဖက်ပြီး

စကားမပြောနိုင်ဘဲ ဆို့နေသည်။ ပြီးတော့ ရာဇူမီခင် ပြန်အလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေသည်။ ပြီးတော့ သမီးအခြေအနေကို အသာ အကဲခတ်နေသည်။

ဒွန်ညာကလည်း မအေ့နည်းတူ ရာဇူမီခင်ကို စောင့်နေသည်။ လက်ပိုက်ပြီး အခန်း ထဲတွင် စုန်ချည်ဆန်ချည် လျှောက်နေသည်။ သည်နည်းဖြင့် သူ စဉ်းစားခန်း ဝင်ခြင်းမှာ သူ့အကျင့် ဖြစ်နေပြီ။ သည်လိုအခါမျိုးတွင် မအေက သမီးကို စကားဖြတ်မပြောရဲ။ ဒွန်ညာ့အတွက် ရာဇူမီခင်မှာ ရယ်စရာလို ဖြစ်နေသည်။ အရက်မူးပြီး သူ ပေါက်ကွဲ ပုံကို လက်ပိုက်ကာ အခန်းထဲတွင် လျှောက်နေရင်း ပြန်မြင်နေသည်။ သို့သော် သူ့ကို စိတ်မဆိုး ရက်။ ခပ်ကြောင်ကြောင် အမူအရာတွေကို ခွင့်လွှတ်နိုင်လောက်အောင် သူ့မှာ လေးနက်မှု တွေ ရှိနေသည်။

ဒွန်ညာသည် အရပ်အမောင်း ကောင်းပြီး မိန်းမ ကျက်သရေအပြည့်ဖြင့် ရှင်းသန့် သော အလှတပါးပိုင်ရှင် ဖြစ်သည်။ အစ်ကိုလုပ်သူနှင့် ရုပ်ချင်းဆင်သည်။ ဆံပင်က ရွှေအို ရောင်။ ရှော့ဒ်ယာဆံပင်ရောင်ထက် မဆိုသလောက် ဖျော့သည်။ မျက်ဝန်းနက်အစုံက အရောင် တဖျပ်ဖျပ်၊ မာနမျက်နှာမျိုး ဖြစ်သော်လည်း နူးညံ့ကြင်နာမှု အရိုးတွေ ဝေနေသည်။ လှုပ်ရှားမှု မှန်သမျှ လှနေသည်။ မျက်နှာအသားရောင်မှာ ခပ်ဖျော့ဖျော့ ဖြစ်သော်လည်း သွေးအားနည်း သည့် ဖျော့တော့ခြင်းမျိုး မဟုတ်။ စိုစိုပြည်ပြည်။ ပါးစပ်မှာ သေးငယ်သော်လည်း နှုတ်ခမ်း အစုံက ဖူးငုံနီမြန်းနေသည်။ မဆိုသလောက်ကလေး ထော်သယောင်ယောင် ရှိသည်။ အလှ ပျက်လောက်အောင် မဟုတ်။ မျက်နှာကလေးမှာ ရွှင်ပြုံးခြင်း မရှိဘဲ အမြဲလေးနက်ကာ တခုခုကို တွေးနေသည်က ခပ်များများ။ သို့သော် ခပ်ရိုင်းရိုင်းပုံစံဖြင့် အရက်မူးနေသော်လည်း ရိုးသားမှုနှင့် သစ္စာရှိပုံရသော၊ အားကောင်းမောင်းသန် ရာဇူမီခင်ကို ကြည့်ပြီး မကြာခဏ ပြုံးနေမိသည်။

ရာဇူမီခင်သည် ဒွန်ညာ့ကို တွေ့တွေ့ချင်း ရင်တွေ ခုန်နေခဲ့သည်။ အစ်ကိုနှင့် မလှမပ တွေ့ဆုံခန်းတွင် တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းပါးပါးကလေး နှစ်လွှာကို သူ ငေးကြည့် နေခဲ့သည်။

အရက်မူးနေသော်လည်းလှေကားအဆင်းတွင်အခန်းရှင်ပရပ်စကိုဗယာအကြောင်း သူ ပြောခဲ့သည်မှာ အမှန်တရားများ ဖြစ်သည်။ သည်အမျိုးသမီး မနာလို ဖြစ်နေသည်မှာ ဒွန်ညာ တယောက်တည်း မဟုတ်။ မအေလည်း ပါနိုင်သည်။ မအေက သမီးနှင့်အပြိုင် လှနေဆဲ။ လေးဆယ့်သုံးနှစ်သာ ရှိသော မေမေ ရပ်စ်ကိုလ်နီကော့ဗ်သည် အလှမပြယ်သေး။ အလွန်အရွယ်တင်သည့် အမျိုးသမီး။ တည်ငြိမ်လေးနက်သည့် အလှမျိုး။ ဆံပင်ပါးစ ပြုကာ ဆံစကလေးများ ဖြူစပြုပြီး မျက်ဝန်းတဝိုက်တွင် လောကဒဏ်ကြောင့် အရေးအကြောင်း ကလေးများ ထင်လာသော်လည်း မျက်နှာမှာ ကျက်သရေရှိနေဆဲ ဖြစ်သည်။ သမီးနှင့် မျက်နှာ

အကျ ဆင်သည်။ မျက်နှာတွင် ရိုးသားမှုနှင့် ယုံကြည်ချက် ပြင်းပြမှု ပေါ်လွင်နေသည်။

ရာဇူမီခင် ပြန်သွားပြီး မိနစ်နှစ်ဆယ်တိတိ အကြာတွင် တံခါးခေါက်သံ နှစ်ချက် တိုးတိုးလေး ထွက်လာသည်။ သူ ပြန်ရောက်လာပြီ။

သားအမိနှစ်ယောက် တံခါးဖွင့်ပေးတော့ သူ အမောတကော ပြောသည်။

"ကျွန်တော် ဝင်ချိန် မရတော့ဘူး။ သူ ကောင်းကောင်း အိပ်ပျော်နေတယ်။ နှစ်နှစ် ခြိုက်ခြိုက် အိပ်နေတာ။ ဟောက်တောင် ဟောက်နေသေးတယ်။ ဘုရားသခင်က သူ့ကို ဆယ်နာရီလောက် အိပ်ခွင့်ပေးထားလိမ့်မယ်။ နာတာရှာ အနားမှာ ထိုင်စောင့်နေတယ်။ ကျွန်တော် ပြန်မရောက်မချင်း ဘယ်မှ မသွားနဲ့လို့ မှာခဲ့တယ်။ ကျွန်တော် ခု ဇိုစီမော့ဗ်ဆီ ပြေးခေါ်လိုက်ဦးမယ်။ သူ့ကို သွားကြည့်ပြီး ဒီခေါ်လာခဲ့မယ်။ အဒေါ်တို့ သားအမိလည်း ပင်ပန်းလှပါပြီ။ နားပါတော့"

ပြောပြီး လှေကားတလျှောက် ပြေးဆင်းသွားပြန်သည်။

"အင်း... တော်တော်တော်တဲ့ သူငယ်ပဲ။ အားကိုးရတယ်နော်"

မေမေရပ်စ်ကိုလ်နီကော့ဗ်က ဝမ်းသာအားရ ပြောသည်။

"ဟုတ်ကဲ့ မေမေ၊ တော်ပုံ ရပါတယ်"

ဒွန်ညာက
နွေးထွေးသည့်အသံကလေးဖြင့်ပြန်ဖြေပြီးလမ်းလျှောက်နေပြန်သည်။

တနာရီနီးပါး ကြာတော့ ဝရန်တာမှ ခြေသံတွေ ကြားရသည်။ တံခါးခေါက်သံဖွဖွ ပေါ်လာပြန်သည်။ သည်တခါတော့ သားအမိနှစ်ယောက်က စိတ်ချလက်ချ ယုံယုံကြည်ကြည် ဖြင့် စောင့်နေကြခြင်း ဖြစ်သည်။ ရာဇူမီခင်ကို သူတို့ လုံးဝ စိတ်ချသွားပြီ။ တကယ်လည်း ဇိုစီမော့ဗ်ကို သူ အတင်း ဆွဲခေါ်လာခဲ့ခြင်း ဖြစ်သည်။ ပွဲကြမ်းနေသည့် အချိန်မှာ ဆွဲခေါ်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ဆီကို နှစ်ယောက်သား သွားကြည့်ကြသည်။ တက်ညီလက်ညီ။ သို့သော် သူငယ်ချင်း၏ အမေ သားအမိဆီ သွားဖို့ကြတော့ မရွှံ့မရဲ ဖြစ်နေသည်။ ရာဇူမီခင် ငမူး ပြောတာ တွေ သိပ်မယုံချင်။ မည်သို့ရှိစေ ငမူး အတင်းခေါ်သဖြင့် သူ ပါလာသည်။ သို့သော် ထိုသားအမိသူ့ကို ရင်တထိတ်ထိတ်နှင့် စောင့်နေကြောင်း သိရသည့်အခါ ဇိုစီမော့ဗ်တယောက် ရင်ထဲ ပေါ့သွားသည်။ ဆယ်မိနစ်တိတိ သူတို့အခန်းတွင် နေပြီး သူငယ်ချင်း၏ အမေနှင့် ညီမကို နှစ်သိမ့်နိုင်ခဲ့သည်။ ကရုဏာအပြည့်၊ စာနာမှုအပြည့်ဖြင့် နှစ်ဆယ့်ခုနစ်နှစ် အရွယ် ဆရာဝန် တယောက် အမြင်ဖြင့် လူနာတယောက်၏ အခြေအနေကို ရိုးရိုးသားသား ပြောပြခြင်း ဖြစ်သည်။

ပြောနေရင်း ထူးခြားသော ဆွဲဆောင်မှုတမျိုး ပိုင်ရှင် ဒွန်ညာ၏ အလှကို သူ သတိမပြုဘဲ မနေနိုင်ခဲ့။ သို့သော် မသိကျိုးကျွန်ပြုလျက် အမျိုးသမီးဆီ အာရုံမပျံ့ဟန် ဆောင်ကာ မအေကိုသာ ဦးတည် အစီရင်ခံနေသည်။ သည်လို လုပ်နိုင်ခြင်းအတွက်လည်း သူ့ကိုယ်သူ ကျေနပ်နေသည်။ ကြီးစွာ နှစ်သိမ့်နေသည်။ တကယ်လည်း လူနာအခြေအနေမှာ တိုးတက် လာနေသည်။ သူ စမ်းသပ်တွေ့ရှိသလောက် အဖြေမှာ သူ့ဘဝ အခက်အခဲများနှင့် အထူးသဖြင့် ဆင်းရဲ မွဲတေမှုကြောင့် ဖြစ်ရသည့် ရောဂါမျိုး ဖြစ်သည်။ စိတ်ဖိစီးမှုများကြောင့်လည်း ပါမည်။ စိုးရိမ်စိတ် လွန်ကဲမှု၊ သောကဗျာပါဒ များပြားမှုနှင့် အတွေးလွန်မှုများကြောင့်လည်း ဖြစ်နိုင်သည်ဟု သူက ကောက်ချက်ချသည်။

ဒွန်ညာက သေသေချာချာ ဂရုစိုက် နားထောင်သည်။ ဇိုစီမေ့ဗ်က အသေးစိတ် ရှင်းပြသည်။ မအေလုပ်သူကတော့ စိတ်ကစဥ့်ကလျား ဖြစ်သွားနိုင်ခြေ ရှိ၊ မရှိ မရွံ့မရဲ ဝင်မေးသည်။

ဆရာဝန်က တည်ငြိမ်စွာ ပြုံးပြီး ဖြေသည်။ သူ သည်လို ပြောခဲ့ခြင်းမှာ အလွန်အမင်း ချဲ့ကားပြောဆိုခဲ့မိခြင်း ဖြစ်ကြောင်း၊ လူနာဖြစ်နေသည်မှာ အာရုံတခုတွင် အစွဲအလမ်း ကြီးလွန်းနေခြင်း ဖြစ်ကြောင်းများ ရှင်းပြသည်။

“အဖျားက ပြင်းလွန်းတော့ ကယောင်ကတမ်း ဖြစ်တာတွေလည်း ပါတာပေါ့ ခင်ဗျာ။ ခုလို မိသားစုနဲ့ ပြန်ဆုံတော့ သူ ပုံမှန် ပြန်ဖြစ်လာမှာပါ။ သူ စိတ်ပြောင်းသွားမှာပါ။ စိတ်ထိခိုက်စရာ တမျိုးမျိုးနဲ့ မကြုံဖို့တော့ လိုတာပေါ့လေ”

ပြောပြီး သူ မတ်တတ်ထရပ်သည်။ ဒွန်ညာ့ လက်ဖဝါး နုနုကလေး ဆုပ်ပြီး နှုတ် ဆက်ခဲ့သည်။ စိတ်ထဲတွင် တင်းတိမ်ရောင့်ရဲမှု အပြည့်ဖြင့်။ သူတို့သားအမိနှင့် ဆုံစည်းရ ခြင်းအတွက် အကျေနပ်ကြီး ကျေနပ်နေလေသည်။

ရာဇူမီခင်က ဇိုစီမေ့ဗ်နောက်သို့ လိုက်သွားရင်း သားအမိနှစ်ယောက်ကို မှာနေသည်။

“ကဲ... အိပ်ကြပါတော့။ မနက်ဖြန် အစောကြီး ကျွန်တော်လာပြီး အကျိုးအကြောင်း ပြောပါဦးမယ်။ တတ်နိုင်သမျှ စောစောလာခဲ့ပါမယ်"

လမ်းပေါ် ရောက်တော့ ဇိုစီမေ့ဗ်က ဒွန်ညာ့ကို မှတ်ချက်ချသည်။

“တော်တော်နိပ်တဲ့ မိန်းကလေးပဲ"

“ဘာ... နိပ်တယ် ဟုတ်လား"

ရာဇူမီခင်က အော်မေးလိုက်သည်။ ပြီးတော့ ဇိုစီမေ့ဗ်၏ အင်္ကျီကော်လာ

နှစ်ဖက် ကို ဆွဲစေ့ကာ နံရံတွင် ကပ်လိုက်သည်။

"ဘာပြောတယ်၊ နိပ်တယ်။ ဟုတ်လား၊ နောက် ဒါမျိုး မင်း ပြောရဲ ပြောကြည့်၊ ကြားလား၊ နားလည်လား"

"ဟော့ကောင် ငမူး၊ ဖယ်စမ်း"

ဖိုစီမော့ဗ်က သူ့ကို အတင်းတွန်းထုတ်တော့ ရာဇူမီခင်က လွှတ်ပေးလိုက်သည်။ ပြီးတော့ သူငယ်ချင်း ဆရာဝန်ကို အနီးကပ်ကြည့်ပြီး တအားအော်ရယ်သည်။ ပြီးမှ အရယ် ရပ်ပြီး လက်နှစ်ဖက် တွဲလောင်းချကာ အလေးအနက် တွေးသည်။ မျက်နှာမှာ ညှိုမှိုင်းလျက်။

"အင်း၊ ငါက ငတုံးပဲ။ မင်းလည်း အတူတူပဲ"

"ငါက မတုံးဘူး။ မင်းလို သောက်ရူးထပြီး အိပ်မက် မက်နေတဲ့ကောင်မျိုး မဟုတ်ဘူး"

နှစ်ယောက်သား စကား မပြောဖြစ်ကြတော့ဘဲ ဆက်လျှောက်ကြသည်။ ရပ်စ်ကိုလ် နီကော့ဗ်အိမ်နား ရောက်တော့ အတွေးလွန်နေရာမှ ရာဇူမီခင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဒီမယ် သူငယ်ချင်း၊ မင်းဟာ လူတော်တယောက်ပါ။ အဘက်ဘက်မှာ တော်ပါတယ်။ ဒါပေမဲ့ မင်း အတော်ဆုံးကတော့ မြာစွံတဲ့ ဘက်မှာပါ။ မိန်းမပွေတဲ့ ဘက်မှာပါကွာ။ ပြီးတော့ မင်းက စိတ်ကူးယဉ်တတ်တယ်။ အဲဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးနော်။ မင်းက စိတ်အလို လိုက်လွန်းတယ်။ မင်းဟာ ဆရာဝန်တယောက်၊ ငှက်မွေး မွေ့ရာပေါ်မှာ အိပ်တဲ့ကောင်။ မင်းလို လူတယောက်က နှလုံးလှုဆရာဝန် ဖြစ်လာတယ် ဆိုတာ ငါတော့ နားမလည်နိုင်အောင်ပဲ။ ညကြီးသန်းခေါင် သူငယ်ချင်း လူမမာကို စောင့်ကြည့်ပေးတယ်။ မင်း လူနာတွေကို အဲဒီလို ဂရုမစိုက်ခဲ့တာ သုံးနှစ် ရှိပြီ။ ဒါပေမဲ့ အဲဒါ အရေးမကြီးဘူး။ အရေး ကြီးတာက အခန်းရှင်အမျိုးသမီး အခန်းမှာ မင်း အိပ်ရမယ်။ သူ နားလည်အောင် မနည်း ပြောရတာနော်။ ငါက မီးဖိုဆောင်မှာ အိပ်မယ်။ မင်းနဲ့ သူနဲ့လည်း အသိအကျွမ်း ဖြစ်သွား တာပေါ့။ မင်း ဘာတွေ စဉ်းစားနေလဲ။ မတော်တရော်တွေ လျှောက်တွေးမနေနဲ့ ကိုယ့်လူ။ လုံးဝ မစဉ်းစားနဲ့"

"ငါ ဘာမှ မစဉ်းစားဘူး"

"မင်းလုပ်ရမှာက သိက္ခာရှိရှိနေ။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း၊ အမျိုးသမီးက အညှာ လွယ်တယ်။ ဆွဲဆောင်မှုလည်း ရှိတယ်"

“ဆိုးလှချည်လား၊ သူက ငါ့အတွက် ဘာအသုံးကျမှာလဲ”

“မင်း ဒုက္ခ မရောက်စေရဘူး။ ငါ အာမခံတယ်။ သူ့အနားမှာ ထိုင်ပြီး စကားပြော နေရုံပဲ။ မင်းက ဆရာဝန်ပဲ။ သူ့ရောဂါ တမျိုးမျိုး ရှာပြီး ကုပေးလိုက်ပေါ့။ မင်း နှောင်တမရစေရပါဘူးကွာ။ သူ့မှာ စန္ဒရားလည်း ရှိတယ်လေ။ ငါက မတောက်တခေါက် တီးတတ်တယ်။ ငါ ဆိုနေကျ ရုရှားသီချင်းက ဟိုဟာလေ။ “ကျွန်မ မျက်ရည် တွေတွေစီးတော့ ကန်ကြီး ဖြစ်လာတယ်။ အဲဒီအထဲမှာ ငါ ရေချိုးမယ်" ဆိုတဲ့ သီချင်းပေါ့။ ဟုတ်ပြီနော်။ မင်း သီချင်း ကလေးနဲ့ စ။ မင်းက စန္ဒရားဝိဇ္ဇာပဲ။ **ရှူဘင်စတိန်**28” တပုဒ်လောက် တီးပြလိုက်ပေါ့။ မင်း နှောင်တ မရစေရဘူး သူငယ်ချင်း”

“သူ့ကို မင်း ကတိပေးထားတာ ရှိလား။ မင်းတို့ လက်ထပ်ကြမှာလား”

“ဟာ.. ဘယ်ကလာ၊ သူက အဲဒီလို မဟုတ်ဘူး။ ချီဘာရော့ဗ် ကြိုးစားသေး တယ်လေ”

“ဒါဆို မင်းက ဘာလို့ တရစ်ဝဲဝဲ ဖြစ်နေတာလဲ။ ထားခဲ့ပေါ့”

“ဒီအတိုင်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ”

“ဘာလို့ မဖြစ်ရမှာလဲ”

“မဖြစ်နိုင်လို့ပေါ့ကွာ”

“ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ”

“မဖြစ်နိုင်လို့ မဖြစ်နိုင်တာပေါ့ကွာ။ မင်းကလည်း၊ ဒီလိုဟာမျိုးက ဖြောင့်ဖြောင့် တွေးလို့ မရဘူးကွ”

“မင်း သူ့ကို ဖျက်ဆီးနေတာလား”

“လုံးဝ မဟုတ်ဘူး။ အဲ… ငါ့ကိုယ်ငါ ဖျက်ဆီးနေတာလားတော့ မသိဘူး။ ငါက ဝတုံးပါကွာ၊ သူ့အတွက် မင်းဖြစ်ဖြစ်၊ ငါဖြစ်ဖြစ် အတူတူပဲ။ သူ့အနားမှာ ထိုင်ပြီး သက်ပြင်းချ နေမယ့်သူ ရှိရင် ကျေနပ်နေတာ။ ဒီမယ် သူငယ်ချင်း၊ အဲ… ငါ ဘယ်လို ပြောရမှန်း မသိဘူး။ မင်းက သင်္ချာတော်ပြီးသားပဲ။ ဥပမာကွာ၊ မင်းက သင်္ချာကျောင်းသားလေး ဆိုပါတော့ သူ့ကို မင်းက ဂဏန်းသင်္ချာ သင်ပေးတယ် ဆိုပါတော့။ ဟော့… ငါ အကောင်းပြောနေတာကွ။ သူ့အတွက် အားလုံးဟာ အတူတူပဲ။ မင်းကို သူ ကြည့်နေမယ်၊ သက်ပြင်းချမယ်။ အဲဒီလိုနဲ့ တနှစ်လုံး ကုန်သွားရော။ ငါ သူနဲ့ တွဲလာတာ ကြာပြီ။ တခါတလေ နှစ်ရက်လောက် ဆက်ပြီး ပရပ်ရှား အထက်လွှတ်တော်အကြောင်း ငါ ပြောတယ်။ (တခြားအကြောင်း

ပြောစရာမှ မရှိတာ) သူက ထုံးစံအတိုင်း သက်ပြင်းချမယ်။ ရှုံးတိုးရှုံ့တန့် ဖြစ်မယ်။ အချစ်အကြောင်း သွားမပြော နဲ့။ သူက သေမလောက် ရှက်တတ်တယ်။ ဒါပေမဲ့ မင်း သူ့ အနားမှာ နေလို့ရတယ်။ တော်ပြီ ပေါ့။ သူ့ဆီမှာ ကိုယ့်အိမ်ကိုယ့်ရာလို နေလို့ရတယ်။ စာဖတ်လို့ ရတယ်။ လှဲအိပ်နေလို့ ရတယ်။ စာရေးလို့ ရတယ်။ သူ့ကို နမ်းလို့တောင် ရသေးတယ်။ သတိနဲ့တော့ နမ်းပေါ့ကွာ”

“ငါ့အတွက် သူမှ မလိုတာ”

“အေး... ငါလည်း ရှင်းမပြတတ်တော့ဘူး။ ဒါပေမဲ့ မင်းတို့နှစ်ယောက် လိုက်ဖက် တာတော့ သေချာတယ်။ ငါ အဲဒါကို အစောကြီး သတိထားမိတယ်။ တနည်းနည်းနဲ့ မင်းတို့ ဖြစ်သွားမှာပါ။ ဘယ်အချိန်ဖြစ်ဖြစ် အရေးမကြီးဘူး မဟုတ်လား။ ဒီမယ် သူငယ်ချင်း၊ အကုန် အကျ သက်သာတယ်။ မင်း ကမ္ဘာ့အစွန်ဆုံး တစ်နေရာကို ရောက်သွားမယ်။ ငြိမ်သက်တဲ့ ကမ္ဘာလေးလေ။ နှစ်နှစ်ကာကာ ချိုချိုမြိန်မြိန်။ ညဦးပိုင်း လက်ဖက်ရည်ကျကျ၊ နွေးထွေးတဲ့ အိပ်ရာ။ မင်း ကိုယ်မင်း သေပျော်ပြီ ထင်သွားမယ်။ ကဲကွာ... ငါ ဒါ လောက်ပဲ ပြောမယ်။ ပြောတာတွေ များသွားပြီ။ အိပ်ချိန် တန်ပြီ။ ငါ ညည နိုးတတ်ပါတယ်။ ဒါပေမဲ့ သူ့ကို မအိပ်ခင် သွားကြည့်လိုက်ဦးမယ်။ စိတ်ပူစရာ မရှိတော့ပါဘူး။ မင်း တခေါက်လောက် ဝင်ကြည့်ပါဦး လား။ အဖျားများ ပြန်တက်နေမလား။ တခုခုဖြစ်ရင် ငါ့ကို နှိုးနော်။ ပြန်ဖျားမယ်တော့ မထင်ပါဘူး”

※※※

နောက်တနေ့မနက် ခုနစ်နာရီနှင့် ရှစ်နာရီကြားတွင် ရာဇူမိခင် နိုးလာသည်။ အလေးအနက် တွေးနေသည်။ နိုးလာတော့ ခေါင်းထဲတွင် တခါမျှ မဖြစ်ဖူးသော ရှုပ်ထွေးမှု အသစ်များဖြင့် နောက်ကျနေသည်။ တနေ့ သည်လို ခံစားမှုမျိုးဖြင့် အိပ်ရာမှ နိုးလာလိမ့်မည်ဟု သူ လုံးဝ မျှော်လင့်မထားခဲ့ပေ။ မနေ့က အဖြစ်တွေကို အသေးစိတ် ပြန်မြင်လာသည်။ ဘယ်တုန်း ကမျှ မဖြစ်ခဲ့ဖူးသည့် အဖြစ်များနှင့် ကြုံခဲ့ရခြင်းပါကလား။ ဘယ်တုန်းကမျှ မကြုံခဲ့ဖူးသည့်၊ အခြား အခြားသော အရာများနှင့် လုံးဝခြားနားသည့်၊ သည်လို ဖြစ်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်သည့် အဖြစ်သနစ်တွေပါလား။ တပြိုင်တည်းတွင် တွေးမိလိုက်သည်။ အိပ်မက် တခုသည် ခေါင်းထဲတွင် မီးလျှံတခုလို တောက်လောင်နေပြီ။ ဘယ်လိုအိပ်မက်မျိုး ဟူသည်တော့ ခွဲခွဲခြားခြား မပြောတတ်။ မနေ့က အဖြစ်ဆိုးများနှင့် ဆက်နွယ်နေသည်တော့ အမှန်။

ထိတ်လန့် တုန်လှုပ်ဖွယ်ရာများကို ပြန်သတိရသည်။ တော်တော် အောက်တန်းကျ ခဲ့သည်ပဲ။ဒါမူးလို့ဖြစ်တာမဟုတ်ဘူး။ ကလေးမရဲ့ အခြေအနေကြောင့်ဆောက်တည်ရာမရ ဖြစ်သွားတာ။ သူ့ခင်ပွန်းလောင်းကို သူ့ရှေ့မှာတင် စော်ကားမော်ကား ပြောခဲ့တယ်။ ဒါအရမ်း သိမ်ဖျင်းတဲ့ အလုပ်ပဲ။ မဆင်မခြင် မနာလို ဝန်တိုတာပဲ။ သူတို့ ဆက်ဆံရေး၊ သူ့ ခင်ပွန်းလောင်း အကြောင်း ဘာမှ မသိဘဲနဲ့ ဝင်စွက်ခဲ့တာပဲ။ စင်စစ် လုံးဝ ဝေဖန်ခွင့် မရှိ။ တန်ဖိုးမရှိတဲ့ ဒီလို လူကို ငွေအတွက် သက်သက် ခန္ဓာကိုယ်ကို ပုံအပ်သင့်သလား။ သူဟာ တန်ဖိုးရှိတဲ့ လူ တယောက် ဖြစ်နေရင်ကော။ အဲ.. သူတို့ သားအမိကို ထားတဲ့ အခန်းတွေကကော ဘယ်လို အခန်းတွေ ဆိုတာ သူ မသိဘဲ နေမလား။ ဘယ်လောက် အောက်တန်းကျတဲ့ အခန်းမျိုး တွေလဲ။ မိန်းမကောင်းကလေးတွေ မလာအပ်တဲ့ နေရာမျိုးဆိုတာ သူတို့ သားအမိ မသိဘူး လား။

ရာဇူမိခင်သည် တွေးရင်း တွေးရင်း ပြစ်မျိုးမဲ့မထင် ဒွန်ညာ့ရုပ်သွင် ပေါ်လာပြီး မျက်နှာတခုလုံး ပူထူသွားသည်။ လှေကားပေါ်တွင် အခန်းရှင် ပရာစကိုဗယာပါဗလိုနာ မိမိကြောင့် မနာလိုဖြစ်မည့် အကြောင်းလည်း ပြောမိလိုက်သေးတယ်။ သေလိုက်ပါတော့ကွာ။ သံမီးဖိုကြီးကို လက်သီးနှင့် စွတ်ထိုးလိုက်သည်။ အမယ်လေး တ,ပြီး ရှက်ရှက်နှင့် တယောက်တည်း ကျိတ်ပြောနေသည်။

"သွားပြီ၊ တကယ်ပါပဲ။ ဘယ်လိုလုပ်ပြီး ဒီအမည်းစက်တွေကို ငါ ဖျက်နိုင်တော့ မှာလဲ။ အင်း... အဖြစ်ကတော့ ပြန်မတွေးရဲအောင်ပါလား။

အသာလေးသွားပြီး လုပ်စရာရှိတာ လုပ်ရတော့မှာပဲ။ တိတ်တိတ်ကလေး နေလိုက်မယ်။ တောင်းလည်း မတောင်းပန်ရဲဘူး။ ဒီအကြောင်း စပ်လို့လည်း မပြောတော့ဘူး။ ဆုံးပြီ။ အားလုံး ဆုံးပြီ”

အဝတ်အစား ကောက်လဲသည်။ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်သည်။ ညစ်တီး ညစ်ပတ် တေလေပုံစံဖြင့် သွားလို့ မဖြစ်။ သူတို့က အကူအညီ လိုနေချိန်မှာ သူတို့ စိတ် အနှောင့်အယှက် မဖြစ်စေသင့်။ အဝတ်အစားတွေကို ဝက်မှင်ဘီးဖြင့် သေသေချာချာတိုက်သည်။ အတော်လေး ရှင်းသန့်သွားပြီ။

မနက်ကလည်း သေသေချာချာ ရေချိုးသည်။ နာတာရှာ ပေးသည့် ဆပ်ပြာဖြင့် လက်တွေကို ဖြူဖွေးသန့်ရှင်းသွားသည်အထိ ဆေးပြီး ခေါင်းလျှော်သည်။ ကုပ်ပိုးသားတွေ ကို တအားပွတ်သည်။ ပြီးမှ မုတ်ဆိတ်ရိတ်သင့်၊ မရိတ်သင့် စဉ်းစားသည်။ မုတ်ဆိတ်တွေက ပြောင်းရိုး ငုတ်တိုတွေလို ဖြစ်နေပြီ။ ပရာစကိုဗယာမှာ သိပ်ကောင်းသည့် သင်တုန်းဓား ရှိသည်။ (သွားလေသူ ယောက်ျား၏ဓားဖြစ်သည်) နောက်ဆုံးမှ မရိတ်ဘဲ သွားဖို့ ဆုံးဖြတ် လိုက်သည်။

“မရိတ်တော့ဘူး၊ အရမ်း အလှပြင်သွားရင် သူတို့ တမျိုး ထင်သွားနိုင်တယ်။ အဲဒီလို အထင်မခံနိုင်ဘူး”

သူ့ကိုယ်သူ ဘယ်လိုပဲ သန့်ရှင်းအောင်လုပ်လုပ် မနေ့က ပုံစံက မပျောက်။

“လူကုံထံ တယောက်နဲ့ မတူတော့ ဘာဖြစ်လဲ။ ဘာဂရုစိုက်စရာ ရှိလဲ။ ငါ့ဘာသာ ညစ်ပတ်တော့ ဘာဖြစ်လဲ။ ငါ့ဘာသာ ဟိုတယောက်နဲ့ ရှုပ်တာ ဘာဖြစ်လဲ။ အမူးသမား ရုပ်ပေါက်နေကော ဘာဖြစ်လဲ”

တယောက်တည်း ဗျစ်တောက် ဗျစ်တောက် ပြောနေစဉ် ဇိုစီမောဗ် ပေါ်လာသည်။ သူ ညက အခန်းရှင် ပရပ်စကိုဗယာ၏ ဧည့်ခန်းထဲတွင် အိပ်ရသည်။

အိမ်မပြန်ခင် လူနာကို ကြည့်ဖို့ သူ ဝင်လာခြင်း ဖြစ်သည်။ ရာဇူမီခင်က သစ်တုံး တတုံးလို လူနာ အိပ်မောကျနေကြောင်း ဆီးပြောသည်။ ဇိုစီမော့ဗ်က သူ့ကို သွားမနှိုးဖို့ မှာပြီး ဆယ်နာရီ နောက်ပိုင်းတွင် သူ တခေါက် လာကြည့်ဦးမည့် အကြောင်း ပြောပြီး ထွက်သွားသည်။

“သူ ဒီတခါ ထွက်မသွားပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ငါ တော်တော်ညံ့တဲ့ကောင် ပဲကွာ။ ကိုယ့်လူနာ ကိုယ် မထိန်းနိုင်တဲ့ ဆရာဝန်ပဲ။ ဟော့… ဒါထက် သူက ဟိုသွားမှာလား၊ သူတို့က ဒီကို လာမှာလား”

“သူတို့ ဒီကို လာမယ် ထင်တယ်။ သူတို့ မိသားစုကိစ္စတွေ ပြောကြမှာပေါ့ကွာ။ ငါလည်း လစ်မယ်။ မင်းကတော့ ဆရာဝန် ဆိုတော့ လူနာကို

လာကြည့်ဦးပေါ့"

"ဒါပေမဲ့ ငါကလည်း သူ့ခေါင်းကိုင်အဖေ မဟုတ်ဘူး။ ခဏတဖြုတ်ပဲ လာကြည့် မယ်လေ။ ငါ့မှာ တခြားအလုပ်တွေ ရှိသေးတယ် သူငယ်ချင်း"

ရာဇူမီခင်က မျက်မှောင်ကုတ်ပြီး-

"ငါ စိတ်မကောင်းဖြစ်နေတာ တခု ရှိတယ်ကွ။ မနေ့က ငါ မူးပြီး ပေါက်တတ်ကရတွေ လျှောက်ပြောခဲ့မိတယ်။ သူတို့ကို ပြန်ပို့ရင်း တလမ်းလုံး ငါ တောင်စဉ်ရေမရတွေ လျှောက်ပြောနေတာ။ အဲဒီအထဲမှာ ဟိုကောင်ရူးသွားမှာ မင်း စိုးရိမ်နေတဲ့အကြောင်းလည်း ပါသွားတယ်"

"ဟုတ်လား၊ မင်း တော်တော် အာချောင်တာပဲ"

"ငါ တကယ်တုံးတာပါကွာ။ မင်း ငါ့ကို ထိုးချင် ထိုးပါ"

"မင်း အဲဒါ တကယ်ပြောတာလား ဟင်၊ ရှေ့ဒ်ယာကိစ္စ ပြောတာ"

"ကဲ... မင်းကို ငါ တကယ်ပြောမယ်။ အဲဒီလိုပြောတာ ငါ မဟုတ်ဘူးကွ မင်း။ တခုခုကို အစွဲအလမ်း ဖြစ်နေပြီး ဥပါဒါန် ဖြစ်နေတာလို့ မင်းပြောတာ။ မနက်ကလည်း မင်း မီးလောင်ရာ လေပင့်ခဲ့တယ်။ ဟိုကိစ္စတွေလေ။ ဆေးသမားအကြောင်းလေ။ ဟိုအခန်း ကို ဆေးသုတ်တဲ့ ဆေးသမား နှစ်ယောက်လေ။ ပြီးတော့ ရဲစခန်းမှာ သူ သတိလစ်သွားတဲ့ အကြောင်းလည်း ပါရဲ့။ ငါ အဲဒါတွေ အတိအကျမသိပါဘူး။ စိတ်ကောင်းမရှိတဲ့ လူတယောက် ယောက်က သူ့ကို သံသယဖြစ်ပြီး စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်တယ်။ ငါသာ ဆိုရင် အဲဒါမျိုးတွေ သူ့ကို မပြောဘူး။ အဲဒီလို စိတ်အစွဲအလမ်းကြီးတဲ့ လူတွေဟာ မမှန်တာကို အမှန်ထင်တတ်ကြတယ်။ မဟုတ်တာကို အဟုတ် ထင်တတ်ကြတယ်။ ငါ မှတ်မိသလောက် ဒီဇာတ်လမ်းကို ဇာမယိုတော့ဗ်ဆီက တပိုင်းတစပဲ ငါ သိရတာ။ သူ့ စိတ်ရောဂါက မပြော ပလောက်ပါဘူး။ ပြောပလောက်တဲ့ စိတ်ဝေဒနာသည် တယောက်အကြောင်း ငါ ကြားဖူးတယ်။

အသက် လေးဆယ့်ငါးနှစ်အရွယ် လူတယောက်ကို ရှစ်နှစ်သားကလေးတယောက် က နေ့တိုင်း အနားမှာလာပြီး နောက်ပြောင်နေတယ်။ အဲဒါကို သည်းမခံနိုင်လို့ ကလေးကို ဓားနဲ့ ထိုးသတ်လိုက်တယ်။ ကဲ... တို့လူအကြောင်း ကြည့်ရအောင်။ ပမာမခန့် လုပ်တတ်တဲ့ ရဲတယောက်၊ ရောဂါတခု စရတယ်။ သံသယ စိတ်ရောဂါ၊ ပြီးတော့ အသည်းအသန် ခံစားရတဲ့ ခန္ဓာရောဂါ၊ ပြင်းသထက် ပြင်းလာတယ်။ ဇာမယိုတော့ဗ်ဟာ လူကောင်းကလေးပါ ဒါပေမဲ့ မနေ့က သူ ပြောတာတွေဟာ မပြောသင့်တဲ့ ဟာတွေပဲ။ အလကား အာချောင်တာ"

"မင်းနဲ့ငါတင်လား၊ တခြား ဘယ်သူတွေကို ပြောသေးလဲ"

"ပေါ်ဖီရီကိုလည်း ပြောမှာပဲ"

"ပေါ်ဖီရီကိုတော့ ပြောရမှာပေါ့"

"ဒါထက် ဟိုသားအမိကို မင်း ပြောဖို့ ကောင်းတယ်။ ဒီနေ့ သူတို့ တွေ့ကြရင် သတိထားပြီး စကားပြောဖို့လေ"

"အင်း... သူတို့ သတိထားကြမှာပါ"

ရာဇူမီခင်က ခပ်ဆိုင်းဆိုင်း ပြန်ပြောခြင်း ဖြစ်သည်။

"ဟော့... ဒါထက် သူက ဘာဖြစ်လို့ လူဇင်ကို ဒါလောက် ခါးခါးသီးသီး မုန်းနေ တာလဲ။ ဒီလူကြီးက ပိုက်ဆံချမ်းသာတယ်၊ သူတို့မှာ ချွတ်ခြုံကျနေတာပဲဟာ"

"သူတို့ စီးပွားရေး အခြေအနေ မင်း ဘယ်လိုလုပ် သိမလဲ။ ငါတော့ မသိဘူး၊ သိချင်ရင် မင်းဘာသာမင်း မေးပါလား"

"ဟာ... သေတော့မှာပဲ။ မင်းဟာ တခါတခါ သိပ်ခွကျတာပဲ။ မနေ့က မူးထားတာ မပြေသေးဘူး ထင်တယ်။ ကဲ... သွားမယ်၊ မင်းရဲ့ ပရပ်စကိုဗယာပါဗလိုနာကို တညာတာ တည်းခွင့် ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြပေးပါကွာ။ ငါ ကျေးဇူးတင်ကြောင်း ပြောတော့ အခန်းထဲက ဘာမှ ပြန်မပြောဘူး။ သူ နိုးနေပါပြီ"

ကိုးနာရီတိတိတွင် သားအမိနှစ်ယောက်ဆီသို့ ရာဇူမီခင် ရောက်လာသည်။ သူ့ကို သူတို့သားအမိ မနက် ခုနစ်နာရီကတည်းက စောင့်နေကြသည်။ ဝင်သွားတော့ ရာဇူမီခင် မျက်နှာ ညှိုးနေသည်။ ဦးညွှတ်နှုတ်ဆက်ပုံက အချိုးမကျ။ သည်အတွက် သူ့ကိုယ်သူ ဒေါပွနေသည်။ မအေက တံခါးဆီ ပြေးထွက်လာပြီး သူ့လက်နှစ်ဖက်ကို ဆုပ်၍ ဖက်နမ်းလုနီးပါး နှုတ်ဆက်သည်။ သူက ဒွန်ညာ့ကို မရွံ့မရဲ လှမ်းကြည့်သည်။ ကျက်သရေအပြည့်နှင့် မျက်နှာ ကလေးတွင် ခင်မင်ရင်းနှီးခြင်း၊ ကျေးဇူးသိတတ်ခြင်း အရိပ်အယောင်များကို တွေ့ရ၏။ မျှော်လင့်ထားသည့် သရော်လှောင်ပြောင်မှုမျိုး မတွေ့ရဘဲ မျှော်လင့်မထားသည့် လေးစားမှုကို တွေ့ရသဖြင့် ရာဇူမီခင်တယောက် အနေရ ကျပ်သွားသည်။ ကံကောင်းစွာဖြင့် ပြောစရာ အကြောင်းအရာက အားကောင်းနေသည်။

သူထွက်လာသည်အထိ မနိုးသေးကြောင်း၊ လုံးဝ အခြေအနေကောင်းနေကြောင်း ကြားတော့ မေမေ ရပ်စ်ကိုလ်နီကော့ဗ်တယောက်

ခြေမကိုင်မိ လက်မကိုင်မိ ဝမ်းသာနေသည်။

"ဝမ်းသာလိုက်တာကွယ်၊ အဲဒါမှ အရေးတကြီး ပြောစရာရှိတာတွေ ပြောလို့ဖြစ်မှာ"

လက်ဖက်ရည်ချိန် ရောက်လာသည်။ သူ့ကို လည်တဆန့်ဆန့် မျှော်ရင်း သားအမိနှစ်ယောက် လက်ဖက်ရည်မှာဖို့ မေ့နေကြသည်။ ဒွန်ညာက ခေါင်းလောင်းကြိုး ဆွဲလိုက်တော့ စုတ်စုတ်ပြတ်ပြတ် ချာတိတ်တယောက် ရောက်လာသည်။ လက်ဖက်ရည် မှာတော့ လာပို့သည်။ စုတ်စုတ်ပြတ်ပြတ် လင်ပန်းနှင့် ပန်းကန်တွေ။ အမျိုးသမီးနှစ်ယောက် မျက်နှာ ပျက်သွားသည်။ သည်အခန်းတွေအကြောင်း ကောင်းကောင်းသိထားသည့် ရာဇူမိခင်က လူဇင့် မျက်နှာကြီး မြင်ယောင်လာပြီး ဒေါပွသွားသော်လည်း ဘာမှမပြောဘဲ မျိုချထား လိုက်သည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်က မေးခွန်းတွေ တရစပ်မေးတော့ သူ ပျော်သွားသည်။

မေးခွန်းတွေကို လေးဆယ့်ငါးမိနစ်မျှ သူ ဖြေရသည်။ ရပ်စ်ကိုလ်နီကော့ဗ်နှင့် သိက္ခမ်းခင်မင်ခဲ့သည့် တနှစ်တာ ကာလအကြောင်း အသေးစိတ် ပြန်ပြောပြသည်။ နောက်ဆုံး နာမကျန်း ဖြစ်လာသည့် အချိန်အထိ ရှင်းပြပြီး နိဂုံးချုပ်လိုက်သည်။

ရဲစခန်းတွင် သူ သတိလစ်သွားကြောင်းနှင့် နောက်ဆက်တွဲ သတင်းများကိုတော့ ချန်ထားလိုက်သည်။

"အဲ... ဒါထက် မင်းနာမည် အပြည့်အစုံကို အဒေါ်တို့ မသိသေးဘူး"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က မေးလိုက်သည်။

"ဒမစ်ထရီ ပရိုကိုဗစ်ချ်ပါ ခင်ဗျာ"

ရာဇူမိခင်က ရိုရိုသေသေ ဖြေသည်။

"အဒေါ်သိချင်နေတာ တခု ရှိသေးတယ်ကွဲ့၊ လောကကြီးကို ခု သူ ဘယ်လို မြင်နေ တယ် ဆိုတာရယ်၊ အဲ... အဒေါ့်ကို နားလည်ပါနော်။ အဲ... ဘယ်လို ပြောရမလဲ မသိဘူး။ အဲ... သူ ဘာတွေ ကြိုက်သလဲ။ ဘာတွေ မကြိုက်သလဲ ဆိုတာမျိုးပေါ့။ သူ အဲဒီလိုပဲ အမြဲတမ်း ဆူးတွေ ထွက်နေတာပဲလား။ သူ ဘာတွေ ဖြစ်ချင်နေတာလဲ။ သူ့ အိပ်မက်တွေက ဘာတွေလဲ။ သူ့ကို ဘယ်အရာတွေက လွှမ်းမိုးထားတာလဲ။ မင်း ပြောပြနိုင်မလား။ တိုတို ပြောရရင် အဒေါ်က.."

"ဟာ... မေမေကလည်း၊ မေမေ့ မေးခွန်းတွေကို ဘယ်သူ တထိုင်တည်း

ဖြေနိုင် မှာလဲလို့”

ဒွန်ညာက ကြားဖြတ်ပြောသည်။

“တကယ်ပါပဲကွယ်၊ အဒေါ်သားကို ဒီပုံစံနဲ့ တွေ့ရလိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး သိလား”

“ဖြစ်တတ်ပါတယ် အဒေါ်ရယ်၊ အဒေါ်က အမေကိုး။ ကျွန်တော့်မှာ အမေ မရှိတော့ ပါဘူး။ ဦးလေးက တနှစ် တခါ လာကြည့်တယ်။ နှစ်တိုင်းနှစ်တိုင်း ပြန်တွေ့ရင် ကျွန်တော့် ကို မမှတ်မိတာက ခပ်များများ။ သူက လူတော်ပါ။ အဒေါ်တို့ သားအမိက သုံးနှစ်တောင် ခွဲနေကြရတော့...။ တံတားအောက်မှာ ရေတွေ အများကြီး စီးသွားပြီလေ။ ကျွန်တော် သူ့ အကြောင်း ဘယ်လို ပြောရပါ့မလဲ။ ဘာတွေ ပြောရပါ့မလဲ။ သူနဲ့ ကျွန်တော် သိတာ တနှစ်ခွဲ ရှိသွားပြီ။ အမြဲတမ်း သုန်မှုန်နေတယ်။ တလောကလုံးကို မကျေနပ်တဲ့ ပုံစံမျိုး။ မာနကြီး တယ်၊ ဘဝင်မြင့်တယ်၊ နောက်ပိုင်းမှာ သူ ဝေဝေဝါးဝါး ပုံစံမျိုး ဖြစ်လာတယ်။ ရောဂါ ရလာတယ်။ ဒါပေမဲ့ သူက စိတ်ထား မြင့်မြတ်တယ်။ သူ့မှာ ကရုဏာတရား ရှိတယ်။ သူ့ရင်ထဲမှာ ဘာဖြစ်နေတယ် ဆိုတာ ဘယ်တော့မှ ဖွင့်မပြောဘူး။ ခံစားချက်ကို ထုတ်ဖော်မယ့်အစား တခြား ရက်စက်မှု တခုခုကို လုပ်ချင်လုပ်လိမ့်မယ်။ ရံခါမှာ သူ လုံးဝ နေကောင်းနေတယ်။ ဒါပေမဲ့ လူတယောက်နဲ့ မတူအောင် အေးစက်စက် ဖြစ်နေတတ်တယ်။ ဘာခံစားမှုမှ မရှိသလိုပဲ။ သူ့ခန္ဓာကိုယ်ထဲမှာ စိတ်နှစ်ခု ရောက်နေသလိုပဲ။ ဆန့်ကျင်ဘက်နှစ်ခု ပေါင်းထားသလိုပဲ။ ရံခါမှာ လုံးဝ ဖော်ရွေမှု မရှိဘူး။ အလုပ်တွေ ရှုပ်ပြီး ယောက်ယက်ခတ် နေတတ်တယ်။

ဒါပေမဲ့ ဘာမှ လှုပ်ရှားမှု မရှိဘဲ လှဲအိပ်ချင် အိပ်နေပြန်ရော။ လူတွေ စိတ်ဝင်စားတာ မှန်သမျှ သူ စိတ်မဝင်စားဘူး။ ဘယ်သူ ပြောတာမှ ဆုံးအောင် နားမထောင်ဘူး။ ဘဝင်မြင့်တဲ့အခါ ကျတော့ သူဟာ ငါနဲ့ငါသာ နှိုင်းစရာ။ ဒါလောက်ပဲ ကျွန်တော် ပြောပါရစေ။ ဒါပေမဲ့ အဒေါ်တို့ ရောက်လာတဲ့အတွက် သိပ်ကောင်းပါတယ်။ သူ ပုံမှန် ပြန်ရောက်လာမှာပါ”

ရာဇူမီခင်၏ ဖွင့်ဆိုချက်တွေကို ကြားပြီး ရင်လေးနေသည့် မေမေ ရပ်စ်ကိုလ်နီကော့ဗ် က သက်ပြင်းချပြီး ပြန်ပြောသည်။

“ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် အဲဒီအတိုင်း ဖြစ်လာပါစေကွယ်”

ခုမှပဲ ရာဇူမီခင်တယောက် ဒွန်ညာ့ကို စေ့စေ့ကြည့်ရဲတော့သည်။ မအေနှင့် စကား ပြောနေတုန်းကလည်း ခိုးခိုးကြည့်သည်။ သို့သော် စက္ကန့်ပိုင်းအတွင်း မျက်နှာလွှဲပစ်ရသည်။ ကြာကြာ မကြည့်ရဲ။

ဒွန်ညာက စားပွဲတွင်ထိုင်ပြီး သေသေချာချာ နားထောင်သည်။ သူ့အကျင့်အတိုင်း ထပြီး အခန်းကို ထောင့်ဖြတ် လျှောက်သည့်အခါ ထလျှောက်သည်။ ရင်ဘတ်တွင် လက်ပိုက်လျက်။ နှုတ်ခမ်းကို တင်းတင်းစေ့လျက်။ ခြေလှမ်းမပျက် မေးခွန်းတွေ ဝင်မေးသည့်အခါ မေးသည်။ ပြီးတော့ အတွေးနက်နေပြန်သည်။ သူ့မှာ သူ့အစ်ကိုနှင့်တူသည့် အကျင့်တခု ရှိသည်။ တဖက်သားစကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်ဖြတ်မေးတတ်ခြင်း ဖြစ်သည်။ အနက်ရောင် ချည်အင်္ကျီပါးပါး ဝတ်ထားသည်။ လည်ပင်းတွင် ပိုးပဝါပါးပါးလေး စည်းလျက်။ ဆင်ယင်ထုံးဖွဲ့မှုကို ကြည့်ပြီး ရာဇူမီခင် အကဲဖြတ်လိုက်သည်။ အင်း... သားအမိ နှစ်ယောက် စလုံး ဆင်းရဲနေရှာတာပဲ။ ဒွန်ညာ့ကို ဘုရင်မတပါးလို စိတ်ထဲက ဝတ်ဆင်ပေးကြည့်လိုက်သည်။ ဘုရင်မတပါး ပုံစံဖြင့်တွေ့ရလျှင် သူ ဖြုံမည် မထင်။ ခုလို နွမ်းနွမ်းပါးပါး ဖြစ်နေလျက်က လေးနက်တည်ငြိမ်မှုကို တွေ့ရတော့ သူ ဖျားချင်သလိုလို ဖြစ်လာသည်။ ကိုယ့်ကိုယ်ကိုယ် လည်း ယုံကြည်မှု ကင်းမဲ့လာသည်။

"ကျွန်မအစ်ကို အကြောင်း ရှင် ပြောသွားတာတွေဟာ တကယ် အထူးအဆန်း တွေချည်းပဲ။ ဒါပေမဲ့ ကောင်းပါတယ်။ ပွင့်လင်း မျှတပါတယ်။ ရှင်လည်း သူ့ကို တော်တော် စိတ်ပျက်မှာပဲနော်"

"ကိုယ် အဲဒီလို မပြောဘူးနော် ဒွန်ညာ။ မင်း ပြောတာ ဟုတ်ကောင်း ဟုတ်ပါလိမ့် မယ်။ တခုတော့ ရှိတယ်"

"ဆိုပါဦး၊ ဘာများပါလိမ့်"

"သူက ဘယ်သူ့ကိုမှ မချစ်ဘူး၊ ဘယ်တော့မှလည်း အချစ်ကို သူ စိတ်ဝင်စားမှာ မဟုတ်ဘူး''

"သူ့မှာ ချစ်နိုင်တဲ့ ခွန်အား မရှိဘူးလို့ ဆိုလိုတာလား"

"မင်းတို့ မောင်နှမနှစ်ယောက်က သိပ်တူတာပဲနော်"

ရာဇူမီခင်က မျက်နှာကြီး နီပြီး ပြန်ပြောလိုက်သည်။ ရှက်ကိုးရှက်ကန်း ပုံစံမျိုးဖြင့်။

ဒွန်ညာက သူ့ကို ကြည့်ပြီး ရယ်နေသည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မကောင်းသည့် ပုံစံဖြင့် ဝင်ပြောသည်။

"ရော့ဒ်ယာနှင့် ပတ်သက်ပြီး မင်းတို့နှစ်ယောက်စလုံး မှားနေတယ်။ ခု တဒင်္ဂလေး ကို ကြည့်ပြီး မဆုံးဖြတ်နဲ့လေ။ သမီး ဒွန်ညာ၊ လူဇင်က သူ့စာထဲမှာ ရေးထားတယ်လေ။ တို့ ထင်တာတွေ မှားနေပြီလား မသိဘူး။ ဒီမယ် ရာဇူမီခင်၊ သိပ်

အံ့ဩစရာကောင်းတာ၊ ဘယ်လို ပြောရမလဲ။ သူက သိပ်အပြောင်းအလဲ မြန်တယ်။ ဆယ့်ငါးနှစ်သားလောက်အထိသူ ဘာဖြစ်လာမယ် ဆိုတာ ခန့်မှန်းလို့ မရဘူး။ ခုလည်း သူများတွေ လုပ်ဖို့ မတွေးရဲတာ မျိုးကို သူ လုပ်ချင် လုပ်မှာ သေချာတယ်။ သူ့ကိုယ်သူလည်း ရန်ရှာချင် ရှာမှာ။ သူ့ကြောင့် အဒေါ် အထိတ်တလန့် ဖြစ်ရပေါင်းများပြီ။ ပြီးခဲ့တဲ့နှစ်က ဟိုကောင်မလေးနဲ့ လက်ထပ်ဖို့ကိစ္စ သူ့ခေါင်းထဲ ဝင်လာတုန်းကပေါ့။ ဘာတဲ့... ကောင်မလေး နာမည်က ဇာနစ်စင် ဆိုလား၊ သူ့အခန်းရှင်ရဲ့ သမီးလေ”

“ရာဇူမီခင်၊ ရှင် အဲဒီဇာတ်လမ်း အသေးစိတ် သိလား” မေမေ ရပ်စ်ကိုလ်နီကော့ဗ်က အတင်း စကားဆက်သည်။

“အဒေါ့်မှာ ငိုလိုက်ရတာကွယ်။ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ ဗုန်းဗုန်းလဲလု မတတ်ပဲ။ သေလုမြောပါး ခံစားခဲ့ရတယ်။ အဲဒီ ဒုက္ခတွေ၊ ဆင်းရဲမွဲတေမှုတွေကို သူ လုံးဝ လှည့်မကြည့် ဘူး။ အဲဒါ အဒေါ်တို့ သားအမိကို မချစ်လို့ မဟုတ်ဘူးနော်”

ရာဇူမီခင်က ခပ်ဆဆ ဝင်ပြောသည်။

“ကျွန်တော့်ကို အဲဒီအကြောင်း လုံးဝမပြောဘူး။ ဒါပေမဲ့ ကောင်မလေးရဲ့ အမေက ကျွန်တော့်ကို အရိပ်အမြွက်လောက်တော့ ပြောပါတယ်။ အမျိုးသမီးက စကားခပ်နည်းနည်းရယ်၊ ကျွန်တော် ကြားရသလောက်တော့ ဇာတ်လမ်းက ခပ်ဆန်းဆန်းရယ်”

“ဘယ်လို ကြားလို့လဲ ဟင်"

သားအမိနှစ်ယောက် ပြိုင်တူ မေးသည်။

“သိပ်ထူးဆန်းတယ်လို့လည်း မဟုတ်ပါဘူးလေ။ လက်ထပ်မယ့်ဆဲဆဲမှ သတို့သမီး ဆုံးသွားလို့ မင်္ဂလာပွဲ ပျက်ရတဲ့အကြောင်းလောက်ပါပဲ။ မအေကလည်း သဘောအတူကြီး မဟုတ်ဘူးတဲ့။ ပြီးတော့ ကောင်မလေးက ရိုးရိုးအေးအေး ရုပ်ဆိုးဆိုးလေးလို့ ပြောကြတယ်။ ကျန်းကျန်းမာမာလည်း မဟုတ်ဘူးတဲ့။ အဲဒါကို ခပ်ဆန်းဆန်းလို့ ကျွန်တော် ပြော တာပါ။ ဘာပဲဖြစ်ဖြစ် မိန်းကလေးက အဆင့် ရှိပါတယ်။ ရှိရမှာပေါ့လေ။ မဟုတ်ရင် ဘာမှ အဓိပ္ပာယ် ရှိတော့မှာ မဟုတ်ဘူး။ သူက ကောင်မလေးဆီက ရမယ့် မင်္ဂလာကြေးကို စိတ်မဝင် စားပါဘူး။ ခြုံပြောရရင်တော့ ဒီကိစ္စတွေမှာ ဝေဖန် ဆုံးဖြတ်ရတာ ခက်ပါတယ်"

ဒွန်ညာ ဝင်ဆွေးနွေးသည်။

“ဒွန်ညာတော့ သူ့ကို တန်ဖိုးရှိတဲ့ မိန်းကလေးလို့ ထင်တယ်”

မအေက သမီးကို စိုက်ကြည့်ပြီး ခပ်ဆဆ ဝင်ပြောသည်။

"အင်း... ပြောရမှာတော့ မကောင်းလှဘူး။ ဘုရားသခင် တပည့်တော်မကို ခွင့်လွှတ် တော်မူပါ။ ခုလို ဖြစ်သွားတာလည်း ခပ်ကောင်းကောင်းလို့ ဆိုရမှာပဲ။ မဟုတ်ရင် သူတို့ဘဝပျက်စီးမှာ။ ရှေ့ဒ်ယာကြောင့်လား၊ ကလေးမကြောင့်လား တော့ မပြောနိုင်ဘူးပေါ့နော်"

ဒွန်ညာက သူ့အမေ ပြောပုံကို သဘောကျပုံ မရ။ စကားလမ်းကြောင်း ပြောင်းပြီး အစ်ကိုလုပ်သူနှင့် လူဇင်တို့ တွေ့ဆုံခန်းကို ပြန်ကောက်သည်။ သည်ကိစ္စအတွက် ဒွန်ညာ တယောက် အရမ်းစိတ်မကောင်း ဖြစ်နေသည်မှာ သိသာသည်။ ရာဇူမီခင်က အသေးစိတ် ထပ်ပြောသည်။ သူ့ကိုယ်ပိုင် အမြင်ပါ ထုတ်ပြောသည်။ ရပ်စ်ကိုလ်နီကော့ဗ် အနေဖြင့် လူဇင့်ကို စော်စော်ကားကား ပြောခဲ့သည်မှာ မှန်ကြောင်း၊ ဒါပေမဲ့ သူ ဖျားနေတာကြောင့် သည်လို ဖြစ်သွားတာ ဖြစ်ကြောင်း စသည် စသည်များ။

ပြီးတော့ ဆက်သေးသည်။

“သူ အပြင်းမဖျားခင်ကတည်းက ဒီလိုပြောဖို့ စီစဉ်ပြီးသား ထင်တယ်”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ဓာတ်အကျကြီး ကျသွားရသည်။ လူဇင်ကို အထင်ကြီးနေပုံဖြင့် ဝင်ပြောသည်။

“အဒေါ်လည်း အဲဒီအတိုင်းပဲ ထင်တယ်”

ဒွန်ညာလည်း စိတ်မကောင်း ဖြစ်သွားပုံ ရသည်။

“ဒါတွေဟာ မင်းရဲ့ အမြင်တွေပေါ့ ဟုတ်လား”

မမေးဘဲ မနေနိုင်၍ မေမေ ရပ်စ်ကိုလ်နီကော့ဗ် မေးလိုက်ခြင်း ဖြစ်သည်။

“အဒေါ့်သမက်လောင်းကို ကျွန်တော် ဘာမှ အကဲဖြတ်ခွင့် မရှိပါဘူး ခင်ဗျာ”

ရာဇူမီခင်က စိတ်အားထက်သန်စွာနှင့် အခိုင်အမာ ဆက်ပြောသည်။

“ကျွန်တော်က စကားလှအောင် ပြောတာ မဟုတ်ပါဘူး။ ဒီကိစ္စကတော့... အဲ...

ဒွန်ညာကိုယ်တိုင် လွတ်လွတ်လပ်လပ် စဉ်းစားပြီး ရွေးတာ အကောင်းဆုံးပါ။ မနေ့က သူ့ အကြောင်း အမနာပ ကျွန်တော် ပြောမိတာက

အရက်မူးနေလို့ပါ။ ကျွန်တော် အရမ်း လွတ်သွား ပါတယ်။ ကျွန်တော် အဲဒီအတွက် ဒီနေ့ ရှက်လို့မဆုံး၊ နောင်တရလို့မဆုံး ဖြစ်နေပါတယ်”

သူ့မျက်နှာကြီး ရဲတက်လာပြီး ငြိမ်ကျသွားသည်။

ဒွန်ညာ့မျက်နှာကလေးလည်း ရှက်သွေးဖြာတက်လာသည်။

သို့သော် လူဇင့်အကြောင်း ပါလာကတည်းက တခွန်းမှ ဝင်မပြော။

မေမေရပ်စ်ကိုလ်နီကော့ဗ်က သမီးလုပ်သူကို ကွက်ကြည့် ကွက်ကြည့်နှင့် အနေရ ကျပ်နေပုံ။ ပြီးမှ စကားစသည်။

“ဒီမယ် တူတော်မောင်၊ သမီး၊ ရာဇူမီခင်နဲ့ မေမေ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရမလား

ဟင်"

“ပြောပါ မေမေ”

ဒွန်ညာ ဣန္ဒြေရရ ပြန်ပြောသည်။

“ဒီလိုကွဲ့”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ရင်ထဲ ပေါ့သွားသလို စကားဆက်သည်။

"ဒီမနက် လူဇင့်ဆီက စာတစောင် ရတယ်ကွဲ့၊ အဒေါ်တို့ ရောက်ပြီဆိုတာ သူ သိပါတယ်တဲ့။ မနေ့က ဘူတာရုံ လာမကြိုနိုင်တဲ့အကြောင်း၊ ဒါကြောင့် တပည့်တယောက် ကို လွှတ်အကြိုခိုင်းပြီး ဒီနေရာအရောက် ပို့ခိုင်းလိုက်ရကြောင်းပေါ့။ မနက်ဖြန်မှ လာတွေ့ မယ့် အကြောင်းလည်း ပါတယ်။ ဒါပေမဲ့ ဒီမနက်ကျတော့ ဒီစာပဲ ရောက်လာတယ်။ ရော့... မင်းကိုယ်တိုင်ပဲ ဖတ်ကြည့်တော့။ ပြီးမှ ဝေဖန်ပေးနော်။ သူ့အပေါ် ဘယ်လို မြင်သလဲ ဆိုတာလေ။ ပွင့်ပွင့်လင်းလင်း ပြောနော်။ ရော့ဒ်ယာအကြောင်း မင်းက အသိဆုံး ဆိုတော့ ဘာဆက်လုပ်ရမလဲ ဆိုတာလည်း ပြောဦး။ အဲဒါကြောင့် မင်းကို မျှော်နေတာ”

ရာဇူမီခင်က စာရွက်ခေါက်ကို ဖြေပြီး ဖတ်သည်။ စာမှာ မနေ့က နေ့စွဲနှင့် ဖြစ်သည်။

လေးစားအပ်ပါသော မဒမ်ပူလ်ချီရီယာ အလက်ဇန္ဒရိုဗနာ။

လေးစားစွာ အစီရင်ခံအပ်ပါသည်။

မမျှော်လင့်သော အကြောင်းကြောင်းများကြောင့် ဘူတာရုံမှာ လာမကြိုနိုင်တာနဲ့ စိတ်ချယုံကြည်ရတဲ့ တပည့်တယောက်ကို လွှတ်ကြိုခိုင်းလိုက်ရပါတယ်။ မနက်ဖြန်မနက် လာတွေ့ ဖို့မှာလည်း လွှတ်တော်မှာ အရေးပေါ်ကိစ္စတွေ ပေါ်လာတာ တကြောင်း၊ မိသားစု ပြန်လည်တွေ့ဆုံပွဲမှာ ကျွန်တော် မပါတာ ကောင်းမယ်ထင်တာ တကြောင်းမို့ မနက်ဖြန် ညရှစ်နာရီ တိတိတွင်မှ အခန်းမှာ ကျွန်တော် လာရောက် ဂါရဝပြု တွေ့ဆုံပါ့မယ်။ တခုတော့ ကျွန်တော် ကြိုတင် တောင်းပန်ပါရစေ။ အဲဒီအချိန်မှာ ရှိဒီယွန်ရှိမန်နိုဗစ်ချ် (ရပ်စ်ကိုလ်နီကော့ဗ်)တော့ ရှိမနေစေချင်ပါ။ မနေ့က သူ ကျွန်တော့်ကို စော်ကားလိုက်ပုံက ကမ်းကုန်အောင်ပါပဲ။ ရက်စက်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မဒမ်တို့ သားအမိရဲ့အမြင်ကိုလည်း ကျွန်တော် သိချင်ပါတယ်။ ဒါကြောင့် ကျွန်တော် သူနဲ့ တွေ့ရမယ် ဆိုရင်... မဒမ်တို့သားအမိအနေနဲ့ ကျွန်တော့် ဘက်က ဝင်စဉ်းစားပေးစေချင်ပါတယ်။ သူနဲ့ တွေ့ရမယ်ဆိုရင် ကျွန်တော် အားလုံးအတွက် နောက်ဆုတ်လိုက်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဒီလို ဖြစ်ရ ခြင်းအတွက် တာဝန်ယူရမှာက မဒမ်တို့ သားအမိပဲ ဖြစ်ပါလိမ့်မယ်။

ကျွန်တော် ခိုင်လုံတဲ့ သတင်းတခု ရထားပြီးလို့ ဒီစာရေးတာပါ။ ကျွန်တော် သူ့ဆီရောက်တဲ့အချိန်မှာ သူ လူမှန်း သူမှန်း မသိအောင် ဖျားနေတယ်။ နောက် နှစ်နာရီအကြာမှာ အဲဒီ သေကောင်ပေါင်းလဲ လူနာဟာ အခန်း ထဲက ထွက်သွားတယ်။ ပြီးတော့ သူ့မိတ်ဆွေ ငမူးတကောင်ရဲ့ အခန်းကို ရောက်သွားတာ ကျွန်တော့်မျက်စိနဲ့ မြင်ခဲ့တာပါ အဲဒီငမူးကရထားတိုက်ခံရပြီး သေသွားတယ်။ အဲဒီလူရဲ့ သမီးကိုမနေ့က သူကငွေ နှစ်ဆယ့်ငါးရူဘယ် အလကားပေးခဲ့တယ်တဲ့ ဗျာတို့။ လမ်းပေါ်က ကောင်မလေးပါ။ အဲဒီငွေပမာဏရဖို့ မဒမ် ဘယ်လောက် ဒုက္ခခံခဲ့ရသလဲ။ ကျွန်တော်တော့ အံ့ဩမဆုံး ဖြစ်နေတယ်။

အဲဒီ ခံစားမှုနဲ့ လေးစားအပ်ပါသော ဒွန်ညာ့ကို ကျွန်တော့်အား စဉ်းစားဖို့ ပန်ကြားရင်း-

သင်၏ သစ္စာရှိသော

ပီ၊ လူဇင်

※

မေမေရပ်စ်ကိုလ်နီကော့ဗ်က မျက်ရည်ဝဲဝဲဖြင့် စကားပြန်စသည်။

“အခုဘာလုပ်ရမလဲကွယ်၊ ရော့ဒ်ယာကို ဒီမလာပါနဲ့လို့ အခုဘယ်လို ပြော ထွက်မှာလဲ။ မနေ့က သူ ဟိုတယောက်ကို ခါးခါးသီးသီး ပြောတယ်။ ဟိုတယောက်က ဒီနေ့ မျက်နှာချင်း မဆိုင်ချင်ဘူးတဲ့။ သူ ဒီကို လာတယ်ဆိုတာ သားသိသွားရင် ဘာတွေ ဖြစ်ကုန်မှာလဲ ဟင်။ မိုးမီးလောင်တော့မယ် ထင်တယ်ကွယ်”

“ဒွန်ညာ ဆိုးဖြတ်ပါစေ အဒေါ်” ရာဇူမိခင်က တည်ငြိမ်မှုအပြည့်ဖြင့် ပြန်ပြောလိုက်သည်။

“အိုး... ဘုရားသခင်၊ သမီးက ဘာပြောတယ် အောက်မေ့လဲ။ သူ ဘာမှ မပြော ချင်တော့ဘူးတဲ့။ အားလုံး ဘုရားသခင် အလိုတော်အတိုင်းပဲတဲ့ကွယ်။ အဲဒါ အကောင်းဆုံး တဲ့။ ဘယ်လိုလုပ် အကောင်းဆုံး ဖြစ်နိုင်မှာလဲကွယ်။ ရှော့ဒ်ယာနဲ့ ဒီမှာဆုံပြီ ဆိုပါတော့ ကွယ်။ သူ့ကို ဒီစာပြလို့ ဘယ်ဖြစ်ပါ့မလဲနော်။ တမျိုးတဖုံတော့ ကြံရမှာပဲ။ သူ ဒီကို မလာ အောင်လို့လေ။ သူက သိပ်ပြင်းထန်နေတယ်။ နောက်တခု အဒေါ်တော့ ဘာမှ နားမလည် နိုင်အောင်ပဲ။ ရထားတိုက်ခံရပြီး သေတဲ့ အရက်သမားက ဘယ်သူလဲ။ သူ့သမီးက ဘာလဲ။ အဲဒီကလေးမကို သူ့မှာ ရှိစုမဲ့စု အိတ်သွန်ဖာမှောက် ပေးပစ်တယ်ဆိုတာ ဘာ အဓိပ္ပာယ်လဲ”

ဒွန်ညာ ဝင်ပြောသည်။

“မေမေ အဲဒီအတွက် အရမ်းစိတ်မကောင်း ဖြစ်နေလားဟင်''

ရာဇူမိခင်က တွေးတွေးဆဆ ဝင်ပြောသည်။

“မနေ့က သူ အရမ်းစိတ်လှုပ်ရှားနေတယ်။ အရမ်း တိမ်းတိမ်းပွေပွေ ဖြစ်နေတယ်။ အဒေါ်တို့သာ သူ မနေ့က အရက်ဆိုင်မှာ ပေါက်ကွဲတဲ့အကြောင်း သိရင်... အဲ... သူ ပြောတာ တွေက သိပ်မြင့်ပါတယ်။ အင်း... သူ ပြောတာတွေထဲမှာ အဲ... သူနဲ့ ကျွန်တော် လမ်းလျှောက် ပြီး အိမ်အပြန်မှာ အဲဒီသေသွားတဲ့ လူအကြောင်း ပါတယ်။ ပြီးတော့ သူ့သမီးလေး အကြောင်း လည်းပါတယ်။ ဒါပေမဲ့ သူဘာဆိုလိုမှန်း ကျွန်တော်လုံးဝ မသိဘူး။ အဲ... ကျွန်တော်ကလည်း မူးနေတာကိုး”

ဒွန်ညာက ခင်ပွန်းလောင်း ပေးထားသည့် လည်သိုင်း ရွှေနာရီကလေးကို ငုံ့ကြည့်ပြီး-

"ဒီလိုလုပ်ရအောင်ပါ မေမေရယ်။ သမီးတို့သားအမိချည်း သူ့ဆီ သွားမယ်။ ကြည့်စမ်း၊ ဆယ်နာရီတောင် ကျော်နေပြီ’’

“အေး... ဟုတ်သားပဲနော်၊ သွားမယ်လေ။ အင်း... မေမေတို့ကို သူ မနေ့က ကောလွှတ် လိုက်လို့ စိတ်ဆိုးနေတယ်လို့ သူ ထင်နေဦးမယ်”

ပြောပြောဆိုဆို မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ဦးထုပ်ကောက်ဆောင်း၊ လည်ပင်း ပဝါပတ်နှင့် အလုပ်ရှုပ်သွားသည်။ ဒွန်ညာကလည်း အပြင်ထွက်ဖို့ ပြင်သည်။ သူ့လက်အိတ် ကလေးမှာ ဟောင်းရုံမက ပေါက်ပြဲနေပြီ။ သားအမိနှစ်ယောက်၏ အဝတ်အစားများမှာ ဟောင်းနွမ်းနေပြီ ဖြစ်သော်လည်း ရှင်းရှင်းသန့်သန့်ဖြစ်ကြောင်း ရာဇူမိခင် သတိထားမိသည်။ ဂုဏ်ယူဝင့်ကြွားစွာဖြင့်

သားအမိနှစ်ယောက်ကို ကိုယ်ရုံတော် လုပ်ကာ ဦးဆောင် ခေါ်လာခဲ့သည်။ အကျဉ်းထောင်ထဲတွင် ကိုယ့်ခြေအိတ် ကိုယ် ဖာထေးခဲ့ရသည့် ဘုရင်မတပါး အကြောင်း စဉ်းစားရင်း ဒွန်ညာ့ကို ငဲ့ကြည့်မိသည်။ တကယ့် ဘုရင်မတပါး၏ကျက်သရေ မျိုးဖြင့် တင့်တယ် ခံ့ထည်လျက်ပါလား။

မေမေရပ်စ်ကိုလ်နီကောဗ်က လမ်းလျှောက်ရင်း စကားစသည်။

"အင်း... လောက၊ လောက၊ ကိုယ့်သား ကိုယ် တွေ့ဖို့အရေး ကြောက်နေရတဲ့ အဖြစ်ပါလားကွယ်။ ဩော်... ရော့ဒ်ယာ၊ ရော့ဒ်ယာ"

ရာဇူမီခင်ကို မရှံ့မရဲ ကြည့်ပြောလိုက်ခြင်း ဖြစ်သည်။ ဒွန်ညာက သူ့အမေ ပါးကို နမ်းပြီး-

"မကြောက်ပါနဲ့ မေမေရယ်၊ အစ်ကို့ကို ယုံထားလိုက်ပါ"

"ယုံပါတယ် သမီးရယ်။ ဒါပေမဲ့ တညလုံး အိပ်မရဘူး သိလား"

လမ်းပေါ်တွင် ဆက်လျှောက်သွားကြသည်။

"မေမေလေ လင်းအားကြီးလောက်မှ မှေးခနဲ ပျော်သွားတယ်။ သွားလေသူ မာဖာပီထရိုဗနာကို အိပ်မက်မက်တယ် သိလား။ တကိုယ်လုံး အဖြူရောင် ဝတ်ထားတယ်။ မေမေ့ဆီ လာပြီး လက်ကို ကိုင်တယ်။ ပြီးတော့ အလိုမကျတဲ့ပုံနဲ့ ခေါင်းယမ်းတယ်။ နိမိတ် ပြတာများလား မသိဘူးနော်။ ဆုံးသွားတဲ့ မာဖာပီထရိုဗနာကို မင်း မသိဘူးနော် ရာဇူမီခင်"

"မသိပါဘူး ခင်ဗျာ၊ သူက ဘယ်သူပါလဲ"

"ရုတ်တရက်ကြီးကွယ်။ မင်းပဲ စဉ်းစားကြည့်ပါ"

ဒွန်ညာက ကြားဖြတ်ပြီး -

"ဩော်... မေမေရယ်၊ နောက်မှ ပြောပါလား။ သူနဲ့သိတာလည်း မဟုတ်ဘဲနဲ့"

"ဩော်... မင်းက မသိဘဲကိုး။ အဒေါ်က မင်း အားလုံးကို သိတယ် ထင်နေတာ။ စိတ်မရှိနဲ့နော်။ အဒေါ်လည်း ခုတလော ခေါင်းတွေနောက်နေတယ်ကွယ်။ မင်းကို အဒေါ်က အဒေါ်တို့ရဲ့ သမ္မာဒေဝ နတ်မြတ်တပါးလို သဘောထားတာကွယ့်။ ဒါကြောင့် မင်း မသိတာ ဘာမှ မရှိဘူး ထင်နေတာ။ ဟင်... မင်း ညာဘက်လက် ဘာဖြစ်တာလဲဟင်၊ သိပ်နာနေလား"

"ဟုတ်ကဲ့၊ အနာလေး ဖြစ်နေလို့ပါ”

ရာဇူမီခင် ပျော်သွားသည်။

“အဒေါ်က တခါတခါ သိပ်စကားများတာ။ ဒွန်ညာက ထိန်းထိန်းပေးရတယ်။ အဲ.. ဒါထက် သူ့နေရာကလေးက ကျဉ်းလွန်းပါတယ်ကွယ်။ ကြုတ်ထဲ ကျွဲသိပ် ကျနေတာပဲ။ ပြီးတော့ သူ့အိမ်ရှင် အမျိုးသမီးကလည်းကွယ်၊ ဒါကို အိမ်ခန်းလို့ ခေါ်သတဲ့လား။ နေဦး... မင်းပြောတဲ့ အထဲမှာ သူဟာ အံ့ပုန်းတဲ့ ဟုတ်လား။ သူ့ရင်ထဲမှာ ဘာဖြစ်နေတယ် ဆိုတာ ဘယ်သူမှ ပေးမသိဘူးတဲ့၊ ဟုတ်လား။ အဲဒီ ပိတ်ထားတဲ့ တံခါးတွေ အဒေါ် ဆွဲဖွင့်ပေးလို့ မရဘူးလား။ အဲဒီလိုဖြစ်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာ အဒေါ့်ကို ပြောပြပါလား။ အဒေါ်တော့ သူနဲ့ တွေ့ရမှာ လန့်နေတယ်ကွယ်”

“မေမေကလည်း သူ့ကို အရမ်း လျှောက်မေးမနေပါနဲ့။ အစ်ကို့ဆီ ရောက်ရင် သူ့ကျန်းမာရေး အခြေအနေ သိပ်မမေးနဲ့၊ သူ ပြောချင်ပုံ မရဘူး”

“ဪ... ရာဇူမီခင်ရယ်၊ အမေ ဖြစ်ရတဲ့ဘဝ မလွယ်ပါလားကွယ်။ ဟော... အဲဒါ သူတို့လှေကား မဟုတ်လား"

ဒွန်ညာက မအေ့ကို ဖက်ပြီး -

“မေမေ စိတ်ထိန်းနော်။ မေမေ့ကို တွေ့ရင် သူ ပျော်မှာပါ။ မေမေက အလကား စိတ်ဆင်းရဲ ခံနေတာ”

“ခဏလေး၊ ကျွန်တော် အရင်တက်ပြီး ကြည့်မယ်။ သူ နိုးလား၊ မနိုးလားလို့လေ” သားအမိနှစ်ယောက်က သူ့နောက်မှ ဖြည်းဖြည်း တက်လိုက်သွားသည်။ လေးထပ် ရောက်တော့ အိမ်ရှင် အမျိုးသမီး အခန်းတံခါး ခပ်ဟဟလေး ပွင့်နေတာကို သူတို့ သတိထားမိကြသည်။ အမှောင်ထဲမှ မျက်ဝန်းနက်တစုံက အပြင်ကို စိုက်ကြည့်နေသည်။ အပြင်က မျက်လုံးများနှင့် ဆုံမိတော့ တံခါးကို အတွင်းဘက်မှ ဆွဲဆောင့် ပိတ်လိုက်သည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ် လန့်အော်မိမတတ် ဖြစ်သွားသည်။

※※※

(၃)

ဖိုစီမော့ဗ်က အပြင်ကို အပြေးအလွှား ထွက်လာပြီး ဝမ်းသာအားရ အော်ပြောသည်။

"သူ နေကောင်းနေပြီ။ သူ နေကောင်းနေပြီ'

သူ ရောက်နေသည်မှာ ဆယ်မိနစ် ရှိပြီ။ မနေ့က ထိုင်သည့် နေရာတွင် သူ ပြန်ထိုင်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာချင်းဆိုင်တွင် ထိုင်နေသည်။ အဝတ်အစား လဲထားသည်။ ရေမိုးချိုးပြီး ခေါင်းဖြီးထားသည်။ သူ သည်လို သေသေသပ်သပ် မနေသည်မှာ ကြာပြီ။

အခန်းထဲတွင် ချက်ချင်း လူတွေ ပြည့်သွားသည်။ နာတာရှာပါ ရောက်လာပြီး ဧည့်သည်တွေ စကားပြောတာကို နားထောင်နေသည်။

ဟုတ်ပါသည်။ ရပ်စ်ကိုလ်နီကော့ဗ်တယောက် လုံးဝနီးပါး နေကောင်းနေပြီ။ မနေ့က ပုံစံမျိုး မဟုတ်တော့။ မျက်နှာကတော့ ဖြူဖျော့ဖျော့ ဖြစ်နေဆဲပင်။ မှုန်ကုပ်ကုပ် လုပ်နေ ဆဲပင်။ ဒဏ်ရာရထားသည့် လူတယောက်၏ ပုံပန်းသဏ္ဌာန်။ ဝေဒနာတခု အပြင်းအထန် ခံစားနေရသူနှင့်လည်းတူ၏။ မျက်ခုံးနှစ်ဖက်တွန့်ထား၏။ နှုတ်ခမ်းကိုတင်းတင်းစေ့လျက်။ မျက်လုံးအစုံကမူ မီးလျှံတွေ ထုတ်လွှတ်နေသည့်နှယ်။ စကားလည်း သိပ်မပြော။ မလွှဲသာသည့် အခါတွင်သာ တခွန်းတလေ ဝင်ပြောသည်။ တစုံတရာအတွက် အစိုးရိမ်ကြီးနေပုံ။

မွေးကျွတ်နာ ပေါက်နေသည့် လက်ချောင်းကလေးကို ဆေးမထည့်ရ၊ ပတ်တီး မစည်းရသည့် ပုံမျိုးလည်း ပေါက်နေ၏။

သို့သော် အမေနှင့် ညီမကို မြင်လိုက်ရသည့် တဒင်္ဂတွင် သူ့မျက်လုံးတွေ အရောင် လက်လာသည်။ သို့သော် တဒင်္ဂမျှသာ။ ဖိစီးနေသည့် စိတ်ဝေဒနာ အရိပ်တွေ ချက်ချင်း ပြန်ပေါ်လာသည်။ ဆရာဝန်လုပ်သူက သူ့လူနာကို သေသေချာချာ လေ့လာနေသည်။ မိသားစု နှင့် ပြန်လည်တွေ့ဆုံပွဲတွင် ဝမ်းသာရမည့်အစား ဖိစီးမှုတွေ ပိုများလာသလိုပါလား။ ဖိုစီမော့ဗ် တယောက် အံ့ဩမဆုံး ဖြစ်နေသည်။ သူ့ပြောစကားတွေ နားထောင်ကြည့်တော့ ဒဏ်ရာ ဟောင်းပေါ်တွင် တုတ်ကျသလိုမျိုးပါလားဟု ဆရာဝန်က မှတ်ချက်ချသည်။ ပြီးတော့ မနေ့က ခံစားချက်တွေ သူ့မှာ ကျန်နေသေးကြောင်းလည်း သတိထားမိလိုက်၏။ သို့သော် သည်နေ့ သူ့ကိုယ်သူ ထိန်းနိုင်နေပုံ ရသည်။

"ကျွန်တော် လူကောင်းနီးပါး ဖြစ်နေပါပြီ။ မနေ့ကလို မဟုတ်တော့ပါဘူး"

ဟု သူ ပြောတော့ မေမေ ရပ်စ်ကိုလ်နီကော့ဗ် ပြုံးနေသည်။ သူငယ်ချင်း ဗိုစီမော့ဗ် ကိုလည်း လှိုက်လှိုက်လှဲလှဲ စကားပြောသည်။

ဗိုစီမော့ဗ်ကလည်း သူ့လူနာ အခြေအနေ ကောင်းသွားပြီဖြစ်လို့ စိတ်လက်ပေါ့ပါး ရွှင်နေသည်။

"ကျွန်တော်က စဉ်းစားနေတာ။ ဒီအတိုင်းဆိုရင် နောက်သုံးလေးရက်ဆို ပုံမှန် ပြန်ရောက်သွားတော့မှာလို့။ ပြီးခဲ့တဲ့ တလ၊ နှစ်လ အခြေအနေပေါ့။ သုံးလလောက် အခြေ အနေဆီတောင် ရောက်ချင် ရောက်သွားဦးမယ်။ အစနေရာကို ပြန်ရောက်သွားတတ်တဲ့ သဘောလေ။ ကဲ... သူငယ်ချင်း မင်း ဝန်ခံလိုက်လေ။ ကိုယ့်ကိုယ်ကိုယ်ဖျက်သံချေးတက်တဲ့။ မင်းကိုယ်မင်း နှိပ်စက်တာ"

"အေးပါကွာ၊ ထားပါတော့"

ဗိုစီမော့ဗ် ခပ်ရွှင်ရွှင် ဆက်ပြောသည်။

"ငါ ဆိုလိုတာက ဒီလိုပါ သူငယ်ချင်း။ မင်း ပြန်နေကောင်းဖို့က မင်းအပေါ်မှာပဲ မူတည်တယ်။ မင်းရဲ့ ဖိစီးမှုတွေ၊ ဥပါဒါန်တွေ လျှော့ချပစ်ရမယ်။ အဲဒီ စိတ်ပိုင်းဆိုင်ရာကို ရှင်းနိုင်မှ မင်း လုံးဝ ပျောက်ကင်းမှာ။ ဘာတွေလဲ ဆိုတာတော့ ငါ သိပ်မသိဘူးနော်။ မင်းပဲ သိမယ်။ မင်းဟာ တို့အထဲမှာ ဉာဏ်အကောင်းဆုံး၊ ဗဟုသုတ အကြွယ်ဆုံးပါကွာ။ ဒီတော့ မင်းကိုယ်မင်း ပြန်လေ့လာပါ။ မင်း ကျောင်း ဆက်မတက်နိုင်တာနဲ့ မင်းဖြစ်တဲ့ရောဂါ ဆက်စပ် နေမယ်လို့ ငါ ထင်တယ်။ အလုပ်အကိုင် မရှိဘဲ မင်း ခုလို လေနေတာလည်း မကောင်းဘူး သူငယ်ချင်း"

"အေး... ဟုတ်တယ်၊ မင်းပြောတာ အားလုံး မှန်ပါတယ် သူငယ်ချင်း။ ငါ မကြာခင် ကျောင်းပြန်တက်ဖြစ်မှာပါ။ အားလုံး အဆင်ပြေသွားမယ် ထင်ပါတယ်"

အမျိုးသမီး နှစ်ယောက်ရှေ့တွင် ဩဝါဒစကားတွေ ပြောချလိုက်ပြီးမှ ဗိုစီမော့ဗ် တယောက် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ သို့သော် တဒင်္ဂမျှသာ။ မေမေ ရပ်စ်ကိုလ်နီ ကော့ဗ်က စကားလမ်းကြောင်း ပြောင်းပြီး မနေ့ညက သူတို့ဆီ လာလည်ဖော်ရသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောသဖြင့် သူ ထွက်ပေါက်ရသွားသည်။

ရပ်စ်ကိုလ်နီကော့ဗ် အံ့ဩသွားပြီး -

"ဘာ... သူလည်း မေမေတို့ဆီ ရောက်လာတယ်၊ ဟုတ်လား။ ဒါဆို မေမေတို့ ခရီးပန်းလာပြီး ကောင်းကောင်း မအိပ်ရသေးဘူးပေါ့"

"ရပါတယ် သားရယ်၊ အိမ်မှာလည်း မေမေနဲ့ ဒွန်ညာ နှစ်နာရီ မထိုးမချင်း

အိပ်ရာ မဝင်ကြပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ်က ကြမ်းပြင်ကို ငုံ့ကြည့်ပြီး မျက်မှောင်ကုတ်ရင်း –

“ကျွန်တော်လည်း သူ့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး”

ဟုပြောရင်း ဇိုစီမော့ဗ်ဘက် လှည့်၍ စကားဆက်သည်။

“မင်း ငါ့ကို ဘာလို့ ဒါလောက် ဂရုတစိုက် ကုသပေးတယ်ဆိုတာ ငါတော့ နားမလည် နိုင်အောင်ပဲ။ ငါ ပွင့်ပွင့်လင်းလင်း ပြောတာ။ တကယ်ကို နားမလည်ဘူး”

ဇိုစီမော့ဗ်က ကြိုးစားပြီး ရယ်လိုက်သည်။

“သိပ်ပြီး အတွေးခေါင်မနေပါနဲ့ကွာ။ မင်းကိုယ်မင်း ငါ့ရဲ့ ပထမဆုံးလူနာလို့ သဘောထားလိုက်ပေါ့။ ပထမဆုံး လူနာကို ရင်ဝယ်သားကဲ့သို့ ချစ်ရမယ် တဲ့”

“သူ့ကိုတော့ ထည့်မပြောတော့ပါဘူး’

ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို လက်ညှိုးထိုးပြီး ပြောသည်။

“ငါ့ကို ကူညီတဲ့အတွက် သူ ရတာကတော့ အစော်ကားခံရခြင်းနဲ့ စိတ်ဆင်းရဲခြင်းပဲ”

ရာဇူမီခင်က -

“အဓိပ္ပာယ်မရှိကွာ၊ မင်းကလည်း။ မင်း ဒီနေ့ ဘာလို့ စိတ်ကောင်း ဝင်နေတာလဲ"

ဒွန်ညာက အစ်ကိုလုပ်သူကို သေသေချာချာ အကဲခတ်နေသည်။ စိတ်ကောင်း ဝင်နေသည် မထင်။ ယင်းနှင့် ဆန့်ကျင်ဘက်ဆီကို ဦးတည်နေသည်ဟု ထင်နေသည်။

အမေ့ဘက် လှည့်ပြီး တောင်းပန်ပြန်သည်။

“မေမေ့မျက်နှာကို ကျွန်တော် ဘယ်လို ကြည့်ရမှန်းတောင် မသိဘူး။ မနေ့က ကျွန်တော် အရမ်းရိုင်းတာပဲ။ ဒီနေ့မှ ပြန်စဉ်းစားမိတယ်။ ဒီမှာ လာပြီး ကျွန်တော့်ကို အကြာကြီး လည်း စောင့်ရသေးရဲ့"

စကားမဆက်ဘဲ ညီမလေးဆီကို အပြုံးဖြင့် လက်ကမ်းပေးလိုက်သည်။ ဒွန်ညာ က အစ်ကို့လက်ကို တင်းတင်း ပြန်ဆုပ်ထားလိုက်သည်။ ရင်ထဲတွင် သိမ့်ခနဲ နွေးသွားသည်။ မေမေ့မျက်နှာတွင် အသံတိတ် သင့်မြတ်နေသည့် မောင်နှမကို

ကြည့်ပြီး ပီတိတွေ ဖြာဝေလျက်။ နေရာတကာမှာ သာသာထိုးထိုး ပြောတတ်သည့် ရာဇူမီခင်က -

"သူ့ကို ကျွန်တော် သဘောကျတာ အဲဒါပဲ သိလား။ သူ စိတ်ဆိုးရင် ခဏပဲ။ ပြီးတော့ လည်း ပြီးသွားတာပဲ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားနေသည်။ ကြည့်ပါဦး၊ ဘယ်လောက် ချစ်ဖို့ ကောင်းတဲ့ သားလေးလဲ။ သူ့ ညီမလေးကို သူ နားလည်သွားပြီ။ လက်ကမ်းပေးပြီး သူ ကြည့် လိုက်တဲ့အကြည့်က မေတ္တာအကြည်ဓာတ်တွေနဲ့ ရွှမ်းရွှမ်းစိုလို့။ ကြည့်စမ်း၊ ဘယ်လောက် လှတဲ့ မျက်လုံးတွေလဲ။ ဒွန်ညာ့ထက်တောင် မျက်ခုံး၊ မျက်လုံး လှသေးတယ်။ အင်း... အဝတ်အစားကတော့ နွမ်းပါးလိုက်တာ။ အဖာနာစီအီဗန်နိုဗစ်ချ်ဆိုင်က ခိုင်းတဲ့ ကောင်လေး ဗာစရာထက်တောင် စုတ်ချာသေးတယ်။ သူ့ကိုဖက်ပြီး ငိုပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မဖြစ် သေးဘူး၊ မလုပ်ရဲဘူး။ ကြောက်တယ်။ ငါ ဘာကို ကြောက်နေတာပါလိမ့်။

နောက်ဆုံးတွင်မှ မေမေ ရပ်စ်ကိုလ်နီကော့ဗ် စကား စနိုင်တော့သည်။

"သား... ရော့ဒ်ယာ၊ မေမေတို့ သားအမိ မနေ့က ဘယ်လောက် စိတ်ဆင်းရဲသွား တယ် ဆိုတာ သား နားလည်နိုင်မယ် မထင်ဘူး။ ခုတော့ အားလုံး ပြီးသွားပြီနော်။ ဝမ်းသာ လိုက်တာ သားရယ်။ သားကို ဖက်နမ်းချင်လွန်းလို့ ဘူတာရုံကနေ တန်းပြေးလာတာ။ သူ... သူ ... နာတာရှာက ဆီးပြောတယ်။ အဖျားကြီးနေလျက်က အိမ်က ထွက်ပြေးသွား တယ်တဲ့။ လိုက်ရှာတဲ့ လူတွေ ရှာနေကြတယ်တဲ့။ မေမေ စိတ်ပူလိုက်ပုံကတော့ ရူးတောင် ရူးချင်သွားတယ် သားရယ်။ သားဖေဖေ့ သူငယ်ချင်း ဗိုလ်ကြီး ပီတန်ချီကော့ဗ်ကို သွား သတိရလို့လေ။ သားတော့ မှတ်မိမယ် မထင်ဘူး။ သားလိုပဲ ဖျားလျက် တန်းလန်းကြီးနဲ့ အပြင်ထွက်ပြေးသွားတာ ရေတွင်းပျက်ထဲ ကျသေသွားတယ်လေ။ အလောင်းကို နောက် တနေ့မှ တွေ့ကြတာ။

"မေမေ စိတ်ပူတာ လွန်လား ဟင်။ ပျိုတာပီထရိုဗစ်ချ် (လူဇင်) ဆီ ပြေးသွားပြီး သားကို လိုက်ရှာခိုင်းဖို့တောင် စိတ်ကူးသေးတယ်။ မေမေတို့မှာ ဘယ်သူမှ မရှိဘူးလေ။ ဘယ်သူဆို ဘယ်သူမှ မရှိဘူး"

ပြောနေရင်း အသံပျောက်သွားသည်။ လူဇင့်အကြောင်း ပါလာ၍ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေသော်လည်း အန္တရာယ် ရှိနိုင်သေးသည် မဟုတ်လား။

ရပ်စ်ကိုလ်နီကော့ဗ် တိုးတိုး ပြန်ပြောသည်။

"အင်းလေ... ဟုတ်တာပေါ့၊ စိတ်မကောင်းပါဘူး မေမေ။ အင်း.. အဲ... ကျွန်တော် ဘာပြောမလို့ပါလိမ့်။ မေမေ၊ ဒွန်ညာ ညီမလေး၊ ကျွန်တော် မေမေတို့ဆီ ဒီမနက် ထွက်လာ မလို့ပါပဲ။ မေမေတို့ လာမယ် ထင်လို့ ဒီမှာ ထိုင်စောင့်နေတာ''

ဒွန်ညာက အစ်ကိုလုပ်သူကို ငေးကြည့်နေရင်း စဉ်းစားနေသည်။ ဝတ်ကျေ တန်းကျေ သူ ပြောနေတာလား၊ စိတ်ထဲက ကျေအေးသွားပြီး ခွင့်လွှတ်ဖို့ တောင်းပန်နေ တာလား။

"နိုးနိုးချင်း ထလာမလို့ပဲ။ ညက နာတာရှုဲကို အဝတ်လျှော်ခိုင်းဖို့ မေ့နေလို့။ အဝတ်တွေမှာ သွေးတွေ၊ အဝတ်လဲဖို့ ကိုယ့်ဘာသာကိုယ်..."

"သွေးတွေ ဟုတ်လား၊ ဘယ်က သွေးတွေလဲ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် အလန့်တကြား မေးသည်။

"ဩော်.ဘာမှမဟုတ်ပါဘူး။မနေ့ကကယောင်ကတမ်းနဲ့ လျှောက်သွားနေတုန်း အသိတယောက် ရထား တိုက်ခံရတယ်"

"ဘာ... ကယောင်ကတမ်းနဲ့ ဟုတ်လား။ ဒါပေမဲ့ မင်း အကုန်မှတ်မိနေသားပဲ"

ရာဇူမီခင်က ဝင်ထောက်သည်။

"အေး... မှတ်မိပါတယ်။ အသေးအဖွဲကလေးကအစ မှတ်မိတယ်။ ဒါပေမဲ့ ဘာတွေ လုပ်ခဲ့တယ်၊ ဘယ်တွေ ရောက်ခဲ့တယ်၊ ဘာတွေပြောခဲ့တယ် ဆိုတာတွေ မေးရင်တော့ ရှင်းပြဖို့ ခက်တယ်"

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ဟာဆ ပြောသည်။ ဇိုစီမော့ဗ်က ဝင်ဆွေးနွေးသည်။

"ဖြစ်ရပ်တွေ အိပ်မက်လို ရှုပ်ထွေးနေတဲ့ သဘောပေါ့။ လုပ်တာတွေက သိပ်ပြီး ပညာပါတယ်။ ဒါပေမဲ့ ထိန်းသိမ်းမှု အင်အားမှာ နည်းနေတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ထဲမှ ပြောလိုက်သည်။

"အင်း.... တော်ပါသေးရဲ့။ သူငါ့ကိုရူးလုခမန်း ဖြစ်သွားပြီထင်တာ ခပ်ကောင်းကောင်းပဲ"

ဒွန်ညာက ဇိုစီမော့ဗ်ကို စိုးရိမ်တကြီး လှမ်းကြည့်ပြီး -

"နေကောင်း ကျန်းမာနေတဲ့ လူတွေလည်း အတူတူပါပဲရှင်"

ဖိုစီမော့ဗ်က အားတက်သရော ပြန်ဆွေးနွေးသည်။

“မှန်ပါတယ်။ အတူတူပါပဲ။ လူတွေဟာ ပုထုဇနော ဥမ္မတ္တကောချည်းပဲ ခင်ဗျာ။ မကျန်းမာသူများကတော့ ရူးသွပ်ခြင်းနဲ့ ပိုနီးတာပေါ့လေ။ အဲ... မျဉ်းတကြောင်း ဆွဲပြီး ကန့်ဖို့တော့ လိုမယ် ထင်တယ်။ သာမန်လူတွေက တဖက်၊ အဲ... သာမန်လူ ဆိုတာကတော့ တော်တော်ရှားတယ်နော်။ တဒါဇင်မှာ တယောက်၊ အဲ... မဟုတ်သေးဘူး။ တထောင်မှာ တယောက်။ တသောင်းမှာ တယောက်တောင် ရှာတွေ့မှာ မဟုတ်ဘူး"

ရူးသွပ်ခြင်း ဆိုသည့် စကားကို ဖိုစီမော့ဗ်က အမှတ်မထင် ပြောလိုက်ခြင်း ဖြစ်သည်။ အားလုံး မျက်မှောင်ကုတ် သွားကြသည်။

ရပ်စ်ကိုလ်နီကော့ဗ်က သည်အကြောင်း စိတ်မဝင်စားသလို လုပ်နေပြီး အတွေးတခုထဲတွင် နစ်နေပုံရသည်။ ဖြူဖျော့ဖျော့ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ် ရေးရေးထင်လျက်။

ရာဇူမီခင်က ဖြတ်မေးသည်။

"ဟေ့... ရော့ဒ်ယာ၊ အဲဒီ ရထားတိုက်ခံရတဲ့လူ အကြောင်း ဆက်ပြောဦးလေ” ရပ်စ်ကိုလ်နီကော့ဗ်က အိပ်ရာမှ လန့်နိုးလာသလို ပြန်မေးသည်။

“ဘာ. ဩော်... အေး၊ သူ့ကို ငါ အိမ်ပြန်ပို့ပေးတယ်။ အဲဒီမှာ ငါ့တကိုယ်လုံး သွေးတွေ ပေကျံကုန်တယ်လေ။ ဒါထက် မေမေ၊ ကျွန်တော် ခွင့်မလွှတ်နိုင်တဲ့ အမှားတခု လုပ်ခဲ့မိတယ်။ ကျွန်တော် တကယ်ပဲ ရူးသွားသလား မသိဘူး။ မေမေ ပို့ပေးတဲ့ ပိုက်ဆံတွေ အားလုံး သူတို့မိသားစုကို သင်္ဂြိုဟ်စရိတ် ပေးပစ်လိုက်တယ်။ ကျွန်တော်တို့ မျက်စိအောက် မှာပဲ သူ့ယောကျ်ား အသက်ပျောက်သွားတယ်။ သိပ်သနားစရာကောင်းတဲ့ အမျိုးသမီးပါ မေမေရာ။ ကလေးတွေကလည်း ငတ်ပြတ်နေတဲ့ပုံစံမျိုး၊ ဆင်းရဲလိုက်တာလည်း ကုန်းကောက် စရာ ဘာမှ ရှိပုံ မရဘူး။ သူတို့မှာ အရွယ်ရောက်နေတဲ့ သမီးတယောက် ရှိတယ်။ မေမေတို့ ကိုယ်တိုင် တွေ့ရင်လည်း ကျွန်တော့်လို ကူချင်စိတ် ပေါက်လာမှာပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီလို လုပ်ပေးပိုင်ခွင့် မရှိပါဘူး။ မေမေ ဘယ်လောက် ခြစ်ခြစ်ခြုတ်ခြုတ် စုထားရတဲ့ ပိုက်ဆံ ဆိုတာ ကျွန်တော် သိပါတယ်။ သူများတွေကို ကူညီချင်ရင် ကိုယ့်လုပ်အားနဲ့ရတဲ့ ပိုက်ဆံနဲ့ ကူညီပေါ့”

သူ နာနာကြည်းကြည်း ရယ်ပြီး ဆက်ပြောသည်။

“ဟုတ်တယ် မဟုတ်လား ဒွန်ညာ”

“ဟင့်အင်း၊ မဟုတ်ပါဘူး”

ဒွန်ညာက လေသံပြတ်ဖြင့် ပြန်ပြောသည်။ သူက ညီမလုပ်သူကို သရော်ပြုံး ပြုံးပြီး-

“ဪ... ငါ့ညီမကလည်း ကိုယ်ပိုင်အမြင်နဲ့ကိုး။ အင်း... ကောင်းပါတယ်။ ညီမလေး အတွက် ပိုကောင်းတာပေါ့။ မျဉ်းတကြောင်းကို ဖြတ်ရမယ် ဆိုရင် အရမ်း စိတ်ဆင်းရဲရ လိမ့်မယ်။ မဖြတ်ပြန်ရင်လည်း... အဲ... ပိုပြီး စိတ်ဆင်းရဲချင် ဆင်းရဲရလိမ့်မယ်။ အို..... အဲဒါ တွေက အဓိပ္ပာယ် မရှိပါဘူး။ ပြောချင်တာက မေမေ.... ကျွန်တော့်ကို ခွင့်လွှတ်ဖို့ပါပဲ”

မထင်ဘဲနှင့် စိတ်ပြောင်းသွားသလို အောင့်သက်သက် အမူအရာဖြင့် တုံးတိတိဖြတ်ပစ်လိုက်သည်။

“ဪ... သားရယ်၊ ဘာမှ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူးကွယ်။ သားလုပ်တာ မှန်မြတ်တဲ့ အလုပ် ဆိုတာ သေချာနေတာပဲ"

မအေလုပ်သူက ဝမ်းသာအားရ ပြန်ပြောသည်။

သူ မဲ့ပြုံး ပြုံးပြန်သည်။

“သိပ် အသေချာကြီးတော့ မဟုတ်ဘူး မေမေ”

အားလုံး ငြိမ်သွားသည်။ တိတ်ဆိတ်မှုတွင် ပြန်လည်သင့်မြတ်ခြင်း၊ သည်းခံ ခွင့်လွှတ်ခြင်း များနှင့်အတူ တင်းမာမှုတမျိုး ဝင်လာသည့်နှယ်။

ရပ်စ်ကိုလ်နီကော့ဗ် တယောက်တည်း စဉ်းစားနေသည်။

“‘သူတို့အားလုံး ငါ့ကို လန့်နေကြတာပဲ။ ဟုတ်တယ်၊ မေမေ့ကြည့်ရတာ နှုတ်ဆိတ် သွားပြီး တခုခုကို စိုးရိမ်ထိတ်လန့်နေပုံပဲ။ သူတို့ ရောက်မလာခင်က ငါ သူတို့ကို ပိုချစ်သလိုပဲ”

အတန်ကြာမှ မေမေ ရပ်စ်ကိုလ်နီကော့ဗ် စကားပြန်စသည်။

“ရော့ဒ်ယာ သိလား၊ မာဖာပက်ထရိုဗနာ ဆုံးသွားပြီ”

“ဘယ် မာဖာပက်ထရိုဗနာလဲ မေမေ"

"ရော်... မာဖာပက်ထရိုဗနာ၊ ဆဗီဒရီဂေးလော့ဗ်လေ။ သူ့အကြောင်း မေမေ အများကြီး ထည့်ရေးဖူးတယ်လေ”

“ဪ... ဟုတ်ကဲ့၊ သတိရပြီ။ သူ သေပြီ ဟုတ်လား။ ဘယ်လို သေတာတုံး” ပြောပြီး အိပ်ရာမှ လန့်နိုးလာသလို ခေါင်းထောင်လာသည်။ သူ စိတ်ဝင်စားပုံ

တွေ့ရသဖြင့် မအေလုပ်သူက အားတက်လာပြီး ဆက်ပြောသည်။

"သနားစရာပါကွယ်၊ ရုတ်တရက် ဖြစ်သွားတာ။ သားဆီ စာရေးတဲ့နေ့မှာ ဖြစ်တာ။ တိုက်တိုက်ဆိုင်ဆိုင်ကွယ်။ သူ့ယောကျ်ား လူယုတ်မာကြောင့် သေရတာ၊ သေကောင်ပေါင်းလဲ ရိုက်တယ်လို့လည်း ပြောကြတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က ဒွန်ညာ့ကို လှမ်းကြည့်ပြီး မေးသည်။

"သူက အဲဒီလို လူလား"

"မဟုတ်လောက်ပါဘူး။ သူက သူ့မိန်းမအပေါ်သိပ်စိတ်ရှည်တဲ့ လူ၊ ယဉ်ကျေးတဲ့ လူပါ။ သူတို့ အိမ်ထောင်သက် ခုနစ်နှစ်လုံးလုံး ကောင်းကောင်းမွန်မွန်ပါပဲ။ နောက်ဆုံးမှ ရုတ်တရက် ဘာဖြစ်ကြတယ်တော့ မသိဘူး"

"ဒါဆို သူက လူဆိုးတယောက် မဟုတ်ဘူးပေါ့။ ခုနစ်နှစ်လုံးလုံး ကောင်းလာခဲ့ တယ် ဆိုရင်လေ။ ဒွန်ညာ၊ ညည်းက သူ့ကို ကာကွယ်နေသလိုပဲ"

"ဟင့်အင်း၊ မဟုတ်ပါဘူး။ သူက လူကောင်းတယောက်တော့ မဟုတ်ဘူး။ သူ့လောက် ဆိုးတဲ့လူ ဒွန်ညာ မတွေ့ဖူးဘူး"

ဟု ပြောပြီး ပခုံးကလေး မသိမသာတွန့်ကာ ဒွန်ညာ တွေစဉ်းစားနေသည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ် စကားဆက်သည်။

"မနက်စောစောစီးစီးကြီးမှာ ဖြစ်တာ။ ရထားထွက်ဖို့ မြင်းတွေ ပြင်ခိုင်းတယ်တဲ့။ မြို့သွားမယ်ပေါ့။ နံနက်စာကို မြိန်ရေရှက်ရေ စားသေးတယ်။ မသွားခင် ရေချိုးရုံကို သွား သေးတယ်။ သူက နေ့တိုင်း စမ်းရေအေးအေး ချိုးပြီး ဆေးကုနေတာလေ။ ရေထဲ ဆင်းဆင်းချင်း လေဖြတ်သွားတာတဲ့"

"သိပ်ဖြစ်နိုင်တာပေါ့"

ဆရာဝန်က ဝင်ပြီး ထင်မြင်ချက် ပေးသည်။

"အရိုက်ခံထားရလို့ မဖြစ်နိုင်ဘူးလား"

ရပ်စ်ကိုလ်နီကော့ဗ်၏ အမေးကို ဒွန်ညာ ဖြေသည်။

"အဲဒါ အကြောင်းတော့ မဟုတ်ပါဘူးလေ"

"အဲ.. နေပါဦး။ မေမေက ကျွန်တော့်ကိုဘာလို့အဲဒီအတင်းအဖျင်းတွေပြောနေတာလဲ"

ရပ်စ်ကိုလ်နီကော့ဗ်က အောင့်သက်သက်ဖြင့် မေးလိုက်သည်။

"ဘာရယ်လို့ မဟုတ်ပါဘူး သားရယ်၊ ဘာအကြောင်း ပြောရမှန်း မသိလို့ပါ"

"ဘာလဲ၊ မေမေတို့ ကျွန်တော့်ကို ကြောက်နေကြသလား"

မဲ့ပြုံးပြုံးကာ မေးလိုက်ခြင်း ဖြစ်သည်။

ဒွန်ညာက အစ်ကိုလုပ်သူကို ခပ်စိန်းစိန်း ကြည့်ပြီး-

"ဟုတ်တယ်၊ ကြောက်နေတယ်။ လှေကားအတက်မှာ တောက်လျှောက် ကျမ်းစာ ရွတ်လာတာ"

သူ့မျက်နှာ ရှုံ့သွားသည်။ ရုတ်တရက် အကြောဆွဲသွားသည့် အလား။

"သမီး ဒွန်ညာ၊ တော်ပါတော့ကွယ်။ သား... ရော့ဒ်ယာ၊ စိတ်မဆိုးနဲ့နော်။ ဒွန်ညာ ဘာတွေ လျှောက်ပြောနေတာလဲ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် စိတ်ရှုပ်ရှုပ်ဖြင့် ဆက်ပြောသည်။

"အမှန်အတိုင်း ပြောမယ်နော်။ ရထားပေါ်မှာ မေမေ တချိန်လုံး စဉ်းစားလာတာ။ သားနဲ့တွေ့ရင် မျက်နှာ ဘယ်လို ထားရပါ့မလဲ၊ ဘာတွေ ပြောကြမလဲနဲ့ပေါ့။ စိတ်ထဲမှာ ပျော်နေပြီး လမ်းခရီးကိုတောင် သတိမထားမိခဲ့ဘူး။ အင်း... ဘာတွေ ပြောနေမိပါလိမ့်။ ဩော်... အင်း၊ ခုလည်း ပျော်နေတာပဲ။ ဒွန်ညာ အဲဒါမျိုး မပြောရဘူးလေ။ မေမေက သားနဲ့ ပြန်ဆုံ ရလို့ ပျော်နေတဲ့ဟာကို"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ရှုပ်သွားပုံဖြင့်ခေါင်းငုံ့လျက် မအေ့လက်ကိုလှမ်းဆုပ်ပြီး-

"တော်လောက်ပါပြီ မေမေရယ်၊ ကျွန်တော်တို့ စကားပြောချိန်တွေ အများကြီး ရှိပါသေးတယ်"

ပြောပြီး သူ့အမူအရာ လုံးဝ ပြောင်းသွားသည်။ မျက်ခုံးတွန့်ထားသည်။ မျက်နှာ ဖြူရော်သွားသည်။ သူ့ကို မကောင်းဆိုးဝါးက ရုတ်ခြည်း ဝင်စီးလိုက်သည့်အလား။ သူ့စကား များသည် မုသားစကားတွေ ဖြစ်ကြောင်း သိသာနေသည်။ သူသည် အမှန်တရားနှင့် ဝေးခဲ့ လေပြီ။ သူ ပြောချင်တာကို ဘယ်သူမှ ပြောလို့ မရနိုင်တော့ပြီ။ ထိုတဒင်္ဂတွင် သူ့ကိုယ်သူ မေ့သွားတော့သည်။ ထိုနေရာမှ ထ၍ ဘယ်သူမှ မကြည့်ဘဲ တံခါးပေါက်ဆီ ထသွားသည်။

ရာဇူမီခင်က သူ့လက်မောင်းကို ဖမ်းဆွဲပြီး -

“ဟော့… ရှော့ဒ်ယာ၊ မင်း ဘာလုပ်တာလဲ"

ဘာမှ ပြန်မပြောဘဲ သူ့နေရာတွင် သူ ပြန်ထိုင်သည်။ ဘာမှ မပြောတော့ဘဲ ကခြားလူတွေကို ကြောင်တောင်တောင် ကြည့်နေသည်။ အားလုံးကလည်း သူ့ကို နားမလည် နိုင်စွာ စောင့်ကြည့်နေကြသည်။

မမျှော်လင့်ဘဲ သူ့ဆီမှ ပေါက်ကွဲသံ ထွက်လာသည်။

"ဘာပြုလို့ ငြိမ်နေကြတာလဲ။ တခုခု ပြောကြပါလား။ ဘာပြုလို့ ထိုင်ပြီး ရေငုံ နှုတ်ပိတ် လုပ်နေကြတာလဲ။ ကဲ… ပြောကြလေ။ စကားတွေ ပြောမယ်၊ ဘယ့်နှယ်ဗျာ၊ လူတွေ ဆုံနေလျက်သားနဲ့ ပါးစပ်တွေ ပိတ်ထားကြရသလား။ တခုခု ပြောကြပါ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က နဖူး၊ ရင်ညွန့်နှင့် ပခုံးစွန်းကို ညာလက်ဖြင့် ထိရင်း-

"အို… ဘုရားသခင်၊ မနေ့ကလို ဖြစ်သွားပြန်ပြီ ထင်ပါရဲ့”

ဒွန်ညာက မယုံသင်္ကာ အကြည့်ဖြင့်-

“အစ်ကို… ရှော့ဒ်ယာ၊ ဘယ်လို ဖြစ်တာလဲ ဟင်”

“ဘာမှ မဟုတ်ပါဘူးကွာ၊ တခုခုကို သွားသတိရလိုက်လို့ပါ”

ပြောပြီး ရုတ်တရက် ရယ်ချလိုက်သည်။ ဇိုစီမော့ဗ်က ထိုင်ရာမှ ထသည်။

“တော်သေးတာပေါ့ကွာ၊ မဟုတ်ရင် ငါက စဉ်းစားရတော့မှာ။ ကဲ… ကျွန်တော့် ကို ခွင့်ပြုကြပါဦး။ နောက်မှ လာကြည့်ပါဦးမယ်။ အားလုံး ဒီမှာ ရှိနေကြဦးမှာ မဟုတ်လား”

ပြောပြောဆိုဆို အားလုံးကို ဦးညွှတ်ပြီး ထွက်သွားသည်။ မအေကြီးက မှတ်ချက်ချသည်။

“သိပ်အားကိုးရတာပဲနော်။ အံ့သြစရာ ကောင်းတဲ့ သူငယ်ပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က အမေ့ကို ထောက်ခံသည်။

“ဟုတ်တယ်။ အရမ်းတော်တယ်၊ ထက်လည်း ထက်တယ်’

ပြောရင်းသူတက်ကြွလာသည်။
ကရားရေလွှတ်တတွတ်တွတ်ဆက်ပြောတော့၏။

"သူနဲ့ ဘယ်မှာ စသိတာပါလိမ့်။ ဟောဒီမှာ နောက်လူတော်တယောက် ရှိသေးတယ်"

ရာဇူမီခင်ကို လှမ်းကြည့်ပြီး ညီမလုပ်သူကို မေးရင်း ရယ်နေသည်။

"ဒွန်ညာ… သူ့ကို သဘောမကျဘူးလား"

"အရမ်း သဘောကျတယ်"

"ဟာ… သေတော့မှာပဲ၊ မင်း တော်တော်နောက်တာပဲ ရော့ဒ်ယာ"

ပြောပြီး မျက်နှာကြီး နီရဲကာ ကုလားထိုင်မှ ထသည်။ မအေလုပ်သူက အလိုက်သင့် ပြုံးနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်က အော်ရယ်နေဆဲ။

"နေပါဦး၊ မင်း ဘယ်သွားမလို့လဲ"

"ငါလည်း ပြန်ဦးမယ်လေ"

"နေပါဦးကွာ၊ ဖြည်းဖြည်းပေါ့။ သူ ပြန်တာနဲ့ မင်း ပြန်ဖို့ မလိုပါဘူး။ ဘယ်အချိန် ရှိပြီလဲ။ ဟင်.. ဆယ့်နှစ်နာရီ ထိုးပြီပဲ။ ညီမလေး နာရီကလည်း လှလိုက်တာ။ ဘာလို့ ငြိမ်သွား ကြတာလဲ။ ပြောကြဦးလေ"

"မာဖာပက်ထရိုဗနာ ပေးတဲ့ လက်ဆောင်လေ"

ဒွန်ညာက ရှင်းပြသည်။ မအေက ထပ်ဖြည့်သည်။

"တော်တော် တန်ဖိုးကြီးမယ် ထင်တယ်နော်။ ဒါပေမဲ့ မိန်းကလေးတယောက် အတွက် မကြီးလွန်းဘူးလား"

"သမီး ကြိုက်ပါတယ် မေမေ"

ရာဇူမီခင် တွေးနေသည်။ အင်း… ဒါဆို သူ့ခင်ပွန်းလောင်း ဝယ်ပေးတာ မဟုတ်ဘူး ပေါ့။ ဘာကြောင့်မှန်းမသိဘဲ စိတ်ချဉ်ပေါက်လာသည်။ ဤတွင် ရပ်စ်ကိုလ်နီကော့ဗ်က ဝင်ပြောသည်။

"ဟုတ်လား၊ အစ်ကိုက လူဇင့်လက်ဆောင် အောက်မေ့နေတာ"

"မဟုတ်ပါဘူး သားရယ်၊ ခုထိ ဒွန်ညာ့ကို ဘာတခုမှ သူ မပေးသေးပါဘူး"

"မေမေ မှတ်မိလား၊ ကျွန်တော် မိန်းကလေးတယောက်ကို ချစ်ဖူးတယ်လေ။ လက်ထပ်ဖို့ ကြိုးစားခဲ့တယ်လေ"

သူက မိခင်ကို တည့်တည့်ကြည့်လိုက်သည်။ မအေကြီးက သားဆီမှ မမျှော်လင့် သည့် စကား ကြားရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"အေးပါကွယ်၊ မေမေ မှတ်မိပါတယ်"

ပြောပြီးတော့ ဒွန်ညာ့ကို တလှည့်၊ ရာဇူမိခင်ကို တလှည့် ကြည့်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်ကတော့ သိပ်မမှတ်မိတော့ဘူး။ မိန်းကလေးက ကျန်းမာ ရေး မကောင်းဘူး"

သူ ခေါင်းငိုက်စိုက်ချပြီး ဆက်ပြောဖို့ ကြိုးစားသည်။

"တော်တော့ကို နေမကောင်း ဖြစ်နေတာ။ သူက အလှူအတန်း ရက်ရောတယ်။ စစ္စတာလုပ်ဖို့ စိတ်အား ထက်သန်နေတာ။ တနေ့ အဲဒီအကြောင်း ပြောရင်း သူ မေ့မြောမတတ် ဖြစ်သွားတယ်။ ဟုတ်တယ်။ သူက အရမ်းရိုးတာ၊ လုံးဝ ဟန်မဆောင်တတ်ဘူး။ ဘာလို့ သူ့ကိုစွဲစွဲလမ်းလမ်း ဖြစ်သွားတယ် ဆိုတာ ကျွန်တော် နားမလည်ဘူး။ တချိန်လုံး နေမကောင်း ဖြစ်နေရလို့ ဖြစ်မယ်ထင်တယ်။ သူ ခြေထောက်တဖက် ကျိုးနေမယ်၊ ခါးလေး ကုန်းနေမယ် ဆိုရင် ကျွန်တော် ပိုချစ်မိမယ် ထင်တယ်"

သူက လေးနက်စွာ ပြုံးလိုက်သည်။

"အင်း... နွေဦးအိပ်မက်မျိုး ထင်ပါတယ်ဗျာ"

ဒွန်ညာက စိတ်လှုပ်ရှားနေပုံဖြင့် အစ်ကိုလုပ်သူကို ဝေဖန်သည်။

"ဘယ်ကလာ၊ အဲဒါ နွေဦးအိပ်မက် မဟုတ်ဘူး"

အစ်ကိုလုပ်သူက ညီမကို ဝေဒနာ မျက်လုံးများဖြင့် ငေးကြည့်နေသည်။ သို့သော် ဒွန်ညာ ဘာပြောလိုက်သည်ကို သူ သေသေချာချာ မကြား၊ သေသေချာချာ မသိ။ ဘာမှ နားမလည်။ သူ ထရပ်သည်။ အလေးအနက် တွေးနေပုံ။ ပြီးတော့ အမေ့ဆီ လျှောက်သွားပြီး နမ်းသည်။ ပြီးတော့ သူ့နေရာ သူ ပြန်ထိုင်သည်။

အမေက သူ့ကို ရင်ထုမနာ လေသံဖြင့် ပြောသည်။

"သား သူ့ကို ခုထိ ချစ်နေတုန်း မဟုတ်လား'

"ခုထိ ဟုတ်လား။ သူ့ကို ဟုတ်လား။ ကျွန်တော့် စိတ်ထဲ ဟိုးအဝေးကမ္ဘာတခုမှာ ဖြစ်ခဲ့သလိုပဲ။ ကြာလည်း ကြာခဲ့ပြီလေ။ ဖြစ်ခဲ့တာတွေဟာ တကယ် မဟုတ်သလိုပဲ"

အားလုံးကို သူက စူးစမ်းသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"မေမေတို့အားလုံးလည်းအတူတူပဲ။ အားလုံးကိုကျွန်တော်မိုင်တထောင်လောက်က ကြည့်နေရသလိုပဲ။ နောက်တခုက… ဟာ… သေတော့မှာပဲ။ ဘာလို့ အဲဒီအကြောင်း ရောက်သွားတာလဲ။ ဘာလို့ မေးခွန်းတွေ မေးနေကြတာလဲ"

သူက အလိုမကျသည့် ပုံစံဖြင့် ပြောပြီး ငြိမ်ကျသွားသည်။ ပြီးတော့ အတွေးနက် နေပုံဖြင့် လက်သည်း ကိုက်နေပြန်သည်။

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ငြိမ်သက်နေသည်ကို မကြိုက်သလို အကြောင်း အရာသစ် တခုကို စလိုက်သည်။

"သားရဲ့တိုက်ခန်းကလည်းကွယ်၊ ကျဉ်းလွန်းလိုက်တာ။ အုတ်ဂူကမှ ကျယ်ဦးမယ်။ သား ခုလို စိတ်အလိုမကျတာတွေ၊ စိတ်အားငယ်နေတာတွေဟာ ဟောဒီအခန်းကြောင့် လည်း ပါမယ် ထင်တယ်"

"တိုက်ခန်း… ဟုတ်လား"

သူက စိတ်ပျက်လက်ပျက် ပုံစံဖြင့် ပြန်မေးသည်။

"အင်းပေါ့လေ။ အနေအထိုင်၊ အခန်းအခြေအနေလည်း စကားပြောမှာပေါ့။ အဲဒီကိစ္စ ကျွန်တော်ကိုယ်တိုင် စဉ်းစားမိပါတယ်။ မေမေပြောတဲ့ အထဲမှာ ထူးဆန်းတာ တခု ပါတယ်"

သူက ချက်ချင်း ပမာမခန့်ပုံစံဖြင့် ပြုံးလိုက်သည်။ သုံးနှစ်ကြာမှ ပြန်တွေ့ရသည့် မိသားစုနှင့် စကားပြောရတာ အပေါက်အလမ်းမတည့်တော့။ သူ သည်းမခံနိုင်တော့ပေ။ သို့သော် သည်နေ့ ဖြစ်ရမည့်ကိစ္စတခု ရှိနေသည်။ တနည်းမဟုတ် တနည်းနှင့် အပြတ် ရှင်းရမည်။ သည်ကိစ္စ ရှင်းဖို့ မနက်မိုးလင်း အိပ်ရာမှ နိုးကတည်းက ဆုံးဖြတ်ထားခဲ့သည်။ ခုတော့ ပြောခွင့် ကြုံပြီဖြစ်၍ သူ ဝမ်းသာနေသည်။

သူ အလေးအနက် စကားစသည်။ အသံမှာ ခြောက်ကပ်ကပ် ဖြစ်နေ၏။

"ဒီမယ် ဒွန်ညာ၊ ညီမလေး နားထောင်နော်။ မနေ့က အဖြစ်အတွက် အစ်ကို တောင်းပန် ပါတယ်ကွာ။ ဒါပေမဲ့ အဓိက ဦးတည်ချက်ကတော့ ဒီအတိုင်းပဲ၊ မပြောင်းဘူး။ သတိပေးဖို့က အစ်ကို့တာဝန်လေ။ အစ်ကိုတယောက်ပဲ အောက်တန်းကျခံမယ်၊ မင်း အောက်တန်းမကျ ရဘူး။ အစ်ကို့ကို စွန့်မလား၊ လူဇင့်ကို စွန့်မလား၊ ဒါပဲ။ သူ့ကို လက်ထပ်မယ်ဆိုရင် မင်း အစ်ကို့ညီမအဖြစ်က

ရပ်စဲသွားလိမ့်မယ်”

“ရှော့ဒ်ယာ၊ ရှော့ဒ်ယာ.. ဟောတော့်၊ သူ မနေ့ကလို ဖြစ်သွားပြန်ပြီ''

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ရင်ထုမနာ ဖြစ်နေသည်။

“ဘာပြုလို့ သားကိုယ်သား အောက်တန်းကျတယ်လို့ ပြောရတာလဲ။ မေမေ မခံနိုင်တော့ဘူးကွယ်၊ သူ မနေ့ကလို ဖြစ်သွားပြန်ပြီ’

ဒွန်ညာက ပြတ်သားသည့် အသံဖြင့် စကားစသည်။ သို့သော် သူ့အသံမှာ ခြောက်သွေ့ နေသည်။

“ဒီမယ် အစ်ကို၊ အစ်ကို့အမြင်တွေ လွဲနေတယ်။ အားလုံး လွဲနေတာ။ ညက တချိန်လုံး ပြန်စဉ်းစားတော့ အစ်ကို့အမှားကို သွားတွေ့တယ်။ အစ်ကိုက ဒွန်ညာ့ကိုယ် ဒွန်ညာ လူ တယောက်ဆီကို အခြားတယောက်အတွက် စတေးတယ်လို့ အစ်ကို ထင်နေတယ်။ အဲဒါ မဟုတ်ဘူး။ သူ့ကို ဒွန်ညာ့အတွက် ဒွန်ညာ လက်ထပ်မှာ။ ဒွန်ညာတို့ အခြေအနေက မကောင်းဘူးလေ။ အားကိုးအားထား ရှာရမှာပေါ့။ မိသားစုအတွက် အသုံးဝင်မယ်ဆိုရင် ဒွန်ညာ ပျော်ရမှာပေါ့။ ဒါပေမဲ့ ဒွန်ညာ အဓိက ဆုံးဖြတ်ချက်မှာ မိသားစုကိစ္စ မပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ် လက်သည်းကိုက်ရင်း စဉ်းစားသည်။ သူ ညာပြောနေတာ၊ သူ့မာနကြောင့် သူ ဝန်မခံတာ။ သူက သူ့ဘဝ ရောင်းစားပြီး မိသားစုကို ဆင်းရဲတွင်းက ကယ်တင်မှာ။ အောက်တန်း ကျလိုက်တာ။ မုန်းနေတဲ့ လူတယောက်ကို ချစ်တယ်တဲ့။ ငါကတော့ မုန်းတယ်။ အားလုံးကို မုန်းတယ်။

ဒွန်ညာ စကားဆက်သည်။

“ဒွန်ညာ သူ့ကိုရွေးတာ အကောင်းဆုံး ဖြစ်မယ်လို့ မမျှော်လင့်ပါဘူး၊ အဆိုးဆုံး မဖြစ်ရင် တော်ပြီပေါ့။ သူ ဒွန်ညာ့ဆီက မျှော်လင့်ထားတာတွေ အတတ်နိုင်ဆုံး ဖြည့်ဆည်း ပေးမယ်၊ သူ့ကို မလှည့်စားဘူး။ အစ်ကို ဘာလို့ အဲဒီလို ပြုံးတာလဲ''

ဒွန်ညာ မျက်နှာနီရဲလာသည်။ မျက်လုံးတွေ မီးဝင်းဝင်း တောက်လာသည်။

“မင်း သူ့ကို အားလုံး ဖြည့်ဆည်းမှာလား ဒွန်ညာ”

ကြောက်စရာ အပြုံးမျိုး ပြုံးပြီး မေးခြင်း ဖြစ်သည်။

“အတိုင်းအတာ တခုအထိပေါ့။ သူ ဒွန်ညာ့ကို လက်ထပ်ခွင့် တောင်းတုန်းက ယဉ်ကျေးဖွယ်ရာ ရှိပါတယ်။ သူ လိုချင်တာတွေလည်း

ဖွင့်ပြောတယ်။ သူ့ကိုယ်သူ တန်ဖိုး မြင့်မြင့် ထားသလို ဒွန်ညာ့ကိုလည်း သူတန်ဖိုးထားပါတယ်။ လုပ်ပြန်ပြီ၊ ဘာရယ်တာလဲလို့”

“မင်းကကော ဘာလို့ မျက်နှာကြီး နီရဲနေတာလဲ ညီမလေး။ မင်း ညာနေတာ၊ တမင် ရည်ရွယ်ချက်ရှိရှိနဲ့ ညာနေတာ။ မိန်းကလေးတွေဆီမှာ ရှိတတ်တဲ့ ခေါင်းမာမှုမျိုးနဲ့ မင်း ခေါင်းမာနေတာ။ မင်း ဘယ်လိုမှ အဲဒီလိုလူမျိုးကို မကိုးကွယ်နိုင်ဘူး ညီမလေး။ အစ်ကို သူနဲ့ တွေ့ပြီးပြီ၊ စကားပြောပြီးပြီ။ အဲဒီမှာ သိပ်ထင်ရှားသွားတာ။ မင်းဟာ မင်းကိုယ်မင်း ငွေအတွက် တင်ရောင်းလိုက်တာပဲ။ သိပ်အောက်တန်းကျတာပဲ။ ဒါကြောင့် မင်း မျက်နှာ တခုလုံး နီရဲနေတာပေါ့”

ဒွန်ညာ ဣန္ဒြေ မဆည်နိုင်တော့။ အော်ပြောတော့သည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး။ ညီမလေး မညာဘူး၊ ဒွန်ညာ မညာဘူး။ ဒွန်ညာ့ကို သူ တန်ဖိုး မထားရင် သူ့ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး။ သူ့ကို မလေးစားရင်လည်း ဒွန်ညာ ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး။ ဒီလိုမင်္ဂလာပွဲဟာ အစ်ကိုပြောသလို အောက်တန်းမကျဘူး။ အစ်ကိုပြောတာ မှန်တယ် ထား၊ ဒွန်ညာ ဆုံးဖြတ်ပြီးပြီ။ အဲဒီလိုပြောတာ ညီမလေး ကို ရက်စက်လွန်းရာ မကျဘူးလားဟင်။ ဒွန်ညာ့ကို ဘာလို့ သူရဲကောင်း ဆန်စေချင်တာလဲဟင်၊ အစ်ကိုကိုယ်တိုင် သူရဲကောင်း ဖြစ်လို့လား။ ဒါမျိုးဟာ ပဒေသရာဇ် အမူအကျင့်ပဲ။ ဖွတ်လုပ်ခိုင်းတာပဲ။ ဒွန်ညာ့ကြောင့် ဘယ်သူမှ မပျက်စီးစေရဘူး။ ဒွန်ညာကိုယ်တိုင် ပျက်စီး ချင် ပျက်စီးပစေ၊ ဒွန်ညာ ဘယ်သူ့ကိုမှ မသတ်ဖူးဘူး။ ဘာလို့ အဲဒီလို ကြည့်နေတာလဲ။ ဟင်... ဘာလို့ မျက်နှာတွေ ဖြူသွားတာလဲ။ အစ်ကို ဘာဖြစ်သွားတာလဲဟင်”

မေမေရပ်စ်ကိုလ်နီကောဗ် ထအော်သည်။

“ကြည့်စမ်း... သူ့ကြောင့်၊ သူ့ကြောင့်၊ ဟိုမှာ သားလေး မေ့သွားတော့မယ်”

“ဟာ... မေမေကလည်း... ကျွန်တော် ဘာမှ မဖြစ်ပါဘူး။ ခေါင်းနည်းနည်း မူးသွား လို့ပါ။ အင်း... အဲ... ကျွန်တော် ဘာပြောမလို့ပါလိမ့်။ အဲ... နေပါဦး၊ ညီမလေးက သူ့ကို လေးစားထိုက်တဲ့လူ၊ ရိုသေထိုက်တဲ့လူ ဟုတ်၊ မဟုတ် ဆိုတာ ဒီနေ့ ဘယ်လိုလုပ် သိနိုင်မလဲ။ မင်းကို ဘယ်လောက်၊ ဘယ်လို တန်ဖိုးထားတယ် ဆိုတာကော ဘယ်လိုလုပ် သိမလဲ။ ခုတင်က မင်းအဲဒီလို ပြောသွားတယ်နော်”

“မေမေ၊ လူဇင့်စာ အစ်ကို့ကို ပြလိုက်ပါ”

ဒွန်ညာ ပြောတော့ မေမေ ရပ်စ်ကိုလ်နီကောဗ် လက်တွေ တုန်တုန်ယင်ယင်နှင့် စာထုတ်ပေးသည်။ သူက စာကို ဂရုတစိုက် လှမ်းယူပြီး

ဒွန်ညာ့ကို တအံ့တသြ ကြည့်နေသည်။ ပြီးတော့မှ အတွေးတခု ဝင်လာသလို ခပ်ဖြည်းဖြည်း ပြောသည်။

“အင်း... တော်တော် ထူးဆန်းပါလား။ ကျွန်တော် ဘာလို့ ပြဿနာ ရှာနေမိပါ လိမ့်။ သူ့ဘာသာသူ ကြိုက်တဲ့လူ ယူနိုင်တာပဲ”

သူ့ဘာသာ ပြောသလိုပြောရင်း ညီမလုပ်သူကို ခဏ ငေးကြည့်နေသည်။ သူ့စိတ်ထဲ ဝေခွဲမရ ဖြစ်နေပုံ။

ပြီးမှ စာကို အေးအေးဆေးဆေး ဂရုတစိုက် ဖတ်သည်။ နှစ်ခေါက် ပြန်ဖတ်သည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်က သားကို စောင့်ကြည့်နေရင်း အနေရကျပ်နေသည်။ အားလုံး ရင်တမမဖြင့် စောင့်နေကြသည်။

စာဖတ်ပြီး ခဏတွေးကာ စာရွက်ကို သူ့အမေအား ပြန်ပေးရင်း သူ စကားစသည်။ ဘယ်သူ့ကိုမှ မကြည့်ဘဲ ပြောနေခြင်း ဖြစ်သည်။

“တော်တော် အံ့သြစရာ ကောင်းတာပဲ။ သူဟာ အမှုတွဲတွေ ရေးနေတဲ့ ရှေ့နေ တယောက်နော်။ စကားပြောလည်း ကောင်းပါတယ်။ ရာထူးကြီးပိုင်ရှင် တယောက်ပဲ။ ဒါပေမဲ့ စာရေးတဲ့ နေရာကျတော့ စာမတတ်တဲ့ လူတယောက်နဲ့ တူနေတယ်”

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ရာဇူမီခင်က ဝင်ပြောသည်။

“သူတို့လို လူမျိုးတွေက ဒီလိုချည်းပါပဲကွာ"

“မင်း ဖတ်ပြီးပြီပေါ့၊ ဟုတ်လား”

“ဖတ်ပြီးပြီ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာပူပူနှင့် ဝင်ပြောသည်။

"သူ့ကို ပြလိုက်တယ် ရော့ဒ်ယာ၊ သူ့အမြင်လည်း လိုချင်လို့လေ”

ရပ်စ်ကိုလ်နီကော့ဗ်က -

“သူ့စာက ရုံးစာနဲ့ တူတယ်။ အမှုတွဲတွေကို ရေးနေကျ ဖြစ်နေလို့နဲ့ တူပါတယ်"

“ဟုတ်တယ်။ တရားရုံးဖိုင်တွဲထဲက စာမျိုး။ နွေးနွေးထွေးထွေး မရှိဘူး။ အလုပ် သဘောသက်သက် ရေးတဲ့ စာမျိုး"

ဒွန်ညာက အစ်ကိုလုပ်သူ၏လေသံကို ကြားပြီး သူ့လူဘက်က ဝင်၍ အကာအကွယ် ပေးသည်။

"ပျိုတာပီထရိုဗစ်ချ် (လူဇင်) ဟာ ချို့ချို့ငဲ့ငဲ့ ပညာသင်ခဲ့ရတဲ့ အကြောင်းကို ဘယ် တော့မှ လျှို့ဝှက်မထားခဲ့ဘူး။ ကိုယ့်ဘဝကိုယ် ကျောင်းခဲ့ရတဲ့အတွက် ဂုဏ်တောင် ယူတတ် သေးတယ်"

"သူ့ဘာသာသူ ဂုဏ်ယူတာ ယူပါ။ ဘာမှပြောစရာ မရှိပါဘူး။ မင်း ကြည့်ရတာ အစ်ကို ဒီလို ဝေဖန်လို့ စိတ်ဆိုးနေတဲ့ ပုံပဲ။ အစ်ကိုက စာတစောင်လုံးကို ခြုံကြည့်ပြီး ခပ်ချာချာလို့ သုံးသပ်တာ။ မင်းက အသေးအဖွဲကလေးတွေကို မလိုတဲ့စိတ်နဲ့ ယိုးမယ်ဖွဲ့နေ တယ် ထင်သလား။ မဟုတ်ဘူး၊ အစ်ကိုက စနစ်တကျ လေ့လာတာ။ စဉ်းစားစရာတွေ အများကြီး တွေ့တယ်။ စာကြောင်းတကြောင်း ပါတယ်။ "အဲဒီအခါမှာ ဒီလိုဖြစ်ရခြင်းအတွက် တာဝန် ယူရမှာက မဒမ်တို့ သားအမိပဲ ဖြစ်ပါလိမ့်မယ်" တဲ့။ ဒါပေါ်တင်ကြီး ခြိမ်းခြောက်တာပဲ။ အစ်ကို လာရင် သူ ချက်ချင်း ထွက်သွားမယ်တဲ့။ မလိုက်နာရင် မင်းတို့ သားအမိကို သူ ထားခဲ့ မယ်ပေါ့။ ပီတာစဘတ်ကို ခေါ်လာပြီးမှ ဒီလို ခြိမ်းခြောက်တာ။ ဒီလို လူတယောက်က ဒီလို စက်ဆုပ်စရာ အလုပ်ကို လုပ်သင့်သလား။ (ရာဇူမီခင်ကို လက်ညှိုးထိုးပြပြီး) သူဆိုရင် ဒီလို လုပ်မလား။ ဇိုစီမေ့ဗ် ဆိုရင်ကော လုပ်မလား။ တို့အသိုင်းအဝိုင်းမှာ အဲဒီလို လူမျိုး တယောက်မှ မရှိဘူး"

ဒွန်ညာက ဆတ်ခနဲ ခေါင်းထောင်လာပြီး-

"မဟုတ်ဘူး၊ သူ ဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ သူ စာရေး မကျွမ်းကျင်လို့ ဖြစ်မှာပါ။ အစ်ကို ပြောတာလည်း ဖြစ်နိုင်ပါတယ်။ စဉ်းစားစရာပေါ့။ ဒွန်ညာဖြင့် အဲဒီလို မတွေးမိဘူး"

"သူက စွဲချက်လိုလို၊ လှောက်လဲချက်လိုလို လုပ်ထားတာကိုး။ နောက်... ဆိုးတာ ရှိသေးတယ်။ အဲဒါက အစ်ကို့ကို သက်သက် အောက်တန်းကျကျ သိက္ခာကျအောင် လုပ် ထားတာ။ မနေ့က အစ်ကို ပိုက်ဆံပေးခဲ့တာက လုံးပါး ပါးပြီး ချွတ်ခြုံကျနေတဲ့ ဖွတ်ကျော ပြာစု မုဆိုးမ အမျိုးသမီးကို အလကား ပေးခဲ့တာ မဟုတ်ဘူး။ အသုဘစရိတ်အတွက် ပေးခဲ့တာ။ သူ့သမီးကို ပေးခဲ့တာ မဟုတ်ဘူး။ အဲဒီ ကောင်မလေးက လမ်းပေါ်က ကောင်မလေးတဲ့။ အဲဒါ အစ်ကို မသိဘူး။ မနေ့ကမှ ဒီကလေးမကို ခဏလေး မြင်ဖူးခဲ့တာ။

"အဲဒီမှာ ထင်ရှား မနေဘူးလား။ အလောတကြီး အစ်ကို့ကို အပုပ်ချချင်တာနဲ့ သူ တလွဲတွေ ဖြစ်ကုန်တာလေ။ တို့မောင်နှမ နှစ်ယောက်ကို တိုက်ပေးတာလည်း ပါတယ်။ သူဟာ ဥပဒေသမားပါ။ ဒါပေမဲ့ ရှေ့လောကြီးတော့ သူ့စေတနာ ဘွင်းဘွင်းကြီး ပေါ်နေတော့ တာပေါ့။ အဲဒီလို စိတ်ထားမျိုးရှိတဲ့ လူက

ညီမလေးကို ဘယ်လို တန်ဖိုးထားမှာလဲ။ ခုလို သတိပေးရတာ မင်း စိတ်ဆင်းရဲရမှာ စိုးလို့ပါ ဒွန်ညာ"

ဒွန်ညာက ဘာမှ ပြန်မပြောတော့။ ဆုံးဖြတ်ချက် ချပြီးသား ဖြစ်နေပြီ မဟုတ်လား။ သည် ညနေ အခြေအနေကိုတော့ စောင့်ကြည့်ရဦးမှာပေါ့လေ။

"ဒါဆို သား ဘယ်လို ဆုံးဖြတ်မလဲ"

"ဗျာ... ဘာကို ဆုံးဖြတ်ရမှာလဲ မေမေ'

"သူ့စာထဲမှာ ပါတယ်လေ။ သူ ဒီညနေ လာမယ်တဲ့။ သားနဲ့ ကြုံရင်တော့ သူ ပြန်သွားမယ်တဲ့။ ဒါကြောင့် သား လာမလားလို့ မေမေမေးတာ"

"အဲဒါက ကျွန်တော့်အပေါ်မှာ မူမတည်ဘူး။ မေမေတို့အပေါ်မူတည်တာ။ တစ်၊ လူဇင်ရဲ့ တောင်းဆိုချက်ကို မေမေ လက်ခံတယ် ဆိုရင်။ နှစ်၊ ဒွန်ညာကလည်း စိတ်မဆိုးဘူး ဆိုရင် ကျွန်တော် အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်"

"ဒွန်ညာကတော့ အစ်ကို့ကို လာစေချင်တယ်။ လာမယ် မဟုတ်လား ဟင်"

"လာမယ်လေ၊ လာမှာပေါ့"

"ဒါဆို ရှစ်နာရီလောက် လာခဲ့နော်"

ဒွန်ညာက ရာဇူမီခင်ဘက် လှည့်ပြီး

"မေမေ၊ သူ့ကိုပါ ဖိတ်လိုက်မယ်နော်"

"ကောင်းတာပေါ့ သမီးရယ်။ သမီး ဆုံးဖြတ်တဲ့အတိုင်း ဖြစ်ရမှာပေါ့။ မေမေ တော့ ဝမ်းသာတယ်ကွယ်။ ဟန်ဆောင်နေရတာ၊ ဖုံးကွယ်ထားရတာတွေ မေမေ စိတ်ကုန် ပါပြီ။ အားလုံး အမှန်အတိုင်းတွေ ဖွင့်ပြောကြတာပေါ့။ လူဇင် လက်မခံနိုင်ရင်လည်း သူ့ သဘောပေါ့၊ ဘယ်တတ်နိုင်မလဲ"

※※※

(၄)

ထိုစဉ် တံခါးတိတ်တိတ်ကလေး ပွင့်လာပြီး မိန်းကလေးတယောက် ဝင်လာသည်။ အခန်း ထဲကိုထိတ်လန့် ကြောက်ရွံ့နေသည့်မျက်လုံးရွဲကြီးတွေနှင့်ဝေ့ကြည့်သည်။ရပ်စ်ကိုလ်နီကော့ဗ် ရုတ်တရက် သူကလေးကို မမှတ်မိ။ နောက်မှ ဆွန်ညာမာမီလာဒေါ့ဗ်ကလေးမှန်း သိသွားသည်။ ဟိုနေ့က တဒင်္ဂ တွေ့လိုက်ရသည့် မိန်းကလေး။ အသုဘကိစ္စနှင့် ရှုပ်ထွေးနေချိန်မို့ အကြမ်းဖျင်းပဲ မှတ်မိလိုက်သည်။ ခုမှ သေသေချာချာ အကဲခတ်ချိန် ရသည်။ ပီဘိကလေး လေးလိုပါလား။ အဝတ်အစား နွမ်းနွမ်းပါးပါးနှင့်၊ တော်တော်ငယ်သေးတာပဲ။ အမူအရာကတော့ ယဉ်ကျေး သိမ်မွေ့ရှာတယ်၊ မျက်နှာကလေး ကြည်နေပြီး ခင်မင်ချင်စရာ။ ရွှက်ကြမ်းရေကျို။ တပတ်နွမ်း အဝတ်အစားများနှင့် ဖြစ်သော်လည်း သေသေသပ်သပ်၊ သန့်သန့်ရှင်းရှင်း။ ဆောင်းထားသည့် ဦးထုပ်မှာလည်း ဟောင်းနွမ်းလှပြီ။ မနေ့က ကိုင်သည့် ထီးကလေးကိုပင် ကိုင်လာသည်။ အခန်း ကျဉ်းကျဉ်းကလေးထဲတွင် လူတွေ အများကြီး တွေ့ရတော့ ကလေးမ လန့်သွားပြီး ပြန်လှည့်ပြေးဖို့ ပြင်သည်။

"သြော်... မင်းကိုး၊ လာ.. လာ"

ရပ်စ်ကိုလ်နီကော့ဗ် ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ပြောလိုက်သည်။ ချက်ချင်း သူ သဘောပေါက်လိုက်ပြီ။ လူဇင်၏ စာအရ သည်မိန်းကလေးအကြောင်း အမေနှင့် ညီမ သိထားပြီးပြီ။ ဘာတဲ့၊ လမ်းပေါ်က ကောင်မလေးတဲ့။ ခုပဲ သူ့ရဲ့ သားပုပ်လေလွင့်သတင်းဖြန့်တဲ့ စာအကြောင်း ကန့်ကွက် ပြောဆိုခဲ့တယ်လေ။ မကြာခင်မှာပဲ သူ ရောက်လာတယ်။

လမ်းပေါ်က မိန်းကလေးဆိုတဲ့ သူ့ရဲ့ တင်စားချက်ကိုတော့ ရပ်စ်ကိုလ်နီကော့ဗ် ချေပပြောဆိုခြင်း မပြုခဲ့ပေ။ သေသေချာချာ ကြည့်လိုက်တော့ ဟုတ်ပါသည်၊ နွမ်းကျေ ကြေမွနေသည့် ပန်းကလေးတပွင့်ပါလား။ သနားစိတ်တွေ တဖွားဖွား ပေါ်လာသည်။ ပြန် လှည့်ထွက်ပြေးတော့မည့်ဆဲဆဲ အမူအရာသည် သူ့ရင်ကို ဗလောင်ဆူစေခဲ့သည်။ လှတပတ် နွမ်းမကလေး ဆွန်ညာ။

"မင်းကို မမျှော်လင့်ဘူး။ ထိုင်လေ၊ ကက်တာရီးနာအီဗန်နိုဗ်ာ လွှတ်လိုက်တာလား။ မဟုတ်ဘူး၊ ဟိုမှာ ထိုင်နော်"

ကုလားထိုင် သုံးလုံးအနက် တံခါးနားက တလုံးတွင် ရာဇူမီခင် ထိုင်နေသည်။ ကလေးမ ဝင်လာတော့ ရာဇူမီခင်က ထပေးသည်။ ပထမ ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာကလေးကို ဇိုစီမော့ဗ် ထိုင်သွားသည့်

ဆိုဖာအစွန်းတွင် ထိုင်ဖို့ ညွှန်ပြလိုက်သည်။ သည်ဆိုဖာမှာ သူ့အိပ်ရာ လည်း ဖြစ်၍ စိတ်ပြောင်းသွားပြီး ရာဇူမီခင် ထိုင်သည့် ကုလားထိုင်မှာ ထိုင်ဖို့ ပြင်ပြောလိုက် ခြင်း ဖြစ်သည်။

တပြိုင်တည်းတွင် "သူငယ်ချင်းက ဒီမှာ ထိုင်" ဟု ဆိုဖာခုံစွန်းကို လက်ညှိုးထိုးပြ လိုက်သည်။

ဆွန်ညာ ဝင်ထိုင်သည်။ ကြောက်လွန်းလို့တုန်နေရှာသည်။ အမျိုးသမီးနှစ်ယောက် ကို ဝေ့ကြည့်လိုက်ပြီး အတူထိုင်ဖို့ ဘယ်သူ ဝံ့ရဲပါ့မည်လဲ။ ဆက်မထိုင်ရဲသဖြင့် မတ်တတ် ရပ်ကာ ရပ်စ်ကိုလ်နီကော့ဗ်ကို အကျိုးအကြောင်း ပြောပြသည်။

"ကျွန်မ၊ ကျွန်မ အနှောင့်အယှက်ပေးရတာ ခွင့်လွှတ်ပါနော်။ ကျွန်မ ခဏလေးပါ။ ကက်တာရီးနာအီဗန်နိုဗာ လွှတ်လိုက်တာပါရှင်။ မေမေက ပြောပါတယ်။ အစ်ကို့ကို မနက်ဖြန် အသုဘရှု လာစေချင်ပါတယ်တဲ့။ မနက်ပိုင်း ဝတ်ပြုပွဲ… မစ်ထရိုသျှိုင်းမှာပါ။ ပြီးတော့ အသုဘဆွမ်း… အတူတူ လာစားပါတဲ့…"

အထစ်ထစ် အငေါ်ငေါ့နှင့် ပြောပြီး သူ ရပ်သွားသည်။ "အို… လာမှာပေါ့ကွယ်၊ ကြိုးစားပြီး လာခဲ့ပါ့မယ်"

ရပ်စ်ကိုလ်နီကော့ဗ်လည်း မတ်တတ်ရပ်လျက် စကားတွေ ထစ်နေသည်။ "ကဲ… ပြန်ထိုင်ပါဦးကွယ်။ ခဏလေး စကားပြောရအောင်ပါ။ မင်း အချိန်မရရင် လည်း နှစ်မိနစ်လောက်ပေါ့

သူ့ကုလားထိုင်ကို နေရာရွှေ့ပေးတော့ ဆွန်ညာ ပြန်ထိုင်သည်။ ပြီးတော့ အမျိုး သမီး နှစ်ယောက်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြည့်ပြန်သည်။ ပြီးတော့ ချက်ချင်း မျက်လွှာ ချပစ်လိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ် တယောက် မျက်နှာကြီး နီလာသည်။ မျက်လုံးတွေ အရောင် တောက်လာသည်။

ပြီးမှ အခိုင်အမာ လေသံဖြင့် -

"မေမေ… ဒါ ဆွန်ညာမာမီလာဒေါ့ဗ်ပါ။ ကံဆိုးသူ မစ္စတာမာမီလာဒေါ့ဗ်ရဲ့ သမီးလေးပါ။ သူ့အဖေ မနေ့က ကွယ်လွန်သွားပါတယ်။ အဲဒီအကြောင်း မေမေတို့ကို ကျွန်တော် ပြောပြ ပြီးပြီနော်"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ကလေးမကို မျက်စိ မေးကြည့်နေသည်။ ရှော့ဒ်ယာ ၏လေသံက တောင်းဆိုသံ ပါနေသည်။ သူ့ကို သည်လို တက်တက်ကြွကြွ

မြင်ရတော့ ဝမ်းသာ နေကြောင်း မအေကြီး မငြင်းနိုင်။ ဒွန်ညာက ဆွန်ညာ၏ စိတ်ရှုပ်နေသည့် မျက်နှာကလေး ကို လေးနက်သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ သူနှင့် မိတ်ဆက်ပေးတော့ ဆွန်ညာ မျက်လွှာပင့်ကြည့်ဖို့ ကြိုးစားသည်။ ပိုပြီး ရှက်သွေးဖြာသွား၏။

ရပ်စ်ကိုလ်နီကော့ဗ် စကားဆက်သည်။

"မင်းကို တခုမေးမယ်နော်။ ဒီနေ့ အခြေအနေ အားလုံး အဆင်ပြေရဲ့လား၊ ဘာ ပြဿနာဖြစ်သေးလဲ။ ရဲတွေ ဘာတွေ ပြဿနာ လာရှာသေးလား"

"ဟင့်အင်း၊ အားလုံး အဆင်ပြေပါတယ်ရှင်။ မတော်တဆ ဖြစ်တယ် ဆိုတာ ရှင်းနေ တာပဲ။ ပြဿနာ မရှိပါဘူး။ အခန်းနီးနားချင်းတွေကတော့ စိတ်ဆိုးနေကြတယ်"

"ဘာဖြစ်လို့"

"အလောင်းက ကြာလာတော့ ရာသီဥတုကလည်း ပူတယ် မဟုတ်လား။ အနံ့... ဒါကြောင့် ညနေခင်း ဝတ်ပြုချိန်မှာ သုသာန်ကို ပို့ထားမယ်၊ မေမေက ပထမ လက်မခံဘူး။ နောက်မှ အခြေအနေ သိသွားပြီး မနက်ဖြန်မှာ ဘုရားရှိခိုးကျောင်းကို ပြန်သယ်မယ်။ အစ်ကို လာဖို့ မေမေက တောင်းပန်ပါတယ်တဲ့ရှင့်။ နာရေးထမင်းလည်း ကျွေးချင်လို့ပါတဲ့"

"ချက်ရ ပြုတ်ရနဲ့ မင်းအမေ အလုပ်ရှုပ်နေမှာပေါ့"

"တခြား ဘယ်သူမှ မဖိတ်ပါဘူး အစ်ကို။ မနေ့က ကူညီတဲ့အတွက် အစ်ကို့ကို ကျေးဇူး တင်လွန်းလို့ပါတဲ့။ အစ်ကိုသာ မလာရင် ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူး"

ပြောရင်း နှုတ်ခမ်းကလေး မဲ့လာသည်။ သို့သော် သူ့ကိုယ်သူ ချက်ချင်းထိန်းပြီး ခေါင်းကလေး ငုံ့ချလိုက်သည်။ စကားပြောနေရင်း သူ့ကို ရပ်စ်ကိုလ်နီကော့ဗ် အနီးကပ် လေ့လာနေသည်။ မျက်နှာသွယ်သွယ်ကလေးက ဖြူဖျော့ဖျော့။ ဘယ်မှာမှ မမြင်ဖူးသည့် မျက်နှာမျိုး။ နှာတံချွန်ချွန်၊ မေးစေ့ချွန်ချွန်ကလေး။ လှသည်ဟု မဆိုသာ။ သို့သော် မျက်လုံးပြာကြီးတွေ ကြည်လင်နေ ပြီး ရိုးသားသည့် နှလုံးသား ရောင်ပြန်ဟပ်နေသည်။ ဆယ့်ရှစ်နှစ်သမီးလေးနှင့် မတူဘဲ ပီဘိ သူငယ်တန်း ကလေးမလေးနှင့် တူနေသည်။

"နေပါဦး၊ မင်းအမေက အကျွေးအမွေး လုပ်ရအောင်..."

ရပ်စ်ကိုလ်နီကော့ဗ်က စကားဆက်ပြောဦးမည့် ပုံ။

“အခေါင်းကို ရှိုးရှိုး စျေးပေါပေါပဲ ဝယ်လိုက်တယ် အစ်ကို။ ဒါကြောင့် ပိုက်ဆံ သိပ်မကုန်လိုက်ဘူးလေ။ သားအမိနှစ်ယောက် တွက်ချက်ပြီးပါပြီ။ ကျွေးဖို့ မွေးဖို့ နည်းနည်း ကျန်ပါတယ်။ အမေက ဒါလေးနဲ့ အလှူလုပ်ချင်သေးတာလေ။ အမေ့ ဝါသနာက…”

“အေး… ကိုယ် နားလည်ပါတယ်ကွာ။ မင်း ဘာလို့ ကိုယ့်အခန်းကို လိုက်ကြည့် နေလဲ။ မေမေကလည်း ပြောတယ်။ အုတ်ဂူလောက်တောင် မကျယ်ဘူးတဲ့”

ဆွန်ညာ ခေါင်းငုံ့ချလိုက်ပြန်သည်။ ပြီး တိုးတိုးလေး ပြောသည်။

“အစ်ကို မနေ့က အားလုံး ပေးခဲ့တာနော်”

နှုတ်ခမ်းကလေး ငိုမဲ့မဲ့ ဖြစ်လာပြန်သည်။ သူ အခန်းကို ဝေ့ကြည့်ပြီး သူ ဆင်းရဲပုံ တွေ့တော့ ဆွန်ညာ ပို၍ စိတ်ထိခိုက်သွားသည်။ အားလုံး ငြိမ်သွားပြန်သည်။ ဒွန်ညာ့ မျက်လုံးတွေ အရောင်လက်လာပြီး မေမေရပ်စ်ကိုလ်နီကောဗ် ပင်လျှင် ပျော့ပျောင်းလာပုံဖြင့် ထရပ်လိုက်ပြီး-

“ရော့ဒ်ယာ၊ ညနေ တွေ့ကြမှာပဲ။ ဒွန်ညာ၊ လာ သမီး၊ သွားကြစို့။ သား လမ်းလေး ဘာလေး ထွက်လျှောက်လိုက်ဦးလေ။ ပြီးတော့ ခဏလှဲပြီး နားလိုက်၊ သား ပင်ပန်းရောပေါ့”

“ဟုတ်ကဲ့ မေမေ၊ ကျွန်တော် လာခဲ့ပါ့မယ်။ လုပ်စရာလေးတွေတော့ ရှိသေးတယ်။ လုပ်ပြီး လာခဲ့ပါ့မယ်”

ရာဇူမီခင်က အံ့သြသည့် အမူအရာဖြင့်-

“ဘာလဲ၊ မင်း တခြားမှာ စားမှာလား။ ဘာ ဖောက်ဦးမလို့လဲ”

“လာခဲ့ပါ့မယ် ဆိုကွာ။ မင်း မပြန်နဲ့ဦးနော်။ မေမေ သူ့ကို ကျွန်တော် ဆွဲထားလိုက် ဦးမယ်”

“အေး၊ အေး …ရာဇူမီခင်၊ မင်းလည်း လာစားဖြစ်အောင် စားနော်”

မအေက ပြောတော့ သမီးကလည်း ထပ်ဖိတ်သည်။

“လာဖြစ်အောင် လာခဲ့ပါ"

ရာဇူမီခင်က မျက်နှာကြီး တပြင်လုံး ပြုံးပြီး ထ,ဦးညွှတ်လိုက်သည်။ ဘာကြောင့် မှန်း မသိဘဲ အားလုံး မျက်နှာတွေ နီမြန်းနေကြသည်။

"ဂွဒ်ဘိုင် ရှော့ဒ်ယာ၊ ခု လောလောဆယ် ပြောတော့ မေမေ အဲဒီလို နှုတ်မဆက် ချင်ဘူး။ ဂွဒ်ဘိုင် နာတာရှာ"

မေမေရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့ကို ခေါင်းညိတ် နှုတ်ဆက်မည် လုပ်ပြီးမှ အခန်းပြင် ထွက်သွားတော့သည်။

သို့သော် ဒွန်ညာက အမေ့နောက်မှ လိုက်သွားပြီး ဆွန်ညာ့အနား ရောက်တော့ တလေးတစား ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ဆွန်ညာ့မျက်နှာကလေး ရှက်သွေးဖြင့် နီမြန်းသွားကာ အယောင်ယောင် အမှားမှားဖြင့် ပြန်လည် ဦးညွှတ်လိုက်သည်။ ဒွန်ညာ၏ ယဉ်ကျေးသော အပြုအမူအတွက် အထူးအဆန်း ဖြစ်နေသည့် အလား။

ရပ်စ်ကိုလ်နီကော့ဗ်က တံခါးဝတွင် ရပ်ပြီး-

"ညီမလေး ဒွန်ညာ၊ ဂွဒ်ဘိုင်၊ လက်ကလေးပေးပါဦး"

"ဟင်... ခုတင်က ပေးပြီးပြီလေ။ မေ့သွားပြီလား"

"ဒါဆိုလည်း ထပ်ပေးပေါ့"

ညီမလုပ်သူ၏ လက်ချောင်း သွယ်သွယ်ကလေးများကို အစ်ကိုက အသာအယာ ညှစ်သည်။ ဒွန်ညာက အစ်ကို့ကို ပြုံးပြုံးကလေး ကြည့်နေသည်။ ပြီးမှ လက်ကို အသာ ရုပ်ပြီး အမေ့နောက် လိုက်သွားသည်။ ဒွန်ညာ ကိုယ်တိုင်ရော၊ အားလုံးပါ ကိုယ့်အကြောင်း နှင့် ကိုယ် ပျော်ရွှင်နေကြသည်။

အခန်းထဲ ပြန်ဝင်လာပြီး ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့ကို ပြောသည်။ သူ့မျက်နှာ မှာ ကြည်လင်နေသည်။

"ကောင်းပါတယ်၊ ဒီလိုစီစဉ်တာ ကောင်းပါတယ်။ ဘုရားသခင်က သေလွန်သူတို့ အတွက် အနားပေးတော်မူတယ်။ ရှင်ကျန်နေသူတွေကတော့ ဘဝမှာ ဆက်နေကြရဦးမှာ ပေါ့။ ဟုတ်တယ် မဟုတ်လား"

ရုတ်ခြည်း ရွှင်ပျလာသော သူ့မျက်နှာကို ဆွန်ညာ အံ့သြစွာ ငေးမောနေသည်။ သူကလည်း ကလေးမ၏ မျက်နှာကလေးကို စိုက်ကြည့်နေရင်း သွားလေသူ ပြောပြသွား သည့် သူကလေးအကြောင်းကို ကြားယောင် မြင်ယောင်နေလေသည်။

※

လမ်းပေါ် ရောက်လာသည်နှင့် မေမေ ရပ်စ်ကိုလ်နီကော့ဗ် စကားစသည်။

“တော်ပါသေးရဲ့၊ မြန်မြန်ထွက်လာဖြစ်လို့။ ခုမှပဲ အသက်ရှူလို့ ဝတော့တယ်။ သူနဲ့ တွေ့ရင် အရမ်းပျော်မှာလို့ မနေ့က ရထားပေါ်မှာ ထင်ခဲ့တယ်”

“ဩော်… မေမေကလည်း၊ သမီး ထပ်ပြောမယ်။ သူ နေမကောင်းသေးဘူးလေ။ သမီးတို့အတွက်နဲ့ သူ ပိုစိတ်ထိခိုက်သွားတာ ဖြစ်နိုင်တယ်။ စိတ်ရှည်မှပေါ့ မေမေရဲ့။ အများကြီး၊ အများကြီး စိတ်ရှည်မှ သူ့ကို ခွင့်လွှတ်နိုင်မှာ’

“အမယ်လေး၊ သူကိုယ်တိုင်ကျတော့ စိတ်မရှည်ဘဲနဲ့”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မရှည်သလို ဖြတ်ပြောသည်။

“သမီးတို့ မောင်နှမနှစ်ယောက်ဟာ တပုံစံတည်းပဲ။ ရုပ်ချင်း တူရုံ မကဘူး၊ စရိုက်ချင်းပါ တူတာ။ စိတ်ဓာတ်ကျလွယ်တာ၊ စိတ်ဓာတ်ကျတဲ့အခါ ရေငုံနှုတ်ပိတ်နေတတ်တာ လည်း တူတယ်။ စိတ်မြန်တဲ့အခါ၊ ရန်လိုတဲ့အခါမျိုးမှာလည်း တပုံစံတည်းပဲ။ ပြီးတော့ ကြင်နာသနားစရာ ရှိပုံချင်းလည်း နှစ်ယောက်သား အတူတူပဲ။ ဩော်… ဒါထက် ဒွန်ညာ၊ ဒီည မေမေတို့ အခန်းမှာ သူတို့ ဆုံကြမယ့်အကြောင်း တွေးမိရင် မေမေ ရင်လေးတယ် သိလား”

“မပူပါနဲ့ မေမေရာ၊ သူ့သဘော သူ ဆောင်သွားပါလိမ့်မယ်”

“ဒါပေမဲ့ မေမေတို့ အခြေအနေက မပူလို့ မရဘူးလေ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က-

“သူ (လူဇင်) နောက်ဆုတ်သွားရင် ကိုယ်ကျိုးနည်းကုန်မှာပေါ့”

မအေကြီးက စိုးရိမ်တကြီး ပူပူပင်ပင် ပြောသည်ကို သမီးလုပ်သူက သံပြတ်နှင့် မနှစ်မြို့စွာ တုံ့ပြန်သည်။

“သွားစမ်းပါစေ။ အဲဒါဆို သူ့တန်ဖိုး သူ ဖြတ်ချင်ဖြတ်ပေါ့’ မေမေ ရပ်စ်ကိုလ်နီကော့ဗ် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“မေမေတို့ ထပြန်လာတာ မှန်တယ် ဒွန်ညာ။ သူ တနေရာရာကို သွားစရာ ရှိပုံ ရတယ်။ ကောင်းပါတယ်၊ လမ်းလျှောက်ဖြစ်တာပေါ့။ အပြင်လေ ရှူရတာပေါ့။ သူ့အခန်းက အသက်ရှူစရာ လေ မရှိသလိုပဲ။ အပြင်မှာလည်း သိပ်မထူးပါဘူးလေ။ ဘယ်လိုမြို့ လဲ မသိဘူး။ လူတွေက ရှောင်လို့ မလွတ်ဘူး။ ဟောဟိုမှာကြည့်၊ တိုက်မိမယ်၊ ဘေးကပ်။ သူတို့ ဘာကြီး သယ်လာကြတာတုံး၊ စန္ဒရားကြီးပါလား၊ မနိုင်မနင်းပါလား။ မေမေတော့ ဟို ကောင်မလေး ကို ကြောက်တယ်”

“ဘယ်ကောင်မလေးလဲ မေမေ”

"စောစောက တွေ့ခဲ့တဲ့ ဆွန်ညာဆိုတဲ့ ကောင်မလေးပေါ့"

"ဘာဖြစ်လို့လဲ မေမေရဲ့ "

"မေမေ့စိတ်ထဲမှာ တခုခုကို သေချာနေသလိုပဲ။ ယုံချင်ယုံ၊ မယုံချင်နေ သူ ဝင်လာလာ ချင်း မေမေ သိလိုက်တယ်။ အရင်းခံ ပြဿနာ တခုခုတော့ ရှိပြီလို့"

ဒွန်ညာက စိတ်ပျက်သည့် လေသံဖြင့်-

"ဘာအရင်းခံပြဿနာ ရှိရမှာလဲ မေမေရာ၊ ကောင်မလေးကို မနေ့ကမှ သူ သိတာ။ ဝင်လာစက သူ မှတ်တောင် မမှတ်မိဘူးလေ"

"အေးပါ၊ စောင့်ကြည့်ပေါ့။ စောင့်ကြည့်ပါ။ မေမေ့ စိတ်ထဲတော့ တမျိုးကြီးပဲ။ သူ့မျက်လုံးတွေကို မေမေ ကြောက်တယ်။ မထူးဆန်းဘူးလား။ လူဇင်က သူ့အကြောင်း အလကား ထည့်ရေးမလား၊ ဒီမိန်းကလေးကို သူက မေမေတို့နဲ့ မိတ်ဆက်ပေးတယ်။ သူ ဘယ်လောက် ဂရုစိုက်နေတယ် ဆိုတာ ရှင်းနေတာပဲ"

"သူ့ဘာသာ သူ ဘာရေးရေး ပြဿနာ မဟုတ်ပါဘူး။ သမီးတို့အကြောင်းလည်း ရေးကြ၊ ပြောကြတာပဲ၊ အဆန်းမဟုတ်ဘူး မေမေ။ မှတ်မိတယ် မဟုတ်လား။ သမီး အမြင်မှာ တော့ ချစ်စရာလေးပါ။ သူ ရေးတာ အရေးလုပ်လို့"

"ဒီကလေးမကို ဘုရားသခင် စောင့်ရှောက်ပါစေကွယ်"

"လူဇင်က ရည်ရွယ်ချက်ရှိရှိနဲ့ သက်သက်အပုပ်ချတာပါ"

ဒွန်ညာက အပြတ်ပိတ် ပြောချလိုက်သည်။

မေမေရပ်စ်ကိုလ်နီကော့ဗ် ငြိမ်ကျသွားသည်။ ဘာမှ ဆက်မပြောတော့။

※

"လာ… မင်းနဲ့ တိုင်ပင်စရာ ရှိတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို ပြတင်းပေါက်ဘက် ဆွဲခေါ်သွားသည်။

ဆွန်ညာက ခပ်သွက်သွက် ဦးညွှတ်ပြီး ထပြန်ဖို့ ပြင်ရင်း-

"ဒါဆို အစ်ကို လာမယ်လို့ မေမေ့ကို ပြောလိုက်မယ်နော်"

"ခဏလေး ဆွန်ညာ၊ ခဏလေး"

ရာဇူမီခင်နှင့် မျက်နှာချင်းဆိုင်ပြီး -

“မင်းနဲ့ငါနဲ့ ကြားမှာ ဘာမှ လျှို့ဝှက်ထားတာ မရှိဘူးနော်။ မင်းနဲ့ စကားတခွန်း နှစ်ခွန်း ပြောချင်တယ်။ မင်း သူ့ကို သိတယ်နော်။ ဘာတဲ့ သူ့နာမည်... အဲ..... ပေါ်လာပြီ။ ပေါ်ဖီရီ ပီထရိုဗစ်ချ်”

“သိတာပေါ့၊ အမျိုးတောင် တော်သေး၊ ဘာပြုလို့လဲ”

ရာဇူမီခင်က သိချင်ဇောဖြင့် ပြန်မေးသည်။

“သူက... သူက... ဟိုလူသတ်မှုမှာ အမှုလိုက် ရဲအရာရှိတဲ့။ မင်း မနေ့က ပြောတဲ့ ကိစ္စလေ”

“အင်း... ဆိုပါဦး”

ရာဇူမီခင်၏ မျက်လုံးတွေ ပြူးထွက်လာသည်။

“သူက အဘွားကြီးတွေဆီ ပစ္စည်းလာပေါင်တဲ့လူကို လိုက်မေးနေတယ်တဲ့။ ငါ လက်စွပ်တကွင်း ပေါင်ဖူးတယ်။ ငါ ဒီကို ထွက်လာတုန်းက ငါ့ညီမ ငါ့ကို ပေးလိုက်တဲ့ အမှတ်တရလက်ဆောင် လက်စွပ်ကလေးကွ။ ပြီးတော့ ငါ့အဖေ ငွေနာရီ တလုံး။ နှစ်ခုပေါင်း ငါးရူဘယ်၊ ခြောက်ရူဘယ်လောက် တန်ဖိုးရှိမှာပေါ့။ တန်ဖိုးမရှိပေမဲ့ ငါ သိပ်တန်ဖိုးထားတဲ့ အမှတ်တရ ပစ္စည်းကလေးတွေပါကွာ။ ငါ ခု ဘာလုပ်ရမလဲဟင်။ အဆုံးမခံနိုင်ဘူးကွာ၊ အထူးသဖြင့် ငါ့အဖေ နာရီပေါ့။ စောစောက ဒွန်ညာ့နာရီအကြောင်း မေးတော့ အဖေ့နာရီကို သွားသတိရပြီး အမေများ ငါ့ကို မေးမလား တွေးပြီး လန့်နေတာ။ ဒီနာရီကလေးက လွဲပြီး အဖေ့ပစ္စည်း ဘာမှ မကျန်တော့ဘူး။ ဆုံးမယ်ဆိုရင်တော့ မေမေ ရင်ကျိုးလိမ့်မယ် သူငယ်ချင်း။ ငါ ဘာလုပ်ရမလဲ ဟင်။ ရဲစခန်းကို အကြောင်းကြားသင့်တယ် ဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့ ပေါ်ဖီရီနဲ့ သွားတွေ့ရင် ပိုကောင်းမလားလို့၊ မင်း ဘယ်လို သဘောရသလဲ။ မြန်မြန်လုပ်မှ ဖြစ်မယ် သူငယ်ချင်း။ ညစာစားရင်း သတိရပြီး မေမေ မေးချင် မေးမှာ"

"ဟုတ်တယ်။ ရဲစခန်းကို မသွားဘဲ ပေါ်ဖီရီနဲ့ တွေ့တာ ကောင်းမယ်၊ သူက စုံထောက် မဟုတ်လား။ ဒါဆို ဘာလို့ အချိန်ဆွဲနေမလဲ။ ခု သွားမယ်လေ။ ဘာဝေးတာ မှတ်လို့”

“ဒါဆို သွားမယ်လေ”

“သူက မင်းနဲ့တွေ့ရင် အရမ်း အရမ်းပျော်မှာ။ သူ့ကို မင်းအကြောင်း ငါ အများကြီး ပြောထားဖူးတယ်။ မနေ့ကလည်း... လာ... သွားကြမယ်။ ဒါဆို

အဘွားကြီးကို မင်း သိတယ်ပေါ့၊ ဪ... မစ္စ..."

"ဆွန်ညာမာမီလာဒေါ့ဗ်"

ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာနှင့် သူ့ကို မိတ်ဆက်ပေးသည်။

"ဒါ အစ်ကို့ရဲ့ သူငယ်ချင်း ရာဇူမီခင်။ သိပ်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းပေါ့"

ဆွန်ညာက ရာဇူမီခင်ကို မကြည့်ဘဲ ခေါင်းကလေး ငုံ့လျက်က ရှက်သွေးဖြာဖြာ နှင့်ပင်-

"အစ်ကိုတို့ သွားစရာ ရှိတယ် မဟုတ်လား"

ဆွန်ညာက ဘယ်သူ့ကိုမှမကြည့်ဘဲ ပြောလိုက်သည်။ ခုထိသူရှက်နေသေးသည်။ သုံးယောက်သား ထွက်လာခဲ့ကြသည်။ လှေကားထဲ ရောက်တော့ ရာဇူမီခင်က မေးသည်။

"မင်း တံခါးသော့ မခတ်ခဲ့ဘူးလား"

"ဟင့်အင်း၊ ငါ ဘယ်တော့မှမခတ်ဘူး။ သော့ခလောက်ဝယ်ဖို့ လွန်ခဲ့တဲ့ နှစ်နှစ် ကတည်းက စဉ်းစားခဲ့တာ။ မဝယ်ဖြစ်ဘူး။ သော့ခတ်ရလောက်အောင် အခန်းထဲမှာ ဘာ ပစ္စည်းမှ မရှိတာ"

သူက ခပ်ပေါ့ပေါ့ ပြောပြီး ဆွန်ညာ့ဘက် လှည့်ကြည့်ကာ ရယ်သည်။

အပြင်ရောက်တော့ ဝင်းတံခါးဝတွင် ရပ်လိုက်ကြသည်။

"ဆွန်ညာ၊ မင်းက ဒီဘက်သွားမှာ မဟုတ်လား။ ဪ... ဒါထက် မင်း အစ်ကို့ အခန်းကို ဘယ်လိုလုပ် သိတာလဲ"

သူ တခုခု ပြောချင်နေသည်။ သူကလေး၏ အေးဆေးကြည်လင်သည့် မျက်လုံးပြာ ကြီးတွေကို စေ့စေ့ကြည့်ချင်နေသည်။ သို့သော် အခွင့်မသာ။

"မနေ့က ပိုလင်ကာ့ကို အစ်ကို လိပ်စာပေးခဲ့တယ်လေ"

"ပိုလင်ကာ... မင်း ညီမလေး၊ ဪ ဟုတ်လား၊ သူ့ကို လိပ်စာပေးခဲ့မိလား"

"ဟုတ်တယ်လေ၊ မေ့သွားပြီလား"

"ဟင့်အင်း၊ သတိရပါတယ်'

"အစ်ကို့အကြောင်း ဆွန်ညာ ကြားဖူးပါတယ်။ ဖေဖေ ပြောပြလို့လေ။

နာမည်တာ အပြည့်အစုံ မသိတာ။ ဒီနေ့ ညီမလေးကို လိပ်စာမေးပြီး ရောက်လာတာ။ အခန်းကျဉ်း ကလေးလို့ မထင်ဘူး။ သွားတော့မယ်နော်။ မေမေ့ကို ပြောပြလိုက်ပါ့မယ်။ ဂွဒ်ဘိုင်”

ခေါင်းကလေးငုံ့ပြီး မပြေးရုံတမည် သုတ်ခြေတင်သွားသည်။ ဘယ်ကိုမှ မကြည့်၊ ဘယ်သူ့ကိုမျှ မမြင်။ သည်နေ့ အတွေ့အကြုံတွေကိုသာ ဆွန်ညာ အာရုံဝင်စားလျက် ရှိသည်။ ပြန်လည် မြင်ယောင်လျက် ရှိသည်။ ဘဝတွင် တခါဖူးမျှ မတွေ့ကြုံ၊ မခံစားဖူးသည့် အဖြစ်များ။ မရောက်ဖူးသည့် ကမ္ဘာတခုဆီသို့ လွင့်မြောသွားသည့်အလား။ သူ သည်နေ့ လာမည်တဲ့။ ခုမနက်ပိုင်း လာမှာလား မသိဘူးနော်။ ဒါမှမဟုတ် ခုပဲ နောက်က လိုက်လာမှာလား။ ဒီနေ့ တော့ မလာပါနဲ့ အစ်ကိုရယ်၊ အို… ဟိုအခန်းထဲမှာ ဘယ်ဖြစ်မလဲ၊ သူ တွေ့သွားမှာပေါ့…။

သူ စိုးရိမ်သည့်အတိုင်းပင်။ သူ ဘယ်လိုမှ သတိမပြုနိုင်သည့် လူတယောက်။ သူ့ကို စောင့်ကြည့်နေသည့် လူတယောက်။ သူ့နောက်မှ ကပ်လိုက်လာသည်။ သူတို့သုံးယောက် လမ်းခွဲလိုက်ကတည်းက မိန်းကလေးနောက်မှ သူ နောက်ယောင်ခံလိုက်လာခြင်း ဖြစ်သည်။ သုံးယောက် မခွဲခင် ပြောစကားများကိုလည်း ထိုသူက နားစွင့်နားဖျား ကြားခဲ့သည်။ သူတို့ သုံးယောက်၏ ပုံပန်းသဏ္ဌာန်များကို မှတ်သားထားလိုက်သည်။ အထူးသဖြင့် ရပ်စ်ကိုလ် နီကောဗ်။ ပြီးတော့ သူထွက်လာသည့် အိမ်ကြီး။ သည်ကိစ္စများ တဒင်္ဂအတွင်း ပြီးစီးသွားသည်။ နောက်ထပ် အချက်အလက်တွေ ရဖို့ သူက အသာစောင့်ကြည့်နေသည်။ ဤသို့ဖြင့် ဆွန်ညာ နှုတ်ဆက်ပြီး လမ်းခွဲရာနောက်သို့ နောက်ယောင်ခံ လိုက်လာခြင်း ဖြစ်သည်။

သူ ဆက်စဉ်းစားသည်။ ဒီကောင်မလေးကို မြင်ဖူးပါတယ်။ ဘယ်မှာပါလိမ့်။ သူ ဘယ်မှာ နေတာလဲ။ ဆက်ပြီး လေ့လာရမည်။

ခပ်သွက်သွက် ဆက်လျှောက်သည်။ လမ်းထောင့်ရောက်တော့ တဖက်သို့ ကူးပြီး ဆွန်ညာ့ကို ကျော်တက်၍ ဆက်လျှောက်သည်။ အသာငဲ့ကြည့်တော့ ဆွန်ညာက သူ့နောက်မှ လိုက်လာနေသည်။ ခြေလှမ်းငါးဆယ်လောက် လှမ်းမိတော့ လမ်းတဖက်သို့ ပြန်ကူးလာပြီး အရှိန်လျှော့ကာ ဆွန်ညာ့နောက် ငါးလှမ်းအကွာလောက်မှ ဆက်လျှောက်သည်။

သူက ငါးဆယ်ရွယ် လူကြီးတယောက် ဖြစ်သည်။ အရပ်မြင့်မြင့်၊ တောင့်တောင့် တင်းတင်း၊ ပုခုံးကျယ်ကျယ်ကြီးနှင့် ဝတ်စားထားပုံက လူကြီးလူကောင်းတယောက်၏ အသွင်အပြင်။ လက်ထဲတွင် ကြိမ်လုံးလှလှတချောင်းကိုင်ကာ လမ်းလျှောက်ရင်း တဒေါက် ဒေါက် ထောက်သွားသည်။ လက်အိတ်က အသစ်စက်စက်။ မျက်နှာက ပါးရိုးမြင့်မြင့်နှင့်

သဘောကောင်းမည့် ပုံ။ ရွှေရောင်ဆံပင်က ထူထူထဲထဲ။ မုတ်ဆိတ်မွေးကြီးကလည်း ရွှေရောင် ဖွော့ဖွော့။ နှုတ်ခမ်းအစုံက သွေးရောင်လွှမ်းနေပြီး မျက်လုံးပြာများကတော့ အေးစက်စက် နှင့် လေးနက်မည့်ပုံ။ ခြုံပြောရလျှင် လူချောတယောက် ဖြစ်ပြီး သူ့အသက်ထက် အပုံကြီး ပိုနုနေသူ ဖြစ်သည်။ ခုံးကျော်တံတားအောက်မှ ထွက်လာခဲ့ကြသည်။ လမ်းပေါ်တွင် လူသွား လူလာ ရှင်းနေသည်။ ကလေးမကို ထိုလူကြီးက သေသေချာချာ အကဲခတ်သည်။ တခုခု အတွက် အတွေးကျွံနေပုံ။ တိုက်အိုကြီးတလုံးရှေ့မှ ဝင်းခြံထဲသို့ ကလေးမ ချိုးဝင်လိုက်သည်။

သူက နောက်မှ လိုက်ဝင်သွားသည်။ ညာဘက်ချိုးပြီး လှေကားတခုဆီသို့ မိန်းကလေး လျှောက်သွားတော့ ထိုလူကြီး အံ့သြသွားသည်။ “သြော်' ဟု နှုတ်မှ ထွက်သွားသည်။ သည် တော့မှ သူ့ကို ဆွန်ညာ သတိထားမိသွားသည်။

ဆွန်ညာ တတိယထပ် ရောက်တော့ ဝရန်တာဘက် ထွက်ပြီး အခန်းနံပါတ်ကိုး ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ အခန်းတံခါးရွက်တွင် ‘ကပ်ပါနော်မော့ဗ် အပ်ချုပ်ဆိုင်’ ဟူသည့် စာတန်းကို မြေဖြူဖြင့် ရေးထားသည်။

လူစိမ်းက အံ့သြမဆုံး ဖြစ်နေသည်။ တိုက်ဆိုင်လွန်းလှပါကလား။ သူက အခန်း နံပါတ်ရှစ် ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ တံခါးပေါက် နှစ်ခုမှာ ခြောက်လှမ်းသာ ကွာသည်။

“သြော်... မင်းက ဒီမှာ နေတာကိုး။ မနေ့ကပဲ ဦး အင်္ကျီ ပြင်ချုပ်သေးတယ်။ ဦးက မဒမ်ကာလေ့ဗနာ အခန်းမှာ နေတာ။ ဒီမြို့ရောက်တာ သုံးရက်ပဲ ရှိသေးတယ်”

ဆွန်ညာက လူစိမ်းကို သေသေချာချာ ကြည့်သည်။

သူက ခပ်ရွှင်ရွှင်ပြောသည်။

“အင်း... လက်စသတ်တော့ အိမ်နီးနားချင်းတွေပဲ။ ဒီနေ့အတွက်တော့ ဂွဒ်ဘိုင်”

ဆွန်ညာက ဘာမှ မပြောဘဲ အခန်းထဲ ဝင်လိုက်သည်။ ဘာကြောင့်မှန်း မသိဘဲ အရမ်းရှက်သွားသည်။ ပြီးတော့ ကျောထဲ စိမ့်သွားသည်။

※

ပေါ်ဖီရီဆီအသွား လမ်းတွင် ရာဇူမီခင်တယောက် စိတ်တွေ လှုပ်ရှားနေသည်။

“ဒီလိုပဲ ဖြစ်ရမယ် သူငယ်ချင်း။ ဒီလိုပဲ ဖြစ်သင့်တယ်။ သိပ်ဝမ်းသာတယ်ကွာ”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ထဲမှ မေးနေသည်။

“မင်း ဘာအတွက် ဝမ်းသာတာလဲ"

“မင်း အဲဒီအဘွားကြီးဆီမှာ ပစ္စည်းတွေ ပေါင်နေတာ ငါ မသိဘူး။ ဒါပေမဲ့ အဲဒါ ဟိုတုန်းက မဟုတ်လား”

“အင်း... ဘယ်တုန်းကပါလိမ့်”

ရပ်စ်ကိုလ်နီကော့ဗ် ခဏတွေ စဉ်းစားသည်။

“အဘွားကြီး အသတ်မခံရခင် သုံးရက်လောက်က ထင်တယ်။ ဒါပေမဲ့ ငါ ပြန် မရွေးတော့ပါဘူး။ ငါခု ဘိုင်ကျ သွားပြန်ပြီကွ။ မနေ့က အဖျားကြီးပြီး ငမ်းဖမ်းသလိုဖြစ်တာ”

“အား... ဟုတ်တာပေါ့။ အဲဒီနေ့က မင်း ကယောင်ကတမ်းတွေ ပြောတာပေါ့။ ဆွဲကြိုးတွေအကြောင်း၊ လက်စွပ်တွေ အကြောင်းလေ။ အင်း... ဒါကြောင့်ကိုး၊ ခုမှ သဘော ပေါက်တော့တယ်''

ရပ်စ်ကိုလ်နီကော့ဗ်က ဩော်... သူတို့ ငါနဲ့ ပတ်သက်ပြီး တော်တော် ဦးနှောက် စားခဲ့တာကိုး၊ ခုတော့ ရှင်းသွားပြီတဲ့။

“သူ့ကို အိမ်မှာ တွေ့မှာပါနော်””

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မချသလို ခပ်သွက်သွက် မေးလိုက်သည်။

"တွေ့မှာပါကွာ၊ သေချာပါတယ်။ သူက လူကောင်းပါ။ မင်း တွေ့ပါလိမ့်မယ်။ အဲ... နည်းနည်းတော့ ခွတီးခွကျ နိုင်တယ်။ သူက သိပ်ကြီးကျယ်တဲ့လူတော့ မဟုတ်ဘူးပေါ့ လေ။ ထက်တော့ ထက်တယ်။ ခပ်တုံးတုံးထဲက မဟုတ်ဘူး။ တခုပဲ ရှိတယ်။ သူ တွေးပုံ၊ သူ စဉ်းစားပုံက နည်းနည်းကြောင်တယ်။ ဘယ်သူ့ကိုမှ မယုံဘူး၊ အတွေးနက်တယ်၊ အဆိုး မြင်တတ်တယ်။ လူတွေ ပျက်စီးအောင် လုပ်တတ်တယ်။ အဲ..မဟုတ်သေးဘူး။ နောက်ပြောင် ကျီစယ်တတ်တယ်။ ဒါပေမဲ့ သူ့အလုပ်ကို သူ ကောင်းကောင်းကျွမ်းတယ်။ မနှစ်က သဲလွန်စ တခုမှ မရှိတဲ့ လူသတ်မှုတခုကို သူ ဖော်ထုတ်နိုင်ခဲ့တယ်။ သူက မင်းကို အရမ်း တွေ့ချင် နေတာ”

“အရမ်း ဟုတ်လား၊ ဘာပြုလို့ တွေ့ချင်တာလဲ”

"ဒီလိုကွ။ တလောက မင်းကျန်းမာရေး အရမ်း ချို့တဲ့နေချိန်မှာ မင်းအကြောင်းတွေ သူ့ကိုမကြာမကြာ ပြောပြဖြစ်တယ်။ မင်းက ဥပဒေတန်းတက်နေတဲ့ ကျောင်းသားတယောက် ဖြစ်ပြီး အခြေအနေအရ ဆက်မတက်နိုင်တဲ့အကြောင်း ပြောတော့ သူ တော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ အဲဒါတွေရော၊ မနေ့က ဇာမယိုတော့ဗ် ပြောတဲ့အကြောင်းတွေပါ... ငါ မနေ့က အမူးလွန်ပြီး အာချောင်တဲ့ နေ့လေ။ မင်း အိမ်ကို ပြန်ပို့တဲ့ လမ်းတလျှောက်လုံး ငါ ကရားရေလွှတ် အာချောင်လာတာလေ။ ငါကအာချောင်တယ်၊ မင်းကမတော်တရော်တွေ လျှောက်ပြောတယ်"

"ဘာကွ၊ မင်းတို့က ငါ့ကို ရှုးနေတယ် ထင်တယ်ပေါ့။ အင်းပေါ့လေ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

သူက ပြောပြီး နာကြည်းစွာ ပြုံးလိုက်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အယ်... မဟုတ်သေးပါဘူး။ ငါပြောတာတွေ တခုမှ အဓိပ္ပာယ် မရှိဘူး၊ အမူးစကားတွေပါကွာ"

"ဘာလို့ မင်း နောင်တစကားတွေ ပြောနေလဲ၊ ငါ မကြားချင်ဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က အောင့်သက်သက်ပုံစံဖြင့် အော်ပြောလိုက်သည်။ သူ့အမူ အရာတွင် ဟန်ဆောင်မှုတွေ စွက်နေသည်။

"အေးပါကွာ၊ ငါ နားလည်ပါတယ်။ ငါရှက်လည်း ရှက်ပါရဲ့။ အဲဒီအကြောင်းတွေ ပြန်ပြောရတာတောင် ရှက်စရာပါ"

"ဒါဆိုလည်း ဘာလို့ ပြောနေမလဲ"

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။ ရာဇူမီခင်က ပျော်နေသည်။ ရပ်စ်ကိုလ် နီကော့ဗ်က စိတ်ပျက်နေသည်။ ပေါ်ဖီရီအကြောင်း ကြားပြီး စိတ်မသက်မသာ ဖြစ်နေသည်။

ပြီးတော့ တွေးကြည့်သည်။ ရှေ့မှာ **လာဇရပ်စ်**[29] သီချင်း ဆိုရမလား မသိဘူး။ တွေးရင်း ရင်တွေ ခုန်လာသည်။ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ လာဇရပ်စ်ကို ဣန္ဒြေမပျက် ဆိုပေါ့။ ဣန္ဒြေ မပျက်ချင်ရင်တော့ မဆိုဘဲ နေတာ ကောင်းမယ်ထင်တယ်။

ဒါထက် သူ့ဆီသွားတာ အဓိပ္ပာယ်ရှိပါ့မလား။ ဖယောင်းတိုင်မီးဆီကို ပျံသွားတဲ့ ပိုးဟပ်လိုများ ဖြစ်နေမလား။ ငါ့ရင်တွေ ပိုခုန်လာပြီ။

"ဟောဟို တိုက်ညိုကြီးပဲ သူငယ်ချင်း"

ရာဇူမီခင်က အိမ်ကြီးကို လက်ညှိုးထိုးပြသည်။

ရပ်စ်ကိုလ်နီကော့ဗ် ဆက်စဉ်းစားသည်။

ငါ မနေ့က ဟိုအခန်းကို ရောက်ခဲ့တယ် ဆိုတာ ပေါ်ဖီရီ သိများ သိနေမလား။ သွေးအကြောင်း ငါ မေးခဲ့တာကိုကော သူ့နား ပေါက်နေပြီလား။ ဒါကို ရောက်ရောက်ချင်း အကဲခတ်ရမယ်။ သူ့မျက်နှာကို ကြည့်ပြီး အဖြေရှာရမယ်။ အင်း... ဇာတ်လမ်း ဒီမှာ ဆုံးမှာလား။

ရာဇူမီခင်ဘက် ရုတ်တရက် လှည့်ပြီး ပြုံးစိစိနှင့် -

“ဒီမယ် သူငယ်ချင်း၊ မင်း ဒီနေ့ အရမ်းစိတ်လှုပ်ရှားနေတာ ငါ သတိထားမိတယ်။ မနက်ကတည်းကလေ၊ အဲဒါ ဟုတ်လား၊ ပြော”

“စိတ်လှုပ်ရှားတယ်၊ ဟုတ်လား။ သွားစမ်းပါကွာ၊ ငါ့မှာ ဘာစိတ်လှုပ်ရှားစရာ ရှိလို့လဲ”

ရာဇူမီခင် ကြက်သီးထသွားပြီး ပြန်မေးသည်။

“ငါ တကယ်ပြောတာ၊ မင်း ဣန္ဒြေပျက်နေပုံက သိသာတယ်ကွ။ ဒီနေ့ ကုလားထိုင် ပေါ်မှာ ထိုင်တယ်။ မင်း ဘယ်တုန်းကမှ မထိုင်တဲ့ ကုလားထိုင်။ ပြီးတော့ ကုလားထိုင်အစွန်း မှာ ထိုင်တယ်။ ဖြည်းဖြည်း မထဘူး၊ ဝုန်းခနဲ ထရပ်တယ်။ ပြီးတော့ အကြောင်းမရှိဘဲ စိတ် တိုချင် တိုနေတယ်။ ခု စိတ်ဆိုးလိုက်၊ တော်ကြာ မျက်နှာ ချွေးလျက်ချင်လောက်အောင် ချိုနေလိုက်နဲ့။ ပြီးတော့ ငါ့မေမေနဲ့ ညီမက ညစာစားဖို့ ဖိတ်တော့ မင်းမျက်နှာကြီး နီရဲနေ တယ်"

“မဟုတ်က ဟုတ်ကတွေ မင်း လျှောက်ပြောမနေနဲ့ ရော့ဒ်ယာ၊ ဘာအဓိပ္ပာယ်လဲ”

“မင်း ဘာလို့ လူပျိုပေါက်ကလေးလို လုပ်နေတာ လဲ။ ဟော... ပြောရင်း ဆိုရင်း မင်းမျက်နှာကြီး နီလာပြီ”

“ဟော့ကောင် တော်တော့၊ ခွေးမသား"

“မင်း ဘာလို့ ဒါလောက် ရှက်နေတာလဲ။ မေမေ သိရင် ရယ်နေမှာ။ ဟိုတယောက် ကလည်း လိုက်ရယ်နေမှာ"

ရာဇူမီခင် စိတ်ရှုပ်သွားပုံရသည်။ ပြီးတော့ ထိတ်ထိတ်ပျာပျာဖြင့် ပြောသည်။ "ဟော့... ဟော့၊ နေဦး။ ဒါ နောက်စရာ မဟုတ်ဘူး။ သေတော့မှာပဲ။ ငါ ဘယ်လို ပြောရမှန်းလည်း မသိဘူး။ မင်း သူတို့ကို ဘယ်လိုပြောမှာလဲ။ မင်း

သိပ်ဆိုးပါလား ရော့ဒ်ယာ” “နွေဦးမှာ ပွင့်လာတဲ့ နှင်းဆီပန်းကလေးလိုပေါ့ကွာ။ မင်းလည်း ဒီလို ဖြစ်နေတာ။ ဟား... ဟား... အရပ် ခြောက်ပေခွဲလောက်ကြီးက ရှိမီယိုကလေးလို ဖြစ်နေတာလေ။ ဒီနေ့ မင်း ကြည့်ရတာ ရှင်းလို့၊ သန့်လို့ပါလား။ လက်သည်းတွေ ဘာတွေတောင် ညှပ်လာသေးတယ်။ ဘယ်တုန်းကမှ လက်သည်းကို ဂရုမစိုက်တဲ့ကောင်။ အမယ်... ခေါင်းလိမ်းဆီတွေ၊ ဘာတွေလည်း လိမ်းထားပါလား”

“တော်ပါတော့ကွာ”

ရပ်စ်ကိုလ်နီကော့ဗ်က ဝါးလုံးကွဲ ရယ်ချလိုက်သည်။ ပေါ်ဖီရီ အခန်းကို ရောက်သည် အထိ သူ အတောမသတ် ရယ်နေတုန်း။ သူတို့နှစ်ယောက်၏ အသံကို အခန်းထဲမှ အားလုံး ကြားနေရသည်။

ရာဇူမီခင်က သူငယ်ချင်းပခုံး ဖက်ပြီး တိုးတိုးကပ် ပြောသည်။ သူ့လေသံက အလေးအနက်။ ဒေါသသံ စွက်နေသေးသည်။

“မင်း သူ့ရှေ့မှာ အာမချောင်နဲ့နော်။ အာချောင်ရင် မင်းကို ငါဆွဲထိုးမှာ”

※※※

(၅)

ရပ်စ်ကိုလ်နီကော့ဗ်က အခန်းထဲ အရင်ဝင်လိုက်သည်။ သတ္တိသွေးတွေ အပြည့်မွေးလျက်။ ဗလကောင်းသလောက် အရုက်အကြောက်ကြီးသည့် ရာဇူမီခင်က နောက်မှ။ ဘာကြောင့် မှန်း မသိဘဲ သူ့မျက်နှာကြီး နီရဲနေသည်။ သူ့ပုံစံကြီးမှာ ကလန်ကလားနှင့် ရယ်စရာအတိဖြစ်နေ၏။

ရပ်စ်ကိုလ်နီကော့ဗ်က မိတ်ဆက်မပေးခင် အခန်းလယ်တွင် ရပ်နေသော အိမ်ရှင် ကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ပေါ်ဖီရီက သူတို့နှစ်ယောက်ကို စူးစမ်းသည့် မျက်လုံးများ ဖြင့် ကြည့်ပြီး ရပ်စ်ကိုလ်နီကော့ဗ်အား လက်ကမ်းပေးသည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး ရယ်ချင်စိတ်ကို မျိုသိပ်လျက် ခပ်တိုတို ပဋိသန္ဓာရ ပြုသည်။ ရာဇူမီခင်ကို ကြည့်ပြီး သူ မရယ်ဘဲ မနေနိုင်တော့ပေ။

ရာဇူမီခင်သည် သုံးဦးသား စကားဝိုင်းကို ဦးဆောင်ပြီး စိုပြည်အောင် လုပ်နိုင်နေ သည့်အတွက် သူ့ကိုယ်သူ အားတက်လာကာ ပြောရင်း ပြောရင်း လက်တွေ၊ ခြေတွေ ပါလာသည်။ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ဤတွင် စားပွဲဝိုင်းပေါ်မှ ဖန်ခွက်တလုံးကို လက်နှင့် တိုက်မိကာ လွင့်စဉ်ကျသွားတော့သည်။

"ဟာ... ကုန်ပါပြီကွာ။ အဲဒါ အစိုးရပစ္စည်းတွေနော်"

ပေါ်ဖီရီက နှမြောတသပုံဖြင့် ပြောသော်လည်း သူ့မျက်နှာမှာ ပြုံးလျက်။

ပေါ်ဖီရီက ရပ်စ်ကိုလ်နီကော့ဗ်၏ လက်ကို ပြန်လွှတ်ဖို့ မေ့နေသလို တော်တော် နှင့် ပြန်မလွှတ်ဘဲ ကိုင်ထားသည်။ ရာဇူမီခင်က ဖန်ခွက်ကျကွဲလောက်အောင် သူ ကိုးရိုး ကားရား ဖြစ်သွားခြင်းအတွက် ရှက်နေပြန်သည်။ ပြတင်းပေါက်တွင် သွားရပ်ပြီး အပြင်သို့ ငေးနေသည်။ ပေါ်ဖီရီက ဆက်ပြီး ရယ်နေသည်။ ရာဇူမီခင် တောင်းပန်စကား ပြောလိုပြောငြား စောင့်နေသည်။ အခန်းထောင့် တနေရာတွင် ထိုင်နေသော ဇာမယိုတော့ဗ်က ဧည့်သည် တွေ ဝင်လာတော့ မတ်တတ်ထရပ်လိုက်သည်။ သူ့နှုတ်ခမ်းတွင် အပြုံးဆင်လျက်။ အခန်း ထဲမှ မြင်ကွင်းကို ကြည့်ရင်း ဘာမှ နားမလည်သလို ကြောင်ကြည့်နေသည်။ ရပ်စ်ကိုလ် နီကော့ဗ်ကိုတော့ နားမလည်နိုင်သလို ငေးကြည့်နေ၏။ မမျှော်လင့်ဘဲ သူနှင့် လာတိုးတော့ ရပ်စ်ကိုလ်နီကော့ဗ် တယောက် ကသိကအောက် ဖြစ်သွားသည်။ အင်း... စဉ်းစားစရာပဲဟု စိတ်ထဲ တွေးလိုက်မိ၏။

သူက အနေရကျပ်သွားပုံဖြင့် ပေါ်ဖီရီကို ကြည့်ပြီး စကား စသည်။

"အနှောင့်အယှက်ဖြစ်ရင် တဆိတ် ခွင့်လွှတ်ပါ ခင်ဗျာ။ ကျွန်တော်

ရပ်စ်ကိုလ် နီကော့ဗ်ပါ"

"အို... ဘာမှ အနှောင့်အယှက် မဖြစ်ပါဘူး။ ခင်ဗျားတို့ ဝင်လာတော့ ကျွန်တော် တအား ဝမ်းသာသွားတာ။ သူ ဘာဖြစ်လာတာလဲဗျာ။ မင်္ဂလာပါလို့တောင် နှုတ်ဆက်ဖော် မရဘူး"

ပေါ်ဖီရီက ရာဇူမီခင်ကို ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်ကျိန်ပြောပါ့မယ်ဗျာ။ ကျွန်တော်မသိရိုးအမှန်ပါ။ ကျွန်တော့်ကိုလည်း တလမ်းလုံး ရန်ရှာလာတယ်။ သူ့ကို ရိုမီယိုနဲ့ တူတယ်လို့ ကျွန်တော်က ရိုးရိုးပြောတာကို... ဒီနေ့ တကယ်တူနေတာဗျ"

"ဟေ့... ရော့ဒ်ယာ၊ တော်တော့ကွာ''

ရာဇူမီခင်က လှည့်မကြည့်ဘဲ ပြန်ပြောသည်။

"ဒါလေး ပြောတာနဲ့ ဒီလောက် ဒေါသကြီးနေရင် အကြောင်းရှိရမယ်။ တော်တော် လေးနက်တဲ့ အကြောင်း ရှိရမယ်"

ပေါ်ဖီရီက ရယ်ကျဲကျဲနှင့် ပြောသည်။

"ဟေ့လူ၊ ခင်ဗျားက ရဲပီပီ... တော်ကွာ"

ရာဇူမီခင် လှည့်လာသည်။ ပြုံးဖော်ရယ်ဖော် ရလာသည်။ ဘာမှ မဖြစ်သလို ပုံစံဖြင့် ပေါ်ဖီရီဆီ လျှောက်သွားပြီး-

"ကဲ... ပေါက်တတ်ကရတွေ တော်ကြတော့ဗျာ။ အလုပ်ကိစ္စလေး ပြောကြရအောင်။ ဒါက ရိုဒီယွန်ရိုမန်နစ်ချ် ရပ်စ်ကိုလ်နီကော့ဗ်၊ ခင်ဗျား တွေ့ချင်တယ် ဆိုလို့ ကျွန်တော် ခေါ်လာ တာ။ သူ့မှာလည်း ခင်ဗျားနဲ့ ဆွေးနွေးစရာလေး ရှိလို့။ ဟေ့... ဇာမယိုတော့ဗ်၊ မောင်ရင်က ဘာလာလုပ်နေတာလဲ။ မင်းတို့ အချင်းချင်း သိတယ် ဟုတ်လား။ ဘယ်တုန်းက သိတာတုံး"

ရပ်စ်ကိုလ်နီကော့ဗ် အနေကျုံ့သွားသည်။ အင်း... ဘာအဓိပ္ပာယ်ပါလိမ့်။ ဇာမယိုတော့ဗ် ကွက်ခနဲ မျက်နှာ ပျက်သွားသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး -

"ဟင်... မနေ့က ခင်ဗျား ပွဲမှာ တွေ့တာလေ။ ရဲအချင်းချင်းပဲဗျာ"

"ဒါဆိုလည်း ပြီးတာပဲ။ ပြီးခဲ့တဲ့ အပတ်တုန်းက ခင်ဗျားနဲ့

တွေ့ချင်လှပါချေရဲ့လို့ ကျွန်တော့်ကို ဂျီတိုက်နေတာ။ ဟော့... ပေါ်ဖီရီ၊ ခင်ဗျားတို့က ကျွန်တော့် ကွယ်ရာမှာ သဖန်းပိုး လုပ်ပြီးပြီပေါ့လေ။ အဲ... စီးကရက် ဘယ်မှာ ထားလဲ”

ပေါ်ဖီရီက အိမ်နေအဝတ်ကို ကပိုကရို ဝတ်ထားသည်။ သို့သော် သူ့ဂျာကင်နှင့် ရှပ်အင်္ကျီက ဖြူဖြူဖွေးဖွေး၊ သန့်သန့်ရှင်းရှင်း။ ခြေသုပ်ဖိနပ် စီးထားသည်။ အရပ် မနိမ့်မမြင့် နှင့် အသက်မှာ သုံးဆယ့်ငါးနှစ်ခန့် ရှိလောက်ပြီ။ မုတ်ဆိတ်ကျင်စွယ် မထား။ ဦးခေါင်းကြီးကြီး ပေါ်တွင် ဆံပင်ကို ခပ်တိုတိုညှပ်ထားသည်။ မျက်နှာမှာ ပြည့်ပြည့်တင်းတင်း၊ နှာခေါင်းကမူ မဆိုစလောက် ပြားသည်။ မျက်ဝန်းများတွင် အရည်လဲ့နေပြီး ပျော်ပျော်နေတတ်ပုံ ပေါ်နေသည်။ သရော်တော်တော် လုပ်တတ်ပုံလည်း ရ၏။ ဖြူဖွေးဖွေး မျက်တောင်များ ပုတ်ခတ် ပုတ်ခတ်နှင့် တယောက်ယောက်ကို တခုခု ပြောချင်နေပုံ။ မျက်လုံးအရောင်နှင့် မလိုက်ဖက် သလို ထင်ရသည်။ မိန်းမချော ချောသည့် ယောကျ်ားတယောက်နှင့် တူနေ၏။ သို့သော် သူသည် အမြင်နှင့် အကဲခတ်၍ မရနိုင်သည့် လူစားမျိုး ဖြစ်သည်။

ဧည့်သည်က ‘ဆွေးနွေးစရာလေး ရှိလို့’ ဟု ဆိုကတည်းက ဆိုဖာပေါ်တွင် နေရာ ပေးလိုက်သည်။ သူကိုယ်တိုင်လည်း တဖက်စွန်းတွင် ဝင်ထိုင်သည်။ ဘာကိစ္စများပါလိမ့်ဟု တွေးရင်း ဧည့်သည်ကို အလေးအနက် လှေ့လာနေသည်။ တဖက်သား အနေကျုံ့ကာ အိုးနင်း ခွက်နင်း ဖြစ်သွားလောက်သည့် အကြည့်မျိုးဖြင့် ဧည့်သည်ကို စိုက်ကြည့်နေသည်။ သို့သော် ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကိစ္စကို ခပ်အေးအေးပင် ပြောပြသွားသည်။ ခပ်တိုတို ခပ်ကျဉ်းကျဉ်း ဣန္ဒြေမပျက် ပြောနိုင်သဖြင့် ရပ်စ်ကိုလ်နီကော့ဗ် သူ့ကိုယ်သူ ကျေနပ်နေသည်။ ပေါ်ဖီရီကို စေ့စေ့ ကြည့်ပြီး ပြောနေခြင်း ဖြစ်သည်။ ရဲအရာရှိကလည်း တရံမလပ် စိုက်ကြည့်နေ၏။ ရာဇူမီခင် က သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ် ပြောသမျှကို အာရုံစိုက် နားထောင်နေရင်း ရင်တမမ ဖြစ်နေသည်။ သူတို့နှစ်ယောက်ကို တလှည့်စီ ကြည့်ပြီး သူ ထိတ်ထိတ်ပျာပျာ ဖြစ်နေပုံမှာ မူရာမာယာတွေ ပိုလွန်းသလိုတောင် ဖြစ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ် ကိုယ်တိုင်လည်း သွားပြီ၊ ငါမှားပြီဟု တွေးပြီး သူ့ကိုယ်သူ ကျိန်ဆဲနေသည်။

“ခင်ဗျား ရဲစခန်းမှာ သွားပြီး တိုင်ချက်ဖွင့်ဖို့ ကောင်းတယ်”

ပေါ်ဖီရီက အလုပ်သဘောဆန်ဆန် ပြောသည်။

“ဒီလိုပြောပေါ့ဗျာ။ လူသတ်မှု မဖြစ်မီ ဒီလို ဒီလို ဖြစ်ခဲ့ကြောင်း၊ ဒီအကြောင်းကို အမှုလိုက် ရဲအရာရှိကို ပြောပြပြီး ဖြစ်ကြောင်း၊ ဒီပစ္စည်း

ဒီပစ္စည်းဟာ ကျွန်တော်ပိုင်ပစ္စည်း ဖြစ်ကြောင်းပေါ့။ သူတို့ ခင်ဗျားအတွက် လျှောက်လွှာ ရေးပေးပါလိမ့်မယ်”

တတ်နိုင်သမျှ စိတ်ရှုပ်သွားဟန်ဆောင်ပြီး ရပ်စ်ကိုလ်နီကော့ဗ် ပြန်ပြောလိုက်သည်။

“ကျွန်တော် လိုချင်တာလည်း အဲဒီလို အကြံဉာဏ်မျိုးပါပဲ ခင်ဗျာ။ ကျွန်တော့်မှာ ပိုက်ဆံတော့ သိပ်မရှိပါဘူး။ အဲဒီငွေလေးလောက်တောင်... ကျွန်တော့်မှာ... ဆိုလိုတာက ဒီပစ္စည်းကလေးတွေဟာ ကျွန်တော်ပိုင် ဖြစ်ကြောင်း သိစေချင်တာပါ။ ကျွန်တော် ပြန်ရွေး နိုင်တာနဲ့ ချက်ချင်း ရွေးမှာပါ”

“ကျွန်တော်တို့ဘက် အတွက်တော့ အဲဒါ သိပ်အကြောင်း မဟုတ်တော့ဘူးလေ”

ပေါ်ဖီရီက သူ့ငွေရေးကြေးရေးကို စိတ်မဝင်စားဟန်ဖြင့် –

“အဲဒီစာမျိုး ကျွန်တော့်ဆီ တိုက်ရိုက်ရေးလည်း ရပါတယ်လေ။ ခုတင်က ကျွန်တော် ပြောတဲ့အတိုင်း...”

ရပ်စ်ကိုလ်နီကော့ဗ်က ကြားဖြတ်မေးသည်။

“ရိုးရိုးလျှောက်လွှာစာရွက်နဲ့ ရေးရမှာလား ခင်ဗျာ”

“ကြိုက်တဲ့စာရွက်နဲ့ ရေးပါ”

ပြောပြီး ပေါ်ဖီရီက သူ့ကို သရော်တော်တော် မျက်လုံးများဖြင့် နဖူးရေတွန့်ကာ ဟန်ဆောင်ခြင်း မရှိဘဲ ကြည့်သည်။ တဒင်္ဂလေး ဖြစ်သော်လည်း ရပ်စ်ကိုလ်နီကော့ဗ် သတိထားမိသည်။ သို့သော် သူ့အကြည့်ကို အဓိပ္ပာယ်မကောက်တတ်။

အဖဘုရားသခင်... ဘုရားသခင်... သူ သိနေပြီလား မသိဘူး။ ရပ်စ်ကိုလ်နီကော့ဗ် ၏ ခေါင်းထဲတွင် လျှပ်တချက် ပြက်သွားသည်။ သို့သော် ဟန်မပျက် ဆက်ပြောသည်။

“ဒီလိုအသေးအဖွဲကိစ္စလေးနဲ့ လာပြီး အနှောင့်အယှက် ပေးရတာ ခွင့်လွှတ်ပါဗျာ။ အဲဒီပစ္စည်း နှစ်ခုပေါင်းမှ ငါးရူဘယ်ပဲ တန်တာပါ။ ဒါပေမဲ့ အမှတ်တရ ထားရမယ့် ပစ္စည်း လေးတွေ ဖြစ်နေလို့ပါ။ အဲဒီသတင်းလည်း ကြားရော ကျွန်တော် တော်တော်တုန်လှုပ်သွား တယ်"

ရာဇူမီခင်က စိတ်ဝင်တစား ဝင်ထောက်သည်။

“ဒါကြောင့် မနေ့က ပစ္စည်းပေါင်တဲ့ လူတွေ ခေါ်စစ်နေတယ်လို့ ပြောတော့ မင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားတာကိုး’’

ဒီစကား ပေါ်ဖီရီရှေ့တွင် သူ ပြောဖို့မသင့်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို ဒေါသ ထွက်နေသည့် မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ သို့သော် ချက်ချင်း စိတ် ပြန်ထိန်း လိုက်နိုင်၏။

သူ့ဘက်လှည့်ပြီး စိတ်ဆိုးဟန်ပြုလျက်-

“မင်း ငါ့ကို လာလာပြီး ဆွမပေးနဲ့နော်။ မင်း မျက်လုံးတွေကို ကြည့်ပြီး အသေး အဖွဲ့တွေကို ရေးကြီးခွင့်ကျယ် လုပ်တဲ့ကောင်လို့ ပြောချင်မှန်း ငါ သိပါတယ်။ ငါ လက်ခံပါတယ်။ ဒါပေမဲ့ ငါ့ကို လောဘကြီးတဲ့ ကောင်၊ အတ္တကြီးတဲ့ကောင် လို့တော့ ပြောလို့ မရဘူး

သူငယ်ချင်း။ ဒီတန်ဖိုးမရှိတဲ့ ပစ္စည်းလေးနှစ်ခုဟာ ငါ့အတွက် အသေးအဖွဲ မဟုတ်ဘူး။ စောစောက ပြောသလိုပဲ နှစ်ပဲနိတန် ငွေနာရီကလေးဟာ ငါ့အဖေရဲ့ တခုတည်းသော လက်ကျန်ပစ္စည်းကွ။ မင်းအတွက်တော့ ရယ်စရာ ဖြစ်ချင် ဖြစ်နေမှာပေါ့။ ဒါပေမဲ့ အမေ ရောက်နေ တယ်လေ'

သူက ပေါ်ဖီရီဘက် လှည့်ပြီး ဆက်ပြောသည်။

“အမေ သိသွားရင်...”

ရာဇူမီခင်ဘက်ကို ဆတ်ခနဲ ပြန်လှည့်လိုက်ပြီး တုန်တုန်ယင်ယင်ဖြင့် -

“နာရီ ဆုံးပြီ ဆိုတာသာ အမေသိရင် ရင်ကျိုးတော့မှာပေါ့ကွာ။ မိန်းမသားဆိုတာ...”

“ငါဆိုလိုတာက တမျိုးပါကွာ”

ရာဇူမီခင်က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ် အလန့်တကြား ပြန်စဉ်းစားသည်။ ငါလွန်များ သွားပြီလား။ ငါ့အမူအရာဟာ သဘာဝကျရဲ့လား။ ဘာပြုလို့ ‘မိန်းမသားဆိုတာ” ကို ထည့်ပြောလိုက်မိပါလိမ့်။

“ခင်ဗျားအမေ ရောက်နေတယ် ဆို’

ဘာကြောင့်မှန်း မသိဘဲ ပေါ်ဖီရီက စုံစမ်းသည်။

“ဟုတ်ကဲ့”

"ဘယ်တုန်းက ရောက်လာပါလိမ့်"

"မနေ့ညနေက ခင်ဗျ"

ပေါ်ဖီရီက တခုခုကို စဉ်းစားသလိုဖြင့် ငြိမ်နေသည်။ ပြီးမှ အေးစက်သော လေသံ ဖြင့် စကားဆက်သည်။

"ခင်ဗျားပစ္စည်းတွေ ဘယ်နည်းနဲ့မှ မဆုံးစေရဘူး။ ဘာပြုလို့လဲ ဆိုတော့ ခင်ဗျား ကို ကျွန်တော် ထိုင်စောင့်နေတာ ကြာလှပြီ''

ပြောပြီး ဘာမှမဖြစ်သလို စီးကရက်ပြာတွေကို ကော်ဇောပေါ် ခြွေချနေသော ရာဇူမီခင်ဆီသို့ ဣန္ဒြေမပျက် ဆေးလိပ်ပြာခွက် ထိုးပေးသည်။ ရပ်စ်ကိုလ်နီကော့ဗ် ထိတ်ခနဲ ဖြစ်သွားသည်။ ပေါ်ဖီရီက ကော်ဇောပေါ်မှ ဆေးလိပ်ပြာတွေကိုသာ ငုံ့ကြည့်နေသည်။

ရာဇူမီခင် အထိတ်တလန့် မေးလိုက်သည်။

"ဒါဆို အဲဒီမှာ သူ့ပစ္စည်းတွေ ပေါင်တယ် ဆိုတာ ခင်ဗျား သိနေတယ်ပေါ့၊ ဟုတ်လား ပေါ်ဖီရီ"

ပေါ်ဖီရီက ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး ဖြေသည်။

"ခင်ဗျားရဲ့ ပစ္စည်းကလေး နှစ်ခု။ လက်စွပ်ရယ်၊ နာရီရယ် နှစ်ခုစလုံးကို အဘွားကြီး က စာရွက်တရွက်နဲ့ပတ်ပြီး ခင်ဗျားနာမည်ရယ်၊ တမျိုးစီရဲ့ ပေါင်တဲ့ နေ့စွဲရယ်ကို ခဲတံနဲ့ ရေးထားတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့မျက်လုံးတည့်တည့်ကိုကြည့်ပြီး ကြိုးကြိုးစားစား ပြုံးရင်း ပြောလိုက်သည်။

"ခင်ဗျားက စူးစမ်းမှုအား တော်တော်ကောင်းတဲ့ စုံထောက်အရာရှိပဲ" ပြီးတော့ မပြောဘဲ မနေနိုင်သဖြင့် စကားဆက်လိုက်သည်။ "ကျွန်တော် စဉ်းစားကြည့်တယ်။ ပေါင်တဲ့လူတွေ အများကြီးနေမှာပေါ့နော်။ အဲဒီနာမည်တွေ အားလုံး မှတ်မိဖို့ ဆိုတာ... ခုတော့ ခင်ဗျား အားလုံးမှတ်မိနေတယ် ဟုတ်လား။ ပြီးတော့... ပြီးတော့..."

ပြောပြီးမှ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိပြန်သည်။ ဘာလို့များ သွားပြီး အာချောင် မိတာပါလိမ့်။

"ဒီလိုဗျ၊ တခြားပစ္စည်းရှင်တွေ အားလုံး ကျွန်တော့်ဆီ ရောက်လာပြီးကြပြီ။ ခင်ဗျား တယောက်ပဲ ကျန်နေတာ၊ ကျွန်တော် တော်လို့ မဟုတ်ပါဘူး"

ပေါ်ဖီရီက ထင်သာ မြင်သာသည့် သရော်ပြုံးဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော် သိပ်နေမကောင်းလို့ မရောက်တာပါဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော် ကြားပါတယ်။ အကြောင်းတခုခုကြောင့် ခင်ဗျား စိတ်ခတ် ကျနေတဲ့အကြောင်းလည်း ကြားပါတယ်။ ခုထက်ထိ မမှန်သေးဘူး၊ ဖြူဖပ်ဖြူရော် ဖြစ်နေ သေးတယ်"

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်မာမာ၊ ခပ်ဆတ်ဆတ် ပြန်ပက်သည်။

"ဟာဗျာ၊ မဟုတ်တာ။ ကျွန်တော် နေကောင်းနေပါပြီ''

တဆက်တည်း ခေါင်းထဲ ဝင်လာသည်။ စိတ်မတိုနဲ့၊ စိတ်တိုရင် မှားတတ်တယ်။ ဒါပေမဲ့ သူတို့ ဘာကြောင့် ငါ့ကို ဝိုင်းပြီး ညှဉ်းဆဲနေကြတာလဲ။

ရာဇူမီခင်က ဝင်ထောက်သည်။

"အလကား လျှောက်ပြော နေတာ၊ ဘယ်ကလာ နေကောင်းရမှာလဲ။ မနေ့ကအထိသတိရတချက်၊ မရတချက်နဲ့ ငန်းဖမ်းနေတာ။ ပြောရင် ခင်ဗျား ယုံမှာ မဟုတ်ဘူး ပေါ်ဖီရီ။ ကောင်းကောင်းတောင် မရပ်နိုင်ဘူး။ အဲ...ကျွန် တော်တို့နှစ်ယောက်၊ ဇိုစီမော့ဗ်နဲ့၊ ကျွန်တော်နဲ့ သူ့ဆီက ပြန်လာမယ်မှ မကြံသေးဘူး။ အမယ် ကိုယ်တော်ချောက အဝတ်အစားလဲပြီး ညဉ့်နက်သန်းခေါင်အထိ ခြေပုန်းခုတ်နေသတဲ့ဗျား။ အဲဒါဟာ ကယောင်ကတမ်း လျှောက် လုပ်တာက လွဲလို့ ဘာဖြစ်နိုင်မလဲ။ ရှားတယ်ကွာ"

"မင်းပြောတာ ငန်းဖမ်းတယ် ဟုတ်လား။ ဟုတ်ရဲ့လားကွာ"

ပေါ်ဖီရီက ပြောပြီး မိန်းမတယောက် ခေါင်းယမ်းသလို ယမ်းနေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဒေါသတကြီး ထအော်သည်။

"အလကား၊ အဓိပ္ပာယ် မရှိတာတွေ။ သူပြောတာတွေ တခုမှ မယုံပါနဲ့။ ခင်ဗျား မယုံဘူး မဟုတ်လား ပေါ်ဖီရီ"

ပေါ်ဖီရီပီထရိုဗစ်ချ်က သူတို့ ပြောတာတွေ သိပ်အရေးမထား။ ရာဇူမီခင်က အတွန့် တက်သည်။

"မင်း ငန်းဖမ်းပြီး ကယောင်ကတမ်း ဖြစ်နေတာ မဟုတ်ရင် ဘာကြောင့် အပြင် ထွက်တာလဲ။ ပြောလေ၊ ဘာလို့ ထွက်တာလဲ။ မင်း အဲဒီအချိန်မှာ အသိတရားမဲ့ပြီး ကြောင်နေ လို့ပေါ့။ ခု မင်း နေကောင်းနေပြီ။ ဘာအန္တရာယ်မှ

မရှိလို့ ငါ ထုတ်ပြောတာ”

ရုပ်စ်ကိုလ်နီကော့ဗ်က ပေါ်ဖီရီဘက် လှည့်လိုက်ပြီး ထိမထင်သည့် ပမာမခန့် အပြုံးမျိုး ပြုံးလျက်။

“မနေ့က သူတို့အားလုံးကို ကျွန်တော် စိတ်ကုန်သွားတယ်ဗျာ။ သူတို့နဲ့ ဝေးရာကို သွားနေမယ် ဆိုပြီး အခန်း လိုက်ရှာတာ။ သူတို့ မတွေ့နိုင်တဲ့ နေရာမျိုးပေါ့။ ပိုက်ဆံ တထပ်ကြီး ပိုက်လို့လေ။ ဟောဒီ ဇာမယိုတော့ဗ် အသိပါ။ ကဲ… ပြောလေကွာ ဇာမယိုတော့ဗ်၊ မနေ့က သူ ပြောသလို ငါ ငန်းဖမ်းနေသလား၊ လူကောင်းလား။ မင်းပဲ ပြော”

ဇာမယိုတော့ဗ်က ရုတ်တရက် စကားမပြန်။ တုံဏှိဘာဝေ လုပ်နေသည်။ ထပြီး သူ့ကို လည်ပင်းညှစ်ချင်စိတ် ပေါက်လာသည်။ သူက ဒေါသခိုးတွေ ဝေနေသည့် မျက်လုံးများဖြင့် စိန်းစိန်းကြည့်လိုက်တော့မှ ခြောက်ကပ်ကပ်အသံဖြင့် ပြန်ပြောသည်။

“ကျွန်တော် မှတ်မိသလောက်တော့ သူ ပြောပုံဆိုပုံက လုံးဝ လူကောင်းတယောက် အတိုင်းပါပဲ။ ပိုပြီးတော့တောင် စကားလုံးတွေ ကြွယ်နေသေးတယ်။ တခုပဲ ရှိတယ်။ တခုခုကို အလိုမကျ ဖြစ်နေသလိုပဲ”

ပေါ်ဖီရီက ဖြည့်ပြောသည်။

“နီကိုဒင်ဖိုမစ်ချ် ကျွန်တော့်ကို ပြောတယ်။ အဲဒီ အသုဘအိမ်မှာ ခင်ဗျား လုပ်ပုံ ကကော ပုံမှန်ဟုတ်ရဲ့လား။ ခင်ဗျားငွေ အားလုံးကို အသုဘစရိတ် ဆိုပြီး ကျန်ရစ်သူ မုဆိုးမ ကို ပေးခဲ့တယ်ဆို။ တကယ်ဆို ခင်ဗျား ကူချင်ရင် ဆယ့်ငါးရူဘယ်မျိုး၊ နှစ်ဆယ်ရူဘယ်မျိုး ပေးခဲ့ပြီး ကိုယ့်အတွက် ခြေစောင့် လက်စောင့်တော့ ချန်ထားသင့်တာပေါ့”

“ကျွန်တော့်မှာ ရတနာသိုက်ကြီးတခု တွေ့ထားတာ ရှိချင်ရှိမှာပေါ့ဗျ။ ဒါကြောင့် အားလုံးပေးခဲ့တာပေါ့။ ကျွန်တော့်မှာ ရတနာသိုက်တခု ရှိတယ် ဆိုတာ မစ္စတာဇာမယိုတော့ဗ် သိတယ်ခင်ဗျ"

ပေါ်ဖီရီဘက် လှည့်ပြီး -

“တဆိတ် ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ။ အသေးအဖွဲ ကိစ္စကလေးနဲ့ လူကြီးမင်း ကို နာရီဝက် ဒုက္ခပေးရတာ စိတ်မကောင်းပါဘူး။ ခင်ဗျားလည်း တော်တော် စိတ်ညစ်သွား မှာပဲနော်”

“ဟာ… မဟုတ်တာ။ စိတ်မညစ်တဲ့အပြင် ကျွန်တော် ပျော်နေတာဗျ။

ခင်ဗျားဟာ တကယ်စိတ်ဝင်စားဖို့ ကောင်းသလို စကားပြောလို့လည်း ကောင်းမှကောင်း။ ခင်ဗျားတို့ ရောက်လာတဲ့အတွက် ကျွန်တော် တကယ် ပျော်ပါတယ်ဗျာ"

"ပျော်ရင်လည်း လက်ဖက်ရည်လေး ဘာလေး တိုက်ဗျာ၊ အာခေါင်ခြောက်လှပြီ"

ရာဇူမီခင် လှမ်းအော်သည်။

ပေါ်ဖီရီက -

"သိပ်ကောင်းတဲ့ အကြံပေါ့ကွာ။ မင်းတို့ မပြန်သေးရင် ငါ အဖော်ရတာပေါ့။ လက်ဖက်ရည် မသောက်ခင် ခပ်ပြင်းပြင်းလေး ချကြဦးမလား"

ရာဇူမီခင်က ထောက်ခံသည်။

"သိပ်ကောင်းပေါ့ဗျာ'

ပေါ်ဖီရီ လက်ဖက်ရည် မှာဖို့ အပြင်ထွက်သွားသည်။

ရပ်စ်ကိုလ်နီကော့ဗ်၏ ခေါင်းထဲတွင် မုန်တိုင်းထန်နေပြီ။ လုံးဝ သည်းမခံနိုင်တော့ လောက်အောင် လည်း ဖြစ်လာနေပြီ။ သူတို့က ငါ့ကိစ္စကို ပြောင်ပြောင်တင်းတင်း လုပ်နေကြပြီကော။ သူနှင့်ငါ မသိသေးခင် နီကိုဒင်ဖိုမစ်ချ်နှင့် ငါ့အကြောင်း ပြောခဲ့ကြသည်တဲ့။ သူတို့အားလုံး ငါ့နောက်လိုက်ပြီး အမဲလိုက်ခွေးတွေလို အနံ့ခံနေကြပြီပဲ။ ငါ့မျက်နှာကို ဝိုင်းပြီး တံထွေးနဲ့ ထွေးနေကြတာပဲ။ ဒေါသကြောင့် အသားတွေ ဆတ်ဆတ်တုန်လာသည်။

သူတို့ဘာလို့ကြောင်နဲ့ ကြွက် လုပ်တမ်း ကစားနေကြတာလဲ။ ဒါ လူယဉ်ကျေးတို့ရဲ့ အလုပ် မဟုတ်ဘူး။ ဒီမယ် ပေါ်ဖီရီ၊ ခင်ဗျားကို ကျွန်တော် လက်ဦးမှုရအောင် ယူပြမယ်။ ခင်ဗျားတို့ မျက်နှာတွေကို ကြည့်ပြီး ကျွန်တော် အကုန်ဖွင့်ချမယ်။ ခင်ဗျားတို့ကို ကျွန်တော် ဘယ်လောက် စက်ဆုပ်တယ် ဆိုတာ အဲဒီနည်းနဲ့ ပြမယ်။ တွေးရင်း တွေးရင်း အသက်ရှူ ကျပ်လာသည်။ အဲ... နေဦး၊ ငါ အတွေးကျွံနေတာ ဆိုရင် ဘယ့်နှယ်လုပ်မလဲ။ ငါ ထင်တာ တွေက တဖက်သတ် အတွေးတွေဆိုရင် ဘယ့်နှယ်လုပ်မလဲ။ အတွေ့အကြုံ နည်းလို့ ငါ အရေမထူတာ၊ စိတ်တိုလွယ်တာဆိုရင် ဘယ့်နှယ်လုပ်မလဲ။ သူတို့ ရိုးရိုးသားသား ပြောကြတာ ဖြစ်မှာပါ။ ဒါပေမဲ့ တခုခုတော့ တခုခုပဲ။ ဒါတော့ သေချာတယ်။ 'အဘွားကြီး" ဆိုတာမျိုး၊ 'အဲဒီနေ့က စကားပရိယာယ် ကြွယ်နေတယ်' ဆိုတာမျိုး ဘာလို့ သူတို့ ဒီလို ပြောရတာလဲ။ ပေါ်ဖီရီက ဘာလို့ မျက်ခုံးချီချီပြီး၊ နဖူးရေတွန့်တွန့်ပြီး ကြည့်ရတာလဲ။ ငါ့စိတ်ကို တမင် ချောက်ချားအောင် လုပ်နေကြတာလား။

သူတို့တတွေ သိနှင့်နေကြပြီ လား။ ဒါမှမဟုတ် ငါကပဲ ထင်ယောင်ဝိုးဝါး ဖြစ်နေတာလား။ ဇာမယိုတော့ဗ် ဟိုနေ့ညကလို မဟုတ်တော့တာ ကကော။ သူက ဂါရဝတရား ရှိတဲ့ လူငယ်ပါ။ သူ နေ့ချင်းညချင်း စိတ်ပြောင်းသွားတာလား။ ခုမှ ရောက်ဖူးတဲ့ အိမ်မှာ သူနေပုံက ကိုယ့်အိမ်ကိုယ့်ရာ ကျနေတာပဲ။ ပေါ်ဖီရီ သူ့ကို ဆက်ဆံ ပုံကလည်း ဧည့်သည်ကို ဆက်ဆံပုံမျိုး မဟုတ်ဘူး။ သေချာပါတယ်။ သူတို့ နှစ်ယောက် ခေါင်းချင်း ရိုက်ပြီးပြီ။

အခန်း ထွက်ရှာတာလို့ ပြောတော့ စုံထောက်ငနဲ ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ဟား... ဟား... မနေ့ညက အကြောင်း သူ အားလုံး သိနေတယ်။ ဒါပေမဲ့ မေမေတို့ ရောက်လာတာကို သူ မသိဘူး။

ပစ္စည်းနှစ်မျိုးကို စက္ကူနဲ့ပတ်ပြီး နာမည်နဲ့ နေ့စွဲ ရေးထားတယ်တဲ့။ အလကား ဖြီးတာ။ မယုံဘူး၊ မင်း ငါ့ကို ဘယ်တော့မှ မမိစေရဘူး။ မင်းဆီမှာ အနုမာန တံလျှပ်တွေပဲ ရှိတယ်။ အချက်အလက်၊ အထောက်အထား ဘာမှမရှိဘူး။ ငါ့ အမူအရာတွေဟာ နာမကျန်း ဖြစ်ထားတဲ့ လူတယောက်အဖြစ်နဲ့ ကိုက်ညီတယ်။ စိတ်တိုလွယ်တယ်၊ ထိလွယ် ခိုက်လွယ်တယ်။ သူက ဒါတွေကို ညှစ်ထုတ်နေတာ။ ပြီးမှ အပိုင်ကိုင်မှာ။ သူ့ဆီကိုမှ ရွေးပြီး ငါ ဘာလို့ လာခဲ့မိတာပါလိမ့်... စသည် စသည်တို့သည် သူ့ခေါင်းထဲတွင် ဆက်တိုက် လျှပ်စီးလက်နေ တော့သည်။

မကြာမတင်အတွင်း ပေါ်ဖီရီ ပြန်ရောက်လာသည်။ ပျော်နေသည့် သူ့ပုံသဏ္ဍာန် ပြန်ပေါ်လာသည်။

ရာဇူမီခင်ကို ကြည့်ပြီး ရယ်ကာမောကာ စကား ပြန်စသည်။ စောစောက လေသံမျိုး မဟုတ်တော့ပေ။

"မနေ့ညက မင့်ပွဲမှာ ငါ တော်တော် မူးသွားတယ်ကွ။ ခုထိ မူးနေတုန်းပဲ"

"တကယ့်အချိန် ရောက်မှ ကျွန်တော် လစ်ထွက်လာတာ။ ဘယ်သူ့ဘက်က နိုင်သလဲဗျ"

"ဘယ်သူမှ မနိုင်ပါဘူး။ ဒါ သဘာဝပဲလေ။ အကြောင်းအရာတွေက မီးခိုးမဆုံး မိုးမဆုံး။ အဲဒီတော့ ကောင်းကင်မှာပဲ လွင့်ပျံကျန်ခဲ့တာပေါ့"

"မင်း စဉ်းစားကြည့် ရော့ဒ်ယာ၊ သူတို့ ငြင်းကြတဲ့ အကြောင်းအရာက ရာဇဝတ်မှု ဆိုတာ ကမ္ဘာပေါ်မှာ ရှိ၊ မရှိတဲ့ဗျား။ ညက ငါ ပြောသားပဲ။ ကြက်ဥနဲ့ကြက်မ ဘယ်ကစလဲ ဆိုတဲ့ အဓိပ္ပာယ်မရှိ ဟာမျိုးကို ငြင်းနေကြလေရဲ့လို့"

"ဒါက မဆန်းပါဘူးကွာ။ ဒါက ငြင်းရိုးငြင်းစဉ် အကြောင်းအရာဟောင်းကြီးပါ" ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မပါ့တပါ

ပြန်ပြောလိုက်၏။ ပေါ်ဖီရီက ဝင်ဆွေးနွေးသည်။

“မေးခွန်း စ,လာပုံက အဲဒီလို မဟုတ်ဘူးဗျ’

“ဟုတ်တယ်ကွ ရော့ဒ်ယာ”

ရာဇူမီခင် ချက်ချင်း တက်ကြွလာပြန်သည်။

“ပေါ်ဖီရီပြောတာ ဟုတ်တယ်။ ပြီးတော့ မင်းအမြင်လည်း ပြော၊ ငါတို့ လိုချင်တယ်။ မနေ့ညက မင်းကို ငါ လည်ပင်းရှည်အောင် မျှော်နေချိန်ပေါ့။ သူတို့နဲ့ အသေအလဲ ငြင်းရင်း မင်း လာမယ့်အကြောင်းတောင် သူတို့ကို ပြောထားသေးတယ်။ မင်းအကြောင်းလည်း ငါ ပြောဖြစ်ပါတယ်။ ဇာတ်လမ်းက ဆိုရှယ်လစ် အတွေးအမြင်နဲ့ စတာကွ။ သူတို့ ရှုထောင့်က လူသိများနေတဲ့ ရှုထောင့်ပါ။ ရာဇဝတ်မှု ဆိုတာ လူနေမှုစနစ်ကြောင့် ဖြစ်ရတာ။ လူမှုရေး မညီမျှမှု တခုတည်းကြောင့် ဖြစ်ရတာ၊ အခြားအကြောင်း ဘာဆိုဘာမှ မရှိဆိုတဲ့လှေနံဓားထစ် အယူအဆ”

"ဟော... ပြောရင်း ဆိုရင်း အဓိပ္ပာယ် မရှိတာတွေ ပါလာပြန်ပြီ’

ပေါ်ဖီရီက ရယ်သွမ်းသွေးပြီး ရာဇူမီခင်ကို ပြောတော့ သူ ပိုပြီး ဒေါပွလာသည်။ “ဘာအဓိပ္ပာယ် မရှိရမှာလဲဗျ။ သူတို့ စာအုပ်တွေ၊ သူတို့ အဆိုအမိန့်တွေ ကျွန်တော် အများကြီး ပြနိုင်တယ်။ ‘ပတ်ဝန်းကျင်ရဲ့ သားကောင်' ဆိုတဲ့ စကားလုံး ဆီသည်မ လက်သုတ် ဖြစ်အောင် သုံးထားတာ။ အဲဒါ သူတို့အကြိုက်ဆုံး စကားလုံးလေ။ လူမှုရေး ညီမျှမှုရှိရင်၊ လူနေမှုစနစ် မတိမ်းစောင်းရင် ရာဇဝတ်မှုမျိုးစုံ ပျောက်ကွယ်သွားလိမ့်မယ် တဲ့။ ဘာပြု လို့လဲ ဆိုတော့ ဘာမှ မကျေနပ်စရာ မရှိတော့လို့၊ ကန့်ကွက်စရာ မရှိတော့လို့ပဲတဲ့။ လူတိုင်း အမှန်တရားပေါ်ရောက်လာကြလိမ့်မယ်တဲ့။ သူတို့က သဘာဝတရားကို ထည့်မတွက်ဘူး။ သဘာဝကို မျက်ကွယ်ပြုထားတယ်၊ မောင်းထုတ်ထားတယ်။ သဘာဝတရားကို မရှိသလို လုပ်ထားတယ်။ သူတို့က လူ့ဘဝဟာ သမိုင်းဖြစ်စဉ်ကြောင့် တိုးတက်ပြောင်းလဲလာတာ မဟုတ်ဘူးတဲ့။ သူ့ဘာသာသူ လူမှုအဖွဲ့အစည်းတခု ဖြစ်လာတာတဲ့။ မဟုတ်ဘူး၊ အဲဒါ မှားတယ်။ လူမှုအဖွဲ့အစည်းတခု ဖြစ်လာတာဟာ၊ လူနေမှုစနစ်တခု ပေါ်လာတာဟာ ဦးနှောက်ကောင်းတဲ့ မဟာလူသား တချို့ဆီက ထွက်လာတာ။ သူတို့ကြောင့် လူသားတွေ လမ်းမှန်ပေါ် ရောက်လာတာ။ သူတို့ကြောင့် ဒုစရိုက်ကင်းတဲ့ လူ့အသိုင်းအဝိုင်း ဖြစ်လာ တာ။ အဲဒီအခြေခံတရားတွေကြောင့် သူတို့က သမိုင်းကို မုန်းတာ။ သူတို့က ပြောတယ်။ သမိုင်း ဆိုတာ မိုက်မဲမှုတွေ၊ အံ့ကြွမှုတွေနဲ့ ပြည့်နှက်နေတာတဲ့။ မိုက်မဲမှုတခုတည်းနဲ့ ဒါတွေကို ရှင်းပြလို့ ရပါတယ်တဲ့။ ဒါကြောင့် သူတို့က ဘဝဖြစ်တည် ပြောင်းလဲမှုကို မုန်းကြတယ်။ ရှင်သန်နေတဲ့

ဝိညာဉ်မလိုဘူးတဲ့။ ရှင်သန်နေတဲ့ ဝိညာဉ်က ဘဝကို တောင်းဆိုတယ် တဲ့။ ရှင်သန်နေတဲ့ ဝိညာဉ်က ထပ်တလဲလဲဖြစ်တဲ့ ဥပဒေသကို လက်မခံဘူးတဲ့။ ရှင်သန်နေ တဲ့ ဝိညာဉ်ဟာ အမြဲ သံသယ၊ သံသရာမှာ လည်နေတယ်တဲ့။ ရှင်သန်နေတဲ့ ဝိညာဉ်ဟာ ခေတ်နောက်ပြန် ဆွဲနေတယ်တဲ့။ ဒါတွေ ဒါတွေဟာ ကြက်ပေါင်စေးနဲ့ လုပ်ထားတာတွေ ဖြစ်တဲ့ တိုင်အောင် အပုပ်နံ့ထွက်နေတယ်။ ဒါပေမဲ့ အသက် မရှိဘူး။ ဒါတွေ ဒါတွေမှာ ကိုယ်ပိုင် ဆန္ဒ မရှိဘူး။ ဒါကြောင့် သူတို့ ဘယ်တော့မှ ထကြွပုန်ကန်မှာ မဟုတ်ဘူး။ သဘာဝကို တက္ကဗေဒ နည်းတမျိုးတည်းနဲ့ ကျော်လွှားလို့ မရဘူး။ တက္ကဗေဒဟာ အဆင့် သုံးဆင့်နဲ့ပဲ ရှေ့ကို မျှော်ကြည့်ရမယ်။ ဒါပေမဲ့ မျှော်ကြည့်စရာ သန်းနဲ့ချီ ရှိတယ်။ အဲဒါအားလုံးကို လျှော့ချပစ်ပြီး သက်သောင့်သက်သာ ရှိတဲ့ မေးခွန်းတခုတည်း ချန်ထား။ အဲဒါ အရိုးဆုံး အရှင်းဆုံးပဲ။ အလှဆုံးလည်း ဖြစ်တယ်။ ဘာမှ စဉ်းစားစရာ မလိုဘူး။ ဘာဆိုဘာမှ စဉ်းစားစရာ မလိုဘူး။ ဘဝပြဿနာအားလုံး စာမျက်နှာ နှစ်မျက်နှာလောက်နဲ့ ရှင်းသွားနိုင်တယ်'

"သွားပြန်ပြီ။ သူ လွတ်ထွက်သွားပြန်ပြီ။ အလကား တောရမ်းပယ်ဖွဲ့တွေ။ ဘာတွေ မှန်းလည်း မသိဘူး။ သူ့ကို ဝိုင်းချုပ်ပြီး ကြိုးနဲ့တုပ်ထားမှ ဖြစ်မယ်ဟေ့"

ပေါ်ဖိရီက အော်ရယ်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်၍ ဆက်ပြောသည်။ "စဉ်းစားသာ ကြည့်တော့ဗျာ။ မနေ့ညကလေ အခန်းကျဉ်းကလေးထဲမှာ လူခြောက်ယောက်၊ အရက်စုံတွေ အဝအပြဲသောက်ပြီး ဆူညံနေတာပဲ။ ဒီမယ် ရာဇူမီခင်၊ မသေမချင်း မှတ်ထား၊ ရာဇဝတ်မှုဆိုတာ ပတ်ဝန်းကျင်ကြောင့် ဖြစ်ရတာ''

"အဲဒါတော့ သိတာပေါ့ဗျ။ ဒီမယ်... ကျွန်တော် တခု ပြောပြမယ်။ အသက်လေးဆယ်အရွယ် လူတယောက်က ဆယ်နှစ်သမီးလေးကို မတရားကျင့်တယ်။ အဲဒါ ပတ်ဝန်းကျင် လှုံ့ဆော်မှုကြောင့်လား"

"ဒါပေါ့၊ ပတ်ဝန်းကျင်ကြောင့် အများဆုံးပါတာပေါ့။ ဒါကို လွယ်လွယ်လေးနဲ့ ရှင်းပြလို့ ရပါတယ်"

ပေါ်ဖိရီက အခိုင်အမာ ဆိုသည်။

ရာဇူမီခင်တယောက် ဒေါသအမျက် ခြောင်းခြောင်းထွက်လေပြီ။ အသံအောကြီး ဖြင့် အော်ပြောတော့၏။

"ကောင်းပြီ။ ယုတ္တိဗေဒကျကျ ခင်ဗျားကို ကျွန်တော် တချက်တည်း သက်သေ ပြမယ်။ ခင်ဗျား မျက်တောင်မွေးတွေ ဖြူနေရတဲ့ အခြေခံအကြောင်းတရားဟာ **မဟာအိဗန် ဘုရင်ကြီး**[30] ပေပေါင်း နှစ်ရာ့ငါးဆယ်

မြင့်နေလို့ပဲ။ အဲဒါကို လိုရင်း တိုရှင်း သက်သေပြနိုင်တယ်။ တိုးတက်တဲ့ အယူအဆနဲ့ ပြမှာနော်။ လစ်ဘရယ်အမြင်နဲ့လည်း ပြလို့ရတယ်။ ကဲ... လောင်းမလား”

“ကြိုက်ပြီ၊ လောင်းမယ်။ ကဲ... သူ့သက်သေပြချက်ကို နားထောင်ကြရအောင်”

ရာဇူမီခင်က ခုန်ထပြီး လက်ဝှေ့ပြရင်း -

“မင်း ယုံလား၊ သူ သက်သက် ငါ့ကို နောက်နေတာ။ သူ့မျက်လုံးတွေကို ကြည့်ပါ လား။ တော်ပြီ၊ သူနဲ့ ငါ စကားမပြောတော့ဘူး။ လေကုန်တယ်။ ရော့ဒ်ယာ၊ မင်း သူ့အကြောင်း မသိလို့။ သူ တမင် လုပ်နေတာကွ။ မနေ့ကလည်း ကြည့်လေ၊ ငါ့ဘက်မလိုက်ဘဲ ဟိုအုပ်စုဘက်က ဝင်ပြင်းပေးတယ်ဗျား၊ဘယ်လောက်များလဲလို့။ လူတိုင်းကို သူ အရူးလုပ်နေတာကွ။ ဟိုလူတွေကတော့ သူ့ကို သဘောကျလို့ပေါ့။ သူက အဲဒီလို တခါလုပ်ပြီးရင် နှစ်ပတ်လောက် ပျော်နေတာ။ မနှစ်က လုပ်ပုံကို ကြည့်လေ။ ဘာမပြော ညာမပြောနဲ့ သူ ခင်ကြီး လုပ်တော့ မယ်တဲ့။ ဘာကြောင့်မှန်းလည်း မသိဘူး။ ခင်ကြီးကျောင်းမှာ နှစ်လလောက် သွားနေပြီး ပြန်ရောက်လာတယ်။ မိန်းမယူတော့မယ်တဲ့။ မင်္ဂလာဆောင်အတွက် အားလုံး ပြင်ဆင်ကြ ရတာပေါ့။ မင်္ဂလာဝတ်စုံသစ်တွေ ဘာတွေလည်း ချုပ်ပြီးပြီ။ တမျိုးလုံးက ဝိုင်းပြီး ကောင်းချီး ပေးကြတာပေါ့။ ပြီးမှ သတို့သမီး မရှိသေးဘူးတဲ့။ လုပ်ပုံ၊ လုပ်ပုံ၊ အဲဒီလို စိတ်ကူးတည့်ရာ လျှောက်လုပ်တာ”

“သူ အလကား လျှောက်ပြောနေတာ။ ဝတ်စုံသစ် အရင်ချုပ်တာပါ။ ချုပ်ပြီးမှ သူတို့ကို နောက်ဖို့ စိတ်ကူးရတာဗျ”

“ခင်ဗျားဟာ တကယ့်ဂျိုကာပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က မှတ်ချက်ချသည်။

“ခင်ဗျား အဲဒီလို မထင်ဘူး မဟုတ်လား။ ဒါပေမဲ့ ခင်ဗျားကိုလည်း ချမ်းသာပေးလို့ မဖြစ်ဘူး။ နောက်ရဦးမှာပဲ။ တကယ်ပြောတာ။ ဟဲ ဟဲ၊ ကျွန်တော် အမှန်အတိုင်း ပြောမယ်။ ဒီပြဿနာတွေနဲ့ ပတ်သက်လို့ ပတ်ဝန်းကျင်တို့၊ ရာဇဝတ်မှုတို့၊ ဆယ်နှစ်သမီးလေးကိစ္စ တို့ကို ပြောတာပါ။ ခင်ဗျားရဲ့ ‘ရာဇဝတ်မှုနဲ့ ပတ်သက်၍' ဆိုလား၊ ဘာဆိုလား၊ ဆောင်းပါး ကလေး ကျွန်တော် ဖတ်ရတယ်။ ခေါင်းစဉ် သိပ်မမှတ်မိတော့ဘူး။ ‘အပတ်စဉ်ရီဗျူး' မှာ လွန်ခဲ့တဲ့ နှစ်လလောက်က ဖတ်ရတာ"

“ဗျာ၊ ကျွန်တော့်ဆောင်းပါး၊ ဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ်က တအံ့တသြ ပြန်မေးသည်။

“လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်တော် ရေးခဲ့တာပါ။ ကျောင်းက ထွက်လာစ ပေါ့။ စာအုပ် တအုပ်ကို ဖတ်ပြီး ရေးဖြစ်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော် ပို့တာက အပတ်စဉ် မဟုတ်ဘူး၊ ရီဗျူးလစဉ်ကို ပို့ခဲ့တာ”

“ဒါပေမဲ့ အပတ်စဉ်မှာ ပါလာတာ’’

“ဪ... ဟုတ်ပြီ။ လစဉ် ရပ်သွားတယ် မဟုတ်လား”

“ဒီလိုဗျ၊ အပတ်စဉ်နဲ့ လစဉ် ပေါင်းလိုက်တာ။ ဂျာနယ်ကနေ မဂ္ဂဇင်း ဖြစ်သွားတာ။ ခင်ဗျား ဆောင်းပါး ပါတာ မသိဘူးပေါ့၊ ဟုတ်လား”

ရပ်စ်ကိုလ်နီကော့ဗ် တကယ် မသိပါ။ ပေါ်ဖီရီ ဆက်ပြောသည်။

“ခင်ဗျားလည်း လူထူးလူဆန်းပဲ။ ပိုက်ဆံရမယ့် ကိစ္စကို မသိဘူးရယ်လို့ပဲ။ အပြင် လောကနဲ့ တော်တော် အဆက်ပြတ်တာပဲ။ ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ ကိစ္စမျိုးတောင် မသိဘူးနော်”

ရာဇူမီခင် ဝမ်းသာအားရ ထအော်သည်။

“ဘရာဗို ရော့ဒ်ယာ၊ ဘရာဗို။ ကျွန်တော်လည်း မသိဘူးဗျ။ အပြန်မှာ စာကြည့်ခန်း ဝင်ပြီး အဲဒီမဂ္ဂဇင်း ရှာဖတ်မယ်။ လွန်ခဲ့တဲ့ နှစ်လက ဟုတ်လား၊ မင်း သုံးဖို့စွဲဖို့ ရတာပေါ့ကွ။ သူ ကျွန်တော့်ကိုလည်း မပြောဘူးဗျ”

“ဒါထက် နေပါဦး။ ကျွန်တော် လက်မှတ်တိုပဲ ထိုးပေးလိုက်တာ။ ကျွန်တော့် ဆောင်းပါးမှန်း ခင်ဗျား ဘယ်လို သိတာလဲ”

“အဲဒါကတော့ တိုက်ဆိုင်မှုပါ။ အယ်ဒီတာက ကျွန်တော့်အသိ ဖြစ်နေတယ်လေ။ ကျွန်တော် စိတ်ဝင်စားပါတယ်။ အရမ်းစိတ်ဝင်စားတာ"

“ကျွန်တော် မှတ်မိသလောက်ဘော့ ရာဇဝတ်မှုခင်းတခုရဲ့ အခင်းအကျင်းကို စိတ္တဗေဒသဘောနဲ့ ခွဲခြမ်းစိတ်ဖြာ ကြည့်ထားတာပါ”

“ဟုတ်တယ်။ ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေဟာ ကျန်းမာရေး ချို့ယွင်းတဲ့ လူတွေ ဖြစ်တာကိုအမြဲတမ်း တွေ့ရတဲ့အကြောင်း ခင်ဗျား ဆွေးနွေးထားတယ်။ တပုဒ်လုံးကို ကျွန်တော် စိတ်ဝင်စားတာတော့ မဟုတ်ဘူး။ နိဂုံးပိုင်းကို ကြိုက်တာ။ ဒါပေမဲ့ ခင်ဗျားက ခပ်ဝါးဝါးပဲ ထောက်ပြသွားတယ်။ အချုပ်ပြောရရင် ခင်ဗျားက ကမ္ဘာမှာ လူတချို့ ရှိတဲ့အကြောင်း၊ ခင်ဗျား မှတ်မိမလား မသိဘူး။ အဲဒီလူမျိုးတွေမှာ လုပ်ပိုင်ခွင့်တွေ အမျိုးမျိုး ရှိနေရုံမက ဥပဒေရဲ့ အပေါ်မှာ ရှိနေပြီး လုပ်ချင်ရာ လုပ်ခွင့်ရနေတဲ့ အကြောင်း၊ အဲဒီအထဲမှာ ရာဇဝတ်မှုပင် ပါဝင် နေကြောင်းတွေ ခင်ဗျား ရေးထားတယ်”

ရပ်စ်ကိုလ်နီကော့ဗ် ပြုံးလိုက်သည်။ သူ့ အတွေးအမြင်ကို ပုံကြီးချဲ့ပြီး ရုပ်ပျက်အောင် သူ ပြောနေတာပါလား။

ရာဇူမီခင်က အထိတ်တလန့် ဝင်ပြီး မေးခွန်းထုတ်သည်။

"ဘယ်လို ဘယ်လို၊ ရာဇဝတ်မှု ကျူးလွန်ခွင့် ရှိတယ်၊ ဟုတ်လား။ ပတ်ဝန်းကျင်ရဲ့ စေ့ဆော်မှု မပါဘဲပေါ့၊ ဟုတ်လား"

ပေါ်ဖီရီက ဝင်ရှင်းသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး။ သူ့ဆောင်းပါးက လူတွေမှာ အုပ်စု နှစ်ခု ခွဲထားပြီးသားတဲ့။ တစုက သာမန်လူတွေ၊ နောက်တစုက သာမန်အထက်က လူတွေ တဲ့။ သာမန်လူတွေက ဥပဒေ ချိုးဖောက်ခွင့် မရှိဘူး။ ဥပဒေစိုးမိုးမှုအောက်မှာ ငြိမ်ငြိမ်ကလေး နေကြရတယ်။ ဘာပြုလို့လဲဆိုတော့ သူတို့က ရိုးရိုးသာမန်လူတွေကိုး။ သာမန်အထက်က လူတွေကျတော့ နည်းမျိုးစုံနဲ့ ရာဇဝတ်မှု ကျူးလွန်ခွင့်တွေ၊ ဥပဒေ ချိုးဖောက်ခွင့်တွေ ရှိနေတယ်။ ဘာပြုလို့လဲဆိုတော့ သူတို့က သာမန်လူတွေ မဟုတ်ဘူး။ သာမန်အထက်က လူတွေ ဖြစ်နေလို့ပဲ။ အဲဒီအတိုင်း မဟုတ်လား။ ကျွန်တော် အမှတ်မမှားဘူး ထင်ပါတယ်"

ရာဇူမီခင်က စိတ်ရှုပ်သွားပုံဖြင့်-

"ဟာ... ဒါလည်း မဟုတ်သေးပါဘူး။ မဖြစ်နိုင်တာပဲ"

ရပ်စ်ကိုလ်နီကော့ဗ် ပြုံးလိုက်ပြန်သည်။

သူ့အား ဘယ်ကို ဆွဲခေါ်နေကြောင်း သဘောပေါက်လိုက်သည်။ တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်လိုက်၏။

"ကျွန်တော့် ဆိုလိုရင်းနဲ့တော့ ကွာနေတယ်ဗျ"

သူ ခပ်အေးအေး စကားစသည်။

"ခြုံပြောရရင်တော့ ခင်ဗျား ပြောတာ ပြည့်စုံပါတယ်။ နည်းနည်းကွာသွားတာက သာမန်အထက်က လူတွေက ဥပဒေရဲ့ အထက်မှာ ရှိနေပြီး ရာဇဝတ်မှုတောင် ကျူးလွန်နိုင် တယ်လို့ ကျွန်တော့်ဆောင်းပါးထဲမှာ အားပေးအားမြှောက် လုပ်မထားပါဘူး။ ဒါတောင် ကျွန်တော့် ဆောင်းပါး အပယ်ခံရမယ် ထင်ခဲ့တာ။ ကျွန်တော် ပြောတာက ဒီလိုပါ။ သာမန် အထက် လူတန်းစားမှာ အခွင့်အရေး ရှိနေတယ်။ တရားဥပဒေက ပေးထားတဲ့ အခွင့်အရေး မဟုတ်ဘူး။ သူတို့ဘာသာ သူတို့ ပြဋ္ဌာန်းထားတဲ့ အခွင့်အရေး။ သူတို့

ဆင်ခြင်တုံတရားက အခက်အခဲ တခုခုကို ကျော်လွှားဖို့ သူတို့ဘာသာ သူတို့ သတ်မှတ်ထားတဲ့ အခွင့်အရေး။ ဒါမှ သူ ဖြစ်စေချင်တာကို အကောင်အထည် ဖော်နိုင်မှာကိုး။ လူသတ္တဝါအားလုံးကို ကယ်တင်ဖို့ ဖြစ်ချင်ဖြစ်မယ်။ တောင်းဆိုဖို့ ဖြစ်ချင် ဖြစ်မယ်။ ခင်ဗျားမှာ ကျွန်တော့်ဆောင်းပါး မရှင်းဘူးလို့ ဝေဖန်ခွင့် ရှိပါတယ်။ ကျွန်တော် တတ်နိုင်သမျှ ရှင်းပြပါ့မယ်။ ခင်ဗျားလည်း အဲဒီအတိုင်း မျှော်လင့်ထားမယ် ထင်ပါတယ်။ ကျွန်တော့်အမြင် ပြောပါ့မယ်။

နယူတန်တို့၊ ကက်ပလာတို့ရဲ့ ရှာဖွေတွေ့ရှိမှုတွေဟာ အခြေအနေ အထွေထွေ အရပ်ရပ် ပေါင်းစပ်ပြီး ရရှိလာတာ။ ဒါပေမဲ့ လူတွေ သိအောင် လုပ်ဖို့ အသက်တွေ သေကျေ ပျက်စီးခဲ့ကြရတယ်။ နယူတန်ရဲ့လမ်းကို ဖျက်လိုဖျက်ဆီး လုပ်တဲ့လူတွေ၊ အနှောင့်အယှက် ပေးတဲ့လူတွေရှိလာရင် အဲဒီလူတွေကို ရှင်းပစ်ဖို့သူ့မှာ အခွင့်အရေး ရှိတယ်။ အဲဒီလိုမဟုတ်ရင် နယူတန်မှာ အဲဒီလို လုပ်ခွင့် မရှိဘူး။ သူ ကြိုက်တဲ့လူကို သတ်ခွင့် မရှိဘူး။ ကျွန်တော် မှတ်မိသလောက် ကျွန်တော့်ဆောင်းပါးထဲမှာ အရှင်းကြီး ရေးထားပါတယ်။ လူ့လောက အတွက် ဥပဒေပြုသူတွေ၊ တည်ဆောက်သူတွေ၊ ဟိုရှေးရှေးကတည်းက ခုချိန်ထိ လက်ဆင့် ကမ်းလာကြတဲ့ **လိုက်ကားဂတ်စ်**[31] တို့လိုလူတွေ၊ ဆိုလွန်းတို့လို လူတွေ၊ မိုဟာမက်နဲ့ နပိုလီယမ်လိုလူတွေ၊ သူတို့တွေဟာ တစုံတယောက်အတွက် ရာဇဝတ်သားတွေပဲ။ ဥပဒေ အသစ်တခု ပြုတိုင်း အဟောင်းကို ဖျက်ဆီးပစ်တာ တခုတည်းနဲ့ပဲ ရာဇဝတ်မှု မြောက် နေပြီ။ ဘိုးဘွားတွေ လက်ထက်က ဦးထိပ်ထားခဲ့တဲ့ ဥပဒေတွေကို ဖျက်ဆီး အစားထိုးတိုင်း ပြည်သူ့သွေးတွေ မြစ်ချောင်းလျှံခဲ့တယ်။ တပြိုင်တည်းမှာ ပြည်သူတို့ရဲ့ ကျေးဇူးရှင်တွေ၊ တိုင်းပြည်ခေါင်းဆောင်တွေဟာလည်း လူသတ်သမားတွေ အဖြစ်နဲ့တောင် သမိုင်းတင်ခံခဲ့ ကြရတယ်။

“တိုတိုပြောမယ်၊ ကျွန်တော် သေသေချာချာ ပြောရဲတယ်။ သူတို့လောက် မကြီး ကျယ်တဲ့ လူတွေ၊ ထူးထူးခြားခြား ပြောတတ်တဲ့လူတွေလည်း အနည်းနဲ့အများ ရာဇဝတ်မှု ကျူးလွန်တတ်ကြတာပဲ။ ဒါက မဆန်းပါဘူး။ စာအုပ်တွေလည်း အများကြီး ထွက်ပြီးပြီ။ လူတွေလည်း အထပ်ထပ် အခါခါ ဖတ်ပြီးပြီ။ လူတွေကို သာမန်နဲ့ သာမန်အထက် အုပ်စုခွဲတဲ့ ကိစ္စနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော် အလျဉ်းသင့်သလို ပြော လိုက်တာပါ။ တိတိကျကျခွဲဖို့ ကျွန်တော် မဆိုလိုပါဘူး။ ကျွန်တော် အဓိက ပြောချင်တဲ့ ဆိုလို ရင်းက ပင်ကိုသဘာဝကိုယ်တိုင်က လူတွေကိုအုပ်စုခွဲထားပေးပြီးသား ဖြစ်တယ် ဆိုတဲ့ အချက် ပါပဲ။သာမန်အောက်တန်းစားဆိုတာရိုးရိုးလူတွေ။ဘယ်လိုပြောရမလဲ။ လက်လုပ်လက်စား တွေပေါ့။ သူ့ လူတန်းစားအတွက်ပဲ အလုပ်လုပ်တဲ့ လူတွေပေါ့။ အဲ … သာမန်အထက် လူတွေ ကတော့ ပါရမီရှင်တွေ၊ အတွေးအခေါ် မြင့်တဲ့လူတွေ။ သူတို့ ပတ်ဝန်းကျင်အတွက် တီထွင် ဆန်းသစ်တတ်သူတွေပေါ့။ ထပ်ခွဲရင်တော့ အုပ်စုတွေ အများကြီး ထွက်လာမယ်လေ။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ အုပ်စုနှစ်စုက

ခွဲရတာ ရှင်းတယ်။

ပထမအုပ်စု ဖြစ်တဲ့ သာမန်တွေက သူ့သဘာဝအရ ရှေးရိုးဆန်တယ်၊ အေးဆေး တယ်၊ တင်းတိမ် ရောင့်ရဲတယ်၊ ဥပဒေကို လိုက်နာတယ်။ အဲဒီလိုနေရတဲ့အတွက် သူတို့ မသိမ်ငယ်ဘူး။ ဒုတိယအုပ်စု ဖြစ်တဲ့ သာမန်အထက်က လူတွေကတော့ ဥပဒေကို ချိုးဖောက် ကြတယ်။ ချိုးဖောက်တဲ့ အတိုင်းအတာကတော့ သူတို့ရဲ့ အရည်အချင်းအလိုက် ကွဲပြားကြ မှာပေါ့လေ။ သူတို့ရဲ့ ကျူးလွန်မှုတွေဟာ အတိုင်းအဆ မရှိလောက်အောင် ကြီးမားတယ်။ သူတို့ အကြောင်းပြချက်က ပစ္စုပ္ပန်ကို ဖျက်ဆီးပြီး ပိုကောင်းတဲ့ အနာဂတ် တည်ဆောက်ဖို့တဲ့။ အဲဒီအတွက် သူတို့ဟာ အလောင်းတွေပေါ်ကို ခွကျော်ဖို့၊ သွေးအိုင်တွေကို ဖြတ်ကျော် ဖို့ ဝန်မလေးကြဘူး။ သူတို့လုပ်ရပ် ဘယ်လောက်ကောင်းတယ် ဆိုတဲ့အပေါ်မှာ၊ လောက ကောင်းကျိုးအတွက် ဘယ်လောက် ထိရောက်တယ် ဆိုတဲ့အပေါ် မူတည်ပြီး သူတို့ကို ခွင့်လွှတ်ကြရမယ်လို့ ကျွန်တော် ဆိုလိုတာပါ။ ကျွန်တော့် ဆောင်းပါးမှာ ပါတဲ့ ရာဇဝတ်မှု ကျူးလွန်ခွင့် ဆိုတာ ဒါကို ပြောတာပါ။

"ဒါပေမဲ့ သိပ် အထိတ်တလန့် ဖြစ်စရာ မဟုတ်ပါဘူး။ လူအများစုက အဲဒီလူတွေ မှာ အဲဒီလို အခွင့်အရေးမျိုး ရှိတယ် ဆိုတာ အခါခပ်သိမ်း လက်မခံပါဘူး။ အဲဒီလို လူလွန်မသား တွေကို လူပုံအလယ်မှာ ကြိုးပေးသတ်တဲ့ အဖြစ်တွေ အပုံကြီး ရှိခဲ့ပါတယ်။ သာမန်တွေ ဟာ ပစ္စုပ္ပန်ကို ဦးဆောင်သူတွေ ဖြစ်ပြီး သာမန်အထက်က လူတွေကတော့ အနာဂတ်ကို ဦးဆောင်မယ့် လူတွေ ဖြစ်တယ်။ သာမန်တွေက ကမ္ဘာကြီးကို လက်ရှိအနေအထားအတိုင်း ထိန်းထားပြီး အရေအတွက်အားဖြင့် တိုးပွားအောင် လုပ်တယ်။ သာမန်အထက်က လူတွေ ကတော့ ကမ္ဘာကြီးကို ပန်းတိုင်ရောက်အောင် ဦးဆောင်တယ်။ အဲဒီအုပ်စု နှစ်ခုစလုံးဟာ ရပ်တည်ခွင့် ရှိတယ်။ တန်းတူ အခွင့်အရေး ရှိတယ်။ **ဂျေရုဆလင်**32 မြို့သစ်ကို ရောက်တဲ့ ထိပေါ့"

"ခင်ဗျား ဂျေရုဆလင်မြို့သစ် ဆိုတာကို ယုံတုန်းလား"

"ယုံတယ်လေ"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့တရားရှည်ကြီး ဟောပြီး သွား၍ ကော်ဇောမှ ပန်းပွင့် တပွင့်ကို ငုံ့ကြည့်ရင်း ဖြေသည်။

"ဒါဆို… ဒါဆို… ခင်ဗျား ဘုရားသခင်ကိုလည်း ယုံတယ်ပေါ့။ ကျွန်တော် အမေးအမြန်း ထူနေတာ စိတ်မရှိနဲ့နော်"

ရပ်စ်ကိုလ်နီကော့ဗ်က ပေါ်ဖီရီကို မော့ကြည့်ပြီး-

“ကျွန်တော် ယုံတယ်”

“လာဇရုပ်စ် ပြန်ရှင်လာတာကော ခင်ဗျား ယုံလား”

“ယုံ… တယ်၊ ဘာဖြစ်လို့ ခင်ဗျား အဲဒါတွေ မေးနေတာလဲ”

"ခင်ဗျား အကြွင်းမဲ့ ယုံတာလား"

“အကြွင်းမဲ့ ယုံတယ်”

“ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ။ နည်းနည်းလေး ကျန် နေလို့။ အားလုံးတော့ ပြစ်ဒဏ်ကျ မခံရဘူးနော်။ တချို့ဆိုရင် …”

“ဘဝတလျှောက်လုံး ပန်းပန်လျက်ပဲ။ ဟုတ်တယ်၊ တသက်လုံး ကောင်းစား သွားတယ်။ ပြီးတော့မှ..”

“ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်တယ်ပေါ့”

“တော်တော်များများ အဲဒီအတိုင်း ဖြစ်တယ်။ ခင်ဗျား လေ့လာအား သိပ်ကောင်း တယ်လို့ ပြောရမယ်။ တော်တော် ထက်မြက်ပါပေတယ်"

“ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော့်ကို တခု ရှင်းပြပါဦး။ သာမန်နဲ့ သာမန် အထက်အုပ်စုကို ဘယ်လို ခွဲခြားမလဲ။ မွေးရာပါ ခြားနားလာတာလား၊ ဒါမှမဟုတ် ဘာပေါ် မှာ မူတည်သတ်မှတ်မလဲ။ သူတို့ကို အဝတ်အစားနဲ့ ခွဲခြားသတ်မှတ်မလား၊ ဒါမှမဟုတ် တံဆိပ်တမျိုးမျိုး ရိုက်ပြီး ခွဲခြားထားမလား။ မဟုတ်ရင် အုတ်ရောရောာ၊ ကျောက်ရောရော ဖြစ်မကုန်နိုင်ဘူးလား။ အဲဒီမှာ ခင်ဗျား ပြောသလို အနှောင့်အယှက်၊ အတားအဆီးတွေကို ရှင်းပစ်တဲ့အခါ အဲဒီမှာ ပြဿနာ …”

“ဖြစ်တာပေါ့၊ အဲဒါမျိုးတွေ အမြဲရှိနေတာပဲ။ ခင်ဗျား တွေးပုံက စောစောကထက် ပိုပြီး မြင့်လာတယ်”

“ကျေးဇူးပါပဲဗျာ”

“ရပါတယ်။ ဒါပေမဲ့ တခုတော့ သတိထားရမယ်။ အမှားအယွင်းဟာ သာမန် တွေသာ အဖြစ်များတယ်။ သူတို့က အသိဉာဏ် မမြင့်တဲ့ လူတွေကိုး။ ကျိုးနွံလိုက်နာတဲ့ လူမျိုးတွေ ဖြစ်လို့ ရိုးလွန်းတော့ အ,ကုန်တာပေါ့။ အဲဒီအခါ သူတို့ကို သူတို့ သာမန်အထက် လူတွေလို့ ထင်တတ်ကြတယ်။ ဒါကလည်း သဘာဝပဲလေ။ ဒါ သိပ်စိတ်ပူစရာ မရှိပါဘူး။ သူတို့တွေ သိပ်ပြီး အန္တရာယ်ဖြစ်တဲ့အဆင့် မရောက်ကြပါဘူး။ လွတ်သွားတဲ့လူကို ထိန်းတဲ့လူ ရှိစမြဲပါ။ ဒါလောက်ပါပဲ။ တကယ်က ထိန်းဖို့တောင် မလိုပါဘူး။ သူတို့ဟာ

ကိုယ်ကျင့်သိက္ခာရှိတဲ့ လူတွေမို့ပဲ။ ဒီကိစ္စကလေးလောက်ကို လူတချို့က စောင်မကြည့်ရှု သွားကြတာပါပဲ။ ကျန်တဲ့လူတွေက လက်ပိုက်ကြည့် မနေကြပါဘူး။ လူပုံအလယ်မှာ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးတဲ့ အဖြစ်မျိုးတွေလည်း ရှိတယ်။ အဲဒီလုပ်ရပ်ဟာ သိပ်အဆင့် မြင့်တယ်။ ဒါကြောင့် သိပ်စိတ်ပူစရာ မလိုဘူးလို့ ကျွန်တော် ပြောတာ။ အဲဒီလို ဥပဒေမျိုး တွေက ရှိပြီးသားပါ"

"ဟုတ်ကဲ့၊ ကျွန်တော် တော်တော်လေး ဘဝင်ကျသွားပါပြီ။ ဒါပေမဲ့ တခုလေး ဆွေးနွေးပေးပါဦး။ အဲဒီ သာမန်အထက် လူတွေက လူသတ်ခွင့် ရှိတယ်လို့ ဆိုတယ်နော်။ သူတို့က လူသားမျိုးနွယ်အတွက် ကျေးဇူးရှင်တွေ ဖြစ်လို့ပေါ့နော်။ ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့ အဲဒီလို လူမျိုးတွေ သိပ်များလာရင် ကိုယ်ကျိုးနည်း မကုန်နိုင်ဘူးလား"

"အဲ .. အဲဒီကိစ္စလည်း သိပ်မပူပါနဲ့"

ရပ်စ်ကိုလ်နီကော့ဗ်က စောစောက လေသံအတိုင်း ဆက်ပြောသည်။

"အတွေးသစ်၊ အမြင်သစ်နဲ့ ဆန်းသစ်တီထွင်နိုင်တဲ့ ခေတ်ပြောင်း တော်လှန်ရေး သမား ဆိုတာ အမေတိုင်းက အခါခပ်သိမ်း မွေးပေးနိုင်တာ မဟုတ်ပါဘူး။ သိပ်နည်းပါတယ်။ သိပ်ရှားပါတယ်။ ပြီးတော့ တခုရှင်းနေတာ ရှိပါသေးတယ်။ လူတွေ အုပ်စုခွဲတာနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ အမြင်ဟာ သဘာဝဥပဒေသပေါ်မှာ အခြေခံပါတယ်။ အဲဒီဥပဒေကို ဆုပ်ဆုပ်ကိုင်ကိုင် မပြနိုင်သေးပါဘူး။ လူတွေ မသိကြသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် ယုံတယ်။ တနေ့မှာ ပေါ်လာလိမ့်မယ်။ လူတွေ သိလာကြလိမ့်မယ်။

"ကမ္ဘာကြီးထဲမှာ ရှိနေတဲ့ မရေမတွက်နိုင်တဲ့ လူတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေဟာ ထူးခြား ဆန်းကြယ်တဲ့ အပြောင်းအလဲ တမျိုးမျိုးကြောင့် ဖြစ်ဖြစ်၊ မျိုးဆက်သွေး ကူးလူး ပြန့်ပွားမှုကြောင့်ဖြစ်ဖြစ် နောက်ဆုံးမှာ တထောင် တယောက် ဆိုသလို၊ ဒါမှမဟုတ် တသောင်းမှာ တယောက်ဆိုသလို လွတ်လွတ်လပ်လပ် တွေးတောတတ်တဲ့ တွေးခေါ်ရှင်၊ ဖောက်ထွက် တွေးတတ်တဲ့ ကျော်စွာ တယောက်တလေ မွေးဖွားလာနိုင်တယ်။ ကျွန်တော် အကြမ်းဖျင်း ပြောတာနော်။ တသိန်းမှာ တယောက်လည်း ဖြစ်ချင် ဖြစ်မှာပေါ့။ တကယ့် မဟာလူသားမျိုး ဆိုရင်တော့ တသိန်းမှာ တယောက်တောင် ပေါ်ချင်မှ ပေါ်မှာ။ လောက ကောင်းကျိုးကို သယ်ပိုးမယ့် လူမျိုး ပြောတာနော်။ တကမ္ဘာလုံးမှာ လူသန်းပေါင်း ကုဋေကုဋာ သေလိုက်၊ မွေးလိုက်နဲ့ နှစ်ပေါင်းရာချီ ကြာမှ ပေါ်ချင်ပေါ်မှာ။ အဲဒါတွေ ဖြစ်ပျက်နေတဲ့ ပေါင်းအိုးထဲကို မှန်းကြည့်ပြီး ကျွန်တော် ရမ်းတုတ်နေတာ မဟုတ်ဘူး။ တနေ့မှာ မလွဲမသွေ ဧကန်ဧက ဒိဋ္ဌဓမ္မတွေကို ပြောနေတာ"

နောက်ဆုံးတွင် ရာဇူမီခင် သည်းမခံနိုင်တော့ဘဲ ထအော်တော့သည်။

"မင်းတို့ဟာတွေက ဘာတွေလဲကွာ။ နောက်နေကြတာလား။ တယောက် ဦးနှောက် တယောက် ပုပ်သိုးအောင် လုပ်နေကြတာလား။ ဒါမှမဟုတ် အပျော်တမ်း စီးချင်းထိုးနေ တာလား။ မင်း တကယ် အလေးအနက် ပြောနေတာလား ရှော့ဒ်ယာ"

ရပ်စ်ကိုလ်နီကော့ဗ်က ဆွေးမြည့် ဖြူဖျော့နေသည့် မျက်နှာဖြင့် သူငယ်ချင်း လုပ်သူကိုအသာမော့ကြည့်သည်။ ဘာမှတော့ပြန်မပြော။ ရာဇူမီခင်ကသူတို့နှစ်ယောက်ကို တလှည့်စီ လှမ်းကြည့်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အဆွေးမျက်နှာမှာ သုန်မှုန်နေသည်။ ပေါ်ဖီရီကတော့ ပြောင်ပြောင်တင်းတင်း သရော်တော်တော် ပြုံးလျက်။

"ဒါဆို မင်း အလေးအနက် ပြောနေတာပေါ့၊ ဟုတ်လား ရှော့ဒ်ယာ။ မင်းပြောတာ ဟုတ်ပါတယ်။ ဘာမှ အသစ်အဆန်း မဟုတ်ဘူး။ တို့တွေ နေ့တိုင်းဖတ်၊ နေ့တိုင်းကြားနေ ရတဲ့ အကြောင်းအရာတွေပါ။ ဒါပေမဲ့ ဘယ်က စတာလဲ။ အစက ဘာလဲ။ ငါလန့်သွားတာက ဒါတွေဟာ မင်းရဲ့ သီအိုရီတွေများ ဖြစ်နေမလားလို့။ သွေးချောင်းစီး လူသတ်ပွဲတွေကို မင်း လက်ခံတယ်၊ ဟုတ်လား။ တဖက်စွန်း မရောက်လွန်းဘူးလားကွာ။ ဆင်ခြင်တုံတရားနဲ့ သွေးချောင်းစီးခွင့် ပြုတယ် ဆိုတာ ငါ့ စိတ်ထဲမှာ တရားဝင် လူသတ်ခွင့် ပေးတာထက် ပိုဆိုးတယ် ထင်တာပဲ"

"ဒါပေါ့၊ ဒါပေါ့။ အဲဒါက ပိုကြောက်ဖို့ ကောင်းတာ" ပေါ်ဖီရီက ထောက်ခံသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး။ သူ အတွေးချော်သွားတာ။ လုံးဝ မဖြစ်နိုင်ဘူး။ ငါ သူ့ဆောင်းပါးကို ရှာဖတ်ကြည့်ဦးမယ်။ သူ ဒီလို မတွေးရဘူး"

"အဲဒါက သဘောလောက်ပဲ ရှိသေးတာ။ ငါ့ ဆောင်းပါးထဲမှာ အဲဒီထက် ပိုစုံတယ်" ရပ်စ်ကိုလ်နီကော့ဗ်က ပြောတော့ ပေါ်ဖီရီတယောက် ငြိမ်ငြိမ် ထိုင်မနေနိုင် တော့ဘဲ -

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ရာဇဝတ်မှုအပေါ် ခင်ဗျား ဘယ်လို မြင်တယ် ဆိုတာ တော်တော်လေး ရှင်းသွားပါပြီ။ ဒါပေမဲ့ အဲ.. ကျွန်တော် မေးတာတွေ များလွန်းနေရင်တော့ ခွင့်လွှတ်နော်။ ခင်ဗျားကို စိတ်အနှောင့်အယှက် ပေးသလို ဖြစ်နေမှန်း သိပါတယ်ဗျာ။ အဲဒီ အတွက် စိတ်မကောင်းပါဘူး။ ခင်ဗျား ပြောသလို အုပ်စုနှစ်စု ရောသွားနိုင်တယ် ဆိုတဲ့ကိစ္စ ကို ကျွန်တော် လက်ခံသွားပါပြီ။ ကျွန်တော် အရမ်းစိုးရိမ်နေတဲ့ ကိစ္စပါ။ ဒါပေမဲ့ လက်တွေ့ မှာ ပြဿနာတွေ အများကြီး ရှိနေသေးတယ်ဗျ။ တကယ်လို့ လူတချို့က လူငယ်တွေ ဖြစ်ချင် လည်း ဖြစ်မယ်ပေါ့။

သူတို့ကိုယ် သူတို့လိုက်ကားဂတ်စ်လို၊ မိုဟာမက်လိုအထင်ရောက်သွား ပြီး အနာဂတ်ကို ပိုင်ဆိုင်သူများလို သူတို့ကိုယ် သူတို့ ထင်လို့ အခက်အခဲ၊ အတားအဆီးတွေ ကို အပြတ်ရှင်းပစ်မှဖြင့်... သူတို့က ရေရှည် စည်းရုံးရေး၊ ပညာပေးရေး လုပ်ငန်းတွေ လုပ်ရ မှာ။ အဲဒီအတွက် သူတို့ ငွေလိုမယ်။ ကျွန်တော် ဘာဆိုလိုတယ် ဆိုတာ သိပါတယ်နော်”

အခန်းထောင့်တွင် ထိုင်နေသည့် ဇာမယိုတော့ဗ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ဘက်ကို ငဲ့၍ပင် မကြည့်။

သူက ခပ်အေးအေး လေသံဖြင့်-

“ကျွန်တော် ထောက်ခံရမှာပဲ။ ဒါမျိုးတွေ ဖြစ်လာမှာပဲ။ ရှိလာမှပဲ။ ခပ်တုံးတုံး ခပ်ချာချာ လူတွေအဲဒီထောင်ချောက်ထဲ ဝင်ကြမှာပဲ။ အထူးသဖြင့် လူငယ် လူရွယ်တွေပေါ့”

“ကဲ... တွေ့လား၊ အဲဒါဆိုရင်...”

ပေါ်ဖီရီ ဝင်ပင့်ပေးခြင်း ဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ပြုံးပြုံး ဖြေသည်။

“အဲဒါ ကျွန်တော့်အပြစ်မှ မဟုတ်တာ။ ဒါမျိုးတွေက ခုမှ ဖြစ်တာမှ မဟုတ်တာ။ နောင်လည်း ဖြစ်နေမှာပဲ။ (ရာဇူမီခင်ဘက်ကို ခေါင်းညိတ်ပြပြီး) သူ့ကို ကြည့်ပါလား။ ခုတင်ကပဲ သူ ပြောတယ်။ သွေးချောင်းစီးတာကို ကျွန်တော်က ထောက်ခံတယ်တဲ့၊ လက်ခံ တယ်တဲ့။ ကျွန်တော် ဘာလိုလဲ။ နိုင်ငံတကာမှာ ထိန်းကွပ်ဖို့ ယန္တရားတွေ အပြည့်အစုံ ရှိနေတာပဲ။ အကျဉ်းထောင်တွေ၊ ပြည်နှင်ဒဏ်တွေ၊ အမှုလိုက် ရဲတွေ၊ ဘာညာ ဘာညာပေါ့။ အဲဒီတော့ ဘာပူစရာ ရှိလဲ။ ဒီတော့ ရာဇဝတ်သားကို မိအောင် ဖမ်းပေါ့"

“မိရင် ကျွန်တော်တို့ ဘာလုပ်ရမလဲ”

“ထုံးစံအတိုင်း လုပ်ပေါ့”

“ခင်ဗျား ပြောတာ ယုတ္တိဗေဒ ကျပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဆင်ခြင်တုံတရားပိုင်းကို ဘယ်လို သဘောထားမလဲ”

“အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လဲ။ ခင်ဗျားအလုပ် မဟုတ်တာ”

“လူသားချင်း စာနာထောက်ထားတဲ့ ရှုထောင့်က ကျွန်တော် ပြောတာပါ”

“လုပ်ရဲရင် ခံရဲရမှာပေါ့။ သူ့အပြစ်ကို သူ ဝန်ခံရင် ပြောတာ။ အလုပ်ကြမ်းတွေ၊ ထောင်ဒဏ်တွေထက် ကြီးလေးတဲ့ ပြစ်ဒဏ်တွေ ပေးပေါ့”

ရာဇုမီခင် မျက်မှောင်ကြုတ်လျက် ဝင်မေးပြန်သည်။

“ဒါဆို မဟာလူသား၊ လူစွမ်းကောင်းတွေကျတော့ကော။ လူသတ်လိုင်စင်ရထားတဲ့ လူတွေကို ပြောတာ။ သူတို့ကိုကျတော့ သွေးကြွေးဆပ်ဖို့ မလိုတော့ဘူးလား”

“သွေးကြွေးဆပ်ဖို့ မလိုတော့ဘူးလား ဆိုတဲ့စကား ဘာလို့ မင်း သုံးတာလဲ။ လူသတ်ဖို့ ခွင့်ပြုတာ၊ ခွင့်မပြုတာကို ဆွေးနွေးဖို့ မလိုတော့ဘူးလေ။ သားကောင်ကို သနား ရင် သနားတဲ့လူ ခံပေါ့။ ဝေဒနာနဲ့ ဝေဒနာ ခံစားမှုဆိုတာ အမြဲတမ်း ဒွန်တွဲနေတာပါ။ အသိဉာဏ်မြင့်လေ ခံစားမှု ပြင်းထန်လေပဲ။ ငါ့အထင်တော့ မင်းပြောတဲ့ မဟာလူသားတွေဟာ ဒီကမ္ဘာမှာ အခံစားရဆုံး လူတွေ ဖြစ်လိမ့်မယ်”

သည်စကားလုံးများကို အလေးနက်ဆုံး လေသံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ကျန် သုံးယောက်ကို ဝေ့ကြည့်ပြီး ပြုံးလျက် ဦးထုပ်ကို ကောက်ကိုင် လိုက်သည်။ ဝင်လာစကလို မဟုတ်တော့ဘဲ သူသည် အလွန်အမင်း တည်ငြိမ်နေသည်။ အားလုံး မတ်တတ်ထရပ် လိုက်ကြသည်။

ပေါ်ဖီရီက စကားကြော မဖြတ်ချင်သေး။

“ကျွန်တော့်ကို စိတ်ဆိုးချင်ဆိုး၊ ဆဲချင်ဆဲပါဗျာ။ မမေးဘဲ မနေနိုင်လို့ မေးခွန်း သေးသေးကလေး နောက်ဆုံး မေးပါရစေ။ ကျွန်တော် လွန်နေမှန်း သိပါတယ်။ ကျွန်တော့် အတွေးစကလေးပါ။ အမှတ်ထင်ထင်လည်း ဖြစ်သွားစေချင်လို့ပါ ခင်ဗျာ”

“ကောင်းပါပြီဗျာ၊ ဆိုစမ်းပါဦး။ ခင်ဗျားမေးခွန်း သေးသေးလေး”

ရပ်စ်ကိုလ်နီကော့ဗ်က သူနှင့် မျက်နှာချင်းဆိုင် ရပ်ပြီး ပြန်ပြောသည်။ သူ့မျက်နှာမှာ ပို၍ လေးနက်နေသည်။ ပို၍ ဖြူရော်နေသည်။

“ဒီလိုပါဗျာ။ အဲ... ဘယ်လိုပြောရပါ့မလဲ။ စိတ္တဗေဒ ဆန်နေမလား မသိဘူး။ ခင်ဗျား အဲဒီဆောင်းပါး ရေးတုန်းက ခင်ဗျားကို ခင်ဗျား မဆိုစလောက် သာမန်အထက် လူတန်းစား စိတ်ကလေးများ ဝင်နေသလားလို့”

“ဖြစ်နိုင်ပါတယ်၊ ဖြစ်နိုင်တာပေါ့”

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ချဉ်ချဉ်ဖြင့် ပြန်ဖြေလိုက်သည်။

"ဒါဆိုရင် ခင်ဗျားဘဝ ချို့ချို့ငဲ့ငဲ့ ဖြစ်နေချိန်မှာ လူသားကောင်းကျိုး သယ်ပိုးဖို့ ဆုံးဖြတ်ချက်မျိုး ချဖြစ်ချင် ချဖြစ်မှာပေါ့နော်။ ဒါဆိုရင် လမ်းခုလတ်က ခလုတ်ကံသင်းတွေ ကို ရှင်းချင် ရှင်းရတော့မှာပေါ့။ ဥပမာ– ခါးပြမှုတို့၊ လူသတ်မှုတို့ပေါ့…"

ပေါ်ဖီရီက မျက်ခုံးပင့်၊ နဖူးရေတွန့်ကာစောစောကပုံစံအတိုင်း ရယ်ရယ်မောမော ပြောခြင်း ဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ထိမထင်သည့် ဟန်ဖြင့် ပြန်ပက်သည်။ "အဲဒီလို လုပ်မိရင်လည်း ခင်ဗျားကို ကျွန်တော် ပြန်ပြောချင်မှ ပြောမှာပေါ့" "ဟာဗျာ …ဒါပေါ့၊ ဒါပေါ့။ ကျွန်တော်က ခင်ဗျား ဆောင်းပါးကို စာပေရှုထောင့်က သက်သက် ကြည့်ပြောတာပါ။ တကယ်လို့ …"

ရပ်စ်ကိုလ်နီကော့ဗ်က သူ၏ ပေါ်ပေါ်တင်တင် ပြောင်လိမ်မှုကို စိတ်ထဲမှ ရှုတ်ချလိုက်ပြီး လေသံပြတ်ဖြင့် ပြန်ပြောလိုက်သည်။

"ခင်ဗျား သေသေချာချာ မှတ်ထားပါ။ ကျွန်တော်ဟာ ဘယ်တော့မှ ကိုယ့်ကိုယ် ကိုယ် မိုဟာမက်လိုရော၊ နပိုလီယမ်လိုပါ ထင်မယ့် လူစားမျိုး မဟုတ်ဘူး။ အဲဒီ အုပ်စုဝင် လည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် ဘယ်လို လှုပ်ရှား ပြုမူမိလိမ့်မယ် ဆိုတာ ခင်ဗျား ကျေနပ်အောင် ကျွန်တော် ရှင်းမပြနိုင်ဘူး"

ပေါ်ဖီရီ ချက်ချင်း လေသံ ပြောင်းသွားသည်။

"ဒါပေါ့ဗျာ။ ဒီနေ့ ရုရှားမှာ ဘယ်သူမှ နပိုလီယမ်နဲ့ မနှိုင်းချင်ကြပါဘူး"

ဤတွင် ဇာမယိုတော့ဗ်က သူ ထိုင်နေသည့် ထောင့်မှ တစခန်း ထပြန်သည်။

"ဟို အဘွားကြီးညီအစ်မကို ပုဆိန်နဲ့ ခုတ်သတ်တာလည်း အဲဒီလို နပိုလီယမ်ရူး တယောက် ဖြစ်မှာပေါ့"

ရပ်စ်ကိုလ်နီကော့ဗ်က ဘာမှ ပြန်မပြောဘဲ ပေါ်ဖီရီကို လှမ်းကြည့်လိုက်သည်။ လုံးဝ ဣန္ဒြေမပျက်။ ရာဇူမီခင်က မျက်မှောင်ကုတ်နေသည်။ သည့်မတိုင်မီကတည်းက သူ့စိတ်ထဲတွင် တစုံတခုအတွက် စနိုးစနောင့် ဖြစ်နေသည်။ အခန်းထဲကို ကျီးကန်းတောင်း မှောက် လျှောက်ကြည့်ပြီး ဘာကြောင့်မှန်း မသိဘဲ ဒေါပွနေသည်။ တမိနစ်ခန့် အားလုံး ငြိမ်နေကြသည်။ စိတ်မချမ်းမြေ့ဖွယ်ရာ တိတ်ဆိတ်ခြင်းမျိုး။ ရပ်စ်ကိုလ်နီကော့ဗ်က အခန်း ထဲမှ လှည့်ထွက်ဖို့ ပြင်လိုက်သည်။

ပေါ်ဖီရီက အထူးတလည် ရင်းနှီးမှုမျိုးဖြင့် လက်ကမ်းပေးပြီး-

"ဟင်...သွားတော့မလို့လားဗျာ။ တွေ့ရတာ တကယ် ဝမ်းသာတယ်ဗျာ။ ခင်ဗျား ကိစ္စကလေးအတွက် ဘာမှမပူနဲ့ သိလား။ ကျွန်တော် ပြောသလို လျှောက်လွှာတစောင် ရေးပြီး ကျွန်တော့် ရုံးခန်းကို လာခဲ့ဗျာ။ တရက် နှစ်ရက်အတွင်းပါ။ မနက်ဖြန်ဆို ပိုကောင်းသေးတယ်။ ဆယ့်တနာရီလောက်ပေါ့။ အားလုံး အဆင်ပြေသွားမှာပါ။ စကားလည်း ပြောကြ သေးတာပေါ့။ ဟိုအခန်းကို နောက်ဆုံး ရောက်သွားတာက ခင်ဗျားဆိုတော့ ခင်ဗျားကို အားကိုးရမှာပဲ။ ခင်ဗျား တွေ့ခဲ့တာလေးတွေ အကြောင်း ပြောကြရအောင်ပါ'

သူ့လေသံက အပေါ်စီး ရထားသည့် လေသံမျိုး။

ရပ်စ်ကိုလ်နီကော့ဗ်က ဘုကျကျ ပြန်မေးသည်။

"ခင်ဗျားက ကျွန်တော့်ကို တရားဝင် စစ်သလို စစ်မှာလား''

"ဟာဗျာ၊ ကတ်သီးကတ်သတ်။ ခင်ဗျား ကျွန်တော့်ကို အထင်လွဲနေပြီ။ လောလောဆယ် မလိုသေးပါဘူး။ တခြား ပစ္စည်းပေါင်သူ အားလုံးနဲ့ ကျွန်တော် တွေ့ပြီးပြီ။ သူတို့ဆီက အထောက်အထားတချို့ ကျွန်တော် ရပါတယ်။ ခင်ဗျားတယောက်သာ ကျန်နေတာ။ ဩော်...ဒါထက် စကားမစပ် ကျွန်တော် ခုတလော အရမ်း မေ့တတ်နေပါလား"

ရာဇူမီခင်ဘက် လှည့်ပြီး-

"မင်း နီကိုလေကို မသက်ာကြောင်း ခဏခဏ ပြောတယ်နော်။ ငါ့အထင်တော့ အဲဒီချာတိတ်မှာ အပြစ် မရှိပါဘူး"

ပြောပြီး ရပ်စ်ကိုလ်နီကော့ဗ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"အဲဒီချာတိတ်က အားမကိုးရပါဘူး။ မီကာကိုလည်း သိပ်မသက်ာဘူး။ အဖြစ်က ဒီလိုဗျာ။ အဓိကအချက်က လှေကားပေါ်တက်သွားတဲ့ ကိစ္စပါ။ တဆိတ်ဗျာ၊ ခင်ဗျား အဲဒီ လှေကားကို တက်သွားတာ ရှစ်နာရီ မထိုးခင်နော်"

"ဟုတ်တယ်"

ပြောပြီးမှ မပြောသင့်ဟု ထင်ပြီး စိတ်ထဲ ကသိကအောက် ဖြစ်သွားသည်။

"ရှစ်နာရီမထိုးမီ ခင်ဗျား တက်သွားတော့ တံခါး ဖွင့်ထားတဲ့ အခန်းလွတ် တခန်း မှာ ဆေးသုတ်နေတဲ့ အလုပ်သမားလေး နှစ်ယောက်ကို သတိထားမိခဲ့သလား၊ ဒုတိယထပ် မှာလေ။ အဲဒါ သူတို့အတွက်

သိပ်အရေးကြီးနေလို့ပါ”

“ဆေးသမား နှစ်ယောက်၊ ဟုတ်လား။ သတိမထားမိဘူးဗျ”

ရပ်စ်ကိုလ်နီကော့ဗ် ခပ်ဆိုင်းဆိုင်းဖြေသည်။ မှတ်ဉာဏ်ကို ဒေါသတကြီး မွှေနှောက် ရှာနေသည့်အလား။ တပြိုင်တည်းတွင် သည်ထောင်ချောက်က ဘယ်လို ထောင်ချောက်လဲ ဆိုသည်ကို အပြေးအလွှား စဉ်းစားသည်။ သိပ်သတိထားရတော့မည်။ အလစ်အဟာ ရှိလို့ မဖြစ်။

“ဟင့်အင်း၊ ဘယ်သူမှ မတွေ့ဘူးဗျ။ အခန်းလွတ်ကိုလည်း သတိမထားမိဘူး။ အဲ... လေးထပ်မှာတော့...”

ထောင်ချောက်ကို မြင်ပြီ။ ဤသည်ပင်လျှင် သူ၏ အောင်မြင်မှု ဖြစ်သွားတော့သည်။

“လေးထပ်က အခန်းတခန်းမှာ လူတွေ ပြောင်းနေကြတာ တွေ့တယ်။ စစ်ဘက် အရာရှိအခန်း ထင်ပါရဲ့။ အလျိုနာအီဗန်နိုဗာရဲ့ အခန်းနဲ့ မျက်နှာချင်းဆိုင် အခန်း။ ဟုတ်တယ်၊ ကျွန်တော် သေသေချာချာ မှတ်မိတယ်။ ပစ္စည်းတွေ သယ်ပိုးနေတာက စစ်သားတွေ။ သူတို့က ဆိုဖာကြီး သယ်လာတော့ ကျွန်တော် နံရံကပ်ပြီး မနည်းရှောင်ပေးလိုက်ရတယ်။ ဆေးသမားတွေတော့ မတွေ့ဘူးဗျ။ တံခါးဖွင့်ထားတဲ့ အခန်းလွတ်လည်း မတွေ့မိဘူး”

ဤတွင် ရာဇူမီခင်က ဝုန်းခနဲထပြီး ပေါ်ဖီရီဘက် လှည့်၍-

“ဟေ့... မင်း ဘာကြောင်တာလဲ။ ဆေးသမားတွေ အဲဒီအခန်းမှာ အလုပ်လုပ်တာ က အဘွားကြီး အသတ်ခံရတဲ့ နေ့။ သူ အဲဒီအခန်း ရောက်သွားတာက အဲဒီမတိုင်မီ နှစ်ရက် က။ ဘာလို့ အဲဒီကိစ္စ သူ့ကို သွားမေးနေတာလဲ”

“ဟာ... သေပါတော့ကွာ။ ငါ့ ခေါင်းထဲမှာ ရှုပ်ထွေးကုန်ပြီ” ပေါ်ဖီရီက သူ့နဖူးကို လက်ဝါးနှင့် ရိုက်ပြီး -“ဒီအမှုနဲ့ ပတ်သက်ပြီး ငါ ဦးနှောက်ခြောက်လှပြီ” ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး တောင်းပန်စကား ဆိုသည်။ “သူတို့နှစ်ယောက် ခုနစ်နာရီနဲ့ ရှစ်နာရီကြား အဲဒီအခန်းထဲမှာ ရှိနေတယ်ဆိုတာ အတည်ပြုဖို့ ကျွန်တော်တို့အတွက် အရေးကြီးနေလို့ပါဗျာ။ ခင်ဗျားများ မြင်ခဲ့သလားလို့ပါ။

သွားပြီ။ ကျွန်တော့်မှတ်ဉာဏ်တွေ ပျက်စီးကုန်ပြီ”

“သတိထားမှပေါ့ကွ”

ရာဇူမီခင်က ရှုသိုးသိုး မျက်နှာပေးဖြင့် လှမ်းပြောသည်။ တံခါးဝတွင် ရပ်ပြီး

သူတို့ ပြောနေကြခြင်း ဖြစ်၏။ ပေါ်ဖီရီပီထရိုဗစ်ချ်က သူတို့နှစ်ယောက်ကို တရင်းတနှီး နှုတ်ဆက်သည်။ သူတို့နှစ်ယောက် လမ်းပေါ်ရောက်တော့ နှစ်ယောက်စလုံး မျက်နှာ မကောင်းကြ။ စကားမပြောကြ။ ရပ်စ်ကိုလ်နီကော့ဗ် သက်ပြင်းရှည်ကြီး တချက် ချလိုက်သည်။

※※※

"အဓိပ္ပာယ် မရှိဘူး၊ ငါ လုံးဝ မယုံဘူး"

ရာဇူမီခင်က စိတ်ရှုပ်ရှုပ်ဖြင့် ထပ်ကာထပ်ကာ ပြောနေသည်။ ရပ်စ်ကိုလ်နီကော့ဗ် ၏ ငြင်းဆိုချက်ကို စောဒကတက်ဖို့ သူ ကြိုးစားနေခြင်းဖြစ်သည်။ ဤသို့ဖြင့် ဘာကာလိဗ်၏ တိုက်ကြီးဆီသို့ သူတို့ ရောက်လာကြသည်။ ဒွန်ညာတို့ သားအမိက သူတို့ကို စောင့်နေသည်မှာ လည်ပင်းရှည်နေပြီ။ နှစ်ယောက်သား အချေအတင် ငြင်းခုံနေရာမှ ရာဇူမီခင် မကြာခဏ တုံ့တုံ့သွားသည်။ အနေရကျပ်နေပုံ။ စိတ်လှုပ်ရှားနေပုံ။ ပထမဆုံးအကြိမ်အဖြစ် သည်ကိစ္စကို သူတို့ ပြောဖြစ်ကြခြင်း မဟုတ်လား။

ရပ်စ်ကိုလ်နီကော့ဗ်က အေးစက်စက် အမူအရာဖြင့် မထီမဲ့မြင်ပြုံးပြီး ပြောသည်။ "မယုံချင်လည်း နေပေါ့။ မင်းတယောက်ဟာလေ သိပ်နမော်နမဲ့နိုင်တာပဲ။ ဘာမှ သတိမထားမိဘူး။ အဲဒါ မင်းအကျင့် ဖြစ်နေပြီ။ ငါကတော့ စကားလုံး တလုံးချင်းရဲ့ အလေးချိန် ကို တွက်ယူတာ"

"မင်းကို သူ သံသယဖြစ်နေတာ မင်း သိလို့ မဟုတ်လား။ အေးပါ၊ မင်းပြောတာ ဟုတ်ပါတယ်။ ပေါ်ဖီရီရဲ့လေသံက လုံးဝပြောင်းလဲနေတာပဲ။ ဟိုကောင် ဇာမယိုတော့ဗ်လည်း အတူတူပဲ။ မင်း ပြောတာ ဟုတ်တယ်။ သူ တကယ် တမျိုးဖြစ်သွားတယ်။ ဘယ်လို ဖြစ်တာလဲကွ"

"နေ့ချင်း ညချင်း စိတ်ပြောင်းသွားတာပေါ့ကွာ"

"ဒါပေမဲ့ သူတို့ဟာက ပြောင်းပြန်ဖြစ်နေတယ်ကွ။ သူတို့မှာ အဲဒီလို ကြောင်တောင်တောင် အယူအဆမျိုး ရှိနေရင် အဲဒါကို ဖုံးထားရမှာပေါ့။ ဖဲ့ကဖဲ့အဖြစ်နဲ့ ထားရမှာပေါ့။ ပိုင်ပြီဆိုမှ လက်သည်းထုတ်ပြပေါ့။ ခုတော့ သူတို့ လုပ်နေပုံက တုံးလွန်းတယ်။

"သူတို့မှာ သက်သေအထောက်အထား ရှိရင်လည်း ... ငါ ဆိုလိုတာက တကယ် ပိုင်နိုင်တဲ့ သက်သေအထောက် အထားမျိုး ပြောတာ။ ကြောင်လက်သည်းဖုက် လုပ်ထားရ မှာပဲ။ ဒါမှ ငါ့အခန်း ဝင်ရှာမယ် ဆိုရင်လည်း ငါ့မှာ ပြင်ဆင်ချိန်၊ ပစ္စည်းဖုက်ချိန် မရမှာပေါ့။ သေချာပါတယ်။ သူတို့မှာ ဘာအထောက်အထားမှ မရှိဘူး။ ရှိရင် သူတို့ ချက်ချင်းဝင်ရှာမှာ ပေါ့။ အလကား သူတို့ လေဖမ်း ဒန်းချည်နေတာ။ တရားခံ ရှာမရတိုင်း ငါ့ကို သူတို့ ထောင် ချောက်နင်းမိအောင် လုပ်နေတာ။ ငါက သူတို့အကွက်ထဲလည်း မဝင်၊ ဘာ အထောက်အထား မှလည်း ရှာမရ ဆိုတော့ ဝေတီ ဒေါပွလာတယ်။ ဒါပေမဲ့ သူ့ကို

ဖော့တွက်လို့တော့ မရဘူး။ လူက လူတော်ပါ။ သူ သိထားတာတွေ ရှိတယ်ဆိုပြီး ငါ့ကို သွေးပျက်အောင် လုပ်ချင် လုပ်လိမ့် မယ်။ ဒါက စိတ်ပညာနဲ့ ဆိုင်တယ် သူငယ်ချင်း။ တော်ပြီကွာ။ ဒီအကြောင်းတွေ ရှင်းပြရမှာ ငါ စိတ်ပျက်လွန်းလို့"

"ဒီကောင်တွေ လွန်တယ်ကွာ။ ငါ မင်းကို နားလည်တယ် သူငယ်ချင်း။ တို့ ခုလို ပွင့်ပွင့် လင်းလင်း ပြောဖြစ်တာ သိပ်ကောင်းတယ်။ မင်းကို ငါ ခုမှ ဖွင့်ပြောမယ်။ သူတို့ကို ငါ သတိထားမိတာ ကြာပြီ။ မင်းကို သူတို့ မဆိုစလောက် သံသယ ဖြစ်နေကြတယ်။ ဘာဖြစ်လို့ သူတို့ မင်းကို သံသယ ဖြစ်ရမှာလဲ။ လူဝါးဝတဲ့ ကောင်တွေ။ ဘယ်ကစပြီး သူတို့ မယုံသင်္ကာ ဖြစ်ကြတာလဲ။ မင်း သတိထားမိလား၊ ငါ အရမ်းဒေါပွနေတာ။ မင်းက ဆင်းရဲလို့၊ ကျောင်း ဆက်မတက်နိုင်လို့၊ ကျန်းမာရေး မကောင်းလို့ မြေနိမ့်ရာ လှံစိုက်တာ။ မင်းက ခြောက်လ လောက် မွဲတေ စုတ်ပြတ်ပြီး ဖိနပ်စုတ် စီးနေရလို့ မင်းကို သူတို့ စော်ကားကြတာ။ ရဲစခန်း မှာ မင်းကို ဝိုင်းနှိမ်ကြတယ်။ ကြွေးတောင်းခံလွှာ အကြောင်း၊ ကတိဝန်ခံချက် အကြောင်း ပြောပြီး အကျပ်ကိုင်တယ်။ မင်း ဗိုက်ထဲမှာ အစာ တအောင်စတောင် မရှိဘူး။ အခန်းထဲမှာ အပူချိန်က ဖရင်ဟိုက် တရာဒီဂရီ။ အိမ်သုတ်ဆေးနံ့က တထောင်းထောင်း။ သူတို့ပြောနေတာက လူသတ်မှုအကြောင်း။ မင်းနေရာမှာ တခြားတယောက်ဆိုလည်း မေ့သွားမှာပဲ။ ငါသာ မင်းနေရာမှာဆိုရင် တအားအော်ရယ်ပြီး အဲဒီကောင်တွေရဲ့ မျက်နှာကို တံတွေးနဲ့ ထွေးပစ်မိမှာ။ ပါးတွေ၊ နားတွေ ပိတ်ရိုက်ပစ်မိမှာ။ ဒါမှ ဒီကောင်တွေ ရပ်တန်းက ရပ်မှာ။ ပျော်ပျော်နေ သူငယ်ချင်း။ ဒီကောင်တွေကို သောက်ဂရုစိုက် မနေနဲ့"

သူ ပြောပုံကို ရပ်စ်ကိုလ်နီကော့ဗ် သဘောကျနေသည်။ နာကြည်း ခါးသီးသော လေသံဖြင့် ပြောလိုက်သည်။

"မနက်ဖြန် သူ မေးတာတွေ ဖြေရဦးမယ်။ ငါက ဘာလို့ သူတို့ကို ရှင်းပြနေရမှာ လဲ။ ငါ စိတ်ပျက်လာပြီကွ။ မနေ့ညက အရက်ဆိုင်မှာ ဇာမယိုတော့ဗ်လိုကောင်နဲ့ တန်းတူ ဖြစ်သွားတာကိုလည်း ငါ့ကိုယ်ငါ မကျေနပ်ဘူး"

"တော်ပြီကွာ။ ငါ ပေါ်ဖီရီဆီ သွားပြီး ဒီကောင့်ကို ညီအစ်ကိုတော်တယောက် အနေနဲ့ ဝက်အူတင်းမယ်။ ဟိုကောင် ဇာမယိုတော့ဗ်ကိုတော့ ..."

အင်း... သူ တော်တော် ရိပ်မိနေပြီပဲဟု ရပ်စ်ကိုလ်နီကော့ဗ် တွေးလိုက်သည်။ ရာဇူမီခင်က သူ့ပခုံးကို ဆွဲလှုပ်ပြီး-

"နေဦးကွ။ မင်း ခုပြောလိုက်တာတွေက အလကား ပေါက်ပန်းဈေးတွေပဲ။ ငါ သိပြီ။ ဘာမှ အဓိပ္ပာယ် မရှိဘူး။ ငါ ခုမှ ပြန်စဉ်းစားတာ။ မင်းလုပ်တဲ့ ပရိယာယ်က ဘာ အဓိပ္ပာယ်လဲ။ မင်းပြောတဲ့ ဆေးသမားတွေ ကိစ္စ"

“အဲဒီကိစ္စ ငါ တကယ်လုပ်ခဲ့ရင် အခန်းနဲ့ ဆေးသုတ်သမားတွေအကြောင်း တကယ် ပြောဖြစ်မှာပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က စက်ဆုပ်ရွံရှာသည့် လေသံဖြင့် ခပ်ဆဆ ပြောသည်။ “ဘာပြုလို့ မင်းကိုယ်မင်း အပြစ်ရှိအောင် လုပ်နေရတာလဲ ရော့ဒ်ယာ”

“ဘာပြုလို့လဲဆိုတော့ တောသူတောင်သားတွေ၊ မနူးမနပ်တွေသာ မျက်စိစုံမှိတ် ပြီး ငြင်းကြတာလေ။ အတွေ့အကြုံ ရှိတဲ့လူ၊ ခေါင်းကောင်းတဲ့ လူတွေကတော့ မလွဲသာ မရှောင်သာတဲ့ အပေါ်ယံကြော ကိစ္စလေးတွေကို ဝန်ခံတတ်ကြတယ်။ ပြီးတော့မှ အခြား အထောက်အထားတွေ ရှာတယ်။ သူ့ကိုယ်ပိုင် အရည်အချင်းနဲ့ မမျှော်လင့်တဲ့ ရှုထောင့် ကနေ ပြန်တိုက်တယ်။ အဲဒါဆို တဖက်သား လုံးဝ အငိုက်မိသွားရော။ ပေါ်ဖီရီက ငါ အဲဒီလို ဖြေမယ်ဆိုတာ ကြိုပြီး ရိပ်မိနေတယ်။ သူတို့ကို ငါ မြင်ခဲ့တယ် ဆိုတဲ့ အဖြေကို သူ မျှော်လင့် နေတာ”

“ဒါပေမဲ့ သူ ချက်ချင်း ပြန်ပြောတယ်လေ။ လူသတ်မှု မဖြစ်ခင် နှစ်ရက်အလိုမှာ ဘယ်အလုပ်သမားမှ မရှိဘူးတဲ့။ ဒါကြောင့် လူသတ်မှုဖြစ်တဲ့နေ့မှာ မင်း အဲဒီကို ရောက်ခဲ့တယ် ပေါ့။ ခုနစ်နာရီနဲ့ ရှစ်နာရီ ကြားမှာလေ။ အဲဒီ အသေးအဖွဲကလေးနဲ့ မင်းကို သူ ကိုင်မှာ”

“ဟုတ်တယ်၊ သူက အဲဒီအချက်ကို သိပ်အားကိုးနေတယ်။ ငါလည်း စဉ်းစားချိန် သိပ်မရလိုက်ဘူး။ ဒါနဲ့ အလုပ်သမားတွေ နှစ်ရက်စော မရောက်လောက်ဘူး ဆိုပြီး ဝေ့လည် ကြောင်ပတ် ဖြေလိုက်တာကွ”

“ဒီအချက်ကို သူ ဘယ် မေ့မေ့ပျောက်ပျောက် ထားမလဲ”

“ဒါပေါ့၊ အသေးအဖွဲကလေးနဲ့ပဲ တော်ပါတယ်ဆိုတဲ့ လူတွေ အမိခံကြရတာ။ ပညာရှိ သတိဖြစ်ခဲဆို မဟုတ်လားကွာ။ ပညာတတ်လေလေ၊ အသေးအဖွဲကလေးတွေကို မသိကျိုးကျွန် တတ်လေလေပဲ။ အဲဒီမှာ ဘာမဟုတ်တဲ့ ကိစ္စကလေးတွေကြောင့် ဒုက္ခရောက်ကြရတာ။

ပညာအရှိဆုံးလူဟာ အသေးအဖွဲဆုံးလေးကြောင့် အမိခံရတတ်တယ်။ ပေါ်ဖီရီဟာ မင်းထင်သလို ခပ်ညံ့ညံ့ထဲကတော့ မဟုတ်ဘူးနော်”

“အလကားကောင်ပါကွာ”

ရပ်စ်ကိုလ်နီကော့ဗ် ရယ်ချလိုက်သည်။ ထိုစဉ်တွင်ပင် ခေါင်းထဲတွင် လျှပ်စီး တချက် ဝင်းလက်သွားသည်။ နောက်ဆုံးရှင်းလင်းချက် ပေးနေစဉ်က စိတ်လှုပ်ရှားခဲ့ပုံကို ပြန်သတိရလာသည်။ စိတ်တွေ လေးကာ သူတို့ကို စက်ဆုပ် ရွံရှာနေခဲ့သည်။ ဖြစ်သင့် ဖြစ်ထိုက်၍ ဖြစ်လာခြင်းပင်။

တခုတော့ ကောင်းသွားသည်။ စိတ်ထဲ ပျော်သလိုလို ဖြစ်လာသည်။ တပြိုင်တည်းတွင် မွန်းကျပ်လာသည်။ မဖျော်လင့်သည့် ထိတ်လန့်စရာ အတွေးတမျိုးမျိုး ဝင်လာသည့် နှယ်။ ကြာလေလေ နေမထိ ထိုင်မသာ ဖြစ်လာလေလေ။ ဤသို့ဖြင့် သူတို့နှစ်ယောက် ဒွန်ညာတို့ သားအမိ တည်းနေသည့် တိုက်ခန်းအောက်သို့ ရောက်လာခဲ့ကြသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဆိုင်းမဆင့် ဗုံမဆင့်-

"မင်း သွားနှင့်ကွာ၊ ငါ ချက်ချင်း ပြန်လာခဲ့မယ်"

"ဟာ… ရောက်နေမှကွာ၊ မင်းက ဘယ်သွားမှာလဲ"

"ငါ လုပ်စရာလေး ရှိလို့ကွ၊ နာရီဝက်အတွင်း ပြန် လာမယ်။ သူတို့ကို ပြောလိုက်ကွာ"

"ဒါဆို ငါပါ လိုက်မယ်"

"ဟာကွာ .. မင်းကပါ ငါ စိတ်ဆင်းရဲအောင် လုပ်မလို့လား"

သူက ခါးသီးစွာ ငြင်းပယ်ပြီး လှည့်ထွက်သွားသည်။ ရာဇူမီခင်၏ လက်နှစ်ဖက် ပြုတ်ကျသွားသည်။ သူ့အိမ်လမ်းဘက်သို့ သုတ်ခြေတင်သွားသော သူငယ်ချင်းကို ငေးကြည့် ကျန်ရစ်သည်။ ရပ်လက်စ နေရာတွင် ရပ်ပြီး အံကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ပေါ်ဖီရီကို နှုတ်မှ တတွတ်တွတ်ရွတ်ကာ ကျိန်ဆဲနေသည်။ ခုအချိန် သူ့ကို တွေ့လျှင် သံပရာသီးတလုံးကို ညှစ်သလို ညှစ်သတ်မိမည် ထင်သည်။ ပြီးမှ အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူ့ကိုမြင်တော့ လည်ပင်းညောင်ရေအိုး ဖြစ်နေသည့် သားအမိနှစ်ယောက် အထိတ်တလန့် ဖြစ်သွားသည်။

အိမ်ကို ပြန်ရောက်တော့ ရပ်စ်ကိုလ်နီကော့ဗ် တယောက် ချွေးစက်စက် နစ်နေသည်။ မောလည်း မောနေသည်။ လှေကားထစ်တွေကို အပြေးနင်းတက်လာသည်။ စေ့ထား သော အခန်းတံခါးကိုတွန်းဝင်ပြီး အတွင်းမှ ချက်ထိုးထားလိုက်သည်။ ပြီးတော့ အခန်းထောင့် သို့အလန့်တကြားပြေးသွားသည်။ နံရံကပ်စက္ကူ ပေါက်နေသည့်နေရာကို လက်ထိုးသွင်းပြီး အထဲကို မွှေကြည့်သည်။ လက်တဆုံး နှိုက်ပြီး လိုက်စမ်းသည်။ ဘာမျှ မတွေ့တော့မှ သက်ပြင်းချပြီး ခါးဆန့်သည်။ အမေနှင့်ညီမတည်းသည့် အိမ်လှေကားဝရောက်မှ သည် စိုးရိမ်စိတ် ဝင်လာခြင်းဖြစ်သည်။ ပစ္စည်း တခုတလေ ထွက်ကျကျန်နိုင်သည် မဟုတ်လား။ အဘွားကြီး လက်ရေးနှင့် စက္ကူစုတ်ကလေးတခု ကျန်ခဲ့လျှင်ပင် သိပ်ခိုင်လုံသည့် သက်သေခံ ပစ္စည်း ဖြစ်သွားမည် မဟုတ်လား။

အကြောင်သားရပ်ပြီး အလေးအနက် တွေးနေသည်။ ကိုယ့်အဖြစ်ကို ပြန်ကြည့်ပြီး ရှက်သွားသည်။ တော်တော်တုံးတဲ့ ငါပါလားဟု ကိုယ့်ကိုယ်ကိုယ် အပြစ်ဆိုမိသည်။ ပြီးတော့ ပြုံးလိုက်၏။ ပြီးမှ ဦးထုပ်ကောက်ယူပြီး ပြန်ထွက်လာခဲ့သည်။ ခေါင်းထဲတွင် အတွေးတွေ ရှုပ်ထွေးနေသည်။ ခေါင်းငိုက်စိုက်ချပြီး ဂိတ်ဝဆီသို့ ထွက်လာခဲ့သည်။

"အဲ... အဲဒါ သူပဲ"

အသံကျယ်ကျယ် ပြောလိုက်သံကြောင့် သူ ခေါင်းထောင်ကြည့်လိုက်သည်။ တံခါးမှူးက သူ့အခန်းကျဉ်းကလေး အပြင်ဘက်မှ လှမ်းအော်ပြောလိုက်ခြင်း ဖြစ်သည်။ လူတယောက်ကို လက်ညှိုးညွှန်လျက်။ ထိုလူက အရပ်ပုပု၊ ဈေးသည်တယောက်၏ပုံစံမျိုး။ အင်္ကျီနှင့် တဆက်တည်း ဘောင်းဘီပွပွကြီး ဝတ်ထားသည်။ အဝေးမှ ကြည့်လျှင် မိန်းမ တယောက်ဟု ထင်ရသည်။ ခပ်ညစ်ညစ် ဦးထုပ်ဆောင်းထားသည်။ ဦးခေါင်းက ငိုက်စိုက်။ ပါးရေ နားရေတွန့်နေပြီ။ အသက်ငါးဆယ်ကျော်လောက် ဖြစ်မည်။ မျက်လုံး ကျဉ်းကျဉ်း ကလေးတွေပေါ်မှ မျက်ခွံက ခပ်မို့မို့။ လောကကြီး တခုလုံးကို မကျေနပ်သည့် မျက်နှာမျိုး။

ရပ်စ်ကိုလ်နီကော့ဖ်က တံခါးမှူးကို လှမ်းမေးသည်။

"ဘာလဲဗျ"

"အဲဒီလူက ဒီတိုက်မှာ တက္ကသိုလ်ကျောင်းသားတယောက် နေလား မေးလို့ ခင်ဗျားနာမည် ပြောလိုက်တယ်။ ပြီးတော့ ခင်ဗျားရဲ့ အခန်းရှင်ကိုလည်း မေးတယ်။ အဲဒီ အချိန်မှာ ခင်ဗျား ဆင်းလာလို့ ကျွန်တော်က ခင်ဗျားပဲလို့ လှမ်းပြောလိုက်တာ။ ဒီတော့ သူက ဟိုဘက် လှည့်ထွက်သွားတယ်။ ဘာအဓိပ္ပာယ်လည်း မသိဘူး"

တံခါးမှူးလည်း စိတ်ရှုပ်သွားပုံ ရသည်။ သို့သော် ဘာမှ ဆက်မပြောတော့ဘဲ ဗီရိုလောက်ရှိသည့် သူ့အခန်းကျဉ်းကလေးဆီ ပြန်လျှောက်သွားသည်။

ထိုလူ့နောက်သို့ ရပ်စ်ကိုလ်နီကော့ဖ် သုတ်ခြေတင် လိုက်သွားသည်။ မီးတော့ လမ်းတဖက်မှ အသာမှန်မှန် လျှောက်လိုက်သွားသည်။ သူကလည်း မြေကြီးကို ငုံ့ကြည့်ပြီး ခေါင်းငိုက်စိုက်နှင့် ဖြည်းဖြည်းလျှောက်နေ၏။

သူက ရှေ့ရောက်သွားတော့ရပ်စ်ကိုလ်နီကော့ဖ်က အသာ နောက်ယောင်ခံလိုက်သည်။ ခဏနေတော့ သူ့ဘက် ကူးသွားပြီး အမီလိုက်ကာ ဘေးချင်းယှဉ်လျက် သူ့ကို ငဲ့ကြည့် လိုက်သည်။ လူစိမ်းက သူ့ကို ချက်ချင်း ပြန်ကြည့်သည်။ ပြီးတော့ ခေါင်းငုံ့ချလိုက်ပြန်သည်။ စကားမူ နှစ်ယောက်စလုံး တခွန်းမျှ မပြောကြ။ တမိနစ်ခန့် သည်အတိုင်း ဆက်လျှောက် သွားကြသည်။

နောက်ဆုံးတွင်မှ ရပ်စ်ကိုလ်နီကော့ဗ်က ခပ်တိုးတိုး မေးလိုက်သည်။

"တံခါးမှူးဆီမှာ ခင်ဗျား ကျွန်တော့်ကို လာမေးတယ် ဆို"

သူက ဘာမှ မတုံ့ပြန်။ ဆက်လျှောက်နေသည်။

"ဘာအဓိပ္ပာယ်လဲဗျ၊ လာမေးတုန်းက မေးပြီး... ခုတော့ ဘာမှ... မပြောဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ဗလုံးဗထွေး မေးလိုက်သည်။ သည်တခါ သူ ခေါင်းမော့ကြည့်သည်။ သူ့ အကြည့်က ရန်စွယ်နှင့်ငေါငေါ။ မျက်နှာက သုန်သုန်မှုန်မှုန်။ ပြီးမှ တိုးသော်လည်း ပြတ်သားသော လေသံဖြင့် တလုံးချင်း ပြောချ လိုက်သည်။

"လူသတ်သမား"

နံဘေးတွင် ယှဉ်လျှောက်နေသော ရပ်စ်ကိုလ်နီကော့ဗ်၏ ခြေလှမ်းတွေ တုံ့သွားသည်။ ချက်ချင်း ခြေသလုံးကြွက်သားတွေ ပျော့ခွေသွားသည့်အလား။ ကျောထဲ စိမ့်သွားသည်။ နှလုံးသွေး ခဏ ရပ်သွားသည် ထင်လိုက်၏။ ပြီးမှ တဒိုင်းဒိုင်း ခုန်လာတော့သည်။ သည်အတိုင်း ခြေလှမ်း တရာလောက် ဆက်လှမ်းသွားကြသည်။ နှစ်ယောက်စလုံး ရေငုံ နှုတ်ပိတ်လျက်။

လူစိမ်းက သူ့ကို လုံးဝ လှည့်မကြည့်။ သူက လေသံဖြင့် ထပ်မေးသည်။ "ခင်ဗျား... ဘာဆိုလို. လူသတ်သမားဆိုတာ ဘယ်သူလဲ"

"မင်းပေါ့၊ မင်းဟာ လူသတ်ကောင်"

သည်တခါ သူ့လေသံ ပို၍ ပြတ်သားလာသည်။ ပြီးတော့ အခိုင်အမာ လေသံမျိုး။ အောင်နိုင်သည့် အပြုံးကို မုန်းတီးစွာ ပြုံးလျက်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အရောင်အဆင်းမဲ့ မျက်လုံးများနှင့် ဖြူရော်ရော် မျက်နှာကို သူ ငုံ့ကြည့်သည်။ ပြီးနောက် ဘာမှ မပြောတော့ဘဲ လမ်းဆုံသို့ရောက်သည့်အခါ ဘယ်ဘက်လမ်းသို့ ချိုးကွေ့ကာ နောက်လှည့်မကြည့်တော့ဘဲ ဆက်လျှောက်သွားလေတော့သည်။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို အကြာကြီး ရပ်ကြည့်နေသည်။ ခြေလှမ်းငါးဆယ် လောက် အရောက်တွင် သူ ပြန်လှည့်ကြည့်သည်။ မလှုပ်မယှက် ငြိမ်ပြီး ကြည့်နေခြင်း ဖြစ်သည်။ သူ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ၊ သို့သော် အေးစက်စက်နှင့် အောင်နိုင်သည့် အပြုံး ကို ခါးသီးစွာ ပြုံးနေလိမ့်မည် ထင်သည်။

အအေးဓာတ် လွှမ်းကဲနေသလို ဒူးတွေ တဆတ်ဆတ်တုန်နေရင်း ချည်နဲ့စွာဖြင့် ပြန်လျှောက်လာခဲ့ပြီး သူ့အခန်းသို့ ဖြည်းဖြည်းချင်း ပြန်တက်လာခဲ့သည်။ ဦးထုပ်ကို ချွတ်ပြီး စားပွဲပေါ်တင်သည်။ ပြီးတော့

မလှုပ်မယှက် ဆယ်မိနစ်ခန့် တွေရပ်နေသည်။ ပြီးမှ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ မျက်လုံးပိတ်ပြီး တိုးတိုးညည်းသံ ထွက်လာသည်။ သည်ပုံစံအတိုင်း နာရီဝက်ခန့် သူ လှဲနေသည်။

သူ့တွင် ဆုပ်ဆုပ်ကိုင်ကိုင် စဉ်းစားစရာ ဘာမျှ မရှိ။ အတွေးမျှင်တွေ ခေါင်းထဲတွင် ပြန့်ကျဲလွင့်စဉ်နေသည်။ ဘာနှင့်ဘာမျှ အဆက်အစပ် မရှိ။ ကလေးဘဝက မြင်ဖူးခဲ့သည့် မျက်နှာများ၊ တခါတလေသာ တွေ့ဖူးပြီး လုံးဝ မမှတ်မိတော့သည့် လူပုံသဏ္ဍာန်များ၊ သူတို့ မြို့ကလေး၏ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းစင်ကြီး၊ အရက်ဆိုင်မှ ဘိလိယက်ခုံ၊ ဘိလိယက်ခုံနံဘေးမှ စစ်ဗိုလ်၊ ပြီးတော့ စီးကရက်နံ့တွေ တထောင်းထောင်း။ နောက်ဖေး လှေကား ခပ်မှောင်မှောင်နှင့် အပေါ်စား အရက်ဆိုင်။ လှေကားထစ်တွေပေါ်တွင် ကြက်ဥခွံတွေ၊ မီးဖိုချောင်မှ သွန်ချသည့် လက်ဆေးရေတွေ။ တနေရာမှ လွင့်ပျံ့လာသည့် တနင်္ဂနွေ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းထိုးသံတွေ။ သည်အရာအားလုံးသည် သူ့ မြင်ကွင်းထဲ တွင်၊ သူ့အကြားအာရုံထဲတွင် လေပွေမွှေသလို ရောထွေးရစ်သိုင်း ဝုန်းဒိုင်းကြဲလျက် ရှိသည်။

အချို့အရာများသည် သူ နှစ်သက်စွဲလမ်းခဲ့ဖူးသည့် အရာများ ဖြစ်သည်။

ဖမ်းဆုပ် သိမ်းဆည်းထားချင်သည်။ သို့သော် ဘာတခုကိုမျှ ဖမ်း၍ မရ။ အားလုံး တံလျှပ်တွေချည်း ဖြစ်နေ၏။

သို့သော် အချို့သော အတိတ်၏ အရိပ်များကြောင့် ရင်ထဲတွင် တသိမ့်သိမ့် နွေးသွား သည်များလည်း ရှိပါ၏။

ခပ်သွက်သွက်တက်လာသည့် ခြေသံနှင့်အတူ ရာဇူမီခင်အသံ ကြားလိုက်ရသည်။ မျက်စိကို အသာမှိတ်ပြီး အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ ရာဇူမီခင်က တံခါးဝတွင် ရပ်ပြီး ဘာလုပ်ရမှန်းမသိဘဲ ချီတုံချတုံ ဖြစ်နေသည်။ နာတာရှာ့အသံ တိုးတိုးကြားလိုက်၏။

“အိပ်ပါစေလား၊ နိုးလာမှ တခုခု ကျွေးလိုက်မယ်’’

“ဟုတ်တယ်၊ ကောင်းတယ်”

ရာဇူမီခင် ပြန်ပြောပြီး တိတ်တိတ်ကလေး တံခါးစေ့၍ ထွက်သွားသည်။ နောက် နာရီဝက် ကြာသွားသည်။ မျက်လုံးဖွင့်ကြည့်ပြီး တစောင်းအနေအထားမှ ပက်လက်လှန် လိုက်သည်။ လက်နှစ်ဖက်ကို ပတ္တာဆက်ပြီး ဦးခေါင်းအောက်မှာ ထားလိုက်သည်။

ဒီလူက ဘယ်သူပါလိမ့်။ သူ ဘယ်သူလဲ။ မြေကြီးထဲက

ခုန်ထွက်လာတာလား။ သူ ဘယ်ကနေ မြင်သွားတာလဲ။ သူ သေသေချာချာ မြင်သွားတာ သေချာတယ်။ ဒါကို သံသယ ဖြစ်စရာမလို။ သူ ဘယ်နေရာက ရပ်ကြည့်နေတာလဲ။ ကြမ်းပြင်အောက်က ဘွားခနဲ ပေါ်လာ တာလား။ ဘယ်လိုလုပ်ပြီး သူ မြင်နိုင်မှာလဲ။ ဘယ်လို ဖြစ်နိုင်မှာလဲ။ ဟင်း…ခနဲ သက်ပြင်း ချပြီး ချမ်းစိမ့်လာကာ တဆတ်ဆတ် တုန်နေသည်။

နီကိုလေ ဆိုတဲ့ကောင် တံခါးနောက်က တွေ့တဲ့ စက္ကူဘူးကလေးကကော။ ဒါကော တကယ် ဖြစ်နိုင်ပါ့မလား။ ဒါ သက်သေခံပစ္စည်းလား။ ဒီလို အသေးအဖွဲကလေးတွေ စုလိုက်ရင် အီဂျစ်က ပိရမစ်ကြီးတခုလောက် တောင်ပုံရာပုံ ဖြစ်လာမှာလား။ ဖြတ်ပျံသွားတဲ့ ယင်ကောင် တကောင်ကလည်း မြင်မှာပဲ။ အဲဒီ ယင်ကောင်ကကော သက်သေခံ ဖြစ်လာ မှာလား။

ချက်ချင်း နုံးခွေသွားသလို ခံစားလိုက်ရသည်။ လုံးဝ မလှုပ်ချင်တော့။

တခုကို သတိရပြီး ခါးသီးစွာ ပြုံးလိုက်သည်။

"အင်း… ငါ ကြိုသိဖို့ ကောင်းတာပေါ့။ သွေးအလူးလူးနဲ့ ပုဆိန်ကို ကိုင်သွားရင်…

အင်း… အဲဒါ ငါ ကြိုသိတာပဲ'

သူ တယောက်တည်း တိုးတိုးပြောနေသည်။

တခါတလေမှာလည်း တွေးလက်စအတွေးကို ရပ်ပစ်လိုက်သည်။

သို့သော် ရောက်တတ်ရာရာ အတွေးတမျိုး ဝင်လာသည်သာ။

"သူတို့လို လူမျိုးတွေကတော့ မွေးကတည်းက ခေါင်းဆောင်ဖြစ်ဖို့ ဇာတာ ပါလား။ သူတို့မှာ လုပ်ချင်တာ လုပ်ခွင့် ရှိတယ်။"[33] တော်လွန်းကို ချေမှုန်းပစ်တယ်။ ပါရီ လူသတ်ပွဲ ကြီးကို သွေးချောင်းစီး ကျူးလွန်ခဲ့တယ်။ အီဂျစ်မှာ သူ့စစ်တပ်ကြီးကို မေ့ထား ခဲ့တယ်။ မော်စကိုမှာ လူသန်းဝက် သူ့ကြောင့် သေကျေပျက်စီးခဲ့ရတယ်။ ဗီလ်နီမှာ ပြည် တော်ပြန် မိန့်ခွန်း ပြောပြီး ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ်။ ဒါပေမဲ့ သူ သေတော့ ပြည်သူ တွေက သူ့ကြေးရုပ် ထုပြီး အလေးပြုကြတယ်။ ဒါဆို လုပ်ချင်ရာ လုပ်ခွင့် ရှိတယ်ပေါ့။ အဲဒီလို လူတွေရဲ့ ခန္ဓာကိုယ်တွေဟာ အသွေးအသားအစစ်နဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး။ ကြေးရည်တွေနဲ့ သွန်းထုထားတာပဲ ဖြစ်ရမယ်"

ရုတ်ခြည်း မဆီမဆိုင် အတွေးတခု ထပ်ဝင်လာပြီး ရယ်ချင်စိတ် ပေါက်သွားသည်။ "နပိုလီယမ်၊ ပိရမစ်၊ ဝါတာလူး၊ ညစ်တီးညစ်ပတ်၊ ဂါတ်စာရေး၏

ပြတင်းပေါက်၊ အပေါင်ခံ အဘွားကြီး၊ သူ့အိပ်ရာအောက်မှ အနီရောင် သံသေတ္တာကြီး။ ဒါတွေ အားလုံး ပေါ်ဖီရီ ဘယ်လိုလုပ်ပြီး အသေးစိတ်သိမှာလဲ။ တခြားကော ဘယ်သူ သိနိုင်မှာလဲ။ အလှအဘိဓမ္မာက ဒါတွေကို ခံစားခွင့် မပြုဘူး။ နပိုလီယမ်ကို အဘွားကြီးရဲ့ ခုတင်အောက်မှာ တွားသွားနေတာ တွေ့မယ်ဆိုရင် ယုတ္တိရှိပါ့မလား'

တမိနစ် တခါလောက် အဖျားတက်ချင်သလိုဖြစ်လာသည်။

သည်အထဲက ပျော်သလိုလိုလည်း ဖြစ်လာသည်။

သွေးပူပူနှင့် တွေးမိပြန်သည်။ အဘွားကြီးကိစ္စက အလကားပါ။ အမှားတခုခု ဖြစ်ချင် ဖြစ်မှာပေါ့။ ဒီကိစ္စ ဘာမှ အရေးမကြီးဘူး။ အဖျားတက်နေတဲ့အချိန် ဖြစ်တာ။ ဒါ လူသတ်မှု မဟုတ်ဘူး။ လူတယောက်ကို သတ်တာ မဟုတ်ဘူး။ စနစ်တခုကို သတ်တာ။ ငါ စည်းမကျော်ဘူး။ ဘာပြုလို့ ရာဇဝင်မီခင်က ဆိုရှယ်လစ်တွေကို ကလော်ဆဲနေရတာလဲ။ သူတို့တတွေ တိုင်းပြည်အတွက် အလုပ်လုပ်နေကြသားပဲ။ စီးပွားရေးအမြင်လည်း ရှိကြ တာပဲ။ သူတို့ ဦးတည်ချက်က 'တကမ္ဘာလုံး ဆင်းရဲတွင်းက လွတ်ကင်းရေး' ပဲ။ အလကားပါ ဘဝဆိုတာ တခါပါပဲ။ ဒုတိယအကြိမ် မရှိဘူး။ တကမ္ဘာလုံး ပျော်ရွှင်ရမယ့် နေ့ကို ငါ မစောင့် နိုင်ဘူး။ ငါ့ဘဝမှာ 'နေ' ချင်သေးတယ်။ အဲဒီဘဝမှာ အမေ့ကို အငတ်ငတ် အပြတ်ပြတ် ငါ မထား နိုင်ဘူး။ တကမ္ဘာလုံး ပျော်ရွှင်ရမယ့်နေ့ကို စောင့်ရင်း အိတ်ကပ်ထဲက ပိုက်ဆံကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်မထားနိုင်ဘူး။ တကမ္ဘာလုံး ပျော်ရွှင်မှုအတွက် အုတ်တချပ်၊ သဲတပွင့် လောက်ပဲ ငါ သိနိုင်ခဲ့တယ်။ အဲဒီအတွက် စိတ်ရဲ့ ငြိမ်းချမ်းမှုကို ငါ ရခဲ့တယ်။ ဒါ့ကြောင့် ငါ့နှလုံးသားဟာ ငြိမ်းချမ်းနေတယ်လို့ သူတို့ ပြောကြတယ်။ အဲဒါကို လူတွေ မမြင်ကြဘူး။ ငါဟာ ဖွတ်ကျားတကောင်ပဲ။ ဒါပေမဲ့ အလှအပကို ခံစားတတ်တဲ့ ဖွတ်ကျား။ ဒါထက် ဘာမှ မပိုဘူး။ ဘာပဲဖြစ်ဖြစ် ဘဝကိုတော့ 'နေ' ချင်သေးတယ်။

ပြီးတော့ အရူးတယောက်လို ရယ်ချလိုက်ပြီး 'ဟုတ်တယ်၊ ငါဟာ ဖွတ်ကျား တကောင်ပဲ'ဟု စိတ်ချဉ်ပေါက်ပေါက်နှင့် ဆက်တွေးသည်။ တပြိုင်တည်းတွင် သည်အတွေး ဖြင့်ပင် သူ့ကိုယ်သူ စိတ်ဖြေသည်။ ဘာကြောင့်ဆိုလျှင် တစ်၊ သူ့ကိုယ်သူ နှိမ့်ချတတ်လာ ခြင်းကြောင့် ဖြစ်ပြီး နှစ်၊ တလလုံးလုံး ပရဟိတလုပ်ငန်းတွေ ဆက်တိုက် လုပ်နိုင်ခဲ့တယ်။ ကိုယ့်ဆန္ဒနဲ့ ကိုယ်လုပ်ခဲ့တာချည်းပဲ။ အဖြေကောင်းခဲ့တာချည်းပဲ။ အဲ... သုံး၊ အဲဒါတွေ လုပ်တဲ့နေရာမှာ ဥပဒေဘောင် အတွင်းကချည်းပဲ။ သေသေချာချာ ချတွက်ပြီး လုပ်ခဲ့တာ ချည်းပဲ။ လောကကြီးထဲမှာ မရှိအပ်သူ၊ စက်ဆုပ် ရွံရှာဖွယ်ကောင်းသူ တယောက်ကို ရွေးခဲ့တယ်။ သူ့ကို ရှင်းပစ်ခဲ့တယ်။ ပထမအဆင့်အနေနဲ့ လိုအပ်သမျှ အတိအကျရဖို့ သည်ကိစ္စ ကို လုပ်ခဲ့တာ။ ပိုလည်း မပိုစေရဘူး၊ လိုလည်း

မလိုစေရဘူး။ (ပိုတာကို သူ့နောက်ဆုံး သေတမ်းစာအတိုင်း ဘုရားရှိခိုးကျောင်း လှူပစ်မှာ) နောက်ဆုံးတော့ ငါဟာ ဖွတ်ကျားပါပဲ။ ငါ သတ်လိုက်တဲ့ အဘွားကြီးထက်တောင် အောက်တန်းကျဦးမလား မသိဘူး။ လူသတ်မှု ဖြစ်ပြီးခါမှ ဒီလို မြင်လာတာ။ ဒါပေမဲ့ ဒီလို မဖြစ်ခင်ကတည်းက ဒီလို ဖြစ်ပြီးရင် ကိုယ့်ကိုယ်ကိုယ် ဒီလို မြင်လာမယ် ဆိုတာ ကြိုသိပြီးသား။

တွေးရင်း သွားတွေ ကြိတ်လိုက်သည်။

အို… ဒါထက် ကြောက်မက်ဖွယ်ကောင်းတဲ့ အဖြစ် လောကမှာ ရှိနိုင်ပါ့မလား။ သြော်… မာန မာန၊ အဲဒီကနေ ကမ်းကုန်အောင် ဆိုးယုတ်တဲ့ အပြစ်ကို ရောက်သွားတာ။ စက်ဆုပ်ရွံရှာဖွယ် အတိပါလား။ ဓားလွတ်ကိုင် မြင်းသည်တော် တမန်တော်ကြီးအကြောင်း ကောင်းကောင်း သိတာပေါ့။ အလ္လာအရှင်မြတ်က မိန့်တော်မူတယ်။ **'နာခံလေ့**34၊ ဆတ်ဆတ် တုန်နေသော အရှင်သတ္တဝါ' တဲ့။ သူ မှန်တယ်။ လမ်းတွေပေါ်မှာ စစ်ကြောင်းချီပြီး အပြစ် ရှိသူရော၊ အပြစ်မဲ့သူတွေကိုပါ အားလုံး ပစ်ခတ် သတ်ဖြတ်ပစ်တယ်။ သူ့ကိုယ်သူ မဆန်းစစ်ဘဲ အမိန့်နာခံတာလေ။ "နာခံလေ့၊ ဆတ်ဆတ်တုန်နေသော အသင်သတ္တဝါ'တဲ့။ သင့် ဆင်ခြင် တုံတရား၊ သင့်ဆန္ဒကို ဘေးချိတ်ထားလိုက်။ ယင်းသည် သင်နှင့် ဘိတ်ဘိတ်သား မဆိုင်။ ဒါကြောင့် အဘွားကြီးကို ငါ သတ်တာ အပြစ်ဟူသရွေ့ မြူငွေ့မျှ မရှိ။

သူ့ဆံပင်တွေ ချွေးတို့ဖြင့် စိုရွှဲစေးကပ်နေပြီ။ နှုတ်ခမ်းအစုံသည် ခြောက်သွေ့ တင်းမာနေပြီး မျက်လုံးအစုံက မျက်နှာကြက်တွင် စိုက်လျက်။

ငါ အင်မတန်ချစ်တဲ့ အမေ၊ ပြီးတော့ အချစ်ဆုံး ညီမလေး။ ဘာပြုလို့ သူတို့ကို ငါ ခု မုန်းနေတာလဲ။ ဟုတ်တယ်၊ သူတို့ကို မုန်းနေတယ်။ သူတို့ အနားလာရင် ငါ သည်းမခံ နိုင်ဘူး။ ငါ မနက်က အမေ့ကို နမ်းပြီး နှုတ်ဆက်ဖို့ စဉ်းစားသေးတယ်။ ငါ့ကိစ္စ အမေများ သိနေမလား ဆိုပြီး တုံ့သွားတာ။ သူသိရင် ဒွန်ညာ့ကို မပြောဘဲ နေမလား။ သိနေရင် သူတို့ လည်း ငါ့လိုပဲ ဖြစ်နေမှာပေါ့။ စဉ်းစားရင်း စဉ်းစားရင်း သည်အဘွားကြီးကို ပိုမုန်းလာသည်။ သူ ပြန်အသက်ရှင်လာရင် ငါ နောက်တခါ သတ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး။ သနားဖို့ကောင်း တာက မဆီမဆိုင် အဆစ်ပါသွားတဲ့ လီဇာဗီတာ။ ဘာပြုလို့များ ဒီအချိန်မှာ ပြန်ရောက်လာ တာလဲ။ ဘာပြုလို့ သူ့ကို ထည့်မတွက်ခဲ့မိသလဲ မသိဘူး။ သူ့ကို သတ်မိတယ်လို့ စိတ်ထဲ မထင်ဘူး။ လစ်ဇာ ဗီတာ၊ ဆွန်ညာ၊ သူတို့ နှစ်ယောက်စလုံး အတူတူပဲ။ ကြောက်ရွံ့အားငယ် နေတဲ့ မျက်လုံး ကိုယ်စီနဲ့။ သူတို့ဘဝမှာ ဘာမှ မကျန်တော့ဘူး။ သူတို့ ဘာလို့ မညည်းကြ ပါလိမ့်။ ဘာလို့ မငိုကြွေးကြပါလိမ့်။ သူတို့ မျက်လုံးတွေက အမြဲတမ်း ကြောက်ရွံ့ပြီး ညင်သာ နေတယ်။ ဆွန်ညာ၊ ဆွန်ညာ၊ သြော်… သနားစရာ ဆွန်ညာကလေး။

သူ သတိလစ်သွားပြန်သည်။ လမ်းပေါ်ကို ဘယ်လို ပြန်ရောက်လာသည်ကို သူ လုံးဝ မမှတ်မိ။ မိုးစုပ်စုပ်ချုပ်နေပြီ။ အမှောင်ထု သိပ်သည်းလာပြီ ဖြစ်သဖြင့် လရောင်က ရွှန်းမြလာသည်။ သို့သော် လေငြိမ်နေသဖြင့် အသက်ရှူလို့ အားမရ။ လမ်းပေါ်တွင် လူတွေ ပြည့်ကျပ်နေသည်။ နောက်ကျနေသည့် အလုပ်သမားတွေ၊ ဈေးသည်တွေ အိမ်ပြန်ချိန်။ အကား ထိုင်ပြီး လမ်းသလားနေသူများလည်း ပါသည်။

အတွေးကျွံနေသော ရပ်စ်ကိုလ်နီကော့ဗ်သည် စိတ်မသက်မသာဖြင့် ဆက်လျှောက် နေသည်။ အိမ်ကလျှောက်လာတုန်းက တခုခုလုပ်ဖို့ဆုံးဖြတ်ပြီး ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သတိရသည်။ ခပ်မြန်မြန်၊ ခပ်သွက်သွက် လုပ်ရမည့် ကိစ္စ။ သို့သော် ဘာဆိုသည်ကို ပြန်စဉ်းစား မရတော့။ လုံးဝ ဖော်မရတော့။

သူ ချက်ချင်း ခြေလှမ်းတုံ့သွားသည်။ လမ်းဟိုဘက်ခြမ်းမှ သူနှင့် တူရူသို့ လျှောက် နေသူတယောက်က သူ့ကို လှမ်းလက်ပြသည်။ ပြီးတော့ ဘာမှမဟုတ်သလို ခေါင်းငိုက်စိုက် ချပြီး ဆက်လျှောက်နေသည်။ သူလက်ပြသည်ကို မေ့သွားသည့်အလား။ ဘယ်လိုလူပါလိမ့်။ စောစောက လက်ပြပြီး ခုကော့ သူ မဟုတ်သလို။ နောက်ထပ် ဆယ်လှမ်းလောက် လျှောက်တော့ သူ့ကို မှတ်မိသွားသည်။ ဒီနေ့ တွေ့တဲ့လူပါလား။ သည်အဝတ်အစားဖြင့်ပင်။ ခါးကိုင်းကိုင်း နှင့် လျှောက်နေခြင်းပင်။ နောက်သို့ လှည့်မကြည့်။ ဘေးသို့ ငဲ့မကြည့်။

ရပ်စ်ကိုလ်နီကော့ဗ် ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ သူ ငါ့ကို သတိထားတာကော ဟုတ်ရဲ့လား။ ထိုလူက တိုက်ကြီးတလုံး၏ ဝင်းခြံထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ လှည့်များ လာမလား အထင်နှင့် သူ့နောက်သို့ လိုက်ဝင်သွားသည်။ သို့သော် သူ့ကို မမီတော့။ သူ ပျောက် သွားပြီ။ သေချာပြီ။ လှေကားပေါ် ဘက်သွားပြီ။ ရပ်စ်ကိုလ်နီကော့ဗ် အပြေး လိုက်သွားသည်။ အပေါ်နှစ်ထပ်လောက်ဆီမှ ခပ်မှန်မှန် လှမ်းတက်သွားသော ခြေသံကို အတိုင်းသား ကြားနေရသည်။ သူ ဖြည်းဖြည်း တက်လိုက်သွားသည်။ ဟင်... တက်ဖူးသည့် လှေကားပါလား။ ပထမထပ်ရောက်တော့ မှန်ပြတင်းမှ လရောင်သည် အတွင်းဘက်သို့ ဆွေးဆွေး မြည့်မြည့် ဖြာဆင်းနေသည်။ မှန်ချပ်များကို ဖြတ်သန်းလာသည့် အလင်းရောင်မှာ စိတ် လှုပ်ရှားချင်စရာ။ ဒုတိယထပ်သို့ ရောက်လာခဲ့ပြီ။ ဟိုက်... ဆေးသမားနှစ်ယောက် ဆေးသုတ် နေသည့် အခန်းပါလား။ ဘာပြုလို့များ သည်တိုက်ကို ရုတ်တရက် မမှတ်မိတာပါလိမ့်။

သူ့ရှေ့မှ တက်သွားနေသော လူ၏ခြေသံ ပျောက်သွားသည်။ တနေရာတွင် ချိုးကွေ့ ပုန်းနေခြင်း ဖြစ်မည်။ တတိယထပ်သို့ ရောက်လာခဲ့ပြီ။ ဆက်တက်ရမှာလား၊ ပြန်ဆင်းရ မှာလား သူတွေသွားသည်။ တိတ်ဆိတ်နေပုံက နှလုံးသွေးပျက်ချင်စရာ။ သို့သော် သူ့ခြေထောက် တွေက လှမ်းတက်နေပြီ။ သူ့ခြေသံကို သူ ပြန်လန့်နေ၏။ လှေကားထဲတွင် ပိန်းပိန်းပိတ် မှောင်နေသည်။ ဟိုလူ

ဘယ်ထောင့်ကပ်ပြီး ချောင်းကြည့်နေပါလိမ့်။ ဟိုအခန်း တံခါးက ပွင့်လျက်သား။ စဉ်းစားပြီး အခန်းထဲ ဝင်လိုက်သည်။ မှောင်နှင့်မည်းမည်း။ အခန်းထဲတွင် ဘယ်သူမှ မရှိ။ သက်မဲ့ အခန်းကြီး။ ခြေဖျားထောက်ပြီး ဧည့်ခန်းထဲ ဝင်လိုက်သည်။ အခန်းထဲတွင် လရောင် လင်းနေသည်။ ပရိဘောဂတွေကမူ အရင်အတိုင်း ရှိနေဆဲ။ ကုလားထိုင် တွေလည်း သူ့နေရာနှင့်သူ။ မှန်တင်ခုံနှင့်အဝါရောင်ဆိုဖာကြီးမှာလည်း အလားတူ။ ပေါင်သွင်း ဓာတ်ပုံများမှာလည်း သူ့နေရာနှင့် သူ။ အနီရောင်သမ်းနေသည့် ဝိုင်းဝိုင်းစက်စက် လဝန်း ကြီးကို ပြတင်းပေါက်မှ အတိုင်းသား မြင်နေရသည်။ လရောင်ကြောင့် ပိုပြီး တိတ်ဆိတ် နေတာများလား၊ ဒါမှမဟုတ် လရောင်က ပဟေဠိ တခုကို ဖော်ထုတ်နေတာလားဟု သူ စဉ်းစားနေသည်။

သူ ရပ်စောင့်နေသည်။ အကြာကြီး ရပ်စောင့်နေသည်။ လရောင်က ငြိမ်သက်နေ သလောက် သူ့ရင်တွင်းက ဗလောင်ဆူနေသည်။ ပြီးတော့ ရင်ဘတ်တွေ နာလာသည်အထိနှလုံးခုန်လာသည်။

ပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်။ ဤတွင် ရုတ်တရက် ချိုးချိုးချွတ်ချွတ်အသံ တိုးတိုးလေး ထွက်လာသည်။ မီးခြစ်ဆံကလေးတချောင်း ကျိုးသွား သည့် အသံမျိုး။ ပြီးတော့ ပြန်တိတ်သွားပြန်သည်။ လန့်နိုးလာသည့် ယင်ကောင်တကောင် ထ,အပျံတွင် ပြတင်းပေါက်မှန်နှင့် တိုက်မိသည်။ ပြီးတော့ တဝီဝီ ဆက်တိုက်အော်ကာ ပျံထွက်သွားသည်။ ထိုစဉ် အခန်းထောင့်မှ အဝတ်ဗီရိုနှင့် ပြတင်းပေါက်ကြား နံရံတွင် ချိတ် ထားသည့် အမျိုးသမီးဝတ်ရုံတခုကို လှမ်းမြင်လိုက်သည်။ အရင်တုန်းက သည်နေရာမှာ သည်ဝတ်ရုံ မရှိပါဘူးဟု သူ ပြန်တွေးသည်။ သည်ဝတ်ရုံ၏ နောက်ကွယ်တွင် တယောက် ယောက် ပုန်းများနေသလားဟု သူ တွေးလိုက်သည်။ ထင်သည့်အတိုင်းပင် ဝတ်ရုံကို ဆွဲယူ လိုက်တော့ ကုလားထိုင်တလုံးပေါ်တွင် အဘွားကြီးတယောက် ထိုင်နေသည်။ ခါးကုန်းပြီး ဦးခေါင်းကို ရှေ့တွင် ငိုက်လျက်။ ထို့ကြောင့် သူ့ မျက်နှာကို မမြင်နိုင်ဘဲ ဖြစ်နေသည်။ သို့သော် သေချာပါသည်။ သူမှ သူ။ သည်အဘွားကြီးမှ သည်အဘွားကြီး အစစ်။ အရမ်း ကြောက် နေပုံ ရသည်။ ချိုင်းကြားတွင် လျှိုထည့်ထားသည့် ကြိုးကွင်းမှ ပုဆိန်ကို ထုတ်ပြီး ဦးခေါင်းတည့်တည့်ကို ဆက်ကာ ဆက်ကာ ခုတ်ချလိုက်သည်။ ဟင်... ထူးဆန်းလှချေလား။ အဘွားကြီးက တချက်ကလေးမှ မလှုပ်။ သစ်သားရုပ်တခုလို ငြိမ်ခံနေသည်။ သည်တော့မှ သူ တွေးကြောက်လာသည်။ အနားသွားပြီး သူ့မျက်နှာကို ငုံ့ကြည့်တော့ သူက ပိုငုံ့သွားသည်။ ဤတွင် ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီး အဘွားကြီး၏ မျက်နှာကို သေသေချာချာ မော့ကြည့်လိုက်သည်။ သူ့တကိုယ်လုံး အေးစက်သွားသည်အထိ အထိတ်တလန့် ဖြစ်သွားသည်။ ဘုရားသခင်။ အဘွားကြီးက ရယ်နေပါကလား။ အသံမကြားအောင်

ကျိတ်ရယ်နေခြင်းမျိုး။ ဤတွင် အနည်းငယ် ဟ,ထားသော အိပ်ခန်းဆီမှ လူတွေ စကားပြောသံ၊ ရယ် မောသံတွေ ထွက်လာသည်။ သူ ဒေါသ ထွက်လာပြီး အဘွားကြီး၏ ဦးခေါင်းကို အားရပါးရ ထပ်ခုတ် ပြန်သည်။ သူ ခုတ်လေ၊ အိပ်ခန်းထဲမှ အသံတွေ ပိုကျယ်လာလေ။ အဘွားကြီးကလည်း တကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရယ်နေပြီ။

သူ ထွက်ပြေးဖို့ ပြင်လိုက်သည်။ သို့သော် အခန်းဝတွင် လူတွေအများကြီး ရောက်နေကြပြီ။ တံခါးဝမှ တိုးဝှေ့ စုပြုံပြီး အတွင်းဘက်သို့ ကြည့်နေကြသည်။ သို့သော် အသံ မထွက်ကြ။ သူ အသက်ရှုကျပ်သွားသည်။ ခြေထောက်တွေက လှုပ်မရတော့။ အသားကုန် အော်လိုက်ဖို့ သူ ကြိုးစားသည်။ ဤတွင်မှ အိပ်ရာက နိုးလာတော့သည်။

သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ သို့သော် ထူးဆန်းစွာဖြင့် အိပ်မက်က မပြီးဆုံးသေးဟု စိတ်ထဲ ထင်နေ၏။ သူ့အခန်းတံခါးက ပွင့်လျက်သား။ တံခါးဝတွင် လူ တယောက် ရပ်နေသည်။ သူ လုံးဝ မသိသည့် မျက်နှာစိမ်း။ သူ့ကိုကြည့်ပြီး သေသေချာချာ လေ့လာနေပုံ။

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်မှေးမှေးကလေး ဖွင့်ထားသော မျက်လုံးအစုံကို ပြန် မှိတ်ထားလိုက်သည်။ ပြီးတော့ မလှုပ်မယှက် ဆက်လှဲနေလိုက်သည်။ အိပ်မက်က ဆုံးသေး သည် မထင်။ မျက်တောင်များကို အသာချပြီး မှေးစင်းသော မျက်လုံးများဖြင့် တံခါးဝသို့ လှမ်းကြည့်လိုက်သည်။ လူစိမ်းက ရပ်လျက် သူ့ကို စောင့်ကြည့်နေဆဲပင်။

ပြီးမှ တံခါးကို သေသေချာချာ ပိတ်ပြီး ခပ်ဆဆ ခြေလှမ်းများဖြင့် သူ့ အခန်းထဲ ဝင်လာသည်။ စားပွဲဆီ လျှောက်သွားပြီး တမိနစ်ခန့် သူ စောင့်နေသည်။ မျက်လုံးက သူ့ဆီမှ မခွာ။ ပြီးမှ အသံမကြားအောင် ဆိုဖာနံဘေးမှ ကုလားထိုင်တလုံးတွင် အသာဝင်ထိုင်သည်။ ဦးထုပ်ကို ကုလားထိုင်နံဘေးမှ ကြမ်းပြင်ပေါ်တွင် ချလိုက်သည်။ လမ်းလျှောက်တုတ်ပေါ်သို့ လက်နှစ်ဖက်တင်ပြီး မေးစေ့ကို လက်နှစ်ဖက်ပေါ်တင်လျက်။ သူ့ ကြည့်ရသည်မှာ အကြာကြီး စိတ်ရှည်လက်ရှည် စောင့်မည့်ပုံ။ မျက်တောင်စင်းလျက် ကြည့်တော့ လူငယ်တယောက် မဟုတ်။ ခပ်တောင့်တောင့် လူကြီးတယောက် ဖြစ်သည်။ မုတ်ဆိတ်ထူထူတွေ ဖြူစပြုနေပြီ။

ဆယ်မိနစ်ခန့် ကြာသွားသည်။ အလင်းရောင် ရှိနေသေးသည်။ သို့သော် ဆည်းဆာ ချိန် ကုန်လုပြီ။ အခန်းထဲတွင် တိတ်ဆိတ်နေဆဲ။ လှေကားဆီမှ တက်သံ၊ ဆင်းသံ မကြားရ။

ယင်မကြီးတကောင်သာ ပျံသန်းရင်း မှန်ပြတင်းနှင့် တဒုန်းဒုန်း

ဝင်ဆောင့်နေသည်။ ပြုတ်ကျ လိုက်၊ ထပျံလိုက်။

နောက်ဆုံး သည်းမခံနိုင်တော့သည့်အခါ ဆိုဖာပေါ်သို့ ရပ်စ်ကိုလ်နီကော့ဗ် ဝုန်းခနဲ ထ,ထိုင်လိုက်သည်။

"ကဲ.. ပြော၊ ခင်ဗျား ဘာလိုချင်တာလဲ"

"အင်း… ကျုပ် သိတယ်ဗျ။ ကိုရင် အိပ်ပျော်တာ မဟုတ်ဘူး။ အိပ်ချင်ယောင် ဆောင်နေတာ"

လူစိမ်းက ခပ်တိုးတိုးရယ်ပြီး ထူးဆန်းသော စကားကို ဆိုသည်။ ပြီးမှ သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျုပ်ကိုယ် ကျုပ်ပဲ မိတ်ဆက်ပါရစေ။ ကျုပ်က အာကာဒီအီဗန်နိုဗစ်ဆဗီဒရီဂေး လော့ဗ်ပါ"

※※※

အပိုင်း (၄)

(၁)

ဒါဟာ ငါ့အိပ်မက်ရဲ့ အဆက်များလားဟု ရပ်စ်ကိုလ်နီကော့ဗ် နောက်တခါ တွေးမိပြန်သည်။ မမျှော်လင့်ဘဲ ရောက်လာသည့် ဧည့်သည်ကို မယုံသင်္ကာစိတ်ဖြင့် သတိထားပြီး စိုက်ကြည့် နေသည်။

နောက်ဆုံးတွင် စိတ်ရှုပ်ရှုပ်နှင့် ပြောချလိုက်သည်။

"ဘာ...ဆဗီဒရီဂေးလော့ဗ် ဟုတ်လား၊ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိ" သူ သည်လို တုံ့ပြန်သည့်အတွက် ဧည့်သည်က လုံးဝ အံ့သြပုံ မရ။

"ကျုပ် ဒီကို ကိစ္စနှစ်ခုနဲ့ လာခဲ့တာ။ ပထမကိစ္စက ကိုရင်နဲ့ လူချင်းတွေ့ချင်တယ်၊ သိကျွမ်းချင်တယ်။ ကိုရင့်အကြောင်းတွေ အများကြီး ကြားဖူးထားလို့ပါ။ ဒါကြောင့် စိတ်ဝင်စားတယ်လေ။ ဒုတိယအချက်ကတော့ ကိုရင် ချစ်တဲ့ ညီမလေးနဲ့ ပတ်သက်တဲ့ ကိစ္စကလေး တခုကို ကူညီနိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ဒီကိစ္စကို ကျုပ်တယောက်တည်း ချဉ်းကပ်ရင် ဒွန်ညာက သူ့မာနနဲ့သူ ဆိုတော့ လက်ခံချင်မှ လက်ခံလိမ့်မယ်။ ဒါကြောင့် ကိုရင့်အကူအညီ လိုတယ်။ အဲဒါကြောင့် အားကိုး..."

ရပ်စ်ကိုလ်နီကော့ဗ်က စကားဖြတ်ပြီး-

"ခင်ဗျား ကျွန်တော့်ကို ဘာမှ အားကိုးစရာမလိုဘူး။ ဘာမှ လာမပတ်သက်ပါနဲ့"

"ကျုပ် တခု မေးပါရစေ။ သူတို့ မနေ့က ရောက်လာကြပြီ မဟုတ်လား"

ရပ်စ်ကိုလ်နီကော့ဗ် တုံ့ဏှိဘာဝေ လုပ်နေသည်။

"ဟုတ်တယ်။ သူတို့ မနေ့က ရောက်ရမယ်။ ကျုပ်က တနေ့က အဲ... လွန်ခဲ့တဲ့ နှစ်ရက်က ရောက်တာ။ ကျုပ် ပြောပြမယ် ရိုဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်။ ကျုပ် အကြောင်း အချိန်ကုန်ခံပြီး မပြောတော့ပါဘူး။ ဒါပေမဲ့ တခုတော့ မေးခွင့်ပြုပါ။ ဒီကိစ္စမှာ ကျုပ်ရဲ့ အပြုအမူက ရာဇဝတ်မှု မြောက်နေလို့လား။ ဆိုလိုတာက အာဃာတ မပါဘဲ သာမန်အမြင် နဲ့ ကြည့်ဖို့ ပြောတာပါ"

ရပ်စ်ကိုလ်နီကော့ဗ်က ဘာမှမပြောဘဲ သူ့ကို စိုက်ကြည့်နေသည်။

“အဓိကအချက်က ဘာလဲဆိုတော့ ကျုပ်အိမ်က အကာအကွယ်မဲ့တဲ့ မိန်းကလေး အလုပ်သမ တယောက်ကို ချဉ်းကပ်ခဲ့တယ်။ သူ့အချစ်ကို တောင်းခံတယ်။ ကျုပ်ပြောတာ ရှေ့လောကြီးနေသလား မသိဘူး။ ကျုပ်ဟာ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပါ။ ကျုပ်မှာလည်း အချစ်ရှိတယ်လေ။ မိန်းကလေးရဲ့ အပြင်းစား အလှခွန်အားကို ကျုပ် မလွန်ဆန်နိုင်ဘူးလေ။ ဘယ်လိုမှ မထိန်းနိုင်အောင် ဖြစ်ခဲ့ရတယ်။ ရှင်းပြလို့ ရနိုင်တဲ့ကိစ္စ ဖြစ်ပေမယ့် ကျုပ်ဟာ လူရမ်းကားကြီး ဖြစ်ခဲ့ရတယ်။ အမေရိကန်ကိုဖြစ်ဖြစ်၊ ဆွစ်ဇာလန်ကိုဖြစ်ဖြစ် ထွက်ပြေး ကြရအောင်လို့ စီမံမိတာနဲ့ ကျုပ်ဟာ သည်ဘဝ ရောက်ခဲ့ရတယ်။ ကျုပ်က ဒီအစီအစဉ်ကို အလေးအနက် ဆွဲထားတာ။ သူ့ကို တကယ်တန်ဖိုးထား မြတ်နိုးလို့၊ လေးစားလို့၊ နှစ်ယောက် သားရဲ့ သုခဘုံကလေးဖြစ်ဖို့ ကျုပ်က ကြိုးစားခဲ့တာ။ အမှန်ကတော့ ကျုပ်ဟာ ရမ္မက်ဆန္ဒရဲ့ သားကောင် ဖြစ်ခဲ့ရတာပေါ့လေ။ အို...ဘုရားသခင်၊ အဲဒီဒဏ်တွေကို သူ့ထက် ကျုပ်က ပိုခံခဲ့ရတယ်လေ။ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်ခဲ့ရတယ်လေ”

ရပ်စ်ကိုလ်နီကော့ဗ်က ဒေါပွပွဖြင့် ဖြတ်ပြောလိုက်သည်။

“အဲဒါ ဘာကိစ္စ ခင်ဗျား ကျွန်တော့်ကို လာပြောနေတာလဲ။ ရှင်းရှင်းလေးပဲ။ ခင်ဗျားကို သဘောမကျလို့ သူတို့ ခါထုတ်လိုက်တာပဲ။ ပြီးသွားပြီ။ ရှင်းသွားပြီပဲ။ သွားပါတော့ဗျာ”

ဆဗီဒရီဂေးလော့ဗ် ရယ်ချလိုက်သည်။

“အင်း....ကိုရင်က သိပ်မလွယ်ပါလား။ ကျုပ်က သွယ်ဝိုက်ပြီး ယဉ်ယဉ်ကျေးကျေး ပြောနေတာ။ ကိုရင်က တဲ့တိုးကြီးကိုး”

“ခင်ဗျားက ခုထက်ထိ သွယ်ဝိုက်နေချင်တုန်းလား”

ဆဗီဒရီဂေးလော့ဗ်က ဆက်ရယ်နေပြီး-

“အဲဒါ ဘာဖြစ်လဲ။ သူတို့ ပြောကြသလိုပေါ့။ ကျုပ်က လူသားပဲ။ ဒါပေမဲ့ လူသား မဆန်တာဟာ ကျုပ်အတွက် အဆန်း မဟုတ်ဘူးလေ။35 အဲ...ဘယ်ရောက်သွားပါလိမ့်။ သွယ်ဝိုက်ပြောတာ ရာဇဝတ်မှု မဟုတ်ပါဘူးဗျာ။ ကျုပ် အခိုင်အမာ ပြောမယ်။ တကယ်လို့သာ ပန်းခြံထဲမှာ ဖြစ်ခဲ့တဲ့ကိစ္စ မာဖာပီထရိုဗနာ ကြားမသွားရင် ဘာမှ ပြဿနာ ...”

“ကျွန်တော် ကြားတော့ မာဖာကို ခင်ဗျား သတ်တာဆို” ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ရိုင်းရိုင်း ဖြတ်ပြောပြန်သည်။

“ဩော်.. ဒါလည်း ကိုရင် ကြားပြီးပြီကိုး။ အင်းလေ...ကြားမှာပေါ့။ ကိုရင်

ပြောတဲ့ ကိစ္စနဲ့ ပတ်သက်လို့ကျုပ် ဘာပြောရမှန်း မသိဘူး။ ကျုပ်ကတော့ ဒီကိစ္စမှာ လိပ်ပြာ သန့်တယ်။ ကျုပ်ကို လူကြမ်းလို့ ကိုရင် ထင်နေသလား။ အားလုံးကို ကျုပ်က ယထာဘူတကျကျ ဖြေရှင်း ထားတာ။ တိတိကျကျ လုပ်တာ။ ဆရာဝန်ကြီးတွေက သူ့ရောဂါကို လေသင်တုန်း ဖြတ်တာလို့ အတည်ပြုကြတယ်။ ဝိုင်တလုံး ကုန်အောင် သောက်တယ်။ ဗိုက်အပြည့် စားထားတယ်။ အဲဒီအချိန်မှာ ရေချိုးတယ်။ အဲဒါကြောင့်မို့ ဖြစ်တာလို့ ရှင်းပြကြတယ်။ ဒါထက်ပိုပြီး သူတို့လည်း ဘာမှ မပြောနိုင်ကြဘူး။

"ကိုရင်တို့ ထင်သလို လုံးဝ မဟုတ်ဘူး။ ကျုပ်ကိုယ် ကျုပ် ပြန်စဉ်းစားတယ်။ အထူးသဖြင့် ဒီကိုအလာ ရထားပေါ်မှာပေါ့။ ဒီအဖြစ်ဆိုးကြီးဟာ ငါ့ကြောင့် ဖြစ်ရတာလား စဉ်းစားတာပါ။ စိတ်ဓာတ်ရေးရာအရရော၊ ဝန်တိုစိတ်အကြောင်းပါ ထည့်စဉ်းစားတယ်။ လုံးဝ၊ လုံးဝ ကျုပ်အပြစ် မဟုတ်ဘူး ဆိုတဲ့အဖြေ ထွက်တယ်"

ရပ်စ်ကိုလ်နီကော့ဗ်က ရယ်ပြီး-

"ခင်ဗျား ဘာလို့ အဲဒီကိစ္စ စိတ်ပူနေတာလဲ"

"ဒါ ရယ်စရာ မဟုတ်ပါဘူး။ ကိုရင် စဉ်းစားကြည့်၊ သူ့ကို ကျုပ် ကျာပွတ်နဲ့ နှစ်ခါပဲ ရိုက်ဖူးတယ်။ အရိုးရာတောင် မထင်ပါဘူး။ ကျုပ်ကို အဆိုးမြင်ဝါဒသမားလို မမြင်စေချင် ဘူး။ ဒီကိစ္စနဲ့ ကျုပ်ရဲ့အပြုအမူဟာ ဟိုးလေးတကျော် ဖြစ်သွားတယ်။ မိန်းမလုပ်တဲ့လူက ပျော်တောင်နေသေးတာ။ အဲ... နောက်တော့ ဒွန်ညာ အိမ်ရောက်လာတဲ့အခါ ကျုပ် တိမ်းတိမ်း ပွေပွေ ဖြစ်တော့တာပဲ။ ကျုပ်ရဲ့ အသိဉာဏ်တွေ၊ စဉ်းစားဉာဏ်တွေ သုညအောက် ရောက် သွားခဲ့တယ်။

"သူ နေမကောင်းဖြစ်ပြီး အိမ်မှာ သုံးရက် နားနေရတယ်။ မြို့ဆေးရုံ ပို့ဖို့လည်း မလိုဘူးလို့ ဆရာဝန်တွေက ပြောတာကိုး။ အဲဒီမှာ သူရေးတဲ့ စာတစောင်ကြောင့် အားလုံး မျက်လုံး ပြူးကုန်ကြတယ်။ (အဲဒီစာအကြောင်း ကိုရင် ကြားပြီးရောပေါ့) အဲဒီမှာ မာဖာရဲ့ လျှပ်ရှားပုံကြောင့် နောက်ထပ် မျက်လုံးပြူးကြရပြန်တယ်။ ချက်ချင်း ရထားပြင်ခိုင်းတယ်။ မြင်းတွေ တပ်ခိုင်းတယ်။ မိန်းမတွေ ကြမ်းလာပြီ ဆိုရင် ယောကျ်ားတွေထက် သာတယ်နော်။ သိပ်ကြောက်စရာ ကောင်းတယ်"

ရပ်စ်ကိုလ်နီကော့ဗ် ထွက်ပြေးချင်စိတ် ပေါက်လာသည်။ သို့သော် သူ့တွင် သိချင်စိတ်တွေ တဖွားဖွား ပေါ်လာနေသည်။

"ခင်ဗျား တိုက်တာ၊ ခိုက်တာ ဝါသနာပါလား"

ဘာကြောင့်မှန်း မသိဘဲ မေးလိုက်မိသည်။

ဆဗီဒရီဂေးလော့ဗ် ခပ်အေးအေး ဖြေသည်။

"ဟင့်အင်း၊ မိန်းမနဲ့တောင် ရန်ဖြစ်ခဲတယ်။ ကျုပ်တို့ အိမ်ထောင်သက် ခုနစ်နှစ် အတွင်းမှာ သိပ်ငြိမ်းချမ်းခဲ့တယ်။ အပေးအယူ မျှတယ်။ အတွေးအမြင် တူတယ်။ သူ ကျုပ်ကို ကျေနပ်ခဲ့တာ သေချာပါတယ်။ လက်ထပ်ပြီး နှစ်လအကြာမှာ ယာတောအိမ်ကြီးကို ကျုပ်တို့ ပြောင်းလာခဲ့ကြတယ်။ ကျုပ်ကတော့ ကျုပ်ကို ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ ကျွန်ပိုင်ရှင်လို့ ပြောမလားပဲ။ ဩော်...စကားမစပ်၊ မှတ်မိမလား မသိဘူး။ အထက်တန်းလွှာတွေ၊ သူကောင်းမျိုးတွေမှာ လွတ်လပ်စွာ လုပ်ပိုင်ခွင့်တွေ ရှိတဲ့အချိန်ပေါ့။ ရက်စက်ပြမှ နာမည်ကျော်တယ် ဆိုတဲ့ ယုံကြည်မှုမျိုးလေ။ ကျွန်တော်တို့သူကောင်းမျိုးထဲက လူတယောက်...နေပါဦး၊ သူ့နာမည် မေ့နေတယ်။ ဒီအကြောင်း သတင်းစာတွေထဲမှာ အသေးစိတ် ပါလာပြီး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဖတ်ကြတဲ့ သတင်းပေါ့။ အဲဒီပုဂ္ဂိုလ်က ရထားတွဲ ထဲမှာ ဂျာမန်အမျိုးသမီးကလေးကို ကြိမ်ဒဏ်ပေးတာလေ။ ကိုရင် မမှတ်မိဘူးလား။ နောက်ရှိသေးတယ်။ အဲဒီနှစ်မှာပဲ 'တို့ခေတ်' မဂ္ဂဇင်းမှာ ပါတဲ့ '**အီဂျစ် နွေညများ**[36] နဲ့ ပတ်သက်ပြီး ပွက်လောရိုက်သွားတာလေ။

'တို့ မျက်ဝန်းနက်များရယ်၊ ကိုယ်တို့ငယ်ဘဝ ရွှေခေတ်က မင်း ဘယ်မှာလဲကွယ်[37]' "ကျုပ်အမြင်က ဒီလိုပါ။ ကျုပ်ကတော့ ဂျာမန်အမျိုးသမီးကို ကြိမ်ဒဏ်ပေးတဲ့ အဲဒီပုဂ္ဂိုလ်ကို လုံးဝ ကရုဏာ မဖြစ်မိဘူး။ ဘာလို့ သနားရမှာလဲ။ ဒါပေမဲ့ ဂျာမန်မကလေး တွေ ဆွဲဆောင်မှု ရှိတယ်။ ဘယ်လောက် တိုးတက်ပါတယ် ဆိုတဲ့၊ သမာဓိ ရှိပါတယ် ဆိုတဲ့ လူတွေလည်း ကြွေကြမှာပဲ။ ဒီတော့ ပြဿနာတွေ ရှိမှာပေါ့။ ဘယ်သူမှ အဲဒီလို မဖြစ်ပါဘူးလို့ အာမမခံနိုင်ပါဘူး။ ဘယ်သူမှ ဒီရှုထောင့်က မကြည့်ကြဘူး။ အဲဒါဟာ လူအဆန်ဆုံး ရှုထောင့်ပဲ"

ပြောပြီး ဆဗီဒရီဂေးလော့ဗ် ရယ်နေပြန်သည်။ သူ့ ကြည့်ရတာ စွဲစွဲမြဲမြဲ ယုံကြည် တတ်သူ။ ပြီးတော့ လျှို့ဝှက်တတ်သူဟု ရပ်စ်ကိုလ်နီကော့ဗ် အကဲခတ်လိုက်သည်။

"ခင်ဗျား ကြည့်ရတာ လူတွေနဲ့ စကားမပြောရတာကြာပြီ ထင်တယ်" ရပ်စ်ကိုလ်နီကော့ဗ်က မေးလိုက်သည်။

"မပြောဖြစ်သလောက်ပါပဲ ကိုရင်ရာ။ ဒါထက် ကျုပ်ကို သဘောထားပျော့ပျောင်းတဲ့ လူတယောက်လို့ မထင်ဘူးလား"

"အဲဒီလို မဟုတ်ဘူး။ အလွန်အမင်း ပျော့ပျောင်းတယ်လို့ ထင်တာ"

“ကိုရင်ရဲ့ ရိုင်းပျတဲ့ မေးခွန်းတွေကို ကျုပ်က စိတ်မဆိုးလို့ မဟုတ်လား။ ဘာ စိတ်ဆိုးစရာ ရှိလဲ။ အမေးရှိရင် အဖြေရှိရမှာပေါ့”

သူ ပြန်ဖြေပုံက အံ့သြစရာ ကောင်းလောက်အောင် ရိုးသားနေသည်။

သူက ရီဝေဝေ မျက်လုံးတွေနှင့် စကားဆက်သည်။

“ဒီလိုရှိတယ် ကိုရင်ရ။ ကျုပ် စိတ်ဝင်စားတဲ့ အလုပ် သိပ်မရှိဘူး။ ခု ပိုဆိုးတာပေါ့။ ကျုပ်မှာ လုပ်စရာ ဘာမှ မရှိတော့ဘူး။ ကိုရင့်ကို ကျုပ် ဘာကြောင့် ချဉ်းကပ်လာတယ် ဆိုတာ ကိုရင် ကြိုက်သလို ယူဆနိုင်ပါတယ်။ အမှန်က ကိုရင့် ညီမလေးနဲ့ ကိစ္စလေးတခု အတွက် တွေ့ချင်တာက အဓိကပါ။ တခု ကျုပ် ပွင့်ပွင့်လင်းလင်း ဝန်ခံမယ်။ လောကကြီး ကို ကျုပ် အရမ်းငြီးငွေ့နေတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ သုံးရက်လုံး အဆိုးဆုံးအဆင့်ကို ရောက်လာတယ်။ ကိုရင်နဲ့ တွေ့ရတာ အရမ်းဝမ်းသာတယ်။ စိတ်မဆိုးနဲ့နော်။ ကိုရင့် ကြည့်ရတာ ထူးဆန်းနေသလိုပဲ။ တခုခု ဖြစ်နေသလိုပဲ။ ခုမှထင်တာ မဟုတ်ဘူး။ ကျုပ် ဆိုလိုတာက ခုလောလောဆယ် ဖြစ်တာ မဟုတ်ဘူး။ ကဲ... ထားပါ၊ ထားပါ။ ကျုပ်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကိုရင် ထင်သလို ကျုပ်ဟာ လူရိုင်းတယောက် မဟုတ်ပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို မျက်မှောင်ကုတ် ကြည့်နေသည်။

“ခင်ဗျားဟာ လူရိုင်းတယောက် မဟုတ်ပါဘူး။ ခင်ဗျားဟာ ဆွေကြီးမျိုးကြီးထဲ ကမှန်း သိသာပါတယ်။ အနည်းဆုံး အခါအားလျော်စွာ ခင်ဗျားဟာ လူကြီးလူကောင်း တယောက်ပဲ”

“ကျုပ်က လူတမျိုးဗျ။ ရော့ဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်။ တခြားလူတွေရဲ့ အမြင်ကို သိပ်စိတ်မဝင်စားပါဘူး”

ဆဗီဒရီဂေးလော့ဗ်က ခြောက်ကပ်ကပ် ပြန်ပြောသည်။ သူပြောပုံက ရန်လိုသည့် လေသံစွက်နေသည်။

“ဒါကြောင့် တခါတလေ အောက်တန်းကျတာ ဘာဖြစ်လဲ။ အောက်တန်းကျခြင်းဟာ ကျုပ်တို့ ရာသီဥတုမှာ ဝတ်ရုံတခု ဖြစ်နေပြီပဲ။ အထူးသဖြင့် နဂိုက အောက်တန်းကျချင်ချင် ကောင်တွေအတွက် အတော်ပဲပေါ့”

သူက ရယ်ပြီး ပြောလိုက်သည်။

“နေပါဦး၊ ကျွန်တော် သိသလောက် ခင်ဗျားမှာ အပေါင်းအသင်းတွေ အများကြီးပဲ။ ဘာပြုလို့ ကျွန်တော့်ဆီ လာတာလဲ။ အကြောင်းတခုခု ရှိလို့ပေါ့၊ ဟုတ်လား”

“သိပ်ဟုတ်တာပေါ့။ ဒီမှာ ကျုပ် မိတ်ဆွေတွေ အများကြီး ရှိပါတယ်”

ဆာမီဒရီဂေးလေ့ဇ်က အဓိကအချက်ကို မပြောဘဲ ခပ်လုံးလုံး ဖြေလိုက်သည်။

ပြီးမှ စကားဆက်သည်။

“တချို့နဲ့ ကျုပ် တွေ့ပြီးပါပြီ။ ဒါပေမဲ့ သုံးရက်လုံးလုံး ကျုပ် ယောင်တောင်တောင် ဖြစ်နေခဲ့တယ်။ ကျုပ်က သွားတွေ့တဲ့ လူတွေ ရှိတယ်။ ကျုပ်ဆီ လာတွေ့တဲ့ လူတွေလည်း ရှိတယ်။ ကျုပ်က စမတ်ကျကျဝတ်တယ်။ ဒါကြောင့် ဘယ်သူမှ ကျုပ်ကိုအောက်တန်းစားလို့ မထင်ဘူး။ ကျွန်တွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လို့ ကျုပ်မှာ မထိခိုက်ပါဘူး။ ကျုပ်ရဲ့ ပိုင်စားမြေတွေပေါ်မှာ သစ်တောနဲ့ စားကျက်မြက်ခင်းတွေ များတာကိုး။ ဝင်ငွေသိပ်ကျမသွားပါဘူး။ ဒါပေမဲ့ အဲဒါတွေကို ကျုပ် လှည့်မကြည့်ချင်တော့ဘူး။ အဲဒါတွေကို စိတ်ကုန်နေတာ ကြာပြီ။ ရောက်တာ သုံးရက်ရှိပြီ။ ဘာမှ မလုပ်ဖြစ်ဘူး။

“အင်း.. ပီတာစဘတ်ကလည်း ပြောင်းလဲနေလိုက်တာ မယုံနိုင်စရာပဲ။ ဘယ်သူ့မှ မပြောဘဲ ကျုပ် တယောက်တည်း လျှောက်ကြည့်နေတာ။”

“တက္ကသိုလ်ကျောင်းသားတွေ၊ ဝန်ထမ်းတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ လွန်ခဲ့တဲ့ရှစ်နှစ်က ကျုပ် တခေါက်ရောက်တယ်။ အဲဒီတုန်းကနဲ့ ဘာမှ မဆိုင်တော့ဘူးနော်။ ကျုပ်တော့ သစ်ပင်တွေကို နှမြောတာပါပဲ”

“သစ်ပင်တွေ၊ ဟုတ်လား”

“စားသောက်ဆိုင်တွေ၊ ‘**ဒတ်ဆိုး**[38]’ လို ဆိုင်တွေ၊ စီတန်းလှည့်လည်ပွဲတွေပဲ ရှိတော့ တာမဟုတ်လား။ တိုးတက်လာတာတော့ဟုတ်ပါရဲ့။ အဲဒါတွေက ကျုပ်နဲ့ မဆိုင်ပါဘူးလေ” သူ စကားတွေ ဆက်ပြောနေသည်။ မေးထားသည့် မေးခွန်းကိုသူသတိမရတော့။ “အဲဒါတွေ ထားပါဦး။ ဘယ်သူက ဖဲသမားလူလိမ် ဖြစ်ချင်မှာလဲ။ ဘယ်သူက ဖဲလိမ် ရိုက်ချင်မှာလဲ”

“ဘယ်လို၊ ဘယ်လို။ ခင်ဗျား အဲဒီဘဝ ရောက်ခဲ့လို့လား”

“ဘယ်ရောက်ချင်ပါ့မလဲဗျာ။ ဒါပေမဲ့ ရောက်သွားတယ်။ ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ ရှစ်နှစ်ကပေါ့။ ကျုပ်တို့ အထက်တန်းလွှာ လူငယ်တသိုက်ဟာ သိပ်ပျော်စရာ ကောင်းခဲ့တယ်။ အားလုံး မိကောင်းဖခင် သားသမီးတွေချည်းပဲ။ လူချမ်းသာတွေ၊ ကဗျာဆရာတွေ၊ အမိရုရှားနိုင်ငံရဲ့ အစဉ်အလာအတိုင်း အားလုံး ယဉ်ကျေးကြတယ်။ စိတ်ကြိုက် ပျော်ကြတယ်။ စိတ်လွတ်လက်လွတ် နေခဲ့ကြတယ်။ ကျုပ်တို့တတွေ ကြာလေဆိုးလေ ဖြစ်လာတယ်။ အဲဒီလိုနဲ့ ကျုပ်

အချုပ်ထဲ ရောက်သွားတယ်။ တော်တော် အောက်တန်းကျတဲ့ ဂရိလူမျိုး နီဇင် ဆိုတဲ့ လူဆီမှာ ကြွေးတင်တာ။ အဲဒီမှာ ကျုပ်ကို မာဖာပီထရိုဗာက ကယ်ခဲ့တာလေ။ ငွေသား သုံးသောင်းပေးပြီး ကယ်ခဲ့တာလေ။ ကျုပ်မှာ တင်နေတဲ့ ကြွေးက ခုနစ်သောင်း။ ကျုပ်တို့နှစ်ယောက် လက်ထပ်ပြီး တရားဝင် အကြင်လင်မယားအဖြစ်နဲ့ ဒီပိုင်စားမြေတွေ ရှိရာ ယာတောအိမ်ကြီးကို ပြောင်းလာခဲ့တာ။ သူက ကျုပ်ကို တကယ်ချစ်တာပါ။ အမြတ်တနိုး ကိုးကွယ်ရှာတယ်။ သူက ကျုပ်ထက် ငါးနှစ် ကြီးတယ်ဗျ။ ခုနစ်နှစ်လုံးလုံး ယာတော အိမ်ကြီးကနေ ကျုပ် ဘယ်မှ မသွားဘူး။ တခု မှတ်ထားနော်။ သူ့ကြွေး ကျုပ်ဆီမှာ ရှုဘယ် သုံးသောင်း တင်နေတယ်။ အဲဒီ စာရွက်ကလေးကိုတော့ ကျုပ် လက်မှတ် ထိုးထားခဲ့ရတယ် လေ။ ကျုပ် ဖောက်လှဲဖောက်ပြန် လုပ်လို့ မရဘူး။ သူက အဲဒီစာရွက်ကလေးနဲ့ ကိုင်မှာ။ ဒီကိစ္စမှာ မိန်းမတွေလောက် တော်တာ မိန်းမတွေပဲ ရှိတယ်ဗျ”

“အဲဒီလိုသာ မချည်ထားရင် ခင်ဗျားကလည်း အိုင်တွေ့ရာ ခြေဆေးမယ့်လူမျိုး မဟုတ်လား”

“ကျုပ် ဘာပြောရမှန်း မသိဘူး။ အဲဒီကြွေးကတိ စာရွက်ကလေးကြောင့် ကျုပ် ခြေချုပ်မိနေတာ မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် ဘယ်မှ မသွားချင်တာ။ မာဖာက ကျုပ်ကို နိုင်ငံခြား သွားလည်ဖို့ စည်းရုံးသေးတယ်။ ကြာတော့ ကျုပ်ပျင်းလာတာကို သူ သတိထား မိလာတယ်လေ။ နေပယ် ပင်လယ်ကွေ့မှာ နေထွက်တာနဲ့ ပင်လယ်ပြင်ကြီး ကြည့်ရတာ ဆွေးစရာကြီး။ ကျုပ် ငြင်းလိုက်တယ်။ အိမ်မှာနေတာပဲ ကောင်းပါတယ်ပေါ့။

တယောက်ကိုတယောက် အပြစ်တင်လိုက်ကြ၊ ပြန်တည့်လိုက်ကြနဲ့ ဘယ်လောက်ကောင်းလဲပေါ့။ သွားမယ့်သွားလည်း မြောက်ဝင်ရိုးစွန်းတန်းအထိ သွားပစ်လိုက်ချင်တယ်။ ဒါလည်း မဖြစ် ပြန်ဘူး။ အဲဒီရောက်ရင် သောက်ရမှာ။ ကျုပ်က အရက်ကို မုန်းတယ်။ အဲဒီမှာ ဘာလုပ်ရမှန်း မသိတော့ဘဲ စိတ်ညစ်လာတယ်။ အဲဒီမှာ သတင်းတခုကြားတာ။ **ဘတ်ဂ်**[39] ဆိုတဲ့ လူ တယောက် ရောမဘောလုံးကြီးနဲ့ အာကာသကို တက်မယ်တဲ့။ ခရီးသည်တွေ ခေါ်နေတယ်။ အလကားတော့ မဟုတ်ဘူး။ စရိတ် ပေးရမယ်တဲ့။ တနင်္ဂနွေနေ့မှာ ယူဆူပေါ့ဗ်ပန်းခြံ ကနေ တက်မယ် ကြားတယ်။ အဲဒီသတင်း ဟုတ်သလား”

“ဘာပြုလို့၊ ခင်ဗျားက မိုးပေါ် ပျံမလို့ ဟုတ်လား”

“ဟာ... မဟုတ်ပါဘူး”

သူ ခပ်တိုးတိုး ပြန်ပြောသည်။ တခုခုတွင် အာရုံစိုက်နေသလို ငြိမ်သွား၏။

ရပ်စ်ကိုလ်နီကော့ဗ် စိတ်ရှုပ်သွားသည်။ စောစောကတော့ အားတက်သရော။

ဒီလူကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်။

"မဟုတ်ဘူး၊ အဲဒီ စာရွက်ကလေးတရွက်ကြောင့် ကျုပ် ခြေချုပ်မိနေတာ မဟုတ်ဘူး"

သူက အလေးအနက် လေသံဖြင့် စကားဆက်သည်။

"ကျုပ်ကိုယ်တိုင်က အိမ်က မခွာချင်တာ။ တိုင်းပြည်က မခွာချင်တာ။ လွန်ခဲ့တဲ့ တနှစ် မတိုင်မီလောက်က အဲဒီ ကတိစာရွက်ကလေး ကျုပ်ကို မာဖာက ပြန်ပေးတယ်။ ကျုပ်ရဲ့ကင်ပွန်းတပ် နှစ်ပတ်လည်နေ့မှာ ပြန်ပေးတာ။ ပြီးတော့ လက်ဆောင်အဖြစ် ငွေ တော်တော်များများလည်း ပေးသေးတယ်။ သူက အရမ်းချမ်းသာတာလေ။"ကဲ... အာကာဒီ၊ ရှင့်ကို ကျွန်မ ဘယ်လောက် ယုံတယ် ဆိုတာ ယုံပြီလား' တဲ့။ အဲဒီလိုပြောပြီး ပေးတာ။ ယုံဖို့ ခက်ခက်ပဲ။ ကျုပ် အဲဒီပိုက်ဆံတွေ ဘာလုပ်လဲ သိလား။ သစ်တောနဲ့ ခြံစိုက်ပျိုးရေး ထဲမှာ ထည့်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကို ဇောက်ချလုပ်တယ်။ နားမလည်တာတွေကို လေ့လာတယ်။ စာအုပ်တွေ မှာပြီး ဖတ်တယ်။ ကျုပ်လုပ်တာကို မာဖာ ပထမတော့ သဘောကျတယ်။ နောက်တော့ ကျုပ် မတရား အာရုံစိုက်လုပ်လာတော့ သူ လန့်လာတယ်"

"ခင်ဗျား ကြည့်ရတာ သူ့ကို အရမ်းအောက်မေ့နေပုံပဲ"

"အရမ်းအောက်မေ့တယ်၊ အင်း... ဖြစ်နိုင်ပါတယ်။ ဩော်... ဒါထက် ခင်ဗျား တစ္ဆေ ဆိုတာ ယုံသလား"

"ဘယ်လို တစ္ဆေလဲဗျ"

"တစ္ဆေပါ ဆိုမှ၊ ရိုးရိုးတစ္ဆေပေါ့"

"ခင်ဗျား တကယ် ..."

သူက ပြင်သစ်စကား ညှပ်ပြောသည်။

"ယုံတယ်လို့လည်း မဟုတ်ပါဘူး။ တကယ်ပါ"

"ဒါဆို ခင်ဗျား တွေ့ဖူးတယ်ပေါ့"

ဆဗီဒရီဂေးလော့ဗ်က သူ့ကို အထူးအဆန်းသဖွယ် ကြည့်ပြီး-

“မာဖာက ကျုပ်ဆီ လာလည်ရရင် ပျော်နေတာဗျ”

သူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ထူးထူးဆန်းဆန်း ပြောသည်။

“ဘာ… ကျုပ်ဆီ လာလည်ရရင် ပျော်နေတယ် ဟုတ်လား၊ ဘာအဓိပ္ပာယ်လဲဗျ”

“သူက ကျုပ်ဆီလာတာ သုံးခါ ရှိသွားပြီ။ ပထမဆုံးအကြိမ် သူ့ကို တွေ့တာက အသုဘနေ့မှာ။ သူ့အလောင်း မြေချပြီး တနာရီအကြာမှာ သူ ရောက်လာတာ။ ကျုပ် ဒီကို ထွက်မလာခင် တရက်ပေါ့။ ဒုတိယအကြိမ်က တနေ့က မနက်အစောကြီး။ မာလာယာဝစ်ရှာ ရာဘူတာ အသွားမှာ တွေ့တာ။ တတိယအကြိမ်ကတော့ လွန်ခဲ့တဲ့ နှစ်နာရီလောက် က ခု ကျုပ် နေနေတဲ့ အခန်းထဲမှာ တွေ့တာ။ ကျုပ်က တယောက်တည်း နေတာလေ”

“ခင်ဗျား နိုးနေတာ သေချာတယ်နော်”

“လုံးဝ နိုးနေတဲ့ အချိန်။ ဟိုနှစ်ခါလည်း နိုးနေချိန် တွေချည်းပါပဲ။ ခဏစကား ပြောပြီး တံခါးပေါက်က ပြန်ထွက်သွားတယ်။ အမြဲတမ်း အဲဒီအတိုင်းပဲ။ ထွက်သွားတဲ့ အသံတောင် ကြားရသလိုလိုပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်လှုပ်ရှားစွာဖြင့် ပြောချလိုက်သည်။

“ကျွန်တော့်အထင်တော့ အဲဒီအချိန်မှာ ခင်ဗျား တခုခုဖြစ်နေတယ် ထင်တယ်”

ပြောပြီးမှ ဘာကြောင့် နှုတ်က သည်လို ထွက်သွားတာလဲ ဆိုပြီး သူ့ကိုယ်သူ အံ့သြနေသည်။

“သြော်… ကိုရင်က အဲဒီလို တွေးသလား”

သူက တအံ့တသြ ထပ်မေးသည်။

“ဖြစ်နိုင်ပါ့မလား၊ ဒါထက် ကိုရင်နဲ့ ကျုပ် အမြင်ချင်း တူတဲ့အကြောင်း ပြောပြီးပြီနော်”

“ဟင့်အင်း၊ ဘာမှ မပြောရသေးပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ် စိတ်ဝင်တစား ခပ်သွက်သွက် ပြန်ပြောလိုက်သည်။

“ဟုတ်လား၊ မပြောရသေးဘူးလား”

“မပြောရသေးပါဘူး”

“ကြည့်စမ်း၊ ပြောပြီးပြီ အောက်မေ့နေတာ။ ကျုပ် ဝင်လာစက ကိုရင် အိပ်ချင်ယောင် ဆောင်နေတာ ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ပြောလိုက်မိတယ်။ အင်း... သူဟာ ငါ့ဘက်က လူပဲ ဖြစ်ရမယ်လို့''

“ဘာအဓိပ္ပာယ်လဲဗျ၊ ငါ့ဘက်ကလူ ဆိုတာ။ ခင်ဗျားဟာက ဘာတွေလဲဗျာ''

ရပ်စ်ကိုလ်နီကော့ဗ် ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

“ဘာတွေလဲ ဆိုတာ ကျုပ်လည်း သိပ်မသိဘူး”

ဆဗီဒရီဂေးလော့ဗ်က စိတ်ရှုပ်သွားပုံဖြင့် ပွင့်ပွင့်လင်းလင်း ပြောသည်။

ပြီးတော့ ခဏငြိမ်သွားသည်။ ပြီးတော့ တယောက်နှင့် တယောက် မျက်လုံး အပြူးသားနှင့် စိုက်ကြည့်နေကြသည်။

“သူ လာတော့ ခင်ဗျားကို ဘာတွေပြောလဲ”

“သူကလား၊ စဉ်းစားကြည့်ပေါ့။ အဓိပ္ပာယ် မရှိအသေးအဖွဲပဲ ပြောတယ်။ ယောကျ်ား တွေဟာ အံ့သြကုန်နိုင်ဖွယ်တွေ၊ ဘာညာ ဘာညာပြောရင်း ကျုပ်က ဒေါပွရော။ ပထမဆုံး အကြိမ် သူ ဝင်လာတော့... အဲဒီတုန်းက အရမ်းလည်း ပင်ပန်းနေတာကိုး။ အသုဘကိစ္စ ဝေယျာဝစ္စတွေ၊ အကျွေးအမွေးကိစ္စတွေ ပြီးတော့ လူက ယဲ့ယဲ့ပဲ ကျန်တော့တယ်။ နောက် ဆုံးတော့ အိမ်မှာ ကျုပ်တယောက်တည်းပေါ့၊ စာကြည့်ခန်းထဲမှာ စီးကရက်တလိပ် မီးညှိပြီး စဉ်းစားနေတုန်း သူ ဝင်လာတာ။ ‘အိမ်မှာ ဘာတွေ ဖြစ်နေတာတုံး အာကာဒီ။ ထမင်းစားခန်းက တိုင်ကပ်နာရီကိုလည်း ရှင် သော့မပေးရသေးဘူး” တဲ့။ ကျုပ် အဲဒီနာရီကို သော့ပေးလာတာ ခုနစ်နှစ် ရှိပြီ။ မေ့ရင် သူက ခုလို သတိပေးနေကျ။ နောက်နေ့ကျတော့ ကျုပ် ဒီကိုအလာ ဘူတာရုံဆင်းတော့ မနက်ဝေလီဝေလင်းပဲရှိသေးတယ်။ ညက ကောင်းကောင်း မအိပ်ရတော့ လူက အိပ်ချင်မူးတူး ဖြစ်နေတာ။ လက်ဖက်ရည် ဆိုင်ဝင်ပြီး ကော်ဖီ မှာသောက် နေတုန်း မော့ကြည့်လိုက်တော့ လား... လား... မာဖာ ကျုပ်ဘေး ဝင်ထိုင်ပါလေရော။ လက်ထဲမှာ ဖဲထုပ်ကိုင်လို့၊ လမ်းခရီးအတွက် ဟောပေးရမလားတဲ့။ သူက ဖဲဗေဒင် ဟောတဲ့ နေရာမှာ အရမ်းတော်တာလေ။ အဲဒီတုန်းက မမေးမိလိုက်တဲ့အတွက် ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်အောင်ပဲ။ စိတ်ထဲမှာ ကြောက်လာပြီး ထပြေးခဲ့တယ်။

ရထားကလည်း မီးစိမ်း နေပြီ။ ခေါင်းလောင်းတွေ ထိုးနေပြီလေ။ အဲ .. ဒီနေ့ကျတော့ ခပ်ချာချာ ထမင်းဆိုင်မှာ စားပြီး ဗိုက်တင်းတာနဲ့ ဆေးလိပ်ထိုင်သောက်နေတုန်း သူ ဝင်လာပြန်ရော။ ကြမ်းပြင်ပေါ်အထိ ဝဲကျနေတဲ့

အစိမ်းရောင် ပိုးဂါဝန်ရှည်ကြီးဝတ်လို့။ သဘောကျရဲ့လားလို့ မေးတယ်။ ပြီးတော့ အင်းနစ်ကာက ဒီလိုမျိုး လုံးဝ မချုပ်တတ်ဘူး လို့လည်း ပြောသေးတယ်။ (အင်းနစ်ကာ ဆိုတာ ကျုပ်တို့မြို့ အပ်ချုပ်ဆိုင်က ကောင်မချောချောကလေး။ အရင်တုန်းက ကျွန်မိသားစု ကပေါ့။ လွတ်လပ်သွားတော့ မော်စကို တက်ပြီး အပ်ချုပ်သင်လာတာ) သူက ကျုပ်ရှေ့ ရပ်ပြီး တပတ်လှည့်ပြတယ်။ သူ့ ဂါဝန်ရှည်ကြီးကို သေသေချာချာ ကြည့်ပြီး သူ့မျက်နှာကို မော့ကြည့် လိုက်တယ်။

"မာဖာရယ်၊ ဒီကိစ္စလေးလောက်နဲ့ မင်း ကိုယ့်ဆီကို ဒုက္ခခံပြီး လိုက်လာရသလား ကွာ" လို့ ပြောကော့ သူက-

"အို… ဒါလောက်ကလေးမှ အနှောင့်အယှက် မပေးရတော့ဘူးလားကွယ်"

"ကိုယ် နောက်မိန်းမ ယူတော့မှာ မာဖာ"

ကျုပ်က သူ့ကို နောက်သလိုလို ပြောလိုက်တော့-

"ရှင်ကတော့ လုပ်မယ်။ မိန်းမအလောင်း မြေချပြီးတာမှ မကြာသေးဘူး။ နောက် မိန်းမ ယူတော့မယ်လို့ပဲ။ ရှင် အရွေး မမှားပါစေနဲ့လို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ ရှင်တို့ နှစ်ယောက်စလုံး ပျော်နိုင်မယ် မထင်ပါဘူး။ သူများ လက်ညှိုးထိုးစရာကြီး ဖြစ်နေမှာပေါ့"

ပြောပြီး ထွက်သွားပါလေရော။ ကြမ်းပြင်နဲ့ သူ့ဂါဝန် ရေသီနား ပွတ်တိုက်သံကို ကြားနေရသလိုပဲ။ ဘယ်လောက် အဓိပ္ပာယ် မရှိလိုက်သလဲလို့။

"ခင်ဗျား မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေတာပဲ"

ရပ်စ်ကိုလ်နီကော့ဗ်၏ ခပ်ရိုင်းရိုင်း မှတ်ချက်ကို သတိထားမိဟန် မတူဘဲ ဆဗီဒရီ ဂေးလော့ဗ်က အလေးအနက် ပြန်ပြောသည်။

"ကျုပ် လိမ်ပြောခဲ့ပါတယ် ကိုရင်'

"ခင်ဗျား ဒီအရင် တစ္ဆေကို မြင်ဖူးသလား"

"တခါ မြင်ဖူးတယ်။ ပထမဆုံး မြင်ဖူးတာ။ ကျုပ်မှာ အိမ်စေကျွန်တယောက် ရှိတယ်။ သူ့နာမည်က ဖီလ်ကာတဲ့။ သူ့ကို မြေချသင်္ဂြိုဟ်ပြီး မကြာခင်မှာ ကျုပ်က မေ့သွား ပြီး 'ဖီလ်ကာ၊ ငါ့ဆေးတံ ယူခဲ့စမ်း' လို့ ပြောလိုက်တယ်။ သူ ချက်ချင်း အခန်းထဲဝင်လာပြီး ဆေးတံဗီရိုကို ဖွင့်တယ်။ ကျုပ် သတိပြန်ရလာပြီး ထိုင်စဉ်းစားတယ်။ ဒီကောင် ငါ့ကို လက်စားချေတာများလားလို့။ ဘာပြုလို့လဲ ဆိုတော့ သူ မသေခင် သူနဲ့ကျုပ် စကားများ ထားလို့ပါပဲ။ "မင်းအင်္ကျီစုတ်နဲ့ ဘာလို့ ငါ့အခန်းထဲ ဝင်လာတာလဲ၊ ထွက်သွား' လို့ ငေါက် တော့ သူ တချက် လှမ်းကြည့်ပြီး

ထွက်သွားတယ်။ နောက် မလာတော့ဘူး။ အဲဒီအကြောင်း မာဖာ့ကို ကျုပ် မပြောဘူး၊ သူ့အတွက် ဆုတောင်းပွဲကလေးလုပ်ပေးဖို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမဲ့ မလုပ်ဖြစ်ခဲ့ဘူး”

“ခင်ဗျား ဆရာဝန်နဲ့ ပြကြည့်ဖို့ ကောင်းတယ်”

“ကိုရင် ကျုပ်ကို စိတ်မမှန်ဘူးလို့ ပြောချင်တာလား။ ကျုပ် ဘာဖြစ်နေမှန်း ကျုပ်ကိုယ်ကျုပ် မသိဘူး။ ဒါပေမဲ့ ကျုပ်ရဲ့ ကျန်းမာရေးက ဒေါင်ဒေါင်မြည်။ ကိုရင့်ထက် ငါးဆ ပိုကောင်းတယ်။ လူတွေ တစ္ဆေကို မြင်ဖူးသလား ဆိုတဲ့ မေးခွန်းကို ကျုပ် မေးနေတာ

မဟုတ်ဘူး။ တစ္ဆေ ရှိတယ် ဆိုတာ ကိုရင် ယုံ၊ မယုံ ကျုပ်မေးနေတာ”

“မယုံဘူး၊ ဘယ်တော့မှ မယုံဘူး။ ဘယ်နည်းနဲ့မှ မယုံဘူး”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်သည်။

ဆဗီဒရီဂေးလော့ဗ်က သူ့ကိုယ်သူ ပြောသလို ပြောနေသည်။ ဦးခေါင်းကို တဖက်သို့ မသိမသာ ငဲ့လျက်။

“လူတွေ ပြောကြတာကတော့ နေမကောင်းတဲ့ အခါမှာ ကယောင်ကတမ်း အတွေးတွေ ဝင်တာတဲ့။ ဒါပေမဲ့ ဒါတွေက လျှော့နံ့ခားထစ် ပြောလို့ မရဘူး။ နေမကောင်းတဲ့ လူတွေဆီကိုသာ တစ္ဆေတွေ လာတယ် ဆိုတာ ကျုပ် လက်ခံပါတယ်။ ဒါက ဘာကို ပြနေ သလဲ ဆိုရင် တစ္ဆေတွေဟာ လူတိုင်းဆီကို မလာနိုင်ဘူး။ ဖျားနာနေတဲ့ လူတွေဆီကိုသာ လာနိုင်တယ်ဆိုတဲ့ သဘောပဲ။ တစ္ဆေ မရှိဘူးလို့ ပြောတာ မဟုတ်ဘူး”

“မရှိပါဘူးဗျာ၊ ဘယ်မှာမှ မရှိပါဘူး” ရပ်စ်ကိုလ်နီကော့ဗ်က ဖွတ်ပြောသည်။

ဆဗီဒရီဂေးလော့ဗ်က မျက်လွှာကို အသာပင့်ပြီး စကားဆက်သည်။

“ကိုရင် သေသေချာချာ မစဉ်းစားလို့ပါ။ ဒီလို တွေးကြည့်ရအောင်။ တစ္ဆေတွေဟာ တခြားကမ္ဘာတခုက လွင့်စဉ် ပွဲထွက်လာတဲ့ အစိတ်အပိုင်းတွေတဲ့။ ပရလောကတခုက ဆိုပါတော့။ သူတို့ဘဝ အဲဒီက စတာတဲ့။ ကျန်းမာနေတဲ့ လူတွေက သူတို့ကို မလိုဘူး။ သူ့မှာ လိုအပ်တာတွေ ပြည့်စုံနေတာကိုး။ ဘာမှ လိုလေသေးမရှိဘဲကိုး။ ဒါပေမဲ့ နေထိုင် မကောင်း ဖြစ်လာတဲ့အခါမှာ အဲဒီ ပုံမှန်ဘဝပုံစံဟာ ဖရိုဖရဲ ဖြစ်သွားတယ်။ အဲဒီမှာ အခြား ကမ္ဘာတခုနဲ့ ပိုနီးစပ်သွားတယ်။ ပိုမကျန်းမာလေလေ၊ အဲဒီကမ္ဘာနဲ့ပိုပြီး အဆက်အစပ် ရှိသွားလေလေပဲ။ ဒါကြောင့် အဲဒီလူသေသွားရင် အဲဒီကမ္ဘာကို

တန်းရောက်သွားတော့တာပဲ။ ဒါကို ကျုပ် လေ့လာနေတာကြာပြီ။ နောက်ဘဝတခု ရှိတယ်လို့ ယုံကြည်ရင် ကျုပ် ပြောတာကို လက်ခံရမယ်”

“ကျွန်တော်က နောက်ဘဝမှ မယုံတာ”

ရပ်စ်ကိုလ်နီကော့ဗ် ငြင်းချက်ထုတ်တော့ ဆဗီဒရီဂေးလော့ဗ် ထိုင်စဉ်းစားနေသည်။

“တကယ်လို့ အဲဒီမှာ ပင့်ကူတွေချည်း ရှိမယ် ဆိုရင်ကော…”

သူက ရုတ်ခြည်း မေးခွန်းထုတ်သည်။

ရပ်စ်ကိုလ်နီကော့ဗ် အသံမထွက်ဘဲ ပြောလိုက်သည်။

“ဟာ… လက်စသတ်တော့ ဒီလူ ရူးနေတာပဲ”

“ကျုပ်တို့တတွေဟာ အဆုံးမရှိတဲ့ ဘဝအကြောင်း စဉ်းစားခဲ့ကြတယ်။ အကြောင်းအရာက အင်မတန် ကျယ်ပြောတော့ ဘာမှ ဆုပ်ဆုပ်ကိုင်ကိုင် အဖြေမထွက်ဘူး။ ဘာပြုလို့ ဒါလောက် ကျယ်ပြန့်ရတာလဲ။ အဲဒါတွေ လျှောက်စဉ်းစားနေမယ့်အစား အခန်းကျဉ်းကျဉ်း ကလေးတခုကို အာရုံပြုလိုက်ပါ။ တောရွာကလေးတွေက ရေချိုးခန်းကလေး၊ ကျပ်ခိုးမှိုင်းတွေ အပြည့်နဲ့ပေါ့။ အခန်းထောင့်တိုင်းမှာပေါ့။ ပင့်ကူတွေ၊ ပင့်ကူတွေ။ အဲဒါဟာ အဆုံးမရှိတဲ့ ဘဝပဲ။ ကျုပ်က တခါတလေ အဲဒီလို စဉ်းစားတာ”

“ခင်ဗျားနှယ်ဗျာ၊ ဒီထက် စိတ်ချမ်းသာစရာ ကောင်းတဲ့၊ ဒီထက် အမှန်တရားနဲ့ နီးစပ်တဲ့ အကြောင်းကလေးများ ရွေးပြီး မစဉ်းစားဘူးလား”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မသက်မသာဖြင့် ပြန်ပြောလိုက်သည်။

“အမှန်တရားနဲ့ နီးစပ်တဲ့… ဟုတ်လား၊ ဒါဟာ အမှန်တရား ဖြစ်နေရင်ကော။ ဒီမယ် ကိုရင်၊ ကျုပ်ကတော့ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံရင် အဲဒီအတိုင်း လုပ်မှာ”

ဆဗီဒရီဂေးလော့ဗ်က ပြုံးပြီး ခပ်လုံးလုံး ဖြေသည်။ သူ၏ လျှို့ဝှက်ဆန်းကြယ် သည့် အဖြေကြောင့် ရပ်စ်ကိုလ်နီကော့ဗ် ကျောထဲ စိမ့်သွားသည်။ ဆဗီဒရီဂေးလော့ဗ် ခေါင်းထောင်လာသည်။ ပြီးတော့ သူ့ကို စိန်းစိန်းကြည့်ပြီး ရယ်ချလိုက်သည်။

“ဒီလို စဉ်းစားရအောင်၊ လွန်ခဲ့တဲ့ နာရီဝက်က ကိုရင်နဲ့ ကျုပ်နဲ့ မသိသေးဘူးနော်။ တခါမှ မတွေ့ဖူးဘူး။ အမှန်က ကျုပ်တို့နှစ်ယောက် ရန်သူတွေ ဖြစ်ရမှာ။ ကျုပ်တို့ ကြားထဲမှာ မရှင်းရသေးတဲ့ ပြဿနာတခု ရှိနေတယ်။ အဲဒါကို

ဘေးချိတ်ပြီး ကျုပ်တို့က မရေရာတဲ့ အကြောင်းတွေ လျှောက်ပြောနေတယ်။ ဒါထက် ကျုပ်ပြောတာ မှန်ရဲ့လား။ ကိုရင်နဲ့ ကျုပ်ဟာ အပွေးတူ၊ အမွေးတူပါ ဆိုတာလေ”

ရပ်စ်ကိုလ်နီကော့ဗ်က အောင့်တီးအောင့်သက်နှင့် ပြန်မေးလိုက်သည်။

“တဆိတ် ကျွန်တော့်ကို ရှင်းပြပါဦး။ ခင်ဗျား ကျွန်တော့်ဆီ ဘာလို့လာတာလဲ။ ကျွန်တော့်မှာ အချိန်မရှိဘူးဗျ။ သွားစရာ ရှိတယ်၊ ကျွန်တော် သွားတော့မယ်”

“သွားပါ၊ သွားပါ။ ခဏလေး စကားဆက်ပါရစေ။ ကိုရင့်ညီမလေး ဒွန်ညာက မစ္စတာ လူဇင်ပျို့တာပီထရိုဗစ်ချ်နဲ့ လက်ထပ်တော့မှာ မဟုတ်လား”

“ကျွန်တော့်ညီမ အကြောင်းရော၊ သူ့နာမည်ကိုပါ ခင်ဗျား လုံးဝထည့်မပြောပါနဲ့။ ကျွန်တော့်ရှေ့မှာ ခင်ဗျား သူ့နာမည် အသံထွက်ရဲတာ အံ့သြကုန်နိုင်ဖွယ်ပဲ။ ခင်ဗျားတကယ် ဆဗီဒရီဂေးလော့ဗ် မှန်ရင်ပေါ့လေ”

“ကျုပ် ပြောရမှာက သူ့အကြောင်းလေ။ သူ့နာမည် ထည့်မပြောလို့ ဘယ်ဖြစ်မလဲ”

“ကဲ.. ဒါဆိုလည်း ပြောဗျာ။ မြန်မြန်ပြော’

“ခုလောက်ဆို မစ္စတာလူဇင် အကြောင်း ကိုရင် သဘောပေါက်လောက်ပြီ ထင်ပါရဲ့။ သူနဲ့ကျုပ်က အမျိုးတော်တယ်ဗျ။ မိန်းမဘက်က စပ်တော်တာပါ။ သူနဲ့ နာရီဝက်လောက် စကားပြောကြည့်ရင် သူ့အကြောင်း ကိုရင် သိသွားမှာပါ။ သူ့အကြောင်းတွေလည်း ကြားသင့် သလောက် ကြားပြီးရောပေါ့။ သူနဲ့ ဒွန်ညာနဲ့ လုံးဝမတန်ပါဘူး။ လားလားမှ မထိုက်ပါဘူး။ ဒီကိစ္စမှာ ဒွန်ညာက မိသားစုအတွက် သက်သက် အနစ်နာခံပြီး သူ့ဘဝသူ ယဇ်ပူဇော်ခံမှာပါ။ ကျုပ် ကြားထားသလောက် ကိုရင်က လုံးဝသဘောမတူဘူး။ ဘယ်သူမှ မထိခိုက်ဘဲ ဒီလက်ထပ်ပွဲ ပျက်ရင် အကောင်းဆုံးလို့ ထင်နေတယ်။ ခု ကျုပ်တို့ လူချင်းတွေ့ပြီ။ ကျုပ် ထင်တဲ့ အတိုင်းပဲ ဆိုတာ သေချာသွားပြီ”

“ဒါကတော့ ခင်ဗျားဘက်က တုံးလွန်းသွားပြီ။ အဲ... တုံးတာ မဟုတ်ဘူး။ ခင်ဗျား စော်ကားမော်ကား လုပ်တာပဲ”

“ကိုရင် ဘာဆိုလိုတာလဲ။ ကျုပ်က ကိုယ်လိုရာ ဆွဲပြောနေတယ် ထင်လို့လား။ ဒီမယ် ရိုဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်၊ ကျုပ်က ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့ လူစားဆိုရင် ခုလို တိုက်ရိုက် ဘယ်ပြောမလဲ။ ကျုပ်က တုံးတယောက်တော့ မဟုတ်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်အနေ

ဖောက်ပြန်ပုံအကြောင်း ပြောပြမယ်။ အစောပိုင်းက ဒွန်ညာ့ရှေ့မှာ ကျုပ်အချစ်ကို ဖွင့်ဟခဲ့တယ်။ ကျုပ်ဟာ ကျုပ်ကိုယ်တိုင်ရဲ့ သားကောင်ပါလို့လည်း ပြောခဲ့တယ်။ ဪ...ကိုရင့်ကို တခု ပြောထားရဦးမယ်။ ခုအချိန်မှာ အဲဒီစိတ်တွေ မရှိတော့ဘူး။ အဲဒီအတွက် ကျုပ်ကိုယ်ကျုပ်တောင် အံ့သြနေတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ် ခံစားမှုတွေ လုံးဝ တမျိုး ဖြစ်သွားတယ်'

"လူပျင်းဘဝနဲ့ စာရိတ္တာယွင်းတဲ့ ဘဝကို ရောက်သွားတာလား''

"အဲဒီနှစ်မျိုးစလုံးဟာ ကျုပ်ရဲ့ ဂုဏ်ပုဒ်တွေပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုရင့်ညီမတော် ကလေးမှာ အစွမ်းအစတွေ၊ အရည်အချင်းတွေ အများကြီး ရှိတယ်။ ဒီတော့ ကျုပ် တိမ်းတိမ်း ပွေပွေ ဖြစ်ခဲ့ရတာပေါ့။ ဒါပေမဲ့ လုံးဝ အဓိပ္ပာယ် မရှိမှန်း ခုမှ ကျုပ် မြင်လာတယ်'

"ဘယ်တုန်းက စပြီး ခင်ဗျား မြင်လာတာလဲ"

"ကိုယ့်ကိုယ်ကိုယ် သတိထားမိတာတော့ကြာပြီ။ သေသေချာချာ နားလည်လိုက် တာကတော့ နှစ်ရက်ပဲ ရှိသေးတယ်။ ပီတာစဘတ် ရောက်ရောက်ချင်း ဆိုပါတော့။ မော်စကို ရောက်တုန်းက ဒွန်ညာ့ကို တွေ့အောင် ရှာပြီး လူဇင်နဲ့ ပြိုင်ဖို့ စိတ်ကူးကြည့်သေးတယ်"

"ခဏလေး၊ ကျွန်တော် ဖြတ်ပြောပါရစေ။ ခင်ဗျား လာရင်းကိစ္စ၊ လိုရင်းကိစ္စကို တိုတိုပြောပါ။ ကျွန်တော် သွားတော့မယ်"

"ဟုတ်ပါပြီ။ ကျုပ်တိုတိုပြောပါ့မယ်။"

"ဒီကိုရောက်ရောက်ချင်း ခရီးရှည်ထွက်ဖို့ စိတ်ဆုံးဖြတ်လိုက်တယ်။ အဲဒီအတွက် အစီအစဉ်တွေ အများကြီး လုပ်ရဦးမယ်လေ။ ကလေးတွေက သူတို့အဒေါ်နဲ့ နေခဲ့ကြလိမ့်မယ်။ သူတို့အားလုံး ချမ်းသာနေကြပြီလေ။ သူတို့အနားမှာ ကျုပ်မလိုတော့ဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကျုပ် ဘယ်လိုအဖေလဲဆိုပြီး နှာခေါင်းရှုံ့ကြတာပေါ့။ ကျုပ်က အားလုံး သူတို့ကို အမွေခွဲပေးခဲ့တာ။ လွန်ခဲ့တဲ့နှစ်က မာဖာ ပေးတဲ့ ဟာလေးပဲ ကျုပ်ယူခဲ့တယ်လေ။ ကျုပ်အတွက် လုံလောက်ပါတယ်။ ကဲ...ခုမှပဲ လိုရင်းကို ရောက်တော့တယ်။ ခရီးရှည်ထွက်ဖို့က သေချာသလောက်ပဲ။ မထွက်ခင် လူဇင်နဲ့ စာရင်း ရှင်းရမယ်။ သူဟာ သိပ်ဆိုးတဲ့ လူစားမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ မိန်းမနဲ့ ရန်ဖြစ်ရင် သူ့ကြောင့် ချည်းပဲ။ သည် မင်္ဂလာပွဲဖြစ်အောင် ကျုပ်မိန်းမ စီစဉ်ခဲ့တယ် ဆိုတာ သိတော့ ကျုပ်တို့ အကြီးအကျယ် စကားများကြတယ်။ ကိုရင်ကတဆင့် ဒွန်ညာနဲ့ကျုပ် တွေ့ချင်တယ် ဆိုတာ တခြားကြောင့် မဟုတ်ဘူး။ သူ့ကိုရှင်းပြစရာတွေ ရှိတယ်။ ကိုရင့်ရှေ့မှာ ပြောလည်း ဖြစ်တယ်။ ပထမအချက်

လူဇင့်ကို သူလက်ထပ်ရင် ဘာမှအမြတ်ထွက်မှာ မဟုတ်ဘူး။ အရှုံးပေါ်မှာ သေချာတယ်။ အဲဒီအကြောင်းတွေ ရှင်းပြချင်တယ်။ ပြီးမှ မကြာသေးခင်က သူ ခံစားခဲ့ရတဲ့ ဝေဒနာတွေအတွက် ခွင့်လွှတ်ဖို့ တောင်းပန်မယ်။ ပြီးတော့ ကျုပ် သူ့ကို ရူဘယ် တသောင်း ပေးချင်တယ်။ အဲဒါကို လက်ခံဖို့လည်း တောင်းပန်မယ်။ အဲဒီအခါမှာ လူဇင်နဲ့ လမ်းခွဲဖို့လည်း အဆင်ပြေသွားလိမ့်မယ်။ သူ ငြင်းဖို့ မသင့်ဘူး။ ဒါ အကောင်းဆုံး နည်းလမ်းပဲ"

ရပ်စ်ကိုလ်နီကော့ဗ်မှာ စိတ်ဆိုးဖို့ မေ့နေပြီး ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေသည်။

"ဟေ့လူ၊ ခင်ဗျား တကယ် ရူးနေတာလား၊ ခင်ဗျား လွန်လွန်းလှချေလား"

"ကိုရင် ပေါက်ကွဲမယ် ဆိုတာ ကျုပ် သိပါတယ်။ ဒါပေမဲ့ တစ်၊ ကျုပ် မချမ်းသာပေမယ့် ကျုပ်မှာ ရူဘယ် တသောင်းရှိနေတယ်။ အဲဒီငွေကို ကျုပ်မလိုဘူး။ ဒွန်ညာက လက်မခံရင် အလဟဿ ဖြစ်ကုန်လိမ့်မယ်။ ကျုပ်ဘာတွေ လုပ်ဖြစ်မယ် မသိဘူး။ ဒါကတချက်။ နှစ်၊ ကျုပ်လိပ်ပြာ အရမ်းသန့်နေတယ်။ ကျုပ် ခုလို ထောက်ပံ့ခြင်းနဲ့ ပတ်သက်လို့ ဘာမျှော်လင့်ချက်မှ မရှိဘူး။ စေတနာသန့်သန့်နဲ့ ကူညီတာ။ ကိုရင် ယုံချင်မှယုံမှာ။ ဒါပေမဲ့ နောက်ပိုင်းမှာ ကိုရင်တို့ မောင်နှမ နှစ်ယောက်စလုံး ယုံလာလိမ့်မယ်။ ကိုရင့်ရဲ့ ချစ်စွာသော ညီမလေး စိတ်ဒုက္ခဖြစ်ရတဲ့၊ စိတ်အနှောင့်အယှက် ဖြစ်ရတဲ့ တတရားခံဟာ ကျုပ်ပဲ။ အဲဒီအတွက် ရိုးသားစွာနဲ့ ကျုပ်အကြီးအကျယ် နောင်တရနေတယ်။ အဲဒီလို အဖြစ်ဆိုးကြီးအတွက် ကျုပ် လျော်ကြေးပေးတာ မဟုတ်ဘူးနော်။ ဆိုးကြွေးဆပ်တာ မဟုတ်ဘူးနော်။ ရိုးရိုးသားသားနဲ့ သူ့ ရှေ့ရေးအတွက် တခုခု လုပ်ပေးချင်တာ။ ကျုပ်ဟာ လူသော့၊ လူသွမ်း၊ လူသရမ်း မဟုတ်ကြောင်း ပြချင်တာလည်း ပါပါတယ်။ လွန်ခဲ့တဲ့ ငါးပတ်လောက်ကဆိုရင် သူ့ကို ဒီထက်မက ကျုပ် ပေးနိုင်တယ်။ နောက်တချက်က မကြာခင် မိန်းကလေးတယောက်နဲ့ ကျုပ် လက်ထပ်တော့မှာ။ ဒါဆို ဒွန်ညာ့အနေနဲ့ သံသယ ကင်းလောက်ပါတယ်။ အချုပ် ပြောရရင် ဒွန်ညာ့အနေနဲ့ မစ္စတာလူဇင်ကို လက်ထပ်လိုက်ရင် ဒီငွေပမာဏလောက်ကို ရနိုင်ပေမယ့်...စိတ်မဆိုးနဲ့ဦးလေ။ ခေါင်းအေးအေးထားပြီး စဉ်းစားမှပေါ့"

ဆဗီဒရီဂေးလော့ဗ် ကိုယ်တိုင်က အေးအေးဆေးဆေး ပြောနေခြင်း ဖြစ်သည်။

"ကဲ...ခင်ဗျားအဆုံးသတ်တော့ဗျာ။"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားပြောတာတွေက ခွင့်မလွှတ်နိုင် လောက်အောင် ရိုင်းပျတယ်'

“နည်းနည်းလေးမှ မဟုတ်ရပေါင်ဗျာ။ လောကကြီးမှာ လူလူချင်းပဲ မကောင်းကြံကြတာ။ ပြောင်းပြန်ပြောရရင် ကောင်းတာ လုပ်ပေးဖို့ အခွင့်အလမ်း မရှိဘူး။ ဘာပြုလို့လဲဆိုတော့ လူတွေရဲ့ လုပ်နေကျ အလုပ်တွေမှာ အဲဒါတွေ မပါလို့ပဲ။ လုံးဝ သဘာဝမကျဘူး။ ဥပမာ ကျုပ် သေလို့ သေတမ်းစာထဲမှာ အဲဒီငွေကို ဒွန်ညာ့အတွက် ဆိုပြီး ထည့်ရေးခဲ့မယ် ဆိုရင်တောင် သူ လက်ခံချင်မှ လက်ခံမှာ”

“သေချာတာပေါ့”

“အင်း... ဒါလည်း မဖြစ်နိုင်ဘူး ဆိုရင် ကျုပ်က ဒီလို ဖြစ်စေချင်တဲ့ အကြောင်း ကိုရင်ကပဲ ဒွန်ညာ့ကို ပြောပေးပါ”

“ဟင့်အင်း... မပြောနိုင်ဘူး”

“ဒါဆိုရင်တော့ သူနဲ့ မတွေ့တွေ့ရအောင် ကျုပ်ကိုယ်တိုင် စီစဉ်ရတော့မှာပဲ။ အဲဒါဆို သူ စိတ်ညစ်ရမှာ"

“ကျုပ် ပြောလိုက်ရင် ခင်ဗျား လူချင်းတွေ့ဖို့ မကြိုးစားဘူးပေါ့"

“ကျုပ် ဘယ်လို ပြောရမလဲ။ တခါလောက်တော့ တွေ့ချင်သေးတယ်ဗျာ”

“မဖြစ်နိုင်ဘူး”

“အင်း... ဒုက္ခပါပဲ။ ကိုရင် ကျုပ်ကို နားမလည်နိုင်ပဲကိုး။ ကျုပ်တို့နှစ်ယောက် ရိုးရိုးမိတ်ဆွေတွေ ဖြစ်မလာနိုင်ဘူးလား”

“ခင်ဗျားက အဲဒီလို ဖြစ်နိုင်မယ် ထင်လို့လား”

“ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ”

ဆဗီဒရီဂေးလော့ဗ် မတ်တတ် ထရပ်သည်။ ဦးထုပ်ကို ကောက်ယူသည်။

“ကိုရင့်ကို ကျုပ် ဒုက္ခမပေးချင်ပါဘူး။ သိပ်လည်း အားကိုးမထားပါဘူး။ ဒါပေမဲ့ ဒီမနက် ကိုရင်ရဲ့ မျက်နှာကို မြင်ပြီး ...”

“ခင်ဗျား ကျုပ်ကို ဒီမနက် တွေ့ဖူးတယ်ပေါ့"

“အင်း.. မတော်တဆ တွေ့လိုက်တာပါ။ စိတ်ထဲမှာ အင်း... ငါ့ကို ကူညီမယ့်လူ ဖြစ်ရမယ်လို့ ထင်လိုက်မိတယ်။ သိပ်စိတ်မပူပါနဲ့။ ကျုပ်က ပျင်းစရာကောင်းတဲ့ လူမျိုး မဟုတ်ပါဘူး။ ဖဲလိမ်ရိုက်တဲ့ လူတွေနဲ့လည်း အဆင်ပြေတယ်။ မင်းသားကြီး ဆဗာဘေးနဲ့လည်း ပေါင်းလို့ရတယ်။ သူက ကျုပ်နဲ့ အမျိုးတော်တယ်လေ။ သူက တကယ့် လူကြီး လူကောင်း တယောက်ပါ။ ပြီးတော့

ရာဖေးရဲ့ မက်ဒေါနား ပန်းချီကားအကြောင်း လည်း ကျုပ် ရေးနိုင်တယ်။ မဒမ်ပရီလူကော့ဗ်ရဲ့ အယ်လ်ဘမ်ထဲက ကားလေ။ ကျုပ် ခုနစ်နှစ် လုံးလုံး မာဖာနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေခဲ့တယ်။ တည၊ နှစ်ညပဲ **ဗီယာဇင်စကီ**[40] ရဲ့ အိမ်ကို သွားဖူးတယ်။ အဲဒါ ကြာခဲ့ပါပြီ”

“ကဲ... တဆိတ်မေးပါရစေ။ ခင်ဗျား တကယ် ခရီးထွက်ဖြစ်မှာလား”

“ဘာ... ဘာခရီးလဲ”

“ဘာခရီးလဲ၊ ဟုတ်လား။ ခင်ဗျား ခုပဲ ပြောတဲ့ ခရီးရှည်ကြီး ဆိုတာလေ”

“ဟုတ်လား၊ အဲဒီအကြောင်း ကျုပ်ပြောဖူးလို့လား။ အင်း...အဲဒီမေးခွန်းက တော့ ကျယ်ပြန့်လွန်းတယ် ကိုရင်ရဲ့။ အဲဒီမေးခွန်း ဘယ်လောက် အဖြေရကျပ်တယ် ဆိုတာ ကိုရင် မသိဘူး”

ပြောပြီး သူ ရယ်ချလိုက်ပြန်သည်။

“ခရီးထွက်မယ့်အစား ကျုပ် မိန်းမယူဖြစ်ချင် ယူဖြစ်မယ် ထင်တယ်။ မိန်းကလေး တယောက်ကို ယူဖို့ သူတို့ ကျုပ်ကို နားချနေကြတယ်ဗျ”

“ပီတာစဘတ်ကလား”

“ဟုတ်တယ်”

“ခင်ဗျား ရောက်တာဖြင့် မကြာသေးဘူး”

“အဲဒါ ထားပါလေ။ ဒွန်ညာ့ကိုတော့ တခါလောက် ကျုပ် ပြောချင်တယ်ဗျာ။ ကျုပ် အလေးအနက် တောင်းပန်ပါတယ်။ ကဲ... ကျုပ် ပြန်ပါတော့မယ်။ သြော်... ပြောဖို့ တခုကျန်သွားတယ်။ ကိုရင့် ညီမလေးကို ပြောလိုက်ပါ။ မာဖာရဲ့ သေတမ်းစာထဲမှာ သူ့အတွက် ရူဘယ်သုံးထောင် ပေးသွားတယ်။ သူ မသေခင် တပတ်ကမှ ကျုပ်ရှေ့မှာတင် စီစဉ်သွား တာ။ နှစ်ရက်၊ သုံးရက်အတွင်း သူ့ဆီ ရောက်လာလိမ့်မယ်လို့ ညီမတော်ကို ပြောပေးပါ”

“ခင်ဗျား တကယ် ပြောနေတာလား”

“တကယ်ပါ။ ခင်ဗျားကို အားကိုးပါတယ်ဗျာ။ ကျုပ် ဒီအနားတဝိုက်မှာတင် နေတာပါ”

သူ လှည့်ထွက်သွားတော့ တံခါးဝတွင် ရာဇူမီခင်နှင့် တန်းတိုးတော့သည်။

※※※

ညရှစ်နာရီ ထိုးခါနီးနေပြီဖြစ်၍ သားအမိ တည်းခိုရာသို့ သူတို့နှစ်ယောက် သုတ်ခြေတင် လာခဲ့ကြသည်။ လူဇင့်အရင် ရောက်မှ ဖြစ်မည်။

လမ်းပေါ် ရောက်ရောက်ချင်း ရာဇူမီခင် မေးတော့သည်။

"အဲဒါ ဘယ်သူလဲကွ"

"ဆစီဒရီဂေးလော့ဗ်တဲ့။ မြေပိုင်ရှင်ကြီး တယောက်ပေါ့။ သူ့အိမ်မှာ ဒွန်ညာ အလုပ် လုပ်တုန်းက ပြဿနာတခု ဖြစ်ခဲ့ဖူးတယ်။ သူက ဒွန်ညာ့အချစ်ကို တောင်းခံတယ်။ အဲဒီမှာ ဒွန်ညာ အဲဒီအိမ်က ထွက်ပြေးခဲ့တာပဲ။ သူက အဲဒီတုန်းက သဲသဲမဲမဲ ဖြစ်နေချိန်လေ။ သူ့မိန်းမ မာဖာပီထရိုဗနာပါ အထင်မှားတော့ ပိုဆိုးကုန်တာပေါ့။ နောက်ပိုင်းမှာ ဒွန်ညာ့ အကြောင်း သိသွားတော့ မာဖာက တောင်းပန်တယ်။ ခု အဲဒီအမျိုးသမီး ဆုံးသွားတယ်။ အဲဒီအကြောင်းတွေ တို့စောစောက ထိုင်ပြောနေတာ။ ဘာကြောင့်မှန်း မသိဘူး သူငယ်ချင်း။ ငါ ဒီလူ့ကို ကြောက်လာတယ်။ သူ့မိန်းမအလောင်း မြေချပြီးပြီးချင်း သူ ရောက်လာတာ။ တော်တော် ထူးဆန်းတဲ့ လူကွ။ တခုခုကို ကျိတ်ကြံနေပုံ ရတယ်။ တခုခုကို သိထားပုံလည်း ရတယ်။ ဒွန်ညာ့ကို ကာကွယ်ရမယ်။ ဒါကြောင့် မင်းကို ငါ ဖွင့်ပြောတာ။ မင်း နားလည် တယ်နော်"

"ကာကွယ်ရမယ်၊ ဟုတ်လား။ သူက ဒွန်ညာ့ကို ဘာလုပ်နိုင်မှာမို့လဲ။ အေးလေ၊ မင်း ပြောဖော်ရတာ ငါ ကျေးဇူးတင်ပါတယ် ရော့ဒ်ယာ၊ တို့ ကာကွယ်ကြတာပေါ့။ ကာကွယ်ရ မှာပေါ့။ သူ ဘယ်မှာနေလဲ"

"မသိဘူးကွ"

"ဟင်.. မင်းက မမေးလိုက်ဘူးလား။ ဆိုးပါကွာ၊ ကိစ္စမရှိဘူး။ ငါ တွေ့အောင် ရှာမယ်"

ခဏငြိမ်သွားမှ ရပ်စ်ကိုလ်နီကော့ဗ်မေးသည်။

"မင်း သူ့ကို တွေ့လိုက်တယ် မဟုတ်လား"

"အေး... တွေ့တယ်၊ မှတ်မိတယ်။ သူ့ကို ကောင်းကောင်း မှတ်မိလိုက်တယ်"

"မင်း သူ့ကို သေသေချာချာ တွေ့လိုက်တာ သေချာရဲ့လား"

“အို… ကောင်းကောင်း မှတ်မိပါတယ်ဆို။ လူဆယ်ယောက်ထဲမှာ ငါ သူ့ကို ရှာထုတ် နိုင်တယ်။ မျက်နှာတွေကို မှတ်မိတဲ့နေရာမှာ ငါ သိပ်တော်တာ မင်း မသိဘူး”

နှစ်ယောက်သား ငြိမ်သွားပြီးမှ ရပ်စ်ကိုလ်နီကော့ဗ် ခပ်တိုးတိုးပြောသည်။

“အင်း… ဒါဆို… ဘာပြုလို့လဲ ဆိုတော့… သိလား၊ ငါ စဉ်းစားနေတာကွ။ ငါပဲ အတွေးကျွံနေတာလား မသိဘူး”

“ဟာ… ဘာတွေလဲကွာ၊ ငါ နားမလည်တော့ဘူး’

မဲ့ပြုံးပြုံးပြီး ရပ်စ်ကိုလ်နီကော့ဗ် စကားဆက်သည်။

“မင်းတို့ပဲ ပြောတယ်။ ငါ ရူးသွားပြီ ဆို။ ငါ ခုပဲ စဉ်းစားမိတယ်။ ငါ တကယ် ရူးသွားပြီလို့။ တစ္ဆေအကြောင်း ငါ စဉ်းစားနေတာ’

“ဘာ… တစ္ဆေ၊ ဟုတ်လား”

“ငါ တကယ် ရူး၊ မရူး ဘယ်သူ သိမလဲ။ ခုတလော ဖြစ်နေတာတွေ အားလုံးဟာ ငါ အတွေးကျွံနေတာတွေ ဖြစ်မှာပေါ့”

“ဟော့… ရော့ဒ်ယာ၊ ကြောင်တောင်တောင် လုပ်ပြန်ပြီလားကွာ။ ဒီလူက မင်းကို ဘာတွေ ပြောသွားလို့လဲ။ သူက ဘာကိစ္စနဲ့ မင်းဆီ လာတာလဲ”

ရပ်စ်ကိုလ်နီကော့ဗ် မဖြေ။ ရာဇူမီခင်က တွေပြီး စဉ်းစားနေသည်။ ပြီးမှ စကား စ,သည်။

“ကဲ… ငါပြောတာ မင်း နားထောင်ဦး။ ငါ မင်းအခန်းကို ရောက်တယ်။ မင်း အိပ်ပျော်နေတာနဲ့ ငါ ပြန်လှည့်သွားပြီး သူတို့နဲ့အတူတူ ညစာစားတယ်။ ပြီးတာနဲ့ ပေါ်ဖီရီ အိမ်ကို ငါ တန်းသွားတယ်။ ဇာမယိုတော့ဗ် မပြန်သေးဘူး။ ငါ စကားပြောဖို့ ကြိုးစားတယ်။ ဘာစကားလုံးမှ ထွက်မလာဘူး။ ဘယ်လို စရမှန်းကို မသိဘူး။ သူတို့ နားမလည်တဲ့ ဘာသာစကားနဲ့ ပြောရမလို ဖြစ်နေတယ်။ နောက်မှ ပေါ်ဖီရီကို ပြတင်းပေါက်နား ဆွဲခေါ် သွားပြီး ပြောဖို့ ကြိုးစားတယ်။ ဒါလည်း မရဘူး။ ဘာတခွန်းမှ ထွက်မလာဘူး။ ဒီလိုနဲ့ သူနဲ့ငါ အပြင်ကို ငေးကြည့်နေကြတယ်။ နောက်ဆုံးမှာ ငါ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ့မျက်နှာနား ကပ်ပြလိုက်တယ်။ ညီအစ်ကိုအနေနဲ့ ငါ့မှာ ဆုံးမပိုင်ခွင့် ရှိတယ်လို့၊ ခင်ဗျားမျက်နှာ ကြေမွသွားချင်သလားလို့ မေးလိုက်တယ်။ သူ ဘာမှ ပြန်မပြောဘူး။ ငါ့ကို အကြောင်သား ငေးကြည့်နေတယ်။ ပြီးမှ အပြင်ဘက်ကို ထွီခနဲ တံတွေးထွေးပြီး ငါ လှည့်ထွက်လာခဲ့တယ်။ တော်တော်ဆိုးတဲ့ အဖြစ်ပဲ။ ဇာမယိုတော့ဗ်ကို လှည့်တောင်

မကြည့်ခဲ့ဘူး။ ငါ လုပ်ပုံက ဆေးအတွက် ပိုလေး ဖြစ်သွားမလား မသိပါဘူးကွာ။ ဒါပေမဲ့ လေ့ကားက ဆင်းလာတော့ ငါ အတွေးတခု ပေါက်လာတယ်။ တို့နှစ်ယောက် ဘာတွေ အတွေးခေါင်နေ တာလဲ။ ဘာလို့ ဒုက္ခခံပြီး ဟိုတွေး ဒီတွေး တွေးနေမလဲ။ မင်းမှာ အန္တရာယ်တခုခု ကြုံလာ ရင် အဲဒီအခါကျမှ တို့ လှုပ်ရှားမှာပေါ့။ ဒါပေမဲ့ မင်းက ဘာလဲ၊ မင်းနဲ့ ဘာမှမဆိုင်တဲ့ ကိစ္စကို ဘာလို့ ဆွဲစေ့ချင်နေတာလဲ။ ခေါက်ထားလိုက်စမ်းပါ။ နောက်မှ သူတို့ကို ဝိုင်းဟားကြမယ်။ သူတို့ကို စိတ်ရှုပ်အောင် လုပ်မယ်။ ဘယ်ခြောက်ခါ ညာလှမ်းလို့ပေါ့။ သူတို့ ဘယ်လောက် ရှက်သွားကြမလဲ။ အဲဒီတော့မှ သူတို့ကို မင်း အပေါ်စီးကနေ ဖိထောင်းပေါ့။ ခုလောလော ဆယ်တော့ တို့ ကျိတ်ရယ်နေကြရအောင်”

“အင်း.. မင်းပြောတာ ကောင်းပါတယ်”

ဟု ပြန်ပြောပြီး ဒါပေမဲ့ မနက်ဖြန် ငါ ဘာတွေ ပြောရမှာလဲဟု တွေးနေသည်။ မနက်ဖြန်ကိစ္စ လုံးဝ ကြိုတွေးမထားမိ။ အမှန်အတိုင်း သူ သိသွားရင် ရာဇူမီခင် ဘယ်လို နေမလဲ။ သည်အတွေးဖြင့် သူငယ်ချင်းကို ငေးကြည့်နေသည်။ ပေါ်ဖီရီဆီ သူ သွားသည့် ကိစ္စကို သိပ်စိတ်မဝင်စား။ သည့်မတိုင်မီ သည်ထက် စိတ်လှုပ်ရှားစရာတွေ တပုံတပင်ကြီး ကြုံခဲ့ရပြီ မဟုတ်လား။ အတက်၊ အဆင်းများစွာ ကျော်ဖြတ်ခဲ့ပြီး မဟုတ်လား။

သူတို့နှစ်ယောက်နှင့် လူဇင် ဝရန်တာတွင် သွားတိုးသည်။ လူဇင်က ရှစ်နာရီတိတိတွင် ရောက်လာပြီး အခန်းရှာနေချိန်။ မျက်နှာချင်းဆိုင် တွေ့သည့်တိုင် နှုတ်ဆက်စကား မဆိုကြ။ လူငယ်နှစ်ယောက်က အရင်ဝင်တော့ လူဇင်က ခဏစောင့်ပေးသည်။ ဦးစားပေးသည့် အနေဖြင့် အခန်းပြင်ဘက်တွင် ခဏ ယောင်တောင်တောင် လုပ်နေသည်။ ကုတ်အင်္ကျီ ကို အသင့်ချွတ်လျက်။

မေမေရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို တံခါးဝတွင် လာကြိုသည်။ ဒွန်ညာက အစ်ကိုလုပ်သူကို ပွေ့ဖက် နှုတ်ဆက်သည်။ လူဇင်က ရင်းနှီးမှုအပြည့်ပုံစံဖြင့် ဝင်လာပြီး အမျိုးသမီး နှစ်ယောက်ကို ဦးညွှတ်နှုတ်ဆက်သည်။ သူ့အမူအရာက လိုတာထက်ပိုပြီး ယဉ်ကျေးပြနေပုံ။ သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေကြောင်းတော့ သူ သိနေပုံ။

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ဧည့်သည်တွေကို စားပွဲဝိုင်းတွင် ထိုင်ခိုင်းသည်။ စိတ်လှုပ်ရှားနေပုံ။ အနေရကျပ်နေပုံ။ စားပွဲဝိုင်းပေါ်တွင် လက်ဖက်ရည်နှပ်အိုးကြီးက ကျွက်ကျွက် ဆူလျက်။ ဒွန်ညာနှင့် လူဇင်က မျက်နှာချင်းဆိုင်၊ ရာဇူမီခင်နှင့် ရပ်စ်ကိုလ်နီကော့ဗ်က မအေကြီး နှင့် မျက်နှာချင်းဆိုင်။ လူဇင်နှင့် ရာဇူမီခင်က ယှဉ်လျက်သား နေရာယူကြသည်။ ရပ်စ်ကိုလ် နီကော့ဗ်က ဒွန်ညာနှင့် မျက်စောင်းထိုး။

ခဏာ တိတ်ဆိတ်နေကြသည်။ လူဇင်က ရေမွှေးနံ့ တထောင်းထောင်းနှင့် လက်ကိုင် ပဝါကို အိတ်ထဲမှ ထုတ်ပြီး နှပ်ညှစ်ထည့်သည်။ မကျေမနပ် ဖြစ်နေသည့် လူကြီးလူကောင်း တယောက်၏ ဂိုက်ကို ဖမ်းထား၏။ ပြီးတော့ သူက အားလုံးကို ဖြေရှင်းချက် တောင်းနေသည့် အပေါ်စီးပုံစံမျိုး။ အခန်းထဲကို မဝင်ခင်က အပြင်တွင် စိတ်ကူးတမျိုး ပေါ်လိုက်သေးသည်။ ကုတ်အင်္ကျီမချွတ်ဘဲ ပြန်လှည့်ထွက်သွားဖို့ ဖြစ်၏။ သည်နည်းဖြင့် သည်သားအမိကို အပြစ်ပေးမည်။ ဒါမှ သူတို့အခြေအနေ သူတို့ သိမည်။ သို့သော် သူ သည်လို မလုပ်ရဲချေ။ နောက်မှ စိတ်ပြောင်းသွားသည်။ သူတို့ သားအမိကို ဒဏ်ခတ်ဖို့က အချိန်ရှိသေးသည်။

လောလောဆယ် အခြေအနေမှန်ကို သိဖို့ အရေးကြီးသည်။ သူတို့ဆီက ဘာတွေ ထွက်လာမည်လဲ လေ့လာရမည်။ သူ့ကိုယ်သူ အပေါ်စီး ရထားပြီဟု လူဇင်က လုံးဝ ယုံကြည်ထားသည်။

"လမ်းခရီး ဖြောင့်ဖြူးတယ် မဟုတ်လား မစ္စက်ရပ်စ်ကိုလ်နီကော့ဗ်"

လူဇင်က မအေကို ဦးတည်ပြီး စကား စသည်။ သူ့လေသံက ရုံးတာဝန်နှင့် ပြောသည့် လေသံမျိုး။

"အဆင်ပြေပါတယ် ပျိုတာ"

"ဝမ်းသာပါတယ် မဒမ်၊ ဒွန်ညာလည်း မပင်ပန်းဘူး မဟုတ်လား"

"ဒွန်ညာက လူငယ်ဆိုတော့ ဒါလောက်မဟုတ်ပါဘူး။ မေမေ့ခမျာတော့ တော်တော်လေး ပင်ပန်းရှာတယ်"

"အင်း… ခရီးက ရှည်တာကိုး။ ကျုပ်တို့ တိုင်းပြည်လောက် ရထားလမ်း ရှည်လျားတာ ဘယ်တိုင်းပြည်မှ မရှိဘူး။ ဘူတာရုံ လာမကြိုနိုင်အောင် အလုပ်တွေ များနေတာတော့ စိတ်မကောင်းဘူး။ ဒါပေမဲ့ ဘာမှ အခက်အခဲ မရှိဘူး မဟုတ်လား"

"မရှိပါဘူး ပျိုတာ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က လေသံတမျိုး ပြောင်းသွားပြီး -

"သူ့ဘာသာသူ အဆင်ပြေသွားပါတယ်။ ဟောဒီက ဒီမီထရီရာဇူမီခင် မပါရင်တော့ မလွယ်ဘူး။ ဘုရားသခင်က သူ့ကို လွှတ်ပေးလိုက်သလား မသိဘူး။ ဩော်… ဒီမီထရီ ရာဇူမီခင် ဆိုတာ သူပါပဲ"

မေမေရပ်စ်ကိုလ်နီကော့ဗ်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

"ဩော်… ဝမ်းသာစရာပေါ့။ မနေ့ကတော့…"

လူဇင်က ရာဇူမီခင်ကို မျက်မှောင်ကြုတ်လျက် ငဲ့ကြည့်ပြီး စကားမဆက်ဘဲ ရပ်ပစ် လိုက်သည်။ အကြမ်းဖျင်း ပြောရလျှင် လူဇင်သည် လူတောသူတောထဲတွင် ဝင်ဆံ့သူ ဖြစ်သည်။ သို့သော် သူ့ကို ထိပြီ ဆိုလျှင် ရာဇဏ္ဍေန္ဒြေ ပျက်ယွင်းကာ မြင်းစီးသူရဲကောင်းဘဝက ဂျုံအိတ်တအိတ် ဘဝကို လျှောကျသွားတတ်သူ ဖြစ်သည်။

အားလုံး ငြိမ်နေကြသည်။ အထူးသဖြင့် ရပ်စ်ကိုလ်နီကော့ဗ် တယောက် ငြိမ်ချက်သား ကောင်းနေသည်။ ဒွန်ညာက ဘာမှ ဝင်ပြောချင်စိတ် မရှိသလို ငြိမ်နေသည်။ ရာဇူမီခင် အနေဖြင့် ပြောစရာ ဘာမှမရှိ။ သည်တော့ မေမေ ရပ်စ်ကိုလ်နီကော့ဗ် ဝင်ရတော့သည်။

“မာဖာပီထရိုဗနာ ဆုံးသွားပြီတဲ့။ ရှင် ကြားပြီးပြီလား ပျို့တာ”

သတင်းထူးတခုအဖြစ် ပြောလိုက်ခြင်းဖြစ်သည်။

“ဟုတ်ကဲ့၊ ကျွန်တော် ကြားပါတယ် မဒမ်။ ပထမတော့ ကောလာဟလ အောက်မေ့တာ။ သူ့ဇနီး မြေချပြီးပြီးချင်း အာကာဒီဆဗီဒရီဂေးလော့ဗ်တယောက် ပီတာစဘတ်ကို ထွက်လာတယ် ကြားတယ် ခင်ဗျ။ အဲဒီအကြောင်း ပြောချင်လို့ ဒီကို ရောက်လာတာလည်း ပါပါတယ်။ ဒါဆို ဒီသတင်း သေချာပြီပေါ့နော်”

“ဟုတ်လား၊ ပီတာစဘတ်ကို…”

ဒွန်ညာက မအေ့ကို အလန့်တကြား လှမ်းကြည့်လိုက်သည်။

“ဟုတ်ပါတယ် မဒမ်။ မိန်းမအလောင်းကို သင်္ဂြိုဟ်ပြီးပြီးချင်း ထွက်လာတယ် ဆိုတော့ ထူးခြားတဲ့ ရည်ရွယ်ချက် တခုတော့ ရှိမယ် ထင်တယ်'

မေမေ ရပ်စ်ကိုလ်နီကော့ဗ် အထိတ်တလန့် ပြောလိုက်သည်။

“အို… ဘုရားသခင်၊ ဒါဆို သမီး ဒွန်ညာ့အတွက် စိတ်ပူစရာ ဖြစ်နေပြီပေါ့”

“ကျွန်တော့်အနေနဲ့တော့ သိပ်ပူစရာ မလိုဘူး ထင်ပါတယ် မဒမ်။ သားအမိ နှစ်ယောက် သူနဲ့ ကင်းကင်းနေရင် ပြီးတာပါပဲ။ ကျွန်တော့်ဘက်ကတော့ တာဝန်ကျေစေရပ့်မယ်။ သူ ဘယ်မှာနေတယ် ဆိုတာ စုံစမ်းပြီး …’

“သူက သိပ်ကြောက်စရာ ကောင်းတာနော်။ သူ့ကို နှစ်ခါပဲ တွေ့ဖူးတာပါ။ တကယ့် ကို ကြောက်စရာ ကောင်းတာ။ မာဖာပီထရိုဗနာ သေရတာလည်း သူ့ကြောင့်ပဲလို့ ပြောကြ တယ်”

“ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ အထောက်အထား မရှိသေးဘူး ခင်ဗျ။

အကွက် ဆင်တဲ့ အထဲမှာတော့ ပါကောင်း ပါပါလိမ့်မယ်။ အများအထင်ကို ကျွန်တော် မဆန့်ကျင်ပါဘူး။ သူ ဘယ်လောက် ချမ်းသာလဲ ဆိုတာ ကျွန်တော် မမှန်းတတ်ဘူး။သူ့အတွက် မာဖာ ဘယ်လောက်ထားခဲ့သလဲ မသိဘူး။ မကြာခင် ကျွန်တော်သိရမှာပါ။ ပီတာစဘတ်မှာ မကြာခင် သူ့ငယ်ခြေတွေ ပြန်ပေါ်လာမှာပါ။

ငွေရေးကြေးရေးကြောင့်လေ။ ဒီလိုလူမျိုးတွေဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပါ။ သူ့ကို မာဖာ ချစ်မိတာ ကံဆိုးမိုးမှောင်ကျတာပဲ။ ရက်စက်မှုအမျိုးမျိုးနဲ့ ထောင်ကျတာ။ အချုပ်ထဲကနေ ငွေနဲ့စက်ပြီး မာဖာ ထုတ်ခဲ့ရတာလေ။ ရာဇဝတ်မှုနဲ့ ဆိုက်ဘေးရီယား ပို့ခါနီးဆဲဆဲ ကံသီလို့ပေါ့။ သူက အဲဒီလို လူစားပါ”

“အို… ဘုရားသခင်”

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ဘုရားသခင် တသည်။ ရှော့ဒ်ယာရပ်စ်ကိုလ်နီကော့ဗ် က ဘာမှ ဝင်မပြောဘဲ အာရုံစိုက် နားထောင်နေသည်။

ဒွန်ညာက လေသံမာမာဖြင့် မေးလိုက်သည်။

“ရှင် ဒီသတင်းတွေ တကယ် တိတိကျကျ ရတာလား”

“မာဖာကိုယ်တိုင် ပြောတာပဲ။ ဒါထက် တိကျတာ ဘယ်ရှိမှာလဲ။ နောက်တခု ရှိသေးတယ်။ အဲဒီအမှုက ဥပဒေကြောင်းအရ အရေးယူဖို့ ရှုပ်ထွေးတဲ့ အမှုမျိုးပေါ့။ မစ္စရဲလစ်ချ် ဆိုတဲ့ နိုင်ငံခြားသူ အမျိုးသမီးတယောက် ရှိတယ်။ ငွေတိုးပေးစားတဲ့ အမျိုးသမီး။ တခြား အလုပ်မျိုးစုံလည်း လုပ်တယ်။ သူနဲ့ ဆဗီဒရီဂေးလော့ဗ်နဲ့က မရှင်း မရှင်း။ အမျိုးသမီးမှာ တူမလေးတယောက် ရှိတယ်။ ဆွံ့အ နားမကြား ကလေးမကလေး။ အသက်က ဆယ့်ငါးနှစ် လောက် ရှိပြီ။ ရဲလစ်ချ်က ဒီကောင်မလေးကို အရမ်းမုန်းတာ။ ရက်ရက်စက်စက် ရိုက်တယ်။ တနေ့ အထပ်ခိုးပေါ်မှာ ကောင်မလေး ဆွဲကြိုးချ သေသွားတယ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်မှု ဆိုပြီး အမှုပိတ်လိုက်တယ်။ နောက်မှ သတင်းတွေ ထွက်လာတာ။ ရက်ရက်စက်စက် လုပ်တာက ဆဗီဒရီဂေးလော့ဗ် တဲ့။ ဒါတွေကို ကောလာဟလပါ ဆိုပြီး မာဖာက ငွေနဲ့ဖုံးပြီး ဖျောက်ဖျက်ပစ်လိုက်ရတယ်။ သူ့အိမ်က သူပိုင်ကျွန် ဖီးလစ်အကြောင်း တော့ ဒွန်ညာ ကြားဖူးမှာပေါ့။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က သူ ရိုက်သတ်တာလေ”

“ကျွန်မ ကြားသလောက်တော့ ဖီးလစ်က သူ့ဘာသာသူ ဆွဲကြိုးချ သေတာဆို” “ဟုတ်ပါတယ်။ မခံနိုင်တော့လို့ သူ့ကိုယ်သူ အဆုံးစီရင်တာလေ’’

"ကျွန်မ ကြားတာက တမျိုး၊ တော်တော်ထူးဆန်းတဲ့ ဇာတ်လမ်းပဲ။ အဲဒီ ဖီးလစ်က ကျန်းမာရေး မကောင်းဘူးတဲ့။ ဒါပေမဲ့ စာတွေ အရမ်းဖတ်ပြီး ခပ်ကြောင်ကြောင် ဖြစ်နေ တာတဲ့။ သူ့ကို မစ္စတာဆဗီဒရီဂေးလော့ဗ်က ရိုက်တာ မဟုတ်ဘူး။ စတာ၊ နောက်တာတဲ့။ ကျွန်မ အဲဒီမှာ ရှိနေတုန်းက သူ့အိမ်စေတွေကို ရိုက်တာ၊ နှက်တာတွေ မတွေ့ရပါဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ အားလုံးကလည်း သူ့ကို ခင်ကြပါတယ်။ သူတို့က လည်း ဖီးလစ် သေရတာ သူ့ကြောင့်လို့ စွပ်စွဲကြတာတော့ မှန်တယ်"

လူဇင်က အဓိပ္ပာယ်နှစ်မျိုး ထွက်သည့် မဲ့ပြုံးမျိုး ပြုံးပြီး -

"အင်း... နောက်ဆုံး မင်း သူ့အပေါ် အကဲဖြတ်နိုင်သားပဲ။ သူဟာ အမျိုးသမီး တွေနဲ့ ပတ်သက်လာရင် သိပ်လျင်တယ်။ ကျအောင် လှော်တတ်တယ်။ သိပ်ပြီးတော့လည်း လျှို့ဝှက် သိပ်သည်းတယ်။ ဒါကြောင့် မာဖာ သေရတာ သို့လော သို့လောတွေ ဖြစ်ကုန်တာ ပေါ့။ တကယ် ကြေကွဲစရာ အဖြစ်ပါ။ ဒီမယ် ဒွန်ညာ၊ ဒါကြောင့် မင်းတို့သားအမိကို သတိနဲ့ နေစေချင်တာပါ။ သူ တခုခုတော့ ကြိုးစားမှာပဲ။ ကိုယ့်အမြင် ပြောရရင်တော့ မာဖာ မရှိတဲ့နောက် သူ ဒုံရင်း ဒုံရင်း ပြန်ရောက်သွားမှာပါပဲ။ သေချာပါတယ်။ ကြွေးပတ်လည်ဝိုင်းပြီး ထောင်ထဲ ပြန်ဝင်သွားမှာပါ။ မာဖာက သူ့အပေါ် သိပ်အာရုံမထားပါဘူး။ ကလေးတွေကို ဦးစားပေးတာ။ သူ့အတွက် ထားခဲ့ရင်လည်း မစို့မပို့လောက်ပဲ ထားခဲ့မှာ။ သူလိုလူအတွက် တနှစ်တောင် အသုံးခံမှာ မဟုတ်ဘူး"

"ပျိုတာ၊ ကျွန်မ တောင်းပန်ပါတယ်။ သူ့အကြောင်း တော်ပါတော့ရှင်။ စိတ်ဝင်စားစရာ မကောင်းတော့ပါဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က ဖြန်းစားကြီး ဝင်ပြောသည်။ ပထမဆုံးအကြိမ် စကား ဝိုင်းထဲ ဝင်လာခြင်း ဖြစ်၏။

"ခုတင်ကလေးကပဲ သူ ငါ့ဆီ ရောက်လာတယ် ဒွန်ညာ"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မျက်လုံးပေါင်းများစွာ သူ့ဆီ ရောက်လာသည်။ ပျိုတာလူဇင် ကိုယ်တိုင် အထိတ်တလန့် ဖြစ်သွားသည်။

"လွန်ခဲ့တဲ့ တနာရီခွဲ လောက်ကမှ ရောက်လာတာ။ ကျွန်တော် အိပ်ပျော်နေတုန်း ဝင်လာတာ" သူ

ရပ်စ်ကိုလ်နီကော့ဗ် ဆက်ပြောသည်။

"ကျွန်တော် နိုးလာတော့ သူ့ကိုယ်သူ မိတ်ဆက်တယ်။ သူ့ကြည့်ရတာ ပေါ့ပေါ့ပါးပါးပါပဲ။ ကျွန်တော့်ကို သူ့မိတ်ဆွေ ဖြစ်ရမယ်လို့ မျှော်လင့်ထားပုံပဲ။

သြော်… ဒါထက် ဒွန်ညာ၊ ညီမလေးနဲ့ တွေ့ပါရစေတဲ့။ အစ်ကို့ကို အကူအညီ တောင်းနေတယ်။ စီစဉ်ပေး ပါတဲ့။ ညီမလေးကို ပေးစရာရှိတဲ့ အကြောင်း အစ်ကို့ကို ဖွင့်ပြောတယ်။ မာဖာပီထရိုဗနာ မသေခင် တပတ်အလိုမှာ သေတမ်းစာ ဖြည့်ရေးသွားတယ်တဲ့။ ညီမလေးအတွက် ရူဘယ် သုံးထောင် ထားခဲ့တယ်တဲ့။ မကြာခင် အဲဒီပိုက်ဆံ ရောက်လာလိမ့်မယ်တဲ့”

“အို…ဘုရားသခင်၊ သူ့အတွက် ဆုတောင်းပေးရမယ် သမီး။ ဒွန်ညာ… ဆုတောင်း ပေးလိုက်ပါကွယ်”

“ဒါ တကယ်ပဲလား”

လူဇင်က တအံ့တဩ မေးသည်။

“အင်း… အင်း… ပြောပါဦး။ နောက် သူ ဘာတွေ ပြောသွားသေးလဲ”

ဒွန်ညာက သိချင်ဇောဖြင့် မေးသည်။

“သူက ပြောတယ်။ သူ မချမ်းသာပါဘူးတဲ့။ အားလုံးလိုလို မာဖာက ကလေးတွေ ကို လွှဲပေးသွားတယ်တဲ့။ ကလေးတွေကို သူ့အဒေါ်ဆီမှာ အပ်ထားခဲ့တယ်တဲ့။ သူ လောလောဆယ် အစ်ကိုနဲ့ မလှမ်းမကမ်းမှာ နေတယ်တဲ့။ သူ့လိပ်စာတော့ မေးမထားလိုက်မိဘူး”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ဖြတ်မေးသည်။

“သူက ဒွန်ညာနဲ့ တွေ့ဖို့ တခြား ဘာကိစ္စ ရှိသေးသလဲ၊ အဲဒါ ပြောသေးလား”

“ပြောတယ် မေမေ”

“ဘာတဲ့လဲ”

“အဲဒါ နောက်မှ ပြောပြမယ်”

ရပ်စ်ကိုလ်နီကော့ဗ်က ပြောပြီး လက်ဖက်ရည်ခွက်ကို လှမ်းယူလိုက်သည်။ လူဇင် က လက်မှ နာရီကို မြှောက်ကြည့်ပြီး ကသိကအောက် ဖြစ်နေပုံဖြင့် ထရပ်လိုက်သည်။

“ကဲ… ကျုပ် သွားစရာလေးရှိလို့ ပြန်လိုက်ဦးမယ်။ လွတ်လွတ်လပ်လပ် ပြောကြပါ”

ဒွန်ညာက တားသည်။

"အို…နေပါဦး။ အေးအေးဆေးဆေးနေမယ် အောက်မေ့နေတာ။ စာထဲမှာပါတယ်၊ မေမေနဲ့ ပြောစရာတွေ ရှိတယ်ဆို"

လူဇင်က ဣန္ဒြေကြီး တခွဲသားနှင့် ခပ်တည်တည် ပြန်ထိုင်သည်။ လက်ထဲက ဦးထုပ်ကိုတော့ မချ။

"အင်း…ပြောစရာတွေတော့ ရှိတာပေါ့လေ။ မင်းတို့ သားအမိနှစ်ယောက်စလုံးနဲ့ ပြောရမှာ။ ပြောရမယ့်အထဲမှာ အရေးကြီးတဲ့ အချက်တွေပါတယ်။ မင်းရဲ့အစ်ကိုက ကျုပ်ရှေ့မှာ မစ္စတာ ဆဗီဒရီဂေးလော့ဗ် အကြောင်း မပြောချင်သလို ကျုပ်ကလည်း… ကျုပ်ကလည်း… တခြားလူတွေ ရှေ့မှာ မပြောချင်ဘူး။ ပြောရမယ့် ကိစ္စတွေက အရေးကြီးတယ်။ နောက်တခုက ကျုပ် အမိကထားပြီး တောင်းဆိုထားတဲ့ လိုလားချက် ကျုပ်မရခဲ့ဘူး"

လူဇင်က အတင်းဆုံး မျက်နှာထားနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

ဒွန်ညာက -

"ကျွန်မ အစ်ကိုကို ဒီတွေ့ဆုံပွဲမှာ မပါဖို့ ရှင့် တောင်းဆိုချက်ကို အမိက သဘောမတူ တာက ကျွန်မပါ။ ရှင့်စာထဲမှာ ပါတယ်။ ကျွန်မအစ်ကိုက ရှင့်ကို စော်ကားတယ်တဲ့။ ဘယ်လို စော်ကားတာလဲ၊ ရှင်းပြပါ။ ပြေလည်အောင် ညှိကြရမှာပေါ့။ ကျွန်မအစ်ကို လွန်တယ် ဆိုရင် သူ တောင်းပန်ပါလိမ့်မယ်။ တောင်းပန်ရမှာပေါ့"

လူဇင်က အားတက်လာပုံဖြင့်-

"စော်ကားတာက အထင်အရှားပဲ။ တဖက်သားရဲ့ စေတနာ အစော်ကားခံရတယ် ဆိုတော့ ဘယ်ခွင့်လွှတ်နိုင်မှာလဲ။ ဘယ်နေရာမဆို နယ်ခြားလိုင်း ဆိုတာ ရှိတယ်။ အဲဒီလိုင်း ကို ဖြတ်ဖို့ သိပ်အန္တရာယ် များတယ်။ ဖြတ်ကျော်မိပြီ ဆိုရင်လည်း ပြန်ဆုတ်လို့ မရတော့ဘူး"

ဒွန်ညာက ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်သည်။

"ကျွန်မ ပြောတာက တမျိုးပါ။ ပျိုတာလူဇင်၊ တဆိတ် ရှင်နားလည်ထားဖို့က ကျွန်မတို့ အနာဂတ်ဟာ ဒီကိစ္စ ပြေလည်၊ မပြေလည်ပေါ်မှာ အများကြီး တည်နေတယ်။ အမြန်ဆုံး ပြေလည်မှ ဖြစ်မယ်။ ကျွန်မ အရှင်းဆုံး ပြောမယ်။ ရှင် ကျွန်မကို တန်ဖိုးထားရင် ကျွန်မမှာ တခြားရွေးစရာလမ်း မရှိဘူး။ မပြေလည်ဘူး ဆိုရင် ဇာတ်လမ်းကို ဒီနေ့ ရပ်ပစ် လိုက်ရုံပဲ။ ကျွန်မအစ်ကို မှားရင် သူ့ဘက်က တောင်းပန်လိမ့်မယ်"

လူဇင်တယောက် ပိုပြီး ဆောက်တည်ရာမရ ဖြစ်လာသည်။

"မင်း ဒီလိုပြောလာတာ ကျုပ် အံ့ဩလို့ မဆုံးဘူး ဒွန်ညာ။ မင်းကို ကျုပ် တန်ဖိုး ထားပါတယ်၊ မြတ်နိုးပါတယ်။ ဒါပေမဲ့ တပြိုင်တည်းမှာ မင်းရဲ့ သွေးသားတယောက်ကို..."

"အဲဒါထားပါ။ ရှင် သိပ်မလောပါနဲ့"

ဒွန်ညာ ဒေါပွစ ပြုလာသည်။

"တဆိတ် ရန်လိုတဲ့ စကားတွေ ရပ်ပါတော့။ ပျိုတာလူဇင်၊ တဆိတ် လူကြီး လူကောင်း တယောက်လို ဆက်ဆံပါ။ ရှင့်ကို ကျွန်မ တလျှောက်လုံး လူကြီးလူကောင်းလို ဆက်ဆံခဲ့တာ။ ကျွန်မဟာ ရှင့်ရဲ့ ဇနီးလောင်းပါ။ စိတ်ချ၊ ဒီကိစ္စမှာ ဘက်မလိုက်ဘဲ ကျွန်မ ဆုံးဖြတ် မယ်။ ရှင့်စာ ရပြီး ရော့ဒ်ယာကို ကျွန်မ ဒီနေ့ လာခဲ့ဖို့ ဖိတ်လိုက်တာ။ ဘာ ရည်ရွယ်ချက်နဲ့ ခေါ်တယ် ဆိုတာ မပြောဘူး။ ရှင်တို့နှစ်ယောက် မပြေလည်ဘူး ဆိုရင် ကျွန်မ တခုခု ဆုံးဖြတ် ရတော့မယ်။ ရှင့်ကို ရွေးမလား၊ သူ့ကို ရွေးမလား။ ကျွန်မ အဖြေက ရှင်တို့နှစ်ယောက် အပေါ်မှာ တည်တယ်။ ရှင့်ကို ရွေးရင် ကျွန်မအစ်ကိုနဲ့ သေခန်းပြတ်ရမယ်။ သူ့ကို ရွေးရင် လည်း ရှင်နဲ့ အလားတူပဲ။ ရှင်တို့နှစ်ယောက် မပြေလည်ရင် ကျွန်မ အဲဒီအတိုင်း လုပ်ရတော့ မယ် ဆိုတာ သဘောပေါက်ပါ။ ကျွန်မ အရွေး မမှားချင်ဘူး။ အရွေးမှားလို့ မဖြစ်ဘူး"

လူဇင်က မျက်ခုံးချီပြီး-

"ဒွန်ညာ၊ မင်း ပြောပုံက သိပ်အံ့ဩစရာ ကောင်းတယ်။ တခု စဉ်းစားပါ။ ကျုပ် သို့မဟုတ် သူ ဆိုတော့ မင်းက သူနဲ့ ကျုပ်ကို တန်းညှိတဲ့သဘော ဖြစ်နေတယ်။ မင်းကို မြတ်နိုးပေမယ့် မင်းရဲ့ မိသားစုဝင်တိုင်း ကျုပ် လေးစားချင်မှ လေးစားမှာပေါ့။ ပြီးတော့ မင်းကတိကို ဖျက်မယ့်သဘော ပါနေတယ်။ ဒါတော့ သိပ်သဘာဝမကျဘူး ထင်တယ်။ မင်းနဲ့ ကျုပ်နဲ့ လက်ရှိအခြေအနေအရ ဒါမျိုး ကျုပ် လက်မခံနိုင်ဘူး"

ဒွန်ညာ အမောက်ထောင်လာပြီ။

"ဘာ... စိတ်အေးအေးထားပြီး စဉ်းစားပါ ပျိုတာလူဇင်။ ရှင့်ကို ကျွန်မက နှလုံးသား ရှိတဲ့ လူလို့ တောက်လျှောက် အထင်ကြီးခဲ့တာ။ အဲဒီအတိုင်းလည်း ဖြစ်စေချင်ခဲ့တာ။ ခုတော့ ကျွန်မ စဉ်းစားရတော့မယ်။ သူက ကျွန်မရဲ့ တကယ့်အစ်ကို ဖြစ်မလား၊ ရှင်က ကျွန်မရဲ့ ခင်ပွန်းကောင်းတယောက် ဖြစ်မလား၊ ကျွန်မအပေါ်ဘယ်လောက် လေးစားမလဲ၊ တန်ဖိုး ထားမလဲ၊ သေသေချာချာ

ပြန်စဉ်းစားရတော့မယ်”

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ထွေထွေ သရော်ပြုံး ပြုံးနေသည်။ ရာဇူမီခင်က မျက်နှာ ပျက်ပျက်နှင့် လန့်နေသည်။ လူဇင်က တဖက်လှောက်လဲချက်ကို လက်မခံ။ လက်မခံသည့် အပြင် ပိုပြင်းထန်လာသည်။ သူ့စကားလုံးတွေက ပိုပြီး နာသာခံခက် ဖြစ်လာသည်။ သို့သော် သည်လို ပြောရသည့်အတွက် သူက ခံတွင်းတွေ့နေပုံ။

“ကိုယ့်ဘဝ ကြင်ဖော်ဖြစ်မယ့်လူ၊ အိမ်ဦးနတ် နေရာထားရမယ့် လူကိုတော့ အစ်ကိုထက် ပိုချစ်ရမှာပေါ့”

သူက ဟန်နှင့်ပန်နှင့် ပီပီသသ ဆက်ပြောသည်။

“နောက်တခုက သူနဲ့ကျုပ်ကို တတန်းတည်းထားပြီး စဉ်းစားတာ သိပ်မလျော် ဘူး ထင်တယ်။ ကျုပ် အတိအလင်း ပြောထားပြီးသားလေ။ မင်းအစ်ကိုရှေ့မှာ ကျုပ် စကား မပြောချင်ဘူးလို့။ ခုတော့ ကျုပ်ရဲ့ ဂုဏ်သိက္ခာအတွက် မင်းရဲ့ လေးစားအပ်တဲ့ မိခင်ကြီးကို ကျုပ် မေးရတော့မယ်။ မစ္စတာရပ်စ်ကိုလ်နီကော့ဗ် ခင်ဗျား”

သူက မေမေရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်လိုက်သည်။

“ခင်ဗျားရဲ့သားဟာ မနေ့က ဟောဒီ အဲ... စိတ်မရှိနဲ့နော်။ သူ့နာမည် ကျုပ်မေ့နေတယ်’ သူက ရာဇူမီခင်ဘက် လှည့်ပြီး ဦးညွတ်လိုက်သည်။

“ဟောဒီ လူကြီးမင်းရှေ့မှာ ကျုပ်ကို စော်ကားခဲ့တယ်။ ကျုပ်က ကော်ဖီသောက် ရင်း ခင်ဗျားနဲ့ ပြောဖူးတဲ့ စကားကို မအေက သားဆီ ရေးတဲ့စာထဲမှာ ပါသွားပုံရတယ်။ ကျုပ်က ဆင်းရဲတဲ့ မိန်းကလေး၊ ဘဝနာထားတဲ့ မိန်းကလေးကို လက်ထပ်ရမယ့် ကိစ္စ အကြောင်း ကျုပ် ပြောတာကို သူ ပုံကြီးချဲ့ပြီး လှောက်ပြောတယ်။ မလိုတမာ စိတ်ဓာတ်နဲ့ ကျုပ်ကို သိက္ခာချတယ်။ အဲဒီကိစ္စကို အမေကြီးအနေနဲ့ ကျုပ်ဘက်က ရှင်းပြနိုင်ရင် ပိုကောင်း မယ် ထင်ပါတယ်။ သားတော်မောင်ကို ဘယ်လို ဘယ်လို အဓိပ္ပာယ်နဲ့ ဖွင့်ဆိုလိုက်သလဲ ဆိုတာမျိုးပေါ့”

“သိပ်တော့ အသေးစိတ် မမှတ်မိဘူး။ သေချာတာကတော့ ရှင်ပြောတာကို ကျွန်မ နားလည်သလို ရေးလိုက်တာပဲ။ ရော့ဒ်ယာက ရှင့်ကို ဘယ်လို ပြန်ပြောလဲဆိုတာတော့ ကျွန်မ မသိဘူး။ သူ သာသာထိုးထိုး ချဲ့ကားပြောလား၊ မပြောလား ကျွန်မ မသိဘူး”

“သူ ချဲ့ကားပြောရင်လည်း ခင်ဗျား သတင်းပေးပုံကိုက ပုံကြီးချဲ့ထားလို့ဖြစ်မှာပေါ့”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်ပါ ကွဲမြီးတိုလာပြီ။

"ဒီမယ် ပျိုတာလူဇင်၊ ကျွန်မတို့ ဒီကို ရောက်လာကတည်းက ရှင့်ကတိတွေ၊ ရှင့် ပြောစကားတွေကို မယုံတော့ဘူး"

မစ္စက် ရပ်စ်ကိုလ်နီကော့ဗ်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာဖြင့် ပြောလိုက်သည်။ သမီးလုပ်သူက ဝမ်းသာအားရ ထောက်ခံသည်။

"မေမေ ပြောတာ မှန်တယ်"

"ဒါဆို ကျုပ် အပြစ်တွေချည်းပေါ့ ဟုတ်လား"

လူဇင်က ဒေါသသံ စွက်လာသည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်ကလည်း အလျှော့ မပေးတော့။

"ဒီမယ် ပျိုတာလူဇင်၊ ရှင်က သားအပေါ်အပြစ်ပုံချနေတယ်။ ရှင်က သူ့အကြောင်း မဟုတ်တရုတ်တွေ ရေးတာကို ထည့်ပြောဦးလေ"

"ကျုပ် ဘယ်တော့မှ မမှန်တာ မပြောဘူး၊ မရေးဘူး မဒမ်"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို မကြည့်ဘဲ-

"ခင်ဗျား ရေးတယ်လေ။ မနေ့က နာရေးမှာ ပိုက်ဆံပေးတာ၊ ကျန်ရစ်သူ မုဆိုးမ လက်ထဲ ထည့်ခဲ့တာ။ ခင်ဗျားက သူ့သမီးကို ပေးခဲ့တယ်လို့ ရေးထားတယ်။ အဲဒီမိန်းကလေး ကို မနေ့ကမှ ကျွန်တော် တွေ့ဖူးတာ။ အဲဒါ ခင်ဗျား ကျွန်တော့်မိသားစုထဲမှာ ပြဿနာဖြစ်အောင် သပ်လျှိုတာပဲ။ ပြီးတော့ အဲဒီမိန်းကလေး အကြောင်းလည်း ခင်ဗျား ဘာမှမသိဘဲနဲ့ တောရမ်းပယ်ဖွဲ့ လျှောက်ပြောတယ်။ ဒါဟာ သိပ်အောက်တန်းကျတဲ့၊ သိပ်ပြီး သိမ်ဖျင်းတဲ့ စကားမျိုးပဲ"

လူဇင် ဒေါသကြောင့် တုန်တုန်ယင်ယင် ဖြစ်လာသည်။ "ဒီမယ်၊ တဆိတ်၊ ကျုပ်က ကိုရင့် ညီမနဲ့အမေကို ကျုပ် မြင်တဲ့အတိုင်း ရေးတာပဲ။ မှုသားတကြောင်းမှ မပါဘူး။ မိသားစုဆီက ရတဲ့ငွေကို ဘာမဟုတ်တဲ့ ကလေကချေကို ပေးပစ်တာကကော..."

"ခင်ဗျားရဲ့ ကိုယ်ကျင့်တရားဟာ အဲဒီမိန်းကလေး ရဲ့ လက်သန်းလောက်တောင် တန်ဖိုး မရှိဘူး"

"ဆိုလိုတာက ဒီကောင်မလေးကို ကိုရင့်အမေနဲ့ ကိုရင့်နှမနဲ့ မိတ်ဆက်ပေးရဲတယ်ပေါ့"

"မိတ်ဆက်ပေးပြီးပြီလေ၊ တဝိုင်းတည်း ထိုင်ပြီး စကားပြောပြီးပြီလေ"

"ရှော့ဒ်ယာ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က လှမ်းပြီးဟန့်သည်။ ဒွန်ညာ မျက်နှာနီလာသည်။

လူဇင်က အောင်မြင်သော လေသံဖြင့် -

"ကဲ... တွေ့တယ် မဟုတ်လား။ ဒီပြဿနာ ရှင်းလောက်ပါပြီ။ မိသားစု ပြန်လည် တွေ့ဆုံပွဲမှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ ပါမှာမို့ ကျုပ် အနှောင့်အယှက် မပေးတော့ပါဘူး"

ဦးထုပ်ကို ပိုက်လျက် ကုလားထိုင်မှ ထပြီး ဆက်ပြောသည်။

"မစ္စက်ရပ်စ်ကိုလ်နီကော့ဗ် ခင်ဗျား၊ ကျွန်တော် စာရေးတာဟာ မဒမ်တယောက် တည်းအတွက်ပါ။ တခြားဘယ်သူ့ကိုမှ ပြန်ဖောက်သည်ချဖို့ မဟုတ်ပါဘူး"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ထောင်းခနဲ ဖြစ်သွားသည်။

"နေပါဦး၊ ရှင်က ကျွန်မတို့ကို ရှင့်ဩဇာ အာဏာအောက်မှာ နေရမယ် ဆိုတဲ့ သဘောလား။ ဒီမယ် ပျိုတာလူဇင်၊ ရှင် ဖြစ်စေချင်တဲ့အတိုင်း မဖြစ်နိုင်တဲ့အကြောင်း ဒွန်ညာ ရှင်းပြပြီးပြီ။ ရှင် စာရေးပုံက တမျိုးပဲ။ အမိန့်ပေးနေတာပဲ။ ရှင့်အမိန့်အတိုင်းကို ကျွန်မတို့ လိုက်နာနေရမှာလား။ ကျွန်မ ရှင်းရှင်းပြောမယ်။ ကျွန်မတို့အပေါ် ယဉ်ယဉ်ကျေးကျေး ညှာညှာတာတာ ဆက်ဆံပါ။ ကျွန်မတို့က ဖောင်ဖျက်ပြီး ရှင့်အားကိုးတခုနဲ့ ထွက်လာခဲ့တာပါ"

လူဇင်က သရော်တော်တော် မျက်နှာပေးဖြင့်-

"အဲဒီလို မဟုတ်တော့ပါဘူး။ ခုချက်ချင်း အခြေအနေ ပြောင်းသွားပြီလေ။ မာဖာ့ သေတမ်းစာအကြောင်း ကြားပြီးကတည်းက မဒမ့်ရဲ့လေသံ ပြောင်းသွားတာ မဟုတ်လား"

"ရှင် အဲဒီလိုထင်တယ်၊ ဟုတ်လား။ အဲဒါက ဘာကို ပြနေသလဲ ဆိုရင် ကျွန်မတို့ရဲ့ ခိုကိုးရာမဲ့ ဘဝကို ရှင် မတရား အခွင့်အရေးယူနေတယ် ဆိုတာ ရှင်းသွားပြီ"

ဒွန်ညာက ဝင်ပက်လိုက်ခြင်း ဖြစ်သည်။

"ခုတော့ ကျုပ် အဲဒီလို မလုပ်နိုင်တော့ပါဘူးဗျာ။ ဆတီဒရီဂေးလော့ဇ်ရဲ့ လျှို့ဝှက် စီမံကိန်းက ရှိနေဦးမှာ။ အဲဒါက အမိရဲ့ အစ်ကိုတယောက်ပဲ သိတယ်လေ။ ကျုပ် စိတ်တွက် တွက်ကြည့်တော့... အင်း.. မင်းတို့ မိသားစု တသက်..."

"ဟာ... ဒုက္ခပါပဲ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ညည်းလိုက်သည်။

ရာဇူမိခင်က ကုလားထိုင်ပေါ်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေပြီ။

ရပ်စ်ကိုလ်နီကော့ဗ်က ဒွန်ညာ့ဘက် လှည့်ပြီး-

"ကဲ... ကောင်းသေးရဲ့လား။ ညီမလေး၊ နင် မရှက်ဘူးလား"

"ရှက်တယ် ရော့ဒ်ယာ၊ ရှက်တယ်။ ပျိုတာလူဇင်၊ ရှင် ထွက်သွား"

ဒေါသကြောင့် ဖြူဖပ်ဖြူရော် ဖြစ်နေသော မျက်နှာကလေးဖြင့် ဒွန်ညာ အော်ပြောသည်။

လူဇင် လုံးဝ မျှော်လင့်မထားသော တုံ့ပြန်မှုမျိုး။ သူက သူ့ကိုယ်သူ အလွန်အမင်း အထင်ကြီးထားသူ။ သူတို့ မိသားစုကို သူ့လက်ခုပ်ထဲက ရေလောက်သာ သဘောထားသူ။ ခုတော့ မယုံကြည်နိုင်အောင်ပါလား။ မျက်နှာပျက်သွားပြီး နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။

"ဒီမယ် ဒွန်ညာ၊ မင်း ကြပ်ကြပ်စဉ်းစားနော်။ ဟောဒီ တံခါးပေါက်က ထွက်သွားပြီ ဆိုရင် ကျုပ် ဘယ်တော့မှ ပြန်မလာဘူး မှတ်၊ ကျုပ်က အလုပ်လုပ်ရင် ပြတ်တယ်နော်'

ဒွန်ညာက ဝုန်းခနဲ ထရပ်ပြီး-

"ကြီးကျယ်လိုက်တာ။ ရှင် ပြန်လာဖို့ လုံးဝမလိုတော့ဘူး မှတ်ပါ"

လူဇင်က ခုအချိန်ထိ သူ့နား သူ မယုံသေး။

"ဩော်... လက်စသတ်တော့ ဒီလိုကိုး။ ဒီမယ် မဒမ်၊ ဒီမယ် ဒွန်ညာ၊ ကျုပ်မှာ ကန့်ကွက်ပိုင်ခွင့် ရှိတယ်နော်"

မေမေရပ်စ်ကိုလ်နီကော့ဗ် သည်းမခံနိုင်တော့ပြီ။

"ဘာ ကန့်ကွက်ပိုင်ခွင့်လဲ။ ရှင့်မှာ ဒီလို ပြောဖို့တောင် အခွင့်အရေး ရှိရဲ့လား။ ဘာအကြောင်းပြချက်နဲ့ ဘာကို ရှင်က ကန့်ကွက်မှာလဲ။

ရှင့်အကြောင်းတွေ ဟိုတုန်းက မသိခဲ့လို့။ ရှင့်လိုလူ လက်ထဲကို ကျွန်မသမီး အရောက်ခံမယ် ထင်လား၊ မှားတယ်။ ကျွန်မ အပြစ်၊ ကျွန်မ အပြစ်ပါ။ ကံကြီးပေလို့ပေါ့။ ကဲ... ရှင် ထွက်သွားတော့"

လူဇင်လည်း ဒေါသအမျက် ခြောင်းခြောင်း ထွက်လေပြီ။

"ဒီမယ် မဒမ်၊ ခင်ဗျား ကတိပေးပြီးမှ အဲဒီ ကတိကို ဖျက်တယ်။ ပြီးတော့ ကျုပ်မှာ ကုန်ကျစရိတ်တွေ ရှိတယ်"

သူ့စရိုက် ဘူးပေါ်သလို ပေါ်လာခြင်း ဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ်တယောက် ဒေါသဖြစ်လွန်းသဖြင့် ဣန္ဒြေ မဆောင်နိုင်တော့ဘဲ ဝါးလုံးကွဲ ရယ်ချလိုက်တော့သည်။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်လည်း စိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲတော့သည်။

"ကုန်ကျစရိတ်၊ ဟုတ်လား။ ဘာကုန်ကျစရိတ်လဲ။ သေတ္တာတလုံး တန်ဆာခကို ပြောနေတာတော့ မဟုတ်လောက်ပါဘူးနော်။ အဲဒီအတွက် တပြားမှ မကုန်ဘူး။ လက်မှတ်စစ်က လုံးဝ မတောင်းဘူး။ ကုန်ကျစရိတ် တောင်းကြကြေး ဆိုရင် ကျုပ်တို့ဆီမှာ ရှင် ရစရာ တပြားမှ မရှိဘူး။ ရှင့်ဆီမှာသာ ကျုပ်တို့ ရစရာ ရှိချင်ရှိမှာ"

ဒွန်ညာက စိတ်ပျက်လက်ပျက် လေသံဖြင့်-

"တော်လောက်ပါပြီ မေမေရယ်၊ ကဲ... ရှင် ထွက်သွားပါတော့ ပျိုတာလူဇင်"

"သွားပါ့မယ်ဗျာ၊ သွားမှာပါ။ ဒါပေမဲ့ မသွားခင် တခု ပြောခဲ့ချင်တယ်"

သူ့စိတ်ကို မနည်း ထိန်းထားရပုံမျိုးဖြင့် ဆက်ပြောသည်။

"မင်းရဲ့အမေက တခုခုကို လုံးဝ မေ့နေပုံ ရတယ်။ မင်းကို ကျုပ် လက်ထပ်တဲ့ အချိန်မှာ မင်းဘဝ ဘာဖြစ်နေသလဲ။ နာမည်ပျက်နဲ့၊ သူများတံတွေးကွက်မှာ ပက်လက် မျောနေချိန်မှာ ကျုပ်က အဖတ်ဆယ်ခဲ့တာ၊ လူမိုက် လုပ်ခဲ့တာ။ အဲဒီအတွက်မှ မျက်နှာထောက်ဖော် မရဘူး။ အင်း... ကျောချမှ ခေးပြမှန်း သိတော့တယ်။ ပတ်ဝန်းကျင်ရဲ့ အသံဗလံတွေ နားမထောင်ဘဲ ဇွတ်လုပ်မိတာ ကျုပ် အပြစ်ပေါ့ဗျာ"

ရာဇူမီခင်က ကုလားထိုင်မှ ခုန်ထလိုက်သည်။ သူ့ပုံက အင်အားသုံးဖို့ အသင့်။

"ကြည့်စမ်း၊ ရှင် အောက်တန်းကျလှချေလား"

ဒွန်ညာ၏ ပေါက်ကွဲသံ၊

ရပ်စ်ကိုလ်နီကော့ဗ်က ရာဇူမီခင်ကို ပြေးဆွဲပြီး လူဇင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

“ခင်ဗျား မြန်မြန်ထွက်သွားရင် ကောင်းတယ်။ ဘာတခွန်းမှ မပြောနဲ့တော့” လူဇင်က မုန်းတီးစိတ် အပြည့်ဖြင့် ရပ်စ်ကိုလ်နီကော့ဗ်ကို စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်ပြီး ထွက်သွားတော့သည်။ သူ့ကို မုန်းသလောက် ဘယ်သူ့ကိုမှ မမုန်းဖူးခဲ့။ သူ မပါဘဲ အမျိုးသမီး နှစ်ယောက်တည်းနှင့်သာ ဆိုလျှင် သည်တိုက်ပွဲတွင် အရေးနိမ့်စရာ အကြောင်း မမြင်။

※※※

(၃)

နောက်ဆုံးအချိန်အထိ သည်လို နိဂုံးချုပ်ရလိမ့်မည် ဟု လူဇင် မမျှော်လင့်ခဲ့ပေ။ နောက်ဆုံး အချိန်အထိ သတ္တိကောင်းကောင်းနှင့် တောင့်ထားခဲ့သေးသည်။ ဘယ်လိုလုပ်ပြီး အကာအကွယ် မဲ့ကာ မွဲပြာကျနေသည့် မိန်းမသားနှစ်ဦးက သူ့ အာဏာစက် အောက်က ရုန်းထွက် နိုင်မှာလဲ။

လူဇင်သည် သူ့ကိုယ်သူ အလွန်အထင်ကြီးထားသူ ဖြစ်သည်။ သူ့ အသိဉာဏ်ကို တန်ဖိုးထားသူ ဖြစ်သည်။ သူ့ အရည်အချင်းကို အားကိုးသူ ဖြစ်သည်။ ကိုယ့်မျက်နှာ ကိုယ် မှန်ထဲကြည့်ပြီး ကျေနပ်နေသည့် လူစားမျိုး။ သို့သော် ကမ္ဘာပေါ်တွင် သူ အထင်ကြီးဆုံး၊ အချစ်ဆုံးမှာ ငွေ ဖြစ်သည်။ တရားသည့်နည်းဖြင့်ရော၊ အကြံအဖန်မျိုးစုံဖြင့်ပါ ရထားသည့် ငွေတွေ အများကြီးရှိသဖြင့် သူ့ထက်သာသူများနှင့် ပခုံးချင်း ယှဉ်နိုင်သူဟု သူ့ကိုယ်သူ အထင်ရောက်နေသည်။ ဒွန်ညာ၏ ဘဝအစွန်းကွက်အကြောင်း တမင် ထည့်ပြောလိုက် သော်လည်း သူ လက်ထပ်ခွင့် တောင်းစဉ်အခါက သည်ကိစ္စ သတင်းမှား ဖြစ်ကြောင်း၊ ဒွန်ညာသည် ပြစ်မျိုးမဲ့မထင် သန့်စင်သည့် မိန်းမမြတ်ကလေးဖြစ်ကြောင်း သူ သိထားပြီး ဖြစ်သည်။ သည်ကိစ္စမှာ တမြို့လုံးက သံသယ ရှင်းနေပြီးသားလည်း ဖြစ်သည်။ ခုတော့ နိုင်ချင်သည့် သဘောဖြင့် သက်သက် ပြန်ဖော်ခြင်း ဖြစ်၏။

ရပ်စ်ကိုလ်နီကော့ဗ်နှင့် သွားတွေ့စဉ်ကလည်း သူ့ ကိုယ်သူ မဟာကရုဏာရှင် အဖြစ်နှင့် ရောက်သွားခြင်း ဖြစ်သည်။ သူ့ကို တလေးတစား ကြိုဆိုလိမ့်မည် ထင်ခဲ့သည်။ လှေကားမှ ဆင်းလာရင်း သည်အကြောင်း ပြန်စဉ်းစားသည့်အခါ လူဇင်တယောက် အထိနာခဲ့ရကြောင်း တွေးမိကာ အရှက်ကြီး ရှက်နေတော့သည်။

ဒွန်ညာသည် သူ့ဘဝအတွက် အဓိက ဖြစ်လာခဲ့သည်။ သည်မိန်းကလေး မပါဘဲ ခရီးဆက်ရမည့် အရေးမှာ မတွေးဝံ့စရာ ဖြစ်နေသည်။ နှစ်ပေါင်းများစွာ လက်ထပ်ဖို့ ကြိုးစားခဲ့၏။

ကိုယ်လုံးသွယ်သွယ်ကလေးနှင့် အလှသခင်ကို ရင်ခွင်ထဲ ဆွဲယူထွေးပိုက်ရသည့် အိပ်မက်တွေ အကြိမ်ကြိမ် မက်ရင်း၊ ငွေတွေ စုဆောင်းရင်း စောင့်ခဲ့၏။

မိန်းကလေးက ဆင်းရဲသည်၊ လှသည်၊ ယဉ်ဂုဏ် ရှိသည်၊ မျိုးရိုးသန့်ပြီး ခေတ်ပညာ တတ်သည်။ ဆင်းရဲလွန်းသဖြင့် မိမိရှေ့တွင် အလွန်ရိုကျိုးသည်။

သည့်လို မိန်းကလေးသည် မိမိအား ကယ်တင်ရှင်အဖြစ်၊ အိမ်ဦးနတ်နေရာထားကာ ကိုးကွယ်မည် မုချဟု ထင်ထားခဲ့သည်။ သည်လို စိတ်ကူးယဉ်ခဲ့သည့် အချိန်တွေ နည်းနည်းနောနောလား၊ ဒွန်ညာသည် ပညာတတ် မိန်းကလေးဖြစ်၍ သူ စွဲနေခြင်း ဖြစ်သည်။ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲမွဲတေသည့် ဘဝသည် သူ့အတွက် အလွန်ချောင်သည့် ဝင်ပေါက် ဖြစ်နေသည်။ အကြင်မိန်းကလေး၏ ဂုဏ်သိက္ခာ၊ ပညာအဆင့်အတန်းနှင့် မျိုးရိုးမှာ မိမိထက် သာသည် ဟု လူဇင် ကျိတ်ပြီး လက်ခံထားသည်။ ထိုမိန်းကလေးသည် မိမိအား ကျေးဇူးရှင်အဖြစ် ကိုးကွယ်ရမှာ သေချာနေသည်။ ထို့ကြောင့် သူ့ဘဝသူ မြင့်သည်ထက် မြင့်အောင် လူဇင် ကြိုးစားခဲ့သည်။ ခုတော့ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ဝင်ဆံ့နေပြီ။

ပီတာစဘတ် ဝန်းကျင်တွင် ခြေချမည် ဆိုလျှင် ဒွန်ညာသည် အလွန် အသုံးဝင်မည့် မိန်းကလေး ဖြစ်မည်။ မိမိအတွက် မျက်နှာပန်းပွင့်စေမည့် ဇနီးတယောက် ဖြစ်လာဖို့ သေချာနေပြီ။

ဘဝအလင်းရောင်လို့တောင် ပြောနိုင်မည့် မိန်းကလေးမျိုး။

ခုတော့ မျှော်လင့်ထားသည့် အရာအားလုံး ပြိုကျပျက်စီးသွားလေပြီ။ ရုတ်တရက် မိုးကြိုးပစ်ခံလိုက်ရသလို ကြေမွသွားလေပြီ။ အကျနာလိုက်လေခြင်း။ နှစ်နှစ်ကာကာ ချစ်ခဲ့ရသည့် ချစ်သူနှင့် အဝေးကြီး ဝေးခဲ့ရလေပြီ။

ရာဇူမီခင် ဆိုသည့်ကောင်အကြောင်း တွေးမိတော့ ဒေါသစိတ်တွေ ထိပ်တက်လာသည်။ ထားပါလေ။ ဒီလူစားလောက်က ယှဉ်လို့ရပါတယ်။ စဉ်းစားရမယ့်လူက ဆဗီဒရီဂေးလော့ဗ်။

※

ဒွန်ညာက မအေကို ဖက်ပြီး နမ်းရင်း-

"ဟင့်အင်း၊ ဟင့်အင်း။ ဒွန်ညာ့အပြစ်ပါ မေမေ။ သူ့ငွေကို သွားမက်မိတာကိုး။ ဒါပေမဲ့ အစ်ကို ရော့ဒ်ယာ၊ သူ ဒါလောက် အောက်တန်းကျလိမ့်မယ်လို့ လုံးလုံး မထင်ခဲ့ဘူး။ စောစောက သူ့အကြောင်း သိခဲ့ရင်... ညီမလေးကို ခွင့်လွှတ်ပါ ရော့ဒ်ယာ"

"ဘုရားသခင် ကျေးဇူးတော်ပါပဲကွယ်"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က တိုးတိုးပြောလိုက်သည်။ သို့သော် ဘာတွေ ဘာကြောင့် ဘယ်လို ဖြစ်ကုန်သည်ကို နားမလည်နိုင်အောင် ဖြစ်နေသေးသည်။

မည်သို့ဖြစ်စေ၊ သူတို့အားလုံး စိတ်လက်ပေါ့ပါး သွားကြပြီ။ ငါးမိနစ်အတွင်း

ရယ်ရယ်မောမော စကားပြောနိုင်လာကြသည်။ ဒွန်ညာတယောက်သာ မျက်နှာမကြည် လင်သေးဘဲ မျက်ခုံးအစုံကို တွန့်ထားဆဲဖြစ်သည်။ ဖြစ်ကြောင်းကုန်စင်ကို ပြန်တွေးနေပုံ။ မေမေ ရပ်စ်ကိုလ်နီကော့ဗ် ကိုယ်တိုင်လည်း ပျော်နေသဖြင့် သူ့ကိုယ်သူ အံ့သြနေရသေးသည်။ အင်း... ပေါက်ကွဲပုံ၊ ပြိုကွဲပုံမှာ ကြောက်ခမန်းလိလိပါလား။ အသားလွတ် ကျိတ်ပျော် နေသူက ရာဇူမီခင်။ သို့သော် သူ ပျော်နေကြောင်း လူမသိအောင် မနည်းထိန်းထားသည်။ သို့သော် စိတ်လှုပ်ရှားမှုက နှလုံးသားပေါ်တွင် ဖိထားသည့် ဧရာမ သံတုံးကြီး ပျောက်ကွယ် သွားသည့် နှယ်တည်း။ ဘာတွေ ဆက်ဖြစ်ဦးမှာပါလိမ့်။ ဘာပဲဖြစ်ဖြစ် မိမိ တာဝန်သည် သူတို့အား စောင့်ရှောက်ဖို့ ဖြစ်စေရတော့မည်။ သို့သော် ရှေ့ဖြစ်နိုင်ခြေကို ဆက်မတွေးရဲပေ။ ရပ်စ်ကိုလ်နီကော့ဗ်ကမူ မှုန်ကုပ်ကုပ်နှင့် တုံဏှိဘာဝေ လုပ်နေသည်။ သူသည် လူဇင်နှင့် ညီမလုပ်သူ မညားအောင် အဓိက စွမ်းဆောင်ခဲ့သူ ဖြစ်လင့်ကစား ခုတော့ သူနှင့် ဘာမှ မဆိုင်သလို ဘာသိဘာသာ လုပ်နေသည်။ ဒွန်ညာကတော့ အစ်ကိုလုပ်သူက သူ့အပေါ် အခဲမကျေ ဖြစ်နေသေးသည် ထင်နေ၏။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်ကမူ သားလုပ်သူကို မရွံ့မရဲ အကဲခတ်နေလေသည်။

ဒွန်ညာက သူ့အစ်ကိုနား သွားပြီး တိုးတိုးမေးသည်။

"ဆဗီဒရီဂေးလော့ဗ် ဘာတွေ ပြောသွားလဲဟင် ရော့ဒ်ယာ"

"ဩော်... အေး...ပြောပါဦး သားရယ်"

ရပ်စ်ကိုလ်နီကော့ဗ် ခေါင်းထောင်လာသည်။

"သူက နင့်ကို ရူဘယ် တသောင်း လက်ဆောင် ပေးချင်နေတယ်။ ပြီးတော့ တခါ တွေ့ခွင့် တောင်းတယ်။ အစ်ကိုပါ ပါရမယ်တဲ့"

"အောင်မယ်၊ မဖြစ်နိုင်တာ။ ဘာကြောင့် သူက ငွေလက်ဆောင် ပေးရမှာလဲ။ ကျူးကျူးကျော်ကျော်"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်၏ မကျေနပ်သံ။

သည်တော့မှ ရပ်စ်ကိုလ်နီကော့ဗ်က ဆဗီဒရီဂေးလော့ဗ်နှင့် တွေ့ဆုံပုံကို တစ္ဆေသရဲ ကိစ္စကို ချန်ပြီး အားလုံး ပြောပြလိုက်သည်။

ဒွန်ညာ နောက်ဆုံး မေးသည်။

"သူ့ကို ဘယ်လို အဖြေပေးလိုက်သလဲ"

"ပထမတော့ ဒီသတင်း ပို့မပေးနိုင်ဘူးလို့ပြောလိုက်တယ်။ ဒါဆို

အစ်ကို့အကူအညီ မပါဘဲ တွေ့ရအောင် ကြိုးစားမယ်တဲ့။ သူက တခု အာမခံတယ်။ ရိုးရိုးသားသား တွေ့မှာပါတဲ့။ ဟိုတုန်းက စိတ်မျိုး သူ့မှာ မရှိတော့ပါဘူးတဲ့။ ဒါပေမဲ့ လူဇင်ကိုတော့ သူက မယူစေချင်ဘူး။ သူ့ပြောပုံတွေက သိပ်တော့ အမြီးအမောက် မတည့်ဘူး”

“သူ့ကို ဘယ်လိုမြင်လဲ။ အစ်ကို့ကို သူ ဘာတွေ နင်ပဲဆေ ပြောသွားသေးလဲ”

“အဲဒီလိုတော့ မပြောပါဘူး။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် သူ့ကို သိပ် နားမလည် ဘူး။ သူ မချမ်းသာပါဘူးလည်း ပြောတယ်။ နင့်ကို ရူဘယ် တသောင်း လက်ဆောင်ပေး မယ် ပြောတယ်။ ခရီးရှည်တခု ထွက်မယ် ပြောတယ်။ ပြီးတော့ ဆယ်မိနစ်အတွင်း သူ ပြောတာ သူ မေ့သွားတယ်။ ပြီးတော့ မိန်းမယူတော့မယ့် အကြောင်း၊ သတို့သမီး တွေ့ထား ကြောင်းလည်း ပြောတယ်။ သူ တခုခု လုပ်ဖို့တော့ အစီအစဉ်ရှိပုံရတယ်။ ကောင်းတာတော့ မဖြစ်နိုင်ဘူး။ ငါ့ညီမကိုတော့ သူ မကောင်းကြံဖို့ ရည်ရွယ်ပုံ မရဘူး ထင်ရတာပဲ။ ပိုက်ဆံ ပေးတဲ့ ကိစ္စကိုလည်း အစ်ကို အပြတ်ငြင်းတာပဲ။ လူကတော့ ခပ်ဆန်းဆန်းပဲ။ ရူးကြောင် ကြောင်လို့တောင် ပြောနိုင်တယ်။ အစ်ကို အကဲခတ် မှားတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့လေ။ သူ့အမျိုးသမီး ဆုံးသွားတဲ့အတွက် သူ တော်တော် ခံစားရပုံ ပေါ်တယ်”

မေမေ ရပ်စ်ကိုလ်နီကောဗ်က ကြားဖြတ်ပြီး ဆုတောင်းပေးသည်။

“ဘုရားသခင်၊ သူ့ဝိညာဉ်ကို စောင့်ရှောက်တော်မူပါ။ သူ့အတွက် မေမေ အမြဲ ဆုတောင်းပေးပါ့မယ်။ အင်း.. အဲဒီငွေ သုံးထောင်သာ မရရင် တို့သားအမိ ဘယ်သောင်ကမ်း ကပ်ဆိုက်မလဲ မသိဘူးနော် သမီး။ အင်း... ကောင်းကင်ဘုံက ကျလာသလိုပဲ။ သိလား ရော့ဒ်ယာ၊ မေမေတို့ သားအမိ လက်ထဲမှာ ဒီမနက် သုံးရူဘယ်ပဲ ကျန်တော့တယ်။ ဒွန်ညာ့ နာရီကို ပေါင်မလို့ စီစဉ်ထားတာ။ ဟိုလူ့ဆီက သူ မပေးဘဲ တောင်းဖို့ အစီအစဉ် မရှိဘူး”

ဒွန်ညာကလည်း ဆဗီဒရီဂေးလော့ဗ်ကို ကျိတ်ပြီး ကျေးဇူးတင်နေသည်။ မတ်တတ် ရပ်ပြီး အတွေးနယ်ချဲ့နေရင်း-

“သူ တခုခု ကြံနေပုံ ရတယ်။ ကောင်းတာတော့ မဖြစ်နိုင်ဘူး” ဟူသည့် အစ်ကို့ စကားကို စဉ်းစားနေသည်။ ကျောထဲ စိမ့်သွား၏။ အစ်ကိုလုပ်သူက ဒါကို ရိပ်မိလိုက်သည်။

“သူနဲ့ အစ်ကို ထပ်တွေ့ပါဦးမယ် ဒွန်ညာ”

ရာဇူမီခင်ကလည်း အားပေးသည်။

"ကျွန်တော်တို့ သူ့ကို စောင့်ကြည့်နေမယ်။ မျက်ခြည်မပြတ် နောက်ယောင်ခံ နေမယ်။ ရှေ့ဒ်ယာကလည်း ကျွန်တော့်ကို ပြောထားတယ်။ ညီမလေးကို ဂရုစိုက်ဖို့ ခုပဲ ကျွန်တော့်ကို ကပ်ပြောတယ်လေ"

ဒွန်ညာက ပြုံးပြီး လက်ဆန့်ပေးလိုက်သည်။ သို့ သော် သူ့မျက်နှာပေါ်မှ စိုးရိမ်စိတ် က ပျောက်မသွားခဲ့ပေ။ မေမေ ရပ်စ်ကိုလ်နီကော့ဗ်ကလည်း သမီးကို စိုးရိမ်တကြီး လှမ်းကြည့်သည်။ သို့သော် ရူဘယ်သုံးထောင် ရတော့မှာမို့ စိတ်အေးသွားပုံ။

နောက် ဆယ့်ငါးမိနစ် ကြာတော့ စကားဝိုင်းမှာ စိုပြည်လာသည်။ ရပ်စ်ကိုလ်နီ ကော့ဗ်ပင်လျှင် အာရုံစိုက် နားထောင်ဖော် ရလာသည်။ စကားတော့ သိပ်မပြော။ စကားဝိုင်း ကို ဦးဆောင်ပြီး အာဝဇ္ဇန်း ရွှင်နေသူက ရာဇူမီခင်။

"အို... ဘာလို့ပြန်မှာလဲ။ တောမြို့ကလေးမှာ ဘာလုပ်စရာ ရှိမှာလဲ။ ဒီမှာနေမှ အဆင်ပြေမှာပေါ့။ မိသားစုတွေ တယောက်နဲ့ တယောက် လိုအပ်တယ်လေ။ အထူးသဖြင့် ခုလို အချိန်မှာပေါ့။ ကျွန်တော် တကယ်ပြောတာပါ။ ကျွန်တော့်ကို အစုရှယ်ယာ ဝင်ခွင့် ပေးပါ။ လုပ်ငန်းကလေးတခု ထူထောင်ကြတာပေါ့။ ဒီမယ် ကျွန်တော် ပြောပြမယ်။ လုပ်ငန်း စီမံချက် အသေးစိတ်ကို ကျွန်တော် ရှင်းပြမယ်။ ဒီမနက်ကျမှ ကျွန်တော့်ခေါင်းထဲ ဝင်လာတဲ့ အတွေးသစ်ပါ။ ဘာပြဿနာမှ မဖြစ်ခင် ကျွန်တော် စဉ်းစားမိတာနော်။

"တဆိတ် နားထောင်ကြပါနော်။ ကျွန်တော့်မှာ ဦးလေးတယောက် ရှိတယ်။ သိပ်ခင်မင် လေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ကျွန်တော် မိတ်ဆက်ပေးပါ့မယ်။ သူက ငွေလိုတဲ့လူမျိုး မဟုတ်ဘူး။ သူ့ပင်စင်နဲ့သူ ကောင်းကောင်းနေ၊ ကောင်းကောင်း စားနိုင်တဲ့ လူမျိုးပါ။ သူ့မှာ ရူဘယ် တထောင် လက်ထဲမှာ ရှိနေတယ်။ သူ့ဆီက တနှစ် ခြောက် ရာခိုင်နှုန်း အတိုးနဲ့ယူပြီး အလုပ်တခုခု လုပ်ပါလား ဆိုပြီး ကျွန်တော့်ကို နားပူနားဆာ လုပ်နေတာ နှစ်နှစ် ရှိပြီ။ သူ ကျွန်တော့်ကို သက်သက် ကူညီချင်တာ၊ ခြေငြိမ်သွားအောင် လုပ်ချင်တယ်ဆိုတာ ကျွန်တော် သိတာပေါ့။ မနှစ်ကအထိ ဘာမှ မလုပ်ဖြစ်ခဲ့ဘူး။ ဒီနှစ်တော့ ယူပြီး တခုခု လုပ်မလားလို့ စဉ်းစားမိတယ်။ အဲဒီတော့ ခု ရမယ့် သုံးထောင်ထဲက ကျွန်တော့် ကို တထောင်ချေး၊ အစုစပ် အလုပ်တခု လုပ်ကြတာပေါ့။ ကဲ... ဘာလုပ်ကြမလဲ"

ရာဇူမီခင်က သူ့စီမံကိန်းကြီးကို အသေးစိတ် ချပြသည်။ ယနေ့ စာအုပ်လောက အကြောင်း သူက အိတ်သွန်ဖာမှောက် ပြောပြသည်။ ထုတ်ဝေသူတွေရော၊ စာအုပ် အရောင်း သမားတွေပါဈေးကွက်ကို နားမလည်ကြောင်း၊ သူတို့ရောင်းကုန် ဘာဆိုတာ ကွဲကွဲပြားပြား မသိကြောင်း၊ ဒါကြောင့် သူတို့တတွေ နာမည်ပျက်နေကြကြောင်း၊ တကယ့် ထုတ်ဝေသူ အစစ်က

စာရေးဆရာကို အမြတ်အစွန်း ခွဲပေးရကြောင်း၊ တချို့ စာရေးဆရာတွေ မြိုးမြိုး မြက်မြက်ကလေး ရကြကြောင်း၊ သူက ထုတ်ဝေသူလုပ်ဖို့ အိပ်မက် မက်နေသည်မှာ ကြာပြီ ဖြစ်ကြောင်း၊ စာအုပ်တိုက် တတိုက်မှာ သူ နှစ်နှစ်လောက် ဝင်လုပ်ခဲ့ဖူးသည့် အတွေ့အကြုံ ရှိကြောင်း၊ နိုင်ငံခြား ဘာသာသုံးမျိုး တတ်ကြောင်းများလည်း ကရားရေလွှတ် ပြောနေသည်။

"လွန်ခဲ့တဲ့တပတ်ကပဲ ရှော့ဒ်ယာကို ကျွန်တော် တိုက်တွန်းသေးတယ်။ ဂျာမန် ဘာသာပြန်ပေးဖို့လေ"

သူ လျှောက်ရှီးနေမှန်း ရပ်စ်ကိုလ်နီကော့ဗ်သာ သိသည်။ သူ ဆက်ရှီးသည်။

"ဒီအခွင့်အရေး ကြုံခဲတယ် ခင်ဗျ။ လက်လွှတ် မခံသင့်ဘူး။ ငွေလည်း ရမယ်၊ ကျွန်တော်တို့လည်း အလုပ်နဲ့ အကိုင်နဲ့ ဖြစ်သွားမယ်။ ကျွန်တော်တို့ သုံးယောက်စလုံးပေါ့။ ကျွန်တော်ရော၊ ရှော့ဒ်ယာရော၊ ဒွန်ညာပါပေါ့။ ဒီခေတ် စာအုပ်လုပ်ငန်းက သိပ်မြတ်တာ နော်။ ဘာသာပြန်လုပ်ငန်းလည်း တွဲလုပ်မယ်။ လုပ်ငန်းကို လေ့လာရင်း အလုပ်ဆက်လုပ် မယ်။ ကျွန်တော့်ရဲ့ နှစ်နှစ်ထုတ်ဝေရေး အတွေ့အကြုံဟာ ကောင်းကောင်း အသုံးတည့်ပါ လိမ့်မယ်။ သူတို့ အထာတွေ ကျွန်တော် ကောင်းကောင်းကျွမ်းတယ်။ စာအုပ် နှစ်အုပ်၊ သုံးအုပ်ကို ဘာသာ ပြန်ဖို့၊ ထုတ်ဝေဖို့ စိတ်ကူးလိုက်တာနဲ့ ရူဘယ်တရာ ချက်ချင်းရတယ်။ အဲဒါက လျှို့ဝှက်ကိစ္စနော်။ ပြီးတော့ စက္ကူကိစ္စ၊ ပုံနှိပ်စက် ကိစ္စတွေကလည်း ကျွန်တော် ကျွမ်းပြီးသားတွေ။ အရောင်းပိုင်းမှာလည်း ကျွန်တော့်ကို စိတ်ချပါ။ တိုက်သစ်အဖြစ်နဲ့ ခပ်သေးသေးက စပြီးမှ အလုပ်ချဲ့မယ်။ ခဏလေးနဲ့ အရင်းကျေမှာ။ ကျွန်တော်တို့ စားဝတ် နေရေး ဘာမှ မပူရတော့ဘူး"

ဒွန်ညာ့မျက်လုံးတွေ အရောင်တောက်လာပြီး -

"ရှင် ပြောတာတွေ ကျွန်မ သဘောကျပါတယ်"

"ဒါပေမဲ့ အဒေါ်တို့က ဘာတခုမှ နားမလည်ဘူး။ အင်းပေါ့လေ၊ လောလောဆယ် တော့ ဒီမှာ ဆက်နေရဦးမှာပေါ့" ဟု မေမေ ရပ်စ်ကိုလ်နီကော့ဗ်က ဝင်ပြောသည်။

ဒွန်ညာက အစ်ကိုလုပ်သူဘက် လှည့်ပြီး မေးသည်။

"အစ်ကို ဘယ်လို သဘောရလဲ ဟင်"

"သူပြောတာ ကောင်းပါတယ်။ လုပ်ငန်းကြီးတခု စဖို့မလွယ်ဘူးလေ။ သူ ပြောသလို စာအုပ် လေးငါးခြောက်အုပ်လောက်က စပြီး လုပ်မယ် ဆိုရင်တော့ မဖြစ်စရာ အကြောင်း မရှိပါဘူး။ အစ်ကိုနဲ့လည်း ဒီအလုပ်က သိပ်မစိမ်းဘူးလေ။

သူက ဒီကိစ္စ ကျွမ်းပြီးသား ဆိုတော့ ဘာမှ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ စဉ်းစားဦးလေ။ အချိန်တွေ ရှိပါသေး တယ်”

“ဟူရား…”

ရာဇူမိခင်က အော်လိုက်သည်။

“ဒီမယ်… ကျွန်တော် ပြောမယ်။ ဟောဒီအနားမှာပဲ အခန်းတခန်း လွတ်နေတယ်။ ရှင်းတယ်၊ သန့်တယ်။ ရုံးဖွင့်ဖို့ အကောင်းဆုံးပဲ။ သီးခြား အဆောက်အအုံ ပရိဘောဂ အပြည့် အစုံ ပါပြီးသား။ ဈေးလည်း သင့်တယ်၊ အခန်းသုံးခန်း ပါတယ်။ အဲဒီမှာ အလုပ် စမယ်။ လောလောဆယ် သုံးဖို့ နာရီ ပေါင်ချင်ရင် ကျွန်တော် ပေါင်ပေးမယ်။ အရေးကြီးဆုံးက ဒီမယ် ရော့ဒ်ယာ၊ မင်းတို့သုံးယောက် နေလို့ရတဲ့ အချက်ပဲ။ ဟေ့… မင်း ဘယ်သွားမလို့လဲ ရော့ဒ်ယာ”

“ဟင်… သားက ဘယ်သွားဦးမှာလဲ”

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က အလန့်တကြား မေးသည်။

“ဒီမှာ ဆွေးနွေးလို့ ကောင်းနေတုန်းကွာ”

ဒွန်ညာကလည်း အစ်ကိုလုပ်သူကို မယုံကြည်နိုင်လောက်အောင် အံ့သြသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ သူက ဦးထုပ်ကို ကိုင်ပြီး ထွက်သွားဖို့ အဆင်သင့် ဖြစ် နေပြီ။

ပြီးမှ ရာဇူမိခင်ကို ကြည့်ပြီး ထူးဆန်းသော စကားကို ဆိုသည်။

“မင်းတို့ ငါ့ကို တခါတည်း မြေကြီးထဲ တူးမြှုပ်နေတာနဲ့ မတူဘူးလား။ တသက်လုံး အတွက် နှုတ်ဆက်တာနဲ့ တူမနေဘူးလား”

သူ ပြုံးဖို့ ကြိုးစားနေသည်။ သို့သော် သူ့နှုတ်ခမ်း အစုံတွင် အပြုံးရိပ် ထင်မလာ။ ပြီးမှ မမျှော်လင့်သော စကားကို ထပ်၍ ဆိုပြန်သည်။

“ဒီနေ့ဟာ တို့ရဲ့ နောက်ဆုံးတွေ့ခြင်း ဖြစ်ချင် ဖြစ်မှာပေါ့။ ဘယ်သူ ပြောနိုင်မလဲ"

စင်စစ် သူ့ဘာသာသူ တွေးနေရာမှ နှုတ်က ထွက်သွားခြင်း ဖြစ်သည်။

“သား… ရော့ဒ်ယာ၊ သားဘယ်လို ဖြစ်သွားတာလဲကွယ်”

မအေက ယူကျုံးမရ ပြောသည်။ ဒွန်ညာကလည်း အံ့သြထိတ်လန့်စွာဖြင့် မေးသည်။

"ဘယ်သွားမှာလဲ ရော့ဒ်ယာ"

"ငါ မသွား မဖြစ်လို့ပါဟာ"

သူက ခပ်လုံးလုံး ဖြေသည်။ ပြီးတော့ သူ ပြော ချင်တာကို ပြောမထွက်သည့်ပုံဖြင့် တုံ့ဆိုင်းတုံ့ဆိုင်း လုပ်နေသည်။ သို့သော် သူ့မျက်နှာတွင် တစုံတခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပုံကို အထင်းသား တွေ့ရသည်။

"ကျွန်တော် ပြောမလို့ပါပဲ မေမေ။ ဒွန်ညာ့ကိုရောပေါ့၊ လောလောဆယ် အတူ မနေကြရင် ကောင်းမယ်။ ကျွန်တော် နေမကောင်းဘူး။ စိတ်လည်း သိပ်မငြိမ်းချမ်းဘူး၊ နောက်မှ ကျွန်တော် လာခဲ့ပါ့မယ်။ အချိန်ရရင်ပေါ့လေ။ အမေနဲ့ ညီမလေးကို ကျွန်တော် ချစ်ပါတယ်။ အမြဲ သတိရနေပါ့မယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ အစောကြီးကတည်းက ဆုံးဖြတ်ထားလို့ပါ။ ကျွန်တော် တယောက်တည်း နေပါရစေ။ ကျွန်တော့်ကို မေ့ထား လိုက်ကြပါ။ လိုက်ပြီးတော့လည်း မစုံစမ်းပါနဲ့။ လိုအပ်တဲ့ အချိန်မှာ ကျွန်တော့်ဘာသာ ပြန်လာခဲ့ပါ့မယ်။ ဒါမှမဟုတ် တနည်းနည်းနဲ့ အကြောင်းကြားပါ့မယ်။ အားလုံး ပုံမှန် ပြန်ရောက်သွားချင်လည်း ရောက်သွားမှာပေါ့။ ခုတော့ ကျွန်တော့်ကို ချစ်ရင် လွှတ်ထား လိုက်ပါ။ မဟုတ်ရင် ကျွန်တော် မုန်းမိလိမ့်မယ်... ဂွဒ်ဘိုင်"

"အို... ဘုရားသခင်"

မေမေ ရပ်စ်ကိုလ်နီကော့ဗ် ငိုချလိုက်တော့သည်။ သားအမိနှစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေကြသလို ရာဇူမီခင်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

မအေကြီးက သနားစဖွယ် အော်ငိုရင်း-

"သားရယ်၊ မေမေတို့ကို မသနားတော့ဘူးလား၊ ဟိုတုန်းကလိုပြန်နေကြရအောင် ပါနော်"

သူက ဘာမှ မကြားသလို အခန်းထဲမှ ခပ်ဖြည်း ဖြည်း ထွက်သွားတော့သည်။ ဒွန်ညာက နောက်မှ လိုက်သွားပြီး ဒေါသဖြစ်နေသည့် မျက်လုံးများဖြင့် တောင်းပန်သည်။

"အစ်ကို၊ ဘယ်လို လုပ်တာလဲ ဟင်။ မေမေ့ကို မသနားတော့ဘူးလား"

သူက ညီမလုပ်သူကို လေးလံစွာ ငဲ့ကြည့်သည်။

"ကိစ္စ မရှိပါဘူးဟာ၊ ငါ ပြန်လာပါ့မယ် ပြောသားပဲ။ ပြန်ရောက်လာဦးမှာပါ"

သို့သော် သူ ဘာပြောနေသည်ကို သူ့ဘာသာသူ သိဟန် မတူ။

ဒွန်ညာပါ ငိုချလိုက်တော့သည်။

"ရက်စက်တယ်၊ သူ့မှာ နှလုံးသား မရှိဘူး။ သိပ် တကိုယ်ကောင်းဆန်တာပဲ"

"နှလုံးသား မရှိတာ၊ တကိုယ်ကောင်းဆန်တာ မဟုတ်ဘူး ဒွန်ညာ၊ သူ ရူးသွား တာ။ မတွေ့ဘူးလား၊ သူ ရူးသွားတာ"

ရာဇူမီခင်က ဒွန်ညာ့လက်ကို တင်းတင်းဆုပ်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေသော မေမေ ရပ်စ်ကိုလ်နီကော့ဗ်ကို တချက် လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ချက်ချင်း ပြန်လာခဲ့မယ်နော်"

ရာဇူမီခင် အခန်းထဲမှ ပြေးထွက်လာခဲ့သည်။ ဝရန်တာ ထိပ်ဆုံးတနေရာမှ ရပ်စ်ကိုလ် နီကော့ဗ်က သူ့ကို စောင့်နေသည်။

သူက စ,ပြောသည်။

"မင်း လိုက်လာမယ် ဆိုတာ ငါ သိလို့ စောင့်နေတာ။ သူတို့ဆီ ပြန်သွားပါ။ သူတို့နဲ့ နေပေးပါ။ မနက်ဖြန်လည်း သူတို့နဲ့ နေပါ။ နောက်နေ့တွေမှာလည်း အမြဲတမ်း နေပေးပါ။ ငါ ပြန်လာခဲ့ပါ့မယ်၊ ဖြစ်နိုင်ရင်ပေါ့ကွာ။ သွားမယ်နော်"

လက်ဆွဲ နှုတ်ဆက်ဖော်တောင် မရတော့ဘဲ သူ ဆင်းသွားသည်။

"မင်း ဘယ်ကို သွားမှာလဲ၊ ဘယ်လို ဖြစ်တာလဲကွာ။ မင်း ဒီလိုလုပ်လို့ မရဘူးလေ" ရာဇူမီခင် စိတ်ပျက်လက်ပျက် ပြောတော့ သူ ရပ်လိုက်ပြန်သည်။

"မင်းကို ငါ နောက်ဆုံး ပြောမယ်။ ငါ့ကို ဘာမှ မမေးနဲ့တော့။ မင်းကို ဖြေစရာ ငါ့မှာ ဘာမှ အဖြေမရှိဘူး။ ငါ့နောက်လည်း မလိုက်နဲ့။ ငါ ပြန်လာပါ့မယ်။ ကဲ... သွားတော့၊ ငါ့ကို ထားခဲ့။ ဒါပေမဲ့ မင်း သူတို့ကိုတော့ မထားခဲ့ပါနဲ့ သူငယ်ချင်း။ မင်း ငါ့ကို နားလည် ပါကွာ"

ဝရန်တာတွင် မှောင်နေပြီ။ လှေကားမီးရောင်တွင် သူတို့ ရပ်နေကြခြင်းဖြစ်သည်။ တမိနစ်မျှ တယောက်ကိုတယောက် စိုက်ကြည့်နေကြသည်။ ထိုတဒင်္ဂကို ရာဇူမီခင် တသက်လုံးမမေ့။

မီးဝင်းဝင်းတောက်နေသည့် မျက်လုံးအစုံသည် မိမိ၏ အသိစိတ်၊ မိမိ၏ စိတ်ဝိညာဉ်ကို ဖောက်ထွင်းသွားသည်ဟု ရာဇူမီခင် ခံစားလိုက်ရသည်။ ကျောထဲ

စိမ့်သွား ပြီး သူတို့နှစ်ယောက်ကြားတွင် ထူးဆန်းသည့် အရာတမျိုးဖြင့် လှုပ်ခတ်သွားသည် ထင် လိုက်ရ၏။ ကြောက်မက်ဖွယ် အရိပ်မည်းကြီး၏ လွှမ်းမိုးခြင်း ခံလိုက်ရသည်နှင့် တူ၏။ ရာဇူမီခင်သည် အလောင်းကောင်တခုလို ဖြူရော်သွားသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဝေဒနာ အပြင်းအထန်ခံနေရသည့်မျက်နှာမျိုးဖြင့် နောက်ဆုံး ပြောသည်။

"ကဲ… မင်း နားလည်ပြီ မဟုတ်လား။ ကဲ… သူတို့ဆီ ပြန်သွားပါတော့ကွာ"

ပြောပြီး လှည့်ထွက်သွားလေတော့သည်။

မေမေ ရပ်စ်ကိုလ်နီကော့ဗ်နှင့် ဒွန်ညာတို့ဆီသို့ ရာဇူမီခင် ပြန်သွားပြီး သူတို့ သားအမိကို ဘယ်လိုနှစ်သိမ့်ပုံ၊ ရော့ဒ်ယာတယောက် တကယ်အနားယူဖို့ လိုနေပုံနှင့် တနေ့ သူ ပြန်လာမှာ သေချာကြောင်း၊ မိမိအနေဖြင့် နေ့တိုင်း လာလည်မည့်အကြောင်း၊ သူ့ကို တွေ့အောင် ရှာပြီး အကောင်းဆုံး ဆရာဝန်နှင့် ပြမည့်အကြောင်းများကို သူ ပြောပြပုံ၊ ဤသို့ဖြင့် ရာဇူမီခင် တယောက် ထိုညတွင် သူတို့ မိသားစုဝင် ဖြစ်သွားပုံ စသည် စသည်များကိုတော့ ကျွန်ုပ် အသေးစိတ် မရေးတော့ပါ။

※※※

တူးမြောင်းနံဘေးမှ ဆွန်ညာ နေသော အိမ်သို့ ရပ်စ်ကိုလ်နီကော့ဗ် တန်းသွားသည်။ အစိမ်း ရောင် သုံးထပ်တိုက်အိုကြီး ဖြစ်သည်။ အစောင့်အဘိုးကြီးဆီမှ အပ်ချုပ်သမား ကာပါနော်မော့ဗ် နေသော အခန်းကို ခပ်ဝါးဝါးသာ သိရသည်။ လှေကား မှောင်မှောင်ကျဉ်းကျဉ်းကလေး ပေါ်သို့ တက်လာခဲ့သည်။ ဒုတိယထပ် ရောက်တော့ မှောင်နှင့်မည်းမည်းတွင် အခန်းကို စမ်းတဝါးဝါး လိုက်ရှာသည်။ မရေမရာနှင့် လိုက်ရှာနေစဉ်တွင် ကာပါနော်မော့ဗ်၏ အခန်း တံခါး ပွင့်လာသည်။ သူက ယောင်ယမ်းပြီး တံခါးရွက်ကို ဖမ်းကိုင်လိုက်သည်။

"အဲဒါ ဘယ်သူလဲ"

မိန်းကလေးတယောက်၏ အထိတ်တလန့် အသံ။

"ကိုယ်ပါ၊ မင်းနဲ့ တွေ့ချင်လို့"

ရပ်စ်ကိုလ်နီကော့ဗ်က ပြောပြောဆိုဆို အခန်းထဲ လှမ်းဝင်လိုက်သည်။ ခြေထောက် ကျိုးနေသည့် ခုံရှည်တလုံးပေါ်မှ ကုလားထိုင်ပေါ်တွင် ကွေးညွှတ်နေသည့် ကြေးဖယောင်းတိုင် ခံခွက်တခု လှမ်းမြင်လိုက်သည်။

ဆွန်ညာက အတောင့်သား ရပ်လျက် ကြက်သေ သေနေသည်။ ခဏနေမှ အားနည်း လှသည့် အသံကလေးဖြင့်-

"အို... ဘုရားသခင်၊ အစ်ကိုပါလား"

"အခန်းထဲ ဝင်မယ်နော်"

သူ့ကို မကြည့်ဘဲ ရပ်စ်ကိုလ်နီကော့ဗ် လှမ်းဝင်သွားသည်။ နောက်မှ ချက်ချင်း ဆွန်ညာ လိုက်ဝင်လာသည်။ လက်ထဲမှ ဖယောင်းတိုင်ကို ကြေးခံခွက်ထဲ ထည့်လိုက်ပြီး သူ့ရှေ့တွင် ရပ်လာသည်။ လုံးဝ မျှော်လင့်မထားသည့် ဧည့်သည် ရောက်လာခြင်းအတွက် သူ အထိတ်တလန့် ဖြစ်နေသည်။ ခြေမကိုင်မိ လက်မကိုင်မိနှင့် ဣန္ဒြေ ပျက်နေသည်။ ဖြူဖပ် ဖြူရော် မျက်နှာကလေး ချက်ချင်း ရဲတက်လာပြီး ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ပြိုဆင်းလာသည်။

စိတ်ညစ်သွားသော်လည်း၊ အရမ်းရှက်သွားသော်လည်း ရင်ထဲ တွင် တသိမ့်သိမ့် နွေးသွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာလွှဲလိုက်ပြီး စားပွဲတလုံး

ရှေ့မှ ကုလားထိုင်တလုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့မှ အခန်းကို ဝေ့ကြည့်ပြီး အကဲခတ်လိုက်သည်။

အခန်းမှာ ကျယ်သော်လည်း မျက်နှာကြက်က နိမ့်နိမ့်လေး။ ကာပါနော်မော့ဗ် အပ်ချုပ်ဆိုင်မှ အခန်းပိုကလေးကို တဆင့်ငှားထားခြင်း ဖြစ်သည်။ အခန်းရှင်က ဘယ်ဘက်တွင် နေပြီး တံခါးကို သော့ခတ်ထားသည်။ မျက်နှာချင်းဆိုင် အခန်းက သော့ခတ်ထားသည့် အခြားလူနေခန်း ဖြစ်သည်။ အခန်းနံပါတ်က တခြားစီ။ ဆွန်ညာ့အခန်းမှာ နေရာလပ်ကို ကြုံဖန် အခန်းဖွဲ့ထားခြင်း ဖြစ်၍ စတုရန်း မညီ။ စတုဂံလည်း မကျ။ ပုံမကျ၊ ပန်းမကျ တြိဂံပုံစံမျိုး။ ပြတင်းပေါက် သုံးပေါက် ရှိသည်။ တူးမြောင်းရှုခင်းကို ခပ်စွေစွေ မြင်နေရသည်။ အခန်းကျယ်ပေမယ့် ပရိဘောဂ ဟူ၍ မည်မည်ရရ မရှိ။ ညာဘက်နံရံတွင် ခုတင်ကလေး တလုံး။ နံဘေးတွင် ကုလားထိုင်တလုံး။ အခြားအခန်းနှင့် ကန့်ထားသည့် နံရံတံခါးရှက်နား တွင် အပြာရောင်စားပွဲခင်း ခင်းထားသည့် စားပွဲတလုံး။ အခင်းကြမ်းကြမ်းနှင့် ကုလားထိုင်နှစ်လုံး။ အခန်း၏ ထောင့်ကျဉ်းတဖက်တွင် အဝတ်ဗီရိုကလေး တလုံး။ အလွန် ဆင်းရဲသည့် အခန်းကလေး ဖြစ်သည်။ စိုစိုစွတ်စွတ်၊ ထိုင်းထိုင်းမှိုင်းမှိုင်း။ နံရံကပ်စက္ကူတွေက ဝါဖျော့ဖျော့ ဖြစ်ကာ ရေခိုးရေငွေ့ကြောင့် စိုစွတ်စုတ်ပြဲနေပြီ။ အိပ်ရာပေါ်တွင် ခင်းပုံလွှားပင် မရှိ။

အခန်းကို အကဲခတ်နေသော ဧည့်သည်ကို ဆွန်ညာ ငေးကြည့်နေသည်။ ကြောက် လွန်းသဖြင့် တုန်တုန်ယင်ယင် ဖြစ်လာသည်။ တရားသူကြီးရှေ့တွင် ရပ်ပြီး အစစ်ခံနေရ သည့်အလား။

သူက မျက်လွှာမပင့်ဘဲ ကလေးမကို မေးသည်။

"ည၉နက်နေပြီ၊ ဆယ့်တနာရီ ထိုးပြီလား"

ဆွန်ညာ တိုးတိုးဖြေသည်။

"ဟုတ်ကဲ့၊ ဟိုဘက်ခန်းက အိမ်ရှင့်နာရီထိုးသံ ကြားလိုက်တယ်"

သူ စကားဆက်သည်။ သူ့လေသံက မသာမယာ။

"အစ်ကို ဒီကို နောက်ဆုံးလာတာပဲ။ မင်းကို နောက်ထပ် တွေ့ချင်မှ တွေ့ရတော့မှာ"

"အစ်ကို အဝေးကြီး ထွက်သွားမှာလားဟင်"

"မသိသေးပါဘူးကွာ။ မနက်ဖြန်ဆို... အကုန်လုံး... အဲဒါ အရေးမကြီးပါဘူး ဆွန်ညာ။ အစ်ကို မင်းကို စကားတခွန်း ပြောဖို့ လာခဲ့တာ"

အတွေးနက်နေသည့် မျက်လုံးများဖြင့် သူ မော့ကြည့်သည်။ သည်တော့မှ သူ ရပ်နေဆဲ ဖြစ်ကြောင်း သတိထားမိသည်။

"အို… ထိုင်လေကွယ်"

သူ့လေသံ ပြောင်းသွားသည်။ ထိုင်ပြီးသည်နှင့် သူ့ခြေထောက်ကို သူ ငုံ့ကြည့်နေသည်။ သနားစရာ၊ ချစ်စရာ အတိ။

"သိပ် ပိန်တာပဲနော်။ မင်း လက်ကလေးတွေကို ကြည့်စမ်း။ ဟိုဘက် ဒီဘက် ထုတ်ချင်းပေါက် မြင်ရမတတ်ပဲ'

သူက ဆွန်ညာ့ လက်ဖဝါးကလေး နှစ်ဖက်ကို ကြည့်ပြောလိုက်ခြင်း ဖြစ်သည်။ ဆွန်ညာက အားနည်းစွာ ပြုံးလိုက်သည်။

"နဂိုကတည်းက ဒီလိုပါပဲ အစ်ကိုရယ်"

"မင်း အိမ်မှာ နေကတည်းက ပိန်တာလား"

"ဟုတ်ကဲ့"

"ဒါထက် နေပါဦး ..."

သူ့အမူအရာရော၊ လေသံပါ ပြောင်းသွားပြန်သည်။ အခန်းကို နောက်တခါ ဝေ့ကြည့်ပြီး -

"မင်းက ကာပါနော်မော့ဗ်ဆီက တဆင့် ပြန်ငှားတာလား"

"ဟုတ်ကဲ့ အစ်ကို"

"ဟိုဟာက သူတို့ တံခါးလား"

"ဟုတ်ကဲ့၊ သူတို့အခန်းလည်း ဒါမျိုးပါပဲ"

"ဒါဆို တခန်းတည်းပေါ့"

"ဟုတ်ကဲ့၊ တခန်းတည်းပါပဲ"

"မင်း အခန်းထဲမှာ တယောက်တည်း နေရတာ မကြောက်ဘူးလား"

"သူတို့အားလုံး သဘောကောင်းကြပါတယ်'

စကားပြောနေရသော်လည်း ဆွန်ညာ့အာရုံက တခြားတွင် လွင့်ပျံ့နေသည့်

အလား။

"သိပ်ခင်ဖို့ ကောင်းပါတယ် အစ်ကို။ ပရိဘောဂတွေ အားလုံးဟာ သူတို့ ပစ္စည်းတွေ ချည်းပဲ။ လင်မယား နှစ်ယောက်စလုံး သဘောကောင်းသလို ကလေးတွေလည်း အတူတူပဲ။ ဆွန်ညာ့ဆီ မကြာမကြာ လာလည်ကြတယ်"

"သူတို့ စကားထစ်ကြတယ် ဆို"

"ဟုတ်ကဲ့၊ သူက စကားထစ်တယ်၊ ခြေထောက် မသန်ဘူး၊ သူ့မိန်းမရောပဲ။ သူ့မိန်းမက ထစ်တာ မဟုတ်ဘူး၊ ဆွံ့တာ။ စကားပြောရင် တော်တော်နဲ့ မထွက်ဘူး။ ဒါပေမဲ့ သိပ်သဘောကောင်းတယ်။ သူ့ယောကျ်ားက အရင်တုန်းက အိမ်ကြီးကျွန်လေ။ ကလေး ခုနစ်ယောက် ရှိတယ်။ အကြီးဆုံးကောင်လေး တယောက်ပဲ ထစ်တယ်။ အငယ် ခြောက် ယောက်က ကျန်းမာရေး မကောင်းဘူး၊ စကားတော့ မထစ်ကြဘူး"

ဆွန်ညာက တဆက်တည်း မေးလိုက်သည်။

"သူတို့အကြောင်း အစ်ကို ဘယ်လိုလုပ် သိတာလဲ ဟင်"

"မင်းအဖေက မင်းအကြောင်း အားလုံး အစ်ကို့ကို ပြောပြတယ်။ မင်း ခြောက်နာရီ အိမ်က ထွက်တဲ့အကြောင်း၊ ည ရှစ်နာရီကျော်မှ ပြန်လာတဲ့အကြောင်း၊ ကက်တာရီးနာက မင်း အိပ်ရာနံဘေးမှာ ဒူးထောက်ထိုင်တဲ့ အကြောင်းရောပေါ့"

ဆွန်ညာ့မျက်နှာ ပူထူသွားသည်။ ပြီးတော့ ချီတုံ ချတုံဖြင့် စကားပြောသည်။

"ဆွန်ညာ ဒီနေ့ သူ့ကို မြင်လိုက်တယ် ထင်တယ်"

"ဘယ်သူ့ကိုလဲ"

"အဖေ့ကိုလေ။ ဆယ်နာရီလောက် ဆွန်ညာ လမ်းပေါ်မှာ ရောက်နေတုန်း လမ်း ထောင့် ရောက်တော့ ရှေ့က လျှောက်နေတာ သူလို့ အောက်မေ့တာပဲ။ အဲဒီအကြောင်း မေမေ့ဆီတောင် သွား..."

"မင်း လမ်းထွက်လျှောက်တယ် ဟုတ်လား"

"ဟုတ်ကဲ့"

ဆွန်ညာ တိုးတိုးလေး ဖြေသည်။ မျက်နှာနီသွားပြီး ခေါင်းငုံ့ချလိုက်ပြန်သည်။

"မင်းအဖေ့အိမ်မှာ နေတုန်းက မိထွေး ကက်တာရီးနာက ရိုက်တယ်ဆို'

"ဟာ... မဟုတ်ဘူး အစ်ကို။ မရိုက်ပါဘူး"

ဆွန်ညာက သူ့ကို အထိတ်တလန့် မော့ကြည့်သည်။

"ဒါဖြင့် မင်း သူ့ကို ချစ်တယ်ပေါ့"

"အို.. ချစ်တာပေါ့ အစ်ကို"

သူ့အသံတွင် ဝမ်းနည်းသံ ပါနေသည်။ လက်ကလေးနှစ်ဖက် ပတ္တာဆက်ပြီး ဆက်ပြောသည်။

"အစ်ကို မသိလို့ပါနော်။ မိထွေးဟာ တခါတလေ ကလေးလိုပဲ။ သောကတွေကြောင့် ထင်ပါရဲ့။ စိတ်လွတ်လွတ်သွားတယ်။ သူဟာ တချိန်တုန်းက သိပ်ထက်တဲ့ အမျိုးသမီးပါ အစ်ကိုရယ်။ ပြီးတော့ တဖက်သားအပေါ်သိပ် ကြင်နာတတ်တာ။ အစ်ကို အဲဒါတွေ မသိနိုင် ပါဘူးလေ... အား..."

ဆွန်ညာ စိတ်ပျက်လက်ပျက် ပြောသည်။ အရမ်း စိတ်ထိခိုက်သွားပုံဖြင့် လက်ချောင်း ကလေးတွေကို ချိုးနေသည်။ ဖြူရော်ရော် ပါးပြင်ကလေးနှစ်ဖက် သွေးရောင် လွှမ်းလာပြန်သည်။ မျက်လုံးအစုံတွင် ဝေဒနာအရိပ်တွေ ယှက်သန်းလျက်။ တခုခုကို ပြောချင်နေပုံလည်းရ၏။ မကျေနပ်ချက်ကို ဖွင့်ဟချင်နေပုံမျိုး။

"သူ ဆွန်ညာ့ကို မရိုက်ပါဘူး။ ဘယ်တုန်းကမှ မရိုက်ပါဘူး။ သူရိုက်လို့ ဘယ်ဖြစ် မလဲ။ အို... အစ်ကို မသိပါဘူးလေ။ မေမေဟာ ကမ္ဘာပေါ်မှာ စိတ်အဆင်းရဲဆုံး မိန်းမပါ။ ပြီးတော့ နေကလည်း မကောင်းဘူးလေ။ သူက တရားမျှတမှုကို လိုချင်တယ်။ နေရာတိုင်းမှာ တရား မျှတမှု ရှိရမယ်လို့ ယုံကြည်တယ်။ တောင်းလည်း တောင်းဆိုတယ်။ သူ့ကို နှိပ်စက်ကလူ ပြုရင်တောင် သူက တရားမမဲ့ဘူး။ တရားသဖြင့်ပဲ တုံ့ပြန်တယ်။ အဲဒီအခါကျတော့ ကလေးလေးလို ဖြစ်နေတော့တာပေါ့"

"အဲဒီတော့ မင်းရဲ့ အနာဂတ်ကရော..."

ဆွန်ညာက နားမလည်သလို သူ့ကို မော့ကြည့်သည်။

"မင်းအဖေက မိုးမလင်းအောင် သောက်နေတယ်။ အားလုံး မင်းကို မှီခိုနေရတယ်။ အဲဒီတော့ ခု မင်း ဘာဆက်လုပ်မလဲ"

"မသိဘူး အစ်ကို"

ဆွန်ညာ ဝမ်းနည်းပက်လက် ပြန်ပြောသည်။

"သူတို့ကလည်း ဒီအခန်းမှာ ဆက်နေမှာလား"

"မသိဘူး အစ်ကို။ အိမ်လခ ကြွေးတွေလည်း ကျန်သေးတယ်။ ဒီနေ့ ကြားတယ်။ အိမ်ရှင်က မောင်းထုတ်ချင်နေပြီတဲ့။ မေမေကလည်း လုံးဝ မနေချင်တော့ဘူး"

"သူက မင်းပဲ အားကိုးစရာ ရှိတာပေါ့"

"အို… အဲဒီလိုတော့ မပြောပါနဲ့ အစ်ကိုရယ်။ ဒီလိုပဲ နေလာခဲ့ကြတာပါ"

ဆွန်ညာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ စိတ်ဆိုးနေသည့် နှံပြည်စုတ်ငှက်ကလေး နှင့် တူသွား၏။

"သူ ဘာလုပ်လို့ ရမှာလဲ၊ ဘာလုပ်နိုင်မှာလဲ။ ဒီနေ့ သူ ငိုတာ ကြည့်လေ။ တကယ် ရူးသွားတာပဲ။ အစ်ကို သတိမထားမိဘူးလား။ ကလေးတယောက်လို ဖြစ်သွားတာ။ မနက်ဖြန် အားလုံး အဆင်ပြေအောင် လုပ်ပေးရမယ်။ အကျွေးအမွေး ကိစ္စရောပေါ့။ မဟုတ် ရင် သူ့လက်သူ လိမ်ချိုးမယ်၊ နံရံနဲ့ ခေါင်းနဲ့ ဆောင့်ပြီး ငိုမယ်၊ ပြီးတော့ ပါးစပ်ထဲက သွေးအန် လာမယ်။ ပြီးရင် ခဏငြိမ်သွားမယ်။ သူက အစ်ကို့ကို မျှော်နေတာ။ သူက ပြောတယ်။ အသုဘကိစ္စ ပြီးရင် ဆွန်ညာ့ကို ခေါ်ပြီး သူ မြို့ကို ပြန်မယ်တဲ့။ ဆွန်ညာ့ဘဝကို အသစ်ဖြစ် အောင် ပြန်လုပ်ပေးမယ်တဲ့။ ကောင်းကောင်း ထိန်းပေးမယ်တဲ့။ သိပ်ပျော်စရာကောင်းတဲ့ မိသားစု ဖြစ်လာစေရမယ်တဲ့။ ပြောပြီး ဆွန်ညာ့ကို ပွေ့ဖက်နမ်းတယ်၊ နှစ်သိမ့်တယ်။ အဲဒီအတိုင်း ဖြစ်လာရမယ်လို့လည်း သူ ယုံနေတယ်။ မေမေက သိပ်စိတ်ကူးယဉ်တာ။ သူနဲ့ ဘယ်လိုလုပ်ပြီး ဆန့်ကျင်ပြောလို့ ဖြစ်မလဲနော်။

"ဒီနေ့ တနေ့လုံး လျှော်ဖွပ် ဖာထေးနဲ့ လုံးဝ မနားရဘူး။ စည်ပိုင်းကြီးတလုံး ဝယ်ပြီး အခန်းထဲရောက်အောင် တင်လာတယ်။ နောက်တော့ ဖတ်ဖတ်မောပြီး အိပ်ရာပေါ် လဲကျသွားတယ်။ သူ အရမ်းအားနည်းနေပြီလေ။ ပြီးတော့ ပိုလင်ကာနဲ့ လန်ညာကလေး အတွက် ဖိနပ်ဝယ်ဖို့ ဆွန်ညာနဲ့အတူ ဈေးပြေးရသေးတယ်။ သူတို့ ဖိနပ်တွေက တစစီ ဖြစ်နေပြီလေ။ လက်ထဲမှာ ပိုက်ဆံလည်း လုံလုံလောက်လောက် မရှိဘူး။ သူက ဖိနပ် အကောင်းစား နှစ်ရန်ကို မျက်စိကျနေတယ်။ သိတယ် မဟုတ်လား။ သူက သိပ်အကောင်း ကြိုက်တာ။ ပိုက်ဆံ မလောက်တော့ ဆိုင်ထဲမှာတင် ငိုတယ်။ ဆိုင်ရှင်ရှေ့မှာ အစ်ကိုရယ်။ ဆွန်ညာ စိတ်မကောင်းလိုက်တာ"

"အင်း… ဟုတ်ပါပြီလေ။ ဒါကြောင့်… မင်း… ဒီလို လုပ်နေရတာကိုး" ရပ်စ်ကိုလ်နီကော့ဗ်က ခါးသီးနာကြည်းစွာ ပြောလိုက်သည်။

ဆွန်ညာ့ရင်ဘတ်ကလေး နိမ့်တုံ မြင့်တုံ ဖြစ်လာသည်။

"အစ်ကို မေမေ့ကို မသနားဘူးလား ဟင်။ အစ်ကို ရှိစုမဲ့စု အားလုံး ပေးလိုက်တယ် ဆိုတာ ဆွန်ညာ သိပါတယ်။ ဒါပေမဲ့ အစ်ကို ဘာမှ မမြင်သေးဘူးနော်။ အစ်ကိုသာ အားလုံး မြင်ရရင် အို... ဘုရားသခင်၊ များပြီ အစ်ကို။ ခဏ ခဏပဲ။ ဆွန်ညာ့ကြောင့် သူ ငိုရတာလေ။ ပြီးခဲ့တဲ့ အပတ်ကပဲ ဖြစ်သေးတယ်။ ဆွန်ညာ မကောင်းတာပါ အစ်ကိုရယ်။ အဖေ မသေခင် တပတ်ကပေါ့။ ဆွန်ညာ သိပ်ရက်စက်တယ် အစ်ကိုရယ်။ အဲဒီလိုမျိုး ခဏခဏ လုပ်မိတယ်။ ပြန်တွေးပြီး ဒီနေ့တနေ့လုံး စိတ်မကောင်း ဖြစ်နေတယ်လေ"

အလွန်အမင်း စိတ်မကောင်း ဖြစ်နေပုံဖြင့် ဆွန်ညာ သူ့လက်ချောင်းကလေးများ ကို ချိုးနေသည်။

"ဘယ်လို၊ ဘယ်လို၊ မင်းက ရက်စက်တယ်၊ ဟုတ်လား"

ငိုရင်း သူ ဆက်ပြောသည်။

"ဟုတ်တယ်။ ဆွန်ညာပေါ့။ တနေ့မှာ အဖေက သူ ခေါင်းကိုက်နေလို့တဲ့။ စာအုပ်တအုပ် ဖတ်ပြခိုင်းတယ်။ အင်ဒရေးဆေမျွန်နိုဗစ်ချ်ဆီက ရတဲ့ စာအုပ်။ သူက ဒီမှာ နေတာလေ။ အဲဒီလို ထူးထူးဆန်းဆန်း စာအုပ်တွေ ရတတ်တယ်။ 'အဖေ... သမီး သွားရတော့မယ် လေ" လို့ ပြောလိုက်တယ်။ ဖတ်မပြချင်တာလည်း ပါတယ်။ အမှန်က မေမေ့ကို ပွဲစားမကြီး လီဇာဗီတာ ယူလာပေးတဲ့ ပစ္စည်းကလေးတွေ ပြချင်နေတာက အဓိကပါ။ အဆင်လှလှ၊ အသွေးစုံစုံနဲ့ ခေါင်းစည်းကလေးတွေ၊ ပဝါလှလှကလေးတွေပေါ့။ မေမေက အရမ်းသဘော ကျပြီး ကောင်းမယ့်ဆိုတဲ့ ခြုံထည်ကလေးနဲ့ ခေါင်းစည်းကလေးကို ရွေးပြီး သူ့ကိုယ်ပေါ် လွှမ်းလိုက်ပြီး မှန်ထဲ သွားကြည့်တယ်။ သူ အရမ်းကြိုက်သွားတယ်။ "ဆွန်ညာ၊ သမီး မေမေ့ကို ဝယ်ပေးနော်' လို့ ပြောရှာတယ်။ သူ အရမ်း လိုချင်နေမှန်း ဆွန်ညာ သိတာပေါ့။ ဒါပေမဲ့ အဲဒါတွေ ဝတ်ပြီး သူ ဘယ်သွားမှာလဲ။ သူ့ရဲ့ ပျော်စရာငယ်ဘဝကို ပြန်ရောက်သွား တယ် ထင်ပါရဲ့။ မှန်ထဲကြည့်ပြီး သူ့ကိုယ်သူ အရမ်းကျေနပ်နေတယ်။ သူ့မှာ အဝတ်အစား ဆိုလို့ ဘာဆိုဘာမှ မရှိဘူး။ မဝယ်နိုင်တာ ဘယ်နှနှစ် ရှိပြီလဲ။ သူက ဘယ်သူ့ဆီကမှ မတောင်း ဖူးဘူး။ ဘာ အကူအညီမှ မယူဖူးဘူး။ သူ့မာနနဲ့ သူနေတာ။ မာနပါးပျဉ်း ဘယ်တော့မှ မချဘူး။ ဒီတခါတော့ ဒီပစ္စည်းတွေကို သူ အရမ်း သဘောကျနေပြီလေ။

"ဆွန်ညာ အရမ်း စိတ်မကောင်းဖြစ်သွားတယ်။ ဒါပေမဲ့ ဆွန်ညာ့နှုတ်က ထွက် သွားတယ်။ 'ဘာလုပ်ဖို့လဲ မေမေရယ်" လို့။ လုံးဝ မပြောသင့်တဲ့ စကားလေ။ သူ ဆွန်ညာ့ကို ငေးကြည့်နေပြီး မျက်နှာပျက်သွားတယ်။ အရမ်း စိတ်ထိခိုက်သွားပုံပဲ အစ်ကိုရယ်။ ဆွန်ညာ ငြင်းလိုက်လို့ သူ ဒီလို ခံစားရတာ။ သူ လိုချင်တဲ့

ပစ္စည်းလေးတွေ မရလို့ မဟုတ် ဘူး။ ဆွန်ညာ့စကားကို ပြန်ရုပ်သိမ်းလို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိပါတယ်။ အို… ဒါတွေ ပြောနေလို့လည်း… အစ်ကို့အတွက် အကြောင်းမထူးပါဘူးလေ”

“ဒါဆို တိုလီမိုလီကလေးတွေ လျှောက်ရောင်းတဲ့ စျေးသည်မကြီး လီဇာဗီတာကို မင်း သိတယ်ပေါ့”

“သိတယ်လေ။ ဟင်… ဘာပြုလို့လဲ ဟင်၊ အစ်ကိုကော သိလို့လား …”

ဆွန်ညာက တအံ့တသြ ပြန်မေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ခဏတွေပြီး စကား အဆက်အစပ် မရှိဘဲ ပြောလိုက်သည်။

“ကက်တာရီးနာ အီဗန်နိုဗာရဲ့ အဆုတ်ရောဂါက ကျွမ်းနေပြီ။ သူ ကြာကြာနေရ မယ် မထင်ဘူး”

“အို… မဟုတ်တာ၊ မဖြစ်နိုင်တာ”

ဆွန်ညာက အလန့်တကြား အော်ပြောလိုက်သည်။

သူ့ လက်နှစ်ဖက်ကို တင်းတင်း ဆုပ်ထားလိုက်သည်။ နောက်ထပ် ဆက်မပြောဖို့ တားနေသည့် အလား။

“သူ့အတွက် သေတာကမှ ပိုကောင်းဦးမယ်"

“ဟင့်အင်း၊ ဟင့်အင်း။ ပို မကောင်းနိုင်ပါဘူး။ မဖြစ်နိုင်ပါဘူး”

ဆွန်ညာက သညာမဲ့စွာ တတွတ်တွတ် ပြောနေသည်။

“ကလေးတွေအတွက် ဘယ့်နှယ်လုပ်မလဲ။ မင်းကလည်း ခေါ်မထားနိုင်ဘူး”

“မသိဘူး အစ်ကို။ ဆွန်ညာ ဘာမှ မသိဘူး”

ပြောပြီး ဆွန်ညာက ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိထားလိုက်သည်။ သည်ကိစ္စ သူ မကြာခဏ စဉ်းစားမိမည်မှာ သေချာသည်။ သို့သော် ခေါင်းထဲ အဝင်မခံရဲကြောင်း သိသာနေသည်။

“ကဲ ..ဒီလိုအချိန် မင်း နေထိုင်မကောင်း ဖြစ်ပြီ ဆိုပါတော့၊ ကက်တာရီးနာက တဖက်၊ မင်းကို ဆေးရုံတင်ရပြီ ဆိုပါတော့။ ဘာတွေ ဖြစ်လာမလဲ”

သူက မညှာမတာ ဆက်ပြောနေသည်။

“ဟင့်အင်း၊ ဟင့်အင်း။ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး”

ဆွန်ညာ့ မျက်နှာကလေး ကြောက်လွန်းလို့ ပုံပျက်လာသည်။

“ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ”

ရပ်စ်ကိုလ်နီကော့ဗ်က ရက်စက်စွာ ပြုံးပြီး ဆက်ပြောသည်။

“မင်းကိုယ်တိုင် အာမခံနိုင်လို့လား။ မသေချာဘူး မဟုတ်လား။ ဒီတော့ သူတို့ ဘာဖြစ်မလဲ၊ လမ်းပေါ်ရောက် ကုန်မှာပေါ့။ ဒါမျိုးတွေ အများကြီးပဲ။ ချောင်းတဟွပ်ဟွပ်နဲ့ သူ တောင်းစားမယ်၊ ပြီးတော့ ဒီနေ့လိုမျိုး နံရံနဲ့ ဦးခေါင်းနဲ့ ဆောင့်မယ်၊ ကလေးတွေက အော်ငိုမယ်၊ ပြီးတော့ လဲကျသွားမယ်၊ ရဲစခန်း ရောက်မယ်၊ ဆေးရုံ ရောက်မယ်၊ ပြီးတော့ အသက် ထွက်သွားမယ်၊ ကလေးတွေလည်း ...”

“တော်ပါတော့ အစ်ကိုရယ်။ ဘုရားသခင်က လက်ပိုက် ကြည့်မနေပါဘူး။ အဲဒီ အထိ အဖြစ်မခံပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ်က ထပြီး အခန်းထဲတွင် လမ်းလျှောက်သည်။ တမိနစ်ခန့် ကြာသွားသည်။ ဆွန်ညာက ရပ်မြဲ ရပ်နေသည်။ ခေါင်းငိုက်စိုက်ချလျက်။ လက်မောင်း နှစ်ဖက်က တွဲလောင်း။ စိတ်ဝေဒနာတမျိုးကို အပြင်းအထန် ခံစားနေရပုံ။

“မိုးတွေ ရွာတဲ့နေ့မှာ တနေ့တလေ မင်း မသွားနိုင်ဘူးလား”

သူ့ရှေ့တွင် ရပ်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

ဆွန်ညာ တိုးတိုးလေး ဖြေသည်။

“ဟင့်အင်း”

“မင်း ကြိုးစားကြည့်ဖူးလို့လား”

“ဟုတ်ကဲ့”

“မဖြစ်ဘူး ဟုတ်လား၊ အင်းပေါ့လေ”

သူ ဆက်လျှောက်နေပြန်သည်။ နောက် တမိနစ် ကြာသွားသည်။

“မင်း နေ့တိုင်း ပိုက်ဆံရသလား”

ဆွန်ညာ ပိုရှက်သွားသည်။ မျက်နှာ ဘယ်နား ထားရမှန်း မသိတော့။ ပြီးမှ

လေသံ ဖြင့် ကြိုးစားပြီး ဖြေသည်။

"နေ့တိုင်းတော့ မရပါဘူး"

"ပိုလင်ကာလေး ကြီးလာရင်လည်း ဒီလိုပဲ ဖြစ်မှာပဲ"

"ဟင့်အင်း၊ ဟင့်အင်း။ ဘာလို့ ဖြစ်ရမှာလဲ၊ မဖြစ်စေရဘူး"

ဆွန်ညာသည် ဓားနှင့် အထိုးခံလိုက်ရသလို တအား ဆက်အော်ပြောလိုက်သည်။

"ဘုရားသခင်က အဲဒီလို အဖြစ်မခံပါဘူး ဆို"

"အဖြစ်ခံလို့ အဲဒီလို ဖြစ်နေကြတာတွေ အများကြီးလေ"

"အို ...မဟုတ်ဘူး၊ မဟုတ်ဘူး။ ဘုရားသခင် သူ့ကို ကာကွယ်လိမ့်မယ်၊ စောင့် ရှောက်လိမ့်မယ်"

ဆွန်ညာ ထပ်ကာ ထပ်ကာ အော်ပြောသည်။

"ဘုရားသခင်ဆိုတာ ရှိချင်မှ ရှိမှာပေါ့"

ရပ်စ်ကိုလ်နီကော့ဗ်က မလိုမုန်းထားစိတ် အပြည့်ဖြင့် ပြန်ပြောသည်။ ပြီးတော့ ရယ်နေသည်။

ဆွန်ညာ့မျက်နှာကလေး သိသိသာသာ ပြောင်းလဲသွားသည်။ တကိုယ်လုံး တုန်တုန် ယင်ယင် ဖြစ်သွားသည်။ သူ့ကို စက်ဆုပ်ရွံ့ရှာသည့် အကြည့်ဖြင့် ကြည့်ပြီး တခုခု ပြောဖို့ ဟန်ပြင်သည်။ သို့သော် တခွန်းမျှ ထွက်မလာဘဲ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ချုံးပွဲချပြီး ငိုချလိုက်သည်။

"မင်းပြောတော့ ကက်တာရီးနာ ရူးနေပြီတဲ့။ မင်းလည်း ဘာထူးလဲ"

ငါးမိနစ် ကြာသွားသည်အထိ သူ လမ်းဆက်လျှောက်နေသည်။ ဘာမှ ဆက်မပြော။ ဆွန်ညာ့ကိုလည်း လှည့်မကြည့်။ နောက်ဆုံးကျမှ ကလေးမရှေ့တွင် ရပ်လိုက်သည်။ သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်နေ၏။ ဆွန်ညာ့ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ငိုထားသည့် မျက်လုံးတွေထဲကို စိုက်ကြည့်လိုက်သည်။ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ ပြီးမှ ကြမ်းပြင်ပေါ်သို့ ရုတ်ခြည်း ထိုင်ချလိုက်ကာ ကလေးမ၏ ခြေအစုံကို နမ်းပါလေတော့သည်။ ဆွန်ညာက သူ့ကို အရူးတယောက်လို ကြည့်ပြီး နောက်တွန့်သွားကာ မျက်နှာ ဖြူသည်ထက် ဖြူသွားပြီး-

"ဟောတော့... အစ်ကို၊ အဲဒါ ဘာလုပ်တာလဲဟင်။ ဒုက္ခပါပဲ"

ဆွန်ညာ့မျက်နှာ သွေးဆုတ်သွားသည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။

သူ ချက်ချင်း ထ,ရပ်သည်။

"မင်းတယောက်တည်းအတွက် မင်းရဲ့ ခြေအစုံကို ကိုယ် နမ်းတာ မဟုတ်ဘူး ဆွန်ညာ။ ဒုက္ခဝေဒနာ အပြင်းအထန် ခံစားနေရတဲ့ လူသားအားလုံးအတွက် ကိုယ် နမ်းတာ"

ပြောပြီး ပြတင်းပေါက်ဆီ လျှောက်သွားသည်။ တမိနစ်ခန့် ကြာတော့ ဆွန်ညာ့ဆီ ပြန်လျှောက်လာပြီး-

"ဒီမယ် နားထောင် ဆွန်ညာ။ ဒီနေ့ ကိုယ် လူကြီးတယောက်နဲ့ စကားများကြတယ်။ သူဟာ မင်းရဲ့ လက်သန်းကလေးလောက်တောင် တန်ဖိုးမရှိဘူးလို့ပြောလိုက်တယ်။ ဒါကြောင့် မင်းကို ကိုယ့်ညီမနဲ့ အတူတူ ထိုင်ခိုင်းတာပေါ့။ အဲဒီအတွက် ကိုယ် ဂုဏ်ယူတယ်"

"အို... မဟုတ်တာ အစ်ကိုရယ်။ ဂုဏ်ယူရအောင် ဆွန်ညာက ဂုဏ်ယူထိုက်တဲ့ အမျိုးအစားထဲကမှ မဟုတ်တာ။ ဆွန်ညာဟာ ဒုစရိုက်မကလေးပါ။ ဘာပြုလို့ အစ်ကို အဲဒီလို ပြောရတာလဲ ဟင်"

"မင်းရဲ့ မလှမပ ဘဝအတွက်၊ မင်းရဲ့ ဒုစရိုက်တွေအတွက် ပြောတာ မဟုတ်ဘူး။ မင်း ခံစားနေရတဲ့ ဝေဒနာအတွက် ပြောတာ။ မင်းဟာ ဒုစရိုက်မလေး၊ မှန်တယ်"

သူ အားရပါးရ ဆက်ပြောသည်။

"မင်းတို့ အားလုံးဟာ ဒုစရိုက်ကောင်တွေချည်းပဲ။ ဘာပြုလို့ အဲဒီလိုဖြစ်ကုန်တာလဲ ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခဲ့ကြလို့၊ ကိုယ့်ကိုယ်ကိုယ် လှည့်စားခဲ့ကြလို့ပဲ။ မင်း ရွံမုန်းတဲ့၊ စက်ဆုပ်တဲ့ ဘဝထဲမှာ မင်း ဘယ်လောက် ကြောက်ဖို့ ကောင်းလဲ။ မင်းမှာ ပိုက်ဆံလည်း မစုမိဘူး၊ အိမ်ကိုလည်း လောက်လောက်ငငပြန်မပေးနိုင်ဘူး။ ဒါလောက် အောက်တန်းကျတဲ့ အလုပ်ကို မင်းရဲ့ မွန်မြတ်တဲ့ နှလုံးသားက ဘယ်လိုလုပ်ပြီး လက်ခံ ထားတာလဲ။ မင်း ဘာပြုလို့ ရေထဲ ခုန်ချပြီး သေမပစ်လိုက်တာလဲ"

"အဲဒီလိုလုပ်ရင် သူတို့ ဘာဖြစ်သွားမလဲ"

အားနည်းညှိုးငယ်စွာဖြင့် ဆွန်ညာ ပြန်မေးသည်။ ပြီးတော့ သူ့ကို မရှုံ့မရဲမော့ကြည့်သည်။ သူ ပြောတာတွေကို လုံးဝ အံ့သြခြင်း မဖြစ်မိသလို

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။

ဆွန်ညာ့ အကြည့်ကို ရပ်စ်ကိုလ်နီကော့ဗ် ကောင်းကောင်း သဘောပေါက်သည်။ ဒီလိုလုပ်ဖို့ စဉ်းစားခဲ့ပေါင်း များပါပြီ အစ်ကိုရယ်ဟု အဓိပ္ပာယ်ထွက်သည့် အကြည့်။ ရက်စက် လွန်းသည့် သူ့စကားလုံးများ၏ အဓိပ္ပာယ်ကိုပင် သတိမထားမိတော့။ သို့သော် သူ ဘယ် လောက် စိတ်ထိခိုက်နေသည်ကို ရပ်စ်ကိုလ်နီကော့ဗ် သိနေသည်။ သည် မိန်းကလေးကို သည်ဘဝက ဘယ်လို ကယ်တင်ရပါ့မလဲ ဆိုသည်ကို သူ မတွေးတတ်အောင် ဖြစ်နေ၏။ ခုမှပဲ အငယ်လေးတွေအပေါ်သူ့ သံယောဇဉ်ကို သူ နားလည်ခွင့်ရတော့သည်။ သည်တော့မှ အရူးတပိုင်း ဖြစ်နေသော ကက်တာရီးနာ၊ အဆုတ်ရောဂါ ကျွမ်းနေသော အမျိုးသမီး၊ နံရံ နှင့်ခေါင်း ပြေးဆောင့်တတ်သော လင်သေမုဆိုးမ၏ ဘဝကို သူ ပိုပြီး ခံစားလိုက်ရသည်။ တဖက်က ပြန်စဉ်းစားမိပြန်သည်။ ဖြူစင်သည့် သူ့နှလုံးသားကလေးနှင့်၊ သူ့ ပညာအရည် အချင်းနှင့် သည်ဘဝမှာ သူ ကြာကြာ မနေပါဘူး။ ရေထဲ ခုန်ချမသေဘဲ ဒီဘဝမှာ ဒီမျှကြာ အောင် ဘာကြောင့် သူ နစ်မျောနေတာပါလိမ့်။ ဆွန်ညာ့ဘဝကို သူ တစိတ်တပိုင်းတော့ နားလည်ထားသည်။ သည်မိန်းကလေး၏အဖြစ်သည် အခြားအခြားသော နစ်မွန်းလွင့်မျော နေသော မိန်းကလေးများနှင့် မတူ။ တမူ ထူးခြားသည်။ ခေတ်ပညာ အခြေခံကလေးလည်းရှိသည်။ ဆင်ခြင် တွေးတောတတ်သော ဉာဏ်ကလေးလည်း ရှိသည်။ မိဘဘဝ နောက်ခံနှင့် ငယ်ဘဝကလည်း သိပ်အောက်တန်းအကျကြီး မဟုတ်။ သည်လိုဘဝနွံထဲကို စတင် ဆင်းသက် သည့်နေ့မှာပင် သူ့ကိုယ်သူ သတ်သေနိုင်သည့် အဆင့်မျိုး။ ဘာကြောင့် သူ သည်လမ်းကို ဆက်လျှောက်နေခြင်းလဲ။ အကျင့်စာရိတ္တနှင့် မဆိုင်တာတော့ သေချာသည်။ နာမည်ပျက် နှင့် ဆက်လက် ရပ်တည်နေရသည့် ဘဝမျက်နှာစာမှာတော့ သူ စက်ရုပ်ကလေး တရုပ်လို လှုပ်ရှားနေလိမ့်မည်။ သည်အတွက် သူ့နှလုံးသားနုနုကလေး ခံစားနေရမည့် ဝေဒနာကို သူ ခန့်မှန်းကြည့်နေသည်။

ရှေ့တွင် ရပ်နေသည့် ကလေးမကို ကြည့်ပြီး သူ သရုပ်ခွဲနေသည်။ သည်မိန်းကလေး သွားရမည့် လမ်းနှစ်သွယ် ရှိသည်။ အရူးထောင်နှင့် တူးမြောင်းရေပြင်ကျယ် ဖြစ်သည်။ သည်နှစ်ခုကို မရွေးလျှင် သူ့ နှလုံးသားလေး ကျောက်ခဲ ဖြစ်သွားတော့မည်။ ဖြစ်နိုင်ခြေ တွက်ကြည့်တော့ နောက်ဆုံးအချက်က နှလုံးသား ကျောက်ခဲ ဖြစ်ဖို့က အများဆုံး ဖြစ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်သည် ဥပဒေကို ယူခဲ့သော်လည်း ပင်ကိုအားဖြင့် ဒဿနိကကို အားသန်သည့် လူငယ်တယောက် ဖြစ်သည်။ အလေးအနက် တွေးသည်။ စိတ္တဇဆန်သည်။ ထို့ကြောင့် ရက်စက်တတ်သည်။ ထို့ကြောင့်

နောက်ဆုံးအချက်ကို ဖြစ်နိုင်ခြေ အများဆုံးဟု ယူဆရလိမ့်မည်။

သို့သော် သူ့ဘာသာသူ ဆင်ခြေတက်နေပြန်သည်။ ဒါကော ဖြစ်နိုင်ပါ့မလား။ သည်မျှ ဖြူစင်သည့် မိန်းကလေးတယောက်သည် ရက်စက်၍ တရားမဲ့ကာ အကြင်နာ ကင်းသော ဖွက်နှံ့တွင် အနစ်ခံသင့်ပါသလား။ သို့မဟုတ် ရုန်းမထွက်နိုင်အောင် နစ်နေသော အခြေအနေ ရောက်နေပြီလား။ ဟင့်အင်း… မဖြစ်နိုင်ပါဘူး။ ရှေ့တွင် ရပ်နေသော အကြင် မိန်းကလေးကို ရေထဲ ခုန်ချမသေအောင် ဆွဲထားသည့်အရာ ရှိနေသေးသည်။ သူ့ညီမငယ်၊ မောင်ငယ်ကလေးများ ဖြစ်၏။ သူ စိတ်ဖောက်ပြန်သွားရင်ကော။ သွင်သွင် ရူးမသွားနိုင် ဘူးလို့ ဘယ်သူ ပြောနိုင်မည်လဲ။ ခုလောလောဆယ်မှာကော သူ စိတ်မှန်နေရဲ့လား။ စိတ် မမှန်ရင် သူ ပြောသလို ပြောနိုင်ပါ့မလား။ သူ့မှာ ဆင်ခြင်တုံတရား ရှိနေသားပဲ။ ဒါဆို ဘာလို့ အန္တရာယ် ချောက်ကမ်းပါးမှာ ရပ်နေရတာလဲ။ သဘာဝလွန် ကယ်တင်ခြင်း တမျိုးမျိုးကို မျှော်လင့်နေတာလား။ အဲဒါ အဖြစ်နိုင်ဆုံးပဲ။ သေချာတယ်။ ဒါဆို ရူးသွပ်ခြင်းတမျိုးလို့ ပြောနိုင်ပါ့မလား။

သူက သူ့အတွေးကို ခေါင်းမာမာဖြင့် ဆုပ်ကိုင်ထားသည်။ ဆက်ပြီး အဖြေရှာချင် နေသည်။ ဆွန်ညာကလေးကို သူ တမင် စိုက်ကြည့်လိုက်သည်။

“ဒါဆို မင်း တချိန်လုံး ဘုရားသခင် ဆုတောင်းနေတယ်ပေါ့။ ဟုတ်လား ဆွန်ညာ” ဆွန်ညာ တော်တော်နှင့် မဖြေ။ သူက အဖြေကို စိတ်ရှည်လက်ရှည် စောင့်နေသည်။ “ဘုရားသခင်ကို အာရုံမပြုရင် ဆွန်ညာ ဘာဖြစ်သွားမလဲ”

သူ့ကို မော့ကြည့်ပြီး တိုးတိုးလေး ဖြေသည်။ သူ့ လက်ကို တင်းတင်းဆုပ်ထားသည်။ မျက်လုံးကလေးတွေ အရောင်လက်လာသည်။

သူ့စိတ်ထဲက မှတ်ချက်ချလိုက်သည်။ အင်း… ဒီလိုကိုး။ သူ ထပ်မေးသည်။

“ဘုရားသခင်က မင်းကို ဘာလုပ်ပေးသလဲ”

ဆွန်ညာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်သွားသည်။ စိတ်လှုပ်ရှားမှု ဖြင့် သူ့ရင်ဘတ်ကလေး နိမ့်ချည် မြင့်ချည် ဖြစ်လာသည်။

“တော်ပါတော့ အစ်ကိုရယ်၊ တော်ပါတော့။ ဘာမှ မမေးပါနဲ့တော့။ အစ်ကို နားမလည်ပါဘူး”

ဆွန်ညာ ဒေါသဖြစ်လာသည်။ မကျေမနပ် ပြန်ပက်လိုက်ခြင်း ဖြစ်သည်။ မျက်နှာ ကလေး ညှိုးလျက်။

အင်း… ဒီလိုကိုးဟု နောက်တခါ မှတ်ချက် ချလိုက်မိပြန်သည်။

“ဘုရားသခင်က အားလုံး လုပ်ပေးနေတာပဲ”

ဆွန်ညာက ခေါင်းငုံ့ပြီး တိုးတိုးလေး ပြောသည်။ ထွက်ပေါက်ရှာခြင်းပါလားဟု ရပ်စ်ကိုလ်နီကော့ဗ်က အဓိပ္ပာယ် ကောက်လိုက်သည်။ သူကလေးကို သေသေချာချာ ကြည့်ပြီး ထပ်လေ့လာသည်။ ထူးထူးခြားခြား စိတ်ညှိုးငယ်နေသော်လည်း တခုခုကို သိချင်စိတ် ပြင်းပြနေပုံရသည်။

ရပ်စ်ကိုလ်နီကော့ဗ်တယောက် ကလေးမကို ကြည့်ပြီး ရင်ထုမနာ ဖြစ်နေသည်။ ပိန်လှီလှသော ခန္ဓာကိုယ်ကလေး၊ သွယ်လျလျ မျက်နှာကလေး။ သိမ်မွေ့နူးညံ့သည့် မျက်လုံး ပြာများ။ စိတ်လှုပ်ရှားလာလျှင် အရောင်တောက်လာသော မျက်ဝန်းများ။ ကလေးမကို ငေးကြည့်နေရင်း သူ မှတ်ချက်ချလိုက်သည်။ အင်း... ဘာသာရေး တဖက်စွန်းရောက်နေတဲ့ ကလေးမကလေးပဲ။

လမ်းလျှောက်နေရင်း အခန်းထဲမှ အဝတ်ဗီရိုကလေးပေါ်တွင် စာအုပ်တအုပ်ကို သတိထားမိလိုက်သည်။ ကောက်ယူပြီး ကြည့်လိုက်၏။ ရုရှားဘာသာပြန် ဓမ္မသစ် သမ္မာ ကျမ်းစာ။ သာရေဖုံးမှာ စုတ်ပြဲနေပြီ။

ဆွန်ညာက သူနှင့်သုံးလှမ်းအကွာတွင် ရပ်မြဲ ဆက်ရပ်နေသည်။ သူက လှမ်းမေးသည်။

“မင်း ဒီစာအုပ် ဘယ်ကရသလဲ ဆွန်ညာ”

“သူ ယူလာပေးတာ”

သူ့ကို မကြည့်ဘဲ ဆွန်ညာ ဖြေသည်။

“ဘယ်သူ ယူလာပေးတာလဲ”

“လီဇာဗီတာ၊ ဆွန်ညာ တောင်းလို့ သူ ပေးတာ”

သူ အရမ်း အံ့သြသွားသည်။ လီဇာဗီတာ ဆိုပါလား။

သည်ကလေးမတွင် တခုပြီးတခု အံ့သြစရာတွေချည်း တွေ့နေရသည်။ ဖယောင်းတိုင် နားသို့ ယူလာပြီး စာအုပ်ကို လှန်သည်။

“**လာဇရုဝတ္ထု**[41] ဘယ်နေရာမှာလဲ’

ဆွန်ညာ မဖြေ။ ပေပြီး ရပ်နေသည်။

“လာဇရု ရှင်ပြန်ထမြောက်ခန်းလေ။ ကိုယ့်ကို ရှာပေးပါလား ဆွန်ညာ”

ဆွန်ညာက မျက်လွှာ တချက် ပင့်ကြည့်သည်။ သူ လှန်ထားသည့် နေရာကို ကြည့်ပြီး-

“အဲဒီနေရာမှာ မဟုတ်ဘူး။ သုတ္တံ အခန်း ၄ မှာ”

သူ့ကို မကြည့်ဘဲ မျက်နှာ မသာမယာနှင့် ဆွန်ညာ ဖြေသည်။

“ကိုယ့်ကို ရှာပြီး ဖတ်ပြပါလားဟင်”

သူက စားပွဲကို လက်ထောက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပြီးမှ ဦးခေါင်းကို လက်နှစ်ဖက်ပေါ် တင်ပြီး နားထောင်ဖို့ အသင့်ပြင်လိုက်သည်။

ပြီးတော့ သူ့ကိုယ်သူ ပြောသလို တယောက်တည်း တီးတိုးတီးတိုး သဖန်းပိုး လုပ်နေသည်။

“နောက်သုံးပတ်ဆို ငါ့ကို သူတို့ အရူးထောင် ပို့ကြမှာ။ မဟုတ်ရင် အဲဒီထက် ဆိုးတဲ့ နေရာကို ရောက်သွားမှာ”

ဆွန်ညာက မယုံမရဲဖြင့် ကျမ်းစာဖတ်ဖို့ စားပွဲဆီသို့ လျှောက်သွားပြီး ကျမ်းစာအုပ် ကို လှမ်းယူလိုက်သည်။

စားပွဲတဖက်တွင် ထိုင်နေသည့် သူ့ကို ဆွန်ညာ လှမ်းမေးသည်။

“ဟိုတုန်းက မဖတ်ဖူးဘူးလား”

ဆွန်ညာ့လေသံက ကြာလေလေ ဒေါသစွက်လေလေ ဖြစ်လာသည်။

“ကြာပြီ။ ငယ်ငယ်တုန်းက ဖတ်ဖူးတာ”

“ဘုရားကျောင်းမှာကော မကြားဖူးဘူးလား”

“အင်း... မရောက်ဖြစ်ပါဘူးကွာ၊ မင်းကော မကြာခဏ သွားသလား”

“ဟင့်အင်း”

ဆွန်ညာ တိုးတိုးလေး ဖြေသည်။

ရပ်စ်ကိုလ်နီကော့ဗ် ပြုံးလိုက်သည်။

“အေးလေ၊ ကိုယ် နားလည်ပါတယ်။ မနက်ဖြန် မင်းအဖေ အသုဘအတွက်ကော သွားနိုင်ဦးမလား”

"အို… သွားမှာပေါ့။ ပြီးခဲ့တဲ့ အပတ်ကလည်း တခေါက် ရောက်သေးတယ်။ သွားလေသူ ဝိညာဉ် ဆုတောင်းပွဲလေ'

"ဘယ်သူ့အတွက်လဲ"

"လီဇာဗီတာ့အတွက်လေ။ သူက ပုဆိန်နဲ့ ခုတ်သတ်ခံရတာ"

သူ့တကိုယ်လုံးရှိ အကြောအခြင်တွေ တောင့်တင်းသွားသည်။ ခေါင်းထဲကလည်း မိုက်ခနဲ ဖြစ်သွားသည်။

"မင်းနဲ့ လီဇာဗီတာနဲ့ ခင်သလား"

"ဟုတ်ကဲ့၊ ခင်တယ်။ သူက သိပ်သဘောကောင်းတာ။ ဆွန်ညာ့ဆီ မကြာမကြာ လာတယ်။ အဲ… သိပ်တော့လည်း မစိပ်ပါဘူး။ စကားတွေ ပြောတယ်။ ကျမ်းစာ အကူတူ ဖတ်ကြတယ်။ သူ ဘုရားသခင်ကို ဖူးမြင်ရမှာပါ"

နောက်ဆုံးစကားလုံးက သူ့နားထဲတွင် ထူးဆန်းနေသည်။ ထူးဆန်းတာ၊ တိုက်ဆိုင် တာတွေကများနေသည်။သူနှင့်လီဇာဗီတာကမိတ်ဆွေတွေတဲ့။ပြီးတော့ နှစ်ယောက်စလုံး ဘာသာရေးမှာ တဖက်စွန်း ရောက်နေသူတွေ။ ရူးသွပ်နေသူတွေ။

"ဆွန်ညာ ဘာသာရေး ကိုင်းရှိုင်းလာတာ သူ့ကြောင့်ပဲ အစ်ကို"

"ကဲ… ဖတ်ပါကွာ"

သူက စိတ်မရှည်သလို ထပ်ပြောလိုက်သည်။

ဆွန်ညာတယောက် ချီတုံချတုံ ဖြစ်နေဆဲ။ ရင်တွေ ခုန်နေသည်။ မဖတ်ရဲသလို ဖြစ်နေသည်။ အသံထွက် ဖတ်ရမှာ ကြောက်နေသည်။ သူက မိန်းကလေးကို ပျော်ရွှင်ခြင်း ကင်းမဲ့နေသည့် စိတ်ဝေဒနာရှင်တဦးကို ကြည့်သလို ငေးကြည့်နေသည်။ သူ့အကြည့်က စူးရှလှသည်။

ဆွန်ညာအသက်ရှူမှားမတတ်ဖြစ်သွားပြီးတိုးတိုးလေးဆင်ခြေပေးလိုက်သည်။ "အစ်ကိုမှ မယုံတာ။ ဘာလို့ ကျမ်းစာ ဖတ်ခိုင်းနေတာလဲ"

"ဖတ်ပါကွာ။ မင်း ဖတ်နေကျပဲ။ လီဇာဗီတာကိုလည်း မင်း ဖတ်ပြရတာပဲ မဟုတ်လား"

သည်တော့မှ ဆွန်ညာ စာအုပ်ကို လှန်သည်။ တွေ့တော့သူ့လက်တွေတုန်နေသည်။ ဖတ်ဖို့ ကြိုးစားသည်။ အသံထွက်မလာ။ နှစ်ခါကြိုးစားမှ စဖတ်လို့ ရသည်။

"ညီအစ်မ မာရီနှင့် မာသတို့ နေသော ဗေသနိရွာသား လာဇရုအမည်ရှိသောသူ တယောက်သည် နာလျက် နေလေ၏။"

ဖတ်ရင်း ဖတ်ရင်း သူ့အသံ တိမ်ဝင်သွားသည်။ ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။ တင်းလွန်းလာသဖြင့် ပြတ်သွားသော ကြိုးပမာ။ အသက်ရှူ၍လည်း မဝတော့။

သူ ဘာကြောင့် ဖတ်ဖို့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေကြောင်း ရပ်စ်ကိုလ်နီကော့ဗ် နားလည်သလိုလို ဖြစ်လာသည်။ နားလည်လာလေလေ၊ သူ့ကို အကျပ်ကိုင်ပြီး အတင်း ဖတ်ခိုင်းချင်လေ ဖြစ်လာသည်။ သူ့ဘဝမှန်ကို လှစ်ပြဖို့ ဘယ်လောက် ခက်ခဲကြောင်းလည်း သဘောပေါက်လာ၏။ သူ့ဘဝ ဥဒ္ဒကလေးထဲမှ ခံစားမှုအားလုံးသည် သူ့ လျှို့ဝှက်ရတနာ ကလေးများ ဖြစ်နေလိမ့်မည်။ နှစ်ပေါင်းများစွာ ဝှက်ထားခဲ့ခြင်း ဖြစ်မည်။ ကလေးဘဝ ကတည်းက ဖြစ်ကောင်းဖြစ်မည်။ ဘဝတွင် ထွက်ပေါက်မရှိ ချောင်ပိတ်မိနေသော ဖအေကြီး နှင့် ပူဆွေးသောက ဗျာပါဒဇဏ်ကြောင့် တိမ်းတိမ်းပွေပွေ ဖြစ်နေသော မိထွေး၏ အိမ်တွင် ကလေးတွေက ဆာလောင်မွတ်သိပ်ကာ အငတ်ငတ် အပြတ်ပြတ်နှင့် နေခဲ့ရစဉ်ကတည်းက ဖြစ်ကောင်း ဖြစ်မည်။

ခုတော့ သူ နားလည်လာပြီ။ သည်ဝေဒနာအားလုံးကို ရင်မှာ ပိုက်ထားလျက်က မိမိကို သူ သမ္မာကျမ်းစာ ဖတ်ပြနေခြင်းပါလား။ အကျိုးသက်ရောက်မှု မည်သို့ရှိသည် ဖြစ်စေ သူ နားထောင်တော့မည်။ နားထောင်နေရင်း သူ့ မျက်လုံးအစုံထဲမှာ အဓိပ္ပာယ်ကို ရှာဖွေကြည့်သည်။ ပြင်းထန်လွန်းသည့် စိတ်လှုပ်ရှားမှုကို တွေ့ရ၏။ သို့သော် သူ့ကိုယ်သူ ကောင်းကောင်း ထိန်းထားသည်။ အသံမတုန်အောင် ကြိုးစားပြီး ရှင်ယောဟန် အခန်းကြီး ၁၁ ကို ဖတ်နေလေရာ အခန်းငယ် ၁၉ သို့ ရောက်သွားပြီ။

"မာရီနှင့် မာသတို့၏ မောင် သေသောကြောင့် သူတို့ကို နှစ်သိမ့်စေ လိုသောငှာ ယုဒလူမျိုးတို့သည် လာကြ၏။ ယေရှု ကြွလာတော်မူကြောင်းကို မာသသည် ကြားလျှင် ကိုယ်တော်ကို ခရီးဦးကြိုပြုခြင်းငှာ သွား၏။ မာရီမူကား အိမ်၌ပင် ထိုင်လျက် နေရစ်၏။ မာသက သခင်၊ ကိုယ်တော် ရှိတော်မူလျှင် ကျွန်မ ၏ မောင် မသေပါ။ ယခု သေလျက် ရှိသော်လည်း ကိုယ်တော်သည် ဘုရားသခင် ကို ဆုတောင်းတော်မူသမျှအတိုင်း ဘုရားသခင် ပေးတော်မူမည်ကို ကျွန်မ သိပါသည်ဟု လျှောက်၏။ ယေရှုကလည်း သင်၏မောင်သည် ထမြောက်လိမ့် မည်ဟု မိန့်တော်မူ၏။ မာသကလည်း နောက်ဆုံးနေ့ တည်းဟူသော ထမြောက်ရာ ကာလ၌ သူသည် ထမြောက်လိမ့်မည်ကို ကျွန်မ သိပါသည်ဟု လျှောက်၏။ ယေရှုကလည်း ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကို ယုံကြည် ၍ အသက်ရှင်သမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့် မည်။ ငါ့စကားကို

ယုံသလော ဟု မေးတော်မူလျှင် မာသက ဟုတ်ပါ၏ သခင်၊ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤလောကသို့ ကြွတော်မူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို ကျွန်မယုံပါသည်ဟု လျှောက် ၏။

ထိုသို့ လျှောက်ထားပြီးမှ မာသသည် သွား၍ မိမိ ညီမ မာရီအား အရှင်ဘုရား ရောက်လာတော်မူပြီ၊ သင့်ကို ခေါ်တော်မူသည်ဟု တိတ်ဆိတ်စွာ ခေါ်လေ၏။ မာရီသည် ထိုစကားကို ကြားလျှင် အလျင်တဆော ထ၍ အထံ တော်သို့ သွားလေ၏။ ထိုအခါ ယေရှုသည် ရွာထဲသို့ မဝင်သေး။ မာသ ခရီးဦးကြို ပြုတော်မူသော အရပ်၌ ရှိတော်မူသတည်း။ ထို့ကြောင့် နှစ်သိမ့်စေသော စကား ကို ပြောလျက် မာရီနှင့်အတူ အိမ်၌ရှိသော ယုဒလူတို့ သည် မာရီ အလျင်တဆော ထွက်သွားသည်ကို မြင်ကြလျှင် ငိုကြွေးခြင်းငှာ သင်္ချိုင်းသို့ သွားပြီဟု ဆို၍ သူ့နောက်သို့ လိုက်ကြ၏။ မာရီသည် ယေရှု ရှိတော်မူရာအရပ်သို့ ရောက်၍ ကိုယ်တော်ကို မြင်လျှင် ခြေတော်ရင်း၌ ပျပ်ဝပ်လျက် သခင်ကိုယ်တော် ရှိတော်မူလျှင် ကျွန်မ မောင်လေး မသေပါဟု လျှောက်၏။ မာရီမှ စ၍ လိုက်လာသော ယုဒလူတို့သည် ငိုကြွေးကြသည်ကို ယေရှုမြင်တော်မူသောအခါ အလွန် ညှိုးငယ် ခြင်း၊ စိတ်ပူပန်ခြင်း ရှိ၍ အလောင်းကို ဘယ်မှာ ထားကြသနည်းဟု မေးတော် မူလျှင် သခင် ကြွ၍ ကြည့်တော်မူပါဟု လျှောက်ကြ၏။ ယေရှုသည် မျက်ရည် ကျတော်မူ၏။ ယုဒလူတို့က ကြည့်ပါ၊ လာဇရုကို အလွန် ချစ်တော်မူပါသည် တကားဟု ဆိုကြ၏။ အချို့တို့က မျက်စိကန်းသောသူကို မြင်စေတော်မူသော ဤသခင်သည် လာဇရုကို မသေစေခြင်းငှာ မတတ်နိုင်သလောဟု ဆိုကြ၏။”

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်လှုပ်ရှားစွာဖြင့် ဆွန်ညာ့ကို စိုက်ကြည့်နေသည်။ ဟင်… သူ တဆတ်ဆတ် တုန်နေပါလား။ သည်လို ဖြစ်လာလိမ့်မည်ဟူ၍တော့ သူ တွေးမိသား။ သည်ကလေးမ တန်ခိုးပြာဋိဟာ၏ စွမ်းအားကို ယုံကြည်နေတာ မဟုတ်လား။ ကျမ်းစာ ဖတ်နေရင်း သူ့အသံကလေး ပိုပြီး ကြည်လင်လာသည်။ ပို၍ မာန်ပါလာသည်ကို သတိထား လိုက်မိသည်။ တချို့စာကြောင်းများကို သူ အလွတ်ရနေမှန်း သိသာလှသည်။ နောက်ဆုံး စာကြောင်း “မျက်စိကန်းသောသူကို မြင်စေတော်မူသော ဤသခင်သည်…” ကို ဖတ်သည့် လေသံတွင် ယုံကြည်မှုအပြည့် ပါနေသည်။ အသံ တိုးသွားပြီး အားပါလာသည်။ ယေရှုကို မယုံကြည်သော ယုဒလူမျိုးများ ခြေတော်ရင်း၌ ပျပ်ဝပ်ခံစားကြကုန်၏။ ငိုကြွေးကြကုန်၏။ ယုံကြည်ကြကုန်၏။ ဆွန်ညာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ သူကလေး အိပ်မက် မက်နေ သလို ပျော်ရွှင်ခြင်းဖြင့် တုန်ယင်နေခြင်း ဖြစ်လေသည်။ သူ ဆက်ဖတ်သည်။

“တဖန် ယေရှုသည် အလွန်ညှိုးငယ်သော စိတ်နှင့် သင်္ချိုင်းတွင်းသို့ ရောက်တော်မူ၏။ ထိုတွင်းသည် မြေတွင်း ဖြစ်၏။ ကျောက်နှင့် ပိတ်ထား၏။ ကျောက်ကို ရွှေ့ကြလော့ဟု ယေရှုသည် မိန့်တော်မူလျှင် သေလွန်သူ၏ နှမ မာသကသခင်ယေရှုဖြစ်လျှင် နံလိမ့်မည်၊လေးရက်ရှိပါပြီဟုလျှောက်ထား၏”

လေးရက်ဆိုသော စကားလုံးကို ဆွန်ညာက အလေးအနက်ထားပြီး

ပီပီသသ ရွတ်ဆိုသည်။

"ယေရှုကလည်း သင်သည် ယုံလျှင် ဘုရားသခင်၏ဘုန်းအာနုဘော် ကို မြင်ရလိမ့်မည်။ ငါ ပြောပြီ မဟုတ်လောဟု မိန့်တော်မူ၏။ ထိုအခါ သေလွန် သူ၏သင်္ချိုင်းမှ ကျောက်ကို ရွှေကြ၏။ ယေရှုသည်လည်း အထက်ကို ကြည့်မျှော် လျက် အဘ၊ ကိုယ်တော်သည် အကျွန်ုပ်စကားကို နားထောင်တော်မူသော ကျေးဇူးတော် ကြီးလှပါ၏။ ကိုယ်တော် သည် အကျွန်ုပ်စကားကို အစဉ်အမြဲ နားထောင်တော်မူသည်ကို အကျွန်ုပ် သိပါ၏။ သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို ဝန်းရံလျက်ရှိသော ဤလူအပေါင်းတို့ သည် ယုံကြည်စေခြင်းငှာ သူတို့၏ အကျိုးကိုထောက်၍ ဤသို့ အကျွန်ုပ် လျှောက်ပါ၏ဟု မိန့်မြွက်တော်မူပြီးမှ 'လာဇရု၊ ထွက်၍ လာလော့' ဟု ကြီးသော အသံနှင့် ဟစ်ခေါ်တော်မူ၏။"

(ဤနေရာတွင် ပျော့်ရွှင်စွာဖြင့် သူ့အသံ ပိုကျယ်လာသည်။ ပြီးတော့ သည်မြင် ကွင်းကို သူ့မျက်စိဖြင့် မြင်နေရသည့်နှယ် တဆတ်ဆတ် တုန်လာပြန်သည်။)

"ထိုအခါ သေလွန်သောသူသည် မိမိ ခြေလက်၌ ပုဆိုးနံငယ်နှင့် ရစ်ပတ် လျက် မျက်နှာကိုလည်း ပဝါနှင့်စည်းလျက် ထွက်လာ၏။ ယေရှုကလည်း သူ့ကို ဖြေ၍ လွှတ်ကြလော့ဟု မိန့်တော်မူ၏။ ထိုအခါ မာရီဆီသို့ လာသော ယုဒလူအများတို့သည် ယေရှု ပြုတော်မူသော အမှုကို မြင်လျှင် ကိုယ်တော်ကို ယုံကြည်ကြ၏"

နောက်ပိုင်းကိုသူ ဆက်မဖတ်တော့ဘဲ စာအုပ်ကို ပိတ်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။

"လာဇရု ရှင်ပြန်ထမြောက်ခန်း ဆုံးပြီ။ ဒါပဲလေ"

သူ့အသံက ပြတ်တောင်းတောင်း၊ အလိုမကျသည့် အသံမျိုး။ တွေပြီး ရပ်နေသည်။ မျက်နှာကို တဖက်သို့ လွှဲထား၏။ မျက်လုံးချင်း မဆိုင်ရဲ ဖြစ်နေပုံမျိုး။ တုန်တုန်ယင်ယင် ဖြစ်နေဆဲ။ ဖယောင်းတိုင် ကုန်ခါနီးနေပြီ။ တဖက်သို့ ကွေးကျပြီး ဆက်လောင်နေဆဲ။ လူသတ်သမားနှင့် ပြည့်တန်ဆာမကလေးတို့ အလင်းရောင်မှိန်မှိန် အခန်းကလေးထဲတွင် တွေ့ဆုံခန်း။ မိန်းကလေးက ထူးဆန်းစွာဖြင့် ကျမ်းစာကို ဖတ်ပြနေသည့် မြင်ကွင်း။

ဤသို့ဖြင့် ငါးမိနစ် ကြာသွားသည်။

ပြီးမှ ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့ဆီ လျှောက်သွားပြီး မျက်မှောင်ကြုတ်လျက် အသံကျယ်ကျယ် ဖြင့် ပြောလိုက်သည်။

"ကိုယ် ဒီကို အလုပ်ကိစ္စနဲ့ လာခဲ့တာ"

ဆွန်ညာက ဘာမှ မပြောဘဲ သူ့ကို မော့ကြည့်သည်။ သူ့မျက်နှာ ညိုနေသည်။ ပြင်းထန်သည့် ဆုံးဖြတ်ချက်တခု ချထားပုံ။

"ကိုယ့်မိသားစုကို ထားပြီး ထွက်လာခဲ့တာ။ အမေနဲ့ ညီမကိုလေ။ အားလုံးနဲ့ ဖြတ်ခဲ့ပြီးပြီ"

"ဟင်.. ဘာပြုလို့"

ဆွန်ညာ လန့်သွားသည်။ မိမိအပေါ် ညှာညှာတာတာ ရှိသော သားအမိ။ ဆွန်ညာ တယောက် သူ့နားသူ မယုံနိုင်အောင် ဖြစ်သွားသည်။

"ကိုယ့်မှာ မင်းတယောက်ပဲ ရှိတော့တယ်။ တို့နှစ်ယောက် လက်တွဲကြရမယ်။ တို့နှစ်ယောက်စလုံး ကျိန်စာသင့်နေတာ။ ဒါကြောင့် လက်တွဲပြီး သွားကြရမယ်"

သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ် လက်နေသည်။ သူ ရူးသွားပြီဟု ဆွန်ညာ ထင်လိုက်သည်။

"ဘယ်ကို သွားမှာလဲ ဟင်"

ဆွန်ညာ အလန့်တကြား နောက်တလှမ်း ဆုတ်ပြီး မေးလိုက်၏။

"အဲဒါတော့ ကိုယ် မသိဘူး။ ဒါပေမဲ့ မင်း သွားရမယ့်လမ်းနဲ့ အစ်ကို သွားရမယ့် လမ်း အတူတူပဲဆိုတာ သေချာနေတယ်။ ပန်းတိုင်တခုတည်း ဖြစ်ရမယ်၊ ဒါပဲ"

ဆွန်ညာက ဘာမှ နားမလည်သည့် မျက်လုံးများဖြင့် သူ့ကို လှမ်းကြည့်နေသည်။ ဘာဆို ဘာမှ နားမလည်။ တခုပဲ သိလိုက်သည်။ သူ အလွန်အမင်း စိတ်ဆင်းရဲနေတာ ပါလား။

"သူတို့ကို ပြောရင် တယောက်မှ နားလည်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အစ်ကိုကတော့ ကောင်းကောင်း နားလည်ပြီ။ အစ်ကို့ဘဝအတွက် မင်း လိုအပ်တယ်။ မင်း မရှိရင် မဖြစ်ဘူး။ ဒါကြောင့် မင်းဆီ ထွက်လာခဲ့တာ"

"ဆွန်ညာ ဘာမှ နားမလည်တော့ဘူး အစ်ကိုရယ်"

"နောက်တော့ မင်း နားလည်လာလိမ့်မယ်။ မင်းနဲ့ အစ်ကိုဟာ တလှေတည်းစီး တွေပါ။ မင်းလည်း ကိုယ့်ဘဝမျိုး ဖြတ်သန်းခဲ့ပြီးပါပြီ။ မင်းမှာ ဖြတ်သန်းနိုင်တဲ့ ခွန်အားရှိပါတယ်။ မင်းဟာ ဘဝတခုကို ဖျက်ဆီးပြီး ရှုံ့နှံ့ပင်လယ်ကို ကူးခပ်ခဲ့တာပဲ။ ဒါပေမဲ့ မင်း ဝိညာဉ်ဟာ သန့်ရှင်းနေတယ်။

နားလည်မှုတွေ အပြည့်နဲ့။ ဒါပေမဲ့ ဒီအတိုင်း ဆက်သွားရင် မင်းဘဝ စုံးစုံးမြုပ်တော့မယ်။ အဲဒီလိုမဖြစ်အောင် မင်းတယောက်တည်း ရပ်တည်လို့ မရ ဘူး၊ မင်း ရူးသွားလိမ့်မယ်။ အစ်ကို့လို ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် တို့နှစ်ယောက် ပေါင်းပြီး ဘဝခရီးကို ဆက်လျှောက်မှ ဖြစ်မယ်။ သွားကြစို့နော်”

သူ့စကားလုံးတွေကြောင့် ဆွန်ညာ အနေရကျပ်လာသည်။ နေလို့မတတ်အောင် ဖြစ်လာသည်။

“ဘာအတွက်လဲ ဟင်၊ ဘာတွေလဲ အစ်ကိုရယ်”

“ဘာအတွက်လဲ ဟုတ်လား။ မင်း တယောက်တည်း ဒီအတိုင်း ဆက်နေသွားလို့ မဖြစ်နိုင်လို့ပေါ့။ ပြဿနာကို မင်း တည့်တည့် ကြည့်ရမယ်။ အရာတိုင်း ဘုရားသခင် အလို တော်အတိုင်း ဆိုပြီး ငုံ့ခံနေလို့ မဖြစ်ဘူး၊ ကလေးတယောက်လို ထိုင်ငိုနေလို့ မဖြစ်ဘူး။ မနက်ဖြန် မင်း ဆေးရုံတက်ရရင် ဘယ့်နှယ်လုပ်မလဲ။ သူက အရူးတပိုင်း ဖြစ်နေတာ။ အဆုတ်ရောဂါက ကျွမ်းနေပြီ။ မကြာခင် သေမှာ။ ကလေးတွေလည်း သူ့နောက် လိုက်ကြ ရမှာပဲ။ ပိုလင်ကာ အသုဘ ပို့နိုင်ပါ့မလား။ လမ်းထောင့်တိုင်းမှာ ကလေးတွေ တောင်းရမ်း နေတာ မင်း မတွေ့ဘူးလား။ အဲဒါ သူတို့ အမေတွေက ထွက်တောင်းခိုင်းတာ။ သူတို့အမေ တွေ ဘယ်လိုနေတယ်၊ ဘယ်လို ထိုင်တယ် ဆိုတာ အစ်ကို တွေ့ဖူးတယ်။ ကလေးတွေဟာ ကလေးဘဝကို ဆုံးရှုံးနေကြတယ်။ ခုနစ်နှစ်အရွယ်မှာ စပျက်စီးပြီး သူခိုးကလေးတွေ ဖြစ်နေကြတယ်။ ဒါနဲ့ ကလေးတွေဟာ ယေရှုရဲ့ ရုပ်ပွားကလေးတွေဆို။ ကောင်းကင်ဘုံမှာ သူတို့အတွက် သီးသန့်တိုင်းပြည် ရှိတယ်ဆို။ သူတို့ကလေးတွေဟာ အနာဂတ်ရဲ့ လူသား မျိုးဆက်တွေ အဖြစ်နဲ့ ဘုရားသခင်က သူတို့ကို မေတ္တာတော် ပေးသနားတယ်ဆို’

“အဲဒီတော့ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲလို့”

ဆွန်ညာက ငိုကြွေးရင်း၊ လက်ချိုးရင်း ဆောက်တည်ရာမရ အော်မေးသည်။

“ဘာလုပ်ရမလဲ ဟုတ်လား။ ချိုးဖျက်ရမယ့် အရာတွေကို ချိုးဖျက်ပစ်ရမှာပေါ့။ တခါတည်း အပြတ်ရှင်းပစ်ရမှာပေါ့။ အဲဒီလို လုပ်တဲ့အခါမှာ ခံတော့ ခံရလိမ့်မယ်။ မင်း ခု နားမလည်သေးဘူး။ နောက် နားလည်လာလိမ့်မယ်။ လွတ်လပ်မှု ဆိုတာ ဘာလဲ၊ ခွန်အား ဆိုတာ ဘာလဲ။ အဲဒါဟာ ပန်းတိုင်ပဲ။ အဲဒါ မြဲမြဲမှတ်ထားနော်။ ဒါဟာ အစ်ကို့ရဲ့ နှုတ်ဆက် စကားလည်း ဖြစ်ချင် ဖြစ်မယ်။ မင်းနဲ့ နောက်ဆုံးပြောတဲ့ စကားလည်း ဖြစ်ချင်ဖြစ်မယ်။ တကယ်လို့ မနက်ဖြန် အစ်ကို ရောက်လာရင်လည်း သတင်းတွေ မင်း ကြားရမှာပါ။ ပြီးတော့ အစ်ကိုပြောခဲ့တဲ့ စကားလုံးတွေကို အမှတ်ရပါနော်။ တနေ့နေ့ တချိန်ချိန်မှာ မင်း နားလည် လာမှာပါ။ အဖြစ်မှန်တွေကိုတောင် မင်း သဘောပေါက်ချင် ပေါက်မှာပါ။

မနက်ဖြန် အစ်ကို ရောက်လာရင် လီဇာဗီတာကို ဘယ်သူ သတ်တယ် ဆိုတာ ပြောမယ်၊ သွားတော့မယ်နော်”

ဆွန်ညာ ပါးစပ်အဟောင်းသားနှင့် ကြက်သီးဖြန်းဖြန်းထပြီး သူ့ကို အထိတ်တလန့် မေးလိုက်သည်။

“ဘယ်လို… ဘယ်လို.. သတ်တဲ့လူကို အစ်ကို သိတယ် ဟုတ်လား” “သိတယ်။ နောက်တော့ ပြောပြမယ်လေ။ မင်း တယောက်ကိုပဲ ပြောမှာနော်။ မင်းကို တမင်ရွေးပြီး ပြောမှာ။ အဲဒီလို ရွေးထားတာ ကြာပြီ။ ဘယ်တုန်းကလဲ သိလား။ မင်း အဖေ မသေခင်က မင်းအကြောင်းတွေ ပြောပြတယ်။ အဲဒီကတည်းက မင်းကို အစ်ကို စိတ်ဝင်စားနေတာ။ အဲဒီတုန်းက လီဇာဗီတာ မသေသေးဘူး။ အဲဒီကတည်းက စဉ်းစားခဲ့ တာ။ သွားမယ်နော်။ မနက်ဖြန်… လက်ကမ်း မပေးနဲ့တော့ …”

သူ ထွက်သွားသည်။ ဆွန်ညာက သူ့ကို အရူးတယောက်အား ကြည့်သည့် မျက်လုံး များဖြင့် နောက်မှလိုက်ကြည့်နေသည်။ သို့သော် သူကိုယ်တိုင်လည်း ရူးချင်နေပြီဖြစ်ကြောင်း ဆွန်ညာ သိနေသည်။ ခေါင်းတွေ နောက်ကျနေပြီ။

ရုတ်တရက် ဘာမှ မတွေးနိုင်သော်လည်း တမုဟုတ်ချင်း ခေါင်းထဲကို အလင်းတန်း တခု ဖြတ်ပြေးသွားသည်။

အို… ဘုရားသခင်၊ လီဇာဗီတာ့ကို ဘယ်သူ သတ်တယ် ဆိုတာ သူ ဘယ်လိုလုပ် သိတာပါလိမ့်။ သူ ပြောတဲ့စကားတွေက ဘာအဓိပ္ပာယ်ပါလိမ့်။ အို… ကြောက်စရာကြီးပါ လား။ အမေနဲ့ ညီမကို ထားခဲ့ပြီတဲ့။ သူ အရမ်း စိတ်ထိခိုက်နေမှာပဲ။ ဘာပြုလို့ပါလိမ့်။ ဘာတွေ ဖြစ်ကုန်ကြပြီလဲ။ သူ့စိတ်ထဲမှာ ဘာတွေ ဖြစ်နေပြီလဲ။ သူတို့ကို သူ ဘာတွေများ ပြောခဲ့ပါလိမ့်။ ဩော်… ဒုက္ခပါပဲ။ ငါ့ခြေဖမိုးကလေးတွေကို သူ နမ်းသွားတယ်။ ပြီးတော့ ပြောသွားသေးတယ်။ မင်း မရှိရင် မဖြစ်ဘူးတဲ့။ အို… သနားလိုက်တာ အစ်ကိုရယ်။

ထိုညတွင် ဆွန်ညာ အိပ်မပျော်။ ဖျားချင်သလိုလို ဖြစ်ကာ စိတ်တွေ ချောက်ချား နေသည်။ မကြာခဏ နိုးလာပြီး အိပ်ရာပေါ်တွင် ထထိုင်ကာ သည်းထန်စွာ ငိုကြွေးသည်။

လက်ချောင်းကလေးများ ကျိုးသွားမတတ် တဖြောက်ဖြောက် ချိုးသည်။ ပြီးတော့ ပြန်အိပ်ဖို့ ကြိုးစားသည်။ မူးရီမူးဝေနှင့် အိပ်ပျော်သွားတော့ ပိုလင်ကာကလေးအကြောင်း၊ ကက်တာ ရီးနာအကြောင်း၊ လီဇာဗီတာအကြောင်း၊ သူ့ကို ကျမ်းစာ ဖတ်ပြသည့် အကြောင်းများ စသည် အိပ်မက် မက်ပြန်သည်။ ဖြူဖျော့ဖျော့ သူ့မျက်နှာ၊ အရောင်တလက်လက်နှင့် ငိုကြွေး နေသည့်

သူ့မျက်လုံးများ၊ မိမိ ခြေအစုံကို ဒူးညွှတ်ခွေကျကာ နမ်းရှုပ်နေပုံများ။

ဆွန်ညာ့ အခန်း၏ ညာဘက်တံခါးနှင့် မျက်နှာချင်းဆိုင် အခန်းမှာ မဒမ်ရက်စလစ်ချ်ပိုင် အခန်း ဖြစ်သည်။ သည်အခန်း လွတ်နေသည်မှာ ကြာပြီ။ တူးမြောင်းဘက်ကို မျက်နှာမူထားသည့် ပြတင်းပေါက်တွင် 'ငှားရန်' ဆိုင်းဘုတ်ချိတ်ထားသည်မှာလည်း ကြာပြီ။ သည်အခန်း လွတ်နေကြောင်း ဆွန်ညာ သတိထားမိသည်မှာလည်း ကြာပြီ။ သို့သော် သည်အခန်းဝမှ သူတို့နှစ်ယောက် ပြောသမျှကို စောင့်နားထောင်နေသူ တယောက်ရှိသည်ကိုကား ဆွန်ညာ လုံးဝ မသိနိုင်။

ထိုသူကား မစ္စတာဆဗီဒရီဂေးလော့ဗ်တည်း။

ရပ်စ်ကိုလ်နီကော့ဗ် ထွက်သွားတော့ သူသည် အခန်းလွတ်နှင့် ကပ်လျက်ရှိသည့် သူ့အခန်းသို့ ပြန်၍ ကုလားထိုင်တလုံး ယူကာ စောစောက နေရာတွင် ပြန်ထိုင်ပြီး ဆွန်ညာ့ အခန်းကို ဆက်ပြီး နားစွင့် အကဲခတ်သည်။

သူတို့နှစ်ယောက် ပြောသွားသည့် စကားများကို ဆဗီဒရီဂေးလော့ဗ် စိတ်ဝင်စားလို့ မဆုံး ဖြစ်နေသည်။ ကျေနပ်နှစ်သိမ့်မှု တမျိုးလည်း ခံစားရ၏။ တနာရီလုံးလုံး မတ်တတ် ရပ်နေရသဖြင့် ညောင်းလာသောကြောင့် ကုလားထိုင် သွားယူခြင်း ဖြစ်သည်။ စောင့်နား ထောင်လိုက်ဦးမည်။

※※※

နောက်တနေ့မနက် ဆယ့်တနာရီတွင် ရဲရုံးသို့ ရပ်စ်ကိုလ်နီကော့ဗ် အချိန်မီ ရောက်လာသည်။ ပေါ်ဖီရီပီထရိုဗစ်ချ်နှင့် တွေ့ဖို့ နာမည်စာရင်း ပေးထားပြီးပြီ။ သည်လောက်ကြာကြာ စောင့်ရလိမ့်မည်ဟု သူ လုံးဝ မျှော်လင့်မထားခဲ့။ ဆယ်မိနစ်စောင့်ပြီးမှ သူ ဝင်ခွင့်ရသည်။ သူတို့က သူ့ကို ကုတ်ဖို့ အဆင်သင့် စောင့်နေကြလိမ့်မည်ဟု သူ ထင်ထားသည်။ သို့သော် သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ၊ သတိမထားမိကြ။ သည့်အတိုင်း သူ မတ်တတ်ရပ် စောင့်နေ ရသည်။ သူ့ကို လူတွေ တချိန်လုံး ဖြတ်သန်းသွားလာနေကြသည်။ ရုံးခန်းနှင့် တူသည့် အခန်းတခန်းတွင် ဂါတ်စာရေးတွေ စုထိုင်နေကြသည်။ အားလုံး တကုပ်ကုပ်နှင့် အလုပ် လုပ်နေကြသည်။ သူ့ကို ဖုတ်လေသည့် ငါးပိ ရှိလေသည်မှ မထင်။ သူက သူ့ကို လွတ်ထွက် သွားမည် စိုး၍ စောင့်ကြည့်နေမည့် ရဲများ ရှိမည် ထင်ထားခဲ့သည်။ သို့သော် သည်လိုလူမျိုး အရိပ်အယောင်မျှ မတွေ့ရ။ ရဲစာရေးတွေ၊ အပြင်လူတွေ၊ သူတို့ကိစ္စနှင့် သူတို့ ရှုပ်နေကြသည်။

သွားချင်တဲ့နေရာ သွားလို့ ရနေသည်။ စိတ်ထဲ ထူးဆန်းစွာ မနေ့က တွေ့ခဲ့သည့် လူကို ပြန်မြင်လာသည်။ တစ္ဆေတကောင်လို မြေကြီးထဲက ဘွားခနဲ ပေါ်လာသလို ပေါ်လာ သည့် လူ။ သူက အားလုံးကို မြင်တွေ့သွားသူ။ ဒီလူသာ ဒီနေရာမှာဆို ငါ့လို သူတို့ စောင့်ခိုင်း မှာ မဟုတ်ဘူး။ ချက်ချင်း ခေါ်တွေ့မှာဟု သူ တွေးနေသည်။

အဲဒီလူက သူတို့ကို သတင်း မပေးတာလား၊ ဒါမှမဟုတ် သူ ဘာမှ မမြင်မတွေ့ဘဲ ငါ့ကို လာဖြီးတာလား။ ဘယ်လိုလုပ်ပြီး သူ မြင်နိုင်တွေ့နိုင်မှာတဲ့လဲ။ မနေ့က သူနဲ့ တွေ့ခဲ့ တာကော တကယ်လား။ အဖျားတက်နေတုန်း စိတ်တွေ ချောက်ချားခြင်းလား။ စိတ်ဓာတ် တွေ ကျနေချိန်မှာ မနေ့ကအဖြစ်က သူ့ကို ပို၍ တိမ်းတိမ်းပွေပွေ ဖြစ်ခဲ့လေသည်။ သည် အကြောင်းတွေ ပြန်တွေးပြီး သည်နေ့ ကြုံရမည့် အဖြစ်ကို စဉ်းစားမိသည့်အခါ ကတုန် ကယင် ဖြစ်လာပြန်သည်။ မုန်းစရာ ကောင်းလှသည့် ပေါ်ဖီရီ ဆိုသူနှင့် တွေ့ဖို့ ခံပြင်းစိတ် တွေ လိုမ့်ဝင်လာပြီး အသားတွေ ဆတ်ဆတ်တုန်လာပြန်သည်။ သူနှင့် ထပ်တွေ့ဖို့သူ ကြောက် နေသည်။ သူ့အပေါ် မုန်းတီးစိတ်တွေ တဖွားဖွား ဖြစ်လာသည်။ ပြင်းထန်လွန်းသည့် သည် မုန်းတီးစိတ်ကြောင့် မိမိဘက်မှ အမှားမှား အယွင်းယွင်း ဖြစ်ကုန်နိုင်သည်။

သည်သတိကြောင့် စိတ်ကို ထိန်းလိုက်နိုင်၏။ သူ အတုန်ရပ်သွားသည်။ အေးစက်စက် အမူအရာဖြင့် မျက်နှာကို ချီပြီး ဝင်သွားမည်။ တင်းနေသော စိတ်ကို ငြိမ်အောင် ထိန်းပြီး ရင်ဆိုင်မည်။ ထိုအချိန်တွင်ပင် အမှုလိုက်ရဲအရာရှိ

ပေါ်ဖီရီနှင့်တွေ့ဖို့ သူ့ကို ခေါ်သည်။

ပေါ်ဖီရီကို ရုံးခန်းပြင်ဘက် စာကြည့်ခန်းတွင် တွေ့ရသည်။ သူ့စာကြည့်ခန်းမှာ မကျဉ်းမကျယ်။ စာအုပ်စင်တွေ၊ ဗီရိုစားပွဲတွေနှင့် ဧရာမ စာရေးစားပွဲကြီး ရှိသည်။ ပြီးတော့ ဆိုဖာကြီးတလုံးနှင့် ကုလားထိုင်တွေက အများကြီး။ ပရိဘောဂအားလုံး အစိုးရပစ္စည်းတွေ ဖြစ်သည်။ ပါလစ်ရောင် ပြောင်ပြောင်လက်လက်နှင့်။ နံရံအတွင်းဘက်တွင် အခန်း တခန်း ရှိသည်။ တံခါးပိတ်ထား၏။ အတွင်းဘက်တွင် အခြားအခန်းများလည်း ရှိသေးပုံ ရသည်။

ရပ်စ်ကိုလ်နီကော့ဗ်ကို ပေါ်ဖီရီက တရင်းတနှီး ကြိုဆိုပြီး သူ ဝင်လာသည့် တံခါး ကို ပိတ်လိုက်သည်။ သို့သော် တဒင်္ဂလေး တခုကို ရပ်စ်ကိုလ်နီကော့ဗ်က သတိထားလိုက်မိသည်။ သူ့ကို မြင်မြင်ချင်း တမျိုးဖြစ်သွားသည့် သူ့မျက်နှာ။ လျှို့ဝှက်ချက် တခု။ သို့သော် သူက ချက်ချင်း ဖုံးနိုင်သည်။ ဣန္ဒြေကောင်းသည်။

“ဟေး…ရော့ဒ်ယာ၊ အင်း… ကျွန်တော်တို့ ပိုင်နက်ထဲကို ခင်ဗျား ရောက်လာတယ် နော်”

သူက လက်နှစ်ဖက်ဖြင့် ဆန့်တန်း ကြိုဆိုရင်း ဆက်ပြောသည်။

“လာဗျာ ကိုရင်၊ ထိုင်။ ခင်ဗျားက သူငယ်ချင်းလို့ ခေါ်ရင် မကြိုက်မှာ စိုးလို့ပါဗျာ။ အပိုပြောတာ မဟုတ်ပါဘူး။ သိပ်မရင်းနှီးခင် တအား ရင်းနှီးအောင်လုပ်ရာ ရောက်နေမှာ စိုးလို့ပါ။ လာ… လာ။ ဒီ ဆိုဖာပေါ်မှာ ထိုင်ဗျာ”

ရပ်စ်ကိုလ်နီကော့ဗ် ဝင်ထိုင်သည်။ မျက်လုံးအစုံက သူ့ထံမှ မခွာ။ အင်း… ကျွန်တော်တို့ပိုင်နက် ဆိုပါလား။ ပြီးတော့ ပြင်သစ်လို ပြောသေးတယ်။ အပိုပြောတာမဟုတ်ပါဘူးတဲ့။ ဒါဟာ သူ့ကိုယ်သူဖော် မသူတော် လုပ်နေတာပဲ။ သူက လက်နှစ်ဖက် ဆန့်ပြီး ကြိုတယ်။ ဒါပေမဲ့ လက်တဖက်နဲ့မှ ငါ့လက်ကို ဆွဲပြီး နှုတ်မဆက်ဘူး။ ဆန့်ပေး ပြီးမှ ပြန်ရုပ်သွားတယ်။ ပြီးမှ ငါ့လက်ကို ပုတ်ပြီး နှစ်ယောက်သား တယောက်ကို တယောက် စိုက်ကြည့်လိုက်သည်။ လျှပ်စီးလက်သလို တခဏအတွင်း မျက်နှာလွှဲလိုက်ကြသည်။

“ရော့… ဒီမှာ ကျွန်တော့်ပြေစာကလေး ယူလာတယ်၊ နာရီပေါင်တဲ့ ပြေစာလေ။ ဒါနဲ့ ဖြစ်မလား။ ကျွန်တော် မိတ္တူ ကူးပေးရဦးမလား”

“ဗျာ… ဘာစာရွက်လဲ။ ဩော်… သတိရပြီ။ အဲဒီအတွက် စိတ်မပူပါနဲ့ဗျာ။ ပြဿနာ မရှိပါဘူး”

ပေါ်ဖီရီက ခပ်လောလော ပြောသည်။ ပြီးတော့ စာရွက်ကို ယူကြည့်သည်။ “ရပါတယ်ဗျာ၊ ဒါနဲ့ လုံလောက်ပါတယ်" ခပ်သွက်သွက် ပြောပြီး စာရွက်ကလေးကို

စားပွဲပေါ် တင်လိုက်သည်။ တမိနစ် ကြာပြီးနောက် အခြားအကြောင်းအရာတွေကို ပြောနေခိုက် သူက ပြေစာ ဖြတ်ပိုင်းကလေးကို အံဆွဲထဲသို့ ယူထည့်လိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က-

"ကျွန်တော် ထင်တယ်။ မနေ့က ခင်ဗျား ကျွန်တော့်ကို မေးစရာ ရှိတယ်လို့ ပြော တယ်၊ ဟုတ်လား။ ဟို... အသတ်ခံရတဲ့ အဘွားကြီးကို ကျွန်တော် သိတယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်လို့လေ"

ပြောပြီးမှ ကျွန်တော် ထင်တယ်လို့ ဘာကြောင့် ထည့်ပြောလိုက်မိပါလိမ့်ဟု ဖျတ်ခနဲ တွေးမိလိုက်သည်။ သူ့ ရှေ့မှာမို့ အနေရကျပ်ပြီး ပြောမိပြောရာ ပြောလိုက်မိခြင်း ဖြစ်မည်။ စကားတခွန်းမှ မှားလို့မဖြစ်ဘူး။ သိပ်အန္တရာယ် များတယ်။ သွေးခုန်နှုန်း မြန်လာသည်။ စိတ်တွေ အရမ်းလှုပ်ရှားလာသည်။

မကောင်းဘူး။ ဒီလို မဖြစ်ရဘူး။ ကိုယ့်အမြီး ကိုယ် နင်းမိလိမ့်မယ်။ "ဟုတ်ပြီ၊ ဟုတ်ပြီ။ မပူပါနဲ့။ ကျွန်တော် သိမ်းထားပေးပါ့မယ်"

ပေါ်ဖီရီက ကုလားထိုင်ပေါ်တွင် ရှေ့တိုးနောက်ငင် လုပ်ရင်း ပြောလိုက်သည်။ ပြီးတော့ ရည်ရွယ်ချက် ရှိဟန် မတူဘဲ ပြတင်းပေါက်ဆီ ထသွားလိုက်၊ စာအုပ်ဗီရိုဆီ သွားလိုက်၊ စားပွဲဆီ ပြန်လာလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ အစောပိုင်းက ရပ်စ်ကိုလ်နီကော့ဗ်၏ သံသယမျက်လုံးများကို ရှောင်နေပြီး ဖြုန်းခနဲ မျက်နှာချင်းဆိုင်ကာ စိုက်ကြည့်ချင် ကြည့် နေပြန်သည်။ ဝဝတုတ်တုတ် သူ့ခန္ဓာကိုယ်မှာ ဘောလုံးတလုံး လိမ့်နေသလို ဟိုရောက်လိုက် သည်ရောက်လိုက် ဖြစ်နေသည်။

"ဖြည်းဖြည်းပေါ့ဗျာနော်၊ အေးအေးဆေးဆေး ပြောကြတာပေါ့။ ဒါထက် ကိုရင် ဆေးလိပ် သောက်သလား။ ဘာ စီးကရက်သောက်သလဲ။ ရော့... ကျွန်တော် တည်ပါရစေ"

စီးကရက်ဘူး ထိုးပေးရင်း သူ စကားဆက်သည်။

"ကျွန်တော့်အခန်းက ဒီခန်းဆီးရဲ့ နောက်ဘက်မှာဗျ။ ဒီမှာပဲ ခင်ဗျားကို ဧည့်ခံ လိုက်ပါ့မယ်။ အစိုးရတိုက်ခန်း ဆိုတော့ဗျာ... ဒါကြောင့် ကျွန်တော် အပြင်မှာ ခဏ ငှားနေ တာလေ။ ဒီမှာ ပြင်ဆင်နေတာ ခုထိ မပြီးသေးဘူး။ မကြာခင် ပြီးတော့မှာပါ။ အစိုးရ တိုက်ခန်း ဆိုတော့ ဈေးသက်သာတာပေါ့ဗျာ။ ခင်ဗျား ဘယ်လို သဘောရသလဲဟင်"

"အင်း.... သိပ်ကောင်းမှာပေါ့ဗျာ"

ရပ်စ်ကိုလ်နီကော့ဗ်က သရော်သံစွက်ပြီး ပြောသည်။

"တော်တော်နိပ်ပါတယ်။ အတော်လေး နိပ်ပါတယ်"

သူက ထပ်ကာ ထပ်ကာ ပြောနေသည်။ စိတ်နှင့် လူနှင့် မကပ်သလို တဖွဖွ ပြော နေသည်။

"ဟုတ်တယ်၊ တော်တော် ကောင်းပါတယ်"

မလိုအပ်ဘဲ နောက်ဆုံးတခွန်းကို အော်ပြောလိုက်ပြီး ရပ်စ်ကိုလ်နီကော့ဗ်နှင့် နှစ်လှမ်းအကွာတွင် လာရပ်ကာ စိန်းစိန်းကြည့်နေပြန်သည်။

သည်လို စကားတလုံးကို ထပ်ကာထပ်ကာ ပြောခြင်းမှာ အတော် ရယ်စရာ ကောင်းနေသည်။ ပြီးတော့ ဩ့သည်ကို အဓိပ္ပာယ် ကောက်ရခက်သည့် အကြည့်မျိုးဖြင့် ဆက်ကြည့်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သရော်တော်တော် လုပ်နေ ခြင်းကို သည်းမခံနိုင်တော့။ သူ့ကို တုံ့ပြန်ပြီး မထီလေးစား ကြည့်လိုက်သည်။

"ဒီမယ် ကိုယ့်လူ၊ ကျွန်တော် နားလည်ထားတဲ့ ရှေးရိုးရာဇဝတ်ကြောင်း ဥပဒေ ရှိတယ်။ ရှေ့နေတွေ၊ အမှုလိုက်ရဲတွေ၊ ဆွဲချရဲရှေ့နေတွေ အားလုံး တရားခံကို ဘယ်တော့မှ တိုက်ရိုက် မစစ်ဘူး။ မဆီမဆိုင် အသေးအဖွဲကလေးတွေနဲ့ မျက်စိလည်အောင် လုပ်ပြီးမှ အကွက် ဝင်လာတဲ့အခါ အငိုက်ဖမ်းပြီး အဓိကမေးခွန်း ကောက်မေးကြတယ်။ လက်နက် ကြီးနဲ့ ထုတာပေါ့။ ဟုတ်တယ် မဟုတ်လား။ ဒါ သိပ်ရိုးတဲ့ အစဉ်အလာပါ။ စာအုပ်တွေထဲမှာ အဲဒီအတိုင်း ပါတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်တော်က ကျွန်တော့်အစိုးရတိုက်ခန်း အကြောင်း ပြောနေတုန်း ကိုရင့်အတွေးက ဘယ်ချော်တောင်ချော်သွားတာတုံး"

ပေါ်ဖီရီက ပြောရင်း မျက်လုံးကလယ်ကလယ်နှင့် နဖူးရေ တွန့်ပြသည်။ သဘော ကောင်းသော၊ ဟာသ ရှိသော လူတယောက်။ သို့သော် ပရိယာယ်ကြွယ်သော လူတယောက် ၏ အသွင် သူ့မျက်နှာတွင် ထင်းခနဲ ပေါ်လာသည်။

ပြီးမှ နဖူးပေါ်က အတွန့်တွေ ပြေသွားပြီး ဩ့သည် မျက်နှာကို ကြည့်လျက် တကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်ချလိုက်တော့သည်။ မျက်နှာတွေ နီရဲလာအောင် သူ ရယ်နေတော့ ရပ်စ်ကိုလ်နီကော့ဗ်လည်း လိုက်ရယ်မိတော့၏။ သူက အတောမသတ် ရယ်နေတော့ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို စိုက်ကြည့်ပြီး

မုန်းစိတ်တွေ ထပ်တိုးလာသည်။ သူ သက်သက် ရယ်နေခြင်းတော့ မဖြစ်နိုင်။ ထောင်ချောက်တခုများလား။ သူ့ ထောင်ချောက်ထဲ ဝင်နေမိပြီလား။ တခုခုတော့ တခုခုပဲ။ မိမိ မသိနိုင်သော တခုခု။ သူ့ဘက်က အားလုံး အဆင်သင့် ဖြစ်နေပြီလား။ တစုံတခုက သူ့ကို လှုပ်နိုးလိုက်သည့်အလား။

ထိုင်ရာမှ ထလိုက်သည်။ ဦးထုပ်ကို ကောက်ယူလိုက်ပြီး ပဏာမ မပျိုးဘဲ တဲ့တိုး ပြောချလိုက်သည်။

အောင့်သက်သက် ဖြစ်နေသော်လည်း သူ့လေသံက တည်တည်ငြိမ်ငြိမ်။

"ဒီမယ် ပေါ်ဖီရီ ပီထရိုဗစ်ချ်၊ ခင်ဗျား မနေ့က ပြောတော့ ကျွန်တော့်ကို မေးစရာ ရှိလို့ လာခဲ့ပါတဲ့။ (မေးစရာ ရှိလို့ ဟူသည့် စကားလုံးကို သူက တလုံးချင်း ပီပီသသ ပြော လိုက်သည်) ခု ကျွန်တော် လာပြီလေ။ မေးစရာရှိ မေးပေါ့၊ မရှိရင် ပြန်မယ်။ ကျွန်တော့်မှာ လုပ်စရာတွေ ရှိသေးတယ်။ အသုဘလည်း ပို့ရဦးမယ်။ ခင်ဗျား သိတဲ့ အသုဘလေ"

ပြောရင်း စိတ်တိုလာသည်။

"ကျွန်တော် ဒီကိစ္စကို တော်တော် စိတ်ကုန်လာပြီ။ ကြာလည်း ကြာပြီ။ သိပ်စိတ် အနှောင့်အယှက် ဖြစ်ရတယ်။ အဲဒါကြောင့် မကြာမကြာ နေမကောင်း ဖြစ်နေတာ။ တိုတို ပြောမယ်ဗျာ။ ခင်ဗျား စစ်စရာရှိ စစ်၊ မရှိရင် ခုချက်ချင်း ပြန်မယ်။ စစ်မယ်ဆိုရင်လည်း ပုံစံကျကျ ထုံးတမ်းစဉ်လာနဲ့ အညီ စစ်ပါ။ တခြား ကူလီကူမာနည်းတွေ ကျွန်တော် လက်မခံဘူး။ ကဲ... ခုတော့ ပြန်လိုက်ဦးမယ်။ ကျွန်တော်တို့ ဆက်ပြောစရာအကြောင်း ဘာမှ မရှိတော့ဘူး"

"ဟာ... ဒုက္ခပါပဲဗျာ။ ကိုရင် ဘာတွေ လျှောက်ပြောနေတာလဲ။ ခင်ဗျားကို ကျွန်တော်က ဘာစစ်ရမှာ၊ ဘာမေးရမှာလဲ"

ပေါ်ဖီရီက အော်ပြောပြီး အရယ်ရပ်ကာ လေသံပါ ပြောင်းသွားသည်။

"ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ဗျာ၊ နော်"

သူကရပ်စ်ကိုလ်နီကော့ဗ်ကိုပြန်ထိုင်ခိုင်းပြီး စောစောကအတိုင်း ဂနာမငြိမ်နိုင်ဘဲ အခန်းထဲတွင် ဟိုလျှောက် သည်လျှောက် လုပ်နေပြန်သည်။

"အလောတကြီးကိစ္စ မဟုတ်ပါဘူးဗျာ၊ ဖြည်းဖြည်းပေါ့။ အဲဒါတွေက အဓိပ္ပာယ် မရှိပါဘူးဗျာ။ ခင်ဗျားလာတာ ကျွန်တော် အရမ်းဝမ်းသာနေတာဗျ။ ခင်ဗျားကို ကျွန်တော် က ဧည့်သည်တယောက်လို သဘောထားတာပါဗျ။ ကျွန်တော် အရယ်သန်တာတော့ ခွင့်လွှတ်နော်။ ရှော့ဒ်ယာ၊ ခင်ဗျားနာမည်

ရှော့ဒ်ယွန်ရပ်စ်ကိုလ်နီကော့ဗ်နော်။ ကျွန်တော်က အရယ်သန်တယ်။ ရယ်ချင်လွယ်တယ်။ စိတ်လှုပ်ရှား လွယ်တာပါ။ ခင်ဗျားရဲ့ ထိုးထွင်း သိမြင်တတ်တာရယ်၊ ထက်မြက်တာရယ်ကို သိပ်သဘောကျတယ်။ သဘောကျလို့ ရယ်ချင် လာတာပါ။ တခါတလေ ကျွန်တော် ရယ်ရင် လေဖြတ်သွားမလား အောက်မေ့ရတယ်။ ထိုင်ပါဦးဗျာ။ မဟုတ်ရင် ခင်ဗျား ကျွန်တော့်ကို စိတ်ဆိုးတယ် ထင်နေမှာ”

ရပ်စ်ကိုလ်နီကော့ဗ် ထိုင်ချလိုက်သည်။ စကားမှု မပြော။ လက်ထဲတွင် ဦးထုပ် ကိုင်ထားဆဲ။ သူ ပြောသမျှ နားထောင်ရင်း မျက်မှောင်ကြုတ်ကာ စိတ်ဆိုးနေဆဲ ဖြစ်သည်။

“ကျွန်တော့်အကြောင်း ခင်ဗျားကို ပြောထားရဦးမယ် ရှော့ဒ်ယာ”

အခန်းထဲတွင် နေရာအနှံ့ လမ်းသလားရင်း ဪ့သည်ကို မကြည့်ဘဲ သူ ဆက် ပြောပြန်သည်။

“ကျွန်တော်က လူပျိုလူလွတ်တယောက်ပါ။ သိပ်အရေးပါတဲ့ ရာထူးမျိုးလည်း မဟုတ်ပါဘူး။ အသိုင်းအဝိုင်းလည်း မရှိပါဘူး။ ရည်ရွယ်ချက်လည်း ကြီးကြီးမားမား မရှိပါဘူး။ စိတ်ခါတ်ကျပြီး ခရမ်းသီးပိန်ခါးတုံး ဖြစ်နေတဲ့ လူစားမျိုးပါ။ ခင်ဗျား တခု သတိထားမိလား ရှော့ဒ်ယာ။ ကျွန်တော်တို့ တိုင်းပြည်မှာ အထူးသဖြင့် ပီတာစဘတ်မှာ သိပ် မရင်းနှီးတဲ့ ခေတ်ပညာတတ် နှစ်ယောက် တွေ့ရင် တယောက်ကို တယောက် လေးစား ကြတယ်။ ခင်ဗျားနဲ့ ကျွန်တော်လိုပေါ့ဗျာ။ စကားပြောဖို့ အကြောင်းအရာ ရှာရတာ နာရီဝက် ကြာတယ်တဲ့။ မျက်နှာချင်းဆိုင် ထိုင်ပြီး တယောက်မျက်နှာ တယောက် ကြည့်ကာ ကြောင်နေတာက အကြာကြီးပဲတဲ့။ လူတိုင်းမှာ ပြောစရာ အကြောင်းအရာ ကိုယ်စီ ရှိစမြဲပါ။ ဥပမာ- အမျိုးသမီးတွေအကြောင်းဆို လူတိုင်း စိတ်ဝင်စားတာပဲ။ အထက်တန်းလွှာတွေ ကတော့ ဒီအကြောင်း မပါမပြီးဘူးလေ။ ဒါပေမဲ့ ကျွန်တော်တို့ လူလတ်တန်းစားတွေကျ တော့ တယောက်နဲ့ တယောက် တွေ့ရင် နှုတ်ဆွံ့နေတတ်ကြတယ်၊ နှုတ်ဆိတ်နေတတ် ကြတယ်လေ။ အဲဒါ ဘာပြုလို့လဲ။ တယောက်နဲ့တယောက် စိတ်ဝင်စားမှု နည်းလို့ပဲ လား။ ရိုးသားလွန်းပြီး တယောက်ကို တယောက် မလှည့်စားချင်လို့ပဲလား။ အဲဒါ ကျွန်တော် အဖြေရှာလို့ မရဘူး။ ခင်ဗျား ဘယ်လို သဘောရသလဲ ရှော့ဒ်ယာ။ ဦးထုပ် ချထားပါဦးဗျာ။ ခင်ဗျား အဲဒီလို ဖင်တကြွကြွ ဖြစ်နေရင် ကျွန်တော် စိတ်မကောင်းဘူး။ ခင်ဗျား ရောက်လာ တာ ကျွန်တော် အရမ်း ပျော်နေတာဗျ”

ရပ်စ်ကိုလ်နီကော့ဗ် ဦးထုပ် ချထားလိုက်သည်။ ဘာမှ ဝင်မထောက်ဘဲ မျက်မှောင် ကြုတ်ပြီး သူ၏တောင်စဉ်ရေမရ စကားများကို ငြိမ်လျက်

နားထောင်နေသည်။ အဓိပ္ပာယ် မရှိ တောရမ်းပယ်ဖွဲ့ စကားတွေနဲ့ ငါ့ကို အာရုံ ပြောင်းနေတာလားဟု စဉ်းစားနေသည်။

"ဒီမှာ ကော်ဖီတော့ မတိုက်နိုင်ဘူးဗျာ။ ဒါပေမဲ့ မိတ်ဆွေ အချင်းချင်း ကြံ့တုန်း ဆုံတုန်း ငါးမိနစ်လောက်တော့ လေပန်းကြတာပေါ့ဗျာ'

ပြီးတော့ ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်။

"ဝန်ထမ်းဘဝကို ခင်ဗျား သိပ်မသိဘူး မှတ်တယ်။ ကျွန်တော် လှုပ်လှုပ်ရှားရှား လုပ်နေတာ ခင်ဗျား မျက်စိ နောက်မှာပဲ။ တချိန်လုံး ဖင်ကြွပ်စွဲအောင် နေရတော့ အဲဒီလို မလုပ်ရင် ကျွန်တော် ချည့်သွားနိုင်တယ်ဗျ။ အားကစားရုံတရုံမှာ ပုံမှန် သွားကစားဖို့ စိတ်ကူး ရှိတာ ကြာပါပြီ။ အဲဒီမှာ ခေတ်မီပစ္စည်းတွေ၊ နည်းပညာတွေ မျိုးစုံ ရှိတယ်တဲ့။ ဝန်ထမ်း တွေ၊ အရာရှိတွေ အများကြီး ကစားကြတာပဲ။ ကျွန်တော်နဲ့ မဖြစ်ပါဘူးဗျာ။ အလုပ်ကသိပ်များတာ။ ခင်ဗျားပြောတဲ့ ထုံးတမ်းစဉ်လာ စစ်ဆေးမှုတွေ၊ ထောက်လှမ်းရေး တွေ၊ စုံစမ်းရေးတွေနဲ့ ရှုပ်ယှက်ခတ်နေတာ။ စစ်ဆေးရတဲ့ လူတွေဟာ စစ်ဆေးခံရတဲ့ လူတွေ ထက် စိတ်ပျက်စရာ ကောင်းတယ်ဗျ။ ခင်ဗျား ခုတင်က မှတ်ချက်ချသလိုပေါ့။ ကျုပ် ထင်မြင် ချက် တော်တော် စူးရှပါတယ်တဲ့။

"လူတယောက်ဟာ အရှုပ်အထွေး၊ အကျဉ်းအကျပ်ထဲ ရောက်သွားရင် တသံ တည်းပဲ ထွက်တော့တယ်။ ဒရမ်တလုံးလို ဖြစ်သွားတယ်။ အပြောင်းအလဲ တမျိုးမျိုးတော့ လုပ်ရမယ်။ ပြီးတော့ နာမည်အသစ် ပေးရမယ်။ အနည်းဆုံးအဆင့်ပေါ့။ ဟဲ... ဟဲ... အဲ... ခင်ဗျား ပြောသလို ပုံစံကျကျ ထုံးတမ်းစဉ်လာနဲ့အညီ၊ ပိုင်တယ်ဗျာ။ အဲဒီလို စစ်ဖို့ ကျွန်တော် သဘောတူပါတယ်။ သေသေချာချာ သဘောတူပါတယ်။

"တရားခွင်မှာ တရားခံတိုင်းဟာ သူတို့ကို မဆီမဆိုင် မေးခွန်းတွေနဲ့ ရုံးတော်က နှိပ်စက်နေတယ်ဆိုတာ စာမတတ်တဲ့ တောသူတောင်သား လယ်သမားတွေတောင် သိတယ်။ (ခင်ဗျား လှလှပပ မှတ်ချက်ပေးသွားသလိုပေါ့ဗျာ) နောက်ဆုံးကျမှ ဘာတဲ့၊ လက် နက်ကြီးနဲ့ ထုတယ်တဲ့၊ ဟုတ်လား။ ကောင်းလိုက်တာဗျာ။ ဒါထက် ခင်ဗျားက အစိုးရ တိုက်ခန်းအကြောင်း ကျွန်တော် ပြောနေတာဟာ အဲဒီသဘောလို့ ဆိုလိုတာလား။ ခင်ဗျား ဟာ တကယ့်ကို ဟာသမြောက်တဲ့ လူပဲ။ ဟာသ ဆိုတာထက် သရော်ချက် ပိုင်တယ်လို့ ပြောရမယ်။ ခင်ဗျားဟာ စကားလုံး ရွေးတဲ့နေရာမှာ တကယ်တော်တာပဲ။ ကဲ... ကဲ... တော်ပါပြီဗျာ။ ကျွန်တော် မဆက်တော့ပါဘူး။ ဩော်... ဒါထက် ပြောရင်း ပြောရင်း ကျွန်တော် အမျှင်မပြတ်တော့ဘူး။ ခင်ဗျား ပြောသွားတဲ့ ထုံးတမ်းစဉ်လာနဲ့အညီ စစ်ဆေးဖို့ ဆိုတာနဲ့ ပတ်သက်ပြီး... ဒီလို ရှိတယ်ဗျ။ အစဉ်အလာဟောင်း ဆိုတာ

ဘာလဲ၊ သိပ်တော့ အဓိပ္ပာယ် မရှိဘူး။ အမှု တော်တော်များများမှာ သုံးလို့ မရဘူး။ တခါတလေ အာလာပ သလ္လာပ ပြောရင်း အချက်အလက်တွေ အများကြီး ရတတ်တယ်။ ဥပဒေသမား ရဲအရာရှိတယောက်ဟာ လေ့နံ့ခေးထစ် လုပ်လို့ မရဘူး။ လွတ်လွတ်လပ်လပ်နဲ့ အနုပညာဆန်ဆန် အလုပ်လုပ်ရ တယ်ဗျ။ ဟဲ... ဟဲ"

ပေါ်ဖီရီ အသက်ရှူလိုက်သည်။ တောရောက် တောင်ရောက် လျှောက်ပြောနေ ခြင်း ဖြစ်သည်။ သည်ကြားထဲမှ ပဟေဠိဆန်ဆန် စကားလုံးလေးများ ညှပ်ထည့်သည်။ ပြီးသည်နှင့် အမြီးအမောက် မတည့်သည့် အကြောင်းအရာတွေဆီကို ထပ်တလဲလဲ ရောက် သွားပြန်သည်။ ကြမ်းပြင်ကို ငုံ့ကြည့်လျက် အခန်းထဲတွင် လျှောက်သွားနေသည့် သူ့ခြေ လှမ်းတွေ ပိုမြန်လာသည်။ ညာလက်ကို နောက်ကျောတွင် ကပ်ပြီး ဘယ်လက်က စကားလုံး များနှင့်အတူ လိုက်ပြီး လှုပ်ရှားနေသည်။ သို့သော် လက်လှုပ်ရှားမှုနှင့် စကားက တခြားစီ။ ပျာယာခတ်နေရင်း တံခါးဝသို့ ရောက်သွားတိုင်း အပြင်ကို နားစွင့်သလို ခြေလှမ်းတုံ့သွား သည်ကို ရပ်စ်ကိုလ်နီကော့ဗ် သတိထားလိုက်မိသည်။

သူ တခုခုကို မျှော်လင့်နေတာများလား၊ စောင့်နေတာများလား။

သူက ခပ်ရွှင်ရွှင် ဆက်ပြောပြန်သည်။

"ခင်ဗျား ပြောတာ သိပ်မှန်တယ်ဗျ'

လေသံက ရိုးသားမှုအပြည့်။ သို့သော် ပိုလွန်းနေသဖြင့် ကြပ်ကြပ် သတိထားရ တော့မည်ဟု ရပ်စ်ကိုလ်နီကော့ဗ် မှတ်ထားလိုက်သည်။

"ပုံစံကျကျတို့၊ ထုံးတမ်းစဉ်လာနဲ့အညီတို့ အကြောင်း ခင်ဗျား ဝေဖန်တာ သိပ်နိုင် ပါတယ်။ ဒါပေမဲ့ တခါတလေကျတော့ စာအုပ်ကြီးအတိုင်း လုပ်လို့ မရတာတွေ ရှိတယ်ဗျ။ စိတ်ပညာရဲ့ ရှုပ်ရှုပ်ထွေးထွေး သီအိုရီတွေဟာ သိပ်ရယ်စရာ ကောင်းတယ်။ လုံးဝ အသုံး မကျဘူး လို့တောင် ပြောလို့ရမလားပဲ။ သိပ်ပြီး နီးနီးကပ်ကပ် တိုက်ရိုက်ကျကျ သုံးရင် ပြောတာပါ။ လမ်းရိုးဟောင်းအတိုင်း တသဝေမတိမ်း လိုက်ရင် ပြောတာပါ။ ဟုတ်တယ်ဗျ။ ကျွန်တော့်ကို အမှုတခုကို တာဝန်ပေးပြီ ဆိုပါတော့။ ရာဇဝတ်မှု ကျူးလွန်တဲ့ တရားခံလို့ ကျွန်တော် သံသယ ဖြစ်လာပြီဆိုရင်... ဩော်... နေဦး၊ ဒါထက် ကိုရင်က ဥပဒေကျောင်းသား နော်။ ရှေ့နေလောင်းပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါဆို ဥပမာကလေးတခု ပြောပြမယ်။ ဆရာလုပ်တာ မဟုတ်ဘူးနော်။ ကိုရင် က ရာဇဝတ်မှုအပေါ်သရုပ်ခွဲပြတဲ့ ဆောင်းပါး ကလောင်ရှင်ပဲ။

ကျွန်တော်ပြောမယ့် ဥပမာ က ရိုးရိုးလေးပါ။ လူတယောက်ကို ရာဇဝတ်မှု ကျူးလွန်ထားတဲ့လူလို့ ကျွန်တော် သံသယ ရှိနေပြီ ဆိုပါတော့။ ဘာပြုလို့ အချိန်မတန်ခင် သူ့ကို သွားပြီး ဒုက္ခပေးမလဲ။ ကျွန်တော့်မှာ သက်သေအထောက်အထားတွေ၊ သဲလွန်စတွေ ရှိနေတဲ့တိုင်အောင် ကျွန်တော် မလောဘူး။ ဒါပေမဲ့ အဲဒီနည်းက အခါခပ်သိမ်းတော့ မမှန်ဘူး။ သူတို့အပေါ်မူတည်တယ်။ တချို့လူကျ တော့ မြန်မြန်ဖမ်းသင့် ဖမ်းရတယ်။ ဘာပြုလို့ သူ့ကို မြို့ထဲ လတ်လျားလတ်လျားလုပ်ဖို့ အချိန် ပေးထားမလဲ။ ကိုရင် နားရှုပ်သွားပြီ ထင်တယ်။ အရှင်းဆုံး ဥပမာတခု ကျွန်တော် ပေးမယ်။ သူ့ကို စောစောဖမ်းပြီး ထောင်ထဲ ထည့်ထားလိုက်ရင်၊ အဲ... ဘယ်လို ပြောရမလဲ။ သူ့စိတ်ဓာတ်ကို မြှင့်တင်ပေးသလိုတောင် ဖြစ်သွားဦးမယ်။ ကိုရင် ဘာရယ်တာလဲ”

ရပ်စ်ကိုလ်နီကော့ဗ် ရယ်ဖို့ စိတ်ကူးမရှိပါ။ နှုတ်ခမ်းတင်းတင်းစေ့ပြီး အဖျားရှိန် ကြောင့် နီမြန်းနေသော မျက်လုံးများဖြင့် သူ့ကို စူးစိုက်ကြည့်နေခြင်းသာ ဖြစ်ပါသည်။

“လူတယောက်နဲ့ တယောက်တော့ မတူဘူးပေါ့လေ။ ကိုရင်က သက်သေ အထောက် အထားအကြောင်း ပြောတယ်။ အဲဒီနေရာမှာလည်း နှစ်မျိုး ရှိတယ်။ ကျွန်တော်က ဥပဒေ ဘက်တော်သား စုံထောက် ဖြစ်ပေမယ့် လူပျော့ဗျ။ အဲဒါ ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော် က သက်သေ အထောက်အထားကို ပြည့်စုံအောင်၊ တိကျအောင် လုပ်ချင်တာ။ သင်္ချာတပုဒ် အဖြေထုတ်သလို လုပ်ချင်တာ။ နှစ်နဲ့နှစ်ပေါင်း လေး ရသလို ခိုင်မာစေချင်တာ။ တိုက်ရိုက် ကျရမယ်။ တဖက်က ငြင်းချက် ပြန်မထုတ်နိုင်စေရဘူး။ သူ့ကို ကျွန်တော် အစောကြီး ဆွဲထည့် ထားလိုက်ရင် သူ တကယ် တရားခံဖြစ်သည့်တိုင် အဲဒီလို သက်သေ အထောက်အထားရဖို့ သဲလွန်စ အရှာရခက်သွားမှာပေါ့။ အသာလေး လွှတ်ထားလိုက်ရင် သူ့ဥခွံလေးထဲကို အသာလေး ပြန်ဝင်အောင်းနေလိမ့်မယ်။ အဲဒီအခါမှာမှ သူ အဖမ်းခံနေရတာနဲ့ ဘာမှ မထူး ပါလား ဆိုတာ သိလာလိမ့်မယ်။ **သမိုင်းကို ပြန်ကြည့်လေ**42။ အယ်လ်မာ ကျပြီးတော့ ဆီဘက်စတိုပိုကို ရန်သူတွေ အင်နဲ့အားနဲ့ ချက်ချင်း သိမ်းလိမ့်မယ်လို့ ပညာရှိတွေ ဟောကိန်း ထုတ်ခဲ့ကြတယ်လေ။ ဒါပေမဲ့ လနဲ့ချီ ကြာမှ သိမ်းတယ်လေ။ ဟော... ကိုရင် ရယ်ပြန်ပြီ။ ကိုယ်ပြောတာ မယုံလို့လား။ ကဲ... ထားပါတော့။ ဒါမျိုးက ဖြစ်တောင့်ဖြစ်ခဲ ကိစ္စကိုး။ ခြွင်းချက်ထားရမယ့် အမှုတွေ ရှိတယ် ဆိုတာ ကိုယ်လက်ခံပါတယ်။ ခု ကိုယ်ပြောမယ့် အမှုက ထူးဆန်းတယ်။ စီရင်ထုံးတွေထဲ ရှာတွေ့တဲ့ အမှုမျိုး မဟုတ်ဘူး။ တခါတလေ ရယ်စရာတွေနဲ့လည်း ကြုံရတတ်တယ်။ ဆိုပါတော့ ကိုယ်က သူ့ကို လုံးဝ အမှုမဲ့ အမှတ်မဲ့ နေပြလိုက်တယ်။ လက်ဖျားနဲ့တောင် မတို့ဘူး။ ဒါပေမဲ့ မင်းအကြောင်း အားလုံး ငါ သိနေတယ်။ မင်းကို အချိန်ပြည့် စောင့်ကြည့်နေတယ် ဆိုတာတော့ သူသိအောင်

တနည်း နည်းနဲ့ အသိပေးထားတယ်။ အဲဒီမှာ သူ ပြေးစရာ မြေ မရှိတော့ဘူး ဆိုတာ သိလာရင် သူ ဦးနှောက်စားလာပြီး သူ့ဘာသာသူ လာအဖမ်းခံလိမ့်မယ်။ အဲဒါဟာ သိပ်သေချာတယ်။ နှစ်နှစ်လီ လေးလောက် ကွက်တိ အဖြေထွက်တယ်။ အဲဒီနည်းဟာ ပျော်စရာအကောင်းဆုံး ပဲ။ အဲဒီနည်းကို စာမတတ်တဲ့ လယ်သမားကိုလည်း သုံးလို့ရတယ်။ ခေတ်ပညာတတ် လူတန်း စားကိုလည်း သုံးလို့ ရတယ်။ အရေးကြီးတာက ဘယ်သူဟာ ဘယ်ဘက်မှာ အားသန်တယ် ဆိုတာ သိထားဖို့ပဲ။ ဒါ့ထက် အရေးကြီးတာကတော့ စိတ်လှုပ်ရှားမှုပဲ။ အဲဒီကိစ္စ ကိုရင် မေ့နေတယ်။ သူတို့လို လူတွေဟာ စိတ်မကျန်းမမာ ဖြစ်နေတဲ့ လူတွေချည်းပဲ။ ဆူးပေါက် နေတဲ့ လူတွေချည်းပဲ။ သူတို့မှာ သူတို့ ကိုယ်တိုင် မသိတဲ့၊ ငုပ်နေတဲ့ ဒေါသစိတ်တွေ ရှိတယ်။ အဲဒီ ဒေါသစိတ်ဟာ ကိုယ်တို့အတွက် ရွှေထွက်တဲ့ သတ္တုတွင်းပဲ။ ဘာမှ ပူစရာ မလိုတော့ ဘူး။ တမြို့လုံး သွားချင်တဲ့နေရာ သူ လျှောက်သွားနေပေစေ။ သူ ဘယ်တော့မှ ပြေးမလွတ် တော့ဘူး။ သူ ဘယ်ပြေးမလဲ။ အဲ... နိုင်ငံခြားလစ်မလား။ ပိုလန်သားတယောက် ဆိုရင် တော့ ဖြစ်ချင် ဖြစ်မယ်။ ရုရှားတယောက်တော့ မဖြစ်နိုင်ဘူး။ အထူးသဖြင့် ကိုယ် စောင့် ကြည့်နေတဲ့လူ ဆိုရင် ဘယ်တော့မှ ပြေးပေါက် မရှိစေရဘူး။ နယ်စွန်နယ်ဖျား၊ တောကြို အုံကြားမှာ သွားရှောင်နေရင်တော့ ရချင်ရမယ်။ ဒါပေမဲ့ ကိုရင်သိတဲ့အတိုင်း ရုရှားဆင်းရဲ သားတွေရဲ့ ခေးမနှောက်ပိတ်ခွေးဘဝထဲမှာ ဘယ်သူနေနိုင်မှာလဲ။ ခေတ်ပညာတတ် တယောက်ဟာ အဲဒီလို နေရာထက် ထောင်ထဲမှာ ပိုနေချင်မှာပေါ့။ ဟဲ... ဟဲ... သူ့မှာ ပြေးစရာမြေ မရှိရုံ မကဘူး။ စိတ္တဗေဒသဘောအရ ကိုယ့်စက်ကွင်းက လွတ်ကို မလွတ်နိုင် ဘူး။ ပြေးစရာမြေ ရှိလည်း သူ မပြေးနိုင်ဘူး။ ဖယောင်းတိုင် မီးလျှံနားမှာ ဝဲနေတဲ့ ပိုးကောင်လေးတွေ တွေ့ဖူးမှာပေါ့။ အဲဒီအတိုင်းပဲ၊ သူ ကိုယ့်အနားမှာ တဝဲလည်လည် ဖြစ်နေလိမ့် မယ်။ သူ့သောကနဲ့သူ လောင်ကျွမ်းနေလိမ့်မယ်။ အဲဒီအချိန်မှာ ကိုယ်လိုချင်တဲ့ သင်္ချာ အဖြေ ဟာ သူ့ဆီက ရပြီပေါ့။ ဘယ်လောက် ပျော်ဖို့ကောင်းလဲ။ ကိုရင် မယုံဘူးလား”

ရပ်စ်ကိုလ်နီကော့ဗ် ဘာမှ ပြန်မပြော။ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ငြိမ်ပြီး ထိုင်နေသည်။ သူ့မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်နေ၏။

သူ့ တကိုယ်လုံး အေးစက်နေပြီး အတွေး ချာချာလည်နေသည်။ မနေ့ကလို ကြောင် နှင့် ကြွက် လိုက်တမ်းပြေးတမ်း ကစားပုံမျိုး မဟုတ်တော့။ သူ့လက်သည်းတွေကို ထုတ်ပြ နေပြီ။ အင်း... တော်တော်တော့ ပညာပါတာပဲ။ သူ့မှာ တခြား ဘာရည်ရွယ်ချက် ရှိသေးလဲ မသိဘူး။ အို... ဂရုစိုက်စရာ မလိုပါဘူး။ သူ ငါ့ကို ခြောက်နေတာပါ။ သူ့ဆီမှာ ဘာသဲလွန်စ မှ မရှိဘူး။ ဟိုနေ့တွေက တွေ့တဲ့ လူလည်း အဖျားရှူးသွားပြီပဲ။ သူ သက်သက် ငါ့ကို စိတ်ဓာတ် စစ်ဆင်ရေး လုပ်နေတာ။ ချောက်ချားအောင် လုပ်နေတာ။ မရပါဘူး ပေါ်ဖီရီ။ ခင်ဗျား ကျွန်တော့်ကို ဒီနည်းနဲ့ စမ်းလို့ မရပါဘူး။ ဘာတဲ့၊ အရေးကြီးတာက

စိတ်လှုပ်ရှားမှုပဲတဲ့။ အဲဒီကောက်ကြောင်း ပေးတာ ခင်ဗျား မှားတာပေါ့။ စိတ်ချ၊ ခင်ဗျား ထောင်ချောက်ကို ကျွန်တော် မနင်းမိစေရဘူး။ ခင်ဗျား ဘာဆက်လုပ်မလဲ ကြည့်ကြသေးတာပေါ့။

ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်သည်။ ကြောက်စရာကောင်းပြီး မမြင်နိုင်သည့် အဖြစ်ဆိုးကြီးတခုနှင့် ရင်ဆိုင်ရတော့မည့် အလား။ ရုံခါတွင်လည်း သူ့အပေါ် ခုန်အုပ်ပြီး ဆွဲလှဲပစ်လိုက်ချင်သည်။ အစကတည်းက သည်လို ဒေါသမျိုးဖြင့် ပေါက်ကွဲမည်ကို သူ တွေးကြောက်ခဲ့သည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ ခြောက်သွေ့နေသည့် သူ့နှုတ်ခမ်း အစုံကို လျှာဖြင့် လျက်လိုက်မိသည်။ သို့သော် အချိန်မတိုင်မီ ဘာတခွန်းမှ မပြောဖို့ ဆုံးဖြတ် ထား၏။ သည်နည်းသာ အကောင်းဆုံးဟု ထင်၏။ သူ တယောက်တည်း ပြောနေပစေလေ။

"ဟုတ်ပြီ၊ ကိုယ်သိပြီ။ ကိုရင်က ကိုယ်ပြောတာတွေ မယုံဘူးပေါ့၊ ဟုတ်လား"

ပေါ်ဖီရီ စကားဆက်ပြန်သည်။ ပို၍ စိတ်ပါလာကာ ရယ်လိုက် ပြောလိုက်နှင့် အခန်းထဲတွင် ဟိုလျှောက် သည်လျှောက် လုပ်နေပြန်သည်။

"ကိုရင် မှန်ပါတယ်။ ကိုယ့်ခန္ဓာကိုယ် ဖွံ့စည်းပုံကြီး လူရယ်စရာ ဖြစ်အောင် လုပ် ထားတာဟာ ဘုရားသခင် ဖန်ဆင်းတော်မူတဲ့အတိုင်း ဖြစ်လာတာပဲ။ ဒါပေမဲ့ ကိုယ် ထပ် ပြောမယ် သူငယ်ချင်း၊ ကိုယ့်ထက်ကြီးတဲ့ လူတွေကို ခွင့်လွှတ်တဲ့အနေနဲ့ ကိုယ့်ကို ခွင့်လွှတ် ရလိမ့်မယ်။ မောင်ရင်က ငယ်သေးတယ်၊ ပထမအရွယ်ပဲ ရှိသေးတာ။ ဒါဟာ အသိဉာဏ် အထက်မြက်ဆုံးအရွယ်ပဲ။ ယုတ္တိဗေဒကျကျ ဆင်ခြင်နိုင်ဆုံးအရွယ်ပဲ။ ဆိုပါစို့။ ဩစတြီးယား ဟောဖ်ခရီဆရပ်လိုပေါ့။ ကျုပ်က **စစ်သမိုင်းလည်း လေ့လာဖူးသဗျ**43။ သူတို့က နပိုလီယမ် အရေးနိမ့်သွားပြီး ဖမ်းမိထားပြီလို့ ရေးကြတယ်။ သိပ်ပညာသားပါတဲ့ လှည့်ကွက်လေ။ ပြီးတော့ ဘာဖြစ်လဲ။ ဗိုလ်ချုပ်ကြီးမက်ရဲ့တပ်ကြီး လက်နက်ချလိုက်ရပါရောလား။ အင်း… ကိုရင်ကတော့ အရပ်သားတယောက်က စစ်သမိုင်း ပြောနေတယ်ဆိုပြီး ရယ်ချင်မှာပေါ့၊ ဟုတ်လား။ ကိုယ်က စစ်တပ်အကြောင်း သိပ်ပြောချင်တာ။ စစ်နဲ့ပတ်သက်တဲ့ သိပ္ပံပညာ ကို အရမ်းစိတ်ဝင်စားတာ။ တပ်ထဲ ဝင်မိရင် နပိုလီယမ် မဖြစ်ပေမယ့် ဗိုလ်မှူးလောက်တော့ ဖြစ်နေပြီ။ အဲဒါ သေချာတယ်။ ဟဲ… ဟဲ…။ ကဲ… ကိုယ် အမှုတခုအကြောင်း ပြောပြမယ်။ တကယ့် အဖြစ်အပျက်နော်၊ တကယ့်ကို ဖြစ်ခဲ့တာ။ လူ့သဘာဝ ဆိုတာ သိပ်ဆန်းကြယ်တာ။ သိပ္ပံနည်းကျကျ တွက်ချက်ထားတာတွေထက်ကို ထူးဆန်းတာ။ တကယ်ပြောတာ ကိုယ့်လူ။ သေသေချာချာ နားထောင်။ (သည်အကြောင်း ပြောနေရင်း အသက် သုံးဆယ့်ငါး နှစ်သာ ရှိသေးသော ပေါ်ဖီရီပီထရိုဗစ်ချ်သည် ချက်ချင်း အိုစာသွားသည်။ အသံပါ ပြောင်းသွား ပြီး အဘိုးကြီးအိုတယောက်၏ အသံမျိုး ဖြစ်သွားသည်) အဲ…

ကြိုပြောထားရဦးမယ်။ ကိုယ်က သိပ်ပွင့်လင်းတဲ့ လူစားမျိုးနော်။ ကဲ... ကိုရင် ဘယ်လို ထင်လဲ။ ကိုယ်က ပွင့်လင်း သလား၊ မပွင့်လင်းဘူးလား။ ဒါတွေကို ပြောပြနေတာ ဘာကြောင့်မှ မဟုတ်ဘူးနော်။ ဘာအကျိုးမှ မျှော်ကိုးပြီး ပြောတာ မဟုတ်ဘူး။ အင်း... ဆက်ပြောရရင်တော့ လောကမှာ အရေးကြီးဆုံးက ဉာဏ်ပညာပဲဗျ။ ဉာဏ်ပညာရှိမှ သဘာဝအလှတရားကို ချစ်တတ်မယ်။ ကိုယ့်ဘဝ ကိုယ် ကျေနပ်ရောင့်ရဲနိုင်မယ်။ ကိုယ်ထင်တာ ပြောတာပါ။ ကိုယ့်လို ပမွှား ရဲအရာရှိကလေးတယောက်က ဒါထက်ပိုပြီး ရှင်းမပြတတ်ပါဘူး။ ဒါပေမဲ့ လူ့သဘာဝအရ ရဲအရာရှိကလေးလည်း သူ့ဘဝသူ ဘယ်ကို ဦးတည်နေမှန်း သိပ်မသိပါဘူး။ သူ့စိတ်ကူး ထွေလာတွေနဲ့ ဟိုရောက် ဒီရောက်ပါပဲ။ ဒါပေမဲ့ ကံဆိုးချင်လို့လား မသိဘူး။ ရာဇဝတ်မှုခင်း တွေနဲ့ သူဟာ ကံလိုက်နေတယ်။ လူငယ်လူရွယ်တွေမှာ အဲဒီအကျိုးပေးမျိုး မရှိဘူး။ သူတို့ဟာ သူတို့ အသိဉာဏ်ကြောင့် တိမ်းတိမ်းပွေ့ပွေ့ ဖြစ်သွားတတ်ကြတယ်။ ဆိုပါတော့၊ ကိုယ့်လူ က လိမ်ပြောတယ် ဆိုပါစို့။ အဲ... ခု ပြောမယ့် အမှုမှာပေါ့။ နာမည်တော့ မပြောတော့ပါဘူး။ သူက ပိပိရိရိ လိမ်ပြောတတ်တယ်။ သိပ်ပညာပါတယ်။ သူ့ကိုယ်သူ ပိုင်ပြီလို့ ထင်နေတယ်။ သူကိုယ်တိုင်လည်း စိတ်ချ ယုံကြည်ထားတယ်။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ သိပ်စိတ်ဝင် စားစရာကောင်းတဲ့ တနေရာမှာ သူ မေ့မြောသွားတယ်။ နေမကောင်းတာကြောင့်လည်း ဖြစ်နိုင်တယ်။ အခန်းက ကျဉ်းကျပ်ပြီး အနံ့အသက် မကောင်းတာကြောင့်လည်း ဖြစ်နိုင်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ သူ့ပင်ကို သဘာဝစရိုက်ကို သူ ထည့်မတွက်မိတာ သေချာတယ်။ အဲဒါဟာ သူ့ရဲ့ ချို့ယွင်းချက်ပဲ။ သူကိုယ်တိုင် ဖန်တီးတဲ့ အမှားပဲ။ နောက်တခါ ရှိသေးတယ်။ သူ့ဉာဏ်ရည်ကို အားကိုးလွန်းပြီး တဖက်သားကို လျှော့တွက်တယ်။ ပြီးတော့ သူ့စိတ်သူ မထိန်းနိုင်ဘဲ ဖြစ်သွားတယ်။ သူ့ကို သံသယဖြစ်နေတဲ့ ရဲကို သူက ကွက်ကျော် ရိုက်ဖို့ ကြိုးစားတယ်။ ပြဇာတ်ကနေသလို သူက မျက်နှာပျက်ချင် ယောင်ဆောင်တယ်။

ဒါပေမဲ့ သူ့ မျက်နှာ သွေးဆုတ်သွားပြီး တကယ် မျက်နှာပျက်တာမျိုး ဖြစ်သွားတယ်။ အဲဒီမှာ ကိုယ်တို့အတွက် တွေးစရာ ရသွားတာပေါ့။

ရဲကို ပထမတော့ သူ လှည့်စားလို့ ရတယ်။ ဒါပေမဲ့ နောက်တနေ့မှာ ပြန်စဉ်းစား တာပေါ့။ သူ ထင်သလောက် ညံ့တဲ့ ရဲမှ မဟုတ်တာ။ ရဲက သူနဲ့ စကားတွေ ဖောင်ဖွဲ့ပြီး ပြောတယ်။ သူ ဘာမှ ဝင်မပြောအောင်ကို ပြောတာ။ နိမိတ်ပုံ အမျိုးမျိုးနဲ့ပေါ့။ ဟဲ... ဟဲ... ဘယ်လောက်တော်တဲ့လူ ဖြစ်ဖြစ်၊ ပညာဘယ်လောက်တတ်တတ်၊ စိတ္တဗေဒ ဘယ်လောက် ကျွမ်းကျွမ်း စရိုက်ကို ဖျောက်လို့ မရပါဘူး။ လူ့သဘာဝဟာ မှန်တချပ်လိုပဲ။ သိပ်ကြည်လင် တဲ့ မှန်မျိုးနော်။ နောက်ဆုံးမှာ သူကိုယ်တိုင် လာပြီး မေးမှာ သေချာတယ်။ ကျွန်တော့်ကို ဘာလို့ မဖမ်းသေးတာလဲလို့ လာမေးမှာ သေချာတယ်။ ဟေ့... ကိုရင် ရော့ဒ်ယာ၊

ဘာဖြစ်လို့ မျက်နှာတွေ ဖြူရော်နေတာလဲ။ အခန်းက လှောင်လို့လား၊ ပြတင်းပေါက် ဖွင့်ပေးမယ်လေ”

“နေပါစေဗျာ၊ မလိုပါဘူး”

သူက အော်ရယ်ပြီး ထပ်ပြောလိုက်သည်။

“နေပါစေ၊ နေပါစေ”

ပေါ်ဖီရီ မျက်နှာချင်းဆိုင်တွင် လာရပ်သည်။ ခဏနေတော့ သူပါ လိုက်ရယ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာပေါ်မှ ဝုန်းခနဲ ထရပ်ပြီး အရယ် ရပ်ပစ်လိုက်သည်။ ဒူးတွေ ဆတ်ဆတ်တုန်နေ၏။ သို့သော် သူ့အသံက အောင်မြင်ပြတ်သားသည်။

“ဒီမယ် ပေါ်ဖီရီ ပီထရိုဗစ်ချ်၊ လက်စသတ်တော့ ခင်ဗျားက ကျွန်တော့်ကို ဟိုအဘွားကြီး ညီအစ်မ သတ်တဲ့ အမှုနဲ့ မသင်္ကာ ဖြစ်နေတာကိုး။ ကျွန်တော် ရှင်းရှင်းပြောမယ်။ ခင်ဗျား ပြောတာတွေ နားထောင်ရတာ ကျွန်တော် စိတ်ကုန်လာပြီ။ ခင်ဗျားမှာ ဥပဒေကြောင်းအရ ကျွန်တော့်ကို အရေးယူခွင့် ရှိတယ် ဆိုရင် အရေးယူလေ၊ ဖမ်းလေ။ ဒါပေမဲ့ ကျွန်တော့်ကို ကြည့်ရယ်ပြီး ကလိနေတာတော့ ခွင့်မပြုနိုင်ဘူး”

သူ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။ မျက်လုံးအစုံတွင် ဒေါသဖြင့် အရောင်တဖျပ်ဖျပ် တောက်လာသည်။

ချုပ်တည်းထားခြင်းငှာ မစွမ်းနိုင်တော့သလို ပို၍ ကျယ်သောအသံဖြင့် ထပ်အော်ပြောပြန်သည်။

“ခင်ဗျား ကြားလား ပေါ်ဖီရီပီထရိုဗစ်ချ်။ လုံးဝ ခွင့်မပြုနိုင်ဘူး”

ပေါ်ဖီရီ လန့်သွားသည်။

“အို… ဘုရားသခင်၊ ကိုရင် ဘယ်လို ဖြစ်တာလဲ ဟင်။ သူငယ်ချင်း ရော့ဒီယွန်၊ သတိထားပါကွာ။ ဘယ်လိုဖြစ်တာလဲ ဟင်’

ရပ်စ်ကိုလ်နီကော့ဗ် နောက်တခါ ထပ်အော်ပြန်သည်။

“ကျွန်တော် လုံးဝ ခွင့်မပြုနိုင်ဘူး၊ ကြားလား”

ပေါ်ဖီရီ အလန့်တကြား ဖြစ်သွားပြီး သူ့နားနား ကပ်ပြီး တိုးတိုး ပြောလိုက်သည်။

"ဒုက္ခပါပဲ။ ကိုရင်၊ တိုးတိုးပြောပါကွ။ အပြင်ကလူတွေ ကြားရင် ပြေးဝင်လာကြ လိမ့်မယ်။ သူတို့ကို ဘယ်လို ပြောရမလဲ"

ရပ်စ်ကိုလ်နီကော့ဗ် တိုးတိုးလေး ဆက်ရွတ်နေပြန်သည်။

"လုံးဝ ခွင့်မပြုနိုင်ဘူး၊ လုံးဝ လုံးဝ ခွင့်မပြုနိုင်ဘူး"

ပေါ်ဖီရီက ပြတင်းပေါက် ပြေးဖွင့်သည်။

"လေကောင်းလေသန့် ဝင်အောင်လေ။ ကိုရင် ရေနည်းနည်း သောက်လိုက်နော်။ ဘာမှ မဟုတ်ပါဘူး။ ခဏ သတိလစ်သွားတာပါ"

ပြောပြီးတံခါးပေါက်ဆီပြေးသွားကာအပြင်ကိုရေယူခဲ့ဖို့လှမ်းပြောမည်လုပ်ပြီးမှ အခန်းထောင့်တွင် ရေချိုင့်တလုံး တွေ့သည်။ ရေချိုင့် ကိုင်ပြီး သူ့ဆီသို့ အပြေး ပြန်လာသည်။

"ရော့ သူငယ်ချင်း၊ သောက်လိုက်ကွာနော်။ သက်သာသွားမှာပါ"

ရေချိုင့်ကို ကမ်းပေးရင်း တိုးတိုးပြောသည်။ သူ့အသံတွင် တကယ့် ကရုဏာသံ ပါနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို တွေကြည့်နေသည်။ သူက ရေချိုင့်ကို လှမ်းမယူဘဲ ပေနေသည်။

"သူငယ်ချင်း ရော့ဒ်ယွန်၊ သောက်လိုက်ပါကွာ။ ကိုရင့်စိတ်တွေ ပိုထွေသွားလိမ့်မယ်။ နည်းနည်းမော့လိုက်ပါနော်"

ပေါ်ဖီရီက ရေချိုင့်ထဲမှ ရေအနည်းငယ် ဖန်ခွက်ထဲ ငှဲ့ထည့်ပေးတော့ သူ လက်ခံသည်။ သို့သော် မသောက်ဘဲ ရေဖန်ခွက်ကို စားပွဲပေါ် တင်ထားလိုက်သည်။

နောက်တခါ တိုက်တွန်းမှ စိတ်မပါ လက်မပါ ပုံစံဖြင့် တကျိုက် သောက်သည်။ ပြီးသည်နှင့် မျက်နှာ ပြန်ပုပ်သွားပြီး အငူသား ထိုင်နေပြန်သည်။

ပေါ်ဖီရီက စာနာသံအပြည့်ဖြင့် ရယ်ရယ်မောမော ပြောသည်။

"အဲဒါပဲ ကိုရင်၊ ကျန်းမာရေးပဲ။ ကိုရင် ပြန်အဖျား တက်လာလိမ့်မယ်။ ဟိုတခါလို ပြန်ဖြစ်လာလိမ့်မယ်"

ပြောပြီး သူ ရယ်ပြန်သည်။ သည်လို စိတ်ပါလက်ပါ ပြောပြီး သူ့စိတ်က ဟိုးအဝေးကြီး ရောက်သွားသလို ငေးတေးတေး ငိုင်တိုင်တိုင် ဖြစ်သွားပြန်သည်။ ပြီးမှ ရပ်စ်ကိုလ်နီကော့ဗ် ကို ပြန်သတိရလာပြီး-

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ ကိုရင်ရာ။ ဪ...ဒါထက် မနေ့က ရာဇုမီခင်

ကိုယ့်ဆီ ရောက်လာတယ်။ သူပြောတာတွေ ကိုယ်လက်ခံပါတယ်။ အားလုံး လက်ခံတယ်။ ကိုယ်ကနည်းနည်းတော့ ရိတိတိ လုပ်တတ်တယ်။

လူကြိုက် နည်းတယ်ပေါ့ ကိုရင်ရာ။ သူက ငယ်တဲ့အမှု ကြီးအောင် လုပ်ပါလေရောဗျာ။ မနေ့ကပေါ့။ သူက မြုပ်ကွက်တွေနဲ့ဗျား။ ကိုရင့်ဆီသွားပြီး သူ ရောက်လာတာ။ ညစာ အတူတူ စားကြတယ်။ ပြောလိုက်တာ၊ ပြောလိုက်တာ ပါးစပ်ထဲကအမြုပ်ထွက်မတတ်ဘဲ။ နောက်ဆုံးမှာ ကိုယ် လက်မြှောက် အရှုံးပေးလိုက်တယ်။

စိတ်ထဲက ပြောလိုက်တယ်။ မင်းကို သူ လွှတ်လိုက်တာ မဟုတ်လားလို့။ ဟော့... နေပါဦး ကိုယ့်လူရာ၊ ထိုင်ပါဦး။ ဟာ... ဒုက္ခပါပဲ။ မသွားပါနဲ့ဦးဆို'

"မဟုတ်ဘူး၊ ကျွန်တော် သူ့ကို လွှတ်လိုက်တာ မဟုတ်ဘူး။ ဒါပေမဲ့ ဘာကြောင့် ခင်ဗျားဆီ သွားတယ် ဆိုတာ ကျွန်တော် သိတယ်"

"ဟုတ်လား၊ သိတယ် ဟုတ်လား''

"ဟုတ်တယ်လေ၊ သိတော့ ဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဆိုတော့ ဒီမယ် ရှေ့ဒ်ယာ၊ ကိုယ် သိထားတာတွေ အများကြီးနော်။ သတင်းတွေအားလုံး စုထားပြီးသား။ တညမှာ အခန်းငှားဖို့ ဆိုပြီး အဲဒီ ရောက်သွားတဲ့ အကြောင်းလည်း သိထားပြီးသား။ အခန်းပြင်က ခေါင်းလောင်းကြိုး သွားဆွဲတယ်၊ သွေးကွက် အကြောင်း မေးတယ်။ အလုပ်သမားတွေနဲ့ တံခါးမှူးတွေ ဦးနှောက်ခြောက်ကုန်တယ်။ အဲဒီအချိန်က ကိုရင့်စိတ်အနေကို ကိုယ်မှန်းလို့ ရပါတယ်။ ကိုရင် စိတ်ဖောက်သွားပုံက တော်တော် ထူးဆန်းတာပဲ။ အမယ်လေး၊ ကိုရင့်ခေါင်းထဲကို မှန်တိုင်း ဝင်မွှေသွားတာလား၊ ဘာကြောင့် ပေါက်ကွဲရတယ် ဆိုတာ ကိုယ်သိသလိုပဲ။ ကံမကောင်း အကြောင်းမလှတဲ့ ဘဝကို နာကြည်းပြီး ဖိစီးမှုတွေ များလာတယ်။ ပြီးတော့ ရဲတွေက ကိုရင့်အပေါ် မသင်္ကာ ဖြစ်နေတယ်။ အဲဒီ မိုက်မဲမှုတွေကို ကိုရင် သည်းမခံနိုင်တော့ဘူး။ ဒါတွေအားလုံး အဆုံးသတ် ပစ်ချင်တယ်။ အဲဒီလို မဟုတ်လား။ ကိုယ် ထင်တာ မမှားဘူး မဟုတ်လား။ အဲဒါတွေ ပေါင်း လိုက်တော့ ကိုရင့် ခေါင်းကို ထိသွားတယ်။ အဲဒီစိတ်က ဟိုကောင် ရာဇူမီခင်ကိုပါ ကူးသွားတယ်။ သူက လူကောင်းပါ။ ကိုရင့်ကို သူ ဘယ်လောက် ချစ်သလဲဆိုရင်... အဲဒါတွေ နောက်မှ ပြောတာပေါ့။ ကိုရင် နေကောင်းလာမှ ပြောမယ်။ ဟာ... နေပါဦး၊ သေတော့မှာပဲ။ ပြန်ထိုင် ပါဦး၊ ကိုရင့် ကြည့်ရတာ ပုံမှန် ပြန်မရောက်သေးဘူး။ ခဏနားပါဦး ကိုရင်ရာ"

ရပ်စ်ကိုလ်နီကော့ဗ် ပြန်ထိုင်သည်။ အကြောထဲ စိမ့်နေအောင် ချမ်းတာတွေ

ပျောက်သွားပြီး တကိုယ်လုံး ပူနွေးလာသည်။ အံ့ဩထိတ်လန့်စွာဖြင့် သူ ပြောသမျှ ထိုင် နားထောင်နေသည်။ သူကလည်း အံ့ဩထိတ်လန့်စွာဖြင့်ပင် သူ့ကို ဖေးဖေးမမ လုပ်နေသည်။ တရင်းတနှီး၊ ပျူပျူငှာငှာ။ သို့သော် ရပ်စ်ကိုလ်နီကော့ဗ်က သူ ပြောသမျှ တခုမျှ မယုံ။ သို့သော် ဟိုအခန်းကို ညကြီးမင်းကြီး သူ ရောက်သွားတာကို သူ သိနေခြင်းအတွက်တော့ အံ့ဩမဆုံး ဖြစ်နေသည်။ သူ ဘယ်လိုလုပ် သိတာလဲ။ ငါ့ကို ပြောနေတာက သူကိုယ်တိုင်။ ရပ်စ်ကိုလ်နီကော့ဗ် တွေးရခက်ကြီး ဖြစ်နေသည်။

"ဟုတ်တယ် ကိုယ့်လူ။ ကိုယ်တို့ လုပ်ငန်းခွင်မှာ ဒီအမှုမျိုးနဲ့ တော်တော်တူတဲ့ အမှု တခု ကြုံဖူးတယ်၊ စိတ်ဝေဒနာနဲ့ဆိုင်တဲ့ အမှုမျိုးပေါ့"

သူ ခပ်သွက်သွက် စကားဆက်သည်။

"လူတယောက်က သူ မျိုသိပ်ထားတဲ့ လူသတ်မှုကို သူကိုယ်တိုင် ကျူးလွန်တာ ပါလို့ ရဲကို ဖြောင့်ချက်လာပေးတယ်။ ထုံးစံအတိုင်းပါပဲ။ ပုံမှန် စိတ်ချောက်ချားမှုမျိုးပေါ့။ သူ ဘာကြောင့် အဲဒီလို ဖြစ်ရတာလဲ၊ ဘာဖြစ်လို့ ဖွင့်ချတာလဲ။ သူက အဲဒီ လူသတ်မှုမှာ မဆိုစလောက်ကလေး ပတ်သက်ခဲ့တယ်။ တကယ့် မဆိုစလောက်ကလေးနော်။ အမှန်က လူသတ်မှု မဖြစ်အောင် သူ တားနိုင်ပါလျက် မတားဖြစ်လိုက်တာ။ သူ့ကိုယ်သူ အပြစ် ရှိတယ်လို့ ထင်ပြီး စိတ်ခတ်ကျနေတဲ့ အချိန်မှာ ဦးနှောက်ကို ဒုက္ခပေးတော့တာပဲ။ အဲဒီမှာ သူ့ကိုယ်သူ လူသတ်သမားလို့ ထင်လာပြီး ရဲကို ဖြောင့်ချက် လာပေးတာလေ။ ကံကောင်း ထောက်မစွာနဲ့ ရုံးတော်က သူ့မှာ အပြစ် မရှိကြောင်းနဲ့ အမှု ပလပ်လိုက်ပြီး စိတ်ရောဂါကု ဆေးရုံကို ပို့လိုက်တယ်။ ကံကြီးပေလို့ပေါ့ဗျာ။ ကျွတ်.. ကျွတ်.. ကျွတ်... ကိုရင် အဲဒီညက တံခါးခေါင်းလောင်းကြိုး သွားဆွဲတာလည်း အဖျားနဲ့ ငန်းဖမ်းတုန်း ထင်ရာ စွတ်လုပ်လိုက် တာပဲ။ သွေးကွက်အကြောင်း မေးတာလည်း အတူတူပဲ။ ကိုယ်က စိတ်ရောဂါအကြောင်း လေ့လာဖူးတယ်။ လူတယောက်ဟာ တခါတလေ ပြတင်းပေါက်က ခုန်ချချင်စိတ် ပေါက်လာ တတ်တယ်။ ဘုရားကျောင်း ခေါင်းလောင်းစင်ပေါ်တက်ပြီး ခုန်ချချင်စိတ် ပေါက်လာတတ်တယ်။ အဲဒါဟာ ဟိုအခန်းက ခေါင်းလောင်းကြိုး သွားဆွဲတာနဲ့ တသဘောတည်းပဲ။ ဒါဟာ စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုကြောင့် ဖြစ်တာ။ ကိုရင်က ကိုယ်မကျန်းမမာ ဖြစ်နေတာကို မေ့စ ပြုလာနေတယ်။ ဆရာဝန်ကောင်းကောင်းနဲ့ သေသေချာချာပြဖို့ ကောင်းတယ်။ ကိုရင်တို့ သူငယ်ချင်း ဟိုဖက်တီး ဆရာဝန်ပေါက်စက အားမကိုးရလောက်ပါဘူး။ အဲဒါတွေ ဖြစ်ခဲ့တာ ကိုရင် ငန်းဖမ်းနေလို့၊ စိတ်ကယောက်ကယက် ဖြစ်နေလို့"

ထိုတဒင်္ဂတွင်တော့ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ခေါင်းထဲ ချာချာလည်နေသည်။ ဖြစ်နိုင်ပါ့မလား၊ သူ ပြောတာတွေ ဟုတ်နိုင်ပါ့မလား။ သူ

လျှောက်ဖြီးနေတာလား။ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ သူ ငါ့ကို ဆက်လိမ့်နေတာ။ ဒေါသတွေ ထောင်းခနဲ ထလာပြီး ရှူးချင်ချင် ဖြစ်သွားပြန်သည်။

"ကျွန်တော် အဖျားတက်နေတာ မဟုတ်ဘူး။ ငန်းဖမ်းနေတယ် ဆိုတာ အလကား ပြောတာ။ ကိုယ် ဘာလုပ်နေတယ်ဆိုတာ ကိုယ့်ဘာသာ ကောင်းကောင်း သိတယ်။ ခင်ဗျား နားလည်လား"

စိတ်ကို တည်ငြိမ်အောင် ကြိုးစားသည်။ သူ့ ထောင်ချောက်ထဲ မဝင်မိအောင် ရှောင်ဖို့ အော်ပြောလိုက်သည်။

"နားလည်ပါတယ်၊ နားလည်ပါတယ်။ မနေ့ကလည်း ကိုရင် ပြောတယ်လေ။ မဖျားပါဘူးတဲ့၊ အဖျားကြောင့် မဟုတ်ပါဘူးတဲ့။ ကိုရင် ပြောသမျှဟာ အားလုံး ကိုယ် နားလည် တယ် ရှေ့ဒ်ယာ။ ကိုယ် ပြောပြမယ်။ ကိုရင်သာ တရားခံအစစ် ဖြစ်တယ်ဆိုရင်၊ ဒီအမှုနဲ့ တနည်းနည်း ပတ်သက်နေတယ် ဆိုရင် ကိုရင် ဒီလို လျှောက်လုပ်နေတာတွေဟာ ရောဂါ ကြောင့် မဟုတ်ဘူးလို့၊ အသိဉာဏ် လုံးဝမချို့ယွင်းဘူးလို့ အခိုင်အမာ ပြောပါ့မလား။ လုံးဝ မဖြစ်နိုင်ဘူး။ သိပ်သေချာတယ်၊ ကိုရင် ငန်းဖမ်းနေတာ မဟုတ်ဘူးလား"

ရပ်စ်ကိုလ်နီကော့ဗ် ဆိုဖာနောက်သို့ ပစ်မှီလိုက်သည်။ ပေါ်ဖီရီ၏ မေးသံတွင် လျှို့ဝှက်ချက် တမျိုးမျိုး ပါနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်ကို နားမလည်သည့် မျက်လုံးများ ဖြင့် စိုက်ကြည့်နေသည်။

"နောက်တခု ရှိသေးတယ်။ ရာဇူမီခင်က သူ့သဘောနဲ့သူ ကိုယ့်ဆီ လာတာပါလို့ ကိုရင်က ဖုံးထားဖို့ ကောင်းတာ။ ဒါပေမဲ့ ကိုရင်က မဖုံးဘူး။ အမှန်အတိုင်း ပြောတယ်။ ကိုရင် တိုက်တွန်းလို့ သူ လာတာပါလို့ ပြောတယ်"

ရပ်စ်ကိုလ်နီကော့ဗ် သည်လို မပြောခဲ့။ ကျောထဲ စိမ့်သွားသည်။ မဲ့ပြုံးကို အားနည်း စွာ ပြုံးလိုက်ပြီး-

"ခင်ဗျား ပြောတာတွေ တခုမှ မဟုတ်ဘူး။ ကျွန်တော့်အကြောင်း ချေးခါးအူမ မကျန် သိသလိုလိုနဲ့ ပြောလိုပြော၊ ကျွန်တော် မပြောသေးတဲ့ အကြောင်းကို ကြိုပြောလို ပြောနဲ့ ခင်ဗျား ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား၊ ရယ်စရာ လုပ်နေတာလား"

သူက ထွေထွေထူးထူး မစဉ်းစားဘဲ သူ့ကို စိုက်ကြည့်ပြီး ပြောချလိုက်ခြင်းဖြစ်သည်။ မျက်လုံးထဲတွင် အမုန်းခိုးတွေ ဝေလျက် စကားဆက်သည်။

"ခင်ဗျား သက်သက် လိမ်နေတာ၊ ညာနေတာ။ ရာဇဝတ်မှု ကျူးလွန်တဲ့

လူတ ယောက်ဟာ အမှန်ကိုထုတ်ပြောရတယ်ဆိုတဲ့ သီအိုရီကို ခင်ဗျား ဖွတ်ဆွဲစေ့နေတာ။ နည်းနည်း လေး ချန်ထားပြီး အားလုံးနီးပါး ဖြောင့်ချက်ပေးရမယ်လို့ ခင်ဗျား ပြောချင်တာ မဟုတ်လား။ ခင်ဗျားကို ကျွန်တော် မယုံဘူး”

ပေါ်ဖီရီက သဲ့သဲ့ရယ်ပြီး-

“ဟာ... ဒုက္ခပါပဲ။ ကိုရင်ဟာ တကယ့် လက်ပေါက်ကတ်တဲ့ ပုဂ္ဂိုလ်ပဲ။ ဘယ်လိုမှ ပြောလို့ မရပါလား။ အစွဲအလမ်းကလည်း ကြီးပါ့ကွာ။ ကိုရင် တကယ်ပဲ ကိုယ့်ကို မယုံတာ လား။ ယုံရမယ်။ အနည်းဆုံး လေးပုံတပုံလောက်တော့ ယုံရမယ်။ မကြာခင် ကိုရင် ကိုယ့်ကို ရာနှုန်းပြည့် ယုံလာရမယ်။ ဘာပြုလို့လဲ သိလား။ ကိုရင့်ကို ကိုယ် တကယ် ယုံယုံ ကြည်ကြည် ခင်လို့၊ တကယ် ကောင်းစေချင်လို့”

ရပ်စ်ကိုလ်နီကော့ဗ်၏ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ သူ့လက်မောင်းကို အသာပုတ်ပြီး ပေါ်ဖီရီ စကားဆက်သည်။

“အရေးကြီးဆုံးက ကိုရင် နေကောင်းအောင် လုပ်ဖို့ပဲ။ ကိုရင့်အမေနဲ့ ညီမလည်း ရောက်နေပြီ မဟုတ်လား။ သူတို့အတွက်လည်း ထည့်စဉ်းစားလေ။ သူတို့ကို နှစ်သိမ့်ရမယ့် အစား ကိုရင်က အလန့်တကြားဖြစ်အောင် လုပ်နေတယ်”

“အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လဲ။ သူတို့ ရောက်နေမှန်း ခင်ဗျား ဘယ်လိုလုပ်သိလဲ။ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ။ ခင်ဗျား ကျွန်တော့်ကို အမြဲ စောင့်ကြည့်နေတယ်ပေါ့။ အဲဒီအကြောင်း လည်း ကျွန်တော် သိစေချင်တယ်ပေါ့၊ ဟုတ်လား”

“ဟောဗျာ၊ ဒုက္ခပါပဲ။ အဲဒီအကြောင်းတွေ ကိုရင်ကိုယ်တိုင် ပြောတာ မဟုတ်လား။ ကိုရင် အရမ်းစိတ်လှုပ်ရှားနေလို့ မမှတ်မိတာလား။ တခြားကိစ္စတွေလည်း အများကြီး ပြောသေးတယ်လေ။ ရာဇူမီခင် ဆီက သိရတာတွေလည်း အများကြီးပဲ။ အထူးသဖြင့် မနေ့က ကိစ္စတွေပေါ့။ နေ... နေပါဦး။ ကိုယ် ဆက်ပြောပါရစေ။ ကိုရင့်ရဲ့ သံသယစိတ်တွေက ကိုရင့် ဆင်ခြင်တုံတရားကို ဖျက်ဆီးနေတာပဲ။ ဥပမာ– ခေါင်းလောင်းကြိုး ဆွဲတဲ့ကိစ္စ ဆိုပါ တော့။ ကိုရင့်ကို သံသယဖြစ်ရင် ဒီလို ဘယ်ပြောမလဲ။ ဒီကိစ္စ သိပြီးသားလို့ ဘယ်ပြောမလဲ။ ကိုရင် ဘာပြုလို့ ဆယ်နာရီကျော်၊ ဆယ့်တနာရီနီးပါး အချိန်ကြီးမှာ လူသတ်မှု ဖြစ်တဲ့ အခန်းကို သွားတာလဲ။ ဘာပြုလို့ ခေါင်းလောင်းကြိုး ဆွဲတာလဲ၊ ဘာပြုလို့ သွေးကွက် အကြောင်း မေးတာလဲ။ အစောင့်တွေ၊ တံခါးမှူးတွေကို ဘာပြုလို့ ရဲစခန်း သွားရအောင်လို့ ပြောတာလဲ။ ကိုရင့်အပေါ်သံသယဖြစ်ရင် အဲဒီမေးခွန်းမျိုးတွေ မေးမှာပေါ့။ ကိုရင့်အခန်း လာရှာမှာပေါ့။ ကိုရင့်ကို မသင်္ကာမှုနဲ့ ဆွဲထားမှာပေါ့။ အဲဒါတွေ တခုမှ မလုပ်တာ ကိုရင့် ကို သံသယရှင်းလို့ပေါ့။ ခုတော့ ကိုရင့်တွေးပုံက

တမျိုး။ ဒါတွေ တခုမှ ထည့်မတွက်ဘူး”

သူ စကား မဆက်နိုင်ခင် ရပ်စ်ကိုလ်နီကော့ဗ် ဖြတ်ပြောလိုက်သည်။

“ခင်ဗျားကြီး တချိန်လုံး လိမ်နေတာ။ ခင်ဗျား ဘာကို ဦးတည်နေမှန်း ကျွန်တော် မသိဘူး။ ဒါပေမဲ့ လိမ်နေတယ်ဆိုတာတော့ သိတယ်။ ကျွန်တော် မမှားဘူး”

“ကိုယ်က လိမ်နေတယ်၊ ဟုတ်လား”

ပေါ်ဖီရီ ထပ်မေးသည်။ စိတ်တိုသွားပုံရသော်လည်း ဣန္ဒြေဆည်ပြီး သဘောမနော ကောင်းသည့် အစ်ကိုကြီးတယောက်၏ပုံဆောင်လျက် ဘာမှ မမှုသလို။ သို့သော် မျက်နှာ ပေးက သရော်တော်တော်။

“ကိုယ်က ကိုရင့်ဘက်က လိုက်ပေးနေတာပါဗျာ။ ကိုရင် နေမကောင်းတာ၊ ငန်းဖမ်း နေတာ၊ စိတ်ဒဏ်ရာရနေတာ၊ ပြီးတော့ ရဲက မသင်္ကာဖြစ်နေတာတွေ အကြောင်း ပြော နေတာ ကိုရင့်အတွက်လေ။ ဒါတွေ စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ယူနိုင်တဲ့ အချက် အလက်တွေ လေ။ ဒါတွေကြောင့် တိမ်းတိမ်းပွေ့ပွေ့ ဖြစ်ခဲ့ရတာ။ တခြားအကြောင်း ဘာမှ မရှိဘူး။ ရှိလို့လား။ ဟဲ... ဟဲ"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို ဒေါသတကြီး ကြည့်လိုက်သည်။ ထမည့်ဟန် ပြင်ပြီး အော်မေးလိုက်၏။

“ခင်ဗျား ကျွန်တော့်ကို မသင်္ကာဖြစ်နေတာ မဟုတ်ဘူးပေါ့။ မြန်မြန်ပြောဗျာ၊ ပြောဗျာ။ ရှင်းရှင်းပြော၊ ခုချက်ချင်း အပြတ်ပြော”

“ဟာ… အဲဒါ ကိုယ်နဲ့ ဘာဆိုင်လို့လဲ”

သူက ခပ်ရွှင်ရွှင်အမူအရာဖြင့် ဆက်ပြောသည်။ သို့သော် သူ့လေသံတွင် ကောက်ကျစ် စဉ်းလဲမှု ပါနေသည် ထင်ရ၏။

“အဲဒါကို ကိုရင် ဘာလို့ သိချင်ရတာလဲ။ ဘာလို့ အရမ်းသိချင်နေတာလဲ။ သူတို့က ကိုရင့်ကို ဘာမှ မလုပ်သေးဘူး မဟုတ်လား။ ဘာပြုလို့ ကိုယ့်ကိုယ်ကိုယ် ဖိစီးမှုများအောင် လုပ်နေတာလဲ။ ဘာလို့ ကလေးဆန်နေတာလဲ၊ ဟဲ ... ဟဲ"

“ထပ်ပြောမယ်၊ ကျွန်တော် သည်းမခံနိုင်တော့ဘူး”

“ဘာကို သည်းမခံနိုင်တာလဲ။ မရေမရာ ဖြစ်နေတာကို ပြောတာလား”

"ခင်ဗျား ကျွန်တော့်ကို သရော်နေတာလား။ ဒါမျိုး ကျွန်တော် သည်းမခံဘူး

မှတ်ထား၊ ကြားလား။ ကျွန်တော် ပြောတာ ကြားလား”

ရပ်စ်ကိုလ်နီကော့ဗ်ကစားပွဲကိုလက်သီးနှင့်ထုပြီးတအားအော်ပြောလိုက်သည်။

“ရှူး… ရှူး၊ တိုးတိုး၊ အပြင်က ကြားကုန်လိမ့်မယ်။ ကိုယ် အလေးအနက် ပြော တာ၊ နောက်နေတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တော့”

သူ့အမူအရာ ပြောင်းသွားသည်။ မျက်မှောင်ကြုတ်လျက် အမိန့်ပေးသံနှင့် ပြော လိုက်ခြင်းဖြစ်သည်။ သို့သော် တဒင်္ဂမျှသာ။ ရပ်စ်ကိုလ်နီကော့ဗ် စိတ်ရှုပ်သွားသည်။ ပြီးတော့ ဒေါသ ဖြစ်လာပြန်သည်။ သို့သော် ထူးဆန်းစွာ သူ့ အမိန့်ကိုနာခံပြီး ခပ်တိုးတိုး ပြန်ပြော လိုက်သည်။

“ကျွန်တော့်ကိုယ် ကျွန်တော် နှိပ်စက်နေတာ မဟုတ်ဘူး။ ခင်ဗျားတို့ ဖမ်းချင် ဖမ်း၊ ကျွန်တော့် အခန်းကို ရှာချင်ရှာ။ စနစ်တကျလုပ်၊ ပြက်တီးပြက်ချော် လုပ်နေတာတော့ မကြိုက်ဘူး”

“စနစ်တကျဖြစ်ဖို့ ကိုရင် မပူပါနဲ့။ ကိုယ်က ကိုရင့်ကို ဖိတ်တာ၊ လုံးဝ ခင်မင်တဲ့ မိတ်ဆွေတယောက်အနေနဲ့ ဖိတ်တာ”

လှို့ဝှက်သော အပြုံးနှင့် အသာစီးရထားသော လေသံဖြင့် သူ ပြောနေခြင်း ဖြစ်သည်။

“သွားစမ်းပါ။ ခင်ဗျား ကျွန်တော့်ကို ခင်ဖို့ မလိုဘူး။ ကျွန်တော်ပြောတာ ကြားလား။

ကဲ… ကျွန်တော် ပြန်မယ်။ ခင်ဗျား ဘာပြောမလဲ၊ ဖမ်းမှာလား”

ပြောပြောဆိုဆို ဦးထုပ်ကောက်ယူပြီး အခန်းဝဆီ ထသွားသည်။

ပေါ်ဖီရီက တံခါးဝ လိုက်သွားပြီး သူ့လက်မောင်းကို ဆွဲထားလိုက်သည်။

“အံ့ဩစရာလေးတခု ကြည့်မသွားတော့ဘူးလား”

သူ ရွှင်လာပြန်သည်။ ကျီစယ်သည့် လေသံ ပါလာသည်။

“ဘာအံ့ဩစရာလဲဗျ”

ရပ်စ်ကိုလ်နီကော့ဗ်က အလန့်တကြား ပြန်မေးလိုက်သည်။

“အံ့ဩစရာ သေးသေးလေးပါ။ ဟောဟို တံခါးရဲ့ အတွင်းဘက်မှာ ထိုင်နေတယ်။

"ဟဲ...ဟဲ"

သူက သော့ခတ်ထားသည့် တံခါးရွက်တခုကို လက်ညှိုးထိုး ပြောသည်။

"သူ့ကို ဆွဲထားတယ်လေ။ ဘယ်လိုမှ မလွတ်နိုင်တော့ဘူး"

"ဘာဗျ၊ ဘယ်လို... ဘယ်လို"

ရပ်စ်ကိုလ်နီကော့ဗ်က တံခါးဆီ လျှောက်သွားသည်။ တွန်းကြည့်တော့ သော့ပိတ်ထားသည်။

"သော့ခတ်ထားတယ်။ ရော့... ဒီမှာ သော့"

ဘောင်းဘီအိတ်ထဲက သော့နှိုက်နေတုန်း ရပ်စ်ကိုလ်နီကော့ဗ်က မအောင့်နိုင်တော့ဘဲ-

"ခင်ဗျား ဘာဆက်လိမ်ဦးမလို့လဲ။ ခင်ဗျားဟာ ရပ်သေးလူပြက်ပဲ"

ပြောပြီး သူ့ဆီတိုးသွားတော့ ပေါ်ဖီရီက နောက်တွန့်မသွားဘဲ အခြားတံခါးပေါက် တခုဆီသို့ လက်ညှိုးထိုးပြသည်။

"ကျွန်တော် နားလည်ပြီ။ ခင်ဗျားသက်သက် ကျွန်တော့်ကို အရူးလုပ်နေတာ။ စိတ်ကယောက် ကယက် ဖြစ်အောင် လုပ်နေတာ..."

"ကိုရင် ရှေ့လျှောက် စိတ်ရှုပ်စရာ မရှိလောက်တော့ပါဘူး။ ခုတော့ အရမ်း စိတ် လှုပ်ရှားနေတယ်။ သိပ်မအော်နဲ့လေ။ ကိုယ့်လူတွေ ဝင်လာလိမ့်မယ်"

"ဘယ်သူ ဝင်လာလာဗျာ၊ ခင်ဗျား ကျွန်တော့်ကို စိတ်ဓာတ်စစ်ဆင်ရေး လုပ်နေမှန်း သိတယ်။ အလကား ဆွပေးပြီး ကယောင်ချောက်ချား ဖြစ်အောင် လုပ်နေတာ။ ခင်ဗျားမှာ ဘာအထောက်အထားမှ မရှိဘူး။ ဇာမယိုတော့ဗ်လိုပဲ။ အသားလွတ် သံသယ ဖြစ်နေတာ။ ခင်ဗျားက ကျွန်တော့် စိတ်ဓာတ်ကို သိနေတယ်။ ဝေဝေဝါးဝါး ဖြစ်အောင် တမင်လုပ်နေတယ်။ အိုးနင်းခွက်နင်း ဖြစ်လာမှ ခင်ဗျား ကျွန်တော့်ကို အဖိုက်ဖမ်းမယ်။ ခင်ဗျားလက်ထောက် တွေ၊ ခင်ကြီးတွေရဲ့ အကူအညီနဲ့လေ။ ခင်ဗျား ဘာစောင့်နေတာလဲ။ ခေါ်လေ၊ သူတို့ကိုခေါ်လေ"

"ဟာ... ကိုရင် ဘာတွေ လျှောက်ပြောနေတာလဲ။ တခြားလူတွေ ကြားသွားရင် ရှုပ်ကုန်တော့မှာပဲ။ အဲဒါမျိုးလုပ်ရင် ကိုရင် ပြောသလို စနစ်တကျလုပ်ရာ ဘယ်ကျတော့ မလဲ။ ဒုက္ခပါပဲကွာ။ ကိုရင် လုပ်ထုံးလုပ်နည်းလည်း ဘာမှ မသိဘဲနဲ့"

ပြောရင်း တံခါးပေါက်ဆီကို သူ နားစွင့်လိုက်သည်။ အသံဗလံတွေ ကြားနေရ၏။ ရပ်စ်ကိုလ်နီကော့ဗ် အော်ပြောလိုက်သည်။

"သူတို့ ရောက်လာပြီလား။ ခင်ဗျား ခေါ်လိုက်တာ မဟုတ်လား။ သူတို့ကို ခင်ဗျား မျှော်နေတာမဟုတ်လား။ ကောင်းပြီ၊ခေါ်လိုက်။ ကြိုက်တဲ့သက်သေတွေ ကြိုက်သလောက် ခေါ်။ ကျွန်တော့်ဘက်က အမြဲတမ်းအသင့်ပဲ"

ထိုတဒင်္ဂတွင်ပင် မမျှော်လင့်သည့်အဖြစ်တခုနှင့်ကြုံရတော့သည်။ သူတို့နှစ်ယောက် စလုံး လုံးဝ မျှော်လင့်မထားသည့် အဖြစ်။ သူတို့နှစ်ယောက်၏ တွေ့ဆုံခန်း သည်လို အဆုံး သတ်လိမ့်မည်ဟု ဘယ်သူမှ ထင်မထားကြ။

※※※

(၆)

သည်အကြောင်း ပြန်တွေးတိုင်း ရပ်စ်ကိုလ်နီကော့ဗ် ပြက်ပြက်ထင်ထင် ပြန်မြင်စမြဲ။

တံခါးနောက်ဘက်မှ အသံတွေ ပိုကျယ်လာသည်။ ပြီးတော့ တံခါး အသာကလေး ပွင့်လာသည်။ ပေါ်ဖီရီ ဒေါသတကြီး အော်လိုက်သည်။

"ဟေ့… ဘာလဲကွ၊ မင်းတို့ကို ငါ ဘယ်လို အမိန့်ပေးထားသလဲ"

ဘယ်သူ့ဆီကမှ ဖြေသံ ထွက်မလာ။

တံခါးဝတွင် လူတွေ အများကြီး ရပ်နေသည်။ လူတချို့က လူတယောက်ကို နောက်ဘက်သို့ တွန်းထုတ်နေသည်။

"ဟေ့… ဘာလဲကွ"

ပေါ်ဖီရီက ထပ်မေးလိုက်သည်။

သည်တော့မှ ရဲတယောက် ဖြေသည်။

"ကျွန်တော်တို့ အချုပ်ထဲက နီကိုလေကို ခေါ်လာခဲ့တယ် ဆရာ"

"ပြန်ခေါ်သွား။ သူက ဘာမှ အရေးမကြီးဘူး။ စောင့်ခိုင်းထား။ ဘာလို့ မင်းတို့ ခေါ်လာခဲ့တာလဲ။ အဓိပ္ပာယ်မရှိ"

စောစောက ရဲအသံ ပြန်ထွက်လာသည်။

"ဒီလိုပါ ဆရာ။ သူ… သူက…"

သူ စကားပြတ်သွားတော့ နောက်က တိုးလိုက်သဖြင့် ဖြူဖပ်ဖြူရော် လူတယောက် အခန်းထဲ ရောက်လာသည်။

သူ့ပုံသဏ္ဍာန်က မြင်မြင်ချင်း အလွန်အမင်း ထူးခြားသည်။ ထူးဆန်းသည်။ သူက ပေါ်ဖီရီရှေ့တည့်တည့်တွင် လာရပ်သည်။ သို့သော် သူ ဘာမှ မြင်ပုံမရ။ သို့သော် သူ့မျက်လုံး တွေက တခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပုံ။ မျက်နှာက လူသေအလောင်းတခု ၏ မျက်နှာမျိုး။ သူ လျှောက်လာပုံက ကြိုးစင်ဆီ သွားနေသည့် ခြေလှမ်းများနှင့် တူနေ၏။ ဖြူဖွေးနေသည့် နှုတ်ခမ်းများက မသိမသာ တုန်နေသည်။

အရပ်က မနိမ့်မမြင့်။ အလုပ်သမားတယောက်၏ အဝတ်အစားများနှင့်။ အသက် ငယ်ငယ်၊ ကိုယ်လုံးသွယ်သွယ်၊ ဆံပင်ခပ်တိုတို ညှပ်ထားသည်။ သူ့ကို အခန်းထဲ ဆွဲခေါ်လာသူ ထောင်ကြပ်တယောက်က သူ့ပခုံးကို ကိုင်ထားသည်။ နီကိုလေက သူ့လက်မောင်း ကို ပုတ်ချလိုက်သည်။

အခန်းဝတွင် စုဝေးနေသူများက သိချင်ဇောဖြင့် ဝိုင်းကြည့်နေကြသည်။ အချို့က အခန်းထဲဝင်ဖို့ ကြိုးစားနေကြသည်။ အားလုံး တပြိုင်တည်း ရုတ်ခြည်းဖြစ်ခြင်း။

“ထွက်သွားကြ၊ ထွက်သွားကြ။ မင်းတို့ ငါခေါ်မှ လာရမှာ မဟုတ်လား။ ဘာပြုလို့ သူ့ကို အစောကြီး ခေါ်လာရတာလဲ”

ပေါ်ဖီရီစိတ်ပျက်လက်ပျက်ပြောလိုက်သည်။
အလွန်အမင်းစိတ်အနှောင့်အယှက် ဖြစ်သွားပုံ။

ထိုစဉ် နီကိုလေက သူ့ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။

“ဟော့… အဲဒါ ဘာလုပ်တာလဲ"

ပေါ်ဖီရီ အလန့်တကြား အော်မေးလိုက်သည်။

“အပြစ်ရှိတဲ့လူက ကျွန်တော်ပါ ဆရာ။ ကျွန်တော်က လူသတ်သမားပါ"

နီကိုလေက ရှင်းရှင်းလင်းလင်း ပြောလိုက်ခြင်း ဖြစ်သည်။ အသက်မရှူဘဲ တဆက်တည်း ပြောလိုက်သော်လည်း သူ့လေသံက တိကျပြတ်သားသည်။ ကျယ်ကျယ်လောင်လောင် အော်ပြောခြင်း ဖြစ်သည်။

ဆယ်စက္ကန့်မျှ အားလုံး ကြက်သေ သေသွားကြသည်။ တရားခံကို ဆွဲခေါ်လာသည့် ထောင်ကြပ်ပင်လျှင် နောက်တွန့်သွားပြီး ဘာလုပ်ရမှန်း မသိသလို ငိုင်သွားသည်။

ခဏနေမှ သတိပြန်ဝင်လာသလို ပေါ်ဖီရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“ဘာ… ဘာ… မင်း ဘာပြောတယ်”

“ကျွန်တော် တရားခံပါ ဆရာ။ ကျွန်တော် လူသတ်သမားပါ”

နီကိုလေက ခဏဆိုင်းပြီး ပြန်ဖြေသည်။

“ဘာ… ဘာကွ၊ မင်းက ဘယ်သူ့ကို သတ်တာလဲ”

ပေါ်ဖီရီ ဘာမှ နားမလည်သလို ပြန်မေးသည်။ နီကိုလေ ခဏ ငြိမ်သွားသည်။

“အလျိုနာ အီဗန်နိုဗာနဲ့ သူ့ညီမ လီဇာဗီတာ အီဗန်နိုဗာကို သတ်တာ ကျွန်တော်ပါ ပုဆိန်နဲ့ ခုတ်သတ်တာပါ။ အဲဒီအချိန်မှာ ကျွန်တော့်စိတ်တွေ မိုးမှောင်ကျနေပါတယ်”

ပြောပြီး သူ ငြိမ်သွားသည်။ ဒူးထောက်လျက်က မထ။ ပေါ်ဖီရီ တွေပြီး စဉ်းစား နေသည်။ ပြီးမှ စောင့်ကြည့်နေသည့် လူတွေကို လက်ဖွေ့ပြပြီး မောင်းထုတ်သည်။ ချက်ချင်း အားလုံး ကြွက်ပျောက် ငှက်ပျောက် ပျောက်သွားကြပြီး တံခါးပိတ်သွားသည်။

သည်တော့မှ အခန်းထောင့်တွင် ရပ်နေသော ရပ်စ်ကိုလ်နီကော့ဗ်ကို သူ လှမ်းကြည့်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က နီကိုလေကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။ ပေါ်ဖီရီက နီကိုလေကို ဒေါသတကြီး ပစ်ဟောက်တော့သည်။

“မင်းကိုငါ တခွန်းမှ မမေးသေးဘဲနဲ့ ဘာလို့လျှောက်ပြောနေတာလဲ။ ကဲ… ဆက်ပြော၊ သူတို့ကို မင်း သတ်တယ် ဟုတ်လား”

“ဟုတ်ကဲ့၊ ကျွန်တော် လူသတ်သမားပါ။ ကျွန်တော့်မှာ အထောက်အထားတွေ ရှိပါတယ်”

“မင်း ဘာလက်နက်နဲ့ သတ်တာလဲ”

“ပုဆိန်နဲ့ပါ။ ကျွန်တော် အသင့်ဆောင်သွားတဲ့ ပုဆိန်နဲ့ပါ”

“ဟုတ်လား၊ သူတယောက်တည်းလား။ အလောတကြီးလား”

သူ့မေးခွန်းကို နီကိုလေ နားမလည်။

“မင်း တယောက်တည်းလား”

“ဟုတ်ပါတယ်။ ကျွန်တော် တယောက်တည်းပါ။ မစ်ကာ မပါပါဘူး။ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး”

“မစ်ကာ့အကြောင်း မင်း ဘာမှ မပြောနဲ့ဦး။ မင်းတို့နှစ်ယောက် ဘယ်လို ပြေးဆင်း သွားလဲ။ တံခါးမှူးတွေက မြင်တယ်နော်”

“သူတို့ကို ကျွန်တော် မျက်လှည့်ပြလိုက်တာပါ။ မစ်ကာ့နောက်ကို ကျွန်တော် ပြေးလိုက်သွားတယ်”

နီကိုလေက ပြောဖို့ အသင့်ပြင်ထားသလို ခပ်လောလော ဖြေသည်။ ပေါ်ဖီရီက ဒေါသတကြီး အော်ပြောသည်။ "ငါ သိတယ်။ သူပြောနေတာ သူ့ကိုယ်ပိုင် ဇာတ်လမ်း မဟုတ်ဘူး" သူ့ဘာသာသူ ပြောသလို ပြောနေသည်။ ပြီးတော့ ရပ်စ်ကိုလ်နီကော့ဗ်ကို လှမ်း ကြည့်လိုက်သည်။

နီကိုလေကို အာရုံစိုက်နေရသဖြင့် ရပ်စ်ကိုလ်နီကော့ဗ်ကို သူ ခဏ မေ့နေသည်။ ရပ်စ်ကိုလ်နီကော့ဗ် ကျောချမ်းသွား၏။

"သူငယ်ချင်း ရော့ဒီယွန်၊ ကိုယ့်ကို ခွင့်လွှတ်ပါကွာ... နော်။ ကိုရင် သွားနိုင်ပါပြီ။ ဆက်နေလို့လည်း ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး။ တော်တော် အံ့သြစရာကောင်းတဲ့ အဖြစ်ပဲ။ ဂွဒ်ဘိုင်"

သူ့အနား ရောက်လာပြီး ပေါ်ဖီရီက လက်မောင်းကိုဆွဲကာ အပေါက်ဝသို့လိုက်ပို့သည်။ ရပ်စ်ကိုလ်နီကော့ဗ်က အဖြစ်အပျက်ကြောင့် ဣန္ဒြေပျက်လောက်အောင် ဖြစ် မသွားသော်လည်း ဟန်ကိုယ့်ဖို့ မနည်းလုပ်ထားရ၏။

"ကိုရင်လည်း လုံးဝ မျှော်လင့်မထားဘူး မဟုတ်လား။ ကြည့်စမ်း၊ ကိုရင့် လက်တွေ တုန်နေတယ်"

"ခင်ဗျား လက်တွေလည်း တုန်နေတာပါပဲ ပေါ်ဖီရီ"

"ဟုတ်တယ်၊ ဟုတ်တယ်။ ကိုယ်လည်း လုံးဝ မျှော်လင့်မထားဘူးလေ"

တံခါးဝသို့ သူတို့နှစ်ယောက် ရောက်လာကြပြီး ပေါ်ဖီရီက ရပ်စ်ကိုလ်နီကော့ဗ်ကို ပြန်လွှတ်ရမှာ စိတ်မသက်မသာ ဖြစ်နေ၏။

"ဒါဆို ခင်ဗျားပြမယ် ဆိုတဲ့ အံ့သြစရာကလေးကို ကျွန်တော် မမြင်ရတော့ဘူးလား"

ရပ်စ်ကိုလ်နီကော့ဗ်က သရော်သံစွက်၍ ကောက်ကာငင်ကာ မေးလိုက်သည်။ "ကိုရင်က တော်တော် နောက်တတ်တာပဲ။ ချမ်းနေလို့လား။ သွားချင်းရိုက်နေတယ်။ လာလည်ဦးကွာ၊ ပြန်တွေ့ချင်သေးတယ်"

"ကဲ... သွားဦးမယ်ဗျာ၊ ဂွဒ်ဘိုင်"

"ဘုရားသခင့် အလိုတော်အတိုင်းပေါ့ ရော့ဒီယွန်"

ပေါ်ဖီရီက ပြုံးရင်း ပြန်ပြောသည်။ သူ့အပြုံးက သိပ်မပီပြင်။ ရုံးခန်းကို ဖြတ်လျှောက် တော့ လူတွေ သူ့ကို ဝိုင်းကြည့်နေကြကြောင်း ရပ်စ်ကိုလ်နီကော့ဗ်

သတိထားမိသည်။ သူတို့အထဲတွင် ဟိုအိမ်ကြီးမှ တိုက်စောင့်နှစ်ယောက် ကို ရပ်စ်ကိုလ်နီကော့ဗ် သတိထား လိုက်မိသည်။ ဟိုညက ရဲစခန်းသွားဖို့ သူ စိန်ခေါ်လိုက်သည့် လူနှစ်ယောက်။ တစုံတခုအတွက် သူတို့ စောင့်နေပုံရသည်။

လှေကားထဲ ရောက်သည်နှင့် နောက်မှာ ပေါ်ဖီရီ လှမ်းခေါ်သံ ကြားလိုက်သည်။ လှည့်ကြည့်လိုက်တော့ သူ့ဆီသို့ အပြေးအလွှား လိုက်လာနေသော သူ့ကို တွေ့ရ၏။

“တခု သတိရလို့ ကိုရင်ရဲ၊ အရာအားလုံးကတော့ ဘုရားသခင့် အလိုတော်အတိုင်း ချည်းပါပဲလေ။ ဒါပေမဲ့ ထုံးတမ်းစဉ်လာအရ ကိုရင့်ကို မေးစရာလေး တခွန်းနှစ်ခွန်းတော့ ကျန်နေသေးတယ်။ ဒါကြောင့် မကြာခင် ပြန်ဆုံကြသေးတာပေါ့’

ပေါ်ဖီရီက သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်ပြီး ပြုံးနေသည်။

“အချိန်ရတဲ့ အခါပေါ့” ဟု သူက ထပ်ပြောသည်။

ပြောချင်သည့် စကား ကျန်နေပြီး ရုတ်တရက် ပြောမထွက် ဖြစ်နေပုံရသည်။

“အေးဗျာ၊ကျွန်တော်ကလည်း ခင်ဗျားကိုတောင်းပန်ပါတယ် ပေါ်ဖီရီပီထရိုဗစ်ချ်။ ကျွန်တော် စိတ်မထိန်းနိုင်ဘဲ ပြောမိတာတွေအတွက်လေ”

ရပ်စ်ကိုလ်နီကော့ဗ် တယောက် ပေါ့ပေါ့ပါးပါး ဖြစ်နေပြီ။ သည်အကြောင်း ထုတ် မပြောဖို့ မတတ်နိုင်ဘဲ ဖြစ်နေသည်။

ပေါ်ဖီရီကလည်း ခပ်ရွှင်ရွှင် ပြန်ပြောသည်။

“ကိစ္စ မရှိဘူး၊ ကိစ္စ မရှိပါဘူး။ ကိုယ့်ဘက်လည်း အတူတူပါပဲ။ ကိုယ်ကလည်း ရိတတ်တာကိုး။ ကိုရင့်ကို ဆွပေးသလို ဖြစ်ဖြစ်သွားတယ်။ အဲဒါ ဝန်ခံပါတယ်။ ပြန်ဆုံဦး မယ်နော်”

“နောက်ဆုံးမှာ ကျွန်တော်တို့နှစ်ယောက် ပြေလည်သွားတဲ့အတွက် ဝမ်းသာပါ တယ်ဗျာ”

“ဒါပေါ့၊ ဝမ်းသာစရာပေါ့”

ပေါ်ဖီရီက ထောက်ခံစကား ပြောရင်း မျက်လုံးမှေးကာ သူ့ကို အလေးအနက် ကြည့်နေသည်။ ပြီးမှ မေးသည်။

“ဒါဆို မွေးနေ့ပွဲ သွားတော့မယ်ပေါ့”

“အသုဘပို့မှာပါ”

“ဩော်... အင်း၊ ဟုတ်သားပဲ။ ကျန်းမာရေးတော့ ဂရုစိုက်ပါ ကိုရင်ရာ’

“ခင်ဗျားကို ဘယ်လို ဆုတောင်းစကား ပြန်ပြောရမယ် ဆိုတာ ကျွန်တော် မသိဖြစ်နေတယ်”

ပြောပြီး လှေကားထစ်များကို နင်းဆင်းလာပြီးမှ သမင်လည်ပြန်လှည့်ကာ-

“ခင်ဗျားလုပ်ငန်းမှာ အောင်မြင်ပါစေဗျာ။ ခင်ဗျား လုပ်နေရတဲ့ အလုပ်က ရယ်စရာ တော့ ကောင်းတယ်နော်”

ပေါ်ဖီရီက ပြန်လှည့်မည်လုပ်ပြီးမှ-

“ဘယ်လို ရယ်စရာကောင်းတာလဲဗျ၊ ဆိုပါဦး”

“ဒီလိုလေ။ နီကိုလေဆိုတဲ့ သနားစရာ ချာတိတ်ကို သူ ဝန်ခံချက်ပေးတဲ့အထိစိတ်ပိုင်းဆိုင်ရာ နှိပ်စက်နည်းနဲ့ ခင်ဗျား နှိပ်စက်ခဲ့လိမ့်မယ်။ နေ့ရော ညပါ ခင်ဗျား သက်သေ အထောက်အထား မရရအောင် ခင်ဗျား သူ့ကို မေးမယ်၊ စစ်မယ်။ ‘မင်းဟာ လူသတ်သမား၊ မင်းဟာ လူသတ်သမား...’ ဆိုပြီး ဝန်ခံချက် မရရအောင် လုပ်မယ်။ အမဲဖျက်သလို ဖျက် မယ်။ ပြီးတော့မှ ‘မင်း ညာနေတာ၊ လိမ်နေတာ၊ မင်း သတ်တာ မဟုတ်ဘူး။ မင်းသတ်တယ် ဆိုတာ မဖြစ်နိုင်ဘူး။ မင်း ပြောနေတာတွေဟာ မင်းရဲ့ ကိုယ်ပိုင်စကားလုံးတွေ မဟုတ်ဘူး’ လို့ လုပ်ဦးမယ်။ ဒါထက် ရယ်စရာကောင်းတဲ့အလုပ် ဘယ်မှာ ရှိမလဲ”

“ဟဲ.. ဟဲ။ နီကိုလေကို ‘ဒါ မင်းကိုယ်ပိုင်ဇာတ်လမ်း မဟုတ်ဘူး” လို့ ပြောလိုက် တာ ကိုရင် သတိထားမိလိုက်တယ်ပေါ့”

“မထားမိဘဲ ဘယ်နေမလဲဗျာ”

“တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်။ အားလုံးကို ကိုရင် အသေးစိတ် မြင်တတ် ပါပေရဲ့။ ရယ်စရာကိုလည်း ကြံဖန်တွေးတတ်ပါပေတယ်။ အဲဒီစရိုက်မျိုး **ဂိုးဂိုလ်**[44] မှာပဲ ရှိတယ် ကြားဖူးတယ်”

“ဟုတ်တယ်၊ ဂိုးဂိုလ်လိုပေါ့။ ပြန်တွေ့ကြသေးတာပေါ့ဗျာ”

“ပြန်တွေ့တာပေါ့ ကိုရင်ရယ်'

ရပ်စ်ကိုလ်နီကော့ဗ်က အိမ်ကို တန်းပြန်လာခဲ့သည်။ စိတ်ရှုပ်ထွေး

နောက်ကျူ နေသည်။ ဆိုဖာဟောင်းကြီးပေါ်သို့ ပစ်လှဲချလိုက်သည်။ ဆယ့်ငါးမိနစ်လုံးလုံး ပျံ့လွင့်နေ သော အတွေးများကို စုစည်းဖို့ ကြိုးစားသည်။ နီကိုလေအကြောင်းတော့ ထည့်မစဉ်းစားမိ။ သည်ကိစ္စက အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေသည်။ သူ ဖြောင့်ချက်ပေးပုံ ပေးနည်းက ဘယ်လို အဓိပ္ပာယ် ကောက်ရမှန်းမသိ ဖြစ်နေ၏။ ဘယ်လိုမှ နားမလည်နိုင်။ သို့သော် သူက တကယ် အစစ်အမှန် ဖြောင့်ချက်ပေးနေခြင်း ဖြစ်သည်။ သည်ကိစ္စ၏ အကျိုးသက်ရောက်မှုက ပြေးကြည့်စရာ မလိုပါ။ တချိန်ချိန်မှာ နီကိုလေ လိမ်လည် ထွက်ဆိုခဲ့ကြောင်း မပေါ်ဘဲ နေမည် မဟုတ်ပါ။ သည်အခါ သူတို့တတွေ သူ့ဘက်ကို မြားဦး ပြန်လှည့်လာကြလိမ့်မည်။ သည်မတိုင်မီတော့ လွတ်လပ်နေလိမ့်မည်။ သည်အချိန်ကလေးတွင် ကိုယ့်အတွက် တခုခု လုပ်ထားမှ ဖြစ်မည်။ အန္တရာယ်က ကျောနားတွင် ကပ်နေသည် မဟုတ်လား။

ဘယ်လောက်နီးနီး ကပ်နေခြင်းလဲ။ သူ့အခြေအနေမှန်သည် တဖြည်းဖြည်း ကြည်လင် ပြတ်သားလာသည်။ ပေါ်ဖီရီနှင့် တွေ့ဆုံခန်းကို အသေးစိတ် ပြန်မြင်လာသည်။ ကျောထဲ စိမ့်သွားသည်။ ထိတ်လန့်တုန်လှုပ်ဖွယ် အတိပါလား။ သူ ဘာကို ဦးတည်နေသည် ကိုတော့ မသိတာ အမှန်။ သေချာတာတခုကိုတော့ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ရိပ်မိသည်။ သူ မြားဦးလှည့်ထားသည်မှာ မိမိဆီသို့ ဟူသည့် အချက်။ သူ တဆင့် တက်လာလျှင် သူ့ထောင်ချောက်ထဲသို့ သက်ဆင်းရတော့မည် ဖြစ်ကြောင်း သိနေ၏။ သူ့မှာ အထောက် အထား အပြည့်အစုံ မရှိသေး၍ ခံသာသွားခြင်း ဖြစ်သည်။

သူ ပြမည်ဆိုသည့် အံ့ဩစရာ အထူးအဆန်းကလေး ဆိုတာ ဘာလဲ။ သူ တခုခု ကို မျှော်လင့်နေသေးတာလား။ မြှုပ်ကွက် ဘာတွေ ရှိသေးလဲ။ သူ့မှာ လက်နက်ပုန်းတွေ ရှိသေးလား။ သက်သက် ကလိတာလား။ နောက်တာလား။ ဒါမှမဟုတ် အထောက်အထား တခုခု သူ ရထားပြီလား။ မနေ့က ဧည့်သည်နဲ့ သူနဲ့ အဆက်အသွယ် ရှိသလား။ အဲဒီပုဂ္ဂိုလ် ဒီနေ့ ဘယ်ရောက်နေသလဲ။

ဆိုဖာပေါ်မှ ထထိုင်သည်။ ဒူးပေါ်လက်ထောက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက် ပေါ်မှောက်ချလိုက်သည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ကတုန်ကယင် ဖြစ်နေသည်။ နောက်ဆုံး မှ ထထိုင်ပြီး ဦးထုပ်ကို ကောက်ကိုင်လိုက်သည်။ ခဏ ထိုင်စဉ်းစားပြီးမှ တံခါးပေါက်ဆီသို့ ထလျှောက်သွားသည်။ စိတ်တွေ လေးနေ၏။ နိမိတ်ဆိုးတမျိုးမျိုး ကျရောက်လာမည်ကို ကြိုသိနေသည့်အလား။ ကက်တာရီးနာအီဗန်နိုဗာ အိမ်ကို သွားဖို့ သတိရတော့မှ လှုပ်လှုပ် ရှားရှား ဖြစ်သွားသည်။ ပျော်သလိုလိုပင် ဖြစ်လာသည်။ အသုဘပို့ဖို့ နောက်ကျနေပြီ။ သို့သော် ညစာဝိုင်းကိုတော့ မီနိုင်သေးသည်။ အင်း... ဆွန်ညာနှင့် ပြန်ဆုံရဦးမှာပါလား။

ညှိုးနေသော မျက်နှာတွင် အပြုံးရိပ် သဲ့သဲ့ ထင်လာသည်။

အင်း... ဒီနေ့... ဒီနေ့... ဒီနေ့ ဖြစ်ရမယ်ဟု မရေမရာ တွေးလိုက်မိ၏။

တံခါးကို တွန်းဖွင့်မည့်ဆဲဆဲတွင် တံခါးရွက် သူ့အလိုလို ပွင့်သွားသည်။ သူ လန့်ပြီး တုန်တုန်ယင်ယင်ဖြင့် နောက်ဆုတ်လိုက်သည်။ အသံမပြည်ဘဲ တံခါး ဖြည်းဖြည်းချင်း ပွင့်သွားသည်။ ပြီးတော့ လူတယောက်၏ သဏ္ဌာန် ပေါ်လာသည်။ ဟင်... မနေ့က တွေ့ခဲ့သည့် လူပါလား။ မြေကြီးထဲက ထွက်လာသည့် လူ။

သူက ရပ်စ်ကိုလ်နီကော့ဗ်ကို တံခါးဝတွင် ရပ်ပြီး ငြိမ်သက်စွာ စောင့်ကြည့်နေသည်။ ပြီးမှ အခန်းထဲသို့ လှမ်း ဝင်လာသည်။ မနေ့က တွေ့ခဲ့သည့် လူ။ မနေ့က ပုံစံအတိုင်းပင်။ မနေ့က အဝတ်အစား အတိုင်းပင်။ သို့သော် မနေ့က မျက်နှာအမူအရာမျိုး မဟုတ်တော့။ လုံးဝ ပြောင်းလဲသွားသည်။ ကြေကွဲဝမ်းနည်းနေသည့် ပုံမျိုး။ ခဏာ တွေရပ်နေပြီး သူ သက်ပြင်း ရှည်ကြီးတချက် ချသည်။

ကြက်သေ သေနေရာမှ ရပ်စ်ကိုလ်နီကော့ဗ် မေးလိုက်သည်။

"ခင်ဗျား ဘာလိုချင်လို့လဲ"

သူက ကြမ်းပြင်နှင့် ထိလုမတတ် ဦးညွှတ်လိုက်၏။

"ဘာလဲဗျ၊ ဘာအဓိပ္ပာယ်လဲ"

ရပ်စ်ကိုလ်နီကော့ဗ် ထပ်မေးသည်။ သူ တိုးတိုး ဖြေသည်။

"ကျွန်တော့်မှာ အပြစ် ရှိပါတယ်"

"ဘာအပြစ်လဲ"

"အတွေးမှားတဲ့ အပြစ်ပါ"

နှစ်ယောက်သား ရပ်ပြီး တယောက်မျက်နှာ တယောက် စိုက်ကြည့်နေကြသည်။

"အဲဒီနေ့က တိုက်စောင့်တွေကိုရဲစခန်းသွားဖို့ခင်ဗျား စိန်ခေါ်တော့ သူတို့က ခင်ဗျား မူးနေတယ် ထင်ကြတာ။ ကျွန်တော်ကတော့ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားတယ်။ ပြီးတော့ သွေးအကြောင်းလည်း ပြောသေးတယ်။ အဲဒီညမှာ ကျွန်တော် အိပ်လို့ မပျော်တော့ဘူး။ မနေ့ ကတော့ ခင်ဗျား အိမ်လိပ်စာကို သတိရတာနဲ့ ကျွန်တော်တို့ လာရှာကြသေးတယ်"

“ဘယ်သူတွေနဲ့ လာရှာတာလဲ”

ရပ်စ်ကိုလ်နီကော့ဗ် တဖြည်းဖြည်း သတိရလာသည်။

“ခင်ဗျားအပေါ် ကျွန်တော် အထင်မှားခဲ့မိပါတယ်”

“ခင်ဗျား ဟိုအိမ်ကြီးက လာခဲ့တာလား”

“ခင်ဗျား မမှတ်မိဘူးလား။ ဝင်းတံခါးဝမှာ ရပ်နေတဲ့ လူအုပ်ထဲ ကျွန်တော် ပါတယ် လေ။ အဲဒီတိုက်ကြီးမှာ ကျွန်တော်တို့ သားရေလုပ်ငန်း လုပ်နေတာ နှစ်ပေါင်းများစွာ ကြာပြီ။ အိမ်ယူလုပ်တဲ့ အခါလည်း လုပ်တယ်။ ကျွန်တော့် စိတ်ထဲ ကြိတ်မနိုင် ခဲမရ ဖြစ်နေခဲ့တယ်”

ခုမှ မနေ့တနေ့ကအကြောင်း ရပ်စ်ကိုလ်နီကော့ဗ် ပြန်မြင်လာသည်။ ခြံတံခါးဝတွင် တိုက်စောင့်များအပြင် လူတွေအများကြီး စုဝေးနေကြသည့် မြင်ကွင်း။ သူ့ကို ရဲစခန်း သွားပို့ဖို့ လှမ်းပြောသည့် အသံတသံကို သတိရလာသည်။ ဘယ်သူဘယ်ဝါ ပြောမှန်းတော့ မသိ။ အသံလာရာဘက် လှည့်ပြီး တခုခု ပြန်ပြောဖြစ်သည်ကိုတော့ မှတ်မိနေ၏။

အင်း… ဒါဆိုရင်တော့ မနေ့က သည်းထိတ်ဖို ဇာတ်လမ်း ရှင်းသွားပြီပေါ့။ စိတ်ထဲ တွင် သွားပြီဟု ထင်လိုက်၏။ ဒါဆို သည်ပုဂ္ဂိုလ်ဆီမှ အခန်းငှားဖို့ လိုက်ရှာသည့် အကြောင်း နှင့် သွေးကွက်အကြောင်းမှ လွဲပြီး သူတို့ ဘာမှ သိရမည်မဟုတ်။ ဒါဆို ပေါ်ဖီရီသည်လည်း မိမိ ငန်းဖမ်းလောက်အောင် ဖျားနေသည့်အကြောင်းနှင့် ဘာမှ မရေရာသည့် စိတ်ပညာ သဘောတရားတွေမှ လွဲပြီး ဘာမှ သိလိမ့်မည် မဟုတ်။ သည်တော့ သူတို့ ဘာလုပ်နိုင်မည်လဲ။ ဖမ်းပြီး ဘယ်ပုဒ်မနဲ့ စွဲမလဲ။ လက်စသတ်တော့ ပေါ်ဖီရီက မိမိ အခန်းရှာသည် ဆိုသည့်ကိစ္စ ကို ခုမှ သိတာပဲ။ စောစောပိုင်းက သိတာမှ မဟုတ်ဘဲ။

“အဲဒီကို ကျွန်တော် ရောက်လာတဲ့ အကြောင်း ပေါ်ဖီရီကို ပြောတာ ခင်ဗျားပေါ့… ဟုတ်လား”

ခေါင်းထဲ ပေါ်လာသည့် အတွေးကြောင့် ဖျတ်ခနဲ ကောက်မေးလိုက်သည်။

“ဗျာ… ဘယ်က ပေါ်ဖီရီလဲ”

“ထောက်လှမ်းရေး ရဲအရာရှိလေ”

“ဟုတ်တယ်၊ တိုက်စောင့်တွေက ဘယ်သူမှ ရဲနဲ့ မပတ်သက်ချင်ကြဘူး၊ ဒါနဲ့ ကျုပ် သွားပြောတာ”

"ဒီနေ့လား"

"ခင်ဗျားထက် ကျုပ်က နှစ်မိနစ်ပဲ စောတယ်။ သူ ခင်ဗျားကို စိတ်ညစ်အောင် လုပ်နေတာတွေ ကျုပ် အကုန် ကြားတယ်"

"ဘယ်လို ကြားတာတုံး၊ ဘယ်တုန်းကလဲ"

"ဗျာ.. ကြားတာပေါ့။ ကပ်နေတဲ့ အခန်းထဲမှာ ကျွန်တော် ရှိနေတာပဲ။ တချိန်လုံး ထိုင်နေတာ"

"ဘယ်လို... ဘာပြောတယ်။ ဒါဆို အံ့ဩစရာလေး ပြစရာ ရှိတယ် ဆိုတာ ခင်ဗျား ပေါ့၊ ဟုတ်လား။ ဘယ်လို ဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"ဒီလိုပါ၊ တိုက်စောင့်တွေက ကျွန်တော် ပြောတာ ဘယ်သူမှ နားမဝင်ဘူး" ဟု အစချီပြီး သားရေနယ်သမားက ဇာတ်ကြောင်း ပြန်ပြသည်။

"သူတို့က ပြောတယ်။ နောက်ကျသွားပြီတဲ့။ ခုမှ လာပြောရသလား ဆိုပြီး ရဲက တမျိုး ထင်သွားမယ်တဲ့။ မျက်နှာ မရဘဲ အထောင်းခံနေရဦးမယ်တဲ့။ ကျုပ်က စိတ်ထဲ တမျိုးကြီး ဖြစ်ပြီး အိပ်မရဘူး။ လျှောက်တွေးကြည့်နေတာပေါ့။ မနေ့ကမှ စေ့စေ့တွေးပြီး ရေးရေးပေါ် လာတာနဲ့ ဒီနေ့ ရဲစခန်းကို သွားခဲ့တာ။ ပထမ သူ့ကို မတွေ့ဘူး၊ နောက် တနာရီမှာ ပြန်လာ တော့ သူက အလုပ်မအားဘူး၊ နောက်ဆုံးတခေါက်ကျမှ သူ့ကို တွေ့ခွင့်ရတာ။ ကျုပ် ကြားသမျှ မြင်သမျှ ထင်သမျှ အားလုံး ပြောပြတော့ သူက ရင်ဘတ်ကို ထုပြီး အော်ပြောတော့တာပဲ။ 'သေချင်းဆိုးတွေ၊ ဘာလို့ စောစော လာမပြောလဲ၊ စောစောသိရင် သူ့ကို စောစော ဖမ်းလိုက် မှာပေါ့' တဲ့။

"ပြောပြီး အခန်းပြင်ဘက် ပြေးထွက်သွားတယ်။ တယောက်ယောက်ကို အော်ခေါ်တယ်။ အခန်းထောင့်မှာ သူတို့ တီးတိုး တီးတိုး လုပ်ကြတယ်။ ပြီးတော့မှ ကျုပ်ဘက် လှည့်ပြီး ဆူပူကြိမ်းမောင်းပြန်ရော။ ကျုပ်လည်း အားလုံး အိတ်သွန်ဖာမှောက် ပြောပြလိုက်တယ်။ မနေ့က ခင်ဗျား ကျုပ်ကို မမှတ်မိတဲ့အကြောင်း၊ စကားတခွန်းမှ ပြန်မပြောတဲ့ အကြောင်း တွေပါ ပြောပြလိုက်တယ်။ အဲဒီမှာ ရင်ဘတ်စည်တီးလုပ်ပြီး အခန်းထဲမှာ ဟိုလျှောက် ဒီလျှောက် လုပ်နေပြန်ရော။ ကြာလေ သူ ဒေါသူပုန်ထလေ ဖြစ်လာပြီး ခင်ဗျားလည်း ရောက်လာရော သူက ကျုပ်ကို ဟိုဘက်အခန်းထဲမှာ သွားနေပေးဖို့ ပြောတယ်။

"အဲဒီမှာ ငြိမ်ငြိမ်လေး ထိုင်နေ၊ မလှုပ်နဲ့လို့ ပြောပြီး ကုလားထိုင် တလုံးပေါ်မှာ ထိုင်ခိုင်းတယ်။ "မင်း ဘာကြားကြား မလှုပ်ရဘူး၊ လိုအပ်ရင် မင်းကို

ခေါ်ချင် ခေါ်မယ်” လို့ ပြောပြီး တံခါးသော့ခတ်လိုက်တယ်။ နီကိုလေကို သူ ခေါ်လည်း လာရော ကျုပ်ကို သူ အခန်းတံခါး ဖွင့်ပေးလိုက်တယ်။ အဲဒါ ခင်ဗျား ထွက်သွားသွားချင်းပဲ။ နောက်ထပ် မှာလိုက် သေးတယ်။ “မင်းကို နောက်ထပ် မေးစရာ ရှိကောင်း ရှိမယ်၊ လိုရင် ငါ ထပ်ခေါ်မယ်တဲ့”

“ခင်ဗျားရှေ့မှာ နီကိုလေကို သူ ဘာတွေ မေးသေးလဲ”

သားရေနယ်သမားက ဘာမှ မပြောဘဲ ထပ်ပြီး ဦးညွှတ်နေပြန်သည်။

“ခင်ဗျားအခန်းထဲကထွက်သွားပြီးတာနဲ့
ကျွန်တော့်ကိုလည်းမောင်းထုတ်လိုက် တာပဲ။ ပြီးတော့မှ နီကိုလေကို စစ်တာ’

သူက ကြမ်းပြင်နှင့် ထိလုမတတ် ဦးညွှတ်ပြန်သည်။

“ခင်ဗျားအပေါ် ကျုပ် ပြစ်မှားသမျှ ခွင့်လွှတ်ပါ”

ရပ်စ်ကိုလ်နီကော့ဗ် တည်ငြိမ်စွာ ဖြေသည်။

“ဘုရားသခင်က ခင်ဗျားကို ခွင့်လွှတ်မှာပါ”

သူက တခါ ထပ်ပြီး ဦးညွှတ်ပြန်သည်။ သို့သော် ကြမ်းပြင်နှင့် ထိလုမတတ် မလုပ် တော့ဘဲ ခါးအထိသာ ချိုးပြီး အခန်းထဲမှ ထွက်သွားသည်။

ရပ်စ်ကိုလ်နီကော့ဗ် တယောက်တည်း ကျန်ရစ်သည်။

အင်း... နောက်ဆုံးတော့ အဖြေ တမျိုးတည်းပါလား။

အခန်းထဲမှ ထွက်လာခဲ့သည်။ ဘယ်တုန်းကမှနှင့် မတူအောင် စိတ်တွေ ပေါ့ပါး လွတ်လပ်နေသည်။

သို့သော် တယောက်တည်း သူ့ကိုယ်သူ ပြောသလို တတွတ်တွတ် ပြောနေသည်။ ခါးသီးနာကြည်းသော အပြုံးမျိုး ပြုံးလျက်။ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေခြင်း။ ကိုယ့်ကိုယ်ကိုယ် စပ်ဆုပ်ရွံရှာသော အပြုံးမျိုး။ ငါ့လောက် သတ္တိနည်းတဲ့ ကောင်၊ သူရဲဘော ကြောင်တဲ့ ကောင် လောကကြီးမှာ ရှိနိုင်ပါဦးမလား။

※※※

အပိုင်း (၅)

(၁)

ဒွန်ညာတို့ သားအမိနှင့် တွေ့ပြီး နောက်တနေ့တွင် ပျိုတာပီထရိုဗစ်ချ် (လူဇင်) တယောက် တနုံ့နုံ့ ဖြစ်နေသည်။ မနေ့တနေ့ကအထိ ရှိခဲ့သည့် ရှိစုမဲ့စု သိက္ခာတွေ ကုန်းကောက်စရာ မရှိအောင် ကျဆင်းသွားသည့် အဖြစ်။ သူ၏ အတ္တကို မြွေဆိုးတကောင်က ဝါးမျို ကိုက်သတ် ပစ်လိုက်သည့်အလား။ အိပ်ရာမှ နိုးနိုးချင်း မှန်ထကြည့်သည်။ ဒေါသစိတ်တွေ မျက်နှာတွင် လာထင်နေသည့် အလား။ သို့သော် ထင်သလောက် မဆိုး။ သိပ်မသိသာ။ မျက်နှာမှာ ဖြူဖွေး နုပျိုနေဆဲ။ ဘာကြောင့် နောက်တယောက် မရှာနိုင်ရမည်လဲ။ အခြားတနေရာမှာပေါ့။ သူ့ထက် တော်တဲ့ မိန်းကလေးမျိုးနဲ့ တွေ့ချင်တွေ့ဦးမှာပေါ့။ တွေးရင်း ဒေါသထွက်လာပြန်သည်။ အတူနေ မိတ်ဆွေကလေး အင်ဒရေးဆေမျွန်နိုဗစ်ချ်၏ သရော်တော်တော် အပြုံးက လည်း သူ့ဒေါသကို ဆွပေးနေဘိသို့ရှိ၏။ မနေ့က ကျဆုံးခန်းနှင့် ပေါင်းလိုက်လျှင်ပင် သူ့ဒေါသ တွေ နှစ်ဆတိုးလာပြန်သည်။ သည်အကြောင်း သူ့ကို ဖွင့်ပြောမိတာ မှားလေခြင်းဟု နောင်တ ကြီးစွာ ရလျက်ရှိသည်။ စိတ်အနှောင့်အယှက် ဖြစ်စရာတွေက တမျိုးပြီးတမျိုး တိုးလာနေသည်။ သည်နေ့ တရားရုံးတွင် လျှောက်လဲချက် ပေးရမည့် အမှုကလည်း တမှောင့်။ အဆိုးဆုံး ကတော့ သူ့အခန်းပိုင်ရှင်နှင့် ဖြစ်သည့် ကိစ္စ။ မိန်းမယူပြီးလျှင် နေဖို့ အခန်းငှား၍ အကောင်းဆုံး ပြင်ဆင်သည်။ မိမိပိုက်ဆံဖြင့် စိုက်ထုတ် ပြင်ဆင်ထားခြင်း ဖြစ်သည်။ သည်ကုန်ကျစရိတ် တွေကို ဂျာမန်လူမျိုး တိုက်ခန်းပိုင်ရှင်က ပြန်အမ်းဖို့ ငြင်းဆိုသည်။ တိုက်ခန်းတွင် ဖြည့်ဆည်းဖို့ ပရိဘောဂတွေအတွက် ကုမ္ပဏီသို့ ငွေကြိုပေးထားသည်။ ပစ္စည်းတွေ မသယ်ရသေး။ ငွေပြန်တောင်းလို့ ရတော့မည် မဟုတ်။ စာချုပ်ကို ပြင်မည် မဟုတ်။

"ဒီပရိဘောဂဖိုးတွေ ဆုံးမှာစိုးလို့ ငါ မိန်းမ ထပ်ရှာရမှာလား"

အံကြိတ်ပြီးသူ့ဘာသာသူ ပြန်မေးလိုက်သည်။ အခန်းထဲတွင်ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဒါတွေအားလုံး အသေးအဖွဲတွေပါဟု သဘောထား၍ ဟန်ဆောင်ထားလိုက်သည်။

ဒွန်ညာ့အကြောင်း တဒင်္ဂစဉ်းစားမိလျှင် အသည်းတွေ တစစီ ကြွေကုန်သလို ခံစားရသည်။ တပြိုင်တည်းတွင် ရပ်စ်ကိုလ်နီကော့ဗ်ကို သတ်ချင်လာသည်။

အင်ဒရေးအခန်းဆီ လျှောက်သွားရင်း တမျိုး စဉ်းစားမိပြန်သည်။ အင်း...

သူတို့ သားအမိကို ငါ ပိုက်ဆံပေးမထားမိတာ ငါ့အမှားပဲ။ ဘာလို့ ဂျူးတယောက်လို သွားကပ်စေး နှဲမိပါလိမ့်။ သူတို့ ပြတ်လပ်နေမှ ငါ့ကို အားကိုးလာမှာလို့ တွက်မိတာ မိုက်မဲရာ ကျတာပေါ့။ သုံးဖို့စွဲဖို့ ထောင့်ငါးရာလောက် ပေးထားပြီး လက်ဝတ်ရတနာလေး၊ အဝတ်အစားလေး ဝယ်ခြမ်းပေးထားရင် သူ ငါ့ကို လွယ်လွယ် ဘယ်ငြင်းနိုင်မလဲ။ လက်ထပ်ပွဲ ပျက်သွားရင် လည်း ပိုက်ဆံတွေ၊ လက်ဝတ်လက်စားတွေ ပြန်ပေးမယ့် လူတန်းစားပဲ။ အင်း... ငါ့အပြစ်၊ ငါ့အပြစ်။ ငါ မိုက်တာ။

အံကြိတ်ပြီး သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။ ‘မင်းဟာ တကယ့်ငတုံးပဲ” သို့သော် အသံတော့ မထွက်။

အပြင်ထွက်လိုက်၊ အိမ်ပြန်လာလိုက် လုပ်နေသည်မှာ နှစ်ခါရှိပြီ။ ဒေါသအစိုင်အခဲ တွေ မပြေသေး။ ကက်တာရီးနာ အခန်းကို ဖြတ်သွားတိုင်း အသုဘာညစာအတွက် ပြင်ဆင် နေကြသည်ကိုသတိထားမိသည်။ သူ့ကိုလည်း ဖိတ်ထားသည်။သို့သော်ကိုယ့်ကိစ္စနှင့်ကိုယ် ခေါင်းမီးတောက်နေသဖြင့် မေ့မေ့လျော့လျော့ ဖြစ်နေခဲ့သည်။ စားပွဲတွေ ခင်းကျင်းနေသည့် မဒမ်လစ်ပီဗက်ရှယ်ကို မေးကြည့်တော့ ကက်တာရီးနာ သင်္ချိုင်းကို သွားနေကြောင်း သိရသည်။ တတိုက်လုံးကို ဖိတ်ထားကြောင်း၊ အလှူ့ပယ်ကျွေးမည့် အကြောင်းလည်း အမျိုးသမီး ကြီးက ပြောပြသည်။ ကက်တာရီးနာက အင်ဒရေးနှင့် ရန်ဖြစ်ထားသော်လည်း သူ့ကို ဖိတ်ထားသည်တဲ့။ အချို့အခန်းငှားများကို ကက်တာရီးနာ မသိသော်လည်း အားလုံးကို ဖိတ်ထားသည်တဲ့။ လူဇင်ကိုတော့ အထူးဧည့်သည်တော်အဖြစ် ကြွရောက်ဖို့ကက်တာရီးနာ က ဖိတ်ထားသည်။ အေမာလီယာ အီဗန်နိုဗာကိုတော့ မကြာသေးမီက ဖြစ်ခဲ့သည့် မပြေ လည်မှုကလေးများ ရှိငြားလည်း ကက်တာရီးနာက ဖိတ်ထားသည်။ အမျိုးသမီးက ဝတ်စုံနက် ဆင်မြန်းလျက် ဝမ်းပန်းတသာ ဝိုင်းကူလုပ်နေသည်။

လူဇင် သူ့အခန်းသို့ ပြန်ရောက်လာသည်။ သို့မဟုတ် အင်ဒရေးအခန်းသို့ ပြန် ရောက်လာသည်။ အတွေးပေါင်းစုံဖြင့်။ ရပ်စ်ကိုလ်နီကော့ဗ်လည်း လာမည်ဟု သူ သိထားသည်။

အင်ဒရေးတယောက် တမနက်လုံး ဘယ်မှ မထွက်ဘဲ အခန်းအောင်းနေသည်။ သူ့အပေါ် သူ့ဧည့်သည် လူကြီး သဘောထားမှာ ထူးဆန်းသည်။ သူ့ဝသီကြောင့်လည်း ဖြစ်နိုင်သည်။ သူနှင့် လာနေသည့်နေ့မှ စ၍ လူဇင်က သူ့ကို မကြည်။ တပြိုင်တည်းတွင် သူ့ကို လန့်နေပုံလည်း ရ၏။ ပီတာစဘတ်သို့ ရောက်ရောက်ချင်း လာမတည်းသေး။ သူက လူကပ်စေးနှဲ။ အကုန်အကျကို အလွန်တွက်သူ။ ဒါကြောင့် ဈေးပေါပေါနေရာ တနေရာရာ တွင် သွားနေပုံ ရသည်။ အင်ဒရေးဆေမျွန်နိုဗစ်ချ်နှင့် အတူနေဖို့မှာ သူ့အမိက

ရည်ရွယ်ချက် ဖြစ်သည်။ တချိန်က သူသည် အင်ဒရေးအား ကူညီစောင့်ရှောက်ခဲ့ဖူးသည်။ သူသည် တိုးတက်သော လူငယ်ခေါင်းဆောင်တယောက်အဖြစ် သူတို့နယ်တွင် နာမည်ကြီးခဲ့သူ ဖြစ်သည်။ သူက လူငယ်ကို အထင်ကြီးခဲ့သည်။ တပြိုင်တည်းတွင် လန့်လည်း လန့်နေ၏။ သူတို့အုပ်စုက အရိုန်အဟုန် ကောင်းကောင်းဖြင့် လှုပ်ရှားနေသူများ မဟုတ်လား။ အတွေးသစ် တခုကို တိုင်းပြည်အတွက် ဖြန့်ဖြူးနေကြသူများ မဟုတ်လား။ သူတို့ ဘာတွေ လှုပ်ရှား နေသည်၊ ဘာကို ဦးတည်နေသည်ကိုတော့ လူဇင် ကောင်းကောင်း မသိ။ ရိပ်ပင် မရိပ်မိ။ အများနည်းတူ နတ္ထိကဝါဒဟူသော ရိုးရာအစဉ်အလာ ယုံကြည်မှုအားလုံးကို ဆန့်ကျင်သည့် ဂိုဏ်းတခု စိန့်ပီတာစဘတ်တွင် ပေါ်နေသည် ဟူသည့် သတင်းလောက်သာ သဲ့သဲ့ ကြားဖူး သူဖြစ်သည်။ ပြီးတော့ အများနည်းတူ သူတို့ စကားလုံးကြီးများကို နားလည်ချင်ယောင် ဆောင်သည်။ တဆင့် ပြန်ပြောသည့်အခါ သာသာထိုးထိုး ဖြည့်ပြောသည်။ ဒါကြောင့် သူတို့ စကားလုံးများကို အတုခိုးပြီး ရပ်စ်ကိုလ်နီကော့ဗ်နှင့် တွေ့စဉ်က သူ ပြောခဲ့ခြင်းဖြစ်သည်။

အင်ဒရေးက လူဇင်၏ စိတ်နေသဘောထားကို သိသည်။ ဒွန်ညာနှင့် အသည်းကွဲခန်းကိုလည်း နားလည်ထားသည်။ လူဇင်ကလည်း ပီတာစဘတ်အသိုင်းအဝိုင်းတွင် အင်ဒရေးကို အသုံးချ လို့ ရလိမ့်မည်ဟု တွက်ထားသည်။ ခေတ်လူငယ်တွေကို သူ လန့်နေခြင်းကြောင့် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူတို့မြို့နယ်တွင် လူဇင်တယောက် တက်လမ်း ရှာနေချိန် တိုင်းသိပြည်သိ အဖြစ်အပျက် နှစ်ခု ဖြစ်ဖူးသည်။ သူ အလွန်အားကိုးသည့် ပုဂ္ဂိုလ်နှစ်ယောက်။ မြို့မျက်နှာဖုံး သူ့ကျေးဇူးရှင် နှစ်ယောက်တို့သည် သူတို့ လူငယ်တသိုက်၏ အပုပ်ချဖော်ထုတ် မှုကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသည်။ ဒုက္ခပင်လယ် ဝေခဲ့ကြရသည်။ ထို့ကြောင့် ပီတာစဘတ်သို့ ရောက်ရောက်ချင်း သူတို့အကြောင်းနှင့် သူတို့ လှုပ်ရှားမှုကို နားစွင့်နေဖို့ ဆုံးဖြတ်ထားသည်။ သူတို့ဘက်က အခြေအနေ ကောင်းနေလျှင် ‘တို့လူငယ်တွေကွ' ဟု ဘက်ပြောင်း ထောက်ခံဖို့ အသင့်ပြင်ထားသည်။

သို့သော် မကြာမတင်အတွင်း အင်ဒရေးအပေါ် သူ့အမြင်တွေ ပြောင်းလာသည်။

သည်လူငယ်ကလေးဟာ စာအုပ်တွေ အလွတ်ကျက်ပြီး စိတ်ကူးယဉ်နေတဲ့ မလောက်လေး မလောက်စား လူငယ်ကလေးဟု မြင်လာသည်။ သို့သော် အရမ်းလည်း အထင်မသေးရဲ။ သည် တိုးတက်လာသည် ဆိုသော လူငယ်တွေကို အလကားကောင်လေးတွေဟု သူ ထင်နေ လင့်ကစား သူတို့ကိုတော့ သူ ဖြုနေသည်။

နှစ်ယောက်သား စကားပြောရာတွင် အင်ဒရေးက လူဇင့်ကို အတွေးသစ် အမြင်သစ် တွေ၊ ကျမ်းကိုး ကျမ်းကားတွေနှင့် မလှုပ်နိုင်အောင် အပိုင်ပြောလေ့ရှိသည်။ သည်အရာ အားလုံးသည် သူနှင့် မဆိုင်သလို၊ သူ့အလုပ် မဟုတ်သလို လုပ်နေသည်။ သူ စိတ်ဝင်စား သည်မှာ တခုသာ ဖြစ်သည်။ ပီတာစဘတ်မှာ ဘာတွေ ဖြစ်နေပြီလဲ။ သည်လူငယ်တွေ အင်အား ကောင်းလာမှာလား၊ အာဏာရလာမှာလား။ အင်ဒရေးကို လူဇင့်အနေဖြင့် ကြောက် နေရမှာလား။ ပုဂ္ဂိုလ်ရေးအရ တွေးပူရမှာလား။

မိမိအကြောင်းတွေကို အများပြည်သူရှေ့မှာ ဖော်ထုတ်ချပြကြမှာလား။ ဘာပြုလို့လူတွေရဲ့ အပြစ်တွေကို သူတို့ဖော်ထုတ်နေကြတာလဲ။ သူတို့နှင့် မိမိ ညှိနှိုင်းလို့ မရနိုင်ဘူးလား။ သူတို့ကို မဆိုသလောက် မက်လုံးပေးပြီး ပုံမှား ရိုက်ထားလို့ မရနိုင်ဘူးလား။ ဒါမှမဟုတ် မိမိလုပ်ငန်းသည် သူတို့ဘက်တွင် အသုံးဝင်နိုင် သည့် အကြောင်း၊ ကိုယ့်ဘက် ပါအောင် မစည်းရုံးနိုင်ဘူးလား။ အချုပ်ဆိုရလျှင် သူ့တွင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရသည်။

အင်ဒရေးဆေမျွန်နိုဗစ်ချ်သည် လူဖလံကလေး ဖြစ်သည်။ သွေးအားနည်းရောဂါ ရှိသူ တယောက်လို ဖြူဖပ်ဖြူရော်လေး ဖြစ်သည်။ အဆုတ်ရောဂါသည်ကလေးနှင့် တူ၏။ ဦးခေါင်းက လူနှင့်မလိုက်အောင် ကြီးသည်။ အစိုးရအလုပ် ဝင်လုပ်ခဲ့ဖူးသည်။ နှုတ်ခမ်းမွေး နှစ်ဖက်ကို အရှည်ကြီး ထားသည်။ အစွန်းနှစ်ဖက်က ပါးပေါ်ကော့တက်နေသည်။ သူ့ရုပ်ဆင်း အင်္ဂါ ရူပကာတွင် သူ ဂုဏ်ယူဆုံးမှာ သူ့နှုတ်ခမ်းမွေး ဖြစ်သည်။ မျက်လုံးအစုံကမူ အမြဲတမ်း ရီဝေနေသည်။ သူ့ နှလုံးသားက နူးညံ့ပျော့ပျောင်းသော်လည်း သူ စကားပြောလျှင် သူ့ခန္ဓာ ကိုယ်နှင့် မလိုက်အောင် အားပါသည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိသည်။ ယုံကြည်မှု လွန်ကဲလွန်းသည်ဟုပင် ပြောနိုင်သည်။ ထိုအခါ ရယ်စရာလို ဖြစ်နေတတ်သည်။ တိုက်ခန်း ပိုင်ရှင် အေမာလီယာအီဗန်နိုဗာကမူ သူ့ကို လေးစားသည်။ သူက အသောက်အစား မရှိ။ အခန်းခ မှန်မှန်ပေးသည်။ သည်လို ကောင်းသည့် အရည်အချင်းများ ရှိသလို တခါတခါ တွင် အင်ဒရေးဆေမျွန်နိုဗစ်ချ်သည် မဆိုသလောက်တော့ ကြောင်သည်။

သူ့ကိုယ်သူ တိုးတက်သော လူငယ်အုပ်စုဝင်ဟု အမြဲတမ်း ကြွေးကြော်သည်။ “တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ' ဟု စိတ်ပါလက်ပါ အော်လေ့ ရှိသည်။ သူသည် ပေါ်ကြော့လူချမ်းသာ မိသားစုဝင်များထဲမှ တယောက်ဖြစ်ပြီး ပညာဆုံးခန်းတိုင် မသင်ရဘဲ မနူးမနပ်ဘဝဖြင့် ပေါ်ပင် အတွေးအခေါ်တွေကို လေဖမ်း ဒန်းချည်ကာ အောက်တန်းကျကျ ဘဝင်မြင့်နေသူဟု လူဇင်က ထင်သည်။

မည်သို့ဖြစ်စေ သူသည် သဘောမနောကောင်းသူ ဖြစ်သည်။ သို့စဉ်လျက် တချိန်က ကျေးဇူးရှိခဲ့ဖူးသော မိတ်ဆွေဟောင်းကြီးအပေါ် စိတ်ကုန်သည်ထက် ကုန်လာသည်။ ကောက်ကျစ်စဉ်းလဲသူ ဖြစ်ကြောင်း တဖြည်းဖြည်း မြင်လာသည်။ ပြီးတော့ အတူနေပြီး မိမိအား တိတ်တဆိတ် အထင်အမြင် သေးလာကြောင်းလည်း အင်ဒရေး သိလာသည်။

ဘယ်လိုမှ ပေါင်းလို့သင်းလို့ ရမည့် လူကြီး မဟုတ်ကြောင်း သိလာသည်။ **ဖူးရီးယား**[45] ၏ အတွေးအမြင်တွေ၊ ဒါဝင်သီအိုရီတွေကို ချဆွေးနွေးပြသည်။ လူဇင်က သရော်ပြုံးပြုံးကာ နားထောင်သည်။ နောက်ပိုင်းတွင် တရားလက်လွှတ် ဝေဖန်မှုတွေ ပြုလာသည်။ သူ့မိတ်ဆွေ ကလေးကို အထင်သေးစပြုလာသည်။ သည်သူငယ်သည် စာအုပ်ဟောင်းကြီးတွေထဲက စာကြောင်းတွေရွတ်ပြီး အောက်ခြေ လွတ်နေသူဟု ထင်သည်။ သူတို့အသိုင်းအဝိုင်းထဲမှာပင် သူ နေရာရရဲ့လားဟု သံသယဝင်လာသည်။ ကြားဖူးနားဝဖြင့် အလကား လေလုံးထွားနေ သည့် သူငယ်များလား။

သို့သော် သူနှင့်အတူနေသည့် ထိုဆယ်ရက်အတွင်း သူ့ကို အင်ဒရေးက ချီးပသည် များလည်း ရှိ၏။ **မစ်ချန်စကယာလမ်းတွင်**[46] ဘုံရိပ်သာအသစ်တခု ဖွင့်မည့်အတွက် ငွေလှူဖို့ ပြောတော့ သူက လှူမည့်အကြောင်း သဘောတူစဉ်က တခါ၊ သူတို့ လက်ထပ် ပြီးလို့ ကလေး ရလာပြီး ဒွန်ညာက ချစ်သူအသစ် တွေ့သွားလျှင်၊ ပြီးတော့ နောက်ထပ် ကလေးတွေ ရလာလျှင် ထိုကလေးများအတွက် သူ့နာမည်မခံဖို့ ပြောစဉ်က တခါ ဖြစ်၏။ ထိုနေ့တွင် ဘဏ်မှ ငွေတွေ လူဇင် ထုတ်လာသည်။ ငွေစက္ကူအထုပ်ကြီးကို စားပွဲပေါ်ချပြီး ရေနေသည်။ လက်ထဲတွင် ငွေများများ မကိုင်ဖူးသည့် အင်ဒရေးက တချက်မျှ ငုံ့မကြည့်ဘဲ အခန်းထဲတွင် လမ်းလျှောက်နေသည်။ ငွေစက္ကူတွေသည် သူ့အတွက် မက်မောစရာ မဟုတ် သည့်အပြင် စက်ဆုပ်စရာ အရာများပမာ။ လူဇင်က သူ့မိတ်ဆွေကလေးကို ကျီစယ်သည့် သဘောဖြင့် ငွေထုပ်ကြီးကို တယုတယ လုပ်ပြနေသည်။ ဤသည်မှာ သူတို့နှစ်ယောက် ၏ ခြားနားချက် ဖြစ်လေသည်။

အင်ဒရေးက လူဇင့်ကို မကြည့်ဘဲ အထူးဘုံရိပ်သာအကြောင်း အိုင်ချင်းဖွဲ့နေသည်။

လူဇင်ကငွေစက္ကူပုံကြီးနံဘေးမှာတရုတ်ပေသီးဖြင့်အလုပ်ရှုပ်နေ၏။ ပေသီး တဂျောက်ဂျောက် တွက်နေရင်း အင်ဒရေးကို ဝတ်ကျေတမ်းကျေ အင်းလိုက်လေသည်။ သူ့ကို မခံချိ မခံသာ ဖြစ်အောင် တမင်လုပ်နေခြင်း ဖြစ်၏။ သို့သော် စာနာတတ်သော အင်ဒရေးက သူ့မိတ်ဆွေကြီး ၏ စိတ်အနေကို သိထားသည်။ မနေ့က ခံခဲ့ရသည့် ဒွန်ညာ့ကိစ္စကို အစဖော်ပေးလိုက်လျှင် သူ ရင်ဖွင့်ချင်မည် မုချ။ နှစ်ယောက်သား ဆက်ဆံရေးလည်း ပို၍ အဆင်ပြေသွားမည်။

သို့သော် သူ့အတွေး မဆုံးမီ လူဇင်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ဟို အသုဘအိမ်က ညစာစားပွဲ အဓိပ္ပာယ်က ဘာတွေလဲကွ"

"ဟာ... ခင်ဗျားကလည်း၊ မနေ့က အဲဒီအကြောင်း ပြောပြီးပြီလေ။ ကျွန်တော် အဲဒီ မိရိုးဖလာ အစီအစဉ်တွေအကြောင်း စဉ်းစားနေတယ်။ ဒါထက် ခင်ဗျားကိုလည်း ဖိတ်ထားတယ်ဆို။ ခင်ဗျားနဲ့ သူနဲ့ မနေ့က စကားပြောဖြစ်ကြသေးတယ် မဟုတ်လား"

"ကိုယ်တော့ နားမလည်နိုင်ဘူးကွာ။ တော်တော်တုံးတဲ့ မိန်းမပဲ။ စားစရာမရှိဘဲနဲ့ ဟို ရပ်စ်ကိုလ်နီကော့ဗ် ဆိုတဲ့ ငတုံးပေးတဲ့ ပိုက်ဆံကို အကုန် သုံးပစ်နေတယ်။ စောစောက သူတို့အခန်းကို ဖြတ်လျှောက်တုန်းက သတိထားမိလိုက်တာ။ ဝိုင်ပုလင်းတွေလည်း အလျှံပယ် ပဲဗျ။ ဖိတ်ထားတဲ့ လူတွေလည်း မနည်းဘူးဆို။ ဒီမိန်းမ ရူးနေသလား မသိပါဘူးကွာ။ ဟိုငကြောင် ပေးတဲ့ ပိုက်ဆံနဲ့ လျှောက်လုပ်နေတာ"

လူဇင် စိတ်ပါလက်ပါ ဆက်ပြောသည်။ သူ ပြောပုံက ရည်ရွယ်ချက် တခုခု ရှိနေ သလိုလို။

"နေပါဦး။ မောင်ရင်ပြောတယ်၊ ကိုယ့်ကိုလည်း ဖိတ်ထားတယ်၊ ဟုတ်လား။ ဘယ်တုန်း က ဖိတ်တာလဲ။ မနေ့က ဖြတ်သွားရင်း တွေ့တော့ နှုတ်ဆက်ဖြစ်တယ်လေ။ ဖိတ်တာကို သတိမထားမိပါဘူး။ဘာပဲဖြစ်ဖြစ်မသွားပါဘူး။ ဘာလို့သွားရမှာလဲ။မှတ်မိသလောက်တော့ သူ့ယောက်ျားအတွက် ပင်စင်လစာ တနှစ်စာလောက်တလုံးတခဲတည်းရဖို့ရှိတဲ့အကြောင်း ကိုယ် ပြောဖြစ်ခဲ့တယ်။ အေး... အဲဒါကြောင့်များ ကိုယ့်ကို ဖိတ်သလား မသိဘူး။ ဟဲ... ဟဲ"

"ကျွန်တော်လည်း သွားဖို့ စိတ်မကူးပါဘူး"

"ဒါပေါ့၊ ဘယ်သွားသင့်မလဲ။ မောင်ရင်က သူ့ကို လက်ရောက် ကျူးလွန်ခဲ့တာပဲ"

"ဗျာ...ဘာလက်ရောက်ကျူးလွန်မှုလဲ။ဘယ်သူက ဘယ်သူ့ကို ကျူးလွန်တာလဲ"

အင်ဒရေး မျက်နှာ နီလာပြီး ဒေါသတကြီး ပြန်မေးသည်။

"ဘာလဲ၊ မောင်ရင်က ကက်တာရီးနာကို ပါးရိုက်တယ်လေ၊ လွန်ခဲ့တဲ့ တလလောက် ကလေ။ မနေ့ကမှ ကိုယ် ကြားတာ။ အမှုဖြစ်နိုင်တဲ့ ကိစ္စပဲ။ မိန်းမသားတယောက်ကိုကွာ၊ သိပ်တော့ သဘာဝမကျဘူးပေါ့၊ ဟုတ်ဘူးလား။ ဟဲ...

ဟဲ..."

သည်လိုပြောလိုက်ရလို့ ကျေနပ်သွားသည့်နှယ်။ လူဇင်က သူ့လက်ထဲမှ ပေသီး ကလေးကို တဂျောက်ဂျောက် ခေါက်နေသည်။

သည်အကြောင်းကို အင်ဒရေး မပြောချင်။ သို့သော် ဒေါသဖြင့် ပြန်အော်ပြော လိုက်သည်။

"အလကား သားပုပ်လေလွင့်သတင်း ခင်ဗျား ဘယ်က ကြားတာလဲ။ သက်သက် ကျွန်တော့်ကို သိက္ခာကျအောင် လျှောက်ပြောနေကြတာ။ တကယ်က ခင်ဗျား ကြားသလို မဟုတ်ဘူး။ သူက ကျွန်တော့်ဆီ ပြေးဝင်လာပြီး လက်သည်းရှည်တွေနဲ့ ကုတ်ခြစ် ရိုက်ပုတ် တာ။ နှုတ်ခမ်းမွေးတဖက်ကို ဆွဲနုတ်တာ ကုန်ရော။ ကျွန်တော်က မူအရ ဘယ်သူ့ အကြမ်း ဖက်မှုမှ ခံမယ့်ကောင်မျိုး မဟုတ်ဘူး။ ခုဟာက သက်သက် အနိုင်ကျင့်ခံရတာပဲ။ ဒါကြောင့် သူ့ကို ကျွန်တော် တွန်းပစ်လိုက်တာ'

"ဟား...ဟား"

လူဇင်က မလိုတမာလေသံဖြင့် ဆက်ရယ်နေသည်။

"ဒါ ရယ်စရာ မဟုတ်ဘူးဗျ။ အမျိုးသမီးကို အကြမ်းဖက်တဲ့ ကိစ္စလည်း မဟုတ် ဘူး။ ခင်ဗျား ကျွန်တော့်ကို မကျေနပ်လို့ သက်သက် ကလိနေတာ။ ခင်ဗျား နားမလည်ပါဘူး။

ကျွန်တော်က ဒီလိုတောင် စဉ်းစားဖူးတာ။ အမျိုးသမီးတွေကို အမျိုးသားတွေနဲ့ တန်းတူ အခွင့်အရေး ရှိရမယ်ဆိုရင် သူတို့ကို ခွန်အားအရာမှာလည်း ညီမျှအောင် လုပ်ပေးရမယ်လို့။ နောက် ကျွန်တော် စဉ်းစားတယ်။ အဲဒါက အရေးကြီးတယ်။ နောက် ဒီပြဿနာမျိုးတွေ ရှိတော့မှာ မဟုတ်ပါဘူး။ ခေတ်သစ်မှာ ရန်ပွဲတွေ ရှိတော့မှာ မဟုတ်လို့ ဒီကိစ္စ စဉ်းစားဖို့ မလိုတော့ဘူး။ ထူးတော့ ထူးဆန်းတဲ့ ကိစ္စပဲ။ ရန်ပွဲမှာ မျှတမှု သွားရှာနေတာကို ပြောတာပါ ကျွန်တော် ပြောတာ ယုံပါ။ နောက်ဆို ရန်ပွဲတွေ ရှိမှာ မဟုတ်တော့ဘူး။ လောလောဆယ် တော့... ဟာ... သေတော့မှာပဲ။ ခင်ဗျား လုပ်တာနဲ့ အကုန်ရှုပ်ကုန်ပြီ။ ကျွန်တော် အဲဒီကိစ္စ ကြောင့် မသွားတာ မဟုတ်ပါဘူး။ အဲဒီ ညစာစားပွဲကို မူအရ မသွားဘဲ နေမှာ။ မလိုအပ်တဲ့ ဓလေ့ဟောင်းတွေပဲ။ အိမ်နီးနားချင်းတွေ ပျော်ပျော်ပါးပါး မိတ်ဆုံစားပွဲလို့ သဘောထား ရင်တော့ တမျိုးပေါ့။ ခင်ကြီးလည်း မပင့်ဘူးတဲ့။ ခင်ကြီးတွေ ပါရင်တော့ ကျွန်တော် သွားချင် သွားဖြစ်မလားပဲ"

“သွားပြီးရင် ဖိတ်ကျွေးတဲ့ အိမ်ရှင်ကို စော်ကားမယ်ပေါ့၊ ဟုတ်လား”

“အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော်က မှားနေတာတွေကို ကန့်ကွက်မှာပါ။ စေတနာ သန့်သန့်နဲ့ ဆွေးနွေးမှာပါ။ သူတို့တွေ အမြင်ကျယ်လာအောင်၊ အမြင်ပြောင်းလာအောင် သွယ်ဝိုက်တဲ့နည်းနဲ့ ကူညီမှာပါ။ အဲ... ဝါဒဖြန့်တာလည်း ပါမှာပေါ့လေ။ အဲဒါက လူတိုင်းရဲ့ တာဝန်ပဲ။ ကျွန်တော်က အတွေးအမြင်သစ် မျိုးစေ့ချပေးမှာ။ အဲဒီမျိုးစေ့ကနေ ပုံသဏ္ဍာန် အသစ်နဲ့ အပင်ပေါက်လာလိမ့်မယ်။ ဒါကို စော်ကားတယ်လို့ ဘယ်လိုလုပ် ပြောနိုင်မလဲ။ ပထမတော့ သူတို့ ကြိုက်ချင်မှ ကြိုက်ကြမှာပေါ့။ နောက်မှ သူတို့အတွက် အကျိုးရှိလာတာ သူတို့ သိလာကြမှာ။ တာရာဗီဗာကို ခင်ဗျား ကြားဖူးတယ်နော်။ (အမျိုးသမီးက စုပေါင်း လယ်ယာ ဘုံရိပ်သာတွင် ဝင်လုပ်နေသူ ဖြစ်သည်) မိသားစုကို ထားခဲ့ပြီး အဖွဲ့ထဲ ဝင်လာ တော့သူ့ကိုဝိုင်းဝေဖန်ကြတယ်။သူ့ဘဝကိုဘုံရိပ်သာနဲ့ နိုင်ငံရေးမှာမြှုပ်နှံထားလိုက်တယ်။ နောက်တော့ အဖေနဲ့အမေ့ဆီ စာရေးတယ်။ ရိုးရာအစဉ်အလာအောက်မှာ မနေလိုတော့တဲ့ အကြောင်း၊ အိမ်က ပေးစားတဲ့ ယောကျ်ားကို ယူပြီး စက်ရုပ်ဆန်တဲ့ ဘဝမျိုးကို လက်မခံ နိုင်တော့တဲ့ အကြောင်းတွေ ထည့်ရေးတယ်။ မိဘဆီ ဒီလိုရေးတော့ ရိုင်းတယ်လို့ ဝေဖန်ကြ တာပေါ့။ ဒီထက် ယဉ်ကျေး သင့်တယ်ပေါ့။ အဲဒီ ဝေဖန်ရေးတွေ အဓိပ္ပာယ်မရှိပါဘူး။ ဘာမှ ယဉ်ကျေးနေဖို့ မလိုဘူး။ အရေးကြီးတာက ဆန့်ကျင်ဖို့ပဲ။ ဗားရန့်လင်မယားကို ကြည့်လေ။ အိမ်ထောင်သက် ခုနစ်နှစ်ပြည့်မှ အမျိုးသမီးက ကလေးနှစ်ယောက်နဲ့ ယောကျ်ားကို ထားခဲ့ပြီး ထွက်လာခဲ့တယ်။ ယောကျ်ားဆီ ရေးတဲ့ စာထဲမှာ-

“ရှင်နဲ့ မပျော်တော့ဘူး ဆိုတာ ကျွန်မ သိလာပြီး စနစ်တခု၊ လူမှု အဖွဲ့အစည်းသစ် တခု ရှိတယ်ဆိုတာ၊ စုပေါင်းဘုံရိပ်သာ ရှိတယ်ဆိုတာကို ကျွန်မ မသိအောင် ရှင် ဖုံးကွယ်ထားတဲ့အတွက် ရှင့်ကို ကျွန်မ ခွင့်မလွှတ်ဘူး။ ဒါတွေကို စိတ်ထား သိပ်မြင့်မြတ်တဲ့ လူတယောက်ဆီက ကျွန်မ ရခဲ့တယ်။

သူ့ကို ကျွန်မဘဝ ပုံအပ်လိုက်ပြီ။ ကျွန်မတို့နှစ်ယောက် ပေါင်းပြီး ဘုံရိပ်သာ ကလေး တည်ဆောက်ပြီးပြီ။ ဘာကြောင့် ကျွန်မ ပွင့်ပွင့် လင်းလင်း ဖွင့်ပြော ရသလဲ ဆိုရင် ရှင့်ကို ကျွန်မ မလှည့်စားချင်လို့ပဲ။ ရှင့်ဘဝနဲ့ ရှင်နေခဲ့ပါ။ အဲဒါက ရှင်ရွေးတဲ့ လမ်းပါ။ ကျွန်မကို ပြန်ရဖို့ မကြိုးစားပါနဲ့။ သိပ်နောက်ကျသွားပြီ။

ရှင် ပျော်ရွှင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်”

“အဲဒီလို ရေးလိုက်တယ်တဲ့ဗျား”

“မောင်ရင် ပြောတဲ့ တာရာဗီဗာက ကိုယ်ပြောတဲ့ အမျိုးသမီးပဲလား။ ခု ဘုံအဖွဲ့မှာ တတိယယောကျ်ားနဲ့လေ”

"ဒုတိယပါဗျ။ စတုတ္ထဖြစ်တော့ကော ဘာဖြစ်လဲ။ ဆယ့်ငါးဆက်မြောက် ဖြစ် တော့ကော ဘာဖြစ်လဲ။ ဒါတွေက ပညတ်တွေပါဗျာ။ အဖေနဲ့ အမေ မရှိတော့တာ သိပ်နာတာပဲ။ ကျွန်တော် ခဏခဏ အိပ်မက်မက်တယ်။ နောက်အိမ်ထောင်ပြုဖို့ ကျွန်တော်က ဖန်တီးပေးတယ်တဲ့။ ကျွန်တော်တို့ အဖွဲ့ဝင်တွေကတော့ အစဉ်အလာ၊ အထိန်းအချုပ်တွေကို မကြိုက်ဘူး။ အဖေနဲ့ အမေရှိရင် ဘယ်လောက် အံ့ဩလိုက်မလဲ မသိဘူး။ ဒါကြောင့် သူတို့မရှိတာ နာတယ်လို့ ပြောတာပေါ့။ သူတို့ခေတ်၊ ကျွန်တော်တို့ခေတ်က မလွတ်လပ်ဘူး။ ပုံသေကားချပ်ကြီး။ နောက်လာမယ့် မျိုးဆက်ကျရင် အရင် လွတ်လပ်သွားလိမ့်မယ်။ အဲဒီ ခေတ်ကို သူတို့ မီမသွားရှာဘူး"

"အေးပေါ့လေ။ ကိုယ့်အမြင်နဲ့ ကိုယ်ပေါ့။ အံ့ဩကုန်နိုင်ဖွယ်ပါပဲ။ ဒါထက် သေသွား တဲ့ လူရဲ့ သမီးလေးကို မောင်ရင် သိလား။ ပိန်ပိန်ချောချောလေးလေ။ ဒီကောင်မလေး အကြောင်း သတင်းတွေ ထွက်နေတာ တကယ်ပဲလား"

"တကယ်ဆိုရင်ကော ဘာဖြစ်လဲ။ ကျွန်တော် အခိုင်အမာ ယုံတယ်။ အဲဒါ မိန်းကလေး တယောက်ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ။ ဘာမှ ပြောစရာ မလိုဘူး။ လက်ရှိ လူနေမှုစနစ်အရ တော့ ဒါဟာ ထူးဆန်းနေသေးတယ်။ ဒါပေမဲ့ နောက်လာမယ့် စနစ်သစ်မှာ လုံးဝ သာမန် ဖြစ်သွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခါမှာ ပုဂ္ဂလိကလွတ်လပ်ခွင့် ဖြစ်သွားလိမ့် မယ်။ ခုလောလောဆယ်မှာလည်း သူ မမှားပါဘူး။ သူ့မှာ ဝန်တွေ ပိနေတယ်။ ဒီတော့ သူ့မှာရှိတဲ့ ကိုယ်ပိုင်ပစ္စည်းကို ရောင်းချပြီး ငွေရှာတယ်။ ဒါ သူ့ကိုယ်ပိုင် အခွင့်အရေးပဲ။ နောင်တခေတ်မှာ အဲဒီလို အဖြစ်မျိုးတွေ ပပျောက်သွားလိမ့်မယ်။ သူ့လို မိန်းကလေးတွေ ဟာ သူ့ပတ်ဝန်းကျင်မှာ သူ့ဂုဏ်သိက္ခာနဲ့ သူ တင့်တင့်တယ်တယ် နေကြရလိမ့်မယ်။ လောလောဆယ် ဆွန်ညာ့ဘဝကိုတော့ ကျွန်တော် လေးစားတယ်။ သူ့ပတ်ဝန်းကျင် လူမှုရေး နယ်ပယ်မှာ အပြင်းအထန် တိုက်ပွဲဝင်နေတဲ့ မိန်းကလေးပဲ။ သူ့ကို မြင်ရရင် ကျွန်တော် တကယ် ဝမ်းသာတယ်"

"ဒါနဲ့များ မောင်ရင်က သူ့ကို ဒီမှာ မနေနိုင်အောင် လုပ်တယ်ဆို"

အင်ဒရေး ဒေါပွလာပြန်သည်။

"ဟာ.. အဲဒါလည်း သက်သက် ကျွန်တော့်ကို အပုပ်ချတာပဲ။ ကက်တာရီးနာရဲ့ နားမလည်မှုတွေပေါ့ဗျာ။ ကျွန်တော် ဆွန်ညာ့ကို တခါမှ မခေါ်ဖူးဘူး။ သူ့ကို အားပေးတာ၊ ဘဝကို တိုက်ပွဲဝင်စေချင်တာ၊ ကြံ့ကြံ့ခံနိုင်အောင် ကူညီချင်တာပဲ ရှိတယ်။ ကက်တာရီးနာ က ဘာမှ နားမလည်ဘူး။ ဆွန်ညာ ဒီမှာ ဆက်မနေသင့်တော့ဘူးလေ။ ဒါတော့ နားလည် ကြရမှာပေါ့"

"မောင်ရင်တို့ ဘုံအဖွဲ့ထဲ သူ့ကို ဆွဲမသွင်းဘူးလား"

“ခင်ဗျား ခုထိ ဟာသလုပ်နေတုန်းလား။ ခင်ဗျား ဟာသက မရယ်ရပါဘူး။ ခင်ဗျား ဘာမှ နားမလည်ဘူး မစ္စတာလူဇင်။ ကျွန်တော်တို့ ဘုံအဖွဲ့မှာ ဒါမျိုးတွေ မပါဘူး။ ကျွန်တော်တို့ဖွဲ့စည်းပုံက သိပ်ကျစ်လျစ်တယ်။ အပြင်လောကနဲ့ သိပ်ခြားနားတယ်။ ဒီမှာ မိုက်မဲမှုအားလုံး ဟိုမှာ ယဉ်ကျေးသိမ်မွေ့သွားတယ်။ အပြင်မှာ စည်းလွတ်ဝါးလွတ်ဖြစ်တဲ့ ကိစ္စအားလုံး ဟိုရောက်ရင် လုံးဝ ပြေလည်သွားတယ်။ သဘာဝအတိုင်း ဖြစ်သွားတယ်။ အားလုံးဟာ လူတွေ ဘယ်မှာ နေတယ် ဆိုတာပေါ်မှာ မူတည်တယ်။ ပတ်ဝန်းကျင်ဟာ အဓိက အကျဆုံးပဲ။ လူဟာ အဓိက မဟုတ်ဘူး။ ကျွန်တော် ခုထက်ထိ ဆွန်ညာနဲ့ အခင်အမင် မပျက်ဘူးလေ။ ဒါဆို ရှင်းနေပြီနော်။ သူက ကျွန်တော့်ကို ဘယ်တုန်းကမှ ရန်သူလို့ မထင်ခဲ့ ဘူး။ ဟုတ်တယ်။ သူ့ကို ကျွန်တော်တို့ အသိုင်းအဝိုင်းထဲကို ခေါ်သွင်းနေတယ်။ အဲ... အခြေခံ ချင်းတော့မတူကြဘူးပေါ့ဗျာ။ အင်း...ရယ်စရာ ကောင်းနေမလား မသိဘူး။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပုံသဏ္ဍာန်နဲ့ ဘုံရိပ်သာတခု တည်ထောင်ချင်တယ်။ အရင်ဟာ တွေနဲ့ မတူတဲ့ စနစ်သစ်နဲ့ တည်ထောင်မှာ။ ကျွန်တော်တို့က ယုံကြည်ချက်တွေရဲ့ ဟိုဘက် ကို ကျော်ပြီး လုပ်ခဲ့ကြတယ်။ ပိုပြီး ကျယ်ပြန့်တဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ကြမှာ။ ပိုပြီး တော်လှန်ရေး ဆန်လာလိမ့်မယ်။ **ဒိုဘရိုလျူဘော့ဖ်**[47] သချိုင်းကုန်းက ထလာရင် သူနဲ့ ကျွန်တော် ငြင်းမယ်၊ **ဗဲလင်စကီ**[48] ကိုတော့ ကျွန်တော်တို့ စာရင်းထဲ မထည့်ဘူး။ လောလောဆယ်တော့ ဆွန်ညာ့ ကိုတိုးတက်လာအောင် ကျွန်တော်ဆက်ကြိုးစားမယ်။ သိပ်ဖြူစင်တဲ့ ကလေးမလေးပါဗျာ”

“ဖြူဖြူစင်စင်လေးကို မောင်ရင် အသုံးချတော့မယ်ပေါ့။ ဟုတ်လား။ ဟဲ ... ဟဲ”

“မဟုတ်ဘူး၊ မဟုတ်ဘူး။ အဲဒါနဲ့ ဆန့်ကျင်ဘက်”

“အဲဒါနဲ့ ဆန့်ကျင်ဘက်တဲ့၊ ဟုတ်လား။ ဘယ်လို စကားလုံးပါလိမ့်”

“ကျွန်တော် ပြောတာ ယုံပါ။ ခင်ဗျားကို ဘာမှ လျှို့ဝှက်ထားစရာ အကြောင်း မရှိပါဘူး။ ဒီကောင်မလေးနဲ့ ပတ်သက်ပြီးကျွန်တော်ထူးထူးဆန်းဆန်း ခံစားရတယ်ဆိုတာ ဝန်ခံပါတယ်။ ကျွန်တော့်အတွက် ဆွန်ညာဟာ သိပ်မြင့်မြတ်တယ်။ သူ့ကို တပ်မက်တဲ့ စိတ်မျိုး ကျွန်တော့်မှာ မရှိဘူး။ အမြဲတမ်း စောင့်စည်းတယ်”

“တိုးတက်လာအောင် လုပ်ပြီးမှ ဟဲ... ဟဲ...”

“ခင်ဗျား ရိုင်းလှချေလား၊ အောက်တန်းကျလှချေလား။ ကျွန်တော် ရိုင်းသွားရင် ခွင့်လွှတ်ပါ။ တိုးတက်တယ် ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ခင်ဗျား သိရဲ့လား။ ဒုက္ခပါပဲ။ ခင်ဗျားကြီး ဘာမှ နားမလည်ပါလား။ ကျွန်တော်တို့က

အမျိုးသမီးတွေရဲ့ဘဝ လွတ်မြောက် ရာကို လုပ်နေကြတယ်။ ခင်ဗျား စိတ်ထဲမှာတော့ တမျိုးတည်း ရှိတယ်။ သူနဲ့ကျွန်တော့် ဆက်ဆံရေးဟာ သန့်သန့်ရှင်းရှင်းပဲ။ ဒါပေမဲ့ ကျွန်တော့်ကို ချစ်ပါတယ် ပြောရင်တော့ ကျွန်တော့်လောက် ကံကောင်းတဲ့ကောင် လောကမှာ မရှိတော့ဘူးလို့ မှတ်လိုက်မယ်။ အဲဒါလောက် ဒီမိန်းကလေးကို ကျွန်တော် သဘောကျတယ်။ ဒါပေမဲ့ ခုအချိန်မှာတော့ ကျွန်တော့်လောက် သူ့အပေါ်လေးစားတဲ့ လူ၊ သူ့ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့လူ မရှိပါဘူး။ ကျွန်တော် စောင့်နေမယ်၊ မျှော်လင့်နေမယ်။ ဒါပါပဲ”

“ဒါဆိုလည်း မောင်ရင် သူ့ကို လက်ဆောင်လေး ဘာလေး ဝယ်ပေးသင့်တာပေါ့။ တခါမှ မပေးဖူးဘူး မဟုတ်လား”

“ဟာ... လုပ်ပြန်ပြီ၊ ဒုက္ခပါပဲ။ ခင်ဗျား ဘာမှ နားမလည်ပါလား။ သူဟာ ဒီနေ့ အဲဒီအခြေအနေမှာ ရှိနေတယ်။ ဒါပေမဲ့ ခင်ဗျား ထင်သလို မဟုတ်ဘူး။ ခင်ဗျား သူ့ကို သက်သက် အထင်သေးနေတာပဲ။ သူ့သဘာဝကို ခင်ဗျား ဘာမှ မသိပါဘူး။ ကျွန်တော် စိတ်မကောင်း တာ တခုပဲ ရှိတယ်။ နောက်ပိုင်းမှာ သူ စာမဖတ်တော့ဘူး။ ကျွန်တော့်ဆီက စာအုပ်တွေ လည်း လာမငှားတော့ဘူး။ နှမြောဖို့ ကောင်းတယ်။ သူဟာ စာဖတ်ရည် တော်တော် ဝနေပြီ။ တိုးတက်တဲ့ အမြင်တွေလည်း သူ့ခေါင်းထဲ ဝင်နေပြီ။ ရိုးရာဓလေ့ အတွေးအခေါ်ဟောင်း တွေလည်း သူ စွန့်လွှတ်နိုင်နေပြီ။ **ဥပမာ- လက်ကို နမ်းပြီး နှုတ်ဆက်တဲ့ကိစ္စ**49၊ ယောကျ်ားက မိန်းကလေးရဲ့ လက်ကိုနမ်းရင် စော်ကားတာပဲ ဆိုတဲ့ ပြဿနာမျိုးကို သူ ကောင်းကောင်း နားလည်နေပြီ။ ဒီကိစ္စ ကျွန်တော်တို့ အထဲမှာ ငြင်းခုံနေကြတုန်းပဲ။ အဲဒီအကြောင်း သူ့ကို ချက်ချင်း ကျွန်တော် ပြောလိုက်တယ်။ ပြင်သစ် အလုပ်သမား အစည်းအရုံးတွေအကြောင်း ပြောရင်လည်း သူ သေသေချာချာ နားထောင်တယ်။ ခု ကျွန်တော် သူ့ကို အနာဂတ်နဲ့ ပတ်သက် ပြီး ရှင်းပြတယ်”

“အို... ဘုရားသခင်၊ အဲဒါက ဘာအဓိပ္ပာယ်လဲ”

“အဲဒါက မကြာသေးခင်က ဆွေးနွေးကြတဲ့ ပြဿနာတခုပါ။ ဘုံရိပ်သာ အဖွဲ့ဝင် တယောက်ဟာ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် အခြား ဘုံအဖွဲ့ဝင်တယောက်ရဲ့ အခန်းကို အချိန်မရွေး ဝင်ခွင့် ရှိ မရှိ ဆိုတဲ့ ပြဿနာပါ။ အဲဒီကိစ္စ ဆုံးဖြတ်ချက် ကျသွားပါပြီ။ အကယ်၍ သူဟာ...”

“အဲဒီအခန်းထဲမှာ စုံတွဲတတွဲက ချစ်ခန်းဖွင့်နေရင်ကော ...”

အင်ဒရေး ဒေါပွသွားပြန်သည်။ စက်ဆုပ်ရွံရှာမှု အပြည့်ဖြင့် ပြန်ပက်လိုက်သည်။ “ခင်ဗျားက ဒီကိစ္စပဲ စဉ်းစားနေတာကိုး။ ဒုက္ခပါပဲ။ ဒီအကြောင်းတွေ ခင်ဗျားလို လူနဲ့ ဆွေးနွေးမိတာ မှားတာပဲ။ ကျွန်တော် ဘုံဝါဒအကြောင်း ပြောနေတာ။ ဒီအကြောင်းကို ကျွန်တော်တို့ ဝါဒအခြေခံ

မရှိတဲ့လူတွေနဲ့ ပြောရင် အလကားပဲလို့ ကျွန်တော် ခဏခဏ ပြောဖူးတယ်။ မှားပါတယ်ဗျာ။ အမှန်က ကျွန်တော်တို့ စနစ်ကို အကျေအညက် လေ့လာပြီး မှ နားလည်နိုင်မယ့် ကိစ္စမျိုးဗျ။ ဒါဟာ ခင်ဗျား ထင်သလို ရှက်စရာကိစ္စ မဟုတ်ဘူး၊ ညစ်ညမ်းတဲ့ ကိစ္စ မဟုတ်ဘူး။ ကျွန်တော်တို့ ဘုံဝါဒမှာ ကိုယ်ကျိုးစွန့်ခြင်း များစွာ ပါတယ်။ အတ္တပယ်တဲ့ သဘောတွေ၊ အနစ်နာခံမှုတွေ အများကြီးပါတယ်။ မြင့်မြတ်တဲ့ လှုပ်ရှားမှုတွေနဲ့ လောကသစ် တခု တည်ဆောက်မှာ။ ရာဖေးတို့ **ပွတ်ရှိကင်**[50] တို့ထက် ဂုဏ်ပြုအပ်တယ်။ ဘာပြုလို့လဲ ဆိုတော့ ပိုအသုံးဝင်လို့ပဲ”

“ပိုပြီး ဂုဏ်ပြုအပ်တာပေါ့။ ပိုပြီး ဂုဏ်ပြုအပ်တာပေါ့၊ ဟဲ… ဟဲ…”

“ဘာအဓိပ္ပာယ်လဲဗျ။ ပိုပြီး ဂုဏ်ပြုအပ်တယ် ဆိုတာ ကျွန်တော် နားမလည်ဘူး။ ပိုပြီး ဂုဏ်ပြုအပ်တယ်တို့၊ ပိုပြီး မြင့်မြတ်တယ်တို့ ဆိုတာ ခေတ်ဟောင်းက အလကား အသုံးအနှုန်းတွေ။ ကျွန်တော် လက်မခံဘူး။ လူ့လောကအတွက် ကောင်းကျိုးပြုတယ် ဆိုရင် ဂုဏ်ပြုအပ်တယ်။ ကျွန်တော့်အတွက် အဓိက အသုံးဝင်မှုပဲ။ ခင်ဗျား ရယ်ချင်သပ ဆိုရင်လည်း သေအောင် ရယ်’

လူဇင်က အားရပါးရ အော်ရယ်သည်။ သူ ပိုက်ဆံရေတွက်လို့ ပြီးသွားပြီ။ အထုပ် ကြီးကို ဘေးတွန်း ပို့လိုက်သည်။ သို့သော် ငွေစက္ကူအလွတ်အချို့ သူ့ရှေ့တွင် ကျန်နေသေးသည်။ သူတို့နှစ်ယောက် အငြင်းပွားသည့် အဓိကပြဿနာမှာ ညစ်ညမ်းခြင်း ဆိုတာ ဘာလဲ ဟူသည့် ပြဿနာ ဖြစ်သည်။ လူဇင်က ရယ်ရယ်မောမော လုပ်နိုင်သော်လည်း အင်ဒရေးက ဒေါပွလို့မဆုံး ဖြစ်နေသည်။ လူကြီးက သူ့မိတ်ဆွေကလေး စိတ်တိုတာကို ကြည့်ပြီး သဘော ကျနေသည်။

သို့သော် အင်ဒရေးက ဟိုတုန်းက သူ့ကိုလေးစားခဲ့ဖူးတာကိုထောက်ပြီး အကြောင်း အရာ ပြောင်းလိုက်သည်။

“မနေ့က ဖြစ်ခဲ့တဲ့ ကိစ္စကြောင့် ခင်ဗျား စိတ်ထိခိုက်နေမှန်း ကျွန်တော် သိပါတယ်ဗျာ” သို့သော် လူဇင်က မျက်နှာပျက်သွားပြီး အခြားအကြောင်းအရာကိုပြောင်းလိုက်သည်။ “မောင်ရင် ဒီကောင်မလေးနဲ့ ဒါလောက် ရင်းနှီးတယ် ဆိုရင် တမိနစ်လောက် တွေ့ချင်တယ်၊ ခဏဝင်လာဖို့ ပြောပေးပါလား။ သူတို့ သုသာန်က ပြန်လာကြပြီ ထင်တယ်။ လှေကားဆီက ခြေသံတွေ ကြားတယ်။ အဲဒီ ကောင်မလေးကို ခဏ တွေ့ချင်တယ်”

“ဗျာ၊ ခင်ဗျားက ဘာလုပ်ဖို့ တွေ့ချင်တာလဲ"

အင်ဒရေးက တအံ့တသြ ပြန်မေးလိုက်သည်။

"တွေ့ချင်လို့ပါကွာ။ ကိုယ်က တရက်၊ နှစ်ရက်ဆို ဒီက ပြောင်းမှာလေ။ ခဏ စကား ပြောချင်လို့ပါ။ မောင်ရင်လည်း ဘယ်မှ မသွားပါနဲ့။ မဟုတ်ရင် မောင်ရင် ကျုပ်ကို တမျိုး ထင်နေမှာ"

"ဘာမှ ထင်စရာ မလိုပါဘူး။ ဆွန်ညာ့ကို ကျွန်တော့်အခန်း ခေါ်ဖို့လည်း ဘာမှ ပြဿနာ မရှိပါဘူး။ ကျွန်တော့်အတွက် အနှောင့်အယှက် မဖြစ်တာ သေချာတယ်နော်"

နောက်ငါးမိနစ် ကြာတော့ ဆွန်ညာနှင့် အင်ဒရေး ပြန်ရောက်လာသည်။ ဆွန်ညာ အလွန်အမင်း အံ့ဩနေသည်။ ခါတိုင်းလိုပင် အရမ်းရှက်နေသည်။ လူစိမ်းသူစိမ်းနှင့် တွေ့ လျှင် သူ ရှက်စမြဲ၊ ကြောက်စမြဲ။ ငယ်ငယ်တုန်းကထက်ပင် အရှက်အကြောက် ပိုကြီးနေသည်။ လူဇင်က သူ့ကို ယဉ်ကျေးပျူငှာစွာ ကြိုဆိုသည်။ သို့သော် သူလိုလူနှင့် သည်လို ကောင်မလေးတို့ တွေ့ဆုံခန်းမှာ အလေးအနက်ကြီးတော့ မဟုတ်။ လူဇင်၏ လှုပ်ရှားမှုများ တွင် ဟန်ဆောင်ထားမှန်း သိသာနေသည်။

သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ ဆွန်ညာက ဝင်ထိုင်ပြီး ကျီးကြည့်ကြောင်ကြည့် ဖြစ်နေသည်။ ပြီးတော့ အင်ဒရေးကို တလှည့်၊ စားပွဲပေါ်က ပိုက်ဆံ တွေကို တလှည့် ကြည့်နေသည်။ ပြီးတော့ လူဇင်ကို စိုက်ကြည့်နေလိုက်သည်။ အင်ဒရေး က တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ လူဇင်က ဆွန်ညာ့အား ဆက်ထိုင်နေဖို့နှင့် အင်ဒရေး ကို အပြင်မထွက်ဖို့ အမူအရာဖြင့် ပြသည်။ ပြီးတော့ အင်ဒရေးကို ကြည့်ပြီး ခပ်တိုးတိုး မေးသည်။

"ရပ်စ်ကိုလ်နီကော့ဗ် ရောက်နေပြီလား"

"ရပ်စ်ကိုလ်နီကော့ဗ်၊ဟုတ်လား။ ဘာပြုလို့လဲ၊ သူ ဝင်သွားတာ တွေ့လိုက်တယ်"

"မောင်ရင့်ကို ကျုပ် တောင်းပန်ပါတယ်။ သူ... သူ... ဒီမိန်းကလေးနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်း ထားခဲ့ပြီး မောင်ရင် ထွက်မသွားပါနဲ့။ ခဏလေး စကားပြောမှာပါ။ ဒါပေမဲ့ နှစ်ယောက်ထဲ ဆိုရင် တမျိုး မြင်ကုန်မှာစိုးလို့ပါ။ မောင်ရင် ကျုပ်ပြောတာ နားလည်တယ်နော်''

"ဟုတ်ကဲ့၊ နားလည်ပါတယ်။ ခင်ဗျား ပြောတာ ဟုတ်ပါတယ်။ ကျွန်တော် ပြတင်း ပေါက်နားမှာ ရပ်နေပါ့မယ်။ လွတ်လွတ်လပ်လပ် ပြောကြပါ"

လူဇင်က ဆွန်ညာနှင့် မျက်နှာချင်းဆိုင်ပြီး-

"ကျုပ်ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ မဒမ်"

ဆွန်ညာ ဘယ်လိုနေရမှန်း မသိတော့ပေ။

“ပထမဆုံး ပြောချင်တာကတော့ မဒမ်ရဲ့ လေးစားအပ်တဲ့ မေမေ့ကို... ဟုတ်ပါ တယ်နော်။ ကက်တာရီးနာအီဗန်နိုဗာဟာ မိထွေးပေမယ့် မဒမ်ရဲ့ မိခင်နေရာကို ယူထား တာပါနော်’

လူဇင်က ခပ်ရွှင်ရွှင် ပြောနေခြင်း ဖြစ်သည်။ သို့သော် သူ့လေသံက အပေါ်စီး ဆန်သည်။

သို့သော် သူ ပြောပုံက ရင်းနှီးမှု အပြည့်။ ခင်မင်ချင်စရာ။ ဆွန်ညာက ခပ်ရှံ့ရှံ့ အမူအရာဖြင့် ပြန်ဖြေသည်။

“ဟုတ်ကဲ့ရှင့်၊ အမေအရင်း အတိုင်းပါပဲ”

“အဲဒါဆိုမင်း ကျုပ်အတွက် သူ့ကို တောင်းပန်ပေးပါလား။ မင်းအမေ တလေးတစား ဖိတ်တဲ့ ညစာစားပွဲကို မတက်နိုင်တဲ့အကြောင်း ပြောပေးဖို့ပါကွယ်”

“ဟုတ်... ဟုတ်ကဲ့ရှင့်၊ ကျွန်မ ပြောပေးပါမယ့်ရှင့်’

ဆွန်ညာ ထရပ်လိုက်သည်။ လူဇင်က ကလေးမ၏ ရိုးသားမှုနှင့် ယဉ်ကျေးမှုအရ ဆက်ဆံရမည့် ဓလေ့ကို နားမလည်ခြင်းအတွက် သည်းခံခွင့်လွှတ်သော လေသံဖြင့်-

“နေပါဦးကွယ်။ ပြောစရာလေးတွေ ကျန်သေးတယ်ကွဲ့။ မင်းက ကျုပ်အကြောင်း ဘာမှမသိဘူး၊ မင်းကို ဒီကိစ္စလောက်နဲ့ ကျုပ် ခေါ်တွေ့တာ မဟုတ်ဘူးလေ။ ကျုပ်မှာ ဒီထက် အရေးကြီးတဲ့ ရည်ရွယ်ချက် ရှိတယ်”

ဆွန်ညာခပ်သွက်သွက်ပြန်ထိုင်သည်။ စားပွဲပေါ်မှ အညိုရောင်နှင့် သက်တံရောင် ငွေစက္ကူတွေကို တချက် ဝေ့ကြည့်လိုက်သည်။ သို့သော် ချက်ချင်း မျက်နှာလွှဲလိုက်ပြီး မျက်နှာချင်းဆိုင်မှ လူကြီးကို စိုက်ကြည့်နေလိုက်သည်။ အခြားလူ၏ ငွေတွေကို ကြည့်မိခြင်းသည် လုံးဝသိက္ခာမဲ့သောကိစ္စဟု သူ နားလည်ထားသည်။ အထူးသဖြင့်သူ့လိုမိန်းကလေး အတွက် ပိုဆင်ခြင်သင့်သည်။ ဘယ်လက်တွင် ကိုင်ထားသည့် ရွှေကိုင်းမျက်မှန်ကို ဆွန်ညာ ငုံ့ကြည့်လိုက်သည်။ လက်ခလယ်တွင် ဝတ်ထားသည့် လက်စွပ် တုတ်တုတ်ကြီးပေါ်မှ အဝါရောင်ကျောက်ကြီးက အရောင်တဖျပ်ဖျပ်။ ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ သို့သော် ဘယ်ကို ကြည့်ရမှန်း မသိ။ နောက်ဆုံး သူ့မျက်နှာကြီးကိုပင် ပြန်ကြည့်နေမိသည်။ ခဏနေ တော့ သူ စကားဆက်သည်။ သူ့လေသံက ပို၍ ခံ့ညားနေသည်။

“မနေ့က ဖြတ်သွားရင်း ကက်တာရီးနာနဲ့ စကား တခွန်း၊ နှစ်ခွန်း ပြောဖြစ်တယ်။ တော်တော် သနားစရာကောင်းတဲ့ အမျိုးသမီးပဲ။ သူ ရောက်နေတဲ့ အခြေအနေက အဲ... ဘယ်လို ပြောရမလဲ၊ တော်တော် ထူးခြားတဲ့ အခြေအနေပဲ”

“ဟုတ်ကဲ့၊ တော်တော်ထူးခြားတဲ့ အခြေအနေပါရှင့်”

“ပိုဆိုးတာက ကျန်းမာရေး မကောင်းတာပဲ”

“ဟုတ်ကဲ့ရှင့်၊ ကျန်းမာရေး မကောင်းတာ ပိုဆိုးပါတယ်"

“အဲဒါကြောင့် လူသားချင်း စာနာတဲ့အနေနဲ့ ကျုပ် ကူညီချင်ပါတယ်။ ပိုဆိုးလာမယ့် အခြေအနေကို ကြိုမြင်နေလို့လေ။ နောက်ဆိုရင် တအိမ်လုံးရဲ့တာဝန်ကို မင်း တယောက် တည်း ယူရတော့မယ့် အခြေအနေ ရောက်လာလိမ့်မယ်'

ဆွန်ညာက ထရပ်လိုက်ပြီး-

“တခု မေးပါရစေရှင့်။ သူ့ကို အဖေ့ပင်စင်ကိစ္စများ ပြောမိသေးလား။ သူ ကျွန်မကို ပြောတယ်၊ ရအောင် လုပ်ပေးမယ်လို့လူကြီးမင်းတဦးက ပြောတယ်တဲ့။ အဲဒါ ဟုတ်ပါသလား”

“အဲဒီလိုတော့ မဟုတ်ဘူးကွဲ့။ ဝန်ထမ်းဟောင်းတယောက်ရဲ့ မုဆိုးမတဦး ဖြစ်လို့ ယာယီအကူအညီ တမျိုးမျိုး ရနိုင်ကြောင်း အရိပ်အမြွက် ပြောလိုက်တာပါ။ ဌာန ဆိုင်ရာမှာ သူ အားကိုးရမယ့်လူ တယောက်ယောက်ရှိရင် ပြောတာပါ။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သွားလေသူဟာ အချိန်ပြည့်ဝန်ထမ်း မဖြစ်ခဲ့ဘူး။ လုပ်သက် မပြည့်ခဲ့ဘူး၊ သူက ပင်စင်ရဖို့ မျှော်လင့်နေတာဟာ... ဟဲ... ဟဲ... သိပ်တော့ မဟုတ်ဘူး”

“ဟုတ်ပါတယ်ရှင်၊ သူက သိပ်ယုံလွယ်တာ။ စိတ်ကောင်းတော့ ရှိရှာပါတယ်။ သိပ် အကောင်းမြင်လွယ်တယ်။ ပြီးတော့... ပြီးတော့ တခါတလေ စိတ်သိပ်မမှန်ချင်ဘူး။ သူ့ကို ခွင့်လွှတ်လိုက်ပါရှင်”

ပြောပြီး ဆွန်ညာ ထ,ရပ်လိုက်ပြန်သည်။

“ကျုပ်ပြောမယ့်ကိစ္စ မင်း မကြားရသေးဘူးလေ”

“ဟုတ်ကဲ့၊ မကြားရသေးပါဘူးရှင်”

“ဒါဆို ပြန်ထိုင်ပါဦးလေ”

ဆွန်ညာ စိတ်ရှုပ်သွားသည်။ တတိယအကြိမ် ပြန်ထိုင်လိုက်ရသည်။

"ကလေးတပြုံကြီးနဲ့ အကြောင်းမလှတဲ့ သူ့ဘဝအတွက် စောစောက ပြောသလို ကျုပ် တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ကူညီပါ့မယ်။ ငွေရေးကြေးရေး စုဆောင်း ပေးတာမျိုး၊ ထီထိုးပေးတာမျိုး ဆိုပါတော့။ ကူညီချင်သူတွေ၊ အပေါင်းအသင်းတွေ ရှိပါတယ်။ အဲဒီကိစ္စ မင်းနဲ့ ဆွေးနွေးချင်တာပါ"

"ဟုတ်၊ ဟုတ်ကဲ့။ ဘုရားသခင်က ဦးကို ပြန်ကူညီမှာပါရှင်" ဆွန်ညာ တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောသည်။

"အင်း... ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်း နောက်မှ ပြောကြတာပေါ့။ ညနေပိုင်းလောက်ကျမှလေ။ မူချကြတယ် ဆိုပါစို့။ ည ခုနစ်နာရီမှာ ပြန်လာခဲ့လေ။ မစ္စတာ အင်ဒရေးက အကူအညီ ပေးပါလိမ့်မယ်။ ဒါပေမဲ့ မင်းကို ကျုပ် ကြိုပြောထားဖို့ အချက် တချက် ရှိတယ်။ မင်းကို ဒုက္ခပေးသလို ဖြစ်နေမလား မသိဘူး။ ပိုက်ဆံတွေကို ကက်တာရီးနာ လက်ထဲ ထည့်လိုက်ဖို့တော့ မသင့်ဘူး ထင်တယ်။ ဒီနေ့ ညစာစားပွဲကိုပဲ ကြည့်လေ။ မနက်ဖြန် စားစရာမရှိဘဲ ဒီနေ့ ဖုံးပေါလအော သုံးပစ်နေတယ်။ ဖိနပ်တွေ ဝယ်လိုက်တာလည်း မျိုးကို စုံလို့။ ဂျမေကာရမ်နဲ့ ဝိုင်တွေလည်း အလျှံပယ်ပဲ။ မင်းတို့ အခန်းရှေ့ ဖြတ်သွားရင်း လှမ်းမြင် တာပါ။ မနက်ဖြန်ဆို ပေါင်မုန့်တဖဲ့တောင် စားစရာ ကျန်မှာ မဟုတ်ဘူး။ အားလုံး မင်းတာဝန် ပြန်ဖြစ်လာမှာ တော်တော် ရယ်စရာကောင်းတဲ့ ကိစ္စပဲ။ အဲဒါကြောင့် ထောက်ပံ့ကြေးရမယ့် ငွေကို သူ့လက်ထဲ မထည့်ဖို့ ပြောရတာ။ ငွေက တဖြည်းဖြည်း များလာမှာ။ ဒါကြောင့် မင်းပဲ ထိန်းရမှာ။ ကျုပ် ပြောတာ လက်ခံလား"

"ကျွန်မ ဘယ်လို ပြောရမှန်း မသိပါဘူးရှင်။ ဒီနေ့ တနေ့တည်းပါ။ သူ့အတွက် နေ့ထူးနေ့မြတ်လို့ ထင်နေရှာတာ။ ဖေဖေ့အတွက် အရမ်းကုသိုလ်လုပ်ချင်နေတာ။ သူက အသိဉာဏ် မြင့်ပါတယ်။ ဦးပြောသလို ကျွန်မ... ကျွန်မ... ဘုရားသခင် ကောင်းချီးပေးတော် မူမှာပါ။ ကလေးတွေကိုလည်း..."

ဆွန်ညာ မျက်ရည်တွေ ကျလာသည်။

"အေးလေ၊ ကောင်းပါပြီ။ လောလောဆယ် ကလေးတွေအတွက် မုန့်ဖိုးပဲဖိုးလေး ပေးလိုက်မယ်။ ကျုပ်အနေနဲ့ ပေးတာနော်။ ဒါပေမဲ့ သူ့ကို ကျုပ်ပေးတယ်လို့ မပြောနဲ့။ ကျုပ် တတ်နိုင်သလောက် ကူညီတာပါ"

ပြောပြီး လူဇင်က ဆယ်ရူဘယ်တန် ငွေစက္ကူတရွက်ကို သေသေချာချာ

ဖြန့်ပြီး ပေးလိုက်သည်။ ဆွန်ညာက မျက်နှာနီမြန်းလျက် ငွေစက္ကူကို လှမ်းယူသည်။ ဝုန်းခနဲ ထ,ရပ် ပြီး ပါးစပ်က တခုခု ဗလုံးဗထွေးပြောကာ အခန်းထဲမှ ထွက်သွားဖို့ ဟန်ပြင်လိုက်သည်။ လူဇင်က ဟန်ပါပါဖြင့် တံခါးဝအထိ လိုက်ပို့သည်။ အင်ဒရေးကို နောက်ကျောပေးလျက်။ အခန်းပြင် ရောက်တော့ ဆွန်ညာ့ စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေသည်။ ပြီးတော့ ဝမ်းနည်း နေသည်။ ကက်တာရီးနာကို မြင်တော့ စိတ်တွေ နောက်ကျုရီဝေသွားသည်။

သူတို့နှစ်ယောက် စကားပြောနေသည့် တချိန်လုံး အင်ဒရေးက ပြတင်းပေါက် တွင် နောက်ကျောမှီလိုက်၊ အခန်းထဲတွင် လမ်းလျှောက်လိုက်ဖြင့် နားထောင်နေသည်။ တခွန်းမှ ဝင်မပြောမိအောင် ထိန်းထားသည်။ ဆွန်ညာထွက်သွားတော့ လူဇင့်ဆီကို အခံ့အညား လျှောက်သွားပြီး လက်ကမ်းပေးလိုက်သည်။

"ကျွန်တော် အားလုံး မြင်လိုက်ပါတယ်၊ ကြားလိုက်ပါတယ်၊ ဂုဏ်ယူပါတယ်ဗျာ။ သိပ်လူသားဆန်တဲ့ လုပ်ရပ်ပဲ။ ခင်ဗျားက ကျေးဇူးပြုတယ်။ ကျေးဇူးတင် မခံဘူး။ ကျွန်တော် သေသေချာချာ မြင်လိုက်ပါတယ်။ ပုဂ္ဂလိက ပေးကမ်းစွန့်ကြဲခြင်းကို မူအရ ကျွန်တော် လက်မခံပါဘူး။ ဘာပြုလို့လဲဆိုတော့ ဒါမျိုးဟာ မကောင်းမှုကို ဖျက်ဆီးမပစ်နိုင်ဘဲ အားပေး အားမြှောက် ပြုရာတောင် ရောက်တယ်။ ဒါပေမဲ့ ခင်ဗျား လုပ်ပုံကတော့ မဆိုးပါဘူး။ ကျွန်တော် သဘောကျပါတယ်"

"သဘောကျစရာ မရှိပါဘူးမောင်ရာ။ ဘာမှမထူးဆန်းပါဘူး။ အသေးအဖွဲတွေပါ" လူဇင်က အင်ဒရေးအား မကြည်မလင်နှင့် လှမ်းကြည့်ပြီး ပြန်ပြောသည်။

"မနေ့ကပဲ စိတ်ဓာတ်ကျစရာတွေနဲ့ ကြုံခဲ့တဲ့ လူတယောက်ဟာ နောက်တနေ့ မှာ အခြားသူအတွက် ပရဟိတ လူမှုရေးလုပ်ငန်း လုပ်နိုင်တယ်ဆိုတာ ထူးခြားပါတယ်။

ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ပေတံနဲ့တိုင်းရင် လွဲနေသည့် တိုင်အောင်ပေါ့။ လေးစားပါ တယ်ဗျာ။ ကျွန်တော် လုံးဝ မထင်ဘူး သိလား။ အထူးသဖြင့် ခင်ဗျားလို အတွေးအခေါ်နဲ့ လူတယောက်ဆီက ပိုပြီး မထင်သေးတယ်။ ခင်ဗျား မနေ့က ဘယ်လောက် စိတ်ထိခိုက် ခဲ့တယ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ"

သဘောမနောကောင်းသည့် လူငယ်တယောက်က လူဇင်ဆိုသည့် လူကြီးအတွက် စာနာစွာဖြင့် ဆက်ဆွေးနွေးသည်။

"ဒါထက် ကျွန်တော် မေးပါရစေဦး။ ကျွန်တော် ခင်ဗျားကို လေးစားပါတယ်

မစ္စတာလူဇင်။ ဘာပြုလို့ တရားဝင် လက်ထပ်ချင်ရတာလဲ။ တရားဝင်လက်ထပ်ဖို့ လိုလို့ လား။ ခင်ဗျား ကျွန်တော့်ကို ထထိုးချင် ထိုးဗျာ။ ကျွန်တော်တော့ ခင်ဗျားတို့ လက်ထပ်ပွဲ ပျက်သွားတာ ဝမ်းသာတယ်။ ခင်ဗျားမှာ ဘာအနှောင်အဖွဲ့မှ မရှိတော့ဘူးလေ။ ခင်ဗျား လူ့ဘဝရဲ့ လွတ်လပ်မှုကို မဆုံးရှုံးတော့ဘူးလေ။ ကျွန်တော့် စိတ်ထဲ ရှိတဲ့အတိုင်း ပြောတာနော်”

“ကျုပ်က လူကွ။ တိရစ္ဆာန် မဟုတ်ဘူး၊ အရူး မဟုတ်ဘူး။ တခြားလူနဲ့ရတဲ့ ကလေး တွေကို ကျုပ်က အဖေ လုပ်ရမှာလား။ ဒါကြောင့် လူလူသူသူ တရားဝင် အကြင်လင်မယား လုပ်ချင်တာလေ”

လူဇင် ဆက်ပြောချင်နေသေးသည်။ သို့သော် သူ အတွေးကျွံနေသည်။

“ကလေးတွေ ဟုတ်လား။ ခင်ဗျားက... ခင်ဗျားက ကလေးအကြောင်း စိတ်ဝင်စား တယ် ဟုတ်လား”

အင်ဒရေးသည် ထရမ်းပက်သံ ကြားသည့် စစ်မြင်းတကောင်လို တက်ကြွလှုပ်ရှား လာသည်။

“ကလေးတွေရဲ့ ကိစ္စက လူမှုရေး ပြဿနာပါ။ အရေးကြီးတဲ့ ပြဿနာ ဆိုတာ ကျွန်တော် သဘောတူပါတယ်။ ဒါပေမဲ့ ဒီကိစ္စက တမျိုးစဉ်းစားရမယ့် ကိစ္စမျိုးပါ။ တချို့က ကလေးယူဖို့ ငြင်းဆန်ကြတယ်။ မိသားစုပုံစံ ပြန်ဖြစ်သွားမှာ စိုးလို့တဲ့။ ကလေးတွေကိစ္စ နောက်မှ ပြောကြတာပေါ့ဗျာ။ ခုတော့ ဂုဏ်သိက္ခာအကြောင်း ပြောကြရအောင်ပါ။ ကျွန်တော့် မှာ အားနည်းချက်တွေ ရှိတယ် ဆိုတာ ဝန်ခံပါတယ်။ မြင်းတပ်ကဗျာမှာ ပွတ်ရှုကင်ရဲ့ အယူ အဆကတော့ မနိပ်ဘူးဗျာ။ စာပေသမိုင်းမှာ ထင်ကျန်မှာတောင် စိုးရတယ်။ အဓိပ္ပာယ် မရှိတာဗျာ။ ဒီမယ်၊ လွတ်လပ်တဲ့ လက်ထပ်ထိမ်းမြားခြင်းမှာ ဘယ်တော့မှ သစ္စာမမဲ့ဘူး။ တရားဝင်လက်ထပ်ခြင်းမှာသာ ရိုးရာထိန်းချုပ်မှုတွေကြောင့် အိမ်ထောင်ရေး ပြဿနာတွေ ဖြစ်တာ။ ဒါကြောင့် ကျွန်တော်တို့ ပြင်ရမယ်။ စနစ်ဟောင်းကို တော်လှန်ရမယ်။ အနှောင်အဖွဲ့ ကင်းတဲ့ စနစ်ကို ရွေးရမယ်။ ကျွန်တော်သာ အဲဒီရယ်စရာကောင်းတဲ့ တရားဝင်စနစ်နဲ့ ဖြစ်ဖြစ်၊ တရားမဝင်နည်းနဲ့ဖြစ်ဖြစ် လက်ထပ်ဖြစ်ရင် မိန်းမအတွက် ချစ်သူကို ကျွန်တော် ကိုယ်တိုင် ရှာပေးမှာ။ သူက အင်တင်တင် လုပ်နေရင် ဒီလို ပြောမယ်။ ‘သူငယ်ချင်း၊ မင်းကို ကိုယ် ချစ်ပါတယ်။ ဒါပေမဲ့ ခုလို စီစဉ်တဲ့အတွက် မင်း ကိုယ့်ကို လေးစားစေချင်တယ်ကွယ်’ ကျွန်တော် အဲဒီလို ပြောမှာ၊ နိပ်တယ် မဟုတ်လား”

လူဇင်က ရယ်ကျဲကျဲနှင့် နားထောင်နေသည်၊ သို့သော် အင်ဒရေး ပြောတာတွေ စိတ်ဝင်စားဟန် မတူ။ သူ့ အာရုံက တနေရာရာကို ရောက်နေသလိုလို။ သိသာနေသဖြင့် အင်ဒရေး သတိမထားမိဘဲ မနေနိုင်အောင်

ဖြစ်သွားသည်။ လူဇင်က လက်နှစ်ဖက်ပွတ်ပြီး သူ့အတွေးနှင့်သူ ဆက်နှစ်မျောနေသည်။ သည်အကြောင်း အင်ဒရေး နောက်မှ ပြန်စဉ်းစား မိပြီး သဘောပေါက်ရခြင်း ဖြစ်သည်။

※※※

စိတ်ကယောက်ကယက် ဖြစ်နေသော ကက်တာရီးနာ၏ ခေါင်းထဲသို့ သည်ည ညစာစားပွဲ ကြီး ကျင်းပဖို့ ဘယ်လို ဘယ်လို ဝင်သွားသည်ကို ဘယ်သူမှ အတိအကျ မသိပေ။ ရပ်စ်ကိုလ် နီကော့ဗ်၏ အသုဘကူငွေ ရူဘယ် နှစ်ဆယ်ကျော်ထဲမှ သည်ည ကုန်ကျစရိတ်မှာ တဆယ် ရူဘယ်နီးပါး ကုန်လိမ့်မည်။ ကက်တာရီးနာ အနေဖြင့် သေလွန်သူအတွက် ကောင်းမှု ကုသိုလ်ပြုရမည်ဟု စွဲလမ်းနေခြင်း ဖြစ်နိုင်သည်။ တိုက်ခန်းတိုင်းမှ ဘဝတူ အိမ်ငှားများကို သိစေချင်တာပါမည်။ အထူးသဖြင့် အေမာလီယာအီဗန်နိုဗာ။ မာမီလာဒေါ့ဗ်သည် သူတို့ အားလုံးထက် နိမ့်ကျသူ မဟုတ်ကြောင်း၊ ပို၍တောင် အဆင့်အတန်း မြင့်နိုင်ကြောင်း ပြချင်သည့် ဆန္ဒလည်း ပါမည်။ ဘယ်သူမှ သူ့ကို နှိမ့်နှိမ့်ချချ ပြောရဲကြတော့မည် မဟုတ်။ ဤသည်မှာ ဆင်းရဲသူ ဆင်းရဲသားများ၏ မာန ဖြစ်သည်။ နောက်ဆုံး ရှိစုမဲ့စုလေးကို သွားလေသူအတွက် လှူဒါန်းပစ်ကြသည်။ သူများနည်းတူ လှူနိုင်ကြောင်း ပြချင်ကြသည်။ အရိုးစွဲနေသည့် ရိုးရာဓလေ့။

ဝိုင်းပယ်ခံထားရသလို ဖြစ်နေသည့် ကက်တာရီးနာသည် သူလည်း လှူနိုင်တန်း နိုင်ကြောင်း၊ အခမ်းအနား မည်သို့မည်ပုံ လုပ်ရမည်ကို နားလည်ကြောင်း ပြချင်သည်။ မိမိသည် ဗိုလ်မှူးကြီးတဦး၏သမီးဖြစ်ပြီး အထက်တန်းလွှာထဲတွင် ကြီးပြင်းခဲ့ကြောင်းလည်း ပြချင်သည်။ ကြမ်းတိုက်နေရပေမယ့်၊ ကလေးတွေ၏ အင်္ကျီစုတ်တွေကို ညည လျှော်ဖွပ်နေ ရပေမယ့် မိမိ ဘယ်လိုအဆင့်အတန်းက လာသည်ကို ပြချင်သည်။ မည်မျှ ဆင်းရဲနေသည် ဖြစ်စေ၊ ရုတ်တရက် မာန အမောက်ထောင်လာတတ်သည်။ ကက်တာရီးနာ၏ အခြေအနေ သည် မွန်းကျပ်မှုဖြင့် သေလောက်သည့် အခြေအနေမျိုး ဖြစ်သည်။ သို့သော်သူ့စိတ်ဓာတ်က ခြေသော် မကျေ စိတ်ဓာတ်မျိုး။ သို့သော် ရံခါတွင် ဆွန်ညာ ပြောသလို စိတ်ကစဉ့်ကလျား ဖြစ်ချင်သည်။ သွင်သွင် ရူးသွပ်သွားခြင်းမျိုးတော့ မဟုတ်။ တနှစ်အတွင်း တွေ့ရကြုံရသည့် အဖြစ်တွေက သူ့အတွက် ပြင်းထန်လှသည်။ အဆုတ်ရောဂါက နောက်ဆုံးအဆင့် ရောက် နေပြီ။ ဆရာဝန်များ အဆိုအရ သည်ရောဂါကြောင့် စိတ်ဝေဒနာ ပိုဆိုးသွားနိုင်သည်တဲ့။

လူဇင် ပြောသလို ဝိုင်ပုလင်းတွေ အများကြီး မဟုတ်ပါ။ လပ်စ်ဘွန်းဝိုင်နှင့် ဗော့ဒကာ ပုလင်းတွေ စီနေသည်။ အရေအတွက်အားဖြင့် လုံလောက်သော်လည်း အပေါ်စား ယမကာများ ဖြစ်သည်။ အစားအသောက်မှာ ရိုးရာဓလေ့ ဖြစ်သည်။ ထမင်းနှင့် ပျားရည်။ ဟင်းလျာ က သုံးလေးပွဲ စီစဉ်ထားသည်။ တပွဲက ကြက်ဥမုန့်။ အားလုံး အေမာလီယာအီဗန်နိုဗာ၏ မီးဖိုဆောင်တွင် စီစဉ်ချက်ပြုတ်ခြင်း ဖြစ်သည်။ ထမင်းစားပြီး အချိုတည်းဖို့ လက်ဖက်ရည် အိုးကြီးနှစ်အိုး နှပ်ထားသည်။

ဟင်းလျာနှင့် ယမကာ အဝယ်တော်မှာ ကက်တာရီးနာကိုယ်တိုင် ဖြစ်သည်။ သူ့ကိုကူသည့် ချာတိတ်မှာ ပိုလန်လူငယ်ကလေး တယောက် ဖြစ်၏။ ဘယ်လို မျက်စိလည်ပြီး သည်တိုက်ခန်းကို လာငှားနေသည် မသိ။ ချာတိတ်က ကက်တာရီးနာကို တနေကုန် ကူလုပ်ပေးသည်။ အမျိုးသမီးကို "ပါနီ[51] ဟုခေါ်ပြီး အောက်ခြေသိမ်း လုပ် ပေးသည်။ "သူသာ မကူရင် ဘာမှ အလုပ်ဖြစ်မှာ မဟုတ်ဘူး" ဟု ပြောပြီး သိပ်တော်တဲ့ ကလေး၊ အရမ်း အားကိုးရတာပဲဟု တဖွဖွ ပြောနေရင်းက နောက်ပိုင်းမှာ စိတ်ပျက်လာသည်။ ဤသည်မှာ ကက်တာရီးနာ၏ စရိုက် ဖြစ်သည်။ လူတယောက်ကို တွေ့တွေ့ချင်း ဘုံခန်းအထိ မြှောက်တတ်သည်။ တဖက်သား မနေတတ် မထိုင်တတ် ဖြစ်သည်အထိ ပင့်လုံး တွေနှင့် ပို့ပေးတတ်သည်။ ပြီးလျှင် နာရီပိုင်းအတွင်း သူ့အမြင်တွေ ပြောင်းချင် ပြောင်းသွား တတ်သည်။ နှစ်ပြားမတန် အောင် ပြောချင် ပြောပြန်သည်။ စောစောကလေးကအထိ သူ ကိုးကွယ်ခဲ့သူသည် ချက်ချင်း မြောင်းထဲ ရောက်ချင် ရောက်သွားတတ်သည်။

ကက်တာရီးနာသည် ပင်ကိုအရ ပျော်ပျော်နေတတ်သူ ဖြစ်သည်။ ငြိမ်းငြိမ်းချမ်းချမ်း နေတတ်သူဖြစ်သည်။ သို့သော် ဘဝတွင် တောက်လျှောက် မုန်တိုင်းတွေ ထန်လာတော့ ပြောင်းပြန် ဖြစ်သွားလေတော့သည်။ လုံးဝ ပြောင်းလဲ သွားတော့သည်။ ဘာမဟုတ်သည့် ကိစ္စကလေးကြောင့် ပေါက်ကွဲချင် ပေါက်ကွဲသည်။ နာကြည်းခါးသီးမှုတွေကို မထိန်းနိုင်လာ လျှင် နံရံနှင့် ခေါင်းနှင့် ပြေးဆောင့်သည်။

အခန်းရှင် အေမေလီယာအီဗန်နိုဗာကိုလည်း ကက်တာရီးနာ ချက်ချင်း မျက်စိကျသွားသည်။ အမျိုးသမီးက သူ့ဝေယျာဝစ္စတွေကို မနားမနေ ဝိုင်းလုပ်ပေးနေခြင်းကြောင့် လည်း ဖြစ်နိုင်သည်။ စားပွဲတွေခင်း၊ စားပွဲခင်းတွေလွှမ်း၊ အိုးခွက်ပန်းကန်တွေငှား၊ ပြီးတော့ ဟင်းတွေ၊ ထမင်းတွေ ချက်၊ အားလုံး အောက်ခြေသိမ်း တာဝန်ယူထားသည်။ သူတို့မိသားစု သုသာန်သွားနေစဉ် အိမ်တွင် တယောက်တည်း ဒိုင်ခံ လုပ်ပေးနေခြင်း ဖြစ်၏။ အားလုံး စနစ်တကျ စီမံပြီးသွားပြီ။ ညှော်ခံဖို့အချိန် ရောက်သည်နှင့် အခန်းတကာလည် ငှားထား သည့် ပန်းကန် ခွက်ယောက်တွေ၊ ဇွန်း ခက်ရင်းတွေ၊ ဖန်ခွက်တွေ သူ့နေရာနှင့် သူ စနစ်တကျ နေရာချပြီးသား။ သောက ပိုးဝတ်စုံနက်ကို ဝတ်လျက်။ အနက်ရောင် ဦးထုပ် ပျော့ကလေး နှင့် အနက်ရောင် ဖဲပြားကလေး ခေါင်းတွင် ဆင်မြန်းပြီး သုသာန်မှ ပြန်လာကြသည့် အိမ်သားများကို ကြိုသည်။ တာဝန်ပြီး သွားသဖြင့် ကျေနပ်စွာ ဂုဏ်ယူနေသည်။

သို့သော် ကက်တာရီးနာက အခန်းထဲတွင် ပြင်ဆင်ထားပုံကို မကြိုက်။ စားပွဲတွေ ချထားပုံကို အနေအထား မှားနေသည် ထင်၏။ သူ့ဦးထုပ်ဆောင်းထားပုံနှင့် ခေါင်းပေါ်တွင် ဖဲကြိုးတွေ ချည်ထားပုံကိုလည်း

သဘောမကျ။ ဂျာမန်တွေက အဆင့်အတန်း မြင့်မြင့် မနေတတ်ပါဘူးဟု စိတ်ထဲထင်လိုက်၏။ အဖေဗိုလ်မှူးကြီးသည် ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လုဆဲဆဲအထိ အရှိန်အဝါကြီးခဲ့သူ ဖြစ်သည်။ အိမ်က ထမင်းစားခန်းကြီးမှာ လူလေးဆယ်ကျော် ဧည့်ခံနိုင်သည်။ မီးဖိုဆောင်မှာလည်း တခမ်းတနား။ အေမီလီယာလို မိန်းမမျိုး ဝင်ခွင့် မရှိသည့် မီးဖိုဆောင်မျိုး။

သို့သော် အမျက်မထွက်တော့ဘဲ ကက်တာရီးနာ စိတ်ထိန်းထားလိုက်သည်။ သို့သော် အမျိုးသမီးကို ပြောသည့် သူ့လေသံက အေးစက်စက်။ ကိစ္စဝိစ္စတွေ ပြီးလျှင်တော့ သူနှင့် အဆက်ဖြတ်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူနှင့် တန်ရာတန်ရာမှာ နေပစေပေါ့။ ကက်တာရီးနာ အောင့်သက်သက် ဖြစ်နေသည့် နောက်တချက်မှာ တတိုက်တည်းနေ အခန်းငှားများအားလုံး ပိုလန်သားလေးတယောက်မှ လွဲ၍ မည်သူတယောက်မျှ အသုဘရှု ရောက်မလာခြင်းပင်။ လူကြီးလူကောင်း ဆိုသူများ ပေါ်မလာဘဲ အဆင်းရဲဆုံး ပိုလန်သား ကလေး တယောက်သာ အသုဘပို့ ရောက်လာသည်။ သူ အလွန်အထင်ကြီး လေးစားနေ သည့် ပျို့တာပီထရိုဗစ်ချ်လူဇင်လည်း ပေါ်မလာ။ မနေ့ကပင် သူ့အကြောင်း အေမီလီယာ၊ ပိုလင်ကာ၊ ဆွန်ညာနှင့် ပိုလန်သားကလေးကို ပြောပြနေပါသေးသည်။

"သူက ငါ့ ပထမယောကျ်ားရဲ့ သူငယ်ချင်း။ အရမ်းချမ်းသာပြီး သြဇာတိက္ကမ ကြီးတဲ့လူ။ စိတ်သဘောထားလည်း ပြည့်တယ်။ ငါ့အဖေနဲ့လည်း ခင်တယ်။ အမျိုးသား ပင်စင် ရဖို့လည်း သူ့အဆက်အသွယ်တွေနဲ့ အတတ်နိုင်ဆုံး လုပ်ပေးမယ်တဲ့"

ကက်တာရီးနာသည် သူ့ဝသီကြောင့် လူဇင့်ကို မြှောက်ပင့်နေခြင်း ဖြစ်သည်။ မုန်းစရာကောင်းသော အင်ဒရေးတယောက်လည်း ပေါ်မလာ။ သူ့ကို မကောင်းတတ်လို့ ဖိတ်ခြင်း ဖြစ်သည်။ မစ္စတာလူဇင်နှင့် တခန်းတည်း ပေါင်းနေခြင်းကြောင့် ဖိတ်လိုက်တာ၊ သူ့ကိုယ်သူ ဘာများ ထင်နေသည်မသိ။

ရောက်မလာသည့် အထဲတွင် လွန်ခဲ့သည့် နှစ်ပတ်ကမှ သည်တိုက်သို့ ပြောင်းလာ သည့် အထက်တန်းလွှာ သားအမိနှစ်ယောက်လည်း ပါသည်။ မာမီလာဒေါ့ဗ် မူးပြန်လာလို့ အခန်းထဲတွင် ဆူဆူညံညံဖြစ်လျှင် အမြဲတမ်း ပြဿနာလုပ်သည့် သားအမိ။ သည်အကြောင်း ကို အေမီလီယာထံမှ ပြန်ကြားရခြင်း ဖြစ်သည်။ အေမီလီယာ ဆိုသည့် အမျိုးသမီးက ကက်တာရီးနာနှင့် ရန်ဖြစ်ထားသူ။ မိသားစုတခုလုံးကို တိုက်ပေါ်မှ မောင်းချမည်ဟု ကြိမ်းဝါး ထားသူ။ ဂုဏ်သရေရှိ အခြားအခန်းတွေကို စော်ကားနေသူ။ အောက်တန်းစားတွေဟု နှိမ်နှိမ်ချချ ပြောထားသူ။

သည်သားအမိကို ဖိတ်လိုက်ခြင်းမှာ ဘယ်သူက အောက်တန်းစားလဲ၊ ဘယ်သူက အထက်တန်းစားလဲ ပြချင်၍ ဖြစ်သည်။ သူတို့ လာလျှင် မိမိ ဘယ်သူ့သမီးလဲ ဆိုတာတွေ ပြောလိုက်ရုံဖြင့် လုံလောက်ပြီ။ ဝဝတုတ်တုတ် အငြိမ်းစား ဒုဗိုလ်မှူးကြီး တယောက်လည်း ရောက်မလာ။ စင်စစ် သူသည် ဗိုလ်ကြီးအဆင့်ဖြင့် အငြိမ်းစား ယူခဲ့သူ ဖြစ်သည်။ သူ့အမူ အရာ က လွန်ခဲ့သည့် နှစ်ရက်ကတည်းက ပြောင်းလဲနေသည်။

ကြွရောက်လာသူများမှာ ပိုလန်သားကလေးရယ်၊ ကုတ်အင်္ကျီစုတ်ကြီး ဝတ်ထား ပြီး မျက်နှာတွင် မှဲ့ခြောက်တွေနှင့် နံစော်နေသည့် စာရေးကြီးတယောက်ရယ် (သူက စကားတခွန်းမျှ မပြော)နှင့် နားလေးပြီး မျက်စိကွယ်လုလု စာတိုက်ဝန်ထမ်းဟောင်း တဦးသာ ဖြစ်သည်။ သူ့ပုံက ဟိုဘက်ခေတ် လူတယောက်၏ ဆင်ယင်ထုံးဖွဲ့မှုမျိုး။ ပြီးတော့ ထောက်ပံ့ရေး ဌာနမှ ပင်စင်စား စာရေးကြီးတယောက် ရောက်လာသည်။ သူက မူးပြီး ရောက်လာခြင်း ဖြစ်သည်။ စကားတွေ ဟောင်ဖွာဟောင်ဖွာ ပြောပြီး သိက္ခာမဲ့စွာ အော်ရယ်နေသည်။ ပြီးတော့ ထမင်းစားပွဲသို့ အပေါ် အင်္ကျီ မပါဘဲ ရောက်လာခြင်း ဖြစ်သည်။ ဧည့်သည် တယောက်က ကက်တာရီးနာကိုပင် နှုတ်မဆက်ဘဲ စားပွဲတွင် ဝင်ထိုင်သည်။ နောက်ဆုံးတွင် လူတယောက် ထပ်ဝင်လာသည်။ ညဝတ်အင်္ကျီပင် မချွတ်ရသေး။ ဒါကတော့ တဆိတ် လွန်လွန်းသည်။ အေမလီယာနှင့် ပိုလန်သားကလေးက သူ့ကို ဆွဲထုတ်ပြီး အပြင် တွန်းပို့လိုက်ရသည်။ နောက် ပိုလန်သားကလေး၏ မိတ်ဆွေ ပိုလန်သားနှစ်ယောက် ထပ်ရောက်လာသည်။ သည်တိုက်တွင် နေသူများ မဟုတ်ကြ။ သူတို့ကို ဘယ်သူမှ မမြင်ဖူး။ ကက်တာရီးနာ တယောက် စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။ စားပွဲတွင် လူပြည့်သွားသဖြင့် ကလေး တွေအတွက် ထိုင်စရာ မရှိတော့။ သူတို့ကို အခန်းထောင့်မှ သေတ္တာခွံ တလုံးပေါ်တွင် ထမင်း ကျွေးရသည်။ ပိုလင်ကာက လူကြီးလုပ်ပြီး ကလေးတွေကို ကျွေးမွေးနေသည်။ သန့်ရှင်းရေး လုပ်ပေးနေသည်။

ကက်တာရီးနာက ဧည့်သည်တွေကို အထက်တန်းကျကျ ကြိုဆိုချင်သည်။ သို့သော် ထင်တိုင်း ဖြစ်မလာ။ တချို့ကို ဆိုလျှင် မျက်ထောင့်နီကြီးနှင့် ကြိုသည်။ စားပွဲတွင် ဝင်ထိုင်ဖို့ ဆောင့်ကြီးအောင့်ကြီးနှင့် ပြောသည်။ သူ့အမူအရာ ပြောင်းနေသည်ကို သတိထားမိသည့် အေမီလီယာက အကြီးအကျယ် စိတ်ခတ်ကျသွားသည်။ အစကောင်းခဲ့သည့် ပွဲကလေး အရုပ်ဆိုးစွာ ဇာတ်သိမ်းရတော့မှာလား။ နောက်ဆုံးတွင်မှ အားလုံး စားပွဲတွင် နေရာယူ ဖြစ်ကြသည်။

ထိုကဲ့သို့ လူစုံချိန်တွင် ရပ်စ်ကိုလ်နီကော့ဗ် ရောက်လာသည်။ ကက်တာရီးနာက ဝမ်းသာအားရ ကြိုသည်။ ဧည့်သည်အားလုံးထဲတွင်

ခေတ်ပညာတတ်လူငယ် ဆို၍ သူတဦး တည်း ပါသည် မဟုတ်လား။ နောက်နှစ်နှစ် ဆက်တက်ဖြစ်လျှင် တက္ကသိုလ်တွင် ပါမောက္ခ ဖြစ်မည်ကို လူတိုင်း သိထားသည်။ ပြီးတော့ အသုဘရှု မလိုက်နိုင်သည့်အတွက် လူလူ သူသူ တောင်းပန်ဖော်ရသည့်သူက သူတဦးတည်း မဟုတ်လား။ ကက်တာရီးနာက သူ့ ဘယ်ဘက်ခုံတွင် နေရာချပေးလိုက်သည်။ ညာဘက်က အေမီလီယာအီဗန်နိုဗာ။

ချောင်းတဟွပ်ဟွပ်ဖြင့် ဉ‌ည့်သည်တွေကို ဉ‌ည့်ခံလိုက်၊ ရပ်စ်ကိုလ်နီကော့ဗ်ကို လှည့်ပြီး တီးတိုးတီးတိုး စကားပြောလိုက်ဖြင့်။ သူ့ခံစားချက်တွေကို အစွမ်းကုန် ရင်ဖွင့်နေ ခြင်းဖြစ်သည်။ သိပ်မအောင်မြင်သော ညစာဝိုင်းကို ပျော်စရာဖြစ်အောင် ကြိုးစားနေသည်။ အဓိကအားဖြင့် တိုက်ခန်းများ ပိုင်ရှင်အမျိုးသမီးကို ရယ်စရာ လုပ်နေသည်။

“အဲဒီလို ဖြစ်ရတာ အဲဒီ ဥဩမကြီးရဲ့ အပြစ်။ ဘယ်သူ့အကြောင်း ပြောနေတယ် ဆိုတာ သိကြမှာပါ။ သူလေ၊ သူ... သူ”

ပြောပြီး အိမ်ရှင်အမျိုးသမီးကြီး အေမီလီယာဘက်သို့ မေးထိုးပြသည်။

“သူ့မျက်လုံးတွေကို ကြည့်ပါလား။ ပြူးထွက်နေတာပဲ။ သူ့အကြောင်း ပြောနေမှန်း သူ သိတယ်။ ဒါပေမဲ့ ဘာတွေ ပြောနေတယ် ဆိုတာ သူ သိမှာ မဟုတ်ဘူး။ ဒါကြောင့် ပြူးပြဲပြီး နားထောင်နေတာပေါ့။ ဟား... ဟား၊ ဇီးကွက်မကြီးနဲ့ မတူဘူးလား။ ဘာလို့များ မေးသိုင်း ကြိုးဦးထုပ် ဆောင်းလာသလဲ မသိဘူး။ သတိထားမိကြရဲ့လား။ သူ့ကြည့်ရတာ ကျွန်မရဲ့ ထမင်းစားပွဲဟာ သူပါမှ ပြည့်စုံမယ် ထင်နေတဲ့ ပုံမျိုး။ တမင် လာရောက်ချီးမြှင့်တဲ့ ပုံမျိုး။ ကျွန်မက သူ့ကို ကျွန်မယောကျ်ားရဲ့ အသိတယောက်ဖြစ်လို့ တလေးတစား ဖိတ်တာပါ။ ဒါပေမဲ့ သူက ဘယ်လိုလူတွေ ခေါ်လာလဲ မသိဘူး။ ပေါကြောင်ကြောင်တွေ၊ အပျက်မတွေ။ ဟိုဝက်ခြံထူထူနဲ့ လူကို ကြည့်ပါလား၊ နှပ်ချေးတွဲလောင်းနဲ့။ ပြီးတော့ ပိုလန်သားကလေး တွေကကော၊ ဘယ်သူနဲ့မှ မသိဘဲနဲ့ လာပြီး ပါးဖြဲ နားဖြဲ စားသောက်နေလိုက်ကြတာ။ သူတို့ကြားမှာ တယောက်ယောက် သွားထိုင်ပေးပါလားရှင်။ ဒါမှ မျှသွားမှာ။ ဟေး... **ပင်ညဲ**52 သူက ပိုလန်သားတယောက်ကို လှမ်းခေါ်လိုက်သည်။

“မင်းတို့ ဝိုင်းမှာ ကြက်ဥကိတ်မုန့် ရှိသေးရဲ့လား။ ထပ်ယူပါဦး။ ဘီယာလည်း သောက်ကြပါဦး။ ဗော့ဒကာရော သောက်ဦးမလား။ ကြည့်ပါဦး၊ သနားပါတယ်။ ဘယ်လောက် ဆာနေကြသလဲ မသိဘူး။ လွေးနေလိုက်ကြတာ ခေါင်းတောင် မထောင်ဘူး။ စားကြပါစေ၊ စားကြပါစေ။ သူတို့ ဝိုင်းက စကား မများကြဘူး။ အင်း... အိမ်ရှင်ရဲ့ ငွေဇွန်းတွေ အတွက် တော့ စိတ်ပူစရာပေါ့။ အေမီလီယာအီဗန်နိုဗာ..”

ကက်တာရီးနာက ခပ်ကျယ်ကျယ် အော်လိုက်သည်။ “ဇွန်းတွေကို

သတိထားနော်။ ဇီးကွက်မကြီး... ဟား... ဟား...”

ရယ်တော့ချောင်းဆိုးပြန်သည်။ မခံနိုင်လောက်အောင် ဆက်တိုက်ဆိုးလာသည်။ ငါးမိနစ်လောက် ဆက်တိုက်ဆိုးနေသည်။ လက်ကိုင်ပဝါတွင် သွေးတွေ နီရဲနေပြီ။ နဖူးတွင် ချွေးသီးချွေးပေါက်တွေဥလာသည်။ ချောင်းဆိုးရပ်သွားတော့သွေးစွန်းနေသည့် လက်ကိုင်ပဝါ ကို ရပ်စ်ကိုလ်နီကော့ဗ်အား ပြသည်။ ပြီးတော့ လေသံဖြင့် စကားဆက်သည်။ စိတ်လှုပ်ရှား နေ၍ မျက်နှာတွင် အနီစက်ကလေးများ ထွက်လာသည်။

“သိလား၊ သူတို့ သားအမိကို သေသေချာချာ အလေးအနက်ထားပြီး ဖိတ်ခိုင်း လိုက်တာ။ ဘယ်သားအမိကို ပြောတယ်ဆိုတာ သိတယ်နော်။ ဒါပေမဲ့ မယဉ်ကျေးလိုက်တာ။ မလာရင် မလာနိုင်တဲ့အကြောင်း ပြောရမှန်း မသိဘူး။ သိပ်အောက်တန်းကျတာပဲ။ အေးလေ၊ နယ်စွန်နယ်ဖျား တောကြိုအုံကြားက လာတာကိုး။ ဗိုလ်မှူးကတော် ဆိုလား ဘာဆိုလား။ မိသားစုပင်စင် ရဖို့ မြို့တက်လာတာတဲ့။ ရုံးတကာ လည်သွားနေရတာနဲ့ စကတ်အနားတွေ တောင် စုတ်ပြတ်နေပြီ။ အင်း... ငါးဆယ့်ငါးနှစ် ဆိုတော့လည်း မျက်နှာကို ဆေးဆိုးပန်းရိုက် လုပ်ရတော့တာပေါ့လေ။ သူတို့သားအမိ မလာတာ ထားပါတော့လေ။ မစ္စတာလူဇင် တယောက် ဘာလို့ ပေါ်မလာတာပါလိမ့်။ ဟင်.. ဒါထက် ဆွန်ညာတယောက် ဘယ်ပျောက် နေတာပါလိမ့်။ အဖေ့ အသုဘပွဲမှာတောင် ပေါ်မလာဘူး။ ထူးဆန်းလိုက်တာ။ ဟော... ဟိုမှာ လာပြီ။ ရိုဒီယွန် အနားမှာ ထိုင်ခိုင်းမယ်နော်။ ဆွန်ညာ၊ လာ... လာ၊ ဒီနားမှာ လာထိုင်။ ကြိုက်တာ စား၊ ငါးပေါင်းကတော့ အရသာအရှိဆုံးပဲ။ မုန့်တွေ ထပ်ယူလာပေးလိမ့်မယ်။ ကလေးတွေကော ကောင်းကောင်း စားကြရဲ့လား မသိဘူး။ ဟဲ့... လန်ညာ၊ ကိုလျာ၊ ငြိမ်ငြိမ် ထိုင်၊ ဘာလို့ ခြေထောက်လွှဲနေတာလဲ။ ပိုလင်ကာ၊ ဟင်းလျာတွေ အားလုံး ရရဲ့လား။ ဆွန်ညာ ဘာပြောလိုက်တယ်”

ဆွန်ညာက မစ္စတာလူဇင် မလာနိုင်သည့်အတွက် တောင်းပန်လိုက်ကြောင်း ခပ်သွက်သွက် ပြောပြသည်။ ယဉ်ကျေးသော စကားလုံးများ ရွေးပြီး အများ ကြားရအောင် ခပ်ကျယ်ကျယ်ကလေး အသံမြှင့် ပြောလိုက်ခြင်း ဖြစ်သည်။

“အချိန်ရတာနဲ့ တပြိုင်နက် သူ လာပြီး မိသားစုရှေ့ရေးကို ဆွေးနွေးပါ့မယ်တဲ့” ကက်တာရီးနာ သဘောကျသွားမည်၊ စိတ်ငြိမ်သွားမည်ကို ဆွန်ညာ သိနေသည်။ သူ ဂုဏ်တက်သွားမည် မဟုတ်လား။ ရပ်စ်ကိုလ်နီကော့ဗ်အား ခပ်သွက်သွက် ဦးညွှတ် နှုတ်ဆက်လိုက်ပြီး နံဘေးတွင် ဝင်ထိုင်လိုက်သည်။ စကားတော့ မပြော။ မျက်နှာကိုလည်း တည့်တည့် မကြည့်။ စိတ်ထဲ ကတုန်ကယင် ဖြစ်နေသည်။ ကက်တာရီးနာကို လှမ်းလှမ်း ကြည့်ပြီး အားပေးပြုံး ပြုံးပြလိုက်သည်။ သူတို့နှစ်ယောက်စလုံး အနက်ရောင်အဝတ် မချုပ်နိုင်၍ ရိုးရိုး ဝတ်နေကျ

အဝတ်အစားများကိုသာ ဝတ်ထားသည်။ ဆွန်ညာက အညိုရောင် ဂါဝန်နှင့်၊ ကက်တာရီးနာက ချည်ထည်အစင်း ဂါဝန်။

မစ္စတာလူဇင်၏ သတင်းကိုအားလုံး စိတ်ဝင်စားကြသည်။ နေကောင်း ကျန်းမာ ရှိပါစ ဟု ကက်တာရီးနာက ဆွန်ညာ့ကို မေးသည်။ ပြီးတော့ ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး အဖေ့မိတ်ဆွေ တယောက်အနေဖြင့် ခုလို ပြန်လည် ဆုံတွေ့ရခြင်းမှာ ထူးဆန်းနေကြောင်း၊ သူ့လို လူကြီးလူကောင်းတယောက်နှင့် ပြန်လည်ဆုံစည်းရခြင်းမှာ မင်္ဂလာတပါး ဖြစ်ကြောင်း များ ပြောပြနေမိသည်။

“ရိုဒီယွန်ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ ဒီ အိမ်က '**ပေါင်မုန့်နဲ့ ဆား**[53]' ကို ဝတ်ကျေတန်းကျေ လာစားဖော် ရတဲ့အတွက်ရောပေါ့။ သွားလေသူအပေါ်ဘယ်လောက် သံယောဇဉ်ကြီးတယ် ဆိုတာ ကျွန်မ ယုံကြည်ပါတယ်"

ပြီး မျက်နှာချင်းဆိုင်မှ အဘိုးကြီးကို စိတ်ဝင်တစား ညွှေ့ခံသည်။

“အသားပေါင်း ယူဦးလေ။ လစ်ဘွန်ဝိုင်ကော သောက်ပါဦးရှင်”

အဘိုးကြီးက ဘာမှ ပြန်မပြော။ ဘာပြောရမှန်းလည်း သိပုံမရ။ သူ့နံဘေးမှ ညှေ့သည် တွေက တယောက်နှင့် တယောက် တံတောင်နှင့် တွက်ပြီး သဘောကျနေကြသည်။ သူက ဘာမှန်းမသိဘဲ ပါးစပ်အဟောင်းသားနှင့် ဟိုလှည့်ကြည့်၊ သည်လှည့်ကြည့် လုပ်နေသည်။ ဒါကို သဘောကျပြီး ပရိသတ်က ရယ်ကြပြန်သည်။

“အဲဒါသာ ကြည့်တော့။ ဘယ်လို လူကြောင်ကြီးကို ခေါ်လာကြလဲ မသိဘူး။ မစ္စတာ ပျိုတာလူဇင် ကျတော့ ရအောင် မခေါ်လာကြဘူး။ သူကတော့ ရှိတော့ ရှိတယ်၊ ရှားတယ် ဆိုတဲ့ လူမျိုးနော်”

ဟု ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး ကက်တာရီးနာ ပြောလိုက်သည်။ ပြီးမှ အေမီလီယာဘက် လှည့်ပြီး မျက်နှာထိ မျက်နှာထားနှင့် ပြောလိုက်သည်။ အသံမာမာဖြင့်။ အေမီလီယာ လန့်သွား၏။

“အဲဒီလို စကတ်တိုတို ပုံစံမျိုးတွေ တို့အဖေ မီးဖိုခန်းတောင် ဝင်ခွင့်ရမှာ မဟုတ်ဘူး။ မှတ်ထား၊ ထမင်းချက်အလုပ် ပေးဖို့ဆိုတာ ဝေလာဝေး။ အေး... ကိုယ့် သွားလေသူကတော့ သဘောကောင်းတယ်လေ”

“ဟုတ်ကဲ့ပါ မဒမ်၊ သူက အရက်တော့ ကြိုက်ပါတယ်။ တကယ်ကြိုက်တာ ခင်ဗျာ့” ထောက်ပံ့ရေးဝန်ထမ်းဟောင်းက ဆယ့်နှစ်ခွက်မြောက် ဗော့ဒကာခွက်ကို

မော့ပြီး ပြောလိုက်သည်။

“ကျွန်မ အမျိုးသားမှာ အားနည်းချက်တွေ ရှိပါတယ်။ အဲဒါ လူတိုင်း သိပါတယ်။ ဒါပေမဲ့ရှင်၊ သူဟာ အင်မတန် စိတ်ထားမွန်မြတ်တဲ့လူပါ။ မိသားစုကိုလည်း သိပ်ချစ်တဲ့လူပါ။ သူ့အားနည်းချက်က ဘာလဲဆိုရင် သူက လူတကာကို ယုံတတ်တာပဲ။ အဲဒီအထဲမှာ အောက်တန်းစား ကလေကချေတွေ ပါတယ်။ သူက လူတကာနဲ့ တွဲသောက်တာ။ တချို့က သူ့ဖိနပ်အောက်က အောက်ခံခုံလောက်တောင် တန်ဖိုးရှိတာ မဟုတ်ဘူး။ စဉ်းစားကြည့်ပါ ရှော့ဒ်ယာရယ်၊ မူးပြီး ပြန်လာတယ်။ သူ့အိတ်ထဲမှာ ကြက်ကင်ကြီးတကောင် ပါလာတာ သူ မသိဘူး။ ဒါပေမဲ့ သူ့ကလေးတွေကို သူ သတိရတယ်ရှင့်”

ထောက်ပံ့ရေးဝန်ထမ်းဟောင်းက အော်မေးသည်။

“ဗျာ... ကြက်ကင် ဟုတ်လား"

ကက်တာရီးနာက သူ့ကို အဖက်လုပ်ပြီး ပြန်မဖြေ။ တခုခုတွင် အတွေးကျွံပြီး သက်ပြင်းချလိုက်သည်။ ပြီးတော့ ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်၍-

“ရှင်ကတော့ သူများတွေ ထင်သလိုထင်မှာပဲနော်။ ကျွန်မက သူ့အပေါ်သိပ်တင်းကျပ် တယ်ပေါ့။ မဟုတ်ရပါဘူးရှင်။ သူက ကျွန်မကို သိပ်တန်ဖိုးထားတာ။ အရမ်းလေးစားတာ။ သူဟာ သိပ်စိတ်ကောင်းရှိတဲ့ လူပါ။ သူ့အတွက် တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရပါတယ်။ အဲဒီလို ဖြစ်တဲ့အခါတိုင်း အခန်းထောင့်ကနေ ကျွန်မကို သူ ထိုင်ကြည့်နေတတ်တယ်။ အဲဒီလို အခါမျိုးမှာ ငါ သူ့ကို သည်းခံပါ့မယ်လေ၊ သူ ဘယ်လောက်ဆိုးဆိုး၊ သူ ဘယ်လောက် မူးမူးပေါ့”

“ဒီလိုပဲ ဖြစ်ရမှာပေါ့ မဒမ်။ ဒါပေမဲ့ တခါတလေ ဆံပင်ဆွဲပြီး ဆုံးမရတဲ့အခါတွေ လည်း ရှိတယ်ပေါ့"

ထိုပုဂ္ဂိုလ်က ဗော့ဒကာ နောက်တခွက် ငုံ့ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

“ဆံပင်ဆွဲရုံနဲ့ မပြီးဘူးလေ။ တချို့တုံးတွေအတွက် တံမြက်စည်း သုံးသင့်ရင် သုံးရတယ်။ ကျွန်မယောကျ်ားအကြောင်း ပြောနေတာ မဟုတ်ဘူးနော်”

ကက်တာရီးနာက ဆတ်ဆတ်ထိမခံ ပြန်ပက်လိုက်သည်။ ပါးပြင်ပေါ်မှ အနီစက် တွေ ပိုရဲလာသည်။ သူ့ရင်ဘတ်တွေ နိမ့်ချည်မြင့်ချည် ဖြစ်လာသည်။ ခဏနေလျှင် သူ့ဒေါသ တွေ ပေါက်ကွဲတော့မည်။ ပရိသတ်က ပျော်နေပြီး ရယ်ရယ်မောမော ဖြစ်နေကြပြီ။ ထောက်ပံ့ ရေး ဝန်ထမ်းဟောင်းကို တယောက်က တံတောင်နှင့်တွက်ပြီး တိုးတိုး သတိပေးသည်။

သူက ဖော့ဒကာတခွက် ထပ်မော့ရင်း-

"မ... မဒမ်ကို... ကျွန်... ကျွန်တော် တခု မေး... မေးပါရစေ...၊ ဘယ်သူကောင်းမျိုးရဲ့ အကူအညီနဲ့... ကျွန်... ကျွန်တော်တို့ကို ကျွေးမွေး... မွေး... ဧည့်ခံနေတာပါလဲ။ အမိပ္ပာယ်... သိပ်... သိပ်မရှိဘူး... မုဆိုးမတယောက်အနေနဲ့... ကျွန်တော်... ကျွန်တော် ခွင့်လွှတ်ပါတယ်။ ကျွန်တော်... မူး... မူး...သူ နောက်တခွက် ထပ်ထည့်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ပျက်လက်ပျက်နှင့် ထိုင်ကြည့်နေသည်။ ကက်တာရီးနာ တချိန်လုံး ထည့်ပေးနေသည့် ဟင်းတွေကို တို့ကာပင့်ကာသာ စားသည်။ သူ စိတ်ကျေနပ်ရုံ စားသည်။ တချိန်လုံး ဆွန်ညာ့ကို အကဲခတ် နေသည်။ ဆွန်ညာက ညစာဝိုင်း အေးအေး ဆေးဆေး ပြီးပါ့မလား ဟူသည့် စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ် ဖြစ်နေသည်။ ကက်တာရီးနာ စိတ်လှုပ်ရှားနေမှန်း သိသဖြင့် ပိုစိုးရိမ်နေသည်။ ဧည့်သည်အမျိုးသမီးကြီး နှစ်ယောက်မှာ ဝတ်ကျေ တမ်းကျေ သဘောဖြင့် လာခြင်းဖြစ်ကြောင်း ဆွန်ညာက သိနေသည်။ မအေကြီး က "ကျုပ်သမီးနဲ့ အဲဒီမိန်းကလေး အတူ တွဲထိုင်လို့ ဖြစ်မလား" ဟု မေးကြောင်းလည်း ဆွန်ညာ ကြားထားပြီးသား။ သည်သတင်းကို ကက်တာရီးနာလည်း ကြားပြီးဖြစ်သည်။ အမျိုးသမီးက ဆွန်ညာ့ကို ထိလျှင်၊ သူ့ကလေးတွေကို ထိလျှင် လုံးဝ သည်းမခံတတ်။ ထိုစဉ် တစုံတယောက်က ဆွန်ညာ့ဘက်သို့ စားပွဲထိပ်မှ ဟင်းပွဲတပွဲ တွန်းပို့လာသည်။ ပေါင်မုန့်ညို တချပ်နှင့် အသည်းနှစ်တုံး။ အသည်း နှစ်တုံးကို မြားကလေးနှင့် စိုက်လျက်။ ကက်တာရီးနာ မျက်နှာ ရဲတက်သွားသည်။ ဟင်းပွဲ တွန်းပို့လာသူကို 'ခွေးသူတောင်းစား၊ ငမူး' ဟု လှမ်းအော်ဆဲ လိုက်သည်။

ပွဲကြမ်းတော့မည်ကို ရိပ်မိသည့် အေမီလီယာက စကားလမ်းကြောင်း ပြောင်းပေး လိုက်သည်။ ဂျာမန်သံ ဝဲတဲတဲဖြင့်-

"ကြားပြီးကြပြီလား မသိဘူး။ ဆေးဆိုင်က ကားလ်လေ။ တနေ့ ရထားတစီး ငှားစီး တွားတော့ ရထားတမားက တူကို တတ်မယ် လုပ်တယ်တဲ့။ ကားလ်က ကြောက်ကြောက် ရွံ့ရွံ့ နဲ့ မတတ်ဖို့ တောင်းပန်တယ်။ ရှိခိုးဦးတင် တောင်းပန်တာတဲ့"

ကက်တာရီးနာ ပြုံးပြီး နားထောင်နေသော်လည်း သူ့ကို ရူးရှားလို မပြောစေချင်။ အေမီလီယာက ဆက်ပြောသည်။ ဘာလင်သား သူ့အဖေဟာ အလွန်အရေးပါသူ ဖြစ်ကြောင်း၊ အမြဲတမ်း ဘောင်းဘီအိတ်ထဲ လက်သွင်းပြီး လမ်းလျှောက်သူ ဖြစ်ကြောင်း စသည် စသည်။ ကက်တာရီးနာက ရပ်စ်ကိုလ်နီကော့ဗ်ကို ကပ်ပြောသည်။ ခပ်ရွှင်ရွှင် လေသံဖြင့်။

"စပါးကျီထဲက ဖီးကွက်မကြီးနဲ့ မတူဘူးလား။ ဘောင်းဘီအိတ်ထဲ

လက်သွင်းပြီး လမ်းလျှောက်တယ်တဲ့။ လက်နှိုက်ပြီးလို့ ပြောရမှာ။ ပီတာစဘတ်ကို ရောက်လာတဲ့ နိုင်ငံခြား သားတွေဟာ ခပ်တုံးတုံးတွေပါ”

ကားလ်အကြောင်း သူ ပြောပုံ၊ သူ့လေသံအတိုင်း လိုက်ပြောပြီး ရယ်နေသည်။ “ဘာမှ စိတ်ဝင်စားစရာ မကောင်းဘူး၊ ဒါပေမဲ့ သူ့ကိုယ်သူ အဟုတ်ကြီး ထင်နေတယ်၊ တွေ့လား။ ဟို ထောက်ပံ့ရေးလူထွက်ကမှ သူ့ထက် သာဦးမယ်။ သူ တအား မုန်းနေ ပေမယ့် ဣန္ဒြေရတယ်၊ လေးနက်မှု ရှိတယ်။ ဟိုမှာ ဇီးကွက်မကြီး မျက်လုံးအပြူးသားနဲ့ ထိုင်နေပုံကို ကြည့်ပါဦး။ သူ ဒေါပွနေတယ်။ ဟား... ဟား."

ရွှင်နေရာမှ ကက်တာရီးနာ တည်သွားသည်။ သူ့ယောက်ျား ပင်စင်ကျရင် တောမြို့ ကလေးမှာ ပြန်ပြီး ကျောင်းဖွင့်မည့်အကြောင်း၊ လူချမ်းသာ သားသမီးများကို စာသင်ပေး မည့် အကြောင်းများကို ပြောပြနေသည်။ သည်ကိစ္စ ရပ်စ်ကိုလ်နီကော့ဗ်ကို သူ ခုမှ ဖွင့်ပြောခြင်း ဖြစ်သည်။ စိတ်ပါလက်ပါနှင့် အသေးစိတ်တွေကို ပြောပြနေသည်။ သူ့တွင် အဆင့်အတန်း မြင့်မြင့် အောင်လက်မှတ် ရှိထားကြောင်း၊ မာမီလာဒေါ့ဗ်က အရက်ဆိုင်တွင် ပြောပြဖူးသည် ကို ရပ်စ်ကိုလ်နီကော့ဗ် ပြန်သတိရလာသည်။ သူ့မိန်းမသည် ဘွဲ့ရအမျိုးသမီးတယောက် ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးရော၊ မြို့မျက်နှာဖုံးများပါ တက်သည့် ကျောင်းဆင်းပွဲတွင် လူကြီးလူကောင်းများနှင့်တွဲကခဲ့ဖူးကြောင်းပြောသည့် ညကဖြစ်သည်။ သည်လက်မှတ်ကို သူ သိမ်းထားခြင်းမှာ ကျောင်းဖွင့်ဖို့ ရည်ရွယ်ချက်ဖြင့် မဟုတ်။ ဧည့်သည်တွေထဲက မိန်းမကြီး နှစ်ယောက်ကို ပြပြီး သူ ဘယ်အဆင့်က လာသည်ကို သိစေဖို့ ဖြစ်သည်။ ဗိုလ်မှူးကြီးတဦး ၏သမီးဆိုတာ ပြချင်လို့ ဖြစ်သည်။ အောင်လက်မှတ်ကို ထုတ်ပြတော့ မုန်းနေသည့် ဧည့်သည် တွေ၏ လက်ထဲသို့ ဆင့်ကမ်းရောက်သွားသည်။ ကက်တာရီးနာက ပြန်ယူဖို့ မကြိုးစား။ လက်မှတ်က ပြင်သစ်ဘာသာဖြင့် ရေးထားခြင်း ဖြစ်သည်။

ဂုဏ်ထူးဆောင် တပ်ဖွဲ့ဝင်၊ တရားသူကြီး အဖွဲ့ဝင်၊ ဗိုလ်မှူးကြီးအဆင့်နှင့် တန်းတူသည့် မစ္စတာ ဘယ်သူ၊ ဘယ်ဝါ၏ သမီး ဖြစ်ကြောင်းများ ပါသည့် အောင်လက်မှတ် ဖြစ်သည်။

ကက်တာရီးနာက အရမ်းစိတ်လှုပ်ရှားလာပြီး မြို့ပြန်ရောက်လျှင် တည်ဆောက် မည့် အနာဂတ်စီမံကိန်းများကို အားရပါးရ ပြောပြနေသည်။ သူ့ကျောင်းတွင် သူ့ကို ငယ်ငယ် က ပြင်သစ်စာ သင်ပေးသည့် ပြင်သစ်ဆရာအိုကြီးကို ခေါ်ပြီး သင်ခိုင်းမည့် အကြောင်း၊ သည်ဆရာကြီး ယနေ့တိုင် သက်ရှိထင်ရှား ရှိနေသေးကြောင်း၊ မိမိ ခေါ်လျှင် ရမှာ သေချာ ကြောင်း၊ ကူညီမှာ သေချာကြောင်းများ ပြောပြနေသည်။ ပြီးတော့ ဆွန်ညာ့အကြောင်း ပါလာသည်။

ဆွန်ညာ့ကို ခေါ်သွားမည့်အကြောင်း၊ အဘက်ဘက်က အားကိုးရမည့် အကြောင်းများ ပြောနေစဉ် စားပွဲထိပ်မှ လူတယောက်က ဟူးခနဲ သက်ပြင်း မှုတ်ထုတ်လိုက်သည်။ ရယ်သံတွေ သဲ့သဲ့ထွက်လာသည်။ သို့သော် ကက်တာရီးနာက ဂရုမစိုက်ဘဲ အသံကို မြှင့်ပြီး ဆက်ပြောသည်။

"သူက သိပ်တော်တာ။ ကျွန်မ ပြောရဲတယ်။ သေချာပေါက် ကျွန်မ လက်ထောက် ဖြစ်လာရမယ်။ သူက ပညာအခြေခံလည်း ကောင်းတယ်၊ လိမ္မာတယ်၊ ကျိုးနွံတယ်၊ သဘောဖြူ အူစင်းကလေးပဲ"

ပြောပြီး ဆွန်ညာ့ ပါးကလေးတဖက်ကို ပုတ်သည်။ ပြီးတော့ အသာထပြီး ပါးကို နမ်းသည်။ အရှက်အကြောက်ကြီးသည့် ဆွန်ညာ့မျက်နှာကလေး နီသွားသည်။ ပြီးသည်နှင့် ကက်တာရီးနာတယောက် မျက်ရည်တွေ ကျလာသည်။ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက် ၏။ ငါ ဒါလောက် စိတ်ပျော့ရသလား။ ဝိုင်ပုလင်းတွေ ပြောင်ပြီ။ စားသောက်လို့လည်း ပြီးကြပြီ။ ဘာလို့ လက်ဖက်ရည် မလာသေးတာပါလိမ့်။

ထိုအချိန်တွင် အေမီလီယာ ဟန်မဆောင်နိုင်လောက်အောင် ဒေါပွနေပြီ။ ဘယ်စကား တွင်မှ သူ ဝင်တိုးလို့ မရခြင်းကြောင့် ဖြစ်၏။ သူ တခုခုပြောလျှင် ဘယ်သူမှ စိတ်မဝင်စား၊ ဘယ်သူမှ နားမထောင်။ နောက်ဆုံးအနေဖြင့် သူ ကြိုးစားကြည့်သည်။ သေသေချာချာ စဉ်းစားပြီး အကြံပြုခြင်းမျိုး။ ကျောင်းဖွင့်မည် ဆိုလျှင် ကလေးတွေ၏ အဝတ်အစားနှင့် တကိုယ်ရေ သန့်ရှင်းရေး အရေးကြီးကြောင်း၊ ပြီးတော့ ကျောင်းသူကလေးများ ညညတွင် ဝတ္တု ခိုးမဖတ်ဖို့လည်း အရေးကြီးကြောင်း စသည် စသည်များ။

ညစာစားပွဲ မအောင်မြင်၍ စိတ်ညစ်နေသည့်ကြားမှ သည်အမျိုးသမီးက တမှောင့်။ သည်အခါ သည်းမခံနိုင်တော့ဘဲ ပစ်ဟောက်လိုက်သည်။ ဘာမှ အရေးမပါတာတွေ အရေး ထဲမှာ လာပြောနေရသလား။ ဒီကိစ္စမှာ ကျောင်းသူနာပြုနှင့် ဆိုင်တာပဲ။ မိမိက ကျောင်းအုပ် ဆရာမကြီး ဖြစ်မှာ။ ဝတ္တု ခိုးဖတ်သည့်ကိစ္စမှာ မလျော်သော်လည်း တိုးတိုးတိတ်တိတ် ထိန်းရမည့် ကိစ္စပဲ။ သည်ကိစ္စ ဘာမှဝင်ပြီး စိတ်ပူဖို့ မလိုကြောင်းများ ပြောသည့်အခါ အေမီလီယာက မျက်နှာတခုလုံး နီမြန်းလာပြီး ဂျာမန်သံ ဝဲသည်ထက် ဝဲလာကာ သူက ကောင်းစေလို၍ စေတနာဖြင့် ပြောခြင်းဖြစ်ကြောင်း၊ အရေးကြီးတာက တိုက်ခန်းလခ မရသည်မှာ ကြာပြီဖြစ်ကြောင်း ပြောတော့ ကက်တာရီးနာက ကောင်းစေလို၍ ပြောတာ မဖြစ်နိုင်ကြောင်း၊ "**အလောင်းကြီး**54 စားပွဲပေါ်မှာ ရှိစဉ်က အခန်းခ လာတောင်းသည့်အကြောင်း ပြောတော့ အေမီလီယာကလည်း ကြက်ခေါင်းဆိတ်မခံ ပြန်ပြောသည်။

"တူခိုင်းလို့ ကျွန်မ တွားဖိတ်တာပဲ။ အထက်တန်းလွှာ အမျိုးသမီးတွေက အောက်တန်းစား ဖိတ်တာမို့ မလာကြတာလေ"

"အောင်မယ်လေး၊ နင်က အထက်တန်းလွှာ၊ အောက်တန်းလွှာကို ဘယ်လောက် ခွဲခြားတတ်လို့လဲ။ လမ်းပေါ်က ဟာမကများ'

အေမီလီယာ မခံနိုင်တော့။ သည်အခါ သူ့အဖေမှာ ဘာလင်မြို့သား ဖြစ်ကြောင်း၊ အရာရှိကြီးတယောက် ဖြစ်ကြောင်း၊ လမ်းလျှောက်လျှင် ဟောဒီလို လျှောက်တတ်ကြောင်း ပြောပြီး ဝုန်းခနဲ ထရပ်ကာ၊ ဘောင်းဘီအိတ်အတွင်းသို့ လက်နှိုက်ကာ ဘယ်ညာ လျှောက်ပြသည်။ ဧည့်သည်တွေက ဘယ်ညာ၊ ဘယ်ညာ ဝိုင်းအော်ပေးသည်။ ကက်တာရီးနာသည်းမခံနိုင်တော့။ သူ့မှာ အဖေရှိတယ်ဆိုတာ မဖြစ်နိုင်ကြောင်း၊ ပီတာစဘတ်က နိုင်ငံခြားသား ဆင်းရဲသားရပ်ကွက်တွင် ကလေကချေ ကြီးပြင်းလာခြင်း ဖြစ်ကြောင်း၊ တရပ်ကွက်လုံး အရက်သမားတွေချည်း ဖြစ်ကြောင်း။

"သူ့ပုံ ကြည့်ပါလား။ သူများအိမ်မှာ ထမင်းချက် လုပ်လာတဲ့ ပုံမျိုးပဲ။ ဒါထက် ဆိုးချင်တောင် ဆိုးဦးမယ်။ ကျွန်မအဖေက ဗိုလ်မှူးကြီး။ ကျွန်မ ကျောင်းထွက်လက်မှတ်ကို အားလုံး ကြည့်ပြီးပြီပဲ။ သူက ကျွန်မ ပြောသလို ပီတာစဘတ် အမှိုက်ပုံမှာ ကြီးပြင်းလာတာ ဖြစ်မှာပါ။ သူ့မှာ အဖေရှိတယ် ဆိုရင်လည်း နွားနို့သည်ပဲ ဖြစ်မှာပါ။ အဲဒီနေရာက ကလေး တွေဟာ အဖေမပေါ်တာ ခပ်များများပါ။ ဒါကြောင့် သူ့မိသားစုနာမည် ခုထိ ဝိုးတိုးဝါးတား ဖြစ်နေတာပေါ့။ အီဗန်နိုဗနာလိုလို၊ လုဒ်ဝစ်ရိုဗနာလိုလို'

သည်တော့မှ အေမီလီယာ ဒေါသကို မထိန်းနိုင်တော့ဘဲ စားပွဲကို လက်သီးနှင့် ထုကာသူဟာ အီဗန်နိုဗနာ ဖြစ်ကြောင်း၊ လုဒ်ဝစ်ရိုဗနာမဟုတ်ကြောင်းအော်ကြီးဟစ်ကျယ် ပြောတော့သည်။

"တူအဖေနာမည်တာ ဘယ်တူ ဘယ်ဝါမှန်း မတိတာ၊ ကျွန်မ အဖေနာမည် တိတယ်၊ ဂျိုဟန်တဲ့"

"နင့်ရဲ့ မလောက်လေး မလောက်စား အဖေအကြောင်း နောက်တခွန်း ပြောကြည့်။ နင့်ခေါင်းပေါ်ကဟာတွေ ငါ တစစီ ဆွဲဆုတ်ပစ်မယ်။ ပြီးတော့ ဖနောင့်နဲ့ ပေါက်ပစ်မယ်"

ဤတွင် အေမီလီယာတယောက် မခံနိုင်မရပ်နိုင် ဖြစ်ကာ အခန်းထဲတွင် ဟိုပြေး လိုက် သည်ပြေးလိုက်ဖြင့် အသားကုန်အော်ပြီး- "ကျုပ်က အခန်းပိုင်ရှင်။ တို့ကို ခုချက်ချင်း နှင်ချမယ်"

ပြောပြီး သူ ငှားထားသည့် ငွေဇွန်းတွေ၊ ငွေခက်ရင်းတွေကို ကောက်သိမ်းတော့သည်။ တခန်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကလေးတွေလည်း အော်ငိုကြတော့၏။ ဆွန်ညာက ကက်တာရီးနာဆီ ပြေးသွားပြီး ထိန်းသည်။ ဤတွင် အေမီလီယာက **အဝါရောင် မှတ်ပုံတင်ကတ်ပြား**55 အကြောင်း အော်ပြောလိုက်သည်။ သည်တွင်မှ ကက်တာရီးနာက ခြိမ်းခြောက်ထားသည့် အတိုင်း သူ့ခေါင်းပေါ်မှ ဦးထုပ်တွေ၊ ဖဲပြားတွေကို တစစီ ဆွဲထုတ် ပစ်ဖို့ ပြေးဝင်သွားတော့သည်။ ထိုစဉ်တွင် တံခါးပွင့်လာပြီး မစ္စတာလူဇင် ဝင်လာသည်။ သူက မျက်နှာထားကြီး ဖြင့် အခန်းထဲမှ မြင်ကွင်းကို စိုက်ကြည့်နေသည်။ ကက်တာရီးနာက သူ့ဆီ ပြေးသွားသည်။

※ ※ ※

(၃)

"မစ္စတာလူဇင်ရှင့်"

ကက်တာရီးနာက ဝမ်းသာအားရ ကြိုသည်။

"ရှင်ဟာ ကျွန်မတို့ မိသားစုအတွက် ရပ်တည်မယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဟောဒီ အလဇ္ဇီမက ကဖျက်ယဖျက် လုပ်နေတယ်ရှင့်။ ကျွန်မလို ဒုက္ခရောက်နေတဲ့ အထက် တန်းလွှာ အမျိုးကောင်းသမီးကို မလေးမစား လုပ်တယ်ရှင့်။ ကျွန်မ မခံနိုင်ဘူး။ ပြည်နယ် အုပ်ချုပ်ရေးမှူးအထိ သွားတိုင်မယ်။ ရှင် ကျွန်မအဖေရဲ့ ပေါင်မုန့်နဲ့ ဆားကို သတိရပါသေး တယ်နော်"

"ဒီမယ် မဒမ်၊ တဆိတ် ခင်ဗျာ"

လူဇင်က ကက်တာရီးနာကို ဖယ်ထုတ်လိုက်ပြီး-

"မဒမ်ရဲ့အဖေကို ကျုပ် မသိပါဘူး ခင်ဗျာ။ အဲဒါ မဒမ် သိပါတယ်။ အဲဒီအတွက် ခွင့်လွှတ်ပါနော်"

ဧည့်သည်တွေထဲမှ တယောက်က အော်ရယ်လိုက်သည်။

"ပြီးတော့ ကျုပ်က မဒမ်နဲ့ အေမီလီယာနဲ့ ဖြစ်နေတဲ့ ကိစ္စကိုလည်း တစွန်းတစ ဖျန်ဖြေဖို့ ရောက်လာတာ မဟုတ်ပါဘူး၊ ကျုပ်ကိစ္စနဲ့ကျုပ် လာတာပါ။ ဆွန်ညာနဲ့ စကား နည်းနည်း ပြောပါရစေ။ ကျုပ်ကို ဝင်ခွင့်ပြုပါနော်''

ကက်တာရီးနာကို ထားခဲ့ပြီး ဆွန်ညာ ရပ်နေသည့် အခန်းထောင့်သို့ သူ ဖြတ် လျှောက်သွားသည်။

ကက်တာရီးနာ ကြက်သေသေပြီး ကြောင်ကြည့် ကျန်ရစ်သည်။ ဘာပြုလို့ အဖေ့ ဂုဏ်သိက္ခာကို လူပုံအလယ်မှာ အရှက်ခွဲတာလဲ။ ပြီးတော့ သူ့လေသံက သူစိမ်းပြင်ပြင်။ ရန်လိုမုန်းတီးစိတ်ပင် စွက်နေသေးသည်။ သူ ရောက်လာသဖြင့် တခန်းလုံး ငြိမ်ကျသွားသည်။ အရေးတကြီး ကိစ္စရှိလို့ သူ ရောက်လာပုံရသည်။ တခုခု ဖြစ်တော့မည့်နှယ်။ သူ ဝင်လာတော့ ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့နံဘေးမှ အသာဖယ်ပေးလိုက်သည်။ လူဇင် ကသူ့ကို မမြင်ချင်ယောင် ဆောင်ပြီး ဆွန်ညာ့နံဘေးတွင် ရပ်လိုက်သည်။ မကြာခင်အတွင်း အင်ဒရေး ရောက်လာသည်။ သို့သော် အခန်းထဲ မဝင်။ အပေါက်ဝတွင်သာ ရပ်နေသည်။ တခုခုကို အာရုံစိုက်ကာ အလေးအနက် လေ့လာနေပုံ။ သို့သော် ဘာတွေ ဖြစ်နေမှန်း သူ လုံးဝ မသိ။

လူဇင်က ဘယ်သူ့ကိုမှ မကြည့်ဘဲ စကားစသည်။

"အနှောင့်အယှက် ပေးသလို ဖြစ်ရင် ကျုပ်ကို ခွင့်လွှတ်ပါ။ ကိစ္စက အရေးကြီးလို့ ကျုပ် ဝင်လာတာပါ။ ဒီမှာ လူစုံတက်စုံ ရှိနေတာ တမျိုးကောင်းပါတယ်။ ကျုပ် ဝမ်းသာ ပါတယ်။ အေမီလီယာအီဗန်နိုဗာက တိုက်ခန်းပိုင်ရှင်အနေနဲ့ ကျုပ်နဲ့ ဆွန်ညာ ပြောမယ့် စကားတွေကို တဆိတ် နားထောင်ပေးဖို့ ကျုပ် မေတ္တာရပ်ပါတယ်'

ပြီးမှ သူ စကားဆက်သည်။ ဆွန်ညာ့ဘက်သို့ မျက်နှာတည့်တည့် မူလိုက်သည်။ ဆွန်ညာ့ခမျာ ဘာမှန်းမသိဘဲ ကြောက်ဒူးတွေ တုန်နေသည်။

"ကျုပ်ပိုင် ပစ္စည်းဖြစ်တဲ့ နိုင်ငံတော်အစိုးရထုတ် ရူဘယ် တရာတန် ငွေစက္ကူ တရွက် ကျုပ် စားပွဲပေါ်ကနေ ပျောက်သွားပါတယ်။ ကျုပ် ရောက်နေတဲ့ မစ္စတာအင်ဒရေး ဆေမျွန်နိုဗစ်ချ်ရဲ့ အခန်းထဲက ဒီမိန်းကလေး ပြန်ထွက်သွားပြီးတဲ့နောက်မှာ ပျောက်သွား တာ။ မင်း တနည်းမဟုတ် တနည်းနည်းနဲ့ ယူသွားတာ ဖြစ်ရမယ်။ ကဲ... ဘယ်မှာလဲ ပြော၊ ဒီမှာ ရှိနေတဲ့ သက်သေတွေ အားလုံးရှေ့မှာ အမှန်အတိုင်းပြော၊ မဟုတ်ရင် ကျုပ်အနေနဲ့ ရှေ့တဆင့် တိုးရလိမ့်မယ်။ အဲဒီအခါကျရင် မင်း ဒုက္ခ ပိုကြီးသွားလိမ့်မယ်"

တခန်းလုံး အပ်ကျသံကိုမျှ ကြားရလောက်အောင် ငြိမ်ကျသွားသည်။ ငိုနေသည့် ကလေးများပင် တိတ်သွားကြသည်။ ဆွန်ညာမှာ ဘာမှ မပြောနိုင်ဘဲ ဆွံ့အကာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ဘာမှ နားမလည်။ ဘာမှ မပြောတတ်ဘဲ လူဇင် ဆိုသော လူကြီးကို တွေပြီး ကြည့်နေသည်။ သူက မိန်းကလေးကို စိုက်ကြည့်ပြီး-

"ကဲ... ဘယ်လိုလဲ မိန်းကလေး၊ ပြောလေ"

"မသိဘူး၊ ကျွန်မ ဘာမှ မသိပါဘူးရှင်"

လေသံကလေးဖြင့် ဆွန်ညာ ပြန်ပြောသည်။

"မသိဘူး၊ ဟုတ်စ"

လူဇင်က ခဏစောင့်ပြီး ဆက်မေးသည်။

"သေသေချာချာ စဉ်းစားပါ ကလေးမ"

သူ့လေသံ မာလာသည်။ အပေါ်စီး လေသံဖြင့် ဆက်ဟောက်သည်။

"သေသေချာချာ စဉ်းစားနော်။ မင်းကို အချိန်ပေးမယ်။ တဆိတ်

နားလည်ထား နော်။ ကျုပ် အတွေ့အကြုံနဲ့ မသေချာရင် မစွပ်စွဲဘူး။ မဟုတ်ရင် ကျုပ် ဘာဖြစ်သွားမလဲ။ ကျုပ်မှားသွားရင်ကျုပ်ဘာဖြစ်သွားမလဲ။ ဒါကိုကျုပ်ကောင်းကောင်းနားလည်ထားတယ်။ ဒီမနက် ဘဏ်ကနေ ကျုပ် အတိုးတွေ သွားထုတ်လာတယ်။ အားလုံး ရူဘယ်သုံးထောင်။ အဲဒီဘဏ် စာအုပ် ကျုပ် ပိုက်ဆံအိတ်ထဲမှာ ပါတယ်။ အခန်းပြန်ရောက်တော့ မိတ်ဆွေလေး အင်ဒရေးရဲ့ ရှေ့မှာပဲ ကျုပ် ရေတယ်။ နှစ်ထောင့်သုံးရာ ရေပြီးတော့ ရေပြီးသား ငွေစက္ကူ တွေကို ပိုက်ဆံ အိတ်ထဲ ပြန်ထည့်လိုက်တယ်။ ပိုက်ဆံအိတ်ကို ကုတ်အင်္ကျီအိတ်ထဲ ပြန်ထည့် လိုက်တယ်။ စားပွဲပေါ်မှာ ရူဘယ်ငါးရာ ကျန်မှာပေါ့။ အဲဒီအထဲမှာ တရာတန် သုံးရွက် ပါတယ်။ အဲဒီအချိန်မှာ သူ ရောက်လာတယ်။ ကျုပ် ခေါ်ခိုင်းလိုက်တာပါ။ ဟုတ်တယ်နော် ကလေးမ။ အခန်းထဲ ရောက်တော့ တချိန်လုံး မင်း မနေတတ် မထိုင်တတ်နဲ့ ဂနာမငြိမ် ဖြစ်နေတယ်။ သုံးကြိမ်တိုင်တိုင် မင်း ထပြန်ဖို့ ကြိုးစားတယ်။ စကားမပြတ်ကြသေးဘဲ ထပြန်ဖို့ ဟန်ပြင်တာနော်။ အဲဒါတွေ အားလုံး ဟောဒီက အင်ဒရေး မြင်တယ်။ မင်းကို ခေါ်ရတဲ့ အကြောင်းရင်းကတော့ မင်းတို့ မိသားစုကို အထောက်အပံ့ရဖို့ ကိစ္စပါ။ အဲဒါတော့ မင်း ငြင်းမယ် မထင်ပါဘူး။ အဓိကကတော့ ကက်တာရီးနာပေါ့။ သူဖိတ်တဲ့ နာရေး ညစာဝိုင်း ကို ကျုပ်မလာနိုင်တာက တပိုင်းပေါ့လေ။ သူ့အတွက်ရန်ပုံငွေရှာပြီးငွေပဒေသာပင်ကလေး လုပ်ပေးဖို့ ကျုပ်မှာ စိတ်ကူးရှိလို့ပါ။ ဒီမိန်းကလေးဟာ အဲဒီအကြောင်း ကြားတော့ ကျုပ်ကို ကျေးဇူးတင်လွန်းလို့ မျက်ရည်များတောင် လည်ရှာတယ်။ ဟုတ်တယ်နော်။ ဒါတွေကို ကျုပ်ပြောနေတဲ့ အကြောင်းရင်းက အားလုံး ကျုပ် အသေးစိတ် မှတ်မိနေတယ် ဆိုတာ မင်း သိစေချင်လို့ပဲ။ ပြီးတော့ ဆယ်ရူဘယ်တန် တရွက် ယူပြီး မင်းကို ကမ်းပေးလိုက်တယ်။ မင်းတို့ မိသားစုအတွက် ပထမအရစ် ထောက်ပံ့ကြေးပေါ့။ ဒါတွေအားလုံး အင်ဒရေး မြင်နေတယ်။ ပြီးတော့ တံခါးဝအထိ မင်းကို ကျုပ် လိုက်ပို့တယ်။ အဲဒီအချိန်အထိ မင်း ရှက်ကိုး ရှက်ကန်း ဖြစ်နေတုန်းပဲ။

"အဲ... မင်း ပြန်သွားတော့ တို့နှစ်ယောက် ဆယ်မိနစ်လောက် စကားပြောနေ ကြသေးတယ်။ ပြီးမှ အင်ဒရေး အပြင်ထွက်သွားတယ်။ အဲဒီတော့မှ ကျုပ်က စားပွဲပေါ်က ကျန်တဲ့ပိုက်ဆံတွေကို ရေရတာ။ အဲဒီတော့မှ မျက်လုံးပြူးသွားတာ။ ရူဘယ်တရာတန် တရွက် လျော့နေတယ်ဗျား။ ကဲ... တဆိတ် ဝိုင်းစဉ်းစားပေးကြပါ။ ကျုပ်က ကျုပ် မိတ်ဆွေ အင်ဒရေးကို သံသယ ဖြစ်နိုင်ပါ့မလား။ မိန်းကလေး၊ မင်းကို ပြောရတာ ကျုပ် အရမ်း အားနာ ပါတယ်။ ကျုပ် ငွေရေတဲ့ နေရာမှာ ဘယ်လိုမှ မမှားနိုင်ဘူး။ ပေသီးခေါက်ပြီး သေသေချာချာ ရေထားတာ။ ပြန်စဉ်းစားကြည့်တော့ မင်းလက်က စားပွဲပေါ်မှာ ထောက်ထားတယ်လေ။ ပြီးတော့ ပြန်ဖို့ ဖင်တကြွကြွ ဖြစ်နေတယ်။ ပြီးတော့ မင်းရဲ့ လူမှုရေး၊ စီးပွားရေး အခြေအနေ ပေါ့။ မပြေးသော် ကန်ရာ ရှိနေပြီ မိန်းကလေး။ မြေနိမ့်ရာ လှံစိုက်တယ် မထင်ပါနဲ့နော်။ မင်းက လွဲလို့ ဘယ်သူမှ မဖြစ်နိုင်တော့ဘူး။

ကျုပ်က မင်းတို့ မိသားစုအတွက် အတိုင်းအတာ တခုထိ အဆင်ပြေဖို့ တိုင်ပင်ရအောင် မင်းကို ခေါ်တယ်။ မင်း လုပ်ရက်တယ်နော်။ လောလော ဆယ် သုံးဖို့ ဆယ်ရူဘယ်လည်း ပေးပြီးပြီ။ အဲဒီတော့ မင်းကို သင်ခန်းစာပေးမှ ဖြစ်တော့မယ်”

“ကျွန်မ ရှင့်ဆီက ဘာမှ မယူဘူး၊ ရှင်ပေးတဲ့ ဆယ်ရူဘယ် ဒီမှာ၊ ပြန်ယူ”

ဆွန်ညာက တိုးတိုးပြောရင်း လက်ကိုင်ပဝါနှင့် ထုပ်ထားသည့် ငွေစက္ကူကလေး ယူပြီး လူဇင့်ကို ကမ်းပေးလိုက်သည်။

“ဒါဆို ရူဘယ် တရာတန် တရွက် မင်း ယူတယ် ဆိုတာ ဝန်မခံဘူးပေါ့”

သူက ပိုက်ဆံကို လှမ်းမယူဘဲ လေသံပြင်းပြင်းနှင့် ထပ်ပြောလိုက်ခြင်း ဖြစ်သည်။

ဆွန်ညာက အခန်းထဲမှ ဧည့်သည်တွေကို ဝေ့ကြည့်လိုက်သည်။ အားလုံး သူ့ကို စိုက်ကြည့်နေကြ၏။ တချို့က သရော်တော်တော်။ တချို့က မုန်းတီးစက်ဆုပ်စွာဖြင့်။ ရပ်စ်ကိုလ် နီကောဗ်ကို လှမ်းကြည့်လိုက်သည်။ သူက နံရံကို မှီပြီး လက်ပိုက် ရပ်နေသည်။ မျက်လုံးအစုံ က မီးဝင်းဝင်းတောက်လျက်။

“အို… ဘုရားသခင်”

ဆွန်ညာ့ နှုတ်မှ အလိုလို ထွက်သွားသည်။

လူဇင်က လေအေးကလေးဖြင့် အေမီလီယာကို လှမ်းပြောသည်။

"အေမီလီယာအီဗန်နိုဗာ၊ ရဲကို အကြောင်းကြားမှ ထင်တယ်။ တိုက်စောင့်ကို ခေါ်ပေးပါလား"

“အို… ဘုရားသခင်”

အေမီလီယာက လက်နှစ်ဖက်ကိုပတ္တာဆက်ပြီး ဂျာမန်လိုရွတ်ရင်း ဆက်ပြောသည်။

“တူ လက်ဆော့မှန်း ကျွန်မ တိတယ်”

လူဇင်က သူ့ဘက်ကို တယောက် ပါလာသည့် အလား။

“ဟုတ်လား၊ ခင်ဗျား သိတယ် ဟုတ်လား။ ဒါဆို အထောက်အထား ရှိမှာပေါ့။ တဆိတ်၊ ဒီမှာ ရှိနေတဲ့ သက်သေအားလုံး သူ ပြောတာကို မှတ်ထားပေးပါနော်”

ညွှေ့သည်အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ကက်တာရီးနာက ခုမှ အသက်ဝင်လာသလို လူဇင့်ဆီ ပြေးသွားရင်း ထအော်သည်။

"ဘာ… ရှင်က ဆွန်ညာ့ကိုသူခိုးလို့ စွပ်စွဲတယ်၊ ဟုတ်လား။ လူလိမ်တွေ၊ လူညာတွေ"

ပြောပြီး ဆွန်ညာ့ကို ပြေးဖက်လိုက်သည်။

"ဆွန်ညာ၊ မိုက်လှချည်လား။ ဘာလို့ သူပေးတဲ့ ဆယ်ရူဘယ်ကို ယူလာရသလဲ" ပြောပြောဆိုဆို ဆွန်ညာ့လက်ထဲမှ ဆယ်ရူဘယ်တန်ကို လုံးပြီး လူဇင့်မျက်နှာဆီ တအား ပေါက်ထည့်လိုက်သည်။ သူ့မျက်လုံးကို တည့်တည့်မှန်ပြီး စက္ကူလုံးလေး သူ့ခြေထောက် နားသို့ ကျသွားသည့်အခါ အေမီလီယာက ပြေးကောက်သည်။ လူဇင် စိတ်ဆိုးသွားပြီ။

"ဒီအရူးမကို ဖမ်းချုပ်ထားကြစမ်း"

အခန်းဝတွင် လာကြည့်သူတွေ များလာသည်။ အင်ဒရေး၏ နံဘေးတွင် အမျိုးသမီး နှစ်ယောက် တိုးဝှေ့ဝင်လာသည်။

"ဘာ… ဘာပြောတယ်၊ ကျုပ်ကို အရူးမတဲ့၊ ဟုတ်လား။ ရှင်သာ အရူး။ သေချင်း ဆိုးကြီး၊ လူလိမ်၊ ဆွန်ညာ့ကိုများ စွပ်စွဲစွဲစွဲ"

ကက်တာရီးနာက စိတ်မထိန်းနိုင်တော့ဘဲ ရယ်ချလိုက်ပြီး လူဇင့်ဆီ တိုးသွားရင်း-

"ရှင့်လောက်ရူးတဲ့လူတွေ့ဖူးကြသေးရဲ့လား။ ကြည့်ကြစမ်းပါဦးတော်၊ အရပ်ကတို့"

ပြောနေရင်း အိမ်ရှင် အေမီလီယာကို သတိထားလိုက်မိသည်။

"ရှင်လည်း အတူတူပဲ။ ဂျာမန် အစုတ်ပလုတ်မကြီး။ ရှင်ကပါ ဆွန်ညာ့ကို သူခိုး စွပ်စွဲတယ်၊ ဟုတ်လား။ သူ ဒီအခန်းထဲက ဘယ်မှ မထွက်သေးဘူး။ ရိုဒီယွန်ရပ်စ်ကိုလ်နီ ကော့ဇ်ဘေးမှာ တောက်လျှောက် ထိုင်နေတာ။ ရှာကြပါလား။ သူ ယူတယ် ဆိုရင် သူ့ဆီမှာ ရှိရမှာပေါ့။ ရှာကြလေ။ တွေ့ရင်တွေ့၊ မတွေ့ ရင် အသိပဲ။ ဇာဘုရင် ကိုယ်တော်မြတ်အထိကျုပ် သွားတိုင်မယ်။ တွေ့ခွင့် မရဘူး ထင်လား၊ မရရအောင် ရွှေနန်းတော်ထဲ ဝင်မယ်။ ပျော်ပျော်ကြီး အခစား ဝင်မယ်။ ကဲ … ရှာကြလေ"

ကက်တာရီးနာက လူဇင့်အင်္ကျီကို ဆွဲပြီး ဆွန်ညာ့ဆီ တွန်းပို့သည်။

“စိတ်ချပါ မဒမ်၊ လုပ်မှာပါ။ ဒါပေမဲ့ ခင်ဗျား စိတ်အေးအေးထားပါ။ ခင်ဗျား ဘယ် လောက် ပျော်နေတယ် ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ရဲ ပါဖို့တော့ လိုတယ်လေ။ ကျုပ်အနေ နဲ့ ရှာလို့ မသင့်တော်ဘူးလေ။ အေမီလီယာ အကူအညီပေးပါလား”

“ရှာ… ရှာ၊ ကြိုက်တဲ့လူနဲ့ ကြိုက်သလောက်ရှာ”

ကက်တာရီးနာ အသံကုန် အော်လိုက်သည်။

“ဆွန်ညာ.. အိတ်တွေ ခါပြလိုက်စမ်း၊ ဟော… ဘာမှ မရှိဘူး။ သေသေချာချာ ကြည့်နော်၊ သေချင်းဆိုးကြီး၊ ကဲ… ညာဘက်အိတ် ခါပြလိုက်”

ဆွန်ညာက ညာဘက်အိတ်ကို ဆွဲထုတ်ပြီး ခါပြသည်။ ဤတွင် ခေါက်ချိုးထား သည့် စက္ကူကလေး တရွက် ထွက်ကျလာ၏။ လူတိုင်း မြင်သည်။ အချို့က ဟင်ခနဲ၊ ဟာခနဲ ဖြစ်သွားသည်။ လူဇင်က စက္ကူခေါက်ကလေးကို ကုန်းကောက်ပြီး လက်ချောင်းကလေး နှစ်ချောင်းဖြင့် ညှပ်ယူလိုက်သည်။ ပြီးတော့ အားလုံး မြင်သာအောင် မြှောက်ပြီး ခေါင်းပေါ် တွင် ဖြန့်ကာ ဝှေ့လိုက်သည်။

အေမီလီယာက ထအော်သည်။

“သူခိုးမ၊ သူခိုးမ၊ ခုချက်ချင်း ငါ့အိမ်က ဆင်းသွား၊ ရဲ… ရဲ သွားခေါ်မယ်။ နင်တို့ အားလုံး ဆိုက်ဗေးရီးယား ပို့မယ်”

အံ့ဩသံတွေ အခန်းထဲတွင် ဆူညံသွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ငြိမ်ပြီး ဆွန်ညာ့ကို စောင့်ကြည့်နေသည်။ ပြီးတော့ လူဇင့်ကိုလည်း ရံဖန်ရံခါ အကဲခတ်သည်။ ဆွန်ညာ ဘာလုပ်ရမှန်း မသိဘဲ မတ်တတ်ရပ်လျက်သား မေ့နေသလို ဖြစ်သွားသည်။ မျက်နှာတခုလုံး နီရဲနေပြီ။ ပြီးမှ လက်ဝါးနှင့်အုပ်ကာ ငိုချလိုက်သည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ မယူဘူး”

ပြောပြီး ကက်တာရီးနာဆီ ပြေးသွားကာ သူ့ရင်ခွင်ထဲ ဝင်လိုက်သည်။

“မယုံဘူး၊ သူတို့ကို မယုံဘူး ဆွန်ညာ”

ကက်တာရီးနာက ဆွန်ညာ့ကို ကလေးတယောက်လို ဖက်ထားသည်။ ပြီးတော့ အားရပါးရ နမ်းနေသည်။

"ရှင်တို့အားလုံး လူရိုင်းတွေ၊ လူ့အန္တတွေ၊ ဒီမိန်းကလေး ဒါလောက် ဖြူစင်တာ ရှင်တို့ မသိကြဘူးလား။ သူ အဝါရောင်ကတ်ပြား ကိုင်ထားရတာ ကျွန်မ ကလေးတွေကြောင့်။ မိသားစုအတွက် သူ့ဘဝ သူ ရောင်းစားနေရတာ။ ဩော်... ယောကျ်ား၊ ယောကျ်ား၊ ကျွန်မ တို့အဖြစ်ကို လာကြည့်ပါဦး။ ရှင့်အတွက် အထိမ်းအမှတ်ပွဲမှာ ဖြစ်နေပုံကို လာကြည့်ဦးလေ။ ရိုဒီယွန်၊ ဒီအတိုင်း လက်ပိုက် ကြည့်နေတော့မှာလား။ အို... ဘုရားသခင်၊ တပည့် တော်မတို့ ဘက်က ရပ်ပေးမယ့်လူ တယောက်မှ မရှိတော့ဘူးလား"

အဆုတ်ရောဂါတဖက်နှင့် အပူသည် ကက်တာရီးနာကို ဝိုင်းကြည့်နေသူတွေ သနားစိတ် ဝင်လာကြသည်။ လူဇင်ပင် စိတ်မကောင်း ဖြစ်လာသည်။

"မဒမ်၊ ဒီလိုပါ မဒမ်။ ဒီကိစ္စ မဒမ်နဲ့ ဘာမှ မဆိုင်ပါဘူး ခင်ဗျာ။ မဒမ့်အပြစ် လုံးဝမရှိပါဘူး။ ဒါကြောင့် သူ့ကိုယ်မှာ မဒမ် ရှာဖို့ တိုက်တွန်းတာပေါ့။ ဒါပေမဲ့ ဒီမိန်းကလေးက ဘာလို့ ဝန်မခံတာလဲ။ ဘာလဲ၊ မင်း သိက္ခာကျမှာ စိုးလို့လား။ အင်းလေ၊ တွေးကြည့်နိုင်ပါတယ်။ ကဲ... လူကြီးမင်းများ ခင်ဗျား"

သူက အခန်းထဲမှ လူများကို ဝေ့ကြည့်လိုက်ပြီး-

"ကျုပ်မှာ သနားကြင်နာစိတ် ရှိပါတယ်။ ကရုဏာစိတ် ရှိပါတယ်။ ကျုပ် အစော်ကား ခံရပေမယ့် ကျုပ် သူ့ ကို ခွင့်လွှတ်လိုက်ပါ့မယ်။ နောင် ဒီလို ထပ်မဖြစ်ဖို့ သင်ခန်းစာ ယူဖို့တော့ မိန်းကလေးကို ပြောချင်တယ်"

ဆွန်ညာ့ဘက် လှည့်ပြီး -

"ဟုတ်ပြီနော်။ ကဲ... ပြီးတာ ပြီးပစေတော့။ ကျုပ် တာဝန်ကျေတယ်နော်"

လူဇင်က ရပ်စ်ကိုလ်နီကော့ဗ်ကို လှမ်းကြည့်လိုက်သည်။ အကြည့်ချင်း ဆုံသွား ၏။ ရပ်စ်ကိုလ်နီကော့ဗ်၏ မျက်လုံးများမှ မီးလျှံတွေ လွှတ်နေဆဲ။ ကက်တာရီးနာက ဘာမှ ဆက်နားမထောင်တော့ဘဲ ဆွန်ညာ့ကိုသာ ဖက်နမ်းနေသည်။ ကလေးတွေကလည်း သူတို့ အစ်မကို အဘက်ဘက်မှ ဝိုင်းဖက်ထားကြသည်။ ပိုလင်ကာ ကလေးက ဘာဖြစ်နေမှန်း မသိဘဲ မျက်ရည်တွေကျပြီး ရှိုက်နေသည်။

"မိုက်ရိုင်းလိုက်လေကွာ"

တံခါးပေါက်ဆီမှ ကျယ်လောင်သော အသံ တသံ။

လူဇင်က ချာခနဲ လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာကို စိန်းစိန်းကြည့်ပြီး အင်ဒရေး ထပ်ပြောသည်။

“ခင်ဗျားကြီး ယုတ်မာလှချည်လား”

လူဇင် လန့်ဖျပ်သွားကြောင်း အားလုံး သတိထားမိလိုက်သည်။ အင်ဒရေးက အခန်းထဲ လှမ်းဝင်လာသည်။

“ကျွန်တော့်ကို ခင်ဗျားက သက်သေနေရာမှာ ထားတယ် ဟုတ်လား။ ခင်ဗျား ကျွန်တော် ထင်တာထက် ပိုမိုက်နေတဲ့ လူကြီးပဲ”

“မောင်ရင် ဘာဆိုလိုတာလဲ အင်ဒရေး။ မင်း ဘာတွေ လျှောက်ပြောနေတာလဲ”

“ကျွန်တော် ပြောချင်တာက ခင်ဗျားဟာ လူလိမ်၊ လူညာ၊ လူရှုပ်၊ လူပွေ”

မှုန်ရည်ရည် မျက်လုံးအစုံကို မေးစင်းပြီး အင်ဒရေး တလုံးချင်း ပြောလိုက်ခြင်း ဖြစ်သည်။ သူ ဆောက်တည်ရာမရ ဖြစ်လောက်အောင် ဒေါသ ထွက်နေပြီ။ ရပ်စ်ကိုလ်နီ ကော့ဗ်က သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ စကားလုံး တလုံးချင်းကို အဓိပ္ပာယ် ကောက်နေသည်၊ သရုပ်ခွဲနေသည်။ တခန်းလုံး ခဏတိတ်သွားသည်။ လူဇင်တယောက် ကြက်သေ သေနေသည်။

အတန်ကြာမှ-

“ကျုပ်နေရာမှာသာ မောင်ရင်..."

သူ့စကားတွေ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

“နေပါဦး၊ မောင်ရင် ဘာဖြစ်သွားတာလဲ။ ဘယ်လို ဖြစ်သွားတာလဲ၊ မောင်ရင် ရူးသွားပြီလား”

“ကျွန်တော် မရူးဘူး။ ခင်ဗျား ရူးသွားတာ။ ခင်ဗျား လူလိမ်၊ အလကားလူကြီး။ ကျွန်တော် တချိန်လုံး နားထောင်နေတယ်၊ လေ့လာနေတယ်။ တမင် ဂရုတစိုက် လေ့လာ နေတာ။ ဘာပြုလို့လဲသိလား။

အင်း… ခုတော့သိပ်တက္ကဗေဒ မကျတော့ဘူးပေါ့ဗျာ။ကျွန်တော် ဒါကို ဝန်ခံပါတယ်။ ဒါပေမဲ့ခင်ဗျား ဘာလို့အဲဒီလိုလုပ်တယ် ဆိုတာ နားမလည်နိုင်အောင်ပဲ”

“ဆိုပါဦး၊ ကျုပ်က ဘာလုပ်လို့လဲ။ မောင်ရင် ပဟေဠိဆန်ဆန်တွေ လျှောက်ပြော မနေနဲ့။ နေပါဦး၊ မောင်ရင် မူးလာသလား”

“ခင်ဗျားပဲ မူးမှာ၊ ခင်ဗျားလောက် အောက်တန်းကျတဲ့လူ ကျွန်တော်

မတွေ့ဖူး သေးဘူး။ ကျွန်တော် အရက်မသောက်မှန်း လူတိုင်း သိတယ်။ အရက်ဟာ ကျွန်တော်တို့ ယုံကြည်ချက်နဲ့ ဆန့်ကျင်ဘက်ပဲ။ စဉ်းစားကြည့်ကြပါဗျာ။ ဆွန်ညာ့ကို အဲဒီ ရှုဘယ် တရာတန် သူကိုယ်တိုင် ပေးတာ။ ကျွန်တော့် မျက်စိနဲ့ တပ်အပ်မြင်တာ။ အဲဒါကို ကျွန်တော် ကျမ်းကျိန်ပြီး ရုံးတော်မှာ သက်သေလိုက်မယ်။ သူ... သူ ကိုယ်တိုင် ပေးတာ”

“သွားပြီ၊ မောင်ရင် ကြောင်သွားပြီ။ မှင်စာလေး ကြောင်သွားပြီ”

လူဇင်က ငယ်သံပါအောင် အော်ပြောသည်။

“ဒီမှာ သူကိုယ်တိုင် ဝန်ခံနေပြီပဲ။ မင်းရှေ့မှာ၊ အားလုံး ရှေ့မှာ သူ ဆယ်ရှုဘယ်ပဲ ရပါတယ်တဲ့။ ဘယ်လိုလုပ်ပြီး ကျုပ်က တရာတန် ပေးတာ ဖြစ်နိုင်မှာလဲ”

“ဒီမယ်၊ ကျွန်တော့်မျက်စိနဲ့ မြင်တာ။ ကျွန်တော့် ယုံကြည်ချက်နဲ့ ဆန့်ကျင်ပေ မယ့် ရုံးတော်မှာ ကျွန်တော် ကျမ်းကျိန်ပြီး သက်သေခံမယ်။ ကောင်မလေး မသိအောင် အလစ်မှာ ခင်ဗျား အဲဒီပိုက်ဆံကို သူ့အိတ်ထဲ ထည့်လိုက်တာ။ ကျွန်တော် တုံးတာ ပြောပြ မယ်။ ဩော်... ခင်ဗျားရဲ့ အလှူဒါနစိတ်ကြောင့် ဒီလို လျှို့လျှို့ဝှက်ဝှက် လုပ်လိုက်တာလို့ ထင်ခဲ့တယ်။ တံခါးဝမှာ ခင်ဗျား သူ့ကို နှုတ်ဆက်တယ်လေ။ ခင်ဗျား ညာလက်နဲ့ နှုတ်ဆက် နေတုန်းမှာ ဘယ်လက်နဲ့ ငွေစက္ကူခေါက်ကလေးကို သူ့အိတ်ထဲ ထည့်လိုက်တာ ကျွန်တော် သေသေချာချာ မြင်လိုက်တယ်”

လူဇင့်မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ဖြင့် စကားဆက်သည်။

“အလကား၊ အဓိပ္ပာယ်မရှိ။ မောင်ရင်က ပြတင်းပေါက် နားမှာ ရပ်နေတာ။ တံခါးဝက ငွေစက္ကူခေါက်ကလေးကို ဘယ်လိုလုပ် မြင်နိုင်မှာလဲ။ မျက်စိလည်း ကောင်းတာ မဟုတ်ဘဲနဲ့၊ သွားစမ်းပါကွာ။ စိတ်ကူးတည့်ရာ လျှောက်ပြော မနေစမ်းပါနဲ့’"

“ဒီမယ် မစ္စတာလူဇင်၊ ခင်ဗျား ပြောတာ မှန်တယ်။ ပြတင်းပေါက်ကနေ တံခါးဝ က ငွေစက္ကူခေါက်ကလေးကို လှမ်းမြင်ဖို့ မလွယ်ပါဘူး။ ဒါပေမဲ့ အဲဒီစက္ကူကလေးဟာ တရာတန် ဆိုတာ ကျွန်တော် အသေအချာ ပြောနိုင်တယ်။ ဆွန်ညာ့ကို ဆယ်ရှုဘယ်တန် ယူပေးတော့ တပြိုင်တည်းမှာ ခင်ဗျား တရာတန်ကိုပါ ကောက်ယူသွားတယ်။ ဘာပြုလို့ ကျွန်တော် ပြောနိုင်တာလဲ ဆိုတော့ အဲဒီအချိန်က ကျွန်တော် စားပွဲနဲ့ မလှမ်းမကမ်း ရောက် နေလို့ပဲ။ ရာတန်ကို သေးသေးလေးဖြစ်အောင် ခေါက်ပြီး ခင်ဗျား ကိုင်ထားတယ်။ အဓိပ္ပာယ် ကို

ကျွန်တော် နားမလည်ဘူး။ ခင်ဗျား ထလိုက်တော့ ပိုက်ဆံခေါက်ကလေးကို ညာလက် ကနေ ဘယ်လက် ပြောင်းလိုက်တယ်။ အဲဒီအချိန်အထိ ကျွန်တော် မသိအောင် တိတ်တိတ် ကလေး သူ့ကို ပေးမယ်လို့ပဲ ထင်လိုက်တယ်။ ရက်ရောလိုက်တာပေါ့လေ။ အဲဒီမှာ ကျွန်တော် သေသေချာချာ စောင့်ကြည့်တော့တာပေါ့။ ဒါကြောင့် ခင်ဗျား ဘယ်လို သူ့အိတ်ထဲ ထည့် လိုက်တယ်ဆိုတာ ကောင်းကောင်း မြင်လိုက်တာပေါ့။ အဲဒီအကြောင်း ကျွန်တော် ကျမ်းကိုင် ပြီး ပြောမယ်၊ စိတ်ချ”

ပြောပြီးတော့ အင်ဒရေး မောနေသည်။ ထိတ်လန့် အံ့ဩသံတွေ အခန်းထဲတွင် အမျိုးမျိုး ထွက်လာသည်။ တချို့အသံတွေက ရန်လို ခြိမ်းခြောက်သံတွေ။ လူဇင့်ဆီသို့ လူတွေ တိုးသွားကြသည်။ ကက်တာရီးနာက အင်ဒရေးဆီ ပြေးသွားပြီး-

“အင်ဒရေးရယ်၊ ရှင့်ကို ကျွန်မ အထင်မှားခဲ့ပါတယ်။ ခွင့်လွှတ်ပါရှင်။ ဆွန်ညာ ကလေးကို အကာအကွယ် ပေးပါနော်။ ရှင်တယောက်ပဲ ကူညီမယ့်လူ ရှိပါတော့တယ်။ သူဟာ မိဘမဲ့ ကလေးမလေးပါ။ ရှင့်ကို ဘုရားသခင်က လွှတ်လိုက်တာပါရှင်’’

ကက်တာရီးနာက သူ့ကိုယ်သူ ဘာလုပ်မိမှန်း မသိဘဲ အင်ဒရေးရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။ လူဇင်က ဒေါသတကြီး တစခန်း ထလာပြန်သည်။

“အလကား ပေါက်ပန်းဈေး စကားတွေ၊ ကျုပ်က အဲဒီ ပိုက်ဆံကို ဘာအဓိပ္ပာယ်နဲ့ ပေးမှာလဲ။ ဘာရည်ရွယ်ချက်နဲ့ ပေးမှာလဲ”

“အဲဒါ ကျွန်တော် နားမလည်ဘူးလို့ ပြောပြီးပြီလေ။ ဒါပေမဲ့ ကျွန်တော် ပြောတာ တွေဟာအမှန်တွေချည်းပဲ။ကျွန်တော်လုံးဝမမှားနိုင်ဘူး။ ခင်ဗျားဟာသိပ်ရွံ့စရာကောင်းတဲ့ စေဥ်းလဲ၊ လူလိမ်၊ ရာဇဝတ်သား။ ကျွန်တော့်မှာ အဟုတ်ထင်ပြီး ခင်ဗျားကို လက်ဆွဲ နှုတ်ဆက် ခဲ့တယ်၊ ကျေးဇူးတင်ခဲ့တယ်။ တိတ်တိတ်ကလေး သူ့အိတ်ထဲ ပိုက်ဆံထည့်လိုက်တာ တွေ့တုန်းကလေ။ ခင်ဗျား ဘာလို့တိတ်တိတ်ကလေး ထည့်တယ် ဆိုတာ ကျွန်တော် မြင်မှာစိုးလို့၊ ကျွန်တော်တို့က တဦးချင်း အလှူပေးတာ၊ စွန့်ကြဲတာမျိုးကို ဆန့်ကျင်တဲ့ အဖွဲ့မို့လို့ ထင်ခဲ့တာ။ ဒါမျိုးက အခြေခံကျကျကြည့်ရင် အများပြည်သူအတွက် အကျိုး မရှိလို့ ကျွန်တော်တို့က ဆန့်ကျင် တာ။ ဒါကြောင့် ခင်ဗျားက ကျွန်တော် မသိအောင် ပေးချင်တာလို့ ထင်ခဲ့တာလေ။ နောက်တမျိုး တွေးသေးတယ်။ ကောင်မလေး အံ့ဩသွားအောင် တမင်လုပ်တာ များလားပေါ့။ သူ့ဘာသာသူ အိတ်ထဲမှာ တရာတန် တရွက် တွေ့သွားရင် ဘယ်လောက် သူ ပျော်သွားမလဲ။ ဘယ်လောက် သူ အံ့ဩသွားမလဲ။ (တချို့ အလှူဒါန ပြုတဲ့လူတွေဟာ သူတို့နာမည်ကို

မဖော်ချင်ကြတာမျိုးတွေ ရှိတယ်လေ) နောက်တမျိုး တွေးသေးတယ်။ ခင်ဗျား သူ့ရိုးသားမှုကို စမ်းတာလားလို့ပေါ့။ တွေ့သွားရင် ကျေးဇူးတင်တဲ့အကြောင်း လာမပြောရင် မရိုးသား ဘူးပေါ့။

ကျေးဇူးမခံချင်လို့ ခုလို လျှို့ဝှက်ကြံစည်တာလည်း ဖြစ်နိုင်သေးတယ်[56]။ ဘာညာ ဘာညာပေါ့၊ ကျွန်တော် အမျိုးမျိုး လျှောက်တွေးနေတယ်။ အတိုချုပ် ပြောရရင်တော့ နောက်ထပ် ခေါင်းထဲ ပေါ်လာတာတွေ ရှိသေးတယ်။ နောက်မှပဲ ဆက်တွေးတော့မယ် ဆိုပြီး ထားလိုက်တာ။ နောက်ဆုံးတော့ခင်ဗျား ခိုးကြောင်ခိုးဝှက်လုပ်တာကိုကျွန်တော် မြင်တယ်လို့ ပြောချင်တာပါ။ အဲဒီမှာ ခေါင်းထဲ ဖျတ်ခနဲ ဝင်လာပြန်ရော။ ဒီကောင်မလေး ပိုက်ဆံကို မတွေ့ဘဲ ကျပျောက်သွားရင် ဒုက္ခဆိုပြီး ကျွန်တော် ဒီကို လာဖို့ ဆုံးဖြတ်လိုက်တာ။ သူ့ကို အသာ လက်တို့ ခေါ်ထုတ်ပြီး "မင်းအိတ်ထဲမှာ ရူဘယ်တရာ" လို့ ပြောမယ် ဆိုပြီးတော့လေ။ ဒါပေမဲ့ လမ်းမှာ ကိုဘီလျံနီကော့ဗ် အိမ် ဝင်ပြီး 'တိကျသော နည်းနိသရည်းအပေါ်ခြုံငုံ၍ နိဂုံးဆွဲခြင်း" စာအုပ် ဝင်ပေးရသေးတယ်။ ပီဒဲရစ်ရဲ့ ဆောင်းပါးကို ထောက်ခံထားတဲ့ စာအုပ် မို့ပါ။ (**ဝဂ္ဂနာနဲ့လည်း သွားပြီး တိုက်ဆိုင်နေသေးတယ်**[57]) နောက်မှ ဒီကို ရောက်လာပြီး ဒီအဖြစ်တွေနဲ့ လာတိုးတာ။ ဆွန်ညာ့ အိတ်ထဲကို ခင်ဗျား ပိုက်ဆံ ထည့်လိုက်တာ ကျွန်တော် မမြင်ရင် ဒီအတွေးမျိုးတွေ ဘာလို့ ခေါင်းထဲ ဝင်မလဲ။ ဘာလို့ ခင်ဗျားကို ခုလို စွဲချက်တင်မလဲ"

သိုင်းသိုင်းဖွဲ့ဖွဲ့ လျှောက်လဲချက် အရှည်ကြီး ပေးပြီးနောက် အင်ဒရေး ပင်ပန်း သွားသည်။ မျက်နှာတွင် ချွေးသီးချွေးပေါက်တွေ ကျလာသည်။ လူမှာပို၍ပိန်ချည့်သွားသည် ထင်ရ၏။ သူပြောတာတွေ ချက်ပိုင်ရဲ့လား၊ ရှုပ်ထွေးသွားသလား ဟူ၍လည်း စိုးရိမ်နေသည်။ သို့သော် သူ့ထိုးနှက်ချက်တွေ ထူးထူးခြားခြား ထိရောက်လေသည်။ သူ ပြောပုံက အားပါပြီး ယုံကြည်ချက် အပြည့်နှင့်မို့ လူအားလုံးက ယုံကြည်ကြသည်၊ လက်ခံကြသည်။ လူဇင် အလဲထိုး ခံလိုက်ရပြီ။

"မောင်ရင့်ခေါင်းထဲ ဝင်လာတဲ့ တောင်စဉ်ရေမရ အရှုးချေးပန်း အတွေးတွေကို ကျုပ်က ဘာဂရုစိုက်စရာ လိုလဲ။ လူကြီးမင်းမှာ ဘာအထောက်အထားမှ မရှိဘူးနော်။ အိပ်မက် မက်ပြီး ကယောင်ကတမ်း လျှောက်ပြောနေတာမျိုးပဲ။ မောင်ရင် ပြောတာတွေ တခုမှ မဟုတ်ဘူး။ အားလုံး မုသာဝါဒတွေ။ မောင်ရင်တို့ရဲ့ ဘုရားသခင် မရှိ၊ တရား မရှိတဲ့ အတွေးသစ် ဆိုတာကို ကျုပ် လက်မခံလို့ မောင်ရင် ကျုပ်ကို မကျေမနပ် ဖြစ်နေတာ မဟုတ်လား။ ဒါကြောင့် ကျုပ်ကို အရှက်ခွဲဖို့ မောင်ရင် ကြိုးစားတာ၊ ဒါပဲ'

သို့သော် လူဇင်၏ တုံ့ပြန်မှုသည် အချည်းနှီး ဖြစ်သွားပြီ။ အခန်းထဲက

လူတွေ ဆူဆူညံညံ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။

"သွားပြီ၊ ခင်ဗျား ချော်ထွက်သွားပြီ။ ကဲ... ရဲကို လှမ်းခေါ်၊ ကျွန်တော် တိုင်ချက် ဖွင့်မယ်။ ကျမ်းကျိန်မယ်။ တခုပဲ ရှိတယ်။ သူ ဘာလို့ ဒီလောက် အောက်တန်းကျတဲ့ အလုပ်ကို လုပ်သလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး"

"ဒီကိစ္စ ကျွန်တော် နားလည်တယ်။ ရှင်းပြနိုင်တယ်။ လိုအပ်ရင် ကျွန်တော်လည်း ကျမ်းကျိန်မယ်"

နောက်ဆုံးတွင်မှ ရပ်စ်ကိုလ်နီကော့ဗ်၏ အသံ ထွက်လာခြင်း ဖြစ်သည်။

ပြောရင်း ရှေ့ထွက်လာသည်။

သူ့ ကြည့်ရသည်မှာ လုံးဝ တည်ငြိမ်နေသည်။ တခုခုကို အတိအကျ လုပ်တော့ မည့် ပုံ။ သည်ကိစ္စကို ရှင်းရှင်းလင်းလင်း သိထားပုံ။ အားလုံးက သူ့ကို ကြည့်ပြီး အရှုပ်တော်ပုံကြီး ရှင်းတော့မည်ဟု ယုံကြည်နေကြသည်။

အင်ဒရေးကို ကြည့်ပြီး သူ စကား စသည်။

"ခုတော့ ကျွန်တော့်အတွက် အားလုံး ရှင်းသွားပါပြီ။ ဒီဇာတ်လမ်း စကတည်းက မြှုပ်ကွက်တခုခု၊ လှည့်ကွက် တမျိုးမျိုး ရှိနေမယ် ဆိုတဲ့ သံသယမျိုး ကျွန်တော့်ခေါင်းထဲ ဝင်နေပါတယ်။ ထူးခြားတဲ့ပတ်ဝန်းကျင်အခြေအနေတခုခုကြောင့် ဆိုပါတော့။ အဲဒီအကြောင်း ကျွန်တော်ပဲ သိတယ်။ အားလုံးသိအောင် အရေးကြီးဆုံး အဓိက ပြဿနာကို ကျွန်တော် ခု ရှင်းပြပါ့မယ်။ အင်ဒရေးဆေမျွန်နိုဗစ်ချ် ခင်ဗျား၊ လူကြီးမင်းရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့စူးစမ်း မှုကြောင့် အဖြေထွက်သွားတာပါ။ အားလုံး တဆိတ် သေသေချာချာ နားထောင်ကြပါ"

သူက လူဇင့်ကို လက်ညှိုးထိုးပြီး-

"ဟောဒီ လူကြီးမင်းဟာ မကြာသေးခင်က မိန်းကလေးတယောက်နဲ့ စေ့စပ် ကြောင်းလမ်း ထားပါတယ်။ ဒွန်ညာရပ်စ်ကိုလ်နီကော့ဗ်ဆိုတဲ့ မိန်းကလေးပါ။ ကျွန်တော့် ညီမလေးပါ။ ပီတာစဘတ်ကို ဟောဒီပုဂ္ဂိုလ် ရောက်လာတယ်။ ကျွန်တော့်ဆီ လာတွေ့ပါတယ်။ ပထမဦးဆုံး သူ့ကို တွေ့ဖူးတာပါ။ အဲဒါက မနေ့တနေ့ကပါ။ ကျွန်တော်တို့ ရန်ဖြစ် ကြပါတယ်။ သူ့ကို ကျွန်တော့်အခန်းထဲက မောင်းထုတ်လိုက်ပါတယ်။ အဲဒီအတွက် ကျွန်တော့် မှာ သက်သေနှစ်ယောက် ရှိပါတယ်။ သူ ကျွန်တော့်ကို အရမ်း စိတ်ဆိုးသွားတယ်။ သူ ဒီမှာ နေမှန်း ကျွန်တော်မသိပါဘူး။ အင်ဒရေးနဲ့ အတူနေမှန်းလည်း မသိပါဘူး။ အင်ဒရေးဆေမျွန် နိုဗစ်ချ် ခင်ဗျား၊ ကျွန်တော်တို့ ရန်ဖြစ်တဲ့ အဲဒီနေ့မှာပဲ ကျွန်တော်က ကွယ်လွန်သူ

ကျွန်တော့် မိတ်ဆွေ မာမီလာဒေါ့ဗ်ရဲ့ဇနီး ကက်တာရီးနာကို သင်္ဂြိုဟ်စရိတ် ပေးတာ သူ မြင်သွားတယ်။ အဲဒီမှာ သူက ကျွန်တော့်အမေဆီကို ချက်ချင်း စာရေးတယ်။ ကျွန်တော် ပိုက်ဆံပေးတာက ကက်တာရီးနာနော်။ သူက ဆွန်ညာ့ကို ပေးပါတယ်လို့ ရေးတယ်။ ပြီးတော့ ဆွန်ညာ့ရဲ့ စာရိတ္တကို ရစရာမရှိအောင် သိက္ခာချပြီး ရေးတယ်။ သူ ဆိုလိုတာက ကျွန်တော်နဲ့ ဆွန်ညာ့ ကို စွပ်စွဲပြီး အပုပ်ချထားတာ။ သူ့ရည်ရွယ်ချက်က ကျွန်တော်နဲ့ အမေနဲ့ ရန်ဖြစ်အောင်၊ ညီမနဲ့ ရန်ဖြစ်အောင် တိုက်တာလေ။ သူတို့ ချွေးနဲ့စာနဲ့ ပို့ပေးတဲ့ ပိုက်ဆံလေးကို ကျွန်တော် က ဒီနည်းနဲ့ သုံးပစ်တယ်ပေါ့။

"မနေ့ညကတော့ ကျွန်တော်တို့ မိသားစုရှေ့မှာ အဲဒီအချိန်က သူပါ ရှိနေတယ်။ ကျွန်တော် ပေးခဲ့တာ ဆွန်ညာ မဟုတ်ကြောင်း၊ ကက်တာရီးနာကို အသုဘစရိတ်အဖြစ် ကူငွေထည့်ခဲ့တာဖြစ်ကြောင်း၊ အဲဒီနေ့ မတိုင်မီအထိဆွန်ညာ့ကို မတွေ့မြင်ဖူးကြောင်းတွေ ပြောပြလိုက်တယ်။ အဲဒီမှာ ကျွန်တော် ဖြည့်ပြောလိုက်တယ်။ အဲဒီ လူဇင်ဆိုတဲ့ လူဟာ သူ သားပုပ်လေလွင့်ပြောတဲ့ ဆွန်ညာဆိုတဲ့ မိန်းကလေးရဲ့ လက်သန်းတချောင်းလောက် တောင် တန်ဖိုး မရှိဘူးလို့။ သူက မေးတယ်။ ဒါဆို ကျွန်တော့်ညီမနဲ့ ဆွန်ညာ အတူတူ ယှဉ်ထိုင် ခိုင်းရဲလားတဲ့။ မနေ့က အတူတူ ယှဉ်ထိုင်ပြီးပြီလို့၊ မိတ်ဆက်ပေးပြီးပြီလို့။ သူ ချိုးတဲ့ ဖဲဆင် အတိုင်း ဖြစ်မလာဘူး။ ကျွန်တော်တို့ သားအမိတွေ ရန်မဖြစ်ကြဘူး။ ဒီတော့ သူ သပ်လျှို တာ၊ ကုန်းတိုက်တာ အလကား ဖြစ်သွားပြီး အပြောအဆိုတွေ မိုက်ရိုင်းလာတယ်၊ ဇာတိပြ လာတယ်။ အဲဒါက မနေ့ညက ဖြစ်တာနော်။ အဲဒီမှာ တဆိတ် ဂရုစိုက်နားထောင်ကြပါ။ ဒီနေ့ သူက ဆွန်ညာ့ကို သူခိုးလို့ သက်သေပြနိုင်ရင် သူ နိုင်ပြီပေါ့။ သူ ပြောတဲ့ စကားတွေ၊ သူ ဟောတဲ့ တရားတွေ မှန်ပြီပေါ့။ ဒီမိန်းကလေးနဲ့ ကျွန်တော့်ညီမ ကြမ်းတပြေးတည်း ထိုင်ခိုင်းတဲ့ ကျွန်တော် မှားပြီပေါ့။ သူက ကျွန်တော့်ကို တိုက်ပွဲဆင်ရင်း ကျွန်တော့်ညီမ၊ သူ့ဇနီးလောင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းပေးတယ်ပေါ့။ တချက်ခုတ် နှစ်ချက်ပြတ်။ ကျွန်တော် ကလည်း ကျွန်တော် မိသားစုနဲ့ ရန်ဖြစ်ပြီပေါ့။ သူနဲ့လည်း ပြန်အဆင်ပြေပြီပေါ့။

"သူက ဆွန်ညာ့ကို ကူညီတယ် ဆိုတော့ ကျွန်တော့်အပေါ်သူ့ရဲ့ လက်စားချေတာ တွေ၊ ဘာတွေ ကျွန်တော် ထည့်မတွက်ပါဘူး။ အဲဒါက သူ့ဘက်က တွက်ကိန်း။ အဲဒါ ကျွန်တော် နားလည်သလို ပြောတာ"

သူ ပြောနေတုန်း အခန်းထဲမှ အံ့ဩသံတွေ၊ တီးတိုးသံတွေ မကြာမကြာ ကြားရသည်။ သို့သော် ပရိသတ်က သေသေချာချာ နားထောင်သည်။ သူက တိတိကျကျ ပြတ်ပြတ် သားသား ဆက်ပြောသည်။ အားလုံးကို သူ လွှမ်းမိုးနိုင်သွားသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ မှန်တယ်"

အင်ဒရေးက ဝမ်းသာအားရ ထောက်ခံသည်။ ပြီးတော့ ဆက်ပြောသည်။

"သိပ်ဟုတ်တာပေါ့၊ ဆွန်ညာ ကျွန်တော့်အခန်း ရောက်လာလာချင်း ကျွန်တော့် ကို ပြတင်းပေါက်နား ခေါ်ပြီး အလောတကြီး ကပ်မေးတယ်။ ခင်ဗျား ရောက်နေပြီလားတဲ့။ ညှော်သည်တွေထဲမှာ လှမ်းမြင်သလားတဲ့။ ဒီမှာ ရှင်းသွားတယ်။ ခင်ဗျား ရောက်နေတာကို သေချာအောင် သူ လုပ်တာလေ။ အင်း... ဟုတ်ပြီ၊ ဟုတ်ပြီ"

လူဇင် ဘာမှ မပြောတော့။ ခါးသီးနာကြည်းစွာ မဲ့ပြုံးပြုံးနေသည်။ သို့သော် မျက်နှာမှာ အပျက်ကြီး ပျက်နေပြီ။ သည်အကျပ်အတည်းထဲက ဘယ်လို ရုန်းထွက်ရမည် ကို သူ အပြေးအလွှား စဉ်းစားနေပုံရသည်။ အားလုံးကို ထားခဲ့ပြီး လစ်ထွက်သွားချင်နေပြီ။ သို့သော် မဖြစ်သေး။ မိန်းကလေးကို သူ ကျူးလွန်ခဲ့သည့် အမှားက ဘူးပေါ်သလို ပေါ်သွားပြီ။ ပြီးတော့ သောက်စားထားသူတွေက သွေးဆူနေပြီ။ အရမ်း စိတ်လှုပ်ရှားနေကြပြီ။ ထောက်ပံ့ရေး ဝန်ထမ်းဟောင်းက အမူးဆုံး။ ဘာဖြစ်မှန်း မသိဘဲ တအား ကျုံးအော်နေသည်။ လူဇင့် အတွက် အခန်းထဲမှ ထွက်ဖို့ အခြေအနေ မကောင်းတော့ပြီ။ သို့သော် အခြားအခန်းများမှ လူတွေ စုပြုံ ရောက်လာကြသည်။ သူတို့က မမူးကြ။ ပိုလန်သား သုံးယောက်က မရပ်မနား အော်နေသည်။ "ပန်နီလာဂျဒက်.. **ပန်နီလာဂျဒက်**58 ပြီးတော့ ပိုလန်စကားဖြင့် လူဇင့်ကို အမျိုးမျိုး ခြိမ်းခြောက်နေသည်။

ဆွန်ညာက အားလုံးကို မြင်နေ၊ ကြားနေသော်လည်း ဘာမျှ မသိသလို ဖြစ်နေသည်။ ထိုအခိုက်အတန့်တွင် သူ သတိလစ်နေသည်။ ဆွံ့အ နားမကြားသူလို ဖြစ်နေသည်။ တချိန်လုံး ရပ်စ်ကိုလ်နီကော့ဗ်ကို စိုက်ကြည့်နေသည်။ အားကိုးအားထားသူ တယောက် သာ ရှိတော့သည်ဟု ခံစားနေရသည်။ ကက်တာရီးနာ အသက်ရှူကျပ်နေပြီ။ ဗုန်းဗုန်းလဲ တော့မည့်နှယ်။ အေမီလီယာက ဘာဆက်လုပ်ရမှန်းမသိဘဲ ငုတ်တုတ်မေ့နေသည့်အလား။ ပါးစပ်အဟောင်းသားနှင့် ဘာတွေ ဖြစ်နေမှန်းမသိ။ လူဇင်တယောက် ထွက်ပေါက် မရှိတော့ကြောင်းသာ သူ သိသည်။

ရပ်စ်ကိုလ်နီကော့ဗ်ကို ဆက်ပြောဖို့တောင်းဆိုကြသည်။ သို့သော် သူ့စကား မဆုံးမီ ပရိသတ်က ပွဲဆူလာသည်။ အော်ဟစ်ဆူပူစပြုပြီး လူဇင့်အနားသို့ တိုးပြီး ဝိုင်းလာကြသည်။

"ကဲ...လူကြီးမင်းတို့၊ ကျုပ် ထွက်ပါရစေ။ လမ်းဖယ်ပေးကြပါ။ ပြီးတော့ ခင်ဗျား တို့ ခြိမ်းခြောက်တာတွေ ရပ်တန်းက ရပ်ကြပါ။ ကျုပ် ဘယ်လိုအဆင့် ဆိုတာ ခင်ဗျားတို့ သိတယ်နော်။ ရာဇဝတ်မှုကို အင်အားသုံးရင် အားလုံး အချုပ်ထဲ

ရောက်ကုန်မယ်။ သူခိုးကို လက်ပူးလက်ကြပ် မိပြီပဲ။ ကျုပ် ဆက်ကိုင်မှာပါ။ တရားရုံးတွေဟာ မျက်စိကန်းနေတာ မဟုတ်ဘူး။ တရားသူကြီးတွေဟာ အမူးသမားတွေ မဟုတ်ဘူး။ သူတို့က ဘုရားသခင်မရှိ၊ တရား မရှိ မိစ္ဆာဒိဋ္ဌိ နှစ်ယောက်ရဲ့ ပုဂ္ဂလိကရန်ငြိုးနဲ့ ပြောတာကိုယုံမယ် ထင်လား။ လူ့အန္တတွေ၊ မလောက်လေး မလောက်စားကောင်တွေ။ ကဲ... ဖယ်ကြစမ်း”

အင်ဒရေးက-

“တဆိတ် ခင်ဗျား မြန်မြန် ပြောင်းသွားပါ။ ကျွန်တော့်အခန်းမှာ ခင်ဗျား နေသွား တယ် ဆိုတဲ့ ခြေရာလက်ရာ ဘာမှ မကျန်ခဲ့စေနဲ့။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြတ်ပြီ။ နှစ်ပတ် လုံးလုံး သူ့ကို တရားဟောတယ်၊ မရဘူး၊ နားမဝင်ဘူး”

“မောင်ရင့်ကို ကျုပ် ပြောပြီးသားလေ။ ဒီနေ့ ပြောင်းမယ်လို့။ မောင်ရင် တားလို့ ကျုပ် ဒီမှာ ဒါလောက် ကြာနေတာ။ လက်စသတ်တော့ မောင်ရင်လည်း သောက်ရူးပဲ။ စိတ်ကု ဆရာဝန်နဲ့ ပြဦး၊ မျက်စိလည်းကုဦး။ ကဲ... လူကြီးမင်းများ၊ ကျုပ်ကို ခွင့်ပြုကြပါဦး”

သူက လူတောထဲတိုးထွက်သည်။ သို့သော် ထောက်ပံ့ရေးဆရာက လွတ်လွယ်နှင့် သူ့ကို အလွတ်မပေးချင်။ မအေ၊ နှမနှင့် ကိုင်တုတ်ပြီး စားပွဲပေါ်က ဖန်ခွက်နှင့် ကောက်ပေါက် လိုက်သည်။ သို့သော် ဖန်ခွက်က လူဇင့်ဆီ မသွားဘဲ အေမီလီယာဆီသို့ တည့်တည့်မတ်မတ် ရောက်သွားသည်။ အမျိုးသမီးက ငယ်သံပါအောင် အော်လိုက်သည်။ ထောက်ပံ့ရေး ငမူးက သူ လွှဲပစ်လိုက်သည့် အရှိန်ကို မထိန်းနိုင်ဘဲ ကားခနဲ မှောက်လျက်လဲကာ စားပွဲအောက်တွင် ခွေသွားတော့သည်။

လူဇင်က နာရီဝက်အတွင်း အင်ဒရေး အခန်းမှ လစ်ထွက်သွားတော့သည်။ နဂိုကမှ အရှက်အကြောက်ကြီးလှသည့် ဆွန်ညာသည် မနေ့ကတည်းက စိတ်တွေ လေးနေခဲ့သည်။ သည်နေ့ အဖြစ်ဆိုးကြီးမှ သီသီကလေး လွတ်ခဲ့သော်လည်း ဖိစီးမှုက ပိုများလာသည်။ တော်ရုံဒုက္ခကို ရင်စည်းခံတတ်သော်လည်း သည်နေ့အဖြစ်ကတော့ ဘယ်လိုမှ မခံနိုင်အောင် ရိုက်ချက် ပြင်းလှသည်။ သူ့တွင် အပြစ် မရှိကြောင်း ရှင်းသွားစဉ်က အရိပ် မည်းကြီးအောက်မှ လွတ်မြောက်လာသလိုခံစားလိုက်ရသော်လည်းဘာကိုမှသဲသဲကွဲကွဲမသိဘဲကြောင်အမ်းအမ်း ဖြစ်သွားသည်။ ပြီးမှ စိတ်ချောက်ချားစွာဖြင့် ငိုချလိုက်ကာ ဆက်လက် သည်းမခံနိုင်တော့ သလို လူဇင် ထွက်သွားပြီး မကြာခင် အခန်းထဲမှ ပြေးထွက်၍ သူ့အခန်းကလေး ရှိရာသို့ ပြန်ချလာခဲ့တော့သည်။ တိုက်ပိုင်ရှင် အေမီလီယာ ဖန်ခွက်နှင့် အပေါက်ခံရသည့်အခါ ဝါးခနဲ ဝိုင်းရယ်ကြသည်။ သူ ဘယ်လိုမှ သည်းမခံနိုင်တော့။ အားလုံးအတွက် တရားခံဟာ သူပဲ ဆိုပြီး ကက်တာရီးနာထံသို့

ပြေးသွားတော့သည်။

“ခုချက်ချင်း ငါ့အိမ်က ဆင်း၊ ချက်ချင်းဆင်း၊ ကွစ်မတ်ချ်’

ပြောပြောဆိုဆို ကက်တာရီးနာပိုင် ပစ္စည်းတွေကို အားလုံး တခုပြီး တခု ပေါက်ခွဲ တော့သည်။ ဖယောင်းရုပ်မျက်နှာနှင့် သတိလစ်လုလု ဖြစ်နေသော ကက်တာရီးနာက အတင်းထပြီး အေမီလီယာနှင့် နပန်းလုံးတော့သည်။ တိုက်ပွဲက အင်အားချင်း မမျှ။ တဖက် သတ် ဖြစ်နေသည်၊ အေမီလီယာက ရောဂါသည် ကက်တာရီးနာကို ကြက်မွေးကလေး ဖယ်သလို တွန်းဖယ်ပစ်လိုက်သည်။

ကက်တာရီးနာက ခွန်အား မရှိသော်လည်း အသံအား ကောင်းသည်။

“ဘာ... ဘာပြောတယ် အလဇ္ဇီမ။ နင်က ငါ့ကို သတ်မယ် လုပ်တယ်၊ ဟုတ်လား။ ငါ့ယောက်ျားအတွက် ကောင်းမှုကုသိုလ် လုပ်နေတဲ့ နေ့မှာ နင်က ငါတို့ကို အိမ်ပေါ်က မောင်းချ တယ် ဟုတ်လား။ ကြားကြရဲ့လားတော်၊ ကျွန်မရဲ့ ပေါင်မုန့်နဲ့ဆားကို စားပြီး ကျွန်မကို လမ်းပေါ် မောင်းချနေတယ်။ ဒီကလေးတပြုံကြီးနဲ့ ကျွန်မ ဘယ်သွားနေရမှာလဲ ရှင်တို့ရယ်”

ကက်တာရီးနာတယောက် သည်းအူပြတ်မျှ ငိုကြွေးတော့သည်။ မျက်လုံးတွေ နီရဲလာပြီး-

“အို... ဘုရားသခင်၊ တရားမျှတမှု ဆိုတာ လောကမှာ မရှိတော့ဘူးလား။ မိဘမဲ့ ကလေးတွေကို မစောင့်ရှောက်ရင် စောင့်ရှောက်ခြင်းရဲ့ အဓိပ္ပာယ် ဘာပါလဲ။ ကြည့်ကြ သေးတာပေါ့။ ကမ္ဘာမြေကြီးပေါ်မှာ တရားမျှတမှု ဆိုတာ ရှိတယ်၊ မတွေ့တွေ့အောင် ရှာမယ်။ အဲ... ခဏလေး စောင့်နော် အလဇ္ဇီမ။ ပိုလင်ကာ၊ ကလေးတွေကို ကြည့်ထား၊ မေမေ ပြန် လာခဲ့မယ်။ လမ်းပေါ်ဆင်းပြီး မေမေ့ကို စောင့်ရတယ် ဆိုရင်တော့... အေးလေ၊ ကမ္ဘာမြေကြီးပေါ်မှာ တရားမျှတမှု ရှိသေးလား”

အစိမ်းရောင် ရှုံ့တဘက်ကလေးကို ခေါင်းပေါ် ပစ်တင်ပြီး အခန်းထဲမှ လူတွေကို တိုးထွက်ကာ အော်ငိုရင်း လမ်းပေါ် ပြေးဆင်းသွားတော့သည်။ တရားမျှတမှုရှာဖို့ ထွက် လာသော ကက်တာရီးနာသည် လမ်းပေါ်ရောက်တော့ ဘယ်သွားရမှန်းမသိ ဖြစ်နေသည်။ ပိုလင်ကာက အငယ်လေးနှစ်ယောက်ကို အခန်းထောင့်မှ သေတ္တာခွံပေါ်တွင် ထိုင်ချော့ရင်း အမေပြန်အလာကို ကြောက်ကြောက်ရွံ့ရွံ့နှင့် စောင့်နေသည်။ အေမီလီယာ က အသံကုန် ဟစ်ပြီး သောင်းကျန်းနေဆဲ။ တွေ့ကရာတွေ ကိုင်ပေါက်နေဆဲ။ ဧည့်သည် တွေက တယောက် တပေါက်။ အချို့က အဖြစ်အပျက်အကြောင်း ပြောပြီး သွားကြပြီ။ အချို့က ငြင်းခုံရင်း ရန်ဖြစ်နေကြသည်။ သို့သော်အချို့က သီချင်းတွေ

အော်ဆိုနေကြသည်။ အင်း... ငါလည်း သွားဖို့ အချိန်တန်ပြီဟု ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားလိုက်သည်။ ကဲ... ဆွန်ညာ၊ တို့ဘာတွေ ပြောဖြစ်ကြမှာလဲ၊ ကြည့်ကြရအောင်။ ဆွန်ညာ့ အခန်းဆီသို့ သူ ချီတက်သွားလေတော့သည်။

※※※

(၄)

လူဇင့် ထောင်ချောက်ထဲ မကျအောင် ဆွန်ညာ့ကို ကယ်တင်နိုင်ခဲ့သဖြင့် ရပ်စ်ကိုလ်နီကော့ဗ် တယောက် အားတက်ကာ မြူးမြူးကြွကြွ ဖြစ်နေသည်။ သူ့ဘာဝအမောတွေ၊ ထိတ်လန့် တုန်လှုပ်ဖွယ်ရာတွေကြားမှ သူ တက်ကြွနေခြင်း ဖြစ်သည်။ နံနက်ပိုင်းက ခံစားခဲ့ရသည့် အဖြစ်များကြောင့် စိတ်ထဲ ပေါ့ပါးနေပြီး ဆွန်ညာ့ကို အကာအကွယ်ပေးနိုင်ခဲ့ခြင်းကြောင့် လည်း ကျေနပ်နေ၏။ သို့သော် တပိုင်းကလည်း မကြာမီအချိန်အတွင်း သူနှင့် တွေ့ရမည့်အရေးကို တွေးပြီး စိတ်တွေ လေးနေသည်။ အထူးသဖြင့် ရောက်လာမည့် အချိန်တချိန်ကို တွေးပြီး ရင်လေးနေခြင်း ဖြစ်သည်။ ထိုတချိန်မှာ လီဇာဗီတာအား မည်သူ သတ်သည့်အကြောင်း သူ့ကို ပြောပြရမည့် အချိန် ဖြစ်သည်။ ပြောတော့ ပြောရမည်။ ထိုအချိန်ကား စိတ်မသက် သာဖွယ် အချိန် ဖြစ်မှာ သေချာသည်။ ဒါကို ကြိုမြင်နေ၍ ပြောမည်လုပ်တိုင်း ပြောမထွက်။ ဒါကြောင့်ပင် ကက်တာရီးနာအိမ်မှ ထွက်လာခါနီးတွင် “ကဲ… ဆွန်ညာ၊ တို့ ဘာတွေ ပြောကြ မှာလဲ” ဟု စိတ်ထဲက မေးမိခြင်း ဖြစ်သည်။

အပြင်ပန်းအားဖြင့် သူသည်လူဇင့်ကို အောင်နိုင်ခြင်းအတွက် စိတ်ဓာတ်တက်ကြွ လျက် ရှိသည်။ သို့သော် သူ့အတွင်းစိတ်က တမျိုး။ တခုခု ထူးခြားနေသည်။

ကာပါနော်မော့ဗ်၏ တိုက်ခန်း ရောက်တော့ သူ့ကိုယ်တွင်းမှ အင်အားမှန်သမျှ ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။ ကြောက်စိတ်တွေ ဝင်လာသည်။

တံခါးဝတွင် ရပ်ပြီး အတွေးကျွံနေပြန်သည်။ ဒုတိယအသံက သူ့ကို ပြန်မေးနေသည်။ ‘လီဇာဗီတာကို ဘယ်သူ သတ်တယ် ဆိုတာ မင်း သူ့ကို ပြောဖို့ လိုလို့လား”

အလွန်ထူးဆန်းသည့် မေးခွန်း ဖြစ်သည်။ မပြောဘဲ နေလို့ ဖြစ်သည့် ကိစ္စလည်း မဟုတ်။ ခဏ ဆိုင်းထားဖို့ပင် ဖြစ်မည် မထင်။ ဘာကြောင့် သည်လို အလောတကြီး ပြောဖို့ လိုအပ်လာကြောင်း သူကိုယ်တိုင်လည်း မသိ။ သို့သော်သည်အတိုင်း စိတ်ထဲက အလေးအနက် ခံစားနေမိသည်။ သည်ခံစားမှုက နင့်နေအောင် ရင်နာပြီး ကြေမွသွား လုမတတ် နာကျင်နေသည်။ ထပ်ပြီး မခံနိုင်တော့သဖြင့် တံခါးကို တွန်းဖွင့် ဝင်သွားလိုက်သည်။ တံခါးဝမှ ဆွန်ညာ့ကို လှမ်းကြည့်လိုက်သည်။ ဆွန်ညာက စားပွဲပေါ်တွင် တံတောင်နှင့် ထောက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ပေါ်မှောက်ချကာ ထိုင်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ်ကို

မြင် တော့ အပြေးအလွှား ထကြိုသည်။ သူ့အလာကို စောင့်နေသည့် အလား။

အခန်းလယ်တွင် နှစ်ယောက်သား ဆုံတော့ ဆွန်ညာက ခပ်လောလော ပြောသည်။

"အစ်ကိုသာ မရှိရင် ဘာတွေ ဖြစ်ကုန်မလဲ မသိဘူးနော်"

ဒါကို ပြောဖို့ သူ စောင့်နေသည်မှာ ထင်ရှားနေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က စားပွဲဆီ လျှောက်သွားပြီး ဆွန်ညာ ထသွားသော ကုလား ထိုင်တွင် ဝင်ထိုင်လိုက်သည်။ သူ့ရှေ့နှစ်လှမ်း အကွာတွင် ဆွန်ညာ လာရပ်သည်။ ဟိုနေ့က အတိုင်းပင်။

"ဒီမယ် ဆွန်ညာ"

ရုတ်ခြည်း သူ့အသံတွေ တုန်လာသည်ဟု စိတ်ထဲ ထင်လိုက်၏။

"ခုလို ဖြစ်ရတာဟာ မင်းရဲ့ဘဝ အခြေအနေရယ်၊ အဲဒီအခြေအနေနဲ့ ဆက်စပ်နေ တဲ့ အကြောင်းတရားများရယ် ကြောင့် ဖြစ်ရတာ၊ မင်း အဲဒါ ခု နားလည်ပြီလား"

သူ့မျက်နှာပေါ်တွင် ဝေဒနာရိပ်များ ဖြတ်သန်းသွားသည်။

"မနေ့ကလိုတော့ မပြောပါနဲ့ အစ်ကိုရယ်၊ ဆွန်ညာ မခံနိုင်တော့ဘူး"

သူ မကြိုက်မှာစိုး၍ ပြောပြီး ပြုံးပြလိုက်သည်။

"အစ်ကို ဟိုအိမ်က ထွက်လာတာ မှားတာပဲ။ ဟိုမှာ ဘာတွေ ဖြစ်ကျန်ရစ်လဲ မသိဘူး။ အဲဒီ ပြန်သွားဖို့ စိတ်ကူးသေးတယ်။ မင်းများ ပြန်လာမလားလို့"

အေမီလီယာက သူတို့ကို မောင်းထုတ်ပုံ၊ ကက်တာရီးနာက တရားမျှတမှုကို ရှာဖို့ဆိုပြီး ထွက်ပြေးသွားပုံများ ပြောပြလိုက်သည်။

"ဒုက္ခပါပဲ။ ဒါဆို လာ... ပြန်သွားကြရအောင် အစ်ကို"

ဆွန်ညာကဦးထုပ်ကလေး ကောက်ကိုင်ပြီး ပြောလိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ် စိတ်ပျက်သွားသည်။

"အင်း... မင်း ခေါင်းထဲမှာ သူတို့ချည်းပဲနော်။ ခဏလေး အစ်ကိုနဲ့ နေပါလားကွာ"

"အစ်ကို... ကက်တာရီးနာအတွက်ကော

"သူက မင်းမရှိဘဲ ဘာမှမလုပ်တတ်ဘူး။ သူ့ဘာသာသူ ဒီကို ရောက်လာလိမ့်မယ်။ သူ ဒီကို ရောက်လာပြီး မင်းကို မတွေ့မှ ပိုဆိုးမှာ"

ဘာဆက်လုပ်ရမှန်း မသိဘဲ ဆွန်ညာ ထိုင်ချလိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ် ဘာမှ မပြောတော့။ ကြမ်းပြင်ကို စိုက်ကြည့်ပြီး တခုခုကို တွေးနေသည်။

"လူဇင်က ဒီတခါ မအောင်မြင်ပေမယ့် သူ မင်းကို ထောင်ထဲရောက်အောင် လုပ်နိုင် တယ်နော်။ ဒီနေ့လည်း ကံကောင်းလို့ အစ်ကိုနဲ့ အင်ဒရေး ရှိနေလို့၊ ဟုတ်တယ်နော်''

"ဟုတ်တယ် အစ်ကို၊ ဟုတ်ပါတယ်"

ဆွန်ညာ အထိတ်တလန့် ပြန်ပြောလိုက်သည်။

"အစ်ကိုက အစီအစဉ် အတိအကျ မရှိဘဲ ရောက်လာတာ၊ အင်ဒရေးလည်း အလားတူပဲ"

ဆွန်ညာ ငြိမ်နေသည်။

"ထောင်ထဲရောက်သွားရင်ဘာဖြစ်မလဲ၊ သိလား။ မနေ့က အစ်ကိုပြောတာ မှတ်မိလား"

ဆွန်ညာ ဘာမှ ပြန်မပြော။ ငြိမ်မြဲ ငြိမ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က မရယ်ချင့် ရယ်ချင်နှင့် ရယ်ပြီး -

"တော်ပါတော့၊ အဲဒီအကြောင်း မပြောပါနဲ့လို့ မင်း ပြောမယ် ထင်နေတာ။ ကဲ... တို့ ဘာအကြောင်း ပြောကြမလဲ။ ဘာလို့ ငြိမ်နေတာလဲ။ တခုခုတော့ ပြောရမှာပေါ့။ အစ်ကို တခု သိချင်နေတယ်။ အင်ဒရေး ပြောသလို မင်း တခုခု ဆုံးဖြတ်ရမယ် ဆိုတာလေ။ (ပြောရင်း သူ စိတ်ရှုပ်လာပုံ ရသည်) မင်း သေသေချာချာ ပြန်စဉ်းစားနော်။ လူဇင်ရဲ့ အကြံအစည်တွေကို မင်း ကြိုသိနေတယ် မဟုတ်လား။ လူဇင်က ကက်တာရီးနာကိုရော၊ ကလေးတွေကိုရော ဖြိုခွဲဖျက်ဆီးပစ်ဖို့ ဆိုတာလေ။ ပိုလင်ကာ ကြီးလာရင်လည်း မင်းလို ဖြစ်အောင်လို့လေ။ မင်းက မင်းအတွက် ဘာမှ ထည့်မတွက်ဘူး။ ပိုလင်ကာလည်း အဲဒီအတိုင်း ဖြစ်လာမှာ။ အဲဒါတွေကို မင်း ဘယ်လိုပြောမလဲ။ လူဇင်က အဲဒီလို အကောက်ကြံဖို့ အစီအစဉ် ရှိသလား၊ ကက်တာရီးနာကို သေစေလိုတဲ့ ဆန္ဒ သူ့မှာ ရှိနေသလား၊ အဲဒါတွေ ကိုယ် သိချင်နေတာ။ အဲဒါ အမှန်ဆိုရင် မင်း ဘယ်သူ့ဘက်က နေမလဲ"

ဆွန်ညာက သူ့ကို စိတ်မသက်မသာနှင့် ကြည့်နေသည်။ သူ့မေးခွန်းက တခုခုကို ဦးတည်နေသလိုလို။

"အစ်ကို တခုခု မေးမယ်ဆိုတာ ဆွန်ညာ ကြိုသိနေတယ်"

"မင်း ကြိုသိနေတယ် ဆိုတာလည်း အစ်ကို သိနေတယ်။ ကဲ... ဖြေလေ"

"မဖြစ်နိုင်တာတွေ၊ မဖြစ်သေးတာတွေ အစ်ကို ဘာလို့ လျှောက်မေးနေတာလဲ"

ဆွန်ညာက ခပ်ဆိုင်းဆိုင်း ပြန်မေးသည်။

"ဒါဆိုရင်တော့ လူဇင်က ဆက်ပြီး အဖျက်လုပ်ငန်းတွေ လုပ်လို့ ကောင်းနေမှာပေါ့။ မင်း ခုထိ မဆုံးဖြတ်နိုင်ဘဲကိုး"

"ဆွန်ညာက အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းမှ မရှိတာ။ အစ်ကိုကကော ဘာလို့ မပြောနိုင်တဲ့ မေးခွန်းမျိုး ရွေးမေးတာလဲ။ ဆွန်ညာ့အဖြေနဲ့ ဖြစ်လာမယ့် အဖြေနဲ့ ဘယ်လိုလုပ်ပြီး ဆိုင်မှာလဲ။ ဘယ်သူက နေရမယ်၊ ဘယ်သူက မနေရဘူး ဆုံးဖြတ်ဖို့ ဘယ်သူက ဆွန်ညာ့ကို လုပ်ပေးမှာလဲ"

"အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းတွေ ဘာတွေနဲ့ သွားရောရင်တော့ ရှုပ်ကုန်မှာပဲ"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

ဆွန်ညာကလည်း စိတ်ပျက်လက်ပျက် ပြန်ပြောသည်။

"အစ်ကိုက လိုချင်တာကို ဘာလို့ တဲ့တိုး မပြောတာလဲ။ အစ်ကို တခုခုကို ဦးတည် နေပြန်ပြီ။ ဆွန်ညာ့ကို နှိပ်စက်ဖို့ အစ်ကို လာခဲ့တာလားဟင်"

ဆွန်ညာ မထိန်းနိုင်တော့။ သည်းအူပြတ်မျှ ငိုချလိုက်တော့သည်။ သူက မိန်းကလေး ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေသည်။ ငါးမိနစ်ခန့် ကြာသွား၏။

နောက်ဆုံးတွင်မှ တိုးတိုးလေး ပြောသည်။

"မင်း မှန်ပါတယ် ဆွန်ညာ"

သူ ချက်ချင်း ပြောင်းလဲသွားသည်၊ နူးညံ့သွားသည်။ ဆူးပေါက်နေသည့် အသံမျိုး မဟုတ်တော့။ အလွန့်အလွန် ပျော့ပျောင်းသွားပုံမျိုး။

"မနေ့က မင်းကို အစ်ကို ပြောခဲ့တယ်လေ။ အစ်ကို မင်းဆီကို ခွင့်လွှတ်ပါ

တောင်းပန်ဖို့ လာတာ မဖြစ်စေရဘူးလို့။ ခုတော့ ပထမဦးဆုံး ခွင့်လွှတ်ဖို့နှီးပါး အစ်ကို ပြောနေမိပြီ။ လူဇင့် အကြောင်းရယ်၊ အနာဂတ္တိ အကြောင်းရယ်က အစ်ကို့ကိစ္စနဲ့ အစ်ကို ပြောတာပါ။ အစ်ကို့ကို ခွင့်လွှတ်ပါ ဆွန်ညာ”

သူ ပြုံးဖို့ ကြိုးစားသည်။ သို့သော် ဖြူဖျော့ဖျော့ သူ့နှုတ်ခမ်းအစုံတွင် ပီပီပြင်ပြင် ပြုံးရိပ် ထင်မလာ။ ခေါင်းငုံ့ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားလိုက်သည်။

ရုတ်ခြည်း ထူးဆန်းသည့် ခံစားမှုတမျိုး ရင်ထဲတွင် လှိုင်းခတ်သွားသည်။ ဆွန်ညာ့ ကို ရင်ထဲ အသည်းထဲမှ ထွက်ပေါ်လာသည့် မုန်းတီးစိတ်။ အံ့သြစရာလည်းကောင်း၊ ထိတ်လန့် စရာလည်း ကောင်းသည့် စိတ်လှုပ်ရှားမှုမျိုး။ ခေါင်းမော့ပြီး သူကလေးကို စိုက်ကြည့်လိုက်သည်။ တခုခုကို စိတ်ဆုံးဖြတ်ချက် ချလိုက်ပုံ။ ဆွန်ညာ့မျက်လုံးများက ဝေဒနာမချိမဆံ့နှင့် သူ့ကို ပြန်စိုက်ကြည့်နေသည်။ အကြင်နာ မေတ္တာ အေးရိပ်တို့ ထင်ဟပ်သည့် မျက်လုံးများ။ စောစောက သူ့ခေါင်းထဲ ဝင်လာသည့် မုန်းတီးစိတ် အဆိပ်ရည်တို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက် သွားကြလေတော့သည်။

မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ငုံ့ချလိုက်ပြန်သည်။ ချက်ချင်း သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ကုလားထိုင်မှ ထပြီး ဆွန်ညာ့ကို ကြည့်သည်။ စကားမှု တခွန်းမှ မပြော။ ပြီးတော့ စက်ရုပ်တရုပ်၏ လှုပ်ရှားမှုမျိုးဖြင့် ဆွန်ညာ့ခုတင်ပေါ်သွားထိုင်သည်။ ထိုထိတ်လန့်တုန်လှုပ်ဖွယ် တဒင်္ဂသည် အဘွားကြီးနောက်တွင် ရပ်ပြီး ပုဆိန်ကို ကုတ် အင်္ကျီအောက်က ကြိုးကွင်းထဲမှ ဆွဲထုတ်လိုက်ချိန်နှင့် တပုံစံတည်း ဖြစ်နေသည် ထင်ရ၏။

လုံးဝ အချိန်မဖြုန်းနိုင်သည့် တဒင်္ဂမျိုး။

ဆွန်ညာ အထိတ်တလန့် မေးလိုက်သည်။

“အစ်ကို ဘာဖြစ်တာလဲဟင်”

သူ မဖြေ။ စကားတခွန်းမျှ ထွက်မလာ။ မဖြစ်သေးဘူး။ ဒီနည်းက မနိပ်သေးဘူး။ ဒီလိုနည်းနဲ့ ထုတ်ပြောဖို့ မသင့်။ သူ့ကိုယ်သူ ဘာဖြစ်နေမှန်း သူကိုယ်တိုင် မသိ။ သူ့ကို ငဲ့ကြည့် ပြီး စောင့်နေသည်။ ဆွန်ညာ ရင်တွေ တဒိုင်းဒိုင်း ခုန်နေပြီ။ သူ့ကိုကြည့်ပြီး နင့်နေအောင် ခံစားနေရ၏။

ရပ်စ်ကိုလ်နီကော့ဗ်လည်း မခံနိုင်တော့လောက်အောင် ရင်ထဲ နင့်နေပြီ။ သွေးဆုတ် နေသည့် မျက်နှာကို ဆွန်ညာ့ဘက် လှည့်လိုက်သည်။ တခုခုပြောဖို့ သူ့နှုတ်ခမ်းအစုံက မချိမဆံ့ ပြင်လိုက်သည်။ ကြောက်စိတ်တွေ

ဆွန်ညာ့နှလုံးသားထဲထိ ကူးစက် စိမ့်ဝင်သွားသည်။

"အစ်ကို... အစ်ကို ဘာဖြစ်သွားတာလဲဟင်"

"ဘာမှ မဟုတ်ဘူး၊ မကြောက်ပါနဲ့ ဆွန်ညာရယ်။ အလကား အဓိပ္ပာယ် မရှိပါဘူး ကွာ။ သေသေချာချာ စဉ်းစားတော့ ဘာမှ အဓိပ္ပာယ် မရှိပါဘူး"

အဖျားတက်နေသူတယောက် ကယောင်ကတမ်း ပြောသလို ပြောနေခြင်း ဖြစ်သည်။ ပြီးတော့ ဆွန်ညာ့ကို ကြည့်၍-

"ဘာပြုလို့များ မင်းကို အစ်ကို လာပြီး ဒုက္ခပေးနေမိပါလိမ့်။ ဘာပြုလို့များ... အစ်ကို့ကိုယ် အစ်ကို ပြန်မေးနေမိတယ် ဆွန်ညာ"

လွန်ခဲ့သည့် ဆယ့်ငါးမိနစ်ကတည်းက သည်မေးခွန်းကို သူ့ဘာသာသူ ပြန်မေး နေပုံ ရသည်။ ခုတော့ သူ့ကိုယ်သူ မသိဘဲ ပြောနေသည့်အလား။ သူ့အသံတွေက မူမမှန်။ တုန်တုန်ယင်ယင် ဖြစ်နေသည်။

"အစ်ကို့မှာ ဘာတွေ စိတ်အနှောင့်အယှက် ဖြစ်စရာ ရှိနေလို့လဲဟင်" ဆွန်ညာက မကြည့်ရက်သဖြင့် ရင်နင့်လှိုက်လှဲစွာ မေးလိုက်သည်။

အလကား အဓိပ္ပာယ်မရှိတာတွေပါဆို။ ဒီမယ် ဆွန်ညာ။ (ဖြူဖျော့ဖျော့ နှုတ်ခမ်း အစုံတွင် အားမပါသော အပြုံးတချက် လက်သွားသည်။ သို့သော် နှစ်စက္ကန့်မျှသာ)

"မနေ့က မင်းကို အစ်ကို တခုခု ပြောချင်နေတယ်ဆိုတာ သတိရသေးလား" ဆွန်ညာက စိတ်မသက်မသာဖြင့် သူ့စကားအဆက်ကို စောင့်နေသည်။

"အစ်ကိုပြောခဲ့တယ်လေ။မင်းကို တခါတည်း နှုတ်ဆက်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်လို့ ပြောခဲ့တယ်လေ။ ဒါပေမဲ့ ဒီနေ့ အစ်ကို ရောက်လာတယ်။ လီဇာဗီတာကို ဘယ်သူ သတ်တယ် ဆိုတာ ပြောပြဖို့ လာခဲ့တာ"

ဆွန်ညာ့ တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားသည်။

"အဲဒီအကြောင်း ပြောဖို့ လာခဲ့တာ။ ရှင်းပြီနော်"

"ဒါဆို.. မနေ့က... အစ်ကို တကယ် ..."

ဆွန်ညာ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ ပြီးမှ ဣန္ဒြေဆည်လိုက်ပြီး-

"အစ်ကို ဘယ်လိုလုပ် သိတာလဲ ဟင်"

ဆွန်ညာ အသက်ရှူကျပ်လာသည်။ မျက်နှာကလေးမှာ ဖြူသည်ထက် ဖြူကာ ဖျော့သည်ထက် ဖျော့လာသည်။

"ဒီလိုပဲ သိတာပေါ့"

တမိနစ်ခန့် ဆွန်ညာ ငြိမ်နေသည်။

ပြီးမှ မရွံ့မရဲ မေးသည်။

"သူ့ကို မိပြီလား ဟင်"

"ဟင့်အင်း.. မမိသေးဘူး"

"ဒါဆို အစ်ကိုက ဘယ်လိုလုပ် သိတာလဲ"

ဆွန်ညာက လေသံဖြင့် မေးသည်။ ပြီးတော့ တမိနစ်နီးပါး ငြိမ်သွားပြန်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ဘက် လှည့်ကြည့်သည်။ သူ့အမူအရာက တခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပုံ။ စောစောကအတိုင်း ချည့်နဲ့စွာ ပြုံးပြီး-

"မှန်းကြည့်လေ"

ဆွန်ညာ ကျောထဲ စိမ့်သွားသည်။

"အစ်ကိုက မကောင်းဘူး။ ဘာပြုလို့ ဆွန်ညာ့ကို အလန့်တကြား ဖြစ်အောင် လုပ်တာလဲ ဟင်"

ကလေးတယောက်လို ပြုံးပြီး ဆွန်ညာ ပြောလိုက်ခြင်း ဖြစ်သည်။

အစ်ကိုက သူ့သူငယ်ချင်း ဖြစ်ချင် ဖြစ်မှာပေါ့။ အစ်ကို သူ့ကို စကတည်းက..."

" ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့မျက်နှာကလေးကို တောက်လျှောက် စိုက်ကြည့် နေလျက် ဆက်ပြောသည်။

"အဲဒီ. လီဇာဗီတာကို သူ မသတ်ချင်ဘူး၊ မတော်တဆ သတ်မိတာ။ သူက သူ့အစ်မ အဘွားကြီးကို သတ်ဖို့ လာတာ။ အဘွားကြီးတယောက်တည်း ရှိနေတဲ့အချိန် ကို ရွေးပြီး သွားတာ။ မမျှော်လင့်ဘဲ လီဇာဗီတာ ပြန်ရောက်လာတော့... မလွှဲသာ မရှောင် သာဘဲ... သူ့ကို နှုတ်ပိတ်လိုက်ရတာ''

အခန်းထဲတွင် ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်သွားပြန်သည်။

နှစ်ယောက်သား တယောက်မျက်နှာ တယောက် စိုက်ကြည့်လျက်။

"မင်း ခုထက်ထိ မှန်းလို့ မရသေးဘူးလား"

သည်တခါ မေးသည့်အခါ သူ့ကိုယ်သူ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းစင်ပေါ်မှ ခုန်ချလိုက်သလို ခံစားလိုက်ရသည်။

"ဟင့်... အင်း"

ဆွန်ညာ တိုးတိုးလေး ဖြေသည်။

"သေသေချာချာ စဉ်းစားပါဦး"

သည်တခါတော့ ပြောပြီးသည်နှင့် သူ့တကိုယ်လုံး ရေခဲတုံး ဖြစ်သွားသလို အေးစက်သွားသည်။ ဆွန်ညာ့ မျက်နှာကလေးကို ငေးကြည့်နေရင်း လီဇာဗီတာ့ မျက်နှာကို မြင်လိုက်သည်။ ပုဆိန်ကို ရွယ်ပြီး သူ့ဆီ တိုးသွားတော့ နံရံဆီသို့ သူ နောက်ဆုတ် နောက်ဆုတ် ရွေ့သွားသည်။ ကလေးများ အကြောက်လွန်လာသည့် အခါလိုပင် လက်လေးနှစ်ဖက် ရှေ့တန်းပြီး ငိုမဲ့မဲ့ ဖြစ်လာသည်။

ဆွန်ညာ့မျက်နှာကလေးလည်း အလားတူစွာပင် အကြောက်လွန်ကာ ဘယ်ဘက် လက်ကလေး ရှေ့တန်းလာပြီး သူ့ရင်ဘတ်ကို လာထိသည်။ ပြီးတော့ ဖြည်းဖြည်း ရှေ့တိုးသည်။ ပြီးမှ တဖြည်းဖြည်း နောက်ဆုတ်သွားသည်။ မျက်လုံးအစုံကမူ သူ့မျက်နှာမှ မခွာ။ သူ့ ထိတ်လန့်ကြောက်ရွံ့မှုသည် ရပ်စ်ကိုလ်နီကော့ဗ်ဆီသို့ ကူးစက်သွားလေပြီ။ သူ့ မျက်နှာ သည်လည်း လိပ်ပြာလွင့်တော့မည့်ပုံ။

"ကဲ... မင်း သိသွားပြီနော်" သူ တိုးတိုးပြောသည်။ "အို... ဘုရားသခင်"

သူ့ရင်ထဲမှ ကြောက်ကြောက်ရွံ့ရွံ့နှင့် အထိတ်တလန့် အလိုလိုထွက်လာသဥ ဘုရားတ,သံ။ ခုတင်ပေါ်သို့ ဆွန်ညာ ပစ်လှဲချလိုက်သည်။ ခေါင်းအုံးပေါ်သို့ မျက်နှာ မှောက်ချ လိုက်၏။ ခဏနေတော့ ဝုန်းခနဲထထိုင်လိုက်ပြန်သည်။ သူ့အနား အတင်းတိုးကပ်လာပြီး သူ့လက်နှစ်ဖက်ကို ယူ၍ သူ့လက်ချောင်း သေးသေးကလေးများဖြင့် တအား ဆုပ်ထား လိုက်သည်။ ပြီးတော့ သူ့မျက်လုံးတွေထဲကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ မျှော်လင့်ချက် ကလေးများ တစွန်းတစ တွေ့လိုတွေ့ငြား ရှာဖွေနေသည့်အလား။ သို့သော် မျှော်လင့်ချက် ဟူ၍ မြူငွေ့မျှ မရှိတော့ကြောင်း သိလိုက်ရပြီ။ သံသယဖြစ်စရာ မလိုတော့ပါပေ။ နောက်ပိုင်း သည်တဒင်္ဂကို ပြန်တွေးမိတိုင်း အလွန်ထူးဆန်းပြီး အံ့သြစရာအတိ ဖြစ်ကြောင်း တွေ့ရသည်။ ဘာကြောင့် သည်မျှမြန်မြန် အဖြစ်မှန်ကို သည်တုန်းက သိမြင်လိုက်ခြင်းလဲ။ ဆွန်ညာ သည် ဉာဏ်ကောင်းသည့် မိန်းကလေး

ဖြစ်သော်လည်း ချက်ဆို နားခွက်က မီးတောက် သည့် အဆင့်မျိုးတော့ မဟုတ်ပေ။

"ကဲ... ဆွန်ညာရယ်၊ တော်လောက်ပါပြီကွယ်၊ အစ်ကို့ကို မနှိပ်စက်ပါနဲ့တော့နော်"

ရပ်စ်ကိုလ်နီကော့ဗ်က မခံနိုင်တော့သဖြင့် တောင်းပန်လိုက်သည်။

သည်နည်း မဟုတ်ဘူး။ သူ့ကို ဖွင့်တော့ပြောမည်။ ပြောဖို့ အစီအစဉ် ရှိပါသည်။ ခုတော့ မထင်ဘဲ သူ အသိစေသွားပြီ။

ဆွန်ညာက သူ့ကိုယ်သူ ဘာလုပ်မိမှန်း မသိသလို ဝုန်းခနဲ ထရပ်ပြီး လက်ချောင်း ကလေးများကို လိမ်ချိုးနေသည်။ ပြီးတော့ အခန်းလယ်တွင် သွားရပ်နေသည်။ နောက် ချက်ချင်း ပြန်လာပြီး သူ့နံဘေးတွင် ဝင်ထိုင်ပြန်သည်။ နှစ်ယောက် အသားချင်း ထိလုမတတ်၊ ပခုံးချင်း ထိလုမတတ် ကပ်လျက်။ ပြီးတော့ ဘာကြောင့်မှန်းမသိဘဲ သူ့ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။

"ဘာလုပ်ခဲ့သလဲ ဆိုတာ အစ်ကို ကိုယ့်ကိုယ်ကိုယ် သိရဲ့လားဟင်" ပြောပြောဆိုဆို ဝုန်းခနဲ ထရပ်ပြီး သူ့လည်ပင်းကိုသိုင်းဖက်ကာ ရင်ခွင်ထဲသို့တအား ဆွဲဖက်ထားလိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က နောက်တွန့်ပြီး မိန်းကလေးကို ဆွေးရိပ်သမ်းနေသည့် အပြုံးဖြင့် ကြည့်လိုက်သည်။

"မင်းဟာ တော်တော် ထူးဆန်းတဲ့ မိန်းကလေးပါလား ဆွန်ညာ။ ဒီအကြောင်း ပြောလိုက်တာနဲ့ အစ်ကို့ကို ဖက်နမ်းတယ်နော်။ မင်း သတိလက်လွတ် ဖြစ်သွားတာလား ဟင်"

"မဟုတ်ရပါဘူး အစ်ကိုရယ်။ အစ်ကိုဟာ လောကကြီးမှာ သနားစရာအကောင်းဆုံး လူတယောက် ဆိုတာ ဆွန်ညာ သိသွားပြီ"

သူ့အမေးကို မကြားသလို ဆွန်ညာက သူ့ဘာသာ သူ ဆောက်တည်ရာမရ ပြော နေသည်။ ပြီးသည်နှင့် တအား ငိုချလိုက်တော့သည်။ ဟိုးအဝေးကြီးတွင် ကျန်ခဲ့ပြီး မေ့လုလု ဖြစ်နေသည့် ခံစားမှုတမျိုးဖြင့် သူ့ရင်ထဲမှာ လှိုင်းပုတ်လာသည်။ ချက်ချင်း သူ ပျော့ကျ သွားသည်။ မိန်းကလေး ပြုသမျှ သူ ငြိမ်နေလေတော့သည်။

မျက်ရည်ပေါက်တို့ သူ့မျက်တောင်တွင် ဟီးလေးခိုနေကြသည်။ မျှော်လင့်ခြင်းကြီးစွာဖြင့် မိန်းကလေးကို ကြည့်ပြီး လှိုက်လှိုက် လှဲလှဲ မေးလိုက်သည်။

"ဒါဆို အစ်ကို့ကို မင်း ထားမသွားဘူးပေါ့နော်"

"ဟင့်အင်း၊ ဟင့်အင်း။ ဘယ်တော့မှ ထားမသွားဘူး။ အစ်ကို ဘယ်သွားသွား ဘယ်ရောက်ရောက် လိုက်မယ်။ အို... ဘုရားသခင်၊ တပည့်တော်မ ကံဆိုးလှပါကလား။ အစ်ကိုရယ်၊ ဘာပြုလို့ အစ်ကို့ကို ခုမှ တွေ့ရတာလဲ။ ဘာပြုလို့ အစ်ကိုနဲ့ ဆွန်ညာ စောစော မတွေ့ကြတာလဲ။ အို... ဘုရားသခင်"

"ခု အစ်ကို ရောက်လာပြီလေ"

"ခုမှ ရောက်လာတော့ ဘယ်လို လုပ်ကြမှာတုံး။ အတူတူ၊ အတူတူ ..."

သတိလက်လွတ် ဖြစ်သွားသလိုထပ်ကာထပ်ကာ ပြောရင်း နောက်တခါ တင်းတင်း ဖက်ထားပြန်သည်။

"ဆိုက်ဗေးရီးယားကို အလုပ်ကြမ်းနဲ့ ပို့ရင်လည်း လိုက်မှာပဲ"

သူ တချက် တွန့်သွားသည်။ စောစောက ပြုံးသည့် နာကြည်းခါးသီးသည့် အပြုံး သူ့နှုတ်ခမ်းအစုံတွင် ပြန်ပေါ်လာသည်။

"အဲဒီကိုတော့ မသွားချင်ပါဘူး"

ဆွန်ညာက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

သူ့ကို အရမ်းသနားသွားသည်။ ဘယ်လောက် သနားစရာကောင်းသည့် အစ်ကိုပါလဲ။ ဘယ်လောက် ဆိုးရွားသည့် ဘဝပါလဲ။ သို့သော် ကြောက်မက်ဖွယ် လူသတ်မှုကြီးက ခေါင်းထဲ ဝင်လာပြန်သည်။ သူ့လေသံ ပြောင်းသွားပုံကြောင့် လူသတ်သမားကို ရိပ်မိလိုက်ခြင်း ဖြစ်၏။

သူ့ကို တအံ့တသြ ငေးကြည့်နေသည်။ သို့သော် ဘယ်လို ဖြစ်ခဲ့သည်၊ ဘာဖြစ်ခဲ့သည်ကို ဆွန်ညာ မသိ။ ခုတော့ သည်မေးခွန်းတွေ သူ့ခေါင်းထဲသို့ တသီတတန်းကြီး ဝင်လာတော့သည်။ တပြိုင်တည်းတွင် သည်အဖြစ်ဆိုးကြီးကို မယုံမကြည် ဖြစ်လာပြန်သည်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူလိုလူက လူသတ်သည်တဲ့။ အစ်ကိုက လူသတ်သမားတဲ့။ ဖြစ်နိုင်ပါ့မလား။

ခုထိ သတိ ဝင်မလာသေးသလို တတွတ်တွတ် ပြောနေပြန်သည်။ "ဘာတွေ ဖြစ်နေတာလဲဟင်။ ငါ ဘယ်ရောက်နေလဲ။ နေဦး... အစ်ကို... အစ်ကို... ရှင်လိုလူက ဘာလို့... ဒီအမှုကြီးကို... ဘာလို့... ကိုယ့်ကိုယ်ကိုယ်... ဘာတွေ ဘယ်လို ဖြစ် တာလဲ ဟင်"

"အင်း... ပြောရမယ် ဆိုရင် အဘွားကြီးကို အစ်ကို ခေါးပြတိုက်ခဲ့တယ်ပေါ့ကွာ။ အို... ဆွန်ညာရယ်၊ တော်ပါတော့ကွာ"

သူက စိတ်ပျက်လက်ပျက် လေသံဖြင့် ပြောလိုက်သည်။ ဒေါသသံကလေးပင် စွက်နေသည်။

ဆွန်ညာက မတ်တတ်ရပ်လျက်ကြက်သေသေနေပြီး ထင်မြင်ချက်ပေးလိုက်သည်။

"အစ်ကို အရမ်းဆင်းရဲနေတယ်။ အမေ့ကို ပြန်ကြည့်ချင်တာလည်း ပါတယ်၊ ဟုတ်တယ်နော်"

"မဟုတ်ဘူး ဆွန်ညာ၊ အဲဒီလို မဟုတ်ဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က မျက်နှာလွှဲလိုက်ပြီး ခေါင်းငိုက်စိုက်ချလျက် ဆက်ပြောသည်။

"သိပ်ငတ်ပြတ်နေတာတော့ မဟုတ်ပါဘူး။ အမေ့ကို ပြန်ကြည့်ချင်တာတော့ မှန်တယ်။ ဒါပေမဲ့အဲဒါတွေဟာ အဓိက မဟုတ်ဘူး။ အစ်ကို့ကို မနှိပ်စက်ပါနဲ့တော့ ဆွန်ညာရယ်"

ဆွန်ညာက လက်ကလေးနှစ်ဖက်ကို ပတ္တာဆက်လိုက်သည်။ "ထားပါတော့လေ၊ အစ်ကို တကယ် အဲဒီလို လုပ်ခဲ့တာလားဟင်။ မဖြစ်နိုင်ပါဘူး။ အဲဒါ မမှန်ဘူး မဟုတ်လားဟင်။ မှန်တယ်ဆိုရင်လည်း ဘယ်လို အမှန်မျိုးလဲ၊ ဘယ်သူက ယုံမှာလဲ။ ဘယ်လို... ဘယ်လိုလုပ်ပြီး... အစ်ကိုက အိတ်ထဲရှိသမျှ သူများကို ပေးပြီး တဖက်မှာ လူသတ်၊ ဓားပြတိုက်တယ်... အဲ... နေဦး..."

သူ အလန့်တကြား အော်မေးသည်။

"ဒါဆို... ဒါဆို... ကက်တာရီးနာကို ပေးခဲ့တဲ့ ပိုက်ဆံတွေဟာ... အဲဒီ ပိုက်ဆံတွေပေါ့၊ ဟုတ်လား။ အဖဘုရားသခင်.. ဘုရားသခင်"

သူ ချက်ချင်း ဖြေရှင်းသည်။

"မဟုတ်ဘူးဆွန်ညာ၊မဟုတ်ဘူး။ အဲဒီအတွက်ဘာမှ စိတ်ထဲ စနိုးစနောင့်မဖြစ်နဲ့။ အဲဒီပိုက်ဆံက သန့်ရှင်းတဲ့ပိုက်ဆံ၊ အမေ ပို့ပေးတဲ့ ပိုက်ဆံ။ အစ်ကို အပြင်းဖျားနေတုန်း ရောက်လာတာ။ အဲဒီနေ့မှာပဲ ပေးဖြစ်ခဲ့တာ။ ရာဇူမီခင် သိပါတယ်။ ပိုက်ဆံက အမေ ပို့ပေး တာပါ။ အဲဒါ အစ်ကိုပိုင် ပိုက်ဆံပါကွာ"

သူ ပြောသမျှ ဆွန်ညာ စိတ်ရှုပ်စွာဖြင့် နားထောင်နေသည်။ သို့သော် ဘာမျှ နားမလည်။

သူက အလေးအနက် စကားဆက်သည်။

“ဟိုပိုက်ဆံတွေကို ပိုက်ဆံမှန်းတောင် အစ်ကို မသိဘူး။ အဘွားကြီး လည်ပင်းက ဆာလာအိတ်ကလေးကို ဆွဲဖြုတ်ယူခဲ့တယ်။ သားရေတုအိတ်ကလေး။ ဖောင်းကားနေ အောင် ပစ္စည်းအပြည့် ထည့်ထားတယ်။ ဘာတွေမှန်းတောင် မသိဘူး။ လုံးဝ ဖွင့်မကြည့် ဘူး။ အချိန်လည်း မရှိဘူးလေ။ ရွှေထည်ပစ္စည်းတွေကတော့ ဆွဲကြိုးတွေ၊ ရွှေကြယ်သီးတွေ များမှာပေါ့။ အဲဒီအိတ်ကလေးကို တနေရာရာမှာ ကျောက်တုံးနဲ့ ဖိပြီး ဝှက်ထားလိုက်တယ်။ နောက်နေ့ သွားကြည့်တော့ ခြေရာမပျက်၊ လက်ရာမပျက် ဒီအတိုင်း ရှိနေတယ်”

ဆွန်ညာက အသေးစိတ်မှတ်ပြီး သေသေချာချာ နားထောင်နေသည်။

“ဒါဆို... ဒါဆို ... ဓားပြတိုက်တာ ဘယ်ဟုတ်မလဲ။ ကျန်တာတွေ ဘာမှ မယူခဲ့ဘူး မဟုတ်လား”

“အစ်ကို မသိဘူး၊ ပိုက်ဆံ ယူဖို့ မယူဖို့ ဘာမှ အစီအစဉ် မရှိဘူး”

သူက အလေးအနက် တွေးပြီး ပြော၍ အတန်ကြာမှ တခုခုကို သတိရသလို ပြုံးပြီး “အင်း... တော်တော်တုံးတဲ့ ငါပါလား” ဟု ခပ်ညည်းညည်း ပြောသည်။

ဆွန်ညာ့ခေါင်းထဲတွင်လျှပ်စီးတချက်ဝင်းလက်သွားသည်။ သူရူးများရူးနေသလား။

သို့သော် သည်အတွေးကို ချက်ချင်းရပ်ပြီး-

မဟုတ်ဘူး၊ ရူးတာ မဖြစ်နိုင်ဘူး။ တခုခုတော့ တခုခုပဲ။ သို့သော် ဘာမှန်းမသိ။

သူက စိတ်ပါလက်ပါ စကားပြန်စသည်။

“ဒီမယ် ဆွန်ညာ၊ သေသေချာချာ နားထောင်။ မင်းကို အဲဒီလောက်အထိတော့ ပြောလို့ ရတယ်။ ငတ်လို့ ပြတ်လို့ သူတို့ကို သတ်မိတယ် ဆိုရင် အစ်ကို ဖြေသာသေးတယ်။ အစ်ကို ပျော်ချင်တောင် ပျော်နေဦးမယ်”

ဆွန်ညာ့ကို ကြည့်ပြီး စိတ်ပါလက်ပါဖြင့် ထူးဆန်းသော စကားကို ဆိုလိုက်ခြင်း ဖြစ်သည်။

ခဏနေတော့ သူ စိတ်ပျက်လက်ပျက် ပြောပြန်သည်။

“ကဲ... မင်း ဘယ်လိုလဲ ဆွန်ညာ၊ ပြောလေ ဆွန်ညာ။ အစ်ကို ဘယ်လောက် မိုက်မှား ခဲ့သလဲ ဆိုတာ ပြောပြီးပြီလေ။ အဲဒါပြောဖို့ အစ်ကို လာခဲ့တာ”

ဆွန်ညာ တခုခု ပြောချင်သည်။ သို့သော် ဘာပြောရမှန်း မသိ။

"ဒါကြောင့် မနေ့က မင်းကို ခေါ်တာလေ။ အစ်ကို့မှာ မင်းတယောက်ပဲ ရှိတော့တယ်"

"ဘယ်ကို ဆွန်ညာ လိုက်ရမှာလဲ ဟင်"

"ပစ္စည်းခိုးဖို့ မဟုတ်ဘူး၊ လူသတ်ဖို့ မဟုတ်ဘူး၊ အဲဒီအတွက် ဘာမှမပူနဲ့"

သူက ပြုံးပြီး ဆက်ပြောသည်။

"တို့နှစ်ယောက် အဓိပ္ပာယ် အကောက်လွဲနေတယ်။ ဘယ်ကို သွားရမယ်ဆိုတာခုမှ သိတယ်။ မနေ့က ခေါ်သာ ခေါ်ရတယ်။ ဘယ်ဆိုတာ ကိုယ်ကိုယ်တိုင် မသိဘူး။ အစ်ကို မင်းကို ခေါ်တာ အကြောင်းတခုပဲ ရှိတယ်။ အဲဒါကြောင့် လာခဲ့တာ။ အစ်ကို့ကို ထားမသွား ပါနဲ့နော်၊ ပစ်မသွားဘူး မဟုတ်လားဟင်... ဟင် လို့"

ဆွန်ညာက သူ့လက်ကို တင်းတင်းဆုပ်လိုက်သည်။

သူ ခဏတွေသွားသည်။ ပြီးမှ စိတ်ပျက်လက်ပျက် ပုံစံဖြင့်-

"သေပါတော့ကွာ၊ ဘာလို့ သွားပြောမိပါလိမ့်။ ခု မင်းအစ်ကို့ဆီက ဖြောင့်ချက်ကို လိုချင်နေပြီပေါ့။ ဟုတ်လား၊ အစ်ကို သိနေတယ်လေ။ မင်းကို အစ်ကို ဘယ်လို ပြောရမလဲ။ မင်း ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်ဘူး။ မင်း သိရင် စိတ်ဆင်းရဲရုံပဲ ရှိမှာ။ အစ်ကို့အတွက် မင်း စိတ်ဆင်းရဲရမှာ။ ခုပဲ ကြည့်လေ၊ မင်း ငိုနေရပြီ။ ငိုနေရင်း အစ်ကို့ကို မင်း ဖက်ထားပြန် ပြီ။ ဘာပြုလို့ မင်း အစ်ကို့ကို ဖက်တာလဲဟင်။ အစ်ကို့ ဝေဒနာတွေကို မင်း မျှဝေယူနေတာ လား။ ဒါဆို မင်းလည်း အစ်ကို့နည်းတူ ဒုက္ခဖြစ်မှာပေါ့။ ဒီလို လူဆိုး လူမိုက်တယောက်ကို မင်း ချစ်နိုင်ပါ့မလားဟင်"

"အစ်ကိုလည်း ဝေဒနာ ခံစားနေရတာပဲ မဟုတ်လား"

ဆွန်ညာက ငိုရင်း မေးလိုက်သည်။

"အစ်ကို့ နှလုံးသားက မရိုးသားဘူး။ အဲဒါ မြဲမြဲ မှတ်ထားနော်။ အဲဒီအကြောင်း ပြောရင် အများကြီးပဲ။ ဒါကြောင့် အစ်ကို ရောက်လာတာ။ အစ်ကိုက မကောင်းဘူး။ သူရဲ ဘောကြောင်တဲ့ကောင်၊ လူဆိုးလူမိုက်။ ခုတော့ အားလုံး ပြောပြတော့မယ်။ ဘယ်က စရမှန်း တောင် မသိတော့ဘူး"

သူက ခဏရပ်ပြီး စဉ်းစားနေသည်။

“အင်း… မင်းနဲ့ အစ်ကိုက သိပ်ခြားနားလွန်းတယ်။ လုံးဝ မလိုက်ဖက်ဘူး။ ဘာပြုလို့ အစ်ကို ဒီကို လာခဲ့တာလဲ မသိဘူး။ အဲဒီအတွက် ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်မှာ မဟုတ်ဘူး”

“ဟင့်အင်း… ဟင့်အင်း… အစ်ကို လာတာ ကောင်းပါတယ်၊ မှန်ပါတယ်။ ဆွန်ညာ သိတယ်။ ပိုကောင်းသွားတယ်”

သူက မိန်းကလေးကို စိတ်မသက်မသာဖြင့် ကြည့်နေသည်။ ပြီးတော့ ပြန်စဉ်းစားသည်။

“အင်းလေ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့။ အစ်ကို နပိုလီယမ်လို ဖြစ်ချင်တာ။ ဒါကြောင့် လူသတ်… ခုတော့ ရှင်းသွားပြီလေ”

ဆွန်ညာက ကြောက်ရွံ့အားငယ်နေသံဖြင့် တိုးတိုးပြောသည်။

“ဟင့်အင်း၊ မဟုတ်သေးဘူး အစ်ကိုရယ်။ ဒါပေမဲ့ ဆက်ပြောလေ၊ ဆက်ပြောပါ။ ဆွန်ညာ နားလည်နိုင်မှာပါ။ အားလုံး ဆွန်ညာ့ရင်ထဲ အသည်းထဲက နားလည်မှာ”

ဆွန်ညာက အလေးအနက် ပြောသည်။

“တကယ်ပြောတာနော်။ ဟုတ်ပြီလေ၊ ကြည့်သေးတာပေါ့။ ဒီလို ဆွန်ညာ၊ တခါ တုန်းက ကိုယ့်ကိုယ်ကိုယ် မေးဖူးတယ်။ ငါ့နေရာမှာ နပိုလီယမ် ဆိုရင် သူ ဘာဖြစ်မလဲလို့။ သူသာ အီဂျစ်ကို မရရင်၊ တော်လုံးကို မနိုင်ရင်၊ မောင့်ဘလင့်ကို မနိုင်ရင် အထွတ်အထိပ်ကို ဘယ်ရောက်လာမလဲ။ ခုလည်း အတူတူပဲ။ သေတ္တာထဲက ငွေတွေယူဖို့ (သူ့အနာဂတ်အတွက်) မုဆိုးမ အဘွားကြီးကို သူသတ်မှာပဲ။ သူ့မှာ အခြားနည်းလမ်း မရှိဘူး။ ထွက်ပေါက် မရှိဘူး။ ဒီလို မတော်တရော် လုပ်မိလို့ သူ့စိတ်ဝေဒနာ ရမသွားဘူးလား။ ကြေမွ မသွားဘူးလား။ အဲဒီမေးခွန်းက အစ်ကို့ကို ခြောက်လှန့်နေခဲ့တယ်။ နပိုလီယမ်လို အထွတ်အထိပ်ကို ရောက် မလာဘူး။ ဒုစရိုက်မှုကြီးကို ကျူးလွန်တာပဲ အဖတ်တင်တယ်။ အခြားနည်းလမ်း မရှိဘူး။ အဲဒါကြောင့် ဘာမှ စဉ်းစားမနေတော့ဘဲ အဘွားကြီးကို သတ်ဖို့ ကြိုးစားတယ်။ အဖြစ်က တော့ အဲဒါပဲ။ ရယ်စရာ မကောင်းဘူးလား။ ဟုတ်တယ် ဆွန်ညာ၊ သိပ်ရယ်စရာ ကောင်း တာပဲ။ ရယ်စရာ အကောင်းဆုံးအဖြစ်လို့ ထင်တယ်”

ဆွန်ညာ့အတွက် လုံးဝ ရယ်စရာ မဟုတ်ပါချေ။

“အစ်ကိုကလည်း.. ဆွန်ညာ့ကို ဥပမာတွေ၊ ဥပမေယျတွေနဲ့ မပြောနဲ့။ တည့်တည့် ပြောပါလား ဟင်”

ဆွန်ညာက မရှုံ့မရဲ လေသံဖြင့် တိုးတိုးကလေး ပြောသည်။ သူ့ဘက်လှည့်ပြီး ရပ်စ်ကိုလ်နီကော့ဗ်က သူ့လက်ကလေးကို ဆုပ်ထားလိုက်သည်။

"မင်းပြောတာ ဟုတ်ပါတယ် ဆွန်ညာ။ အစ်ကိုပြောတာတွေ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ မင်းသိတဲ့အတိုင်း အမေ့ရဲ့ လက်ထဲမှာ ဘာမှ မရှိတော့ဘူး။ ညီမလေးက ပညာတတ် တယောက် ဖြစ်ပြီး သူများအိမ်မှာ သွား အလုပ်လုပ်ရတယ်။ သူတို့အတွက် အားထားစရာ၊ မျှော်လင့်စရာ အစ်ကိုတယောက်ပဲ ရှိတယ်။ အစ်ကိုကလည်း ကျောင်းဆက်မတက်နိုင်လို့ ခဏ ထွက်နေလိုက်ရတယ်။ ကျောင်းဆက်နေနိုင်ရင်လည်း ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ကြာမှ လစာ ရူဘယ် တနှစ် တထောင်လောက်ရတဲ့ ဝန်ထမ်းဘဝ၊ ကျောင်းဆရာဘဝကို ရောက်မှာ။ ဒါတောင် အဘက်ဘက်က အဆင်ပြေဦးမှ။ (သူပြောနေပုံက အလွတ်ကျက်ထားသည့် အလား) အဲဒီအချိန်လောက်ဆို အမေလည်း အဘွားအိုကြီး ဖြစ်နေပြီ။ အဲဒီအချိန်မှာတောင် ဒီအဘွားအိုကြီးကို အစ်ကို လိုလေသေးမရှိ ထားနိုင်ပါ့မလားမသိဘူး။ ညီမ ကိစ္စကျတော့ ကော ပိုတောင် ဆိုးဦးမယ်။ အစ်ကိုက သူတို့ကို ဘာမှ ပြန်မကြည့်နိုင်ဘူး။ မျက်နှာလွှဲထားခဲ့တယ်။ ပစ်စလက်ခတ်ထားခဲ့တယ်။ အမေနဲ့ ညီမလေးဟာ အစ်ကို အသုံးမကျလို့ ဆင်းဆင်း ရဲရဲ နေခဲ့ရတယ်။ အဲဒီမှာ အစ်ကို ဆုံးဖြတ်ချက် ချဖြစ်တာ။ အဘွားကြီးဆီက ပိုက်ဆံတွေ ရအောင်ယူဖို့လေ။အမေ့ကို ဒုက္ခမပေးတော့ဘဲကိုယ့်စရိတ်နဲ့ကိုယ်ကျောင်းဆက်တက်မယ် ပေါ့။ ဘဝသစ်လမ်းကြောင်းပေါ်ရောက်ပြီပေါ့။ ဘယ်လောက် လွတ်လပ်သွားပြီလဲ။ အဲဒီမှာ ဒီလူသတ်မှုကြီးကို ကျူးလွန်ခဲ့တာ။ အရမ်းဆိုးဝါးတဲ့ အမှားကြီးကို ကျူးလွန်ခဲ့တာ။ ကမ်းကုန် အောင်ဆိုးတဲ့ အဖြစ်ပဲ"

သူ့ဇာတ်လမ်းကို ပြောပြီး ခေါင်းငိုက်စိုက် ကျသွားသည်။

"မဟုတ်ဘူး အစ်ကို၊ အဲဒီလို မဟုတ်ဘူး။ မဟုတ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ဆွန်ညာ ဆောက်တည်ရာမရ ပြောလိုက်သည်။

"မင်း သေသေချာချာ စဉ်းစားလေ။ အဲဒါ အမှန်တရားပဲ။ မင်းကို အစ်ကို အရှိအတိုင်း အဖြစ်မှန်ကို ပြောခဲ့တာလေ"

"အို… ဘုရားသခင်၊ ဘယ်လို အမှန်တရားမျိုးကြီးပါလိမ့်"

"သွေးစုပ်ဖုတ်ကောင် တကောင်ကို ကိုယ်သတ်ခဲ့တာလေ။ ဘယ်သူ့အတွက်မှ ကောင်းကျိုး မပေးတဲ့၊ အသုံးမကျတဲ့ သွေးစုပ်ဖုတ်ကောင်"

"ဒါပေမဲ့ တကယ့် သွေးစုပ်ဖုတ်ကောင် မဟုတ်ဘူးနော်။ သူတို့က လူစင်စစ်တွေ" "အစ်ကို သိပါတယ်ကွာ။ အစ်ကို လျှောက်ပြောနေတာပါ။

မင်းပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ခြားနားတာတွေရှိတယ်။ အစ်ကို လူတွေနဲ့ စကားမပြောတာ ကြာပြီ။ ဆွန်ညာ... အစ်ကို ခေါင်းတွေ ကိုက်လာတယ်"

သူ့ မျက်လုံးတွေ နီရဲလာသည်။ အဖျားတက်တော့ မလိုလို။ ချည့်နဲ့စွာ သူ ပြုံးသည်။ အရာရာကို စိတ်လျှော့ထားသည့် အပြုံးမျိုး။ သူ ဘယ်လောက် ခံစားနေရသည်ကို ဆွန်ညာ သိနေသည်။ သူကိုယ်တိုင်လည်း ခေါင်းတွေ မူးရီ မူးဝေ ဖြစ်လာသည်။ သူ ပြောသည့်လေသံ က ထူးဆန်းလာသည်။ တခုခုကို နားလည်သလိုလို ဖြစ်လာသည်။

"ဒါပေမဲ့ ဘယ်လိုပါလိမ့်၊ ဘာပါလိမ့်။ အို... ဘုရားသခင်"

ဆွန်ညာ သူ့လက်ချောင်းတွေကို ချိုးနေပြန်သည်။

"မဟုတ်ဘူး ဆွန်ညာ၊ အဲဒီလို မဟုတ်ဘူး"

သူ ခေါင်းထောင်လာသည်။ သူ့ခေါင်းထဲသို့ အတွေးသစ်တမျိုး ဝင်လာသည့်အလား။

"အဲဒီလို မဟုတ်ဘူး။ ခုဟာက ပိုကောင်းတယ် ထင်တယ်။ ဟုတ်တယ်၊ တကယ် ပိုကောင်းတယ်။ အစ်ကို့ကို အလကားကောင်၊ မစ္ဆရိယစိတ် များတဲ့ ဒုစရိုက်ကောင်၊ ရွံစရာ စက်ဆုပ်စရာကောင်၊ အငြိုးအတေးကြီးတဲ့ ကောင်။ အဲ... ပြီးတော့ တပိုင်း ရူးနေတဲ့ကောင် (သူတို့က အစ်ကို့ကို ရူးနေပြီလို့ ပြောကြတယ်လေ)။ အစ်ကို ပြောပြီးပြီလေ။ တက္ကသိုလ်ကို အစ်ကို ဆက်မတက်နိုင်ဘူး။ ဒါပေမဲ့ တက်ဖြစ်ချင်လည်း တက်ဖြစ်မှာပေါ့။ အမေက ခြစ်ခြုတ်ပြီး ရှာဖွေ ပို့ပေးချင် ပို့ပေးမှာပေါ့။ ဖိနပ်ကလေး၊ အဝတ်အစားလေး ဝယ်ချင် ဝယ် နိုင်မှာပေါ့။ စားစရိတ်လည်း လုံလောက်မှာပါ။ ပြီးတော့ ကျူရှင်ပြရင်လည်း အနည်းအကျဉ်း ရပါတယ်။ ရာဇူမီခင်က အစ်ကို့ကို အလုပ်ရှာပေးပါတယ်။ အစ်ကိုက ရွံ့တာနဲ့ မလုပ်ချင်လို့ တမင်ပယ်ချခဲ့တာ။ အစ်ကိုဟာ ဆူးတွေ တချောင်းပြီး တချောင်း ပေါက်လာတယ်။ ဘယ်မှ မထွက်တော့ဘဲ အခန်းထောင့်မှာ ပင့်ကူတကောင်လို ခိုအောင်းနေခဲ့တယ်။ ခွေးလှောင် အိမ်လောက် ရှိတဲ့ ကိုယ့်အခန်းကို မင်း ရောက်ဖူးသားပဲ။ အမိုးက နိမ့်နိမ့်၊ အသက်ရှူလို့ မဝတဲ့ အခန်းမျိုး။ ကိုယ်ရောစိတ်ပါ အမြဲတမ်းကျဉ်းကျပ်နေတဲ့ အခန်းမျိုး။ ဒါပေမဲ့ ဘယ်မှ မပြောင်းချင်ဘူး။ ဟုတ်တယ်၊ ပြောင်းကို မပြောင်းချင်တာ။ ရက်ပေါင်းများစွာ အခန်း အောင်းနေတယ်။ဘယ်ကိုမှ မထွက်ချင်ဘူး။ ဘာမှလည်းမလုပ်ချင်ဘူး။ စားချင်သောက်ချင် စိတ်တောင် မရှိဘူး။ တနေကုန် အိပ်ရာထဲ လှဲနေတယ်။ နာတာရှာ တခုခု ယူလာကျွေးရင် စားတယ်၊ သူ ပေါ်မလာရင် ဒီအတိုင်း အတော်ခံနေတယ်။ ဘယ်တော့မှ စားစရာ မတောင်းဘူး၊ ညညဆို မှောင်နဲ့မည်းမည်း။ ဒီအတိုင်းပဲ လှဲနေတယ်။ ဖယောင်းတိုင်ဖိုး အစ်ကို့မှာ

မရှိဘူး လေ။ အမှန်က စာတွေ ကျက်နေရမှာ။ ဒါပေမဲ့ စာအုပ်တွေလည်း အားလုံး ရောင်းစားပစ် လိုက်ပြီ။ ကျန်နေတဲ့ မှတ်စုစာအုပ်တွေမှာလည်း ဖုန်တွေ ထုတက်လို့။ တချိန်လုံး အိပ်ရာ ထဲမှာ လှဲပြီး စဉ်းစားနေတယ်။ ထူးထူးဆန်းဆန်း အိပ်မက်တွေ အမျိုးမျိုးမက်နေတယ်။ ဘယ်လို အိပ်မက်တွေလဲ ဆိုတာတော့ မပြောတော့ပါဘူး။ တပြိုင်တည်းမှာ စပြီး စဉ်းစားတယ်။ အဲ... အဲဒီလိုပြောရင် မမှန်သေးဘူး။ ပြောရင်းဆိုရင်း မဟုတ်တာတွေ ပါလာပြန်ပြီ။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် မေးနေတယ်။ ငါဟာ တေုံးတယောက်လား၊ အခြားလူတွေ လည်း ခပ်တုံးတုံးပဲဟာ။ ဘာလို့ ငါက သူတို့ထက် ပိုတော်ရမှာလဲပေါ့။ အဲဒီ တော့မှ အစ်ကို ကြိုးစားပြီးသင်တယ်။ တခြားလူတွေ တော်လာအောင် စောင့်ခေါ်ရတာ သိပ်အချိန်ကြာ တယ် ဆွန်ညာ။ ပြီးတော့ အဲဒါ ဘယ်တော့မှ မပြောင်းလဲဘူး။ ဒါကို အပြစ် ပြောလို့လည်း မဖြစ်ဘူး။ အပြစ်ပြောရင်လည်း အလကားပဲ။ အဲဒါအမှန်ပဲ။ အဲဒါဟာ သူတို့ရဲ့ ဥပဒေပဲ။ တကယ် ဆွန်ညာ။ အဲဒါဟာ သူတို့ရဲ့ ဥပဒေပဲ။ ခုတော့ အစ်ကို သိပြီ။ စိတ်ဓာတ် ခွန်အား ကြီးမားတဲ့လူဟာ သူများတွေကို လွှမ်းမိုးနိုင်မှာပဲ။ သတ္တိခွန်အားကြီးတဲ့အကြောင်း သူတို့ မျက်လုံးတွေထဲမှာ တွေ့နိုင်တယ်။ အကြီးမားဆုံးအရာကို နင်းခြေပစ်နိုင်တဲ့ လူရဲ့ စကားဟာ ဥပဒေ ဖြစ်လာမှာပဲ။ အရဲရင့်ဆုံး လူဟာ သူလုပ်သမျှ အမှန်တွေချည်း ဖြစ်နေလိမ့်မယ်။ ဟိုတုန်းကလည်း အဲဒီလိုပဲ။ ခုလည်း အဲဒီလိုပဲ။ နောင်လည်း ဒီအတိုင်းပဲ ဖြစ်နေမှာပဲ။ မျက်စိကန်းနေတဲ့လူတောင် မြင်နိုင်တယ်”

ဆွန်ညာ့ကို ကြည့်ပြီး သူ ပြောနေခြင်း ဖြစ်သော်လည်း မိန်းကလေး နားလည် မလည် သူ ဂရုမစိုက်တော့။ အဖျားအရှိန်က မြင့်သည်ထက် မြင့်တက်လာနေပြီ။ မျက်နှာ ညှိုးနေသော်လည်း သူ ပျော်နေသည်။ (ဘယ်သူနှင့်မျှ စကားများများ မပြောရသည်မှာ ကြာပြီ) ဆွန်ညာ နားလည်ပါသည်။ သူ့ ယုံကြည်ချက်နှင့် သူ့ကိုယ်ပိုင် ဥပဒေသများကို သူ အန်ထုတ်နေခြင်း ဖြစ်ပါသည်။

“အဲဒီတုန်းကတည်းက ကိုယ် နားလည်လိုက်တယ် ဆွန်ညာ’”

ခပ်ရွှင်ရွှင် သူ စကားဆက်သည်။

“ဩဇာအာဏာ ဆိုတာ အနက်ဆုံးနေရာကို ဆင်းယူရဲတဲ့ လူတွေလက်ထဲ ရောက် သွားတာချည်းပဲ။ အဲဒီမှာ တခု ရှိတယ်။ အဲဒီတခုပဲ ရှိတယ်။ အဲဒါက ဘာလဲ ဆိုတော့ သတ္တိရှိဖို့ပဲ။ အဲဒီမှာ အစ်ကို့ခေါင်းထဲ အတွေးတခု ရောက်လာတယ်။ ဘဝမှာ ပထမဆုံး တွေးမိတဲ့အတွေး။ အစ်ကို့ရှေ့မှာ ဘယ်သူမှ ဒီလို မတွေးဖူးသေးဘူး။ ဘယ်သူမှ မရှိဘူး။ နေဝန်းကြီး အစ်ကို့ရှေ့ ရောက်လာသလို ရှင်းရှင်းကြီး မြင်လိုက်တာ။ ဘာကြောင့် ရှေ့ရှေ့က လူတွေ ဘယ်သူမှ မတွေးရဲကြတာလဲ၊ သတ္တိ နည်းကြတာလဲ။ လွယ်လွယ်လေးပါ။ လူတွေ မမြင်ဘဲ ကျော်လွှားသွားနေကြတယ်။ တကောင်လုံးကို အမြီးဆွဲပြီး မကောင်းဆိုးဝါးဆီ

ပစ်ပေး လိုက်ရုံပေါ့။ အစ်ကိုက သတ္တိရှိချင်တယ်။ အဲဒါကို ပြချင်လို့ လူသတ်ခဲ့တယ်။ အဲဒါပဲ ဆွန်ညာ။ အဲဒါပါပဲ ..."

"အစ်ကို၊ ငြိမ်ငြိမ်နေ အစ်ကိုရယ်"

ဆွန်ညာက သူ့လက်နှစ်ဖက် တွဲပြီး ဆက်ပြောသည်။

"အစ်ကို ဘုရားသခင်ကို လုံးလုံး မေ့နေပြီလားဟင်။ ဘုရားသခင်က အစ်ကို့ကို ပစ်ထားလိုက်ပြီး မကောင်းဆိုးဝါး စီးနေတယ်၊ ဟုတ်လား။

"အစ်ကို ငြိမ်ငြိမ်လေး နေလိုက်။ ရယ်မနေနဲ့လေ။ ဘုရားသခင်ကို မရိုမသေ မလုပ်ရဘူး။ အစ်ကို ဘာမှ မသိဘူးနော်။ တကယ့်ကို ဘာမှ မသိတာ။ အို... ဘုရားသခင်၊ သူ ဘာမှ မသိရှာပါကလား"

"ဆွန်ညာ၊ အသာလေးနေ။ငြိမ်ငြိမ်လေးနေနော်။အစ်ကို အားလုံးသိပါတယ်ကွာ။ မကောင်းဆိုးဝါးက အစ်ကို့ကို ဆွဲခေါ်နေတာ။ အသာနေ ဆွန်ညာ။ အစ်ကို အားလုံး သိတယ်။ အဲဒါတွေ စဉ်းစားရင် အမှောင်ထဲမှာ လှဲပြီး တိုးတိုးလေး အစ်ကို ပြောနေတတ်တယ်။ တယောက်တည်း ငြင်းချက်တွေ ထုတ်နေမိတယ်။ နောက်ဆုံး လမ်းစလေးအထိ လိုက် စဉ်းစားတယ်။ အဲဒီမှာ အားလုံး သိလာတယ်။ အဲဒီမှာ စိတ်ကုန်လာတာ။ အားလုံးကို မေးပြီး အားလုံး တစ်က ပြန်စချင်လာတယ်။ အဲဒီတော့ လျှောက်ပြောမနေနဲ့ ဆွန်ညာရယ်။ အစ်ကို အရူးတယောက်လို တောင်စဉ်ရေမရ လျှောက်ပြောနေတယ်လို့ မင်းထင်လား။ ဘာက အစ်ကို့ကို ဖျက်ဆီးနေတာလဲ ဆိုတာ အစ်ကို သေသေချာချာ စဉ်းစားပြီးပြီ။

"ကိုယ့်ကိုယ်ကိုယ် ပြန်မဆန်းစစ်ဘူးလို့မင်းတကယ် ထင်နေလား။ ဥပမာ- စွမ်းအား တခု အစ်ကို့မှာ မရှိသင့်ဘူးလား ဆိုတဲ့ မေးခွန်းမျိုးပေါ့။ မရှိသင့်ဘူးလား။ ဆိုပါတော့၊ လူတွေဟာ ငတုံးတွေလား ဆိုတဲ့ မေးခွန်းမျိုး။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး မလုပ်ရင်တော့ လူဟာ ငတုံးဖြစ်သွားမှာပဲ။ ကိုယ့်နေရာမှာ နပိုလီယမ် ဆိုရင် ဘာလုပ်မလဲ ဆိုတဲ့ အတွေး မျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတာမျိုးပေါ့။ ငါဟာ နပိုလီယမ် မဟုတ်ဘူး ဆိုတာ ကိုယ့် ဘာသာကိုယ် သိရမှာပေါ့။ အဲဒါတွေကို အစ်ကို ကြိတ်မှိတ်ခံနေခဲ့ရတယ်။ အဲဒီအတွေးမျိုး တွေကို အစ်ကို ခါထုတ်ပစ်ချင်တယ်။ အစ်ကိုက ဘာမှ စောဒက မတက်ဘဲ လူသတ်ချင် တာ။ ဘယ်သူ့အတွက်မှ မဟုတ်ဘူး။ အစ်ကို့ တယောက်တည်းအတွက် သတ်မှာ။ အမေ့ အတွက် သတ်မှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း မညာချင်ဘူး။ စွမ်းအား လိုချင်လို့ သတ်တာလည်း မဟုတ်ဘူး။ လူ့ဘဝအတွက် အကျိုးပြုလုပ်ငန်းတခု အဖြစ် လုပ်ခဲ့တာ။ အစ်ကို တယောက်တည်းအတွက် သတ်တာ။ အဓိပ္ပာယ် ရှိပါ့မလား။ ဟုတ်တယ်၊ အစ်ကိုတယောက်တည်းအတွက် သတ်တာ။ နောင်အခါမှာ တယောက်အတွက် အကျိုးရှိပါ့မလား၊ ဘဝကို ပင့်ကူတကောင်လို နေဖြစ်မလား။

ကိုယ့်ပင့်ကူအိမ်ထဲ ဝင်လာတဲ့ လူတိုင်းရဲ့ ဝိညာဉ် ကို စုပ်ယူမယ်လေ။ ဘာဖြစ်လာမလဲ၊ ဘယ်လို ဖြစ်လာမလဲဆိုတာ အဲဒီအချိန်မှာ ဘာမှ မသဲကွဲဘူး။ ငွေလိုချင်လို့ သတ်တာလည်း မဟုတ်ဘူး ဆွန်ညာ။ အခြားအကြောင်း တခု ကြောင့် သတ်ဖြစ်တာ။ ခုမှ ဒါတွေကို သိလာတာ။ အစ်ကို့ကို နားလည်ပါကွယ်။ ဒီလမ်းကြောင်း အတိုင်း ဆက်သွားဖြစ်ကောင်း သွားဖြစ်ပါလိမ့်မယ်။ အစ်ကို ဘယ်တော့မှ ဒီအမှုမျိုးကို နောက်ထပ် မကျူးလွန်တော့ပါဘူး။ ခုမှ တခုခုကို သိချင်လာတယ်၊ ရှာဖွေချင်လာတယ်။ အစ်ကို လက်မောင်းကို တစုံတယောက်က တံတောင်နဲ့ တွက်ပြီး မေးနေသလိုပဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရတယ်။ ငါဟာ တခြားလူတွေလိုပဲ ငတုံးတယောက်လား၊ ဒါမှမဟုတ် ပြည့်ဝတဲ့လူ တယောက်လား။ အားလုံးကို ကျော်ဖြတ်နိုင်ပါ့မလား။ အောက်ဆုံးအထိ ဆင်းပြီး ယူနိုင်ပါ့ မလား။ ငါဟာ အားနည်းချည့်နဲ့တဲ့ လူတယောက်လား။ ငါ့မှာ အဲဒီအခွင့်အရေး...”

“ဘာအခွင့်အရေးလဲ၊ လူသတ်ဖို့ အခွင့်အရေးလား”

ဆွန်ညာက လက်နှစ်ဖက် ယှက်ပြီးမေးသည်။

“ဟာ... ဆွန်ညာကလည်းကွာ”

သူက အောင့်သက်သက် ဖြစ်သွားပြီး အော်ပြောသည်။ တခုခု ဆန့်ကျင်ပြောမည် ပြုပြီးမှ မျက်နှာပုပ်လျက် ငြိမ်နေလိုက်သည်။

“အစ်ကို့ကိုဖြတ်မပြောနဲ့ ဆွန်ညာ။ မင်းကိုအစ်ကိုသက်သေပြချင်တာ တခုပဲရှိတယ်။ အဲဒီတုန်းက အစ်ကို့ကို မကောင်းဆိုးဝါးက ဆွဲခေါ်သွားတာ။ ပြီးတော့မှ သူက အစ်ကို့ကို ဒီလိုပြောတယ်။ မင်း အဲဒီကို သွားဖို့ အခွင့်အရေး မရှိဘူးတဲ့။ ဘာပြုလို့လဲ ဆိုတော့ အစ်ကိုက တခြားလူတွေလိုပဲ ခပ်တုံးတုံးထဲကမို့တဲ့။ သူက အစ်ကို့ကို သရော်တယ်။ အဲဒါကြောင့် ဆွန်ညာ့ဆီ အစ်ကို ရောက်လာတာ။ ဧည့်သည်ကို မစိမ်းပါနဲ့ ညီမလေးရယ်။ အစ်ကိုသာ ငတုံးတယောက် မဟုတ်ရင် ဒီကို အစ်ကို ရောက်လာပါ့မလား။ ဒီမယ် နားထောင်၊ အဘွားကြီးဆီ အစ်ကို ရောက်သွားတုန်းက စမ်းသပ်ဖို့ သက်သက်.. အဲဒါ မင်း သိပါတယ်နော်။

“ပြီးတော့ သတ်တယ်၊ နောက်တယောက် ထပ်သတ်တယ်။ ဒါပေမဲ့ အစ်ကို ဘယ်လို သတ်သလဲ။ တကယ်ပြောတာ။ လူသတ်တယ် ဆိုတဲ့ နည်းလမ်း ရှိသလား။ အစ်ကို အဲဒီကို ဘယ်လို ရောက်သွားသလဲ ဆိုတာ ပြောပြမယ်။ တကယ် အဘွားကြီးကို ကိုယ် သတ်တာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်လိုက်တာ။ အဲဒီကတည်းက အစ်ကို သေသွား တာလေ။ ကဲ... ကဲ... တော်လောက်ပြီ ဆွန်ညာ။ ကိုယ့်ဘာသာကိုယ် နေပါရစေကွာ”

ချက်ချင်း သူ့အသံတွေ တုန်လာသည်။ ပြင်းထန်သည့် စိတ်ဝေဒနာ၏ တိုက်ခိုက် မှုကို ခံရလေပြီ။

"ကိယ့်ထိုက်နဲ့ကိုယ့်ကံ ရှိပါစေတော့ကွာ''

ဒူးနှစ်ဖက်ပေါ်ကို တံတောင်နှစ်ဖက် ထောက်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ပြုတ်တူနှင့် ညှပ်သလို ညှပ်ထားလိုက်သည်။

"ဩော်... အစ်ကို... အစ်ကို၊ အဲဒါလောက် ခံစားနေရတယ်နော်''

ဆွန်ညာက နင့်နင့်နဲနဲ ခံစားနေရသည့် အသံဖြင့် ပြောလိုက်သည်။

"ကဲ... အစ်ကို ဘာဆက်လုပ်ရမလဲ၊ ပြော"

ခေါင်းထောင်ကာ သူ့ကို သေသေချာချာကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ သူ့မျက်နှာမှာ စိတ်ဝေဒနာကြောင့် ပုံပျက်နေသည်။ ဆွန်ညာက သူ့နေရာမှ ခုန်ထလိုက်သည်။ မျက်ရည်တွေ ရွှဲနေသည့် မျက်နှာမှာ နီရဲနေသည်။

"ဘာလုပ်ရမလဲ၊ ဟုတ်လား၊ အစ်ကို ထ"

သူ ထတော့ ဆွန်ညာက သူ့ပခုံးနှစ်ဖက်ကို ဆွဲခိုလိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ် ထိတ်လန့်အံ့ဩစွာဖြင့် သူ့ကို ငုံ့ကြည့်နေသည်။

"သွား၊ ခုချက်ချင်း သွား၊ လမ်းဆုံရောက်ရင် အစ်ကို့ကြောင့် ညစ်နွမ်းသွားတဲ့ မြေကြီး ကို ငုံ့နမ်းပါ။ ပြီးတော့ အရပ်လေးမျက်နှာကို ဦးညွှတ်ပါ။ ပြီး မြင်သမျှ လူဆီ လှမ်းအော်ပြောပါ "ကျွန်တော် လူသတ်ခဲ့ပါတယ် ခင်ဗျား'လို့၊ အဲဒီတော့မှ ဘုရားသခင်က အစ်ကို့ကို အသက် ထပ်သွင်းပေးမှာ။ သွားမယ် မဟုတ်လား အစ်ကို။ အဲဒီအတိုင်း လုပ်မယ် မဟုတ်လား ဟင်"

သူ့လက်နှစ်ဖက်ကို တင်းတင်းဆုပ်ပြီး တတွတ်တွတ် မေးနေသည်။ သူ့တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်။

သူ စိတ်လှုပ်ရှားနေပုံကို ကြည့်ပြီး -

"ဒါဆို အစ်ကို ဆိုက်ဗေးရီးယားကို အလုပ်ကြမ်းနဲ့ သွားရမှာပေါ့။ လူသိရှင်ကြား ဝန်ချရမှာပေါ့၊ ဟုတ်လား"

"ခုလို ခံစားနေရမယ့်အစား အစ်ကို အဲဒီလို လုပ်သင့်တာပေါ့"

"မဖြစ်ဘူး ဆွန်ညာ၊ အစ်ကို အဲဒီလို မလုပ်နိုင်ဘူး"

"ဒါဆိုအစ်ကိုဘယ်လိုလုပ်ဆက်အသက်ရှင်မလဲ။ ဘာနဲ့ အသက်ရှင်မလဲ။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အစ်ကို့အမေကို ဘယ်လို ပြောမလဲ။ (အို… သူတို့ ဘာတွေ ဖြစ်ကုန်ကြမလဲ) အစ်ကို့အမေနဲ့ ညီမကို အစ်ကို ပစ်ထားတော့မှာလား။ အစ်ကို ပစ်ထားခဲ့ပြီ မဟုတ်လား။ အို… ဘုရားသခင်၊ သူ သိသိကြီးနဲ့ လုပ်တာပဲ။ အဲဒီနည်းနဲ့ ဘဝကို ဘယ်လို ဆက်နေနိုင် မှာလဲ။ ဒီအတိုင်း ဆက်နေရင် အစ်ကို ဘာဖြစ်သွားမယ်ထင်လဲ'

"ဆွန်ညာကလည်းကွာ၊ ကလေး မဆန်စမ်းပါနဲ့။ သူတို့ကို ဘယ်ပြောလို့ ဖြစ်မလဲ။ ဘာလို့ သူတို့ဆီ သွားရမှာလဲ။ ဒီကိစ္စ အားလုံးဟာ သိပ်စိတ်ဆန်တဲ့ အဖြစ်အပျက်တွေလေ။ ပရလောကမှာ ဖြစ်နေတဲ့ အဖြစ်မျိုးတွေ။ မကောင်းဆိုးဝါးတွေ၊ သူတို့က လူတွေကို ဖျက်ဆီး ပစ်နေတယ်။ အဲဒါကို သူတို့က အလုပ်လို့ ထင်နေကြတယ်။ သူတို့ဟာ လောကကို အလကား ဖျက်ဆီးနေတဲ့ ဟာတွေ။ သူတို့ဆီကို အစ်ကို ဘယ်တော့မှ မသွားဘူး။ သူတို့ဆီ သွားပြီး ဘာပြောရမလဲ။ အဘွားကြီးကို သတ်ပြီး ငွေမယူခဲ့ဘူး။ ပစ္စည်းတွေကို ကျောက်တုံးအောက် မှာ ဝှက်ထားတယ်ပြောရင် သူတို့ ဝိုင်းရယ်ကြမှာပေါ့"

ခါးခါးသီးသီး ပြုံးလိုက်ပြီး သူ ဆက်ပြောသည်။

"သူတို့က ငွေတွေ မယူခဲ့တဲ့အတွက် ငတုံးလို့ အစ်ကို့ကို ပြောမယ်။ သူရဲဘော ကြောင်တဲ့ ကောင်လို့ ပြောမယ်။ သူတို့ ဘာမှ နားမလည်နိုင်ဘူးလေ။ သူတို့ ဘာတခုမှ နားမလည်နိုင်ဘူး။ ဘာလို့ သူတို့ဆီ သွားမလဲ။ မသွားပါဘူး။ ကလေးမဆန်ပါနဲ့ ကလေး ရယ်"

"အစ်ကို ခံစားနေရတာ မကြည့်ရက်လို့ပါ အစ်ကိုရယ်"

လက်နှစ်ဖက် ရှေ့သို့ ဆန့်တန်းပြီး အသနားခံသည်။

"အေးလေ၊ အစ်ကိုက အဲဒီ အရိပ်မည်းကြီးအောက်မှာ ရောက်နေတာကိုး"

သူက မျက်မှောင်ကုတ်ပြီး ဆက်ပြောသည်။

"ဒါပေမဲ့ အစ်ကိုဟာ လူတယောက်ပါ။ ဖွတ်ကျားတကောင် မဟုတ်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရာမှာလည်း မြန်တယ်။ စိတ်ချ၊ ဆက်ပြီး တိုက်ပွဲဝင်မှာ"

သူ့နှုတ်ခမ်း အစုံပေါ်တွင် ရန်လို မုန်းတီးသော အပြုံးမျိုး ပေါ်လာသည်။

"ခဏကိစ္စ မဟုတ်ဘူးနော်။ အစ်ကို့ဘဝ တလျှောက်လုံး ခံစားသွားရမှာ"

"ရပါတယ်ကွာ၊ ကြာတော့ ထုံသွားမှာပေါ့"

သူက အတွေးကျွံနေပုံဖြင့် ခံပြင်းစွာ ပြုံးလျက် ဆက်ပြောသည်။

"ဒီမယ် ဆွန်ညာ၊ ကဲ... မျက်ရည်တွေ သုတ်လိုက်တော့။ အရေးကြီးတဲ့အပိုင်း ရောက်လာပြီ။ သူတို့ အစ်ကို့နောက်ကို လိုက်နေကြပြီ ဆိုတဲ့အကြောင်း ပြောဖို့ အစ်ကို ရောက်လာတာ။ သူတို့ အစ်ကို့ကို ဆွဲဖို့ လုပ်နေကြပြီ"

"ဟင်"

ဆွန်ညာ အလန့်တကြား အော်လိုက်သည်။

"မင်း လန့်သွားလား။ မင်းကိုယ်တိုင် အစ်ကို့ကို ဆိုက်ဗေးရီးယား သွားစေချင် တယ်ဆို။ ခု ဘာလို့ မင်း လန့်သွားတာလဲ။ ဒီမယ်ကြည့်... သူတို့ အစ်ကို့ကို ဘယ်တော့မှ မမိစေရဘူး။ သူတို့ ဘာမှမတတ်နိုင်အောင် အစ်ကို ဆက်ပြီး တိုက်ပွဲဝင်မယ်။ သူတို့မှာ ဘာမှ သက်သေ အထောက်အထား ပြစရာ မရှိဘူး။ မနေ့ကတော့ တော်တော်လေး ကြောက်စရာ ကောင်းတဲ့ အခြေအနေကို ရောက်သွားတယ်။ သွားပြီလို့တောင် အောက်မေ့လိုက်တယ်။ ဒီနေ့တော့ အခြေအနေတွေ ပြန်ကောင်းလာတယ်။ သူတို့ ရထားတဲ့ အထောက်အထား တွေက ဘာမှ မပိုင်ဘူး။ သူတို့ စွပ်စွဲချက်တွေကို အစ်ကိုက လွယ်လွယ်လေး ချေဖျက်ပစ် နိုင်တယ်။ ဘယ်လို ရှောင်ရ တိမ်းရမယ် ဆိုတာ အစ်ကို သိတယ်။ မဟုတ်ရင် သူတို့ အစ်ကို့ကို ဆွဲထည့်ထားမှာ သေချာတယ်။ ဘာမှမပူနဲ့ သိလား။ ဒီနေ့ သူတို့နဲ့ အကြာကြီး ထိုင်နေခဲ့ သေးတာ။ နောက်ဆုံး သူတို့ ပြန်လွှတ်ပေးရတာပဲ။ သူတို့မှာ ဘာအထောက်အထားမှ မရှိဘူး။ စိတ်ချ၊ ဘယ်တော့မှလည်း ရှိမှာ မဟုတ်ဘူး။ သူတို့မှာရှိတဲ့ သက်သေအထောက် အထားလောက်နဲ့ ဘယ်သူ့ ကိုမှ မဖမ်းနိုင်ဘူး။ ကဲ... ရှင်းပြီနော်၊ ဘာမှမပူနဲ့ သိလား။ အမေနဲ့ ညီမလေးကို အထိတ်တလန့် မဖြစ်အောင် အစ်ကို လုပ်မယ်။ သားအမိ နှစ်ယောက် စလုံး အဆင်ပြေနေပုံ ရပါတယ်။ ကဲ... ဒါပဲနော်။ နေကောင်းအောင် နေ။ အစ်ကို ထောင်ထဲ ရောက်ရင် ထောင်ဝင်စာ လာတွေ့မလား ဟင်"

"အို... လာမှာပေါ့ အစ်ကိုရယ်၊ လာမှာပေါ့"

နှစ်ယောက်သား ယှဉ်ထိုင်နေရင်း ဆို့နစ်ကြေကွဲ နေကြသည်။ နှစ်ယောက်သား မုန်တိုင်းထဲတွင် တကွဲစီ လွင့်စဉ်သွားသလို ခံစားနေကြရ၏။ သူက ဆွန်ညာကလေးကို ငေးကြည့်နေသည်။ သူ့အပေါ် ဘယ်လောက် ချစ်နေသည်ကို သူ့မျက်နှာကလေးတွင် အတိုင်းသား ပေါ်နေသည်။ သူ့အနေဖြင့်လည်း သည်လို အချစ်ခံရသည့်အတွက် အသည်းကွဲ မတတ် ခံစားနေရသည်။ သူ့ဆီ အလာတုန်းက ရင်ဖွင့်လိုက်ရလျှင် ပေါ့ပါးသွားလိမ့်မည်ဟု ထင်ခဲ့သည်။ ခုတော့ ပို၍ လေးလံသွားသည်။

"ဒီမယ် ဆွန်ညာ၊ ညီမလေး၊ အစ်ကို ထောင်ကျသွားရင် လာမတွေ့ပါနဲ့ကွာ၊ နော်" ဆွန်ညာ ဘာမှ ပြန်မပြော။ တရှုပ်ရှုပ် ငို၍သာ နေတော့သည်။ မိနစ်များစွာ ကုန် သွားသည်။ ပြီးမှ တခုခုကို ရုတ်ခြည်း သတိရလိုက်သလို ကောက်ကာငင်ကာ မေးလိုက်သည်။

"အစ်ကို့မှာ လက်ဝါးကပ်တိုင် ရှိလား ဟင်" ပထမတော့ သူ့မေးခွန်းကို နားမလည်။

"မရှိဘူး မဟုတ်လား၊ ရော့... ဆွန်ညာ့ဟာလေး ယူသွား။ စိုက်ပရပ်စ်သားနဲ့ လုပ်ထားတာ။ ဆွန်ညာ့မှာ ကြေးလက်ဝါးကပ်တိုင်တခု ရှိသေးတယ်။ အဲဒါက လီဇာဗီတာ ဆီက ရတာ။ ဆွန်ညာ့ ရုပ်တုတော်လေးတခုနဲ့ လဲထားတာ။ ခုတော့ သူပေးတဲ့ ကြေး လက်ဝါးကပ်တိုင်ကလေးပဲ ဆွဲတော့မယ်။ အစ်ကိုက ညီမလေးဟာ ယူသွားနော်။ အတူတူ ဆွဲထားပြီး ဒုက္ခတွေကို မျှဝေခံစားကြမယ်နော်"

"အင်း... ပေးလေ"

သူ စိတ်ချမ်းသာအောင် လိုက်လျောလိုက်ခြင်း ဖြစ်သည်။ ကမ်းထားသော လက် ကို ချက်ချင်း ပြန်ရုပ်လိုက်ပြီး-

"ခု မယူသေးဘူးကွာ၊ နောက်မှယူမယ်နော်။ အဲဒါ ပိုကောင်းမယ် ထင်တယ်"

"အင်း... အင်း.. အဲဒါ ပိုကောင်းပါလိမ့်မယ်။ အစ်ကို စိတ်ဒုက္ခ ရောက်တဲ့အခါ ဆွဲထားရမယ်။ ညီမလေးဆီ လာခဲ့၊ ညီမလေး ဆွဲပေးမယ်နော်။ ဆုတောင်းပြီးမှ အစ်ကို သွားပေါ့"

ထိုအချိန်တွင် တံခါးခေါက်သံ သုံးချက် ပေါ်လာသည်။

"ဆွန်ညာ၊ ဝင်ခဲ့မယ်နော်။ ဝင်ခွင့်ပြုပါနော်"

ကြားဖူးသည့် အသံ။ ယဉ်ကျေးစွာ ခွင့်တောင်းသံ။ တံခါးဆီသို့ ဆွန်ညာ အလန့်တကြား ပြေးသွားသည်။ ရွှေရောင်ဆံပင်နှင့် မစ္စတာလီဘီဇယာနီကော့ဗ်၏ ရုပ်သွင် တံခါးဝတွင် ပေါ်လာသည်။ အခန်းထဲသို့ သူ လှမ်းကြည့်သည်။

※※※

လီဘီဇယာနီကော့ဗ် လန့်နေပုံ ရသည်။ ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး-

“ကိုရင့်ကို ဒီမှာတွေ့မယ်လို့ မျှော်လင့်ပြီးသားပါ။ ကျုပ် ဆွန်ညာနဲ့တွေ့ရမှ ဖြစ်မှာမို့ လာခဲ့တာပါ။ တခြားအကြောင်း မရှိပါဘူး။ အထင်မလွဲကြပါနဲ့။ ကက်တာရီးနာတယောက် ရူးသွားပြီလား မပြောတတ်ဘူး”

သူက ရပ်စ်ကိုလ်နီကော့ဗ်ဘက်မှ ဆွန်ညာ့ဆီ လှည့်ပြီး ဆက်ပြောသည်။ ဆွန်ညာ က လန့်ပြီး တချက်အော်လိုက်သည်။

“ကျုပ်တို့လည်း ဘာဆက်လုပ်ရမှန်း မသိဘူး။ အဓိကကတော့ အဲဒါပါပဲ။ သူ ပြန်ရောက်လာတယ်။ တနေရာရာက မောင်းထုတ်ခံခဲ့ရတယ် ထင်ပါတယ်။ အရိုက်အနှက် တောင် ခံခဲ့ရလား မသိဘူး။ သူ့ယောကျ်ားရဲ့ အကြီးအကဲ ဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ဆီ သူ ပြေးသွားတယ်။ ပုဂ္ဂိုလ်က ဗိုလ်ချုပ်ကြီးတယောက် ဖိတ်တဲ့ ညစာစားပွဲကို ရောက်နေတယ်။ သူက အဲဒီ ညစာစားပွဲ အရောက် လိုက်သွားတယ်။ သူ့ယောကျ်ား မာမီလာဒေါ့ဗ်ရဲ့ ဆရာ့ဆီ အတင်း ဝင်သွားတယ်။ ဒီတော့ ဘာတွေ ဖြစ်ကုန်မလဲ စဉ်းစားကြည့်လေ။ သူပြောတဲ့အတိုင်းဆိုရင် သူက အဲဒီလူကို ဆဲဆိုပြီး တွေ့ကရာနဲ့ ပစ်ပေါက်တယ်တဲ့။ သူ ပြောတာ ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ဘာတွေ ဆက်ဖြစ်မလဲ စဉ်းစားလို့ ရပါတယ်။ အချုပ်ထဲ ဖမ်းထည့်မထားတာ သူ့အတွက် ကံကောင်းတာပဲ။ ခုတော့ လူတကာကို အဲဒီအကြောင်း လျှောက်ပြောနေတယ်။ သူ့ကို မောင်းထုတ်ထားတဲ့ အေမီလီယာအီဗန်နိုဗ်နာကိုလည်း သွားပြောတယ်။ ဟိုက အော်ထုတ်တာပေါ့။ တခြားလူတွေလည်း သည်းမခံနိုင်တော့ဘူး။ အားလုံးက ဝိုင်းအော် ထုတ်နေကြတယ်။ သူက ကလေးတွေကို ခေါ်သွားပြီး လမ်းပေါ်မှာ လက်ဆွဲဘာဂျာနဲ့ သီချင်းဆို တောင်းခိုင်းမယ်တဲ့။ ကခိုင်းမယ် လို့လည်း ပြောသေးတယ်။ အဲဒီ ဗိုလ်ချုပ်ကြီး အိမ်ရှေ့ကို နေ့တိုင်း ရောက်အောင်သွားပြီး ဆိုမယ်၊ တီးမယ်၊ ကမယ်တဲ့။ ဒါမှ ဝန်ထမ်းဟောင်း တယောက်ရဲ့ သားသမီးတွေ လမ်းပေါ်ရောက်နေတဲ့ အကြောင်း သူတို့ သိမယ်တဲ့။ ကလေး တွေကို ရိုက်၊ ကလေးတွေ ငို၊ အို … ပွက်လောကို ညံနေတာပဲ။ လန်ညာ့ကို သီချင်းဆို သင် ပေးနေတယ်။ “ယာတော အိမ်ကလေး' ဆိုတဲ့ သီချင်း။ သားလေးက က,ရမယ်တဲ့။ အဝတ် တွေ ဆုတ်ဖြဲပြီး မင်းသား၊ မင်းသမီး ဦးထုပ်တွေ ချုပ်နေလေရဲ့။ သူကိုယ်တိုင်ကတော့ လင်ပန်းတချပ်နဲ့ ဒရမ် တီးမယ်တဲ့လေ။ ဘယ်သူ့စကားမှလည်း နားမထောင်တော့ဘူး။ စဉ်းစားသာ ကြည့်ကြတော့လေ။ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ထင်တယ်"

သူ ရှေ့မဆက်နိုင်မီ အသက်မရှူအားဘဲ နားထောင်နေသည့် ဆွန်ညာက

အပေါ်ရုံ နှင့် ဦးထုပ်ကို ဆွဲယူပြီး အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။ အပြင်ရောက်မှ ပြေးရင်း လွှားရင်း ဝတ်စုံကို ခြုံ၊ ဦးထုပ်ကို ဆောင်းသည်။ ရပ်စ်ကိုလ်နီကော့ဗ်နှင့် လီဘီဇယာနီကော့ဗ် တို့က သူ့နောက်မှ သုတ်ခြေတင် လိုက်သွားကြသည်။

လမ်းပေါ်ရောက်တော့ သူက ရပ်စ်ကိုလ်နီကော့ဗ်ကို-

"တကယ် ရူးသွားပါပြီ။ ကျုပ်က ဆွန်ညာ ကြောက်မှာ စိုးလို့ ဖော့ပြီး ပြောထားတာ။ စိတ်ရောဂါ လက္ခဏာအကြောင်းလေ။ ခုတော့ သေချာပါပြီ။ အဆုတ်ရောဂါ ပြင်းလာရင် ဦးနှောက်အကျိတ်ကလေးတွေ ဖြစ်လာတယ်လို့ ကြားဖူးတယ်။ ဆေးပညာကို နကန်းတလုံးမှ မသိတာ ဆိုးတယ်ဗျာ။ ဒါပေမဲ့ သူ့ကို ကျွန်တော် နားလည်အောင် ကြိုးစား ပြီး ပြောဖူးပါတယ်။ ဒါပေမဲ့ သူ နားမထောင်ဘူးဗျာ"

"ဦးနှောက်ထဲကအကျိတ်ကလေးတွေအကြောင်းခင်ဗျားသူ့ကိုပြောလိုက်သလား" ရပ်စ်ကိုလ်နီကော့ဗ်က မေးလိုက်သည်။

"အဲဒီလို အတိအကျတော့ မပြောပါဘူး။ ပြောလည်း သူ နားလည်မှာ မဟုတ်ဘူး။ ကျွန်တော်က ဒီလို ပြောတာပါ။ လူတယောက်ကို တက္ကဗေဒကျကျ နားလည်နိုင်ရင် အဲဒီ လူဟာ ငိုကြွေးရလောက်အောင် မဟုတ်မှန်း သိရင်… အငိုတိတ်သွားမှာပဲလို့။ သူဟာ ငိုကြွေး ရလောက်အောင် တော်တဲ့လူလားဗျာ။ ဟုတ်တယ် မဟုတ်လားဗျာ"

"ဘဝဟာ အဲဒီလောက် ရိုးစင်းရင်တော့ ကောင်းတာပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်တောင်းပန်ပါတယ်။ ကက်တာရီးနာရဲ့ ဘဝဟာ နားလည်ရ ခက်အောင် ပြင်းထန်ပါတယ်။ ဒါထက် ခင်ဗျား ကြားပြီးပြီလား။ ပါရီမှာ အရူးတွေကို ကုတဲ့ နည်းသစ် တခု စမ်းနေကြတယ်တဲ့။ တက္ကဗေဒ နည်းတမျိုးတည်းနဲ့ ကုနည်းကို စမ်းသပ်ပြ နေတယ်တဲ့။ အဲဒီ ဆေးသိပ္ပံပညာရှင်ကြီးဟာ ခရီးမဆုံးခင် ဆုံးသွားရှာတယ်။ သူက ဒီနည်းနဲ့ ကုနိုင်တယ်လို့ ယုံကြည်တယ်တဲ့။ အရူးတယောက်ရဲ့ ဇီဝရုပ် ဖွဲ့စည်းပုံဟာ တခြား လူတွေနဲ့ ဘာမှမထူးဘူးတဲ့။ အတွေးအယူတွေ၊ အဆုံးအဖြတ်တွေ၊ အမြော်အမြင်တွေ မှားနေတာတဲ့။ လူနာကို အချိန်ယူပြီး သူ့အမှားတွေ ပြင်အောင် လုပ်ပေးနိုင်ရင် အဖြေ ထွက်လာနိုင်တယ် တဲ့။ ဒါပေမဲ့ သူက တပြိုင်တည်းမှာ လူနာကို ရေချိုးခိုင်းတယ်။ အဲဒီမှာ ထွက်လာတဲ့ အဖြေ က သံသယဖြစ်စရာတွေ ပါလာတယ်"

ရပ်စ်ကိုလ်နီကော့ဗ် ဆက်နားမထောင်တော့ပေ။ သူ တိုက်ရှေ့ ရောက်တော့

လီဘီဇယာနီကောဗ်ကို ခေါင်းညိတ်ပြပြီး ဂိတ်ဝထဲ ချိုးကွေ့ဝင်လိုက်သည်။

ရပ်စ်ကိုလ်နီကောဗ်က သူ့အခန်းကျဉ်းကလေးထဲ ရောက်တော့ အခန်းလယ်တွင် ရပ်နေသည်။ ဖုန်တက်နေသော ဆိုဖာဟောင်းကြီးနှင့် မည်းညစ်ဝါကြန့်နေသော နံရံကပ် စက္ကူတွေကို ဝေ့ကြည့်လိုက်သည်။ ငါ ဘာလို့ ဒီနေရာကို ပြန်လာတာလဲ။ မြေညီထပ် ဥပစာကွက်လပ်ဆီမှ တူထုသံကို ရိုက်ချက်မှန်မှန် ကြားနေရသည်။ ပြတင်းပေါက်ဆီ လျှောက်သွားပြီး ခြေဖျားထောက်၍ အောက်သို့ ငုံ့ကြည့်သည်။ သို့သော် ကွက်လပ်ထဲတွင် ဘာမှ မတွေ့ရ။ ဘယ်ဘက် တိုက်ခန်းများမှ ပြတင်းပေါက်တွေကို လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက်ပေါင်တွင် ပန်းတွေ ညှိုးနေသော ပန်းအိုးများ၊ တိုးလိုးတွဲလောင်း လှန်းထား သော အဝတ်များကို မြင်ရ၏။ မြင်နေကျ မြင်ကွင်း။ မျက်နှာလွှဲလိုက်ပြီး ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။

ဘယ်တုန်းကမှ သည်လို အထီးကျန် ဝေဒနာမျိုးကို မခံစားခဲ့ရဖူးပါ။

တချိန်ချိန်တွင် ဆွန်ညာ့အပေါ် မလွဲမသွေ မုန်းတီးစိတ်တွေ ဝင်လာလိမ့်မည်ဟု တခါ ထပ်တွေးမိပြန်သည်။ သူ့ကို စိတ်ရှုပ်အောင် ဘာကြောင့် လုပ်မိပါလိမ့်။ ဘာကြောင့် သူ မျက်ရည်ကျအောင် လုပ်မိပါလိမ့်။ သူ့ဘဝကို အဆိပ်ခတ်သလို ဖြစ်အောင် လုပ်သင့် သလား။ တော်တော် အောက်တန်းကျတဲ့ ငါပါလား။

တယောက်တည်း နေမယ်။ တယောက်တည်း ဧကစာ ကျင့်နေမယ်။ ထောင်ဝင်စာ လည်း သူ လာတွေ့ဖို့ မလိုဘူး။

နောက် ငါးမိနစ်ကြာတော့ ခေါင်းထောင်လာပြီး ပြုံးလိုက်သည်။ ထူးဆန်းသည့် အပြုံးမျိုး။ ထူးထူးဆန်းဆန်း တွေးမိ၍ ဖြစ်သည်။ ‘ဆိုက်ဗေးရီးယား ရောက်သွားရင် ပို ကောင်းမယ်” ဟု ထင်လာသည်။

အတွေးပေါင်းစုံဖြင့် အခန်းထဲတွင် မည်မျှကြာအောင် ထိုင်နေသည်ကို သူ မမှတ်မိ။ ထိုစဉ် ရုတ်တရက် တံခါးပွင့်လာသည်။ ဒွန်ညာ ဝင်လာပြီး သူ့ကို သေသေချာချာ ကြည့်နေသည်။ ပြီးမှ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ မနေ့က သူ ထိုင်သွား သည့် နေရာ။ အစ်ကိုလုပ်သူက ညီမကို ငြိမ်ပြီး ငေးကြည့်နေသည်။

“စိတ်မဆိုးပါနဲ့ အစ်ကိုရယ်။ ဒွန်ညာ ခဏလေး နေမှာပါ”

ဒွန်ညာ့မျက်နှာတွင် ဒေါသရိပ် မထင်။ သို့သော် လေးနက်နေသည်။ မျက်လုံးအစုံ က ကြည်လင်ပြီး နူးညံ့နေသည်။ အစ်ကို့အပေါ် ချစ်သည့်

ညီမတယောက်၏ အသွင်အပြင်။

"ခုတော့ ဒွန်ညာ အားလုံးသိပြီ အစ်ကို။ အကုန် သိပြီ။ ရာဇူမီခင် အားလုံးပြောပြတယ်။ အစ်ကို စိတ်သောက ရောက်နေရတဲ့ ကိစ္စက အဓိပ္ပာယ်မရှိ သံသယတခုကြောင့် ဆို။ သူက ပြောတယ်။ ဘာမှ အန္တရာယ် မရှိဘူးတဲ့။ ဒါပေမဲ့ အစ်ကို ဘာကြောင့် ခါးခါးသီးသီး နာနာကြည်းကြည်း ခံစားနေရတယ် ဆိုတာ ဒွန်ညာ သိတယ်။ ဒါက အချိန်တန်ရင် ပျောက် သွားမှာပါ။ အစ်ကို့အတွက် ဒွန်ညာ့မှာ ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး။ အစ်ကို့ကို အပြစ်ဆိုသလို ဖြစ်နေရင် ခွင့်လွှတ်ပါနော်။ ဒွန်ညာ့မှာ အစ်ကို့လို ပြင်းထန်တဲ့ စိတ်ဝေဒနာမျိုး ရှိနေရင်လည်း အားလုံး ထားပြီး ထွက်သွားဖြစ်ချင် သွားဖြစ်မှာပေါ့။ အဲဒီအကြောင်းတွေ မေမေ့ကို လုံးဝ မပြောပါဘူး။ ပြောစရာ ရှိရင် အစ်ကို့ကိုပဲ ပြောမယ်။ အစ်ကို မကြာခင် လာမယ်လို့ ပြောထား မယ်နော်။ မေမေ့အတွက် ဘာမှမပူနဲ့ သိလား။ ဒွန်ညာ စိတ်ချမ်းသာအောင် ထားမယ်။ အမေ စိတ်ညစ်အောင်တော့ မလုပ်နဲ့ပေါ့။ တခေါက်တော့ လာခဲ့ဦးနော်။ အမေပဲ ဥစ္စာ"

ဒွန်ညာ ထရပ်လိုက်သည်။

"လိုရင် ဒွန်ညာ့ကို လှမ်းခေါ်လိုက်နော်။ ဘယ်ကိစ္စမျိုး ဖြစ်ဖြစ်ပေါ့။ အဲဒါ အဓိက ပြောချင်လို့ လာခဲ့တာ"

ပြောပြီး တံခါးပေါက်ဆီ လျှောက်သွားသည်။ ရပ်စ် ကိုလ်နီကော့ဗ် ထ,လိုက်သွား ပြီး ရှေ့မှ တားလိုက်သည်။

"ဒွန်ညာ၊ ခဏ။ အစ်ကို့သူငယ်ချင်း ရာဇူမီခင်ဟာ သိပ်သဘောကောင်းတဲ့ကောင်ကြီး၊ သိလား"

ဒွန်ညာ့မျက်နှာကလေး မဆိုစလောက် နီသွားသည်။

"အဲဒီတော့.."

"သူဟာ ရိုးသားတယ်။ အလုပ်ကြိုးစားတယ်။ လက်တွေ့ကျတယ်။ သိပ်ချစ်ဖို့ ကောင်းတဲ့ ကောင်ကြီး။ ဂွဒ်ဘိုင်.... ဒွန်ညာ"

ဒွန်ညာ့တကိုယ်လုံး ပူထူသွားသည်။

"ဘာအဓိပ္ပာယ်လဲ အစ်ကို။ အစ်ကိုနဲ့ ဒွန်ညာတို့ ပြန်မတွေ့ကြတော့ဘူးလို့ ဆိုလို တာလား"

"ထားပါတော့ကွာ၊ ကဲ... သွားတော့နော်"

ပြောပြီး လှည့်ထွက်လာကာ ပြတင်းပေါက်ဆီ လျှောက်သွားသည်။ ဒွန်ညာက အစ်ကိုလုပ်သူကို ခဏ ရပ်ကြည့်နေသေးသည်။ ပြီးမှ စိုးရိမ်စိတ် အပြည့်ဖြင့် ပြန်လာခဲ့ တော့သည်။

ညီမလုပ်သူကလေးအပေါ် စိမ်းကားခြင်း မဟုတ်ပါ။ ရင်ခွင်ထဲတွင် တင်းတင်း ပွေ့ဖက်ထားချင်စိတ်ပင်ပေါ်လာခဲ့သေးသည်။ တကယ့်နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်ကြောင်း ပြောပြဖို့လည်း စိတ်ကူးလိုက်သေးသည်။ သို့သော် လက်ကို ဆန့်တန်း မပေးရဲ။

သည်တဒင်္ဂအကြောင်း နောက်ပိုင်း ဒွန်ညာ သိသွားလို့ ပြန်တွေးမိရင် ကြက်သီး မွေးညင်း ထသွားလိမ့်မည်။ သူ ခံနိုင်ရည် ရှိပါမည်လား။ ရှိမည် မထင်။

ပြီးတော့ ဆွန်ညာ့အကြောင်း ဆက်စဉ်းစားသည်။

ပြတင်းပေါက်မှ လေနုအေးကလေး တိုက်ခတ်လာသည်။ အပြင်တွင် နေ့၏ အလင်း ရောင် ဖျော့လာပြီ။ ဦးထုပ်ကို ဆတ်ခနဲ ကောက်ယူပြီး အပြင်ထွက်လာခဲ့သည်။

စိတ်ဆင်းရဲစရာတွေ မတွေးချင်။ သို့သော် တရံမလပ် စိုးရိမ်စိတ်၊ ထိတ်လန့်စိတ် ဖြင့် နေခဲ့ရသည့် အချိန်တွေ။ ခံနိုင်ရည် မရှိတော့လောက်အောင်ပင်။ အပြင်းဖျားပြီး အိပ်ရာထဲ လဲနေချိန် မဟုတ်လို့ လျှောက်သွားနေလျှင် ဒဏ်ရာရထားသည့် အတွင်းစိတ် တွန်းအား ကြောင့် သူ့ခြေထောက်တွေက သူ့ခန္ဓာကိုယ်ကို သယ်ဆောင်သွားနေခြင်း ဖြစ်ကောင်း ဖြစ်မည်။ သို့သော် တာရှည် မခံနိုင်၊ တဒင်္ဂမျှသာ။

ရည်ရွယ်ချက် မရှိဘဲ လျှောက်သွားနေသည်။ အမှောင်ထုက သိပ်သည်းလာပြီ။ မကြာသေးမီက သူ့ကို လွှမ်းမိုးခဲ့သည့် ဖိစီးမှုတမျိုးက သူ့အပေါ် လွှမ်းခြုံလာပြန်သည်။

သို့သော် အပြင်းအထန်ကြီး မဟုတ်။ သို့သော် ရေရှည် နှိပ်စက်နေမည့် သဘော။ ထိတ်လန့် တုန်လှုပ်ဖွယ် အနာဂတ်ကို ညွှန်းဆိုနေခြင်းမျိုး။ ဟိုးအဆုံးအစွန် အခေါင်အထွတ် တနေရာမှ ရပ်စရာ နှစ်ပေပတ်လည် ကွက်လပ်ကလေး။ အမှောင်ထု သိပ်သည်းလာလေ သည်ဖိစီးမှု က လေးလံလာလေလေ ဖြစ်လာသည်။

ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်မုန်းတီးစွာဖြင့် ရေရွတ်လိုက်သည်။

"နေဝင်သွားလို့ ဒီခံစားမှု တိုးလာတယ်ဆိုတာ ငါ့ခန္ဓာကိုယ် ကြံ့ခိုင်မှု နည်းတာပဲ။ အသုံးမကျတာပဲ။ ဒွန်ညာ့ဆီလည်း သွားရမယ်၊ ဆွန်ညာ့ဆီလည်း

သွားရမယ်" ထိုအချိန် သူ့နာမည်ကို တစုံတယောက်က လှမ်းခေါ်သံ ကြားလိုက်သည်။ အနီး အနား ပတ်ကြည့်လိုက်တော့ လား... လား... လီဘီဇယာနီကောဗ်။ သူ့ဆီ အပြေးအလွှား လာနေသည်။

"ကြည့်စမ်း၊ ကျုပ် ခုပဲ ကိုရင့်အခန်းကို ရောက်ခဲ့တယ်။ ခင်ဗျားကို လိုက်ရှာနေ တာဗျ။ စဉ်းစားသာ ကြည့်ပေတော့ဗျို့။ အမျိုးသမီးက သူပြောတဲ့အတိုင်း စွတ်လုပ်နေပြီ။ ကလေးတွေကို ခေါ်ထုတ်သွားပြီ။ ဆွန်ညာနဲ့ ကျုပ် နောက်က လိုက်ကြည့်တယ်။ မနည်း ရှာယူရတယ် သိလား။ သူက ဒယ်အိုးကို ဒရမ်လုပ်တီးပြီး ကလေးတွေကို ဆိုခိုင်း၊ ကခိုင်းတယ်။ ကလေးတွေက အော်ငိုနေကြတယ်။ လမ်းဆုံလမ်းခွတွေမှာ၊ ဆိုင်တွေရှေ့မှာ စတည်း ချပြီး သူတို့ ကပြဖျော်ဖြေကြတယ်။ ခပ်တုံးတုံးလူတွေ နောက်က တပြုံကြီး လိုက်ကြည့် နေကြတယ်။ လာ... သွားကြစို့"

သူ့နောက်မှ အပြေးအလွှား လိုက်သွားရင်း ရပ်စ်ကိုလ်နီကောဗ် မေးလိုက်သည်။

"ဒါထက် ဆွန်ညာကောဗျ"

"ဒေါပွနေတာပေါ့ဗျာ။ ရူးမတတ် ဖြစ်နေတယ်။ သူနဲ့ကက်တာရီးနာ အပြိုင် ရူးနေ ကြလား မသိပါဘူး။ ကက်တာရီးနာကတော့ တကယ် ရူးသွားပြီ ထင်တာပဲ။ နောက်ဆုံး မှာ သူ အဖမ်းခံရမှာပဲ။ ရဲအချုပ်ထဲ ရောက်မှာ သေချာတယ်။ ဒါဆို ဘာတွေ ဖြစ်ကုန်မလဲ။ စဉ်းစားသာ ကြည့်တော့။ ခုလောက်ဆို သူတို့ တူးမြောင်းနား ရောက်နေလောက်ပြီ။ တံတား ထိပ်နားလောက်ပေါ့။ ဆွန်ညာ့အခန်းနဲ့ သိပ်မဝေးဘူး"

သူတို့ ဆက်လိုက်သွားကြသည်။ လူတစု ပြုံရပ်နေသည်ကို လှမ်းမြင်ရသည်။ ကလေးတွေလည်း ဟိုမှ သည်မှ ပြေးလာနေကြသည်။ ကက်တာရီးနာ၏ အက်တက်တက် အသံကို တံတားထိပ်မှ ကြားနေရပြီ။ အလွန်ထူးဆန်းသော မြင်ကွင်း ဖြစ်ပါသည်။ သည်ပွဲ မျိုးကို လူတွေ စိတ်ဝင်စားနေကြသည်။

ကက်တာရီးနာသည် အဝတ်ဟောင်းများကို ဝတ်လျက် မြက်ဦးထုပ်ဟောင်းကြီး ဆောင်းထားသည်။ တကယ် အရူးမတယောက်၏ ပုံမျိုး။ သူ့ကြည့်ရသည်မှာ အရမ်းမောနေပြီ။ အသက်ရှူ မမှန်တော့။ အဆုတ်ရောဂါ၏ တိုက်ခိုက်မှုကို အပြင်းအထန် ခံနေရပုံ။ သို့သော် သူက မလျှော့။ ကလေးတွေကို အော်ဟစ်ပြီး အတင်း ဆိုခိုင်း၊ ကခိုင်းနေသည်။

အတင်း သင်ပေးနေသည်။ ကလေးတွေက တုံ့ပြန်မှု နှေးကွေးနေသည့်အခါ

ရိုက်သည်။ လူတွေရှေ့မှာ ရိုက်နှက်နေခြင်း ဖြစ်၏။ ဝတ်ကောင်းစားလှနှင့် လူကိုမြင်လျှင် သူ့အလုပ်ကို ရပ်ထားပြီး သွားရှင်းပြသည်။ သူကောင်းမျိုးကလေးတွေ ဘာကြောင့် သည်ဘဝ ရောက်ရ ကြောင်း ပြောပြသည်။ ပရိသတ်ထဲမှ လှောင်ပြောင်ရယ်မောသံ ကြားလျှင်၊ သို့မှမဟုတ် စော်ကားမော်ကား ပြောသံကြားလျှင် ကက်ကက်လန် ရန်တွေ့သည်။ ထိုအခါ ရယ်သူတွေ ရပ်ပြီး အချို့က ခေါင်းယမ်းကြသည်။ သို့သော် အရှုံးမနှင့် အထိတ်တလန့် ဖြစ်နေသည့် သူ့ကလေးတွေကို အားလုံးက စိတ်ဝင်စားနေကြသည်။ လီဘီဇယာနီကော့ဗ် ပြောသည့် အတိုင်းဒယ်အိုးသူ့လက်ထဲတွင်မရှိတော့။ လက်ကိုင်ရိုးကျိုးသွားသဖြင့် လွှင့်ပစ်ခဲ့ပုံရသည်။ ပိုလင်ကာ သီချင်းဆိုပြီး လီဒါနှင့် ကိုလ်ယာ ကသည့်အခါ လက်ခုပ်သာ တွင်တွင် တီးပေး နေတော့သည်။ သီချင်းကို သူပါ ဝိုင်းဆိုသည်။ သို့သော် တပိုဒ် ဆိုလိုက်၊ ချောင်းဆိုးလိုက်နှင့် ဆက်မဆိုနိုင်လျှင် ကျိန်ဆဲပြီး မျက်ရည်တွေ ကျလာသည်။

ကလေးတွေကို လမ်းဘေး သူတောင်းစားကလေးများနှင့် တူအောင် ဝတ်ဆင် ပေးထားသည်။ ကောင်လေးကို အဖြူနှင့်အနီ ကုလားခေါင်းပေါင်း ပေါင်းထားပေးသည်။ တူရကီ လူမျိုးနှင့်တူအောင် လုပ်ပေးထားခြင်း ဖြစ်၏။ လီဒါအတွက် ဘာမှ လုပ်မပေးနိုင်။ ရိုးရိုး အဝတ်အစားဖြင့်ပင်။ သို့သော် သူ့အဖေ ဦးထုပ်ကြီး ဆောင်းပေးထားသည်။ စိုက်ထား သည့် ငှက်ကုလားအုတ်မွေးက ကျိုးကျနေပြီ။ ပိုလင်ကာကလည်း အိမ်တွင် ဝတ်သည့် အဝတ်ဖြင့်ပင်။ အမေ့ကိုလည်း ကြောက်၊ လူတွေကိုလည်း ကြောက်နေသည်။ သို့သော် မငိုမိအောင် ကြိတ်မှိတ် မျိုချနေရသည်။ အမေ့အခြေအနေ မကောင်းမှန်း ပိုလင်ကာ သိနေသည်။ သို့သော် ဘာမှ မတတ်နိုင်။ စိတ်ပျက် လက်ပျက် ကြည့်နေရုံမျှသာ။

ဆွန်ညာက နောက်မှ တကောက်ကောက် လိုက်ပြီး အိမ်ပြန်ဖို့ ငိုယိုတောင်းပန် သော်လည်း ကက်တာရီးနာကို ဘယ်လိုမှ ပြောမရ။

ကက်တာရီးနာက မောနေလျက်က၊ ချောင်းတဟွပ်ဟွပ် ဆိုးနေလျက်က ပြန်အော်သည်။

“ဆွန်ညာ၊ မင်းဟာ တကယ့်ကလေးလေးလိုပဲ။ ပြောတာ နားလည်မှပေါ့။ ပြောပြီး ပြီလေ။ ဒီဂျာမန်မအိမ်ကို ဘယ်တော့မှ ပြန်မသွားဘူးလို့။ အရက်ချိုးမ။ သူတို့အားလုံး သိပစေ၊ ပီတာစဘတ် တမြို့လုံး သိပစေ၊ လူကြီးလူကောင်း တယောက်ရဲ့ သားသမီးတွေ သူ့အဖေ သေသွားတာနဲ့ လမ်းပေါ်မှာ လျှောက်တောင်းစားနေရတယ်။ သူ့အဖေဟာ နိုင်ငံ အပေါ် သစ္စာရှိရှိ တာဝန်သိသိ အလုပ်လုပ်ရင်း သေသွားတဲ့ ဝန်ထမ်းကောင်းတယောက်။ (ကက်တာရီးနာက စိတ်ထဲ ပေါ်လာသမျှ ဇာတ်လမ်းဆင် ပြောရင်း သူကိုယ်တိုင် ယင်းဇာတ်လမ်း ကို အဟုတ်ထင်လာသည်) ကျွန်မတို့အဖြစ်ကို သူ မြင်စေချင်တယ်။ ဟိုဂုဏ်းချပ်

ခင်ကြီး မြင်စေချင်တယ်။ သေခြင်းဆိုးကြီး။ ကဲ... ဆွန်ညာ။ ခု တို့ ဘာနဲ့ သွားစားမလဲ။ မင်း ရှာကျွေး တာစားလာတာ ကြာပြီ။ တော်ပြီ။ အဲဒီဘဝကိုရပ်ပစ်ရမယ်။ အာ... ရိုဒီယွန် ရပ်စ်ကိုလ်နီကော့ဗ်'"

ရပ်စ်ကိုလ်နီကော့ဗ်ကို မြင်သွားတော့ သူ့ဆီ အတင်းတိုးသွားသည်။

"တဆိတ် ဒီကလေးမ (ဆွန်ညာ)ကို ရှင်းပြပေးပါကွယ်။ ဒီမိသားစုအတွက် ကက်တာ ရီးနာ ဒီလိုမလုပ်ရင် ဘယ်လို လုပ်ရမှာလဲ။ ပလွေမှုတ်တဲ့ လူတောင် ထမင်းမငတ်ဘူး၊ ကက်တာရီးနာတို့ မိသားစုကိုလည်း လူတွေ ပစ်ထားမှာ မဟုတ်ပါဘူး။ အထက်တန်းစား မိသားစု လမ်းပေါ် ရောက်နေတာကို ဘယ်သူမှ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ တို့ကို မောင်းထုတ်တဲ့ အဲဒီဗိုလ်ချုပ်ကြီး မယုံ ကြည့်နေ၊ အလုပ်ပြုတ်မှာပဲ။ သူ့အိမ်ရှေ့မှာ နေ့တိုင်း သွားဆိုမယ်၊ ကမယ်။ ဇာကိုယ်တော်အရှင် ကြွမြန်းလာတာနဲ့ ကြုံရင် ကလေးတွေကို ရှေ့တိုးခိုင်းပြီး'ကျွန်တော်မျိုးမတို့ကိုအကာအကွယ်ပေးပါအရှင်'လို့လျှောက်ထားအသနား ခံမယ်။ သခင်ကိုယ်တော်ဟာ ကရုဏာရှင် ဘုရင်တပါးပဲ။ သနားတော်မူမှာ သေချာတယ်။ မယုံကြည့်နေ။ အဲဒီ သေနာ ဗိုလ်ချုပ်ကြီး။ ဟဲ့... လန်ညာ၊ ခါးဆန့်ပြီး မတ်မတ်ရပ်စမ်း"

ပြင်သစ်ဘာသာဖြင့် လှမ်းပြောသည်။

"ကဲ... ကိုလ်ယာ၊ နောက်တကျော့ ပြန်က။ ဘာလို့ ငိုမဲ့မဲ့ ဖြစ်နေတာတုံး။ ဘယ်သူ့ ကို ကြောက်နေတာလဲ။ အသုံးကို မကျဘူး။ အို... ဘုရားသခင်၊ သူတို့တွေနဲ့ တပည့်တော်မ ဘယ်လို ခရီးဆက်ရမှာလဲ။ ရိုဒီယွန်၊ သူတို့ ဘယ်လောက် အူကြောင်ကြောင် နိုင်တယ် ဆိုတာ မသိဘူးနော်။ သူတို့တွေနဲ့ ဘယ်လိုလုပ်ပြီး ..."

သူကိုယ်တိုင် ငိုသံပါလျက် ငိုမည့်ဟန် ပြင်နေသော ကလေးများအား လက်ညှိုး ထိုးပြီး ပြောနေခြင်း ဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က အိမ်ပြန်ဖို့ ချော့မော့ပြောသေးသည်။ သူ့ ဂုဏ်သိက္ခာအရ သည်လို မလုပ်သင့်ကြောင်း၊ ချမ်းသာသည့် မိန်းကလေးများအတွက် ကျောင်းထောင်မည့် အမျိုးသမီးတယောက် အနေဖြင့်

"ကျောင်းထောင်ဖို့ ကိစ္စ၊ ဟုတ်လား။ ဟား... ဟား၊ အဲဒါက လေထဲ တိုက်အိမ် ဆောက်တာပါ"

ပြောရင်း အော်ရယ်တော့ ချောင်းတဟွပ်ဟွပ် ဆိုးလာပြန်သည်။

"ပြီးသွားပြီ ရိုဒီယွန်။ အဲဒီ အိပ်မက်တွေ အလကား ဖြစ်သွားပြီ။ အားလုံးက တို့ကို ပစ်ထားလိုက်ပြီလေ။ အဲဒီ ဗိုလ်ချုပ်အိမ် ရောက်သွားတုန်းက

အပြင်ညွှေ့ခန်းက ညွှေ့စာရင်း မှတ်တမ်းစာအုပ်မှာ ကိုယ့်နာမည်ရေးပြီး လက်မှတ်ထိုးခဲ့သေးတယ်။ ပြီးမှ မင်အိုးနဲ့ သူ့ကို ပေါက်ပြီး ထွက်ပြေးလာခဲ့တာ။ အလကားလူတွေ၊ သွားစမ်းပါ။ ဘယ်သူ့ကိုမှ ဦးမညွှတ် တော့ဘူး။ ကိုယ့်ဘာသာကိုယ် ရှာစားမယ်၊ ရှာကျွေးမယ်။ သူ့ကိုလည်း ဒုက္ခမပေးချင်တော့ ဘူး။ (ဆွန်ညာ့ကို လက်ညှိုးထိုး ပြောလိုက်ခြင်း ဖြစ်သည်) ပိုလင်ကာ... ဘယ်လောက် ရပြီလဲ။ ပြစမ်း၊ ဘာ... နှစ်ကိုပက်ပဲ ရသေးတယ်၊ ဟုတ်လား။ ရိုင်းလိုက်လေကွယ်။ လူတွေ မှာ အကြင်နာတရား မရှိကြတော့ဘူးလား။ နောက်ကတော့ တကောက်ကောက် လိုက်ကြည့် နေကြပြီးတော့... အမယ်လေး၊ သူတို့က ရယ်များတောင် ရယ်နေကြသေးတယ်။ (လူအုပ် ထဲမှ လူတယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်ခြင်း ဖြစ်သည်။)

“အဲဒါ ကိုလ်ယာ ညံ့လို့ အသုံးကို မကျဘူး။ ဘာလဲ ပိုလင်ကာ၊ ပြင်သစ်လို ပြော စမ်းပါ။ သင်ထားပေးလျက်သားနဲ့။ အဲဒီလို မပြောဘဲ နေရင် ခေတ်ပညာတတ် မိသားစုမှန်း သူတို့ ဘယ်သိမလဲ။ တို့ကို ရိုးရိုး သူတောင်းစားတွေလို့ ထင်ကြမှာပေါ့။ အချစ်သီချင်း ကောင်းကောင်း ဆိုကြမယ်။ ကဲ... ဘာဆိုမလဲ။ ဟော... စကားဖြတ် ပြောပြန်ပြီ။ အဲဒါသာ ကြည့်တော့ ရှိဒီယွန်။ ကဲ... ဒီမှာရပ်ပြီး သီချင်းရွေးမယ်။ ကိုလ်ယာက အကကျင့်၊ ဖြုန်းစားကြီး ထလုပ်ရတော့ ဇာတ်တိုက်ချိန် မရလိုက်ဘူးလေ။ ပြီးရင် နက်ဗ်စကီဘက် သွားမယ်။ အဲဒီရပ်ကွက်က လူသန့်တယ်။ တို့ကို ချက်ချင်း ဂရုစိုက်မှာ သေချာတယ်။ လန်ညာက ‘ယာတောအိမ်ကလေး' ပဲ ရတယ်။ ဒီသီချင်းက လူတိုင်း ရပြီးသား ဖြစ်နေပြီ။ ဒါ့ထက် အဆင့်အတန်းမြင့်တဲ့ သီချင်း ရွေးရမယ်။ ကဲ... ပိုလင်ကာ၊ ရွေးလေ။ အမေ့ကို ကူရမှာပေါ့။ အမေ့ မှတ်ဉာဏ်တွေတော့ သွားပြီ။ အဲ ... တပုဒ် သတိရပြီ။ **‘မြင်းတပ်သားတယောက် ဓားခုတ်လျှင်**[59]၊ ဟာ... အဲဒီ သီချင်းက ဆိုလို့ မဖြစ်ဘူး။ **ငါးပဲနီ’**[60] ကို ပြင်သစ်လို ဆိုမယ်။ ဒါမှ လူတွေ တို့အကြောင်း သိမှာ။ “**မာလ်ဘိုရို**[61] တပ်ထဲဝင်ပြီ' လည်း တို့ရတာပဲ။ အထက်တန်းလွှာ အိမ်ကြီးတွေမှာ ဆိုနေကျ သားချော့ တေးလေ”

မာလ်ဘိုရိုကို အသံထည့်ပြီးမှ-

“ဟာ... မကောင်းပါဘူး။ ‘ငါးပဲနီ’ ကို ဆိုမယ်။ ကဲ... ကိုလ်ယာ၊ လက်နှစ်ဖက် တင်ပါးပေါ်တင်လိုက်၊ လန်ညာ၊ ဟိုဘက်လှည့်၊ ကဲ... မေမေ ဆိုမယ်။ ပိုလင်ကာ၊ လက်ခုပ်တီး စည်းလိုက်လေ”

“မာလ်ဘိုရို စစ်ထွက်ပြီ၊

ဘယ်အခါ ပြန်ရောက်မှန်း သူ မသိ၊

ငါးပဲနီ၊ ငါးပဲနီ၊

အိမ်မှာသုံးဖို့ ငါးပဲနိ”

အပှုပ်... အပှုပ်... ပှုပ်။ ချောင်းဆက်တိုက် ဆိုးလာတော့သည်။ ချောင်းဆိုး လျက်က ပိုလင်ကာကို လှမ်းအော်ပြောသည်။

“ဂါဝန်ကို ဆွဲဆန့်စမ်း။ ပခုံးစွန်းနှစ်ဖက် အောက်ကျ မနေစေနဲ့။ မိကောင်းဖခင် သားသမီး ပီပီသသ လုပ်စမ်း။ အတွင်းခံကို ရှည်ရှည်ချုပ်ပေးမယ်။ အဲဒါ ဆွန်ညာ့အကြိုက်။ တိုနံ့နံ့နဲ့။ ဟဲ့... ဘာပြုလို့ ငိုနေတာလဲ။ ကဲ... ကိုလ်ယာ၊ ပြန်စ။ တော်တော်ခက်တဲ့ ကလေးတွေ။

“ငါးပဲနိ၊ ငါးပဲနိ ..”

“ဟိုရဲသားက ဘာလဲ”

ရဲသားတယောက် လူအုပ်ထဲမှ တိုးထွက်လာသည်။ တပြိုင်တည်းတွင် နှင်းကာ အင်္ကျီရှည်ကြီးနှင့်အရာရှိကြီး တယောက်လည်း ရှေ့တိုးထွက်လာသည်။ ဥပမိရုပ် ကောင်းကောင်း နှင့် ခံ့ခံ့ညားညား အသက်ငါးဆယ်ရွယ် လူကြီးတယောက်။ ကက်တာရီးနာ အားတက် သွားသည်။ ရဲကို ဂရုမစိုက်တော့။ လူကြီးက ကက်တာရီးနာဆီ တိုးသွားပြီး အစိမ်းရောင် သုံးရူဘယ် ငွေစက္ကူ တရွက် ကမ်းပေးလိုက်သည်။ သူ့မျက်နှာတွင် သနားကြင်နာမှုကို အထင်းသား မြင်လိုက်ရသည်။ ကက်တာရီးနာက ဟန်ပါပါကလေး ဦးညွှတ်ပြီး ပိုက်ဆံကို လက်ခံလိုက်သည်။

“ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်” ဟု အစချီပြီး ရန်စွယ်နှင့်ငေါ်ငေါ် ဆက်ပြော တော့သည်။

“အခြေအနေအရ ကျွန်မတို့ ဒီလို ထွက်တောင်းရတာပါရှင်။ ပိုလင်ကာ၊ ရော့ . ပိုက်ဆံ တွေ့လား။ လောကမှာ အကြင်နာတရားရှိတဲ့ လူတွေ၊ စိတ်ထားမြင့်မြတ်တဲ့ လူတွေ ရှိသေးတယ်။ ဒုက္ခရောက်နေတဲ့ အမျိုးကောင်းသမီး တယောက်ကို မျက်ကွယ်မပြုရက်တဲ့ လူတွေ ရှိသေးတယ်နော်။ ဟောဒီ အစ်ကိုကြီးရှေ့က အဖမဲ့ကလေးတွေဟာ အထက်တန်းလွှာ အနွယ်တွေပါ။ မင်းနဲ့စိုးနဲ့ မကင်းဘူးလို့တောင် ပြောလို့ ရပါတယ်။ ဒါပေမဲ့ သူ့ကို အနှောင့် အယှက် ပေးရပါ့မလား ဆိုပြီး ဗိုလ်ချုပ်တယောက်က ကျွန်မကို သူ့အိမ်ထဲက ကန်ထုတ် တယ်လေ။ ကျွန်မက ပြောတယ်။ ဗိုလ်ချုပ်ကြီးရယ်လို့၊ သွားလေသူ မာမီလာဒေါ့ဗ်ကို ဗိုလ်ချုပ်ကြီး သိပါတယ်လို့။ ဒီကလေးတွေကို အကာအကွယ်ပေးပါလို့။ သူ့သမီးလေးဟာ သူသေတဲ့နေ့မှာပဲ မတော်မတရား စွပ်စွဲခံရပါတယ်လို့။ ခုလည်း ဟိုမှာ ရဲက ကျွန်မတို့ကို အနှောင့်အယှက် ပေးမလို့ လုပ်နေပါတယ်။ ဟိုဘက်ရပ်ကွက်က မောင်းထုတ်လို့ ဒီကို ရောက် လာတာ။

ရှင်တို့နဲ့ ဘာဆိုင်လို့လဲ။ ခွေးသူတောင်းစားတွေ”

“အစ်မကြီး ဆက်မသောင်းကျန်းပါနဲ့။ လမ်းပေါ်မှာ အဲဒီလိုလုပ်ခွင့် မရှိပါဘူး ခင်ဗျာ”

“ပလွေမှုတ်ပြီး လျှောက်တောင်းနေတဲ့ လူတွေလည်း ရှိတာပဲ။ သူတို့ကျတော့ ရှင် မတားဘူးလား”

“သူတို့က ပါမစ် ရထားတယ်။ အစ်မကြီး လုပ်တာက လူတွေကို စုဝေးအောင် လုပ်သလို ဖြစ်နေတယ်။ ကဲ... ဘယ်မှာ နေတယ် ဆိုတာ ကျွန်တော့်ကို ပြောပါ"

“ဘာ ... ပါမစ် ဟုတ်လား။ ယောက်ျားကို ဒီနေ့ပဲ မြှုပ်ပြီးတယ်။ ပါမစ် ဟုတ်လား” ကက်တာရီးနာက အသံကုန် အော်ပြောသည်။

“ကဲပါ အစ်မကြီးရယ်။ စိတ်ထိန်းပါဗျာ။ ကျွန်တော် ပြန်ပို့ပေးပါ့မယ်။ ဒီမှာ မသင့် လျော်ပါဘူးဗျာ။ ပြီးတော့ အစ်မကြီးက နေလည်း မကောင်း ...'

“အို ... ရှင် ဘာမှ မသိပါဘူး။ ကျွန်မတို့ နက်ဗ်စကီဘက် သွားမလို့။ ဆွန်ညာ... ဆွန်ညာ ဘယ်မှာလဲ။ ဟင်.. သူကလည်း ငိုလို့ပါလား။ ဒုက္ခပါပဲ။ နင်တို့ အားလုံး ဘာဖြစ် နေကြတာလဲ။ ကိုလ်ယာ၊ လန်ညာ ဘယ်သွားနေကြတာလဲ။ ဟဲ့... ကလေးတွေ၊ ဘယ်သွား မလို့လဲ။ ဒုက္ခပါပဲ”

သူ အလန့်တကြား အော်မေးသည်။ ကလေးတွေက ရူးနေသည့် သူ့တို့အမေ လူတွေနှင့် တခုခု ဖြစ်တော့မည် ထင်ပြီး အထိတ်တလန့် ဖြစ်လာကြသည်။ နောက်ဆုံး ရဲပါ ပါလာတော့ သူတို့ကို ဖမ်းတော့မည်ထင်ပြီး အငယ်လေးတွေအားလုံး တိုင်ပင်ထားသည့် အလား တယောက်နှင့်တယောက် လက်တွဲကာ လူအုပ်ကြီးထဲမှပြေးထွက်သွားတော့သည်။ ကက်တာရီးနာက သနားစဖွယ် ငိုယိုပြီး ကလေးတွေနောက်ကို ပြေးလိုက်သွားလေတော့သည်။ ကိုးရိုးကားရားနှင့် ရယ်စရာလည်း ကောင်းပြီး သနားစရာလည်းကောင်းသည့် မြင်ကွင်းဖြစ်ပါသည်။ သူ့နောက်မှ ဆွန်ညာနှင့် ပိုလင်ကာတို့လည်း ပြေးလိုက်သွားကြသည်။

“ပြန်ခေါ်လာပေးကြပါရှင်။ တားထားပေးကြပါ။ တော်တော် ကျေးဇူးကန်းတဲ့ ကလေးတွေပါလား။ နင်တို့ အတွက် ငါက .....”

ပြောနေရင်း ပြောနေရင်း ဟပ်ထိုးလဲကျသွားတော့သည်။ “ဟောတော့်... သွေးတွေပါလား၊ ကွဲသွားပြီ ထင်တယ်" ဆွန်ညာက ငုံ့ကြည့်ရင်း အလန့်တကြား ပြောလိုက်သည်။ လူအုပ်ကြီးကနောက်မှ ပြေးလိုက်လာကြသည်။

ရပ်စ်ကိုလ်နီကော့ဗ်နှင့် လီဘီဇယာ နီကော့ဗ်တို့က ရှေ့ဆုံးမှ ဖြစ်သည်။ အရာရှိကြီးလည်း သုတ်ခြေတင် လိုက်လာသည်။ သူတို့ နောက်မှ ရဲသားက "ပြဿနာပဲ၊ ပြဿနာပဲ" ညည်တွားရင်း ပြေးလိုက်လာသည်။ လူတွေကိုလည်း မောင်းထုတ်နေ၏။

"ဖယ်ကြစမ်းပါ၊ ခင်ဗျားတို့က တမျိုး"

"သွားပြီ ထင်တယ်"

"လုံးဝ ရှုးသွားပြီ ထင်တယ်"

ပရိသတ်ထဲမှ အမျိုးမျိုး ထင်ကြေးပေးသံများ။

အမျိုးသမီးတယောက်က ဘုရားတ ပြီး-

"ကလေးတွေကိုကော လိုက်လို့ မီကြရဲ့လား မသိဘူး။ ဟောဟိုမှာ အကြီးမလေး မိလာတယ်။ အရှုးလေးတွေပဲ"

ကက်တာရီးနာကို အနီးကပ် စစ်ဆေးကြည့်တော့ ဘာဒဏ်ရာမှမရ။ သွေးကွက် ကြီးမှာ သူ့ပါးစပ်ထဲမှ အန်ထွက်ကျသည့် သွေးတွေ ဖြစ်ကြောင်း တွေ့ကြရသည်။

အရာရှိရဲက ရပ်စ်ကိုလ်နီကော့ဗ်နှင့် လီဘီဇယာနီကော့ဗ်ကို ရှင်းပြသည်။

"ကျုပ် တွေ့ဖူးတယ်။ အဆုတ်ရောဂါသည်တွေ သွေးအန်တတ်တယ်။ မကြာ သေးခင်ကပဲ ကျုပ် အမျိုးတယောက် အန်တာ ဖန်ခွက် တလုံးခွဲလောက် ရှိတယ်။ အဲဒါ ထက် သူ့အခြေအနေ မကောင်းဘူး။ ကျုပ်တို့ ဘာလုပ်ကြမလဲ"

ဆွန်ညာက ဝင်ပြောသည်။

"တဆိတ်ရှင်၊ ကျွန်မအခန်း ဒီနားလေးတင်ပါ။ ပို့ပေးကြပါရှင်။ ဒုတိယထပ် မှာပါ။ ကျေးဇူးတင်ပါတယ်ရှင်။ ခပ်မြန်မြန်လေး၊ ဆရာဝန်လည်း ခေါ်ပေးကြပါရှင်။ အို… ဘုရားသခင်"

ရဲအရာရှိ၏ ကြီးကြပ်မှုဖြင့် အားလုံး အဆင်ပြေသွားသည်။ ရဲသားကိုယ်တိုင် ကက်တာရီးနာကို ဝိုင်းသယ်ပေးသည်။ ဆွန်ညာ့အခန်းထဲ ရောက်သည်အထိ သတိလည်း မလာသေး။ ခုတင်ပေါ်တွင် အသာတင်ထားပေးလိုက်သည်။ ဆွန်ညာ၊ ရပ်စ်ကိုလ်နီကော့ဗ်၊ လီဘီဇယာနီကော့ဗ်နှင့် ရဲသားတို့ အခန်းကျဉ်းကလေးထဲတွင် စုပြုံနေကြသည်။ ပိုလင်ကာ က ကိုလ်ယာနှင့် လန်ညာကို လက်ဆွဲပြီး ဝင်လာသည်။ သုံးယောက်စလုံး ဆတ်ဆတ်တုန် ကာ တရှုပ်ရှုပ်ငိုလျက်။ ကာပါနော်မော့ဗ်

မိသားစုအားလုံးလည်း ရောက်လာကြသည်။ အိမ်ထောင်ဦးစီးမှာ ခြေတဖက်နှင့် မျက်လုံးတလုံးသာ ရှိသည်။ နှုတ်ခမ်းမွေးနှင့် ဆံပင် တွေက ထိုးထိုးထောင်ထောင်။ အကြည့်ရ ဆိုးလှသည်။ မိန်းမလုပ်သူက တချိန်လုံး ကြောက်ရွံ့ နေတတ်သူ။ မျက်လုံးအပြူးသားနှင့် ဖြစ်နေပြီး ကလေးတွေက ပါးစပ်အဟောင်းသားနှင့်။ လူအချို့က တံခါးဝအထိ လိုက်တက်လာကြသည်။ လူအုပ်ထဲတွင် ဆဗီဒရီဂေးလေ့ဗ်ကို တွေ့လိုက်တော့ ရပ်စ်ကိုလ်နီကော့ဗ် မျက်လုံးပြူးသွားသည်။ ဘယ်က ဘယ်လို ပေါ်လာ တာပါလိမ့်။ စောစောက လူအုပ်ထဲတွင် သူ မပါ။

ဆရာဝန်တင်မက ခင်ကြီးပါ ပင့်ဖို့ တချို့က အကြံပေးသည်။ ရဲအရာရှိက သိပ် အကြောင်းထူးတော့မည် မထင်ကြောင်း ရပ်စ်ကိုလ်နီကော့ဗ်ကို ကပ်ပြောလိုက်သည်။ သို့ သော် ဆရာဝန် ပင့်ဖို့တော့ သူ သဘောတူသည်။ ကာပါနော်မော့ဗ်က အပြေးဆင်းသွားသည်။

ကက်တာရီးနာ အသက် ပြန်ရှူလာသည်။ ပါးစပ်ထဲမှ သွေးအထွက်လည်း ခဏ ရပ်သွားသည်။ တော်တော် ခံလိုက်ရပုံ ရသည်။ သို့သော် တကိုယ်လုံး သွေးဆုတ်ကာ ဆတ်ဆတ် တုန်နေသော ဆွန်ညာ့ကို စူးရှသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ ဆွန်ညာက နဖူးမှ ချွေးသီးချွေးပေါက်တွေကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ ခဏနေတော့ သူ ထိုင်ချင် ကြောင်း ပြောသဖြင့် ခုတင်ပေါ်တွင် ထိုင်နိုင်အောင် ဝိုင်းထူပေးလိုက်ကြသည်။

“ကလေးတွေကော…”

အသံ သဲ့သဲ့ကလေးဖြင့် မေးသည်။

“ပိုလင်ကာ၊ အငယ်လေးတွေ ခေါ်မလာဘူးလား။ အသုံးကို မကျဘူး။ ဘာလို့ ထွက်ပြေးရတာလဲ… အား"

ခြောက်သွေ့နေသော နှုတ်ခမ်းများတွင် သွေးစတွေ နိုင်းချင်းနှင့်။ အခန်းထဲကို သူ ဝေ့ကြည့်လိုက်သည်။

“ဪ… ဆွန်ညာ၊ ဆွန်ညာ။ ဒီမှာ နေတာကိုး။ တခါမှ မရောက်ဖူးဘူး။ အင်း…

ခုတော့… ကုသိုလ်ကံ ပေးလို့လေ”

ဆွန်ညာ့ကို သူ လှမ်းကြည့်သည်။ ဝေဒနာအပြည့် မျက်လုံးများဖြင့်။

“တို့မိသားစုက မင်းရဲ့ သွေးတွေ စုပ်ယူခဲ့ကြတာ မင်းလည်း မြော့မြော့ပဲ ကျန်တော့ တယ်နော်။ ဆွန်ညာ၊ ပိုလင်ကာ၊ လန်ညာ၊ ကိုလ်ယာ၊ လာကြစမ်း

ဒီအနားကို။ ဆွန်ညာ၊ ငါ မခံနိုင်တော့ဘူး။ သူတို့အားလုံးကို နင့်လက်ထဲ အပ်ခဲ့တော့မယ်။ ဇာတ်လမ်းပြီးသွားပြီ။ ပွဲ ပြီးသွားပြီ။ အား... ပြန်လှဲပေးကြပါ။ နောက်ဆုံးမှာ အေးအေးဆေးဆေး သေပါရစေရှင်"

သူတို့က အမျိုးသမီးကို ခေါင်းအုံးပေါ် ပြန်လှဲချ ပေးလိုက်ကြသည်။

"ဘာ... ခင်ကြီး၊ ဟုတ်လား။ မလိုပါဘူး။ ကျုန်တဲ့ပိုက်ဆံ ဘယ်မှာလဲ။ ငါ ဘာဒုစရိုက် အလုပ်မှ မလုပ်ခဲ့ဘူး။ ဘုရားသခင်က ခွင့်လွှတ်မှာပါ။ ငါ ဘယ်လောက် ခံစားခဲ့ရတယ် ဆိုတာ ကိုယ်တော်အရှင် သိတော်မူတယ်။ မသိလည်း ဘာမှ မတတ်နိုင်..."

သတိရတချက် မရတချက်နှင့် ဖြစ်နေသည်။ မျက်လုံး ဖွင့်ပြီး လူတွေကို ကြည့်သည်။ အားလုံးကို မှတ်မိနေသည်။ သို့သော် တဒင်္ဂမျှသာ။ မြေသွားပြန်သည်။ အသက်ရှုသံ မြန်လာသည်။ ပြင်းလာသည်။ လည်ချောင်းသံနှင့် ပြောပြန်သည်။

"ကျွန်မ... ကျွန်မ သူ့ကို.. ပြော... ပြော... ပါတယ်။ ဗိုလ်ချုပ်ကြီး..." စကားကို တလုံးချင်း မနည်း အားယူ ပြောနေရသည်။

"အဲဒီ အေမီလီယာဟာ... အား... လန်ညာ၊ ကိုလ်ယာ၊ လက်နှစ်ဖက်ကို တင်ပါးပေါ် တင်ထား၊ မြန်မြန်လုပ်။ ဘယ်ယိမ်း ညာန္တဲ့၊ ဘယ်ပြန်နွဲ့... ခြေထောက် မှန်မှန်ဆောင့်၊ ဟုတ်ပြီ... သီချင်း ဆိုချင်လိုက်တာ။

"ရွာကို ပြန်မယ်၊

စိန်တွေ ပုလဲတွေ အများကြီး ရှိတယ်။

မင်းမျက်လုံးတွေလို အရောင်တဖျပ်ဖျပ်

မင်းဘာတွေ တွေးနေတာလဲ။ လူအ၊ လူန၊ အဲ... နောက်တပုဒ်။

နွေနေ့လယ်မှာ နေပူတယ်၊

ဒါဂက်စတန် တောင်ကြားဝယ်။

ငါ့ ရင်ဘတ်ထဲမှာ ကျည်ဆန် တတောင့်62"

"ပိုလင်ကာ... မေမေက ကဗျာကို ချစ်တယ်။ သီချင်းကို ချစ်တယ်။ မေမေတို့ သမီးရည်းစား ဘဝမှာ ဖေဖေက အဲဒီကဗျာကို ရွတ်ပြတယ်။ အင်း... အဲဒီတုန်းကတော့... အတူတူ သံပြိုင်ဆိုချင်တယ်ကွယ်... ဒါပေမဲ့ ... ရေ့လျှောက် မရတော့ဘူး။ မေ့ကုန်ပြီ"

“နွေနေ့လယ်မှာ နေပူတယ်

ဒါဂက်စတန်… တောင်ကြားဝယ်။

ငါ့ရင်ဘတ်ထဲက ကျည်ဆန်…"

မျက်ရည်တွေ စီးကျလာပြီး တအား အော်လိုက်သည်။

“ဗိုလ်ချုပ်ကြီးရှင့်… ကျွန်မရဲ့ အဖမဲ့ကလေးတွေကို အကာအကွယ်ပေးပါ။ ကျွန်မ တို့ဟာ သူကောင်းမျိုးတွေပါ။ သွားလေသူ မာမီလာဒေါ့ဗ်လည်း အတူတူပါပဲ။ အား…”

ကော့တက်လာပြီး မျက်နှာတွေကို လိုက်ကြည့်သည်။ ဆွန်ညာ့ကို တွေ့သွားသည်။

“ဆွန်ညာ.. ဆွန်ညာ။ သမီးလည်း ရောက်နေတာကိုး’

သူ့အသံက ကြင်ကြင်နာနာ။

သူ့ကို ဝိုင်းထူပေးလိုက်ကြပြန်သည်။

“အချိန်ကျပြီ။ မြင်းကြီး ဆက်မရုန်းနိုင်တော့ဘူး။ သွားတော့မယ် ကလေးရယ်။

အရမ်းပင်ပန်း…”

ပြောနေရင်း နောက်လန်ကျသွားသည်။

ဆွန်ညာက သူ့ရင်ဘတ်ပေါ်မှောက်ချလိုက်၏။ ပိုလင်ကာက သူ့အမေ ခြေထောက် ပေါ်လှဲချပြီး ခြေအစုံကို နမ်းရင်း တရှုပ်ရှုပ် ငိုနေသည်။ ကိုလ်ယာနှင့် လန်ညာက ဘာမှန်း မသိဘဲ တယောက်ပခုံး တယောက် ဖက်ထားကြသည်။ သူတို့ နှစ်ယောက်စလုံး လမ်းဘေး ကပွဲဝတ်စုံများ ဝတ်ထားဆဲ။ ကောင်လေးက ခေါင်းပေါင်းကြီးနှင့်။ ကောင်မလေးက ငှက်ကုလားအုတ်မွေး စိုက်ထားသည့် ဦးထုပ်စုတ်ကြီးနှင့်။

ဘယ်လိုက ဘယ်လို ရောက်လာသည် မသိ။ ကက်တာရီးနာ၏ စာမေးပွဲ အောင် လက်မှတ်က ခေါင်းအုံးအောက်မှ ထွက်လာသည်ကို ရပ်စ်ကိုလ်နီကော့ဗ် လှမ်းမြင်လိုက်သည်။ သူ ပြတင်းပေါက်ဆီ လျှောက်သွားတော့ လီဘီဇယာနီကော့ဗ် နောက်မှ ကပ်လိုက် လာပြီး ပြောသည်။

“ဇာတ်လမ်း ဆုံးသွားပြီ”

“ရှိဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်၊ ကိုရင်နဲ့ စကား တခွန်း နှစ်ခွန်း ပြောချင်တယ်”

ဆဗီဒရီဂေးလော့ဗ် ကပ်ပြောတော့ လီဘီဇယာနီကော့်က နေရာ ဖယ်ပေးလိုက်သည်။ ဆဗီဒရီဂေးလော့ဗ်က အံ့သြဟန်ဖြင့် ခပ်ကြောင်ကြောင် ဖြစ်နေသော သူ့ကို အခန်း ထောင့်သို့ ဆွဲခေါ်သွားသည်။

“အသုဘကိစ္စအားလုံး ကျုပ် တာဝန်ယူမယ်။ ကျုပ်မှာ ငွေပို အနည်းအကျဉ်း ရှိပါသေးတယ်။ အငယ်လေး နှစ်ယောက်ကို မိဘမဲ့ကျောင်း ကောင်းကောင်းရှာပြီး ထားပေး မယ်။ ပြီးတော့ သူတို့နှစ်ယောက် အရွယ်ရောက်တဲ့အချိန် ရူဘယ် ထောင့်ငါးရာစီ ထုတ်ယူ နိုင်အောင် စီစဉ်ပေးမယ်။ ဆွန်ညာ တာဝန်ယူစရာ မလိုတော့ဘူးပေါ့။ ပြီးတော့ သူ့ကိုလည်း ဒီဘဝထဲက ဆွဲထုတ်ပြီး ပြန်တည့်ပေးမယ်။ မိန်းကလေးက သိပ်တော်တယ် မဟုတ်လား။ ကျုပ် အဲဒီလို စီစဉ်တယ် ဆိုတာကိုတော့ တဆိတ် ဒွန်ညာ့ကို ပြောပြပေးပါ’

“ဘာကြောင့် ခင်ဗျား ဒါလောက် ရက်ရောနေရတာလဲ”

ရပ်စ်ကိုလ်နီကော့ဗ်က မေးလိုက်သည်။

“ကျုပ် ပြောသားပဲ။ ကျုပ်က ငွေမလိုတော့ဘူးလေ။ လူသားချင်း စာနာထောက် ထားစိတ် သက်သက်နဲ့ ကူညီတာပါ။ သူက လောကကိုအကျည်းတန်အောင် လုပ်တဲ့အမျိုးသမီး တော့ မဟုတ်ဘူး မဟုတ်လား။ (သူက ကက်တာရီးနာ၏ အလောင်းကို လက်ညှိုးထိုး ပြောလိုက်ခြင်း ဖြစ်သည်။) အပေါင်ခံတဲ့ မိန်းမကြီး မဟုတ်ပါဘူး။ လူဇင်လို ကောက်ကျစ်စဉ်းလဲတဲ့ အမျိုးအစားထဲကလည်း မဟုတ်ပါဘူး။ ကျုပ် မကူညီရင် ပိုလင်ကာလည်း သူ့အစ်မ လို ဖြစ်သွားမှာပဲ”

သူက လျှို့ဝှက်သော အပြုံးမျိုးဖြင့် ပြောနေခြင်း ဖြစ်သည်။ သူကိုယ်တိုင် ဆွန်ညာ့ ကို ပြောခဲ့သည့် စကားလုံးများကို ပြန်လည် ကြားယောင်ပြီး ရပ်စ်ကိုလ်နီကော့ဗ် တယောက် ပူထူရှိန်းဖိန်းသွားသည်။ အလန့်တကြား နောက်ဆုတ်လိုက်ပြီး သူ့ကို စူးစူးဝါးဝါး ကြည့် လျက် ခပ်တိုးတိုး ပြန်မေးလိုက်သည်။

“ခင်ဗျား... ခင်ဗျား ... အဲဒါတွေ ဘယ်လိုလုပ် သိတာလဲ”

ဆဗီဒရီဂေးလော့ဗ် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

“ကျုပ်က ဒီမှာ နေတာပဲ။ ဟောဒီ နံရံတချပ်ပဲ ခြားတယ်။ ကာပါမာနော့ဗ်နဲ့ မျက်နှာချင်းဆိုင် အခန်းလေ။ အိမ်ပိုင်ရှင်မဒမ်ရဲဆလစ်ချ်ကကျုပ်မိတ်ဆွေဟောင်းကြီးလေ”

“ခင်ဗျား၊ တကယ်..."

“တကယ်ပါ။ ကိုရင် သိပ်စိတ်ဝင်စားသွားပြီ ထင်တယ်။ ပြောထားပြီးသားပဲ။ ကိုရင်နဲ့ ကျုပ် မလှမ်းမကမ်းမှာ ရှိနေမယ်လို့။ ကိုရင် ကျုပ်ကို သဘောကျသွားမှာပါဗျ။ ကျုပ်နဲ့ ပေါင်းလို့ သင်းလို့ မရတဲ့လူ မရှိပါဘူး”

※※※

အပိုင်း (၆)

(၁)

ထူးဆန်းသော ကာလတခုသို့ ရပ်စ်ကိုလ်နီကော့ဗ် ရောက်လာသည်။ သူ့ကို မြူမှောင်ထုကြီး လွှမ်းခြုံထားလိုက်သည့် အလား။ ဘာမှ လုပ်လို့မရ၊ မျှော်လင့်စရာ ဘာမှ မရှိ။ ပီတိ အထီးကျန် ဘဝ။ သည်အချိန်ပိုင်းကို နောင်အခါ ပြန်စဉ်းစားကြည့်သည်။ ထိုစဉ်က မိမိ၏ အသိဉာဏ်တွေ ထုံထိုင်းနေခြင်း ဖြစ်နိုင်သည်။ တောက်လျှောက် ဖြစ်နေခြင်းမျိုး မဟုတ်။ နောက်ဆုံး အဖြစ် ဆိုးကြီး ဆီသို့ မရောက်ခင် သူ့စိတ်အလျဉ်သည် ကြည်လင်လာလိုက်၊ ဝေဝါးသွားလိုက်နှင့်။ ထိုစဉ်က ဖြစ်ခဲ့သည်တို့ကို ကောင်းကောင်း မှတ်မိသည်။ ဥပမာ- ဖြစ်ပျက်ခဲ့သည့် အချိန်တွေ၊ ကာလ အပိုင်းအခြားတွေကို သိနေသည်။ နောက်မှ ပြန်လည်မှတ်မိလာခြင်း ဖြစ်သည့်တိုင် ပေါ့။ ကိုယ့်အကြောင်း ကိုယ် ပြန်နားလည်လာခြင်းမျိုး။ အခြားသူများထံမှ ရရှိသည့် အချက်အလက်များနှင့် ပြန်လည်ဆက်ယူရခြင်း ဖြစ်သည်။ သို့သော် အဖြစ်အပျက် တခု နှင့်တခု ရောထွေးနေသည်။ စိတ်ထဲတွင် ရှုပ်ထွေးနေသည်။ ဥပမာ– အချို့သော အကြောင်း အရာတို့မှာ တကယ်ဖြစ်ခဲ့ခြင်း မဟုတ်။ စိတ်အထင်မျှသာ ဖြစ်သည်။ ဒါကို သူက တကယ့် အဖြစ်အပျက်နှင့် ရောထွေးနေသည်။

ရံခါတွင် စိတ်ခံစားမှုတွေ ကျကာ အစိုးရိမ်ကြီးနေတတ်သည်။ ထိုမှတဆင့် ကြောက်ရွံ့ ထိတ်လန့်ကာ ဆောက်တည်ရာမရ ဖြစ်နေတတ်ပြန်သည်။ ဘာမှ ခံစားမှု မရှိသလို နကမ္ဘတိ၊ တုံဏှိဘာဝေ တုံပေပေ ဖြစ်နေသည့် အချိန်များကိုလည်း သတိရနေ၏။ တခါတလေ သေအံ့မူးမူး လူတယောက်လို အတွေးတွေ ဟိုရောက် သည်ရောက်။ ရံခါတွင် ဘာခံစား မှုမျှ မရှိ၊ နောက်ဆုံး ရက်များတွင် သူ့အသိတွေ ကြည်လင်လာကာ ဟိုအဝေးတနေရာ၊ ပြဿနာတွေနှင့် ဝေးရာ တနေရာ၊ နှိပ်စက်နေသော စိတ်မသက်သာဖွယ်များနှင့် ပို၍ပို၍ ဝေးသော နေရာဆီသို့ လွင့်မြော သွားလိုက်ချင်သည်။

သူ့ကို စိတ်ဒုက္ခအပေးဆုံး ပုဂ္ဂိုလ်မှာ ဆဗီဒရီဂေးလော့ဗ် ဖြစ်နေသည်။ သူ ပြော သော စကား၊ သူ ဟောသော တရားများသည် အိပ်မပျော်နိုင်လောက်အောင် ဖြစ်လာသည်။ ကက်တာရီးနာ ဆုံးပြီးစ၊ ဆွန်ညာ့အခန်းထဲတွင် သူ ပြောသည့် စကားများသည် သူ့အတွက် ကြက်သီးမွေးညင်း ထဖွယ်အတိ ဖြစ်သည်။ သူ့အတွေးကမ္ဘာကို ချာချာလည်အောင် မွှေယမ်း ပစ်လိုက်ခြင်းပင်။ သို့သော်သူ့ကို နှိပ်စက်နေသည့် ဝေဒနာဇာစ်မြစ်ကို ရပ်စ်ကိုလ်နီကော့ဗ်က သွေးအေးအေးနှင့်

စဉ်းစားဖို့ ဆုံးဖြတ်ထားသည်။

ဤသို့ဖြင့် မြို့စွန်မြို့ဖျား ရပ်ကွက်များသို့ သူ ရောက်သွားတတ်သည်။ မည်သို့ မည်ပုံ ရောက်သွားမှန်း သူ မသိ။ စုတ်စုတ်ပြတ်ပြတ် အရက်ဆိုင်များ၏ ထောင့်ကျကျ စားပွဲ တွင် တယောက်တည်းထိုင်ပြီး စဉ်းစားနေတတ်သည်။ တောင်ရောက်၊ မြောက်ရောက် စဉ်းစားနေရင်း နောက်ဆုံး ဆဗီဒရီဂေးလော့ဗ်ဆီသို့ ရောက်သွားသည်သာ။ သူနှင့် စာရင်း ရှင်းရမည်။ အစီအစဉ်တွေ လုပ်ရမည်။ တနေ့ မြို့ပြင် ရောက်နေစဉ် သူနှင့်တွေ့ဖို့ ချိန်းထား သည်ဟု စိတ်ထဲ ထင်လာ၏။ တနေ့တွင် သူ အိပ်ရာမှ အစောကြီး နိုးလာသည်။ သူ အိပ်နေ သည့် နေရာက ချုံပုတ်တခုထဲတွင် ဖြစ်သည်။ ဘယ်လို ဘယ်လို သည်နေရာ ရောက်သွား မှန်း မသိ။ ကက်တာရီးနာ ဆုံးပြီး နှစ်ရက်၊ သုံးရက်အတွင်း သူနှင့် နှစ်ခါ တွေ့ပြီးပြီ။ ဆွန်ညာ့ အခန်းတွင် ဆုံကြခြင်း ဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ ရောက်ရောက်သွားခြင်း ဖြစ်သည်။ ရောက်လျှင် ကြာကြာမနေ။ တမိနစ်၊ နှစ်မိနစ် နေပြီး ပြန်ထွက်လာသည်ချည်း။ အရေးကြီး သည့် ကိစ္စလောက်သာ ပြောပြီး အခိုက်အတန့်တွင် တိတ်တိတ်နေဖို့ နှစ်ယောက်သား သဘောတူထားသည့် အလား။ ကက်တာရီးနာ၏ရုပ်အလောင်းမှာ ‘ခေါင်း’ ထဲတွင် ရှိနေဆဲ ဖြစ်သည်။ ဆဗီဒရီဂေးလော့ဗ် တယောက် အသုဘကိစ္စနှင့် အလုပ်ရှုပ်နေသည်။ ဆွန်ညာ လည်း အလားတူပင်။ ကလေးတွေအတွက် မိဘမဲ့ကျောင်းကိစ္စ အဆင်ပြေသွားပြီ ဖြစ်ကြောင်း ဆဗီဒရီဂေးလော့ဗ်က ရှင်းပြသည်။ အဆက်အသွယ် ကောင်းကောင်း တွေ့သဖြင့် သည်မျှ မြန်မြန် ပြီးသွားခြင်းဖြစ်ကြောင်း၊ သူတို့အတွက် ငွေလွှဲပေးလိုက်ခြင်းမှာလည်း မိဘမဲ့ကျောင်း နေရာရရေးတွင် များစွာ အထောက်အကူ ဖြစ်သွားကြောင်း၊ ဆင်းရဲသူကလေးများအတွက် သည်လိုရဖို့ မလွယ်ကြောင်းများ ရှင်းပြသည်။

တချိန်တည်းတွင် မကြာခင် သူ့အခန်းသို့ဆွန်ညာ လာမည့်အကြောင်း၊ အရေးတကြီး ပြောစရာတွေ ရှိသည် ဆိုကြောင်းလည်း သူ သတင်းပါးသည်။

သူတို့နှစ်ယောက် ပြောနေသည်မှာ လှေကားထိပ်မှ ဝရန်တာတွင် ဖြစ်သည်။ ဆဗီဒရီ ဂေးလော့ဗ်က သူ့ကို အလေးအနက် ကြည့်ပြီး မေးသည်။

“ကိုရင် နေကောင်းရဲ့လား။ ကြည့်ရတာ တမျိုးပဲ။ ကိုရင် နားထောင်တယ်၊ ဟိုကြည့် သည်ကြည့် လုပ်တယ်။ ဒါပေမဲ့ ဘာမှ မကြားသလို၊ ဘာမှ နားမလည်သလိုပဲ။ ပျော်ပျော် နေစမ်းပါ။ ကိုရင်နဲ့ ပြောစရာတွေ တပုံကြီး ရှိသေးတယ်။ ခုလောလောဆယ် အလုပ်တွေ ရှုပ်နေသေးလို့။ တခြား လူမှုရေးကိစ္စတွေရော၊ ကိုယ်ရေးကိုယ်တာတွေရောပဲ။ ဒီမယ် ရိုဒီယွန်၊ ကျုပ်တို့အတွက် အလိုအပ်ဆုံးက လေပဲ။ လေဝဝ ရှူဖို့ပဲ”

သူက လှေကားမှ တက်လာသည့် ခင်ကြီးနှင့် သူ့လက်ထောက်ကို လမ်းဖယ်ပေး လိုက်သည်။ ဆုတောင်းဖို့ ရောက်လာကြခြင်း ဖြစ်သည်။ ဆဗီဒရီဂေးလော့ဗ်၏ အစီအမံ အရ တနေ့ နှစ်ကြိမ် ရွတ်ဖတ် သရဇ္ဈာယ် ပေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ရပ်ပြီး စဉ်းစား နေသည်။ ပြီးမှ သူတို့နောက်က လိုက်သွားသည်။

သို့သော် အခန်းထဲ မဝင်ဘဲ တံခါးဝတွင် ရပ်နေသည်။ ဆုတောင်းခန်းမှာ ငြိမ်သက် နေသည်။ အခန်းထဲတွင် ကြေကွဲဖွယ် ကောင်းလှသည်။ ငယ်ငယ်ကတည်းက သည်လိုပွဲမျိုး ကို သူ ကြောက်ရွံ့ခဲ့သည်။ လေးလံရှုပ်ထွေးသည့် ကိစ္စဟု နားလည်ခဲ့သည်။ သို့သော် သေခြင်း တရား တည်းဟူသော အသုဘ အခမ်းအနားနှင့် ဝေးခဲ့သည်မှာ ကြာခဲ့လေပြီ။

ကလေးတွေကို လှမ်းကြည့်လိုက်သည်။ အမေ့ 'ခေါင်း' နံဘေးတွင် ဒူးထောက် ထိုင်နေကြသည်။ ပိုလင်ကာက ရှိုက်၍ ရှိုက်၍ ငိုလျက်။ သူတို့နောက်မှ ဆွန်ညာက ဘုရားသခင် ထံ ဆုတောင်းရင်း ရှိုက်နေသည်။

သူ့ကို ငေးကြည့်နေရင်း ရပ်စ်ကိုလ်နီကော့ဗ် တွေးနေသည်။ အင်း... ခုတလော သူ ငါ့ကို တချက်မှတောင် မကြည့်ဘူး။ စကားလည်း တခွန်းမှ မပြောဘူး။ အခန်းထဲတွင် နေရောင်ဖြင့် လင်းနေသည်။ အမွှေးတိုင်မှ ထွက်သည့် မီးခိုးများက လိပ်တက်လာနေသည်။

ခင်ကြီးက ဆက်ရွတ်နေသည်။

"အို အရှင်... သွားလေသူရဲ့ ဝိညာဉ်ကို အနားယူခွင့် ပေးပါလော့..."

ဆုတောင်းပွဲ တချိန်လုံး ရပ်စ်ကိုလ်နီကော့ဗ် ရပ်စောင့်နေသည်။ ဆုတောင်းပြီး သည်နှင့် ခင်ကြီး ပြန်ကြွသွားသည်။ ပတ်ဝန်းကျင်ကို အထူးအဆန်းသဖွယ် ကြည့်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဆွန်ညာ့ဆီ လျှောက်သွားသည်။ ဆွန်ညာက ချက်ချင်း ထကြိုပြီး သူ့လက်နှစ်ဖက်ကို ဆုပ်လျက် ဦးခေါင်းကို သူ့ရင်ခွင်ထဲ မြှုပ်ထားလိုက်သည်။

သည်အဖြစ်ကြောင့်ရပ်စ်ကိုလ်နီကော့ဗ်ကြောင်သွားသည်။ နားမလည်နိုင်အောင် ဖြစ်သွားသည်။ ရင်မခုန်၊ မဆွတ်ပျံ့ဘဲ စိတ်ထဲ ထူးဆန်းသလိုလိုကြီး ဖြစ်နေသည်။ ပြီးတော့ အလိုမကျ ဖြစ်လာသည်။ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသလို စိတ်ထဲ ထင်လာသည်။ ဆွန်ညာက ဘာတခွန်းမှ မပြော။ သူကလေး၏ လက်နှစ်ဖက်ကို အသာဆုပ်ပြီး အပြင် ထွက်လာခဲ့တော့သည်။ စိတ်ထဲ လေးလေးလံလံကြီး ဖြစ်နေသည်။ နောက်ကျူ ရှုပ်ထွေးနေသည်။

ဖြစ်နိုင်လျှင် တယောက်တည်း နေလို့ရသည့်နေရာသို့ အော်ပြေးသွားလိုက်ချင်သည်။ ထိုနေရာတွင် တသက်လုံး နေခွင့်ရလျှင် ကံကောင်းလေစွဟု သူ ထင်လိမ့်မည်။ သူသည်နောက်ပိုင်းရက်များတွင် တယောက်တည်း နေသည်က များသော်လည်း အထီးကျန် ဝေဒနာ ကို မခံစားရ။

တခါတလေ မြို့ပြင်သို့ ထွက်လာတတ်သည်။ တခါတွင် သစ်တောအုပ် ညို့ညို့ ကလေးဆီသို့တိုင် ရောက်လာခဲ့သည်။ လူမနီး သူမနီးနေရာသို့ ရောက်လာသည့်အခါ နေမထိ ထိုင်မသာ ဖြစ်လာပြန်သည်။ ကြောက်ရွံ့နေခြင်းမျိုး မဟုတ်။ စိတ်အနှောင့်အယှက် ဖြစ်လာခြင်း ဖြစ်၏။ ထို့ကြောင့် မြို့ထဲသို့ သုတ်ခြေတင် ပြန်လာခဲ့ပြီး လူတွေနှင့် ရောနေ လိုက်သည်။ စားသောက်ဆိုင်တွေ၊ အရက်ဆိုင်တွေဆီ ထပ်တလဲလဲ ဝင်ပြန်သည်။ လူစည်ကား သည့်လမ်းမကြီးများပေါ်တွင် လျှောက်သွားနေလိုက်ပြန်သည်။ ထိုအခါတွင်မှ ပို၍ ခြောက်သွေ့ သော အထီးကျန်ဝေဒနာကို အပြင်းအထန် ခံစားရလေတော့သည်။

တညနေတွင်တော့ အရက်ဆိုင် တဆိုင်ထဲ ထိုင်၍ သီချင်းနားထောင်နေမိသည်။ အပျော်ကြီး ပျော်နေသည်ကို သတိရနေ၏။ သို့သော် သိပ်မကြာလိုက်ပါ။ နေမထိ ထိုင်မသာ ဝေဒနာက သူ့ကို လွှမ်းခြုံလာပြန်သည်။ သူ့ အသိဉာဏ်က သူ့ကို ပြန်၍ နှိပ်စက်ကလူ ပြုနေ သည့်အလား။ ငါ့ဘာသာငါ သီချင်းနားထောင်နေတာ ဟုတ်နေသားပဲ။ ဒါ လိုအပ်တဲ့ ကိစ္စပဲဟု သူ တွေးနေသည်။ သို့သော် သည်လိုဖြစ်ရခြင်းမှာ သည်ကိစ္စ တခုတည်းကြောင့် မဟုတ် တန်ရာဟု သူ စဉ်းစားမိခြင်း ဖြစ်သည်။ တခုခု ဆုံးဖြတ်ဖို့ လိုလာပြီ။ အဆောတလျင် ဆုံးဖြတ် ရတော့မည်။ သို့တိုင် ဘာကို ဆုံးဖြတ်ရမှန်း ရှင်းရှင်းလင်းလင်း သူ မသိ။ ရှင်းလင်း မပြတတ်။ အလွန့်အလွန် စိတ်ပျက်စရာ ကောင်းသည့် ဝိရောဓိ။ ဤတွင် အတွေးတမျိုး ဝင်လာပြန်သည်။ မဖြစ်ဘူး၊ ဘဝဆိုတာ တိုက်ပွဲပဲ။ တိုက်ပွဲ ပြန်ဝင်ရမယ်။ ပေါ်ဖီရီနဲ့ ဖြစ်ဖြစ်၊ ဆဗီဒရီ ဂေးလော့ဗ်နဲ့ ဖြစ်ဖြစ်ပေါ့။ တပွဲပွဲတော့ နွှဲရမည်။ စိန်ခေါ်ရမည်။ အရက်ဆိုင်ထဲက ထွက်လာ ပြီး မပြေးရုံတမည် လျှောက်ပြန်လာခဲ့သည်။ အမေနှင့် ညီမအကြောင်း တွေးမိတော့ ဘာကြောင့်မှန်း မသိဘဲ သူ ကြောက်လာသည်။ ထိုညတွင် ချုံပုတ်ထဲ ရောက်သွားခြင်း ဖြစ်သည်။ ခရက်တော့စကီကျွန်းပေါ်က ချုံနွယ်ပိတ်ပေါင်းတွေထဲတွင် မနက်အစောကြီး နိုးလာသည်။ အဖျားခိုက်ခိုက်တုန် တက်နေပြီ။ မနက် အစောကြီး အိမ်ပြန်လာခဲ့၏။ ညနေ နှစ်နာရီ ထိုးမှ နိုးလာသည်။ နိုးလာတော့ အဖျားကျနေပြီ။

ခုမှ သတိရသည်။ အသုဘချမည့် နေ့ပါလား။ မပို့ဖြစ်သည့်အတွက် ဝမ်းသာနေသည်။ နာတာရှာက စားစရာ၊ သောက်စရာတွေ ယူလာပေးသည်။ သူ အားရပါးရ လွေးသည်။ သူ့ခေါင်းတွေ ကြည်လင်နေသည်။ စိတ်လည်း ငြိမ်နေ၏။ သုံးလေးရက်အတွင်း နေလို့ အကောင်းဆုံးနေ့။ ကြောက်ရွံ့ခြင်းများ

ကင်းဝေးနေလေသည်။ ထိုစဉ် တံခါးပွင့်လာပြီး ရာဇူမိခင် ဝင်လာသည်။

"အလို… စားလို့ သောက်လို့ပါလား။ နေကောင်းနေပြီပေါ့ ဟုတ်လား"

ရာဇူမိခင်က ကုလားထိုင်တလုံး ဆွဲပြီး မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူ့ ကြည့်ရတာ စိတ်ညစ်လာပုံ။ သို့သော် သူက သူတို့ထုံးစံအတိုင်း ခံစားမှုကို ဖုံးကွယ်မထား။

ဒေါနှင့် မောနှင့် သူ ပြောနေသည်။ သို့သော် အလောတကြီး မဟုတ်။ ခပ်တိုးတိုး ပြောနေခြင်း ဖြစ်သည်။ တခုခုကို အလေးအနက် ဦးတည်နေပုံ။ သူက အခိုင်အမာ လေသံဖြင့်-

"ဒီမယ် သူငယ်ချင်း၊ ငါ့အထင် ပြောရရင်တော့ မင်း အပမှီသွားတာ၊ မကောင်း ဆိုးဝါးက မင်းကို စီးထားတာ။ ခုတော့ ငါ့စိတ်ထဲမှာ အားလုံး ရှင်းသွားပြီ။ ဘယ်လို ရှင်းသွား တာလဲ ဆိုတော့ ဘာမှကို နားမလည်တာ။ မင်းကို တောင်မေး၊ မြောက်မေးလုပ်ဖို့ ငါ လာခဲ့ တာ မဟုတ်ဘူးနော်။ အဲဒါမျိုးတွေ ငါ မုန်းတယ်။ ငါ့ကို လာပြီး စပ်စုရင်လည်း ငါ မကြိုက် ဘူး။ မင်းက မင်းရဲ့ လျှို့ဝှက်ချက်တွေ ပြောပြရင်တောင် ငါ နားမထောင်ချင်ဘူး။ မင်း အတင်းပြောရင် ငါ ထွက်သွားမှာ။ ငါ သိချင်တာ တခုပဲ ရှိတယ်။ ဒါ နောက်ဆုံးပါပဲ။ ပထမဆုံး အချက်က မင်း တကယ် ရူးသွားတယ်ဆိုတာ ဟုတ်သလား။ ယုံကြည်လောက်တဲ့ အထောက် အထားတွေအရ မင်း ရူးသွားတယ်၊ သွင်သွင်ရူးသွားတာ မဟုတ်တောင်မှ မင်း တပိုင်းတစ တော့ ရူးသွားတယ်။ ငါကိုယ်တိုင် အဲဒီ အတိုင်း ထင်ခဲ့တဲ့ အကြောင်း ဝန်ခံပါတယ် သူငယ်ချင်း။ မင်းရဲ့ အသုံးမကျတဲ့ ကြောင်တောင်တောင် အပြုအမူတွေကြောင့် အဲဒီလို ထင်ခဲ့တာ။ နောက်တခုက မင်းအမေနဲ့ မင်းညီမလေးအပေါ် မင်း ပြုမူဆက်ဆံပုံတွေပဲ။ မင်းလုပ်ပုံတွေက ရူးနေတာ မဟုတ်ရင် နှလုံးသား မရှိတဲ့ လူပေါ့ လူသွမ်းတွေသာ လုပ်နိုင်တဲ့ အလုပ်မျိုးပဲ။ မင်းဟာ လူရမ်းကားတယောက် မဟုတ်ဘူး။ ဒီတော့ မင်း ရူးနေလို့သာ ဖြစ်ရမှာပေါ့"

"မင်း သူတို့နဲ့ ဘယ်တုန်းက တွေ့ခဲ့သလဲ"

"ခုပဲ။ ဟိုနေ့နောက်ပိုင်း မင်း လုံးလုံး သွားမတွေ့ခဲ့ဘူးပေါ့ ဟုတ်လား။ မင်း ဘယ်တွေ လျှောက်လိမ့်နေလဲ။ ငါလာတာ သုံးခေါက် ရှိပြီ။ မင်းအမေ တော်တော် နေမကောင်း ဖြစ်နေတယ်။ မနေ့က စ ဖျားတာ။ သူက မင်းဆီကို အရမ်း လာချင်နေတာ။ ဒွန်ညာ တားထားလို့။ ဒါပေမဲ့ ပြောလို့မရဘူး။ "သူ နေမကောင်းဖြစ်လာရင်၊ ရူးသွားရင် သူ့အမေထက် ဘယ်သူက ပိုပြုစုနိုင်မှာလဲ' တဲ့။ သူ တယောက်တည်း မလွှတ်ချင်တာနဲ့ တို့ သုံးယောက်စလုံး လာတယ်။ တလမ်းလုံး စိတ်အေးအေးထားဖို့ ချော့မော့ ပြောလာရတယ်။ တို့ အခန်းထဲ ဝင်ကြည့် တော့ မင်း မရှိဘူး။ အဲဒီနေရာမှာပဲ သူ ထိုင်သွားတယ်။ ဆယ်မိနစ်လောက် ဘာမှ မပြောဘဲ

ငြိမ်ပြီး ထိုင်နေတယ်။ တို့နှစ်ယောက်က မထိုင်ဘဲ ရပ်စောင့်ပေးနေတယ်။ ပြီးမှ ထရပ်ပြီး ပြောတယ်။ 'အမေတို့ဆီ ဂရုမစိုက်လို့ မလာတာပေါ့။ သူ့ဆီ အောက်ကျ နောက်ကျ ခံပြီး လာရတာ တွေးကြည့်ရင် ရှက်စရာပဲ' တဲ့။

"အိမ်ပြန်ရောက်တော့ အဖျားဝင်လာတယ်။ ပြီးတော့ ပြောသေးတယ်။ 'အင်း... ဟိုကောင်မလေးဆီတော့ သွားဖို့ အချိန်ရတယ်ပေါ့' ။ ဆွန်ညာ့ကို ဆိုလိုတာ ထင်တယ်။ ဆွန်ညာ့ကို မင်း ကောင်မလေးလို့ ထင်နေပုံရတယ်။ ငါလည်း ဒီကိစ္စ ဘာမှ မသိတာနဲ့ ဆွန်ညာ့ အခန်းကို ငါ လိုက်သွားတယ်။ ငါ အမှန်ကို သိချင်တယ်လေ။ ဟိုရောက်တော့ မင်းကို မတွေ့ဘူး။ 'ခေါင်း' နံဘေးမှာ ကလေးတွေ ထိုင်ငိုနေတာပဲ တွေ့ခဲ့တယ်။ ဆွန်ညာက ကလေး တွေကို အဝတ် လဲပေးနေတယ်။ အခန်းထဲကို လှမ်းကြည့်၊ ဆွန်ညာ့ကို တောင်းပန်ပြီး ပြန်လှည့်ထွက်လာခဲ့တယ်။ အဲဒီအကြောင်း ဒွန်ညာ့ကို ပြန်ပြောပြလိုက်တယ်။ ကဲ... ဒီတော့ အားလုံး အဓိပ္ပာယ်မရှိ ဖြစ်ကုန်ပြီပေါ့။ မင်းမှာ "ဟိုကောင်မလေး' ဆိုတာလည်း မရှိဘူး။ ဘာတွေလဲကွာ။ ခုတော့ ဝတ်ပြတ်နေတဲ့ လူတယောက်လို အမဲသား ပြုတ်ကြော်တွေ ထိုင်စားနေတယ်။ မင်း စကားတခွန်းမှ မပြောပေမယ့် မင်းကို ငါ ရူးတယ်လို့ မထင်ဘူး။ ငါ ကျိန်ပြောရဲတယ်။ မင်း မရူးဘူး။ မကောင်းဆိုးဝါးက ခေါ်သွားတယ်ပြောပြော၊ ဘာပြော ပြော မင်း မရူးဘူး။ အဲ... မင်းမှာ မြှုပ်ကွက် တခုခု၊ လျှို့ဝှက်ချက် တခုခုတော့ ရှိနေတယ်။ အဲဒါကို ငါ တူးဖော်ဖို့ မလိုဘူး။ အဲဒီအကြောင်း ကျိန်ပြောဖို့ ငါ လာခဲ့တာ။ ငါ့ ခံစားမှုတွေကို ထွက်ပေါက်ပေးဖို့ ဘာလုပ်ရမယ်ဆိုတာ ငါ သိပြီ"

ပြောပြောဆိုဆို သူ ထရပ်သည်။

"မင်း ဘာလုပ်မှာလဲ"

"ငါ ဘာလုပ်လုပ်၊ မင်း ဂရုစိုက်စရာလား"

"ဒီမှာ ကြည့်။ ငါ သိတယ်။ မင်း အရက်ဆိုင်သွား ပြီး အမူးသောက်မှာ မဟုတ်လား"

"နေ... နေပါဦး၊ မင်း ဘယ်လိုလုပ်သိတာလဲ"

"ဒီလိုပဲ သိတာပေါ့။ မင်းမှာ လုပ်စရာ ဒါပဲရှိတာ မဟုတ်လား"

ရာဇူမီခင် ခဏ ငြိမ်သွားသည်။ ပြီးမှ-

"မင်းဟာ ယုတ္တိဗေဒသမားပါ ရိုဒီယွန်။ မင်း ဘယ်တုန်းကမှ မရူးဘူး။ ဘယ်တော့မှ မရူးဘူး။ ကဲ... သွားမယ်"

"တနေ့က မင်းအကြောင်း တို့မောင်နှမ ပြောဖြစ်ကြသေးတယ်"

"ဘာ... ငါ့အကြောင်း ဟုတ်လား။ သူ့ကို မင်း ဘယ်မှာ တွေ့တာလဲ"

ရာဇူမီခင် တုံ့သွားသည်။ မျက်နှာ မသိမသာ ပျက်သွား၏။ သူ ရင်ခုန်နေမှန်း သိသာ နေသည်။

"သူ ဒီကို တယောက်တည်း ရောက်လာတယ်။ ခဏထိုင်ပြီး ငါနဲ့ စကား ပြော သွားတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"ငါ့အကြောင်း သူ ဘာပြောသေးလဲ"

"ငါက သူ့ကို ပြောလိုက်တယ်။ မင်းဟာ လူဖြောင့် လူတည်တယောက် ဖြစ်တဲ့ အကြောင်း၊ အလုပ်ကြိုးစားတဲ့ အကြောင်း၊ ဘာညာ ဘာညာပေါ့။ ပြီးတော့ ငါ ပြောလိုက်တယ်။ နင့်ကို သူ ချစ်နေတယ်လို့။ မထူးတော့ဘူးလေ။ သူ လည်း သိနေတာပဲဟာ"

"ဘာ... သူ သိနေတယ်၊ ဟုတ်လား"

"ရှင်းနေတာပဲကွာ။ ငါ တခုခုဖြစ်ရင် မင်းပဲ သူတို့ကို ကြည့်ရမှာလေ။ မင်း ကယ်တင်ရင် လုပ်ရမှာ။ ငါ ဘာပြုလို့ ခုလို ပြောရသလဲဆိုရင် မင်း ငါ့ညီမကို ဘယ်လောက်ချစ်နေတယ် ဆိုတာ ငါ သိလို့ပဲ။ သူ့ဘက်ကလည်း တုံ့ပြန်လိမ့်မယ်လို့ ငါ ယုံတယ်။ တုံ့ပြန် ပြီး ကောင်းလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ။ ကဲ... မင်းဘာသာမင်း ဆုံးဖြတ်ပေါ့ကွာ။ အကောင်း ဆုံး ဖြစ်အောင် လုပ်ပေါ့။ မင်းဘာသာမင်း သွားမူးချင်လည်း မူး။ မမူးချင်လည်း နေ"

"ဟေ့... ရှော့ဒ်ယာ၊ နေဦး။ ဟာ... သေတော့မှာပဲ။ မင်း ဘာဆက်လုပ်မှာလဲ၊ ဘယ်သွားမှာလဲ။ မင်း အဲဒီကိစ္စကို လျှို့ဝှက်ထားမယ် ဆိုရင်တော့ ငါ သိအောင် လုပ်မှာနော်။ အဓိပ္ပာယ် မရှိတဲ့ အလုပ်တွေ မလုပ်ပါနဲ့ကွာ။ မင်းဟာ လူတော်တယောက်ပါ။ ငါတို့ထဲမှာ မင်းဟာ အတော်ဆုံးပါ"

"ခုတင်က ငါ့ လျှို့ဝှက်ချက်တွေကို မင်း မတူးဖော်ပါဘူးလို့ ပြောတုန်းက ငါ တခုခု ကို ပြောတော့မလို့ပဲ။ ထားပါတော့ကွာ။ ဒီကိစ္စ မပူပါနဲ့၊ အချိန်တန်ရင် မင်း သိရမှာပါ။ မနေ့က လူတယောက်က ငါ့ကို ပြောတယ်။ အရေးကြီးဆုံးက 'လေ' ပဲတဲ့။ အလိုအပ်ဆုံးက လေပဲတဲ့။ ဘာအဓိပ္ပာယ်လဲ။ ခုပဲ သူ့ဆီ သွားမေးမှ ထင်တယ်။ သူ ဘာ ဆိုလိုတာလဲ"

ရာဇူမီခင် တွေသွားသည်။ အတွေးနက်နေပုံ။

"သူက နိုင်ငံရေးလုပ်ကြံမှု တခုမှာ ပါနေတာ သေချာတယ်။ တခုခုကို ရှေ့တလှမ်း တိုးဖို့ သူ ကြံနေတယ်။ အဲဒါလည်း သေချာတယ်။ တခြား ဘာမှ မဖြစ်နိုင်ဘူး။ ဒွန်ညာလည်း သိတယ်"

တခုခုကို သတိရလိုက်သလို ဖြစ်သွားပြီး-

"အင်း... ဒွန်ညာ မင်းဆီ လာသွားတယ်၊ ဟုတ်လား။ မင်းက "လေ" အများကြီး လိုတယ်လို့ ပြောတဲ့လူဆီ သွားတွေ့မယ်ပေါ့၊ ဟုတ်လား။ အင်း... ဒါကြောင့်ကိုး။ အဲဒီသဘော မျိုး ရေးထားတဲ့ စာတစောင် ရှိတယ်"

"စာ... ဟုတ်လား၊ ဘာစာလဲ"

"ဒီနေ့ပဲ အဲဒီစာ ဒွန်ညာ့ဆီ ရောက်လာတယ်။ စာဖတ်ပြီး သူ မျက်နှာပျက်သွားတယ်။ ကြွေ မဆောင်နိုင်လောက်အောင် ဖြစ်သွားတယ်။ ငါက မင်းအကြောင်း ပြောတော့ ငါ့ကို ဘာမှ မပြောဖို့ ငြိမ်ငြိမ်နေဖို့ ပြောတယ်။ ပြီးတော့ ငါ့ကို ကျေးဇူးတင်ကြောင်း၊ မကြာမီ ခွဲကြရတော့မယ့် အကြောင်း လှိုက်လှိုက်လှဲလှဲ ပြောတယ်။ ခဏနေတော့ အခန်းထဲ ဝင်သွား ပြီး ချက်ထိုးထားလိုက်တော့တာပဲ"

"သူ့ဆီ စာတစောင် ရောက်လာတယ် တဲ့"

ရပ်စ်ကိုလ်နီကော့ဗ် လိုက်ရွတ်နေသည်။

"ဟုတ်တယ်၊ မင်း အဲဒီစာအကြောင်း မသိသေးဘူးလား"

နှစ်ယောက်သား ခဏငြိမ်သွားသည်။ ပြီးမှ ရာဇူမီခင် နှုတ်ဆက်သည်။

"သွားမယ် သူငယ်ချင်း၊ အချိန်တွေ ရှိပါသေးတယ်ကွာ။ ငါ သွားမှ ဖြစ်မယ်။ အချိန် တွေ အများကြီးပါ။ ငါ မသောက်တော့ပါဘူးကွာ။ မလိုတော့ဘူးလေ။ ထားပါကွာ၊ အားလုံး မေ့ပစ်လိုက်ပါ'

တံခါးပိတ်ပြီး သုတ်ခြေတင် ထွက်သွားပြီးမှ တံခါး ပြန်ပွင့်လာသည်။

"ဒါထက် မင်း ဟိုလူသတ်မှု မှတ်မိလား။ ပေါ်ဖီရီ ကိုင်တဲ့ အဘွားကြီး ညီအစ်မ သတ်တဲ့ အမှုလေ။

တရားခံ မိသွားပြီတဲ့ကွ။

သက်သေခံပစ္စည်းတွေနဲ့အတူ ဖြောင့်ချက်ပေး လိုက်ပြီတဲ့။

ဟိုဆေးသမားနှစ်ယောက်ထဲက တယောက်တဲ့ကွ။ ငါက သူ့ကို လုံးဝ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာ။ သူတို့နှစ်ယောက် တယောက်နဲ့တယောက် ဆွဲလွဲ ရန်ဖြစ်လိုက်၊ ရယ်လိုက်ကြနဲ့ လှေကား ပြေးဆင်းလာတော့ ဂိတ်စောင့်နဲ့ လူနှစ်ယောက်က မြင်လိုက်တယ် မဟုတ်လား။ အဲဒါ တမင်လုပ်တာတဲ့ဗျား။ သူ့ကို သံသယမဖြစ်အောင် လူတွေကို အရူး လုပ်သွားတာ။ ကြည့်စမ်း၊ ဘယ်လောက်တော်တဲ့ ကောင်လေးလဲ။ သူငယ်ချင်းကို စလိုက် နောက်လိုက်နဲ့ မခံချင်အောင် လုပ်ပြီး ရယ်ကြ မောကြ၊ ဆွဲကြ လွဲကြလိုက်တာတဲ့ ဗျား။ တော်တော့ကို ယုံဖို့ခက်တဲ့ ကိစ္စပဲ။ ဒါပေမဲ့ သူကိုယ်တိုင် သူ့လုပ်ကွက်တွေကို ရှင်းပြတယ်၊ ဝန်ခံတယ်တဲ့။ ငါ လုံးဝ မထင်ဘူး။ အဲဒီကောင်လေး တော်သလောက် ငါ ညံ့တာကွ။ ရှေ့နေတွေ၊ ရဲတွေကိုတောင် အရူးလုပ်နိုင်တဲ့ ချာတိတ်ကွ။ ဆန်းတော့ မဆန်းပါဘူး။ ဒီလို ကောင်မျိုးတွေက သူများတွေ မတွေးတဲ့ ရှုထောင့်ကို ကတ်သီးကတ်သတ် ရှာတတ်ကြ တာကိုး။ ဒါကြောင့် သူတို့ကို ငါ လုံးဝ မထင်ခဲ့တာပေါ့”

“နေပါဦး၊ မင်း အဲဒါတွေ ဘယ်က ကြားတာတုံး။ ပြီးတော့ မင်း ဘာလို့ ဒီအမှုကို ဒါလောက် စိတ်ဝင်စားနေတာလဲ”

“ပေါ်ဖီရီ ဆီက ကြားတာ။ စိတ်ဝင်စားတာကတော့ ဒီအမှုကို လူတိုင်း စိတ်ဝင် စားနေတာပဲ”

“ပေါ်ဖီရီဆီက ကြားတာ၊ ဟုတ်လား”

“ဟုတ်တယ်၊ သူကိုယ်တိုင် ပြောပြတာ”

“ဟုတ်လား၊ သူ ဘာတွေ ပြောလဲ”

သူ အထိတ်တလန့် ပြန်မေးလိုက်သည်။

“အသေးစိတ် ရှင်းပြတယ်။ ထုံးစံအတိုင်းပေါ့ကွာ။ စိတ္တဗေဒ သီအိုရီတွေ ခပ်များများ နဲ့ပေါ့”

“ဟုတ်လား၊ သူကိုယ်တိုင် ရှင်းပြတယ်”

“အေးပါဆို၊ ဂွဒ်ဘိုင်… သွားမယ်ကွာ။ ငါ အလုပ်ရှုပ် နေတယ်။ နောက်မှ အေးအေး ဆေးဆေး ငါ ပြောပြမယ်။ မင်း လုပ်တာနဲ့ ငါ နည်းနည်းချချင်လာပြီ။ မင်းနဲ့ စကားပြော ရတာ ဝိုင်မသောက်ဘဲနဲ့ မူးနေပြီ။ မကြာခင် ငါ ရောက်လာမှာပါ။ သွားမယ်ဟေ့"

သူ ထွက်သွားသည်။

သူက နိုင်ငံရေးလုပ်ကြံမှုကြီး တခုမှာ ပါနေတာ သေချာတယ်တဲ့။ ရာဇူမီခင် လေ့ကားမှ အဆင်းတွင် စဉ်းစားလာခြင်း ဖြစ်သည်။ ဒါဆို ဒွန်ညာ့ကို ဆွဲသွင်းနေတာ ဖြစ်နိုင် သည်ပေ့ါ။ ဒွန်ညာက သိပ်တော်သည့် မိန်းကလေး မဟုတ်လား။ ဟုတ်ပြီ၊ သူတို့နှစ်ယောက် တွေ့ပြီးပြီ။ ဒွန်ညာ အရိပ်အမြွက်ပြောသည်ကို ခုမှ ပြန်ပြေးသတိရခြင်း ဖြစ်၏။ ကြည့်စမ်း၊ သူပြောသော စကားများတွင် နိမိတ်ပုံတွေ အများကြီး ပါနေတာပါကလား။ သည်အရှုပ်တော်ပုံ ကို ဘယ်လို ရှင်းရပါ့မလဲ။ သူငယ်ချင်းကို ငါ အထင်လွဲလုနီးပါး ဖြစ်ခဲ့တာပါလား။ အို... ဘုရားသခင်၊ ဘုရားသခင်။ ကံကြီးပေလို့ပါလား။ ငါ့လောက် တုံးတဲ့ကောင် လောကမှာ ရှိပါဦးမည်လား။ ခုတော့ နီကိုလေ ဆိုတဲ့ ချာတိတ်က ဖြောင့်ချက်ပေးသွားပြီ။ အားလုံး ရှင်းသွားပြီ။ သူ နေမကောင်း ဖြစ်နေချိန်ရယ်၊ ထူးထူးဆန်းဆန်း သူ့အမူအရာတွေရယ်၊ တက္ကသိုလ်မှာကတည်းက ဘယ်သူနဲ့မှ မရောတဲ့ သူ့အကျင့်တွေရယ်ကြောင့် သူ့ကို...။ ဒါထက် ဒီစာရဲ့ အဓိပ္ပာယ်က ဘာလဲ။ တခုခုတော့ တခုခုပဲ။ ဘယ်သူ့ဆီက လာတဲ့ စာလဲ။ ငါက သံသယနဲ့သာ သူ့ဆီက စာလို့ အောက်မေ့တာ။ ဒါကို ဖော်ထုတ်နိုင်ရမယ်။

ဒွန်ညာ့အကြောင်း ခေါင်းထဲ ရောက်လာတော့ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ ကြားထားရသည့် သတင်းများက ရင်လေးစရာ။ ချက်ချင်း သူ့ခြေလှမ်းတွေသွက်လာသည်။ ရာဇူမီခင် ထွက်သွားလျှင် သွားချင်း ရပ်စ်ကိုလ်နီကော့ဗ် အခန်းကို ထောင့်ဖြတ် လမ်းလျှောက်နေသည်။ သူ့ အခန်းကလေး မီးခြစ်ဘူးခွံလောက် ရှိတာကို သူ မေ့နေသည့် အလား။ ပြီးတော့ ဆိုဖာပေါ်တွင် ပြန်ထိုင်သည်။ သူ့နေရာတွင် လူသစ်တယောက် ဝင်လာသလို ခံစားလိုက်ရသည်။ တိုက်ပွဲဝင်ရတော့မည်။ တကယ့် လွတ်မြောက်ရေးလမ်းစ ပေါ် လာခဲ့လေပြီ။

ဟုတ်တယ်၊ လမ်းစတွေ့ပြီ။ ထိုအခါ ပို၍ ပို၍ မွန်းကျပ်လာသည်။ မူးရီမူးဝေ ဖြစ်လာသည်။ အားလျော့အားယော် ဖြစ်ချင်လာသည်။ ချောင်ပိတ် အဖမ်းခံရသည့်အခါ ဖြစ်လာတတ်သည့် မွန်းကျပ်မှု ဝေဒနာမျိုး။ ပေါ်ဖီရီ ရုံးခန်းတွင် နီကိုလေနှင့် ကြုံလိုက်ရစဉ် ဖြစ်ခဲ့သည့် ခံစားမှုမျိုး။

နီကိုလေ ဖြောင့်ချက်ပေးသည့် နေ့တွင်ပင် ဆွန်ညာ့ဆီ ရောက်သွားခဲ့သည်။ ကြိုတင် ပြင်ဆင်ထားသလို မဖြစ်ဘဲ ခုတ်ရာတခြား၊ ရှရာတခြားတွေ ဖြစ်ကုန်သည်။ ရှိသမျှ အင်အားတွေ ခန္ဓာကိုယ်ထဲမှ စီးထွက်သွားသလို ခံစားလိုက်ရသောနေ့။

ဆွန်ညာ ပြောသမျှ ချက်ချင်း လက်ခံလိုက်သည်။ ရင်ထဲ အသည်းထဲက လက်ခံလိုက် ခြင်း ဖြစ်၏။ သည်အတိုင်း တယောက်တည်း ဆက်နေလို့ မဖြစ်တော့ပြီ။ ခုလို ဝိညာဉ် ဖိစီးမှု မျိုးနှင့် မည်သို့လျှင် တကိုယ်တည်း နေလို့ ဖြစ်နိုင်ပါတော့မည်လဲ။

ပြီးတော့ ဆဗီဒရီဂေးလော့ဗ်။ သူက ပဟေဠိ တပုဒ်။ ဒီလူကြောင့် စိတ်အနှောင့် အယှက် ဖြစ်ရသည်တော့ အမှန်။ သို့သော် သူသည်ပင် ထွက်ပေါက် ဖြစ်နေနိုင်သည်။ ပေါ်ဖီရီ နှင့် ရင်ဆိုင်ရမည့် ပြဿနာက တခြား။

အင်း… ရာဇူမီခင်ကို ပေါ်ဖီရီကိုယ်တိုင် ပြောပြတာတဲ့။ စိတ်ပညာ သဘောတရား တွေနဲ့ ရှင်းပြတာတဲ့။ အလကား စိတ္တဗေဒ၊ နီကိုလေမှာ အပြစ်ရှိတယ်လို့ သူ ယုံကြည်တာ ကိုပဲ ကြည့်လေ၊ နီကိုလေ ပေါ်မလာခင် သူတို့နှစ်ယောက် ပြောနေသည့် အကြောင်းအရာ တွေကို ကြည့်လေ။ အဲဒီတုန်းက အဖြေထွက်လုနီးပါး ဖြစ်သွားတာပဲ။ (ထိုနေ့အကြောင်း ပြန်တွေးလျှင် ရင်တွေ တဒိုင်းဒိုင်း ခုန်လာတတ်သည်) နှစ်ယောက်သားကြားမှ အကြည့် တွေ၊ စကားလုံးတွေ၊ ပြောခဲ့ကြတဲ့ လေသံတွေ။ အင်း… ပွဲပြီးပြီလို့တောင် ထင်လိုက်မိ၏။

ရာဇူမီခင်ကိုယ်တိုင် သံသယဖြစ်လာခဲ့သည် မဟုတ်လား။ ပေါ်ဖီရီနှင့် တွေ့သည့် နေ့က အကြောင်း ပြန်စဉ်းစားမိပြန်သည်။ အပြန်အလှန် ပြောကြသည့် အကြောင်းအရာ တွေကို ပြန်တွေးကြည့်သည်။ သူ့တွင် အခိုင်အမာ ယုံကြည်မှုတခု ရှိနေပြီ။ သည်အခိုင်အမာ ယုံကြည်မှုသည် နီကိုလေ ဟူသော ချာတိတ်ကြောင့် သူ အပျက်စီးခံမည်လား။ သူ့မှာ စီမံချက် တခု ရှိမည် မုချ။ ဘယ်လို စီမံချက်မျိုးလဲ။ ထိုနေ့နံနက်မှစ၍ အချိန်တွေ အများကြီး ကုန်ခဲ့ပြီ။ သူ့ဆီမှ သတင်း တစုံတရာ လုံးဝ မကြားရ။ ကောင်းသည့် လက္ခဏာ မဖြစ်နိုင်။

အတွေးကျွံလျက်က ဦးထုပ် ကောက်ဆောင်းပြီး အပြင်ထွက်ဖို့ ပြင်သည်။ သည်နေ့ ထူးထူးခြားခြား ခေါင်းတွေ ကြည်လင်နေသည်။ ဆဗီဒရီဂေးလော့ဗ်နှင့် ဒီနေ့ အပြတ်ရှင်းရ မည်။ ဖြစ်သည့်နည်းဖြင့် ရှင်းမည်။ အမြန်ဆုံး ရှင်းရမည့် ကိစ္စ။ သူကလည်း မိမိကို မျှော်နေ မှာ သေချာသည်။

အမုန်းတရားတွေ ရင်ထဲတွင် လှိုင်းထလာပြန်သည်။ သူတို့နှစ်ယောက်အနက် တယောက်ယောက်ကို သတ်ချင်စိတ် ပေါ်လာသည်။ ဆဗီဒရီဂေးလော့ဗ်ကိုလား၊ ပေါ်ဖီရီ ကိုလား မသဲကွဲ။ ခုလောလောဆယ် မသတ်တောင် တချိန်ချိန်မှာ သတ်မိလိမ့်မည်။

"ကြည့်သေးတာပေါ့လေ၊ ကြည့်သေးတာပေါ့"

သူ တယောက်တည်း တိုးတိုးလေး ပြောနေသည်။ တံခါး ဆွဲဖွင့်လိုက်တော့ ဘွားခနဲ ပေါ်လာသူက ပေါ်ဖီရီ။ အင်း.. ပွဲပြီးပြီ ထင်ပါရဲ့။ ခြေသံ မကြားဘဲ သူ ရောက်လာခြင်း ဖြစ်သည်။ မိုးပေါ်က ကျလာသည့်အလား။ လန့်သွားသော်လည်း ချက်ချင်း ဣန္ဒြေဆည် လိုက်နိုင်သည်။

သူက ရယ်ပြီး-

“ဘယ်လိုလဲ ရိုဒီယွန် ရပ်စ်ကိုလ်နီကော့ဗ်။ ညှော်သည် မျှော်မနေဘူး မဟုတ်လား။ ဒီရှေ့က အမြဲတမ်း ဖြတ်သွားနေရတယ်။ ဝင်မယ်၊ ဝင်မယ်နဲ့ ခုမှပဲ ဝင်ဖြစ်တော့တယ်။ ဒီနေ့တော့ ငါးမိနစ်လောက် ဝင်ပြီး လေပန်းဦးမှ ဆိုပြီး တက်လာတာ ကိုရင်ရေ့။ နေမှ ကောင်းရဲ့လားလည်း သိချင်တယ်လေ။ အပြင်ထွက်မလို့လား။ သွားစရာရှိ သွားနော်။ စီးကရက် တလိပ်လောက်တော့ သောက်ချင်သေးတယ်ဗျာ။ ဖြစ်ပါတယ်နော်”

“ထိုင်ပါ၊ ထိုင်ပါ ပေါ်ဖီရီပီထရိုဗစ်ချ်’

ရပ်စ်ကိုလ်နီကော့ဗ်က ဖော်ဖော်ရွေရွေ ကြိုဆို နေရာချပေးသည်။

အင်း... အချိန်ကျပြီ ထင်ပါရဲ့။ နောက်ဆုံးအချိန် ရောက်လာပြီ ထင်ရဲ့။ ထိုအခါ လူသည် အကြောက်တရား ကင်းသွားတတ်သည်။ လည်မျိုကို လူဆိုးက ဓားနှင့် ထောက်ထား သည့်အတိုင်း တခါတရံ မကြောက်မရွံ့ နာရီဝက် စကားပြောနေနိုင်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ပေါ်ဖီရီနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ ပြီးတော့ သူ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်သည်။ ပေါ်ဖီရီကလည်း အလားတူ ပြန်ကြည့်သည်။ ပြီးမှ စီးကရက် မီးညှိသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ရင်ထဲမှ ထွက်လာသည့် သူ့အသံကို သူ ပြန်ကြားနေသည်။ “စကားပြောလေ၊ တခုခု ပြောတော့လေ။ မင်းက စ,ပြောရမှာ”

※※※

(၂)

စီးကရက် မီးညှိပြီးသည်နှင့် ပေါ်ဖီရီ စကား စသည်။

"အင်း ...စီးကရက်၊ စီးကရက်၊ အချိန်တွေ၊ အဆိပ်တွေ၊ သိလျက်နဲ့ ဖြတ်လို့လည်း မရဘူး။ ချောင်းလည်း ဆိုးလာပြီ။ အသက်ရှူလို့လည်း မဝတော့ဘူး။ လည်ချောင်းထဲမှာ လည်း တစ်ဆို့ဆို့ကြီး။ ကျုပ်က လူပျော့ပါဗျာ။ ဒေါက်တာဘီအင်ဆီ မကြာသေးခင်က သွားသေးတယ်။ သူက လူနာတယောက်ကို နာရီဝက်လောက် ကြည့်ပေးတာ။ သူက အမြဲ ပြောပါတယ်။ "ခင်ဗျား အဆုတ်တွေ မကောင်းတော့ဘူး။ ဆေးလိပ်ဖြတ်တော့' တဲ့။ ဒါပေမဲ့ ကျုပ် မဖြတ်နိုင်ခဲ့ဘူး။ မလွယ်ပါဘူးဗျာ။ သူ့နေရာမှာ ဘာနဲ့ အစားထိုးမလဲ။ ကျုပ်က အရက်လည်း မသောက်တော့... အဲ... ဆိုးတာပေါ့။ ဟဲ... ဟဲ... အရာအားလုံးဟာ ဆက်စပ်နေတာဗျ"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးလိုက်သည်။ အင်း...လာပြီ။ ထောင်ချောက်တွေ၊ အချွန်အတက်နဲ့ စကားလုံးတွေ။ နောက်ဆုံး တွေ့ခဲ့စဉ်က ပြောစကား များကို ပြန်သတိရလိုက်သည်။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

ပေါ်ဖီရီ စကားဆက်သည်။

"လွန်ခဲ့တဲ့ နှစ်ရက်က ညနေပိုင်းမှာ ကျုပ် ဝင်လာသေးတယ်။ အဲဒါ ခင်ဗျား သိလား"

အခန်းပတ်ပတ်လည်ကို ဝေ့ကြည့်ပြီး-

"တံခါးဖွင့်လျက်သားကြီးတွေ့လို့ ဝင်လာတာ။ ကိုရင် မရှိတာနဲ့ ဘာမှ မရေးခဲ့ဘဲ ပြန်သွားတာ။ အဲဒီလိုပဲ တံခါး မပိတ်ဘဲ အပြင်သွားတယ်၊ ဟုတ်လား"

ရပ်စ်ကိုလ်နီကော့ဗ်၏ မျက်နှာ ပို၍ ညိုမှောင်လာသည်။ ပေါ်ဖီရီက သူ့စိတ်အနေကို ရိပ်မိသွားပုံ ရသည်။ ပြီးတော့ ရပ်စ်ကိုလ်နီကော့ဗ်၏ ဒူးကို ပုတ်ပြီး အပြုံးမျက်နှာဖြင့် ဆက်ပြောသည်။

"ကိုရင်နဲ့ အပွင့်လင်းဆုံး ပြောဖို့ ကျုပ် လာခဲ့တာဗျ။ ခင်ဗျားကို ရှင်းပြဖို့ ကျုပ်မှာ တာဝန်ရှိတယ်"

သူ့မျက်နှာပေါ်တွင် သည်လို အမူအရာမျိုး တခါမှ မတွေ့ဖူးခဲ့။ ဝမ်းနည်းခြင်း အရိပ်အယောင်များလည်း ယှက်သန်းသွားသည်။

သူ စကားဆက်သည်။

"အရင်တခါ တွေ့တုန်းကလည်း ကျုပ်တို့ နှစ်ယောက်ကြားမှာ ထူးထူးဆန်းဆန်း တွေ ဖြစ်ခဲ့တယ်နော်။ တခုပြီးတခု ဇယ်စက်သလို ဖြစ်တာ။ ကျုပ်ဘက်က လွန်တယ်ဗျာ။ စိတ်မကောင်းဘူး။ ကျုပ်တို့ လူချင်းခွဲခါနီးမှာ ဘယ်လိုဖြစ်သလဲ မှတ်မိလား။ ကိုရင်လည်း တုန်တုန်ယင်ယင်နဲ့ ကျုပ်လည်း ဒူးတွေ မခိုင်ချင်လောက်အောင် ဖြစ်သွားတယ်လေ။ ကျုပ်တို့ နှစ်ယောက်စလုံး ဣန္ဒြေပျက်နေတာလေ။ ဒါပေမဲ့ ကျုပ်တို့က လူကြီးလူကောင်း တွေပဲ။ ဘာပြောပြော ခေတ်ပညာတတ်တွေပဲ။ နားလည်ကြရမှာပေါ့။ ကျုပ်တို့ ဘယ်အထိရောက်ခဲ့သလဲ။ မှတ်မိလား။ မဖြစ်သင့်ဘူးဗျာ။ တော်တော် သိက္ခာမဲ့တဲ့ ကိစ္စပဲ"

ရပ်စ်ကိုလ်နီကော့ဗ် ဦးနှောက်ခြောက်သွားသည်။ သူ့ကိုယ်သူ မေးခွန်းတွေ ပြန်မေး နေသည်။

သူ ဘာဆိုလိုတာပါလိမ့်။ ဘာတွေ တွေးနေပါလိမ့်။ သူ့ကို အကြောင်သား ငေးကြည့် နေမိသည်။

မျက်လွှာချပြီး ဆက်ပြောသည်။

"ကျုပ်တို့ နှစ်ယောက်ကြားမှာ ပွင့်ပွင့်လင်းလင်း ပြောဖို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ"

သူ့ ကြည့်ရသည်မှာ အမှားတခု ကျူးလွန်ထားသဖြင့် မျက်နှာပူနေပုံ။ အနေရ ကျပ်နေပုံ။

"ဟုတ်တယ်။ သံသယစိတ်တွေ ထားနေစရာ အကြောင်း မရှိတော့ဘူး။ နီကိုလေ ကြောင့် ကိစ္စအားလုံး ပြတ်သွားပြီ။ သူသာ ပေါ်မလာရင် ကိုရင်နဲ့ ကျုပ်ကြားမှာ ဘာတွေ ဖြစ်လာမလဲ မသိဘူး။ ဟို သားရေနယ်သမားက ဟိုဘက်အခန်းထဲမှာ ရှိနေတယ်တဲ့လေ။ ကိုရင် အဲဒါကို သိပြီးရောပေါ့။ အဲဒီနောက် ကိုရင်နဲ့ သူ လာတွေ့တဲ့ အကြောင်း ကျုပ် သိတယ်။ အဲဒီတုန်းကတည်းက သူ တလွဲတွေ လျှောက်ပြောနေတာလို့ ကိုရင် ထင်ခဲ့တယ် မဟုတ်လား။ ကျုပ် ဘယ်သူ့ကိုမှ ခေါ်မတွေ့ဘူး။ ဘာအစီအစဉ်မှ ဆွဲမထားဘူး။ ဘာပြုလို့လဲ သိလား။ အင်း... ဘယ်လို ပြောရမလဲ။ ကျုပ်ခေါင်းထဲ ရုတ်ခြည်း ဝင်လာတာ။ တံခါးမှူးတွေတောင် မလွှဲသာလို့ ခေါ်လိုက်ရတာ။ (ကိုရင် သွားတုန်းက အဲဒီ အစောင့်တွေကို ဖြတ်သွားရတယ် ဆိုတာ မှတ်မိမှာပါ) အဲဒီမှာ ကျုပ်ခေါင်းထဲ အတွေးတခု လျှပ်စီးလက်သွားတယ်။ အဲဒီ တော့မှ စိတ်ထဲ ရှင်းသွားတာ ရိုဒီယွန်။ တခုခု လွတ်သွားရင်တောင်မှ တစုံတရာတော့ အမြတ်ထွက်ရမယ်လို့ ယုံကြည်ခဲ့တယ်။ တနည်းနည်းနဲ့ လိုတာ ရအောင်ယူမယ်ပေါ့။ ကိုရင်က ကျုပ်ကို

တကယ် မရိုးမရွဖြစ်အောင် လုပ်နေတယ်။ ဒါက ကိုရင့် ပင်ကိုစရိုက်ကိုး။ ခင်ဗျားရဲ့ နှလုံးသားနဲ့ ခင်ဗျားရဲ့ ကိုယ်ပိုင်အပြုအမူကိုက ဒီအတိုင်း ဖြစ်နေတာ။ ကျုပ် သဘောကျပါတယ်။ ဒါပေမဲ့ တချို့တဝက်ပဲ နားလည်တယ်။ ကျုပ် နားလည်နိုင်ပါတယ်။ လူတယောက်ဟာ သူ့ရဲ့ အတွင်းအကျဆုံးလျှို့ဝှက်ချက်ကို တထိုင်တည်းတော့ ဘယ်ပွင့်ထွက် မလဲ၊ မဟုတ်ဘူးလား။ စိတ်ဓာတ် မခိုင်မာတဲ့ လူတွေကျတော့ ပွင့်ထွက်လာတတ်တယ်။

ဒါပေမဲ့ အဲဒီလိုလူမျိုးက ရှားပါတယ်။ အဲဒီမှာ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားတယ်။ ငါ မဟုတ်သေးဘူးလို့။ ငါ့မှာ သက်သေ အထောက်အထား မဆိုစလောက်တောင် မရှိဘဲနဲ့..... ဘာဆို ဘာမှကို မရှိတာ။ စိတ်ဓာတ်စစ်ဆင်ရေး သဘောကိုပဲ အားကိုးခဲ့ရတာ။ လူ တယောက် အပြစ်ကျူးလွန်ထားရင် တနည်းမဟုတ် တနည်းနည်းနဲ့ မမျှော်လင့်တဲ့ ထောင့် တထောင့်ကနေ အစထွက်လာ တတ်တယ်ပေါ့။ ကျုပ်က ကိုရင့် စရိုက်လက္ခဏာကို လေ့လာပြီး အဖြေရှာဖို့ စိတ်ကူးတာ''

"အဲဒါတွေ ခင်ဗျား ခုမှ ဘာလို့ လျှောက်ပြောနေတာလဲ"

ရမ်းသန်းမေးလိုက်ခြင်း ဖြစ်သည်။ ဒီလူ ဘာတွေ ပြောနေပါလိမ့်။ တကယ်ပဲ ငါ့မှာ အပြစ် မရှိဘူးလို့ ထင်နေတာလား။

"ဘာပြုလို့အဲဒါတွေ ခုမှ လျှောက်ပြောနေတာလဲ။ ကိုယ် ရှင်းပြချင်လို့ပေါ့ ကိုယ့်လူရ။ အဲဒါကို စိတ်ထဲမှာ မြင့်မြတ်တဲ့ တာဝန်တခုလို့ ထင်နေတယ်။ ကျုပ်က ကိုရင့်ကို အားလုံး ရင်ဖွင့်ချင်တာ။ အိတ်သွန်ဖာမှောက် ပြောချင်တာ။ အမှောင်ထုရဲ့ အဖြစ်အပျက်တွေကို ဖွင့်ချချင်တာ။ အဲဒီ အမှောင်ထုအကြောင်း... အင်း.. အဲဒီလိုပဲ တင်စားရမယ် ထင်ပါရဲ့။ ကျုပ်ကြောင့် ကိုရင် အများကြီး စိတ်ဆင်းရဲခဲ့ရတယ်။ ကိုရင့်အပေါ်မှာ ကျုပ် တော်တော် ဆိုးခဲ့တာပဲ။ ကောင်းကောင်း နားလည်ပါတယ်ဗျာ။ ကိုရင်ဟာ စိတ်သောက ရောက်နေတယ်။ ဒါပေမဲ့ ကိုရင်ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတယ်၊ ဘဝင်မြင့်တယ်၊ မောက်မာတယ်၊ တပြိုင်တည်း မှာ ကိုရင်ဟာ စိတ်တွေ ချောက်ချားနေတယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်က ကိုရင့်ကို အထင်ကြီးတယ်။ လူကောင်းတယောက်လို့ မြင်တယ်။ နေရာတကာမှာ အမြင်ချင်း မတူပေမယ့် ကိုရင်ဟာ ပင်ကိုအရ သဘောထား ကြီးတယ်ဆိုတာ သိတယ်။ ဒါကြောင့် ကိုရင့်ကို ပွင့်ပွင့် လင်းလင်းနဲ့ အရှိကို အရှိအတိုင်း ပြောဖို့ ကျုပ်မှာ တာဝန်ရှိတယ်လို့ ယုံကြည်လာတယ်။ ကိုရင့်အကြောင်း သိလာလေ၊ ကိုရင့်ကို စိတ်ထဲက နားလည်လာလေလေပဲ။ ကျုပ်က အဲဒီလိုပြောတော့ ကိုရင် ရယ်ချင်ကောင်း ရယ်ချင်နေလိမ့်မယ်။ ကိုရင် ရယ်နိုင်ပါတယ်။ စကတည်းက ကျုပ်ကို ကိုရင် မကြိုက်ဘူးဆိုတာ သိတယ်လေ။ ကိုရင် ကြိုက်စရာလည်း ကျုပ်မှာ တခုမှ မရှိဘဲကိုး။ ကိုရင် ကြိုက်သလို မြင်နိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်ဘက်ကတော့

ကျုပ်ဟာ ရိုးသားတဲ့လူ ဖြစ်ကြောင်း၊ သမစိတ္တရှိတဲ့လူ ဖြစ်ကြောင်း သက်သေပြဖို့ ကြိုးစား နေမှာပါ။ အဲဒါ ကျုပ် အရိုးသားဆုံး ပြောတာပါ”

ပေါ်ဖီရီက ဟန်ပါပါ ရပ်ပစ်လိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ကြောက် စိတ်အသစ်တွေ ဝင်လာပြန်သည်။ သူ့ကို အပြစ်ကင်းစင်သူ တယောက်လို့ သူ မြင်သွားသည်။ သည့်အတွက် တွေးကြောက်လာခြင်း ဖြစ်သည်။

ပေါ်ဖီရီ စကားဆက်သည်။

“အသေးစိတ်တွေတော့ ပြောဖို့ မလိုဘူး ထင်ပါတယ်။ လျှောက်ပြောနေရင် လိုတာ ထက် ပိုသလို ဖြစ်ကုန်လိမ့်မယ်။ ပြောဖို့လည်း မသင့်ပါဘူး။ အင်း... လိပ်ပတ်လည်အောင် ဘယ်က စပြောရမှာပါလိမ့်။ ပထမအချက်၊ ကောလာဟလတွေ ထွက်လာတယ်။ ဘယ်သူ့ ဆီက လာတာလဲ၊ ဘယ်တုန်းက လာတာလဲ၊ ဘယ်အကြောင်းပေါ်မူတည်ပြီး ထွက်လာတဲ့ ကောလာဟလတွေလဲ။ ကျုပ်ဆီကို အဲဒီ သတင်းတွေ ဘယ်လို ရောက်လာတာလဲ။ ကိုရင့် အပေါ်ကို ဘယ်လို လှိုင်းပုတ်ခဲ့သလဲ။ အဲဒါတွေ အသေးစိတ်ပြောဖို့ မလိုဘူး ထင်ပါတယ် လေ။ အဲဒီတိုက်ဆိုင်မှုနဲ့ ကောလာဟလတွေကြောင့် ကျုပ် ခေါင်းထဲမှာ အတွေးတခု ဝင်လာတယ်။ အဲဒါကို ကျုပ် ပွင့်ပွင့်လင်းလင်း ဝန်ခံပါတယ်။ တယောက်ယောက်က ဖြောင့်ချက် ပေးပြီဆိုရင် ကိစ္စပြတ်ပြီပေါ့။ အဲဒါကို ကိုရင့်ဆီက ရအောင် ယူမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အထောက်အထားတော့ အဘွားကြီး ရေးထားတဲ့ အပေါင်ပစ္စည်းကလေးတွေ ထုပ်တဲ့ စာရွက် ပေါ်က နာမည်တွေပဲ။ အဲဒီကစပြီး အတွေး ခြေဆန့်ခဲ့တယ် ဆိုပါတော့။ တကယ်တော့ လုံးဝ အဓိပ္ပာယ် မရှိပါဘူး။ ဒါတွေက ရာနဲ့ချီ ရှိခဲ့တာပဲ။ ပြီးတော့ ရဲစခန်းမှာ ကိုရင် ဖြစ်သွားတဲ့ မြင်ကွင်း။ ဒီအကြောင်း ပြန်ပြောပြတဲ့ရဲက သာမန်ကာလျှံကာ ပြောတာ မဟုတ်ဘူး။ ကျုပ်ကို အသေးစိတ် ပြောပြတာ။ တိုက်တိုက်ဆိုင်ဆိုင် အသေးစိတ် ပြောပြနိုင်တဲ့ လူနဲ့ သွားတိုး တာဗျား။ အဲဒီမှာ ကွင်းဆက်တွေ စိတ်ကူးနဲ့ လျှောက်ချိတ်တော့တာပေါ့။ ကျုပ် သံသယ မဖြစ်ဘဲ ဘယ်နေနိုင်တော့မလဲ။ ဒါပေမဲ့ အင်္ဂလိပ်စကားပုံ တခုလိုပေါ့။ ယုန်အကောင် တရာရလည်း မြင်းတကောင် ဖြစ်မလာဘူးတဲ့။ သံသယ တရာ ရှိပေမယ့် သက်သေ အထောက် အထားတခု ဖြစ်မလာဘူးလေ။ ဒါက တရားမျှတမှု ရှုထောင့်က ပြောတာ။ ဒါပေမဲ့ ကိုရင့် ကိစ္စမှာ ဘယ်လိုမှ သံသယ မရှိဘဲ နေလို့မရဘူး။ ကျုပ်တို့ ဥပဒေသမားတွေလည်း လူတွေ ကိုးဗျ။

“ကိုရင့်ဆောင်းပါး အကြောင်းလည်း ပြန်စဉ်းစားပါတယ်။ ကျုပ်တို့ စတွေ့တဲ့နေ့ က ပြောဖြစ်တာတွေ မှတ်မိလား။ ခင်ဗျား စကားတွေ ပြောလာအောင် ကျုပ် ဆွပေးခဲ့တယ် လေ။ အဲဒီဆောင်းပါးကို ကျုပ်က သိပ်ကြိုက်တာ။ ကျုပ် ထပ်ပြောမယ်။ ကိုရင် အဲဒီတုန်းက လည်း ဖျားနေတယ်။ စိတ်တွေ မတည်မငြိမ် ဖြစ်နေတယ်။ မျိုသိပ်ရတာတွေ များနေတယ်။ လူငယ်တွေမှာ အဲဒီလို ဖိစီးမှု

များလာရင် မကောင်းဘူး။ ဒါပေမဲ့ ခင်ဗျားက ရဲရင့် ပြတ်သားတယ်။ ခေါင်းမာတယ်၊ စိတ်အားထက်သန်တယ်၊ ခင်ဗျားကို မမြင်ဖူးခင်က တွေးကြည့်တဲ့ အတိုင်းပဲလို့ စိတ်ထဲ ထင်လိုက်တယ်။ အဲဒီ ဆောင်းပါးအကြောင်း အိပ်မပျော်တိုင်း ကျုပ် တွေးနေပါတယ်။ ခင်ဗျားကို ကျုပ် သရော်တော်တော် လှောက်ပြောခဲ့ပေမယ့် အဲဒီဆောင်းပါး ကို တကယ်ကြိုက်ခဲ့တာပါ။ အဲဒီတုန်းက ကျုပ် လိုချင်တာတွေ များနေတယ်။ ခုတော့ ကျုပ် ယေဘုယျပဲ ပြောပါတော့မယ်။ ကိုရင့်ရဲ့ လူငယ်တယောက်အနေနဲ့ ကလောင်သွေး တဲ့ ဆောင်းပါးကို သဘောကျတယ်။ လူငယ်တို့ရဲ့ ရဲရင့်ပြတ်သားမှုတွေ အထင်းသား ပေါ်နေတယ်။ **'မြူတွေ၊ မီးခိုးတွေထဲက တွဲလောင်းကျနေတဲ့ ကြိုးကလေး တချောင်းပဲ**63။ ကိုရင့် ဆောင်းပါးက ယုတ္တိဗေဒမှာတော့ အားနည်းတယ်။ စိတ်ကူးယဉ် ဆန်လွန်းတယ်။

ဒါပေမဲ့ သစ္စာတရား အားမနည်းဘူး။ ကိုရင့် မာန လုံးဝပေါ်လွင်တယ်။ လူငယ်တွေရဲ့ သတ္တိသွေးတွေ ရဲရဲနီနေတယ်။ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ အခြေအနေမှာ ရဲရင့်တက်ကြွမှု အပြည့် ပါနေတယ်။ ဖတ်ပြီး ထိုင်းမှိုင်းသွားပေမယ့် ဆောင်းပါးကောင်း တပုဒ်ပါ။ ဖတ်ပြီး စာအုပ်ကို ဘေးချ စဉ်းစားတယ်။ ကိုရင့်အကြောင်းပေါ့။ အင်း... ဒီလို လူစားကတော့ ဒီနေရာမှာတင် ရပ်နေမယ့် လူစား မဟုတ်ဘူးလို့။ အဲဒီလို အစဉ်အလာနဲ့ လူတယောက်က ခုလို ကွင်းဆက်တွေကြား ရောက်လာတော့ ကျုပ် မတွေးဘဲ နေနိုင်မလားဗျာ။ ဒါပေမဲ့ ကျုပ် ဘာမှ မပြောဘူးနော်။ ဘာမှ အတည်မယူဘူး။ ကြားကြားသမျှ မှတ်ထားရုံပဲ။ ငါ မှတ်ထား တာတွေထဲမှာ ဘာတွေပါလဲ ပြန်ကြည့်တယ်။ ဘာမှ မပါဘူး။ ဘာဆို ဘာမှ မည်မည်ရရ မရှိဘူး။ နတ္ထိဆိုမှ နတ္ထိ။ ကျုပ်တို့ စုံထောက်ဆိုတဲ့ ကောင်တွေဟာ လေဖမ်း ဒန်းချည်ရတာ ကိုး။ ခု နီကိုလေကို ကျုပ် ရပြီ။ အထောက်အထား အပြည့်အစုံနဲ့ရတာ။ ဘာပဲပြောပြော အထောက်အထားဟာ အထောက်အထားပဲပေါ့။ သူ့မှာလည်း စိတ်ဝေဒနာနဲ့ပဲ။ ကျုပ် သိပ်ဂရုစိုက်နေရတယ်။ သူ့ဘဝအတွက် သေရေးရှင်ရေး မဟုတ်လား။ နေပါဦး၊ ဘာလို့ ဒါတွေ ကိုရင့်ကို လှောက်ပြောနေမိပါလိမ့်။ နေဦး၊ ဒါမှ ကိုရင့်အကြောင်းကို ရင်ထဲ၊ အသည်း ထဲက သိလာမှာ။ အဲဒီအချိန် အကြောင်း ပြန်တွေးပြီး ကျုပ်ကို ရန်လိုတဲ့လူ၊ ချောက်တွန်း မယ့် လူလို့ မထင်နဲ့နော်။ ကျုပ် တကယ်ပြောနေတာ။ ကိုရင့်အခန်းကို ဘာကြောင့် ဝင်မရှာ တာလဲ ဆိုတာ အံ့သြနေတယ် မဟုတ်လား။ ကျုပ် လာတယ်ဗျ၊ ကိုရင် လူမှန်းသူမှန်း မသိအောင် ဖျားနေချိန်မှာ ကျုပ် ရောက်လာတယ်။ တကယ် ရောက်လာတာနော်။ တရားဝင် လာဘာ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ် ရောက်လာတယ်ဗျ။ ဒါပေမဲ့ ဘာမှ မတွေ့ရ ဘူး။ ဘာဆို ဘာသဲလွန်စမှ မရဘူး။

"ဒါပေမဲ့ ကျုပ် ယုံလိုက်တယ်။ သူ့မှာ အပြစ်ရှိရင် သူကိုယ်တိုင် ငါ့ဆီ လာမှာပဲလို့။ ဒီလိုလူမျိုးက လာကို လာမှာလို့။ တခြားလူ ဆိုရင် မပြောနိုင်ဘူး။

သူလိုလူကတော့ လာမှာ သေချာတယ်လို့။ အဲဒီကိစ္စ ကိုရင့်ကို ရာဇူမီခင် ဆွေးနွေးတာ မှတ်မိမှာပေါ့။ အဲဒါ ကျုပ်တို့ ဆင်တဲ့အကွက်လေ။ ကိုရင် စိတ်လှုပ်ရှားလာအောင် လုပ်လိုက်တာ။ ရာဇူမီခင့်နား ပေါက်အောင် ကောလာဟလတွေ လွှင့်ပေးလိုက်တယ်။ ထင်တဲ့အတိုင်း သူ ကိုရင့်ကို မပြောဘဲ မနေနိုင်တော့ဘူး။ သူက အဲဒီလို လူစားလေ။ စိတ်လှုပ်ရှားမှုကို ဘယ်တော့မှ ထိန်းထားတာ မဟုတ်ဘူး။ သူ ဆောက်တည်ရာမရ ဖြစ်သွားတာကတော့ အရက်ဆိုင်မှာ ကိုရင် စွတ်ပြော တဲ့ ကိစ္စပဲ။ ဇာမယိုတော့ဗ်ကို ပြောတာလေ။ “ငါ သတ်တာကွ’ လို့ ရဲရဲတင်းတင်း ပြောခဲ့တာ ဆို။ အဲဒီမှာ ကျုပ် ပြန်စဉ်းစားတယ်။ ဟုတ်နိုင်ပါ့မလားလို့။ အဲဒီမှာ ကျုပ် စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဇာမယိုတော့ဗ်ကိုတော့ ကိုရင် ကောင်းကောင်းကြီး ဒုက္ခပေးနိုင်ခဲ့တယ်။ အဲဒီမှာ စိတ်ပညာသဘော ပါလာပြန်ရော။ စိတ်ပညာ ဆိုတာ အဓိပ္ပာယ်နှစ်မျိုး ထွက်တာချည်းပဲ။

“အဲဒီမှာ ခင်ဗျား ကျုပ်ဆီ အလာကို အသာ စောင့်နေခဲ့တယ်။ နောက်ဆုံး ခင်ဗျား ရောက်ချလာတယ်။ အဲဒီတုန်းက ကျုပ် ဘယ်လောက် ရင်ခုန်နေတယ် မှတ်လဲ။ ကဲ... ဆိုပါဦး၊ ဘာအတွက် ခင်ဗျား ကျုပ်ဆီလာတာလဲ။ ပြီးတော့ အခန်းထဲကို ရယ်ပြီး ဝင်လာတယ်။ ကျုပ်က ကိုရင့်ကို စောင့်နေတဲ့လူ ဆိုတော့ အသေးစိတ် အကဲခတ်တယ်။ ဘယ်လို စိတ် အခြေခံနဲ့ ရယ်တာလဲပေါ့။ အဲဒီတုန်းက ရာဇူမီခင်... အဲ... မှတ်မိလား။ ကျောက်တုံး.. ကျောက်တုံး အောက်မှာ ပစ္စည်းတွေ ဝှက်ထားတယ် ဆိုတာလေ။ မှတ်မိလား။ မီးဖိုဆောင်နဲ့ ကပ်လျက် ခြံထဲမှာ ဖြစ်ရမယ်လို့ ကျုပ် တွေးလိုက်တယ်။ ဇာမယိုတော့ဗ်ကို ကိုရင် ပြောခဲ့တာလေ။ ပြီးတော့ ကျုပ် အခန်းမှာလည်း ထပ်ပြောသေးတယ်။

“ကိုရင့် ဆောင်းပါးကို ပြန်ဖတ်ကြည့်တယ်။ စကားလုံးတိုင်းကို လေ့လာကြတာ။ ကိုရင်က အကြောင်းအရာ တခုကို ရှင်းပြီဆိုရင် အဓိပ္ပာယ် နှစ်မျိုး ထွက်တဲ့ စကားလုံးတွေ ကို သုံးတယ်။ အဲဒီမှာ ဒိုင်းခနဲ ခေါင်းထဲ ဝင်ဆောင့်တော့တာပဲ။ အားလုံးကို ပြောင်းပြန် အဓိပ္ပာယ်ကောက်ရမှာပါလားလို့။ အဲဒါမှ အမှန်တရားနဲ့ နီးမှာလို့။ ကိုရင် ကျုပ်ကို ဦးနှောက် စားအောင် တကယ်လုပ်ခဲ့တာပဲ။ အင်း... ဒါလောက်နဲ့ မရသေးဘူး။ သဲလွန်စ အစအန ကလေးဖြစ်ဖြစ် ရအောင် ရှာမှလို့။ အဲဒီမှာ ကိုရင် ဟိုအခန်းဝမှာ ခေါင်းလောင်းကြိုး သွားဆွဲတဲ့ သတင်း ရောက်လာတာ။ ကျုပ် ကြက်သီးမွေးညင်း ထသွားတယ်။ ဒါ သဲလွန်စ သေးသေး လေးပေါ့။ အဲဒီအကြောင်း အသာထားလိုက်တယ်။ ဆက် မစဉ်းစားတော့ဘူး။

“အဲ... ဟိုပုဂ္ဂိုလ်နဲ့ ကိုရင် ခြေလှမ်းတရာ အကွာလောက်က လမ်းလျှောက်နေ တာကိုသာ ကိုယ့်မျက်စိနဲ့ မြင်ရရင်၊ မြင်ရအောင် ခေါ်ပြနိုင်တဲ့လူ

ရှိရင် ကိုယ့်အိတ်ထဲက ရှုဘယ် တထောင် ဆုချဖြစ်မယ် ထင်ရဲ့။ သူက ကိုရင့်အနား ကပ်ပြီး လူသတ်သမားလို့ ပြောသွားတယ်လေ။ ကိုရင် ဘာတခွန်းမှ သူ့ကို ပြန်မပြောခဲ့ဘူး။ မမေးရဲခဲ့ဘူး။ ကဲ... ဘာဖြစ်လို့ ကိုရင် တုန်တုန်ယင်ယင် ဖြစ်နေတာလဲ။ ငန်းဖမ်းပြီး အဖျားတက်နေတုန်းမှာ ဟိုအခန်း ခေါင်းလောင်းကို ဘာလို့ သွားတီးတာလဲ။ ကဲ... ကျုပ် ကိုရင့်အပေါ်သံသယတွေ ပိုပိုဝင်လာတာ ဆန်းသလား။ ပြီးတော့ ဘာလို့ ချက်ချင်း ရောက်လာတာလဲ။ ကိုရင့်ဟာက တယောက်ယောက်က အတင်းတွန်းပို့လိုက်သလိုပဲ။ အင်း... ကံကြီးပေလို့သာပေါ့။ နီကိုလေကြောင့် ကျုပ်တို့နှစ်ယောက် စကားမပြတ်ရင် ဒုက္ခ။ အဲဒီတုန်းက နီကိုလေ ရောက် လာပုံ မှတ်မိတယ်နော်။ သူ့ကိုကော မှတ်မိရဲ့လား။ ကောင်းကင်က မိုးကြိုးပစ်ချလိုက်တာနဲ့ မတူဘူးလား။ ကျုပ် ဘယ်လို ဆက်ရင်ဆိုင်ရသလဲ သိလား။ ကိုရင် ပြန်သွားတော့ ချာတိတ် ပြောပုံ ဆိုပုံတွေ၊ မေးခွန်းဖြေပုံတွေက တော်တော် သေသပ်ပါတယ်။ ပိရိပါတယ်။ ကျုပ် ကိုယ်တိုင် အံ့သြရပါတယ်။ ဒါပေမဲ့ ကျုပ် တခုမှ မယုံဘူး။ ကျောက်ဆောင်တခုလို ခိုင်မာ ပေမယ့် ကျုပ် မယုံဘူး။ အင်း... မဟုတ်သေးဘူးလို့၊ ဒီကိစ္စနဲ့ နီကိုလေ ဘာမှ မပတ်သက်နိုင် ဘူးလို့ပဲ စိတ်ထဲ စွဲနေတယ်”

“ခုပဲ ရာဇူမီခင်ဆီက ကျွန်တော် ကြားတယ်။ သူ ပြောတော့ ခင်ဗျားက နီကိုလေပဲ ဖြစ်ရမယ်လို့ ယုံတယ်ဆို... ပြီးတော့...”

သူ့အသံ တိမ်ဝင်သွားသည်။ သူ ပြောသမျှ အာရုံစိုက် နားထောင်နေခဲ့သည်။ ဒီလူဟာ ငါ့အကြောင်း ချေးခါးအူမ မကျန် သိနေပါလားဟု တွေးမိလိုက်၏။ သိလျက်သား နှင့် အဖြေကို မထုတ်နိုင်ဘဲ ဖြစ်နေတာလား။ သူက နီကိုလေကို မယုံဘူးတဲ့။ ဖြောင့်ချက်ကို လက်မခံသည့် သဘော။ သူ တွေးလန့်လာသည်။ အဓိပ္ပာယ်နှစ်ခွ စကားလုံးများကို သူ စဉ်းစားပြီး အလောတကြီး အဖြေထုတ်နေသည်။

“ရာဇူမီခင် ဟုတ်လား”

ခဏငြိမ်သွားသော ရပ်စ်ကိုလ်နီကော့ဗ် ထံမှ သည်နာမည်ကို ကြားလိုက်သဖြင့် ဝမ်းသာသွားသည့် အလား သူ စကားဆက်သည်။

“ဟင်း... ဟင်း... သူ့ကိုတော့ ဘေးဖယ်ထားရမယ် ထင်တယ် ရိုဒီယွန်။ လူများ တိုင်း ပွဲစည်တာ မဟုတ်ဘူးလေ။ သူက အပြင်လူပဲ။ သူ့မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ ကျုပ်ဆီ ပြေးချလာတယ်။ အင်း... ဘုရားသခင် သူ့ကို စောင့်ရှောက်ပါစေ။ သူ့ကို ဒီကိစ္စထဲ ဆွဲမသွင်း တာ ကောင်းပါတယ်။ နီကိုလေနဲ့ ပတ်သက်လို့ကတော့ ကိုရင် အဲဒီအကြောင်း ကြားချင် လား။ ကျုပ် နားလည်သလောက်ကတော့ ချာတိတ်က ကလေးသာသာပဲ ရှိသေးတာဗျ။

သတ္တိတော့ ကောင်းတယ်။ အနုပညာလည်း ဆန်တယ်။ မရယ်နဲ့။ ကျုပ်ကတော့ အဲဒီအတိုင်း ကောက်ချက် ဆွဲထားတယ်။ သူဟာ တကယ် အပြစ်ကင်းတဲ့ ကလေးတယောက်လိုပဲ။ အရာရာကို ခံစားလွယ်၊ ထိခိုက်လွယ်တဲ့ ချာတိတ်မျိုး။ သူ့မှာ နှလုံးသား ရှိတယ်၊ စိတ်ကူး ယဉ်တတ်တယ်၊ ဆိုတတ်တယ်၊ ကတတ်တယ်၊ ပုံပြောလည်း သိပ်ကောင်း ဆိုပဲ။ သူ့မှာ နားထောင်မယ့် ပရိသတ် အမြဲရှိတယ်တဲ့။ ကျောင်းလည်း တက်နေတုန်းတဲ့၊ သိပ် အရယ် သန်တယ်တဲ့၊ သောက်ပြီ ဆိုရင်လည်း အမူးသောက်သတဲ့ဗျား။ တခါတလေ သောက်တာ၊ သူ မူးရင် ကလေးလေးတယောက်လို ဖြစ်သွားရောတဲ့။ ပြီးတော့ သူက လက်ဆော့တတ်သေးတယ် ဆိုပဲ။ ဒါပေမဲ့ အလစ်သုတ်တာကို သူ့ကိုယ်သူ မသိဘူးတဲ့။ အလွယ်တကူ တွေ့တာကို ကောက်ယူတတ်တော့ ခိုးတယ်ပြောရမှာ ခပ်ခက်ခက်ရယ်။ ပြီးတော့ သူတို့က **မျိုးနဲ့ ရိုးနဲ့ ရှေးဟောင်း အယူသီးသမားတွေ**[64] တဲ့။ သူ့မိသားစုထဲမှာ အိုးအိမ် အတည်တကျ မရှိဘဲ ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ လူတွေ ပါတယ်တဲ့။ သူက သူတို့ရွာမှာ ဂိုဏ်းခေါင်းဆောင် လူကြီးသူမတွေ သင်ပေးတဲ့ ပရလောကသင်တန်းမှာ နှစ်နှစ် တက်ဖူး သတဲ့။ အဲဒါတွေအားလုံး သူ့ဆီက သိရတာ။ ရွာကို စုံစမ်းတော့ ရွာသားတွေက ဒီအတိုင်းပဲ ပြောတယ်။ နောက်ထပ် ထူးခြားတာက သူဟာ တောနက်ကြီးတွေ၊ လူမနီး သူမနီး နေရာ တွေကို လျှောက်သွားနေရတာ သိပ်ဝါသနာပါတယ်တဲ့။ ညတိုင်း ဘုရားသခင်ထံ ဝတ်ပြု ဆုတောင်းတယ်၊ ဘာသာရေးကို အရမ်းကိုင်းရှိုင်းတယ်၊ တချိန်လုံး စာဖတ်နေတယ်၊ စာအုပ်ဟောင်းတွေတဲ့။ ပီတာစဘတ် ရောက်လာတော့ သူ အရမ်းပျော်သွားတယ်။ အထူးသဖြင့် ပီတာစဘတ် သူကလေးတွေကို သဘောကျတယ်။ ပြီးတော့ ဝိုင်လည်း ကြိုက်သွားတယ်။ သူက သိပ် ခံစား လွယ်တာကိုး။ ဒီလိုနဲ့ ရွာတုန်းက ဓလေ့တွေ မေ့သွားတယ်။ လူကြီးသူမ၊ ဆရာသမားတွေလည်း သူ သတိမရတော့ဘူးတဲ့။ ကြားရသလောက် ပန်းချီဆရာတယောက် က သူ့ကို သိပ်သဘောကျနေတယ် ဆိုပဲ။ သူ့ဆီ မကြာမကြာ လာလည်တယ်တဲ့။ အဲဒီ အချိန်မှာ ဒီကိစ္စ ဖြစ်တာ။ ခုလို မကြားဝံ့ မနာသာ ကိစ္စကြီး ဖြစ်လာတော့ သူ ဘာလုပ်မလဲ။ ထွက်ပြေးဖို့ ကြိုးစားတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြံစည်တယ်။ ကျုပ်တို့ တရား စီရင်ရေးအပေါ်လူတွေ မြင်နေတဲ့ အမြင်ကို ပြောင်းလဲအောင် ကျုပ်တို့ ဘာမှ မလုပ်နိုင်ဘူး။ လူတွေက တရားဥပဒေကို ရင်မဆိုင်ရဲကြဘူး၊ ကြောက်နေကြတယ်။ အဲဒါ ဘယ်သူ့အပြစ်လဲ။ စနစ်သစ် တရားရုံးအသစ်တွေ ပေါ်လာရင်တော့ တမျိုးတဖုံ ပြောင်းလဲလာမလား မသိဘူး။ ဘုရားသခင် စောင်မကြည့်ရှုတော်မူပါ။ အဲဒီတော့ ကိုယ့်လူရေ... သူ ထောင်ထဲ ရောက်သွားရင်တော့ သူ့ ဥပဇ္ဈာယ်ဆရာတွေကို ပြန်သတိရမှာပါ။ အဲဒီတော့မှ ဒီကောင် ကျမ်းစာကိုလည်း ပြန်ဖတ်ဖြစ်မှာ။ သူတို့လို လူမျိုးတွေအတွက် ဝေဒနာဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကိုရင် သိလား။ ဝေဒနာဆိုတာ တစုံတယောက်ရဲ့ အကျိုးအမြတ်အတွက် တစုံတယောက်က ခံစားရတာ မဟုတ်ဘူး။ သူ့ဘာသာ သူကို ခံစားရမှာ။ တာဝန်ရှိတဲ့ လူတွေရဲ့

လက်ထဲမှာ အဲဒီလို ဝေဒနာမျိုး ခံစားရရင် အပုံကြီး သက်သာတယ်။ ကြံဖူးတဲ့ အကျဉ်းသားတယောက် အကြောင်း ပြောပြမယ်။ သိပ်အေးတဲ့ ခပ်ပျော့ပျော့ လူစားမျိုး။ တနှစ်လုံး ကျမ်းစာနဲ့မျက်နှာ မခွာတဲ့ လူစားမျိုး။ **ညတိုင်း မီးဖိုနားမှာ ထိုင်ပြီး ဆက်တိုက် ဖတ်နေတာ**65။ တနေ့မှာ ဖောက်လာပြီး ထောင်ကြပ်တယောက်ကို အုတ်ခဲနဲ့ ကောက်ပေါက် ပါလေရော။ ထောင်ကြပ်က သူ့ကို ဘာမှလုပ်တာ မဟုတ်ဘူးနော်။ ဒါပေမဲ့ တမင် မထိအောင် ချိန်ပစ်တာ။ တကိုက်လောက်အကွာက အုတ်ခဲ လွင့်ထွက်သွားတယ်။ ဒါပေမဲ့ တာဝန်ရှိဝန်ထမ်းတယောက်ကို လက်နက်နဲ့ တိုက်ခိုက်တဲ့ ခေါင်းစဉ်အောက် ရောက်သွားတယ်။ ဒီတော့ အဲဒီအတွက် သူ ခံစားရတာပေါ့။

"ကျုပ်အထင် နီကိုလေတယောက် အဲဒီအတိုင်း ခံစားနေရပြီ။ ကျုပ် ရထားတဲ့ အချက်အလက်တွေအရ ဆိုရင် အဲဒီအတိုင်း သေချာပါတယ်။ တခုပဲ ရှိတယ်။ ကျုပ် သိတယ် ဆိုတာ သူ မသိဘူး။ ဒီမယ်၊ သူတို့လို တောသူတောင်သားတွေထဲမှာ သူ့လိုလူစား အများကြီး ပဲ။ ဥပဇ္ဈယ် ဆရာတွေရဲ့ ဩဝါဒတွေ သူ့ကို လွှမ်းမိုးနေပြီလေ။ သူ့ကိုယ်သူ ဆွဲကြိုးချဖို့ ကြိုးစားတာဟာ အဲဒီ သက်ရောက်မှုတွေပေါ့။ ဘာပဲဖြစ်ဖြစ် တနေ့ သူ ကျုပ်ဆီ ရောက်လာ မှာပါ။ ရင်ဖွင့်လာမှာပါ။ သူ မပြောဘဲ နေမယ်လို့ ကိုရင် ထင်လား။ အဲ... ခဏလေး၊ သူ ဖြောင့်ချက်ပေးထားတာကို သူ ပြန်ရုပ်သိမ်းနိုင်သေးတယ်နော်။ အဲဒါကို ကျုပ် စောင့်နေတာ။ ဒီနေ့ထိ ပေါ်မလာဘူး။ သူ့ဖြောင့်ချက်ကို သူ အချိန်မရွေး ပြန်ဖျက်သိမ်းနိုင်တယ်နော်။

နီကိုလေကို သေသေချာချာ လေ့လာရမယ်။ ကိုရင် ဘယ်လိုထင်လဲ။ ဟဲ... ဟဲ... သူ ဖြေပုံ တွေကတော့ တကယ့်ကွက်တိပဲ။ ရေပက် မဝင်ဘူး။ ဒါပေမဲ့ တခါတခါကျတော့လည်း သူ စိတ်ရှုပ်နေပုံပဲ။ ဘာမှ မသိသလိုပဲ။ အဲဒီလို ဘာမှ မသိမှန်းလည်း သူ သိပုံ မရဘူး။

"ဒီမယ် ရိုဒီယွန်၊ သူ မဖြစ်နိုင်ဘူး။ သူ ဘာတွေ ပြောနေပြောနေ သူ မဟုတ်နိုင်ဘူး။ အမှုက တဖြည်းဖြည်းနဲ့ စိတ်ဓာတ်ကျချင်စရာ ဖြစ်လာတယ်။ ဒါပေမဲ့ စိတ်ကူးယဉ်လို့လည်း ကောင်းလာတယ်။ လူသတ်သမားဟာ ဝတ္ထုဆန်ဆန် အိပ်မက်တွေ မက်ခဲ့တယ်။ နည်းမျိုးစုံ တွေးပြီး စိတ်ရှုပ်နေတယ်၊ သောကရောက်နေတယ်။ ဆုံးဖြတ်ချက်တော့ ချပြီးပြီ။ ဒါပေမဲ့ မျှော်စင်ပေါ်က ပြုတ်ကျတဲ့လူလို ဖြစ်နေတယ်။ လူသတ်မှု ကျူးလွန်မယ့်ဆဲဆဲမှာ သူ့ ခြေထောက်ပေါ် သူ ရပ်တာ မဟုတ်သလိုပဲ။ အခန်းတံခါးကို ပိတ်ဖို့ သူ မေ့သွားတယ်။ ဒါပေမဲ့ သတ်တော့ သတ်ဖြစ်လိုက်တယ်။ နှစ်ယောက်စလုံး သတ်လိုက်တာ။ တွက်ကြည့် တော့ ဒီအတိုင်း အဖြေထွက်တယ်။ အဘွားကြီးညီအစ်မကို သတ်ပြီး ပိုက်ဆံကျတော့ ယူ မသွားဘူး။

အိတ်ကလေးတလုံး ဆွဲပြီး ကျောက်တုံးအောက်မှာ သွားဝှက်ထားတယ်။ အခန်းတံခါးနောက်မှာ သူ ရပ်နေတုန်း တံခါးကို အပြင်က တအားထုသံ ကြားတယ်။ ခေါင်းလောင်းကြိုး ဆွဲတယ်။ သူ မခံနိုင်လောက်အောင် စိတ်ချောက်ချားသွားတယ်။ ခေါင်းလောင်းသံနဲ့ တံခါးထုသံ ငြိမ်သွားတော့မှ သူ ထွက်လာပြီး အခန်းလွတ်တခုထဲမှာ ဝင်ခိုနေလိုက်တယ်။ အဲဒီအချိန်မှာ ကယောင်ကတမ်းဖြစ်နေပြီ။ အရူးအမူး စိတ်လှုပ်ရှားနေပြီ။ အဲဒီ ခေါင်းလောင်းသံပြန်ကြားယောင်တိုင်း ကျောထဲ စိမ့်စိမ့်သွားတယ်။ အဲဒီအချိန်က သူ အပြင်းဖျားနေတယ် ဆိုပါတော့။ ဒါပေမဲ့ ကျုပ်တို့အတွက်တော့ ဘာကြောင့်သတ်သတ် သူဟာ လူသတ်သမားပဲ။ ဒါပေမဲ့ သူ့ကိုယ်သူ လူရိုးလူဖြောင့်တယောက်လို သူက မြင်နေတယ်။ တပြိုင်တည်း မှာ တခြားလူတွေကိုတော့ ဖွဲ့နဲ့ ဆန်ကွဲလို သဘောထားတယ်။ ပြီးတော့ သူတော်စင်တပါးလို လျှောက်သွားနေတယ်။ ဒီမယ် ရိုဒီယွန်၊ နီကိုလေ မဟုတ်ဘူး။ နီကိုလေနဲ့ ဘာမှ မဆိုင်ဘူး”

ရပ်စ်ကိုလ်နီကော့ဗ် ဆောက်တည်ရာမရ ဖြစ်သွားသည်။ တကိုယ်လုံး အေးစက် သွားသည်။ လုံးဝ မမျှော်လင့်သည့် စကား ဖြစ်၍။ သူ ဣန္ဒြေမဆောင်နိုင်တော့ပြီ။ တစ်ဆို့ဆို့ အသံဖြင့် မေးလိုက်သည်။

“ဒါဆို… ဒါဆို… သူတို့ကို ဘယ်သူ သတ်တာလဲ"

ပေါ်ဖီရဲ့ခန္ဓာကိုယ်ကြီး ကုလားထိုင်နောက်မှီကို ကပ်သွားသည်။ သူ့မေးခွန်းကို အံ့သြလွန်း၍ ဖြစ်၏။ သူ့ နားကို သူ မယုံနိုင်အောင် ဖြစ်သွားပြီး ပြန်မေးသည်။

“သူတို့ကို ဘယ်သူ သတ်တာလဲ၊ ဟုတ်လား… ကိုရင် သတ်တာလေ”

သူက သိပ်သေချာသည့်သဘောဖြင့် တိုးတိုးလေး ပြောလိုက်ခြင်း ဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဆိုဖာပေါ်မှ ခုန်ထလိုက်သည်။ပြီးတော့ ဘာမှမပြောဘဲ ပြန်ထိုင်ချလိုက်သည်။ သူ့ မျက်နှာမှ အကြောပေါင်းစုံ တဒင်္ဂ ရှုံ့တွသွားသည်။

ပေါ်ဖီရီက ကရုဏာသံဖြင့် ပြောသည်။

“ကိုရင့် နှုတ်ခမ်းတွေ ဟိုနေ့ကအတိုင်း ဆတ်ဆတ်တုန်နေတယ်''

ပေါ်ဖီရီ၏ လေသံတွင် ကရုဏာ အငွေ့အသက်များပင် ပါနေသည်။

“ဒီမယ် ရိုဒီယွန်၊ ကိုရင် ကျုပ်ကို သေသေချာချာ နားမလည်သေးဘဲကိုး။

ဒါကြောင့် အရမ်း အံ့သြနေတာ ဖြစ်ရမယ်။ ကျုပ် ဒီတခါ အိတ်သွန်ဖာမှောက် ပြောတော့မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာ”

“မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး''

ခိုးထုပ်ခိုးထည်နှင့် အမိခံရသည့် ကလေးလေးပမာ တိုးတိုးပြောရှာသည်။

“မဟုတ်ဘူး ရိုဒီယွန်။ ကိုရင်မှ ကိုရင် အစစ်။ ဘယ်သူမှ မဟုတ်ဘူး”

ပေါ်ဖီရီကလည်း တိုးတိုးလေး ပြန်ပြောသည်။ သို့သော် သူ့လေသံက အခိုင်အမာ။ နှစ်ယောက်သား ဆယ်မိနစ်မျှ စကားမဆက်ကြဘဲ ငြိမ်သွားသည်။ ထူးဆန်းသော တိတ်ဆိတ်မှုမျိုး။ ရပ်စ်ကိုလ်နီကော့ဗ်က စားပွဲပေါ် တံတောင်နှစ်ဖက် ထောက်ပြီး ဆံပင် တွေကို ထိုးဖွနေသည်။ ပေါ်ဖီရီ အသာစောင့်ကြည့်နေသည်။

နောက်ဆုံးမှရပ်စ်ကိုလ်နီကော့ဗ်ရုတ်ခြည်းခေါင်းထောင်လာပြီးအပေါ်စီးလေသံ ဖြင့် ပြောလိုက်သည်။

“ခင်ဗျားရဲ့ တောရမ်းပယ်ဖွဲ့၊ စိတ္တဗေဒသီအိုရီတွေ ခင်ဗျား ခုထိ အဟုတ်ကြီး ထင်တုန်းလား။ စိတ်မပျက်သေးဘူးလား”

“သီအိုရီတွေကို ဂရုစိုက်စရာ မလိုတော့ဘူးလေ။ အနားမှာ တယောက်ယောက် ရှိနေရင် တမျိုးပေါ့။ ကိုယ်တို့ နှစ်ယောက် နှစ်ကိုယ်ကြား ပြောနေကြတာပဲ။ ကျုပ်က ယုန်ကလေးတကောင်ကို လိုက်ဖမ်းသလို ဖမ်းဖို့ရောက်လာတာ မဟုတ်ဘူး ဆိုတာ ကိုရင် သိလောက်ရောပေါ့။ ကိုရင် ဖြောင့်ချက်ပေးပေး၊ မပေးပေး ခုလောလောဆယ် ကျုပ်အတွက် အရေးမကြီးဘူး။ ကိုရင့်ဖြောင့်ချက် မပါလည်း ကျုပ်က သေသေချာချာ သိနေပြီပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က အောင့်သက်သက် လေသံဖြင့်-

“ဒါနဲ့များဗျာ။ တကူးတက ဘာလို့ လာနေသေးလဲ။ မေးပြီးသား မေးခွန်းကိုပဲ ကျွန်တော် ထပ်မေးမယ်။ ကျွန်တော့်မှာ အပြစ်ရှိတယ်လို့ ထင်ရင် ခင်ဗျား ဘာလို့ ဖမ်းမချုပ် သေးတာလဲ”

“အင်းဗျာ၊ ကောင်းလိုက်တဲ့ မေးခွန်း၊ ကျုပ် တချက်ချင်း ဖြေမယ်။ လောလောဆယ် ကိုရင့်ကို ဖမ်းဖို့ ကျုပ် စိတ်မဝင်စားဘူး”

“ဟင်… ခင်ဗျား သေသေချာချာ သိထားတယ် ဆို။ ဒါဆို ဖမ်း …”

“အို… သိတာက သိတာပဲ။ ကျုပ်က အိပ်မက်မက်နေတာ ဖြစ်ချင် ဖြစ်မှာပေါ့။ နောက်တခုက ကိုရင့်ကို ဘာလို့ ကျုပ်က လုံခြုံတဲ့ နေရာကို

ပို့ထားရမှာလဲ။ ကိုရင်က တောင်းဆိုလာတာနော်။ အထောက်အထားအဖြစ် ဟိုသားရေနယ်သမားကို ခေါ်ထုတ်လာရင် ကိုရင် သူ့ကို ဘာပြောမလဲ။ 'အဲဒီတုန်းက ခင်ဗျား မူးနေသလား၊ ခင်ဗျားနဲ့ ကျွန်တော့်ကို ဘယ်သူ မြင်သွားသလဲ၊ ကျွန်တော်ကတော့ ခင်ဗျား မူးနေတယ် ထင်တာပဲ။ တကယ် မူးနေ တာ မဟုတ်လား' ကိုရင်က ဒါမျိုးတွေ မေးနေရင် ကျုပ်က ဘာဝင်ပြောရမလဲ။ ကိုရင် ပြော တာက သူ ပြောတာထက် ပိုသဘာဝကျနေတာပဲ။ သူပြောတာ ထင်မြင်ချက် သက်သက်ပဲ ဒီလို ရုပ်ရည်ပိုင်ရှင်မျိုးဆီက ရတဲ့ အချက်အလက်ကလည်း အကိုးအထောက် မဖြစ်လောက် ပါဘူး။ သူ့ကို ကိုရင် ကောင်းကောင်း ကိုင်နိုင်မှာပါ။ သူက နာမည်ပျက်နဲ့ လူဆိုးလူပေပဲ။ ငမူးပဲ။ ကိုရင့်ကို ကျုပ် မကြာမကြာ ပြောဖူးပါတယ်။ စိတ်ပညာ ဆိုတာ အဖြေနှစ်မျိုး ထွက် တာချည်းပဲလို့။ တခုက နောက် တခုထက် ပိုကောင်းတာချည်းပဲလေ။ ခုအချိန်အထိတော့ ကိုရင်နဲ့ ကျုပ် ထိပ်တိုက်တွေ့စရာ မရှိပါဘူး။ ဖမ်းရဆီးရမယ့် အပိုင်းက တပိုင်းပေါ့လေ။ အဲဒီအခါမှာလည်း ကျုပ်ကိုယ်တိုင် လာမှာပါ။ အားလုံးကို ကြိုကြိုတင်တင် ပြောပါ့မယ်။ ကျုပ်ကိုယ်တိုင် ပြောပါ့မယ်။ (အဲဒီလို အစဉ်အလာမျိုးလည်း မရှိခဲ့ပါဘူး) အဲဒီအတွက် ကျုပ် ဘာမှ မျှော်ကိုးပြီး လုပ်တာ မဟုတ်ဘူးနော်။ နောက် ဒုတိယတချက်က ဘာပြုလို့ ကိုရင့်ဆီ ကျုပ် လာခဲ့သလဲဆိုရင် ..."

"အင်း.. ဆိုပါဦး ဒုတိယအချက်"

ရပ်စ်ကိုလ်နီကော့ဗ် အသက်ရှုလို့ မဝသေးပေ။

"ဘာပြုလို့လဲ ဆိုတော့ စောစောက ပြောခဲ့သလို ကိုရင့်ကို ရှင်းပြဖို့ ကျုပ်မှာ တာဝန် ရှိတယ် ထင်နေလို့။ ကျုပ်ကို အရာရှိဆိုးတယောက်အဖြစ် မမြင်စေချင်လို့။ ဒါကြောင့် ကျုပ် အသေးစိတ် ရှင်းပြနေတာ။ ယုံမလားတော့ မသိဘူး။ အဲဒီ အကျိုးကျေးဇူးကြောင့်... အဲ... နံပါတ်သုံး၊ ကျုပ်က အပွင့်လင်းဆုံး၊ အရိုးသားဆုံးနဲ့ လာဆွေးနွေးတာ။ ဒါကြောင့် ကိုရင့်ဘက်က လျှော့သင့်ပြီ၊ ဝန်ခံသင့်ပြီ။ ဒါမှ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ၊ ပြေလည်မှာ။ ကဲ... ကျုပ်ဘက်က မပွင့်လင်းဘူးလား၊ ပြော"

ရပ်စ်ကိုလ်နီကော့ဗ် တမိနစ်ခန့် စဉ်းစားသည်။

"ဒီမယ် ပေါ်ဖီရီ၊ ခင်ဗျား ခုပဲ ပြောသွားတယ်။ ခင်ဗျားမှာ လက်ဆုပ်လက်ကိုင် ဘာမှ မရှိဘူးတဲ့။ စိတ်ပညာသဘောနဲ့ အဖြေထုတ်ထားတာပဲ ရှိတယ်တဲ့။ ခုတော့ ခင်ဗျားက သင်္ချာနည်းနဲ့ တွက်နေတာ ပါလားဗျ။ ခင်ဗျားအဖြေတွေ မှန်မယ်လို့ ဘယ်လို သက်သေ ပြမလဲ"

"ကျုပ် မမှားဘူး ရိုဒီယွန်။ ကျုပ်မှာ မြှုပ်ကွက်ကလေး တခု ရှိတယ်။ ကံအားလျော်စွာ ရထားတဲ့ လျှို့ဝှက်ချက် သေးသေးကလေး"

“ဘာလျှို့ဝှက်ချက်လဲဗျ'

“ဘယ်ပြောလို့ ဖြစ်မလဲ ရိုဒီယွန်။ ဒါပေမဲ့ အကြာကြီး ကျုပ်မှာ လျှို့ဝှက်ထားခွင့် မရှိပါဘူး။ ဖမ်းတော့ ဖမ်းရမှာပဲ။ ကိုရင် စဉ်းစားလေ။ ကျုပ်အတွက်က ဘာမှ မထူးဘူး။ ကိုရင့်အတွက် ပြောနေတာ။ ကျုပ်ပြောတာ ယုံပါ ရိုဒီယွန်’

ရပ်စ်ကိုလ်နီကော့ဗ်က ခါးသီးစွာ ပြုံးလိုက်သည်။

“တော်တော်ရယ်ရတာပဲ။ ကျွန်တော့်မှာ အပြစ် ရှိချင် ရှိမယ်။ ဒါပေမဲ့ ကျွန်တော် ဝန်မခံဘူး၊ ဘာဖြစ်လဲ။ ဘာကြောင့် ဝန်ခံရမှာလဲ။ ပြီးတော့ ကျွန်တော့်အတွက် ထောင်ထဲ မှာ ပိုပြီး အနားရမယ်၊ လုံခြုံမယ်တဲ့”

“ဟာ... ရိုဒီယွန်၊ စကားလုံးတိုင်း အဓိပ္ပာယ် အတိအကျ မယူနဲ့လေ။ ထောင်ပါ ဆိုမှ အနားယူစခန်းတော့ ဘယ်ဟုတ်မလဲ။ ကျုပ်က ကျုပ်အထင် ပြောတာ။ အဲဒီအပိုင်းက ကျုပ်အပိုင်း မဟုတ်ပေဘူးဗျ။ ခုပဲကြည့်လေ၊ ကိုရင့်ကို ကျုပ် ဖွင့်မပြောရသေးတာတွေ ရှိနေသေးတယ်။ အကုန်လုံး ပြောလို့ မဖြစ်ဘူးလေ။ ဟဲ... ဟဲ၊ ကိုရင်က ကျုပ်ပြောတာကို ဘာကြောင့် သဘောမတူတာလဲ။ ကျုပ်စကား နားထောင်ရင် ပြစ်ဒဏ် လျှော့ပေါ့နိုင်တယ် ဆိုတာကို ကိုရင် သဘောမပေါက်ဘူးလား။ ခပ်မြန်မြန် ဖြောင့်ချက်ပေးနိုင်ရင် ကိုရင့်အတွက် အခွင့်ကောင်းပဲ။ ဟို တခြားတယောက်က ဖြောင့်ချက်ပေးပြီးသားကို သူ မဟုတ်ဘူး၊ ကျွန်တော်ပါလို့ ကိုရင် ထပ်ပြီး ဖြောင့်ချက်ပေးလိုက်ရင် အားလုံး မျက်လုံးပြူးသွားမယ်။ ကျုပ် ကျိန်ပြောမယ်။ အားလုံး အံ့ဩသွားမယ်။ အဲဒီအခါမှာ ကျုပ်တို့ရဲ့ စိတ်ပညာရှုထောင့် သံသယတွေလည်း ရှင်းသွားလိမ့်မယ်။ ကိုရင့်အမှုဟာလည်း ယာယီ စိတ်ချို့ယွင်းမှုအဖြစ် ပုံပြောင်းသွားနိုင်တယ်။ တကယ်လည်း အဲဒီအတိုင်း ဖြစ်ခဲ့တာ။ ကျုပ်က လူရိုး လူဖြောင့် ပါဗျာ။ ကျုပ်စကား တည်စေရပါ့မယ်”

ရပ်စ်ကိုလ်နီကော့ဗ် ခေါင်းငိုက်စိုက်ချပြီး ငြိမ်နေသည်။ အကြာကြီး စဉ်းစားနေပြီး မှ ပြုံးလာပြန်သည်။ ဆွေးဆွေးမြည့်မြည့် အပြုံး။ ညင်ညင်သာသာ အပြုံး။

“မဖြစ်ပါဘူးဗျာ။ အဓိပ္ပာယ် မရှိပါဘူး။ ပြစ်ဒဏ်လျှော့ပေါ့တာတွေ ဘာတွေ ကျွန်တော် ဂရုမစိုက်ပါဘူး”

“ကျုပ်ကလည်း အဲဒီကိစ္စဆိုရင် ဂရုမစိုက်မှာ တွေးပူနေတာ”

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို ဆွေးရိပ်သမ်းနေသော မျက်နှာဖြင့်

ငေးကြည့်နေသည် ပေါ်ဖီရီ စကားဆက်သည်။

"ဘဝကို သိပ်စိတ်မပျက်ပါနဲ့ ကိုယ့်လူရာ။ ကိုရင့်မှာ ရှေ့ဆက်ပြီး လူလုပ်ဖို့အနာဂတ် ရှိနေတာပဲ။ ဘာပြုလို့ ပြစ်ဒဏ် လျှော့ပေါ့တာကို ဂရုမစိုက်ရမှာလဲ။ စိတ်အေးအေး ထားမှ ပေါ့"

"ကျွန်တော့်မှာ ဘာအနာဂတ် ရှိလို့လဲ"

"ဘဝ ဆိုတဲ့ အနာဂတ်ပေါ့။ ကိုရင်ဟာ ပညာတတ် တယောက်ပါ။ ဘဝအဓိပ္ပာယ် ကို ရှာပါ။ ဘုရားသခင်က ကိုရင့်ကို စောင့်နေမှာပါ"

ရပ်စ်ကိုလ်နီကော့ဗ် ရယ်သည်။

"ပြစ်ဒဏ်ကို လျှော့ပေါ့လို့ ရတယ်တဲ့၊ ဟုတ်လား"

"ရတာပေါ့၊ သိပ်ရတာပေါ့။ ဖြောင့်ချက်ပေးရမှာ ကိုရင် တွေးကြောက်နေလား၊ ရှက်နေလား။ ကိုယ့်ကိုယ်ကိုယ် ကြောက်မှန်းမသိ တွေးကြောက်နေတာ ဖြစ်နိုင်တယ်။ အဲဒါ ဘူဇဝါဉာဉ်ပါ။ အပြစ်ကို ဝန်ခံဖို့ ဘာလို့ ရှက်ရမှာလဲ။ ကိုရင့်အသက် ငယ်ငယ်လေး ရှိသေးတယ်"

"အဓိပ္ပာယ် မရှိတာတွေဗျာ၊ သွားစမ်းပါ"

သူ စိတ်ပျက်လက်ပျက် ပြန်ပြောသည်။ သူနှင့် စကားပြောချင်စိတ်ပင် မရှိတော့။ ထဖို့ ဟန်ပြင်ပြီးမှ စိတ်ပျက်လက်ပျက် ပြန်ထိုင်ချလိုက်သည်။ တနေရာရာကို ထွက်သွား ချင်နေပြီ။

"အဓိပ္ပာယ် မရှိဘူး ထင်ချင် ထင်လေ။ ကျုပ်က ကိုရင့်ကို မြှောက်ပင့်ပြောနေတယ် လို့ကိုရင် ထင်နေတယ်။ ကိုရင် အရွယ်ရောက်လာတာ ဘယ်လောက်ကြာပြီလဲ။ ဘဝအကြောင်း ဘယ်လောက် သိထားပြီလဲ။ ကိုရင်က သီအိုရီတခု ထုတ်တယ်။ ကိုယ်ပိုင် သီအိုရီ မဟုတ်မှန်း သိတော့ ကိုရင် ပယ်ချလိုက်တယ်။ စိတ်ပျက်သွားတယ်။ တန်ဖိုးမရှိဘူးလို့ ထင်သွားတယ်။ ဒါပေမဲ့ ကိုရင် ထင်သလောက် တန်ဖိုးမမဲ့ဘူး။ ဒါပေမဲ့ ကိုရင် အကြာအမြင့်ကြီး တနေရာကို ခုန်ကူးသွားပြန်တယ်။ ကိုရင့်ကို ကျုပ် ဘယ်လို မြင်နေသလဲ၊ သိလား။ အူတွေ အခွေလိုက် ဆွဲထုတ်ခံရပြီးတဲ့နောက်မှာ လူသတ်သမားတွေကို မြဲမြဲမြံမြံ ရပ်ပြီး ပြုံးကြည့်နေနိုင်တဲ့ လူစားမျိုးလို့ မြင်ထားတာဗျ။ သူတို့သာ ဘုရားသခင်ကို တွေ့သွားမယ် ဆိုရင်ပေါ့လေ။ မတွေ့ သေးရင်လည်း တွေ့အောင်ရှာ။ အဲဒါဆို ကိုရင် မသေတော့ဘူး။ ကိုရင့်မှာ လိုအပ်နေတာက လေကောင်းလေသန့် ရှူဖို့ပဲ။ ဒုက္ခဝေဒနာ ခံစားရတာလည်း တမျိုးကောင်းတာပဲ။ ဒါကြောင့် နီကိုလေလည်း ခံစားချင်တာ ဖြစ်နိုင်တယ်။ ယုံကြည်မှု တခုခုရဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး။ အဲဒါ

ကျုပ် သိတယ်။ ဒါပေမဲ့ သိပ်အလေးအနက် မထားပါနဲ့။ ဘဝဆီကို တည့်တည့်သာ လျှောက်သွား။ ဘာမှ မပူနဲ့။ တဖက်ကမ်းမှာ ခြေချမိမှာပဲ။ အဲဒီတဖက်ကမ်း ဆိုတာ ဘယ်လို နေရာမျိုးလဲ ဆိုတာတော့ ကျုပ် မသိဘူး။ ကျုပ်သိတာ တခုပဲ။ ကိုရင့်ရှေ့မှာ ဘဝ မိုးကုပ် စက်ဝိုင်းဟာ တပြန့်တပြောကြီး ရှိတယ်။ ကျုပ် ပြောတာတွေ ကိုရင် လက်ခံနိုင်မှာပါ။ လက်မခံသည့်တိုင်အောင် သတိရနေမှာပါ။ အသုံးကျမှာပါ။ ဒါကြောင့် တမင်ပြောနေတာ။ ကိုရင် လူသတ်မှုဖြစ်တာ ကောင်းသွားတယ်။ တခြားအတွေးတခု ခေါင်းထဲ ဝင်သွားရင် ဒါထက် ဆိုးတဲ့၊ မတွေးရဲလောက်အောင် ဆိုးတဲ့ ပြစ်မှုတွေ ကိုရင် ကျူးလွန်နိုင်တယ်။ ဒါကြောင့် ဘုရားသခင်ကို ကျေးဇူးတင်သင့်တယ်။ ဘုရားသခင် ကယ်တော်မူလို့ ဒီထက်ဆိုးတဲ့ အမှု တွေ မကျူးလွန်ခဲ့တာလို့ ပြောလို့ မရဘူးလား။ စိတ်ခိုင်ခိုင်ထားပါ။ ဘာမှ မကြောက်နဲ့။ အရင်တုန်းက ကိုရင် သတ္တိကောင်းပါတယ်။ ဘာပြုလို့ ခုမှ သူရဲဘောကြောင်နေတာလဲ။ ဒီအဆင့်အထိ ရောက်လာမှတော့ ခေါင်းမော့ထားစမ်းပါ။ ခုဟာက တရားဥပဒေရဲ့ နယ်ပယ် ထဲ ရောက်နေပြီ။ တရားဥပဒေက ဘာပြောမလဲ။ ပြောတဲ့အတိုင်း ကိုရင် လုပ်ရုံပဲ ရှိတယ်။ ကျုပ် ပြောတာကို ကိုရင် လက်မခံမှန်း သိပါတယ်။ ဒါပေမဲ့ ဘုရားသခင်က လုပ်သင့်လုပ်ထိုက်တာ ကိုရင့်ကို ညွှန်ပြပါလိမ့်မယ်။ အဲဒီအခါ ကိုရင် သဘောကျသွားမှာပါ။ လောလော ဆယ်တော့ ကိုရင့်မှာ လိုအပ်နေတာက လေ၊ လေပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က ဆတ်ခနဲ ခေါင်းထောင်လာပြီး-

“နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ။ ဘယ်လို ပုရောဟိတ်မျိုးလဲ။ ဟောတဲ့ တရား တွေက မြင့်လှချည်လား”

“ကျုပ် ဘယ်သူလဲ၊ ဟုတ်လား။ ကျုပ်က ဘဝဆုံးနေတဲ့ကောင်။ ဒါပဲလေ။ ဒါပေမဲ့ အကြွင်နာတရား ရှိတယ်။ လေးနက်မှု ရှိတယ်။ တခုခု သိထားတယ်ပေါ့။ ဒါပေမဲ့ ပြီးသွားပြီ။ ကျုပ်မှာ အနာဂတ်မရှိတော့ဘူး။ ကိုရင်နဲ့ တခြားစီ။ ဘုရားသခင်က ကိုရင့်အတွက် ဘဝ တခု ပြင်ဆင်ထားပေးတယ်။ (ဒါပေမဲ့ ဘာမှ ဖြစ်မလာဘဲ မီးခိုးငွေ့လို လွင့်ပြယ်သွားတာ မျိုးလည်း ဖြစ်နိုင်တယ်) ထူးခြားတဲ့ လူ့အဆင့်အတန်း တမျိုးမျိုးထဲ ရောက်သွားတာမျိုး လည်း ဖြစ်နိုင်တယ်။ ဘာဖြစ်ဖြစ် အကြောင်းလား။ ကိုရင့်လို နှလုံးသားမျိုး ရှိတဲ့ လူ တယောက်ဟာ စိတ်ရဲ့ငြိမ်းချမ်းမှုကို ရမှာပါ။ လူတွေနဲ့ အကြာကြီး ခွဲနေရတော့ကော ဘာဖြစ်သေးလဲ။ အရေးကြီးတာက ကိုရင် ကိုယ်တိုင်ပဲ။ အချိန်ကာလ မဟုတ်ဘူး။ နေမင်း ဖြစ်လာရင် ကိုရင့်ကို လူတိုင်း မော့ကြည့်ကြမှာပဲ။ နေဟာ နေပဲကိုး။ ဘာနဲ့မှ ယှဉ်လို့ မရဘူး။ ကိုရင် ပြုံးပြန်ပြီ။ ဘာလဲ... ကိုယ့်ကို **ရှီလာ**66* ထင်သွားပြီလား။ ကိုရင့်ကို မြှောက်ပင့်နေတယ် ထင်လို့လား။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ ဟဲ...

ဟဲ... ကိုယ် ပြောတိုင်းလည်း မယုံနဲ့ပေါ့။ နောက်ဆုံး ပြောချင်တာကတော့ ကိုယ်ဟာ အောက်တန်းကျပေမယ့် ရိုးသားပါ တယ် ဆိုတာပါပဲ”

“ခင်ဗျား ကျွန်တော့်ကို ဘယ်တော့ ဖမ်းမှာလဲ”

“အို... အေးအေးဆေးဆေးပါ။ တရက်၊ နှစ်ရက် လျှောက်လည်နေဦးပေါ့။ သေသေ ချာချာ စဉ်းစားနော် သူငယ်ချင်း။ ဘုရားသခင်ကို အာရုံပြု၊ ကိုရင့်အတွက် အကောင်းဆုံး အခွင့်အရေးပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က မပြုံးဖူးသော အပြုံးမျိုး ပြုံးကာ မေးလိုက်သည်။

“ကျွန်တော် ထွက်ပြေးသွားရင်ကောဗျာ”

“ကိုရင် မပြေးပါဘူး။ စာမတတ်တဲ့ တောသားတယောက် ဆိုရင် ပြေးချင် ပြေးမှာ ပေါ့။ အရေခြုံ ဘာသာရေးသမားတယောက် ဆိုရင် ပြေးချင် ပြေးမှာပေါ့။ ဒါပေမဲ့ တခု တော့ ရှိတယ်။ ကိုရင်က ကိုရင် ထုတ်ထားတဲ့ သီအိုရီကို မယုံတော့ဘူး။ ထွက်ပြေးလို့ ဘာ အကြောင်းထူးမှာလဲ။ ဝရမ်းပြေးဘဝနဲ့ ကိုရင် ဘာလုပ်နိုင်မှာလဲ။ ဘယ်လိုမှ မလွယ်ပါဘူး။ ကိုရင့်မှာ အလိုအပ်ဆုံးက ဘဝတခုနဲ့ တိကျတဲ့ အနေအထားတခုပဲ။ ပြီးတော့ ရှူဖို့ “လေ”။ ကိုရင် ထွက်ပြေးရင်လည်း ပြန်ရောက်လာမှာပဲ။ ကိုယ်တို့မပါဘဲ ကိုရင် မရပ်တည်နိုင်ပါဘူး။ ကိုရင့်ကို ထောင်ထဲ ထည့်ထားလိုက်ရင် တလ၊ နှစ်လ၊ ဒါမှမဟုတ် သုံးလလောက် ဆိုရင် ကိုရင် နေသားကျသွားမှာ။ ကိုယ့်ကိုယ်ကိုယ် ရှာဖွေတွေ့ရှိလာမှာ။ ကိုယ် ပြောတာ ယုံပါ ရှိဒီယွန်။ အဲဒီအခါမှာ ကိုရင် မလွဲမသွေ ဖြောင့်ချက်ပေးလာမှာပါ။ ကိုယ် ယုံပါတယ်။ မျိုသိပ် စိတ်ဝေဒနာကို ကိုရင် ထွေးပိုက်လာရတော့မှာလေ။ ခုတော့ ကိုယ် ပြောတာတွေကို ကိုရင် လက်ခံမှာ မဟုတ်သေးဘူး။ ဒါပေမဲ့ တနေ့နေ့ တချိန်ချိန်မှာ လက်ခံလာရမှာပါ။ ဘာပြု လို့လဲ သိလား။ ဝေဒနာခံစားမှုဟာ သိပ်ကြီးကျယ်တယ်။ အဲဒါကို ကိုယ် သိနေတယ်။ ဝေဒနာခံစားမှု အကြောင်းလေ။ နီကိုလေ မှန်တယ်။ ဟင့်အင်း... ကိုရင် ဘယ်နည်းနဲ့မှ ထွက် မပြေးပါဘူး”

ရပ်စ်ကိုလ်နီကော့ဗ် ထရပ်သည်။ ဦးထုပ်ကို ကောက်ယူသည်။ ပေါ်ဖီရီပီထရိုဗစ်ချ် လည်း ထလိုက်သည်။ “လမ်းလျှောက်မလို့လား၊ ရာသီဥတု ကောင်းနေတယ်နော်၊ လေကောင်းလေသန့် ရမှာပါ”

ပြောပြီး သူလည်း ဦးထုပ်ကို ကောက်ယူသည်။ ရပ်စ်ကိုလ်နီကော့ဗ်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

“ဒီမယ် ပေါ်ဖီရီပီထရိုဗစ်ချ်။ ကျွန်တော် ခင်ဗျားကို ဖြောင့်ချက်ပေးတယ်လို့ လုံးဝ မထင်နဲ့နော်။ ခင်ဗျား ပြောတာတွေ ထူးဆန်းနေလို့ ကျွန်တော်က

နားထောင်နေတာ။ ဒါပေမဲ့ ကျွန်တော် ဘာမှ ဝန်မခံဘူးနော်။ ခင်ဗျား အဲဒါ မြဲမြဲမှတ်ထားပါ”

“ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ။ မြဲမြဲမှတ်ထားပါ့မယ်။ဒါပေမဲ့ ကိုရင် တုန်တုန်ယင်ယင် ဖြစ်နေတယ်နော်။ ကိစ္စမရှိဘူး သူငယ်ချင်း။ ကိုရင် ကြိုက်သလိုနေ။ လမ်းလေး ဘာလေး လျှောက်၊ သိပ်ဝေးဝေးကြီးတော့ မသွားနဲ့”

သူက အသံကို နှိမ့်ပြီး ဆက်ပြောသည်။

“တကယ်လို့များပေါ့လေ။ အဲ... ကြို တောင်းပန်စရာလေး တခုတော့ ရှိတယ်။ ဘာမှ မဟုတ်ပါဘူး။ ဒါပေမဲ့ အရေးတော့ ကြီးတယ်။ အဲ... အကယ်၍များပေါ့လေ။ ဖြစ် လာမယ်တော့ မထင်ပါဘူး။ (ကိုရင်က အဲဒီလိုလုပ်မယ့် လူစားမျိုးလို့ ကိုယ်မထင်ဘူး) အကယ်၍ ဒီ နာရီလေးငါးဆယ် အတွင်းမှာ စိတ်ပြောင်းသွားလို့ရှိရင်... ကိုယ့်ကိုယ်ကိုယ် လက်ထောင်ပြီး (အဲဒီလို ရယ်စရာကောင်းတဲ့ အကြံမျိုး ပေးမိတဲ့အတွက် ကိုယ့်ကိုတော့ ခွင့်လွှတ်မယ် ထင်ပါတယ်) စာလေး တကြောင်း၊ နှစ်ကြောင်း ရေးခဲ့ဖို့ပါပဲ။ ခပ်ရှင်းရှင်း ကလေးပေါ့။ ကျောက်တုံး ဘယ်မှာရှိတယ် ဆိုတဲ့ စာကြောင်းလေးပါ။ ကဲ... သွားမယ်နော်။ သေသေချာချာ စဉ်းစားနော်။ အားလုံး အဆင်ပြေသွားမှာပါ”

ပေါ်ဖီရီ အပြင်ထွက်သွားသည်။ခေါင်းငိုက်စိုက်ချပြီး လျှောက်သွားခြင်းဖြစ်၏။ ရပ်စ်ကိုလ်နီကော့ဗ်နှင့် မျက်နှာချင်း မဆိုင်ချင်တော့သည့် အလား။ ရပ်စ်ကိုလ်နီကော့ဗ်က ပြတင်းပေါက်တွင် သွားရပ်ပြီး သူ လမ်းမပေါ်ရောက်ချိန်ကို တွက်ရင်း အောင့်သက်သက်နှင့် စောင့်နေသည်။ ပြီးမှ အခန်းထဲက ခပ်သွက်သွက် ထွက်လာခဲ့သည်။

※※※

ဆမီဒရီဂေးလော့ဗ်အိမ်သို့ သူ သုတ်ခြေတင်နေသည်။ သူ့ဆီက ဘာအကူအညီ ရနိုင်မည်လဲ။ သူ မသိ။ သို့သော် သည်လူကြီးသည် မိမိအပေါ် မသိမြင်နိုင်စွမ်းသည့် ဩဇာလွှမ်းမိုးမှု တမျိုးမျိုး ရှိနေသည်ဟု ရပ်စ်ကိုလ်နီကော့ဗ် ခံစားနေရသည်။ ခုတော့ သဘောပေါက်ပြီ။ သူ့တွင် နားချိန် မရှိတော့ပြီ။ အချိန်ကျပြီ မဟုတ်လား။

မေးခွန်းတခုက သူ့ကို ခြောက်လှန့်နေသည်။ ဆမီဒရီဂေးလော့ဗ် တယောက် ပေါ်ဇီရီနှင့် တွေ့ပြီးပြီလား။

မဖြစ်နိုင်ဘူး။ ကြည့်ရသလောက် ပေါ်ဖီရီဆီ သူ မရောက်သေးဘူး။ ကျိန်ပြော ရဲတယ်။ သူ မရောက်သေးဘူး။ ပေါ်ဖီရီ ပြောသွားသည့် စကားတွေ ထောက်လျှင် သေချာ ပါသည်။ သူ မရောက်သေး။

ဒါဆို တချိန်ချိန်မှာ သူ သွားတွေ့ဖို့ ရှိသလား။ လောလောဆယ်တော့ သွားလိမ့်ဦး မည် မထင်။ ဘာကြောင့်လဲ ဆိုသည်ကိုတော့ သူ သေသေချာချာ မသိ။ အို... ဒီကိစ္စ ထားလိုက် ဦးမယ်။ လောလောဆယ် ဦးနှောက်ခြောက် မခံနိုင်သေးဘူး။ စိတ်အနှောင့်အယှက် အဖြစ် မခံနိုင်သေးဘူး။ သို့စင်လျက် စိတ်အနှောင့်အယှက် ဖြစ်နေရသည်။ ထူးတော့ ထူးဆန်းသည်။ ယုံဖို့ ခက်ခက်ပင်။ တကယ့် ကြက်ရေး၊ ငှက်ရေးထဲတွင် သိပ်ပူပူပင်ပင် မဖြစ်မိ။ ကိုယ်ကိုယ် တိုင် ဖြေရှင်းရမည့် ကိစ္စတခုက ခေါင်းထဲတွင် အချိန်ပြည့် လှုပ်ရှားနေသည် အချိန်ပြည့် နှိပ်စက်ကလူ ပြုနေသည်။ သို့သော် ခုရက်ပိုင်းအတွက် သည်နေ့မှ ထူးထူးခြားခြား သူ့စိတ် တွေ တည်ငြိမ်နေသည်။ ဖြစ်ပေါ်နေသည့် သေးသေးဖွဲဖွဲ အခက်အခဲကလေးများကို ကျော် လွှားဖို့ အကောင်းဆုံးအချိန် ဖြစ်လိမ့်မည်။ ဥပမာ– ဆမီဒရီဂေးလော့ဗ်ကို ပေါ်ဖီရီဆီ မသွား ဖြစ်အောင် အကွက်ဆင်ဖို့ ကိစ္စမျိုး။ ပြီးတော့ ဆမီဒရီဂေးလော့ဗ်အကြောင်း အချိန်ပေးပြီး စုံစမ်းဖို့၊ လေ့လာဖို့ ကိစ္စမျိုးကလေးတွေ။

စင်စစ် သူ မလုပ်ချင်ဆုံးကိစ္စ ဖြစ်၏။

သို့သော် သူ ရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေသည်။ သူ့ဆီက သတင်းထူး ကြားရမည်ဟု မျှော်လင့်ထားသည့်အလား။ လမ်းညွှန်မှုတမျိုးမျိုး ရနိုင်မည်လား။ ထွက် ပေါက်ကို သူ လမ်းညွှန်နိုင်မည်လား။ လူ့သဘာဝအရ ကောက်ရိုးမျှင်ကလေးကို လှမ်းဆွဲ ချင်သည့် ဆန္ဒ။ ခရီးဆုံးလား၊ ဗီဇစိတ်လား၊ သည်နှစ်မျိုးစလုံး သူ့ဆီ ရောက်လာခြင်းလား။ သူပင်ပန်း နွမ်းနယ်နေခြင်း ဖြစ်နိုင်သည်။ ငြီးငွေ့နေခြင်း ဖြစ်နိုင်သည်။ သူ့အတွက် လိုနေသည် မှာ

ဆဗီဒရီဂေးလော့ဗ် မဟုတ်။ နောက်တယောက် ဖြစ်သည်။ ဆဗီဒရီ ဂေးလော့ဗ်က မတော်တဆ ရောက်လာခြင်း ဖြစ်သည်။ သူ လိုအပ်သည်က ဆွန်ညာ။ ခုအချိန်ကျမှ ဆွန်ညာ့ ဆီ ဘာကြောင့် သွားမှာလဲ။ သူ မျက်ရည်ကျအောင် သွားလုပ်ဦးမှာလား။ ခုအချိန်တွင် ဆွန်ညာ့ ကို သူ ကြောက်နေသည်။ ဆွန်ညာသည် ပြင်လို့ မရတော့သည့် စာကြောင်း တကြောင်းလို သူ့ရှေ့တွင် ရပ်နေသည်။ လမ်းကိုတော့ လျှောက်ရမည်။ ကိုယ့်နည်း ကိုယ့်ဟန်အတိုင်း လျှောက်မည်လား၊ သူညွှန်သည့် လမ်းကို လျှောက်မည်လား။ လောလောဆယ်တော့ သူ့ကို မတွေ့ချင်သေး။ ဆဗီဒရီဂေးလော့ဗ် ဆီကိုပဲ သွားရမည်။ သူ့ကို တခုခုအတွက် အားကိုးရ လိမ့်မည်ဟု အစောကြီးကတည်းက သိထားကြောင်း ဝန်ခံရပေတော့မည်။

စဉ်းစားကြည့်သည်။ သူနှင့် မိမိကြားတွင် တူတာတွေ ဘာများရှိပါလိမ့်။ ဘာမှ မရှိ။ မကောင်းမှု ကျူးလွန်တာချင်းပင် မတူညီကြ။ ထိုလူကြီးသည် အလွန် မနှစ်မြို့ချင်စရာ ကောင်းသူကြီး ဖြစ်သည်။ စာရိတ္တလည်း မကောင်း။ ကောက်ကျစ်စဉ်းလဲမည့်ပုံ။ သူ့အကြောင်း ဇာတ်လမ်းတွေ အများကြီး ပျံ့နေသည်။ ကက်တာရီးနာအီဗန်နိုဗာ၏ ကလေးတွေအတွက် အကူအညီပေးတာကိုတော့ တွေးစရာ ရှိသည်။ သို့သော် ဘယ်ယုန် မြင်လို့ ဘယ်ချုံထွင်ခြင်းလဲ၊ ဘယ်သူမှ မသိနိုင်။ သူ့တွင် စီမံချက်တွေ၊ အကြံအစည်တွေက အပုံအပင် ရှိမည် မုချ။

သူနှင့်ပတ်သက်ပြီး ခုတလော စိတ်ထဲ မသိုးမသန့်ဖြစ်နေတာ ရှိသေးသည်။ သည်အတွေးကို ခေါင်းထဲက မောင်းထုတ်ပစ်လို့မရ ဖြစ်နေ၏။ ဒီလူကြီး မိမိကို စောင့်ကြည့် နေသည်ဟု စိတ်ထဲ စွဲနေသည်။ ခုပဲသူ့ကိုတနေရာရာမှ ချောင်းကြည့်နေပြီး သူ့အကြောင်းတွေ လေ့လာနေသည်ဟု ထင်လာသည်။ သူသည် တချိန်က ဒွန်ညာ့ကို အပိုင်ချိုင်ဖို့ ကြံရွယ်ခဲ့သူ ဖြစ်၏။ သူသည် မိမိ၏ လျှို့ဝှက်ချက်တွေကို အားလုံး သိထားသူ ဖြစ်နိုင်သည်။ သည်အတွက် သူက မိမိကို အပိုင်ကိုင်နိုင်သည်။

သည်အကြောင်း တွေးမိတိုင်း သူ စိတ်ဆင်းရဲရသည်။ အိပ်မက်ထဲအထိ သူ လိုက် အနှောင့်အယှက်ပေးသည်။ သည်လိုလူဆီကို သူ တည့်တည့်မတ်မတ် သွားနေရပြီ။ သည်လို အချိန်တွင်မှ သူ့ဆီ သွားနေရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်လာသည်။ သည် အတိုင်းဆိုလျှင် အရာရာတိုင်း အပြောင်းအလဲတွေ ဖြစ်ကုန်တော့မည်။ မိမိကိုယ်ပိုင် အခြေ အနေသည်ပင်လျှင် ပြောင်းသွားတော့မည်။ ဖြစ်ကြောင်းရယ် ကုန်စင်တွေကို ဒွန်ညာ့အား ဖွင့်ပြောရတော့မည်။ ဒွန်ညာ အလောတကြီး မဆုံးဖြတ်နိုင်အောင် ကိုယ့်ကိုယ်ကိုယ် စတေး ရတော့မည်။ စာ၊ စာ။ ဒီမနက် ဒွန်ညာ ရသည့် စာက ဘာသဘောလဲ။ ပီတာစဘတ်တွင် ဘယ်သူက သူ့ဆီ စာရေးမှာလဲ။ လူဇင် ဖြစ်နေမလား။ ရာဇူမီခင်က ဒွန်ညာ့ကို အကာအကွယ် ပေးဖို့ အားကိုးရသော်လည်း အခြေအနေ အသေးစိတ်တွေကို သူငယ်ချင်းဖြစ်သူ ဘာမျှ

မသိ။ ဒါတွေကို ရာဇူမီခင် သိအောင် ပြောဖို့ မိမိတာဝန်ပါလား။ သည်လို တွေးမိတော့ ခေါင်းထဲ နောက်ကျသွားသည်။

ဘာပဲဖြစ်ဖြစ် ဆဗီဒရီဂေးလော့ဗ်ကိုတော့ အမြန်ဆုံး သွားတွေ့ရမည်။ တော်ပါ သေးရဲ့။ သူနဲ့တွေ့ရင် အသေးစိတ်တွေ ပြောဖို့ မလိုဘူးလေ။ ဒါပေမဲ့ သူက စိတ်ချရပါ့မလား။ သူက ဒွန်ညာနဲ့ ပြန်ဆက်သွယ်ပြီး တခုခု ကြံစည်နေရင်ကော.. ။

သည်အကြောင်း စဉ်းစားမိတိုင်း တကိုယ်လုံး နှီးခွေသွားတတ်သည်။ သည်အတိုင်း ဖြစ်နေလျှင် သူ့ကို သတ်ပစ်ဖို့က လွဲပြီး ဘာမှ မရှိတော့ဘူး မဟုတ်လား။

ရုတ်ခြည်း ထွက်လာသည့် ဒေါသစိတ်ကြောင့် ရင်ထဲ နင့်သွားသည်။ လမ်းလယ် ကောင်တွင် ငေါင်ပြီး ရပ်နေမိသည်။ ပြီးတော့ ဟိုကြည့် သည်ကြည့် လုပ်နေ၏။ ဘယ်ဘက် ကို ဆက်သွားရမှာပါလိမ့်။ သူ ရောက်နေသည့် နေရာမှာ စျေးပိုင်းနှင့် သိပ်မဝေးတော့။ ဟင်... မဟုတ်ဘူး။ စျေးကို သူ ကျော်လျှောက်ခဲ့တာ။ လမ်းတဖက်မှ တိုက်ကြီးတလုံး၏ ဒုတိယ တထပ်လုံးမှာ အရက်ဆိုင်ဖြစ်သည်။ ပြတင်းပေါက်တွေအားလုံး ဖွင့်ထားသည်။ လူတွေ ပြည့်ကျပ်ပြီး ယောက်ယက်ခတ်နေသည်။ သီချင်းသံ၊ လေမှုတ်တူရိယာသံ၊ တယောသံတွေ အပြင်သို့ ပျံ့လွင့်ထွက်နေသည်။ ဘင်သံက တဒုန်းဒုန်း။ အမျိုးသမီးများ၏ သံစဉ်မြင့် သီချင်းသံမှာ လမ်းမပေါ်သို့တိုင် ပျံ့လွင့်နေသည်။ သည်နေရာကို ဘယ်လို ဘယ်လို ရောက် လာတာပါလိမ့်။ လှည့်ပြန်မည်လုပ်တော့မှ ပြတင်းပေါက်တခုတွင် ဆဗီဒရီဂေးလော့ဗ်ကို လှမ်းမြင်လိုက်သည်။ ဆေးတံခဲပြီး စားပွဲတလုံးတွင် ထိုင်နေသည်။ ရုတ်တရက် သူ လန့်သွားသည် ဆဗီဒရီ ဂေးလော့ဗ်က သူ့ကို အပေါ်မှ အကဲခတ်နေသည်။ အသာထ လစ်သွားဖို့စိတ်ကူး လိုက်သေး၏။ ရပ်စ်ကိုလ်နီကော့ဗ်ကလည်း သူ့ကို မမြင်ချင် ယောင်ဆောင်ပြီး ပြန်လှည့်ဖို့ စိတ်ကူးလိုက်သေး၏။ သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်နေပြီ။ သေချာပြီ။ ဆဗီဒရီဂေးလော့ဗ် လူမြင် မခံချင်။ သူ မြင်မှာ စိုးနေပုံ။ ဆေးတံချွတ်ပြီး မျက်နှာကို တဖက် လွှဲလိုက်သည်။ သို့သော် သူ့ကို ရပ်စ်ကိုလ်နီကော့ဗ် မြင်သွားမှန်း သိလိုက်၏။ သူတို့နှစ်ယောက် သည်နေ့ တွေ့ဆုံ ခန်းမှာ ရပ်စ်ကိုလ်နီကော့ဗ် အခန်းတွင် စတွေ့သည့်နေ့ကအတိုင်းပင်။ ဆဗီဒရီဂေးလော့ဗ်၏ စဉ်းလဲသည့်အပြုံးမှာ သူ့မျက်နှာတွင် ပို၍ပို၍ ကျယ်ပြန့်လာသည်။ နှစ်ယောက်သား တယောက် နှင့်တယောက် မြင်နေပြီးမှ မမြင်ဟန်ပြုနေကြသည်။ နောက်ဆုံးတွင် ဆဗီဒရီဂေးလော့ဗ်က ရယ်ချလိုက်တော့သည်။ ပြီးမှ ပြတင်းပေါက်က အောက်ငုံ့ပြီး လှမ်းအော်ခေါ်လိုက်သည်။

"ကဲ... ကိုယ့်လူ၊ တက်ခဲ့လေ။ ကျုပ် ဒီမှာ စောင့်နေမယ်"

ရပ်စ်ကိုလ်နီကော့ဗ် အရက်ဆိုင်ပေါ် တက်သွားသည်။

သူ ထိုင်နေသည့် အခန်းမှာ ခန်းမကြီးနှင့် ကပ်လျက် အခန်းကျဉ်းကလေး ဖြစ်သည် ခန်းမကြီးထဲတွင် လူတွေ အများကြီးထိုင်ပြီး သီချင်း နားထောင်နေကြသည်။ သံပြိုင် သီချင်းသံက စူးစူးဝါးဝါး။ တနေရာမှ ဘိလိယက်ဘောလုံးချင်း တိုးဖော့ တိုက်ခိုက်သံတွေ ကြားနေရ၏။ ဆဗီဒရီဂေးလော့ဗ်၏ ရှေ့မှ စားပွဲပေါ်တွင် ဖွင့်ပြီးသား ရှမ်ပိန်ပုလင်းနှင့် ဖန်ခွက်ထဲတွင် ရှမ်ပိန် တဝက် ကျန်နေသည်ကို တွေ့ရ၏။ အခန်းထဲတွင် လက်ဆွဲဘာဂျာ သမားကလေးတယောက် နှင့် သီချင်းသည်မကလေး တယောက်လည်း ရှိနေသည်။ ကောင်မလေး က ပါးအို့နီနီနှင့် ကျန်းမာသန်စွမ်းမည့် ပုံမျိုး။ ဆယ့်ရှစ်နှစ်ခန့် ရှိပြီး ဦးကုပ်တွင် ဖဲကြိုး ကလေး စည်းထားသည်။ ဟိုဘက်ခန်းက သံပြိုင်ဆိုသံကို ကျော်နိုင်အောင် သံစဉ်မြင့်တေး ကို ကြိုးစားပမ်းစား ဆိုနေသည်။ လက်ဆွဲဘာဂျာဆရာကလည်း လက်စွမ်းပြနေ၏။

ရပ်စ်ကိုလ်နီကော့ဗ် ဝင်လာတော့ ဆဗီဒရီဂေးလော့ဗ်က လှမ်းပြောသည်။

"ကဲ… တော်လောက်ပါပြီကွာ"

ကလေးမက အဆိုရပ်ပြီး ရိုသေစွာဖြင့် ခါးဆန့်ကာ မတ်တတ်ရပ် စောင့်နေသည်။

"ဟေး… ဖီးလစ်၊ ဖန်ခွက်တလုံး ယူခဲ့လေ"

ဆဗီဒရီဂေးလော့ဗ်က လှမ်းအော်လိုက်သည်။

"ကျွန်တော် မသောက်ဘူးနော်"

ရပ်စ်ကိုလ်နီကော့ဗ်က ဝင်ပြောသည်။

"သဘောပါ။ ဒီဖန်ခွက်က ကိုရင့်အတွက် မဟုတ်ပါဘူး။ ကက်တယာ၊ ဒီနေ့ အတွက် တော်ပြီ။ သွားတော့နော်"

ပြောပြီး ဖန်ခွက်အပြည့် ငှဲ့ထည့်ပေးလိုက်သည်။ ပြီးတော့ အဝါရောင် ငွေစက္ကူ တရွက်ပါ စားပွဲပေါ်တင်ပေးလိုက်သည်။ ကက်တယာက ဝိုင်ကို အမျိုးသမီးတွေ သောက် တတ်သည့်အတိုင်း မော့ချလိုက်ပြီး ပိုက်ဆံကို ကောက်ယူ၍ ဆဗီဒရီဂေးလော့ဗ်၏ လက် ကို ယူနမ်းသည်။ သူကလည်း လက်ကို ကြည်ကြည်ဖြူဖြူ ကမ်းပေးသည်။ ပြီးမှ အသာလေး ထွက်သွားသည်။ ဘာဂျာသမားလေးလည်း ကောင်မလေးနောက်မှ လိုက်သွားသည်။ သူတို့ နှစ်ယောက်ကို လမ်းပေါ်တွင်တွေ့ပြီး ဆဗီဒရီဂေးလော့ဗ် ခေါ်လာခြင်း ဖြစ်သည်။

ပီတာစဘတ်သို့ သူ ရောက်သည်မှာ တပတ်ပင် မပြည့်သေး။ သို့သော် အထာကျနေပြီ။ သူ့အိမ် သူ့ရာလို ဖြစ်နေပြီ။ အရက်ဆိုင် ဝန်ထမ်းများနှင့် သိကျွမ်းနေပြီ။ သည်ဆိုင်မှာ ခပ်ချာချာ ဆိုင်မျိုး ဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ် စကားစသည်။

"ကျွန်တော် ခင်ဗျားဆီ သွားမလို့။ ခင်ဗျားကို ရှာရအောင် ထွက်လာတာ။ ဒါပေမဲ့ ဘာလို့ ဒီဘက်လမ်းထဲ ရောက်လာတာလဲ မသိဘူး။ ဒီလမ်းကို ကျွန်တော် လာခဲ့ပါတယ်။ ဒါ ခင်ဗျားအိမ် သွားတဲ့လမ်းမှ မဟုတ်တာ။ ထူးဆန်းလိုက်တာ။ ဒီလမ်းထဲရောက်လာလို့ ခင်ဗျားနဲ့ တန်းတိုးတာ"

"တိုက်ဆိုင်မှုလို့ တန်းပြောလိုက် ပြီးရော။ ကိုရင်ကလည်း"

"အင်း... အင်း... ကံအားလျော်စွာပါပဲ ထင်ပါရဲ့"

ဆဗီဒရီဂေးလော့ဗ်က အော်ရယ်ပြီး -

"လူတွေဟာကိုယ့်ကိုယ်ကိုယ်ညာနေကြတာဗျကိုရင်ရဲ့။ သဘာဝလွန်ကိစ္စတွေကို ယုံလျက်သားနဲ့ ဝန်မခံကြဘူး။ ကိုရင် ပြောသလို 'ထင်ပါရဲ့' တို့ ဘာတို့နဲ့ ဝိုးတိုးဝါးတား လုပ်ထားတယ်။ အဲဒါ သူရဲဘောကြောင်တဲ့ စိတ်ကလေး မဆိုစလောက် ဝင်နေတာဗျ။ ဒါပေမဲ့ ကိုရင်က သတ္တိကောင်းပါတယ်။ ကိုယ်ပိုင် အတွေးအခေါ် ရှိတယ်။ အဲဒီ အတွေး အခေါ်အတိုင်း နေတယ်။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးစွာ နေတယ်။ အဲဒီအတွက် ကိုရင့် အကြောင်း ကျုပ် စိတ်ဝင်စားတာ"

"ဒါထက် မပိုဘူးပေါ့"

"ဟင့်အင်း... မပိုဘူး"

ဆဗီဒရီဂေးလော့ဗ်တယောက် စိတ်လှုပ်ရှားနေသည်။ သို့သော် မသိမသာကလေး။ သူ သောက်ထားသည့် ဝိုင်မှာ ဖန်ခွက်တဝက်မျှသာ ရှိသေးသည်လေ။

"ခင်ဗျား ကျွန်တော့်ကို လာတွေ့တုန်းက ကျွန်တော့်မှာ ကိုယ်ပိုင် အတွေးအခေါ် ရှိတယ် ဆိုတာ မသိသေးပါဘူး"

"အဲဒါက ရှုထောင့်တမျိုးက စဉ်းစားရမှာ။ ကျုပ် တို့အားလုံး ဘဝကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ လျှောက်နေကြတာ။ အဲ... တိုက်ဆိုင်မှုတို့၊ သဘာဝလွန်ဖြစ်စဉ်တို့ ဆိုတာ မျိုးတွေကတော့ ကိုရင် လွန်ခဲ့တဲ့ နှစ်ရက်၊ သုံးရက်အတွင်း အိပ်ပျော်ပုံ ရပါတယ်။ ဒီနေရာ ကို ကိုရင် ရောက်လာတာ တိုက်ဆိုင်မှု မဟုတ်ဘူးလေ။ ဒီနေရာကို ကျုပ် ညွှန်ခဲ့တာလေ။ ဒီမှာ ရှိနေမယ်လို့

ကျုပ် ပြောခဲ့တာလေ။ မမှတ်မိဘူးလား”

ရပ်စ်ကိုလ်နီကောဗ် အံ့ဩစွာ ပြန်ဖြေလိုက်သည်။

“ကျွန်တော် မမှတ်မိဘူးဗျာ”

“အင်း… ထင်ပါတယ်လေ။ ကိုရင့်ကို ကျုပ် နှစ်ခါတောင် ပြောတာ။ ဒီနေရာဟာ ကိုရင့် ခေါင်းထဲမှာ ဒါကြောင့် စွဲနေတာပေါ့။ ကိုရင့် မသိစိတ်က ကျုပ်လမ်းညွှန်ထားတဲ့ အတိုင်း လိုက်လာတာလေ။ ကိုရင် ကျုပ်ကို နားလည်နိုင်မယ် မထင်ဘူး။ ကိုရင်က စိတ်ကို လွှတ်ပေးထားတဲ့ အချိန်တွေ သိပ်များနေတယ်။ နောက်တခု ရှိသေးတယ်။ ပီတာစဘတ် က လူတွေ လမ်းလျှောက်ရင်း တယောက်တည်း စကားပြောတတ်ကြတယ်နော်။ ဒီမြို့ ဟာ ခပ်ကြောင် ကြောင် လူတွေ စုဝေးနေတဲ့မြို့ပဲ။ သိပ္ပံပညာရှင်တွေ၊ ရူပဗေဒပါရဂူတွေ၊ ဥပဒေပညာရှင်တွေ၊ ဒဿနဆရာတွေ၊ ပီတာစဘတ်ကို ကိုယ့်ရှုထောင့်နဲ့ကိုယ် လေ့လာ သင့်တယ်။ ပီတာစဘတ်မှာ လူတွေကို သိပ်ထူးခြားတဲ့၊ ပြင်းထန်တဲ့ စိတ်ဝေဒနာ တမျိုးက လွှမ်းမိုးထားတဲ့အကြောင်း သူတို့ လေ့လာတွေ့ရှိမှာ သေချာတယ်။ အဲဒါက အရေးအကြီးဆုံး။ အရေးကြီးတာက ကိုရင့်ကို ကျုပ် လေ့လာတွေ့ရှိချက်ပဲ။ ရှုထောင့်အမျိုးမျိုးက လေ့လာ ပြီးပြီ။ အိမ်က အထွက်မှာ ခေါင်းကို မော့ပြီး မျက်နှာချီ ထွက်လာတယ်။ ခြေလှမ်း နှစ်ဆယ်လောက် လျှောက်ပြီး ခေါင်းငိုက်စိုက် ကျသွားတယ်။ လက်နှစ်ဖက် ကျောဘက် ရောက်သွားတယ်။ ရှေ့တည့်တည့်က အရာတွေကိုရော၊ ဘေးဘီကိုပါ ဘာမှ မမြင်သလို ဖြစ်သွားတယ်။ ပြီးတော့ နှုတ်ခမ်းတွေ တလှုပ်လှုပ် ဖြစ်လာပြီး တယောက်တည်း စကားတွေ ပြောနေ တော့တာပဲ။ တခါတလေ လက်တဖက် ရှေ့ဆန့်ပြီး မိန့်ခွန်းပြောနေဟန် လုပ်တယ်။ တခါတလေ လမ်းလယ်ကောင်မှာ ရပ်ပြီး အကြာကြီး တွေးနေတယ်။ ဒါတွေဟာ သိပ်ကောင်းတဲ့ လက္ခဏာ တွေ မဟုတ်ဘူး ကိုယ့်လူ။ ကျုပ်က အရေးမကြီးဘူး။ တခြားလူတွေ သတိထားမိသွားရင် မကောင်းဘူး။ ကျုပ်က ဒီရောဂါကို ကုလည်း မပေးနိုင်ဘူး။ ကိုရင် နားလည်တယ်နော်’

သူ့ကို အကဲခတ်သလို ကြည့်ပြီး ရပ်စ်ကိုလ်နီကောဗ်က မေးလိုက်သည်။

“ကျွန်တော့်ကို တယောက်ယောက် စောင့်ကြည့်နေတယ် ဆိုတာကော ခင်ဗျား သိလို့လား”

“မသိဘူး၊ လုံးဝ မသိဘူး”

ဆဗီဒရီဂေးလော့ဗ် အံ့ဩသည့် အမူအရာဖြင့် ပြန်ဖြေသည်။

“မသိရင်လည်း ထားလိုက်ပါတော့ဗျာ”

ရပ်စ်ကိုလ်နီကော့ဗ်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

“ဟုတ်ပြီ၊ ဒါဆိုလည်း ထားလိုက်ကြတာပေါ့”

“ကဲ... ဟိုအကြောင်း ပြန်ပြောပါဦး။ ခင်ဗျား ဒီဆိုင်ကို လာလာသောက်တယ်၊ ကျွန်တော့်ကို ဒီနေရာ လာဖို့ နှစ်ခါ ပြောတယ်။ ဒါဆို ကျွန်တော့်ကို မြင်မြင်ချင်း ထလစ်ဖို့ ဘာလို့ ကြိုးစားတာလဲ။ လမ်းပေါ်က ကျွန်တော် သေသေချာချာ မြင်တာနော်”

“ဟဲ... ဟဲ... ကိုရင့်အခန်းကို ကျုပ် ရောက်လာတဲ့ နေ့က အတိုင်းပေါ့။ ဆိုဖာပေါ် မှာ လှဲပြီး ကိုရင် အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်လား။ မျက်စိမှိတ်ထားပြီး လုံးဝ အိပ်မပျော်ဘူး မဟုတ်လား။ သေသေချာချာ သတိထားမိတာပေါ့”

“အင်း... ဟုတ်ချင် ဟုတ်မှာလေ။ ဘာလို့ ဒီလို လုပ်ရတယ် ဆိုတာတော့ ကျွန်တော့် မှာ အကြောင်းရှိမှာပေါ့။ ခင်ဗျား အဲဒါတွေ ဘယ်သိနိုင်မလဲ”

ရပ်စ်ကိုလ်နီကော့ဗ်က ညာလက်တံတောင်ကို စားပွဲပေါ်ထောက်ပြီး မေးစေ့ကို လက်ဝါးပေါ် တင်လျက် ဆဗီဒရီဂေးလော့ဗ်ကို စိုက်ကြည့်နေသည်။ တမိနစ်ခန့် သူ့ကို လေ့လာနေသည်။ မိမိကို အမြဲတမ်း စိတ်လှုပ်ရှားစေသည့် မျက်နှာ။ ပါးပြင်နှစ်ဖက်နှင့် နှုတ်ခမ်းအစုံက ကြက်သွေးရောင်သမ်းလျက်။ မုတ်ဆိတ်က ရွှေရောင်ဖျော့ဖျော့။ ဆံပင်က လည်း ရွှေရောင်။ ထူထူထဲထဲ ရှိနေဆဲ။ မျက်လုံးတွေက အပြာရင့်ရောင်။ သူ့အကြည့်က စူးရှသည်၊ လေးနက်သည်။ စူးစိုက်သည်။ သူသည် အလွန်အရွယ်တင်သူ ဖြစ်သည်။ သူ့မျက်နှာ က လူငယ်ကလေးတယောက်လို နုပျိုလန်းဆန်းနေသည်။ အဝတ်အစားကိုလည်း ခေတ်မီမီ သေသေသပ်သပ် ဝတ်သည်။ လက်သူကြွယ်တွင် အဖိုးတန်ကျောက်မျက် စီခြယ်ထားသည့် လက်စွပ်ကြီး တကွင်း စွပ်ထား၏။

“ဒါပေမဲ့ ခင်ဗျားနဲ့ ကျွန်တော် ဆက်စပ်နေတာတွေ ရှိနေတယ်”

ရပ်စ်ကိုလ်နီကော့ဗ် ရုတ်ခြည်း စကားပြန်စသည်။ သူ့စိတ်တွေ လှုပ်ရှားနေသည်။

“ခင်ဗျားဟာ သိပ်အန္တရာယ်များတဲ့လူ ဖြစ်ချင် ဖြစ်မယ်။ ခင်ဗျား ကျွန်တော့်ကို တမျိုးမျိုးနဲ့ ထိခိုက်အောင် လုပ်မယ်ဆိုရင် ကျွန်တော့်ကိုယ် ကျွန်တော် မကာကွယ်ဘူး။ ခင်ဗျား ထင်သလောက် ကျွန်တော့်ကိုယ် ကျွန်တော် ဂရုမစိုက်ဘူး ဆိုတာ ခုပြမယ်။ ခင်ဗျား ကို တဲ့တိုးပြောဖို့ လာခဲ့တာ။ ခင်ဗျားအနေနဲ့

ကျွန်တော့်ညီမကို ရဖို့ လက်မလျှော့သေးဘဲ ပြန်ကြိုးစားမယ် ဆိုရင် ခင်ဗျား ကျွန်တော့်ကို ထောင်ထဲ မပို့နိုင်ခင် ခင်ဗျားကို အရင်သတ်မယ်။ အဲဒါစိတ်ချ။ ကျွန်တော်က စကားတည်တယ်နော်။ နောက်တချက်၊ ခင်ဗျား ကျွန်တော့်ကို ပြောစရာ တခုခု ရှိရင် ခုပြော။ အချိန်ဟာ သိပ်တန်ဖိုး ရှိတယ်။ မဟုတ်ရင် ခင်ဗျား သိပ်နောက်ကျ သွားလိမ့်မယ်”

“ဘယ်သွားစရာ ရှိလို့ ဒါလောက် အလောတကြီး ဖြစ်နေတာလဲ’

ဆဗီဒရီဂေးလော့ဗ်က သူ့ကို အထူးအဆန်း ကြည့်ပြီး မေးလိုက်သည်။

“ကျွန်တော်တို့ နှစ်ယောက်စလုံး ကိုယ့်ခြေလှမ်းနဲ့ကိုယ် လှမ်းနေကြတာပါဗျာ”

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်သွက်သွက် ပြန်ပက်လိုက်သည်။

“ကိုရင်က ကျုပ်ဆီ ပြောစရာရှိလို့ လာတာဆို။ မေးတော့လည်း ပထမ မေးခွန်း ကို မဖြေဘူး”

ဆဗီဒရီဂေးလော့ဗ်က ပြုံးပြုံးကြီး လုပ်ပြီး ဆက်ပြောသည်။

“ကိုရင်က ကျုပ်ကို အကြံအစည်တခုခု ရှိတယ်လို့ ထင်နေတယ်။ ဒါကြောင့် ကျုပ်ကို သံသယမျက်လုံးတွေနဲ့ ကြည့်တယ်။ အင်း... ကိုရင့်နေရာက ကြည့်ရင် နားလည်နိုင်ပါ တယ်လေ။ ဒါပေမဲ့ ကျုပ်က ကိုရင်နဲ့ ပိုပြီး ရင်းနှီးချင်နေတယ်။ ခုအချိန်အထိ ကိုရင်နဲ့ ကျုပ်နဲ့ ယုံကြည်မှု တည်ဆောက်လို့ မရသေးဘူး။ အင်း... ဒုက္ခပါပဲ။ အဖြစ်က ဘာမှ မထူး ဆန်းဘူး၊ တန်ဖိုးလည်း မရှိဘူး။ ကိုရင်နဲ့ ထူးထူးထွေထွေ ပြောဖို့လည်း မရှိပါဘူး”

“ဒါဆို ခင်ဗျား ဘာလို့ ကျွန်တော်နဲ့ တွေ့ချင်နေတာလဲ။ ဘာလို့ ကျွန်တော့်ကို ခင်ဗျား စည်းရုံးနေတာလဲ”

“ရိုးရိုးကလေးပါ။ လေ့လာစူးစမ်းချင်တဲ့ သဘောပါ။ ကျုပ်က ခင်ဗျားရဲ့ ထူးထူး ဆန်းဆန်း အခြေအနေကို စိတ်ဝင်စားတယ်။ အဲဒါကြောင့်ပါ။ ပြီးတော့ ကိုရင်က ကျုပ် သိပ်စိတ်ဝင်စားခဲ့တဲ့ မိန်းကလေးရဲ့ အစ်ကို မဟုတ်လား။ အဲဒီမိန်းကလေးဆီက ကိုရင့် အကြောင်းတွေ ခဏခဏ ကြားနေရတော့၊ အမြဲတမ်း ကြားနေရတော့ ကိုရင့်ကို စိတ်ဝင် စားနေတယ်လေ။ အဲဒီမှာ ညီမအပေါ်မှာ အစ်ကို့ရဲ့ ဩဇာလွှမ်းမိုးမှု ဘယ်လောက် ကြီးတယ် ဆိုတာ ကျုပ် သိလိုက်တယ်။ ကဲ... ဒီလောက်ဆို မလုံလောက်သေးဘူးလား။ ဟဲ... ဟဲ၊ ထားပါ လေ။ ကိုရင့် မေးခွန်းက ကျုပ်အတွက် သိပ်ရှုပ်ထွေးနေတယ် ဆိုတာတော့ ဝန်ခံပါတယ်။ ဖြေဖို့ သိပ်မလွယ်ဘူး။ ဆိုပါတော့... ဥပမာ- ကိုရင် ကျုပ်ဆီ လာတယ်။ မည်မည်ရရ

ရည်ရွယ် ချက် မဟုတ်ဘူး။ သတင်းထူးကလေး တခုခု ကြားရမလားဆိုပြီး လာခဲ့တာ။ ဟုတ်တယ် နော်။ ကျုပ်ပြောတာ ဟုတ်သလား”

ဆဗီဒရီဂေးလေ့ဇ်က စဉ်းလဲသော အပြုံးဖြင့် ဆက်ပြောသည်။

“ကဲ... စဉ်းစားကြည့်၊ ဒီကိုလာတော့ ရထားပေါ်မှာကတည်းက ကိုရင့်အကြောင်း စဉ်းစားလာတယ်။ ကျုပ်လည်း ကိုရင်နဲ့ တွေ့ရင် ကိုရင့်ဆီက ထူးထူးဆန်းဆန်းကလေး ကြားရမယ်ထင်လို့ ထွက်လာခဲ့တယ်။ ကဲ... ကျုပ်တို့ နှစ်ယောက်မှာ ပြောစရာတွေ အပုံကြီး ရှိနေမှာပေါ့”

“ခင်ဗျားအတွက် ဘာအမြတ်ထွက်နိုင်မှာလဲ"

“ဒါတော့ မသိဘူး။ ဘယ်လိုလုပ် သိနိုင်မှာလဲ။ ကြည့်လေ၊ ခပ်စုတ်စုတ် အရက် ဆိုင်မှာ ကျုပ် ထိုင်တယ်၊ ပျော်နေတယ်၊ ဒါပေမဲ့ တကယ် ပျော်လွန်းလို့တော့ မဟုတ်ဘူး။

လူ တယောက်မှာ ထိုင်စရာ တနေရာတော့ ရှိရမှာပဲ။ ကက်တယာ ဆိုတဲ့ ကောင်မလေးကို ကိုရင် တွေ့လိုက်တယ်နော်။ သနားစရာလေး။ ကျုပ်သာ အစားကြူးတဲ့လူ ဆိုရင် ဒါတွေ ကုန်ပြီပေါ့။ (သူက စားပွဲပေါ်မှ အမဲနှပ်ပန်းကန်ကို လက်ညှိုးထိုးပြသည်)

“ဒါထက် ကိုရင် စားပြီးပြီလား။ ကျုပ်တော့ တို့ကာပင့်ကာနဲ့ ပြီးသွားတယ်။ မစားချင်တော့ဘူး။ ကျုပ်က ရမ်ပိန်က လွဲပြီး ဘာမှ သောက်တဲ့ကောင် မဟုတ်ဘူး။ ဒါလည်း တနေ့ တခွက်လောက်ပဲ။ တခွက်နဲ့တောင် ခေါင်းက ကိုက်ချင်ချင်။ ခုလည်း တနေရာကို သွားစရာရှိလို့ အချိန်ပိုနေတာနဲ့ အပြင်းပြေ မှာသောက်တာ။

ကိုရင် ကျုပ်ကို ခပ်ဆန်းဆန်းလို့ ထင်မနေဘူးလား။ ဒါကြောင့် ကျောင်းသားလေးတယောက်လို အသာလေး ပုန်းနေတာ။ ကိုရင်နဲ့ တွေ့ရင် အချိန်ကြာနေမှာစိုးလို့။ (သူက နာရီကို ထုတ်ကြည့်ပြီး) ကိုရင်နဲ့ စကား ပြောဖို့ တနာရီတော့ အချိန်ရပါတယ်။ ခု လေးနာရီခွဲပြီ။ ကျုပ်သာ မြေပိုင်ရှင်တယောက် ဖြစ်ရင်၊ ဖခင်ကောင်းတယောက်၊ ဒါမှမဟုတ် မြင်းတပ်စစ်ဗိုလ် တယောက်၊ ဓာတ်ပုံ ဆရာတယောက်၊ အယ်ဒီတာတယောက် ဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့။ ခုတော့ ကျုပ်က ဘာမှ မဟုတ်ဘူး။ တခါတလေ ဘဝကို ငြီးငွေ့လာတယ်။ ကိုရင့်ဆီက ထူးထူး ဆန်းဆန်းကလေးများ ကြားရမလားလို့ ကျုပ်က မျှော်လင့်နေတာ”

“ခင်ဗျားက ဘာလဲ၊ ခင်ဗျား ဒီကို ဘာအတွက် ရောက်လာတာလဲ”

“ကျုပ်က ဘာလဲ၊ ဟုတ်လား။ ကိုရင် သိသားပဲ။ ကျုပ်က လူကြီးလူကောင်း

တယောက်ပဲ။ မြင်းတပ်မှာ နှစ်နှစ် အမှုထမ်းခဲ့တယ်။ ပြီးတော့ တပ်ကထွက်ပြီး ပီတာစဘတ် ကို ရောက်လာတယ်။ မာဇာပီထရိုဗနာနဲ့ လက်ထပ်တယ်။ ပြီးတော့ တောပိုင်းမှာ သွားနေတယ်။ ကျုပ် ကိုယ်ရေးရာဇဝင်က ဒါပဲလေ”

“ခင်ဗျားကြည့်ရတာ ဖဲသမားလို့ ထင်တယ်။ ဟုတ်တယ် မဟုတ်လား”

“အဲဒီလိုလည်း ပြောလို့ မရပါဘူး။ ဖဲလိမ်ရိုက်တဲ့ လူကို ဖဲသမားလို့ မခေါ်ဘူး”

“ဒါဆို ခင်ဗျားက ဖဲလိမ်ရိုက်တဲ့ လူပေါ့”

“ဟုတ်တယ်”

“ခင်ဗျား ခံရတဲ့အခါတွေ မရှိဘူးလား”

“ရှိတာပေါ့၊ အဲဒါ ဘာဖြစ်လဲ”

“ဒါဆို ချိန်းသတ်ပွဲတွေ ဘာတွေလည်း ရှိခဲ့ဖူးမှာပေါ့။ အင်း... တော်တော်တော့ စိတ်လှုပ်ရှားစရာ ကောင်းတဲ့ ဘဝမျိုးပဲ”

“ကိုရင်နဲ့ကျုပ် မငြင်းချင်ပါဘူး။ ကျုပ်က ဒဿနပိုင်းမှာ မကျွမ်းဘူး။ ကျုပ် ဝန်ခံပါတယ်။ ပီတာစဘတ်ကို အပြေးအလွှား ရောက်လာတာ အမျိုးသမီးကိစ္စပဲ"

“မိန်းမအလောင်း သင်္ဂြိုဟ်ပြီးပြီးချင်း ဒီကိစ္စ ပေါ်တယ်၊ ဟုတ်လား”

“ဟုတ်တယ်လေ။ အဲဒါဘာဖြစ်လဲ။ မိန်းမအကြောင်း ပြောလို့ ကျုပ်စကားလုံး တွေထဲမှာ ကိုရင် အပြစ် အနာအဆာ ရှာချင်ပုံ ရတယ်"

ဆဗီဒရီဂေးလော့ဗ်က အောင်နိုင်သူတို့၏ အပြုံးမျိုးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်

“ပျက်စီးနေတဲ့ လူတယောက်ကို အပြစ်အနာအဆာ ရှာဖို့ လိုသေးလို့လား”
“ပျက်စီးနေတဲ့ လူတယောက်၊ ဟုတ်လား။ ဒီမယ် ကိုရင်၊ မိန်းမနဲ့ ပတ်သက်ပြီး ကျုပ် ပြောပြမယ်။ အင်း... ခုမှ စကားပြောချင်စိတ် ပေါက်လာတယ်။ ကဲ... ပြောစမ်းပါ။ ဘာကြောင့် ကျုပ်ကိုယ်ကျုပ် ချုပ်နှောင်ထားရမှာလဲ။ ဘာကြောင့် ဝါသနာပါလျက်သားနဲ့ မိန်းမတွေနဲ့ မပတ်သက်ရမှာလဲ။ ရမ္မက်မီးကို ဘာလို့ ငြိမ်းသတ်ရမှာလဲ။ ကျုပ်က သူတို့ကို ကြိုက်တယ်၊ အဲဒါဟာ တနည်းအားဖြင့် ကျုပ် အလုပ်ပဲ”

“ဒါဆို ခင်ဗျားဟာ ယာဂုမ္မတ္တက တယောက်ပဲ။ ဒါဟာ ရောဂါတမျိုးပဲ”

“ကြိုက်သလို ပြောလေ။ ကောင်းပါတယ်။ အဲဒီလို တွဲတိုးပြောတာ ကြိုက်တယ်။ အဲဒီရောဂါဟာ သဘာဝပေါ်မှာ တည်ပြီး ဖြစ်လာတာ။ စိတ်ကူးယဉ်မှုပေါ်မှာ တည်တာ မဟုတ်ဘူး၊ သွေးထဲမှာ ပါလာတာ။ မီးကျီးခဲတခုလို အမြဲတမ်း ပူလောင်နေတာ။ ထာဝရ မီးလျှံတခုလို့လည်း ပြောလို့ ရတယ်။ ဘယ်တော့မှ မငြိမ်းဘူး။ ငြိမ်းဖို့လည်း မလွယ်ဘူး။ အလုပ်တခုလို ဖြစ်လာတယ် ဆိုတာ ကိုရင် သဘောမတူဘူးလား”

“ဘာသဘောတူစရာရှိလဲ။ ဒါဟာ ရောဂါတမျိုးပဲ။ သိပ် အန္တရာယ်များတဲ့ ရောဂါမျိုး”

“ဒီမယ် နားထောင်ဦး။ ရောဂါတခု ဆိုတာ ကျုပ် လက်ခံပါတယ်။ အတိုင်းအတာ တခုထက် လွန်သွားတာကိုး။ ဒီကိစ္စမှာ လွန်ကို လွန်သွားရမယ်။ ဒါပေမဲ့ လူတယောက်နဲ့ တယောက်တော့ မတူကြဘူးပေါ့လေ။ ဒုတိယအချက်က လူတယောက်ဟာ အရာရာမှာ အတိုင်းအတာတခုကို တွက်ချက်သတ်မှတ်ထားသင့်တယ်။ ယုတ်ညံ့တဲ့ကိစ္စ ဖြစ်ဖြစ်ပေါ့။ ကျုပ်အနေနဲ့ ပြောရရင် အဲဒီကိစ္စမရှိရင် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မိမယ် ထင်တယ်။ ကိုယ်ကျင့်သိက္ခာ အပြည့်နဲ့ လူတွေကတော့ ဒီကိစ္စဟာ စက်ဆုပ်ငြီးငွေ့စရာပေါ့။ ဒါပေမဲ့...”

“ခင်ဗျား တကယ် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ရဲလား”

ဆဗီဒရီဂေးလော့ဗ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပြန်ပက်သည်။

“ဟာ... သွားစမ်းပါ။ တဆိတ် ကျုပ်ကို ကူညီပါ။ အဲဒီအကြောင်း လုံးဝ မပြောပါနဲ့” သူ့စကားတွေ ရှေ့နောက် မညီတော့။ မျက်နှာလည်း ပျက်နေပြီ။

“ကျုပ် ဝန်ခံပါတယ်ဗျာ။ ကျုပ်က အဲဒီဘက်မှာ အားနည်းပါတယ်။ ဒါပေမဲ့ ဘာတတ် နိုင်မှာလဲနော်။ ကျုပ် သေရမှာ ကြောက်တယ်။ အဲဒီအကြောင်း ပြောရတာတောင် ကြောက်တယ်၊ သိလား။ ကျုပ်က သူရဲဘောကြောင်တဲ့ လူပါဗျာ”

“ဒါထက် မာဖာတစ္ဆေ ခင်ဗျားဆီ လာသေးလား"

“ဟာ... အဲဒီအကြောင်းလည်း မပြောပါနဲ့ ကိုရင်ရာ။ နောက်ထပ် မတွေ့သေးဘူး။ တခြားအကြောင်း... အဲ... နေဦး၊ အချိန်မရှိတော့ဘူးဗျ။ စိတ်မကောင်းပါဘူး ကိုရင်၊ ကျုပ် လစ်ရတော့မယ်။ ကိုရင့်ကို ပြောစရာတခု ရှိတယ်”

“ဘာအကြောင်းလဲ၊ မိန်းမတယောက် အကြောင်းလား”

“ဟုတ်တယ်။ အကြောင်းတိုက်ဆိုင်လို့... နေပါဦး၊ အဲဒီအကြောင်း ကျုပ်

ပြော ချင်တာ မဟုတ်ပါဘူး”

“ခင်ဗျားရဲ့ အကျင့်ဆိုးတွေကြောင့် ဖြစ်လာတဲ့ အရိပ်မည်းကြီး ခင်ဗျားအပေါ် အရိပ်ထိုးနေပြီ။ ခင်ဗျားမှာ တွန်းလှန်နိုင်တဲ့ ခွန်အား ဘာမှ မရှိတော့ဘူး မဟုတ်လား”

“ဩော်... ကိုရင်ကလည်း စွမ်းအားကို သဘောကျနေပုံ ရတယ်။ ဟဲ... ဟဲ... ဟုတ်လား ရှိဒီယွန်။ အင်း... ဒီလိုပဲ ဖြစ်ရမယ် ဆိုတာ ကျုပ် ကြိုသိနေတယ် မောင်။ ကိုရင်က ကျုပ်ကို စာရိတ္တ ပျက်စီးတဲ့အကြောင်း၊ အလှတရား အကြောင်းတွေ ပြောတယ်။ ကိုရင်က တကယ် ရှီလာပဲ။ တကယ့် စိတ်ဝါဒီပဲ။ ဒီလိုပဲ ဖြစ်ရမယ်လေ။ အဲဒီလို မဟုတ်မှ အံ့ဩရမှာ။ ဒါပေမဲ့ တကယ်ဖြစ်လာတဲ့ အခါကတော့ အားလုံး အတူတူပါပဲ။ သေတော့မှာပဲ။ စကား ကောင်းနေတုန်း အချိန်က ကုန်သွားပြီ။ ကိုရင်က ရှီလာ့ကို သဘောကျတယ်နော်။ ကျုပ် လည်း ကြိုက်ပါတယ်ဗျာ”

ရပ်စ်ကိုလ်နီကော့ဗ်က စက်ဆုပ်ရွံရှာသည့် လေသံဖြင့်-

“ခင်ဗျားဟာ လူလိမ် လူကြွားပဲ”

“ကျိန်ပြောပါ့မယ်ဗျာ၊ ကျုပ် အဲဒါလောက် မဆိုးပါဘူး”

ဆဗီဒရီဂေးလော့ဗ်က ရယ်ပြီး ဆက်ပြောသည်။

“ကဲပါလေ၊ ကျုပ် ပြန်မချေတော့ပါဘူး။ ထားပါတော့။ ကျုပ်ဟာ လူလိမ် လူကြွားပါ။ လိမ်တော့ ကြွားတော့ ဘာဖြစ်လဲ။ ဘယ်သူမှ မထိခိုက်ရင် ပြီးတာပဲ။ ကျုပ်က မိန်းမယူပြီး တောမှာ သွားနေတာ ခုနစ်နှစ် ကြာသွားတယ်။ ခု ကိုရင့်လို အသိဉာဏ်မြင့်တဲ့၊ ဗဟုသုတကြွယ်တဲ့ ခေတ်ပညာတတ် လူငယ်တယောက်နဲ့ သိကျွမ်းရတော့ စကားပြော ရတာ သိပ်အရသာ ရှိတယ်။ ရှမ်ပိန် တဝက် ချထားတော့ မူးရီမူးဝေ ဖြစ်နေတယ်။ ဩော်... ဒါထက် ကျုပ်ကို အကြီးအကျယ် စိတ်လှုပ်ရှားအောင် လုပ်နေတဲ့ ကိစ္စတခု ရှိတယ်။ ဒါပေမဲ့ တိတ်တိတ်ကလေး နေပါ့မယ်။ နေပါဦး၊ ဘယ်သွားမလို့တုံး”

သူက အလန့်တကြား လှမ်းမေးသည်။

ရပ်စ်ကိုလ်နီကော့ဗ် မတ်တတ်တရပ်သည်။ ရင်ထဲ တင်းကျပ်ကျပ်ကြီး ဖြစ်နေ၏။ ဒီကို လာမိတာ မှားလေပြီဟု နောင်တရနေ၏။ ဒီလူကြီးဟာ တော်တော် စိတ်ပျက်စရာ ကောင်းတဲ့ လူပေါ်ကြော့ကြီးပဲ။

“အဲ... တဆိတ် ပြန်ထိုင်ပါဦး ကိုယ့်လူရာ။ လက်ဖက်ရည်လေး ဘာလေး သောက် ကြရအောင်ပါ။ ကျုပ်ပေါက်တတ်ကရစကားတွေ မပြောတော့ပါဘူး။ ကျုပ်

တခြားအကြောင်း ပြောပါ့မယ်။ ကျုပ်ကို ကယ်သွားတဲ့ မိန်းကလေး တယောက်အကြောင်း ပြောရမလား။ အဲဒါဟာ ကိုရင့်ရဲ့ ပထမမေးခွန်းရဲ့ အဖြေ ဖြစ်လိမ့်မယ်။ အဲဒီမိန်းကလေးကတော့... ကိုရင့် ညီမလေးပဲ။ ကျုပ် အဲဒီအကြောင်း ပြောရမလား"

"ခင်ဗျား ပြောချင်ပြော၊ ဒါပေမဲ့..."

“ဘယ်လိုမှ စိတ်ထဲ မထားပါနဲ့။ ကျုပ်က တန်ဖိုး တပြားသားမှ မရှိပေမဲ့ ဒွန်ညာ့ ကို အရမ်းလေးစားတဲ့ လူပါ”

※※※

(၄)

ဆဗီဒရီဂေးလော့ဗ် စကားဆက်သည်။

"ကိုရင် သိမှာပါ။ စကားစပ်မိလို့ ကျုပ် ကိုယ်တိုင် ပြောဖူးတယ် မှတ်ပါတယ်။ ကျုပ် 'ကြွေးထောင်" ကျတဲ့ အကြောင်းလေ။ ကြွေးက နည်းနည်းနောနော မဟုတ်ဘူး။ ဘယ်လိုမှ မဆပ်နိုင်တဲ့ ပမာဏ။ ကျုပ်ကို ထောင်က လွတ်အောင် မာဖာ ဘယ်လို လုပ်သွား တယ် ဆိုတာတော့ အသေးစိတ် မပြောတော့ပါဘူး။ မိန်းမတွေ ချစ်လာပြီဆိုရင် အရူးအမူး ဖြစ်တတ်ကြတဲ့ အကြောင်း ကိုရင် သိလား။ မာဖာဟာ သိပ်ရိုးသားတဲ့ မိန်းမပါ။ ပညာ မတတ်ပေမယ့် အသိဉာဏ်မြင့်ပါတယ်။ အဲဒီလို ရိုးသားအေးဆေးတဲ့ မိန်းမဟာ ဒေါသကြီး ပြီး မနာလိုဝန်တိုစိတ် ဝင်လာတဲ့အခါမှာ ကျုပ်တို့ အိမ်ထောင်ရေး ဗိမာန်ကြီး ပြိုကျလုခမန်း ဖြစ်သွားတယ်ဗျာ။ အိမ်ထောင်သက် တလျှောက်လုံး ကျုပ်ကို အိမ်ဦးနတ်အဖြစ်နဲ့ ကိုးကွယ် ခဲ့တဲ့ မိန်းမပါဗျာ။ ပြဿနာက သူနဲ့ကျုပ် အသက်ကွာတာလည်း ပါတာပေါ့ဗျာ။ သူက ကျုပ်ထက် တော်တော်လေး ကြီးတယ်။ ပါးစပ်ထဲမှာ လေးညှင်းဖြစ်ဖြစ် အမြဲငုံထားတတ်တယ်။ ကျုပ်က အကျင့်ဆိုးပေမယ့် တဖက်မှာ ရိုးသားတယ်ဗျ။ သူ့ကို ဘာမှ လျှို့ဝှက်မထား ဘူး။ သူ့အပေါ်မှာ အခါခပ်သိမ်း သစ္စာစောင့်သိတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး ဆိုတာ ကျုပ် ဖွင့်ပြောလိုက်တယ်။ အဲဒီ ရိုးသားတဲ့ ကျုပ်ရဲ့ ဖြောင့်ချက်ကြောင့်မိုးမီးလောင်တော့တာပါပဲဗျာ။ ဒါပေမဲ့ ကျုပ် သိနေတယ်။ အဲဒီလို ပွင့်လင်းမှုအတွက် သူ ကျွန်တော့်ကို အမှတ်ပေးပုံတော့ ရတယ်ဗျ။ သူ့ကို ကျုပ် မလိမ်ဘူးပေါ့။ အဲဒီအခါ ကျုပ်တို့ နှစ်ယောက်ကြားမှာ စာမချုပ်ဘဲ အလိုလို ပဋိညာဉ်တခု လုပ်ပြီးသား ဖြစ်သွားတယ်။ မျက်ရည်တွေနဲ့ပြီးတဲ့ ပဋိညာဉ်ဆိုပါတော့ဗျာ။ အဲဒါကတော့ တစ်၊ သူ့ကို ကျုပ် ဘယ်တော့မှ ထားမသွားရဘူး။ ကျုပ်ဟာ တသက်လုံး သူ့ရဲ့တရားဝင် ယောကျ်ားပဲ ဖြစ်နေရမယ်။ နှစ်၊ သူ့ ခွင့်ပြုချက် မရဘဲ ကျုပ် ဘယ်မှ မသွားရဘူး။ သုံး၊ ပုံမှန်ချစ်သူရယ်လို့ စွဲစွဲမြဲမြဲ မထားရဘူး။ လေး၊ အဲဒီအတွက် အစားပေးတဲ့အနေနဲ့ အိမ်က အိမ်ဖော်မလေးတွေ၊ အိမ်ဝန်ထမ်းတွေနဲ့ ရံဖန်ရံခါ စခန်းသွားနိုင်တယ်။ အဲဒီအတွက် သူ့ကို အသိပေးရမယ်။ ငါး၊ ငါးရဲ့ အဓိပ္ပာယ်ကတော့ဗျာ၊ ကျုပ် အချစ်ဇာတ်လမ်းတွေကို ကျုပ်ရဲ့ အတန်းတူ အလွှာတူတွေထဲမှာ ဆင်နွှဲခွင့် မပြုဘူး ဆိုတဲ့ သဘောပေါ့။ ခြောက်၊ ကျုပ် အနေနဲ့ သိပ်ပြင်းထန်ပေါက်ကွဲတဲ့ အချစ်ဇာတ်လမ်းမျိုးတွေ ဖြစ်ခဲ့ရင် သူ့ကို အသေးစိတ် ပြန်ပြောရမယ်။ အဲဒီ နောက်ဆုံးအချက်နဲ့ ပတ်သက်ပြီး မာဖာ သိပ်စိတ်အေးချမ်းတယ်။ သူဟာ သိပ်ပြည့်ဝတဲ့ မိန်းမ ဖြစ်လို့ ကျုပ်ကို စည်းမဲ့ကမ်းမဲ့ ကာမဂုဏ်လိုက်စားသူ တယောက်အဖြစ် မမြင်ဘူး။ အချစ်မရှိတဲ့ လူလို့ မမြင်ဘူး။ ပြည့်ဝတဲ့မိန်းမနဲ့ မနာလို ဝန်တိုစိတ်ကြီးတဲ့ မိန်းမ သိပ်ခြားနားတယ်နော်။ အဲဒီမှာ

ဒုက္ခရောက်တာပဲ။ လူတယောက်ကို မှန်မှန်တတ ကြည့်မြင်ဖို့ဆိုတာ သူ့အမူအကျင့်အပြင် သူ့ရဲ့ ပတ်ဝန်းကျင်ကိုပါ ထည့်တွက်ရတယ်။ ကျုပ်အပေါ် ကိုရင့်အမြင်ကို တခြားလူတွေ အမြင်ထက် ကျုပ် ယုံကြည်ခွင့်ရှိတယ်။ မာဖာရဲ့ လူရယ်စရာ အကြောင်းတွေတော့ ကိုရင် ကြားပြီးရောပေါ့။ တကယ်ပါပဲ။ သူ့ အပြုအမူ တချို့ဟာ တကယ့်ကို ရယ်စရာကောင်းတာပါ။ ဒါပေမဲ့ ကျုပ် ပွင့်ပွင့်လင်းလင်းနဲ့ အမှန် အတိုင်း ပြောပါ့မယ်။ ကျုပ်ကြောင့်ဖြစ်ရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင် အတွက် ကျုပ် တကယ့်ကို နောင်တရလို့ မဆုံးပါဘူး။ ရန်ဖြစ်ကြပြီ ဆိုရင် ကျုပ် ငြိမ်ခံတာ ချည်းပါပဲ။ ကျုပ်မှာ သည်းခံစိတ် အပြည့် ရှိပါတယ်။ အဲဒီလို လူကြီး လူကောင်းဆန်မှု ကြောင့် သူ ကျုပ် ဖိုးမျိုးခံတာလည်း ဖြစ်နိုင်ပါတယ်။ သူက ယောကျ်ားအတွက် ဂုဏ်တောင် ယူတတ်သေးတယ်လေ။ ကိုရင့် ညီမလေးကို သူ သိပ်သဘောကျတာ၊ သိပ်ချစ်တာ။ အိမ်ရဲ့ ကျက်သရေဆောင် လို့တောင် ပြောတာ။ ဒွန်ညာကလည်း တကယ်တော်တာကိုး။ သူ့ကို စတွေ့တွေ့ချင်း လန့်သွားတယ်။ အန္တရာယ်ပဲလို့ ထင်လိုက်တယ်။ သူ့ကို စေ့စေ့ မကြည့်ဖို့ ဆုံးဖြတ် ထားခဲ့တာပါ။ ကိုရင် ယုံမလား မသိဘူး။ သူက ကျုပ်ကို စပြီး စကားပြောတာ။ သူ့ကို ကျုပ်က အရောမဝင်ဘဲ သူစိမ်းဆန်ဆန် လုပ်နေလို့ မာဖာကတောင် ကျုပ်ကို စိတ်ဆိုး သေးတယ်။ ဒွန်ညာ့ချီးမွမ်းခန်းတွေ ဖွင့်လိုက်ရတာ သူ့မှာ အမော။ သူ ဘာဖြစ်စေချင်တာလဲ ကျုပ် မသိဘူး။ ကျုပ်အကြောင်းတွေ ချေးခါးအူမ မကျန် သူက ဒွန်ညာ့ကို ပြောပြတယ် တဲ့လေ။ အိမ်တွင်းရေးတွေကို လူတကာ လျှောက်ပြောတတ်တဲ့ အကျင့်ဆိုးတခု သူ့မှာ ရှိတယ်။ ကျုပ် မကောင်းကြောင်း ပြောရတာ အရသာတွေ့တယ် ထင်ပါရဲ့။ သူ့ မိတ်ဆွေ သစ်ကလေး၊ အချစ်ကလေး ကောက်ရသလို အိမ်ရောက်လာတော့ အိမ်တကာလည်ပြီး ပြောစရာ မလိုတော့ဘူးပေါ့။ အဲဒီတော့ ကျုပ်ရဲ့ မကောင်းသတင်း အားလုံး ဒွန်ညာ့ဆီ ရောက်သွားပြီပေါ့။ အဲဒါတွေ ကိုရင် ကြားပြီးလောက်ပါပြီ”

“ကြားထားတာတွေကတော့ အများကြီးပဲ။ အလုပ်သမား ချာတိတ်တယောက် သေရတာ ခင်ဗျားကြောင့်လို့ လူဇင်က စွပ်စွဲတယ်၊ အဲဒါ ဟုတ်သလား”

“ဒီမယ်တဆိတ်၊ အဲဒီလို အဓိပ္ပာယ်မရှိ အသေးအဖွဲ သားပုပ်လေလွင့် စကားတွေ ဘေးဖယ်ထားစမ်းပါ။ နောက်မှ ရှင်းပြမယ်။ ခု လောလောဆယ် ...”

သူက ကြက်ခေါင်းဆိတ်မခံ ကက်ကက်လန် တုံ့ပြန်သည်။

“နောက် အလုပ်သမား တယောက်ကိုလည်း ခင်ဗျား ..."

“ဩော်... တဆိတ်ဗျာ၊ ကိုရင့်ကို တောင်းပန်ပါတယ်။ အဲဒီတော့

တော်ပါတော့”

ဆမီဒရီဂေးလော့ဗ်က စိတ်ပျက်လက်ပျက် လေသံဖြင့် တောင်းပန်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က ပို၍ ပို၍ ခံပြင်းလာပြီး-

“သူ သေပြီးတဲ့ နောက်ပိုင်းမှာ ခင်ဗျား ဆေးတံကို ဆေးဖြည့်ဖြည့်ပေးတာ သူပဲလား။ အဲဒါ ခင်ဗျားကိုယ်တိုင် ပြောတာနော်”

ရပ်စ်ကိုလ်နီကော့ဗ် ပြောရင်း မခံချိမခံသာ ဖြစ်လာသည်။ သူ အောင့်သက်သက် ဖြစ်သွားပုံ ရသည်။ သို့သော် ဣန္ဒြေဆည်ပြီး ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

“ဟုတ်တယ်၊ သူပဲ။ အင်း... ကိုရင်လည်း စိတ်ဝင်စားတယ်ပေါ့၊ ဟုတ်လား။ ကျုပ်က လူတွေကို စတွေ့တွေ့ချင်း စိတ်ဝင်စားအောင် လုပ်ဖို့ ကျုပ်တာဝန်လို့ ထင်တယ်။ ထူးထူး ဆန်းဆန်းတွေ ပြောတတ်တယ်။ သွားလေသူကလည်း ကျုပ်အကြောင်းတွေ ကိုရင့် ညီမလေး ကို ပြောတယ်။ ဒွန်ညာ ကျုပ်ကို ဘယ်လိုထင်မလဲ ဆိုတာတော့ တွေးမကြည့်ရဲဘူး။ ဘာပဲ ဖြစ်ဖြစ် ကျုပ်အတွက် အကျိုးရှိပါတယ်။ နာမည်ပျက်နဲ့ နေနေရတဲ့ ကျုပ်ဘဝကို သူ ကရုဏာ ဖြစ်လာတယ်။ မိန်းကလေးတယောက် အဲဒီလို ပျော့ကျလာရင် အဲဒီ မိန်းကလေး အတွက် အန္တရာယ်ပဲ။ ဘာပြုလို့လဲ ဆိုတော့ သူက ကယ်တင်ချင်စိတ် ဝင်လာတော့မယ်။ လမ်းကြောင်း မှန်ပေါ် ရောက်အောင် ပြန်မတ်ပေးချင်လာမယ်။ ဘဝသစ်တခု တည်ဆောက်ပေးချင် လာမယ်။ အဲဒီလို အိပ်မက်တွေ ဘယ်လောက် ခရီးရောက်နိုင်တယ် ဆိုတာ ကျုပ်တို့ အားလုံး သိကြတာပဲ။ အဲ... ငှက်ကလေးကတော့ ကျုပ် ထောင်ထားတဲ့ ပိုက်ကွန်ဆီကို သူ့ဘာသာသူ ပျံလာနေပြီ။ ဒီတော့ မုဆိုးကလည်း အသင့်ပြင်ထားရတာပေါ့။ ကိုရင် ဒေါမပွန်နဲ့ဦး။ နောက် ဆုံးကျတော့ ဘာမှ ဖြစ်မလာပါဘူး။ မီးခိုးငွေ့တွေလို လွင့်ပြယ်သွားတယ်လေ။ ဟာ... သေတော့မှာပဲ။ ရှမ်ပိန် များသွားပြီ ထင်တယ်။

အစကတည်းက ကျုပ် တွေးမိတာ တခုရှိတယ်။ ကိုရင့်ညီမလေးအတွက် စိတ်မကောင်းဖြစ်မိတာပါ။ သူဟာ ပထမ၊ ဒါမှမဟုတ် ဒုတိယရာစုနှစ်က **အာရှမိုင်းနား**67 တိုင်းပြည်တွေရဲ့ မင်းစိုးရာဇာ အသိုင်းအဝိုင်းမှာ မွေးဖို့ ကောင်းတာ။ သူဟာ အာဇာနည်မယ် အဖြစ်နဲ့ သူ့ရင်သားတွေကို မီးရဲရဲတောက်နေတဲ့ သံပူညှပ်တွေနဲ့ ညှပ်ခံရတောင် ပြုံးနေမယ့် မိန်းကလေးမျိုး။ အဲဒီလို ဖြစ်အောင် သူ့ဘာသာ သူ လုပ်မှာ။ အဲ... လေးရာစု၊ ငါးရာစုမှာ မွေးရင်လည်း အီဂျစ် သဲကန္တာရထဲမှာ နှစ်ပေါင်း သုံးဆယ်လောက် သွားနေမယ့် မိန်းကလေးမျိုး။ သစ်ဥသစ်ဖုတွေ စားပြီး သူတော်စင် ဖြစ်အောင် လုပ်မှာ။ သူက တခြားတယောက်ရဲ့ ဝေဒနာကို ဝင်ယူပြီး ခံစားချင်တာ။ အဲဒီလို မလုပ်ရရင် ပြတင်းပေါက်က ခုန်ချမှာ။

မစ္စတာရာဇူမီခင် ဆိုတဲ့ ပုဂ္ဂိုလ်အကြောင်းလည်း ကျုပ် ကြားထားပြီးပါပြီ။ လူတော်တယောက်လို့ ထင်ပါတယ်။ ဒီနာမည်မျိုးကို ခရစ်ဝင်ကျမ်းစာ တွေမှာ တွေ့ဖူးတယ်။ ကိုရင့် ညီမလေးကို သူ ကူညီစောင့်ရှောက်ပါစေ။ ကျုပ်အထင် ဒွန်ညာ့ကို ကျုပ် နားလည်တယ်။ အဲဒီအတွက် ကျုပ် ဂုဏ်ယူပါတယ်။ ဒါပေမဲ့ တယောက်နဲ့ တယောက် စသိတဲ့အချိန်မှာ အမှန်အတိုင်း မမြင်တတ်ကြဘူး။ အမြင် မကြည်လင်သေးဘူးပေါ့။ အဲဒါ တွေ ထားပါဦး။ သူ ဘာလို့ ဒါလောက် လှရတာတုံး။ သူ လှလွန်းလို့ ကျုပ် ကြွေတာ ကျုပ် အပြစ် မဟုတ်ဘူးနော်။ ကျုပ် ဘယ်လိုမှ မထိန်း နိုင်လို့ ကျုပ်ဘက်က စခဲ့တာပါ။ ဒါပေမဲ့ သူက သိပ်မြင့်မားလွန်းတယ်။ မြင့်မြတ်လွန်းတယ်။ ဘယ်သူနဲ့မှ မနှိုင်းယှဉ်နိုင်အောင် ပြစ်မျိုးမဲ့ မထင် နတ်ရုပ်သွင်မျိုး။ ကိုရင့်ညီမလေးအကြောင်း ဥပမာတခု ပြောမယ်။ အိမ်မှာ ကောင်မလေး တယောက်ရှိတယ်။ သူ့နာမည်က ပါရာရှာ တဲ့။ မျက်ဝန်းနက်နက်နဲ့ ကောင်မလေး။ ရွာတရွာက အလုပ်လုပ်ဖို့ အိမ်ရောက်လာတာ။ သူ့ကို သိပ်သတိမထားမိဘူး။ ကောင်မလေးက သိပ်လှတယ်။ ဒါပေမဲ့ အသိဉာဏ်ခွန်အားက သိပ်နည်းတယ်။ တဆိတ်ရှိ အော်ငိုဖို့ပဲ သိတယ်။ အဲဒီတော့ လူတွေ သိကုန်တာပေါ့။ တနေ့ ညစာစားအပြီး ပန်းခြံထဲမှာ ကျုပ် လမ်းလျှောက် နေတုန်း ဒွန်ညာ လိုက်လာတယ်။ ကောင်မလေးကို စိတ်ဆင်းရဲအောင် လုပ်ရသလား ဆိုပြီး ဒေါသတကြီး အပြတ် ဝေဖန်တော့တာပဲ။ အဲဒါဟာ သူနဲ့ ကျွန်တော် ပထမဦးဆုံး စကားပြောဖြစ်တဲ့ အကြိမ်ပဲ။ စိတ်ထဲ အရမ်း ပျော်သွားတယ်။ တပြိုင်တည်းမှာ အရမ်း စိတ်မကောင်း ဖြစ်သွားပုံမျိုးနဲ့ ဟန်ဆောင်ပြီး သူ ပြောသမျှ နာခံခဲ့တယ်။ ကျုပ်က သရုပ် ဆောင်ကောင်းတဲ့လူ ဆိုတော့ သိပ် မဆိုးဘူးပေါ့။ တကယ် အပြစ်ရှိတဲ့ သိုးငယ်လေး လိုပေါ့။

"အဲဒီတော့မှ သူနဲ့ စ,ရင်းနှီးတာ။ စကားတွေ အများကြီး ပြောဖြစ်ကြတယ်။ တောအကြောင်း၊ တောင်အကြောင်းတွေ ပြောလို့ မကုန်အောင်ပေါ့။ အလေးအနက် မေတ္တာ စကားတွေ၊ ကျုပ်ဘက်က ရွှေနားတော်သွင်း ချေင်းတွေပါ ပါလာတော့ မျက်ရည်တွေ အပြိုင်ကျကြပေါ့။ တကယ် ငိုကြတာ။ ကိုရင် ယုံနိုင်ပါ့မလား။ ကျုပ်က အလင်းရောင်ကို တမ်းတနေတဲ့လူ၊ ရေဆာနေတဲ့ လူလို သရုပ်ဆောင်ပြတယ်။ နောက်ဆုံး အသေချာဆုံး လက်နက်ကို သုံးတယ်။ မိန်းကလေးတွေ ကြွေအောင် လုပ်ချင်ရင် အကောင်းဆုံးနည်းလေ။ အဲဒါက ဘာမှမဟုတ်ဘူး။ မြှောက်လုံးကလေးတွေ၊ ပင့်လုံးကလေးတွေ သုံးတဲ့ နည်းပဲ။ ပွင့်လင်းရိုးသားဖို့ ခက်သလောက် မြှောက်ရ ပင့်ရတာ လွယ်တယ်လေ။

"ရိုးသားမှု အမှန်တရားထဲမှာ အပုံတရာပုံ တပုံလောက် အမှားပါသွားတာနဲ့ ပြဿနာ တက်တတ်တယ်။ မြှောက်ပြောတဲ့ နေရာမှာ ဒါမျိုး မရှိနိုင်ဘူး။ နားထောင်ရတဲ့ သူဟာ တငြိမ့်ငြိမ့် ကြည်နူးနေတတ်တယ်။ အဲဒါက ဘယ်လူတန်းစားမှာဖြစ်ဖြစ် ဒီအတိုင်းပဲ။ ယုတ္တိ ရှိရှိ မရှိရှိ အမြှောက်ခံရတဲ့

မိန်းကလေး လေထဲဝဲနေမှာပဲ။ ရိုးရိုးမိန်းကလေး မပြောနဲ့။ တရားခမ္မနဲ့ မွေ့လျော်နေတဲ့ အပျိုစစ်စစ်ကလေးတွေတောင် မြေခ ကြွေကျရတာပဲ။ အမျိုးသမီးတယောက် အကြောင်း တွေးမိရင် ကျုပ် သိပ်ရယ်ချင်တာပဲ။ သူက သူ့ယောက်ျား ကိုရော၊ ကလေးတွေကိုပါ သိပ်ချစ်တယ်။ သူ့သိက္ခာနဲ့ ကိုယ်ကျင့်တရားမှာ မှဲ့တပေါက် မစွန်းဖူးဘူး။ ဘာသာရေးလည်း သိပ်ကိုင်းရှိုင်းတယ်။ ကျုပ်က ကြံ့တိုင်း မကြွေကြွေအောင် ချွဲတယ်၊ သူ့အလှကို ချီးကျူးတယ်၊ ဒါပေမဲ့ သူက ငြင်းမြဲ ငြင်းနေတယ်။ ကျုပ်က ဒီကိစ္စမျိုးမှာ ဇွဲကောင်းတယ်။ နောက်ဆုံး ရတယ် ဆိုပါတော့။ အဲဒီအချိန်မှာ သူ့ကိုယ်သူ အပြစ်မရှိဘူး လို့တောင် ထင်လာတယ်။ လုပ်သင့် လုပ်ထိုက်တဲ့ တာဝန်ကို ထမ်းဆောင်တာလို့ သူ ယုံကြည် လာတယ်။ ကျုပ်က မြှောက်တတ် ပင့်တတ်သလို အမှန်အတိုင်းလည်း ပြောတတ်တယ်။ “မင်းလည်း ကိုယ့်လိုပဲ၊ ဆန်းသစ်တဲ့ ပျော်ရွှင်မှုကို ရှာနေတာပါကွာ” လို့ ပြောတော့ ဒေါကန် ပါလေရော။ မာဖာက အဲဒီဘက်မှာ မနိပ်ဘူး။ မြှောက်ပင့်ပြောလို့ မရဘူး။ ရရင် သူ မသေခင်ကတည်းက သူ့ပစ္စည်းအားလုံး ကျုပ်နာမည် ပေါက်နေပြီပေါ့။ အင်း… ကျုပ် ရှမ်ပိန် များနေ ပြီ။ အရမ်း လေဖောနေတယ်။ ဒွန်ညာ့အကြောင်း ပါလာမှာမို့ ကိုရင် စိတ်မဆိုးနဲ့နော်။ ဒွန်ညာ့ ကိုလည်း အဲဒီအတိုင်း ကျုပ် ချဉ်းကပ်ခဲ့တာပါ။ ဒါပေမဲ့ ကျုပ် သူနဲ့ကျမှ ခွေးကျ ကျတော့ တာပဲ။ ကျုပ် အပြစ်ပါဗျာ၊ ကျုပ် အပြစ်ပါ။ ကျုပ် မျက်လုံးတွေ၊ ကျုပ် အကြည့်တွေကို သူ အရမ်းမုန်းတယ်တဲ့ဗျာ။ ကိုရင် ယုံလား။ ကျုပ် မျက်လုံးတွေထဲမှာ ဘယ်လို အခိုးအငွေ့တွေ လျှံထွက်နေလည်း မသိပါဘူးဗျာ။ အဲဒီမှာ သူ အရမ်းကြောက်သွားတာ။ ကြောက်ရာကနေ ကျုပ်ကို တူးတူးခါးခါး မုန်းသွားတာ။ အဲဒီမှာ ဇာတ်လမ်းဆုံးသွားတာပဲ။ အသေးစိတ်တွေ မပြောတော့ပါဘူးဗျာ။ အမုန်းနဲ့ ဆုံးသွားတယ်ပဲ ဆိုပါစို့။ ကျုပ်တုံးတာ ပြောပြဦးမယ်။ အဲဒီဇာတ်လမ်းကို ကျုပ်က အောက်တန်းကျကျ ရယ်စရာဖြစ်အောင် လျှောက်ပြောတယ်။ အဲဒီမှာ ပါရာရှာဇာတ်လမ်းထဲ ပြန်ဝင်လာတယ်။ သူတယောက်တည်း မဟုတ်ဘူး။ ပြဿနာတွေကိုပါသယ်လာတာ။ အား… ကိုရင့်ညီမရဲ့ မျက်လုံးတွေ ကိုရင် မြင်စေ့ချင်တယ်။ ကဲ … ကျုပ် ဝိုင်မူးမူးနဲ့ ဆက်ပြီး ရင်ဖွင့်တော့မယ်။ အဲဒီမျက်လုံးတွေကို ကျုပ် အိပ်မက် ထဲမှာပဲ တွေ့ဖူးတယ်။ နေဦး၊ သူ လမ်းလျှောက်သွားလို့ သူ့ဂါဝန် လှုပ်ရှားသံကြောင့် ကျုပ် ရူးမတတ် ခံစားရတယ်။ တကယ်ပြောတာ။ ကျုပ် စိတ်တွေကို မထိန်းနိုင်တော့ဘူး။ အဲဒီလို အရူးအမူး စိတ်လှုပ်ရှားတာမျိုး တခါမှ မကြုံခဲ့ဖူးဘူး။ တိုတိုပြောရရင်တော့ ဒီအတိုင်း ဆက်သွားလို့ မဖြစ်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းရတော့မယ်။ ကျုပ် ဘာလုပ်လဲ သိလား။ လူဟာ သတိလက်လွတ် ဖြစ်သွားရင် စိတ်ရိုင်းတွေ ဝင်လာတတ်တယ်။ ဒီလို တွေးလိုက်တယ်။ သူဟာ ခြူးတပြားမှ မရှိတဲ့ မိန်းကလေးပဲ။ သူတောင်းစားသာသာပဲ။ ဆောရီးနော်၊ ကျုပ်ကိုယ်ကျုပ် အတင်းဇွတ် တွေးခိုင်းရတာ။ တိုတိုပြောရရင် သူဟာ လုပ်အားကို ရင်းပြီး ထမင်းစားနေရတာ။

အမေနဲ့ အစ်ကို့ကို လုပ်ကျွေးနေရတာ။ ဟာ... မျက်မှောင် မကုတ် ပါနဲ့ဦးဗျာ။ ကျုပ်မှာ ရှိသမျှ ပိုက်ဆံအားလုံး သူ့ကို ပေးမယ်လို့ ပြောလိုက်တယ်။ (အဲဒီတုန်း က ကျုပ်ပိုင် ရူဘယ်သုံးသောင်း ရှိတယ်) ပြီးရင် ဒီကို (ပီတာစဘတ်) ထွက်ပြေးကြမယ်ပေါ့။ ပျော်ကြမယ် ဆိုတာမျိုးတွေနဲ့ ကျုပ်က သစ္စာတိုင်တေးတွေ ရွတ်ပြလို့ပေါ့။ သူ ဘာပြောလဲ သိလား။ "မာဖာ့ကို သတ်ပြီးမှ အဲဒီလို စဉ်းစား" တဲ့။ ချက်ချင်းကို ကိစ္စပြတ်သွားတာပဲ။ ကျုပ်သေတာပေါ့။ အဲဒီနောက်တော့ ဇာတ်လမ်းအထွတ်အထိပ်ကို ရောက်သွားတော့တာပဲ။ ကျန်တာတွေ ကိုရင် သိပြီးပါပြီ။ မာဖာက ဒွန်ညာနဲ့ ဟိုခွေးသူတောင်းစား လူဇင်ကို အောင် သွယ်တော် လုပ်ပေးတယ် ကြားတော့ ကျုပ် ဘယ်လောက် ဒေါသထွက်မလဲ စဉ်းစားသာ ကြည့်တော့။ သူလည်း ကျုပ်ထက် ပိုမပေးနိုင်ပါဘူး။ ဟုတ်တယ် မဟုတ်လား။ အင်း... ကိုရင် စိတ်ဝင်စားလာပြီ"

ဆဗီဒရီဂေးလော့ဗ်က စားပွဲကို စိတ်လိုက်မာန်ပါ ထုလိုက်သည်။ သူက သူ့ကိုယ်သူ သတိမထားမိဘဲ ရှမ်ပိန် တခွက်ပြီး တခွက် သောက်နေသည်ကို ရပ်စ်ကိုလ်နီကော့ဗ် သတိထားမိသည်။ သူ တော်တော် အောင်မြင်နေပြီ။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို စိန်းစိန်းကြည့်ပြီး ပြောလိုက်သည်။

"အဲဒါနဲ့ သူ့ကို မမေ့တဲ့နိုင်ဖြစ်ပြီး ဒီကို ခင်ဗျား လိုက်လာတာပေါ့၊ ဟုတ်လား"

"ဟာ... ကိုရင်ကလည်း၊ ကျုပ် ပြောပြီးပါပကော။ ပြီးတော့ ဒွန်ညာကလည်း ကျုပ်ကို လုံးဝ ငြင်းထားတာပဲ ဥစ္စာ"

"ခင်ဗျားကို ကျွန်တော့်ညီမ စိတ်မဝင်စားဘူး ဆိုတာ သိပါတယ်။ ခု အခြေအနေ က အဲဒါ ပြဿနာ မဟုတ်တော့ဘူးလေ"

ဆဗီဒရီဂေးလော့ဗ်က မျက်စိမှေးကာ သရော်ပြုံး ပြုံးရင်း-

"ကိုရင်က အဲလို ထင်လား။ မှန်ပါတယ်၊ ဒွန်ညာ ကျုပ်ကို မချစ်ပါဘူး။ ဒါပေမဲ့ လင်နဲ့မယား ကြားမှာ၊ ချစ်သူနှစ်ယောက်ကြားမှာ ဘာတွေ ရှိနိုင်သေးတယ် ဆိုတာ ကိုရင် ဘယ်လိုမှ မသိနိုင်ဘူး။ သူတို့နှစ်ယောက်က လွဲပြီး တကမ္ဘာလုံး မသိနိုင်တဲ့ ထောင့်ကျဉ်း ကလေး တခု ရှိတယ်။ ဒွန်ညာက ကျုပ်ကို တသက်လုံး ရွံရှာစက်ဆုပ်နေမယ်လို့ ကိုရင် တထစ်ချ ပြောနိုင်လား"

"ခင်ဗျား ပြောတာတွေထဲမှာ ကျွန်တော် သတိပြုမိတာတွေ ရှိတယ်။ ဒွန်ညာနဲ့ ပတ်သက်ပြီး ခင်ဗျား တခုခု ကြံစည်နေတယ် မဟုတ်လား။ ကောင်းတဲ့ ကြံစည်မှုတော့ မဟုတ်နိုင်ဘူး"

"ကျုပ် အဲဒီသဘော သက်ရောက်တဲ့ စကားများ ပြောမိလို့လား"

ဆပ်ဗီဒရီဂေးလေ့ဗ် ရုတ်တရက် လန့်သွားသည်။ သူ့အကြံအစည်အကြောင်း လုံးဝ ဂရုမစိုက်ဘဲ ရပ်စ်ကိုလ်နီကော့ဗ် ဆက်မေးသည်။

"ဟုတ်တယ်လေ၊ ခုပဲ ခင်ဗျား ပြောတာပဲ။ ခင်ဗျား ဘာကြောင့် ဒါလောက် အထိတ် တလန့် ဖြစ်သွားတာလဲ။ ဘာလို့ ဒါလောက် ကြောက်နေတာလဲ"

"ဘာ… ကျုပ်က ကိုရင့်ကို ကြောက်ရမယ်၊ ဟုတ်လား။ ကိုရင်က ကျုပ်ကို ကြောက် ရမှာဗျ။ အဓိပ္ပာယ် မရှိလိုက်တာ။ သောက်တာ များပေမယ့် ကျုပ် မမူးဘူး။ စကားများတာ တခုပဲ။ ဝိုင်ဟာ ကောင်းကျိုး မပေးပါဘူး။ ဟေး… ရေယူခဲ့"

ရှမ်ပိန်ပုလင်းကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ ဖီးလစ်က ရေယူလာပေးသည် သူက မျက်နှာသုတ်ပဝါ တထည်ကို ရေဆွတ်၍ ခေါင်းကို ပွတ်သည်။

"လုံးဝ အဓိပ္ပာယ် မရှိပါဘူး။ ကိုရင့်ကို တခွန်းတည်းနဲ့ ကျုပ် ဖြေလို့ရတယ်။ ကိုရင့် သံသယတွေ ချက်ချင်း လွှင့်သွားစေရမယ်။ ကျုပ် လက်ထပ်တော့မှာ။ ကိုရင် မသိသေးဘူး ထင်တယ်"

"ခင်ဗျား ပြောတယ်လေ"

"ဟုတ်လား၊ ပြောဖူးလား။ ကျုပ် မေ့သွားပြီ။ သေချာပေါက်ကြီးတော့ ကျုပ် မပြောဘူး ထင်တယ်။ ဘာပြုလို့လဲ ဆိုတော့ အဲဒီတုန်းက သတို့သမီးကို ကျုပ် မမြင်ဖူးသေး ဘူး။ ခုတော့ အားလုံး ကိစ္စပြီးသွားပါပြီ။ ကိုရင့်ကို ခေါ်ပြရဦးမယ်။ ကိုရင် ဘယ်လိုမြင်လဲဆိုတာ သိချင်တယ်။ အဲဒါ ထားပါဦး။ ဆယ်မိနစ်ပဲ ကျန်တော့တယ်။ ကျုပ်ရဲ့ မင်္ဂလာပွဲဟာ အရမ်း စိတ်ဝင်စားဖို့ ကောင်းလိမ့်မယ်။ သိပ်မကြာတော့ပါဘူး။ ဟင်… ဘယ်လဲ၊ ကိုရင် သွားတော့မလို့လား"

"ဘယ်မှ မသွားပါဘူး"

"တကယ် မသွားဘူးနော်။ ကိုရင့်ကို သတို့သမီးဆီ ခေါ်သွားပြီး ပြမယ်။ ခုတော့ အချိန် မရှိတော့ဘူး။ ကိုရင်ကလည်း သွားတော့မှာကို။ လမ်းချင်းက မတူဘူး။ ကျုပ်က ညာဘက်သွားမှာ။ ကိုရင်က ဘယ်ဘက်။ ဒါထက် ရက်စ်လစ်ချ်ဆိုတဲ့ အမျိုးသမီးကြီးကို သိလား။ ကျုပ် ခုငှားနေတဲ့ အခန်းပိုင်ရှင်လေ။ ကိုရင် ဘာစဉ်းစားနေတာလဲ ဆိုတာ ကျုပ် သိပါတယ်။ ဆောင်းတွင်းတုန်းက သူ့သမီးကလေး ရေထဲခုန်ချတဲ့အကြောင်း တွေးနေတာ မဟုတ်လား။ ဟုတ်တယ်၊ အဲဒီ မဒမ်ရက်စ်လစ်ချ်ပဲ။ အဲဒီကိစ္စတွေ အားလုံး သူ စီစဉ် ပေးတာ။ ကိုရင် ပျင်းနေပြီလား။ အမျိုးသမီးကြီးက ကျုပ်ကို ပြောတယ်။ ပျော်ပျော်ရွှင်ရွှင်

နေစမ်းပါတဲ့။ ကျုပ်က စိတ်ခါတ်ကျပြီး မှိုင်တွေချနေတဲ့လူ၊ ကိုရင်က ကျုပ်ကို ပျော်ပျော် ပါးပါး နေတတ်တဲ့လူများ အောက်မေ့နေလား။ ဘယ်သူ့ကိုမှတော့ ဒုက္ခမပေးဘူး။ ဒါပေမဲ့ ထောင့်တထောင့်မှာ ထိုင်ပြီး ဘယ်သူနဲ့မှ စကားမပြောဘဲ သုံးရက်လောက် ဇေစာကျင့် သလို လုပ်ချင် လုပ်နေတာ။ မဒမ်က လျင်တယ်။ ကျုပ် ကြောင်သွားပြီး မိန်းကလေးကို ထားထွက်သွားမှဖြင့် ဆိုတဲ့ အတွေးမျိုး ဝင်ပုံရတယ်။ အဲဒီအခါ ကျုပ်မိန်းမက သူ့အသိုင်း အဝိုင်းထဲမှာ အပေါ်စီး ဆက်ဆံမှာလည်း စိုးရိမ်ပုံ ရတယ်။ အဆင့်ချင်းက မတူဘူးလေ။ သူ့အဖေက လေဖြတ်ထားတယ်၊ အငြိမ်းစားအရာရှိတဦးလို့ ပြောတယ်။ လေဖြတ်ထား တာ သုံးနှစ်ရှိပြီတဲ့။ အမေကတော့ တော်တယ်ပြောတယ်။ သားတယောက်က ဝန်ထမ်း တဲ့။ အိမ်ထောင်သည်။ သမီးတယောက် ရှိတယ်။ သူ့ကလေး နှစ်ယောက်ကို သူတို့အိမ်မှာ ခေါ်ထားတယ်။ အဲဒီသမီးက သူတို့ဆီ ဘယ်တော့မှ လာမလည်ဘူးတဲ့။ အငယ်ဆုံး မိန်းကလေး က ကျောင်းသူ။ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ အဲဒီကလေးမကို ကျောင်း ဆက်မထား တော့ဘဲ အိမ်ထောင်ချပေးမှာ။ ကျုပ်တို့ ရောက်သွားတော့ သိပ်ရယ်စရာ ကောင်းတာပဲ။ ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ရတာပေါ့။ မုဆိုးဖို မြေပိုင်ရှင်တယောက်ပေါ့။ မျိုးရိုးကောင်းတဲ့ အကြောင်း၊ ဘယ်လိုဘယ်လို အဆက်အသွယ်တွေ ရှိကြောင်း၊ ငွေရှိကြောင်း၊ ဘာညာ ဘာညာတွေ ရှီးရတာပေါ့။ အဲဒီမှာ ကျုပ်က ငါးဆယ်၊ ကလေးမက ဆယ့်ခြောက်နှစ် ဆိုတာ သိပ်ပြဿနာ မဟုတ်တော့သလို ဖြစ်သွားတယ်။ ကဲ... ကျုပ် ဘယ်လောက် စည်းရုံးရေး ကောင်းသလဲ။ အဘိုးကြီးနဲ့ အဘွားကြီးကို ကျုပ် နားဝင်အောင် ပြောနေပုံကို ကိုရင် မြင်စေ့ ချင်တယ်။ သူတို့မိသားစု ကျုပ်ကို တလေးတစား ကြိုဆိုကြတယ်။ ကောင်မလေးက ဘောင်းဘီတိုကလေးနဲ့၊ မပွင့်သေးတဲ့ ဖူးငုံကလေးပေါ့။ ရှက်လွန်းလို့ မျက်နှာကလေး နီရဲနေပုံက အရုဏ်တက် အလင်းရောင်ပျို့စ အတိုင်းပဲ။ မိန်းမတယောက်ရဲ့မျက်နှာကို ကိုရင် ဘယ်လို ခံစားရသလဲ မသိဘူး။ ကျုပ်အတွက်တော့ အဲဒီကလေးမ မျက်လုံးကလေးတွေ၊ ကြောက်ရွံ့ ထိတ်လန့်နေပုံကလေးတွေ၊ ရှက်ပြုံးရီဝေ့နေတဲ့ မျက်ရည်စကလေးတွေ ဟာ ရှင်းသန့်တဲ့ အလှတပါးပဲ။ ပန်းချီကားထဲက တကယ့်ရုပ်ပုံလွှာပဲ။ ရွှေရောင်ဆံပင် တွေက တွန့်တွန့်ခွေခွေ။ ဦးခေါင်းပေါ်မှာ ပွပွရောင်းရောင်း။ သိုးမကလေးတကောင်လိုပဲ။ နှုတ်ခမ်း ထူထူကလေးတွေက နီစွေးစွေး။ ခြေထောက်ကလေးတွေကလည်း အဲ.. သိပ်လှ တာပဲ။ အဲဒီလိုနဲ့ ရင်းနှီးသွားကြရော ဆိုပါတော့။ ကျုပ်က ပြောတယ်။ အိမ်မှာလည်း လုပ်စရာတွေ ရှိသေးလို့ ခပ်မြန်မြန် စီစဉ်ကြရအောင်လို့။ နောက်တနေ့မှာပဲ... အဲဒါက လွန်ခဲ့တဲ့ နှစ်ရက်ကပေါ့။ စေ့စပ်ကြောင်းလမ်း ဆုတောင်းပွဲ လုပ်ကြတယ်။ အဲဒီနောက်ပိုင်း တော့ ရောက်တိုင်း သူကလေးကို ပေါင်ပေါ်ထိုင်ခိုင်းထားတယ်။ ပြန်တဲ့အထိ တောက်လျှောက် ထိုင်ခိုင်းတာနော်။ သူ့ခမျာ မျက်နှာ တချိန်လုံး နီရဲလို့ပေါ့။ ကျုပ်ကလည်း တချိန်လုံး နမ်းနေ တာကိုး။ အမေက ပြောထားမှာ သေချာတယ်။ လင်မယား ဖြစ်ရတော့မှာမို့

ဒါသဘာဝပဲလို့။ ဒီလိုအချိန်ဟာ လင်မယားဘဝထက် ပိုအရသာ ရှိတယ်။ ပြင်သစ်တွေကတော့ 'သဘာဝရဲ့ အမှန်တရား'လို့ ခေါ်ကြတယ်။ သူနဲ့ စကားပြောကြည့်တော့ ကောင်မလေးက ခပ်တုံးတုံး ထဲက မဟုတ်ဘူး။ အသိဉာဏ် မြင့်တယ်၊ နားလည်မှုအပြည့်နဲ့ ကျုပ်ကို ခိုးခိုးကြည့်တဲ့အခါ ဟာ... ကျုပ် တကိုယ်လုံး နွေးသွားတယ်။ သူ့မျက်နှာကလေးက ရာဖေးရဲ့ ပန်းချီကားထဲက မယ်တော်မေရီအတိုင်းပဲ။ သိပ်မြင့်မြတ်တယ်၊ သိပ်ကျက်သရေ ရှိတယ်၊ ကြောင်းလမ်းပြီး နောက်တနေ့မှာ သူ့အတွက် လက်ဆောင်တွေ ကျုပ် ဝယ်သွားတယ်။ အားလုံး ရူဘယ် တထောင့်ငါးရာကျော် ကျတယ်။ စိန်လည်တုန်ရယ်၊ ပုလဲပုတီးရယ်၊ ငွေနဲ့ လုပ်ထားတဲ့ အဝတ် သေတ္တာက ဒါလောက် ကြီးတယ်။ အထဲမှာ ပစ္စည်းမျိုးစုံ ဝယ်ထည့်ထားတယ်။ သူ့ရဲ့ မဟာ ဆန်ဆန်လှတဲ့ မျက်နှာကလေးဟာ ကြည်လင်ဝင်းပ နေတော့တာပေါ့။

"မနေ့ကလည်း ပေါင်ပေါ်မှာ ထိုင်ခိုင်းသေးတယ်။ ဖြုန်းစားကြီး ဆွဲထိုင်ခိုင်းလိုက် တော့ သူ့တကိုယ်လုံး နီမြန်းသွားတယ်။ မျက်ရည်တွေ လည်လာတယ်။ ခဏနေတော့ သူ့ တကိုယ်လုံး ပူနွေးလာပြီး ကတုန်ကယင် ဖြစ်လာတယ်။ အိမ်မှာ ဘယ်သူမှ မရှိဘူး။ ကျုပ်တို့ နှစ်ယောက်တည်း။ သူက ကျုပ်လည်ပင်းကို သိုင်းဖက်လာတယ်။ ပထမအကြိမ်အဖြစ်နဲ့ ကျုပ်အနမ်းကို တုံ့ပြန်တယ်။ ဇနီးကောင်းတယောက်အဖြစ်နဲ့ လင်သားကို ပြုစုပါမယ့် အကြောင်း၊ သစ္စာရှိစွာ ချစ်ပါမယ့် အကြောင်းတွေ တတွတ်တွတ် ပြောနေတယ်။ သက်ဆုံးတိုင် ပျော်အောင် ကြိုးစားပေးသွားမယ့် အကြောင်းလည်း ပါရဲ့။ ဘဝတခုလုံး ပုံပေးပြီး ချစ်ပါ့ မယ်တဲ့။ အဲဒီအတွက် တခုပဲ သူ့ကို ပြန်ပေးပါတဲ့။ အဲဒါကတော့ သူ့အချစ်ကို လေးစားဖို့ ပါပဲတဲ့။ "ကျွန်မ လိုချင်တာ အဲဒါပါပဲ။ ကျန်တာတွေ ဘာဆိုဘာမှ မလိုချင်ပါဘူး" တဲ့။ လက်ဆောင်ပစ္စည်းတွေလည်း မလိုပါဘူးတဲ့။ ဆယ့်ခြောက်နှစ်သမီးလေးက နှစ်ကိုယ်ကြား ပြောနေတဲ့ အချစ်သစ္စာစကားတွေ။ ကိုရင် စဉ်းစား ကြည့်စမ်း၊ ကဲ... ကိုယ့်မိန်းကလေးကို ကိုရင် လိုက်ကြည့်မယ် မဟုတ်လား။ အဲ... ခုတော့ အချိန်မရသေးဘူး"

"ခင်ဗျား ကိုယ့်မြေးအရွယ်လေးကို လက်ထပ်မယ်၊ ဟုတ်လား။ ခင်ဗျားနှယ်ဗျာ"

"ဘာဖြစ်လဲ၊ စိတ်ချမ်းသာဖို့ အရေးကြီးတာပဲ။ ကိုရင်က ကိုယ်ကျင့်တရားနဲ့ ဆိုင်တယ် ထင်လို့လား။ ဘာပြုလို့ လောကနီတိကို ဒါလောက် ဦးစားပေးနေတာလဲ။ ကျုပ်ကို အဲဒီအကြောင်းတွေ လာမပြောနဲ့။ ကျုပ်က စည်းပြင်ကလူ၊ ဒုစရိုက်ကောင်။ ဟဲ... ဟဲ..."

"ဒါပေမဲ့ ကက်တာရီးနာရဲ့ ကလေးတွေအတွက်တော့ ခင်ဗျား ကူညီဖော်ရသားပဲ။

ခင်ဗျားမှာ ဘာရည်ရွယ်ချက်တွေ ရှိရှိပေါ့လေ”

“ကျုပ်က ကလေး ချစ်တတ်တယ်ဗျ” သူက ရယ်ပြီး ဆက်ပြောသည်။

“ကျုပ်မှာ ထူးခြားတာလေးတွေ ရှိတယ်။ အထူးဆန်းဆုံး အဖြစ်ကလေးတခု ပြောပြမယ်။ ကျုပ် ဒီရောက်တဲ့နေ့မှာပဲ အောက်တန်းအကျဆုံး ရပ်ကွက်တွေကို လျှောက် ကြည့်တယ်။ အမှန်အတိုင်း ပြောရရင် ဒီအလုပ်မျိုးနဲ့ ကျုပ်ပြတ်နေတာ ခုနစ်နှစ်ရှိပြီ။ အိမ်ထောင် ကျပြီးကတည်းက ဆိုပါတော့။ ကိုရင်သတိထားမိလား မသိဘူး။ ကျုပ် ပေါင်းဟောင်း သင်းဟောင်းတွေနဲ့ အဆက်အသွယ် မလုပ်ဘူး။ တတ်နိုင်သမျှ သူတို့အကူအညီ မယူဘဲ နေမယ်။ တောမှာ မာဖာနဲ့ နေတဲ့ တချိန်လုံး ကျုပ် အဲဒီလို အောက်ကျနောက်ကျ ဓားမ နောက်ပိတ် ခွေး လူတန်းစားတွေကို ကျုပ် လေ့လာခဲ့တယ်။ သေချင်အောင် စိတ်ဆင်းရဲခဲ့ရတယ်။ အဲဒီလို နေရာတွေမှာ အများကြီး အသိတွေ တိုးခဲ့တယ်။ ပညာမတတ်တဲ့ လူတွေက မူးရူးနေကြတယ်။ ခေတ်ပညာတတ် လူငယ်တွေက မဖြစ်နိုင်တဲ့ အိပ်မက်တွေ မက်ပြီး သူတို့ကိုယ် သူတို့ ဖျက်ဆီးနေကြတယ်။ ခေတ်သစ် ဆိုတာကို မျှော်ပြီး စိတ်ကူးယဉ်နေကြတယ်။ ဂျူးတွေက နေရာတကာကနေ စုပြုံရောက်လာပြီး တိုင်းပြည်ရဲ့ငွေတွေကို သဲ့ယူနေကြတယ်။ ပီတာစဘတ်မြို့ကြီးကတော့ ဟိုတုန်းက အသက်ရှူသံနဲ့ ကျုပ်ကို ကြိုဆိုပါတယ်။ ကျုပ်က ခပ်ချာချာ ကပွဲခန်းမတွေဆီ သွားတယ်။ သိပ်အောက်တန်းကျတဲ့ နေရာတွေကို သွားတယ်။ ကျုပ်တို့ခေတ်က မရှိသေးခဲ့တဲ့ ကင်ကင်အကတွေကိုလည်း ခုမှ တွေ့ရတယ်။ အင်း... တိုးတက်နေတာပေါ့လေ။ တနေရာမှာ ဆယ့်သုံးနှစ်လောက် ရှိမယ့် ကချေ သည်မကလေး တယောက်ကို သွားတွေ့တယ်။ လှလှပပ ဝတ်ထားပြီး အကောင်းဆုံးတီးလုံး နဲ့ ကနေတယ်။ သူ့အမေက နံရံနံဘေးက ကုလားထိုင်တလုံးမှာ ထိုင်ကြည့်နေတယ်။ သိတဲ့ အတိုင်း ကင်ကင် ဆိုတာ ပေါင်တံတွေကို အမြင့်ဆုံး မြှောက်ကရတာ မဟုတ်လား။ ကောင်မလေး က ကနေရင်း ရှက်တာပေါ့။ ဒီအလုပ်ကို လုပ်ရတာ စိတ်ပျက်လာပုံ ရတယ်။ ကနေရင်း ငိုချ လိုက်ပါလေရော။ ဂီတဆရာတယောက်က သူ့ကိုတွဲပြီး ဣန္ဒြေမပျက် ဆက်ကသွားတယ်။ ပရိသတ်က ဝိုင်းရယ်ကြတယ်။ ပရိသတ်ကို ကျုပ် သဘောကျသွားတယ်။ ကင်ကင် ပရိသတ် ဖြစ်စေပေါ့။ “မိန်းကလေးကို ကူညီပါ။ ကူညီကြပါ။ ဒီပွဲကို ကလေးတွေ ခေါ်မလာ ကြပါနဲ့” လို့ အော်ကြတယ်။ ထားပါတော့။ အဲဒါတွေ ကျုပ်နဲ့ မဆိုင်ပါဘူး။ ကလေးမဘက်က ဝိုင်းအော်ကြတာကိုလည်း တက္ကဗေဒကျ မကျလည်း ကျုပ် မသိပါဘူး။ ချက်ချင်း ကျုပ် ဆုံးဖြတ်လိုက်တယ်။ ကောင်မလေး အမေ့ဘေးမှာ သွားထိုင်လိုက်တယ်။ ကျုပ်က ဧည့်သည်ဖြစ်ကြောင်း၊ ပရိသတ်ကိုတော့ ထိန်းလို့ရမှာ မဟုတ်တဲ့အကြောင်း အမျိုးသမီးကို ပြောလိုက်တယ်။ ကျုပ်ကလည်း ဒီမှာ လူစိမ်းဖြစ်ကြောင်း၊ ပရိသတ်က ဆူညံလွန်းကြောင်း၊ ပြီးတော့ ကျုပ်က လူချမ်းသာတယောက် ဖြစ်တဲ့အကြောင်း၊ ကျုပ် ရထားနဲ့ သူတို့သားအမိကို ပြန်ပို့

ပေးမယ့် အကြောင်း ပြောလိုက်တယ်။ အဲဒီလိုနဲ့ သူတို့နဲ့ အသိအကျွမ်း ဖြစ်သွားတယ် ဆိုပါတော့။ သူတို့က တခြားလူတွေနဲ့ တွဲပြီး အခန်း ငှားနေတာ။ ကြုတ်ထဲ ကျွဲသိပ်ပေါ့။ ကျုပ်နဲ့ အသိအကျွမ်း ဖြစ်ရတဲ့အတွက် သူတို့သားအမိ ဂုဏ်ယူမဆုံး ဖြစ်နေကြတာပေါ့။ သူတို့မှာ ချေးတပြားတောင် မရှိဘူး။ ရစရာကိစ္စကလေး တခု ရှိလို့ ရုံးတရုံးမှာ လျှောက်ထား ဖို့ ပီတာစဘတ်ကို ရောက်လာခြင်း ဖြစ်ကြောင်း သိရတော့ ကျုပ်က သူတို့ သားအမိကို နေစရိတ်၊ စားစရိတ် ထုတ်ပေးလိုက်တယ်။ ကပွဲရုံနဲ့ အဆက်အသွယ်ရတာ သူတို့ အမှားပဲ။ အကပညာတတ်အောင် သင်ပေးလိမ့်မယ် သူတို့ ထင်ခဲ့တာတဲ့။ အဲဒီတော့မှ ကျုပ်က ကောင်မလေးကို အဆင့်မြင့် အကသင်တန်း တခုမှာ အပ်ပေးလိုက်တယ်။ ပြင်သစ်စာ သင်ဖို့လည်း စီစဉ်ပေးလိုက်တယ်။ သူတို့သားအမိ ဂုဏ်ယူဝမ်းသာလို့မဆုံး ဖြစ်နေတာပေါ့။ ကိုရင်နဲ့လည်း မိတ်ဆက်ပေးမယ်။ အဲ... ခုတော့ မဟုတ်သေးဘူး”

“ခင်ဗျား စိတ်ကူးယဉ် ဇာတ်လမ်းတွေ တော်ပါတော့ဗျာ၊ စိတ်ပျက်စရာတွေ။ တော်တော် အောက်တန်းကျတာပဲ”

“အာ... ကိုရင်က တကယ် ရှီလာပဲ။ ‘အသိုက်ဆောက်ဖို့... ကိုယ်ကျင့်သိက္ခာ ဘယ်မှာပါလဲ68။ ဒီမယ် ကိုရင်၊ ကိုရင့်ကို ဒီလိုဇာတ်လမ်းတွေ ဆက်ပြောနေဦးမှာပဲ။ ဒါမှ ကိုရင့် ရှုတတ ဝေဖန်သံကလေးတွေ ကြားရမှာ။ ပျော်စရာ ကောင်းပါတယ်”

“ကျွန်တော့်ကိုယ် ကျွန်တော် ရယ်စရာဖြစ်အောင် လုပ်နေတယ်လို့ ခင်ဗျား ထင်နေ သလား”

ဆဗီဒရီဂေးလော့ဗ် အော်ရယ်သည်။ နောက်ဆုံးတွင်မှ ဖီးလစ်ကို လှမ်းခေါ်ပြီး ငွေရှင်းပေးလိုက်သည်။ မတ်တတ်ထရင်း-

“ဟာ... ကျုပ် တော်တော်မူးနေပြီ။ တော်ပြီ၊ နောက်ထပ် လျှာမရှည်တော့ဘူး။ ပျော်စရာ ကောင်းပါတယ်”

ရပ်စ်ကိုလ်နီကော့ဗ်ကလည်း ထရပ်ပြီး-

“ဘာပျော်စရာကောင်းတာလဲ။ သိက္ခာမရှိတဲ့ စကားတွေ၊ ခင်ဗျား ခေါင်းထဲမှာ အကြံအစည် အမြဲ ရှိနေတယ်။ ကျွန်တော့်လို လူအတွက် ဘာမှ ပျော်စရာ မရှိဘူး။ စိတ်ကုန် စရာပဲ ရှိတယ်”

ဆဗီဒရီဂေးလော့ဗ်က အံ့သြသည့် အမူအရာဖြင့် သူ့ကို စေ့စေ့ကြည့်ပြီး -

“ဒါကတော့ ဒီကိစ္စမှာ၊ အဲ... ဒီကိစ္စမှာ ကိုရင်က ကိုယ့်ကိုယ်ကိုယ် အဆိုးမြင်လွန်း နေတယ်။ ဘာပဲဖြစ်ဖြစ်လေ ကိုရင့်မှာ အတတ်ပညာတွေ၊

အသိပညာတွေ ဘဏ်တခုလိုစုပြီးသား ရှိနေတာပဲ။ ကိုရင် အများကြီး နားလည်နိုင်ပါတယ်။ ကဲ.. ကဲ... ဒါတွေ ထားပါတော့။ စိတ်မကောင်းတာ တခုပဲ ရှိတယ်။ ကိုရင်နဲ့ စကားပြောရတာ မဝဘူး။ ဒါပေမဲ့ ကိုရင် ကျုပ်ဆီက ထွက်မပြေးနိုင်ပါဘူး။ မယုံ စောင့်ကြည့် ...”

ပြောပြောဆိုဆို သူ ဆိုင်ထဲမှ ထွက်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့နောက် မှ လိုက်သွားသည်။ သူ ပြောသလောက် မမူးမှန်း ရပ်စ်ကိုလ်နီကော့ဗ် သိနေသည်။ အရေး တကြီး ကိစ္စတခု ခေါင်းထဲ ဝင်လာ၍ အမူးပြေသွားခြင်းလည်း ဖြစ်နိုင်သည်။

သူ မျက်မှောင်ကြုတ်ထားသည်။ တခုခုကို သူ စိတ်ပူနေမှန်း သိသာသည်။ ရပ်စ်ကိုလ် နီကော့ဗ်နှင့် စကားဝိုင်းပြီးခါနီးတွင် သူ့ပြောပုံတွေက ရိုင်းပျလာသည်။ ပိုပြီး ပြက်တီး ပြက်ချော် ဖြစ်လာသည်။ ဒါကို သတိရလာတော့ ရပ်စ်ကိုလ်နီကော့ဗ် လန့်လာသည်။ ဘာများပါလိမ့်။ သူ့နောက်ကို လိုက်ဖို့ ရပ်စ်ကိုလ်နီကော့ဗ် စိတ်ဆုံးဖြတ်လိုက်သည်။

ပလက်ဖောင်းပေါ်တွင် နှစ်ယောက်သား ယှဉ်လျှောက်နေရင်း ဆဗီဒရီဂေးလော့ဗ်က-“ကဲ... ကိုရင်က ညာချိုး၊ ကျုပ်က ဘယ်ချိုးမယ်။ ဂွဒ်ဘိုင်၊ ပျော်စရာ ကောင်းပါတယ်။ တွေ့ဦးမယ်နော်”

ပြောပြီး ဈေးဘက်သို့ သူ ချိုးကွေ့သွားလေတော့သည်။

※※※

ရပ်စ်ကိုလ်နီကော့ဗ်က သူ့နောက်မှ လိုက်သွားသည်။

သူက နောက်ဘက် လှည့်ပြီး-

"ဘာအဓိပ္ပာယ်ပါလိမ့်။ ကျုပ် ပြောလိုက်မိတယ် ထင်တယ်"

"အဓိပ္ပာယ်ကတော့ ခုလောလောဆယ် ခင်ဗျားကို ကျုပ် မျက်ခြည်ပြတ် မခံနိုင်ဘူး"

"ဘာ... ဘာပြောတယ်"

နှစ်ယောက်သား တယောက်ကို တယောက် စိုက်ကြည့်နေကြသည်။ တယောက်၏ အလုံးအရပ်ကို တယောက်က ခန့်မှန်းနေသည့်အလား။

"ခင်ဗျား မူးကြောင် မူးကြောင်နဲ့ ပြောသွားတဲ့ ဇာတ်လမ်းတွေထဲမှာ..."

ရပ်စ်ကိုလ်နီကော့ဗ်က သံပြတ်ဖြင့် ပြောသည်။

"ကျွန်တော် ယုံကြည်ထားတာ ရှိတယ်။ ကျွန်တော့်ညီမကို သိမ်းပိုက်ဖို့ ရှုံစရာ ကောင်းတဲ့ စီမံကိန်းကို ခင်ဗျား လက်မလျှော့သေးတဲ့အပြင် အပြင်းအထန် လုံးပန်းနေတယ် ဆိုတာပဲ။ ဒီမနက် ဒွန်ညာ့ဆီကို စာတစောင် ရောက်တယ်လို့ ကျွန်တော် သိထားတယ်။ ခင်ဗျား ဂနာမငြိမ်တာလည်း သတိထားမိတယ်။ မိန်းမယူမယ် ဆိုတာ သက်သက် ထွင်လုံး မဟုတ်လား။ ကျွန်တော့်အနေနဲ့ သိအောင် လုပ်ဖို့က.."

ရပ်စ်ကိုလ်နီကော့ဗ် တယောက် လောလောဆယ် ဘာသိချင်နေမှန်း သေသေ ချာချာ မသိ ဖြစ်နေ၏။

"အဲဒီလိုလား၊ ဒါဆို ကျုပ် ခု ရဲခေါ်လိုက်ရမလား"

"လုပ်လေ"

နှစ်ယောက်သား တမိနစ်ခန့် ဆက်ရပ်နေကြပြန်သည်။ နောက်ဆုံးတွင် ဆဗီဒရီ ဂေးလော့ဗ်၏ အမူအရာ ပြောင်းသွားသည်။ သူ ခြိမ်းခြောက်တာကို ရပ်စ်ကိုလ်နီကော့ဗ် မကြောက်မှန်း သိသွားပြီး ချက်ချင်း ရွှင်ရွှင်ပျပျ တရင်းတနှီးပုံ ပြန်ပြောင်းလာသည်။

"ကိုရင့်ကိစ္စတွေကို ကျုပ် သေမလောက် သိချင်နေပေမယ့် ကျုပ် မမေးမိအောင် ထိန်းထားတယ်။ တော်တော့ကို ထူးဆန်းတဲ့ အဖြစ်ပဲ။ နောက်မှ မေးမယ်လို့ စိတ်ကူးထား တာ။ မောင်ရင်က သေတဲ့လူတောင် လှုပ်နှိုးနိုင်သလို ဖြစ်နေပြီ။ ကဲ... လာ၊ သွားစို့။ ကျုပ် အစီအစဉ် ပြောမယ်။ အခန်းကို ပြန်၊ ပိုက်ဆံယူ၊ တံခါးပိတ်ပြီး ရထားတစီး ငှားမယ်။ ကျွန်း တွေဆီ သွားပြီး တညနေလုံး အချိန်ဖြုန်းမလို့၊ ကိုရင် လိုက်မလား။ ဘယ်လိုလဲ"

"ကျုပ်လည်း အဲဒီသွားမှာပါ။ ဒါပေမဲ့ ခင်ဗျား အခန်းကို မဟုတ်ဘူး။ ဆွန်ညာ့အခန်း သွားမှာ။ အသုဘ မပို့နိုင်တဲ့အတွက် သွားတောင်းပန်မလို့"

"ကြိုက်သလို လုပ်လေ။ ဆွန်ညာတော့ အခန်းမှာ ရှိမှာ မဟုတ်ဘူး။ ကလေးတွေ ကို အမျိုးသမီးတယောက်ဆီ သွားပို့နေလိမ့်မယ်။ အထက်တန်းလွှာက အမျိုးသမီးကြီး တယောက်ပါ။ ကျုပ်ရဲ့ မိတ်ဆွေဟောင်းကြီးပေါ့။ သူက မိဘမဲ့ကလေးများ ကျောင်း တကျောင်းမှာ တာဝန်ခံလေ။ ကလေးသုံးယောက်စလုံးအတွက် ကျောင်းလခ ကျုပ် သွင်းပေး ပြီးပြီ။ ကျောင်းအတွက် လည်း အလှူငွေ ထည့်လိုက်တယ်။ အမျိုးသမီးကြီးကို ဆွန်ညာ့ ဇာတ်လမ်းအားလုံး ပြော လိုက်တယ်။ သူက ဆွန်ညာ့ကို တွေ့ချင်တယ် ဆိုလို့ သူ တည်းနေတဲ့ ဟိုတယ်ကို လွှတ်လိုက် ယ်။ သူ့မှာ နွေရာသီစံအိမ် ရှိတယ်။ ဒီဟိုတယ်မှာ ခဏလာပြီး နွေရှောင်နေတာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော် လိုက်ခဲ့မယ်"

"သဘောပဲလေ၊ ကိုရင်နဲ့ လမ်းခွဲတော့မယ်။ ကျုပ်က လုပ်စရာ ရှိတာ လုပ်ပေးပြီး ပြီ။ ကဲ... ရောက်ပြီ။ ဆိုပါဦး၊ ကျုပ်က ကိုရင့်ကို မေးခွန်းတွေနဲ့ ဒုက္ခမပေးဘူး။ အဲဒီအတွက် ကိုရင် ကျုပ်ကို မသင်္ကာ ဖြစ်နေတယ် ထင်တယ်၊ ဟုတ်တယ် မဟုတ်လား။ ကျုပ်ပြောတာ သဘောပေါက်တယ်နော်။ ဒီကိစ္စ ကိုရင့်အတွက် သိပ်ထူးဆန်းနေပုံ ရတယ်။ တော်တော် သိမ်မွေ့တဲ့ ကိစ္စမျိုးပဲ။ လေးလည်း လေးနက်တယ်"

"ခင်ဗျားက သူများ သော့ပေါက်တွေက ချောင်းနားထောင်တဲ့ လူစားမျိုးလား"

သူက ရယ်ပြီး-

"အင်း ... ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်။ ကိုရင် အဲဒီလို သတိမထားမိမှ အံ့သြရမှာ။ အဲဒီလို... အဲဒီလိုနဲ့ ကိုရင့်ဇာတ်လမ်းတချို့ သိခဲ့တယ် ဆိုပါတော့။ တရက်မှာ ဆွန်ညာ့ကို ကိုရင် ပြောတဲ့ စကားတွေလေ။ ဒါပေမဲ့ ဘာတွေမှန်း ကျုပ် နားမလည်ဘူး။ ဘာမှ နားမလည်တာ။ ကျုပ်ပဲ ခေတ်နောက်ကျ ကျန်ခဲ့လို့လား

မသိဘူး။ တဆိတ် ကျုပ် နားလည်အောင် ရှင်းပြ စမ်းပါ ကိုရင်ရာ။ ကိုရင်တို့ရဲ့ ဒီနေ့သီအိုရီတွေ"

"ခင်ဗျား ဘာမှ မကြားနိုင်ဘူး။ ဖြီးမနေနဲ့"

"နေဦး။ ကျုပ် ဆိုလိုတာက ကျုပ် တခွန်း ကြားတယ်။ ဒါပေမဲ့ ဘာတွေမှန်း မသိဘူး။ တကယ်ပါ။ ကိုရင်က တချိန်လုံး တတွတ်တွတ်နဲ့ ညည်းတွားနေတယ်။ ညည်းညူနေတယ်။ ကိုရင့် ရင်ထဲမှာ ရီလာ ရောက်နေတယ်။ ဒါကြောင့် အမြဲတမ်း စိတ်မကြည်မသာ ဖြစ်နေတာ။ သော့ပေါက်က ချောင်းနားထောင်တာကို ကိုရင် အပြစ်မြင်နေတယ်။ ပြစ်မှုလို့ ထင်ရင် ရဲသွားတိုင်လေ။ သူတပါး စကားပြောတာကို ခိုးနားထောင်တဲ့ အမှုနဲ့ တိုင်လေ။ ကျုပ်မှာ အဲဒီအားနည်းချက် တခု ရှိတယ်။ ကျုပ် သီအိုရီနဲ့ မဆိုင်တဲ့ အမှားတခုပေါ့။ ဖြစ်တတ်ပါတယ်။ တချို့လည်း ဒီလိုပဲ တံခါးဝမှာ အသာနားထောင်ပြီး အထဲဝင်၊ အဘွားကြီးတွေ သတ်၊ ပြီးတော့ ယောင်နန ဖြစ်နေ။ ဒီမယ် ကိုရင်၊ အမေရိကန်ကို အမြန်ဆုံးလစ်ပါလား။ အချိန် ရှိသေးတယ်။ ငွေလိုရင် ကျုပ် ထုတ်ပေးမယ်။ ဘယ့်နှယ်လဲ"

"သွားစမ်းပါဗျာ၊ အဲဒီကိစ္စ ကျုပ် လုံးဝ မစဉ်းစားပါဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က ဆတ်ဆတ်ထိမခံ ပြန်ပက်လိုက်သည်။ သည်လူကြီးကို မုန်းသည်ထက် မုန်းသွား၏။

"အင်း... အင်း... ကျုပ် နားလည်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့။ ပြောချင်စိတ် မရှိရင်လည်း မပြောပါနဲ့။ ဘယ်လိုမေးခွန်းတွေ ကိုရင့်ခေါင်းထဲ ဝင်နေတယ် ဆိုတာလည်း ကျုပ်နားလည်ပါတယ်။ လူ့ကျင့်ဝတ်နဲ့ဆိုင်တဲ့ မေးခွန်းတွေ မဟုတ်လား။ ဒါက လူသားတယောက်၊ ပြည်သူတယောက် စိတ်ဝင်စားတဲ့ မေးခွန်းလေ။ ဒါတွေ မေ့ထား လိုက်ပါလေ။ အဲဒီမေးခွန်းတွေက ကိုရင့်အတွက် ဘာမှ အကျိုးမပြုပါဘူး။ ဘာပြုလို့လဲ ဆိုတော့ ကိုရင်လည်း လူသားတယောက်၊ ပြည်သူတယောက် ဖြစ်နေလို့ပဲ။ ဒါဆို ဒီကိစ္စ တွေ စဉ်းစားမနေနဲ့ပေါ့။ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို သွားစဖို့ ကိုရင့်မှာ အခွင့်အရေး မရှိဘူး။ ဒါဆို ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မလား။ ဒီလိုလည်း မလုပ်ချင်ဘူး မဟုတ်လား။

"ကိုရင် တော်တော်ခွကျပါလား။ ကဲ ... ရောက်ပြီ၊ အပေါ်တက်သွား။ ဘယ်သူမှ မရှိစေရဘူး။ ကိုရင်က ကျုပ် ပြောတာ မယုံဘဲကိုး။ ကာပါနော်မော့ဗ်ကို မေးကြည့်။ အခန်း သော့ သူတို့ကို ပေးခဲ့တယ်။ ဟောဟိုမှာ မဒမ်ကာပါနော်မော့ဗ်။ သူက နားလေးတယ်နော်။ ဗျာ ... အပြင် ထွက်သွားတယ် ဟုတ်လား။ ဘယ်သွားကာလဲ။ ကဲ... ကြားပြီ မဟုတ်လား။ သူ့အခန်းထဲမှာ မရှိဘူး။ ညနေအထိ ပြန်ရောက်မှာ မဟုတ်ဘူး။ လာ... ကျုပ်အခန်း သွား မယ်၊ ဗျာ... ကျုပ် အခန်းကို မလိုက်ချင်ဘူး၊ ဟုတ်လား။ လာပါ။ ရောက်ပဲ ရောက်နေပြီပဲ။ မဒမ်ရက်စ်လစ်ချ်

အပြင်သွားနေတယ်။ အိမ်မှာ မရှိဘူး။ အဲဒီအမျိုးသမီးကြီးက တချိန်လုံး အလုပ်ရှုပ်နေတာ။ ဒါပေမဲ့ သိပ်သဘောကောင်းတယ်။ ကိုရင့်အတွက် အသုံးကျချင် ကျမှာ။ ကိုရင်က နည်းနည်းပျော့ပျောင်းရင်ပေါ့လေ။ ကဲ... ဒါလေး ကြည့်ပါဦး။ အံဆွဲထဲက ထုတ် လိုက်ဦးမယ်။ ကျုပ် ငွေစုလက်မှတ် လက်ကျန် ဘယ်လောက် ရှိသေးလဲလို့။ ဒီနေ့ ငွေလဲမယ်။ တွေ့ပြီနော်။ အချိန် သိပ်မရှိတော့ဘူး။ ကဲ... အခန်းသော့ပိတ်ပြီး ပြန်ဆင်းမယ်။

ရထားတစီး ငှားမလား။ ကျွန်းတွေဆီ သွားမယ်လေ။ ဟောဟိုမှာ ရထားတစီး။ ကျုပ်က ယီလာဂျင်ကျွန်းကို သွားမယ်။ မလိုက်ချင်ဘူး။ ဟုတ်လား။ ဒါဆို ရထား လျှောက်စီးမယ်။ မိုးရွာလိမ့်မယ်။ ကိစ္စ မရှိဘူး။ အမိုးက ဆွဲချလို့ ရပါတယ်”

ဆဗီဒရီဂေးလော့ဗ်က ပြောပြောဆိုဆို ရထားပေါ် တက်လိုက်သည်။ ထိုတဒင်္ဂ တွင်တော့ သူ့အပေါ်သံသယတွေ လျော့ကျသွားသလိုလို ရှိသည်။ သူ့ကို ဘာမှ ပြန်မပြော တော့ဘဲ ဈေးဘက်ကို လှည့်ပြန်လာခဲ့သည်။ သူသာ နောက်လှည့်ကြည့်ဖြစ်လျှင် ခြေလှမ်း တရာလောက်အရောက်တွင် ရထားခ ရှင်းပေးပြီး လူသွားလမ်းပေါ်ဆင်း၍ ခြေကျင်လျှောက် သွားသော ဆဗီဒရီဂေးလော့ဗ်ကို တွေ့ရမည် ဖြစ်သည်။ သို့သော် သူ လမ်းတခုထဲသို့ ချိုးဝင် လိုက်သဖြင့် လှည့်ကြည့်လျှင်လည်း ထိုပုဂ္ဂိုလ်ကို မြင်ရတော့မည် မဟုတ်တော့ပေ။ သူ့ကို ရွံရှာမုန်းတီးစိတ်တွေ ရပ်စ်ကိုလ်နီကော့ဗ်၏ ရင်ထဲတွင် လှိုင်းထလာပြန်သည်။ သူ့ ကိုယ်သူ သတိမထားမိဘဲ တယောက်တည်း ပြောနေပြန်သည်။

“ဘာပြုလို့များ သည်လူယုတ်မာဆီက တခုခု ရလိမ့်မယ်လို့ မျှော်လင့်မိပါလိမ့်။ အလကားလူကြီး”

ခပ်ပေါ့ပေါ့တွေးပြီး ခပ်သွက်သွက် ပြောလိုက်မိခြင်း ဖြစ်သည်။ သို့သော် အနည်း နှင့်အများ သူနှင့် ပတ်သက်နေရဦးမည် ဆိုသည်ကိုတော့ နဂိုကတည်းက သိနေသည်။ စိတ်ထဲ သိပ်သေချာနေတာ တခု ရှိသေးသည်။ ဒွန်ညာ့ကို ရဖို့ သူ လက်မလျှော့သေးသည့် အချက်။ သည်အကြောင်း ခေါင်းထဲ ရောက်လာလျှင် ဆက်မတွေးချင်လောက်အောင် စိတ်ပင်ပန်းရသည်

ထုံးစံအတိုင်း ခြေလှမ်းနှစ်ဆယ်လောက် လှမ်းပြီးတော့ အတွေးကျွံသွားပြန်သည် တံတားပေါ် ရောက်လာခဲ့ပြန်ပြီ။ လက်ရန်းကို မှီပြီး ရေပြင်ကို ငုံ့ကြည့်နေ၏။ သူ့နံဘေးတွင် ဒွန်ညာ ရောက်နေမှန်း သူ မသိ။

ညီမလုပ်သူနှင့် တံတားပေါ်တွင် ဆုံသော်လည်း သူ သတိမထားမိ။ ဖြတ်သွားသော် လည်း သူ မမြင်။ သူ့အစ်ကိုကို သည်ပုံစံဖြင့် ဒွန်ညာ တခါမှ မမြင်ဖူး။ ဒွန်ညာ လန့်သွားသည် ရပ်လိုက်ပြီး သူ့ကို လှမ်းခေါ်သင့် မခေါ်သင့် စဉ်းစားသည်။

ဤ၌တွင် စျေးဘက်မှ တံတားဆီသို့ သုတ်ခြေ တင်လာနေသည့် ဆဗီဒရီဂေးလော့ဗ်ကို ဒွန်ညာ လှမ်းမြင်လိုက်သည်။

သူက တံတားပေါ်မတက်ဘဲ ပုန်းလျှိုးကွယ်လျှိုး ပုံမျိုးဖြင့် ရပ်စ်ကိုလ်နီကော့ဗ် မမြင်အောင် တံတားသံပေါင်တခုတွင် ကပ်ပြီး ဒွန်ညာ့ကိုသူ့ဆီလာခဲ့ဖို့လက်ယပ်ခေါ်သည်။ သူ့အစ်ကိုကို မခေါ်ခဲ့ဖို့လည်း လက်ဟန်ခြေဟန်ဖြင့် အချက်ပြသည်။

ဒွန်ညာက အစ်ကို့နံဘေးမှ တိတ်တိတ်ကလေး ခွာခဲ့ပြီး သူ့ဆီ လျှောက်လာသည်။ "မြန်မြန်လာ။ တို့ ဒီမှာ တွေ့တာ သူ မသိစေချင်ဘူး။ မင်းကို ကြိုပြောထားမယ်။ သူနဲ့ကျုပ်နဲ့ ခုပဲ ဟောဟိုနားက အရက်ဆိုင်မှာ ထိုင်စကားပြောလာတာ။ သူက ကျုပ်ကို ရှာပြီး လိုက်လာတာ။ သူ့ကို မနည်း ခွာထုတ်ခဲ့ရတယ်။ မင်းဆီကို ကျုပ် စာရေးတာ သူ ဘယ်လို သိသွားသလဲ မသိဘူး။ သူ အကြီးအကျယ် သံသယ ဖြစ်နေတယ်။ မင်းလည်း ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး။ ဘယ်သူ ပြောတာ ဖြစ်နိုင်လဲ'

"ကဲ… ဒီအကွယ်မှာဆို သူ မမြင်နိုင်တော့ဘူး။ ရှင် ပြောစရာရှိတာ ပြော၊ ဒီမှာပဲ ပြော"

"တစ်၊ ကျုပ်ပြောမယ့် အကြောင်းအရာက လမ်းပေါ်မှာ ပြောလို့ မဖြစ်ဘူး။ နှစ်၊ ဆွန်ညာနဲ့လည်း မင်း တွေ့ရမယ်။ သုံး၊ မင်းကို ကျုပ် သက်သေခံ အထောက်အထားတွေ ပြစရာ ရှိတယ်။ နောက်ဆုံးအချက်၊ မင်း ကျုပ်အခန်းကို မလိုက်ရင် ဘာမှ ရှင်းမပြတော့ဘူး။ ခုချက်ချင်း လှည့်ပြန်မယ်။ မင်းရဲ့ ချစ်လှစွာသော အစ်ကိုရဲ့ သိပ်ထူးချွန်တဲ့ လျှို့ဝှက်ချက်က ကျုပ် လက်ထဲမှာ"

ဒွန်ညာက ချီတုံချတုံဖြင့် ရပ်နေပြီး ဆဗီဒရီဂေးလော့ဗ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

ဆဗီဒရီဂေးလော့ဗ်က ခပ်အေးအေး လေသံဖြင့်-

"မင်း ဘာတွေ တွေးကြောက်နေတာလဲ။ ဒါ တို့တော မဟုတ်ပါဘူးကွာ။ မြို့ကြီးပါ။ တောမှာတုန်းက မင်းကြောင့် ကျုပ် လိုတာထက် ပိုခံခဲ့ရတယ်။ ဒီမှာက…"

"ရှင် ဆွန်ညာနဲ့ ချိန်းပြီးပြီလား"

"မချိန်းရသေးဘူး။ ဘာမှ မပြောရသေးဘူး။ အခန်းမှာ ရှိပါ့မလား မသိဘူး။ ပြန်ရောက် ချင်လည်း ရောက်နေလိမ့်မယ်။ သူ့မှာ အသုဘကိစ္စ ရှိနေတယ်လေ။ လောလောဆယ် ဒီကိစ္စ ဘယ်သူမှ မပြောချင်သေးဘူး။ မင်းကို တစွန်းတစ

ပြောမိတာတောင် ကျုပ် နောင်တရ နေတယ်။ ဒီအချိန်မှာ အမှားအယွင်း ရှိလို့ မဖြစ်ဘူး။ လုံးဝ ပေါက်ကြားလို့ မဖြစ်ဘူး။ ဟော ဟိုအိမ်ပဲ။ အဲဒီကို ခု သွားမယ်။ ဟောဟိုဟာက တံခါးမှူး။ ကျုပ်ကို ကောင်းကောင်း သိတယ်။ တွေ့လား။ ဦးညွှတ်ပြီး နှုတ်ဆက်နေတယ်။ ကျုပ် အမျိုးသမီးတယောက်နဲ့ အတူလာတယ် ဆိုတာ သူ သတိထားမိသွားပြီ။ မင်းမျက်နှာကိုလည်း သူ မှတ်မိမှာ သေချာတယ်။ မင်း ကျုပ်ကို ကြောက်နေရင်၊ မသင်္ကာဖြစ်နေရင် သူ့ကို အားကိုးနိုင်တယ်လေ။ အဲဒီလို ပြောလို့ ရိုင်းတယ်ထင်ရင် ခွင့်လွှတ်ပါ။ ကျုပ်က အခန်းတခန်းမှာ အခြားတဦးနဲ့ စပ်တူငှားနေတယ်။ ဆွန်ညာကလည်း ကျုပ်လိုပဲ။ ကျောချင်းကပ် အခန်းမှာ အခန်းတခြမ်း ငှားနေတယ်။ နံရံ တချပ်ပဲ ခြားတယ်။ အခန်းအားလုံး အဲဒီလိုပဲ။ လူငှား ထပ်တင်ထားကြတယ်။ နေပါဦး၊ မင်း ဘာလို့ ကလေးလေးလို ကြောက်နေတာလဲ။ ကျုပ်က ဒါလောက် ကြောက်စရာကောင်း နေလို့လား”

“ရှင့်အကြောင်း ကျွန်မ သိတယ်။ ဂုဏ်သိက္ခာ ဆိုလို့ ဘာမှ မရှိတော့တဲ့ လူစားမျိုး။ ဒါပေမဲ့ ရှင့်ကို နည်းနည်းလေးမှ မကြောက်ဘူး။ ကဲ... ဆက်ပြောပါ”

ဒွန်ညာ့အသံက တည်ငြိမ်လေးနက်နေသည်။

သို့သော် မျက်နှာကလေးကတော့ ညှိုးနွမ်းဖျော့တော့နေသည်။

ဆွန်ညာ့အခန်းဝ ရောက်တော့ ဆဗီဒရီဂေးလော့ဗ် ရပ်လိုက်သည်။

"အခန်းထဲမှာ ရှိ မရှိ ခဏ ကြည့်လိုက်မယ်နော်။ ဟင့်အင်း၊ မရောက်သေးဘူး။ သူ အချိန်မရွေး ပြန်လာမှာပါ။ သူ့မောင်လေးတွေ၊ ညီမလေးတွေအတွက် မိဘမဲ့ကျောင်း အပ်ဖို့ အမျိုးသမီးကြီးတယောက်နဲ့ သွားတွေ့နေတာ။ သူတို့ အမေက ဆုံးသွားတယ်။ အဲဒီအစီအစဉ်ထဲ ကျုပ် ပါလိုက်ရသေးတယ်။ ဆယ်မိနစ်အတွင်း သူ ပြန်ရောက်မလာရင် မင်းတို့ဆီကို လွှတ်ပေးမယ်။ မင်း အချိန်ပေးနိုင်ရင် ပြောတာ။ ဟောဒါ ကျုပ်အခန်းပဲ။ အခန်းနှစ်ခန်း ပါတယ်။ အခန်းရှင် မစ္စက်ရက်စ်လစ်ချ်က နောက်ဘက်အခန်းမှာ နေတယ်။ ကဲ... ခု ကျုပ်ရဲ့ အဓိက သက်သေအထောက်အထား ပြမယ်။ ဟောဒီကျုပ်ရဲ့ အိပ်ခန်းနဲ့ ကပ်လျက် အခန်းနှစ်ခန်းက အခန်းလွတ်တွေ။ နေမယ့်လူ မရှိသေးဘူး။ လာ... သေသေ ချာချာ ကြည့်သွားနော်”

ဆဗီဒရီဂေးလော့ဗ်၏ အခန်းနှစ်ခန်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ ပရိဘောဂ အပြည့်အစုံ ပါသည်။ ဒွန်ညာက အခန်းအနေအထားကို မသင်္ကာစိတ်ဖြင့် သေသေချာချာ ကြည့်သည်။ ဘာမှ ထူးထူးခြားခြား မတွေ့ရပါ။ တခုတော့ ရှိသည်။ သူ့အခန်းမှာ အခန်းလွတ် နှစ်ခန်း၏ ကြားတွင် ရှိနေသည်။ သူ့အခန်းကို ဝရန်တာမှ တိုက်ရိုက်ဝင်လို့ မရ။ အခန်းရှင် အမျိုးသမီး၏အခန်းကို ဖြတ်သွားရသည်။ လောလောဆယ် လူရှိသည့် လက္ခဏာ မတွေ့ရ။ သူ့အိပ်ခန်းတံခါးကို ဖွင့်ပြီး အခြား

အခန်းလွတ် တခန်းကို ပြသည်။ သည်အခန်းကလည်း အခန်းလွတ်။ ဒွန်ညာက အခန်းဝတွင် ရပ်ပြီး ဘာကြောင့် အခန်းတွေ ပြနေပါလိမ့်ဟု ဇဝေဇဝါ ဖြစ်နေသည်။ ဆဗီဒရီဂေးလေ့ဇ်က ခပ်သွက်သွက် ရှင်းပြသည်။

"ဒုတိယ အခန်းကျယ်ကို ကြည့်၊ တံခါးဝကို သတိထားမိလား။ သော့ခတ်ထား တယ်နော်။ တံခါးနားမှာ ကုလားထိုင်တလုံး ရှိတယ်နော်။ တခန်းလုံးမှာ ဒီတလုံးပဲ ရှိတာ။ အဲဒါ ကျုပ်အခန်းထဲက ကုလားထိုင်။ ဒီမှာ သက်သောင့်သက်သာ နားထောင်ရအောင် ယူလာထားတာ။ အဲဒီ တံခါးရဲ့ဟိုဘက်က ဆွန်ညာ့စားပွဲ။ အဲဒါ သူ့အခန်းလေ။ အဲဒီစားပွဲမှာ ထိုင်ပြီး ရိုဒီယွန်နဲ့ ဆွန်ညာ စကားပြောကြတာ။ ဟောဒီ ကုလားထိုင်မှာ ထိုင်ပြီး သူတို့ ပြောတာတွေ နှစ်ရက်ဆက်တိုက် နားထောင်တယ်။ နှစ်ရက်ဆက်တိုက်နော်။ တခါပြောရင် နှစ်နာရီ ကြာတယ်။ အဲဒီမှာ ကျုပ် တခုခု ရလိုက်တယ်ဆိုတာ မင်း သဘောပေါက် ရောပေါ့ ဒွန်ညာ"

"ရှင် ခိုးနားထောင်တယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ။ လာ... ကျုပ်အခန်း ပြန်သွားရအောင်။ ဒီမှာ ထိုင်စရာ မရှိဘူး" သူက ရှေ့ဆောင်ပြီး သူ့အခန်းကို ပြန်လာခဲ့ကြသည်။ ဧည့်ခန်းလုပ်ထားသည့် အခန်းတွင် သူက ဒွန်ညာ့ကို ကုလားထိုင်တလုံး နေရာချထားပေးပြီး သူက အခြားတလုံး တွင် ဝင်ထိုင်သည်။ တယောက်နှင့်တယောက် ခုနစ်ပေလောက် ဝေးသည်။ သူ့မျက်လုံး တွေ အရောင်တောက်လာပြန်သည်။ တချိန်က ဒွန်ညာ အလွန်ကြောက်ရွံ့ခဲ့သည့် ရမ္မက် ခိုးလျှံ မျက်လုံးများ။ ကျောထဲ စိမ့်သွားပြီး အခန်းပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြန်သည်။

မထင်ဘဲနှင့် မယုံကြည်စိတ်တွေ ဝင်လာခြင်း။ သို့သော် ဒွန်ညာ ထိန်းထားနိုင်သည်။ ကြောက် စိတ်ကို သူ မသိအောင် မျိုသိပ်ထားလိုက်နိုင်သည်။ သို့သော် လူသူကင်းမဲ့နေသည့် သူ့အခန်း ထဲတွင် စိုးရိမ်ထိတ်လန့်စိတ်ကို တားဆီးဖို့ မလွယ်။ အခန်းရှင် အမျိုးသမီးကြီး အိမ်တွင်ရှိ မရှိမေးဖို့ စဉ်းစားလိုက်သေးသည်။ သို့သော် ဟန်ကိုယ့်ဖို့ ဖြစ်ရမှာမို့ မမေးဖြစ်ခဲ့။ ထို့ထက် ပို၍ ဆိုရလျှင် ကြောက်ရွံ့ခြင်း၏ နောက်ကွယ်တွင် ပြောမပြတတ်သည့် အလွန်အင်အားကြီးမားသော ခံစားမှုတမျိုးကလည်း ကပ်လျက် ပါနေသေးသည်။ မခံနိုင်လောက်အောင် ထိန်းထား ရသည့် မျိုသိပ်စိတ် တမျိုး။

စာကို စားပွဲပေါ် တင်လိုက်ပြီး-

"ရော့၊ ဒီမှာ ရှင့်စာ။ ရှင် ဘာလို့ မဖြစ်နိုင်တာတွေ ရေးထားတာလဲ။ ကျွန်မ အစ်ကို က ရာဇဝတ်မှု ကျူးလွန်တယ် ဟုတ်လား။ ရှင် အဓိပ္ပာယ်မရှိ စွပ်စွဲတာပဲ။

ဒါမျိုးတွေ ရိုးနေပြီ။ ရှင်လုပ်နေကျ အကွက်တွေ။ ကျွန်မ ရှင့်စကား တခွန်းမှ မယုံဘူး။ တဖက်သတ် အောက်တန်း ကျကျ စွပ်စွဲမှုပဲ။ ဒီဇာတ်လမ်း ဘာကြောင့် ဖြစ်လာတယ်၊ ဘယ်လို ဖြစ်လာတယ်ဆိုတာ ကျွန်မ ကောင်းကောင်း သိတယ်။ ရှင့်မှာ ဘာအထောက်အထားမှ ခိုင်ခိုင်မာမာ မရှိဘူး။ ရှင့်မှာ သက်သေအထောက်အထား ရှိတယ်ဆို။ အဲဒါ ပြောလေ။ ဒါပေမဲ့ ကြိုပြောထားမယ်။ ရှင် ဘာပြောပြော ကျွန်မ မယုံဘူး”

ဒွန်ညာက ဆတ်ဆတ်ထိမခံ ပြန်ပက်သည်။ သူ့ မျက်နှာတွင် သွေးရောင် ပြန်လွှမ်း လာသည်။

“မင်း မယုံရင် ဘာလို့ ကျုပ်အခန်းထဲကို တယောက်တည်း စွန့်စွန့်စားစား လိုက်လာ တာလဲ.၊ သိချင်စိတ် တခုတည်းကြောင့် ဖြစ်နိုင်ပါ့မလား”

“တော်ပါတော့၊ ရှင် ကျွန်မကို စိတ်ဓာတ်စစ်ဆင်ရေး လုပ်မနေနဲ့၊ မရဘူး။ ပြောစရာ ရှိရင် ဆက်ပြော”

“အင်း.. မင်းဟာ သတ္တိခဲမကလေးပဲ။ ကျုပ်အထင် မစ္စတာရာဇူမီခင်ကို မင်း ခေါ်လာမယ် အောက်မေ့တာ။ ဒါပေမဲ့ သူ ဘယ်ရောက်နေမှန်း မသိဘူး၊ ဟုတ်တယ် မဟုတ် လား။ အဲဒါ ကျုပ် လေ့လာပြီးသား။ အဲဒီတော့ အစ်ကို့အတွက် မင်း တကိုယ်တော် စွန့်စားခန်း ဖွင့်လာခဲ့တယ်။ ဒါပေမဲ့ မင်းက အပြစ်ကင်းစင်လွန်းတယ်။ အဲ… မင်းအစ်ကိုကတော့… ဒီနေ့ မင်း မြင်ခဲ့တဲ့ ပုံစံကိုပဲ ကြည့်လေ"

“ဒီတချက်တည်းနဲ့ ရှင် သူ့ကို စွပ်စွဲနေတာ မဟုတ်ဘူး မဟုတ်လား”

“မဟုတ်ဘူး။ သူ့စကားနဲ့ သူ့ကို ပြန်ချည်တာ။ သူ နှစ်ရက်ဆက်တိုက် ဆွန်ညာ့ဆီ ရောက်လာတယ်။ သူတို့ထိုင်စကားပြောတဲ့နေရာ မင်းကိုပြပြီးပြီလေ။ ကောင်မလေးရှေ့မှာ သူ ဖြောင့်ချက်ပေးနေတာ။ သူဟာ လူသတ်သမားတဲ့။ အပေါင်ခံတဲ့ အဘွားကြီးကို သူ သတ်တယ်။ သူက အဲဒီအဘွားကြီးဆီမှာ ပစ္စည်းပေါင်နေကျ။ ပြီးတော့ သူ့ညီမကိုပါ သတ် လိုက်တယ်။ အဘွားကြီးရဲ့ညီမ လီဇာဗီတာက တိုလီမိုလီလေးတွေ ရောင်းတယ်၊ ဝယ်တယ်။

အစ်မကို သတ်နေတုန်း ညီမက ရောက်လာတော့ အပြတ်ရှင်း နှုတ်ပိတ်လိုက်တာ။ နှစ်ယောက် စလုံးကို ပုဆိန်နဲ့ ခုတ်သတ်တာ။ ပုဆိန်ကို သူ အသင့်ဆောင်လာတာတဲ့။ ပစ္စည်းလိုချင်လို့ သတ်တာတဲ့။ သတ်ပြီးတော့ ငွေနဲ့ပစ္စည်းတချို့ ယူသွားပြီး… သူကိုယ်တိုင် ဆွန်ညာ့ကို ပြောနေတဲ့ စကားတွေနော်။ အဲဒီအကြောင်းသိတာ ဆွန်ညာတယောက်ပဲ ရှိတယ်။ ဒါပေမဲ့ လူသတ်မှုမှာ ဆွန်ညာ လုံးဝ မပါဘူး။ သိလည်း မသိဘူး။ သူက ဖွင့်လည်း

ပြောလိုက်ရော ကောင်မလေး အရမ်းကို လန့်သွားတယ်။ ခု မင်းဖြစ်နေတဲ့ အတိုင်းပဲ။ ဒါပေမဲ့ စိတ်မပူနဲ့။ ဆွန်ညာ ဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ဘူး။ စိတ်ချ”

ဒွန်ညာက ဖြူရော်ရော် ဖြစ်သွားသည့် နှုတ်ခမ်းတွေဖြင့် အသက်ရှူရပ်မလို ဖြစ် သွားရာမှ တိုးတိုး ပြန်ပြောသည်။

“မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အလကား အဓိပ္ပာယ် မရှိတာတွေ။ မုသာ ဝါဒတွေ”

“အဓိကကတော့ ပစ္စည်းနဲ့ငွေ လိုချင်လို့ သူ သတ်တာ။ သူကိုယ်တိုင် ပြောတာ လေ။ ဒါပေမဲ့ ပစ္စည်းတွေကော ပိုက်ဆံတွေပါ သူ လုံးဝ မသုံးဘူး။ တနေရာမှာ ကျောက်တုံး အောက် ဝှက်ထားတယ်တဲ့။ ခုထက်ထိ အဲဒီအတိုင်းရှိနေတယ်တဲ့။သူ ထုတ်မသုံးရဲဘူးလေ” “အဓိပ္ပာယ် မရှိတာ။ ကျွန်မ အစ်ကိုလို လူမျိုးက သူများပစ္စည်း ခိုးမတဲ့လား၊ တိုက်မတဲ့ လား။ သူ စဉ်းတောင် စဉ်းစားမှာ မဟုတ်ဘူး။ ရှင် သူ့ကို တွေ့ဖူးသားပဲ။ သူလို လူက သူခိုးဓားပြ ဖြစ်နိုင်ပါ့မလား”

ဒွန်ညာက ကုလားထိုင်မှ ဝုန်းခနဲ ထပြီး အော်ပြောလိုက်ခြင်း ဖြစ်သည်။ သူ့တွင် ကြောက်စိတ်ဟူသရွေ့ မြူငွေ့မျှ မရှိတော့။

“ဒီနေရာမှာ သူ့ကို ပြောင်းလဲသွားစေတဲ့ အကြောင်းအရာတွေကတော့ အများ ကြီးပဲ ဒွန်ညာ။ သူခိုးတယောက်ဟာ သူများပစ္စည်း ခိုးတယ်၊ ခိုးပြီးတော့မှ သူ့ကိုယ်သူ လူဆိုးမှန်း သိတယ်။ လူကြီးလူကောင်း တယောက်အကြောင်း ကြားဖူးတယ်။ သူများ စာအိတ်ကို ဖောက်ပြီး ခိုးဖတ်တယ်။ သူ့ကို ဘယ်လို ပြောမလဲ။ သူက ဒါကို အပြစ်မရှိဘူးလို့ ထင်ချင် ထင်နေမှာပေါ့။ ကျုပ်တော့ အဲဒီလို မထင်ဘူး။ မင်းလည်းမထင်ဘူး မဟုတ်လား။ ခုကိစ္စက တမျိုး။ တတိယလူက ပြန်ပြောတဲ့ ဇာတ်လမ်း မဟုတ်ဘူး။ သူကိုယ်တိုင် ဖြောင့်ချက် ပေးနေတာကို ကျုပ်က နားနဲ့ ဆတ်ဆတ် ကြားရတာ။ ကျုပ်နားကိုတော့ ကျုပ် ယုံတယ်။ ဘယ်တော့မှ နားကြား မလွဲစေရဘူး။ သူ ဘာလို့ ဒီလို လုပ်ရတယ် ဆိုတာလည်း ဆွန်ညာ့ကို ပြောပြတယ်။ ပထမတော့ မယုံသလိုပဲ။ နောက်တော့ သူကိုယ်တိုင်က ဖြောင့်ချက် ပေးနေ တော့ ဆွန်ညာ မယုံလို့ မရတော့ဘူး”

“ဘာကြောင့် လုပ်ရတာတဲ့လဲ”

“ပြောရရင်တော့ ဇာတ်လမ်းက ရှည်လိမ့်မယ် ဒွန်ညာ။ အင်း... ဘယ်လို စပြောရ မှန်းတောင် မသိဘူး။ အတွေးအခေါ်တခု၊ သီအိုရီတခုနဲ့ ဆိုင်နေတယ်။ ကျုပ်အတွက် စဉ်းစားစရာ လမ်းကြောင်းသစ် တခု ပေါ်လာသလိုပဲ။ ဥပမာ-ရာဇဝတ်မှုတခုကို တခါ တလေ ကျူးလွန်တာက အများအတွက် ဖြစ်ရင်၊

ရည်ရွယ်ချက် မွန်မြတ်ရင် တရားမျှတ တယ် ဆိုတဲ့ အမြင်မျိုးပေါ့။ တကယ်တော့ တော်တော်မကောင်းတဲ့ ချဉ်းကပ်မှုမျိုးပဲ။ အထူးသဖြင့် ရည်ရွယ်ချက် ကြီးမားတဲ့၊ အနာဂတ်အလားအလာ အများကြီးရှိတဲ့ လူငယ် တယောက်အတွက် သိပ်အန္တရာယ်များတဲ့ အတွေးအခေါ်မျိုးပဲ။ ဥပမာ-သူ့မှာသာ ရှုဘယ် သုံးထောင်လောက် ရှိရင် သူ့ဘဝရှေ့ရေးအတွက် သူ ဖြစ်ချင်တာတွေအားလုံး ဖြစ်မှာ သေချာတယ်။ ဒါပေမဲ့ သူ့မှာ မရှိဘူး။ အဲဒီမှာ ငတ်ပြတ်ခြင်း၊ အနေအထိုင် ဆင်းရဲခြင်းဒဏ် တွေကြောင့် သူ့မှာ ဆူးတွေ တချောင်းပြီးတချောင်း ပေါက်လာတယ်။ သူ့အဝတ်အစားတွေ ကလည်း လူတောမတိုးနိုင်အောင် စုတ်ပြတ်လာတယ်။ ပြီးတော့ သူ့အနာဂတ် ဘဝမျှော်လင့် ချက်တွေ၊ အလှအပတွေနဲ့လည်း ဝေးသွားပြီ။ ပြီးတော့ သူ့ညီမလေးနဲ့ သူ့အမေ။ သူက သိပ်မာနကြီးတဲ့လူ။ ဒါပေမဲ့ အကောင်းဘက်ကို ဦးတည်တဲ့ မာနကြီးခြင်းမျိုး။ အဲဒါ ဘုရား သခင်ပဲ သိတယ်။ ကျုပ်အနေနဲ့ သူ့ကို အပြစ် မမြင်ဘူး၊ အပြစ်မတင်ဘူး။ အဲဒီကိစ္စအတွက် မပူနဲ့။ ကျုပ်အလုပ်လည်း မဟုတ်ဘူး။

“သူ့မှာ ယုံကြည်ချက်တခု ရှိတယ်။ သူ့ကိုယ်ပိုင် သီအိုရီလေးတခုပေါ့။ လူတွေ ကို နှစ်ပိုင်း ခွဲထားတယ်။ အောက်တန်းစားတွေနဲ့ ပညာတတ်တွေပေါ့။ အထက်တန်းလွှာ ပညာတတ်ဖြစ်လို့ သူတို့အတွက် ဥပဒေ မလိုဘူး။ မလိုရုံ မကဘူး။ ကျန်တဲ့ လူတွေအတွက် သူတို့က ဥပဒေပြုပေးသေးတယ်။ အင်း... သူ့သီအိုရီကလေးက မဆိုးပါဘူး။ သူက နပိုလီယမ် ကို သိပ်အားကျတယ်။ အရမ်းတော်တဲ့လူတွေဟာ မှားတတ်ကြတယ်။ အမှားကို လွယ်လွယ် ကူကူ ကျူးလွန်တတ်ကြတယ်။ သူ့ကိုယ်သူ လူတော်စာရင်းထဲမှာ ထည့်ထားပုံရတယ်။ ဒါပေမဲ့ သူ စိတ်ဆင်းရဲနေရတယ်။ စိတ်ဆင်းရဲတာကတော့ ခုထိပဲ။ ဘာလို့လဲဆိုတော့ နပိုလီယမ်လောက် အမှားတွေသူ မကျူးလွန်ရဲလို့ပဲ။ ဒါဆိုသူလူတော်မဟုတ်တော့ဘူးပေါ့။ ခုတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့ လူငယ်တွေရဲ့ ထုံးစံအတိုင်း... အထူးသဖြင့် ဒီခေတ်ကြီးမှာပေါ့”

“ရှင် ဆိုလိုတာက သူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး တခုမှ ရစရာမရှိဘူး ပေါ့။ သူ ပြုမှားခဲ့တဲ့ ဒုစရိုက်တွေအတွက် သူ နောင်တရနေတယ်ပေါ့”

“ဒီလိုရှိတယ် ဒွန်ညာ။ ခုအချိန်မှာ အရာတိုင်းဟာ မှုန်မှုန်ဝါးဝါး ဖြစ်နေတယ်။ ဘယ်ဟာမှ နေထားတကျ မရှိဘူး။ ရုရှားလူ့ဘောင်ကြီးက အရမ်းကျယ်ဝန်းတယ်။ သူတို့ နိုင်ငံကြီး ကျယ်သလောက် ကျယ်တယ်။ ပြီးတော့ ကြမ်းတမ်းတဲ့ဘက်၊ ရှုပ်ထွေးတဲ့ဘက် ကို ဦးတည်နေတယ်။ ဒီနေရာမှာ သူရဲကောင်းတွေ၊ ပါရမီရှင်အာဇာနည်တွေ မပါရင် သိပ် အန္တရာယ် များမယ်။ မှတ်မိတယ် မဟုတ်လား။ မင်းနဲ့ ကျုပ်နဲ့ ဒီအကြောင်း ညစာစားပြီးချိန် ဆင်ဝင်အောက်မှာ ထိုင်ရင်း မကြာမကြာ ပြောခဲ့ကြဖူးတယ်လေ။ ဒီမယ် ဒွန်ညာ၊

ကျုပ်တို့ ခေတ်ပညာတတ် အသိုင်းအဝိုင်းမှာ သိပ်မြင့်မြတ်တဲ့ ရိုးရာအစဉ်အလာ မရှိပါဘူး။ စာအုပ်ဟောင်းကြီးတွေထဲက ဟိုတစ ဒီတစယူပြီး ခိုးချထားတဲ့ ယဉ်ကျေးမှု အစဉ်အလာတွေပါ။ ဒါပေမဲ့ သူတို့အားလုံးနီးပါးဟာ ခေတ်ပညာတတ်တွေ။ ဒါပေမဲ့ တမျိုးမျိုးတော့ တုံးကြတာ တွေချည်းပဲ။ ဒီတော့ တကယ် ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် သူတို့တတွေ အဓိပ္ပာယ် မရှိမှန်း သိနေတယ်။ ကျုပ်သဘောထားကို မင်း သိပါတယ်။ ကျုပ် ဘယ်သူ့ကိုမှ ပုဂ္ဂလဓိဋ္ဌာန် လက်ညှိုး ထိုး ပြောနေတာ မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင်က ငပျင်းပဲ။ ကျုပ်ကိုယ်ကျုပ် သိပါတယ်။ အဲဒီအကြောင်းလည်း အကြိမ်ကြိမ် ကျုပ်တို့ ပြောခဲ့ကြပြီးပြီလေ။ အဲဒီတုန်းက ကျုပ်အမြင် တွေကို မင်း စိတ်ဝင်စားခဲ့တယ်လေ။ ဟော့... ဒွန်ညာ၊ မင်း မျက်နှာတွေ ဖြူဖပ်ဖြူရော်နဲ့။ နေမကောင်းဘူးလား”

“သူ့ သီအိုရီတွေကို ကျွန်မ သိတယ်။ မဂ္ဂဇင်းထဲမှာပါတဲ့ သူ့ဆောင်းပါးကို ကျွန်မ ဖတ်ပြီးပြီ။ လူတွေရဲ့ ရပိုင်ခွင့်အကြောင်းတွေ ရေးထားတဲ့ဆောင်းပါး။ ရာဇူမီခင် ယူလာ ပေးတာ”

“မစ္စတာရာဇူမီခင် ယူလာပေးတာ။ မင်းအစ်ကိုက ဆောင်းပါးရေးတယ်၊ ဟုတ်လား။ အဲဒါ ကျုပ် မသိဘူး။ အင်း... တော်တော်ထူးဆန်းတာပဲ။ ဟင်... အဲဒါ ဘယ်သွားမလို့လဲ”

“ဆွန်ညာနဲ့ သွားတွေ့မလို့။ သူ ပြန်ရောက်ရောပေါ့။ သူနဲ့တွေ့မှ ဖြစ်မယ်။ သူနဲ့...” “သူ ညမိုးချုပ်မှ ပြန်ရောက်မယ် ထင်တယ်”

“ရှင် ညာပြောနေတာ။ ရှင်ပြောတာတွေ တခုမှ မဟုတ်ဘူး။ ရှင့်ကို ကျွန်မ မယုံဘူး” ဒွန်ညာ ဒေါသတကြီး အော်ပြောလိုက်သည်။ ပြောပြီး ကုလားထိုင်ပေါ်သို့ အရုပ် ကြိုးပြတ် ထိုင်ချလိုက်သည်။ သတိလစ်သွားမတတ် စိတ်လှုပ်ရှားနေသည်။ ဆဗီဒရီဂေးလော့ဗ် အနားရောက်လာပြီး-

“ဒွန်ညာ၊ ဒွန်ညာ၊ မင်းဘယ်လို ဖြစ်တာလဲဟင်။ သတိထားလေ။ ရော့... ရေ တကျိုက်လောက် သောက်လိုက်” သူ့မျက်နှာကိုလည်း ရေနှင့် တောက်ပေးသည်။ ဒွန်ညာ သူ့ကိုယ်သူ ပြန်ထိန်းနိုင် လာသည်။

ဆဗီဒရီဂေးလော့ဗ်က သူ့ကိုယ်သူ ပြောနေပုံဖြင့်-

“ဒီမယ် ဒွန်ညာ။ စိတ်အေးအေးထားနော်။ မင်း သိထားဖို့က သူ့မှာ အပေါင်းအသင်း တွေ ရှိတယ်။ တို့အားလုံး ပေါင်းပြီး သူ့ကို ကယ်မယ်။ နိုင်ငံခြားကို ခေါ်ထုတ်သွားရမလား၊ ရတယ်။ ကျုပ်မှာ ငွေတွေ ရှိတယ်။ သုံးရက်အတွင်း စီစဉ်လို့ ရတယ်။ ကျူးလွန်ခဲ့တဲ့ ပြစ်မှု အတွက်ကတော့သူလောကကောင်းကျိုးတွေ အများကြီး လုပ်ချိန်ရှိသေးတာပဲ။ စိတ်အေးအေး ထားနော်။ သူဟာ ကမ္ဘာကျော်

ပုဂ္ဂိုလ်တယောက် ဖြစ်လာနိုင်တယ်။ ခု ဘယ်လိုနေသေးလဲ။ သက်သာသွားပြီလား”

“ရှင်ဟာ လူလိမ်၊ ခုထိ ကျွန်မကို သရော်တော်တော် လုပ်နေတုန်းပဲ။ ကျွန်မ... သွား..."

“ဘယ်ကို သွားမှာလဲ၊ မင်း ဘယ်သွားမှာလဲ”

“သူ့ဆီ သွားမယ်။ သူ ဘယ်မှာလဲ။ ရှင် သိတယ် မဟုတ်လား။ နေပါဦး၊ ဝင်လာတဲ့ အပေါက်ကို ဘာလို့ ရှင် သော့ခတ်လိုက်တာလဲ။ ဘယ်အချိန်က ခတ်လိုက်တာလဲ”

“တို့ပြောနေတဲ့ အကြောင်းအရာက အများကြားလို့ မဖြစ်ဘူးနော်။ တိုးတိုးပြော ကြရအောင်။ မင်းကို သရော်တာ မဟုတ်ပါဘူး။ လုံးဝ မဟုတ်ဘူး။ ဒီအကြောင်းအရာကို ပြောရတာ ကျုပ် စိတ်ကုန်လာပြီ။ မင်း ဒီအခြေအနေနဲ့ ဘယ်သွားမှာလဲ။ မင်းအစ်ကိုကို ကယ်ဖို့ စီမံကိန်းမှာ မင်း မပါဘူးလား။ မင်း ခုနေ သွားတွေ့ရင် သူ ဒေါသူပုန် ထလိမ့်မယ်။ စိတ်မထင်ရင် သူကိုယ်တိုင် ဖြောင့်ချက်ပေးချင် ပေးနိုင်တယ်နော်။ မင်းသိထားဖို့ သူ့ကို ရဲက မျက်ခြည်မပြတ် စောင့်ကြည့်နေပြီ ဆိုတဲ့ အချက်ပဲ။ သူနဲ့ စောစောကပဲ တွေ့ပြီး ကျုပ် ဆွေးနွေးခဲ့တယ်။ သူ့ကို ကယ်တင်ဖို့ အချိန်ရသေးတယ်။ ကဲ... ပြန်ထိုင်၊ တို့နှစ်ယောက် ဆွေးနွေးရအောင်။ အဲဒီအတွက် မင်းကို တွေ့ဖို့ ချိန်းလိုက်တာ”

“ဘယ်နည်းနဲ့ ကယ်တင်မှာလဲ။ အမှုက လွတ်အောင် လုပ်လို့ကော ရနိုင်မလား” ဒွန်ညာ ပြန်ထိုင်လိုက်သည်။ ဆဗီဒရီဂေးလော့ဗ်က သူ့နံဘေးတွင်လာထိုင်သည်။ “အားလုံးဟာ မင်းအပေါ်မှာ မူတည်နေတယ်။ မင်း တယောက်တည်းပေါ်မှာ တည်နေတယ်”

သူ့မျက်လုံးတွေ အရောင်တောက်လာသည်။ အသံတိုးလာသည်။ သူ အရမ်း စိတ်လှုပ်ရှားနေပြီ။ သူ့တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဒွန်ညာက အလန့်တကြား နောက်ဆုတ်လိုက်သည်။

“မင်းဆီက စကားတခွန်းပဲ လိုတယ်။ သူ့ကို ကျုပ် လွတ်အောင် လုပ်ပေးမယ်။ ကျုပ်မှာ ငွေ ရှိတယ်၊ အပေါင်းအသင်း ရှိတယ်။ သူ့အတွက်ရော၊ ကျုပ်အတွက်ပါ နိုင်ငံကူး လက်မှတ် အမြန်ဆုံးရအောင် လုပ်နိုင်တယ်။ ကျုပ်မှာ သိပ်လက်တွေ့ကျတဲ့ သူငယ်ချင်း တွေ အများကြီး ရှိတယ်။ မင်း ဆန္ဒရှိရင် မင်းအတွက်လည်း နိုင်ငံကူးလက်မှတ် လုပ်ပေး မယ်။ မင်းအမေ အတွက်ရောပေါ့။ မင်းအတွက် ရာဇူမီခင် မလိုပါဘူး။ ကျုပ်လည်း မင်းကို ချစ်တာပဲ။ သက်ဆုံးတိုင် ချစ်မှာ။ မင်းရဲ့ ဂါဝန်ရေသီနားကလေးကို ကျုပ် နမ်းပါရစေလား။ အဲဒီဂါဝန်ရှပ်တိုက် လှုပ်ရှားသံကို ကျုပ် သည်းမခံနိုင်ဘူး။ အရမ်း စိတ်လှုပ်ရှားတယ်။ မင်း ထားရာမှာ

နေမယ်။ မင်း ခိုင်းတာ လုပ်မယ်။ မဖြစ်နိုင်တာကို ဖြစ်အောင် လုပ်မယ်။ မင်း ယုံကြည်တာကို လိုက်ယုံကြည်မယ်။ ဘာမဆို မင်း အလိုကျ ဖြစ်စေရမယ်။ အဲဒီမျက်လုံး တွေနဲ့ မကြည့်ပါနဲ့ ကလေးရယ်။ အဲဒီလို ကြည့်မယ့်အစား ကျုပ်ကို သတ်လိုက်ပါကွာ”

ငန်းဖမ်းနေတဲ့ လူတယောက်လို သူ ကတုန်ကယင် ဖြစ်လာသည်။ သူ့မျက်နှာ အမူအရာလည်း လုံးဝ ပြောင်းသွားသည်။ ဒွန်ညာက ဝုန်းခနဲထပြီး တံခါးပေါက်ဆီ ပြေးသွားသည် တံခါးကို တဒုန်းဒုန်း ထုပြီး အော်သည်။

“ဖွင့်ကြပါ၊ ဖွင့်ပေးကြပါ၊ ကယ်ကြပါ၊ လုပ်ကြပါဦး"

သည်တော့မှ ဆဗီဒရီဂေးလော့ဇ် အိပ်မက်က လန့်နိုးလာသလိုပုံစံဖြင့် ထလာသည်။

သူ့တကိုယ်လုံး တုန်ယင်လျက်ပင်။ သူ့နှုတ်ခမ်းတွင် ဒေါသနှင့်ယှဉ်သည့် သရော်ပြုံး ပေါ်လာသည်

သူက လေအေးကလေးဖြင့် ပြောသည်။ သို့သော် သူ့လေသံက အလေးအနက်။

“မင်း အပင်ပန်းခံပြီး မကြိုးစားနဲ့။ ဘယ်သူမှ မရှိကြဘူး။ ဘာလို့ အချိန်ဖြုန်းနေ မလဲ ဒွန်ညာ။ ကျုပ် အခန်းရှင်လည်း အပြင်သွားနေတယ်”

“ပေး… သော့ပေး။ ခုချက်ချင်း ဖွင့်ပေး။ ရှင်ဟာ တကယ့် လူယုတ်မာ”

“သော့ပျောက်သွားပြီ။ ဘယ်မှာ ထားမိမှန်း မသိဘူး”

“ရှင်… မတရား…၊ လူယုတ်မာ”

ဒွန်ညာ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူနှင့် အဝေးဆုံး ထောင့်တထောင့် ကို ပြေးသွားပြီး စားပွဲကလေး တလုံးကို အပြေးအလွှား အကာအကွယ် ယူထားလိုက်သည်

ဒွန်ညာ ဆက်မအော်တော့။ သို့သော် သူ့မျက်လုံးတွေထဲကို စူးစူးရဲရဲ စိုက်ကြည့် နေသည်။ သူ့လှုပ်ရှားမှုကို အသေးစိတ် လိုက်မှတ်နေသည်။

ဆဗီဒရီဂေးလော့ဇ်က အခန်းတဖက်စွန်းတွင် သူနှင့် မျက်နှာချင်းဆိုင်ပြီး မလှုပ် မယှက် ရပ်နေသည်။ တခုခုကို လုပ်တော့မည်ဟု ဆုံးဖြတ်ထားပုံ။ သို့သော် သူ့မျက်နှာမှာ စောစောကအတိုင်း ဖြူဖပ်ဖြူရော်။ သရော်ပြုံးက သူ့နှုတ်ခမ်းအစုံတွင် ထင်ကျန်နေဆဲ။

"မင်း ခုတင်က ပြောတယ်။ ကျုပ်က မတရား... ဟုတ်တယ် ဒွန်ညာ။ အားလုံး စီစဉ်ပြီးပြီ။ ဆွန်ညာ သူ့အခန်းမှာ မရှိဘူး။ ကာပါမော်နော့ဗ် မိသားစုလည်း မရှိကြဘူး။ တခြားအခန်း ငါးခန်းက အခန်းလွတ်တွေ။ ပြီးတော့ ကျုပ်က မင်းထက် နှစ်ဆ သန်တယ်။ ပြီးတော့ ကျုပ် ဘယ်သူ့မှ ကြောက်စရာ မရှိဘူး။ မင်းဘက်က ဘာမှ စောဒကတက်လို့ မရဘူး။ မင်းအနေနဲ့ မင်းအစ်ကို ကိစ္စကို ထည့်မစဉ်းစားလို့ မရဘူး။ ဒါက တချက်။ နောက် တချက်က မင်း ဘာမှ ပြောလို့ မရဘူး။ ယောက်ျားတယောက်တည်း နေတဲ့အခန်းကို မိန်းကလေးက လာတာလေ။ အဲဒီတော့ ကျုပ် မတရားကျင့်တာ ဖြစ်နိုင်ပါတော့မလား"

"လူယုတ်မာ..."

ဒွန်ညာ စက်ဆုပ်ရွံရှာစွာ အော်ပြောလိုက်သည်။

"မင်း ပြောချင်သလို ပြောလေ။ ဒါပေမဲ့ ကျုပ်က မျှတတဲ့ အပေးအယူမျိုး မင်းကို တင်ပြနေတာပါ ဒွန်ညာ။ မင်းအစ်ကိုနဲ့ မင်းအမေ မျက်နှာ ကြည့်ပြီး မင်း လိုက်လျောမယ် ဆိုရင် အမုန်းတရားတွေ၊ အကြမ်းဖက်မှုတွေ ပါလာမှာ မဟုတ်တော့ဘူးလေ။ စဉ်းစားပါ ဒွန်ညာ။ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာဟာ မင်းရဲ့လက်ထဲမှာ ရှိတယ်။ ကျုပ်ဘဝတလျှောက် လုံး မင်းရဲ့ ကျေးကျွန်အဖြစ်နဲ့ နေသွားပါ့မယ် မိန်းကလေးရယ်။ ကိုယ် ဒီအနားကနေ စောင့်မယ်"

ဆဗီဒရီဂေးလော့ဗ်က ဒွန်ညာနှင့် ရှစ်လှမ်းအကွာ ဆိုဖာတလုံးပေါ်တွင် ထိုင်ချ လိုက်သည်။ သူ့ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ပြင်တော့မည် မဟုတ်ကြောင်း ဒွန်ညာ နားလည်လိုက်ပြီ။ သူ့အကြောင်း ဒွန်ညာ သိပ်သိသည်လေ။ အိတ်ထဲ လက်နှိုက်၍ ခြောက် လုံးပြူး ဆွဲထုတ်ကာ မောင်းတင်လိုက်ပြီး ရေမွှေးစားပွဲပေါ်တင်လိုက်သည်။ ဆဗီဒရီဂေးလော့ဗ် ခုန်ထလိုက်၏။

"ဩော်... ဒီလိုလား"

သူ အရမ်း အံ့သြသွားသော်လည်း မလိုတမာ အပြုံးက မပျက်။ "အင်း... ဒါဆိုရင်တော့ ကျုပ် ဖြစ်စေချင်တာတွေနဲ့ တခြားစီ ဖြစ်ကုန်ပြီပေါ့။ ဒါပေမဲ့လည်း တဖက်ကတော့ ကျုပ် လုပ်ချင်တာလုပ်ဖို့ ပိုလွယ်သွားပြီ ဒွန်ညာ။ ဒါထက် အဲဒီသေနတ် မင်း ဘယ်ကရသလဲ။ မစ္စတာရာဇူမီခင်ဆီက ရတာလား။ မဟုတ်ဘူး။ အဲဒါ ကျုပ် သေနတ်ပဲ။ ဟုတ်တယ်။ ကျုပ် မိတ်ဆွေဟောင်းကြီးပေါ့။ ကြည့်စမ်း၊ ကျုပ်မှာ ရှာ လိုက်ရတာ။ တောအိမ်တုန်းက သေနတ်ပစ် သင်ပေးခဲ့တာ ဒီသေနတ်ပေါ့။ အင်း... ပစ်တတ် နေသေးတယ်ပေါ့နော်"

"ဒါ ရှင့်သေနတ် မဟုတ်ဘူး။ သေနတ်ပိုင်ရှင်က ရှင့်မိန်းမ။ ရှင် သတ်ပစ်လိုက်တဲ့ ရှင့်မိန်းမ။ ရှင်ဟာ လူသတ်သမား။ အဲဒီအိမ်မှာ ရှင်ပိုင်ပစ္စည်း

ဘာမှ မရှိဘူး။ ရှင့်အကြောင်း တွေ သိပြီးကတည်းက ကျွန်မ လေ့လာခဲ့တာ။ ရှေ့တလှမ်း တိုးရဲတိုးကြည့်။ ဘုရားစူး ကျွန်မ ရှင့်ကို တကယ် သတ်မယ်”

ဒွန်ညာတယောက် ဒေါသအမျက် ခြောင်းခြောင်းထွက်နေပြီ။ “ဒါဆို မင်းအစ်ကို ကိစ္စကိုကော ဘယ်လို စဉ်းစားမလဲ”

ဆဗီဒရီဂေးလော့ဇ်က သူ့နေရာတွင် ရပ်လျက် မေးသည်။

“ရှင် ပြောချင်တာ ပြော၊ ရှေ့တလှမ်း မတိုးနဲ့။ ပစ်ထည့်လိုက်မယ်။ ရှင်ဟာ ကိုယ့် မိန်းမ ကိုယ် အဆိပ်ခတ်သတ်တဲ့ လူသတ်သမား”

သေနတ်ကို အသင့်ချိန်လျက်သား ပြောလိုက်ခြင်း ဖြစ်သည်။

“မာဖာကို ကျုပ် အဆိပ်ခတ်သတ်တယ်လို့ မင်း ဘာကြောင့် ပြောနိုင်လဲ” “ပြောနိုင်တယ်။ ရှင်ပဲ ကျွန်မကို အရိပ်အမြွက် ပြောဖူးတယ်။ အဆိပ်အကြောင်းလေ။ ရှင်အဆိပ်ကို ရအောင် ယူတယ်၊ ရှင် အသုံးချတယ်။ လူယုတ်မာကြီး”

“အဲဒီအတိုင်း မှန်ရင်တောင် မင်းကြောင့် ဖြစ်ရတာ။ မင်းနဲ့မတွေ့ရင် အဲဒီလို ဖြစ်မှာ မဟုတ်ဘူး”

“ရှင် လူလိမ်၊ ရှင့်ကို မုန်းတယ်။ တသက်လုံး မုန်းခဲ့တာ”

“တသက်လုံးတော့ မဟုတ်ပါဘူးကွယ်။ မင်း ကျုပ်အပေါ် ပျော့ပျောင်းခဲ့တဲ့ အချိန် တွေ ရှိပါတယ်။ လသာတဲ့ ညတညမှာလေ။ ညငှက်ကလေးတွေက တေးဆိုလို့။ မင်း မျက်လုံး ထဲမှာ အရောင်တမျိုး လက်နေတာ ကျုပ် မြင်လိုက်တယ်''

“သွား... ရှင် ပေါက်ပန်းဈေးတွေ လျှောက်ပြောနေတာ” ဒေါသကြောင့် ဒွန်ညာ့ မျက်လုံးတွေ မီးဝင်းဝင်း တောက်နေပြီ။

“ထားပါလေ၊ မိန်းမတွေက ဒါမျိုးကို မခံစားတတ်ကြပါဘူး။ ကျုပ် ပေါက်ပန်းဈေး ပြောတယ်ပဲ ထားပါတော့။ ကဲ... ပစ်လေကွယ် အလှကလေးရယ်”

သူက အပြုံးမပျက် ပြောနေခြင်း ဖြစ်သည်။

ဒွန်ညာ့မျက်နှာ သွေးဆုတ်သွားသည်။ သို့သော် ချိန်သားမပျက်။ အကွာအဝေးကို တွက်လိုက်သည်။ ပြီးတော့ သူ့လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။ ဒွန်ညာ့ အောက်နှုတ်ခမ်း ဖြူလာသည်။ ကွေးညွတ်လာသည်။ မျက်ဝန်းနက်အစုံက မီးလျှံတွေ ထုတ်လွှတ်နေဘိသို့။ ဒွန်ညာ သည်လောက် လှတာမျိုး

ဆဗီဒရီဂေးလော့ဗ် တခါမှ မမြင်ဖူးခဲ့။ ချစ်စိတ် တွေ ပေါက်ကွဲလေပြီ။ နှလုံးခုန်သံ မြန်လာပြီ။ သူ ရှေ့တိုးလိုက်သည်နှင့် သေနတ်သံ ဟိန်းထွက် သွားသည်။ ကျည်ဆံက ဦးရေပြားကို ရှပ်မှန်ပြီး သူ့နောက်နံရံကို သွားထိသည်။ သူ ဆက် ရပ်နေသည်။ ခပ်သဲ့သဲ့ ရယ်သည်။

"အင်း … ကျုပ် ခေါင်းကို ပျားတုပ်လိုက်တယ် ထင်တယ်။ သူက ခေါင်းတည့်တည့် ကို ချိန်ပစ်တာပဲ။ ဟင်… ဘာပါလိမ့်။ အို… သွေးတွေပါလား"

လက်ကိုင်ပဝါဆွဲထုတ်ပြီး စီးကျလာသည့် သွေးတွေကို သုတ်လိုက်သည်။ ညာဘက် နားထင်ဆီသို့ စီးကျလာခြင်း ဖြစ်သည်။

ဒွန်ညာက သေနတ်ကို အောက်နှိမ့်လိုက်သည်။ ဆဗီဒရီဂေးလော့ဗ် လုံးဝ ကြောက် စိတ်မဝင်။ အလွန်အမင်း အံ့အားသင့်နေသည်။ ဒွန်ညာကတော့ သူ့ကိုယ်သူ ဘာလုပ်မိမှန်း မသိလိုက်သလို ကြောင်နေသည်။ ဘာတွေ ဖြစ်နေမှန်း မသိ ဖြစ်နေ၏။

"မင်း လွဲသွားတယ်။ ထပ်ပစ်လေ၊ ကျုပ် စောင့်နေတယ်လေ"

သူက ပြုံးလျက်ပင်။ သို့သော် အပြုံးက အပြုံးမမည်တော့။

"မင်း နောက်တခါ မောင်းတင်ဖို့ ဒါလောက် ကြာနေရင် မင်းလက်ကို ဖမ်းချုပ်ဖို့ ကျုပ် အချိန်ရသွားမယ်နော်"

ဒွန်ညာကျောထဲ စိမ့်သွားသည်။ မောင်းပြန်တင်ပြီး ထပ်ချိန်လိုက်သည်။

"ကိစ္စမရှိဘူး၊ နောက်တချက် တကယ်ပစ်မှာနော်။ သတ်မယ်၊ ရှင့်ကို သတ်မယ်"

"ကောင်းပြီ။ ဒါလောက် နီးနီးလေးကို မင်း ချက်ကောင်းထိအောင် မပစ်နိုင်ဘူး။ ကဲ… မင်း ငါ့ကို မသတ်နိုင်ရင်…"

သူ့မျက်လုံးအစုံတွင် ရမ္မက်ခိုးလျှံ ထွက်လာပြီး ရှေ့နှစ်လှမ်း တိုးလာသည်။

ဒွန်ညာ သေနတ်မောင်းကို ဆွဲညှစ်လိုက်သည်။

"ချောက်"

ဟိုက်… ကျည်ဆန် မထွက်။

"မင်း မောင်းတင်တာ မသေချာလို့။ ကိစ္စ မရှိဘူး။ နောက်ထပ် တင်၊ ကျုပ် စောင့် နေမယ်"

ရှေ့နှစ်လှမ်းအကွာတွင် သူရပ်နေသည်။ရှေ့မှမိန်းကလေးကို စိုက်ကြည့်နေသည့် မျက်လုံးများက ကာမဘီလူး စီးနေသည့် မျက်လုံးများ။ ဒွန်ညာ သိလိုက်ပြီ။ သူ့ပုံစံက အသေခံမည်။ ရမ္မက်ဆန္ဒကိုတော့ ထိန်းချုပ် မထားနိုင်သည့် ပုံစံမျိုး။ ဒီတော့ ပစ်သတ်ဖို့မှတပါး အခြား မရှိပြီ။ နှစ်လှမ်းအကွာ ဆိုတော့ ဘာလွဲစရာ ရှိတော့မည်လဲ။

ချက်ချင်းဆိုသလို ဒွန်ညာက သေနတ်ကို ဘေးလွှင့်ပစ်လိုက်သည်။

ဆဗီဒရီဂေးလော့ဗ် ကြောင်သွားသည်။ အံ့ဩလွန်းစွာဖြင့် သက်ပြင်းချလိုက်သည်။ ရင်ထဲ ပေါ့သွားသလိုလို။ နှလုံးသားပေါ်တွင် ပိနေသည့် ဖိစီးမှုကြီးတခု ပြုတ်ကျသွားသည့် အလား။ သေခြင်းတရားကို ကြောက်ရွံ့ခြင်း မဟုတ်။ သေခြင်းတရားမှ လွတ်မြောက်ခြင်း ကြောင့်လည်း မဟုတ်။ သည့်ထက်ပိုသည့် ရှင်းမပြနိုင်သော ခံစားမှုတမျိုးဖြစ်သည်။ ရင်ထဲ တွင် လေးလံမှောင်မိုက်နေသည်။

ဒွန်ညာ့ဆီ တိုးသွားသည်။ ခါးကျဉ်ကျဉ်ကလေးကို အသာသိုင်းဖက်လိုက်သည်။ ဒွန်ညာ မရုန်း။ သို့သော် လေတိုးသည့် သစ်ရွက် တဖျတ်ဖျတ် လှုပ်နေသလို ဆတ်ဆတ်တုန် နေသည်။ အသနားခံသည့် မျက်လုံးများဖြင့် သူ့ကို ပြန်ကြည့်နေသည်။ သူ့နှုတ်ခမ်းတွေ လည်း တဆတ်ဆတ် တုန်နေသည်။ သို့သော် စကားတခွန်းမျှ ပြောမထွက်။

“ကျွန်မ သွားပါရစေ"

ဒွန်ညာ သနားစဖွယ် တောင်းပန်သည်။ ဆဗီဒရီဂေးလော့ဗ် လန့်သွားသည်။ တခါမှ မကြားဖူးသည့် လေသံဖြင့် အနူးအညွတ် တောင်းပန်တိုးလျှိုးနေခြင်း။

သူ တိုးတိုးမေးသည်။

“မင်း ကျုပ်ကို ဘယ်လိုမှ မချစ်နိုင်ဘူးပေါ့”

ဒွန်ညာ ခေါင်းယမ်းသည်။

သူက စိတ်ပျက်လက်ပျက်ဖြင့် တိုးတိုးလေး ထပ်မေးသည်။

“ဘယ်တော့မှ မချစ်နိုင်ဘူးပေါ့”

“ဘယ်တော့မှ မချစ်ဘူး”

ဒွန်ညာ့အသံက တိုးသော်လည်း အခိုင်အမာ။

ကြောက်မက်ဖွယ် တိတ်ဆိတ်သွားသည့် တဒင်္ဂ။ ဆဗီဒရီဂေးလော့ဗ်၏ ခေါင်းထဲ တွင် မုန်တိုင်းဆင်နေသည်။ ဒွန်ညာ့ကို သူ စိုက်ကြည့်နေ၏။ မည်သို့မျှ အဓိပ္ပာယ်ကောက်၍ မရသော အကြည့်။ ဖက်ထားသော လက်ကို ချက်ချင်း ဖြုတ်ချလိုက်သည်။ ပြတင်းပေါက် ဆီသို့ ခပ်သွက်သွက် လျှောက်သွားပြီး အပြင်သို့ ငေးကြည့်နေသည်။

ခဏကြာမှ ဘယ်ဘက်အိတ်ထဲက သော့နှိုက်ယူသည်။ နောက်လှည့် မကြည့်ဘဲ စားပွဲပေါ် တင်လိုက်ပြီး-

"ရော့... ဒီမှာ သော့၊ ယူ။ ပြီးတော့ မင်း မြန်မြန် ထွက်သွား"

သူက ရပ်လျက် အပြင်သို့ ဆက်ငေးနေသည်။ ဒွန်ညာက စားပွဲပေါ်မှ သော့တွဲကို သွားယူသည်။

"မြန်မြန်လုပ်၊ မြန်မြန်သွား"

သူက လှည့်မကြည့်ဘဲနှင့် မလှုပ်မယှက် ပြောသော်လည်း သူ့လေသံက ကြောက်မက် ဖွယ် ကောင်းနေသည်။

သည်အဓိပ္ပာယ်ကို ဒွန်ညာ ကောင်းကောင်း သိပါသည်။ ထို့ကြောင့် သော့ကို ဆတ်ခနဲ ကောက်ယူပြီး တံခါး ပြေးဖွင့်ကာ အခန်းထဲမှ အသားကုန် ပြေးထွက်လာခဲ့တော့သည်။ သူ့ကိုယ်သူ သတိမထားမိဘဲ တူးမြောင်းဆီသို့ မပြေးရုံတမည် သုတ်ခြေတင်နေသည်။ ပြီးတော့ တံတားဆီသို့ ဦးတည်လိုက်သည်။

ဆဗီဒရီဂေးလော့ဗ်သည် သုံးမိနစ်ခန့် ပြတင်းပေါက်တွင် ဆက်ရပ်နေသည်။ ပြီးမှ အတွင်းဘက်ပြန်လှည့်ပြီး အခန်းပတ်ပတ်လည်ကို ကြည့်လိုက်သည်။ နဖူးပြင်ကို လက်တဖက်ဖြင့် အသာပွတ်လိုက်၏။ သူ့ နှုတ်ခမ်းအစုံတွင် ထူးဆန်းသည့် အပြုံးတမျိုး ထင်လာသည် ကြေကွဲနေသည့် အပြုံး။ အားနည်းစွာ ပြုံးလိုက်သည့် သနားစရာ့အပြုံး။ အားလျော့ အားငယ် အပြုံး။

မျက်နှာသုတ်ပဝါ တထည်ကို ရေဆွတ်၍ ဦးခေါင်းနှင့် နဖူးပြင်မှ ခြောက်စပြုနေ သည့် သွေးတွေကို သုတ်သည်။ ဒွန်ညာ ပစ်ထုတ်လိုက်သည့် သေနတ်က တံခါးဝတွင် ရောက် နေသည်ကို လှမ်းမြင်ရသည်။ ကောက်ပြီး သေသေချာချာ ကြည့်နေသည်။ ကျည်သုံးတောင့် ထည့်ပစ်နိုင်သည့် ရှေးဟောင်း သေနတ်ကလေး။ တတောင့်က မီးမကူးသဖြင့် အကောင်း တတောင့် ကျန်နေသေးသည်။ တချက် ပစ်နိုင်သေးသည်။ ခဏတွေ စဉ်းစားပြီး သေနတ်ကို အိတ်ထဲ ထည့်လိုက်၏။ ဦးထုပ်ကို ကောက်ယူပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

※※※

ည ဆယ်နာရီအထိ အပေါစားအရက်ဆိုင် တဆိုင်ပြီး တဆိုင် သူ ဝင်သည်။ တဆိုင်တွင် ကက်တယာနှင့် တွေ့သည်။ သူ ဆိုနေသည့် သီချင်းက 'မင်းညစ်နှင့် လူဆိုး'။ ပြီးတော့ 'ကက်တယာကို သူ စနမ်းတယ်' ဆဗီဒရီဂေးလော့ဗ်က ကက်တယာနှင့် လက်ဆွဲဘာဂျာ သမားလေးကိုရော၊ စားပွဲထိုးများနှင့် အခြား အဆိုတော်တွေကိုရော စုတ်စုတ်ပြတ်ပြတ် စာကူးစာရေး နှစ်ယောက်ကိုပါ ဒကာခံနေသည်။ အလျှံပယ် တိုက်ကျွေးနေသည်။ စာကူး စာရေး နှစ်ယောက်ကို သူ မျက်စိကျသွားခြင်းမှာ အခြားကြောင့် မဟုတ်။ နှစ်ယောက်စလုံး နှာတံ ကွေးနေသောကြောင့် ဖြစ်သည်။ တယောက်က ဘယ်ဘက် ကွေးပြီး တယောက် က ညာဘက် ကွေးသည်။ ဆဗီဒရီဂေးလော့ဗ်က သူတို့နှစ်ယောက်ကို သဘောကျနေသည်။

နောက်ပိုင်းတွင် သူတို့က သူတို့ ပျော်စရာအဖုံဖုံ ပန်းခြံသို့ ခေါ်သွားကြသည်။ သူက အားလုံးအတွက် ပန်းခြံဝင်ကြေး ပေးသည်။ ပန်းခြံထဲတွင် ကြုံကြိုလိုလို သုံးနှစ်သား ထင်းရှူးပင် တပင်နှင့် လက်ဖက်ရည်ရော၊ အရက်ပါ ရောင်းသည့် ဆိုင်တဆိုင် ရှိသည်။ ပြီးတော့ စားပွဲ၊ ကုလားထိုင်တွေ မြက်ခင်းပေါ်တွင် ချထားသည်။

ရွှေပွဲလာတွေကို မူးနေသည့် နှာခေါင်းနီနီနှင့် ဂျာမန်တယောက်က သီဆိုဖျော်ဖြေ နေသည်။ သူ့ ကြည့်ရသည်မှာ ဆပ်ကပ်ထဲမှ လူပြက်နှင့် တူနေသည်။ ဖျော်ဖြေ တင်ဆက် သူများကို ကြည့်ရသည်မှာ တယောက်မှ မပျော်ရွှင်ကြကြောင်း သိသာနေသည်။ စာကူး စာရေးကလေး နှစ်ယောက်နှင့် အခြားလုပ်ဖော်ကိုင်ဖက်တွေ ရန်ဖြစ်ကြသည်။ ထ,ထိုးကြသည် အားလုံးက ဆဗီဒရီဂေးလော့ဗ်ကို ဒိုင်လူကြီး လုပ်ခိုင်းသည်။ နာရီတမတ်ခန့် သူ ပွဲကို ထိန်းပေးသည်။ သို့သော်ပွဲက ကြမ်းသည်ထက်ကြမ်း၊ ဆူသည်ထက် ဆူလာတော့ သူ အထိန်းရ ခက်လာသည်။ သူတို့အထဲမှ တယောက်က ပွဲလန့်တုန်း ဖျာခင်းသည်။ ဆိုင်ထဲက ပစ္စည်း တခု လစ်ပြီး ပွဲကြည့်ပရိသတ်ထဲမှ ဂျူးတယောက်ကို လက်တို့ ရောင်းသည်။ ပြီးတော့ သူက ရောင်းရငွေကို သူငယ်ချင်းတွေအား ခွဲမပေးချင်။ ခိုးရောင်းသည့်ပစ္စည်းမှာ ဆိုင်က လက်ဖက်ရည်ဇွန်းကလေး တချောင်း ဖြစ်သည်။ သို့သော် ပြဿနာက မသေး။ အကျယ် အကျယ် ဖြစ်လာသည်။ ဆိုင်ရှင်က ဇွန်းပျောက်တာ သိသွားပြီး ရန်ရှာတော့သည်။ ဆဗီဒရီ ဂေးလော့ဗ်က ဆိုင်ရှင်အား ဇွန်းဖိုး လျော်ခဲ့ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ အချိန်မှာ ည ဆယ်နာရီ ထိုးပြီ။ ဆိုင်တကာ ဝင်ခဲ့ပေမယ့် သူ အရက် တစက်မျှ မသောက်ရသေး။ ပန်းခြံ ဆိုင်တွင်လည်း လက်ဖက်ရည် တခွက်သာ မှာသောက်ခဲ့သည်။ ညသည် မှောင်သည်ထက် မှောင်လာသည်။

ရုတ်တရက် မိုးတွေ ထစ်ချုန်းကာ ရေတံခွန် သွန်ကျသလို ရွာချလေတော့သည် လမ်းတွေပေါ်တွင် ချက်ချင်း ရေတွေ လျှံသွားသည်။ လျှပ်နွယ် လျှပ်ပန်းတွေက စက္ကန့်မခြား တလက်လက်။ သူ အိမ်ပြန်ရောက်တော့ တကိုယ်လုံး စက်စက်နစ်နေပြီ။ တံခါး သော့ခတ်ပြီး အံဆွဲထဲမှ ပိုက်ဆံအားလုံး ထုတ်လိုက်သည်။ ပြီးတော့ စာရွက် သုံးလေး ရွက် ယူလိုက်သည်။ ပြီးတော့ အားလုံးကို အင်္ကျီအိတ်ထဲ ထိုးထည့်ပြီးမှ အပြင်ကို ကြည့် လိုက်တော့ လျှပ်စီးတွေ လက်နေဆဲ။ မိုးက မပြေနိုင်အောင် ရွာနေဆဲ။ လက်တဖက်ကို ခါထုတ်လိုက်ပြီး ဦးထုပ်ယူကာ အခန်းကို သော့မခတ်တော့ဘဲ ထွက်လာခဲ့သည်။ ဆွန်ညာ့ အခန်းကို သွားသည်။ ဆွန်ညာ ရှိနေ၏။

သူ တယောက်တည်း မဟုတ်။ ကာပါနော်မော့ဗ်ကလေး လေးယောက်ပါ ရောက်နေသည် ကလေးတွေကို ဆွန်ညာ လက်ဖက်ရည် ဖျော်တိုက်နေသည်။ ဆဗီဒရီ ဂေးလော့ဗ်ကို တလေးတစား ကြိုသည်။ မိုးရေတွေ စက်စက်နစ်နေသည့် အဝတ်တွေကို ကြည့်ပြီး အံ့သြ နေ၏။ သို့သော် ဘာမှ မမေး၊ ဘာမှ မပြော၊ ကလေးတွေ အလန့်တကြား ထွက်ပြေးသွားကြသည်။

ဆဗီဒရီဂေးလော့ဗ်က စားပွဲတွင် ဝင်ထိုင်သည်။ ဆွန်ညာ့ကိုလည်း ထိုင်ခိုင်းသည်။ ဆွန်ညာကလေးက ရှက်ရွံ့ အားငယ်စွာဖြင့် နားထောင်ဖို့ ပြင်လိုက်သည်။

“ဆွန်ညာ၊ နားထောင်နော်။ ဒါ မင်းနဲ့ ကျုပ်နဲ့ နောက်ဆုံးတွေ့တာ ဖြစ်ချင်ဖြစ်မယ်။ ကျုပ် အမေရိကန်ကို သွားတော့မယ်။ စီစဉ်စရာ ရှိတာ စီစဉ်ရအောင် ကျုပ် ဝင်လာတာ။ မင်း ဒီနေ့ သွားတွေ့တဲ့ အမျိုးသမီးနဲ့ တွေ့ခဲ့ရတယ် မဟုတ်လား။ သူ ဘာပြောမယ် ဆိုတာ ကျုပ် သိတယ်။ ပြန်ပြောမနေနဲ့တော့”

ဆွန်ညာ့ မျက်နှာကလေး နီသွားသည်။

“ကလေးတွေအတွက် ကုန်ကျစရိတ်ငွေကို စိတ်ချရတဲ့ တနေရာမှာ ကျုပ် အပ်ထား ခဲ့တယ်။ ရော့… ဒီမှာ ငွေလက်ခံ ရရှိကြောင်း ပြေစာ။ မင်း တနေ့ လိုချင် လိုလိမ့်မယ်။ အဲဒီ ကိစ္စ ပြတ်ပြီ။ ရော့… ဒီမှာ၊ ကျုပ် ရတဲ့ ဘဏ်တိုးငွေ။ အားလုံး ရူဘယ် သုံးထောင်။ အဲဒါက မင်းအတွက်။ မင်း ကိုယ်တိုင်အတွက်နော်။ အဲဒါ ဘယ်သူမှ မသိစေနဲ့။ ဘယ်သူမှလည်း မသိဘူး။ မင်း ကျုပ်အကြောင်း ဘာတွေကြားကြား အကြောင်း မဟုတ်ဘူး။ အရေးကြီး တာက မင်း ဒီဘဝက လွတ်မြောက်ဖို့ပဲ။ မင်း ဒီအတိုင်း ဆက်သွားဖို့ မလိုတော့ဘူးလေ”

“ဦးကျေးဇူးတွေ ဆွန်ညာတို့ အပေါ်မှာ အများကြီးပါ။ ဘယ်တော့မှ ဆပ်လို့ ကုန်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့…”

“တော်ပြီ… တော်ပြီနော်”

“အဲဒီငွေတွေအတွက် ဆွန်ညှာ ဦးကို ကျေးဇူးတင် မဆုံးပါဘူး။ ဒါပေမဲ့ ခု မလို တော့ဘူးလေ။ ဆွန်ညှာ တယောက်တည်းအတွက် ဆိုရင် ကိုယ့်ခြေထောက်ပေါ်ကို ကိုယ် ရပ်နိုင်ပါတယ်။ ဆွန်ညှာ ကျေးဇူးကန်းလို့ ပြောတာ မဟုတ်ပါဘူးနော်”

“အဲဒါ မင်းအတွက်ပါ။ တဆိတ် လက်ခံပါ။ ထူးထူးထွေထွေ ရှင်းပြမနေပါရစေ နဲ့တော့။ အချိန် မရှိတော့လို့ပါ။ မင်းအတွက် လိုမှာ သေချာပါတယ်။ ရိုဒီယွန်ရပ်စ်ကိုလ် နီကော့ဗ် အတွက် ရွေးစရာ နှစ်လမ်းပဲ ရှိတယ်။ ဆိုက်ဗေးရီးယား သွားမလား၊ ကိုယ့်နားထင် ကိုယ် ပစ်ထည့်မလား။ (ဆွန်ညှာ သူ့ကို မျက်လုံးအပြူးသားနှင့် ကြည့်ပြီး တဆတ်ဆတ် တုန်လာသည်) မင်း မလန့်ပါနဲ့။ ကျုပ် အားလုံး သိပြီးပါပြီ။ ဒီအကြောင်း သူနဲ့လည်း ပြောပြီး ပါပြီ။ မင်း မပူနဲ့၊ စိတ်ချ။ ကျုပ်က အာချောင်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ဘယ်သူမှ မသိစေရဘူး။ မင်း သူ့ကို နားချပါ။ သက်ဆိုင်ရာမှာ ဖြောင့်ချက်ပေးလိုက်တာ အကောင်းဆုံးပါ သူ ဆိုက်ဗေးရီးယား သွားရရင် မင်း လိုက်သွားမှာ မဟုတ်လား။ ဟုတ်တယ် မဟုတ်လား။ ဒါဆို ငွေလိုပြီပေါ့။ သူ့အတွက်လေ။ နားလည်တယ်နော်။ မင်းကို ပေးတာနဲ့ သူ့ကို ပေးတာ အတူတူပဲလေ။ ပြီးတော့ အေမီလီယာအီဗန်နိုဗာကိုလည်း မင်း ပေးစရာတွေ ရှိသေးတယ် လေ။ ကျုပ် ကြားပြီးပြီ။ မင်း ဘာလို့ အလောတကြီး တာဝန်ယူလိုက်တာလဲ။ ပေးရမှာ မင်း တာဝန်မှ မဟုတ်ဘဲ။ ကက်တာရီးနာပဲ။ ဒီဂျာမန်မကြီးကို ခေါက်ထားလိုက်စမ်းပါ။ မင်း ဒီလိုဆက်သွားရင် ဒီလောကကြီးထဲမှာ ရပ်တည်ဖို့လွယ်မှာ မဟုတ်ဘူး။ ကျုပ်အကြောင်း မင်းကို တယောက်ယောက် လာမေးရင်၊ မေးလည်း မေးကြမှာပါ။ ဒီနေ့ မင်းဆီလာတွေ့တဲ့ အကြောင်း လုံးဝ မပြောနဲ့နော်။ ပြီးတော့ ဘယ်အကြောင်းကြောင့်မှ ဒီငွေတွေ ကျုပ်ပေးတဲ့ အကြောင်း ဘယ်သူမှ မပြောနဲ့၊ ကြားလား"

သူ ကုလားထိုင်မှ ထသည်။

“ဂွဒ်ဘိုင် ဆွန်ညှာ။ ရိုဒီယွန်ကို နှုတ်ဆက်သွားတယ်လို့ ပြောပေးနော်။ ဩော်… ဒါထက် မင်း ဒီငွေတွေကို လောလောဆယ် ဘာလို့ တာဝန်အကြီးခံပြီး သိမ်းထားမလဲ။

မစ္စတာရာဇူမီခင်ကို အပ်ထားပါလား။ သူ့ကို သိတယ် မဟုတ်လား။ မင်း သိပါတယ်။ မနက်ဖြန် သူ့ဆီ ယူသွား။ အချိန်တန်မှ သူ့ဆီက ပြန်ယူ။ သူ ကောင်းကောင်း သိမ်းထားပေးလိမ့်မယ်” ဆွန်ညှာလည်း ကုလားထိုင်မှ ထရပ်လိုက်သည်။ သူ့မျက်နှာကို အထိတ်တလန့် လှမ်းကြည့်နေသည်။ တခုခု ပြောချင်နေသည်၊ မေးချင်နေသည်။ သို့သော် မပြောရဲ၊ မမေးရဲ။ ဘယ်လို

စ,ရမှန်းလည်း မသိ။

"ဒါထက် ဦးရယ်၊ မိုးထဲ လေထဲကို…"

"အို … ကျုပ်က အမေရိကန်ကို သွားမှာ။ မိုးတွေ လေတွေ စာရင်းထဲ ထည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ ကလေးရယ်။ သွားတော့မယ်နော်။ မင်းကလေးတယောက် အသက်ရှည် လို့ အနာမဲ့ပါစေကွယ်။ ပြီးတော့လေ မင်း တခြားလူတွေအတွက် အသက်ရှင်နေရဦးမှာ။ ဩော်… ဒါထက် စကားစပ်မိရင် မစ္စတာရာဇူမီခင်ကို ပြောလိုက်ပါကွယ်။ သူ့ကိုလည်း ဦးညွှတ် နှုတ်ဆက်သွားပါတယ်လို့… ဆက်ဆက်ပြောပေးနော်"

ပြောပြီး သူ ထွက်သွားသည်။ ဆွန်ညာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်၏။ တွေးကြောက်နေသည်။ မရေမရာတွေ တွေးနေသည်။

ထိုည ဆယ့်တနာရီလောက်တွင် အလားတူ အခြားတနေရာသို့ မမျှော်လင့်ဘဲ သူ ရောက်သွားသည်။ မိုးတွေ သည်းနေဆဲ။ သူ့ တကိုယ်လုံး ရွှဲရွှဲစိုလျက်ပင်။ အတိအကျ ဆိုရလျှင် ဆယ့်တနာရီ မိနစ်နှစ်ဆယ်။ သူနှင့် လက်ထပ်မည့် သတို့သမီး၏ မိဘများ၏ အခန်း ကျဉ်းကျဉ်းကလေးထဲသို့ သူဝင်သွားသည်။

ထိုအချိန်တွင် ဝေဝေဝါးဝါးဖြစ်နေပြီ။ ဘာကိုမျှ သတိ မရတော့ပြီ။ ယောက္ခမ လောင်းကြီး နှစ်ယောက်က အပြေးအလွှား ထွက်လာပြီး ဆွဲကြသည်။ သူ့ကို မေးခွန်းတွေ တရစပ် ထုတ်နေသည်။

သည်ယောက္ခမလောင်းကြီးက ဘယ်တုန်းကမှ သူ့ကို စကားဟဟ မပြော။ အမြဲတမ်း ပြုံးနေသည်သာ။ လက်ဝါးနှစ်ဖက် ပွတ်ကာ ပွတ်ကာဖြင့်။ မင်္ဂလာပွဲအကြောင်း ပြောလျှင်တော့ အားတက်သရော ပြောတတ်သည်။ သမက်လောင်းကိုလည်း အလွန် လေးစားသော အမျိုးသမီးကြီး ဖြစ်သည်။ သို့သော် သည်နေ့ သူက သတို့သမီးလောင်းကို တွေ့ချင်ပါသည် ဆိုသောအခါ အိပ်နေပြီဖြစ်ကြောင်း ပြန်ပြောလိုက်သည်။ သို့သော် မိန်းကလေး ထွက်လာသည်။ သတို့သားလောင်းက သူ ပီတာစဘတ်မှ အရေးပေါ်ကိစ္စကြောင့် ထွက်သွား ရတော့မည် ဖြစ်ကြောင်း၊ သည်အတွက် ရှူဘယ် သောင်းငါးထောင် ယူလာခဲ့ကြောင်း၊ သူ့ လက်ဆောင်အဖြစ် လက်ခံရန်အကြောင်း တောင်းတောင်းပန်ပန် သူ ပြောသည်။ သည်ကိစ္စ မှာ သူ အစောကြီးကတည်းက မင်္ဂလာ မဆောင်ခင် တင်ဖို့ ရည်ရွယ်ပြီးသား ဖြစ်သည်။

သို့သော် သည်လက်ဆောင်ပေးသည့် အချိန်က သန်းခေါင်သန်းလွဲ။ အပြင်တွင် မိုးသက်မုန်တိုင်းတွေက သိုင်းဆင်လျက်။ မည်သို့ရှိစေ မိဘနှစ်ပါးက

တင်တောင်းငွေကို လက်ခံ လိုက်ကြသည်။ ကျေးဇူးတင်မဆုံး ရှိနေကြသည်။ မအေကြီးက မျက်ရည်လည်နေသည်။

ဆဗီဒရီဂေးလော့ဗ်က ရယ်ပြီး မတ်တတ်ထရပ်သည်။ ရယ်ရယ်မောမောနှင့် သတို့သမီး၏ ပါးကို နမ်းသည်။ ပြီးမှ ပါးကလေးနှစ်ဖက်ကို လက်နှင့်ပုတ်ပြီး မကြာခင် ပြန်လာခဲ့မည့် အကြောင်း ပြောသည်။ ပီတိ ကလေးတယောက်၏ မျက်လုံးများက သူ့ကို မေးခွန်းပေါင်းများစွာ မေးနေကြ၏။

သူ ခဏတွေ စဉ်းစားသည်။ ကလေးမကို ဒုတိယအကြိမ် နမ်းပြီး နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။ အားလုံး စိတ်မကောင်း ဖြစ်ကျန်ရစ်သည်။ စိတ်ထားနူးညံ့သည့် မအေကြီးက တသသဖြစ်ကာ သမက်လောင်း၏ဂုဏ်ပုဒ်တွေကို တီးတိုးပြောနေလေသည်။ သတို့သမီးလောင်းကလေး အိပ်ရာဝင်တော့ ရင်ထဲဆွေးသလိုလို၊ အံ့ဩသလိုလို ဖြစ်နေရှာသည်

ဆဗီဒရီဂေးလော့ဗ်တံတားရောက်တော့ သန်းခေါင်ကျော်နေပြီ။ မိုးတိတ်သွားပြီ။ သို့သော် လေထန်နေဆဲ။ သူ ခိုက်ခိုက်တုန်နေပြီ။ စီးသွင်နေသည့် နီဗားမြစ်ရေကို ငုံ့ကြည့် နေသည်။ ခေါင်းထဲတွင် မေးခွန်းပေါင်းများစွာ ဝင်လာသည်။ နီဗားသည် ခါတိုင်းနှင့် မတူသလို စိတ်ထဲ ထင်လာ၏။

လှည့်ပြန်လာခဲ့ပြီး ရည်ရွယ်ချက်မဲ့စွာ လမ်းတကာ လျှောက်သွားနေသည်။ လွင်တီး ခေါင်ထဲ ရောက်လာသည်။ နာရီဝက်ခန့် သည်အတိုင်း လျှောက်သွားနေသည်။ လွင်ပြင်၏ ဟိုမှာဘက်တွင် ဟိုတယ်တခု ရှိသည်ကို အမှတ်ရလာသည်။ သစ်သားအိမ်ကြီး။ သို့သော် ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ နာမည်က အဒီယာနိုပယ်ဆိုလား၊ ဘာလား။ အဆောက် အအုံက သစ်သားအိမ်ကြီး ဖြစ်သော်လည်း အမှောင်ထဲမှာ ရှာဖို့ မခက်ပါ။ မီးတွေ ထိန်ထိန် လင်းနေသည်ကိုး။ အထဲရောက်တော့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဟိုတယ်ဝန်ထမ်း ချာတိတ်တယောက်က သူ့ကို အခန်းလွတ်တခုထဲတွင် နေရာချပေးသည်။

“လက်ဖက်ရည် ရမလားဟေ့”

“ရပါတယ် ခင်ဗျာ”

“တခြား ဘာတွေ ရသေးလဲ”

“ဗေ့ဒကာရယ်၊ နွားလေးသားရယ်၊ စားမြိန်စာ အမြည်းမျိုးစုံ ရပါတယ် ခင်ဗျာ”

“လက်ဖက်ရည်နဲ့ နွားလေးသား ပေးကွာ"

ကောင်လေး သူ့ကို နားမလည်နိုင်စွာ ကြည့်ပြီး-

“တခြား ဘာမှ မမှာဘူးလား ဆရာကြီး’

“မမှာဘူး၊ ဒါပဲ”

စားပွဲထိုးကောင်လေး စိတ်ပျက်လက်ပျက် ထွက်သွားသည်။

ဆဗီဒရီဂေးလော့ဗ် စဉ်းစားသည်။ အင်း... သိပ် မဆိုးပါဘူး။ ဘာပြုလို့ ဒီနေရာကို မရောက်ဖူးတာပါလိမ့်။ အင်း... ဒီမှာပဲ ညအိပ်မှ ထင်ပါရဲ့။

ဖယောင်းတိုင် ထွန်းပြီး အခန်းပတ်ပတ်လည်ကို သေသေချာချာ ကြည့်လိုက်သည်။ အခန်းက ပိဘိကျဉ်းကျဉ်းကလေး။ ပြတင်းပေါက် တပေါက်သာ ပါသည်။ အိပ်ရာက ညစ်ပတ်ပေရေနေ၏။ ဆေးသုတ်ထားသည့် စားပွဲတလုံး။ ကုလားထိုင်တလုံးပါ ပါသဖြင့် အခန်း က နေရာလွတ် မရှိတော့။ နံရံကပ်စက္ကူတွေက မူလ ဘာရောင်မှန်း မသိအောင် လွင့်ပြယ် နေပြီ။ အဆင်အသွေးများလည်း မပီပြင်တော့။ လှေကားအောက် တည့်တည့်မှ အခန်းဖြစ်သည် ဖယောင်းတိုင်ကို ချပြီး အိပ်ရာပေါ်တွင် ထိုင်လိုက်သည်။ ပြီးမှ စဉ်းစားခန်း ဝင်သည်။ သို့သော် စဉ်းစားလို့ မရ။ တဖက်ခန်းမှ တွတ်ထိုးသံက ကျယ်သည်ထက် ကျယ်လာသည်။ သူ ရောက်ကတည်းက ကြားနေရသည့် အချီမချ ပြောနေသံ။ ရံခါတွင် အော်သံ ထွက်လာ တတ်သေးသည်။ မရပ်မနား ကရားရေလွှတ် ပြောနေကြ၏။ သည်တော့လည်း နားစိုက် ထောင်မိတော့သည်။ တယောက်က နောက်တယောက်ကို ဆူပူ ကြိမ်းမောင်းနေခြင်း ဖြစ်၏။ သို့သော် သူ့အသံတွင် ငိုသံ ပါနေသည်။ တယောက်၏ အသံကိုသာ ကြားနေရ၏။ အခြားတယောက်က လုံးဝ အသံမထွက်။ ဆဗီဒရီဂေးလော့ဗ်က ဖယောင်းတိုင်ကို လက်နှင့် ကာပြီး သစ်သားပျဉ်ထောင် အက်ကြောင်းကြားမှ တဖက်ခန်းကို ချောင်းကြည့်သည်။

အခန်းထဲတွင် ဧည့်သည်နှစ်ယောက်။ အခန်းက သူ့အခန်းထက် ပိုကျယ်သည်။ တယောက်က မျက်နှာနီနီ၊ ဆံပင်နီနီနှင့်။ ကုတ်အင်္ကျီ ဝတ်မထား။ ခြေထောက်ချဲကားထား ပြီး တရစပ် ပြောနေသူ ဖြစ်၏။ ဝမ်းနည်းကြေကွဲသံဖြင့် ပြောနေရင်း ရင်ဘတ်ကို ထုသေးသည် အပြောခံနေရသူက သူတောင်းစားရုပ် ပေါက်နေသည့် လူတယောက်။ သူ့ကို ရွံ့ညွှန် ထဲက ဆွဲတင်ပြီး ကယ်ခဲ့တာဖြစ်ကြောင်း၊ အချိန်မရွေး ပြန်ကန်ချလို့ ရကြောင်းများလည်း ပါ၏။

အပြောခံနေရသူက ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ နှာချေချင်ပါလျက် မချေရသူ တယောက်နှင့် တူနေသည်။ သူ့ကို ပြောနေသူအား ရံခါတွင် ထုံထိုင်းထိုင်း မျက်လုံးများဖြင့် မော်ကြည့်သည်။ သို့သော် ဟိုတယောက် ပြောနေတာတွေ သူ

နားလည်ပုံ မရ။ ကြားပုံလည်း မပေါ်။ စားပွဲပေါ်မှ ဖယောင်းတိုင်က ကုန်ခါနီးနေပြီ။ ဗော့ဒကာပုလင်းမှာလည်း ပြောင်လုနေ ပြီ။ စားပွဲပေါ်တွင် ပေါင်မုန့်တွေ၊ သစ်သီးသနပ်တွေ ရှုပ်ယှက်ခတ်နေသည့် ဟိုဘက်ခန်း၏ အနေအထားကို သေသေချာချာမှန်းပြီး ဘာမှ မမှုသလို အိပ်ရာပေါ် ပြန်ထိုင်သည်။

စောစောက ချာတိတ် လက်ဖက်ရည်နှင့် နွားလေးသား ယူပြီး ပြန်ရောက်လာသည်။

ထပ်မေးပြန်သည်။

"နောက်ထပ် ဘာများ အလိုရှိပါသေးလဲ ခင်ဗျာ"

စောစောက အဖြေအတိုင်း ကြားလိုက်ရသည့်အခါ တကြိုးတည်း လစ်တော့သည် နောက်ထပ် ပေါ်မလာတော့။

ဆဗီဒရီဂေးလော့ဗ်က နွေးသွားအောင် ဆိုပြီး လက်ဖက်ရည်ကို တဖန်ခွက်လုံး မော့ချလိုက်သည်။ သို့သော် ဟင်းပွဲကိုမူ စားချင်စိတ် လုံးဝမရှိ။

သူ့ အဖျားဝင်လာပြီ။ အဝတ်စိုတွေ ဆွဲချွတ်ပြီး စောင်ခြုံကာ အိပ်ရာပေါ်လှဲချလိုက်သည် အင်း ... တော်တော်ဆိုးတာပဲ။ သည်အချိန်မှာ ကျန်းမာရေးကောင်းနေဖို့ လိုသည်။

တွေးပြီး ပြုံးလိုက်သည်။ အခန်းက ညစ်ပတ်ရှုပ်ပွနေသည်။ ဖယောင်းတိုင် မီးရောင်က ခပ်မှိန်မှိန်။ အပြင်တွင် လေတိုးသံတွေ တဝီဝီ။ အခန်းထောင့်တွင် ကြွက်တကောင် တခုခုကို ကိုက်နေသည်။ ခုမှ သတိပြုမိသည်။ တခန်းလုံး ကြွက်နံ့ ဟောင်နေတာပါပဲလား။ ပက်လက် လှန် အိပ်မက် မက်နေသလို အတွေးတွေက ဟိုရောက်လိုက်၊ သည်ရောက်လိုက်နှင့်။ တခုခု ကို မိမိပိုင်ပိုင် ဆုပ်ကိုင်ထားချင်သည်။

ပြတင်းပေါက်ရဲ့ အပြင်ဘက်မှာ ပန်းခြံ ရှိမယ် ထင်တယ်။ သစ်ရွက်လှုပ်သံတွေ ကြားနေရသည်။ ညအခါ သစ်ပင်တွေက သည်လို အသံထွက်လျှင် သူ မကြိုက်တတ်။ အမှောင်ထဲမှာ၊ မုန်တိုင်းထဲမှာ ဆိုလျှင် ပိုဆိုးသည်။ စောစောက ပန်းခြံကို ဖြတ်လာတုန်းမှာ ကြားခဲ့သေးသည်။ စိတ်ပျက်ဖို့ ကောင်းလိုက်တာ။ တံတားပေါ်ရောက်သွားတာကိုလည်း အမှတ်ရလာသည်။ ပြီးတော့ နီဗားမြစ်ရေ။ ပိုချမ်းလာသည်။ ရေပြင်ကို ငုံ့ကြည့်ခဲ့သေး သည်ပဲ။ သူ့ဘဝတွင် ရေကို မခင်တွယ်ခဲ့။ ရေရှုခင်းကို အရသာ မခံတတ်။ သဘာဝကို သူ မခံစားတတ်။ အလှဗေဒကို နားမလည်။ ခုတော့ တမျိုး ဖြစ်နေသည်။ ထူးထူးဆန်းဆန်း အတွေးတွေ ဝင်နေသည်။ သူ့ကိုယ်သူ တိရစ္ဆာန်တကောင်

နေရာမှန်ရွေးသလို ငါလည်း သီးသန့်တနေရာ ရွေးရမယ်၊ ဒီလိုအချိန်မှာ ပန်းခြံထဲ လျှောက်သွားနေသင့်တာပေါ့။ မောင်မည်း ပြီး အေးစိမ့်နေလိမ့်မယ် ထင်ရဲ့။ နှလုံးမွှေ့လျော် ပျော်ဖွယ်ရာ အသိတမျိုးကို ရှာဖွေနေသည့် အလား။ အို… ဘာလို့ ဖယောင်းတိုင်မီး မငြိမ်းမိပါလိမ့်။ မီးလျှံကို မှုတ်ပစ်လိုက်သည်။ ဟိုဘက် ခန်းက နှစ်ယောက်လည်း အိပ်ကြပြီ ထင်သည်။ ပျဉ်ချပ်ကြားမှ မီးရောင် မတွေ့ရတော့။

ကဲ… မှောင်အတိ ကျသွားပြီ။ လာလေ မာဖာ။ မင်း လာသင့်တဲ့ အချိန်၊ လာသင့်တဲ့ နေရာလေ။ မင်း ဘာလို့ မလာတာလဲ ဟင်။ ရုတ်ခြည်း ဒွန်ညှာ့ကို အပိုင်ကြံဖို့ စီမံကိန်း မဆွဲခင် တနာရီလောက်က အဖြစ်ကို သွားသတိရသည်။ ရာဇူမီခင်၏ အစောင့်အရှောက်ကို သူ့ညီမ ခံယူသင့်ကြောင်း ရပ်စ်ကိုလ်နီကော့ဗ်ကို ပြောခဲ့မိသည့်အဖြစ်။ ကိုယ့်ကိုယ်ကိုယ် သရော် ချင်စိတ်ဖြင့် ပြောခဲ့မိခြင်း ဖြစ်မည်။ သို့သော် ရပ်စ်ကိုလ်နီကော့ဗ် ဆိုတဲ့ကောင်က ခပ်ကြောင် ကြောင်။ အဓိပ္ပာယ် မရှိ စကားကြီး စကားကျယ်တွေနဲ့ ပျော်မွေ့နေတဲ့ကောင်မျိုး။ အို… ကိုယ်နဲ့ ဘာဆိုင်တာ မှတ်လို့။ သူ့ဘဝ သူ ကြိုက်သလို ဖန်တီးပစေပေါ့။

ဘယ်လိုမှ အိပ်မပျော်တော့။ ဒွန်ညှာ့ ရုပ်ပုံလွှာကို မြင်ယောင်လာတော့ တကိုယ်လုံး ကြက်သီးထသွားသည်။ “အို.. တခန်းရပ်သွားပြီပဲ။ တခြားကိစ္စ စဉ်းစားရမှာ။ အင်း… တော်တော် ထူးဆန်းပြီး ရယ်စရာကောင်းတာပဲ။ ငါ ဘယ်သူ့ကိုမှ တူးတူးခါးခါး မမုန်းဖူးပါဘူး။ ဘယ်သူ့ ကိုမှလည်း ကလဲ့စားချေချင်စိတ် မရှိပါဘူး။ သူများတွေနဲ့ ငြင်းရ၊ ခုံရတာလည်း ငါ မကြိုက် ဘူး။ စိတ်လည်း မဆိုးချင်ဘူး။ ဒါ မကောင်းတဲ့ လက္ခဏာတွေပဲ။ သူ့ကို ဒီနေ့ ပေးခဲ့တဲ့ ကတိတွေကို ကြည့်လေ။ ဒါတွေ ထားလိုက်ပါတော့။ သူ့ကြောင့် ငါ့ဘဝ တဆစ်ချိုး ပြောင်းလဲချင် ပြောင်းလဲသွားမှာပေါ့”

တယောက်တည်း ပြောနေရာမှ ငြိမ်သွားပြီး အံကြိတ်လိုက်သည်။

ဒွန်ညှာ့ပုံ သူ့မြင်ကွင်းထဲ ပြန်ဝင်လာပြန်သည်။ သည်တခါ ပုံက သူ့ကို ပထမ တချက် ပစ်ပြီး အထိတ်တလန့် ဖြစ်နေသည့် မျက်နှာကလေး။ သေနတ်ပြောင်းကို အောက်စိုက် ချလိုက်ပြီး သူ့ကို အူကြောင်ကြောင် ကြည့်နေသည့် အမူအရာကလေး။

သူ အချိန်ရပါသည်။ သည်တဒင်္ဂကို သူ အသုံးချလျှင် ကောင်းကောင်း အောင်မြင် နိုင်သည်။ သို့သော် ထို တဒင်္ဂတွင်ပင် သည်အချိန်ကလေးအပေါ် သနားစိတ် ဝင်သွားခြင်း ဖြစ်သည်။ နှလုံးသားတခုလုံး ပြုတ်တူနှင့် အညှပ်ခံလိုက်ရသည့် ထိုတဒင်္ဂ။

အင်း… ဒုက္ခပါပဲလား၊ သည်မြင်ကွင်းတွေကို ဘယ်လို ဖျောက်ရပါ့မလဲ။ မေ့ပစ် ရမည်၊ ဖျောက်ပစ်ရမည်၊ ဖျက်ပစ်ရမည်။

တဖြည်းဖြည်း အိပ်ချင်လာသည်။ အဖျား ပျောက်သွားသလိုလိုရှိသည်။ လက်မောင်း နှင့် ခြေထောက်က ဘာဖြစ်တာပါလိမ့်။ ဟိုက်... သူ ခုန်ထလိုက်သည်။ အင်း... လက်စသတ် တော့ ကြွက်တကောင် ဝင်သောင်းကျန်းနေတာကိုး။ ခုမှ သတိရသည်။ စားပွဲပေါ်တွင် နွားလေးသားဟင်းပွဲက သည်အတိုင်းကိုး။

အရမ်းချမ်းနေသဖြင့် ခြုံစောင်ကို ခွာပြီး လွှင့်ပစ်လိုက်ဖို့လည်း ခက်နေ၏။ နောက် တကောင်က ခြေသလုံးပေါ်တက်လာပြန်သည်။ သည်တော့မှ စောင်ကို လွှင့်ပစ်လိုက်ပြီး ဖယောင်းတိုင် ထ,ထွန်းသည်။

အရိုးခိုက်အောင် အေးနေသည့် အထဲက တုန်တုန်ယင်ယင်ဖြင့် အိပ်ရာပေါ်ငုံ့ကြည့်သည် ဘာကောင်မှ မတွေ့ရ။ စောင်ကို ခါလိုက်သည်။ ကြွက်တကောင် အိပ်ရာပေါ်မှ ခုန်ထွက် သွား၏။ သူ လိုက်ဖမ်းဖို့ ကြိုးစားသည်။ ခြေထောက်ကြားထဲက ထွက်သွားလိုက်၊ လက်ကြား ထဲက ပြေးသွားလိုက်နှင့်။ ခေါင်းအုံးအောက် ဝင်သွားလို့ ခေါင်းအုံး ဆွဲဖယ်လိုက်တော့ ကြွက်က သူ့ရင်ဘတ်ပေါ်သို့ ခုန်တက်လာသည်။ ဟောဗျာ၊ သူ့ရှပ်အင်္ကျီထဲ ဝင်သွားပြီ။

ဤတွင် အိပ်မက်မှ လန့်နိုးခြင်း ဖြစ်သည်။ နိုးတော့ ချွေးတွေရွှဲနေသည်။ တခန်းလုံး မှောင်နေ၏။ စောင်ခြုံလျက် သူ လှဲနေဆဲ။ လေက အပြင်တွင် အပြင်းအထန် တိုက်နေဆဲ ဖြစ်သည်။ သူဒေါသတကြီး တွေးနေသည်။ "စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ" ဟု အသံထွက် ညည်းညူမိသည်။ အလိုလို ဒေါသဖြစ်နေ၏။

ပြတင်းပေါက်ကို ကျောပေးပြီး အိပ်ရာပေါ်တွင် သူ ထိုင်နေသည်။ ဆက်မအိပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြတင်းပေါက်မှ ဝင်လာသည့် အအေးဓာတ်က ထွေးပတ် မနိုင်နိုင် အောင်ပင်။ စောင်ကို တင်းတင်း ဆွဲခြုံထားလိုက်သည်။ ဖယောင်းတိုင် မထွန်း။ ခေါင်းထဲ တွင် ဘာမျှမရှိ။ ဘာမှလည်း လိုချင်စိတ် မရှိတော့။ ဘာမှလည်း မစဉ်းစားချင်တော့။ သို့သော် စိတ်ကူးတွေ တမျိုးမျိုး ပေါ်လာနေသည်။ အတွေးစတွေ တခုပြီးတခု လျှပ် ပြက်သလို ဝင်လာနေသည်။ သို့သော် တခုနှင့်တခု အဆက်အစပ် ဘာမျှမရှိ။ မနိုးတဝက် နိုးတဝက် ဖြစ်နေသည့် ပုံစံမျိုး။

အအေးဓာတ်ကြောင့် ဖြစ်ချင် ဖြစ်မည်၊ အမှောင်ထုကြောင့် ဖြစ်ချင် ဖြစ်မည်၊ စိုစွတ် ထိုင်းမှိုင်းမှုကြောင့် ဖြစ်ချင် ဖြစ်မည်၊ အပြင်တွင် ရိုင်းရိုင်းစိုင်းစိုင်း တိုက်ခတ်နေသည့် လေပြင်းကြောင့် ဖြစ်ချင် ဖြစ်မည်။

ဒါတွေအားလုံး ပေါင်းလိုက်တော့ သူ့ကို ဆန္ဒရမ္မက်တမျိုး နှိုးဆွသလို ဖြစ်လာသည် သို့သော် သူ့မျက်စိထဲတွင် ပန်းပွင့်တွေကို မြင်ယောင်လာသည်။ လှပသည့် ပန်းချီ ကားချပ်တွေကို မြင်ယောင်လာသည်။ နွေဦး ပန်းချီကားတချပ်လို နွေးထွေးလှပသည့် မြင်ကွင်း။ ဘာသာရေး ပွဲတော်နေ့ တနေ့နှင့်လည်း တူ၏။

အင်္ဂလိပ်ဆန်ဆန် ဆောက်ထားသည့် ဗိုလ်တဲအိမ်ကလေး။ ဆင်ဝင်ပေါ်တွင် ပတ်တက်နွယ်ပင်တွေ စိမ်းစိုလျက်။ အိမ်ကလေး၏ ပန်းခြံက ပန်းချုံပန်းနွယ်တွေ စီရရီ။ ပန်းရနံ့တို့ တသင်းသင်း။

ပန်းခြံထဲမှ မထွက်ခွာရက်အောင် ဖြစ်နေပြီးမှ သူ အိမ်ကလေးထဲသို့ ဝင်လာခဲ့သည် မျက်နှာကြက် မြင့်မြင့်နှင့် ဗိုလ်တဲအိမ်ကလေး။ အိမ်ကလေး၏ တံခါးတွေ၊ ပြတင်း ပေါက်တွေ အားလုံး ဖွင့်ထားသည်။ အခန်းတိုင်းမှ ပန်းအိုးများတွင် လတ်လတ်ဆတ်ဆတ် ပန်းတွေနှင့် ဝေနေသည်။ အပြင်မှ မွှေးပျံ့လန်းဆန်းသော လေသည် အခန်းတိုင်းသို့ တိုးဝင် နေသည်။ အပြင်မှ ငှက်ကလေးများ တေးဆိုသံသည် အိမ်ကလေးထဲတွင် ပျံ့လွင့်နေသည်။

အခန်းအလယ်မှ အဖြူရောင်လွှမ်းထားသည့် စားပွဲတလုံးပေါ်တွင် အခေါင်းတခု တင်ထားသည်။ ခေါင်းတလားကိုလည်း အဖြူရောင်ပိုးသားဖြင့် ကပ်ထားသည်။ ပတ်ပတ် လည်တွင် ပန်းခွေတွေ စီလျက်။ ခေါင်းထဲတွင် ဇာအင်္ကျီဝတ်ထားသည့် မိန်းကလေး၏ အလောင်းသည် ငြိမ်သက်စွာ လဲလျောင်းလျက်။ ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက် ယှက်တင် ထားသည်။ သူ့ဆံပင်က ရွှေရောင်ဖျော့ဖျော့။ ရေတွေစိုနေဆဲ။ နှင်းဆီပွင့်တွေ ပန်ထားသည်။ ဘေးတိုက် မြင်ရသည့် သူ့မျက်နှာကလေးမှာ ကျောက်ဆစ်ရုပ်တခု အတိုင်းပင်။ သို့သော် သူ့နှုတ်ခမ်းပေါ်မှ အပြုံးက ကလေးတယောက်၏ အပြုံးမျိုး မဟုတ်။ ခပ်မဲ့မဲ့အပြုံး။ ဝေဒနာရိပ် ထင်နေသည့် အပြုံး။ သည်ကလေးမကို ဆဗီဒရီဂေးလော့ဗ် သိသည်။ အလောင်း၏ ခေါင်းရင်း ဘက်တွင် လက်ဝါးကပ်တိုင် မရှိ။ ဖယောင်းတိုင် မထွန်း။ ရွတ်ဖတ် သရဇ္ဈာယ်မည့်သူ မရှိ။ မိန်းကလေးမှာ ရေထဲ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ခြင်း ဖြစ်သည်။ အသက်မှာ ဆယ့်လေးနှစ်မျှသာ ရှိသေး၏။ မတရား အစော်ကားခံရသဖြင့် အရှက်ကို အသက်နှင့် လဲခဲ့ခြင်း ဖြစ်သည်။ မှောင်မိုက်သော ညတညမှာ နှင်းခဲတွေ အရည်ပျော်နေသည့် ရေပြင် ပေါ်သို့ လေပြင်းတွေ တိုက်ခတ်နေချိန်။

မနိုးတဝက် ဖြစ်နေရာမှ ထပြီး ပြတင်းပေါက်တွင် သွားရပ်သည်။ မင်းတုပ်ကို စမ်းပြီး ဖွင့်လိုက်သည်။ လေက အခန်းကျဉ်းကလေးထဲသို့ ဆောင့်တိုးပြီး လိမ့်ဝင်လာသည်။ သူ့မျက်နှာနှင့် ရင်ဘတ်ကို ရေခဲငွေ့တွေ ရိုက်ခတ်သွားသည်။ သူ့ကိုယ်ပေါ်တွင် ရှပ်အင်္ကျီ တထည်သာ ရှိသည်။

သည်နေရာမှာလည်း အပျော်ပန်းခြံ ရှိလိမ့်မည် ထင်သည်။ နွေလယ်ပိုင်းတွင် သီချင်းသည်တွေ သီဆိုနေကြလိမ့်မည် ထင်သည်။ လက်ဖက်ရည်ဆိုင်လည်း ရှိမည်ပင်။ သစ်ပင်တွေ၊ ချုံပုတ်တွေဆီမှ လေနှင့်အတူ ပါလာသည့် နှင်းရည်ပေါက်တွေ အခန်းထဲ ဝင်လာသည် အမှောင်ထုက မြေအောက်ခန်းတခုလို ပိန်းပိန်းပိတ်လျက်။ ဘာဆိုဘာမှ မမြင်ရ။

ပြတင်းပေါက်ပေါင်ပေါ်တွင် လက်ထောက်ကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။ ငါးမိနစ်ခန့် အမှောင်ထဲသို့ စိုက်ကြည့်နေသည်။ **အမှောင်ထုထဲမှ အမြောက်သံ တချက် ဟိန်းထွက်လာ သည်**69။ ပြီးတော့ နောက် တချက်။

အင်း… ရေကြီးမည့် အန္တရာယ်အချက်ပေးသံ ထင်ပါရဲ့။ မိုးလင်းသည်နှင့် အနိမ့်ပိုင်း တွေကို ရေလွှမ်းတော့မည်။ လမ်းတွေပေါ်ကို ရေကျော်တော့မည်။ မြေအောက်ခန်းတွေ ကို ရေဝင်လျှင် ကြွက်တွေ ရေကူးကြရတော့မည်။ အင်း… ဘယ်အချိန် ရှိနေမှန်းလည်း မသိပါလား။ ထိုစဉ် နံရံတနေရာမှ နာရီထိုးသံ ထွက်လာသည်။ သုံးချက် တီးပြီကိုး။ တနာရီ အတွင်း မိုးလင်းတော့မည်။ ဘာလို့ ဒီမှာ ဆက်နေတော့မည်လဲ။ ပီထရိုစကီကို သွားမည်။ ချုံပုတ်ကြီးတွေထဲ ဝင်မည်။ အကိုင်းတကိုင်းကို ပခုံးဖြင့် ထိလိုက်ရုံဖြင့် မိုးပေါက်တွေ သိန်းချီပြီး ခေါင်းပေါ် ကျလာမည်။

ပြတင်းပေါက်ကို ပြန်ပိတ်ပြီး ဖယောင်းတိုင်ထွန်းကာ ဝရန်တာသို့ ထွက်လာခဲ့သည် အခန်းခ ရှင်းဖို့ ကောင်လေးကို လိုက်ရှာမည်။ ငွေချေပြီးလျှင် လစ်မည်။ သည့်ထက် ကောင်းသည့် အချိန် ဘယ်မှာရှိမလဲ။

ရှည်လျားလှသော ဝရန်တာတလျှောက်တွင် တယောက်မှ မတွေ့။ ကောင်လေးကို အော်ခေါ်မည့်ဆဲဆဲတွင် ထောင့်တထောင့်မှ လှုပ်ရှားမှုလိုလို လှမ်းမြင်လိုက်သည်။ ဖယောင်းတိုင် မြှောက်ပြီး သေသေချာချာ ငုံ့ကြည့်လိုက်သည်။ ဟင်… ငါးနှစ်အရွယ် မိန်းကလေးတယောက်ပါလား။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် တကိုယ်လုံး စိုရွှဲ ကာ ခိုက်ခိုက်တုန်လျက် ငိုရှိုက်နေသည်။ ဆဗီဒရီဂေးလော့ဗ်ကို မြင်တော့ ကြောက်ရွံ့ဟန် မပြ။ အံ့သြသည့် မျက်လုံးကြီးများဖြင့် မော့ကြည့်နေသည်။ အကြာကြီး ငိုထားပုံရသည်။ အသံ မထွက်တော့။ ရှိုက်ရုံသာ ရှိုက်နိုင်တော့သည်။ ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက် လာတာပါလိမ့်။ တညလုံး အိပ်ရပုံ မပေါ်။ သူ မေးခွန်းတွေ ဆက်တိုက်မေးသည်။ ကလေးမ ကလေးက မပီကလာ ပီကလာ ဖြေသည်။ အမေက အရက်မူးနေသည်တဲ့။ ပန်းကန်တလုံး ကျကွဲလို့ ရိုက်မည် လုပ်သဖြင့် ထွက်ပြေးလာတာတဲ့။

ကလေးကို ကောက်ပွေ့ပြီး အခန်းကို ပြန်လာခဲ့သည်။ စုတ်ပြဲနေသော ဖိနပ်နှင့် အဝတ်တွေကို ချွတ်ပေးပြီး တကိုယ်လုံး စောင်နှင့်ပတ်ကာ အိပ်ရာပေါ်လှဲချပေးလိုက်သည်။ ချာတိတ်မလေး ချက်ချင်း အိပ်ပျော်သွားသည်။

သူ ဆက်တွေးသည်။ စိတ်ပျက်စရာပါလား။

အရေးထဲမှာ ဖယောင်းတိုင် ကိုင်ပြီး ဟိုတယ်ကောင်လေးကို ထွက်ရှာမည်။

ကိစ္စပြီးလျှင် မြန်မြန်လစ်မည်။ ဟင်... သည်ကလေး ကို သည်အတိုင်း ထားခဲ့လို့ ဖြစ်မလား။ တံခါးဖွင့်ပြီးမှ ပြန်လှည့်ကာ ကလေးကို ကြည့်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ နွေးနွေးထွေးထွေး ကွေးကွေးကလေး။ မျက်နှာတွင် သွေးရောင် ပြန်လွှမ်းလာနေပြီ။ သေသေချာချာ ကြည့်တော့ ပါးကလေးသာ နီရမည့်အစား မျက်နှာတခုလုံး နီနေသည်။ ဖျားနေပြီ ထင်ပါရဲ့။ ဒုက္ခပါပဲ။ မျက်တောင်ကော့ကြီးတွေက တဖျတ်ဖျတ်လှုပ်လာပြီး မျက်လုံးပွင့်လာသည်။ ရှက်တတ်သော်လည်း ထက်မြက်မည့် မျက်လုံးများ။ စောစောက အိပ်ပျော်တာမှ ဟုတ်ရဲ့လား။ အိပ်ချင်ယောင်ဆောင်နေတာ များလား။ ဟုတ်ပုံ ရသည်။ နှုတ်ခမ်းပေါ်တွင် အပြုံးထင်လာသည်။ ဟင်... သူ့အပြုံးက တမျိုးပါလား။ လျှပ်ပေါ်လော်လည်သည့် အပြုံး။ ဘယ်လိုပါလိမ့်။ သည် ငါးနှစ်သမီးကလေး က ဘယ်လိုလုပ်ပြီး သည်အပြုံးမျိုး ပြုံးတတ်တာလဲ။ ဖိတ်ခေါ်နေသည့် အပြုံးဖြင့် သူ့ဆီသို့ လက်နှစ်ဖက် ဆန့်တန်းပေးလာသည်။

"ဟာ... ဒုက္ခပါပဲ"

အလန့်တကြား အော်လိုက်ချိန်တွင် သူ လန့်နိုးလာသည်။ သူ အိပ်ရာပေါ်တွင် ရှိနေဆဲ၊ စောင်ခြုံထားဆဲ။ ဖယောင်းတိုင်မီးက ငြိမ်းလျက်သား။ သို့သော် ပြတင်းပေါက်မှ အလင်းတန်း က အခန်းထဲ ဝင်နေသည်။ မိုးစင်စင် လင်းပြီကိုး။

အင်း... အိပ်မက်ဆိုးတွေ မက်သည့် ညပါလား။ စိတ်တိုတိုနှင့် ထထိုင်လိုက်သည်။ တကိုယ်လုံး ကိုက်ခဲနေ၏။ အရိုး အဆစ်တွေ ပြုတ်ထွက်မတတ်ပင်။ အပြင်တွင် ဆီးနှင်း ပေါက်တွေ မိုးလောက် ပြင်းထန်နေသည်။ အဖြူရောင် အမှောင်ထု။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ငါးနာရီ ထိုးခါနီးပြီ။ တအား အိပ်ပစ်လိုက်တာပါလား။ ထပြီး ဂျာကင် ကောက်ဝတ်သည် ကုတ်အကျႌ ထပ်ဝတ်သည်။ နှစ်ထည်စလုံး စိုထိုင်းထိုင်း။ အိတ်ထဲ နှိုက်ကြည့်တော့ သေနတ်ကို စမ်းမိသည်။ ထုတ်ပြီး သေသေချာချာ စစ်ကြည့်သည်။ အထူးသဖြင့် မောင်းရိုက်တံ ကို သေသေချာချာ ကြည့်သည်။ ပြီးမှ ထိုင်ပြီး မှတ်စုစာအုပ်ကို အိတ်ထဲမှ ထုတ်ကြည့်သည်။ ရှေ့ပိုင်း မြင်သာသည့် စာမျက်နှာတွင် စာလုံးကြီးကြီးဖြင့် စာကြောင်း အနည်းငယ် ရေးချသည် တခေါက် ပြန်ဖတ်ကြည့်ပြီး ဆက်တွေးနေသည်။ တံတောင်နှစ်ဖက်ကို စားပွဲပေါ်တွင် ထောက်လျက်။ ရှေ့တည့်တည့်တွင် မှတ်စုစာအုပ်နှင့် သေနတ်။ ခုထက်ထိ မတို့ရသေး သော နွားလေးသား ဟင်းပွဲတွင် ယင်ကောင်တွေ တလောင်းလောင်း။ ယင်ကောင်တွေကို အကြာကြီး စိုက်ကြည့်နေပြီးမှ တကောင်ကို ညာလက်ဖြင့် လိုက်ဖမ်းသည်။ မမိ။ ဆက်ကြိုးစားသည် လူသာ ပင်ပန်းပြီး ယင်ကောင်ကို မဖမ်းမိ။ နောက်ဆုံးတွင်မှ အဓိပ္ပာယ် မရှိသည့် အလုပ်ကို လုပ်နေမှန်း သတိဝင်လာပြီး စိတ်ဆုံးဖြတ်ပြီးသား

ခြေလှမ်းများနှင့် အခန်းထဲမှ ထွက်ချလာတော့သည်။ မကြာမတင်အတွင်း သူ လမ်းပေါ် ရောက်နေပြီ။

တမြို့လုံးကို မြူနှင်းကမ္ဗလာကြီးက လွှမ်းခြုံထားသည်။ နီဗားမြစ်ဘက်သို့ ဦးတည်ပြီး သူ လျှောက်လာခဲ့၏။ လမ်းတွေက ချော်ကျိုကျို။ စိတ်ထဲတွင် နီဗားမြစ်ကို မြင်ယောင်ကြည့်လိုက်သည်။ နေ့ချင်းညချင်း မြင့်တက်လာသော ရေပြင်ကျယ်ကို မြင်ရ၏။

ပီထရော့စကီကျွန်းပေါ်တွင် လူသွားလမ်းတွေ ရေမြုပ်နေသည်။ မြက်ပင်ရှည်တွေး သစ်ပင် တွေက စိုစွတ်စွတ်။ ပြီးတော့ ချုံပုတ်တွေလည်း ရေမြုပ်နေပြီ။ စိတ်ထဲ ကသိကအောက် ဖြစ်သွား၏။ အာရုံပြောင်းသွားအောင် အိမ်တွေကို လိုက်ကြည့်သည်။ လမ်းသွားလမ်းလာ တယောက်မျှ မတွေ့သေး။ ရထားတစီးမျှ မမြင်သေး။ အဝါရောင် သစ်သားအိမ်ကြီး တလုံး မြင်ကွင်းထဲ ဝင်လာသည်။ တရုတ်ကတ်တွေ ပိတ်ထား၏။ ညစ်နွမ်းနွမ်းအိမ်ကြီး။ ကျက်သရေ မရှိဟု စိတ်ထဲ ထင်လိုက်၏။ အအေးဓာတ်က သူ့တကိုယ်လုံးကို ထွေးပတ်လိုက်၏။ အရိုးခိုက်အောင် ချမ်းလာသည်။ မေးချင်းရိုက်နေပြီ။ ကုန်စိမ်းဆိုင်ကလေးတွေ သူ ဖြတ်လျှောက်လာခဲ့သည်။

သူ လျှောက်လာနေသည့် သစ်သားကြမ်းခင်းလမ်းကလေး ဆုံးသွားပြီ။ တိုက်ကြီးတလုံး ရှေ့တွင် လမ်းဆုံးသွားခြင်း ဖြစ်၏။ ခွေးဝဲစားကလေး တကောင် အမြီးကုပ်ပြီး လမ်းဖြတ် ပြေးသွားသည်။ လူတယောက် မူးပြီး လမ်းဘေးတွင် အားလျား မှောက်အိပ်နေသည် တချက် ငုံ့ကြည့်ပြီး ဆက်လျှောက်သွားသည်။ ဘယ်ဘက်မှ နာရီစင်ကြီးကို သတိထား လိုက်မိ၏။ ဟုတ်ပြီ။ သည်နေရာသည် နေရာမှန် ဖြစ်ရမည်။ ဘာလို့ ပီထရိုစကီကျွန်းကို သွားတော့မည်လဲ။ သည်နာရီစင်ကြီး သက်သေပေါ့။ သူ ပြုံးချင်ချင် ဖြစ်သွားပြီး လမ်းဘေး ဆင်းလိုက်သည်။ နောက်ခံကားက ရောမတိုက်ကြီးတလုံးနှင့် နာရီစင်ကြီး။ ပြီးတော့ သော့ခတ်ထားသည့် ရောမဝင်းတံခါးကြီး။ တံခါးကြီးကိုမှီလျက် လူခပ်ညှက်ညှက်တယောက် ရပ်နေသည်။ မီးခိုးရောင် စစ်ဝတ်စုံနှင့်။ ကြေးခမောက် ဆောင်းလျက်။ လျှောက်လာနေသော ဆဗီဒရီဂေးလော့ဗ်အား အိပ်ချင်နေသော မျက်လုံးများဖြင့် အေးစက်စွာ လှမ်းကြည့်နေသည် ဂျူးလူမျိုး ဖြစ်မည်။ မျက်နှာက ဆွေးရိပ်သမ်းနေ၏။ နှစ်ယောက်သား တဦးကို တဦး အကဲခတ်နေကြသည်။ အစောင့်စစ်သား ဦးနှောက်စားသွားသည်။ သူနှင့် သုံးလှမ်းအကွာသို့ ရောက်လာသူက အရက်မူးနေခြင်းလည်း မဟုတ်။ သူ့ကို စကားတခွန်းမှ မပြောဘဲ စိုက်ကြည့် နေသည်။

သူက မလှုပ်မယှက်၊ ရပ်လျက်သား အနေအထားဖြင့် မေးလိုက်သည်။ သူ့စကားသံ က ခပ်ဝဲဝဲ။

"ခင်ဗျား ဘာလိုချင်လို့လဲ"

"မင်္ဂလာနံနက်ခင်းပါဗျာ။ ဘာမှ မလိုချင်ပါဘူး"

"ခင်ဗျား နေရာမှားပြီး ရောက်လာတာပဲ"

"ကျုပ်က နိုင်ငံခြား သွားမှာပါ"

"နိုင်ငံခြားကို၊ ဟုတ်လား"

"ဟုတ်တယ်၊ အမေရိကန်ကို'

"အမေရိကန်"

ဆဗီဒရီဂေးလော့ဗ်က သေနတ်ကို ဆွဲထုတ်လိုက်သည်။

အစောင့်စစ်သား မျက်ခုံးတွေ မြင့်တက်သွား၏။

"ခင်ဗျား နောက်နေတာလား။ ဒါ နောက်ရမယ့်နေရာ မဟုတ်ဘူး။ ခင်ဗျား နေရာ မှားနေတယ်''

"နေရာ မှားနေတယ်၊ ဘာပြုလို့လဲ"

"ဘာပြုလို့လဲ ဆိုတော့ နေရာ မှားနေလို့ပေါ့"

"ကိစ္စ မရှိပါဘူး ရောင်းရင်းရာ။ ဒီနေရာဟာ အသင့်လျော်ဆုံး နေရာပါ။ သူတို့ လာမေးရင် သူ အမေရိကန်ကို သွားပြီလို့သာ ပြောလိုက်နော်"

ပြောပြောဆိုဆို သေနတ်ပြောင်းဝကို နားထင်တွင်တေ့လိုက်သည်။ "ဟေ့လူ၊ ဒီနေရာမှာ ဒါမျိုး မလုပ်ရဘူး။ ခင်ဗျား နေရာ မှားနေပါတယ် ဆို"

သူ့မျက်လုံးတွေ ပြူးထွက်လာချိန်တွင် ဆဗီဒရီဂေးလော့ဗ်က သေနတ်မောင်းကို ဆွဲဖြုတ်လိုက်သည်။

※※※

(၇)

ထိုနေ့ ညနေပိုင်း ခြောက်နာရီတွင် အမေနှင့် ညီမ ရှိရာ တိုက်ခန်းဆီသို့ ရပ်စ်ကိုလ်နီကော့ဗ် လျှောက်သွားနေသည်။ ဘာကာလိဗ် ဆိုသူ ပိုင်သည့် တိုက်ကြီး ဖြစ်၏။ ရာဇူမီခင် ရှာငှား ပေးခြင်း ဖြစ်သည်။ လှေကားဝက လမ်းဘေးတွင် ဖြစ်သည်။ သူ့ခြေလှမ်းတွေ မသွက်။ သွားသင့်၊ မသွားသင့် ချီတုံချတုံ ဖြစ်နေပုံမျိုး။ သို့သော် ဘယ်နည်းနှင့်မျှ လှည့်ပြန်လို့ မဖြစ်။ ဆုံးဖြတ် ပြီးသား။ ဘာပြဿနာ ရှိနိုင်မှာလဲ၊ သူတို့ ဘာမှ မှ မသိတာပဲ၊ သူတို့က ငါ့ကို ဟိုတုန်းကအတိုင်း လို့ ထင်နေကြတာပဲဟု ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်သည်။

အဝတ်တွေကတော့ မြင်မကောင်း၊ ရှုမကောင်းအောင် စုတ်ပြဲ ညစ်ပတ်နေပြီ။ တညလုံး မိုးထဲလေထဲမှာ အချိန်ကုန်ခဲ့သည် မဟုတ်လား။ နှစ်ဆယ့်လေးနာရီလုံးလုံး ရပ်စ်ကိုလ်နီကော့ဗ် နှစ်ယောက်၏ ပဋိပက္ခတိုက်ပွဲ။ သည်အတွက် အားအင်ကုန်ခန်းသွားပြီး ရာသီဥတုကလည်း ဆိုးရွားလွန်းသဖြင့်သူ့မျက်နှာမှာ ပုံပျက်လုခမန်း ဖြစ်နေပြီ။ ညက တယောက် တည်း ဘယ်မှာ အိပ်ခဲ့မှန်းမသိ။ သို့သော် ဆုံးဖြတ်ချက် တခုတော့ ချနိုင်ခဲ့သည်။

တံခါးခေါက်တော့ အမေ လာဖွင့်ပေးသည်။ ဒွန်ညာ အခန်းတွင် မရှိ၊ မေမေ ရပ်စ်ကိုလ် နီကော့ဗ်က သားကို မြင်တော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးတော့မှ အံ့ဩ ဝမ်းမြောက်စွာနှင့် သားလုပ်သူ၏ လက်ကို ဆွဲပြီး အခန်းထဲ သွင်းလိုက်သည်။ ပျော်လွန်းလို့ မေမေ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ယိမ်းထိုးနေသည်။

"မေမေ့ကို စိတ်မဆိုးနဲ့နော် ရော့ဒ်ယာ။ မျက်ရည်ကျတာ ပျော်လွန်းလို့ပါ သားရယ်။ မေမေ ငိုနေတာ မဟုတ်ပါဘူး။ ရယ်နေတာပါ။ မေမေ့ကိုယ်က မျက်ရည် လွယ်လွန်းပါတယ်ကွယ်။ သားဖေဖေ ဆုံးပြီးကတည်းက အကျင့်ပါသွားတာ ထင်ပါရဲ့။ ထစ်ခနဲဆို မျက်ရည် ကျပြီ။ သားထိုင်၊ ပင်ပန်းလာတယ် ဟုတ်လား။ ကြည့်ပါဦး၊ ပေကျံနေတာပဲ"

"မနေ့က တနေ့လုံး မိုးမိတယ် မေမေ"

မေမေ ရပ်စ်ကိုလ်နီကော့ဗ်က စကားဖြတ်ပြီး-

"တော်ပြီ၊ တော်ပြီ။ မပြောနဲ့တော့၊ မေမေ အမေးအမြန်း မထူတော့ဘူး။ ဘာမှ ရှင်းပြမနေနဲ့။ မေမေ နားလည်တယ်။ မြို့အကြောင်း မေမေ သိပါပြီ။ မေမေ အမြင်ကျယ် လာပြီ။ သား ဘာတွေ ဖြစ်ချင်နေတယ် ဆိုတာလည်း မေမေ သိဖို့လိုမယ် မထင်ဘူး။ သား ခေါင်းထဲမှာ ဘာတွေဝင်နေတယ်ဆိုတာ

မေမေမစပ်စုချင်ပါဘူး။ နားပူနားဆာလုပ်ပြီးတော့ လည်း မေမေ မမေးပါဘူး။ မဂ္ဂဇင်းထဲက သား ဆောင်းပါးကို မေမေ ဖတ်ပြီးပြီ။ ရာဇူမိခင် ယူလာပေးတာ။ မေမေ မျက်လုံးပြူးသွားတယ်။ မေမေ သိပ်တုံးတာပဲနော်။ ဒါပေမဲ့ မေမေ နားရှင်းသွားတယ်။ ဪ... ဒါတွေနဲ့ သူ အလုပ်ရှုပ်နေတာကိုးလို့။ ငါ့ကြောင့် သူ စိတ် အနှောင့်အယှက် ဖြစ်နေမှာပဲလို့။ ဒါပေမဲ့ မေမေ သိပ်နားမလည်ပါဘူး”

“ကျွန်တော့်ကို အဲဒီဆောင်းပါး ပြပါဦး မေမေ”

ရပ်စ်ကိုလ်နီကော့ဗ်က သူ့ဆောင်းပါးကို ပြန်ကြည့်သည်။ ပထမဦးဆုံး ပုံနှိပ်စာလုံး နှင့် ကိုယ့်စာမူ ကိုယ်မြင်ရသည့် စာရေးဆရာတဦး၏ စိတ်လှုပ်ရှားမှုမျိုးနှင့် ကြည်နူးမှု တမျိုးကို ခံစားလိုက်ရ၏။ သို့သော် တဒင်္ဂမျှသာ။ လေးငါးကြောင်း ဖတ်ပြီး မျက်မှောင် ကုတ်သွားသည်။ ဒေါသတွေ ရင်ထဲမှာ လှိုင်းထလာပြန်သည်။ လွန်ခဲ့သည့် လများက ခံစားခဲ့ရသည့် ဝေဒနာတွေ ပြန်ပေါ်လာသည်။ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်တွင် ချလိုက်သည်။ မအေကြီးကမူ သားအတွက် ဂုဏ်ယူမဆုံး ဖြစ်နေသည်။

“မေမေ သိတယ် ရော့ဒ်ယာ။ မကြာခင် သားဟာ ပညာတတ် အသိုင်းအဝိုင်းမှာ နာမည် ကြီးလာတော့မယ်။ ထိပ်တန်း ရောက်လာတော့မှာ။ သားကို ရူးနေတယ်လို့ ပြောတဲ့ လူတွေက သားကို မလိုက်နိုင်လို့ စွတ်ပြောကြတာ။ သားရဲ့ပညာဉာဏ် ကြီးမြတ်ပုံကို သူတို့ နားမလည်နိုင်လို့ပေါ့။ ဒွန်ညာတောင် ယုံချင်ချင် ဖြစ်သွားသေးတယ်လေ။ သားဖေဖေ ရှိတုန်းကလည်း မဂ္ဂဇင်းတိုက်ကို စာမူနှစ်ခါ ပို့ဖူးတယ်။ ကဗျာတွေရောပဲ။ မှတ်စုစာအုပ်ထဲ မှာ မေမေ ကူးထားတယ်။ ကြုံမှ သားကို ပြရဦးမယ်။ ပါ ပါစေ၊ ရွေးပါစေလို့ မေမေတို့ ဆုတောင်းလိုက်ရတာလေ။ ဒါပေမဲ့ အပယ်ခံရတယ်။ တပုဒ်မှ မရွေးဘူး။ မေမေ့မှာ စိတ် မကောင်း ဖြစ်လိုက်ရတာ။ ဒါထက် သားရယ်၊ သား အဝတ်အစားတွေကလည်း။ ခု ဘယ်လို စားလို့၊ ဘယ်လိုနေလဲ ဟင်။ အင်း... မေမေ စပ်စုမိပြန်ပြီ။ သားရဲ့ ဉာဏ်ရည်၊ သားရဲ့ ပါရမီနဲ့ ဘာလိုချင် လိုချင် ရနိုင်တာပဲ။ သားမှာ သိပ်အရေးကြီးတဲ့ ကိစ္စတွေရှိနေလို့ ဒါတွေကို ဂရုစိုက်ချိန် မရှိတာ မဟုတ်လား"

“ဒွန်ညာ မရှိဘူးလား မေမေ”

“ဒွန်ညာ ခုတလော အိမ် သိပ်မကပ်ဘူး။ မေမေ တယောက်တည်း ထားခဲ့ပြီး ထွက်ထွက်သွားတယ်။ ရာဇူမိခင် လာလာပြီး မေမေ့ကို အဖော်လုပ်ပေးလို့တော်သေးတယ်။ သူက သားကို သိပ်ချစ်တာ၊ သိပ်လေးစားတာ။ သားညီမလေးက မေမေ့ကို ဂရုမစိုက်ဘူးလို့ ပြောတာ မဟုတ်ဘူးနော်။ သူ မေမေ့ကို အရမ်းဂရုစိုက်ပါတယ်။ ဒါပေမဲ့ သူ့မူနဲ့သူလေ။ မေမေကလည်း ဒီအတိုင်းပါပဲ။ သူ့မှာ တခုခု လျှို့ဝှက်ချက် ရှိနေသလိုပဲ။ မေမေ့မှာတော့ သားအပေါ်မှာရော၊

သမီးအပေါ်မှာပါ ဘာလျှို့ဝှက်ချက်မှ မရှိဘူးနော်။ မေမေ ယုံပါတယ်။ ဒွန်ညာဟာ သိပ်အသိဉာဏ်မြင့်တဲ့ မိန်းကလေး။ သိပ်ထက်တဲ့ မိန်းကလေးပါ။ ပြီးတော့ အမေနဲ့ အစ်ကိုကိုလည်း သူ သိပ်ချစ်တာ။ သားရဲ့ ညီမလေးဟာ သိပ်ကို ထူးခြားတဲ့ မိန်းကလေး၊ သိလား။ အင်း... နောက်ဆုံး ဘာတွေ ဖြစ်လာမယ် ဆိုတာတော့ မပြောတတ်ဘူး။ သား ဝင်လာလို့ မေမေ အရမ်းပျော်နေတယ်။ ဒါပေမဲ့ သားတို့ မောင်နှမ မဆုံဖြစ်ကြ ဘူး။ သူက သားကို အရမ်း အောက်မေ့နေတယ်။ သူ ပြန်လာရင် သား လာသွားတဲ့ အကြောင်း မေမေ ပြောမယ်နော်။ ဘယ်တွေ လျှောက်သွားနေတာလဲလို့ မေမေ မေးလိုက်ရမလား။ မကြာမကြာ လာခဲ့ပါ သားရယ်။ မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်နဲ့တော့နော်။ အင်းလေ... သား မလာလည်း ဘာတတ်နိုင်မှာလဲ။ မေမေ မျှော်နေရုံ ရှိတာပေါ့။ မေမေ့ကို သား ချစ်မှန်း သိတယ်လေ။ ဒါနဲ့ပဲ မေမေ ဖြေနိုင်ပါပြီ။ သား ရေးတဲ့ စာတွေ မေမေ စောင့်ဖတ်မယ်။ သား သတင်းတွေကို စောင့်နားထောင်မယ်။ တခါတလေ ကိုယ်တိုင် ဝင်လာပြီး မေမေ့ကို တွေ့ပါနော်။ ခုလိုလေ၊ အမေ့ကို နှစ်သိမ့်ဖို့လေ”

ပြောပြီး မေမေ ရပ်စ်ကိုလ်နီကော့ဗ် ငိုပြန်ပါလေသည်။

“မေမေ့ကို ခွင့်လွှတ်ပါ သားရယ်။ ကြည့်စမ်း၊ မေမေ ဘာလို့ ထိုင်နေတာလဲ”

ပြောပြီး ထရပ်လိုက်သည်။

“ကော်ဖီ ဖျော်ပေးမယ်နော်။ ခဏလေးနော်”

“မဖျော်နဲ့ မေမေ။ ကျွန်တော် ပြန်တော့မှာ။ မသောက်တော့ပါဘူး”

မအေကြီးက ခပ်ရွံ့ရွံ့အမူအရာဖြင့် သား အနား ပြန်ကပ်လာသည်။

“ဒီမယ်မေမေ၊ ဘာတွေဖြစ်နေဖြစ်နေ၊ ကျွန်တော့်အကြောင်း ဘာတွေကြားကြား၊ သူများတွေ ဘာပြောပြော ခုအတိုင်းပဲ မေမေ သားကို ချစ်နေမှာပဲ မဟုတ်လား ဟင်”

ရင်ထဲ ရှိသည့်အတိုင်း ဖွင့်မေးလိုက်ခြင်း ဖြစ်သည်။ စကားလုံးများ၏ အတိမ်အနက် ကို မတွက်မိ။

“ရော့ဒ်ယာ...သား.. အဲဒါ ဘာအဓိပ္ပာယ်လဲ ဟင်။ ဘယ်လို ပြောလိုက်တာလဲ သားရယ်။ သယ်သူတွေက သားအကြောင်း မေမေ့ကို လာပြောမှာလဲ။ စိတ်ချ၊ ဘယ်သူ ပြောတာမှ မေမေ ယုံမှာ မဟုတ်ဘူး”

“မေမေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြချင်လို့ကျွန်တော် ရောက်လာတာလေ။ မေမေနဲ့ နှစ်ယောက်တည်း တွေ့ရလို့ သိပ်ဝမ်းသာတာပဲ။

ဒွန်ညာ မရှိတာ ကောင်းပါတယ်”

ပြီးတော့ အလောတကြီး စကားဆက်သည်။

“မေမေ့ကို ပြောစရာ ရှိလို့ လာခဲ့တာ။ စိတ်ချမ်းသာစရာ ကောင်းတဲ့ စကားမျိုး တော့ မဟုတ်ဘူး မေမေ။ ကျွန်တော် မေမေ့ကို သိပ်ချစ်ပါတယ်။ သားအနေနဲ့ မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်တယ်၊ ရက်စက်တယ်လို့ မထင်စေချင်ဘူး။ ဘယ်တော့မှ မေမေ့ကို အချစ် မလျော့ခဲ့ပါဘူး။ တော်လောက်ပြီ မေမေ။ မလုပ် မဖြစ်လို့ပါ။ အစက စပြောရရင်...”

မအေက သားကို တင်းတင်းဖက်ပြီး တအား ငိုသည်။ ပြီးတော့ ကျိတ်ငိုနေသည်။

“သား ဘာတွေ ဖြစ်နေတာလဲ ဟင်။ မေမေ ဘာမှ နားမလည်ဘူး။ မေမေက သား ဘာတွေ ပြဿနာတက်နေသလဲ ဆိုတာ အမြဲတမ်း စဉ်းစားနေတာ။ ခု မေမေ သိပြီ။ သားမှာ ရောမ စိတ်ဆင်းရဲစရာကြီးတခု ရှိနေပြီ ဆိုတာလေ။ ဒါကြောင့် သားမှာ ဒေါသတွေ၊ မစ္ဆရိယစိတ်တွေ ပွားနေတာကိုး။ စိတ်ထဲမှာ သိတော့ သိနေသလိုပဲ။ ဒီအကြောင်း စ,မိတာ ခွင့်လွှတ်ပါ ရော့ဒယာ။ မေမေ့မှာ အိပ်မပျော်တဲ့ ညတွေ များခဲ့ပါပြီ။ ညီမလေးက ညညမှာ အိပ်မက်ဆိုးတွေ မက်ပြီး ကယောင်ကတမ်းတွေ ပြောတယ်။ မေမေ ကြားနေတယ်။ ဒါပေမဲ့ ဘာတွေမှန်းတော့ သိပ်မသိပါဘူး။ ဒါပေမဲ့ မေမေ့စိတ်ထဲမှာ စီရင်ချက်တခု ကို စောင့်နေရသလိုလို ထင်လာတယ်။ တခုခုကို ကြိုသိနေသလိုပဲ။ အင်း... နေဦးလေ၊ ပြန်တော့မလို့လား”

“ပြန်တော့မယ် မေမေ”

“မေမေ လိုက်ခဲ့မယ်လေ။ ဒွန်ညာကလည်း သားကို ချစ်ပါတယ်ကွယ်။ အရမ်း ချစ်တာ။ ပြီးတော့ ဆွန်ညာကလေး။ သူ လိုက်ချင်ရင် မေမေတို့နဲ့အတူ လိုက်ခဲ့လို့ရတာပဲ။ သူ့ကို သမီးအရင်းလို မေမေ မွေးစားမယ်။ ရာဇူမီခင်ကလည်း မေမေတို့ကို အားလုံး ကူညီ မှာ။ ဟဲ့... နေပါဦး။ သား ဘယ်သွားမလို့လဲ”

“သွားတော့မယ် မေမေ၊ ဂွဒ်ဘိုင်'

“ဟင်... ဒီနေ့ သွားမှာလား။ ဒါဆို မေမေ”

“မေမေ လိုက်လို့ မဖြစ်ဘူးလေ။ ခု သွားရတော့မှာ”

“ဟင်... မေမေ လိုက်လို့ မရဘူးလား ဟင်”

“မရဘူး မေမေ။ ဒါပေမဲ့ ဒူးထောက်လိုက်ပါ။ မေမေ ကျွန်တော့်အတွက် ဆုတောင်း ပေးပါ။ မေမေ့ ဆုတောင်းသံကို ဘုရားသခင် ကြားတော်မူမှာပါ”

"လာ… လာ၊ သားကို ဆုတောင်းပေးမယ်။ ဪ… သားရယ်"

ဘယ်သူမှ မရှိသည့်အတွက် ရပ်စ်ကိုလ်နီကော့ဗ် ဝမ်းသာနေသည်။ သားအမိနှစ်ယောက်တည်း တွေ့ခွင့်ရသည့်အတွက် ဝမ်းသာနေသည်။ သူ့ရင်ထဲတွင် အေးမြသွားသည် ငရဲခန်းကို မေ့ထားနိုင်သည့် တဒင်္ဂ။

အမေ့ခြေရင်းတွင် သူ ပစ်လှဲလိုက်သည်။ အမေ့ခြေအစုံကို နမ်းရှုပ်သည်။ ခြေဖမိုး နှစ်ဖက်စလုံး မျက်ရည်တွေရွှဲသွားသည်။ ပြီးမှ သားအမိနှစ်ယောက် ဖက်ငိုကြသည်။ သည်တခါတော့ မေမေ ရပ်စ်ကိုလ်နီကော့ဗ် ဘာမှ မအံ့သြတော့။ ဘာမှ မမေးတော့။ သားကလေး ကံဆိုးမိုးမှောင် ကျနေရှာပြီ ဆိုသည်ကို သိလိုက်သောကြောင့် ဖြစ်၏။

"သား… မေမေ့သား"

မအေကြီးက ငိုရင်း ရှိုက်ရင်း ဆက်ပြောသည်။

"သားဟာ မေမေ့သားပဲ။ မွေးကင်းစကလေးနဲ့ ခုအချိန် ဘာမှ မထူးဘူး သိလား။ ကလေးဘဝတုန်းက နမ်းရတာနဲ့ ခုနမ်းရတာ အတူတူပဲ။ ဘဝမှာ အဖေ အခက်အခဲတွေ ရှိလာလို့ မေမေတို့ ကျပ်တည်းနေချိန်မှာ သားကို မွေးတာလေ။ အဲဒီတော့မှ မေမေတို့ အိမ်ထောင်ကလေး စိုပြည်လာတာ။

"ဖေဖေ့ကို သင်္ဂြိုဟ်တော့ ခုလိုပဲ သားအမိ နှစ်ယောက် ဖက်ငိုကြတယ်လေ။ ခုလည်း မေမေ ငိုကြွေးရှည်နေတယ်။ အဲဒါက တံခါးဖွင့်လိုက်ကတည်းက သားမျက်နှာကို ကြည့်ပြီး အဆိုးဆုံး အချိန်ကို ရောက်လာပြီလို့ မေမေ နားလည်လိုက်လို့ပဲ။ သား… သား သွားတော့ မလို့လား"

"မသွားသေးပါဘူး"

"သား နောက်လာဦးမှာ မဟုတ်လား"

"လာမှာပေါ့ မေမေရယ်"

"သား စိတ်မဆိုးနဲ့နော်။ မေမေ ဘာမှ မမေးရဲပါဘူး။ တခုပဲ ပြောပါ သားရယ်။ သား အဝေးကြီးကို သွားမှာလား ဟင်"

"ဟုတ်တယ် မေမေ၊ ဝေးတယ်"

"အလုပ်နဲ့ သွားမှာလား၊ သားအတွက် တက်လမ်း ရှိရဲ့လား"

"ဘုရားသခင် ပေးသမျှပေါ့ မေမေ။ ကျွန်တော့်အတွက် ဆုသာ

တောင်းပေးပါ”

ပြောပြီး ရပ်စ်ကိုလ်နီကော့ဗ် ထသွားသည်။ မအေကြီးက လက်မောင်းကို ဆွဲပြီး သူ့မျက်လုံးတွေထဲကို စိုက်ကြည့်သည်။ သူ့မျက်နှာ ပျက်နေသည်။ တစုံတခုကို ထိတ်လန့်နေပုံ။

“တော်လောက်ပြီ မေမေ”

လာတာ မှားလေပြီဟု ထင်လိုက်၏။

“သားအကြာကြီးလျှောက်မသွားနဲ့ဦးနော်။လာခဲ့ဦးနော်။ မနက်ဖြန်လာနိုင်ဦးမလား”

“ဟုတ်ကဲ့ပါ မေမေ၊ သွားမယ်နော်”

အပြင်တွင် ညနေခင်းသည် နွေးထွေး လန်းဆန်းနေသည်။

ရာသီဥတုမှာ မနက်ကတည်းက ကြည်လင်တောက်ပနေသည်။

သူ့အခန်းဆီသို့ ခပ်သွက်သွက် လျှောက်ပြန်လာခဲ့၏။ သည်နေ့ လုပ်စရာ ရှိသည်များကို အပြတ် လုပ်ရမည်။ သည်နေ့ ဘယ်သူနှင့်မျှ မတွေ့ ချင်တော့။

နာတာရှာက သူ့ကို မြင်တော့ လက်ဖက်ရည်နှပ်အိုးကြီး နံဘေးတွင် ရပ်ပြီး လှမ်းကြည့်နေသည်။ ပေါ်ဖီရီများ ရောက်နှင့်နေမလားဟု စက်ဆုပ်စွာ တွေးလိုက်မိသည်။ သို့သော် အခန်းတံခါး ဖွင့်လိုက်တော့ ရောက်နှင့်နေသူက ညီမတော် ဒွန်ညာ။ ဒွန်ညာ ဆိုဖာ ပေါ်မှ ထပြီး အစ်ကိုလုပ်သူအား အထိတ်တလန့် ကြည့်နေသည်။ ညီမ မျက်လုံးတွေကို ကြည့်ပြီး သူ နားလည်လိုက်ပြီ။ ဩော်... သူ သိသွားပြီကိုး။

သူ့ကိုယ်သူ ဇဝေဇဝါ ဖြစ်သွားပြီး-

“ဒွန်ညာ၊ ညီမလေး။ အစ်ကို ဝင်လာရမှာလား။ ပြန်ထွက်သွားရမှာလား ဟင်”

“အစ်ကို့ကို ဒွန်ညာ ထိုင်စောင့်နေတာ ကြာလှပြီ။ ဆွန်ညာနဲ့အတူ သူ့အခန်းမှာ တနေကုန် စောင့်နေတာ။ အစ်ကို ပြန်လာမှာပဲ ဆိုတာ သိနေလို့လေ”

ရပ်စ်ကိုလ်နီကော့ဗ် အခန်းထဲဝင်သွားပြီး ကုလားထိုင် တလုံးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

“အစ်ကို အရမ်းပင်ပန်းနေတယ် ဒွန်ညာ။ ခဏတဖြုတ်

အစ်ကိုတယောက်တည်း နေချင်တယ်”

ညီမလုပ်သူကို သံသယ မျက်လုံးများဖြင့် ကြည့်သည်။ ဒွန်ညာက မေးသည်။

“အစ်ကို တညလုံး ဘယ်သွားနေတာလဲ”

“အစ်ကို အမှန်အတိုင်း ပြောမယ် ဒွန်ညာ။ အစ်ကို မမှတ်မိဘူး။ ဆုံးဖြတ်ချက် တခုခု ချဖို့စဉ်းစားရင်း အစ်ကို လျှောက်သွားနေတာ။ နီဗားကို ရောက်တာတော့ မှတ်မိတယ်။ အဲဒီမှာ ဇာတ်သိမ်းမလို့။ ဒါပေမဲ့ စိတ်ဆုံးဖြတ်ချက် မကျဘူး”

ဂူ တိုးတိုးပြောနေခြင်း ဖြစ်သည်။ ညီမလုပ်သူကို မသက်သာသည့် မျက်လုံးများဖြင့် စိုက်ကြည့်လျက်။

“အင်း... ဘုရားသခင် မ,တာပဲ။ ဒွန်ညာတို့ကလည်း အဲဒါကို စိုးရိမ်နေကြတာ။ ဆွန်ညာနဲ့ နှစ်ယောက်လေ။ တော်ပါသေးရဲ့။ ဒါဆို အစ်ကို ဘဝဆိုတာကို ယုံတယ်ပေါ့။ အင်း... ဘုရားသခင် မ,တာပဲ”

ရပ်စ်ကိုလ်နီကော့ဗ်က နာနာကျင်ကျင် ပြုံးလိုက်သည်။

“မယုံပါဘူး။ ခုပဲ မေမေနဲ့ အစ်ကို ဖက်ပြီး ငိုခဲ့ကြတယ်။ မယုံပါဘူး။ ဒါပေမဲ့ မေမေ့ ကို ပြောခဲ့တယ်။ အစ်ကို့အတွက် ဆုတောင်းပေးပါလို့။ ဘာတွေ ဖြစ်မလဲ ဆိုတာတော့ ဘုရားသခင် ကိုယ်တော်တိုင်မှ သိမှာပဲ။ အစ်ကိုတော့ သိပ်နားမလည်ဘူး”

“ဟင်... အစ်ကို အမေ့ဆီ သွားခဲ့တယ်၊ ဟုတ်လား။ သူ့ကို ဖွင့်ပြောလိုက်ပြီလား။ အစ်ကို ပြောရဲတယ်နော်’’

“ဟင့်အင်း၊ မပြောပါဘူး။ ဒါပေမဲ့သူ သိနေပုံပါပဲ။ နင်ညက ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ် ဆို။ သူ ရိပ်မိမှာပေါ့။ အေး... အစ်ကို သွားလိုက်တာ မှားသွားပြီလား မသိဘူး။ ဘယ်လို ဘယ်လို ရောက်သွားမှန်းတောင် မသိလိုက်ပါဘူးဟာ။ အစ်ကိုဟာ အလကားကောင်ပါ ဒွန်ညာ”

“ဒါပေမဲ့ အစ်ကို ရင်ဆိုင်မှာ မဟုတ်လား"

“ရင်ဆိုင်ရမှာပေါ့။”

“ဒီအရိပ်မည်းကြီးအောက်က ရုန်းထွက်ရမှာပေါ့။ ရေထဲ ခုန်ချဖို့ စိတ်ကူးမိသေးတယ်။ တံတားပေါ်မှာ ရပ်ပြီး ရေပြင်ကို ကြည့်ရင်း စဉ်းစားတာ။ ငါဟာ စိတ်ဓာတ်ခိုင်မာတဲ့ လူတယောက်လား၊ ပျော့ညံ့တဲ့ လူတယောက်လား

ဆိုတာ စဉ်းစားတယ်။ အရိပ်မည်းကြီးကို ဂရုမစိုက်ရဘူး။ အဲဒါ မာနတမျိုးလားဟင် ဒွန်ညာ"

"ဒါပေါ့၊ မာနပေါ့ ရှော့ဒ်ယာ"

သူ့မျက်နှာ ကြည်သွားသည်။ မာနကလေး သူ့မှာကျန်နေသေးသည့်အတွက် သူ ကျေနပ်သွားခြင်း ဖြစ်သည်။

"ရေထဲဆင်း သေရမှာ ကြောက်တယ်လို့တော့ နင်မထင်နဲ့နော် ဒွန်ညာ"

ညီမလုပ်သူ၏ မျက်နှာကို ခိုးကြည့်ပြီး သူ ကျိတ်ပြုံးနေသည်။

"အဲဒါတွေ ပြောမနေပါနဲ့တော့ အစ်ကိုရာ"

ဒွန်ညာက ပိတ်ပြောလိုက်သည်။

မောင်နှမ နှစ်ယောက် နှစ်မိနစ်မျှ ငြိမ်သွားကြ၏။ ရပ်စ်ကိုလ်နီကော့ဗ် မျက်လွှာ ချပြီး ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။ ဒွန်ညာကစားပွဲတဖက်စွန်းမှ ရပ်ပြီး အစ်ကိုလုပ်သူအား ငေးကြည့်နေသည်။ ရင်ထဲတွင် နင့်နေ၏။ ခဏနေတော့ ရပ်စ်ကိုလ်နီကော့ဗ်ပါ ထရပ်သည်။

"နောက်ကျနေလိမ့်မယ် ဒွန်ညာ။ ကိစ္စပြတ်အောင် သွားလုပ်မယ်။ ဒါပေမဲ့ အဲဒါ လိုအပ်လို့လား ဆိုတာ ငါ့ကိုယ် ငါမေးနေတုန်းပဲ ဒွန်ညာ"

ဒွန်ညာ့ ပါးပြင်ပေါ်သို့ မျက်ရည်ဥတွေ လိမ့်ဆင်းလာသည်။

"မငိုပါနဲ့ ညီမလေးရာ။ နင် ငါ့ကို နားလည်ပါတယ်နော်"

"နားမလည်ဘူး ထင်လို့လား"

အစ်ကို့ကို ညီမလုပ်သူက တအား သိုင်းဖက်လိုက်သည်။

"သွားလိုက်မယ် ဆိုရင်တော့ ပြစ်မှု တဝက်လောက် လျော့ကျသွားမှာပေါ့နော်"

ဒွန်ညာက အစ်ကို့ပါးကို နမ်းရင်း ပြောလိုက်သည်။ သူ ချက်ချင်း ဒေါပွသွားသည်။ "ပြစ်မှု၊ ဟုတ်လား။ ဘာပြစ်မှုလဲ။ လူတကာကို ကောင်းကျိုး မပေးတဲ့အတိုးကြီးစား မိန်းမကြီးတယောက်၊ ဆင်းရဲသားတွေရဲ့ သွေးစုပ်ပြီး အသက်ရှင်နေတဲ့ မိန်းမကြီး တယောက်ကို ရှင်းပစ်လိုက်တာဟာ ပြစ်မှုလား။ ငါက အဲဒီလို စဉ်းစားတာ ဒွန်ညာ။ ဘာပြုလို့ လူတွေက ဒါကို ပြစ်မှု၊ ပြစ်မှုလို့ ဝိုင်းပြောနေကြတာလဲ။ ခုမှ သေသေချာချာ မြင်လာတာ။ ငါ သူ့ရဲ့ဘော

ကြောင်ခဲ့တာပဲ။ ခု ငါ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်လာတယ်၊ အထင်သေးလာတယ်။ ဟို... ပေါ်ဇီရီ ဆိုတဲ့ လူကြောင့်လည်း ဖြစ်ချင် ဖြစ်မှာပေါ့လေ”

“အစ်ကို...ရော့ဒ်ယာ၊ အစ်ကို ဘယ်လို ပြောလိုက်တာလဲ ဟင်။

အစ်ကို့ကြောင့် သွေးချောင်းစီးခဲ့တယ်လေ”

ဒွန်ညာ စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ဒေါသဖြင့် တုံ့ပြန်သည်။

“သွေးချောင်းစီးတာ ဘာဖြစ်လဲ။ တခြားလူတွေလည်း သွေးချောင်းစီးအောင် လုပ်ခဲ့ကြတာပဲ။ သွေးပင်လယ် ဝေခဲ့ကြတယ်ပဲ။ အဲဒီလို လူတွေကို လူမျိုးနွယ်ရဲ့ ကယ်တင်ရှင်၊ တိုင်းပြည်ရဲ့ သူရဲကောင်း ဆိုပြီး **ကက်ပီတော်လိုင်း**70 မှာ သရဖူဆောင်းပေးခဲ့ကြတာပဲ။

သမိုင်းကို ပြန်ဖတ်လေ။ ကွင်းကွင်းကွက်ကွက် ပေါ်လာလိမ့်မယ်။ ငါလည်း လူအများစု ကောင်းဖို့ လုပ်ချင်တဲ့ဆန္ဒ ရှိတယ်။ ကောင်ကျိုးအထွေထွေ ကုဋေကဋာ လုပ်ချင်တာပေါ့။ ခုလို မလောက်လေး၊ မလောက်စား တခုတည်းကို မိုက်မိုက်မဲမဲ လုပ်ချင်တာ မဟုတ်ဘူး။ အဲ..... နေဦး၊ မိုက်မိုက်မဲမဲ လုပ်တာတော့ မဟုတ်ဘူး။ အားလုံးအတွက်ကောင်းအောင်လုပ်ပြီး မအောင် မြင်တာ။ ငါ ညံ့လို့၊ အသုံးမကျလို့ပေါ့လေ။ ငါ အောင်မြင်ရင် ငါ သရဖူဆောင်းခံရ မှာပေါ့။ ခုတော့ ငါ ထောင်ချောက်ထဲ ဝင်ရတော့မယ်ပေါ့”

“အစ်ကို၊ ဩော်... ရော့ဒ်ယာရယ်၊ ဘာတွေ လျှောက်ပြောနေတာလဲဟင်၊ အဲဒီလို မဟုတ်ပါဘူး”

“ဒီကိစ္စမျိုးဟာ ပန်းချီကားလေးလိုတော့ မလှဘူး။ အလှဗေဒနဲ့ ရှာလို့တော့ ရမှာ မဟုတ်ဘူး။ မြို့တွေကို ဝိုင်း၊ ပိတ်ဆို့ တိုက်ခိုက်၊ သွေးတွေ ချောင်းဖြစ်။ အဲဒီလို လူတွေကို ဘာပြုလို့ ဂုဏ်ပြုနေကြတာလဲ ဆိုတာ အစ်ကို နားမလည်လှဘူး။ အလှတရားကို ကြောက် တာဟာ အင်အားချည့်နဲ့မှု သင်္ကေတပဲ။ ခုအချိန်ဟာ အရာတိုင်းကို အမြင်အကြည်လင်ဆုံးနဲ့ အစ်ကို ကြည့်နိုင်တဲ့ အချိန်ပဲ။ အစ်ကို ကျူးလွန်ခဲ့တဲ့ အမှုကို ဟိုတုန်းက နားမလည်ခဲ့ဘူးလေ”

လူရိပ် မပေါ်တော့သော သူ့မျက်နှာပေါ်တွင် သွေးရောင်လေး လွှမ်းလာသည်။ မောင်နှမ နှစ်ယောက် အကြည့်ချင်း ဆုံကြသည်။ အမေနှင့် ညီမ။ မိန်းမသားနှစ်ယောက်ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိသည့် အဖြစ်ကို ရပ်စ်ကိုလ်နီကော့ဗ် တွေးနေသည်။ တရားခံမှာ မိမိတဦးသာပါကလား။

"ဒွန်ညာ… ညီမလေး၊ အစ်ကို့မှာ အပြစ်ရှိတယ် ဆိုရင် ခွင့်လွှတ်ပါကွာ… နော်။ ကိုယ့်ဟာကိုယ်တော့ ခွင့်မလွှတ်နိုင်တော့ဘူး။ တို့ ဆက်မငြင်းကြစို့နဲ့ကွာ။ အချိန်ကျပြီ၊ သွားတော့မယ်နော်။ ငါ့နောက် လိုက်မလာနဲ့နော်။ တောင်းပန်ပါတယ်ကွာ။ ဝင်စရာတွေ ရှိနေလို့ပါ။ ကဲ … နင် ပြန်တော့။ မေမေ့အနားမှာ နေ၊ အဲဒါ နောက်ဆုံးနဲ့ အရေးကြီးဆုံး။ အစ်ကို တောင်းပန်တာပါ။ နောက် မေမေ့ကို တယောက်တည်း ထား ဘားမသွားနဲ့တော့နော်။ ငါ သူ့ကို စိတ်ညစ်စရာတွေ ပြောပြီး ထားခဲ့မိတယ်။ အင်း… အမေလည်း ငါ့စိတ်နဲ့ ရူးသွား မလား၊ သေမလားပဲ။ ရာဇူမီခင် နင်တို့ကို စောင့်ရှောက်မှာပါ။ ငါ သူ့ကို ပြောပြီးပြီ။ မငိုပါနဲ့ ဒွန်ညာရယ်။ ငါဟာ လူသတ်သမားတယောက် ဖြစ်ပေမယ့် ငါ့ညီမနဲ့ အမေ အပေါ်မှာ သစ္စာရှိပါတယ်၊ ရိုးသားပါတယ်။ နောက် ဘယ်တော့မှ နင်တို့ မျက်နှာ အောက်ချ မနေစေရ ပါဘူး။ မငိုနဲ့တော့နော်။ တသက်လုံး ခွဲနေရမှာမှ မဟုတ်တာပဲ။ ဪ… နေဦး၊ မေ့နေ…"

စားပွဲဆီ လျှောက်သွားပြီး ဖုန်တွေ တက်နေသည့် စာအုပ်ထူကြီးတအုပ် ယူလာသည်။ စာအုပ်ကြားထဲမှ ရေဆေး ပုံတူကားကလေး တချပ် ထုတ်ယူလိုက်သည်။ အိမ်ရှင် အမျိုးသမီး၏ သွားလေသူ သမီးကလေးပုံ။ တချိန်က သူ့ရည်စားဟောင်း။ ဖျားပြီး ဆုံးသွား သည့် ထူးထူးဆန်းဆန်း မိန်းကလေး။ စစ္စတာကျောင်း တက်ပြီး ဝတ်ကြောင်ကို စွန့်ချင်သည့် မိန်းကလေး။ မျက်နှာကလေးက ဖြူဖပ်ဖြူရော်။ ပန်းချီကားကလေးကို နမ်းလိုက်ပြီး ညီမလုပ်သူဆီသို့ ကမ်းပေးလိုက်သည်။

"သူနဲ့ အစ်ကို စကားတွေ အများကြီး ပြောဖြစ်ကြတာပေါ့။ ဟိုကိစ္စလည်း ပြော ဖြစ်တယ်။ သူနဲ့ကလွဲပြီး ဘယ်သူနဲ့မှ မပြောဖြစ်ပါဘူး။ နောင်မှာ တကယ်ဖြစ်လာတဲ့ ကိစ္စ တွေ သူနဲ့ တိတ်တိတ် ပြောဖြစ်ကြတာလေ။ စိတ်မပူနဲ့ ဒွန်ညာ။ သူ လုံးဝ သဘောမတူပါဘူး။ ညီမလိုပါပဲ။ သူ မရှိတော့တာ တမျိုးကောင်းသွားတာပေါ့လေ။ ခုတော့ အဓိကက၊ အရေးကြီးတာက အရာအားလုံးဟာ တမျိုးပြောင်းသွားပြီ။ နှစ်ပိုင်း ကွဲသွားလိမ့်မယ်"

ပြောနေရင်း သူ စိတ်ဓာတ်ကျနေပုံ ပေါ်လာပြန်သည်။

"အကုန်လုံးကို ပြောတာ။ အဲဒီအတွက် ငါ့ဘက်က အသင့်ပဲ။ ငါကိုယ်တိုင် အဲဒီ အတိုင်း ဖြစ်ချင်လို့လား။ သူတို့ ငါ့ကို ပြစ်ဒဏ်ကျခံစေချင်ကြတယ်။ ဘာပြုလို့ အဓိပ္ပာယ် မရှိ အဲဒီဝေဒနာကို ခံစားရမှာလဲ။ နှစ်နှစ်ဆယ် အလုပ်ကြမ်းနဲ့ ထောင်နန်းစံပြီး ပြန်ထွက် လာတော့ ငါ ဘာဖြစ်နေမလဲ။ ချည့်ချည့်နဲ့နဲ့ အဘိုးကြီးဘဝ ရောက်နေပြီပေါ့။ အဲဒီဘဝကို အရောက်ခံမလား၊ ငါဟာ အလကားကောင်ပါကွာ။ ဒီမနက် အာရုဏ်တက်မှာ နီဗားမြစ်ရေ ကို ငုံ့ကြည့်နေရင်း ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်လာတယ်။ အထင်သေးလာတယ်"

မောင်နှမနှစ်ယောက် အခန်းထဲမှ ထွက်လာခဲ့ကြသည်။ ဒွန်ညာ့အနေဖြင့် ဘာ ဆက်ပြောရမှန်း မသိအောင် အကျပ်တွေ့နေသည်။ သို့သော် အစ်ကို့ကိုတော့ ချစ်လျက်ပါ။ လမ်းထိပ်ရောက်တော့ လမ်းခွဲလိုက်ကြသည်။ ခြေလှမ်းငါးဆယ်လောက် လျှောက်ပြီး ဒွန်ညာ လှည့်ကြည့်သည်။ သူ့ကို မြင်နေရဆဲ။ လမ်းချိုးတခုထဲ ချိုးကွေ့ခါနီးတော့ ရပ်စ်ကိုလ်နီ ကော့ဗ်ကလည်း နောက်ပြန်ကြည့်သည်။ နှစ်ယောက်သား နောက်ဆုံး မျက်လုံးချင်းဆုံလိုက်သည့် တဒင်္ဂ။ သွားတော့ ဟူသည့် အမူအရာဖြင့် လက်ဝှေ့ပြပြီး ရပ်စ်ကိုလ်နီကော့ဗ် ချိုးကွေ့ လိုက်သည်။

အင်း... ငါ တော်တော် မကောင်းပါလားဟု တွေးလိုက်မိသည်။ ဒွန်ညာ့ကို ဒီလို လုပ်ခဲ့မိသည့်အတွက် ယူကျုံးမရ ဖြစ်နေ၏။

ငါ ဒါလောက် မိုက်မဲနေပါလျက် သူတို့ ဘာလို့ ငါ့ကို တွယ်တာနေကြပါလိမ့်။ ဘယ်သူမှ ငါ့ကို မချစ်ကြရင် ကောင်းမှာ။ ဒါဆို ငါကလည်း ဘယ်သူ့ကိုမှ ပြန်ချစ်စရာ မလို တော့ဘူးပေါ့။ ဒါလည်း မဖြစ်နိုင်တဲ့ ကိစ္စပါလေ။

နောင်နှစ်ပေါင်း ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ် ကြာပြီးနောက်မှ ငါလူတောတိုးနိုင်ပါဦး မည်လား။ ကိုယ့်ကိုယ်ကိုယ် လူသတ်သမား၊ ခားပြ၊ လူဆိုး ဆိုသည့် အသံက အမြဲခြောက်လှန့် နေတော့မှာ မဟုတ်လား။ ဟုတ်တယ်။ အဲဒီလိုဖြစ်အောင် သူတို့ ငါ့ကို ဆိုက်ဗေးရီးယား ပို့ကြမှာ။ ဟုတ်တယ်၊ သူတို့ လိုချင်တာ ဒါပဲ။ လူတွေကို ကြည့်ပါလား။ လမ်းပေါ်မှာ အစုန် အဆန် သွားလာနေကြတဲ့ လူတွေ။ သူတို့အထဲမှာ လူဆိုးသူခိုးတွေ မပါနိုင်ဘူးလား။ ငါထောင်က ထွက်လာလည်း သူတို့ ငါ့ကို တရားမျှတမှုဘက်က ရပ်ပြီး ဒေါသဖြစ်နေကြဦးမှာပဲ။ မုန်းတယ်၊ မုန်းတယ်။ အားလုံးကို မုန်းတယ်။

သူ ဆက်စဉ်းစားသည်။ နှစ်ပေါင်းနှစ်ဆယ်ကာလဟာ လူတယောက်ရဲ့ဘဝကို လုံးဝ ဖျက်ဆီးပစ်နိုင်တဲ့ကာလပဲ။ ကျောက်တုံး ကျောက်ခဲတွေကို ရေတိုက်စားသလိုပေါ့။ ဒါဆို နှစ်နှစ်ဆယ်ရဲ့ ဟိုမှာဘက် ကာလဟာ ဘာတန်ဖိုးရှိ တော့မှာလဲ။ ဒါကို သိသိကြီးနဲ့ ဘာလို့ သူတို့ဆီသွားမှာလဲ။ မနေ့ညကတည်းက အကြိမ်ပေါင်း ရာနှင့်ချီပြီး သူ့ကိုယ်သူ မေးနေသည့် မေးခွန်း။ သို့သော် သူ ဆက်သွားနေလေသည်။

※※※

(၈)

ဆွန်ညာ့အခန်းကို သူ ရောက်တော့ မှောင်ရီပျိုးနေပြီ။ သူ့ကို စိုးတထိတ်ထိတ်နှင့် ဆွန်ညာ လာနိုးငယ်မျှော်နေသည်မှာ တနေ့လုံးလိုလိုပင်။ မနက်ပိုင်းတွင် ဒွန်ညာနှင့်အတူ အမျှော် ဆိုက်ခြင်းဖြစ်သည်။ ဆွန်ညာသိပြီးသား အဖြစ်အပျက်ကို ဒွန်ညာက ဆဗီဒရီဂေးလော့ဗ်ဆီမှ သိရခြင်းဖြစ်သည်။ မိန်းကလေးနှစ်ယောက် ဖက်ငိုပြီးရင်ကွဲနာကျကြသည့် အကြောင်းတွေ၊ သူတို့ပြောသည့် အသေးစိတ်တွေ ကိုတော့ ကျွန်ုပ်တို့ ပြန်လည်ဖောက်သည်ချခြင်း၊ ဆွေးနွေး ခြင်း မပြုတော့ပါ။ ပြီးတော့ သူတို့နှစ်ယောက် ဘာကြောင့် အချိန်တိုအတွင်း သည်မျှ ရင်းနှီး သွားကြခြင်း အကြောင်းကိုလည်း အသေးစိတ် ပြန်မပြောတော့ပါ။

နှစ်ယောက်သား တွေ့ဆုံပွဲအပြီးတွင် ဒွန်ညာ့ရင်ထဲ ပေါ်သွားသည့်အချက်မှာ သူ့အစ်ကို တွင် တယောက်တည်း မဟုတ်ဘဲ တိုင်ပင်ပေါ် တိုင်ပင်ဖက် ရှိနေခြင်းကြောင့် ဖြစ်သည်။ ယင်းမှာ ဆွန်ညာဆိုသော မိန်းကလေးပင်။ အစ်ကိုလုပ်သူက ပထမဆုံး ဖြောင့်ချက်ပေးခဲ့သူမှာ ဆွန်ညာ။ အစ်ကိုသည် လူသားဆန်သည့် နှလုံးသားစစ်စစ်ကို ရှာဖွေခဲ့သည်။ ဆွန်ညာ ဆိုသော မိန်းကလေးမှာ သွားတွေ့သည်။ သူ ဘယ်သွားသွား၊ သူ့ကို ဘယ်ပို့ပို့ ခြေဖဝါး ထက်ကြပ် မကွာ လိုက်မည့် မိန်းကလေး။ သူ့ကို ရပ်စ်ကိုလ်နီကော့ဗ်က ခေါ်ခြင်း မဟုတ်။ အသိပေး ခြင်း မဟုတ်။ သူ့အသိဖြင့် သူ ပြင်ဆင်နေခြင်း ဖြစ်သည်။ ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

ဒွန်ညာ ဒီနေ့အကြောင်း ပြန်စဉ်းစားသည်။ ဆွန်ညာ့ကို ကြည့်ပြီး ခင်မင်ရုံမက လေးစားလာမိသည်။ သူ့ကို ခင်မင်လေးစားစွာ လက်ခံတွေ့ဆုံသည့်အတွက် ဆွန်ညာ တယောက် အနေရ အထိုင်ရ ကျပ်နေသည်။

ဆွန်ညာ မျက်ရည်တွေ လည်လာသည်။ သူ့ဘဝက ဒွန်ညာ့ကို မော့ကြည့်ရဲသည့် ဘဝမျိုး မဟုတ်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အခန်းတွင် စတွေ့စဉ်က သူ့ကို ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည့် အချိန်မှ စ၍ ဒွန်ညာ၏ လှပရုံမက မိန်းမကျက်သရေအပြည့် ပုံရိပ်သည် ဆွန်ညာ့အာရုံတွင် စွဲလမ်းနေတော့သည်။ ဆွန်ညာ့မျက်စိထဲတွင် ဒွန်ညာသည် အလှဆုံး၊ အချောဆုံး၊ ပြီးပြည့်စုံသည့် အလှမျိုး။

နောက်ဆုံး ဆွန်ညာ့အခန်းတွင် ထိုင်ပြီး အစ်ကို့အား စောင့်ရသည့် အဖြစ်ကို ဒွန်ညာ သည်းမခံနိုင်တော့။ ဤသို့ဖြင့် ဆွန်ညာ့ကို ထားခဲ့ကာ ရပ်စ်ကိုလ်နီကော့ဗ်အခန်းတွင် လာစောင့်နေခြင်း ဖြစ်သည်။

တယောက်တည်း ကျန်နေသည့်အခါ ဆွန်ညာ စဉ်းစားသည်။ တွေးကြောက်လာသည် သူ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရင် ဘယ့်နှယ်လုပ်မလဲ။ ဒွန်ညာကလည်း အလားတူ စိုးရိမ်နေ၏။ နှစ်ယောက်သား ဖြစ်နိုင်ခြေရှိမရှိငြင်းကြခုံကြ၏။ နောက်ဆုံးတွင်မှ နှစ်ဦးစလုံး သက်ပြင်းချကာ မဖြစ်နိုင်ကြောင်းဘက်ကို အနိုင်ပေးလိုက်ကြသည်။ နှစ်ယောက် ခွဲလိုက်ပြီ ဆိုကတည်းက သူတို့အာရုံကို လွှမ်းခြုံနေသည်က ဆိုက်ဖေးရီးယား။ ဆဗီဒရီဂေးလော့ဗ် မနေ့က သူ့ကိုပြောတာတွေ ဆွန်ညာ ပြန်တွေးနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်မှာ ရွေးစရာ နှစ်လမ်းပဲ ရှိတယ်တဲ့။ ဆိုက်ဖေးရီးယား သွားမလား၊ မဟုတ်ရင်...။ ဆွန်ညာ သဘော ပေါက်သည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ မာန၊ သူ့ကိုယ်သူ အထင်ကြီးလွန်းခြင်း၊ တယူသန်ခြင်း များနှင့် ဘုရားသခင်ကို မယုံကြည်ခြင်း။ စသည် စသည်။

ဆွန်ညာ ဆက်စဉ်းစားသည်။

သူ သေရမှာ ကြောက်နေသလား၊ သူ အဲဒီလောက် အသည်းငယ်သလား။

တွေးရင်း တွေးရင်း နေဝင်သွားသည်။ ပြတင်းပေါက်တွင် ရပ်ပြီး အပြင်သို့ငေးကြည့် နေသည်။ ဆွေးမြည့်စွာ။ စိတ်ပျက် ရင်နင့်စွာ။ မြင်နေရသည့် မြင်ကွင်းက ဆေးမသုတ်ဘဲ ပစ်ထားသည့် တိုက်နံရံတွေ။

ဆွန်ညာ သံသယ ဖြစ်လာပြန်သည်။ ခုအချိန်လောက်ဆို လူ့ပြည်မှာ ရှိသေးရဲ့လား။ ထိုအချိန်တွင် သူ အခန်းထဲဝင်လာခြင်း ဖြစ်သည်။

ဝမ်းသာလုံး ဆို့ပြီး ဆွန်ညာ အော်လိုက်သည်။ သူ့မျက်နှာကို တွေ့လိုက်တော့မှ လန့်သွားသည်။ ဆွန်ညာ့မျက်နှာကလေး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ရပ်စ်ကိုလ်နီကော့ဗ်က ပြုံးပြီး-

"ကဲ... အစ်ကို့ လက်ဝါးကပ်တိုင် ယူဖို့ လာတာလေ။ ဟင်... မင်းပဲ လမ်းဆုံမှာ သွားပြီး... ဘာလို့ ခုမှ မျက်နှာပျက်နေတာလဲ ဆွန်ညာ"

ဆွန်ညာ သူ့ကို အထိတ်တလန့် ကြည့်နေသည်။ သည်လိုလေသံမျိုးဖြင့် သူ တခါမှ မပြောဖူးပါဘူး။ တကိုယ်လုံး အေးစက်သွားသည် ထင်လိုက်၏။ ခဏနေမှ သူ့လေသံနှင့် စကားလုံးများကို သဘောပေါက်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို တည့်တည့် မကြည့်ဘဲ ပြောလိုက်ခြင်း ဖြစ်သည်။

"သိလား ဆွန်ညာ၊ အဲဒီနည်းဟာ အကောင်းဆုံး ဖြစ်မယ် ထင်တယ်။ သေချာတာ ကတော့... အေးလေ၊ ပြောရမှာက အရှည်ကြီးရယ်။ ပြောနေလည်း

မထူးတော့ပါဘူး။ ဘာကို အစ်ကို ခံပြင်းနေတယ် ဆိုတာ မင်း သိပါတယ် ဆွန်ညာ။ သူတို့ မျက်နှာတွေ၊ မေးခွန်းပေါင်း များစွာနဲ့ အစ်ကို့ကို စိတ်အနှောင့်အယှက် ပေးနေတဲ့ ရဲတွေ။ ဒါပေမဲ့ အဲဒီ မေးခွန်းတွေကို ကိုယ် ဖြေရမှာ။ ဒါပေမဲ့ ပေါ်ဖီရီ ဆီကိုတော့ မသွားဘူး။ သူ့ကို စိတ်ကုန်နေပြီ။ ကိုယ့်အသိဗိုလ်ယမ်းဘီလူးဆီပဲ သွားမယ်။ သူတော့ အရမ်းအံ့ဩသွားမှာပဲ။ စိတ်လိုက်မာန်ပါ မလုပ် ဘူး။ ခေါင်းအေးအေးထားမယ်။ ခုတလော ကိုယ် သိပ်စိတ်လှုပ်ရှား လွယ်နေတယ်။ မင်းကို ပြောရင် ယုံမလား။ ခုတင်ကပဲ ဒွန်ညာ့ကို စိတ်တိုခဲ့သေးတယ်။ ဘာပြုလို့လဲ သိလား။ သူက ကိုယ့်ကို နောက်ဆုံးအနေနဲ့ ကြည့်သွားလို့လေ။ ပြောရရင်တော့ ဒါဟာ ရက်စက်မှု တမျိုးပဲ။ အဲ... နေပါဦး။ ကိုယ် ဘာလို့ ဒီကို ရောက်လာတာလဲ။ သြော်... လက်ဝါးကပ်တိုင် ပေးလေ”

သူ့ကြည့်ရသည်မှာ ခါတိုင်းနှင့် လုံးဝမတူ။ ဂနာမငြိမ် ဖြစ်နေ၏။ ဆောက်တည်ရာ မရ ဖြစ်နေပုံမျိုး။ လက်တွေ မသိမသာ တုန်နေသည်။ ပြောသည့် စကားတွေက တောရောက် တောင်ရောက်။ မတည်မငြိမ်။

ဆွန်ညာက စားပွဲထဲမှ လက်ဝါးကပ်တိုင်ကလေးနှစ်ခု ထုတ်ယူလိုက်သည်။ တခုက ထင်းရှူးသား။ တခုက ကြေး။ သူ့ကိုယ်သူရော၊ ရပ်စ်ကိုလ်နီကော့ဗ်ကိုပါ လက်ဝါး ကပ်တိုင်သင်္ကေတ် တို့ထိ၍ ဆုတောင်းပေးသည်။ ပြီးမှ ထင်းရှူးသား လက်ဝါးကပ်တိုင် ပါသည့် ဆွဲကြိုးကလေးကို ဆွဲပေးလိုက်သည်။

“အေး... ဟုတ်ပြီ။ လက်ဝါးကပ်တိုင် ဆွဲတဲ့ အထိမ်းအမှတ်ပေါ့။ ဟင်း... ဟင်း၊ ထင်းရှူးသားက သာမန်လူတွေအတွက်၊ အစ်ကို့အတွက်။ ကြေးက မင်း သိမ်းထားမယ်ပေါ့၊ လီဇာဗီတာ့ဥစ္စာ ဟုတ်လား။ အင်း... ပြစမ်းပါဦး၊ ဒါလေး သူ ဆွဲထားတာပေါ့။ ငွေလက်ဝါး ကပ်တိုင်ကလေးနဲ့ ရုပ်ပွားတော်ကလေး တခုလည်း တွေ့တယ်။ သူ့ရင်ဘတ်ပေါ်မှာ ပစ်ချ ထားခဲ့လိုက်တယ်။ အမှန်က ယူလာပြီး ခုအချိန်မှာ ဆွဲထားဖို့ကောင်းတာ။ ဒါမှ ပိုသဘာဝ ကျမှာပေါ့။ အဲဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ဘာပါလိမ့်။ ဘာလို့ ကယောင် ချောက်ချား ဖြစ်နေလဲ မသိပါဘူး။ သြော် ... မင်းကို သတိပေးဖို့ လာခဲ့တာ။ မင်း သိမှာပါ။ အဲလေ... ဒါပါပဲ။ အဲဒီကိစ္စ အရေးတကြီးပြောဖို့ လာတာလေ။ အင်း... ပြောစရာတွေ တပုံ ကြီးပါလား။ ထားပါလေ။ အင်း... အစ်ကို့ကို သွားစေချင်တယ် မဟုတ်လား။ ထောင်ထဲကို လေ။ စိတ်ချ။ အဲဒီအတိုင်း ဖြစ်စေရမယ်။ ဟင်... ဘာပြုလို့ ငိုရတာလဲ။ မင်းလည်း အတူတူ ပါပဲလား။ တော်ပါတော့ကွာ။ အစ်ကို မခံနိုင်ဘူး သိလား”

သူ ရင်ထဲ နင့်သွားသည်။ ကလေးမကို ကြည့်ပြီး တွေးလိုက်မိပြန်သည်။ သူက ကော ဘာလို့ ငိုတာပါလိမ့်။ သူနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ။ ဘာကြောင့် သူ ငါ့ကို ဒါလောက် ဂရုစိုက်နေတာလဲ။ အမေလို၊ ညီမလို သူ ငါ့ကို တွယ်တာနေတာပဲ။ သူနာပြုတယောက်လို ငါ့ကို ဂရုစိုက်တဲ့ ကောင်မလေး။

ဆွန်ညာ မရှုံ့မရဲ ပြောရှာသည်။

"အစ်ကို၊ အမြဲတမ်း ဘုရားသခင်ထံ ဆုတောင်းနော်"

"အေးပါကွာ။ မင်း စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်။ အမြဲတမ်း ဘုရားသခင်ထံ ဆုတောင်းပါ့မယ်။ တကယ်ပြောတာပါ ဆွန်ညာ"

သို့သော် သူ ပြောချင်သည်မှာ တခြား ဖြစ်သည်။

သူ့ကိုယ်သူ လက်ဝါးကပ်တိုင်သဏ္ဍာန်၊ ထိခြင်း စုံညီစွာဖြင့် အကြိမ်ကြိမ် လုပ်နေသည် ဆွန်ညာက ဖလန်နယ် တဘက်ကလေးကို ခေါင်းပေါ်တင်လိုက်သည်။ အစိမ်းရောင် တဘက်ကလေး။ ရပ်စ်ကိုလ်နီကော့ဗ် လန့်သွားသည်။ ဟင်... သူက အတူလိုက်ဖို့ ဟန်ပြင် နေတာပါလား။

"အဲဒါ ဘာလုပ်တာလဲ။ ဟင့်အင်း ... မင်း မလိုက်ရဘူး။ ကိုယ်တယောက်တည်း သွားမှာ"

သူက စိတ်ဆိုးမာန်ဆိုး ပြောပြီး တံခါးဝသို့ ထသွားသည်။

"ဘာလို့ နောက်က တကောက်ကောက် လျှောက်လိုက်နေမှာလဲ။ ကိစ္စရှိလို့ သွား မယ့်ဟာကို"

နှုတ်မဆက်တော့ဘဲ ထွက်လာခဲ့၏။ ချက်ချင်း သူ့ကို မေ့သွားသည်။ သူ့အာရုံ တွင် ကြီးစိုးလာသည်က ဝေခွဲမရ သံသယစိတ်။ ဖြစ်နိုင်ပါ့မလား။ အဓိပ္ပာယ်ရှိပါ့မလား။ လေ့ကားထစ်တွေကို နင်းဆင်းလာရင်း သူ စဉ်းစားလာသည်။ မသွားဘဲ နေလို့ကော ဖြစ်နိုင်မလား။ ခုအချိန်ကျမှ အစီအစဉ် ပြောင်းမလား။

သို့သော် သူ ဆက်လျှောက်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးခွန်းတွေ ထုတ်မနေဖို့ သတိပေးလိုက်သည်။ လမ်းတဝက်ရောက်မှ ဆွန်ညာ့ကို နှုတ်မဆက်ဘဲ ထွက် လာခဲ့ကြောင်း သတိရသည်။ အစိမ်းရောင်တဘက်ကလေးခြုံပြီး အခန်းလယ်တွင် ရပ်ကျန် ခဲ့သော သူ့ ရုပ်ပုံလွှာကလေးကို သတိရနေ၏။ သူအော်လိုက်ပြီးနောက် တုတ်တုတ်မျှ မလှုပ်ရဲ သည့် ပုံမျိုး။

သူ ခဏ ရပ်လိုက်သည်။ အတွေးတခု ခေါင်းထဲတွင် လျှပ်စီးလက်သွားသည်။ ဟင့်အင်း၊ မဖြစ်သေးပါဘူး။ ဘာလို့ သူ့ဆီ ပြန်သွားရမှာလဲ။ အလုပ်ကိစ္စနဲ့ သွားမှာလို့ ပြောခဲ့ပြီးပြီပဲ။ အင်း... ဘာကိစ္စပါလိမ့်။ ဘာကိစ္စမှ မရှိပါဘူး။ ဟိုကို သွားမယ့်အကြောင်း သူ့ကို ပြန်ပြောရ မှာလား။ သူ့ကို ငါ ချစ်နေတာလား။ မဟုတ်ပါဘူး။ ခုပဲ သူ့ကို ဝေါက်ငမ်း ထားခဲ့တာပဲ။ လက်ဝါးကပ်တိုင် တကယ်လိုချင်လို့ သွားတာလား။ သူ ငိုတာ ကြည့်ချင်လို့

သွားတာလား။ သူ အထိတ်တလန့် ဖြစ်သွားတာကို ကြည့်ချင်လို့လား။ အလွန်အမင်း စိတ် ဆင်းရဲနေပုံကို မြင်ချင်လို့လား။ သက်သက် အချိန်ဆွဲချင်လို့ သွားတာဖြစ်မယ်။ ခင်မင်သူ တယောက်ရဲ့ မျက်နှာကို မြင်ချင်လို့ သွားတာလည်း ဖြစ်နိုင်တယ်။ တော်တော် အသုံးမကျ တဲ့ ငါပါလား။

တူးမြောင်းနံဘေး လမ်းအတိုင်း သူ ဆက်လျှောက်နေသည်။ သိပ်မဝေးတော့။ ရောက်လုပြီ။ တံတားထိပ်ရောက်တော့ တုံ့ခနဲ ရပ်လိုက်၏။ ပြီးမှ လမ်းတဖက်သို့ ဖြတ် ကူးကာ ဈေးဘက်သို့ ဆက်လျှောက်သည်။

လမ်းဘေးဝဲယာကို ကျီးကန်းတောင်းမှောက် ကြည့်သွားသည်။ သို့သော် ဘယ် အရာကိုမှ အာရုံစိုက်၍ မရ။ မြင်မြင်သမျှတို့ ခေါင်းထဲမဝင်။ အာရုံတွင်ထင်နေသည်က အချုပ်ကားကြီး။ တပတ် သို့မဟုတ် တလအတွင်း ထောင်အချုပ်ကားကြီးဖြင့် သည်တံတား ကို ဖြတ်ရမည်။ သည်ကားထဲတွင် ငါပါလာမည်။ အပြင်ကို မြင်ရမည် မဟုတ်တော့။ တူးမြောင်းကို လှမ်းမမြင်နိုင်တော့။ ခု မြင်နေရသည့် ဆိုင်းဘုတ်တွေကိုလည်း ဖတ်လို့ရမည် မဟုတ် တော့။ အဲဒီအချိန်မှာ ဘာတွေ တွေးနေရမှာလဲ။ ကလေးတယောက်လို ဖြစ်နေမယ် ထင်ရဲ့။ ဘာပြုလို့ လူတွေ ဒါလောက် တိုးဝှေ့နေကြပါလိမ့်။ ဟိုလူဝဝကြီးက ဂျာမန်လူမျိုး ထင်တယ်။ ငါ့ကို တိုးဝှေ့သွားတဲ့ လူကြီး။ ဘယ်သူ့ကို တိုးတိုက်သွားတာ သူ သိရဲ့လား မသိ။ ဟိုမှာ မိန်းမတယောက် လမ်းဘေးမှာ ထိုင်တောင်းနေတယ်။ ရင်ခွင်ထဲတွင် ကလေးလေးနှင့်။ သူ့ဘဝထက် ငါက ကံကောင်းနေတယ်လို့များ ထင်နေသလား မသိ။ အိတ်ထဲ နောက်ဆုံး ကျန်သည့် ငါးကိုပက်ကို အမျိုးသမီးလက်ထဲ ထည့်ပေးလိုက်သည်။

"ဘုရားသခင် ရှင့်ကို စောင့်ရှောက်ပါစေရှင်"

သူတောင်းစား အမျိုးသမီးက ငိုသံနှင့် ဆုပေးသည်။ ဈေးထဲသို့ သူ ဝင်လာခဲ့သည်။ ကျက်သရေ မရှိ။ လုံးဝ ကျက်သရေ မရှိ။ သည်လူတွေထဲမှာ ရောက်နေတာကိုက ကျက်သရေ မဲ့နေသည်။ လောကကြီးထဲတွင် တယောက်တည်း နေရလျှင် ကောင်းလေစွ။ သို့သော် သည်လိုနေဖို့ တမိနစ်တောင် မရနိုင်ကြောင်း သိနေ၏။

အမူးသမားတယောက်က လှည့်ပတ်ကနေရင်း သူ့ကိုယ်သူ မထိန်းနိုင်ဘဲ လဲကျ သွားသည်။ လူတွေ ကျပ်သည်ထက် ကျပ်လာသည်။ သူ အတင်းတိုးပြီး အမူးသမားကို ခဏကြည့်သည်။ တချက် ရယ်ပြီး ဆက်ကြည့်နေသည်။ သို့သော် သူက ဘာမှ မမြင်တော့။ နောက်ဆုံးတွင် သူ လှည့်ထွက်ခဲ့သည်။ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း မသိ။ ပန်းခြံထဲ ရောက်လာတော့ သူ တောင့်ခနဲ ဖြစ်သွားသည်။ ခံစားမှုတခုက သူ့စိတ်ကိုရော၊ ခန္ဓာကိုယ် ကိုပါ ကိုင်လှုပ်လိုက်သည်။

ချက်ချင်း ဆွန်ညာ့ စကားလုံးတွေ ခေါင်းထဲ ဝင်လာသည်။

"လမ်းဆုံကို သွား၊ လူတွေကို ဦးညွတ်၊ မြေကြီးကို ငုံ့နမ်း၊ အစ်ကိုက ဒုစရိုက်မှု ပြုမှားမိခဲ့တာကိုး။ ပြီးတော့ တကမ္ဘာလုံး ကြားရလောက်အောင် အော်ပြော။ ကျွန်တော် ဟာ လူသတ်သမားပါလို့'

သူ့စကားလုံးတွေ နားထဲတွင် ပဲ့တင်လာတော့ ရပ်စ်ကိုလ်နီကော့ဗ် ကြက်သီးထ သွားသည်။ ပြီးတော့ မျှော်လင့်ချက်မဲ့ ဝေဒနာ။ တချိန်လုံး ခြောက်လှန့်နေသည့် စိုးရိမ် ထိတ်လန့်မှုများ စုပေါင်းကာ သူ့အပေါ်ကို ရောမခွန်အားဖြင့် ဖိစီးလာကြသည်။ ထိုအခါ ဘယ်တုန်းကမှ မခံစားဖူးသည့် ဝေဒနာတမျိုးသည် သူ့ကို မိုးကြိုးပစ်လိုက်သည့် အလား လောင်ကျွမ်းမတတ် ဖြစ်သွားလေတော့သည်။

တပြိုင်တည်းတွင် သူ့တကိုယ်လုံး နူးညံ့ပျော့ခွေကာ မျက်ရည်တွေ လည်လာသည် ထိုနေရာတွင်ပင် သူ လဲ့ချလိုက်သည်။ ပန်းခြံအလယ် တည့်တည့်တွင် ဖြစ်၏။ ပြီးမှ ဒူးထောက်ကာ မြေကြီးကို ဦးညွှတ်အလေးပြုသည်။ ပြီးတော့ ကုန်းနမ်းသည်။ စိတ်ထဲ ပျော်သွား၏။ လွတ်လပ် ပေါ့ပါးသွား၏။ ထရပ်လိုက်သည်။ ပြီးမှ ဒူးထောက်ကာ စောစော က အတိုင်း ဒုတိယအကြိမ် ထပ်လုပ်သည်။

"သူ မူးနေတယ် ထင်တယ်"

အနားမှ လူငယ်တယောက်က မှတ်ချက်ချသည်။ ဝိုင်းကြည့်နေသူများဆီမှ ရယ်သံတွေ ထွက်လာသည်။ ပြီးတော့ အလုပ်သမား တယောက်က ခပ်ထွေထွေနှင့် အမိပ္ပာယ် ဖွင့်သည်။

"ညီနောင်များ ခင်ဗျား။ ဒီသူငယ်က ဂျေရုဆလင်ကို သွားမလို့ပါ။ သူ့တိုင်းပြည်နဲ့ သူ့ကလေးတွေကို နှုတ်ဆက်နေတာ။ ကြည့်ပါလား။ တကမ္ဘာလုံးကို သူ ဦးညွှတ်နေတာ။ စိန့်ပီတာစဘတ် မြို့တော်ကြီးကိုရောပေါ့"

"သနားပါတယ်၊ ငယ်ငယ်လေး ရှိသေးတာပဲ"

တတိယ တယောက်၏ ဝေဖန်သံ။

"ကြည့်ရတာ လူကြီးလူကောင်းကလေးပဲ"

"ခုခေတ်ကတော့လူကြီးလူကောင်းနဲ့
ကြမ်းပိုးတေလေခွဲလို့မရတော့ပါဘူးကွာ"

စသည့် စသည့် ဝေဖန်သံတွေကြောင့် 'ကျွန်တော် လူသတ်သမားပါ" ဟု

ဖြောင့်ချက် ပေးမည့်ဆဲဆဲ ဖြစ်နေသည့် ရပ်စ်ကိုလ်နီကော့ဗ်တယောက် နောက်တွန့်သွားသည်။ ပြီးတော့ ကြက်သေ သေနေသည်။

နံဘေးမှ ဝေဖန်သံများကိုသူ နကမွတိခံယူပြီး ပန်းခြံထဲမှ ထွက်လာခဲ့သည်။ လမ်းပေါ် ရောက်သည်နှင့် ရဲစခန်းသို့ တန်းလျှောက်သွားသည်။ လမ်းတွင် ထုံးစံအတိုင်း လူတွေ အများကြီး။ အရိပ်တခုကို ဖျတ်ခနဲ လှမ်းမြင်လိုက်၏။ သူ မအံ့သြတော့။ သည်အတိုင်း ဖြစ်ရမည်ဟု ကြိုတွက်ပြီးသား။ ပန်းခြံထဲတွင် ဒုတိယအကြိမ် ပတ်ဝန်းကျင်ကို ဦးညွှတ် ကတည်းက လူအုပ်ထဲတွင် သူ့ကို ရိပ်ခနဲ လှမ်းမြင်လိုက်သည်။ ဆွန်ညာကလေး။ လူအုပ် ထဲတွင် ပုန်းလျှိုးကွယ်လျှိုး သူ ရောက်နေခြင်း ဖြစ်သည်။ မလှမ်းမကမ်းမှ သူ စောင့်ကြည့်နေမှာ သေချာပါသည်။

ရပ်စ်ကိုလ်နီကော့ဗ် ယုံလိုက်ပြီ။ သည်မိန်းကလေးကား သူနှင့်သာ ဆိုလျှင် ကမ္ဘာ့အပြင်ထိ လိုက်မည့် မိန်းကလေးပါကလား။ သူ့ကြမ္မာ ဘယ်လို ဖန်လာမည်လဲ။ သူ့အနားမှာ ရှိနေလိမ့်မည်ဟု စိတ်နှလုံး တုံးတုံးချထားလိုက်ပြီ။ ထိုအသိကြောင့် ရင်ထဲ တွင် ဗလောင်ဆူ သွား၏။ သို့သော် လောလောဆယ် ရောက်နေသည့် နေရာက ဘဝဆုံးမည့် နေရာ။ ဝင်းခြံကြီး တခုထဲသို့ ချိုးဝင်လိုက်သည်။ တတိယထပ်အထိ တက်ရမည်။ အင်း… ခုအထိတော့ မဆိုးသေးဘူးဟု ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်သည်။ တွေးကြည့်တော့ ဇာတ်သိမ်းခန်းကို ရုတ်တရက် မရောက်နိုင်သေးဟု မြင်လိုက်၏။ အချိန်တွေ အများကြီး ရှိသေးသည်။ ပြန်စဉ်းစားစရာတွေက အပုံအပင်။

သည်လှေကားကိုတက်ရပြန်ပြီ။ လှေကားထောင့်ချိုးတိုင်းမှာအမှိုက်သရိုက်တွေ၊ ကြက်ဥခွံတွေ။ ပြီးတော့ အခန်းတိုင်းမှ ထွက်နေသည့် မီးခိုးနံ့တွေ၊ ညှော်နံ့တွေ။ ဘာမှ မပြောင်းလဲသေး။ ဟိုတခေါက် ရောက်ပြီး သည်နေရာကို သူ နောက်ထပ်မရောက်တော့။

သူ့ခြေထောက်တွေ ထုံထိုင်းနေသည်။ သို့သော် လှေကားထစ်တွေကို ဆက်တက်နေ၏။ တနေရာတွင် နားပြီး အသက်ဝအောင်ရှူသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် မူမပျက်အောင် ထိန်း လိုက်သည်။ ရင်ကော့လိုက်သည်။ သို့သော် အတွေးက တမျိုးဖြစ်သွားပြန်သည်။ ငါ တခွက်လောက် ရဲဆေးတင်လာရ ကောင်းသား။ သွေးကြွနေမှ ပိုကောင်းမှာ မဟုတ်လား။ နေပါဦး။ ဘာအတွက် ငါ ဒီလိုလုပ်မှာလဲ။ တွေးရင်း ဗိုလ်ယမ်းဘီလူးပုံကို မြင်ယောင်လာသည်

သူ့ဆီသွားတာ အဓိပ္ပာယ်ရှိပါ့မလား။ တခြားတယောက်ဆီ သွားရင်ကော။ နီကိုဒင် ဖိုမစ်ချ်ဆီ သွားရင်ကော။ ဒါမှမဟုတ် ရဲမင်းကြီးဆီ တိုက်ရိုက်သွားရင်ကော၊ သူ့အိမ်ကိုလေ။ အိမ်မှာဆိုတော့ အေးအေးဆေးဆေး စကားပြောရတာပေါ့။ မဟုတ်သေးပါဘူး။ ဗိုလ်ယမ်း ဘီလူးဆီပဲ သွားလိုက်မယ်။ သောက်ချင်စိတ်ရှိရင်

သူ့ဆီမှာ သောက်လည်းရတာပဲ။

ချမ်းချမ်းစီးစီးနှင့် သူ့ကိုယ်သူ ဘာလုပ်နေမိမှန်း မသိဘဲ ရုံးခန်းတံခါးကို ဆွဲဖွင့် လိုက်သည်။ သည်တခါတော့ ရုံးခန်းထဲတွင် လူသိပ်မများ။ အစောင့်ရဲသားက သူ့ကို ဘာမှ တောင် မေးဖော်မရ။ နောက်အခန်းတခန်းထဲဝင်သွားသည်။ အတွေးတခု ဝင်လာပြန်သည်။ ခုအချိန်အထိ ငါ ပြန်လှည့်သွားလို့ ရသေးသည်။ ဘယ်သူ့မှမှ မပြောရသေးတာ။

အရပ်ဝတ် အရပ်စားနှင့် အရပ်သား စာရေးစာချီတွေ စားပွဲကိုယ်စီတွင် ရုံးအလုပ် တွေနှင့် ခေါင်းမဖော်နိုင်အောင် အလုပ်များနေကြသည်။ ထောင့်တထောင့်တွင် စာကူးစာရေး တယောက် သူ့ခုံတွင် ဝင်ထိုင်ဖို့ ပြင်နေသည်။ ဇာမယိုတော့ဗ်ကို မတွေ့ရ။ နီကိုဒင်ဖိုမစ်ချ် လည်း သူ့နေရာတွင် မရှိ။

စားပွဲမှ လူတယောက်ကို သူ မေးသည်။

“ဘယ်သူမှ မရှိကြဘူးလားဗျ”

“ဘယ်သူနဲ့ တွေ့ချင်တာတုံး”

ထိုစဉ် ကြားဖူးသည့် အသံတသံ ကြားလိုက်ရသည်။

“အခန်းထဲမှာ တိတ်လှချည်လားကွ။ ဒါပေမဲ့ ငါ့ နှာခေါင်းထဲမှာ အနံ့တခု ရနေတယ်။ ရင်းနှီးနေတဲ့ အနံ့မျိုး။ ဩော်… ကျွန်တော် ဘာလုပ်ပေးရမလဲ။ အမိန့်ရှိပါ ခင်ဗျာ။ နေဦး…မောင်ရင်…ဟို…ဟို”

ရပ်စ်ကိုလ်နီကော့ဗ် လန့်သွားသည်။ နောက်အခန်း တခန်းထဲမှ ထွက်လာသည့် ယမ်းဘီလူး။ အင်း … ကံကောင်းတာလား၊ ကံဆိုးတာလား မသိ။ သူ ဘာလို့ ဒီ ဘက်အခန်းကို ရောက်လာတာပါလိမ့်ဟု ရပ်စ်ကိုလ်နီကော့ဗ် တွေးနေသည်။

သူက-

“ဆိုစမ်းပါဦး၊ ဘာကိစ္စ။ ကိုယ် ဘာလုပ်ပေးရမလဲ”

အီလျာအီထရိုဗစ်ချ်က အားတက်သရော ပြောသည်။ သူ့ကြည့်ရတာ ပျော်သွားပုံ ရသည်။ စိတ်လှုပ်ရှားနေပုံလည်း ရ၏။

“အလုပ်ကိစ္စ ဆိုရင်တော့ မောင်ရင် စောလွန်းနေတယ်။ ဒါပေမဲ့ ရပါတယ်။ ဒါထက်… မောင်ရင့်… ဆောရီးနော်’’

“ရပ်စ်ကိုလ်နီကော့ဗ်ပါ”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ ရိုဒီယွန်… ရိုဒီယွန် ဟုတ်ပါတယ်နော်”

“ဟုတ်ပါတယ်”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ ရိုဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်၊ ဟုတ်တာပေါ့။ မောင်ရင့်ကိစ္စနဲ့ ကိုယ့်မှာ လိုက်လိုက်ရတာ။ အင်း… မောင်ရင်တော့ တော်တော် စိတ်ညစ်မှာပဲ။ ကိုယ်တို့ အလုပ်က ဒီလိုပဲလေ။ နောက်မှ ကိုယ်သိတာ။ မောင်ရင်က စာရေးဆရာကိုး။ ကိုယ်တို့ လင်မယား နှစ်ယောက်စလုံး စာပေမြတ်နိုးသူတွေပါ။ အနုပညာ ဝါသနာပါကြတယ်။ ဒီ အလုပ်က လူကြီးလူကောင်းတွေမှ လုပ်နိုင်တာ။ ပါရမီရှိဖို့ တော်ဖို့လည်း လိုတာပေါ့လေ။ ကိုယ်က မောင်ရင့်ဆီ လာပြီး တောင်းပန်ဖို့တောင် စိတ်ကူးနေတာ။ ဒါထက် ဆိုပါဦး၊ ကိုယ် ဘာလုပ်ပေးရမလဲ။ မိသားစုလည်း ရောက်နေတယ် ကြားတယ်၊ ဟုတ်လား”

“ဟုတ်တယ်၊ ကျွန်တော့် အမေနဲ့ ညီမပါ”

“မောင်ရင့်ညီမနဲ့ တွေ့ပြီးပြီ။ ဂုဏ်ယူပါတယ် ရိုဒီယွန်။ တကယ်ပြည့်ဝတဲ့ မိန်းကလေး ပဲ။ တကယ့်ကို ချစ်ဖို့ ကောင်းတာ။ မောင်ရင့်ကိစ္စမှာ ကိုယ် ပါခဲ့ရတာ စိတ်မကောင်းပါဘူး။ ကိုယ် ဝန်ခံပါတယ်။ ရုံးခန်းထဲမှာ မေ့သွားတဲ့ ကိစ္စ ရှင်းသွားပါပြီ။ စိတ်ဖိစီးမှုပေါ့။ မောင်ရင် ဘာကြောင့် ပေါက်ကွဲရတယ် ဆိုတာ ကိုယ် သဘောပေါက်ပါတယ်။ မိသားစု ရောက်လာပြီ ဆိုတော့ အခန်းပြောင်းရမှာပေါ့၊ ဟုတ်လား”

“မပြောင်းပါဘူး။ ကျွန်တော် လာတဲ့ ကိစ္စက… ဒါထက် ဇာမယိုတော့ဗ်နဲ့များ တွေ့မလားလို့”

“အင်း… ဟုတ်ပြီ။ မောင်ရင်တို့ အဖွဲ့တွေကို ကိုယ် ကြားပါတယ်။ ဒီမယ် ကိုယ့်လူ။ ဇာမယိုတော့ဗ် ကိုယ်တို့ဆီမှာ မရှိတော့ဘူး။ မောင်ရင် သူနဲ့ လွဲသွားပြီ။ ဟုတ်တယ်။ မနေ့ ကမှ သူ ပြောင်းသွားတာ။ သူ မပြောင်းခင် လူတိုင်းနဲ့ ရန်ဖြစ်တယ်ကွာ။ အရမ်း မိုက်ရိုင်းတဲ့ ကောင်လေးပဲ။ အင်းလေ၊ ဒီခေတ် တက်ကြွနေတဲ့ ပုံစံတွေပေါ့။ မိုက်ရူးရဲကလေးတွေပါ။ သူက စာမေးပွဲတခု ဝင်ဖြေချင်တယ်။ အဲဒါက ဘာမှ အဓိပ္ပာယ်မရှိဘူး။ သူ အလကား ၅ွီးနေတာ။ ထားပါတော့၊ သူနဲ့ မောင်ရင်နဲ့၊ ပြီးတော့ ရာဇုမီခင်တို့ရဲ့ ဦးတည်ချက်နဲ့ တခြားစီပါ သူက မောင်ရင့်သူငယ်ချင်းနော်။ မောင်ရင့် လုပ်ရပ်တွေက တကယ့် နတ္ထိကဝါဒီ သရုပ် မှန်တွေပဲ။ မောင်ရင်ဟာ ကိုယ့်ကိုယ်ကိုယ် ဘာသာရေးသမားလို့ ပြောချင် ပြောလိမ့်မယ်။ ဒါပေမဲ့ မောင်ရင်တို့ အသိုင်းအဝိုင်းတခုလုံးက ဘုရားသခင်မဲ့ လူတွေပဲ။ ဘာမှလည်း ဟုတ်တာ မဟုတ်ဘူး။ မောင်ရင်က သူတို့နဲ့ တခြားစီပါ။

ဥပမာ- မောင်ရင့် သူငယ်ချင်း ရာဇူမီခင် ဆိုပါတော့။ မောင်ရင်က တက္ကသိုလ်ကျောင်းသား၊ ခေတ်ပညာတတ်၊ ဘယ်လိုမှ မအောင်မြင်နိုင်စရာ အကြောင်း မရှိဘူး။ မောင်ရင်က တယူသန်ဆန်ပေမယ့်၊ ခေါင်းမာပေမယ့် သူတော်စင်လို ကိုယ်ကျင့်တရားနဲ့ သန့်ရှင်းတယ်။ မောင်ရင့်အတွက် စာအုပ်ရယ်၊ ကလောင်ရယ်၊ သုတေသနလုပ်ငန်းရယ်က လွဲပြီး ဘာမှ မလိုဘူး၊ ကိုယ်လည်း ဝါသနာပါ တာပါပဲ။ ဒါထက် **လစ်ဗင်းစတုန်း**71 ရဲ့ နေ့စဉ် ခရီးသွားမှတ်တမ်းများ ဖတ်ပြီးပြီလား”

“ဟင့်အင်း… မဖတ်ရသေးဘူးဗျ”

“ကိုယ် ဖတ်ပြီးပြီ။ ဒါထက် ဒီနေ့ ခေတ်စားနေတဲ့ နတ္ထိကဝါဒ နောက်ကို လူတွေ လိုက်နေကြတယ်။ ဘာကြောင့် ဆိုတာ ရှင်းပါတယ်။ အခြေအနေ ဘယ်လိုလဲ။ မောင်ရင့် အမြင် ပြောစမ်းပါ။ ကိုယ် သိချင်လွန်းလို့ပါ။ မောင်ရင်တော့ **နတ္ထိကဝါဒီ**72 မဟုတ်ပါဘူး နော်။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ’

“အင်း… မဟုတ်ပါဘူး”

“ကိုယ့်ကို ယုံပါ၊ ပွင့်ပွင့်လင်းလင်း ပြောပါ။ ကိုယ့် အလုပ်တာဝန်ကတော့ တမျိုး ပေါ့လေ။ ဒါပေမဲ့ ဘာမှ အားမနာနဲ့။ သူငယ်ချင်းလို့ပဲ သဘောထား။ မဟုတ်သေးဘူး။ သူငယ်ချင်းလိုတင် မဟုတ်ဘူး။ ကိုယ်က လူတွေကို လူဆန်ဆန် ခင်ချင်တာ။ ဘုရားသခင် ရဲ့ မေတ္တာမျိုးနဲ့ ချစ်ချင်တာ။ တာဝန်ကတော့ တာဝန်ပေါ့။ ဒါပေမဲ့ ကိုယ့်ပင်ကိုက သာမန် ပြည်သူတယောက်ပဲ။ မောင်ရင်က ဇာမယိုတော့ဗ်အကြောင်း မေးလို့ပြောရဦးမယ်။ သူက ရှမ်ပိန်တခွက်လောက် ဝင်သွားရင် ဖောက်လာရော။ ပြင်သစ်ဆန်သွားရော။ မောင်ရင့်လူ က အဲဒီလို လူစားမျိုးဗျ။ ကိုယ်က အားလုံးအပေါ်မှာ ကရုဏာထားတယ်။ ရာထူးရှိတယ်။ အိမ်ထောင်သည် တယောက်။ ကလေးအဖေတယောက်အနေနဲ့ တာဝန်ကျေတယ်။ သူက ဘာလဲ။ မောင်ရင်က ခေတ်ပညာတတ်၊ လူကြီးလူကောင်းတယောက်မို့ မေးတာပါ။ ပြီးတော့ ဝမ်းဆွဲတွေလည်း သိပ် ပေါလာတယ်"

ရပ်စ်ကိုလ်နီကော့ဗ် ဘာမှနားမလည်သလို သူ့ကို လှမ်းကြည့်နေသည်။ အီလျာ ပီထရိုဗစ်ချ်က ကရားရေလွှတ် ပြောနေရင်း စားပွဲမှ ထကာ သူ့ဆီ လျှောက်လာသည်။

“ဝမ်းဆွဲဆိုတာ ဆံတိုမကလေးတွေကို ကိုယ် ပေးထားတဲ့ နာမည်လေ” လေပေါ်နေသော အီလျာပီထရိုဗစ်ချ် စကားဆက်သည်။

“ကိုယ် ပေးထားတဲ့ နာမည်ကို ကိုယ်တော့ အရမ်းသဘောကျနေတယ်။ သူတို့ တတွေက ဆေးကျောင်းတက်ရဖို့ အတင်းကြိုးစားတယ်။ ခန္ဓာဗေဒကို

သင်တယ်၊ ကိုယ် နေမကောင်းရင် အဲဒီကောင်မလေးတွေက လာ ပြုစုမှာလား။ ဟဲ...ဟဲ[73]" ဗိုလ်ယမ်းဘီလူးက သူ့ဟာသကို သူ သဘောကျပြီး အော်ရယ်နေသည်။ ပြီးမှ စကားဆက်သည်။

"ပညာရေးကို မြှင့်ပေးတာ ကောင်းတာပေါ့။ ပညာတတ်တာ ကောင်းပါတယ်။ ပညာတတ်တွေ ပေါတော့ ပိုကောင်းတာပေါ့။ မောင်ရင့် ဇာမယိုတော့ဗ်က အဲဒါကို ထိုင် ဆဲနေတယ်။ ဘာပြုလို့ခေတ်ပညာတတ်တွေကို ဆဲနေမလဲ။ ကိုယ့်ကိုလည်း စော်ကားတယ် သိလား။ ဘာပြုလို့ ကိုယ့် ကိုယ်ကိုယ် သတ်သေတဲ့ လူတွေ ပိုများလာတာလဲ။ လူကြီးတွေ ရော၊ လူငယ်တွေရောပဲ။ ဒီမနက်ပဲ လူကြီးလူကောင်းတယောက် သူ့ကိုယ်သူ ပစ်သတ် သေသွားတယ်။ ဒီရောက်တာ မကြာသေးဘူးတဲ့။ ဟော့ ပါးလ်ဗစ်၊ နာမည် ဘယ်သူကွ"

အခန်းထဲမှ ဝန်ထမ်းတယောက်က ဖြေသည်။

"ဆဗီဒရီဂေးလော့ဗ်ပါ ဗိုလ်ကြီး"

ရပ်စ်ကိုလ်နီကော့ဗ် တောင့်ခနဲ ဖြစ်သွားသည်။

"ဆဗီဒရီဂေးလော့ဗ်၊ ဆဗီဒရီဂေးလော့ဗ် ဟုတ်လား။ သူ့ကိုယ်သူ ပစ်သတ်ပြီး သေသွားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ မောင်ရင် သူ့ကို သိလို့လား"

"သိတယ်၊ သိတယ်။ သူ ဒီရောက်တာ မကြာသေးဘူး"

"ဟုတ်လား၊ မိန်းမ ဆုံးသွားတယ်။ လူက စည်းမဲ့ ကမ်းမဲ့သမားတဲ့။ ရုတ်တရက် သူ့ကိုယ်သူ ပစ်သတ်တာတဲ့။ မှတ်စုစာအုပ်ကလေးထဲမှာ ရေးသွားတယ်။ သူဟာ ကိုယ်ရော၊ စိတ်ပါ ကျန်းမာတဲ့ လူပါတဲ့။ သူ ဒီလို လုပ်သွားတဲ့အတွက် ဘယ်သူ့မှာမှ အပြစ်မရှိပါဘူးတဲ့။ သူက ချမ်းသာတယ်လို့ ပြောကြတယ်။ မောင်ရင်နဲ့ ဘယ်လို သိကြတာလဲ ရှိဒီယွန်"

"သူ့အိမ်မှာ ကျွန်တော့် ညီမလေး အလုပ်လုပ်ဖူးတယ်။ ဒါကြောင့် သိတာပါ"

"အဲ... ဟုတ်ပြီ။ ဒါဆို သူ့အကြောင်း ပြောပြပါဦး။ သံသယ ဖြစ်စရာများ ရှိမလား"

"မနေ့ကပဲ သူနဲ့ တွေ့သေးတယ်။ အဲဒီတုန်းကတော့ သူ တော်တော်မူးနေတယ်။ သူ့အကြောင်း ကျွန်တော် ဘာမှ မသိပါဘူး'

သူ့အပေါ် တခုခု လာပိသလို သူ မွန်းကျပ်သွားသည်။

"မောင်ရင် ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်ပြီ။ လေမဝင်လို့လား"

"ဟုတ်တယ်၊ ကျွန်တော် ပြန်တော့မယ်။ ခင်ဗျားကို လာပြီး ဒုက္ခပေးသလို ဖြစ်သွား တယ်"

"အို.. မဟုတ်တာ။ မကြာမကြာ ဝင်ခဲ့ပါ ကိုယ့်လူရာ၊ မောင်ရင်နဲ့ စကားပြောရတာ အကျိုးရှိပါတယ်"

ပြောပြီး လက်ဆန့်ပေးသည်။

"ကျွန်တော် ဇာမယိုတော့ဗ်နဲ့ တွေ့ချင်တာကြောင့် လာခဲ့တာပါ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဝမ်းသာပါတယ်ဗျာ"

"ကျွန်တော်လည်း အရမ်းဝမ်းသာပါတယ်။ ဂွဒ်ဘိုင်"

ရပ်စ်ကိုလ်နီကော့ဗ်က ပြုံးပြီး နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ ယိုင်တိယိုင်နဲ့ဖြင့် သူ လျှောက်နေသည်။ ဘယ်ကို သွားနေမှန်း၊ ဘာလုပ်နေမှန်း သူ့ကိုယ်သူ မသိ။ မူးရီမူးဝေဖြင့် လှေကားထစ်တွေကို နင်းဆင်းလာခဲ့သည်။ ညာလက်ဖြင့် နံရံကို မကြာခဏ လှမ်းကိုင်ရသည်။ အပေါက်စောင့်တယောက် သူ့ကို တိုးဝှေ့ပြီး အပေါ်ထပ် ရဲစခန်းဆီသို့ ပြေးတက် သွားသည်။ အခန်းတခန်းထဲမှ ခွေးတကောင်က စွတ်ဟောင်နေသည်။ အမျိုးသမီး တယောက် ခွေးကို လှမ်းအော်သည်။ မြေညီထပ် ရောက်လို့ အပြင်ထွက်လိုက်သည်နှင့် ဆွန်ညာ့ကို လှမ်းမြင်သည်။ အထိတ်တလန့် မျက်နှာကလေးဖြင့် သူ့ကို စောင့်ကြည့်နေ၏။ အလွန်အမင်း တုန်လှုပ်ချောက်ချားနေပုံ။ ငိုမဲ့မဲ့ အပြုံးကလေး သူ့နှုတ်ခမ်းအစုံတွင် ထင်နေသည်။ သူက တမိနစ်ခန့် ရပ်ပြီး မိန်းကလေးကိုကြည့်နေ၏။ ပြီးမှရဲစခန်းပေါ်သို့ပြန်လှည့် တက်လာခဲ့သည်။

အီလျာပီထရိုဗစ်ချ်က သူ့စားပွဲတွင် စာရွက်စာတမ်းတွေနှင့် အလုပ်ရှုပ်နေသည်။ သူ့ကို လှမ်းမြင်တော့ မေးသည်။

"ဟဲလို… ဘာကျန်ခဲ့လို့လဲ

ရပ်စ်ကိုလ်နီကော့ဗ်က ဖြူနေသည့် နှုတ်ခမ်းများ တလှုပ်လှုပ်နှင့်ရဲအရာရှိကို ကြည့်ရင်း သူ့စားပွဲဆီသို့ ချဉ်းကပ်သွားသည်။

စားပွဲပေါ်လက်ထောက်လိုက်သည်။ တခုခုပြောဖို့ကြိုးစားသည်။ သို့သော် အသံထွက်မလာ။

"အို… မောင်ရင် နေမကောင်း ဖြစ်ပြန်ပြီ။ ကုလားထိုင်တလုံး… အဲ… ထိုင်…

ရေယူ ခဲ့ကြပါကွာ”

သူ့မျက်လုံးတွေက အီလျာပီထရိုဗစ်ချ်ဆီမှ မခွာ။ ရေရောက်လာတော့ -

“မောင်ရင် ရေသောက်လိုက်ဦး”

“ဟို... အဲဒါ... ကျွန်တော်...”

ရေမသောက်ဘဲ ရပ်စ်ကိုလ်နီကော့ဗ် ဆက်ပြောသည်။ ပြတ်တောင်း ပြတ်တောင်း နှင့်။ သို့သော် ပီပီသသ၊ ရှင်းရှင်းလင်းလင်း။

“အပေါင်ခံတဲ့ အဘွားကြီးနဲ့ သူ့ညီမကို သတ်တာ ကျွန်တော်ပဲ။ ပုဆိန်နဲ့ ခုတ်သတ် ပြီး ပစ္စည်းတွေ ယူခဲ့တာ ကျွန်တော်ပဲ”

အီလျာပီထရိုဗစ်ချ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့စားပွဲသို့ လူတွေ အပြေးအလွှား ရောက်လာကြသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ဖြောင့်ချက်ကို ထပ်ကာ ထပ်ကာ ရေရွတ်နေလေသည်။

※※※

နိဂုံး

(၁)

ဆိုက်ဗေးရီးယား။

လူမနီး သူမနီး ရေခဲမြစ်ကြီး တစင်း၏ နံဘေးမှ နယ်စပ်မြို့ကလေး။ ရုရှားနိုင်ငံ ကြီး၏ တရားဥပဒေစိုးမိုးရေး အချက်အချာနေရာ။ ဆိုက်ဗေးရီးယားတွင် ခံတပ်ကြီးတခု ရှိသည်။ **ခံတပ်ကြီးထဲတွင် ထောင်ရှိသည်**74။ သည်ထောင်မှာ ပြည်နှင်ဒဏ် ကျခံရသည့် အကျဉ်းသားများ၏ စံမြန်းရာ ဖြစ်သည်။ ဒုတိယတန်း အကျဉ်းသားအဖြစ် ရပ်စ်ကိုလ်နီကော့ဗ် သည်ကို ရောက်ခဲ့သည်မှာ ကိုးလ ကြာခဲ့ပြီ။ ပြစ်မှုကျူးလွန်ပြီး တနှစ်ခွဲကြာ မှ စီရင်ချက် ချခဲ့ခြင်း ဖြစ်သည်။

ရပ်စ်ကိုလ်နီကော့ဗ်၏ လူသတ်မှု တရားခွင်မှာ အခက်အခဲ မရှိလှပေ။ တရားခံက သူ ကျူးလွန်ခဲ့သည့် ပြစ်မှုကိုအရိုးဆုံး၊ အရှင်းဆုံးနှင့် တိုတိုတုတ်တုတ် အခိုင်အမာ ဖြောင့်ချက် ပေးသွားသည်။ သူ့ကိုယ်သူ ညှာပြီး ထွက်ဆိုချက် တခုမှ မပါ။ အခြေအနေကို ရှုပ်ထွေး အောင် တခါမှ မလုပ်။ ဖြစ်ရပ်မှန်တွေကို ဖုံးကွယ်ဖို့ တခါမှ မကြိုးစား။ အသေးစိတ် အချက် အလက်တွေကို သူ တခုမှ မမေ့။

လူသတ်မှုဖြစ်စဉ်အားလုံးကို သူ ခရေစေ့တွင်းကျ ပြောပြသည်။ နောက်ဆုံး အဘွားကြီး လက်ထဲတွင် တွေ့ရသော အပေါင်ပစ္စည်း ဖြစ်သည့် သစ်သားဖြင့် လုပ်ထားသော ထူးထူးဆန်းဆန်း ပစ္စည်းအတုကလေး အကြောင်းပါ မကျန် သူ အသေးစိတ် ပြောပြသည် အဘွားကြီးဆီမှ သော့ကို ဘယ်လိုယူပုံ၊ သေတ္တာကို ဘယ်လိုဖွင့်ပုံ၊ သေတ္တာထဲတွင် ဘာတွေ တွေ့ရပုံ များစွာအပြင် လီဇာဗီတာကို ဘာကြောင့် သတ်လိုက်ရပုံ၊ ကို့ချ်ဆိုသော ပုဂ္ဂိုလ် တံခါးလာခေါက်ပုံ၊ သူ့နောက်က ကျောင်းသားတယောက် ရောက်လာပုံများအပြင် သူတို့နှစ်ယောက် ပြောစကားများကိုပါ အသေးစိတ် ပြန်ပြောသည်။

ပြီးတော့ သူလှေကားမှ ပြေးဆင်းသွားပြီး အခန်းလွတ် တခုထဲတွင် ဝင်ပုန်းနေပုံ နှင့် ဆေးသမားနှစ်ယောက် အချီအချ ပြောစကားများကိုပါ အသေးစိတ် ပြောပြသည်။

ပြီးတော့ သူ အိမ်ပြန်သွားပုံ၊ သည်အကြောင်း ပြောပြီး နိဂုံးချုပ်အနေဖြင့် ပစ္စည်း တွေ ဝှက်ထားသော နေရာကို လိုက်ပြသည်။ ပစ္စည်းတွေအပ်သည်။

အမှုက ရှင်းနေသည်။ ရဲတွေနှင့် တရားသူကြီးတွေ အံ့ဩမဆုံး

ဖြစ်နေကြ၏။ သူ ယူသွားသည့်အတိုင်း ပစ္စည်းတွေ ပုံမပျက် ပြန်တွေ့ကြရသည်။ ပိုက်ဆံလည်း တပြားမှ မလျော့။ သူက ပိုက်ဆံ ဘယ်လောက်ပါသည်ကိုပင် ဖွင့်မကြည့်။ အားလုံး ငွေသား ရှုဘယ် သုံးရာဆယ့်ခုနစ်နှင့် အကြွေ နှစ်ဆယ့်သုံးကိုပက်။

ထိုအခါ ယာယီ စိတ်ကစဥ့်ကလျား ဖြစ်မှုကြောင့်ဟူသည့် စိတ်ပညာရှင်များ၏ ထောက်ခံချက်အရ အမှုမှာ ပေါ့သွားတော့သည်။ တရားခံသည် တိုက်ရာပါ ပစ္စည်းများကို တပြားတချပ်မှ မသုံးသည့်အပြင် သည်အကြောင်း သက်သေထွက်ချက်များအရ ရပ်စ်ကိုလ် နီကောဗ်ဇ် အပုံကြီး အသက်ရှူချောင် သွားတော့သည်။ သူ့အပေါင်းအသင်း ကျောင်းနေဖက် သူငယ်ချင်း ဇိုစီမော့ဗ်၊ သူ ငှားနေသည့် အခန်းရှင် အမျိုးသမီးနှင့် အိမ်ဖော်နာတာရှာတို့၏ ထွက်ဆိုချက်အရ သူသည် ဘယ်လိုမှ လူသတ်သမား ဖြစ်နိုင်စရာ အကြောင်းမရှိသည့်ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ သို့သော် တရားခံကိုယ်တိုင်ကမူ သူ့ကိုယ်သူ ကာကွယ်သည့် စကား တခွန်းမျှ မပြော။

ဘာကြောင့် သည်ပြစ်မှုကို ကျူးလွန်ရသလဲ၊ ဘာကြောင့် လူသတ်ပြီး ပစ္စည်းယူရ သလဲ ဆိုသည့် မေးခွန်းကို တရားခံက မကွယ်မဝှက် ပကတိအတိုင်း ထွက်ဆိုသည်။ အတိအကျ ဖြေသည်။ အခြေခံ အကြောင်းရင်းမှာ ဆင်းရဲမွဲတေမှုကြောင့် ဖြစ်ကြောင်း၊ ကျဉ်းထဲ ကျပ်ထဲတွင် ထွက်ပေါက်မရှိ ပိတ်မိနေခြင်းကြောင့် ဖြစ်ကြောင်း၊ ရှုဘယ် သုံးထောင်လောက် ရရင် ကျောင်းဆက်တက်နိုင်မှာ ဖြစ်ကြောင်း၊ သူ့ဘဝ အနာဂတ်လမ်း ပွင့်သွားမှာ ဖြစ်ကြောင်း များ၊ စသည် စသည်။

တဆက်တည်း သည်အမှု ကျူးလွန်ရခြင်းမှာ သူ၏ မိုက်မဲမှုကြောင့် ဖြစ်ကြောင်း၊ နုနယ်မှုကြောင့် ဖြစ်ကြောင်း၊ ထို့ထက်ဆိုရလျှင် ဘဝနာလွန်းသဖြင့် ဆူးတွေ တချောင်းပြီး တချောင်း ပေါက်လာခြင်းကြောင့် ဖြစ်ကြောင်းများကို အရင်းခံအတိုင်း ဖွင့်ဟ ဝန်ခံလိုက်သည်။

ဘာကြောင့် ကိုယ်တိုင် ဖြောင့်ချက်ပေးခြင်းလဲ ဟူသည့် မေးခွန်းကိုတော့ သူ တိုတို တုတ်တုတ် ဖြေသည်။ သူ့ရင်ထဲက နောင်တစိတ်ရဲ့ လှုံ့ဆော်မှုကြောင့်ပါတဲ့။ တရားခံက ရိုးစင်းဖြောင့်မတ်လွန်းသဖြင့် ချမှတ်သည့် ပြစ်ဒဏ်မှာ မျှော်လင့်ထားသည်ထက် အပုံကြီး သက်သာနေသည်။

အချင်းဖြစ်ပွားပုံကို စဉ်းစားရာတွင် ထူးဆန်းသည့် နောက်ခံ အခြေအနေတွေ အများအပြား ပါနေသည်။ ထိုစဥ်က တရားခံ၏ဘဝမှာ အလွန်အမင်း ဆင်းရဲကျပ်တည်းနေသည် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေသည်။ ယူသွားသည့် ပစ္စည်းများကို လုံးဝ သုံးစွဲခြင်း မရှိသည်မှာ နောင်တရခြင်းကို

အထောက်အကူ ပြုနေသည်။ ရာဇဝတ်မှု ကျူးလွန်သည့် အချိန်တွင် သူ့စိတ်အနေသည် ပုံမှန်အနေအထားတွင် ရှိမနေ။ လီဇာဗီတာကို တဆက်တည်း သတ်လိုက်ခြင်းမှာလည်း အထက်ပါ အကြောင်းကြောင့် ဖြစ်ကြောင်း သိသာနေသည်။ သည်အချက်ကို အထောက်အကူ ပြုသည်က တံခါး မပိတ်ခဲ့မိခြင်း ဖြစ်သည်။

နီကိုလေ စိတ်ရှုးပေါက်ပြီး ပြစ်မှုကျူးလွန်သူကသူပါဟု ဖြောင့်ချက်ပေးခြင်း၊ တကယ့် တရားခံကို စွဲချက်တင်ဖို့ သက်သေအထောက်အထား လုံးဝ မရှိခြင်းတို့ကြောင့် အမှုမှာ ရှုပ်သည်ထက် ရှုပ်လာသည်။ သည့်အတွက် အမှုစီရင်ချက်ချရာတွင် ပေါ့သွားခြင်း ဖြစ်သည်။

ထို့ပြင် တရားခံကို ပြစ်ဒဏ်လျှော့စေသည့် အထောက်အထားတွေ တရားခွင်တွင် အများကြီး ပေါ်လာသည်။ ရာဇူမီခင်က ရပ်စ်ကိုလ်နီကော့ဗ်၏ တက္ကသိုလ်ကျောင်းသား ဘဝကိုတူးဖော်တင်ပြသည်။ အဆုတ်ရောဂါ ဖြစ်နေသည့်အလွန်ဆင်းရဲသော ကျောင်းနေဖက် သူငယ်ချင်းကို ခြောက်လတိတိ စရိတ်ခံပြီး ကျောင်းဆက်တက်စေခဲ့သည်။ သူဆုံးသွားတော့ လေဖြတ်ထားသည့် သူငယ်ချင်း၏ အဖေကြီးကို (ဖအေကိုသူငယ်ချင်းလုပ်သူက သူ ဆယ့်သုံးနှစ်အရွယ်ကတည်းက ပြုစုစောင့်ရှောက်ခဲ့ရသည်) ရပ်စ်ကိုလ်နီကော့ဗ်က ဆက်လက် ပြုစုခဲ့သည် ကွယ်လွန်သွားတော့ သင်္ဂြိုဟ်ပေးခဲ့သည်။

သူ့အိမ်ရှင် အမျိုးသမီးကလည်း ငါးလမ်းထောင့် တိုက်ခန်းမီးလောင်တော့ မီးလျှံထဲမှ ကလေးနှစ်ယောက်အား ရပ်စ်ကိုလ်နီကော့ဗ် ကယ်ခဲ့ပုံကို ရုံးတော်သို့ တင်ပြလာသည်။

သည်အကြောင်းများကို သက်ဆိုင်ရာက သက်သေအများအပြားကို ခေါ်ယူစစ်ဆေးရာတွင် အမှန်သတင်းများ ဖြစ်ကြောင်း အတည်ပြုသည်။ ဤသို့ဖြင့် တရားခံအား ဒုတိယတန်း အကျဉ်းသားအဖြစ် ထောင်ဒဏ်ရှစ်နှစ်သာ ကျခံစေဖို့ တရားရုံးက ဆုံးဖြတ်လိုက်သည်။

အမှုစစ်ဆေးနေစဉ်အတွင်း မေမေရပ်စ်ကိုလ်နီကော့ဗ် နာမကျန်းဖြစ်လာသည်။ ဒွန်ညာနှင့် ရာဇူမီခင်က အမှု မပြီးမချင်း သူ့ကိုပီတာစဘတ်နှင့် မလှမ်းမကမ်းမှ မီးရထား လမ်းဘေး မြို့လေး တမြို့သို့ ပို့ထားသည်။ ရာဇူမီခင်အနေဖြင့် ရုံးချိန်းကို မှန်မှန်သွားနိုင်ပြီး ဒွန်ညာတို့ သားအမိဆီကိုလည်း မကြာမကြာ သွားကြည့်နိုင်သည်။

မေမေ ရပ်စ်ကိုလ်နီကော့ဗ်သည် သာမန် နေမကောင်းဖြစ်နေရာမှ စိတ်ရောဂါ နှင့်ပါ ယှဉ်လာသည်။ တနေ့တွင် တရားရုံးမှ ဒွန်ညာ ပြန်အလာတွင် အမေကို အခြေအနေ ဆိုးနေသည့် ပုံစံဖြင့် တွေ့ရသည်။ အဖျား ဝင်နေသည်။

ကယောင်ကတမ်းတွေ လျှောက်ပြော နေသည်။

ထိုနေ့ညတွင်ပင် အစ်ကို့အကြောင်း အမေ မေးလာလျှင် ဘယ်လိုဖြေရမည်ကို ဒွန်ညာက ရာဇူမီခင်နှင့် တိုင်ပင်သည်။ သူတို့က နယ်ခြားတနေရာတွင် သူအလုပ် သွားလုပ် နေကြောင်း၊ သားအမိနှစ်ယောက်အတွက် ဝင်ငွေ ကောင်းသည့်အလုပ်ကိုလက်ခံလိုက်ခြင်း ဖြစ်ကြောင်း ပြောထားသည်။

သို့သော် သားအကြောင်း မေမေ ရပ်စ်ကိုလ်နီကော့ဗ် တခွန်းမှ မမေးသည့်အခါ သူတို့နှစ်ယောက် အကျပ် တွေ့နေကြသည်။ ထိုရက်ပိုင်းကစပြီး နောင်လည်း မမေးတော့ ပေ။ မမေးသည့်အပြင် သူတို့ပြောသည့် ဇာတ်လမ်းအစား သားနှင့်ပတ်သက်သည့် သူ့ကိုယ်ပိုင် ဇာတ်လမ်းကိုချည်း ပြောနေတော့သည်။ သားကလေး ရုတ်တရက် ခရီးထွက်သွားရသည့် အကြောင်းကို မျက်ရည်စမ်းစမ်းဖြင့် ပြောနေတတ်သည်။ အလွန်အရေးကြီးသည့် ကိစ္စဖြင့် ခရီးထွက်သွားကြောင်း၊ အလွန်လျှို့ဝှက်ရမည့် အရေးတကြီးကိစ္စ ဖြစ်၍ အမေတယောက် တည်းကိုသာ အသိပေးပြီး နှုတ်ဆက်သွားကြောင်း၊ သူ့ရန်သူတွေက အလွန်အင်အား ကြီးမား သူတွေ ဖြစ်လို့ သွားပုန်းနေတာ ဖြစ်ကြောင်း၊ သူ့အနာဂတ်အတွက် မပူရကြောင်း၊ သည်တကွေ့ ပြီးလျှင် သူ့သား နိုင်ငံ့ခေါင်းဆောင် ဖြစ်လာမှာ သေချာကြောင်း စသည် စသည်များ။

"သူ့ဆောင်းပါးကို ပြန်ဖတ်ကြည့်ပါလား။ ဘယ်လောက် အဆင့်အတန်းမြင့်လဲ။ သူ့မှာ စာပေပါရမီ ရှိတယ် ဆိုတာ သေချာနေတာပဲ"

ဒွန်ညာနှင့် ရာဇူမီခင်ကို ပြောပြီး သူကိုယ်တိုင်လည်း ထပ်ကာထပ်ကာ ဖတ်သည်။ ရံခါတွင် အသံထွက်၍ပင် ဖတ်သေးသည်။ မဂ္ဂဇင်းကို ရင်ခွင်ထဲ ထည့်ပြီး အိပ်သည်။ သို့သော် ရော့ဒ်ယာ ဘယ်ရောက်နေသလဲ တခါမျှ မမေး။ သည်တော့ သူ့ရှေ့တွင် ရော့ဒ်ယာအကြောင်း ရှောင်ပြီး ပြောကြရသည်။ ထိုအခါ မအေကြီး သံသယပိုဝင်လာစရာ ဖြစ်လာသည်။ နောက်ပိုင်း လုံးဝ စကားမပြောတော့သောအခါ စိုးရိမ်စရာ ဖြစ်လာသည်။

မေမေ ရပ်စ်ကိုလ်နီကော့ဗ် တယောက် ဘာမှ မတောင်းဆိုတော့၊ ဘာမှ မသိချင် တော့။ တောမှာ နေကတည်းက စာမှန်မှန် ရေးလေ့ရှိသည့် ရော့ဒ်ယာတယောက်ဆီက စာလာ၊ မလာလည်း မမေးတော့။ သား၏ ကြမ္မာကို မေးရမှာ ကြောက်နေသလားဟု ဒွန်ညာ တွေးစပြုလာသည်။ အမေ့စိတ်အနေ ကြာလေလေ ချို့ယွင်းလာလေလေ ဖြစ်နေကြောင်း ဒွန်ညာ နားလည်လာတော့သည်။

တခါနှစ်ခါ စကားပြန်ပြောလာသည်။ ရော့ဒ်ယာ ဘယ်မှာရှိသည်ကို

ပြောမဖြစ်၍ စကားလမ်းကြောင်း ပြောင်းပစ်လျှင် မျက်မှောင်ကုတ်ကာ ငြိမ်သွားတတ်သည်။ ရက်ပေါင်းများစွာ သည်ပုံစံအတိုင်း ဆက်နေနေတတ်သည်။

သည်အတိုင်း ဆက်ဖုံးထားဖို့ မလွယ်တော့ကြောင်း ဒွန်ညာ သဘောပေါက်လာသည်။ အမေ့ စိုးရိမ်စိတ် ပို၍ ပို၍ ကြီးမားလာကြောင်းလည်း သိသာလာသည်။ အစ်ကို လုပ်သူ ပြောသွားသည်ကို ဒွန်ညာ ပြန်သတိရနေသည်။ ဆဗီဒရီဂေးလော့ဗ်နှင့် တွေ့သည့် ညက အိပ်မက်ဆိုးတွေ မက်ပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေသည်ကို အမေ ကြားသွားသည်တဲ့။

စကား မပြောဘဲ ရက်ပေါင်းများစွာ နေပြီး (တယောက်တည်း ကျိတ်ငိုသည့်အခါ ငိုသည်) ခါမှ ကရားရေလွှတ် စကားတွေ မနားတမ်း ပြောချင် ပြောပြန်သည်။ ရော့ဒ်ယာ၏ အနာဂတ်နှင့် သားအပေါ်ထားသည့် မျှော်လင့်ချက်တွေ အကြောင်း လျှောက်ပြောနေတတ်သည် စင်စစ် သူ့စိတ်ကူးထဲမှာ ပေါ်လာသမျှ စီကာပတ်ကုံး ပြောနေခြင်းမျှသာ။

ရပ်စ်ကိုလ်နီကော့ဗ် ဖြောင့်ချက်ပေးပြီးနောက် ငါးလကြာမှ စီရင်ချက်ချသည်။ ရာဇူမီခင်က အခွင့်အရေးရတိုင်း ထောင်ဝင်စာ သွားတွေ့သည်။ ဒွန်ညာကလည်း အလားတူ ပင်။ နောက်ဆုံး ဆိုက်ဗေးရီးယား ပို့ခါနီးတွင် ဒွန်ညာနှင့် ရာဇူမီခင်က အမြဲတမ်းခွဲခွာခြင်း မဟုတ်ကြောင်းများ ပြောပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို နှစ်သိမ့်သည်။

ရာဇူမီခင်က သူ၏ ထက်မြက်သည့် ဦးခေါင်းဖြင့် စီမံချက်တခု ရေးဆွဲလိုက်သည်။ သုံးလေးနှစ်အတွင်း ငွေစုမည်။ ပြီးလျှင် ရော့ဒ်ယာကိုထားသည့် ထောင်ရှိရာ ဆိုက်ဗေးရီးယား နယ်စပ်မြို့ကလေးတွင် သွားအခြေချမည်။ လူနေကျဲပြီး မြေဩဇာ ကောင်းမွန်သည့် ဒေသ တွင် ဘဝသစ် စမည်။ ခွဲရမည့်အချိန် ရောက်လာတော့ အားလုံး ငိုကြွေးသည်။ သွားရခါနီး ရက်များတွင် ရပ်စ်ကိုလ်နီကော့ဗ် စကားမပြောတော့။ ငိုင်ပြီး တွေနေတတ်သည်။ အမေ့ အကြောင်း တချိန်လုံး မေးနေသည်။ သူ အရမ်းစိတ်ပူနေမှန်း သိသာနေသည်။ အမေ နေမကောင်းမှန်း သိနေ၍ သူ စိတ်မအေးနိုင် ဖြစ်နေခြင်းပင်။ ချစ်သူနောက်သို့ ထက်ကြပ် မကွာ လိုက်မည့် ဆွန်ညာ့ကိုလည်း သူ အေးစက်စက် လုပ်နေသည်။ ဆဗီဒရီဂေးလော့ဗ် ပေးခဲ့သည့် ငွေဖြင့် ခရီးရှည် ချီတက်ဖို့ ဆွန်ညာ ပြင်ဆင်နေခြင်း ဖြစ်သည်။ ရပ်စ်ကိုလ်နီ ကော့ဗ်နှင့်အတူ တခါမှ ပွင့်ပွင့်လင်းလင်း မပြောဖြစ်။ သို့သော် သူ လိုက်ဖြစ်မည်ဟု နှစ်ဦး စလုံး သိနေကြသည်။

နောက်ဆုံး နှုတ်ဆက်ခွဲခွာကြတော့ ရပ်စ်ကိုလ်နီကော့ဗ် ထူးဆန်းစွာ ပြုံးသည်။ ကျေနပ်နေသည့် အပြုံးမျိုး။ သူငယ်ချင်းနှင့် ညီမလုပ်သူတို့၏ ပျော်စရာအနာဂတ်ကို တွေး မိလိုက်သောကြောင့် ဖြစ်သည်။ သူ

ထောင်မှလွတ်ချိန်တွင် သူတို့ကို ပျော်ပျော်ရွှင်ရွှင် မြင်ရ မည်မှာ မုချဧကန် ဖြစ်သည်။ အမေနှင့်တော့ ပြန်တွေ့နိုင်မည် မထင်။

ဆွန်ညာနှင့် ရပ်စ်ကိုလ်နီကော့ဗ်တို့ ပီတာစဘတ်မှ ထွက်ခွာသွားကြလေပြီ။

နောက်နှစ်လအကြာတွင် ဒွန်ညာနှင့် ရာဇူမီခင် လက်ထပ်လိုက်ကြသည်။ မင်္ဂလာဆောင်မှာ ခပ်ကျဉ်းကျဉ်းပင်။ ဖိတ်သည့် အထဲတွင် ပေါ်ဖီရီ ပါသည်။ ဇိုစီမော့ဗ် ပါသည်။ ရာဇူမီခင် တယောက် လုံးဝ ပြောင်းလဲခဲ့ပြီ။ ဆုံးဖြတ်ချက် အခိုင်အမာနှင့် လူငယ်တယောက် ဖြစ်လာသည်။ သူ့ရည်ရွယ်ချက်တွေ အကောင်အထည် ပေါ်လာလိမ့်မည်ဟု ဒွန်ညာ အခိုင် အမာ ယုံသည်။ ယောကျ်ား၏ သံမဏိစိတ်ဓာတ်ကို ဒွန်ညာ သံသယမရှိ။ အခြေအနေ ပေးသည်နှင့် တက္ကသိုလ် ပြန်တက်သည်။ လင်မယားနှစ်ယောက် အနာဂတ်စီမံကိန်းတွေ ရေးဆွဲကြသည်။ ငါးနှစ်အတွင်း ဆိုက်ဗေးရီးယား စီမံကိန်းတွေ ရေးဆွဲကြသည်။ ငါးနှစ် အတွင်း ဆိုက်ဗေးရီးယားကို လိုက်နိုင်ရမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားကြသည်။ ဟိုရောက် လျှင် အားကိုးရမည့်သူက ဆွန်ညာ။

မေမေရပ်စ်ကိုလ်နီကော့ဗ်က မင်္ဂလာဆောင်တွင် သမီးနှင့် သမက်ကို ပျော်ပျော် ရွှင်ရွှင် ဆုတောင်းပေးသည်။ နောက်ပိုင်းတွင်တော့ သူ ပိုပြီး ငြိမ်သွားသည်။ သူ စိတ်ချမ်း သာပါစေတော့ဆိုပြီး ရော့ဒ်ယာအကြောင်းတွေ ပြောပြသည်။ သူ ကြည့်ရှု စောင့်ရှောက်ပေးခဲ့သည့် ရောဂါသည် တက္ကသိုလ်ကျောင်းသားလေး အကြောင်း၊ လေဖြတ်ထားသည့် သူ့အဖေ အကြောင်း စသည်၊ စသည်။ ပြီးတော့ ကလေးနှစ်ယောက်ကို ရော့ဒ်ယာ ကယ်ခဲ့စဉ်က မီးဟပ် ခံရသည့် အကြောင်းများ။ သည်လိုအခါမျိုးတွင်တော့ မေမေရပ်စ်ကိုလ်နီကော့ဗ် အရမ်းပျော်နေတတ်သည်။ စကားတွေ ဖောင်ဖွဲ့နေတတ်သည်။

လမ်းလျှောက်ထွက်လျှင်ပင် (အပြင်ထွက် လျှင် ဒွန်ညာ အမြဲလိုက်ပေးသည်) အပြင်လူများနှင့် သားအကြောင်း ပြောမဆုံးပေါင် တောသုံးထောင် လုပ်နေတတ်သည်။ ရော့ဒ်ယာအကြောင်း ပြောလျှင် သူရေးသည့် ဆောင်းပါး အကြောင်းက မပါမပြီး။ တက္ကသိုလ်မှာတုန်းက သူငယ်ချင်းကို အကူအညီပေးခဲ့ပုံ၊ ကလေး နှစ်ယောက်၏ အသက်ကို မီးလျှံထဲမှ ကယ်ခဲ့ပုံတွေလည်း ပါ၏။ အမေကို ဘယ်လို ထားရမှန်း ဒွန်ညာ မသိ ဖြစ်နေ၏။ စိတ်လည်း ပူလာ၏။ ရပ်စ်ကိုလ်နီကော့ဗ်ကို စီရင်ချက်ချပြီးသည်မှ မကြာသေး။ သူ့နာမည်ကို လူတွေ မှတ်မိသွားမှဖြင့် ဒုက္ခ။ မေမေ ရပ်စ်ကိုလ်နီကော့ဗ် တယောက် တက်ကြွနေသည်။ ရော့ဒ်ယာ ကယ်လိုက်သည့် ကလေးနှစ်ယောက်၏ အမေ့လိပ်စာကိုပင် ရအောင် ရှာနိုင်ခဲ့သည်။ သွားတွေ့မည် တကဲကဲ လုပ်နေသည်။

နောက်ဆုံးတွင်မူ သူ စိုးရိမ်စိတ် လွန်ကဲမှုက အခေါင်အဖျားသို့

ရောက်လာသည်။ မကြာခဏ ဖျားသည်။ အကြောင်းမဲ့ ငိုချင်ငိုနေသည်။ ကယောင်ကတမ်းတွေ ပြောသည်။

တမနက်တွင်တော့ သူ့တွက်ကိန်းအရဆိုလျှင် မကြာခင် ရေ့ဒ်ယာ ပြန်လာမည့် အကြောင်း ပြောလာသည်။ သူ့ကို လာနှုတ်ဆက်တုန်းက ကိုးလကြာလျှင် ပြန်လာမည် ပြောသွားသည်တဲ့။ သူ့အခန်းကို သန့်ရှင်းရေးလုပ်၊ ပရိဘောဂတွေ ဖုန်သုတ်၊ ခန်းဆီးတွေ ဖြုတ်လျှော်နှင့် မေမေ ရပ်စ်ကိုလ်နီကော့ဗ် အလုပ်ရှုပ်နေသည်။ ဒွန်ညာက စိတ်ပူလာသော် လည်း ဘာမှ မပြောသည့်အပြင် အလိုက်အထိုက် အမေ့ကို ကူလုပ်ပေးနေသည်။ အစ်ကို ပြန်လာတော့မည်ဟု ယုံကြည်နေဟန်ဆောင်လျက်။ အမေ ပျော်နေသည်။ တပြိုင်တည်းတွင် အလုပ်လုပ်ရင်း မျက်ရည်တွေ ကျနေသည်။ ထိုညတွင် အဖျားဝင်လာတော့သည်။ မနက် မိုးလင်းတော့ ငန်းဖမ်းသလို ဖြစ်လာသည်။ သတိရတချက်၊ မရတချက်။ နောက် နှစ်ပတ် အကြာတွင် မေမေ ရပ်စ်ကိုလ်နီကော့ဗ် ကွယ်လွန်သွားလေသည်။ မေ့မြောနေစဉ်အတွင်း သူပြောသည့် စကားများအရ သူ့သားအကြောင်းကို သမီးနှင့်သမက် ထင်သည်ထက် ပိုသိထားကြောင်း သိသာနေသည်။

ပီတာစဘတ်နှင့် စာပေးစာယူ ရှိနေသော်လည်း အမေဆုံးကြောင်း ရပ်စ်ကိုလ်နီ ကော့ဗ် တော်တော်နှင့် မသိပေ။ ဆွန်ညာက ဆိုက်ဗေးရီးယား အခြေအနေကို ရာဇူမီခင့်ဆီ စာမှန်မှန် ရေးသည်။ ဆွန်ညာက ရပ်စ်ကိုလ်နီကော့ဗ်၏ အလုပ်ကြမ်းနှင့် ထောင်ကျဘဝကို ရိုးရိုးရှင်းရှင်း ကလေးနှင့် သရုပ်ပေါ်အောင် ရေးပြသည်။

သူတို့နှစ်ယောက်သည် အနာဂတ် ရည်မှန်းချက်အကြောင်း မပြောကြ။ ဆွန်ညာက သူ့ရင်တွင်း ခံစားချက်တွေကို ဘယ်တော့မှ ဖွင့်မပြော။ ရပ်စ်ကိုလ်နီကော့ဗ်ကလည်း အလားတူပင်။

ဆွန်ညာက သူ့ကျန်းမာရေး အခြေအနေနှင့်ထောင်ဝင်စာတွေ့သည့်နေ့အကြောင်း တွေ အသေးစိတ် ရေးပို့တတ်သည်။ သူ့ကို ဘာတွေ ခိုင်းကြောင်း၊ သူ လိုတာတွေ မှာကြောင်း စသည် စသည်။

ဒွန်ညာတို့ လင်မယားမှာ ဆွန်ညာ့ စာကလေးတွေကို ဖတ်ပြီး ကျေနပ်နေကြရသည် နောက်ပိုင်းတွင် သူတမျိုး ဖြစ်လာကြောင်းလည်း ပွင့်ပွင့်လင်းလင်း ရေးသည်။ အမြဲတမ်း သုန်မှုန်နေပြီး သူ့ကို မသိကျိုးကျွန် ပြုထားသည်တဲ့။ ဒွန်ညာတို့ဆီကလာသည့် သတင်းများကို ပြောပြလျှင် စိတ်မဝင်စားသလို လုပ်နေသည်တဲ့။ အမေ့အကြောင်းတော့ မေးသည့်အခါ မေးသည်တဲ့။ တဖြည်းဖြည်းနှင့် အမှန်ကိုသိသွားပုံ ရသည်နှင့် ဆွန်ညာက

ဖွင့်ပြောလိုက်ကြောင်း၊ သည်အခါတွင်လည်း သိပ်အံ့ဩတုန်လှုပ်ခြင်း မရှိကြောင်း စသည် စသည်။

အခြား အခြားသော သတင်းများလည်း ထည့်ရေးသေးသည်။

ရပ်စ်ကိုလ်နီကောဗ်သည် ဘယ်သူနှင့်မှ အရောမဝင်ဘဲ တယောက်တည်း နေသည် သူ့ဘဝကိုသူ နားလည်သည်။ သူ့အခြေအနေကိုသူ သဘောပေါက်သည်။ သည်ကာလ ပိုင်းတွင် ဘာမှ မျှော်လင့်လို့ မရကြောင်း သိသည်။ ကျန်းမာရေးကတော့ ကောင်းနေဆဲ။ အလုပ်ကို ပုံမှန်ပဲ လုပ်သည်။ အစားအသောက်လည်း ဘယ်လောက်ညံ့ညံ့ သူမငြင်း။ တနင်္ဂနွေနှင့် ပွဲတော်ရက်များမှ အပ အစားအသောက်က ဆိုးရွားလှသည်။ နောက်ဆုံးတွင်မှ ဆွန်ညာ ပေးသည့် ငွေအနည်းငယ်ကို လက်ခံသည်။ သည်တော့မှ လက်ဖက်ရည်နေ့တိုင်း သောက်ရတော့၏။ ကျန်ကိစ္စတွေကိုတော့ တချက်မှ မညည်း။ စိတ်မပူဖို့ တွင်တွင်ပြောသည် စိတ်ပူလျှင် သူ စိတ်အနှောင့်အယှက် ဖြစ်ရသည်ဟု ဆိုသည်။ သည်အကြောင်းများ အပြင် အခြားအကျဉ်းသားများနှင့် ရောနှောနေရခြင်းဖြစ်၍ ကျပ်ကျပ်တည်းတည်း နေရဟန် တူကြောင်း၊ ထောင်ထဲ ဝင်မကြည့်ရသဖြင့် မသေချာကြောင်း၊ သို့သော် ကျန်းမာရေးနှင့် ညီညွတ်ဟန် မတူကြောင်း၊ ကွပ်ပျစ်ပေါ်တွင် စောင်ပါးလေး ခင်းအိပ်ပြီး ဘာမှ ပို့ပေးဖို့ မလိုဟု ပြောကြောင်းများလည်း သတင်းပေး ရေးသားသည်။

အစောပိုင်းက ဆွန်ညာ ထောင်ဝင်စာလာတွေ့သည်ကို ရပ်စ်ကိုလ်နီကောဗ် မလို လား။ စကားလည်း ဟုတ်တိမပြော။ သူ့အလိုလို စိတ်တိုနေသည်။ နောက်မှ တဖြည်းဖြည်း ထောင်ဝင်စာတွေ့ခြင်းနှင့် သူ ယဉ်ပါးလာခြင်း ဖြစ်သည်။ လိုအပ်သည့်ကိစ္စ ဖြစ်ကြောင်း သူ လက်ခံလာသည်။ ဆွန်ညာ နေမကောင်းလို့ ရောက်မလာနိုင်သည့်ရက်များတွင် သူ မျှော်နေတတ်သည်။ စိတ်မကောင်း ဖြစ်နေတတ်သည်။

ပွဲတော်ရက်များတွင် ဘူးဝအဆောင်အတွင်း ခဏတွေ့ခွင့်ရသည်။ ကျန်ရက်များ တွင်လည်း သူတို့ အပြင်စက်ရုံတွင် ထွက်အလုပ်လုပ်ရသည့်အခါ၊ အုတ်ဖုတ်စက်တွင် တာဝန် ကျသည့်အခါ၊ အာတမြစ်ကမ်းနဖူးမှ တဲတန်းများတွင် တာဝန်ကျသည့် အခါများတွင် ခဏတွေ့ခွင့်ရသည်။

သည်အကြောင်းများကိုလည်း ဆွန်ညာ ပြည့်ပြည့်စုံစုံ ရေးသည်။ သူ့အကြောင်း နှင့် ပတ်သက်၍လည်း အနည်းအကျဉ်း ညှပ်ရေးသည်။ တဖြည်းဖြည်းနှင့် မြို့ခံလူတွေနှင့် ရင်းနှီးစ ပြုလာကြောင်း၊ ထောင်အာဏာပိုင်တွေနှင့်ပါ အဆင်ပြေကြောင်း စသည် စသည် ဖြင့်။ ပြီးတော့ သူ စက်ချုပ်နေကြောင်းလည်း ထည့်ရေးသည်။ သည်တောမြို့ကလေးတွင် အပ်ချုပ်ဆိုင်

မရှိသဖြင့် သူ အဆင်ပြေနေကြောင်း၊ သို့သော် သူ့အစ်ကို (ရပ်စ်ကိုလ်နီကော့ဗ် လည်း) ထောင် အာဏာပိုင်တွေနှင့် အဆင်ပြေနေကြောင်းတော့ သူ ထည့်မရေး။ သို့သော် နောက်ဆုံးရေးသည့် စာတွင် ဆွန်ညာ တခုခုကို ထိမ်ချန်ထားကြောင်း ဒွန်ညာ ရိပ်မိသည်။ စိုးရိမ်စရာကိစ္စ တခုခု ဖြစ်နိုင်ကြောင်း သံသယရှိလာသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ဘယ်သူနှင့်မျှ မရော၊ တယောက်တည်း နေသည်။ သည်အခါ ထောင်သားအချင်းချင်း သူ့ကို ကြည့်မရ ဖြစ်လာသည်။ တနေကုန် သူ ရေငုံနှုတ်ပိတ်နေသည် ဘယ်သူနှင့်မှ စကားမပြော။ တကိုယ်လုံးသွေးဆုတ်သလို ဖြစ်လာသည်။

သူ အရမ်းနေမကောင်းဖြစ်လာတော့ ဖြစ်ကြောင်းကုန်စင် ဆွန်ညာ ဖွင့်ချလိုက်တော့သည်။ ထောင်ဆေးရုံတွင် တင်ထားရသည့် အကြောင်းပါ ထည့်ရေးလိုက်သည်။

※※※

သူ တော်တော်နှင့် ဆေးရုံမှ မဆင်းရ။ သည်လို ကိစ္စမှာ ဆိုက်ဗေးရီးယားတွင် အဆန်း မဟုတ်။ အလုပ်ပင်ပန်းတာ၊ အစားအသောက် ညံ့ဖျင်းတာ၊ ခေါင်းတုံး တုံးရတာ၊ အစုတ်အပြဲတွေ ဝတ်ရတာ သူ ဘာမှ မမှု။ သည်ဘဝကို သူ ပျော်ပိုက်၍ပင် နေသေးသည်။ အလုပ်ပင်ပန်း လျှင် အိပ်လို့ ပျော်သည် မဟုတ်လား။ ဂေါ်ဇီထုပ်စွပ်ပြုတ်ရည်ကျဲထဲတွင် ပိုးဟပ်တွေ ကျသေနေတာ အကြောင်းလား။ တက္ကသိုလ် စားသောက်ဆောင်တွင်လည်း သည့်ထက်ဆိုးသည့် အဖြစ်တွေနှင့် ဆုံခဲ့ဖူးသည်ပဲ။ စုတ်ပြဲနေသည့် အဝတ်များကလည်း အထိုက်အလျောက် နွေးသားပဲ။ ထူးခတ်ထားသည့် သံခြေချင်းများပင် သူ့ခြေချင်းဝတ်များက နာကျင်ရမှန်း မသိတော့။ ထောင်အကျႌကျားနှင့် ခေါင်းတုံးနှင့် နေရသည့်ဘဝက ရှက်စရာ လား။ ငါ့ကို ဘယ်သူ မြင်တာ မှတ်လို့။ အဲ... မြင်တဲ့လူ ရှိတယ်လေ။ ဆွန်ညာ။ ဆွန်ညာ ငါ့ကို ကြောက်နေမည်လား။ ငါ့ အတွက် ရှက်နေမည်လား။

ဒါ အကြောင်းလား။ ဆွန်ညာ့ရှေ့တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ဖူးပြီပဲ။ သူ့အပေါ်ရိုင်းပျခဲ့မိလို့ အရှက်ရခဲ့တာလေ။ ခေါင်းတုံး အရိုတ်ခံရတာ၊ သံခြေချင်း အခတ် ခံရတာကြောင့် ရှက်တာ မဟုတ်။ မာနကို ဒဏ်ရာရစေတဲ့အတွက်၊ ပြီးတော့ အိပ်ရာထဲတွင် သည်စိတ်ဖြင့် ဗုန်းဗုန်းလဲခဲ့သည့် အဖြစ်အတွက် သူ နာမကျန်းဖြစ်ခဲ့ပြီ။ သည်အတွက် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်နိုင်လျှင် ကောင်းလေစွ။ ဘယ်လောက် ပျော်စရာကောင်းလိုက် မည်လဲ။ သည်လိုလုပ်နိုင်လျှင် အားလုံးကို ခံနိုင်ရည် ရှိလာတော့မည်။ သို့သော် သူ့ကိုယ်သူ မညှာမတာ ဝေဖန်ပါသည်။ ကျွဲပခုံးထနေပြီဖြစ်သည့် သူ့အသိဉာဏ်တွင် အတိတ်၏အစွန်း အထင်း မရှိခဲ့ပါချေ။ လူတိုင်း လူတိုင်းတွင် တွေ့နေကျ အမှားအယွင်း ကလေးများတော့ ရှိနိုင်သည်ပေါ့လေ။

သူ့ကိုယ်သူ ရှက်လို့မဆုံး ဖြစ်နေသည်မှာ မျက်စိမှိတ်ပြီး ကိုယ့်ကိုယ်ကိုယ် မိုက်မဲစွာ ဖျက်ဆီးခဲ့မိသည့်အတွက် ဖြစ်သည်။ သည်အတွက် အလျော်ပေးဖို့၊ အဖတ်ဆယ်ဖို့ အတိုင်းအတာ တခုအထိ စိတ်၏ ငြိမ်းချမ်းမှု ရရာရကြောင်း ရှာဖွေချင်သည်။

ပစ္စုပ္ပန် အတွက်ရော၊ အနာဂတ်အတွက်ပါ အဓိပ္ပာယ်မရှိ စိုးရိမ်ကြောင့်ကြနေခြင်း အတွက် မည်သည့် အကျိုးအမြတ်မျှ ရနိုင်စရာအကြောင်း မရှိပါချေ။ သည်ကိစ္စကို သေသေချာချာ စဉ်းစားရမည်။ နောက်ရှစ်နှစ်ဆိုလျှင် သူ သုံးဆယ့်နှစ်နှစ် ပြည့်တော့မည်။ ဘဝသစ် ကို စနိုင်သေးသည့်အရွယ်။ တဖန်

သူ့ကိုယ်သူ ပြန်မေးသည်။ ဘာအတွက် အသက်ရှင်နေ ချင်သေးတာလဲ။ ဘယ်လိုလောကအဖြစ်နဲ့ ဘဝကို ဆက်နေမှာလဲ။ စက်ရုပ်တရုပ်လို နေမှာလား။ လူတယောက်လို နေမှာလား။ ယခင်ကတည်းက အတွေးအခေါ်တခုနှင့်၊ မျှော်လင့်ချက်တခုနှင့် စိတ်ကူးယဉ်ဘဝကို လျှောက်လှမ်းခဲ့ပြီးပြီ။ သို့သော် ပြီးပြည့်စုံခြင်း မရှိခဲ့။ သည့်ထက်ပိုပြီး သူ လိုချင်သေးသည်။

ကံကြမ္မာက နောင်တရစေလျှင်လည်း အကောင်းသား။ ကာယိကဝေဒနာ၊ စေတသိက ဝေဒနာနှင့် မျက်ရည်တို့သည်လည်း ဘဝပင် မဟုတ်ပါလား။ သို့သော် ပြုခဲ့သည့် အမှုအတွက် သူက လုံးဝ နောင်တမရ။

ထောင်ထဲရောက်လာရခြင်းမှာ မိမိညံ့ဖျင်းမှုကြောင့်ဟူ၍သာ ကောက်ချက်ချသည်။ ဘာကြောင့် ပတ်ဝန်းကျင်က ငါ့အပြုအမူကို နှာခေါင်းရှုံ့ကြတာလဲ။ သူ့ကိုယ်သူ မေးမိပြန်သည်။ ဘာပြုလို့ ငါ့ကို ဒုစရိုက်အမှုကို ကျူးလွန်သူလို့ စွပ်စွဲကြတာလဲ။ ဒုစရိုက်မှု ဆိုတာ ဘာလဲ။ ငါ့လိပ်ပြာ သန့်နေတာပဲ။ ဥပဒေရှုထောင့်က ကြည့်ရင်တော့ ငါက ရာဇဝတ်မှု ကျူးလွန်ခဲ့တာပေါ့။ ဥပဒေကို ချိုးဖောက်ခဲ့တာကိုး။ သွေးချောင်းစီးအောင် လုပ်ခဲ့တာကိုး။

အများအတွက် ဆိုပြီး သွေးပင်လယ် ဝေခဲ့ဖူးတဲ့ လူတွေအတွက်ကော၊ သူတို့ကိုလည်း အပြစ်ပေးသင့်သည်ပေါ့။ သို့သော် သူတို့က ခံနိုင်ရည် ရှိသည်၊ သတ္တိရှိသည်၊ ရှေ့ တလှမ်း တိုးရဲကြသည်၊ မိမိက သူတို့လို မဟုတ်။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ပြစ်မှုကျူးလွန်ပါသည်ဟု ဖြောင့်ချက်ပေးခဲ့ခြင်း ဖြစ်သည်။ ခံနိုင်ရည် မရှိခြင်း၊ သတ္တိ မရှိခြင်းပင်။

နောက်တမျိုး တွေးပြီး စိတ်ဆင်းရဲရပြန်သည်။ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်မသေ ဖြစ်တာလဲ။ ရေထဲခုန်ချမည် ကြံပြီးမှ ဘာကြောင့် ရဲစခန်းမှာ ဖြောင့်ချက် သွားပေး တာလဲ။ ဘဝတဏှာ အတွက်လား။ ဘဝကို သည်မျှ ခင်တွယ်နေလို့လား။ ဆဗီဒရီဂေးလေ့ဗ် လို ဘာလို့ မလုပ်ဖြစ်ခဲ့တာလဲ။ သည်မေးခွန်းများကို သူ မဖြေနိုင်ခဲ့။ ကိုယ့်ယုံကြည်ချက်ကို ကိုယ့်ဘာသာ သွေဖည်ခဲ့ခြင်း ဖြစ်နိုင်သည်။ ယင်းမှာ အနာဂတ်ဘဝ ရှင်ပြန်ထမြောက်ရေး အတွက် ရှေ့ပြေးနိမိတ် ဖြစ်လိမ့်မည် ဆိုသည်ကို သူ နားမလည်ခဲ့။

အခြားထောင်ကျတွေကို သူ လေ့လာခဲ့သည်။ သူတို့သည်လည်း ဘဝကို ခင်တွယ် ကြသူများ ဖြစ်သည်။ လွတ်လပ်သော ဘဝထက်ပင် အကျဉ်းသားဘဝတွင် ပို၍ တွယ်တာ ကြသည်။ ဆင်းရဲပင်ပန်းလေ၊ မခံနိုင်လောက်အောင် အနှိပ်စက်ခံရလေ ဘဝကို တွယ်တာ လေ ဖြစ်လာကြသည်။ နေရောင်ခြည် တမျှင်တတန်းကို မြင်ရရုံဖြင့် သူတို့ ဝမ်းသာမဆုံး ဖြစ်တတ်ကြသည်။

လူမနီး သူမနီး တောနက်ကြီးတွေ၊ ရိုင်းစိုင်းသော ဆောင်းတွေကို ဖြတ်သန်းရင်း အိမ်သူချောမေအလှကို တမ်းတနေတတ်ကြသည်။ ပြီးတော့ ဝေးရပ်ဌာနေက သားသမီးတွေ၊ မြက်ခင်းစိမ်းစိမ်းကလေးများ၊ တေးဆိုငှက်ကလေးများကို အိပ်မက် မက်တတ်ကြသည် သူတို့ကို ဆက်လေ့လာလေ၊ နားမလည်နိုင်စရာတွေ များလေ။

ထောင်ထဲတွင် သူ မသိတာတွေ၊ မသိချင်တာတွေ အများကြီး တွေ့ရသည်။ ထို့ကြောင့် မျက်လွှာချကာ ဘယ်မှ မကြည့်ဘဲ နေလေ့ရှိသည်။ ဘယ်ကြည့်လိုက် ကြည့်လိုက် အနိဋ္ဌာရုံ တွေချည်း၊ သူနှင့် အခြားအကျဉ်းသားများ ကြားတွင် ဧရာမ ချောက်ကမ်းပါးကြီး ခြားနေ သည်ကို အံ့သြစွာ တွေ့ရသည်။ သူတို့သည် အခြားဂြိုဟ်သားများနှင့် တူနေသည်။ သူတို့က လည်း သူ့ကိုသည်အတိုင်း မြင်ကြသည်။ ဘာကြောင့်သည်လိုဖြစ်ရသည်လဲ ဆိုသည့်အကြောင်း ရင်းကို သူ ခံစားရသည်။ သိနေသည်။ ထိုခံစားမှု၊ ထိုအသိသည် ပို၍ ပို၍ နက်ရှိုင်းလာသည်။ သို့သော် သူ ဝန်မခံ။

ထောင်သားများထဲတွင် ပိုလန် ပြည်ပြေးတွေ ပါသည်။ သူတို့အထဲတွင် နိုင်ငံရေး အကျဉ်းသားတွေ ပါသည်။ အားလုံးက သူတို့ကို ငတုံးတွေဟု သဘောထားသည်။ ကျွန် တွေဟု သဘောထားသည်။ ရပ်စ်ကိုလ်နီကော့ဗ်က သည်လို မမြင်။ သူတို့အထဲတွင် လူတော်တွေ ပါသည်။ ရုရှားအကျဉ်းသားများကလည်း သူ့ကို စက်ဆုပ်ရွံရှာစရာ သတ္တဝါအဖြစ်သာ မြင်သည်။ ရုရှားထောင်ကျများထဲတွင် အရာရှိဟောင်းတဦး ပါသည်။ ဓမ္မဆရာ နှစ်ဦး ပါသည်။ သူတို့ အမြင်မှားယွင်းကြောင်း ရပ်စ်ကိုလ်နီကော့ဗ် ကောင်းကောင်းသိသည်။

သူ့ကိုလည်း ဘယ်သူမှ မကြိုက်ကြ။ အားလုံးက သူ့ကို ရှောင်ကြသည်။ နောက်ပိုင်း တွင် သူ့ကို ဝိုင်းမုန်းလာကြသည်။ ဘာကြောင့် မုန်းသည်ကိုကား သူ မသိ။ သူ့ကို ကြည့်ပြီး ရယ်သွမ်းသွေးနေကြသည်။ သူ ကျူးလွန်သည့် ရာဇဝတ်မှုအကြောင်း ကြားတော့ ဟားကြသည်

"မောင်ရင်က လူကြီးလူကောင်းပဲ။ ဘာလို့ ပုဆိန်ကိုင်ရတာတုံး။ ပုဆိန်နဲ့ လူကြီး လူကောင်း ဘာဆိုင်လို့လဲ" ဟု ကလိကြသည်။

ဝါဝင်ပြီး ဒုတိယ ရက်သတ္တပတ်အတွင်း သူတို့ အဆောင်သားများနှင့်အတူ ဘုရားရှိခိုး ကျောင်း လိုက်သွားသည်။ အများနှင့်အတူ ဝတ်ပြုသည်။ မထင်ဘဲနှင့် သူ့ကို ဝိုင်းပြီး ရန်လုပ် ကြသည်။

"မင်းက ဘုရား မရှိတဲ့ကောင်။ ဘုရားသခင်ကို မင်း မယုံကြည်ဘူး မဟုတ်လား။ မင်းလို ဘာသာ မရှိတဲ့ တိတ္ထိတက္ကတွန်းကို သတ်ပစ်ရမယ်"

သူတို့နှင့် တခါမှ ဘာသာရေး မဆွေးနွေးဖူးခဲ့။ ဘုရားသခင်အကြောင်း မပြော ဖူးခဲ့။ ဘာကြောင့် သူ့ကို တိတ္ထိဟု စွပ်စွဲပြီး သူတို့ သတ်ချင်ကြတာပါလိမ့်။ သူတို့ကို ဘာမှ မတုံ့ပြန်ဘဲ ငြိမ်ခံနေလိုက်သည်။ အကျဉ်းသားတယောက်က ရှေ့ထွက်လာပြီး ဒေါသအမျက် ခြောင်းခြောင်း ထွက်ကာ တိုက်ခိုက်ဖို့ ပြင်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ကို စိုက်ကြည့် ပြီး စောင့်နေသည်။ တချက်ကလေးမှ လှုပ်ရှားမှု မပျက်။ မျက်တောင် တချက်မခတ်။ ထောင်ကြပ် ာယောက်ချက်ချင်း ရောက်လာပြီး သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်ကာ ရန်ပွဲကိုတားလိုက်သည် မဟုတ်လျှင် သွေးမြေကျတော့မည့် အဖြစ်။

နောက် သူ နားမလည်သည့် ကိစ္စတခု ရှိသေးသည်။ ဘာကြောင့် သူတို့အားလုံး ဆွန်ညာ့ကို ခင်မင်နေကြတာပါလိမ့်။ ဆွန်ညာက သူတို့ခင်မင်မှု ရစေကြောင်း ဘာတခုမှ လုပ်တာ မတွေ့ရ။ အပြင်ထွက် အလုပ်လုပ်ရချိန်များတွင် မိမိကို လာတွေ့ရင်း ခဏတဖြုတ် သာ သူတို့နှင့် ဆုံဖူးခြင်း ဖြစ်သည်။ သို့သော် သူတို့က ဆွန်ညာ့အကြောင်းကို သိနေကြသည်။ ဆွန်ညာက သူတို့ကို ပိုက်ဆံလည်း တခါမှ မပေးဖူး။ ဘာအကူအညီမှလည်း မပေးဖူးခဲ့။ ပြီးခဲ့သည့် ခရစ္စမတ်ကတော့ တဆောင်လုံးအတွက် မုန့်တွေ လုပ်ပြီး ဒါနပြုဖူးသည်။ တဖြည်း ဖြည်းနှင့် သူတို့ ရင်းနှီးလာခဲ့ကြသည်။ ဆွန်ညာက သူတို့အတွက် မိသားစုဆီ စာတွေ ရေးပေးသည် စာတိုက်က ပို့ပေးသည်။ သူတို့ မိသားစုတွေ ဆိုက်ဗေးရီးယား ရောက်လာတတ်ကြသည် ထိုအခါ အကျဉ်းသားများက သူတို့အတွက် ပါလာသည့် ပစ္စည်းများနှင့် ငွေကို ဆွန်ညာ့ လက်သို့ အပ်ခိုင်းသည်။ ဤသို့ဖြင့် သူတို့ဇနီးများ၊ သူတို့ချစ်သူများနှင့်ပါ ဆွန်ညာ ခင်မင် နေပြီ။ သူတို့ ရောက်လာတိုင်း ဆွန်ညာ့ဆီ အရောက် လာလည်ကြသည်။

ရပ်စ်ကိုလ်နီကော့ဗ်ဆီသို့ ဆွန်ညာ လာတွေ့သည့်အခါ သို့မဟုတ် အပြင်တွင် အလုပ် ထွက်လုပ်သည့်အခါ တွေ့လျှင် သူတို့က ဦးညွှတ်နှုတ်ဆက်ပြီး အရိုအသေ ပေးကြသည်။ သိပ်ကြင်နာတတ်တဲ့ တို့ရဲ့အမေလေးဟု သူ့ကို တင်စားခေါ်ကြသည်။ သည်ဖြူဖျော့ဖျော့ ကောင်မလေးကြောင့် ရာဇဝတ်သား လူကြမ်းကြီးများ နူးညံ့လာကြခြင်း ဖြစ်သည်။ ဆွန်ညာက ပြုံးပြီး ပြန်ဦးညွှတ်ပြလျှင် သူတို့မျက်နှာတွေ ပြုံးနေကြသည်။ သူ လမ်းလျှောက်ပုံက အစ သူတို့ သဘောကျကြသည်။ သူ လျှောက်သွားလျှင် မျက်စိတဆုံး လိုက်ကြည့်နေတတ်သည် ပြီးတော့ ချီးကျူးကြသည်။ နာမကျန်း ဖြစ်လာလျှင်ပင် ဆွန်ညာ့ဆီ အကူအညီ တောင်းသည်။

ဝါတွင်းတတွင်းလုံး ရပ်စ်ကိုလ်နီကော့ဗ် ဆေးရုံတက်နေရသည်။ နေကောင်း လာတော့ အပြင်းဖျားစဉ်က အိပ်မက်ဆိုးများကို ပြန်သတိရလာသည်။ တနေ့တွင် အဖျားပိုးထဲမှ မက်သည့် အိပ်မက်ဆိုးများကို သတိရနေသည်။ အာရှအလယ်ပိုင်းမှ

ပလိပ်ရောဂါ ကပ်ဘေးဆိုးကြီး ဥရောပတိုက်ကို ရောက်လာပြီးနောက် တကမ္ဘာလုံးကို ပျံ့နှံ့သွားသည်။

လူအနည်းငယ်သာ အသက်ရှင်ကျန်ပြီး တလောကလုံးနီးပါး သေကျေပျက်စီးကြသည်။ အဏုကြည့် ကိရိယာမပါဘဲ မမြင်နိုင်သည့် ရောဂါပိုးအသစ်တမျိုးက ခန္ဓာကိုယ်ထဲတွင် အလိုလို ပေါက်ဖွားလာပြီး လူတွေ၏ အသက်ကို ဖျက်ဆီးခြင်း ဖြစ်သည်။ သို့သော် ထိုပိုးမှာ သာမန်ပိုး မဟုတ်။ ဝိညာဉ်တမျိုး ဖြစ်၏။ ပိုးဝင်လာပြီဆိုလျှင် လူတွေ မသေခင် အပမှီသလို ဖြစ်ကာ ရူးသွားကြသေးသည်။ သည်လိုဖြစ်မှန်း သူ တို့ကိုယ် သူတို့မသိ။ သူတို့ ဆုံးဖြတ်ချက်တွေ မှန်သည်။ သူတို့ တီထွင်ထားသည့် သိပ္ပံသုတေသန အချက်အလက်တွေ မှန်သည်ဟုပဲ ထင်နေကြ၏။ ဤသို့ဖြင့် တမြို့လုံး၊ တနိုင်ငံလုံး ရူးသွပ်ကုန်တော့သည်။ တယောက်ကို တယောက် ကြည့်ပြီး ရင်ဘတ် စည်တီးကာ ငိုကြွေးကြသည်။ အကောင်း၊ အဆိုး ခွဲခြား မသိကြတော့။ တဦးကိုတဦး အကြောင်းမဲ့ သတ်ဖြတ် တိုက်ခိုက်ကြသည်။ တဖွဲ့နှင့်တဖွဲ့ တိုက် ခိုက်ကြ၊ တတပ်နှင့်တဘပ် ပစ်ကြခတ်ကြနှင့် အလောင်းချင်း ထပ်နေတော့သည်။ ပြီးတော့ လှီးဖြတ် ထိုးနှက်ကာ တယောက်အသား တယောက် စားကြသည်။

မြို့ကြီး ပြကြီးများတွင် မြို့လယ်စင်မြင့်မှ ခေါင်းလောင်းထိုးသံ တနေ့လုံး ဆူနေသည် လူတွေကို ဆင့်ခေါ်ခြင်း ဖြစ်သည်။ သို့သော် ဘယ်သူက ခေါ်မှန်းမသိ။ မြို့လယ် ကွက်လပ်တွင် လူတွေ စုမိသည်နှင့် ရိုက်ကြ ပုတ်ကြ၊ ကုတ်ကြ ဖဲ့ကြနှင့် သတ်ကြ ဖြတ်ကြ ပြန်သည်။ ဤသို့ဖြင့် မြို့ရော တောပါ အိမ်တွေ မီးရှို့၊ ရပ်ကွက်တွေ မီးလောင်၊ ရောင်းရေး ဝယ်တာ စိုက်ပျိုးရေးလုပ်ငန်းများပါ ပျက်စီးလေသောအခါ ရောဂန္တရကပ်မှသည် ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်လေတော့သည်။ သည်ကပ်ဘေးနှစ်ခုမှ လွတ်မြောက်သူဟူ၍ တကမ္ဘာလုံး တွင် အနည်းငယ်မျှသာ ကျန်တော့သည်။ သူတို့သည် လက်ရွေးစင် ရှင်ကျန်သူများ ဖြစ်လေသည် ရာစုသစ်တခု၏ ဒုတိယဘဝ စတင်မည့်သူများ ဖြစ်လေသည်။ ကမ္ဘာမြေကြီးကို သန့်ရှင်းစင်ကြယ်စေမည့် ဆေးကြောသုတ်သင်မည့်သူများ ဖြစ်လေသည်။ သို့သော် သူတို့ကို မည်သူမျှ မမြင်ရ။ ဘယ်မှာမှ မတွေ့ရ။ သူတို့အသံကို မည်သူမျှ မကြားရ။

သည်ခြောက်အိပ်မက်က ရပ်စ်ကိုလ်နီကော့ဗ်ကို အပြင်းအထန် နှိပ်စက်လေ တော့သည်။ သူ့အာရုံတွင် အမြဲတမ်း မြင်ယောင်နေပြီး ခေါင်းထဲမှ မောင်းထုတ်လို့ မရနိုင် အောင် သူ့ကို လွှမ်းမိုးထားသည်။

ဤသို့ဖြင့် ဝါထွက်ပြီး ဒုတိယပတ်အတွင်းသို့ ရောက်လာခဲ့သည်။ ထိုအခါ ရာသီဥတု မှာ ကြည်လင် နွေးထွေးလာလေသည်။ ဆေးရုံအဆောင်များ၏ သံတိုင်များနှင့် ပြတင်းပေါက် တွေကိုဖွင့်ပေးသည်။ အစောင့်တွေကတော့

ဝရန်တာတွင် အလှည့်နှင့် လမ်းလျှောက်စောင့်ကြပ် နေဆဲပင်။

ဆေးရုံဆောင်ကို ဆွန်ညာ လာခွင့် ရသည်။ သို့သော် ရက်ပေါင်းများစွာအတွင်း နှစ်ကြိမ်မျှသာ။ တခါတခါ ဝင်ခွင့်ရဖို့ လွယ်သည် မဟုတ်။ အဆင့်ဆင့်ကို တင်ရသည်။ တက်ရသည် သို့သော် ဆေးရုံဝင်းရှေ့ ကွက်လပ်ထဲကိုတော့ တခါတလေ လာရပ်ခွင့် ရသည်။ အနားတော့ သီခွင့် မရ။

သူ နေကောင်းခါစ တညနေခင်းတွင် ရပ်စ်ကိုလ်နီကော့ဗ် အိပ်ပျော်နေသည်။ နိုးလာလို့ ပြတင်းပေါက်ဆီ ထသွားပြီး အပြင်သို့ ကြည့်လိုက်သည်။ အတန်ဝေးသည့် ဆေးရုံ ဂိတ်ဝ တွင် ရပ်နေသည့် ဆွန်ညာ့ကို လှမ်းမြင်ရသည်။ တခုခုကို စောင့်နေပုံ။ ထိုတဒင်္ဂတွင် သူ့ရင်ထဲ နင့်သွားသည်။ ချက်ချင်း ပြတင်းပေါက်မှ လှည့်ထွက်လာခဲ့၏။

နောက်တနေ့တွင် ဆွန်ညာ ပေါ်မလာ။ နောက်နေ့ နောက်နေ့များတွင်လည်း လှမ်းမမြင်။ သူ လည်ပင်းရှည်နေပြီ။ ပြီးတော့ စိတ်ပူလာပြီ။ နောက်ဆုံး ထောင်ဆေးရုံမှ ဆင်းခဲ့ရ၏။ အဆောင် ပြန်ရောက်မှ အခြားအကျဉ်းသားများဆီက သတင်းစကား ကြားရသည် ဆွန်ညာ ဖျားနေသည်တဲ့။ အိပ်ရာထဲတွင် လဲနေသည်။ အိမ်ပြင် မထွက်နိုင်။

သူ ဆောက်တည်ရာမရ ဖြစ်လာပြီ။ အသည်းအသန် စုံစမ်းသည်။ ရိုးရိုးဖျားခြင်း ဖြစ်ကြောင်း၊ အသက်အန္တရာယ်မရှိကြောင်း သိရမှ သူ နေသာထိုင်သာ ရှိသွားသည်။ သည်တခါ စိုးရိမ်တကြီး ဖြစ်နေရသူက ရပ်စ်ကိုလ်နီကော့ဗ်။ ဆွန်ညာ့ဆီမှ ခဲတံနှင့် ရေးထား သည့် စာတိုကလေး တစောင် ရသည်။ သာမန်အအေးမိသွားခြင်း ဖြစ်ကြောင်း၊ ခု နေကောင်း သွားပြီ ဖြစ်ကြောင်း၊ မကြာခင် ထောင်ဝင်စာ လာတွေ့နိုင်မည့် အကြောင်းများ ရေးထား သည့် စာတိုကလေး။ စာရွက်ကလေး လက်ထဲ ကိုင်ပြီး သူ့ရင်တွေ ခုန်နေသည်။ တမြည့်မြည့် ခံစားနေရ၏။

သည်နေ့လည်း ရာသီဥတုက သာတောင့်သာယာ ရှိနေသည်။ မနက်ခြောက်နာရီ လောက်တွင် မြစ်ကမ်းနံဘေး အလုပ်ရုံသို့ ထွက်ခဲ့ရသည်။ သည်စက်ရုံက ဂျစ်ဆန်ကျောက် တုံးတွေကို မီးဖုတ်ပြီး ထုခွဲရသည့် စက်ရုံ။ သည်နေ့ အကျဉ်းသားသုံးယောက်တည်း လွှတ် ပေးသည်။ တယောက်က ပစ္စည်းတွေ ယူဖို့ ခံတပ်ဘက်ဆီသို့ ထွက်သွားသည်။ နောက် တယောက် ထင်းခုတ်ဖို့ တောထဲ ဝင်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ် တယောက်တည်း ရုံထဲတွင် ကျန်ရစ်သည်။

အပြင်ထွက်ပြီး မြစ်ကမ်းနံဖူးမှ သစ်တုံးတွင် ထိုင်၍ ရေပြင်ကျယ်ကြီးကို ငေးကြည့် နေသည်။ လူမနီး သူမနီး အထီးကျန် မြစ်ကြီး။ ကမ်းနဖူးတွင် ထိုင်ကာ ဟိုအဝေးမှ မြစ်ဝှမ်း ကျေးလက်ရွာကလေးတွေကို လှမ်းကြည့်နေသည်။

ဟိုဘက်ကမ်းဆီမှ တေးဆိုသံသဲ့သဲ့ ပျံ့လွင့်လာသည်။ ရှုမဆုံးတော့သည့် ဟိုအဝေး မြက်ခင်းလွင်ပြင်ကြီးက တပြန့်တပြော။ နွားအုပ်တွေကို အမည်းစက်ကလေးများ အဖြစ်သာ လှမ်းတွေ့ရသည်။

လူမျိုးခြားများ နေထိုင်ရာအရပ်။ သူတို့ဘဝသည် အေးဆေး ငြိမ်သက်လှသည်။ လွတ်လပ် အေးချမ်းလှသည်။ သည်မှာဘက်နှင့် လုံးဝမတူ။ အေဘာရာဟင်နှင့် သူ့ သိုးအုပ် တွေ ယနေ့တိုင် မပြောင်းမလဲ ရှိနေသေးသည့် အလား။ အသိအာရုံတွင် ဘာမျှ မရှိ။ သို့သော် အမည်မဖော်နိုင်သည့် ဝေဒနာတမျိုးကတော့ သူ့ကို ဒုက္ခပေးနေဆဲ။

ရုတ်တရက် သူ့နံဘေးသို့ ဆွန်ညာ ရောက်လာသည်။ အသံမကြားရဘဲ တိတ်တိတ် ကလေး ရောက်လာခြင်း ဖြစ်၏။ သူ့နံဘေးတွင် ဝင်ထိုင်သည်။ နေသိပ်မမြင့်သေး၍ အအေး ဓာတ် မပြယ်သေး။ ဆွန်ညာက အနွေးထည်ဟောင်းကြီးနှင့် ခြုံထည်စိမ်းကလေး လွှမ်းလာသည် နာလန်ထစမို့ မျက်နှာကလေး ချောင်နေဆဲ ဖြစ်သည်။ ပိုပိန်သွားပြီး ခါတိုင်းထက် ဖျော့နေသည်။ ကြည်နူးမှုအပြည့်ဖြင့် သူ့ကို ပြုံးပြသည်။ ပြီးတော့ ခါတိုင်းလိုပင် ရှက်ရွံ့ရွံ့ မျက်နှာကလေးဖြင့် လက်ကလေး ကမ်းပေးသည်။

ခါတိုင်းလည်း သည်လိုပင်။ လက်ကလေး ကမ်းပေးတိုင်း ဆွန်ညာ ကြောက်ကြောက် ရွံ့ရွံ့ ဖြစ်နေတတ်သည်။ မတော် သူက တွန်းဖယ်ပစ်မှုဖြင့် ဆိုပြီး လုံးဝ ကမ်းမပေးသည့် အခါများလည်း ရှိ၏။ လက်ကို လှမ်းကိုင်ဖော် ရသော်လည်း မျက်နှာက အောက်သိုးသိုး။ တခုခုကို အလိုမကျ ဖြစ်နေပုံ။ တခါတလေ လာလည်သူ မိန်းကလေးကို စကား တခွန်းမျှ မပြော။ သူ့ရှေ့တွင် တုန်တုန်ယင်ယင်နှင့် ရပ်ပြီး ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသည့် အခါများ လည်း ရှိ၏။

သည်တခါတော့ ဆွန်ညာ့လက်ကို သူ နွေးထွေးစွာ ဆုပ်ကိုင်ထားသည်။ ပြီးတော့ တချက်ငဲ့ကြည့်ပြီး ဘာမှ မပြောတော့ဘဲ ခေါင်းငုံ့သွားသည်။ အနားတွင် ဘယ်သူမှ မရှိ။ ဟိုခပ်လှမ်းလှမ်းမှ အစောင့်က သူတို့ကို ကျောပေးထားသည်။ သူ့ကိုယ်သူ ဘာလုပ်မိမှန်း မသိဘဲ ဆွန်ညာ့ ခြေအစုံရှေ့တွင် ထိုင်ချလိုက်သည်။ ပြီး ကလေးမ၏ ဒူးနှစ်ဖက်ကို ပိုက်ကာ ငိုချလိုက်တော့သည်။ ဆွန်ညာလန့်သွားသည်။ မျက်နှာတခုလုံး ပူထူသွားသည်။ ပြီးမှ သတိဝင်လာပြီး ထရပ်လိုက်သည်။ တကိုယ်လုံး ဆတ်ဆတ်တုန်လျက်သူ့ကို ငုံ့ကြည့်သည်။ ထိုတဒင်္ဂတွင် ဆွန်ညာသည် အရာအားလုံးကို နားလည်လိုက်သည်။ အဆုံးမရှိသည့် ပျော်ရွှင် မှုများဖြင့် မျက်လုံးထဲတွင် ရွှန်းလဲ့လာသည်။ နားလည်ပါပြီ အစ်ကိုရယ်၊ အစ်ကို ဆွန်ညာ့ကို ချစ်တယ် ဆိုတာ လုံးဝ သံသယ မရှိတော့ပါဘူး။ မပြယ်သောမေတ္တာနှင့် အစ်ကို ချစ်မှာ မဟုတ်လား ဟင်။

နှစ်ယောက်သား ပြောစရာ စကားတွေက ရင်နှင့် အမျှ။ သို့သော် တခွန်းတပါဒ မျှ ပြောလို့မထွက်ကြ။ နှစ်ယောက် မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှံလျက်။ နှစ်ယောက် စလုံး၏ မျက်နှာတွေ ဖြူဖျော့ဖျော့။ နာမကျန်း ဖြစ်ထားသည့် မျက်နှာများ။ သို့သော် အနာဂတ် ချစ်ဗိမာန်နန်းကို အတူမြင်နေကြပြီမို့ တဖြည်းဖြည်း သွေးရောင်လွှမ်းလာသည်။ ဘဝသစ်တခုကို ခြေချဖို့ နှစ်ဦးစလုံး ရှင်ပြန်ထမြောက်ခဲ့ပါလေပြီ။ အချစ်ကြောင့် ရှင်ပြန် ထမြောက်ခြင်း ဖြစ်လေသည်။ အချစ်ဖြင့် ရှင်ပြန်ထမြောက်ခြင်း ဖြစ်လေသည်။ ဘဝချင်း ဖလှယ်၍ အသည်းချင်း ပေါင်းစပ်ကာ အဆုံးမရှိသော ချစ်ခရီးကို သူတို့ လက်တွဲလျှောက်လှမ်း ကြတော့မည်။

သည်းခံမည်၊ စောင့်ဆိုင်းမည်ဟု နှစ်ဦးစလုံး ဆုံးဖြတ်ထားကြသည်။ ခုနစ်နှစ် လုံးလုံး စောင့်ဆိုင်းရဦးမည်။ ဘဝကြမ်းကို တနံတလျား ဖြတ်သန်းရဦးမည်။ သို့သော် ခရီးဆုံးတွင် ရှိနေသည့် သုခနန်းတော်ကို နှစ်ယောက်သား မျက်လုံးများထဲတွင် မြင်ယောင် နေလေပြီ။ ရပ်စ်ကိုလ်နီကော့ဗ်တယောက် ဘဝဟောင်းမှ နိုးထခဲ့ပြီ ဖြစ်ပါ၏။ စိတ်သစ် လူသစ် ဖြစ်လာပြီဟု ခံစားနေရသည်။ ဆွန်ညာကတော့ ချစ်သူ့အနားတွင် ခြေဖဝါးထက် ကြပ်မကွာ လိုက်ပြီး ပါရမီ ဖြည့်ဖို့ အသင့်ပါ။

ထိုနေ့ည...။

အဆောင်တံခါးတွေ ပိတ်လိုက်ပြီ။ ကွပ်ပျစ်ပေါ်တွင် လှဲကာ သူကလေးအကြောင်းကို ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားနေသည်။ တဆောင်တည်းနေ အကျဉ်းသားများပင် သူ ဒီနေ့ ပြောင်းလဲနေကြောင်း သတိထားမိကြသည်။

သူတို့နှင့် စကားပြောသည်၊ သူတို့မေးလျှင် ကောင်းကောင်း ဖြေသည်။ သည်လိုပဲ ဖြစ်ရမည်လေ။ အားလုံး ပြောင်းလဲသွားပြီ မဟုတ်လား။ အားလုံး ပြောင်းလဲရတော့မည် မဟုတ်လား။

ဆွန်ညာ့အကြောင်း ဆက်တွေးသည်။ ဘယ်နှကြိမ် သူ့ကို နှိပ်စက်ကလူ ပြုခဲ့ပြီလဲ။ ဘယ်နှကြိမ် အသည်းကွဲအောင် လုပ်ခဲ့ပြီလဲ။ ပိန်ပိန်သွယ်သွယ် မျက်နှာကလေးကို မြင်ယောင်လာသည်။ အဲဒီဝေဒနာတွေ၊ ဒုက္ခတွေအတွက် သူ့ကို အချစ်ဖြင့် ပေးဆပ်ရမည်ဟု သူ နားလည်လိုက်ပြီ။

အတိတ်ကဝေဒနာတွေ၊ ဒုက္ခတွေကဘာတွေလဲ။ ဒါ့အပြင် အရာအားလုံးကကော ဘာတွေလဲ။ ကျူးလွန်သည့် ရာဇဝတ်မှုကကော ဘာလဲ။ ပြည်နှင်ဒဏ်နှင့် ထောင်သွင်း အကျဉ်းကျ ခံရတာကကော ဘာလဲ။ ခုနေ ပြန်တွေးကြည့်တော့ အင်း... အတော်ထူးဆန်း ပါလား။ ဒါတွေ အားလုံး သူနှင့်မဆိုင်သလို ခံစားရသည်။ သည်ဖြစ်ကြောင်း ကုန်စင်တွေ ထဲမှာ သူ မပါသလို။

သူ မဟုတ်သလို စိတ်ထဲထင်နေ၏။

မည်သို့ရှိစေ သည်နေ့ညတော့ ဘာမှ ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်တော့။ အဘယ်အရာပေါ်မှာမှ အာရုံစုစည်း၍ မရ။ ပြီးတော့ ဘာကိုမှ ဆုံးဖြတ်၍ မရ။ တခုတော့ သေချာသည်။ ဒေသိယစကားမျှသာ မဟုတ်။ ဘ၀ဆိုသည် တကယ်ရှိသည့် ခန္ဓာစကား ဖြစ်သည်။ ကိုယ်ပိုင်အသိဖြင့် ရှာဖွေရသည့်အရာ ဖြစ်သည်။

ခေါင်းအုံးအောက်တွင် သမ္မာကျမ်းစာ ရှိနေသည်။ စာအုပ်ကို အမှတ်မထင် ဆွဲယူ လိုက်သည်။ ဆွန်ညာ့စာအုပ်။ လာဇရုပ်စ်၏ ရှင်ပြန်ထမြောက်ခြင်းအခန်း သူ ဖတ်ပြသည့် စာအုပ်။

ဆိုက်ဗေးရီးယား ရောက်ခါစက သူ့ကို ဆွန်ညာတယောက် ဘာသာရေးတွေ ရိုက်သွင်းလိမ့်မည် ထင်ခဲ့သည်။ သမ္မာကျမ်းစာနှင့် ကိုင်ပေါက်ပြီး စကားတွေ ပြောတော့မည်၊ တရားတွေ ဟောတော့မည် ထင်ခဲ့၏။ သို့သော် တခွန်းမှ မဟ။ သူ ဆေးရုံမတက်ခင် ကျမ်းစာအုပ် ယူလာပေးဖို့ ပြောတော့မှ ဘာမှမပြောဘဲ ယူလာပေးခြင်း ဖြစ်သည်။ သို့သော် စာအုပ်ဖတ်ဖို့ ဝေးစွ၊ ဖွင့်လို့ပင် မကြည့်။

ခုလည်း မဖွင့်သေး။ သို့သော် သူ့အတွေးအမြင်၊ သူ့ ယုံကြည်ချက်တွေက ငါနဲ့ ထပ်တူညီပါ့မလား။ ပြီးတော့ သူ့ခံစားချက်တွေ၊ ပြီးတော့ စိတ်ဓာတ်။

ဆွန်ညာကလည်း ထိုနေ့က ဆောက်တည်ရာမရ စိတ်တွေ လှုပ်ရှားနေသည်။ ထိုညတွင် အဖျားပြန်ဝင်လာသည်။ သို့သော် အရမ်းပျော်နေသည်။ ပျော်လွန်းသဖြင့် ကြောက်စိတ်များပင် ဝင်လာသည်။ ခုနစ်နှစ်၊ အို... ခုနစ်နှစ်တည်းပဲဟာ။

နှစ်ဦးစလုံး၏ ရင်ထဲတွင် ခုနစ်နှစ်ကို ခုနစ်ရက်ဟု ထင်မှတ်နေကြသည်။ ဘ၀သစ်အတွက် တန်ဖိုးကြီးကြီးပေးရဦးမည်ကို သူ မသိ။ အနာဂတ်အတွက် အလုပ်တွေ လုပ်ပြီး ပေးဆပ်ရမည်ကို သူ မသိ။

မည်သို့ဖြစ်စေ ဘ၀တခု အစပြုဖို့ ဖြည်းဖြည်းချင်း အချိန်ယူရပေလိမ့်မည်။ ဖြည်းဖြည်းချင်း အချိန်ယူမှ ဖြည်းဖြည်းချင်း ပြောင်းလဲလာမည် ဖြစ်သည်။ ကမ္ဘာတခုမှ အခြားကမ္ဘာတခုသို့ အကူးအပြောင်းကာလ။ ထိုကမ္ဘာသစ်တွင် မည်သည့် အရိုတရား တွေ ရပ်တည်နေသည်ဟု သူ မသိ။

ဤသည်ပင်လျှင် ၀တ္ထုအသစ်တပုဒ်၏ ဦးတည်ချက် ဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ ပြောလက်စ ဇာတ်လမ်းကမူ ဤတွင် နိဂုံးတံလေသည်။ ။

တင်မောင်မြင့်

၂၈-၁၁-၁၁

Whisper Of Words

Notes

[←1] Don Carlos (1708-1858) - စပိန် နန်းတွင်း လူလိမ်

[←2]

Lazarus - မေရီနှင့် မာသ၏ အစ်ကို။ ယေရှုက သေရာမှ ပြန်လည်ရှင်သန်စေသူ၊ ရှင်လုကာ အခန်းကြီး ၁၆၊ အခန်းငယ် ၁၉-၃၁။

[←3]

zimmerman မှာ နာမည်ကျော် ပီတာစဘတ် ဦးထုပ်ဆိုင်ပိုင်ရှင် ဖြစ်သည်။ ဒေါ်စတာယက်စက်တွင် ထိုဦးထုပ်မျိုး တလုံး ရှိသည်။

[←4] ပြည့်တန်ဆာလုပ်ငန်းလိုင်စင်

[←5]

Cyrus the Great (၆၀၀ ? - ၅၂၉ ဘီစီ) – ပါရှားနိုင်ငံတော်ကို ထူထောင်ခဲ့သူ

[←6]

Wax of Melteth ဖယောင်းသည် မီးရှေ့မှာ အရည်ဖြစ်သကဲ့သို့ မတရားသောသူတို့သည် ဘုရားသခင်ရှေ့တော်မှာ ပျက်စီးကြပါစေသော။ (ဆာလံကျမ်း ၆၈:၂)

[←7]

The Little Farm သီချင်းမှာ ၁၉ ရာစု အလယ်ပိုင်းတွင် အလွန်ခေတ်စားခဲ့သည်။ ကဗျာဆရာ A.V. Koltsov (1809-42) ၏ ကဗျာ။

[←8]

ထို့ကြောင့် ငါဆိုသော သူသည် များစွာသော အပြစ်တို့နှင့် လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏။ အနည်းငယ် သော အပြစ်လွတ်သော သူသည် အနည်းငယ်မျှသာ ချစ်တတ်သည်ဟု မိန့်တော်မူ၏။ (ရှင်လုကာ ၇:၄၇)

[←9]
ကိုယ်တော်က သင်တို့သည် ဆုတောင်းလျှင် မြွက်ဆိုရမည်မှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့ အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ (ရှင်လုကာခရစ်ဝင် ၁၁:၂) နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ (ရှင်မဿဲခရစ်ဝင် ၆:၁၀)

[←10]
ရပ်စ်ကိုလ်နီကော့ဗ်ကို ချစ်စနိုးခေါ်ခြင်း ဖြစ်သည်။

[←11]

ရွာ တောမြို့ကလေးများ၊ ကျေးရွာများတွင် စာရိတ္တ မကောင်းသည့် အမ်ခြိတံခါးကို ကတ္တရာနှင့် ပက်လေ့ရှိသည်။

[←12]

Golgotha - ဂျေရုဆလင်မြို့ပြင်ရှိ ခရစ်တော်အား ကွပ်မျက်သည့် နေရာ။ ကိုယ်တော်သည် မိမိ လက်ဝါးကပ်တိုင် ကို ထမ်းလျက် ဦးခေါင်းခွံအရပ် ဟူ၍ တွင်သော အရပ်သို့ ထွက်တော်မူ၏။ ထိုအရပ်ကား ဟေဗြဲ စကားအားဖြင့် ဂေါလဂေါသ အမည်ရှိ၏။

[←13]

The Order of St. Anne - (မယ်တော်မာရီ၏ မိခင်၊ ရုရှားတွင် အင်နာဟုခေါ်သည်) စစ်ဘက်၊ နယ်ဘက်ထူးချွန် သူများအား ဘုရင်က ချီးမြှင့်သော ဘွဲ့ထူးတံဆိပ်။

[←14]

ဿည်နာမည်ကို ဿည်နေ့မှ အမေ့စာထဲတွင် တွေ့ဖူးခြင်း ဖြစ်သည်။ သို့သော် ဿည်ပုဂ္ဂိုလ်ကို ရည်ညွှန်းခြင်း မဟုတ်။ ခုတလော သတင်းစာထဲတွင် နေ့တိုင်း ပါနေသည့် အမှုတခုတွင် မြေရှင်သူဌေးကြီး၏ နောက်တော်ပါး လူရှုပ်လူပွေတယောက်၏ အမည်။

[←15]

ပီတာစဘတ် အနောက်ပိုင်း နီဗားမြစ်ဝကျွန်းပေါ်ဒေသတွင် လူချမ်းသာများ နေထိုင်သည့် နွေရာသီစံအိမ်ကြီးများ ရှိသည်။

[←16]

နီကိုလေနက်ကရာဆော့ဗ် (၁၈၂၁-၇၇)က ‘ညနေမတိုင်မီ’ကဗျာတွင် အရိုက်ခံရသည့် မြင်းတကောင်အကြောင်း ပါသည်။ သည်ကဗျာကြောင့် ဒေါ်စတာယက်စကီ များစွာ စိတ်ထိခိုက်ခဲ့ပုံ ရသည်။ ကရမာဇော့ညီနောင်များတွင် လည်း သည်ကဗျာကို တနံတလျား ထည့်ရေးထားသည်။

[←17]

Noah - နောအေး၊ လူမျိုးစုခေါင်းဆောင်။ ရေယာဉ်ကြီးတည်ဆောက်ပြီး မိသားစု၊ သတ္တဝါမျိုးများနှင့် တိရစ္ဆာန်များပါ သယ်ဆောင်၍ ရေဘေးမှ ကယ်တင်ခဲ့သူ။(ကမ္ဘာဦးကျမ်း အခန်းကြီး ၅၊ အခန်းငယ်၉)

[←18]

Rousseau (1712-78) Confessions ကျမ်းကို ဝေဖန်သည့် ရုရှားစာရေးဆရာ Alexander Radishchev (1749-1802)။ ယင်းအတွက် ကက်သရင်း ဘုရင်မကြီးက ဆိုက်ဗေးရီးယားသို့ ပြည်နှင်ဒဏ်ပေးလိုက်သည်။

[←19]
ဇာဘုရင် စံမြန်းရာ ဆောင်းရာသီနန်းတော်။

[←20] ပက်စကီ=ပီတာစဘတ်မြို့စွန်ရပ်ကွက်

[←21]

ခဲတလုံးနဲ့ ငှက်နှစ်ကောင် ပစ်ရင် တကောင်မှ မှန်မှာ မဟုတ်ဘူး ဟူသည့် စကားပုံကို လူဇင်က ရောထွေး ဖြီးဖြန်းလိုက်ခြင်း ဖြစ်သည်။

[←22] အင်္ဂလိပ်လူမျိုး စီးပွားရေးဒဿနပညာရှင် Jeremy Bentham (1748-1832) ၏ အယူအဆများကို လူဇင်က သူ့အယူအဆလိုလိုနှင့် ကိုးကားသွားခြင်း ဖြစ်သည်။

[←23]

Victor Hugo Notre Dame de Paris (1831) အခန်း(၂) Narrow ledge ရှရှားဘာသာပြန်ကို ရပ်စ်ကိုလ်နီကော့ဗ် ဖတ်ခဲ့ဖူးခြင်း ဖြစ်သည်။

[←24]

အီဗန်အစ်ဇလာသည် ပီတာစဘတ်မြို့ပြင်မှ လူလုပ် ရေပူစမ်းပိုင်ရှင်ဖြစ်သည်။ ၁၈၆၀ ပြည့်လွန်နှစ်များတွင် အလွန်နာမည်ကြီးပြီး ပြည်တွင်းပြည်ပ ဧည့်သည်များဖြင့် စည်ကားခဲ့သည်။ ထိုအခါ အစ်ဇလာက သတင်းစာ ကြော်ငြာတွေ မတရား ထည့်တော့သည်။ နာမည်ကျော်ဧည့်သည်များ၏ သတင်းတွေလည်း နေ့တိုင်း ပါလာသည်။ မာစီမိုနှင့် ဘာတိုလာတို့ စုံတွဲမှာ ရေးပေါင်း အက်ဇတက် မျိုးနွယ်များဖြစ်၍ သတင်းဖြစ်နေသည်။ ၁၈၆၀ ပြည့် လွန်နှစ်များသည် မီးလောင်မှု အများဆုံးနှစ်များ ဖြစ်သည်။ ယင်းအတွက် တော်လှန်သော ကျောင်းသားများ၊ တကကြွလှုပ်ရှားသူများကို အစိုးရက အပြစ်ပုံချသည်။ ဒေါ်စတာယက်စကီ၊ သူ၏ Time သတင်းစာမှ ယင်းကိစ္စကို တိုက်ခိုက်သည်။ သို့သော် ဆင်ဆာအဖွဲ့က တွင်တွင်ပယ်ခဲ့သည်။

[←25]

သည်အဖြစ်အပျက်မှာ ၁၈၆၅ ခုနှစ်တွင် တကယ်ဖြစ်ပွားခဲ့သည့် အမှုဖြစ်သည်။ သတင်းစာများတွင် ဟိုးလေးတကျော် ပါခဲ့သည်။

[←26]

Assez Cause - ပြင်သစ် Enough Talk (တော်လောက်ပြီ) သူ့ဇနီး၏ မှတ်စုများအရ သည်စကားလုံးကို ဒေါ်စတာယက်စကီ အလွန်ခံတွင်းတွေ့သည်ဟု ဆိုသည်။ ဘားလ်ဇက်၏ ဇာတ်ကောင်တကောင် ပြောနေကျ စကားလုံး။ သူက ဘားလ်ဇက်ကို ကိုးကွယ်သည်။

[←27]

ဒေါ်စတာယက်စကီကိုယ်တိုင် သေဒဏ်ကျခံရပြီး ပစ်သတ်ခံရလု ဆဲဆဲတွင် လွတ်လာခြင်း ဖြစ်သည်။ သည်စကားလုံး သူ မကြာခဏ သုံးလေ့ရှိသည်။

[←28]

Anton Rubinstein (1829-94) - ကမ္ဘာကျော် ရုရှား စန္ဒရားဆရာ၊ ဂီတပညာရှင်။

[←29]

Lazarus လူချမ်းသာ၏ ထမင်းစားပွဲမှ အရိုးအရင်းကို ကောက်စားရသူ သူဆင်းရဲ၊ (ကျမ်းစာ၊ ရှင်လုကာ၊ အခန်းကြီး (၁၆)၊ အခန်းငယ် (၂၀)] ရှုရှားတွင် သူတောင်းစားများ သီဆိုတောင်းရမ်းသည့် သီချင်း။

[←30]

ကရင့်မလင် နန်းတော်တွင်းမှ မဟာအီဇန်ဘုရင်ကြီး၏ အမြင့်ဆုံး ခေါင်းလောင်းစင်ကြီးကို ဆိုလိုသည်။

[←31]

Lycurgus သည် ၉ ရာစုနှစ် စပါတာ ဥပဒေပညာရှင်ဖြစ်သည်။ Solon မှာ [630(?) - 560 (?) B.C] အေသင်ပြည်ပြင် ရေးသားဥပဒေပညာရှင်ဖြစ်သည်။ နပိုလီယမ်နှင့် မိုဟာမက်တို့သည်လည်း သူတို့တိုင်းပြည် အသီးသီးအတွက် ဥပဒေ နောက်ထပ်တိုးခဲ့သူများဖြစ်သည်။

[←32] မှာဒိတ်တော်ကျမ်း၊ အခန်းကြီး ၂၁၊ အခန်းငယ် ၁၊ ဘုရားသခင် ကောင်းကင်ဘုံမှ ဖန်ဆင်း ပေးတော်မူသော ‘မြတ်သော ယေရုရှလင်’ မြို့တော်ကိုရှင်ယောဟန် ရူမြင်ခန်း။ ယင်းကို ရှုရားလူမျိုးတို့က ကောင်းကင်ဘုံအသစ်ဟု ယူဆကြသည်

[←33]

ရပ်စ်ကိုလ်နီကော့ဗ်က နပိုလီယမ် (၁၇၆၉-၁၈၂၁) အကြောင်း တွင်စားသွားခြင်း ဖြစ်သည်။ ပထမဦးဆုံး ပြင်သစ်တောင်ပိုင်း Toulon တိုက်ပွဲတွင် သူသည် အမြောက်တပ် ဗိုလ်ကြီးဖြစ်သည်။ (၁၇၉၃)။ ၁၇၉၅ ခုနှစ်တွင် ပြင်သစ်အုံကြွမှုကို သူ့ အမြောက်တပ်နှင့် ပစ်သတ်ခဲ့သည်။ ၁၇၉၉ ခုနှစ်တွင် အရှေ့အလယ်ပိုင်းစစ်ပွဲ အရေး နိမ့်တော့ အီဂျစ်တွင် စစ်တပ်ကို ဖျက်ပြီး ပါရီသို့ တယောက်တည်း ပြန်ပြေးလာကာ အာဏာသိမ်းသည်။ ၁၈၁၂ ခုနှစ် စစ်သည် ၅၀၀,၀၀၀ နှင့် ရုရှားကို ဝင်တိုက်ရာ ထောင်ဂဏန်းသာ အိမ်ပြန်ရောက်သည်။ “အမြင့်ဆုံးမှ အနိမ့်ဆုံးကို ကျဆင်းတဲ့အခါ ခြေတလှမ်းသာပါလား” ဟု ဗစ်တာဟူးဂိုးက သူ၏ Cromwell (၁၈၂၇) ပြဇာတ် တွင် နိဒါန်း ထည့်ရေးသွားသည်။

[←34]

Trembling Creature ခိုရမ် ကျမ်းလာ စကားလုံး ဖြစ်သည်။ ပွတ်ရှကင်က သူ၏ Imitations of the Koran (1824) ကဗျာတွင် ထည့်သုံးဖူးသည်။ ဒေါ်စတာယက်စကီ ယင်းမှ ယူခြင်း ဖြစ်သည်။

[←35]

ရောမပြဇာတ်ရေးဆရာကြီး Terencn (BC 190-159) ၏ စကားလုံးကို မှားယွင်း ဖော်ပြခြင်းဖြစ်သည်။ ဆမီဒရီဂေးလော့ဗ်၏ အမှားသည် လူတိုင်း မှားတတ်သည့် သာမန်အမှားမျိုး ဖြစ်သည်ကို ဆိုလိုသည်။ ကာရမာဇော့ဗ် ညီအစ်ကိုများတွင်လည်း သည်စကားလုံးကို သုံးထားသေးသည်။

[←36]

ပွတ်ရှ်ကင် (၁၇၉၉-၁၈၃၇) ၏ Egyptian Nights

[←37]

ဂျာမန်အမျိုးသမီးကို ကြိမ်ဒဏ်ပေးသည့် အချိန်မှာ ၁၈၆၀ ပြည့်နှစ်ဖြစ်သည်။ တနိုင်ငံလုံး ဝိုင်းရှုတ်ချကြသည်။ ‘တို့မျက်ဝန်းနက်များ’ မှာ ပွတ်ရှကင်၏ အိဂျစ်ညနေများမှ ကလီယိုပါထရာက ယောကျာ်းများအား စိန်ခေါ်သည့် အခန်းမှ ဖြစ်သည်။

[←38]

Dassot ပိုင်သည့် နာမည်ကျော် စားသောက်ဆိုင်တွေ ပီတာစဘတ်တွင် အများကြီး ရှိသည်။ အထက်တန်းလွှာ များက ပျော်စရာ ဥယျာဉ်များဟု ခေါ် ကြသည်။

[←39]

Berg - ဖျော်ဖြေရေးလုပ်ငန်းပိုင်ရှင်။ ပီတာစဘတ် အာကာသ သူရဲကောင်းအဖြစ် နာမည်ကြီးသူ။ ၁၈၆၀ ပြည့်နှစ်များတွင် သူ့သတင်းကို သတင်းစာတိုင်းက ဖော်ပြကြသည်။

[←40]

မင်းသားကြီး ဆဗာဆေးနှင့် မဒမ်ပရိလူကော့ပ်တို့ တယောက်နှင့်တယောက် မသိကြ။ မီယာစင်စကီ အိမ်မှာ ပီတာစဘတ် အထက်တန်းလွှာများ စုဝေးကျက်စားရာနေရာ ဖြစ်သည်။

[←41]

Lazarus - သေလွန်သူ။ ယေရှုအားဖြင့် ရှင်ပြန်ထမြောက်လာသူ။ ရှင်ယောဟန်၊ အခန်းကြီး ၁၁၊ အခန်းငယ် ၁-၄၄။

[←42]

Crimean စစ်ပွဲကာလ (၁၈၅၃ - ၅၆) က အယ်လ်မာမြစ် တိုက်ပွဲတွင် ရုရှားတပ်များ အရေးနိမ့်ခဲ့သည်။ (၈.၉.၁၈၅၄) မဟာမိတ် (အင်္ဂလိပ်၊ ပြင်သစ်၊ တူရကီ)တပ်များက ဆီဘက်စတိုပိုမြို့ကို ချက်ချင်း မသိမ်းဘဲ ဆယ့်တလကြာမှ စောင့်ပြီး သိမ်းယူခဲ့သည်။

[←43]

Hofkriegsrat မှာ ဩစတြီးယား၏ စစ်ကောင်စီဝင် ဖြစ်သည်။ ဗိုလ်ချုပ်ကြီးကားလ်မက် (၁၇၅၂-၁၈၂၈) သည့် ပြင်သစ်တပ်များ အဝိုင်းခံထားရပြီး အူလ်မန်တွင် ၁၈၀၅ ခု၌ စစ်သည်အင်အား ၃၀,၀၀၀ ဖြင့် နပိုလီယမ်ထံ လက်နက်ချလိုက်ရသည်။ စစ်ရှုံးပြီး ကားလ်မက် ရုရှားစစ်ဌာနချုပ်သို့ ရောက်လာပုံကို တော်လ်စတွိုင်းက စစ်နှင့်ငြိမ်းချမ်းရေးတွင် အခန်းတခန်းဖွဲ့၍ ရေးသားသွားသည်။

[←44]

Nikolai Gogol (1809-1852) - ဒေါ်စတာယက်စကီ အလေးစားဆုံး ရုရှားစာရေးဆရာ။

[←45]

Fourier (1773-1831) (ပြင်သစ် တွေးခေါ်ပညာရှင်)

[←46]

၁၈၆၀ ပြည့်လွန်နှစ်များက အစွန်းရောက်လူငယ်များ မစ်ချန်စကေယာလမ်းတွင် ဘုံရိပ်သာတခု ဖွင့်ခဲ့ကြသည်။

[←47]

Nikolai A. Dobrolyubov (1836-61) - အစွန်းရောက် စာပေဝေဖန်ရေးသမား။ အဆုတ်ရောဂါဖြင့် အသက် အစိတ် အရွယ်တွင် ကွယ်လွန်သည်။

[←48]
Belinsky (1811-48) - နာမည်ကျော် ရုရှားစာပေ ဝေဖန်ရေးဆရာ။

[←49]

Chernyshevsky What is to Be Done? ဝတ္ထုဇာတ်ဝင်ခန်းထဲမှ ဆွေးနွေးခန်း။ ဝတ္ထုထဲမှ Freedom of Entering into rooms

[←50]

Rapheal - အီတလီ ပန်းချီဆရာ။ Pushkin - ရုရှား ကဗျာဆရာ၊ စာရေးဆရာ။ (နာမည်ကျော် ရုရှားဝေဖန်ရေး ဆရာ Pisarev (1840-68) ၏ Art and Usefulness ဟူသည့် စာအုပ်ကို အရိပ်အမြွက် ရည်ညွှန်းထားခြင်း ဖြစ်သည်။)

[←51]

ပိုလန်ဘာသာဖြင့် ဂုဏ်သရေရှိအမျိုးကောင်းသမီးဟု အဓိပ္ပာယ်ရသည်။

[←52] ပိုလန်ဘာသာဖြင့် လူကြီးမင်းဟု အဓိပ္ပာယ်ရသည်။

[←53]

Bread & Salt မှာ ရုရှားရိုးရာအရ ဧည့်ခံသည့် ခင်မင်ခြင်း သင်္ကေတ ဖြစ်သည်။

[←54]

ရုရှား ရိုးရာဓလေ့အရ သေလွန်သူ၏ အလောင်းကို ခေါင်းတလားထဲ မထည့်မီ အိမ်ထဲက စားပွဲတလုံးပေါ်တွင် တင်ထားရသည်။

[←55]

ရှုရှားတွင် ပြည့်တန်ဆာ လိုင်စင်။

[←56]

သင်သည် အလှူဒါနကို ပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှာ လက်ယာလက် ပြုသည့်အမှုကို လက်ဝဲလက်မျှ မသိစေနှင့်။ (ရှင်မဿဲ အခန်းကြီး ၆၊ အခန်းငယ် ၃)

[←57]

The General Conclusion of the Positive Method -- ဂျာမန်ဘာသာမှ ရုရှားဘာသာသို့ ဘာသာပြန်ထားသည့် သိပ္ပံဆောင်းပါး ပေါင်းချုပ် ဖြစ်သည်။ စိတ္တဗေဒနှင့် ကမ္မဗေဒ သဘောတရားများ ဖြစ်သည်။ ၁၈၆၆ ခုနှစ်တွင် ထွက်သည်။ ရေးသူမှာ ဂျာမန် ဆေးသိပ္ပံ စာရေးဆရာ Piederit ဖြစ်သည်။ Adolf Wagner မှာ သူ့နောက်လိုက် ဖြစ်သည်။

[←58] ပိုလန်ဘာသာဖြင့် လူကြီးမင်းဟာ လူလိမ် လူညာကြီး။

[←59]

A Hussar Learning on His Sabre - ကဗျာဆရာ ကွန်စတင်တင်း (၁၇၈၇-၁၈၅၅) ၏ နာမည်ကျော် သီချင်း။

[←60]
Cing Sous - ပြင်သစ် ကာလပေါ်သီချင်း။

[←61]

Malborough’s going to War - နာမည်ကျော် ပြင်သစ် စစ်သီချင်း။

[←62]

မစ်ဟိုင်းလ္လာမွန်တော့ဗ် (၁၈၁၄-၄၁) ၏ "အိပ်မက်" ဆိုသော ကဗျာမှ အပိုဒ် တပိုဒ်။

[←63]
နီကိုလေဂိုဂိုးလ်၏ Diary of a Madman မှ အတိအကျ မဟုတ်သော ထုတ်နုတ်ချက်။

[←64]

ရုရှား Orthodox Church မှ ခွဲထွက်သွားသည့် အုပ်စု။ ၁၇ ရာစုအလယ်ပိုင်းတွင် ပြုလုပ်သည့် ပြုပြင်ပြောင်းလဲ ရေးကို လက်မခံသူများ။ ဘုရင့်အစိုးရက နှိပ်ကွပ်သဖြင့် တောတွေ တောင်တွေဆီသို့ ထွက်ပြေးကြရသူများ။ သူတို့ကို Runners ဟု ခေါ်တွင်သည်။ သည်အကြောင်း Brothers Karamazov တွင်လည်း ဒေါ့စတာယက်စကီက ဆွေးနွေးထားသေးသည်။

[←65]

ဒေါ့စတာယက်စကီက သည်အကျဉ်းသားအကြောင်းကို Notes from the Dead House တွင်လည်း ထည့်ရေးထားသည်။

[←66]

Johann Schiller (1769 - 1805) - ဂျာမန် ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ၊ သမိုင်းပညာရှင်။

[←67]

ပင်လုံလယ်နက်နှင့် မြေထဲပင်လယ်ကြား အာရှတိုက်အနောက်ပိုင်းကျွန်းဆွယ်။

[←68]

မောလဲ့ (၁၆၁၂-၇၃)၏ ပြဇာတ်မှ။

[←69]

ပီတာစဘာ့တ်ခံတပ်ထဲမှ အမြောက်သံသည် ရေဘေး၊ မီးဘေး၊ နှင်းမုန်တိုင်း အန္တရာယ်တို့ကို သတိပေးခြင်း ဖြစ်သည် စစ်ပွဲအောင်နိုင်သည့် အခါ၊ ရွှေနန်းတော်အတွင်း သားရတနာ ထွန်းကားသော အခါတွင်လည်း ပစ်ဖောက်သည်။

[←70]

ဂျူးလီးယက်ဆီဇာကို Capitoline တောင်ကုန်း ဂျူပီတာ ဘုရားကျောင်းတွင် စစ်အခမ်းအနားနှင့် သရုဖူအပ်နှင်းသည်။

[←71]

David Livingstone (1813-73) - စကော့လူမျိုး မဟာခရီးသည်။ အာဖရိက အလယ်ပိုင်းနှင့် တောင်ပိုင်းကို စွန့်စွန့်စားစား ခရီးထွက်ခဲ့သူ။

[←72]

Nihilism - အစွန်းရောက် ရုရှားလူငယ်များ၏ လှုပ်ရှားမှုတခု ဖြစ်သည်။ လက်ရှိ လူနေမှုစနစ်ကို ဆန့်ကျင်တော်လှန်သော အတွေးအခေါ် ဖြစ်သည်။

[←73]

အီလျာပီထရိုဗစ်ချ်က ၁၈၆၀ ပြည့်နှစ်တွင် ဆရာဖြစ်သင်နှင့် သားဖွားသင်တန်း တက်ခွင့် ရသွားသော အမျိုးသမီး များကို သရော်ထားခြင်း ဖြစ်သည်။

[←74]

ရပ်ဒ်ကိုလ်နီကော့ဗ်၏ ဆိုက်ဗေးရီးယားထောင် အတွေ့အကြုံမှာ ဒေါ်စတာယက်စကီ၏ ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။ သည်ထောင်တွင် သူ လေးနှစ် စံမြန်းခဲ့ရဖူးသည်။